www.burmeseclassic.com

# မြဝတီ

မဂ္ဂဇင်း

အမှတ်-၂၁၄ ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သမ္ဗုဒ္ဓိဝိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ ဆရာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တုရူပဒ္ဒဝေါ၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဗျာကုလရာဇဘယော၊ ဝဿအမှိ ဖြတ်ကာဓော တိဋ္ဌတိ၊

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ ငြိမ်းချမ်းရေးတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ပိုင်းပန်းယေ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ခိုင်ခံ့ခိုင်မာသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com


ကမ္ဘာ့ဖြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နဂါးပွက်တောင်မှသည် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ဆီသို့ | မင်းဂုဏ် | ၅ |
| ၂။ | ထူးထွေဆန်းပြား ဒေးစွန်ပါဘုရား | တက္ကသိုလ်မျိုး | ၂၁ |
| ၃။ | သုဝဏ္ဏဘူမိ လေဆိပ်ထဲက နို့ခမ်းပင်လယ် | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၃၇ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိမိကိုယ်ကို သုံးသပ်ရန် သမ္မသန တရားတော် | ဓမ္မဒါန | ၄၉ |
| ၅။ | မြင်းမထိတောင် | မင်းဆက်ပိုင် | ၅၄ |
| ၆။ | ထူးမှထူး | အရှင်ဆန္ဒာဓိက | ၆၀ |
| ၇။ | နတ်သုဒ္ဓါ | ဦးကျော်နိုင် (B.A,H.G.P) | ၆၇ |
| ၈။ | ဗြဟ္မာစိုရ်တရားနှင့် ကရင်တိုင်းရင်းသား သိဒ္ဓိရှင်ဘိုးပိုက်ဆံ | ကျော်ဇောဟိန်း(နံ့သာ) | ၇၁ |
| ၉။ | ဆရာတော်ကြီးများ၏ ဓမ္မလက်ဆောင် | ကျိုက်လတ်သန်းထိုက်(LL.B) | ၇၉ |
| ၁၀။ | သေနည်းသင်တန်း | မုဒ္ဒိ-ဓမ္မဒူတအရှင်ကောသလ္လ | ၈၂ |
| ၁၁။ | အမျိုးသမီးများနှင့် ပတ်သက်သော ဗုဒ္ဓ၏ဩဝါဒများ | အောင်မြင့်ဦး(မဟာဝိဇ္ဇာ) | ၈၇ |
| ၁၂။ | မှော်ဘီ၊ ရေပြာရွာ အောင်ဇမ္ဗူတောရမှ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်များ | တက္ကသိုလ်တင်ဟန်ကျော် | ၈၉ |
| ၁၃။ | ရိုးရာမလေ့ ထုံးစံနှင့် နတ်ကိုးကွယ် ယုံကြည်မှု | မောင်မောင်(မြန်မာပြည်) | ၁၁၁ |
| ၁၄။ | ဝေဒနာ ပိတောက်များနှင့် ဆယ်ကမ္ဘာခြားလို့ ဝေးချင်တယ် | တွင်းကြီးသားတင်ဝင်းဦး | ၁၁၆ |
| ၁၅။ | မိုးကောင်းကင်၏ လျှို့ဝှက်ချက် | မင်းဟန်(သန်လျင်) | ၁၂၆ |
| ၁၆။ | ပြုစားသည်လား ရူးသည်လား | စံကေတု | ၁၃၃ |
| ၁၇။ | အချစ်မာရသွန် | နေမထူး | ၁၄၄ |
| ၁၈။ | မိကျောင်းတစ်ကောင်အတွက် ဆိုးရွားသောအချိန် ဖြစ်နေပြီ | Mariner လှဦး | ၁၅၄ |
| ၁၉။ | သွေးကြွေးကလဲ့စား | မင်းရိုးမ | ၁၆၄ |
| ၂၀။ | နွေကဗျာ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ | ကိုကြီးစော(သာပေါင်း) | ၁၇၂ |
| ၂၁။ | နတ်မျက်စိ ပုလင်းကွဲ | မင်းရွှေသိန်း(ဇင်းကျိုက်) | ၁၈၀ |
| ၂၂။ | တေးသွားကို သံစဉ်ညှိသော်လည်း | ကိုကိုသက်(ရေနံ) | ၁၈၅ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ

30 SEP 2013


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃။ | တိမ်နှင့်အတူလွင့် လေနှင့်အတူလိုက် | ဘနင်း(မြန်မာပြန်) | ၁၈၈ |
| ၂၄။ | ကံထလာသော မုဆိုးမျာ: | မောင်မြင့်မား(ဗိုလ်ကလေး) | ၁၉၉ |
| ၂၅။ | အဆိုးနယ်ချဲ့သော ကံကြမ္မာ | နန္ဒာမိုးကြယ် | ၂၀၄ |
| ၂၆။ | ချစ်စရာ ခရီးစဉ် (၂) | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၂၁၀ |
| ၂၇။ | အရှင်မေဃိယထေရ် | ဆင်ဖြူကျွန်းအောင်သိန်း | ၂၁၇ |
| ၂၈။ | လူထူးလူရှူး ကြုံရဖူးသော | ခင်(တောင်ကြီး) | ၂၂၀ |
| ၂၉။ | ဒဏ္ဍာရီရဲ့ အခြားတစ်ဖက်မှာ | ရိုရိုငွေ | ၂၂၈ |
| ၃၀။ | အဆင်ပြေခြင်း လျှို့ဝှက်ချက် | သုရိန်စိုး(ဓမ္မဒူတ) | ၂၃၅ |
| ၃၁။ | ပြုံးပန်းများ ဝေနိုင်ပါစေ | တက္ကသိုလ်ကြည်သင်း | ၂၃၈ |
| ၃၂။ | မြန်မာမင်းများလက်ထက် စားတော်ကဲများ ခန့်အပ်ကြပုံနှင့် ၎င်းတို့၏အရည်အချင်းများ | မောင်မောင်လွင်(A.G.T.I) | ၂၄၂ |
| ၃၃။ | ရုပ်ရှင်သရုပ်ဆောင် ထောက်လှမ်းရေးသမားများ | လှမိုး(ပညာရေး) | ၂၄၆ |
| ၃၄။ | စီးပွားရေး တက်ရိပ်ကျရိပ် အတိတ်နိမိတ်များ | လှတိုး(စိတ်ပညာ) | ၂၅၀ |
| ၃၅။ | လေကားကောင်းအောင် တပ်ကြစို့ | ဇီဝအောင်ထွန်း | ၂၅၂ |
| ၃၆။ | အခုတော့ သူ့အချစ်မေတ္တာတွေ ရသွားပြီ မဟုတ်လား | နတ်မျက်စိ ဆရာအောင်စိုး | ၂၅၃ |
| ၃၇။ | သမိုင်း၏ပဟေဠိများ | စိန်ဝင်းမော် | ၂၅၄ |
| ၃၈။ | သုတစုံဖြာ ဤကမ္ဘာ | ဖိုးရွှေလမင်း | ၂၅၇ |
| ၃၉။ | ရေစီးကမ်းပြို ပျောက်စေလို၊ ရေယားဖူး အထူး ပျောက်စေမည်၊ | ကန့်ဘလူကံတင်အောင် | ၂၆၃ |
| ၄၀။ | ခြေဖနောင့်ကွဲလျှင် ပျောက်စေချင်၊ ဗောက်သန်းကင်းရေး ပြုလုပ်ပေး၊ ဆီးချိုအတွက် ဥသျှစ်ရွက် | နတ်မောက်ကောင်းမွန်မြင့် | ၂၆၅ |
| ၄၁။ | လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ | သုတေသီဆရာငြိမ်း | ၂၆၇ |
| ၄၂။ | ဆေးပင်တို့အစွမ်း (၂) | ဆန်းဝင်း(အောင်မြေ) | ၂၆၉ |
| ၄၃။ | ကင်ဆာပျောက် ဣသရမူလီဆေးပင်နှင့် အကျိုးအပြစ်များ | ပအုပ်ခိုင်(သဘာဝသမားတော်) | ၂၇၁ |
| ၄၄။ | အစားအစာ စားသောက်ခြင်း | သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၃ |
| ၄၅။ | သမားဖြူရက်မှာ ဘာဖြစ်မလဲ | ဂန္ဓာရီခြောအုံ | ၂၇၅ |
| ၄၆။ | ငှက်ဖျားဆို မနားပါ | တော်မြင့်(ငှက်ဖျား) | ၂၇၆ |


BURMESE CLASSIC .com









www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၇။ | ပါးနှင့်သနပ်ခါး ဘယ်ဟာကို နမ်းသည် ခေါ်သနည်း | အေးရွှေ(ဇီးကုန်း) | ၂၇၉ |
| ၄၈။ | ကောင်းလိုက်တဲ့ ကိုကြီးကျော် ကြက်ပေါင်ကြော် | မင်းတိုင်ပင်(မြရောင်မြေ) | ၂၈၂ |
| ၄၉။ | ပြောရက်ပလေတယ် | မောင်မြင့်မား(ပိုလ်ကလေး) | ၂၈၅ |
| ၅၀။ | လေအန်ကုန်းရောက် စာရေးဆရာတစ်ယောက် | မောင်လူသစ် | ၂၈၇ |
| ၅၁။ | အားနာခြင်း ဆိုသည်များရယ် | ကိုရွှေတောသား | ၂၉၁ |
| ၅၂။ | ကိုဘန္ဓု၏ မျက်ချေးတုံး | တိုးခ | ၂၉၆ |
| ၅၃။ | ကာတွန်းကဏ္ဍ | ကလောင်စုံ | ၃၀၁ |
| ၅၄။ | ပြုံးရယ်ရယ်ဟား ဟာသများ | စောနိုင်ထူး | ၃၀၅ |
| ၅၅။ | မင်းကွန်းတိပိဋက ဆရာတော်ဘုရား၏ လက်စွဲဂါထာ | ဘုန်းမိုးနေလ | ၃၀၉ |
| ၅၆။ | အကြားအမြင် ဦးဘဆန်းနှင့် သိုက်နန်းရှင် | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၁၀ |
| ၅၇။ | လူတိုင်းအတွက် စန်းပွင့်လာဘ်ပွင့်ယတြာ | အောင်ကြည်သန်း(ဟောင်တော်သီ) | ၃၁၃ |
| ၅၈။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z | ဆရာဦးခန့်ကျော် | ၃၁၅ |
| ၅၉။ | လေ့လာစရာ မဟာဘုတ်ပညာ | ဝေယံဦး | ၃၂၁ |
| ၆၀။ | ကျွန်မနှင့် မြွေကင်းများ | ဉာဏ်မယ်မယ် | ၃၂၆ |
| ၆၁။ | ရွှေငွေ လာဘ်ပွားစေသည့် ပထမံဘိုးဘိုးအောင် ဂါထာ | နတ်မောက်ကောင်းမွန်မြင့် | ၃၂၉ |
| ၆၂။ | စမတောင်မှ လူထူးကြီးပေးအပ်တဲ့ မေတ္တာဂုဏ်တော် ပုတီးစိပ် | ရွှေဘုန်းကံ | ၃၂၉ |
| ၆၃။ | ပြည်ပနိုင်ငံရပ်ခြားသို့ အမြန်ဆုံးသွားရောက်စေဖို့ ငွေဝင်လာဘ်ရွှင် နေ့စဉ်ဖြစ်ဖို့ | ဆရာဦးအောင်မြိုင် | ၃၃၄ |
| ၆၄။ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၇ |
| ၆၅။ | ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့် နိုဝင်ဘာလ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၃၄၀ |



**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊
စိုးမြင့်လေး၊ စကျူ၊ ရဲရင့်နိုင်၊ ဒေါ်ဇော်ဇော်အောင်

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်


**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၀၀၀

**ရောင်းဈေး**
၂၂၈ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



# နဂါးမွက်တောင်မှသည် ရှင်မင်းစက္ကိန်းတဲ့စေတီတော်မြတ်ဆီသို့

မင်းရုဏ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီတံတား (မကွေး)အား ဖြတ်ကူးစဉ် မြင်ကွင်း

မြသလွန်စေတီတော်မြတ်အား ကြည်ကြည်နူးနူး ဖူးမြော်ခဲ့ကြပြီးနောက် ဧရာဝတီမြစ်ကူးတံတား(မကွေး) ဖြတ်ကာ မင်းဘူးဘက်သို့ ကူးခဲ့ကြသည်။

မင်းဘူးမြို့သည် မြန်မာပြည် အလယ်ပိုင်း မကွေးတိုင်းဒေသကြီး အတွင်းရှိ ထင်ရှားသော မြို့တစ်မြို့ဖြစ်သည်။ ရေနံထွက်သည့် ဒေသဖြစ်သည့် အလျောက် နွေရာသီတွင် အပူဒီဂရီ စင်တီဂရိတ် ပျမ်းမျှ ၁၀၀ ဒီဂရီကျော် ရှိပြီး မိုးနည်းရပ်ဝန်းဒေသတစ်ခု ဖြစ်သည်။

သောက်ရေ သုံးရေမှာမူ ဧရာဝတီမြစ်၊ မန်းချောင်း၊ ဆားပွက်ချောင်း စသည်တို့ ဝန်းရံလျက်ရှိသဖြင့် ရေရှားပါးခြင်း မရှိပေ။ စကုမြို့နှင့်ပတ်ဝန်းကျင် ကျေးရွာများတွင် စက်ရေတွင်း၊ လက်ရေတွင်းများ အမြောက်အမြား တူးဖော်အသုံးပြုလျက်ရှိသည်။ ဆန်စပါး၊ အသီးအနှံ၊ သားငါး ပေါများသည့် ခရိုင်မြို့ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ရည် လုပ်ငန်းမှ ဝန်ထမ်းနှစ်ထောင်နီးပါးခန့် နေထိုင်ကာ တာဝန်ထမ်းဆောင်လျက် ရှိကြောင်း သိရသည်။

ရေနံများ တူးဖော်ရရှိသည့် မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေစသည့် ရေနံမြေများရှိပြီး ဧရာဝတီ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ကို ဆက်သွယ်ပေးသည့် ဧရာဝတီတံတား (မကွေး)ပေါ်ထွန်းလာသဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလုံခြုံ ချောမွေ့လျက်ရှိပေပြီ။ တစ်ဖက်တွင်လည်း အနောက်ရိုးမ ရခိုင်တောင်တန်းကိုဖြတ်၍ ရခိုင်ပြည်နယ်သို့ သွားနိုင်သော အမ်းတောင်ကြားလမ်း ရှိသည်။

မင်းဘူးမြို့နှင့် ပတ်သက်၍ သမိုင်းမှတ်တမ်း အတိအကျမရှိသော်လည်း သက်ကြီးစကား သက်ငယ်ကြားသဘောမျိုး အစဉ်အဆက် လက်ဆင့်ကမ်းလာသည့် နှုတ်ထွက်သမိုင်းများမှာမူ အများအပြားပင် ရှိသည်။

မြတ်စွာဘုရား၏ ရင့်မှာတစ်ကျိပ် ဖြစ်တော်ပေါင်း ဇာတ်ကြီး ဆယ်ဘွဲ့မှ ရှစ်ဘွဲ့ကို ရေးသားခဲ့သော မင်းဘူးဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်နှင့် မဟာဇနကဇာတ်တော် နိဒါန်းတို့တွင် ဧရာဝတီမြစ်အား မန်းချောင်းက မင်းဘူးဒေသတွင် လာရောက်ပူးပေါင်းသဖြင့် မန်းပူးသည့်အရပ်၊ မန်းပူးဟု ခေါ်တွင်ကြောင်း၊ ကာလရွေ့လျောသဖြင့် မန်းပူးမှ မင်းပူး၊ မင်းပူးမှ မင်းဘူးဟု ခေါ်တွင်ကြောင်း အဆိုရှိသည်။

ပုဂံပြည့်ရှင် မဏိစည်သူမင်းကြီး ဖောင်စကြာဖြင့် လှည့်လည်ရာတွင် ရေနံချောင်းမြို့တောင်ဘက် နဂုတ္တမတောင် (မြသလွန်တောင်) အနီး၌ ရပ်နား၍ တောင်ပေါ်ရှိ ဘုရားများကို ဖူးမြော်စဉ် ညဉ့်အချိန်များတွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ကေလာသဖတောင် (ယခု စက္ကိန်းတဲတောင်)မှ ရောင်ခြည်တော်များ ကွန့်မြူးထွက်ပေါ်လာသည်ကို ဖောင်တော်ပေါ်မှ ဖူးတွေ့ခဲ့ရသည်။

ဤသို့ . မဏိစည်သူမင်းကြီး ဖူးမြော်သော ကေလာသဖတောင်တစ်ဝိုက်အား မင်းဖူးသည့် ဒေသဟု ခေါ်ခဲ့ကြရာမှ မင်းဖူးဟု တွင်ခဲ့ပြီး နောင်အခါ မင်းဘူး ဖြစ်လာခဲ့သည်ဟု ဆိုသည်။

စာရေးသူတို့ငယ်စဉ်က ကျောင်း၌ သင်ကြားခဲ့ရသော မဟောသဓာဇာတ်တော်၊ ဝေဿန္တရာဇာတ်တော် စသည့် ဇာတ်တော်ကြီးများ အပါအဝင် ဇာတ်တော်ကြီး ရှစ်ဘွဲ့ကို ရေးသားစီရင်တော်မူခဲ့သော ဆရာတော်ဦးဩဘာသ သီတင်းသုံးတော်မူရာ ဒေသဖြစ်ပြီး စာရေးသားစဉ် သီတင်းသုံးတော်မူခဲ့သော လိုဏ်ဂူယခုတိုင်ရှိခြင်း၊ ဂေါတမမြတ်စွာဘုရားရှင်၏ ခြေတော်ရာအစစ် နှစ်ဆူ စံပယ်တော်မူလျက်ရှိခြင်း၊ ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာ ကျောင်းတော်ရာသို့ သွားရာလမ်းမြို့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကြွမြန်းတော်မူကာ သီတင်းသုံးတော်မူခဲ့ရာ ဒေသဖြစ်ပြီး သိကြားမင်းကိုယ်တိုင် တည်ထားခဲ့သော စက္ကိန်းတဲ စေတီတော်တည်ရှိခြင်း၊ဘုရားရှင်၏ ဓာတ်တော်များနှင့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် စသော သာဝကကြီးများ၏ ဓာတ်တော် စုစုပေါင်း သုံးသောင်းကျော်ရှိသော ဓာတ်တော်ဘုရားကြီး တည်ရှိခြင်း၊ သိပ္ပံပညာရှင်များက ရွှံ့မီးတောင်ဟု ခေါ်သော



www.burmeseclassic.com

www.burmeseclassic.com



နဂါးပွက်တောင် ဝင်ပေါက်မုခ်ဦးနှင့် ဝင်းအတွင်း မြင်ကွင်း



ဈေးဆိုင်တန်းများ

BURMESE CLASSIC



ဈေးဆိုင်တစ်ခုအတွင်း မြင်ကွင်း

မြန်မာနိုင်ငံတွင် ရှားပါးသည့် နဂါးပွက်တောင်နှစ်လုံးနှင့်နဂါးလူးအိုင်များ ရှိခြင်းတို့မှာ မင်းဘူးမြို့၏ထူးခြားထင်ရှားသည့် ဝိသေသလက္ခဏာများ ဖြစ်သည်။

ထိုသို့ ထူးခြားချက်များရှိသည့် မင်းဘူးမြို့၏ နဂါးပွက်တောင်ရှေ့သို့ စာရေးသူတို့ ဘုရားဖူးအဖွဲ့ ရောက်ရှိခဲ့ကြပေပြီ။ နှစ်စဉ် မန်းစက်တော်ရာ (ရွှေစက်တော်) ပွဲတော်လာ ဘုရားဖူးများ ဝင်ရောက်လေ့ရှိသဖြင့် ထိုရက်များအတွင်း ဘုရားပွဲတမျှ စည်ကားသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

အုတ်တံတိုင်း ခပ်နိမ့်နိမ့်ကာရံထားသည့် ဝင်ပေါက်မုခ်ဦးတွင် "နဂါးပွက်တောင်တော်၊ မင်းဘူးမြို့" ဟူသော နဖူးစီးစာတန်းရေးသားထားသည့် အုတ်တံတိုင်းဝင်းအတွင်းသို့ ဘုရားဖူးယာဉ်များသာ ဝင်ရောက်နိုင်ပြီး ထိုယာဉ်ငယ်များအတွက် သွပ်မိုးယာဉ်ရပ်နားစခန်း ရှိသည်။ ကားကြီးများအတွက်လည်း အပြင်ဘက်တွင် ရပ်နားရန် နေရာများ ရှိသည်။

ဝင်းအတွင်း၌ အာလူးကြော်၊ ပြောင်းဖူးစေ့ကြော်၊ မန်ကျည်းယို၊ ပဲကြော် စသည့် ဒေသထွက်ကုန်များ ရောင်းချသည့် ဈေးဆိုင်များရှိပြီး ဆိုင်အတွင်း၌ ခရီးသွားဧည့်သည်များ ခေတ္တခဏ ဝင်ရောက်နားနေရင်း စားဖွယ်ရာများကို လက်ဖက်ရည်ကြမ်းဖြင့် မြည်းစမ်းနိုင်ကြစေရန် နေရာခင်းကျင်းပေးထားသည်ကိုလည်း တွေ့ရသည်။

နဂါးပွက်တောင်ကို တောင်ပိုင်ဘိုးဘိုးကြီးနှင့် နဂါးမောင်နှမဖြစ်သော အစ်မတော် သုစိတာ၊ မောင်တော် နန္ဒတို့ စောင့်ရှောက်ကြသည်ဟု ယုံကြည်ကြကာ နဂါးရုံရုပ်ပွားတော်တစ်ဆူ၊ တောင်ပိုင်ဘိုးဘိုးကြီးရုပ်တုနှင့် နတ်နဂါးမောင်နှမ ရုပ်တုများအား တောင်တက်လမ်းဘေးတွင် ထားရှိသည်ကို တွေ့ရသည်။

နဂါးပွက်တောင်သည် သဘာဝရွှံ့ဗွက်တောင်ဖြစ်ပြီး ပေ ၃၀ အမြင့်

www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံ ရုပ်ပွားတော်



တောင်ပိုင်ဘိုးဘိုးကြီး ရုပ်တု



နဂါးအသွင် နတ်နဂါးမောင်နှမ ရုပ်တု

သည်။ တောင်ပေါ်သို့တက်ရန် လှေကားထစ်များ ပြုလုပ်ထားပြီး လှေကားထစ် ၆၀ ရှိသည်။ ထိပ်ဝအကျယ် ကိုးပေခန့်ရှိပြီး တွင်းဝတွင် ရွှံ့ရည်များ ပွက်ချည်တစ်ခါ ငြိမ်ချည်တစ်လှည့်ဖြင့် ရှိနေတတ်သည်။

ယုံကြည်သူများက မိမိတို့လိုအင်ဆန္ဒများ အောင်မြင်စေရန် ဆုတောင်းအဓိဋ္ဌာန်ပြုကာ ရွှံ့ပွက်သည့် အသွင်အပြင် ပုံပန်းသဏ္ဍာန်တို့ကို လေ့လာအကဲခတ်ကြသည်။

နတ်နဂါးမောင်နှမတို့သည် တစ်ချိန်က နမ္မဒါနဂါးမင်း၏ သားတော်၊ သမီးတော်များဖြစ်သည်ဟုလည်းကောင်း၊ ဒွတ္တဘောင်မင်းကြီး၏ သားတော်၊ သမီးတော်များ ဖြစ်သည်ဟုလည်းကောင်း ဆိုရိုးရှိသည်ဟု သိရသည်။

တောင်တော်ကြီးကို အစ်မတော် သုစိတာက စောင့်ရှောက်ပြီး တောင်တော်ငယ်ကို မောင်တော်နန္ဒက စောင့်ရှောက်သည်ဟု ဆိုသည်။ နဂါးလူးအိုင်ရှိသကဲ့သို့ ဖြစ်တည်စ တောင်ငယ်များ၊ အိုင်ငယ်များလည်း တောင်တော်ဝန်းကျင်တွင် တွေ့ရသည်။

တောင်ထိပ်မှ အောက်ဘက်သို့ ပေ ၉၁ ခန့်အထိ ရွှံ့ရည်များ စီးကျလေ့ရှိသည်။ ရွှံ့ရည်များသည် ရေနံဓာတ်ငွေ့ပါသဖြင့် မီးရှို့လိုက်လျှင် ခေတ္တခဏမီးလောင်တတ်သည်ကို တွေ့ရသည်။ ရေနံမထွက်သော်လည်း အနီးရှိ ရေနံမြေပြင်ရပ်ကွက်တွင် သဘာဝရေနံဓာတ်ငွေ့များ ထုတ်ယူရရှိပြီး လောင်စာအဖြစ် သုံးစွဲ၍ရသည်ဟု သိရသည်။ တောင်ထိပ်မှ ရွှံ့ရည်များသည် နဂါးငွေ့တန်းကဲ့သို့ နဂါးဦးခေါင်းလှည့်သည့် အရပ်မျက်နှာအတိုင်း စီးဆင်းသည်ဟု ဆိုသည်။

သုတေသီများ၏ လေ့လာချက်များအရ ကြံခင်းမြို့နယ် စိုင်ရှင်ကျေးရွာအနီးတွင်လည်းကောင်း၊ ရခိုင်ပြည်နယ် ရမ်းဗြဲဒေသတွင်လည်းကောင်း အလားတူ ရွှံ့ဗွက်တောင်များ ရှိကြောင်း၊ စိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံရုပ်ပွားတော်အား နတ်နဂါးမောင်နှမတို့ ပူဇော်နေပုံရုပ်တု



ဆုတောင်းအဓိဋ္ဌာန် ပြုနေကြသူများ



တောင်ထိပ်သို့တက်သည့် စင်္ကြံလမ်း



ရွှံ့ရည်များ ခြောက်သွားသည့် တောင်စောင်း



လူအသွင်ဖြင့် နတ်နဂါးမောင်နှမရုပ်တု



ရွှံ့ရည်ပွက်နေပုံ



ကျေးရွာအနီး ရွှံ့ဗွက်တောင်မှ ၁၉. ၂. ၂၀၀၇ ရက်နေ့တွင် ရွှံ့ရည်ပွက်ကာ ပေါက်ကွဲမှုအထိ ဖြစ်ခဲ့ပြီး ရမ်းဗြဲဒေသ ရွှံ့ဗွက်တောင်မှ ၂. ၁. ၂၀၀၈ ရက်နေ့တွင် ရွှံ့ရည်ပွက်ပြီး ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ နဂါးပွက်တောင်အား လေ့လာခဲ့ကြပြီးနောက် ရှင်ပင်စက္ကိန်းတဲစေတီတော်သို့ ထွက်ခွာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com




ရွှံ့ရည်များ ပွက်နေပုံ




www.burmeseclassic.com

www.burmeseclassic.com

ရှင်ပင်စက္ကိန်းတဲ စေတီတော်မှာ တောင်ပေါ်တွင်တည်ရှိပြီး တောင်တက်ကားလမ်း ဖောက်လုပ်ပေးထားသဖြင့် စေတီတော်ခြေရင်းအထိ ဘုရားဖူးကားများ တက်ရောက်နိုင်ကြသည်။ ရွှေစက်တော်ဘုရားပွဲကာလနှင့် တိုက်ဆိုင်နေသဖြင့် ဘုရားဖူးကားများ အဝင်အထွက်များလျက်ရှိသည်။ တောင်တက်ကားလမ်းမှာ ကျဉ်းသဖြင့် ယာဉ်မောင်းများ သတိကြီးစွာထားကာ မောင်းနှင်နေကြရသည်။ တောင်ပေါ်တွင် ဝတ္ထုကံမြေအထိုက်အလျောက် ကျယ်ဝန်းသဖြင့် ယာဉ်ရပ်နားရန် အဆင်ပြေသည်ကို တွေ့ရသည်။ စောင်းတန်းအတိုင်း တက်လိုပါမူ အရှေ့ဘက် တောင်ခြေရင်းမှ မုခ်ဦးပြာသာဒ်ကြီးဖြင့် ထည်ဝါခမ်းနားလျက်ရှိသော စောင်းတန်းကြီးအတိုင်း တက်ရောက်နိုင်ကြသည်။

စေတီတော် ပရိဝုဏ်အတွင်း၌ ဘုရားစေတီ၊ တန်ဆောင်း၊ ပြာသာဒ်၊ ကျောင်း၊ ဇရပ် အဆောင်ဆောင်တို့ဖြင့် ညေကားသိုက်မြိုက်လျက်ရှိသည်။ ကားကြီး ကားငယ် အရွယ်စုံ အမျိုးစုံတို့ဖြင့် လာရောက်ကြသည့် ဘုရားဖူးပရိသတ်များလည်း ပရိဝုဏ်အတွင်းဝယ် ဆုံစည်းမိလျက်ရှိကြသည်။

စက္ကိန်းတဲစေတီတော် တည်ထားပုံမှာ အခြားသောစေတီများနှင့်မတူ တစ်မူထူးခြားလျက်ရှိသည်ကို ဖူးတွေ့ရသည်။ အဋ္ဌဂံပုံ အုတ်တိုက်ခံ ပစ္စယာသုံးဆင့်ပေါ်တွင် မုခ်ပေါက် ရှစ်ပေါက်ရှိ ရှစ်ထောင့်ချိုး ဂန္ဓကုဋိတိုက် တည်ဆောက်ထားပြီး ယင်းအပေါ်တွင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်ပုံစံ စေတီတည်ထားခြင်းဖြစ်သည်။ပစ္စယာအဆင့်ဆင့်နှင့် ဂန္ဓကုဋိတိုက်သို့တက်ရန် လှေကားများတပ်ဆင်ထားပုံမှာလည်း ဆန်းသစ်ကာ ဘုရားဖူးများ သက်သောင့်သက်သာ တက်ရောက်နိုင်ကြစေရန် စီစဉ်ထားသည်။ ပစ္စယာသုံးဆင့်တို့ကို ဖွေးဖွေးဖြူသည့် ထုံးသက်န်းကပ်လျှုထားပြီး ဂန္ဓကုဋိအုတ်



ရှင်ပင်စက္ကိန်းတဲစေတီတော် တောင်တက်ကားလမ်း ဝင်ပေါက်မုခ်ဦးကြီး

တိုက်ကိုမူ ရွှေမင်သက်န်းကပ်လှူထားသည်။ ထို့ပြင် ဂန္ဓကုဋိအုတ်တိုက်လုံခြုံမှုအတွက် သံပန်းသံတံခါးတို့ဖြင့် တန်ဆာဆင်လျက် အခိုင်အမာ တပ်ဆင်ထားသည်။ဂန္ဓကုဋိတိုက်တော်ထက်တွင်မူ စေတီရံရှစ်ဆူ ခြံရံကာ ရွှေရောင်ဝင်းဝါတင့်တယ်စွာ စံပယ်တော်မူလျက် ရှိသောစေတီတော်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ စေတီရံများမှာလည်း ရွှေသက်န်းရောင် ဝင်းပြောင်လျက်ရှိပြီး စေတီရံတစ်ဆူချင်းရှိ ဂန္ဓကုဋိတိုက်တော်ငယ်အတွင်း၌ ဘုရားရုပ်ပွားတော်ငယ် တစ်ဆူစီ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည်ကို ဖူးတွေ့ရသည်။ စေတီရံတစ်ဆူစီ၏ ဝဲယာတစ်ဖက်တစ်ချက်စီတွင် ခြင်္သေ့ရုပ်တု တစ်ခုစီ ထားရှိသည်ကိုလည်း တွေ့ရသည်။

ဤစေတီတော် တည်ထားသည့် တောင်ကို ရှေးယခင်က ကေလာသတောင်ဟု ခေါ်တွင်ပြီး ရှေးရှေးဘုရားရှင်များ ဤတောင်ထိပ်ပေါ်သို့ ကြွမြန်းတော်မူခဲ့ကြပြီးသိကြားမင်းကပ်လှူသည့် ရတနာသလွန်တော်ပေါ်တွင် ကိန်းစက်တော်မူခဲ့ကြသည်ဟုဆိုသည်။

ဂေါတမ မြတ်စွာဘုရားရှင်သည်လည်း စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို အလှူခံတော်မူခဲ့ပြီး ထိုကျောင်းတော်ကြီးတွင် ခုနစ်ရက် သီတင်းသုံးတော်မူခဲ့သည်။ ထို့နောက် သာဝတ္ထိသို့ ပြန်လည်ကြွမြန်းတော်မူသည်တွင် ရှေးနောင်တော်ဘုရားများနည်းတူ အဝိဇဟိတ ဌာနဖြစ်သော ဤကေလာသတောင်ထိပ်သို့ ကြွရောက်တော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ရှိ အရှေ့ဘက်စောင်းတန်းမုခ်ဦးကြီးနှင့် ဧရာဝတီမြစ်တွင်း မြင်ကွင်း

ထိုအခါ သိကြားမင်းသည်လည်း ဂေါတမမြတ်စွာဘုရားရှင်အား ရတနာမြသလွန်တော်နှင့် မြသပိတ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သဖြင့် ထိုတောင်ထိပ်ပေါ်ရှိယာယီတည်းကျောင်းအတွင်း မြသလွန်တော်ပေါ်၌ ဖလသမာပတ်ဝင်စားလျက် ဘုရားရှင် ခေတ္တခဏ ကိန်းစက်တော်မူခဲ့သည်။ သို့ဖြစ်၍ ကိန်းစက်သောတဲ = စက်ကိန်းတဲ (စက္ကိန်းတဲ) တောင်ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ မကွေး မြသလွန်စေတီတော် တည်ထားဖြစ်ခဲ့ခြင်းမှာလည်း ဤတောင်တော်ပေါ်သို့ ဂေါတမမြတ်စွာဘုရား ကြွရောက်ကိန်းစက်တော်မူခဲ့ခြင်းနှင့် ပတ်သက်ဆက်နွယ်လျက် ရှိသည်။

အကြောင်းမူကား နဂါးပွက်တောင်(ဆားပွက်တောင်၊ရွှံ့ပွက်တောင်) ဟုခေါ်တွင်သော တောင်ညိုတို့ဖြင့် ခြံရံသည့် ကေလာသတောင် (စက္ကိန်းတဲတောင်)ပေါ်ရှိ သိကြားမင်း ဆက်ကပ်သည့် ရတနာမြသလွန်ထက်တွင် ဘုရားရှင် ကိန်းစက်တော်မူစဉ် ဗြဟ္မာမင်းကလည်း ထီးဖြူတော်ဖြန့်မိုး၍ ဆည်းကပ်ပူဇော်ကာ ပတ်ဝန်းကျင်ရှိ နတ်အပေါင်းတို့ကလည်း သောင်းသောင်းဖြဖြ လာရောက်ကြလျက် ပူဇော်သက္ကာရ ပြုခဲ့ကြသည်။ထိုအထဲတွင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း တောအုပ်တစ်ခု၌ နေထိုင်ကြသော ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသ ဘီလူးညီနောင်တို့လည်း ပါဝင်ကြသည်။

ဘီလူးညီနောင်တို့သည် ဘုရားရှင်အား ကြစုဖန်ခါးသီးများကို ဆေးဝါးအဖြစ် ကပ်လှူခဲ့ကြပြီး ဘုရားရှင် ဟောကြားတော်မူသည့် ဒေသနာတော်တို့ကို နာကြားကြရသဖြင့် အကျွတ်တရား ရခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် ကေလာသဖ တောင်တော်တွင် တည်းခိုသီတင်းသုံးတော်မူခိုက် ယင်းတောင်၏ အနောက်ဘက်ယွန်းယွန်း၌ တောင်နှင့် မြောက်သွယ်တန်းလျက်ရှိသော တောင်ကြောပေါ်တွင် စကြံ့လျှောက်တော်မူခဲ့ရာ ထိုတောင်ကို "စကြံ့တောင်" ဟုခေါ်ဝေါ်ခဲ့ကြသည်။

စကြံ့တောင်၏ မြောက်ဘက်တွင်ရှိသော တောင်ပေါ်တွင် မြတ်စွာဘုရားရှင်သည် ကိုယ်လက်သန့်စင် ရေသပ္ပာယ်တော်မူပြီးနောက် သင်္ကန်းတော် လျှော်ဖွပ်နေလှန်းခဲ့ပြီး ခြောက်သွေ့သည်တွင် လိပ်တင်တော်မူရာ ထိုတောင်ကို "လိပ်တောင်" ဟူ၍ သမုတ်ခဲ့ကြသည်။ ကေလာသဖ တောင်ထိပ်ရှိ သိကြားမင်းဆက်ကပ်သည့် ရတနာမြသလွန်ပေါ်တွင်ကိန်းစက်တော်မူပြီးနောက် နံနက်မိုးသောက်ရောက်သည်နှင့် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွမြန်းမည်ပြုစဉ် ဘီလူးညီနောင်တို့က လောကုတ္တရာ အကျိုးငှာ အစဉ်ကိုးကွယ်ဆည်းကပ်နိုင်ကြစေရန် ကိုယ်စားတော်အဖြစ် တစ်စုံတစ်ရာ ချီးမြှင့်ပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်ခဲ့ကြသည်။

ထိုအခါ ဘုရားရှင်လည်း နောင်တွင် သာသနာတော် ထွန်းကားပြန့်ပွားမည်ကို သိတော်မူသဖြင့် ကိုယ်စားတော်အဖြစ်. . . ကိုးကွယ် ဆည်းကပ်နိုင်ရန် သိကြားမင်း ဆက်ကပ်သည့် ရတနာ



စေတီတော် ပရိဝုဏ်အတွင်း တောင်ဘက်ရှိ ဘုရား၊ စေတီနှင့် သာသနိက အဆောက်အအုံများ



www.burmeseclassic.com

www.burmeseclassic.com

မြသလွန်တော်ကိုဘီလူးညီနောင်တို့အား ပေးသနားတော်မူခဲ့လေသည်။

[စကားချပ် - မကွေးမြသလွန် စေတီတော် တည်ထားဖြစ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ "နဂုတ္တမတောင်တော်ဦးဆီက စေတီထူး မြသလွန်" ခေါင်းစဉ်ဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ် လပြည့်ဝန်းမဂ္ဂဇင်း၊ အမှတ်စဉ် - ၂၁၃ တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။]

ကေလာသဖတောင်တော်တွင် မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူစဉ် လာရောက်ဆည်းကပ် ပူဇော်ကြသည့် ဝေနေယျသတ္တဝါအပေါင်းတို့အား ဘုရားရှင်သည် မဟာကရုဏာတော် ရှေ့ထားကာ တရားရေအေးတိုက်ကျွေးတော်မူခဲ့သည်။ ထိုစဉ်က ဘုရားရှင် ဟောကြားတော်မူသည့် တရားတော်တို့ကို လာရောက် နာကြားကြသော ပရိသတ်တို့မှာ များပြားလှသဖြင့် အဝေးဆုံးနေရာမှ ဘုရားရှင်၏ အသံတော်အား ကြားရသည့်နေရာတွင် သံတော်ကြား စေတီတော်ကို အမှတ်တရ တည်ထားခဲ့သည်။ ယခု ရွှေတပင် ကုန်းထိပ်တွင် တည်ရှိသည်ဟုဆိုသည်။

ထိုတရားနာပရိသတ်တွင် နမ္မဒါမြစ်အတွင်းမှ နမ္မဒါ နဂါးမင်းလည်း နောက်လိုက်နောက်ပါ အခြံအရံများဖြင့် လာရောက် တရားနာရာ တောင်ညို



အောင်စကြာရှစ်မျက်နှာဘုရား


တောင် (ယခု နဂါးပွက်တောင်)ဝန်းကျင်မှ ခစားကာ နာယူခဲ့ကြရသည်။ ထိုကဲ့သို့ တရားနာယူခဲ့ပြီးနောက် နမ္မဒါနဂါးမင်းသည် ဘုရားရှင်အား နဂါးပြည်သို့ ကြွရောက်တော်မူကာတရားဒေသနာချီးမြှင့်တော်မူပါရန် လျှောက်ထား တောင်းပန်ခဲ့သည်။

မြတ်စွာဘုရားသခင်သည် ကေလာသဖတောင်တော်မှ သာဝတ္ထိသို့ အပြန်ခရီးတွင် ယောနကတိုင်း နမ္မဒါမြစ်ဘေး သစ္စဗန္ဓတောင်ထိပ်မှ ပင့်ဆောင်ခဲ့သည့် သစ္စဗန္ဓမထေရ်ကြီးအား ထိုတောင်တွင်သာသနာပြုချန်ထားခဲ့ရန် အကြံတော်ရှိသဖြင့် နမ္မဒါနဂါးမင်း၏ ပင့်ဖိတ်လျှောက်ထား တောင်းပန်ချက်ကို လက်ခံတော်မူခဲ့သည်။

သို့ဖြစ်၍ ဘုရားရှင်သည် နဂါးပြည်သို့လည်းကောင်း၊ သစ္စဗန္ဓတောင်သို့လည်းကောင်း ကြွမြန်းတော်မူခဲ့ရာ နမ္မဒါနဂါးမင်း၏ လျှောက်ထားတောင်းပန်ချက်အရ နမ္မဒါမြစ်ဘေး၌ ပါဒစက်တော်ရာ တစ်ဆူကိုလည်းကောင်း၊ သစ္စဗန္ဓရဟန္တာ၏ လျှောက်ထားတောင်းပန်ချက်အရ သစ္စဗန္ဓတောင်ထိပ်တွင် ပါဒစက်တော်ရာ တစ်ဆူကိုလည်းကောင်း ချထားပေးသနား ချီးမြှင့်တော်မူခဲ့သည်။

နမ္မဒါမြစ် ခေါ် မန်းချောင်း၏ တစ်ဖက်တစ်ချက်တွင် ဘုရားရှင်ချထားပေးသနားတော်မူခဲ့သည့် ထိုပါဒစက်တော်ရာ နှစ်ဆူကို အကြောင်းပြုကာ မန်းရွှေစက်တော်ဘုရားဟူ၍ အထူးထင်ရှားလျက် မြန်မာပြည်တစ်လွှားမှ ဘုရားဖူးခရီးသွားများသာမက ပြည်ပမှခရီးသွားများပါ စိတ်ဝင်တစား သွားရောက်လျက် ရှိကြသည်။

[စကားချပ် - မန်းရွှေစက်တော် ဘုရားဖူးခရီးသွား ဆောင်းပါးကို "ကြည်ညိုဖူးမြော် မန်းရွှေစက်တော်" ခေါင်းစဉ်ဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလထုတ်၊ လပြည့်ဝန်းမဂ္ဂဇင်း အမှတ်စဉ် - ၂၁၁ နှင့် ၂၁၂ တို့တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။]



စက္ကိန်းတဲစေတီတော် တောင်ဘက်သို့ကူးသည့် စကြံလမ်း

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်မြေရင်းရှိ ယာဥ်ရပ်နားစခန်းနှင့် တန်ဆောင်းဇရပ် မုခ်ဦးပြာသာဒ်များ

ရွှေနောင်တော် ဘုရားများနည်းတူ ဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကိန်းစက်တည်းခိုတော်မူခဲ့ကာ ပြဟ္မာ၊ သိကြား၊ ဘီလူး၊ နဂါးစသည့် ဝေနေယျတို့အား တရားဒေသနာတော် ဟောကြားချီးမြှင့်တော်မူခဲ့ရာ ကေလာသဖ တောင်တော်ပေါ်တွင် ဝိသေသအထိမ်းအမှတ်အဖြစ် လည်းကောင်း၊ နောင်လာနောက်သား ရဟန်းရှင်လူများ ကြည်ညိုပူဇော် ဖူးမြော်နိုင်ရန် လည်းကောင်း ဘုရားရှင်အဆက်ဆက်တို့ကိန်းစက်တည်းခိုခဲ့သော တည်းကျောင်းမဏ္ဍပ်ကို ငုံလျက် သိကြားမင်းကိုယ်တိုင် စေတီတော်တစ်ဆူတည်ထားခဲ့လေသည်။ ထိုစေတီတော်ကိုလည်း စက္ကိန်းတဲစေတီဟု တွင်စေခဲ့သည်။

ဂေါတမမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် သရေခေတ္တရာပြည်ကို ဒွတ္တဘောင်မင်းကြီး စိုးစံအုပ်ချုပ်တော်မူခဲ့သည်။

ထိုမင်းသည် သာသနာပြု မင်းတစ်ပါးဖြစ်သည့် အလျောက် တိုင်းခန်းလှည့်လည်ကာ ဘုရားပုထိုးစေတီတော်တို့ကို ဖူးမြော်ကြည်ညိုခြင်း၊ တည်ထားကိုးကွယ်ခြင်းတို့ကို အလေးထား ဆောင်ရွက်တော်မူလေ့ ရှိသည်။ ရှေးအစဉ်အဆက်ထားရှိခဲ့သည့်ပေပုရပိုက်စသည်တို့ကိုလည်း ရှာဖွေဖတ်ရှု လေ့လာလေ့ရှိရာ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်ကြွမြန်းတော်မူကာသီတင်းသုံးတော်မူခဲ့သော သရက္ခန်စန္ဒကူးဂန္ဓာရုံကျောင်းတော်ရာ၌ တည်ထားသော စေတီကြီးတစ်ဆူ အထင်ကရရှိကြောင်း ပေပုရပိုက်စာမူအရ သိရှိရသဖြင့် ထိုစေတီတော်ကြီးအား ဖူးမြော်ရန် ဆန္ဒပြင်းပြခဲ့သည်။

သို့ဖြစ်၍ မင်းကြီးသည် အခြွေအရံ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် တကွ ဖောင်တော်ဖြင့် သရေခေတ္တရာမှ ဆန်တက်လာခဲ့ပြီး သဖန်းတောမြစ်ကွေ့ (ယခု သဖန်းတောရွာ)ရောက်သည်တွင် ဖောင်တော်အား အနောက်ဘက်ကမ်းသို့ ကူးဖြတ်ဆိုက်ကပ်စေကာ တောင်တော်ပေါ်တွင် ခေတ္တနားနေတော်မူခဲ့သည်။ ဤကဲ့သို့ နားနေတော်မူစဉ် ဖောင်နန်းစံရာအနီး တောင်ဘက်ရှိ ကေလာသဖ တောင်တော်၌ ထူးဆန်းအံ့ဖွယ်ရာ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ဒွတ္တဘောင်မင်းကြီးသည် တောင်တော်အရောက် အုတ်လမ်းခင်းစေကာ ရောင်ခြည်တော်ကွန့်မြူးသည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ရာ သိကြားမင်း တည်ထားခဲ့သော စေတီတော်နှင့် ကမ္ပည်းကျောက်စာတို့ကို ဖူးတွေ့ရလေသည်။

ထိုကျောက်စာတွင် ကမ္ပည်းတင်ထားချက်များအရ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကြွရောက်ကိန်းစက်တော်မူခဲ့သော နေရာထူး နေရာမြတ် ဖြစ်သည်ကို သိရှိရသဖြင့် သဒ္ဓါတရားထက်သန်လာကာ ရှိရင်းစွဲ စေတီတော်အား ငုံကာ စေတီကြီးတစ်ဆူ တည်စေလေသည်။

စေတီတော် တည်နေစဉ်ကာလအတွင်း မင်းကြီးသည် မိမိမူလလာရင်းကိစ္စဖြစ်သော စန္ဒကူးနံ့သာ ကျောင်းတော်ရာကို ဖူးမြော်ရန် နောက်ပါအခြွေအရံများနှင့်အတူ ကုန်းလမ်းအတိုင်း ကြွမြန်းတော်မူကာ ဖူးမြော်ခဲ့လေသည်။




ရတနာသုခ ဓမ္မာရုံ




www.burmeseclassic.com


www.burmeseclassic.com



ရှင်ပင်စက္ကိုနှုံးတဲ စေတီတော်



တောင်ခြေမှတက်သည့်
ယွန်းဆက်တောင်းတန်းမုခ်ဦးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓကုဋိတိုက်တော်အတွင်း မြင်ကွင်း

ကျောင်းတော်ရာဘုရားအား ဖူးမြော်ခဲ့ပြီးနောက် မင်းကြီး ပြန်ရောက်လာသည့်တိုင် ကေလာသဖ တောင်တော်ပေါ်တွင်တည်လျက်ရှိသောစေတီတော်မှာ မပြီးသေးသဖြင့် မင်းကြီးလည်း ဖောင်တော်ပေါ်တွင်သာ စံမြန်းရင်းစောင့်ဆိုင်းတော်မူနေရလေသည်။

ထိုစဉ် မင်းကြီးနှင့်အတူ ပါလာသည့် သမီးတော်သုစိတာနှင့် သားတော်နန္ဒတို့သည် တောကစားထွက်ခဲ့ကြရာ ကေလာသဖတောင်၏ အနောက်ဘက်တောင်ညိုတောင်တစ်ဝိုက်တွင် ပျောက်ဆုံးသွားခဲ့သည်။

မင်းချင်းတို့အား တောနင်းရှာဖွေစေသော်လည်း ရုပ်အလောင်း အစအနပင်ရှာဖွေမရသဖြင့် ဒွတ္တဘောင်မင်းကြီး၏ ရင်တွင်း၌ သောကပရိဒေဝမီးပြင်းထန်စွာ လောင်ကျွမ်းလျက်ရှိသည်။ နောက်ဆုံးတွင် ကေလာသဖ တောင်စောင့်နတ်မင်းအား တိုင်တည်ကာရှာဖွေသည်တွင်မှ တောင်စောင့်နတ်မင်း၏ ကူညီမှုအရ သားတော်၊ သမီးတော်တို့အား နတ်နဂါးအသွင်ဖြင့် တွေ့ခွင့်ရခဲ့သည်။

ထိုအခါ မင်းကြီးသည် သမီးတော်သုစိတာနှင့် သားတော်နန္ဒတို့အား နတ်နဂါးများအဖြစ် တောင်ညိုတောနှင့် တောင်ညိုတောင်တို့ကို အပိုင်စားပေးခဲ့ပြီး ကေလာသဖတောင်ပေါ်တွင် တည်ထားသည့်စေတီတော်မှာလည်း အောင်မြင်စွာ ပြီးစီးပြီဖြစ်၍ သရေခေတ္တရာသို့ ပြန်လည်ကြွမြန်းတော်မူခဲ့လေသည်။

နောက်ပိုင်းတွင် သာသနာပြုမင်းများဖြစ်ကြသည့် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်းတို့သည် ပေပုရပိုက်များအရသော် လည်းကောင်း၊ မင်းစဉ်မင်းဆက်အရသော် လည်းကောင်း၊ ထင်ပေါ်ကျော်ကြားသည့် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီနှင့် ကေလာသဖတောင်ပေါ်ရှိ စက္ကိန်းတဲစေတီတော်တို့သို့ သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြပြီး ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြသည်ဟုဆိုသည်။

**နရပတေ့စည်သူ** မင်းသည်လည်း မူလစေတီတော်ကိုငုံကာ ချဲ့ထွင်မွမ်းမံပြုပြင်ခဲ့ပြီး စေတီတော်အား ဝတ္ထုကံမြေအဖြစ် အရှေ့သို့လားသော် ဇရာဝတီမြစ်လယ်အထိ၊ အနောက်သို့လားသော် စကြံ့တောင်အထိ၊ တောင်သို့လားသော်နဂါးပွက်ချောင်းအထိ၊မြောက်သို့လားသော် ကတုတ်ချောင်းအထိ လှူဒါန်းခဲ့သည်ဟု ဆိုသည်။

[စကားချပ် - ပုဂံမင်းဆက်တွင် နရပတိစည်သူမင်းနှင့် နရသီဟပတေ့မင်း ဟူ၍ မင်းနှစ်ပါးရှိရာ ယခုစေတီတော်သမိုင်းတွင် ဖော်ပြထားသည့် "နရပတေ့စည်သူ" မှာ နရပတိစည်သူမင်းကိုပင် ဆိုလိုဟန်ရှိသည်ဟု ယူဆပါသည်။]

အင်းဝမင်းဆက် ပထမမင်းခေါင်သည်လည်း ရွှေစက်တော်ဘုရားဖူးသွားရင်း စက္ကိန်းတဲစေတီတော်အားဝင်ရောက်ဖူးမြော်ခဲ့ကာ လိုအပ်သည်များ ပြုပြင်မွမ်းမံခဲ့သည်ဟု ဆိုသည်။

ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သော သီပေါဘုရင်ပါတော်မူခဲ့ပြီးနောက် နယ်ချဲ့အင်္ဂလိပ်အစိုးရသည် စေတီတော်ကြီး၏ ဝတ္ထုကံမြေနှင့်တကွ စက္ကိန်းတဲတောင်တစ်ခုလုံးကိုပင် စစ်မြေပြင်အဖြစ် သိမ်းပိုက်ခဲ့သည်။ သာသနိက အဆောက်အအုံ အချို့တို့လည်း ပျက်စီးခဲ့ပြီး အစိုးရအရာရှိများအတွက် နေအိမ်များ၊ ရုံးများ၊ သံတဲများအစရှိသည်တို့ကို ဝတ္ထုကံမြေအတွင်း၌ဆောက်လုပ်ခဲ့ကြသည်။



www.burmeseclassic.com


www.burmeseclassic.com

မင်းဘူးမြို့ကိုလည်း ခရိုင်မြို့အဖြစ် သတ်မှတ်ခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက် (ဝံသာနု ဂျီ၊ စီ၊ ဘီ၊ အေ) ခေတ်တွင် မြို့ပေါ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် မင်းတိုင်ပင်အမတ်ကြီး ဦးပုတို့သည် ဘုရားဝတ္ထုကံမြေများ ပြန်လည် ရရှိရန် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ စေတီတော်ကြီးအား လာရောက်ဖူးမြော်ကာ ဝတ်တက်ဝတ်ကပ် ပြုကြသူများကိုပင် တားမြစ်ခြင်းများ ရှိနေသဖြင့် စေတီတော်ကြီးမှာ ညှိုးနွမ်း မှေးမှိန်စွာ စံပယ်တော်မူခဲ့ရလေသည်။ ထို့နောက် အင်္ဂလိပ်အစိုးရ မြန်မာပြည်မှ ဆုတ်ခွာခဲ့ပြီး ဂျပန်အစိုးရလက်ထက်တွင်လည်း စစ်ဘေးစစ်ဒဏ်ကြောင့် အချို့သောသာသနိက အဆောက်အအုံများပျက်စီးခဲ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပြီးနောက် ၁၃၁၃ ခုနှစ်အတွင်း ပင်စင်ရစာရေးကြီး ဦးဘရှင် ဦးဆောင်ကာ ရှင်ပင်စက္ကိန်းတဲ စေတီတော်ကြီး၏ ဝတ္ထုကံမြေများကို အစိုးရထံမှ ပြန်လည်ရရှိရေးဆောင်ရွက်ရန် ဆော်ဩခဲ့ပြီး မြို့ပေါ်ရှိ သံဃာတော်များ၊ မြို့သူမြို့သားများပါဝင်သည့် မြို့လုံးကျွတ် လူထုအစည်းအဝေး ခေါ်ယူကျင်းပခဲ့သည်။

မင်းဘူးခရိုင်ဝန် ဦးအေးမောင်လက်ထက်တွင် သံဃာတော်အရှင်မြတ်လေးပါးပါဝင်သည့် ဩဝါဒါစရိယအဖွဲ့နှင့် ပင်စင်စား စစ်ကဲကြီး ဦးဇံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အဖွဲ့ဝင် ၁၁ ဦးပါ ဂေါပကအဖွဲ့တို့က ဝတ္ထုကံမြေပြန်လည်တောင်းဆိုသည့် လျှောက်လွှာကို နိုင်ငံတော်အစိုးရသို့ ပေးပို့တောင်းဆိုခဲ့သည်။

ထိုစဉ် ရန်ကုန်မြို့ရှိ သာသနာ့ရိပ်သာမှ နယ်လှည့် အထူးဓမ္မကထိကဖြစ်တော်မူသော လောကမာရဇိန်ရွှေဘိုဆရာတော် ဦးမုနိန္ဒ အရှင်မြတ်သည် မင်းဘူးမြို့၌ ကမ္မဋ္ဌာန်းရိပ်သာ စီစဉ်ရန် ၁၃၁၄ ခုနှစ် နတ်တော်လတွင် ရောက်ရှိလာသဖြင့် ရှင်ပင်စက္ကိန်းတဲစေတီတော်




ဗုဒ္ဓဟူးနံ ရုပ်ပွားတော်အား ဖူးတွေ့ရပုံ

ဝတ္ထုကံမြေ ပြန်ရရေးအတွက် လျှောက်ထားသည့်ကိစ္စကို အရှင်မြတ်အား အသိပေးလျှောက်ထားခဲ့သည်။

ဆရာတော်က . . .

"ရန်ကုန် ပြန်ရောက်သည့်အခါ တတ်စွမ်းသမျှ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း" အမိန့်ရှိတော်မူခဲ့သည်။ ထိုကဲ့သို့ မိန့်တော်မူခဲ့သည့် အတိုင်းပင် ဆရာတော်ဦးမုနိန္ဒသည်သာသနာရေးဝန်ကြီး၊ ဝန်ကြီးချုပ်ဟောင်း ဦးနု စသူတို့နှင့် တွေ့ဆုံခဲ့ပြီး ထိုပုဂ္ဂိုလ်များ၏ ကူညီဆောင်ရွက်ပေးမှုများအရ မင်းဘူးခရိုင်ဝန်ဦးမျှင်လက်ထက်တွင် ဘုရားဝတ္ထုကံမြေဧရိယာ ၁၆ ဒသမ ၄၈၈ ဧကနှင့် တကွ မြေပေါ်တွင်ဆောက် လုပ်ထားသော ခရိုင်ဝန်နေအိမ်နှင့် သံတဲတို့ကို ပြန်လည်ရရှိခဲ့သည်။ ပင်စင်ရ စာရေးကြီး ဦးဘရှင်အားလည်း ဘုရားဝတ္ထုကံမြေပြန်ရရန် ဆော်ဩခဲ့သူ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ချီးကျူးမှတ်တမ်းတင်ခဲ့ကြသည်။ ဦးဘရှင်သည် ပင်စင်ယူပြီးနောက် ဦးကလျာဏ ဘွဲ့မည်တော်ဖြင့် ရဟန်းပြုခဲ့ပြီး ဓာတ်တော်ကုန်းဘုရား တောင်ဘက်လေသာကျောင်း၌ သီတင်းသုံးတော်မူခဲ့ကာ ဝါတော် ၂၀ ကျော်တွင် ပျံလွန်တော်မူခဲ့သည်။


ဤသို့ ဝတ္ထုကံမြေ ပြန်လည်ရရှိခဲ့ပြီးနောက် ဂေါပကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝတ္ထုကံနယ်နိမိတ်အတွင်းကမ္မဋ္ဌာန်းအဆောက်အအုံများကို ယာယီအားဖြင့် ဆောက်လုပ်တော်မူနိုင်ခဲ့သည်။

ဆရာတော် ဦးမုနိန္ဒသည် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်အား မြန်မာနိုင်ငံတွင် ကျက်သရေဆောင် စေတီတော်တစ်ဆူ ဖြစ်လာစေရန် ဆန္ဒရှိတော်မူသဖြင့် မြို့ပေါ်ရှိ သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com



အထက်ပစ္စယာမှ မြင်ရသည့် ရင်ပြင်တော်မြင်ကွင်း



ပန်းအလှူဒါန ကုသိုလ်ပြုနေကြသူများ

များ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ လူကြီးလူကောင်းများနှင့် တိုင်ပင်ကာ ၁၃၂၀ ပြည့်နှစ်မှစ၍ ကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်တော်မူခဲ့လေသည်။

မူလက တောင်ထိပ်တွင်ရှိသော စေတီတော်၏ ဖိနပ်တော်မှာ ၂၄ ပေသာရှိပြီး စေတီတော်မှာ သေးငယ်နေသဖြင့် တိုးချဲ့ရန် နေရာကျဉ်းလျက်ရှိသည်။ နေရာတိုးချဲ့၍ ရခဲ့သည်ရှိသော် တည်ဆောက်ရမည့် စေတီတော်ပုံစံကိုလည်း တွေးတောကြံဆလျက်သာနေခဲ့ရာ တစ်နေ့သောညအခါ၌ ဆရာတော်ဦးမုနိန္ဒ ကျိန်းစက်နေစဉ် အလွန်တရာအချိုးအစား ကျနတင့်တယ်ကာ ကြည်ညိုဖွယ် ကောင်းလှသော စေတီတော်တစ်ဆူ ဖူးမြော်ရသည်ကို အိပ်မက်မြင်မက်တော်မူခဲ့သည်။

အိပ်မက်မှ လန့်နိုး၍ မျက်စိဖွင့်ကြည့်ရာတွင်လည်း စေတီတော်ပုံမှာ ပျောက်ကွယ်မသွားဘဲ မနောအာရုံတွင် ထင်ရှားလျက်သာ ရှိလေသည်။ သို့ဖြစ်၍ ဆရာတော်သည် ပန်းချီဆရာကို ခေါ်စေပြီး မိမိမနောအာရုံတွင်မြင်သည့်အတိုင်း ပြောပြကာ ရေးဆွဲစေခဲ့သည်။ စေတီတော်ကိုလည်း ထိုပုံတော်အတိုင်းပင် တည်ဆောက်ရန် စီစဉ်တော်မူခဲ့သည်။

ထိုအချိန်က မြေတူးစက်၊ မြေသယ်စက် စသည့် ခေတ်မီစက်ကိရိယာများ မရှိသေးသဖြင့် ဘုရားပစ္စယာ အကျယ်အဝန်း ရရှိစေရန် မြေတူးမြေသယ်လုပ်ငန်းများကို လူအင်အားဖြင့်သာ သုံးစွဲခဲ့ရသည်ဖြစ်ရာ သတင်းစာကိုယ်စားလှယ် ဦးထွန်းအောင်၏ ဆော်ဩစည်းရုံးမှုအရ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများ၊ မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှလုပ်အားကုသိုလ်ရှင်များ၏ ဖွဲ့လုံ့လ ဝီရိယတို့ဖြင့် ဆောင်ရွက်ခဲ့ကြရသည်။

စေတီတော်ကြီး၏ ပန္နက်တော်ချနိုင်ရန်အတွက် ယခု စေတီတော်ကြီး၏ ဖိနပ်တော်အထိ အနက်ပေ ၂၀ ထုရှိသော ကျောက်တိုင်ကျောက်သားများကို ခက်ခဲပင်ပန်းစွာ တူးဖော်ဖဲ့ထုတ်သယ်ယူခဲ့ကြရသည်ဟု ဆိုသည်။

ဤစက္ကိန်းတဲ တောင်တော်သို့ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွမြန်းကိန်းစက်တော်မူခဲ့သည်ကို ဆရာတော် ဦးမုနိန္ဒယုံကြည်ပြီး ဖြစ်သော်လည်း ပို၍သေချာစေရန်ရည်ရွယ်လျက် "ဤတောင်ထူးတောင်မြတ်သည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကိန်းစက်တော်မူခဲ့သည့် တောင်တော်ဖြစ်ပါက ဤတောင်တော်သည် တုန်လှုပ်ပါစေသတည်း" ဟု သစ္စာအဓိဋ္ဌာန်ပြုလေသည်။ ထိုအခါ တောင်တော်သည် တစ်မိနစ်ခန့် လျှင်လှုပ်သကဲ့သို့ တုန်လှုပ်သွားကြောင်း ဆရာတော်ဦးမုနိန္ဒနှင့်တကွ အတူရှိနေသူ ဘုရားဂေါပက ဦးဘိုးထွားက ထုတ်ဖော်ပြောကြားခဲ့ဖူးသည်ဟု ဆိုသည်။

စက္ကိန်းတဲစေတီတော် အနောက်မြောက်ဘက်အနီးတွင် တောင်စောင့်နတ်မင်း၏ နတ်နန်းတစ်ဆောင် တည်ရှိသဖြင့် "ဤထူးမြတ်သောတောင်တော်တွင် စောင့်ရှောက်သည့် နတ်မင်းကြီးအမှန်တကယ် ရှိရိုးမှန်ပါက မနက်ဖြန်အုတ်မြစ်ချသည့်အချိန်တွင် နေပြောက်တစ်ပြောက် ထိုးသည်ကိုပင် မနှစ်သက်ပါသဖြင့် နေပြောက်မထိုးစေရန် စောင့်ရှောက်ပေးပါ" ဟူ၍ ညတရားပွဲတွင် ဆရာတော် ဦးမုနိန္ဒ တိုင်တည်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ

နောက်တစ်နေ့ အုတ်မြစ်ချသည့်အချိန်တွင် နေပူသော နွေရာသီဖြစ်လင့်ကစား မိုးသားများအုံ့ဆိုင်းလျက် နေပြောက် လုံးဝမထိုးသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ကြရသည်ဟုဆိုသည်။

ဆရာတော်ဦးမုနိန္ဒသည် စေတီတော်ကြီးအား မိမိစိတ်ကြိုက် ပြုပြင်တည်ဆောက်ပြီးသည်တွင် အချိန်အခါနှင့်ကိုက်ညီသော ထီးတော်တင်ပွဲကျင်းပရန်စီစဉ်ခဲ့ပြီး မကွေးတိုင်းမင်းကြီး ဦးထွန်းဝေနှင့် မင်းဘူးခရိုင်ဝန် ဦးတင်အိုတို့ကို ကြီးကြပ်ဆောင်ရွက်စေခဲ့သည်။

ထီးတော်တင်ပွဲသို့ နိုင်ငံတော်သမ္မတကြီး၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်နာယကကြီးများကိုယ်တိုင် ကြွရောက်ကြကာ ထီးတော်အဆင့်ဆင့်ကို တင်လှူပေးခဲ့ကြသည်။ ထီးတော်တင်ပွဲကို ၁၃၂၂ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်နေ့မှ စတင်ကျင်းပခဲ့ရာ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးခဲ့သည်။ ရဟန်းရှင်လူပရိသတ်အပေါင်းတို့ ကြိတ်ကြိတ်တိုးမျှ လာရောက်ဖူးမြော် ပူဇော်ကြသဖြင့် မကြုံစဖူး ထူးကဲစွာ စည်ကားသိုက်မြိုက်သည့် ထီးတော်တင်ပွဲကြီးဖြစ်သည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

မူလစေတီတော်၏ ထီးတော်သည် သီကြားမင်း တင်လှူခဲ့သည့် ထီးတော်ဖြစ်နိုင်ခြင်း၊ ဒွတ္တဘောင်မင်းကြီးနှင့် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း စသော သာသနာပြုမင်းများ တင်လှူခဲ့သည့် ထီးတော်ဖြစ်နိုင်ခြင်း၊ ၁၂၁၃ ခုနှစ် ပုဂံမင်းလက်ထက် ထန်းပင်ရွာ ပဲ့နင်းကြီးဦးပဲ ပြုပြင်မွမ်းမံခဲ့သဖြင့် လွန်ခဲ့သောနှစ်တစ်ရာကျော်က လက်ရာဖြစ်နိုင်ခြင်း စသော ဝေခွဲမရသည့် အကြောင်းများကြောင့် ထီးတော်အဟောင်းကိုပင် ရွှေချပြီး တင်လှူခဲ့သည်။

မိုးကုတ်မြို့မှ ကုသိုလ်ရှင် ဒေါ်အေးရင် လှူဒါန်းသည့် စိန်ဖူးတော်ကြီးကိုမူ တစ်ပါတည်း တင်လှူခြင်း မပြုသေးဘဲ အာရုံခံတန်ဆောင်း အတွင်း၌ အပူဇော်ခံထားရှိခဲ့သည်။ စိန်ဖူးတော်မှာ လုံးပတ် တစ်ပေ သုံးလက်မ၊ အလျား တစ်ပေရှိပြီး ထိပ်တွင် ၂၄ ရတီခန့်ရှိ ပတ္တမြားတစ်လုံး တပ်ဆင်ထားကာ ငွေကျပ် တစ်သိန်းကျော် တန်သည်ဟုဆိုသည်။

ထီးတော် တင်လှူခဲ့ပြီးနောက် ဆောင်ရွက်ဖွယ်ရာများကို ဆက်လက်ဆောင်ရွက်နေစဉ် ၁၃၂၂ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂ ရက်နေ့ ညနေ ၅ နာရီတွင် လေရောမိုးပါ ပြင်းထန်စွာ ရွာသွန်းတိုက်ခတ်ခဲ့ပြီး မိုးကြိုးခဲ့သဖြင့် ထီးတော်ကြီးမှာ ပြုတ်ထွက်လွင့်စဉ်ကာ မြေခဲ့ရသည်။

ဤသို့ ဖြစ်ရခြင်းမှာ စေတီတော်ကြီးနှင့် ပိုမိုလိုက်ဖက် တင့်တယ်သည့် ထီးတော်သစ်ကိုသာ တင်လှူ ပူဇော်စေရန် သိကြားမင်းက ဆန္ဒရှိသဖြင့် ဖြစ်ကြောင်း ယူဆခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် စေတီတော်ကြီးအား ထီးတော်သစ် တင်လှူပူဇော်ရန် ဆောင်ရွက်နေစဉ်တွင် တော်လှန်ရေးအစိုးရ လက်ထက် မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်အုပ်ချုပ်မှုကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးအောင်ဇင်က စေတီတော်ကြီးအား မွမ်းမံပြင်ဆင်ကာ ထီးတော်သစ်တင်လှူရန် ဆောင်ရွက်လိုကြောင်း ဆရာတော်ဦးမုနိန္ဒထံ ခွင့်တောင်းခဲ့ပြီး ယခင်က စေတီတော်ကြီးအား မွမ်းမံပြင်ဆင်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင် လူကြီးများနှင့် တွေ့ဆုံကာ စေတီတော်ကြီးအား ဆက်လက်ပြုပြင်ရေးအတွက် အစီအစဉ်များ ရေးဆွဲခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေစဉ်တွင် သဒ္ဓါကြည်လင် ပါရမီရှင် ဆေးဝက်ပါ ဆရာတော် ဦးသူရိယ ကြွရောက်တော်မူလာသဖြင့် စေတီတော်ကြီး ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍အကြံဉာဏ်ဩဝါဒများပေးပါရန်လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက လက်ခံတော်မူခဲ့ပြီး တည်ဆောက်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆရာတော်ဦးမုနိန္ဒ တည်ဆောက်ခဲ့သည့် စေတီတော်အား ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့လေသည်။

ဆရာတော် ဦးမုနိန္ဒ တည်ဆောက်ခဲ့စဉ်က စေတီတော်၏ ဂန္ဓကုဋိတိုက်ပေါ်သို့ တက်ရန် အရှေ့ဘက်မျက်နှာတွင် လှေကားတစ်စင်းသာ တပ်ဆင်ထားသည်။ ထို့ပြင် လှေကားကို တစ်ဆက်တည်း တောက်လျှောက်တပ်ဆင်ထားသဖြင့် မတ်စောက်ကာ ကျဉ်းမြောင်းနေသည်။ သို့ဖြစ်၍ ဆေးဝက်ပါဆရာတော်သည် ထိုလှေကားကိုဖျက်ပြီး ပစ္စယာများကိုလည်းတိုးချဲ့တည်ဆောက်လိုက်သည်။ လှေကားကိုလည်း မတ်စောက်ခြင်း မရှိစေရန် ပစ္စယာတစ်ခုစီအတွက် လှေကားတစ်စင်းစီ ခပ်ပြေပြေထားကာ အရပ်လေးမျက်နှာလုံးတွင် တပ်ဆင်လိုက်ရာ စေတီတော်ကြီးမှာ ယခင်ကထက် ပို၍ သပ္ပာယ်တင့်တယ်ကာ ကြည်ညိုဖွယ် ကောင်းလာသည်။

စေတီတော်ကြီး တည်ဆောက်ခဲ့ပြီးနောက် ဆရာတော် ဦးမုနိန္ဒ အလှူခံရရှိခဲ့သည့် သိန်းကျော်တန် စိန်ဖူးတော်ကြီးသည်လည်းကောင်း၊ ဆေးဝက်ပါဆရာတော် အလှူခံရရှိငွေဖြင့် ပြုလုပ်ခဲ့သည့်ထီးတော်သစ်သည်လည်းကောင်း အသင့်ရှိနေသဖြင့် ၁၃၂၄ခုနှစ်၊တပေါင်းလဆန်း ၁ရက်နေ့မှစကာ ထီးတော်နှင့် စိန်ဖူးတော် တင်လှူပွဲကို လှေပွဲ၊ လှည်းပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲများအပြင် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှဆိုင်းအဖွဲ့၊ ယိမ်းအဖွဲ့များဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ တပေါင်းလဆန်း ၃ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

စေတီတော်ကြီးအား ထီးတော်နှင့်စိန်ဖူးတော်ကို အောင်မြင်စွာတင်လှူပူဇော်ခဲ့ပြီးနောက် ၁၃၂၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ပြည်သူအများ လှူဒါန်းထားကြသော ရတနာရွှေငွေကျောက်သံပတ္တမြား စသည်တို့နှင့် ရုပ်ပွားဆင်းတုတော်များ၊ သာ္တဌာန အစရှိသော ဌာပနာဝတ္ထု အစုစုတို့ကို အတီးအမှုတ်အက၊ အခုန်တို့ဖြင့် လက်ယာရစ် ပင့်ဆောင်၍ စည်ကား သိုက်မြိုက်စွာ ဌာပနာ ထည့်သွင်းပူဇော်ပွဲ ကျင်းပနိုင်ခဲ့ပြီး မကြာမီပင်စေတီတော်ကြီးအပြီးတိုင် တည်ဆောက်ပြီးခဲ့သည်။

စေတီတော်ကြီး တည်ဆောက်ပြီးစီးခဲ့သော်လည်း စေတီတော်ပရိဝုဏ်အတွင်း၌ သာသနိကအဆောက်အအုံများ ထွန်းကားစည်ပင်လာရေးအတွက် ဆောင်ရွက်ဖွယ်များ ရှိနေသေးသဖြင့် ဆေးဝက်ပါဆရာတော် ဦးသူရိယနှင့် တည်ဆောက်ရေး ဗဟိုအဖွဲ့တို့ကပင် ဆက်လက်၍ ဘဏ္ဍာငွေများ ရှာဖွေစုဆောင်းခဲ့ကြရသည်။

ထို့နောက် တောင်တော်အောက်ခြေမှ စေတီတော်တည်ရာ ကုန်းတော်ပေါ်အထိ ယွန်းဆက် စောင်းတန်းများ၊ မုခ်ဦးပြာသာဒ်ကြီးများ၊ တန်ဆောင်းဇရပ်များ၊ ဘုရားဖူး ဧည့်သည် တည်းခိုနိုင်ရန် အဆောက်အအုံများကို ဆောက်လုပ်နိုင်ခဲ့သည်။ ဤသို့ ဆောက်လုပ်ရာတွင် ပုပ္ပားဆရာတော် ဦးပရမဝဏ္ဏသိဒ္ဓိ ကြီးမှူးသည့် ကုသိုလ်ရှင်များနှင့် အခြားပုဂ္ဂလိက ကုသိုလ်ရှင်များ၊မ,တည် အလှူရှင်များ၏လှူဒါန်းမှုအစုစုတို့လည်း ပါဝင်ခဲ့သည်။

ထိုမှစတင်၍ နိုင်ငံတော်အစိုးရခေတ် အဆက်ဆက် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင် လူကြီးများ အစဉ်အဆက်တို့က အလှူရှင်များ၏ သဒ္ဓါတရား ထက်သန်စွာ ကုသိုလ်ပါဝင်မှုများဖြင့် ပေါင်းစပ်ကာ စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်မှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြသဖြင့် စက္ကိန်းတဲ စေတီတော်ကြီးအား ယခုကဲ့သို့ ကြည်ညိုဖွယ်ရာ တင့်တယ်သပ္ပာယ်စွာဖူးတွေ့နေရခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ စာရှုသူများလည်း ဘဝအမောပြေခရီးထွက်ရင်း စက္ကိန်းတဲ စေတီတော်မြတ်သို့ တစ်ခါတစ်ခေါက် အရောက်သွားကာ ဖူးမြော်ကြည်ညိုနိုင်ကြပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

❐ မင်းဂုဏ်

**စာကိုး**

၁။ ရွှေစက်တော်သမိုင်းစုံ၊ ရွှေစက်တော်လမ်းညွှန်၊ နဂါးပွက်တောင်မှတ်တမ်း၊ ဦးဌေးမြင့်သိန်း (ဒဿနိက)၊ ၂၀၀၉ ခုနှစ်၊ မတ်လ။

၂။ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်သမိုင်းနှင့် သာသနာ့သမိုင်းဝင် သာသနာ့အာဇာနည်များ ပေါ်ထွန်းခဲ့သော မင်းဘူးမြို့ သမိုင်း၊ ရှင်ပင်စက္ကိန်းတဲစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ မင်းဘူးမြို့၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ။



www.burmeseclassic.com

www.burmeseclassic.com

# ထူးထွေဆန်းပြား ဒေးစွန်ပါဘုရား

တက္ကသိုလ်မျိုး



ဒေးစွန်ပါ စေတီတော်မြတ်ကြီးအား
ရွှေသက်နန်းမကပ်မီ ဖူးမြော်ရပုံ



ဒေးစွန်ပါ စေတီတော်မြတ်ကြီးအား အနီးကပ်ဖူးမြော်ရပုံ

ဒေးစွန်ပါဘုရားသို့ စာရေးသူ မရောက်ဖြစ်ခဲ့သည်မှာ လေးငါးခြောက်နှစ်မက ကြာခဲ့ပြီ။ စာရေးသူအနေနှင့် ဘုရားစေတီသမိုင်း ဆောင်းပါးများကို ရေးသားနေရာ ဒေးစွန်ပါဘုရားနှင့် ပတ်သက်၍ ရေးသားလိုစိတ်သည် လွန်ခဲ့သော ငါးနှစ်ခန့်ကပင် ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံအနှံ့ စေတီပုထိုး ဆောင်းပါးများစွာကို ရေးသားနေသူအနေဖြင့် ဒေးစွန်ပါဘုရားနှင့် သက်ဆိုင်သော ဆောင်းပါးကို အလွန်ပင် ရေးသားလိုစိတ်ရှိခဲ့သော်လည်း ဒေးစွန်ပါဘုရားသို့ မရောက်ဖြစ်၊ မဖူးမြော်ဖြစ်ခဲ့သောကြောင့် ဒေးစွန်ပါဘုရား ဆောင်းပါးရေးရန် အခွင့်အလမ်း မပေါ်ပေါက်ခဲ့ပေ။

စာရေးသူ၏ ဇာတိမှာ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ နီးရာ ဒေးစွန်ပါဘုရား တည်ရှိရာ ဝမ်းဘဲအင်းမြို့လေးနှင့် ခုနစ်မိုင်ကျော်သာ ကွာဝေးလေသည်။ ထို့ကြောင့်လည်း ငယ်စဉ်ကာလက ဒေးစွန်ပါသို့ မိဘများနှင့်အတူ ဘုရားဖူးရောက်ခဲ့ဖူးသည်။ မိသားစုသည် ထမင်းဟင်း၊ ချိုချဉ် စားဖွယ်စုံကို ချိုင့်ကြီး ချိုင့်ငယ်များဖြင့်ထည့်၍ ဒေးစွန်ပါ တောင်ပေါ်၌ ဘုရားလည်းဖူးရင်း နားနားနေနေ စားသောက်ကြသည်မှာ ပျော်ပွဲစားထွက်သည့်ပမာ ပျော်စရာကောင်းလှသည်။


ရှေးအခါက ဒေးစွန်ပါဘုရားသည် ယခု ကာလလောက် မစည်ကားသေးပေ။ ဘုရားဖူးများ အနေနှင့်လည်း ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ ဝမ်းဘဲအင်းရွာမှ အတွင်းသို့ နှစ်မိုင်ကျော် သုံးမိုင်ခန့် သီးသန့်ဝင်ရောက်ရသော ခရီးဖြစ်၍ တကူးတက ဝင်ရောက်ဖူးမြော်ရန် အခက်အခဲရှိသောကြောင့် ဒေးစွန်ပါသို့ အလာနည်းခဲ့သည်။ အထူးသဖြင့် ကိုယ်ပိုင်မော်တော်ယာဉ်ရှိသူများသာ ဒေးစွန်ပါသို့ ဝင်ရောက်ဖူးမြော်လေ့ ရှိကြသည်။

ဒေးစွန်ပါသာသနာ့နယ်မြေသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များ၊ အထက်လမ်းတက်လှမ်းနိုင်ရန် ကျင့်ကြံအားထုတ်ရာနယ်မြေ၊ သိုက်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com




သကြံ့န်ကာလ ဒေးစွန်ပါ စေတီတော်မြတ်ကြီးသို့
စာရေးသူတို့ ရောက်ခဲ့စဉ်က
ငြိမ်းဆင်ဝါးဖျာများဖြင့် ဖုံးမြော်ရပုံ




သိုက်နန်းများ တည်ရှိရာ နွားဝေ့တောင်အား
အဝေးမှ တွေ့ရပုံ

စုဝေးရာ သာသနာ့နယ်မြေ၊ ရသေ့ ရဟန်းတော်များ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ပွားများရာနယ်မြေဖြစ်၍ မြန်မာနိုင်ငံအနှံ့မှ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အပေါင်းတို့ လာရောက်ကျင့်ကြံအားထုတ်မှုများ ရှိသောကြောင့် အမိဋ္ဌာန်ဝင်ရောက်ကြမည့် ရသေ့၊ ရဟန်းတို့နှင့် ဝတ်ဖြူစင်ကြယ်ဝတ်သော ပုဂ္ဂိုလ်၊ ယောဂီဝတ်သောပုဂ္ဂိုလ်တို့လည်း လာရောက် အားထုတ်ကြကြောင်းကို တွေ့ရသည်။

စာရေးသူ၏ မိဘနှစ်ပါးသည် ဒိုက်ဦးမြို့၌ နေထိုင်ရာမှ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် ဒိုက်ဦးမြို့ မီး



တိုးချဲ့တည်ဆောက်ထားသော ရင်ပြင်တော်နှင့်
စေတီတော်အား ဖူးတွေ့ရပုံ



စေတီတော်အတက် လှေကားနစ်စင်းနှင့်
ကျောက်စာအား တွေ့ရပုံ

လောင်ကျွမ်းရာ မင်းလမ်းရှိနေအိမ် မီးထဲပါသွားပြီးနောက် ၁၉၅၀ ပြည့်နှစ်မှစ၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ရန်ကုန်မြို့၌ ကျားသက်န်းတိုက်ကို ဖွင့်လှစ်၍ အခြေတကျ နေထိုင်ခဲ့သော်လည်း ဇာတိမြေ ဒိုက်ဦးမြို့သို့ မကြာခဏ ဆွေမျိုးများထံ အလည်အပတ် သွားလေ့ရှိရာ ဒေးစွန်ပါသို့လည်း မပျက်မကွက် ဝင်ရောက်ဖူးမြော်လေ့ရှိသောကြောင့် စာရေးသူ ငယ်စဉ်ကလေးဘဝကပင် ဒေးစွန်ပါဘုရားနှင့် အလွန်ပင် နီးစပ်ခဲ့သည်။

စာရေးသူသည် အလယ်တန်းပညာ၊ အထက်တန်းပညာ သင်နေစဉ်ကပင် မိဘများ၏ သက်န်းလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။ သက်န်းဖြတ်၊ သက်န်းဆေးဆိုးခြင်း အလုပ်အပြင် နယ်ကိုယ်စားလှယ်များနှင့်လည်း ဆက်သွယ်သော လုပ်ငန်းကို ဦးစီးလုပ်ခဲ့ရသည်။ သားအကြီးဆုံးဖြစ်၍လည်း မိဘများသည် အောက်သက်ကျေအောင်၊ အလုပ်ကျွမ်းကျင်အောင် လုပ်ကိုင်စေခဲ့သည်။


ထို့ကြောင့် ပဲခူးမြို့ ဈေးအတွင်းရှိ ဦးဘသန်း သက်န်းဆိုင်၊ ဖောင်တော်သီရှိ သက်န်းဆိုင်၊ ဒိုက်ဦးမြို့ ဘူတာလမ်းရှိ ဆရာဦးစော သက်န်းဆိုင်များသို့လည်း ဝါဆို၊ ကထိန်သင်္ကန်းရာသီအကုန်၌ စာရင်းသွားရောက်ရှင်းခြင်းကို စာရေးသူ သွားရောက် လုပ်ကိုင်ရသည်။






www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝမ်းဘဲအင်းရွာရှိ ဒေးစွန်ပါမုခ်ဝအား တွေ့ရပုံ



တောင်ခြေရောက်နီး ဒုတိယအဝင်မုခ်ဝ

ထိုစဉ်က စာရေးသူတို့ ကျွဲသက်နဲ့တိုက်၌ ဦးလေးဆောင်းဆိုသူရှိရာ ထိုပုဂ္ဂိုလ်သည် စာရေးသူ မိဘနှစ်ပါး၏ အားကြည်ကိုးစားမှု ခံရသူ ဖြစ်လေရာ ငွေကြေးကိစ္စမှစ၍ အတွင်းရေးကိစ္စများကို မန်နေဂျာပမာ ဆောင်ရွက်ပေးနေသူ ဖြစ်သည်။ ဆွေမျိုးလည်းတော်၍ စာရေးသူတို့က ဦးလေးဆောင်းဟု တလေးတစားခေါ်ကြရသည်။

စာရေးသူ ဒိုက်ဦး၊ ပဲခူး၊ ညောင်လေးပင်မြို့များသို့ စာရင်းရှင်းရန် သွားရောက်သည့် ခရီးစဉ်၌ ဦးလေးဆောင်းက ကိုယ်တိုင် ဆလွန်းကားကိုမောင်း၍ လိုက်ပို့ပေးလေ့ရှိသည်။ ထိုခရီးစဉ်၌ စာရေးသူနှင့် ဦးလေးဆောင်း နှစ်ယောက်တည်း ဖြစ်သောကြောင့် ပဲခူး ရွှေမော်ဓောဘုရား၊ ဒေးစွန်ပါဘုရားများသို့ မလွဲမသွေ ဝင်ရောက်ဖူးမြော်ကြ၍ ဒေးစွန်ပါသို့ တစ်နှစ် နှစ်ခေါက်ခန့် ပုံမှန်ရောက်ဖြစ်ကြသည်။

ထို့ကြောင့် ဒေးစွန်ပါဘုရားသည် စာရေးသူ၏ ဆွေဘုရား မျိုးဘုရားပမာ ဖြစ်ခဲ့သည်။

ဒေးစွန်ပါဘုရားနှင့် ပတ်သက်၍ စာရေးသူအနေနှင့် ပြောနိုင်စရာ ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးသည်။ စာရေးသူ၏မိခင် ဒေါ်ကျင်ရွှေ၌ အစ်ကိုဝမ်းကွဲ တစ်ဦးရှိသည်။ အမည်မှာ ဦးအောင်သိန်း ဖြစ်သည်။ ဦးအောင်သိန်းသည် ပြွန်တန်ဆာ၊ ညောင်လေးပင် ဒေသ၌ အလွန်နာမည်ကြီးသောသူတစ်ဦး ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ဖဆပလ ခေတ်ဦးကာလ၌ ဦးအောင်သိန်းသည် ပြွန်တန်ဆာမြို့၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့များ၌ ဝက်သတ်လိုင်စင်ရသူ တစ်ဦးဖြစ်ပြီး ငွေကြေးအလွန်ချမ်းသာခဲ့သည်။

ထိုဒေသရှိ လူဆိုး လူမိုက်တို့သည် ဦးအောင်သိန်း၏ ဩဇာကို နာခံကြရသည်။ တပည့်လူမိုက်ခေါင်းဆောင်များကလည်း အတော်လက်ယဉ်လှသည်။ ဦးအောင်သိန်း ငြိုငြင်သူမှန်သမျှကို ဆုံးမပေးတတ်ကြသည်။ ထိုဒေသ လူမိုက်လောကသားအပေါင်း၏ ဘုရင်တစ်ပါးပင် ဖြစ်ခဲ့သည်။

ငွေလည်းချမ်းသာ၊ လက်ကလည်းဖွာ၍ တပည့်အတော်များသည်။ မိန်းမလည်း အတော်ရှုပ်သည်။ တစ်ရွာတစ်ယောက် တော်ကောက်ပြီး အိမ်တစ်ဆောင် မီးတပြောင်ထားနိုင်၍လည်း မိန်းမ အတော်ပေါသည်။ ဝက်သတ်လိုင်စင်ရသူဖြစ်၍ နေအိမ်အနီး၌ပင် ဝက်သတ်ရုံကို တည်ဆောက်ထားပြီး နေ့စဉ်နှင့်အမျှ ဝက်အကောင်ပေါင်းများစွာကို သတ်၍ စီးပွားတိုးတက်ခဲ့သည်။

တစ်နေ့သောအခါ ဝက်သတ်ရုံမှ ဝက်ကြီးတစ်ကောင်သည် ဝက်သတ်သူများ၏ လှံချက်မှ လွတ်ထွက်လာပြီး ဦးအောင်သိန်းနေထိုင်ရာ အိမ်ရှိရာသို့ ဦးတည်၍ အသက်လုပြေးလာသည်။ ဝက်ကြီး၏နောက်မှ ဝက်သတ်သမားတစ်စုကလည်း လှံတံကိုင်ကာ ဝြာသံပေး၍ လိုက်လာကြသည်။



ဒေးစွန်ပါ စောင်းတန်းတစ်လျှောက်၌ သီလရှင်များ အလှူခံနေပုံ



ဦးကြိုင်း ဦးသိုင်း ဝိဇ္ဇာနတ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး အတက်မုခ်ဦး

ထိုအချိန်၌ ဦးအောင်သိန်းသည် နေအိမ်ဝရန်တာ၌ တပည့်လူမိုက်အပေါင်းနှင့် အရက်သေစာ သောက်စားလိုက်၊ ဝက်ကလီစာအစုံကို အမြည်းလုပ်စားလိုက်နှင့် အသူရကာယ် စည်းစိမ် ခံစားနေချိန်ဖြစ်သည်။ ဝက်သတ်ရုံဘက်မှ ဝက်သတ်သမားတို့ ပြာသံပေး၍ အိမ်ဘက်သို့ ပြေးလာသည်ကို ဦးအောင်သိန်း မြင်မိလေသောအခါ ဦးအောင်သိန်းသည် အိမ်ဝရန်တာလက်ရန်းမှ အိမ်အောက်မြေပြင်သို့ လှမ်းခနဲ ခုန်ချလိုက်ပြီး . . .

"ဟေ့ကောင်တွေ ဘာဖြစ်ကြတာလဲ၊ ဆူညံ ဆူညံနဲ့" ဟု မာန်မဲလိုက်သောအခါ . . .

"ဆရာကြီး၊ သတ်မယ့်ဆဲဆဲ ဝက်မကြီး လွတ်သွားလို့ လိုက်ဖမ်းကြတာ၊ ဆရာကြီးအိမ်အောက်ကို ဝင်ပြေးသွားတယ်"

ဦးအောင်သိန်း၏ နေအိမ်သည် ခြေတံရှည်အိမ်ဖြစ်ရာ လူတစ်ရပ်ကျော်ကျော် မြင့်လေသည်။ ဦးအောင်သိန်းသည် ဝက်သတ်သမား တပည့်၏လက်ထဲမှ လှံတံအား ဆွဲယူလိုက်ပြီး အိမ်အောက်သို့ အပြေးဝင်ရောက်သွားသည်။ ဦးအောင်သိန်းသည် ရှမ်းဘောင်းဘီ ဝတ်လေ့ဝတ်ထရှိသူဖြစ်ပြီး အရပ်အမောင်းမှာလည်း အတော်မြင့်၍ လှံတံကိုချိန်၍ အိမ်အောက်သို့ ဝင်ရောက်ခဲ့ရာ သေဘေးကိုလု၍ ပြေးလာသော ဝက်မကြီးသည် လွတ်လမ်းမရှိတော့ပေ။

ဦးအောင်သိန်းနေအိမ် နောက်ဘက်သို့ မရောက်မီ ထွက်ပြေးလာသော ဝက်မကြီးကို နံနက်နေရောင်ဖြင့် မြင်လိုက်ရာ ဝက်မကြီးသည် ဦးအောင်သိန်းကို အသနားခံသော အကြည့်နှင့် ကြည့်နေရုံသာမက မျက်လုံးနှစ်ဖက်မှလည်း မျက်ရည်တို့သည် သွယ်တန်း၍ စီးကျလာနေသည်ကို ဦးအောင်သိန်း တွေ့ရလေသည်။ ဝက်သတ်လုပ်ငန်း အတွေ့အကြုံ များစွာရှိသည့် ဦးအောင်သိန်းသည် ဝက်မကြီးအား စူးစမ်း၍ တစ်ကိုယ်လုံးကိုခြုံ၍ ကြည့်မိသောအခါ ဗီး(ကိုယ်ဝန်) ရှိနေကြောင်း တွေ့လိုက်ရလေသည်။

ဦးအောင်သိန်းသည် မျက်ရည်အသွယ်သွယ်ဖြင့် အသနားခံနေရှာသော ကိုယ်ဝန်သည် ဝက်မကြီး၏ အဖြစ်ကို မြင်မိလေသောအခါ စိတ်အတွင်း၌ အသိတရားတစ်ခု ပေါ်ပေါက်လာလေသည်။ မိမိ လုပ်နေသော အကုသိုလ် အလုပ်များအပေါ် ကြောက်ရွံ့သော နောင်တ တရားရသော အသိစိတ်သည် တစ်မုဟုတ်ချင်း ပေါ်လာကာ ဝက်မကြီးအား ထိုးရန်ချိန်ရွယ်ထားသော လှံအား မြေပြင်သို့ ထိုးစိုက်ပြီးနောက် အိမ်အောက်မှ ထွက်ခဲ့ကာ အနီး၌ရှိသော ဝက်သတ်သမားများနှင့် အရက်အတူသောက်နေသော တပည့်လူမိုက်အပေါင်းတို့အား . . .

"အိမ်အောက်က ဝက်မကြီးရော၊ မသတ်ရသေးတဲ့ ဝက်တွေရော အားလုံး ဘုန်းကြီးကျောင်းမှာ ဘေးမဲ့လွှတ်ပေးကြ"




မတ်စောက်လှသော အုတ်လှေကားတက်



www.burmeseclassic.com

www.burmeseclassic.com



စေတီတော် မရောက်မီ ဖူးတွေ့ရသော ဆုတောင်းပြည့် အောင်တော်မူစေတီ

ဟု ပြောရင်း ဘုန်းကြီးကျောင်းသို့ အပြေးသွားကာ ဆရာတော်ထံ၌ ဒုလ္လဘရဟန်း ဝတ်လေတော့သည်။

ဝက်သတ်လုပ်ငန်းကိုလည်း လုံးဝစွန့်လွှတ်လိုက်သလို မိမိ တော်ကောက်ထားသည့် မိန်းကလေးများကိုလည်း ထိုက်သင့်သော ရွှေငွေများ ထောက်ပံ့၍ မိဘဆွေမျိုးများထံ ပြန်အပ်လေသည်။ မိမိပျော်မွေ့ခဲ့သော လူမိုက်တပည့်အပေါင်းအားလည်း ပေးကမ်းစွန့်ကြဲ၍ အမိုက်ဇာတ် သိမ်းခဲ့သည်။

ထိုသို့ အမိုက်ဇာတ်သိမ်းပြီးသော် ဦးအောင်သိန်းသည် ဒေးစွန်ပါဘုရားသို့ တစ်ပါးတည်းကြွရောက်ကာ တောင်ပေါ်၌ သီတင်းသုံးနေထိုင်ရန် ဆုံးဖြတ်ကာ ဒေးစွန်ပါဘုရားသို့




ကမ္ပည်းစာများကို အနီးကပ် ဖတ်ရှုရပုံ

ရောက်ရှိခဲ့သည်။ ထိုအခါမှစ၍ အကုသိုလ်အပေါင်း ကျူးလွန်ထားသော ဦးအောင်သိန်းနှင့် ဒေးစွန်ပါသာသနာ့နယ်မြေမြတ်တို့ ထိပ်တိုက်ရင်ဆိုင်တွေ့လေတော့သည်။

ဦးအောင်သိန်းသည် ငယ်စဉ်ကစ၍ အပျော်အပါးဖက်၍ ကုသိုလ်ရေး မလုပ်ခဲ့ရာမှ အကျွတ်တရားရပြီး ရဟန်းဝတ်လေသောအခါ ဝိပဿနာ အားထုတ်ပုံနည်းလည်း မသိ၊ သမထကျင့်ကြံအားထုတ်ပုံလည်း မတတ်၊ ဂုဏ်တော်ကိုးပါးကိုပင် မရွတ်ပွားတတ်။ ထို့ကြောင့် ဆရာတော်ဘုရားက ပုတီးတစ်ကုံးစွန့်၍ အရဟံဂုဏ်တော်ကိုလည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေး သုံးပါးကိုလည်းကောင်း ရွတ်ပွား၍ ပုတီးစိပ်သင်ပေးခဲ့ရာ အသက်လေးဆယ်ကျော် ငါးဆယ်အရွယ်၌ အရဟံဂုဏ်တော် ရွတ်ပွားပုတီးစိပ်ရင်း ဒေးစွန်ပါတောင်ပေါ်သို့ ရောက်ခဲ့သည်။

ဒေးစွန်ပါတောင်မြတ်သည် အကုသိုလ်တရားများလှသော ဦးအောင်သိန်းအား ရောက်ရောက်ချင်းည၌ပင် တန်ခိုးပြခဲ့လေသည်။ ဂုဏ်တော်ပုတီးစိပ်နေသော ဦးအောင်သိန်းသည် စေတီတော်ရင်ပြင်ပေါ်၌ တစ်ပါးတည်း ဗုဒ္ဓမြတ်စွာဘုရားရှင်အား အာရုံပြုနေစဉ် ညဥ့်နက်သန်းခေါင်ချိန် မှောင်အတိဖုံးနေသော လကွယ်ညအချိန်၌ ဒေးစွန်ပါတောင်တော်သည် တဖြည်းဖြည်းချင်း လှုပ်ခါလာသည်ကို ဦးအောင်သိန်းအာရုံ၌ သိရှိခံစားလိုက်ရသည်။



၁၃၇၉ ခုနှစ် မြေခခဲ့သော ငှက်ပျောဖူးစေတီငယ်



www.burmeseclassic.com

www.burmeseclassic.com




ရင်ပြင်တော်ပေါ်ရှိ ရှင်သီဝလိရဟန္တာ မထေရ်မြတ်

အစပိုင်း၌ ဦးအောင်သိန်းအနေနှင့် မြေငလျင်လှုပ်သည်ဟု ထင်မှတ်ခဲ့သော်လည်း နောက်ပိုင်း၌ အချိန်တော်တော်ကြာ ဆက်တိုက် တောင်တော်လှုပ်ခါလာသောအခါ ဦးအောင်သိန်းအသိ၌ မြေငလျင်လှုပ်ခြင်းမဟုတ်၊ တောင်တော်အနေနှင့်သာ လှုပ်ခါနေကြောင်း စိတ်အာရုံ၌ သိလာသည်။ ဦးအောင်သိန်းသည် အတော်ပြင်းပြင်း လှုပ်ခါလာကြောင်း အာရုံ၌ သိလာရသောအခါ နှုတ်မှ . . .

"ဘုရားတပည့်တော်သည် ဘဝတစ်သက်တာ၌ မကောင်းမှု အကုသိုလ်အလုပ်များနှင့်သာ မွေ့လျော်ခဲ့ပါသည် ဘုရား၊ ယခုအချိန်အခါမှစ၍ ဘုရားတပည့်တော်သည် မကောင်းမှု အကုသိုလ်အလုပ်များကိုစွန့်၍ ကောင်းမှုကုသိုလ်ကိုသာ ပြုပါတော့မည် ဘုရား။

ထိုမှန်သော သစ္စာစကားကြောင့် ဤတောင်တော်မြတ်သည် ဘုရားတပည့်တော်အား တောင်တော်လှုပ်ခါချခြင်းမှ ရပ်တော်မူပါဘုရား၊ ဘုရားတပည့်တော်သည် သေတစ်ပန် သက်တဆုံး ကိုးပါးသီလကို အမြဲတည်ဆောက်ပါမည် ဘုရား၊ ဤမှန်သော သစ္စာစကားကြောင့် ဘုရားတပည့်တော်အား ကြုံတွေ့နေရသော တောင်တော်လှုပ်ခါမှုမှ ကင်းဝေးရပါလို၏ ဘုရား"

ညတိတ်ဆိတ်ချိန်ကာလ ဦးအောင်သိန်း၏ သစ္စာစကားသံသည် ဟိန်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာရာ ဒေးစွန်ပါ တောင်တော်ဝန်းကျင်ရှိ သစ်ပင် သစ်တောများ၊ တောတောင်များအတွင်းမှ တော်လည်းသံကြီးသည် ကြောက်



ကောင်းမှုကမ္ပည်း မော်ကွန်းကျောက်စာ




ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ သမိုင်းကျောက်စာ




www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ပေါ်ရှိ သိကြားမင်းရုပ်တု



ဒေးစွန်ပါ မဏိကုဏ္ဍလ သိုက်ချုပ်ဘိုးဘိုးကြီး

မက်ဖွယ်ရာ မြည်ဟည်းလာကာ တောင်တော်လှုပ်ခါမှုလည်း တဖြည်းဖြည်း ငြိမ်သက်သွားသည်ကို ဦးအောင်သိန်း ခံစားသိရှိရလေတော့သည်။

ထိုအချိန် ထိုအခါမှစ၍ ဦးအောင်သိန်းသည် ဒေးစွန်ပါဘုရားထံမှောက်၌လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ ရွှေစွန်ပါ၊ မြစွန်ပါ၊ ကျိုက်စွန်ပါ စေတီများ၌ ရဟန်းဝတ်နှင့်လည်းကောင်း၊ ပိတ်ဖြူစင်ကြယ်ဝတ်ဖြင့်လည်းကောင်း ရက်ရှည်လများ ကျင့်ကြံအားထုတ်နေလေသည်။

နောက်ပိုင်း ကာလများ၌ ဦးအောင်သိန်းသည် ပုပ္ပားတောင်ကလပ်၊ မုံရွာ ဖိုလ်ဝင်တောင်၊ ကျိုက်ထီးရိုးတောင်၊ နွားလပို့တောင်တို့၌ လှည့်လည်၍သာ နေတော့သည်။ နေ



ဆံတော်ရှင် ပင့်ဆောင်ခဲ့သော ဆရာရသေ့ပုံ

ထိုင်ရာ မိသားစုထံသို့ကား ဧည့်သွားဧည့်လာပမာသာ ဝင်ထွက်တတ်သည်။ နောင်အခါ ဦးအောင်သိန်းသည် အတော်ပင် ကျင့်ကြံအားထုတ်မှု ပေါက်မြောက်ခဲ့ပြီး အကြားအမြင်ရ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ကြောင်း တွေ့ရသည်။

အထက်ပါ ဘကြီးဦးအောင်သိန်း၏ ဒေးစွန်ပါနှင့် ဆက်နွယ်သော အဖြစ်အပျက်ကို ဘကြီးဦးအောင်သိန်း ပြောပြ၍ စာရေးသူ သိရှိခဲ့ရသော်လည်း ယနေ့တိုင် မမေ့နိုင်ခဲ့ပေ။ ဒေးစွန်ပါရောက်တိုင်း ဘကြီးဦးအောင်သိန်းကို သတိရလျက်ရှိပေတော့သည်။ ဘကြီးဦးအောင်သိန်းကား လောက၌မရှိတော့ပြီ။ ဒေးစွန်ပါစေတီတော်နှင့် ဒေးစွန်ပါသာသနာ့နယ်မြေကား ရှိနေဆဲပင်ဖြစ်၍ စာရေးသူအနေနှင့် ဒေးစွန်ပါရောက်တိုင်း ဘကြီးဦးအောင်သိန်းကို အမှတ်ရနေမိခြင်းပင် ဖြစ်ပေသည်။

★ ★ ★

ဒေးစွန်ပါဘုရားသို့ မရောက်ဖြစ်သည်မှာ ငါးနှစ်ကျော်ခြောက်နှစ်ခန့် ကြာခဲ့ပေပြီ။ ၂၀၁၃ ခုနှစ် သင်္ကြန်ရက်၌ စာရေးသူ တရားစခန်း မဝင်ဖြစ်သောကြောင့် ညီဖြစ်သူ မျိုးတင့် ဒုလ္လဘတရားစခန်းရှိရာ အောင်စကြာကျောင်း (ဒေးစွန်ပါသာသနာ့နယ်မြေ) ရှိရာသို့ သင်္ကြန်အကြိုနေ့၌ ဆွမ်းဆက်ကပ်ရန် ရောက်ရှိခဲ့သည်။

ဒုလ္လဘရဟန်းများအား ဆွမ်းလောင်းလှူပြီးနောက် စာရေးသူနှင့် ဇနီးဖြစ်သူတို့သည် ဒေးစွန်ပါစေတီတော်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဉပဂုတ္တ ရဟန္တာမထေရ်မြတ်ပုံတော်



တောင်ခြေရှိ ဦးကြိုင်း ဦးသိုင်း ဝိဇ္ဇာနှစ်ပါးပုံ

သို့ ထွက်ခွာလာခဲ့ရာ နွေရာသီ နေပူရှိန်ကြောင့် အတော်ပင်ပန်းလှသည်။ စာရေးသူတို့ အသက်အရွယ်မှာ ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး အရွယ်များဖြစ်၍ မြေပြင်ခရီးသွားရသော် မသိသာသော်လည်း တောင်တက်တောင်ဆင်းခရီးမျိုး၌ကား ပင်ပန်းလှသည်။ အထူးသဖြင့် ဒူးနာဝေဒနာရှင်မျိုးဖြစ်၍ လှေကားထစ် တက်ခြင်း၊ ဆင်းခြင်း၊ မြေပြင်အတက်အဆင်းပြုလုပ်ရခြင်းများ၌ ဒူးမခိုင် သွက်သွက်လက်လက်မသွားနိုင်တော့ပေ။ အသက်အရွယ်အရလည်း မောပန်းသည့်ဒဏ်ကို မခံနိုင်တော့ပေ။

စာရေးသူအနေနှင့် ဒေးစွန်ပါစေတီတော်အား ဖူးမြင်လိုသောစိတ်၊ ဓာတ်ပုံမှတ်တမ်း ရိုက်ယူလိုသော ပြင်းပြသည့်ဆန္ဒတို့ကြောင့် စောင်းတန်းအဝင် မုခ်ဝမှစ၍ အုတ်လှေကားထစ်များကို တစ်ထစ်ချင်း နင်းကာ စတင်၍တက်ရောက်ကြသည်။ လှေကားထစ် ဆယ့်လေးငါးထစ် နင်းကျော်တက်ပြီးနောက် တစ်ခါနား စနစ်ကိုကျင့်သုံး၍ တဖြည်းဖြည်းချင်းတက်ခဲ့ရတော့သည်။

ငယ်စဉ်ဘဝက ဤစောင်းတန်းကို အပြေးအလွှားတက်ခဲ့ဖူးသည်ကို စိတ်အာရုံ၌ ပြန်မြင်ယောင်ရင်း မြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူခဲ့သော ဖြစ်ပျက်သဘောကို အာရုံခံရင်း တရားဘာဝနာ ပွားနေမိသည်။

ဒေးစွန်ပါ ဘုရားစောင်းတန်း၏ ထူးခြားချက်မှာ ရှေးယခင်ကာလက အမိုးအကာမရှိ၊ လှေကားထစ်များကို နင်း၍ တက်ခဲ့ရသော်လည်း ယခုအခါ၌ သွပ်မိုး ဘုရားစောင်းတန်းကြီးသည် ရင်ပြင်ပေါ် အထိ သွယ်တန်းဆောက်လုပ်ထားပြီး လှေကားတို့မှာလည်း အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထား၍ ဘုရားဖူးအပေါင်းတို့မှာ မပင်မပန်း တက်ရောက်နိုင်ခြင်းသည် လွန်စွာထူးခြားချက်ပင် ဖြစ်သည်။

ဒေးစွန်ပါ မုခ်ဝမှ စတင်တက်ရောက်ရာ၌ အလှူဒါနပြုနိုင်ရန် သီလရှင် ဆရာကြီး၊ ဆရာလေးများနှင့် ရသေ့ဝတ်ယောဂီအပေါင်းတို့၏ အလှူခံကြခြင်းသည် ရှေးယခင်ကထက် ပိုမိုများပြားလာကြောင်း တွေ့ရခြင်းပင် ဖြစ်သည်။ စာရေးသူသည် ဒေးစွန်ပါ ဘုရားဖူးလာရန် ဆုံးဖြတ်စီစဉ်ထားပြီးပါက တစ်ကျပ်တန် သို့မဟုတ် နှစ်ဆယ့်ငါးပြား (တစ်မတ်) တန်၊ ပြားငါးဆယ်တန် အကြွေတို့ကို ကြိုတင်စုဆောင်းပြီး စောင်းတန်းရှိ အလှူခံ သီလရှင်ဆရာလေးများနှင့် ယောဂီများကို လှူလေ့ရှိသည်။ အရွက်တစ်ရာပါရှိသော တစ်ကျပ်တန် ပိုက်ဆံအုပ်သည် တစ်ဝက်သာသာကုန်တတ်ပြီး နောက်တစ်ခေါက်အတွက် ကျန်တတ်သည်။ ရှေးယခင်ကာလက တစ်ကျပ်တန် တစ်ရွက်သည် လက်ဖက်ရည်တစ်ခွက် ရသောခေတ်ဖြစ်၍ တစ်ကျပ်တန်လှူပါက အလှူခံပုဂ္ဂိုလ်အနေနှင့် ဝမ်းသာပီတိ ဖြစ်ကြလေသည်။

ယခုခေတ်အခါ၌ကား ငါးဆယ်တန်၊ တစ်ရာတန်လှူမှ အလှူခံတို့ မျက်နှာရွှင်ပျ ကျေနပ်ကြပြီး တစ်ကျပ်တန်၊



မယ်တော်ပုံတော်



www.burmeseclassic.com

www.burmeseclassic.com

ငါးကျပ်တန် လှူသော် မျက်နှာမရှင်ပျနိုင်ကြသောကြောင့် စာရေးသူသည် ငါးဆယ်တန်အုပ်အသစ်ကို ကမ်းနားလမ်းနှင့် မောင်ထော်လေးလမ်းရှိ ဘဏ်ရှေ့မှ အပိုကြေးပေး၍ လဲယူခဲ့ရသည်။ သီလရှင် ဆရာကြီး၊ ဆရာလေး၊ ယောဂီအပေါင်းတို့အား တစ်ပါး ငါးဆယ်ကျပ် လှူဒါန်း၍ စောင်းတန်းကို တက်ခဲ့ရာ အရွက်တစ်ရာပါသော ငါးဆယ်တန်အုပ်သည် အလှူခံတစ်ဝက်ပင် မလှူလိုက်ရဘဲ လက်ကျန်မရှိ ကုန်စင်သွားလေသည်။

ထို့ကြောင့် စာရေးသူ အထက်၌ ရေးခဲ့သလို ဒေးစွန်ပါ၌ အလှူခံပုဂ္ဂိုလ် အရေအတွက်သည် ရှေးယခင်ကာလကထက် သုံးလေးဆမက တိုးနေသည်ကို တွေ့ရလေသည်။ အလှူဒါန ပြုသူတို့အနေနှင့်ကား များများလှူရ၍ ကုသိုလ်များများရကာ နတ်ပြည် နတ်ရွာ၌ ဘုံပေါက်မည့်ကိန်းပင်ဖြစ်ပေတော့သည်

☆ ☆ ☆

ဒေးစွန်ပါ သာသနာ့နယ်မြေသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ထေရဝါဒ သာသနာတော်ထွန်းကာရာ နယ်မြေဖြစ်သလို မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ၏ ကျင့်ကြံအားထုတ်ထွက်ရပ်နန်းမြန်းရာ အရပ်လည်းဖြစ်သည်။ ထို့အပြင် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ မြတ်စွာဘုရားရှင်၏ သာသနာတော်အတွက် ရည်စူး၍ လှူဒါန်းထားသော ရတနာသိုက်ပေါင်းစုံ တည်ရာနေရာလည်းဖြစ်သည်။

ထို့ပြင် မယ်တော်၊ ဘိုးတော်နတ်များ စံမြန်းရာဒေသလည်း ဖြစ်ပေရာ ဒေးစွန်ပါဘုရား အတက်စောင်းတန်းတစ်လျှောက်တွင် သက်ဆိုင်ရာ နတ်နန်းများ၊ နတ်ရုပ်တုများကို အုန်းငှက်ပျောပွဲများ၊ ပန်းဆီမီးများ ထွန်းညှိပူဇော် ပသလျက် တွေ့ရလေသည်။

ဒေးစွန်ပါဘုရားသို့ သွားရောက်ဖူးမြော်ပါက အဝင်မုခ်ဦးသုံးတန်ကို ဖြတ်ရမည်ဖြစ်သည်။ ပထမမုခ်ဦးမှာ ရန်ကုန် - မန္တလေး ကားလမ်းမပေါ်ရှိ ဝမ်းဘဲအင်းရွာရှိ နတ်မင်းနှစ်ပါးပုံတော်နှင့် အုတ်တိုင် နှစ်တိုင်အထက်၌ သံပန်းနှင့် တင့်တယ်စွာ ပြုလုပ်ထားသော မုခ်ဦးဖြစ်သည်။ ထိုမုခ်ဦးမှ အတွင်းဘက်သို့ နှစ်မိုင်ကျော် သုံးမိုင်ခန့် ဝင်ရောက်ခဲ့သော် "ဒေးစွန်ပါတောင်မြတ်" ဟူသော ကမ္ပည်းထိုးထားသည့် အုတ်မုခ်ဦးကို တွေ့နိုင်လေသည်။ ထိုမုခ်ဦးအနီးမှစ၍ ဒေးစွန်ပါနယ်မြေရှိ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သောနတ်နန်းများကို စတင်မြင်တွေ့ရလေသည်။

ပထမဦးစွာ "ဒေးစွန်ပါသာသနာပြု နတ်ဝိဇ္ဇာဦးကြိုင်၊ ဦးသိုင်း" ဟူသော နတ်နန်းကို စတင်တွေ့ရလေသည်။ စီးတော်ကျား နှစ်ကောင်အလယ်၌ ဦးကြိုင်နှင့် ဦးသိုင်း နတ်နှစ်ပါး၏ ရုပ်တုကို တွေ့ရသည်။ ထိုနတ်နန်းသို့မရောက်မီ ပဲခူးမယ်တော်ကြီးဟု အမည်တပ်ထားသော အုတ်တိုက်နတ်နန်းကိုလည်း တွေ့ရသည်။ နတ်နန်းအတွင်း၌ ပဲခူး ဟံသာဝတီနယ်၌သာမက မွန်ပြည်နယ်အတွင်း၌ပင် ကိုးကွယ်ဆည်းကပ်သူများလှသော ပဲခူးမယ်တော်အား ကျွဲချိုခေါင်းဆောင်းနှင့် တွေ့ရလေသည်။

စာရေးသူသည် ဒေးစွန်ပါဘုရားနှင့် ပတ်သက်၍ စာရှုသူတို့အနေနှင့် ကိုယ်တိုင်သွားရောက် ဖူးမြော်သလို ခံစားနိုင်ရန် ရေးသားတင်ပြရာတွင် စေတီတော်ပတ်ဝန်းကျင်၌ ဖြစ်တည်နေသော အရာရာတိုင်းအား အသေးစိတ်ရေးသားခြင်းဖြစ်၍ မြင်တွေ့ရသမျှကို မှတ်တမ်းပြုစုရခြင်းကြောင့် စောင်းတန်းတစ်လျှောက် တွေ့ရ မြင်ရသမျှအား အသေးစိတ်ရေးသားဖော်ပြမည် ဖြစ်သောကြောင့် သည်းခံစိတ်ရှည်စွာ ဖတ်ရှုပါရန် လေးစားစွာ တောင်းပန်အပ်ပါသည်။

စာရေးသူ အထက်၌ ဖော်ပြသကဲ့သို့ စောင်းတန်းလှေကားထစ်များကို တဖြည်းဖြည်းချင်း တက်လာရာ ခရီးအတော်ပေါက်လာသောအခါ လက်ယာဘက်ခပ်လှမ်းလှမ်းတောင်ကုန်းပေါ်မှ ရှမ်းအိုးစည်သံကို ကြားရလေသည်။ စာရေးသူတို့ စောင်းတန်းရှိ အုတ်ခုံ၌ ခေတ္တနားနေရင်း ရှမ်းအိုးစည်သံကြားရာ တောင်ကုန်းအထက်သို့ လှမ်းကြည့်လေသောအခါ စေတီငယ်တစ်ဆူကို ဖူးမြော်ရသလို လူအတော်များများလည်း မထင်မရှား သွားလာလှုပ်ရှားနေကြသည်ကို တွေ့ရသည်။ ထိုတောင်တော်ကား နွားဝှေ့တောင်ဟု သိရသည်။ သိုက်တူးတောင်ဟုလည်း ခေါ်သည်။

ထိုတောင်သည် ဤဒေသ၌ ထူးခြားသော တောင်တော်မြတ် ဖြစ်သည်။ ထိုတောင်နှင့်ပတ်သက်၍ ဖြစ်ရပ်များစွာရှိခဲ့သည်။ ကိုယ်တွေ့ကြုံသူများလည်း ရှိသည်။ အလွန်ထူးဆန်းသော ဇာတ်လမ်းများလည်းရှိခဲ့သည်။ ထိုတောင်၌ သိုက်နန်းရှိပြီး သိုက်စောင့်နွားကြီး၏ ဇာတ်လမ်းဇာတ်ကြောင်းသည် ဤဒေသ၌ နေထိုင်ကြသူတို့အတွက် ဂမ္ဘီရဇာတ်လမ်းများပင် ဖြစ်သည်။

ယခုလည်း နွားဝှေ့တောင်ထက်ဆီမှ ရှမ်းအိုးစည်သံ၊ လင်းကွင်းသံတို့ ညံနေအောင် ကြားရလေပြီ။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား လာပြီးပူဇော်ပသကြလေသလားဟု စာရေးသူ ငေးနေမိသည်။ ငယ်စဉ်က စာရေးသူသည် အနီးဝန်းကျင်ရှိ တောင်တော်တချို့သို့ ရောက်ခဲ့ဖူးသည်။ အထူးသဖြင့် ဘကြီးဦးအောင်သိန်းနှင့်အတူ လိုက်ပါခဲ့ခြင်း ဖြစ်သည်။

ရွှေစေတီ၊ နွားဝှေ့တောင်၊ အောင်စကြာ စသည့် ဒေသရှိ စေတီများကို မှတ်မိသော်လည်း ကျန်နေရာများကိုကား မမှတ်မိတော့ပေ။ စာရေးသူတို့ ရှမ်းအိုးစည်သံ နားထောင်ရင်း အမောပြေသောအခါ ဒေးစွန်ပါဘုရားစောင်းတန်းရှိ အုတ်လှေကား ထစ်များကို တစ်ထစ်ချင်း လှမ်း၍ တက်ခဲ့ကြသည်။ နားလိုက် တက်လိုက်နှင့် အတော်ခရီးပေါက်လာသောအခါ နတ်နန်းများကို တွေ့ရလေသည်။

www.burmeseclassic.com

ပထမဆုံးတွေ့ရသော နန်းကား ပုပ္ပားတောင်ကလပ်ပုံတော်ကို နောက်ခံထား၍ အဘဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် စသည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ရုပ်တုများဖြင့် ပူဇော်ထားသည့် ဝိဇ္ဇာဓာတ်ခန်းပင်ဖြစ်သည်။ ထိုမှလွန်သော် "မွန်ဘုရင်မ ရှင်စောပု" မယ်တော်နတ်နန်းဖြစ်သည်။ ထိုနတ်နန်းနှင့် ကပ်လျက်၌ "မလှရင်သိုက်နန်း" အမည်ရှိ နတ်နန်းနှင့် သိုက်စောင့်မယ်တော် နှစ်ပါး၏ ရုပ်တုကို တွေ့ရသည်။

ထိုမှဆက်၍ တက်ရောက်ခဲ့ရာ ပဲခူးမယ်တော်နှင့် သားတော်နှစ်ပါး ဓာတ်နန်းကို ရောက်လေသည်။ ပဲခူးမယ်တော်နှင့် သားတော်နှစ်ပါးရုပ်တုကို တွေ့မြင်ရသည်။ အထက်ဆက်၍ တက်သောအခါ "ယက္ခမယ်တော် ကလျာဝဏ္ဏပပ" နတ်နန်းကို တွေ့ရပြီး ထိုနတ်နန်းအလွန်၌ ဆုတောင်းပြည့် အောင်တော်မူစေတီကို ဖူးမြော်ရလေသည်။

စာရေးသူအထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဒေးစွန်ပါနယ်မြေသည် သိုက်နန်းများတည်ရာအရပ်ဖြစ်သလို မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်အပေါင်း၏ ကျင်လည်ရာအရပ်၊ တရားဓမ္မအားထုတ်ရာအရပ်ဖြစ်၍ ဤစောင်းတန်းတစ်လျှောက်၌ ဓာတ်နန်း၊ သိုက်နန်း၊ နတ်နန်းတို့ဖြင့် ပြည့်လျက်တည်ရှိနေသည်မှာ မထူးဆန်းလှပေ။

ဒေးစွန်ပါနယ်မြေသည် သိုက်နန်းရှင်များ၊ သိုက်ချုပ်ဘိုးတော်၊ မယ်တော်များ၊ နဂါး၊ ယက္ခ၊ ကုမ္ဘဏ်များ စသည့် ဂမ္ဘီရဆိုင်ရာပုဂ္ဂိုလ်များ နေထိုင်ကျက်စားရာ အရပ်ဖြစ်၍ ဘုရားဖူးတို့အနေဖြင့် အထူးသတိပြုရမည့် အရပ်ဖြစ်သည်။ အနေအထိုင် အပြောအဆို ဆင်ခြင်ရန် အထူးလိုအပ်လှပေသည်။ မတောင်းမပန် မဆင်မခြင် ကျင်ကြီး၊ ကျင်ငယ်စွန့်သူ တစ်ယောက် သတိလစ် မေ့မြောသွားဖူးသည်ကို စာရေးသူငယ်စဉ် ဘုရားဖူးရောက်စဉ်က တွေ့ခဲ့ဖူးသည်။ ထိုနည်းတူ မူးမူးရူးရူးနှင့် နှုတ်သရမ်းခဲ့သော အရက်သမားတစ်ယောက် တောင်အဆင်း၌ ခြေချော်ကျ၍ ခေါင်းပေါက်ခဲ့သည်ကိုလည်း ကြုံခဲ့ဖူးသည်။

လေးလေးစားစား ဘုရားဖူးလာသူများကိုကား မမြင်အပ်၊ မြင်အပ် ပုဂ္ဂိုလ်တို့က မနှောင့်ယှက်ကြရုံသာမက ထိုပုဂ္ဂိုလ်တို့ နှစ်သက်သဘောကျခဲ့သော် အဖိုးတန်ရတနာများ စွန့်ကြ၍ ရခဲ့သောသူများ ရှိဖူးကြောင်းကိုလည်း ကြားဖူးခဲ့သည်။ ဒေးစွန်ပါသို့ အကြိမ်ကြိမ်ရောက်ခဲ့သော စာရေးသူ အနေနှင့်ကား မည်သည့်ရတနာပစ္စည်းမှ မရခဲ့သလို မည်သည့် အနှောင့်အယှက်နှင့်မှလည်း မကြုံခဲ့ရပေ။

သို့သော်လည်း ဒေးစွန်ပါ စေတီတော်မြတ်အား ဖူးမြော်ရသောအခါ စိတ်အာရုံ၌ ကြည်နူးမှု ကြည်ညိုသဒ္ဓါတရားများ ဖြစ်ပေါ်ကာ စိတ်ချမ်းသာသုခနှင့် ကြုံတွေ့ခဲ့ရသည်ကတော့ အမှန်ပင်ဖြစ်သည်။

★ ★ ★

နတ်နန်း၊ ဓာတ်နန်း၊ သိုက်နန်းများကိုလွန်၍ စေတီတော်တည်ရှိရာ တောင်ထိပ်လှေကားများထံသို့ ရောက်လေသောအခါ စာရေးသူ အလွန်ပင် အံ့ဩမိလေသည်။ ယခင်အကြိမ်ကြိမ်အခါခါ ရောက်စဉ်က စေတီတော်၏ရင်ပြင်သည် အတော်ပင်ကျဉ်းကျပ်လှသည်။ ယခုအခါ၌ကား စေတီတော်၏ ရင်ပြင်သည် တိုးချဲ့တည်ဆောက်ထားပြီး ရင်ပြင်တော်သို့ အတက်လှေကားနှစ်စင်းမှာလည်း ကျယ်ကျယ်ဝန်းဝန်းနှင့် အဆင်ပြေလှသည်။ လှေကားတစ်စင်း၏ လက်ရန်းမှာ အုတ်လက်ရန်းဖြစ်သော်လည်း ကျန်တစ်စင်း၏ လက်ရန်းမှာ စတီးလက်ရန်းဖြစ်လေသည်။

စေတီတော်၏ ရင်ပြင်အား ကွန်ကရစ်တိုင်များ ထောက်၍ အတော်ပင်ကျယ်အောင် တိုးချဲ့တည်ဆောက်ထား၍ ဘုရားဖူးများအနေနှင့် ယခင်ကာလများကလို ကျပ်ကျပ်တည်းတည်း နေစရာမလိုဘဲ ကျယ်ကျယ်ဝန်းဝန်း သက်သောင့်သက်သာ ဘုရားဖူးနိုင်ကြပေပြီ။

စာရေးသူ ဒေးစွန်ပါသို့ မရောက်ဖြစ်သည်မှာ မည်မျှကြာသွားပြီကို ဤရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းအား မသိရှိခြင်းက သက်သေပြနေသည်။

စာရေးသူ အားခဲ၍ ဒေးစွန်ပါတောင်တော်ကို တက်ရောက်ပြီးနောက် စေတီတော်မြတ်အား အားပါးတရ ဖူးမြော်ရန် အားခဲခဲ့သော်လည်း ဆန္ဒက မပြည့်ဝခဲ့ပေ။ ဒေးစွန်ပါ စေတီတော်မြတ်ကြီးအား လုံးဝော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ဝါးငြမ်းများဆင်ပြီး ဝါးဖျာချပ်များ ကာရံထားသောကြောင့် ယခင်ဖူးမြော်ခဲ့ဖူးသော ပုံတော်အား ရည်မှန်းကာ အာရုံပြုပူဇော်ခဲ့ရပေတော့သည်။

စာရေးသူတို့ ဇနီးမောင်နှံသည် စေတီတော်အား လက်ယာရစ်ပူဇော်ပြီး ပထမဦးဆုံး ၅. ၈. ၂၀၀၀ ပြည့်နှစ်က ရေးထိုးပူဇော်ထားသော ဒေးစွန်ပါ ဘုရားသမိုင်း ကျောက်စာအား ဓာတ်ပုံရိုက်ပူဇော်ခဲ့ရသည်။ ရင်ပြင်တော်ပေါ်ရှိ ကြေးဆင်းတုများနှင့်အတူ ရှင်သီဝလိရဟန္တာမထေရ်မြတ်ကြီး၏ ကြေးပုံတော်ကို ဦးချကန်တော့ခဲ့ရသည်။

ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီး၏ ပုံတော်ကိုလည်း ကန်တော့ပွဲများအလယ်၌ သပ္ပာယ်စွာ ဖူးခဲ့ရသည်။ သိကြားမင်းရုပ်တု၊ ရသေ့ကြီး၏ရုပ်တုများကိုလည်း လက်ရာမြောက်စွာ တွေ့ရသည်။ ၁၃၄၉ ခုနှစ် ငလျင်ကြောင့် မြေခခဲ့ရသော စေတီတော်၏ ငှက်ပျောဖူးစေတီကိုလည်း ဖူးမြော်ခဲ့ရသည်။ ရင်ပြင်တော်၌ ယက္ခဘိုးဘိုးကြီးပုံတော်ကိုလည်း ဖူးတွေ့ရသည်။ ဒေးစွန်ပါစေတီတော်၏ ရင်ပြင်တော်သည် အောက်ခံ ကွန်ကရစ်တိုင်များထူ၍ ကွန်ကရစ်ရက်မများဖြင့် တိုးချဲ့ခဲ့ရာ လွန်စွာကျယ်ဝန်းသွားသည်။ ရင်ပြင်တော်ပေါ်၌ တာရာဇီ ကျောက်ပြားများ၊ ကြွေပြားများ ခင်းထား၍ သပ်ရပ်သန့်ရှင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စောင်းတန်းအတက် ပုပ္ပားတောင်ကလပ်နှင့် ဝိဇ္ဇာများပုံ

စာရေးသူတို့ ရင်ပြင်တော်ကို လက်ယာရစ် လှည့်ပတ်ပြီးနောက် ရင်ပြင်တော်မှ တောင်ခြေသို့ဆင်းသည့် လမ်းတစ်ခုအား တွေ့ရသည်။ အုတ်လှေကားဖြင့် တည်ဆောက်ထားပြီး စောင်းတန်းမပါ၊ အမိုးမရှိ တောင်ဆင်းလမ်းသည် မတ်စောက်လှသည်။ ထိုလမ်းမှ ဆင်းခဲ့သော် ဒေးစွန်ပါ သာသနာ့နယ်မြေရှိ အခြားအခြားသော ဘုရားစေတီများရှိရာသို့ ရောက်ရှိနိုင်ပေသည်။ ဒေးစွန်ပါ သာသနာ့နယ်မြေ တောတောင်အနှံ့၌ စေတီပေါင်း၊ စခန်းပေါင်းများစွာရှိလေသည်။ ထိုစေတီများအနက် . . .

(၁) ရွှေစွန်ပါစေတီ
(၂) မြစွန်ပါစေတီ
(၃) ကျိုက်စွန်ပါစေတီ
(၄) ကျောက်ဖျာရွှေစေတီ
(၅) ကျောက်ထီးစေတီ
(၆) လေးကျွန်းမာန်အောင်စေတီ
(၇) မျှော်တော်ယောင်စေတီ
(၈) အောင်စကြာစေတီ
(၉) ပုဒ္ဓစကြာစေတီ
(၁၀) လောကစကြာစေတီ
(၁၁) ဇားသိဒ္ဓိရှင်စေတီ
(၁၂) အောင်သိဒ္ဓိစေတီ
(၁၃) ဂမုန်းတောင်စေတီ



ပဲခူး မယ်တော်ရုပ်တု

(၁၄) ရသေ့တောင်စေတီ
(၁၅) အင်ကြင်းတောင်စေတီ
(၁၆) မဟာဗောဓိစေတီ
(၁၇) ဘော်ကြိုစေတီ
(၁၈) ရွှေစာရံစေတီ
(၁၉) မဏိကေသာဆံတော်ရှင်စေတီ

စသည့် စေတီအဆူဆူနှင့် သာသနာ့စခန်း အသွယ်သွယ်ရှိကြောင်း ဆရာမကြီး ဒေါ်ကြွယ်ကြွယ် ရေးသားပူဇော်မှုအရ သိထားခဲ့သည်။ စာရေးသူအနေနှင့်ကား မိခင်ကြီး ဒေါ်ကျင်ရွှေ၏ အစ်ကိုဝမ်းကွဲတော်သူ ပြွန်တန်ဆာ ဝက်လိုင်စင်သူဌေးဘဝမှ အကျွတ်တရားရ၍ သေတစ်ပန် သက်တဆုံး ကိုးပါးသီလမြဲကာ သက်သတ်လွတ်ထာဝရစားပြီး



မွန်ဘုရင်မကြီး ရှင်စောပုရုပ်တု



ပဲခူး မယ်တော်နတ်နန်း

www.burmeseclassic.com

www.burmeseclassic.com

ပိတ်ဖြူစင်ကြယ်သာ ဝတ်ဆင်၍ သူတော်ကောင်းတရားပွဲများအားထုတ်ခဲ့သော ဘကြီးဦးအောင်သိန်းနှင့်အတူ ရွှေစေတီ၊ မြစေတီ၊ အောင်စဲကြာစေတီ စသည့်နေရာဒေသများသို့ ရောက်ဖူးခဲ့သည်ဟု မှတ်သားမိသည်။


နှစ်ပေါင်း လေးငါးဆယ်ကြာခဲ့ပြီဖြစ်၍ အတိအကျမမှတ်မိတော့ပေ။ ထိုစဉ်က ဘကြီးဦးအောင်သိန်းတို့၊ ရဟန်းတော်တို့၊ ရသေ့သူတော်စင်တို့ ပြောစကားအရ ဒေးစွန်ပါဘုရားအစစ်ရှိသေးကြောင်းနှင့် ဖူးထိုက်မှ ဖူးရကြောင်းလည်း ကြားသိခဲ့ရသည်။

ဆရာမကြီး ဒေါ်ကြွယ်ကြွယ် ကိုယ်တွေ့ရေးသားသော ဒေးစွန်ပါ ဘုရားသမိုင်း စာအုပ်၌လည်း ဒေးစွန်ပါဘုရားအစစ်ရှိကြောင်းနှင့် ဖူးတွေ့ဖူးသည့်သူများရှိကြောင်း အခိုင်အလုံ ရေးသားထားသည်ကိုလည်း တွေ့ရသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ နောက်ပိုင်း၌ ထပ်မံရေးသား တင်ပြရပေမည်။

စာရေးသူ တောင်ဆင်းလမ်းကို ကြည့်နေစဉ် တောင်တက်ရာထိပ်၊ စေတီတော် ရင်ပြင်တော် ရောက်ခါနီး၌ "သိုက်ချုပ်မယ်တော်ကြီးနှင့် အစ်မတော်များနန်း" ဟူသော နတ်နန်းအဆောင်ကြီးကြီးတစ်ခုကို တွေ့ရလေသည်။ စာရေးသူအနေနှင့် စာရှုသူများအား ဒေးစွန်ပါစေတီတော် နယ်မြေတစ်ဝိုက်၌ရှိသော သိထိုက် မြင်ထိုက်သော အကြောင်းအရာများကို အပြည့်အစုံ တင်ပြနိုင်ရန် ထိုနန်းဆောင်အတွင်းသို့ ဝင်ရောက်လေ့လာပြီး ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့သည်။

ဒေးစွန်ပါ သာသနာ့နယ်မြေအတွင်း၌ရှိသော သိုက်နန်းရှင်များ၏ ရုပ်ပုံပေါင်းများစွာကို လှပသော၊ အရောင်အဆင်း တောက်ပသော ဝတ်စုံများဆင်မြန်းလျက် ထုလုပ်ကိုးကွယ်ထားသည်မှာ အရေအတွက်အားဖြင့် ဆယ့်ငါးနှစ်မျှ ရှိလေမည်ဟု ခန့်မှန်းမိသည်။ သိုက်နန်းရှင် အစ်မတော်တို့၏ ရုပ်ရည်ရူပကာမှာ လှပချောမောကြသည်။ တချို့ သိုက်နန်းရှင်တို့က နဂါးရုပ်ပါသော ခေါင်းဆောင်းစည်းပုံများ၊ တချို့ သိုက်နန်းရှင်တို့၏ ခေါင်းမြီးကွက် အစိမ်းရောင်စည်းပုံခေါင်းဆောင်းများ၊ တချို့က ခေါင်းဆောင်းမပါ သာမန်ဆံပင်ပုံစံများနှင့် လှပကြော့ရှင်းသည့်အသွင် ပေါ်လွင်နေသည်။



ပဲခူးမယ်တော်နှင့် သားတော်နှစ်ပါး




မလှရင်နတ်နန်းရှိ သိုက်စောင့်နတ်မယ်တော်နှစ်ပါး



ပဲခူးမယ်တော် ကလျာဏဝဏ္ဏပ နတ်နန်းရှိ မယ်တော်


www.burmeseclassic.com

www.burmeseclassic.com



သိုက်ချုပ်မယ်တော်ကြီးနှင့် အမတော်နတ်နန်း

ခြုံထားသော ပဝါ၊ ရင်စည်းတို့မှာလည်း အစိမ်းရောင်များဖြင့် စိမ်းလန်းတောက်ပနေသည်။ သိုက်နန်းရှင်တစ်ပါးစီ၏ ရှေ့၌ ငှက်ပျောပွဲ၊ အုန်းပွဲများနှင့်လည်းကောင်း၊ သောက်ရေခွက်များ ဆက်ကပ်၍လည်းကောင်း ပူဇော်ပသထားကြလေသည်။

ထိုနတ်နန်းရှိ သိုက်နန်းရှင်များအား ကြည့်မြင်ရသောအခါ ဒေးစွန်ပါနယ်မြေ၌ သိုက်နန်းပေါင်းများစွာ တည်ရှိကြောင်း အဆိုသည် မှန်ကန်ကြောင်း သက်သေပြသလျက်ရှိနေပေသည်။ စာရေးသူတို့ငယ်စဉ် ဖဆပလ အစိုးရခေတ်ကာလ သိုက်သမိုင်းရုပ်ရှင်များ ခေတ်စားစဉ်က "ဒေးစွန်ပါ သိုက်သမိုင်း" ဇာတ်ကားကို သွား၍သတိရမိသည်။ မင်းသား မင်းသမီးတို့ကို ကောင်းစွာမမှတ်မိသော်လည်း ဒေးစွန်ပါ ဘုရားအနီး သိုက်ဆရာတို့ သိုက်တူးပုံ၊ ဥစ္စာစောင့်တို့နှင့် ချစ်ကြိုးသွယ်ပုံတို့ကိုကား ဝိုးတဝါး မှတ်မိနေသေးသည်။

ယခု သိုက်ချုပ်မယ်တော်နှင့် အစ်မတော်သိုက်နန်းရှင်များ၏ ရုပ်ပုံများကို တွေ့ရလေသောအခါ ဒေးစွန်ပါနယ်မြေ၌ သိုက်ပေါင်းစုံ တည်ရှိလေသည်ဟူသော အဆိုကိုလည်း စာရေးသူ လက်ခံရပေတော့သည်။

★ ★ ★

စာရေးသူတို့ ဇနီးမောင်နှံသည် အာရုံခံတန်ဆောင်း အတွင်း၌ ထိုင်နေရင်း ဒေးစွန်ပါ စေတီတော်အား အာရုံပြုဦးချကန်တော့ကြသည်။ ရွှေချရန် ဝါးကြမ်းများ၊ သင်ဖြူးဖျာများ ကာရံထား၍ မူလစေတီတော်၏ ပုံတော်ကို အာရုံခံ၍ပူဇော်နေမိသည်။ ဇနီးဖြစ်သူအားလည်း ဒေးစွန်ပါစေတီတော်မြတ်ကြီး၏ ထူးခြားမှုအရပ်ရပ်နှင့် ဒေးစွန်ပါ သာသနာ့နယ်မြေ၏ ဂမ္ဘီရဆန်ပုံများကို ရှင်းပြနေမိသည်။

ဇနီးဖြစ်သူမှာ ဒေးစွန်ပါစေတီတော်သို့ စာရေးသူနှင့် အိမ်ထောင်ကျပြီးမှ စတင်ရောက်ခဲ့ဖူးပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်၍ ဒေးစွန်ပါဘုရားနှင့် ပတ်သက်၍လည်းကောင်း၊ ဒေးစွန်ပါ သာသနာ့နယ်မြေ၏ ထူးခြားဆန်းကြယ်မှုကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မသိရှိခဲ့ပေ။ ထို့ကြောင့် စာရေးသူအနေနှင့် ဇနီးဖြစ်သူအား အာရုံခံတန်ဆောင်းအတွင်း၌ ရှင်းပြနေမိခြင်း ဖြစ်သည်။

ဒေးစွန်ပါ စေတီတော်မြတ်သည် မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်ကိန်းဝပ်စံပယ်တော်မူရာ စေတီဖြစ်၍ ဆံတော်ရှင်ဘုရားတစ်ဆူ ဖြစ်သည်။ ခေတ်သစ်ကာလ၌ တည်ထားသော စေတီတော်လည်း မဟုတ်ပေ။ ရှေးခေတ်ဟောင်း စေတီတော်တစ်ဆူဖြစ်ကြောင်း တွေ့ရသည်။ ဒေးစွန်ပါစေတီတော်၏ မူလဒါယကာမှာ အသကုမ္ဘာမင်း ဖြစ်လေသည်။ ထိုမင်း၏ ခမည်းတော်မှာ သမလမင်းဖြစ်သည်။

စာရေးသူတို့ ငယ်စဉ်ကလေးဘဝက သမလ၊ ဝိမလ မင်းညီနောင်နှစ်ပါး၏ သမိုင်းဖြစ်စဉ်ကို ကြားခဲ့ဖူးပြီး အသားမင်းသားဟူသော ပုံပြင်ရာဇဝင်ဝတ္ထုသည် စာရေးသူတို့ အသိဉာဏ်၌ ယနေ့တိုင် မမေ့နိုင်အောင် စွဲနေသော ဝတ္ထုဇာတ်လမ်းပင် ဖြစ်သည်။ အသားမင်းသားသည် ဟံသာဝတီထီးနန်းကို အသကုမ္ဘာမင်း ဘွဲ့အမည်နှင့် အုပ်စိုးခဲ့သူဖြစ်သည်။

ဒေးစွန်ပါဘုရားသည် ထိုမင်း၏ ကောင်းမှုတော်ပင် ဖြစ်သည်။ ဒေးစွန်ပါဘုရား မတည်ထားမီ မဇ္ဈိမဒေသ၌ မြတ်စွာဘုရားရှင် ပွင့်တော်မူပြီး ရှစ်ဝါအရတွင် အရှင်ဂဝံပတိ ရဟန္တာမထေရ်မြတ်ကြီး၏ လျှောက်ထားတောင်းပန်ချက်ဖြင့် သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်သို့ ကြွရောက်တော်မူခဲ့သည်။ သထုံပြည်တွင် မင်းနှင့်တကွ တိုင်းသူပြည်သားများ၊ ရသေ့များကို မြတ်စွာဘုရားရှင်သည် တရားရေအေး တိုက်ကျွေးတော်မူလေသည်။

သထုံပြည်သူ ပြည်သားများက မြတ်စွာဘုရားရှင်ထံ အစဉ်ထာဝရ ကိုးကွယ်နိုင်ရန် လျှောက်ထားကြရာ မြတ်စွာ



ကိုးမြို့ရှင် နတ်နန်း



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်သည် ရသေ့သူတော်စင်များအား "ဆံတော်ခါတ် ခြတ်များ" ပေးသနားတော်မူပြီးနောက် ပြန်လည်ကြွတော် ခဲ့လေသည်။ မြတ်စွာဘုရားရှင် ပြန်လည်ကြွတော်မူစဉ် ရေ ခြင်ကြီးလွှမ်းမိုးနေပြီး ကျောက်ကမူတစ်ခု ပေါ်ထွန်းနေသော နေရာ၌ ရပ်တော်မူပြီးနောက် . . .

"နောင်အခါ ဤရေပြင်ကျယ်၌ ဒေးမြင်သိန္ဒ၊ ဒေး သီဟ၊ ဒေးစွမ္မာ စသည့် ကုန်းငါးဆယ့်ခုနစ်ကုန်းတို့ အစဉ် လိုက်ပေါ်ထွန်းလိမ့်မည်။ ဒေးမြင်သိန္ဒကုန်း၌ မဟာသာလ၊ စူဠသာလ ကုန်သည်ညီနောင်အား ငါဘုရား သနားတော်မူ သော ဆံတော်တို့ကို ဌာပနာပြီးလျှင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်လိမ့်မည်။ ထို့နောက်တွင် အရှေ့အရပ်မှ မင်းသားညီနောင်တို့သည် ထိုစေတီအနီးတွင် ဟံသာဝတီ မည်သော မြို့ကြီးကိုတည်၍ မင်းပြုလိမ့်မည်။ ထိုမင်းတို့၏ အဆက်အနွယ်တို့သည် ငါဘုရား၏ သာသနာကို ကောင်း





<u>သိုက်ချုပ်ကြီး မယ်တော်နတ်နန်းရှိ</u>
<u>သိုက်နန်းရှင်မယ်တော်များ</u>

စွာပြုကြလိမ့်မည်။ ဟံသာဝတီပြည်၏ ပတ်လည်တွင် ၅၇ ဌာနတို့၌ ဆံတော်ခါတ်မြတ်ကို ဌာပနာ၍ များစွာသော စေတီတို့ကို တည်ထားကိုးကွယ်ကြလိမ့်မည်။ ထိုသို့လျှင် မြတ်စွာဘုရားရှင်သည် ဟံသာဝတီပြည်ကြီး ပေါ်ထွန်းလတ္တံ့ ဟူသော ဗျာဒိတ်စကား၊ ဒေးစွမ္မာစေတီ တည်ထားနိုင် လတ္တံ့"

ဟူသော ဗျာဒိတ်စကား မိန့်မှာတော်မူခဲ့သည်။

နောင်အခါတွင် မြတ်စွာဘုရားရှင် ရပ်တော်မူခဲ့သော ကုန်းနေရာ၌ "ကျိုက်မူထား"ဘွဲ့အမည်ရှိ စေတီတော်တစ်ဆူ တည်ထား ပေါ်ပေါက်လာခဲ့သည်။ "ကျိုက်" ဟူကား ဘုရား "မူ"ဟူသည်ကား ကုန်းစွန်း၊ "ထား" ဟူသည်ကား ရပ်ဟု အဓိပ္ပာယ်ရပြီး ဘုရားရပ်တော်မူရာ ကုန်းစွန်း ဟူသော အဓိပ္ပာယ်ထွက်တော်မူသည်။ ယခုအခါ ရွှေမော်ဓောစေတီ ဟု ထင်ရှားသော ဘုရားကြီးပင် ဖြစ်သည်။

ဒေးစွန်ပါ ဘုရားကား ရေပြင်ထက်၌ ပေါ်ထွန်းလာ သော ကုန်း ၅၇ ကုန်းအနက် ဒေးစွန်ပါကုန်း၌ အသကုမ္မာရ မင်း တည်ထားရာမှ ပေါ်ထွန်းလာခြင်းဖြစ်သည်။

ဝိမလမင်း၏ အရိုက်အရာကို ဆက်ခံသော အသ ကုမ္မာရမင်းသားသည် မိမိငယ်စဉ်က ကျင်လည်ခဲ့ရာဒေသကို သတိတရရှိပြီး မိမိကြီးပြင်းခဲ့ရာ ဒေသ၏ ကျေးဇူးကို ဆပ်ချင် စိတ်ဖြစ်ပေါ်၍ ခမည်းတော် သမလ၊ ဘထွေးတော် ဝိမလ မင်းတို့ သုဝဏ္ဏဘူမိတိုင်းမှ ပင့်ဆောင်ခဲ့ပြီး နန်းတော်ဦး၌ ကိုးကွယ်ထားသော ဆံတော်ခါတ်မြတ်တို့ကို နေရာဒေသ အသီးသီးတွင် အများပြည်သူတို့ ကိုးကွယ်နိုင်ရန် ပင့်ဆောင်ပြီး





<u>သိုက်ချုပ်ကြီး မယ်တော်နတ်နန်းရှိ</u>
<u>သိုက်နန်းရှင်မယ်တော်များ</u>

စေတီတော်များ တည်တော်မူပြီး ဌာပနာထည့်သွင်း ပူဇော် ခဲ့သည်။ ထိုသို့ စေတီတော် တည်ထားရာမှ ဒေးစွန်ပါကုန်း၌ ဘုရားရှင်၏ ဗျာဒိတ်တော်စကားအရ စေတီတော်တည်ထား ရာမှ ဒေးစွန်ပါစေတီတော်မြတ်ကို တည်ထားခဲ့ခြင်းပင်ဖြစ် သည်။


www.burmeseclassic.com

www.burmeseclassic.com

အသကုမ္ဘာရမင်း စေတီတော်တည်ထားပြီးနောက် စေတီတော်၏ ဘွဲ့တော်ကို "ကျိုက်စွမ္ဘာ"ဟူ၍ သတ်မှတ်တော်မူခဲ့သည်။ အဓိပ္ပာယ်မှာ မွန်ဘာသာအားဖြင့် "ကျိုက်" ဟူသည်ကား ဘုရား၊ "စွမ္ဘာ" သည်ကား စံကားဝါဖြစ်လေရာ စံကားဝါဘုရားဟူ၍ ဖြစ်သည်။

ဒေးစွန်ပါစေတီ တည်ရာတောင်သည် ရှေးအခါက စံကားဝါပင်ပေါက်သော တောင်ဖြစ်၍ "စံကားဝါဘုရား" ဟု ရှေးကခေါ်ဆိုခြင်း ဖြစ်သည်။ ဒေးစွန်ပါတောင်တော်တွင် စံကားဝါပင်များ ရှိခဲ့ဖူးသည်။ စံကားဝါပန်းက အဝါရောင်ဖြစ်သည်။ ရွှေကလည်း အဝါရောင်ဖြစ်သည်။ ရှေးအခါက ဒေးစွန်ပါတောင်တွင် ရွှေထွက်လေရာ ဒေးစွန်ပါတောင်ကို သုဝဏ္ဏပဗ္ဗတတောင်ဟု ခေါ်ကြောင်းလည်း သိရသည်။ ထို သုဝဏ္ဏပဗ္ဗတတောင်ကိုပင် ဒေးစွန်ပါတောင်ဟု ခေါ်ခဲ့သည်။

ထိုတောင်ထက်၌ ဘုရားရှင်ဆံတော်မြတ်ကို အသကုမ္ဘာရမင်းက ဌာပနာထည့်သွင်း တည်ထားသော ဘုရားကိုလည်း ဒေးစွန်ပါစေတီ၊ ဒေးစွန်ပါဘုရားဟု ခေါ်တွင်ခြင်းဖြစ်ပေသည်။ ဒေးစွန်ပါစေတီ တည်ထားသော အသကုမ္ဘာရမင်း၏ နန်းစံနှစ်မှာ ခုနစ်နှစ်သာဖြစ်ရာ သာသနာနှစ် ၅၃၀ ပြည့်နှစ်၌ နတ်ရွာစံကြောင်း သိရလေရာ နန်းစံနှစ်သည် သာသနာတော်နှစ် ၅၂၃ ခုနှစ်ဖြစ်မည် ဖြစ်သောကြောင့် ဒေးစွန်ပါစေတီတော်ကို သာသနာနှစ် ၅၃၀ မတိုင်မီ တည်ထားမည်ဖြစ်ကြောင်း ခန့်မှန်းနိုင်လေသည်။


☆ ☆ ☆

အသကုမ္ဘာရမင်း တည်ထားသော ဒေးစွန်ပါစေတီတော်ကြီးသည် သဏီရသဘောအရ တောတောင်အတွင်း ချုံနွယ်သစ်ပင်တို့ ဖုံးလွှမ်း၍ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည် စေတီပျက်၊ စေတီအို၊ စေတီဟောင်းတစ်ဆူအဖြစ် နှ အတော်ကြာ မှေးမှိန်ခဲ့ရသည်။ ဟံသာဝတီ မွန်နေပြည်တေ သည်လည်း ခေတ်အစဉ်အဆက် မွန်မင်းတို့ လွှမ်းမိုးအုပ်ချ ခဲ့သလို မွန်မင်းတို့ အင်အားကျဆင်းချိန်၌ မြန်မာမင်းတို့ လွှမ်းမိုးမှုအောက်၌ လည်းကောင်း၊ မင်းနေပြည်တော်ဘဝ မြို့တော်အဆင့်သို့လည်းကောင်း သံသရာလည်လျက် ရှိ ခဲ့သည်။

ဒေးစွန်ပါ သာသနာနယ်မြေကို ပြန်လည်ရှာဖွေ ထုတ်မည့် သာသနာ့ပြုပုဂ္ဂိုလ်နှင့် ကင်းဝေးလျက်ရှိရာမှ မြန် သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၌ ဖော်ထုတ်ပေးမည့် သာသနာ့ ပုဂ္ဂိုလ် ပေါ်ပေါက်ခဲ့ရသည်။ ဒေးစွန်ပါတောင်နှင့် သုံးမိုင် သာ ကွာဝေးသည့် ဒေသ၌ ဝမ်းဘဲအင်းရွာကြီး တည် သည်။ ဝမ်းဘဲအင်းရွာကြီးသည် ရှေးမွန်ဘုရင်များ လက်ထ ကပင် တည်ရှိခဲ့ရာမှ ပုဂံခေတ် ပုဂံမင်းလက်ထက်၌ လူ များသည့် ရွာကြီးတစ်ရွာ ဖြစ်ခဲ့သည်။

သက္ကရာဇ် ၁၂၃၀ မတိုင်မီ ဝမ်းဘဲအင်းရွာ၏ တော ဘက်၌ တောင်စွန်းကျောင်းဟု အမည်ရှိသော ဘုန်း ကျောင်းတစ်ကျောင်း ရှိခဲ့သည်။ ဆရာတော်ကြီးတစ် ကျောင်းထိုင်လေသည်။ ထိုဆရာတော်ကြီးနောက် နတ်မော မြို့သား ဘုန်းတော်ကြီးဦးသီလ ကျောင်းထိုင်ပြန်သ တောင်စွန်းကျောင်းသည် ဝမ်းဘဲအင်းရွာနှင့် အလှမ်း သောကြောင့် ရွာ၏အနောက်ဘက်တွင် ကျောင်းကြီး အမည်တွင်သော ကျောင်းကြီးတစ်ကျောင်းကို ထပ်မံဆော လုပ်ခဲ့ကြသည်။

ရှမ်းပြင်တော်ရှိ
သတ္တသားတော်နှင့်
သတ္တမယ်တော်နှစ်ပါး





www.burmeseclassic.com

www.burmeseclassic.com

ထိုကျောင်းတွင် သံဃာတော်များကိုပင့်၍ ကိုးကွယ်ခဲ့ကြသည်။ ထိုကျောင်း၌ ကျောင်းထိုင်သော ဆရာတော်မှာ ယိုးဒယားမှ ပြန်ကြွလာသော ဘုန်းတော်ကြီးဖြစ်၍ ရွာမှ ဒါယကာများက ယိုးဒယားဘုန်းကြီးဟု ခေါ်ကြသည်။ ထိုကျောင်းကြီးကို တည်ဆောက်သောခုနှစ်ကို အတိအကျမသိရပေ။

ယိုးဒယားဘုန်းတော်ကြီးသည် တိမ်မြုပ်နေသော ဒေးစွန်ပါစေတီတော်ကို ရှာရမည်ဟု မိန့်ကြား၍ ရပ်မိရပ်ဖ အပေါင်းသည် ပျောက်ကွယ်နေသော ဒေးစွန်ပါစေတီတော်ကို ရှာဖွေရန် အားထုတ်ခဲ့ကြသည်။ ထိုအချိန်သည် သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်ခန့်က ဖြစ်သည်။

ထိုအချိန်ထက်စော၍ ဒေးစွန်ပါစေတီကို ရှာဖွေတွေ့ရှိခဲ့သူမှာ သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်ခန့်က ဝမ်းဘဲအင်းရွာ၌ အသက်အကြီးဆုံး ဦးစံဒွေးက ဦးဆောင်ပြီး ရှာခဲ့သည်။ ဒေးစွန်ပါဘုရား တည်ရာ တောင်တော်ကို တွေ့ရှိသာမက တောင်တော်ပေါ်၌ အုတ်ကျိုးအင်္ဂတေတို့ဖြင့် စေတီဟောင်းနေရာကို တွေ့ရလေသည်။

ဤနေရာသည် ဒေးစွန်ပါစေတီ တည်နေရာဖြစ်ပါက အထင်အရှား သက်သေပြရန် အမိဋ္ဌာန်ပြုရာ သက်သေအထင်အရှားပြ၍ ထိုနေရာ၌ ၁၂၃၀ ပြည့်နှစ်တွင် စေတီတော် တည်ထားလေသည်။ ကျိုက်စွန်ပါ ဘွဲ့အမည်မှ ဒေးစွန်ပါဟု ဘွဲ့အမည်တွင်ခဲ့သည်။ ဦးစံဒွေး ရှာတွေ့တည်ထားသော စေတီမှာလည်း လူသူအရောက်အပေါက် နည်းပြီး သားရဲတိရစ္ဆာန်များ ထူပြော၍ ဌာပနာဖောက်သူ၊ စိန်ဖူးခိုးသူများကြောင့် စေတီတော်မှာ ပြန်လည်ပျက်စီးကာ တောကြီးတောင်ကြီးအတွင်း ပျောက်ကွယ်ရပြန်သည်။

၁၂၆၂ ခုနှစ်ရောက်မှ ကျောင်းကြီးဆရာတော် ယိုးဒယား ဘုန်းကြီးအမိန့်နှင့် ဒေးစွန်ပါစေတီတော်ကို ဝမ်းဘဲအင်းရွာသားတို့ ရှာကြရပြန်သည်။ ဆရာကြီး ဦးစံအေး၊ ဘိုးရွှေပင်၊ ဘိုးဖျာ၊ ဘိုးရွှေအေး၊ ဘိုးစံရွှန်းတို့ ဦးဆောင်၍ ရှာခဲ့ကြသည်။ ဒေးစွန်ပါစေတီဟောင်းအား ပြန်၍တွေ့ရှိခဲ့ကြပြီး ဒေးစွန်ပါစေတီတော်အား ပြန်လည်၍ တည်ထားကိုးကွယ်ခဲ့ကြလေသည်။

ထိုအချိန်မှစ၍ ဒေးစွန်ပါသာသနာ့နယ်မြေ၌ ဒေးစွန်ပါစေတီတော်သည် ယနေ့တိုင်အောင် ထင်ရှားကျော်ကြားလျက် ဘုရားဖူးအပေါင်း ဖူးမြော်အလေးထားရာ စေတီတစ်ဆူအဖြစ် စည်ကားနေပေတော့သည်။

★ ★ ★

စာရေးသူသည် ဒေးစွန်ပါစေတီတော် ရင်ပြင်တော်၌ ထိုင်နေရင်း ဒေါ်ကြွယ်ကြွယ်ရေးသားသည့် ဒေးစွန်ပါသမိုင်းစာအုပ်၌ ရေးသားတင်ပြထားသော ထူးထွေဆန်းပြားသော ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်တွေးတောမိသလို စာရေးသူ မိခင်ကြီး ဒေါ်ကျင်ရွှေ (ကျားသက်န်းတိုက်)၏ အစ်ကို တစ်ဝမ်းကွဲ ဖောင်တော်သီမြို့၌ နေထိုင်ခဲ့ပြီး အထက်၌ဖော်ပြခဲ့သော ဘကြီးဦးအောင်သိန်း၏ ကိုယ်တွေ့ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်တွေးတောမိရင်း ဒေးစွန်ပါတောင်တော်အနှံ့ ခရီးဆန့်၍ ဒေးစွန်ပါစေတီတော်အစစ်ကို ဖူးတွေ့လိုသော ဆန္ဒများ ကိန်းအောင်းလာခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန၌ လက်ထောက်ညွှန်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ကွယ်လွန်သွားရှာသူ ညီငယ်ပမာ ခင်တွယ်ခဲ့ရသော ကိုသိန်းဝင်း၏ ကိုယ်တွေ့ကြုံရသော ဥစ္စာစောင့်ဇာတ်လမ်းများအား ပြန်လည်ကြားယောင်ရင်း ဒေးစွန်ပါတောင်တော်၊ ရွှေစွန်ပါတောင်တော်၊ ကျိုက်စွန်ပါ၊ မြစွန်ပါ တောင်တို့၌ ညအိပ်ညနေ သွားရောက်နေထိုင်ပြီး တရားအားထုတ်လိုစိတ်များလည်း ပွားများနေမိသည်။

စာရေးသူသည် အသက်အရွယ်အရ လောဘ၊ ဒေါသ၊ မောဟ ကင်းနိုင်သမျှ ကင်းရန် ကြိုးပမ်းအားထုတ်နေရာ ဒေးစွန်ပါနယ်မြေ ဥစ္စာစောင့်တို့၊ သိုက်နန်းရှင်တို့ ပေးကမ်းသော ရွှေမန်ကျည်းတောင့်တို့၊ ရတနာပစ္စည်းတို့ ရယူလိုသော ဆန္ဒကတော့ မဖြစ်ပေါ်မိတော့ပေ။

ဤနယ်မြေဒေသ၌ ထိုသို့ မမျှော်လင့်ဘဲ သိုက်နန်းရှင်တို့က ဘဝအဆက်ဆက်က ဆွေစဉ်မျိုးဆက် တော်စပ်ခဲ့ဖူးသူတို့အား ရတနာများ စွန့်ကြသည်ဟူသော ဖြစ်စဉ်ဖြစ်ရပ်တချို့ကိုလည်း ကြားဖူး၊ ဖတ်ဖူး၊ သိမှတ်ခဲ့ဖူးသည်များလည်း ရှိသည်။

ဒေးစွန်ပါဘုရားသည် မြတ်စွာဘုရားရှင်၏ ဆံတော်ကိန်းဝပ်တော်မူရာ ဆံတော်ရှင် စေတီတစ်ဆူဖြစ်၍ ဖူးမြော်ကြသူတို့အနေနှင့် မျက်မှောက်ဘဝနှင့် နောင်တမလွန်ဘဝတို့အတွက် ကောင်းသောဆုများနှင့် ပြည့်စုံသော စေတီတော်တစ်ဆူဖြစ်ခြင်းကြောင့် ဘုရားဖူးအပေါင်းသည် မလွဲမသွေ သွားရောက်ဖူးမြော်သင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ဒေးစွန်ပါ စေတီတော်၌ ကောင်းဆုခြွေရင်း ဒေးစွန်ပါနယ်မြေတစ်ကြော၌ ဝိပဿနာကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ပြီး နိဗ္ဗာန်မဂ်ဖိုလ်သို့ တက်လှမ်းနိုင်ပါစေကြောင်း ထပ်ဆင့်တိုက်တွန်းလိုက်ရပေသည်။

❒ တက္ကသိုလ်မျိုး


**ကျမ်းကိုး**

- ဆံတော်ရှင် ဒေးစွန်ပါဆုတောင်းပြည့်စေတီတော် သမိုင်း၊ ၂၀၀၉ ခုနှစ်၊ ဒေါ်ကြွယ်ကြွယ်၊
- ဘကြီးဦးအောင်သိန်း၏ ပြောပြချက်များ၊
- ကိုယ်တိုင်အကြိမ်ကြိမ် သွားရောက်ဖူးမြော်လေ့လာမှု။



www.burmeseclassic.com

www.burmeseclassic.com




ဗန်ကောက်လေဆိပ်ထဲမှ နို့ဓမ်းပင်လယ်အား မွှေ့ယူခြင်းပြကွက် ပန်းပုရုပ်တုများ



သုဝဏ္ဏဘူမိ လေဆိပ်ထဲက

# နို့ဓမ်းပင်လယ်


ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)





www.burmeseclassic.com

www.burmeseclassic.com





သီရိလင်္ကာသွားတိုင်း ရန်ကုန် မင်္ဂလာဒုံလေဆိပ်က နေ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်ကြီးကို မနက်စောစော ထွက်ကြရတယ်။ နယ်မြေချင်း ဆက်စပ်နေတဲ့ အိမ်နီးချင်းနိုင်ငံ တွေမို့ မြန်မာနဲ့ ထိုင်းဟာ တနင်္သာရီကမ်းရိုးတန်းကို ဖြတ် ကျော်လိုက်တာနဲ့ ရောက်တာပါ။

လေယာဉ်ပေါ်က နံရံမှာ ကွန်ပျူတာမျက်နှာပြင်နဲ့ ပြထားတဲ့ လေယာဉ်လမ်းကြောကို ကြည့်မိမှ ပိုလို့တောင် အံ့သြရပါတယ်။ ထားဝယ်နဲ့ ထိုင်းနိုင်ငံက ကမ္ဘာကျော် ဖူးခက်ကမ်းခြေဟာ တောင်တန်းကြီးရဲ့ ဟိုဘက်နဲ့ဒီဘက်မှာ ကျောကပ်ပြီး တည်ရှိနေရဲ့။ လမ်းပန်းအဆက်အသွယ်တွေ သာကောင်းရင်ဖြင့် ထိုင်းနဲ့မြန်မာဟာ ခွက်ဆို ရောက်သွားမယ့် အနေအထားပါ။ ခုလည်း မနက် ၈ နာရီခွဲဆို ဗန်ကောက် ရောက်သွားပါပြီ။ လိုက်ပို့တဲ့သူတွေတောင် အိမ်ပြန်ရောက်ဦး မှာ မဟုတ်လောက်သေးပါဘူး။

ဒါပေမယ့် ဘင်္ဂလားပင်လယ်အော်ကြီး ခြားနေတဲ့ ပင်လယ်ထဲက ကျွန်းနိုင်ငံလေး သီရိလင်္ကာကိုတော့ ကိုယ်တို့ ကမ်းမမြင် လမ်းမမြင် ဆက်လက်ခရီးနှင်ရပေဦးမယ်။

ဗန်ကောက်လေဆိပ်ထဲမှာ တစ်နေ့လုံး မနက်စာရော၊ ညစာပါစားပြီး ည ၁၁ နာရီလောက်မှ (Sri Lankan Airlines) လေယာဉ်ကြီးနဲ့ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တော် နိုင်ငံ တကာ(ဘန်ဒရာနာယကေးလေဆိပ်)ကို ခရီးဆက်ကြရတာ ပါ။ နောက်နေ့ လင်းအားကြီးအချိန်မှ ကိုလံဘိုကို ရောက် တော့တယ်။ ဗန်ကောက်လေဆိပ်ထဲမှာ တစ်နေကုန်နေရမယ့် အတူတူ မြို့ထဲထွက်လည်မယ်လို့ လေဆိပ်ထွက်ပေါက်ကို တန်းစီလိုက်တော့ အကြာကြီးစီခဲ့ပြီးမှ ပတ်စ်ပို့လည်းမြင်ရော မြန်မာပြည်ကလာရင် အပြင်ထွက်လည်လို့ မရဘူးတဲ့။ နှမ လက်လျှော့ နေလေတော့ရယ်လို့ လေဆိပ်ထဲမှာပဲ တစ်နေ့ လုံး တဝဲလည်လည် လှည့်နေလိုက်ရတော့တယ်။



ဗန်ကောက်လေဆိပ်ထဲမှ နို့ခမ်းပင်လယ်အား မွှေယူခြင်းပြကွက် ပန်းပုရုပ်တုများ

အဆောင်ဆောင် အခန်းခန်းတွေက အများသားနဲ့မို့ အပေါ်တက်လိုက် အောက်ဆင်းလိုက် ဝင်္ကပါထဲမှာ လျှောက် သွားနေသလို မွှေနေလိုက်တယ်။ အကောက်ခွန်လွတ်ဆိုင် တွေကလည်း ပစ္စည်းစုံပေမယ့် အပြန်မှဝယ်ကြမယ်လို့ ဘာ တစ်ခုမှ မထိတော့ပါဘူး။ နေ့လယ်စာကိုတော့ နာနတ်သီးကို အလျားလိုက်ခြမ်းပြီး ခွက်လိုလုပ်ကာ ထည့်ကျွေးတဲ့ နာနတ် သီးထမင်းကြော်ကို ကိုယ် အမြဲစားဖြစ်တယ်။ ကြိုက်လို့။ ပြီးရင် အခမဲ့သုံးခွင့်ရတဲ့ အင်တာနက်တွေကို တစ်နေကုန် နှိပ်နေလိုက်တယ်။ အဘွားကြီးတွေက နားနေဆောင်မှာ အိပ်နေကြပြီး လူငယ်တွေကတော့ ဆိုင်ပေါင်းစုံကို လျှောက် ကြည့်နေကြရဲ့။

ဒီနေ့မနက်ကမှ ခရီးတစ်ခုတည်းသွားဖို့ ဆုံစည်းခဲ့ကြ သူတွေ ဖြစ်ပေမယ့် ခဏချင်းမှာပဲ ကိုယ့်အဖွဲ့သားတွေရယ်လို့ ရင်းနှီးသွားကြပါရော။ အဲဒီမှာတင် လေယာဉ်ကွင်းထဲမှာတ်ပုံ လှည့်ရိုက်ပြီး ပြန်လာကြတဲ့ ညီမငယ်လေးတွေက . . .

www.burmeseclassic.com

'ဒီလေဆိပ်ထဲမှာ ဘီလူးရုပ်တွေ ပေါ်လိုက်တာ၊ တစ်နေရာမှာတော့ ဘီလူးခေါင်းတွေကိုတောင် အလှပြထားသေးတယ်"လို့ ပြောတယ်။

"အံမယ်၊ သမီးတို့ရိုက်လာတဲ့ ဘီလူးရုပ်တွေကတော့ လှမှလှ" လို့ မြိတ်သူမလေးက ခပ်ဝဲဝဲ ပြောပြန်ရင်း သူ့တင်မရာထဲကပုံတွေကို ပြတယ်။ ကိုယ်က . . .

"တို့သွားမယ့် သီဟိုဠ်ကလဲ ဒသဂီရိ ဘီလူးမင်းရဲ့ တိုင်းပြည်နော" လို့ပြောလိုက်မိတယ်။

ဒီလိုနဲ့ ကျန်ခရီးသည်တွေပါ အဲဒီနေရာကို နောက်တစ်ခေါက်သွားကြပြန်တယ်။ ကိုယ့်ကိုလည်း ဓာတ်ပုံလိုက်ရိုက်ပေးဖို့ ခေါ်ကြတယ်။ သူတို့ ဘာပုံကိုပြောနေလဲဆိုတာ သိလိုက်တော့ သွားနှင့်၊ လိုက်ခဲ့မယ်ပေ့ါ။

"ဟင်၊ ဦးက သိနှင့်နေလား"တဲ့။

"သိပြီလားကွာ၊ သိတာမှ ဒီမှာတင် သိတာမဟုတ်ဘူး၊ ကမ္ဘောဒီးယားမှာလဲ အဲဒီလိုအရုပ်တွေရှိတယ်၊ သူကလဲ သူ့နောက်ခံဇာတ်ကြောင်းနဲ့သူ" လို့ အင်တာနက် ဝင်ထားတာကို ပြန်ဖြုတ်ရင်း ကိုယ်က ပြောလိုက်တယ်။


ကိုယ့်ဆောင်းပါးတွေကိုဖတ်ဖူးတဲ့ မြိတ်သူ လတ်လတ်မြူက "ဒါဖြင့် ဦးကိုစောင့်မယ်၊ အတူတူသွားရင်း လမ်းမှာ ရှင်းပြပေးပါ ဦးရယ်"လို့ လိုလိုလားလား တောင်းဆိုလာတယ်။

'ဆိုရေးရှိက ဆိုအပ်လှ'သမို့ ကိုယ်ကလည်း ပြောပြမိပါရဲ့။


"ကမ္ဘောဒီးယားနိုင်ငံက ကမ္ဘာကျော် အန်ကောဝပ် ဘုရားကျောင်းကြီးရဲ့အောက်ခြေ ပတ်လည်တစ်လျှောက်တ အရှေ့ဘက်နံရံမှာလည်း ဒီပုံတွေရှိနေပါတယ်။ အထူးအာရုံစိုက်ပြီး လေ့လာကြရတဲ့ပြကွက်မို့ ခုတော့ ဂျပန်နိုင်ငံက ပညာရှင်တွေကိုယ်တိုင် အကူအညီလာပေးပြီး ပြန်လည်ထိန်းသိမ်းနေကြရတဲ့ ပုံတွေပါ။ အန်ကောဝပ်မှာတော့ ဒီပုံတွေကို သဲကျောက်နဲ့ ရုပ်ကြွ(Relief) ထုလုပ်ထားပါတယ်။

ဒီဗန်ကောက်လေဆိပ်သစ်ကြီးမှာတော့ လူသွားလူလာများတဲ့ အဆောင်ရဲ့အလယ်ကောင်မှာ ပိုမိုလှပတဲ့ အသွင်သဏ္ဍာန်နဲ့ လူသားအရွယ် တစ်ကိုယ်လုံးပေါ် ရုပ်တုတွေထုလုပ်ပြီး ဆေးရောင်စုံ ခြယ်သထားတာပါ။ ဒီခေတ်လက်ရာပေ့ါ။ ရုပ်တုတွေရဲ့ အောက်ခြေမှာလည်း အင်္ဂလိပ်ဘာသာနဲ့ ရှင်းလင်းချက် စာသားတွေ ရေးပြထားပါသေးတယ်။ ညည်းတို့ ဖတ်မကြည့်ခဲ့ဘူးလား" ဆိုတော့ . . .

"ဟင်း ဟင်း၊ သမီးတို့က စာဆို ဘယ်တော့မှ ဖတ်ဖြစ်တာ မဟုတ်ဘူး၊ အကျင့်ပါနေတယ်"လို့ ညီမငယ်တွေက ရိုးသားစွာ ဝန်ခံကြပြီး ကိုယ့်ကိုပဲ တစ်လက်စတည်း ရှင်းပြဖို့ ပြောပါတယ်။ ကိုယ်ကလည်း ဖိုးဆိုချင် ခင်မောင်ညွန့်ဆိုတော့ ခေါင်းအသာညိတ်ပြလိုက်တယ်။ ကိုယ်သိထားတာတစ်ခုခုကို သူများသိအောင် လုပ်ချင်တာဟာလည်း စာရေးသူတွေရဲ့ စိတ်ပဲလေ။ လှပသပ်ရပ် သန့်ရှင်းနေတဲ့ ခေတ်မီ လေဆိပ်ကြီးထဲကို ဖြတ်လျှောက်ရင်း ပုံပြင်လေးကို စပါတော့တယ်။



ဘန်ကောက်လေဆိပ်ထဲမှ
ရာမဇာတ်တော်လာ ခေါင်းဆောင်းများ






www.burmeseclassic.com

www.burmeseclassic.com





အန်ကောဝပ်အနောက်ဘက်မုခ်နဲ့ ကျုံးရေပြင် ညနေခင်း

## မှတ်မိသေးတယ် ကမ္ဘောဒီးယားက အန်ကောဝပ်ဝယ်

အန်ကောဝပ်ကျောင်းတော်ကြီးထဲ ဝင်ရောက်လေ့လာခွင့်ရဖို့ကို နှစ်ပေါင်းများစွာ ရင်ခုန် စိတ်လှုပ်ရှားစွာ စောင့်စားနေမိခဲ့တယ်။ အိပ်မက်ထဲမှာတောင် ယောင်ရမ်းမက်ခဲ့ဖူးတဲ့ ဘုရားကျောင်းကြီးပါပဲလေ။ ပြီးတော့ ရောက်ချင်ဇောနဲ့ နှစ်ပေါင်းများစွာ စာအုပ်စာတမ်းတွေ ကြိုတင်ဖတ်ရှုလေ့လာခဲ့ရ၊ ရုပ်ပုံတွေကို တမ်းတမ်းတတကြည့်ခဲ့ရတဲ့ နေရာ။ နာရီပိုင်းမျှသာ အန်ကောဝပ်နဲ့ နဖူးတွေ ဒူးတွေ တွေ့ခဲ့ရပေမယ့် မြင်ရမယ့်ပုံတွေကိုတော့ ကိုယ့်မျက်လုံးအိမ်မှာ ငြိတွယ် ခိုဝင်နေခဲ့တာ ကြာလှပေါ့။



အန်ကောဝပ်ဘုရားကျောင်းအဝင်ဝမှ
ဗိသနိုးနုတ် မင်းကြီးရုပ်တု

အန်ကောဝပ်ဘုရားကျောင်းကို တကယ်ရောက်ရှိသွားတဲ့အချိန်ဟာ မွန်းတိမ်းခဲ့ပြီဖြစ်လို့ ကမ္ဘောဒီးယားနိုင်ငံရဲ့ မဟာရှေးဟောင်းအမွေအနှစ် အဆောက်အအုံကြီးတစ်ခုလုံးကို ကြည့်ရှုလေ့လာဖို့ လုံလောက်တဲ့အချိန် မရတော့ပါဘူး။ ခရီးစဉ်ဇယားအရ နောက်တစ်ကြိမ်လည်း လာရန်မရှိပြန်တာမို့ ကျော်ကြားလှတဲ့ အန်ကောဝပ်ရဲ့ နေထွက်ချိန်အလှ (Sunrise)ကို ကြည့်ရှုခံစားခွင့် မရရှိနိုင်တော့ပါ။


ဒါပေမယ့် ခုလို နေဝင်ခါနီးမှာ အန်ကောဝပ်ဟာ အရောင်အမျိုးမျိုး ပြောင်းသွားလိမ့်မယ်လို့လည်း ခရီးသွားအဖွဲ့က ကြိုတင်မက်လုံးပေးထားတော့ မကြာမီအချိန်မှာ နေဝင်ချိန်အလှ(Sunset)ကိုသာ ကြည့်ခွင့်ရတော့တာပေါ့။

မိုးချုပ်လုပေမယ့် အန်ကောဝပ်နယ်မြေ တစ်ခုလုံးမှာတော့ ပြည်တွင်းနဲ့ နိုင်ငံခြားသားခရီးသွားများ ကားကြီးကားငယ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်ခရီးများနဲ့ တသောသော ဝင်ထွက်သွားလာနေကြတာ ပွဲတော်ကြီးတမျှပါ။ အန်ကောဝပ်ကို အနောက်ဘက်မျက်နှာပြုပြီး တည်ဆောက်ထားတာကြောင့် အခုဝင်ရောက်လာတာ အနောက်ဘက်မုခ်ကလို့ သိနေပါတယ်။

## ယူနက်စကို အသိအမှတ်ပြု
## ကမ္ဘာ့အံ့ဖွယ် ရှေးဟောင်းအမွေ အနှစ်ကြီး

အနောက်မုခ်ကို ကျုံးရေပြင်ကိုဖြတ်ပြီး ဖောက်ထားတဲ့ အဝင်လမ်းက ဝင်ခဲ့ကြရတာပါ။ ကျုံးဖြတ်အဝင်လမ်းဟာ


www.burmeseclassic.com




အန်ကောဝပ်ရဲ့ ကျောက်ဆစ်လက်ရာများနဲ့ အက်ပ်ဆာရာနတ်မိမယ်



အန်ကောဝပ်ဘုရားကျောင်းကြီး မြောက်ဘက်နံရံမှ ရုပ်ကြွများ





တားလမ်းမထက် အနည်းငယ်မြင့်လို့ ကျောက်လှေကား သုံးဆင့်မျှ တက်ခဲ့ရတယ်။ ဝင်ပေါက်ညာဘက်ဘေး ညောင်ပင်ကြီးအောက်မှာတော့ ယူနက်စကိုမှ အသိအမှတ်ပြုထားတဲ့ ကျောက်ပြားတံဆိပ်ကြီးကို စိုက်ထူထားလေရဲ့။

ဒီအန်ကောဝပ် ကျောင်းတော်ကြီးကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးသိပ္ပံပညာနဲ့ ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းကြီး (ယူနက်စကို) (UNESCO)က ထိန်းသိမ်းထားကာ ၁၉၉၂ ခုနှစ်မှာ ကမ္ဘာ့အမွေအနှစ်ကြီးများ စာရင်းမှာ ထည့်သွင်းပေးခဲ့ပါတယ်။ ဒီလို ကမ္ဘာ့အမွေအနှစ်အဖြစ် ကြေညာတဲ့နေ့က ကမ္ဘောဒီးယားတစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ပျော်ရွှင်ခဲ့ကြသတဲ့။

အန်ကောဝပ်ဟာ ရှေးဟောင်းသုတေသနတန်ဖိုးရှိတဲ့ အပြင် အီဂျစ်ပြည်က ပိရမစ်တွေ၊ အိန္ဒိယက တာ့ခ်ျမဟာ (Taj Mahal)တို့နှယ်လည်း ကျော်ကြားလှရဲ့။ ဒါ့အပြင် စက်မှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုများ၊ လူဦးရေ များပြားလာကာ မြို့ပြတိုးချဲ့မှုများကြောင့် ပျက်စီးမသွားသေးတဲ့ ရှေးအဆောက်အအုံကြီးလည်း ဖြစ်လေရဲ့။

ယူနက်စကို တံဆိပ်ဆိုတာဟာ ဤသို့ပါတကားလို့ ပြောနိုင်ဖို့အတွက် အနီးသို့အပြေးအလွှားသွားကာ ဓာတ်ပုံရိုက်ယူလိုက်ပါတယ်။ ခမာယဉ်ကျေးမှုကြီးရဲ့ ရတနာမြတ်ဖြစ်တဲ့ ဒီနေရာကို လူသားအားလုံးအကျိုးအတွက် ထိန်းသိမ်းထားကြွယ် စောင့်ရှောက်ထားပါတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အန်ကောဝပ်ကို လေးဖက်လေးတန် ကျုံးများနဲ့ဝိုင်းရံထားတာပါ။ အဝင်လမ်းတစ်လျှောက် ကျုံးကူး ကျောက်တံတားလက်ရန်းများမှာတော့ နဂါးရုပ်များ (Nagas balus-trades)က တစ်နံတစ်လျားရှိနေတယ်။ အဝင်လမ်းဘယ်ဘက်၊ ဘုရားကျောင်းဝင်းရဲ့ မြောက်ဘက်ရေကန်တော်မှာ အန်ကောဝပ်ရဲ့ အရိပ်ထင်နေပုံက ကြေးမုံတစ်ချပ် ခံထားသည့်အလားပင်။

## အန်ကောဝပ်နဲ့ ဟိန္ဒူဗြာဟ္မဏ၊ စကြဝဠာဖွဲ့စည်းပုံ

အဲဒီနောက် စတုဂံပုံ မဟာရံတံတိုင်းကြီးရဲ့ မုခ်ပေါက်များဆီ ရောက်ရှိသွားတယ်။ အဝ လှေကားထစ်များမှာ ခြင်္သေ့ရုပ်များ ဆောင့်ကြောင့်ထိုင်နေကြတယ်။ ဒီကျောက်ခြင်္သေ့ကြီးများဟာ မြန်မာခြင်္သေ့တွေလောက် ကနုတ်ပန်းအတွန့်အတက်မပါဘဲ ပိန်ညှော်ညှော်ရှည်မျောမျောတွေပါ။






အန်ကောဝပ်ဘုရားကျောင်းကြီး မြောက်ဘက်နံရံမှ ရုပ်ကြွများ


မုခ်ဦးဆောင်ကို ဖြတ်သန်းပြီး အတွင်းကို ဝင်လိုက်တော့ ပစ္စယာသုံးဆင့်ခံထားပြီး အလယ်ကောင်၊ ထိပ်ဆုံးမှာ စကြဝဠာကြီး တည်နေပုံအတိုင်း မြင်းမိုရ်တောင်ရဲ့ တောင်ထွတ်ကြီးများနှယ် ဖြစ်နေတဲ့ ပျားအုံပုံ ဘုံဆင့် ခုနစ်ဆင့်စီဆင့်ထားတဲ့ ပြာသာဒ်ဆောင်ကြီး ငါးဆောင်နဲ့ အန်ကောဝပ်ဘုရားကျောင်းကြီးကို ခမ်းနားကြီးကျယ်စွာ တည်ဆောက်ထားလေရဲ့။


မျှော်စင်ကြီးများအလားရှိနေတဲ့ ဒီငါးဆောင်အနက်အလယ်ဆောင်ဟာ ဗဟိုချက်မဖြစ်တဲ့ မေရု (Mt.Meru) မြင်းမိုရ်တောင်အသွင်ယူထားတယ်။ ၂၁၃ ပေရှိကာ ပိုမြင့်ပြီးငွားငွားစွင့်စွင့် ထိုးထွက်နေပုံက အီဂျစ်ပိရမစ်ကြီးနှယ်ပါ။ ပြာသာဒ်ဆောင်များရဲ့ အောက်ခြေမှာလည်း မြင်းမိုရ်တောင်ခြေရင်းလိုပဲ နတ်ပြည် ခြောက်ထပ်နဲ့ လူ့ပြည်များနှယ် အဆင့်ဆင့် ပြုလုပ်ထားတယ်။

အန်ကောဝပ်ကျောင်းတော်ကြီးကို ကျုံးနဲ့ မဟာရံတံတိုင်း ပတ်ဝိုင်းထားခြင်းကလည်း စကြဝဠာကြီး (Universe)ကို တောင်စဉ်တောင်တန်းများနဲ့ ပင်လယ်၊ သမုဒ္ဒရာတွေ ဝန်းရံထားပုံကို တင်စားထားခြင်းပါတဲ့။ အခြားပြာသာဒ်တွေ၊ စမုတ်ဆောင်တွေက စကြဝဠာအတွင်း လှည့်လည်သွားလာနေကြတဲ့ နေ၊ လ၊ နက္ခတ်တာရာများကို ကိုယ်စားပြုလေသတဲ့။


www.burmeseclassic.com







မြင်းမိုရ်တောင်ကြီးကို ဒလက်သဖွယ်သုံးကာ နဂါးကြီးဖြင့်
ရစ်ပတ်လျက် နို့ခမ်းပင်လယ်အား မွှေခန်း ရုပ်ကြွများ





**ပထမပစ္စယာနတ်လမ်းနံရံများ (သို့မဟုတ်)**
**ကျောက်ထွင်း ပန်းချီ ပြခန်းများ**


မုခ်ဦးဆောင်ကို ဖြတ်သန်းပြီး မဝင်သေးဘဲ ပထမပစ္စယာပတ်လည်ရှိ ကျောက်ထွင်းရုပ်ကြွ နံရံပန်းချီများကို အရင်ဆုံးကြည့်ဖြစ်ခဲ့ပါတယ်။ ပထမဆင့်ကျောင်းပတ်လည်ကို လက်ယာရစ်လှည့်ကြည့်တဲ့အခါ ဝင်ပေါက်ကြီးဘေး ဘယ်ဘက်ခြမ်းမှာ လူနှစ်ရပ်လောက်မြင့်ကာ လက်နှစ်ဖက်ပြတ်နေတဲ့ ဗိဿနိုးနတ်မင်း ကျောက်ရုပ်တုကြီးကို အရင်ဆုံးတွေ့ရတယ်။ ရွှေထီးတစ်လက်မိုးကာ လက်မှာလည်း ရွှေသင်္ကန်းတော်တစ်စ ရစ်ပတ်ထားလို့ပါ။


ဆက်လက်ကြည့်ရှု လှေ့လာသွားတော့ ကျောင်းကြီးပတ်ပတ်လည်ရှိ ပထမပစ္စယာ နတ်လမ်းတစ်လျှောက် အလွန်မြင့်မားတဲ့ ကျောက်သားပြင်အတိပြီးတဲ့ နံရံများကို တွေ့ရတယ်။ ခြောက်ပေကျော်မျှရှိတဲ့ ဒီသဲကျောက်သားနံရံများ


www.burmeseclassic.com












နို့ဓမ်းပင်လယ်အားမွှေခန်း ရုပ်ကြွနံရံကြီး
ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ

အပြည့် အလွှန်လက်ရာမြောက်တဲ့ ကျောက်ထွင်း ရုပ်လုံးကြွပန်းချီများကို တွေ့ရပါတော့တယ်။ ဒီရုပ်ကြွလက်ရာတွေကို သဲကျောက်နံရံ လေးဖက်လုံးအပြည့် တစ်လက်မခန့်အနက် ခပ်တိမ်တိမ် (Bas Relief) ထွင်းထုပြသထားလေတော့ မျက်နှာပြင်တိုင်းဟာ ရုပ်ကြွပန်းပုပြခန်းကြီးများ (Bas Relief Galleries)နှယ် ဖြစ်နေပါတော့တယ်။ အခုံးနဲ့အခွက်ကိုသာ တစ်လှည့်စီ ထွင်းထုထားခြင်းပါ။ အချို့ရုပ်တုတွေဟာ ဟန်အနေအထား ကောင်းမွန်လှပြီး လူ့အရွယ်ထက်လည်း ကြီးကြတယ်။

ဒီကျောက်သားနံရံတွေရဲ့ အထက်မှာလည်း သဘာဝကျောက်တုံး ကျောက်သားတွေနဲ့ပဲ မိုးကာပေးထားကာ စင်္ကြံလမ်း ကြမ်းပြင်ကိုလည်း ကျောက်သားနဲ့ပဲ ခင်းထားတာပါ။ စင်္ကြံလမ်းတစ်ပိုင်းချင်းမှာ သရုပ်ဖော်ထားတဲ့ ဇာတ်ကွက်တွေကလည်း ပြောင်းသွားလေတော့ တစ်ပိုင်းစီကို ပြခန်း (Gallery) တစ်ခုချင်းအဖြစ် သဘောထားနိုင်တယ်။ ပြခန်းတစ်ခု စတိုင်းလည်း ထွင်းထုပြသထားတဲ့ ဇာတ်ကွက်များအလိုက် အကြမ်းဖျင်း ရှင်းလင်းချက်တွေ ရေးသားဖော်ပြကာ မှန်ပုံးလေးများနဲ့ ထည့်ပြထားတယ်။ ဒီတော့လည်း လာရောက်လေ့လာသူ ခရီးသည်များဟာ လမ်းညွှန်ပေးပါတဲ့တိုင်

www.burmeseclassic.com



အနောက်ဘက်ပေါ်ဘုရားကျောင်းမှ ငရဲခန်း ရုပ်ကြွကျောက်ထွင်းပန်းပုများ

ညည်သွန်းစာတန်းနဲ့ ပြခန်းအမည်များကို ကြည့်ပြီး ဘယ်အကြောင်းအရာကို ထွင်းထုထားတယ် ဆိုတာကိုတော့ ခန့်မှန်းနိုင်ပါရဲ့။

ထွင်းထုဖို့ ရွေးချယ်ထားတဲ့အကြောင်းအရာ (subject-matter)များဟာ ဟိန္ဒူ ဗြာဟ္မဏအယူ ပုံပြင်သရုပ်ဖော်ပုံများ၊ ဗိဿနိုးနတ်မင်းကြီးရဲ့ ဘဝဖြစ်စဉ်များ (Legends of Vishnu)၊ ရာမာယဏ (Ramayana)နဲ့ မဟာဘာရတ (Ma-habharata) ဇာတ်တော်များမှ ဇာတ်ကွက်များ၊ ဘုံခန်းနဲ့ ငရဲခန်းများက အများဆုံး ဖြစ်ပါတယ်။ ဒီတော့ ရုပ်တုအများစုဟာ ဟိန္ဒူ ဗြာဟ္မဏအယူနဲ့ ပိုမိုနီးစပ်နေလေရဲ့။

ဒါ့အပြင် ခမာ ဘုရင့်နိုင်ငံတော်ကြီးရဲ့ သမိုင်းဝင် စစ်ပွဲများကိုလည်း သရုပ်ဖော်ထားတဲ့ ထင်ရှားကျော်ကြားပြီး သူတဲ့ ရုပ်ကြွများလည်းရှိရဲ့။ ခမာဘုရင်ညီလာခံ ကျင်းပနေပုံလည်းရှိတော့ အုပ်ချုပ်သူ လူတန်းစားတွေအပြင် ခစားနေသူများလည်း ပါဝင်နေရာ ထိုခေတ် ထိုအခါက ဝတ်စားဆင်ယင်ပုံများကို မြင်တွေ့ လေ့လာနိုင်ပါတယ်။

ရှေးခမာတပ်မတော်ကြီးချီလာပုံ၊ ဆင်တပ်၊ မြင်းတပ်ပုံများကလည်း ပီပြင်လှတယ်။ ထွင်းထုထားတဲ့ ရုပ်ကြွပုံများစွာဟာ တစ်ပုံနဲ့တစ်ပုံ ဆက်နေတာမို့ များပြားလှစွာသော အခန်းဆက်လှုပ်ရှားမှု ကြီးကို တစ်ခုတည်းသော သံကြိုးကွင်းဆက်ကြီး (A single massive chain of movement)အဖြစ် တစ်ဆက်တစ်စပ်တည်း မြင်နေရပါတယ်။ ကျောက်သား တစ်ဆစ်တစ်ရံမှ မလပ်အောင်လည်း လူပုံ၊ လှေ-လှည်း-သင်္ဘော စတဲ့ ယာဉ်တွေ၊ နောက်ခံသစ်ပင်၊ ရေပြင် စတာတွေနဲ့လည်း ဖြည့်စွက်ထွင်းထုထားလေရဲ့။

ဒါ့အပြင် ကျောက်ဆစ် ပန်းပုဆရာ ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဝန်းလုပ်ဆောင် ထွင်းထုထားပေမယ့်လည်း တစ်ယောက်တည်းက ထုလုပ်ထားသလို လက်ရာညီနေတာကလည်း အံ့ဩစရာပါ။

ထိုပြခန်းများရဲ့ လက်လှမ်းမီရာနေရာများက ရုပ်ကြွပန်းချီတွေဟာ လူတွေကိုင်တွယ်ဖန်များလို့ ကြေးနက်ရောင်ထွက်ကာ ပြောင်လက်နေရဲ့။ တချို့ နေရာများမှာတော့ ရုပ်ကြွများဟာ အကွက်လိုက် ကွက်ကာ ရုပ်ပုံများမရှိတော့တာကိုလည်း တွေ့ရတယ်။ မသမာသူများ ခွာယူသွားကြသလား၊ မှောင်ခိုတွေ ခွာပြီး ရောင်းစားသလား။

ခမာနီတို့ လက်ထက်ကလည်း ဒီအနုလက်ရာတွေဟာ ပြည်သူလူထုကို တွေဝေထိုင်းမှိုင်းစေတယ်ဆိုပြီး ဖျက်ဆီးကြသေးတယ်။

ဝင်ပေါက်ရှိရာ အနောက်ဘက်ခြမ်းနံရံရဲ့ တောင်ဘက်ပိုင်းမှာတော့ ရာမာယဏဇာတ်တော် (Ramayana) ထဲက ထင်ရှားတဲ့ဇာတ်ဝင်ခန်း (Episode)များကို ပုံဖော်ထွင်းထုထားတာပါ။ ဒီခမ်းနားကြီးကျယ်ပြီး ထည်ဝါလှတဲ့ အိန္ဒိယမဟာကဗျာ ပုံပြင်ရှည်ကြီးဟာ ဗိဿနိုးနတ်မင်းကြီးရဲ့ ဘဝဟောင်းက ကိုယ်ပွားတစ်ပါးဖြစ်တဲ့ ရာမမင်းသားရဲ့ စွန့်စားခန်းများကို အသေးစိတ်ပြောပြနေတယ်။

အဲဒီမှာ ရာမဇာတ်တော်လာ လင်္ကာကျွန်းမှာ ဖြစ်ပွားခဲ့တဲ့စစ်ပွဲ (Battle of Lanka)တွေ၊ ဟာနုမန်မျောက်မင်းက လင်္ကာဒီပကျွန်းကို တိုက်ခိုက်ပုံတွေကို ဖော်ပြထားတယ်။ ရာမမင်းသားရဲ့တပ်တွေကလည်း ရာဝဏရဲ့ကျွန်းနိုင်ငံဖြစ်တဲ့ သီရိလင်္ကာမှာ ဒီဘီလူးမင်း အဓမ္မခိုးယူသွားပြီး အကျယ်ချုပ်ထားခဲ့တဲ့ ရာမမင်းသားရဲ့ ကြင်ရာတော် သီတာဒေဝီ (Sita)ကို ပြန်လည်ကယ်ယူနိုင်ဖို့ ရှာဖွေနေခဲ့လေရဲ့။

အနောက်တောင်ဘက်နံရံမှာ တွေ့ရတဲ့ ရုပ်ကြွပန်းချီတွေကတော့ ဟိန္ဒူ မဟာဘာရတ ဇာတ်တော်ထဲက ကောရဝ (Kaura-vas)နဲ့ ပဏ္ဍဝ (Pandavas)တို့ စစ်တိုက်နေဟန်လက်ရာများပါ။ အောက်ခြေအဆင့်မှာ ငယ်သားတွေတိုက်ခိုက်နေကြပြီး၊ ခေါင်းဆောင်တွေက ဆင်စီးပြီး တိုက်ခိုက်နေကြတယ်။ မြားပုံထဲ လဲကျသေဆုံးနေတဲ့ ခေါင်းဆောင်တစ်ဦးအနီးမှာ သက်ဆိုင်သူတွေ ငိုကြွေးနေကြပုံကိုလည်း ထုလုပ်ထားတာတွေ့ရတယ်။

## အိမ်နီးချင်း ချန်ပါနိုင်ငံသို့ စစ်ချီခန်း

တောင်ဘက် ကျောက်သားနံရံမှာတော့ အိမ်နီးချင်း ချန်ပါနိုင်ငံ (Champa)(ဗီယက်နမ်)သို့ စစ်ချီခန်းရုပ်ကြွများရှိနေပါတယ်။ ဒုတိယမြောက် သူရိယဝါမာန်မင်းကြီး ပုဆိန်ကိုင်ပြီး ဆင်စီးလျက် စစ်ချီလာဟန်ကို အရင်ဆုံးတွေ့ရတယ်။ ဘုရင်ကြီးကို ထီးတော်နဲ့မိုးပေးထားပြီး ယပ်တော်လည်း ဆက်သွင်းနေကြရဲ့။

Kurukshetra စစ်ပွဲမှာ စစ်ခေါင်းဆောင်တစ်ဦး သူ့ရဲ့နှစ်ဘီးတပ်စစ်ရထား (Chariot) ပေါ်မှာပဲ ကျဆုံးသွားပုံမြင်ကွင်းကလည်း အထူးပီပြင်လှရဲ့။ ခပ်တိမ်တိမ်ထွင်းထုထားတာပေမယ့် ခံစားချက်နဲ့ စစ်ပွဲအတိမ်အနက်ကိုပါ ပေါ်လွင်အောင် ထွင်းထုနိုင်တာဟာဖြင့် မယုံနိုင်လောက်အောင်ကို ပညာပါလှတယ်။

## နို့ဓမ်းပင်လယ်ကို မွှေ့ယူခြင်း

အရှေ့ဘက်နံရံရဲ့ တောင်ဘက်ပိုင်းမှာ ထုလုပ်ပြသထားမယ့် ရုပ်ကြွတွေကတော့ ဒဏ္ဍာရီဆန်လှတဲ့ ဗိဿနိုးပုံပြင်များအနက်က အလွန်ကျော်ကြားတဲ့ နို့ဓမ်းပင်လယ်ကို မွှေ့ယူခြင်း (The Churn-ing of the Ocean of Milk)ကို သရုပ်ဖော်ထားတဲ့ ပြကွက်တွေပဲ ဖြစ်လိမ့်မယ်လို့ ကိုယ်သိလိုက်ပါပြီ။ ဒီပြကွက်ကို "အရှေ့တောင်အာရှ အနုလက်ရာများ" စာအုပ်မှာ ကိုယ်ကြိုတင်ဖတ်ရှုခဲ့ပြီးမို့ စိတ်ဝင်စားစွာနဲ့ပဲ အဲဒီအရှေ့ဘက်နံရံဆီကို မျှော်လင့်တကြီး သွားရောက်ခဲ့ပါတော့တယ်။

ငယ်ချစ်ဦးနဲ့ ပြန်တွေ့ရသလိုကို ရင်ခုန်စွာနဲ့ အပြေးလေးသွားရောက်မိတာလို့ ပြောရရင်တောင် လွန်မယ်မထင်ပါဘူး။

ဒါပေမယ့် ထွေးညိုပြဇာတ်ထဲမှာ ဘကြီးမှုံပြောသလို "အလာကောင်းပေမယ့် အခါနှောင်းသွားပြီ" ဖြစ်သွားခဲ့လေရဲ့။ ခဲလေသမျှ သဲရေကျ။ ဒီပြကွက်ကို ထိန်းသိမ်းပြုပြင်ရေး (Conservation) လုပ်နေပါသဖြင့် ခေတ္တပိတ်ထားပါသတဲ့။ ကျောက်သားအမိုးပေါ်မှ မိုးရေများ အက်ကြောင်းများတစ်လျှောက် ယိုစိမ့်လာကာ ရုပ်ကြွများကို ဖျက်ဆီးပစ်မယ့် အန္တရာယ်မှ ကာကွယ်ရန် ဖြစ်ပါတယ်လို့ ရှင်းပြထားတဲ့ သတိပေး စာလေးပါ ကပ်ထားတာ တွေ့လိုက်ရပါတယ်။

ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်ရေး ရန်ပုံငွေအဖွဲ့ကြီး (World Monuments Fund Conservation Project)မှ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးနေခြင်းပါ။ ဒီ(WMF)အဖွဲ့ကြီးဟာ အန်ကောဝပ်ဘုရားကျောင်းကြီးမှာတော့ ဒီရုပ်ကြွပြကွက်ကို အထူးအလေးထားကာ ပြုပြင်နေလေရဲ့။

## နို့ဓမ်းပင်လယ်ကို မွှေ့ယူခြင်းပြကွက်

ဒီအရှေ့တောင်ဘက်စင်္ကြံက နို့ဓမ်းပင်လယ်ကို မွှေယူခြင်းပြကွက်ဟာ ဒီဘုရားကျောင်းကြီးမှာ အလွန်လက်ရာမြောက်လှတဲ့ ပြကွက်လို့ ကျော်ကြားပါတယ်။ အဲဒီမှာ သရုပ်ဖော်ထားတာက ဒီလိုပါ။

နတ်ဒေဝတာ (Devas) များနဲ့ အသူရာ နတ်ဆိုး (Asuras) တို့ဟာ နို့ဓမ်းပင်လယ်ထဲက ထွက်ပေါ်လာတဲ့

www.burmeseclassic.com

မြွေနဂါးကြီး ဝါသုကီ(Vasuki)ရဲ့ ကိုယ်လုံး ရှည်ရှည်ကြီးကို မြင့်မြတ်လှတဲ့ မန္တာလတောင်တော် (Mount Mandara)မှာ အထပ်ထပ် ရစ်ပတ်လိုက်ကြတယ်။ ဗိဿနိုးနတ်မင်းကြီးက လည်း ဧရာမ ကမ္ဘာလိပ်ကြီးသဏ္ဌာန် ဖန်ဆင်းပြီး မန္တာလ တောင်တော်ကို ထမ်းပိုးပေးထားတယ်။

ဒီမြွေနဂါးကြီးကို ကြိုးတစ်ချောင်းနှယ်သုံးပြီး နတ်များက အမြီး၊ အသူရာတို့က ခေါင်းဘက်မှ နေရာယူကာ လွန်ဆွဲသလို တစ်လှည့်စီ ဆွဲငင်ကြတယ်။ အဲဒီအခါမှာ ကမ္ဘာဦး နို့ဓမ်းပင်လယ်ပြင်ကြီးကို ဒလက်နဲ့ ပြင်းထန်စွာ မွှေပေးသလိုဖြစ်သွားတယ်။ တဖြည်းဖြည်းနဲ့ နို့ဓမ်းပင်လယ်ဟာ ပျစ်ခဲလာပါရော။ အဲဒီကမှ နောက်ဆုံးကျန်တဲ့ အနှစ်ဟာ အဖိုးတန်လှတဲ့ မသေဆေးရည်(Amrita)ပါပဲ။ ဒီလိုနည်းနဲ့ အမတ မသေဆေးကို ဖော်စပ်ယူခဲ့ကြလေရဲ့။ ဒါဟာ ဗိဿနိုး နတ်မင်းကြီး အာယုဒီယဆေးရည် ရခန်းပါပဲ။

ဒီလို အဖိုးတန်လှတဲ့ ခမာလက်ရာမွန် ရှေးခေတ် ရုပ်ကြွပြခန်းကြီး(Gallery)ကို ရှေးဟောင်း အနုလက်ရာ တန်ဖိုး မယုတ်လျော့စေရဘဲ ပြုပြင်ထိန်းသိမ်းနေကြတာပါ။ (WMF)အဖွဲ့ကြီးဟာ ခုလို ထိန်းသိမ်းရေးတွေ လုပ်ဆောင်ရာမှာ (APSARA Authority) အက်ပဆာရာ အာဏာပိုင်အဖွဲ့၊ ဂျာမန် (APSARA Conservation Unit) အဖွဲ့တွေနဲ့ လည်း ညှိနှိုင်းရင်း မူလဗိသုကာများကို မပျက်စီးရအောင် ပူးပေါင်းဆောင်ရွက်ရပါတယ်။

ခုလို စောင့်ရှောက်ထိန်းသိမ်းရေးလုပ်ရာမှာ မူရင်း ကျောက်တုံးတွေကို မှတ်တမ်းတင်ခြင်း၊ ပြကွက် အမိုးကျောက်တုံးများကို ခွာယူခြင်း၊ အရင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်စဉ်က သုံးခဲ့တဲ့ ဘိလပ်မြေများကို ပြန်ခွာထုတ်ခြင်း၊ ပျက်စီးနေတဲ့ ကျောက်တုံးဟောင်းတွေကို ပြုပြင်ခြင်း၊ ရှေးဟောင်း ခမာရေစီးရေလာစနစ်အရ အမိုးမှာ ထည့်သုံးထားခဲ့တဲ့ ကျောက်တုံးတွေကို ကြံ့ခိုင်အောင်ပြုလုပ်ခြင်း၊ ထိုအမိုးကျောက်တုံးတွေကို ပြန်လည်တပ်ဆင်ခြင်းများ ပါဝင်ပါတယ်။ ဒီလို ကျောက်တုံးတွေ ပြန်လည်တပ်ဆင်ရာမှာ ခဲပြားအလွှာပါးလေး (Lead Membrane)တွေကို အဆက်နေရာများမှာ ခံထားပေးမှာဖြစ်တယ်။ အစိုပြန်ပြီး ရုပ်ကြွတွေဆီ ရေစီးဆင်းမယ့် အန္တရာယ်က ကာကွယ်နိုင်ဖို့ပါ။

### မြွေလည်းရှောက်စေ၊ ဗျားလည်းစွဲစေ

ဒါပေမယ့် ကမ္ဘောဒီးယားနိုင်ငံရဲ့ ဇည့်သည်များအပေါ် အလေးထားမှု၊ အထူးဧည့်ဝတ်ကျေပွန်မှု၊ ဆွဲဆောင်နိုင်မှုတွေကို အံ့သြစွာ တွေ့လိုက်ရတယ်။ ဒီလို ပြုပြင်နေတဲ့အပိုင်းကို အရံအတား လုပ်ထားပေမယ့်လည်း ဆယ်ပေ နှစ်ကွက်စာလောက် အစွန်းလေးကိုတော့ ကြည့်ရှုခွင့်ပေးထားရဲ့။ အမြည်းသဘောပေါ့။

အဲဒီမှာ မြွေနဂါးကြီးအား ဝိုင်းဆွဲနေသူတွေကို အသေးစိတ် မြင်ရတယ်။ မြွေနဂါးရဲ့ ခေါင်းတွေ အများကြီးပါတဲ့ ဦးခေါင်းကို မွှေပိုက်ပြီး အားနဲ့ မာန်နဲ့ ဆွဲနေတဲ့ ခေါင်းဆောင်ကိုလည်း အသေးစိတ် ဖော်ပြထားတယ်။ အမြီးဘက်က ခြေကန်ပြီး ဆွဲနေတဲ့ခေါင်းဆောင်ကလည်း မာန်ပါလှရဲ့။ သူ့မျက်နှာကတော့ ရာမဇာတ်ထဲက ဘီလူးမျက်နှာမျိုးပါ။ သူပိုက်ထားတဲ့ မြွေနဂါးအမြီးဖျားဟာ သူ့ကိုယ်ကိုပတ်ပြီး သူ့ခေါင်းထက်မှာ တွန့်လိမ်ပျံ့ဝဲနေပါသေးတယ်။

မန္တာလတောင်ရဲ့ တစ်ဖက်နဲ့တစ်ဖက်မှာ ဆွဲနေကြသူတွေရဲ့ ခေါင်းဆောင်တွေ ဝတ်စားဆင်ယင်ပုံတွေကလည်း မတူကြပါဘူး။ အားလုံးကတော့ ခါးတောင်မြှောင်အောင် ကျိုက်ထားကြတယ်။ သူတို့ရဲ့လားရာနဲ့ အားပြုရာများကိုလည်း ဘက်မှန်စွာ ဖော်ပြထားနိုင်ပါရဲ့။ သူတို့ရဲ့နောက်မှာ မြင်းတပ်၊ ဆင်တပ်ကြီးတွေကိုလည်း မြင်ရတယ်။ ကကြိုးတန်ဆာလည်း အပြည့်အစုံပါပြီး စစ်ရထားတွေကလည်း အပီအပြင်ပါ။ တန်းစီပြီးရပ်နေကြတဲ့ စစ်သည်တွေမှာလည်း လက်နက်အင်္ဂါအပြည့် တပ်ဆင်ထားရှိပါတယ်။

အပေါ်ဘက် ကောင်းကင်ယံမှာ ခုန်ပေါက်အားပေးနေတဲ့ နတ်ဒေဝတာတွေလည်း ပါရဲ့။ မန္တာလတောင်ရဲ့ အောက်မှာတော့ တောင်ကြီးကို ထမ်းပိုးပေးထားတဲ့ ကမ္ဘာလိပ်ကြီးကိုလည်း မြင်ရတယ်။ ပင်လယ်ပျော် ရေသတ္တဝါတွေကိုလည်း မမေ့မလျော့ ထည့်ထားလေရဲ့။

ဒါ့အပြင် ဒီလိုပိတ်ထားတဲ့ပစ္စယာရဲ့ အောက်ခြေ မြေအပြင်မှာလည်း ပိတ်ထားတဲ့ပြကွက်ကို ဆေးရောင်စုံဓာတ်ပုံ ရိုက်ယူကာ ဒီအရွယ်အစားအတိုင်းကိုပဲ ဗီနိုင်း(Vinyl) ဘုတ်ကြီး ထောင်ပြီး ပြထားတယ်။

ဗီနိုင်းဘုတ်ကြီးဘေးမှာလည်း 'နို့ဓမ်းပင်လယ်ကို ဒလက်နဲ့ မွှေခြင်းပြကွက်' ကို ဘယ်လို ထိန်းသိမ်းနေတယ် ဆိုတာရှင်းလင်းချက်စာသားတွေ၊ ပုံတွေ နဲ့တကွ ဘုတ်ထောင်ကာဖော်ပြပေးထားပြန်ရဲ့။

ကိုယ်လည်း အသေးစိတ်မြင်ရတဲ့ နို့ဓမ်းပင်လယ်ပုံကြီးကို အနီးကပ် တဝကြည့်လိုက်တယ်။ ဒို့နောက်မှာတော့ ကြည့်လိုစိတ် အာသာပြေသွားကာ ဒီဘုတ်ကြီးတစ်လျှောက် ခင်းထားတဲ့ သစ်သားတံတားလေးကနေ လျှောက်လှမ်း ထွက်ခွာနိုင်ခဲ့ပါတော့တယ်။

### ဗန်ကောက် သုဝဏ္ဏဘူမိလေဆိပ်ထဲက နို့ဓမ်းပင်လယ်

ခရီးဖော်တွေကို အန်ကောဝပ်မှာတွေ့ခဲ့ရတဲ့ နို့ဓမ်းပင်လယ် မွှေယူခြင်း ရုပ်ကြွတွေအကြောင်း ပြောပြရင်း လျှောက်လာလိုက်တာ ဗန်ကောက် သုဝဏ္ဏဘူမိ လေဆိပ်ထဲက နို့ဓမ်းပင်လယ် သရုပ်ဖော်ရုပ်တုတွေကို လှမ်းမြင်နေရပါပြီ။ မိတ္ထီလာသူ စန္ဒာဝင်းက . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပဲ ဦးရေ၊ သမီးက အဲဒီလိုသမိုင်းကြောင်းတွေ တအားစိတ်ဝင်စားတာ၊ ခုနက ရုပ်တုတွေလှလို့သာ ဓာတ်ပုံတွေ ရိုက်ခဲ့ပေမယ့် ခုတော့ ကြည့်ရတာ အဓိပ္ပာယ်ပိုရှိတော့မယ်" တဲ့။

ကိုယ်က "အေး. . . ပြကွက်ကတော့ ကမ္ဘောဒီးယားနဲ့ ယိုးဒယား အတူတူပဲ၊ ဒါပေမယ့် ဟိုမှာက ရုပ်ကြွလို အပြားလိုက် သရုပ်ဖော်ထားပြီး ဒီမှာကတော့ ရုပ်လုံးနဲ့ ဖော်ပြထုလုပ်ထားတာ၊ သတိထားကြည့်ရမှာက နဂါးကြီးကို ဆွဲနေသူတွေဟာ တစ်ဖက်က နတ်ဆိုး၊ တစ်ဖက်က နတ်ဒေဝတာတွေ၊ နဂါးကြီးနဲ့ပတ်ထားတာက မြင်းမိုရ်တောင်၊ တောင်ကိုထမ်းပိုးထားတာက ကမ္ဘာလိပ်ကြီး" လို့ ထပ်မံသတိပေးလိုက်တယ်။

"ဟုတ်ပ၊ ဟိုမှာ ဟိုမှာ လိပ်ကြီးကိုမြင်ရပြီ၊ အမယ်လေး ခုနကတော့ နတ်ရုပ်တွေ ချောလွန်းလို့သာ ဓာတ်ပုံရိုက်ခဲ့တာ လိပ်ကို မမြင်ခဲ့ဘူး"လို့ အနားကိုရောက်လာပြီး အသေအချာ မြင်နေရလို့ ညီမငယ် တစ်ယောက်က သူ့အမျိုးတွေသလို ထအော်လိုက်ရဲ့။ လတ်လတ်ဖြူက . . .


"ဟော၊ သရုပ်ဖော်စာတန်းလဲ တွေ့ပြီ၊ ခုနက တကယ့်ကိုမမြင်ခဲ့တာ ဦးရဲ့၊ ကဲပါ ရှင်းပြလက်စနဲ့ သမီးတို့ကို တစ်ခါတည်း ဒီစာပါ ဖတ်ပြပေးပါ"တဲ့။

ကိုယ်လည်း ရှင်းလင်းချက်စာတန်းကို ဖတ်ပြလိုက်တယ်။ ခရီးဖော် ကိုမောင်မောင်က . . .

"ဟုတ်ပ၊ ဖတ်ကြည့်ပြီး သိလိုက်ရတော့ လေ့လာရတာ ပိုအရသာရှိသွားတယ်၊ လုပ်ပါဦး၊ သီရိလင်္ကာရောက်ရင်လဲ ကျွန်တော်တို့ကို ကြုံသလိုရှင်းပြပါဦး"လို့ ဆက်လက် တာဝန်ပေးတယ်။ စာသားကတော့ ဒီလိုပါ။

(Scene of The Churning of the Milk Ocean

This scene depicts the Vishnu Kurmavatara and the Churning of the Milk Ocean. The naga(the king of serpents), Vasuki, is curled around the mountain Mandara. Vishnu, incarnated in the form of a great turtle, supports the mountain on his back. Devas (demigods) and Asuras (demons) pull on the naga's body to churn the water of the ocean for thousands of years in order to produce the nectar of immortality, Amrita. From the churning, numerous opulent items are produced, including Dhanvantari carrying the pot of Amrita. In the end, the cooperation between Deva and Asura is shattered. The Devas, fullfill their plan of acquiring all Amrita, disperse the Asuras out of Heaven to the Underworld.)



ဗန်ကောက်လေဆိပ်ထဲမှ နို့ဝမ်းပင်လယ်ပြကွက်
· ရှင်းလင်းချက်စာသားများ

ခရီးဖော်တွေကို သွားရင်းလာရင်း ကူညီခွင့်ရတာ၊ ကိုယ် ဖတ်ရှုလေ့လာ သိရှိထားသမျှကို မျှဝေရတာတွေအတွက် ကိုယ်လည်း ကျေနပ်မှုဖြစ်မိပါတယ်။ တစ်လက်စတည်း သူတို့ကို ဓာတ်ပုံမှတ်တမ်းပါ တင်ပေးရလို့ အလုပ်လည်း ဖြစ်သွားပြန်ပါတယ်။

"ဟဲ့ ငါ့ကို မြင်းမိုရ်တောင်ပါအောင် ရိုက်ပေး" လို့ ခရီးဖော် ဒေါ်တင်ရီက ခိုင်းပြန်တယ်။ လတ်လတ်ဖြူက . . .

"သမီးက ခုန မသိလို့ မျက်နှာနီနီ အသူရာနတ်ဆိုးတွေနဲ့ တွဲရိုက်မိတယ်၊ ခုနတ်ကောင်းနတ်မြတ်တွေနဲ့ပဲ ရိုက်ပေးနော်"တဲ့။

စန္ဒာဝင်းကတော့ . . .

"သမီးကိုတော့ ဘီလူးတွေနဲ့ပဲ ရိုက်ပေး၊ ဒါမှ သမီးက ပိုလှမှာ"ဆိုပါလား။

ပြောင်းပြသား ကိုမောင်မောင်က တစ်မျိုး။

"ဟောဒီ ရှင်းလင်းချက် စာသားတွေပါအောင် ရိုက်ဗျာ၊ ဒါမှ ကျွန်တော်လဲ ကိုအေးလိုပဲ အိမ်ကျ ပြန်ဖတ်ကြည့်လို့ရမှာ"

"ခရီးသွားရင်း သီချင်းဆိုမယ် xxx စမ်းရေ စီးသလိုကွယ်" ဆိုတဲ့ မောင်ဝဏ္ဏရဲ့ "ခြေဖဝါးတော်နန်း" ထဲက သီချင်းတစ်စကိုပါ ဓာတ်ပုံတွေရိုက်ပေးရင်း ကိုယ့်ရင်ထဲမှာ ဆိုညည်းနေမိရဲ့။

❒ **ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)**

**စာကိုး**



* အဝေးသင်၊ အရှေ့တိုင်း ယဉ်ကျေးမှုပညာပို့ချချက်များ၊ တတိယနှစ်၊ ရန်ကုန်တက္ကသိုလ်။
* နေထွတ်၊ အန်ကောဝပ်၊ ဖန္ဒမ်းပင်နန်းတော်နှင့် ခမာတို့တိုင်းပြည်၊ စစ်သည်တော်စာပေ၊ ၂၀၀၂၊ ရန်ကုန်။
* အေးမောင်၊ ဗိုလ်၊ အရှေ့တောင်အာရှမည္ဘူးပန်းများ၊ စာပေဗိမာန်၊ ၁၉၇၉၊ ရန်ကုန်။
* E.Fisher, Robert - Buddhist Art and Architecture, Thames and Hudson, Singapore, 1996.
* Rawson,Philip - The Art of Southeast Asia, Cambodia-Vietnam-Thailand-Laos-Burma-Java-Bali, Thames and Hudson, London,1995.
* Siem Reap Anghor -Visitors Guide) (Marilia Albanese-Angkor, National Geographic Art Guide)






www.burmeseclassic.com

www.burmeseclassic.com



## ကျေးရူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မိလာဝါဂိုဏ်ကျောင်း မန္တလေးမြို့

ဦးချမ်းဗိုလ်ချုပ်ဗွေမာဂ်ရုံ၌ ဟောကြားခဲ့အတော်မူသော

# မိမိကိုယ်ကို သုံးသပ်ရန် သမ္မသနတရားတော်

(ယခင်လမှအဆက်)

စိတ်ကောင်းကောင်းရှိလို့ စားသောက်နေရတယ်တဲ့။ အမယ်လေး နိဗ္ဗာန်များ အသံတောင် မထည့်ဘူး (မှန်ပါ့)။ အသံတောင် မထည့်ပါဘူး ဒကာ၊ ဒကာမတွေက။ ကိုင်း. . ဒါဖြင့် ဒီခြောက်ခုကို မသာယာဘူးလား (သာယာပါတယ် ဘုရား)။ ဒါဖြင့် ဒီခြောက်ခုတည်းဟူသော ခင်ရာမင်ရာကြောင့် တဏှာလာပါတယ် (မှန်ပါ့ ဘုရား)။ ဒီတဏှာလာလို့ (ဒီခန္ဓာငါးပါး လာပါတယ်)။ ဒီခန္ဓာငါးပါး ဖြစ်လို့ (အို၊ နာ၊ သေတွေ လာပါတယ်ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီလိုလုပ်ကြစို့ရဲ့။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘယ်အတွက်ကြောင့် ပွင့်တာပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား (လိုပါတယ် ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတာသည် ဆုံးမသွန်သင်ဖို့ 'သာသတီတိသတ္တာ' ဆိုတဲ့အတိုင်း ဆုံးမ သွန်သင်ချင်လို့ ပွင့်လတာ (မှန်လှပါ ဘုရား)။ ဘယ်လိုကြောင့် ပွင့်လာတာပါလိမ့် (ဆုံးမသွန်သင်ချင်လို့ပါ ဘုရား)။ဆုံးမသွန်သင်ချင်လို့ ပွင့်လာတော့ ဘုရားက ဒီဘက်နားမှာ ဒကာ၊ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရပ်ပြီးသကာလ ဒီနားက နေပါတယ်တဲ့။ ခင်ရာမင်ရာ နားကနေပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရပ်နေတယ် (မှန်ပါ့ ဘုရား)။ ခင်ဗျားတို့ ပုထုဇဉ်မိုက်က တဏှာကို လက်ကိုင်ထားတယ် (မှန်ပါ့ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ပုထုဇဉ်မိုက်က ဘာကို လက်ကိုင်ထားပါလိမ့် (တဏှာ လက်ကိုင်ထားပါတယ် ဘုရား)။ တဏှာ လက်ကိုင်ထားတယ်၊ ပုထုဇဉ်မိုက်က တဏှာလက်ကိုင်ထားတော့ ဘုရားက ဒီနား က ရပ်နေတယ်။

ဟော့. . . ပုထုဇဉ်မိုက်၊ ဘဝများစွာ သံသရာက မင်း ကလည်း အငတ်တော့ ဘယ်တော့မှ မပြေခဲ့ဘူး။ ရောက်ရာ မျက်လုံး မင်းနား၊ မင်းနှာခေါင်း၊ မင်းလျှာ၊ မင်းကိုယ်၊ မင်းစိတ် တွေ မင်း ခင်လိမ့်မယ်။ ဘုရားက ဒီနားက ရပ်ပြောတယ်။

သူက ရောက်ရာမှာ ဒကာ၊ ဒကာမတွေ ခင်တတ် မင်တတ်တဲ့သဘော ပါတယ်၊ မပါဘူးလား (ပါပါတယ် ဘုရား)။ တဏှာသဘောက ဘာတဲ့ (ရောက်ရာမှာ ခင်တတ် မင်တတ်ပါတယ် ဘုရား)။ ရောက်ရာမှာ ခင်တတ် မင်တတ် တဲ့ သဘောပါသနော် ဒကာ၊ ဒကာမတို့ (မှန်ပါ)။ ကိုယ့်ကိုယ် ကလေး ဘယ့်နှယ်နေကြသတုံး (ခင်တတ်ပါတယ် ဘုရား)။

ဟ. . . ကိုယ့်ကိုယ်မှကိုယ်မခင်ရင် ခွေးလားလို့တောင် ပြောသေးတယ် (မှန်ပါ ဘုရား)။ မပြောဘူးလား (ပြောပါ တယ်)။ ကိုယ့်ကိုယ်ဆိုရင်ဖြင့် ခင်ကောင်းတယ်လို့ အောက် မေ့တယ် (မှန်ပါ ဘုရား)။ ဒကာ၊ ဒကာမတို့ ဘယ်လိုများ အောက်မေ့သလဲ (ခင်ကောင်းတယ်ချည်း အောက်မေ့ပါတယ် ဘုရား)။

မိုက်လိုက်တာ၊ တို့ငယ်ငယ်တုန်းကဆိုရင် ဒီအရွယ် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်တတ်ပြီ၊ ခင်တတ် မင်တတ် ပြီ၊ မင်းတို့များ မိုက်လိုက်တာ ရူးတုန်းရှိသေးတယ်၊ အစရှိ သည်ဖြင့် လူကြီးသူမတွေကလည်း ဒီလိုပြောချင်တာ ပြော နေတဲ့သဘောတွေကလည်း ဦးခင်မောင် မရှိဘူးလားဗျာ (ရှိပါတယ် ဘုရား)။ ကိုယ့်ကိုယ်ကိုယ် ခင်ရ မင်ရမှာလား ဒကာ၊ ဒကာမတွေရဲ့ သစ္စာသိရမှာလား (သစ္စာသိရမှာပါ ဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့ . . . ပုထုဇဉ်မိုက်၊ ဒါက တဏှာရှိတဲ့ ပုထုဇဉ်ပေါ့ဗျာ (မှန်ပါ)။ ဒီဖြူဖြူကလေးဟာ ဘာပါလိမ့် (တဏှာရှိတဲ့ ပုထုဇဉ်ပါ ဘုရား)။

တဏှာရှိတဲ့ ပုထုဇဉ်ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနားက ရပ်နေတယ်။ ဟောဒါတွေ ဟာကွာတဲ့ အနံ့လည်း ကောင်းပါတယ်၊ အရသာလည်း ကောင်းပါတယ်တဲ့၊ အရက်တွေပါပဲ၊ အနံ့ကောင်း အရသာ ကောင်း အရက်တွေပါပဲ။ သို့သော် ဒီအရက်တွေဟာ အဆိပ် နဲ့ ရောထားတယ် (မှန်ပါ)။

ဒီ အရက် ခြောက်မျိုးဟာ ဘာနဲ့ ရောထားသလဲ (အဆိပ်နဲ့ရောထားပါတယ်)။ အနံ့ကလည်း ကောင်းတယ်၊ အရသာကလည်း (ကောင်းပါတယ်)။ ရောတာက (အဆိပ်နဲ့ ရောထားပါတယ်)။

ပုထုဇဉ်မိုက် သွားမသောက်နဲ့၊ သွားသောက်လို့ရှိရင် မင်းသည်ကား သေရင်လည်း သေလိမ့်မယ်၊ မသေသော် မလှ တာ ဖြစ်လိမ့်မယ် (မှန်ပါ)။ ဘုရားက ဒါကြောင့် ဆုံးမချင်လို့ ဒီနား ပွင့်လာပါတယ်ဆိုတာ သဘောကျလား (ကျပါပြီ ဘုရား)။

ဘုရား ဘယ်နားပွင့်သတုံးဆိုတော့ ခင်ဗျားတို့ ခင်ရာ မင်ရာနားက နေပြီးသကာလ ပွင့်နေပါတယ် (မှန်ပါ)။ ဘုရား ဘယ်နားက ပွင့်ပါလိမ့် (ခင်ရာ မင်ရာနားကနေပြီး ပွင့်ပါ တယ်)။ ခင်ရာမင်ရာဆိုတဲ့ ခုနက အဇ္ဈတ္တိကာယတန ခြောက် ပါးနားကနေပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရော၊ အခု ဒကာ၊ ဒကာမတွေကို ဆုံးမနေတဲ့ ဆရာသမား တွေရော ဒီနားကနေ စောင့်နေတယ် (မှန်ပါ)။ ခင်ဗျားတို့ ကတော့ တွေ့ရာ ခင်တော့မယ်ဆိုတာ သိတယ် (မှန်ပါ ဘုရား)။ ခင်ဗျားတို့ကတော့ ဘာပါလိမ့် (တွေ့ရာခင်ပါတယ် ဘုရား)။တွေ့ရာခင်တော့မယ်၊ ခင်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမ တို့ တွေ့ရာကို စားလိမ့်မယ်၊ တွေ့ရာကို သောက်လိမ့်မယ် ဆိုတာနဲ့၊ ခင်လိမ့်မယ်ဆိုတာနဲ့ တစ်ထပ်တည်းလို့ မှတ်လိုက် စမ်းပါ (မှန်ပါ ဘုရား)။ တွေ့ရာ ခင်လိမ့်မယ်၊ တွေ့ရာ စား လိမ့်မယ် ဆိုတာသည် (တစ်ထပ်တည်းပါ ဘုရား)။

ဒါဖြင့်ဟော့ ပုထုဇဉ်မိုက်၊ မင်းက ဘဝသံသရာက သေ တာတောင်မှ သားပေါ် ခင်လျက်တန်းလန်း၊ သမီးပေါ် ခင် လျက်တန်းလန်း၊ ကိုယ့်ခန္ဓာပေါ် (ခင်လျက်တန်းလန်းပါ ဘုရား)။ ခင်လျက်တန်းလန်းနဲ့ သေလာတာ၊ မင်း ဒီဘဝလည်း ရောက်ရော မင်းခန္ဓာကြီး မင်းခင်ဦးမယ်ဆိုတဲ့ ဒီဒကာ၊ ဒီဒကာမတွေ သူ့မခင်ပေဘူးလား (ခင်ပါတယ် ဘုရား)။

အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနားရပ် ပြီး မင်းက အငတ်သေ သေလာတော့ ရောက်ရာမှာ မင်း ရထားတဲ့ အာယတနတွေ၊ ခန္ဓာတွေကို မင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အရမ်းသောက်လိမ့်မယ်။ အရမ်း စားလိမ့်မယ်။ အဆိပ်နဲ့ရောထားတဲ့ အရက်တွေကွလို့ ဘုရားက ဒီနားက စောင့်နေရှာတယ် (မှန်ပါ)။ သဘောကျပလား (ကျပါတယ်)။ ဘုရားက ခင်ရာ မင်ရာက စောင့်နေတယ်။

ပုထုဇဉ်မိုက် စားတော့မယ်၊ မျိုတော့မယ်၊ သိပ်တော့ မယ်ဆိုတဲ့ သဘောက ပုထုဇဉ်မိုက်မှာ ရှိပြီးသားဖြစ်နေတယ် (မှန်ပါ ဘုရား)။ ပုထုဇဉ်မိုက်မှာ စားမယ်၊ မျိုမယ်၊ သိပ်မယ် ဆိုတာ (ရှိပြီးသား ဖြစ်နေပါတယ်)။ ရှိပြီးသားဖြစ်နေတော့ ဘုရားက ဒီနားကနေပြီးသကာလ ကလေး တုတ်နဲ့စောင့်နေ သလိုပေါ့ဗျာ (မှန်ပါ ဘုရား)။ စောင့်ပြီးသကာလ ဒကာဝ နေရှာတယ် (မှန်ပါ)။ ဒကာသစ်ရေ ဦးမြရွှေတို့ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဒါတွေကို အဆိပ်နဲ့ရောထားတယ်ဆိုတော့ အဆိပ်နဲ့ ရောထားတော့ ခင်ဗျားတို့က ခင်မိ မင်မိ မျိုမိ သိပ်မိမယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုလို့ ရှိရင်ဖြင့်တဲ့ ဒကာ၊ ဒကာမတို့ ဒီအသေတွေ လာမလား၊ လာဘူးလား (လာပါတယ် ဘုရား)။ ဒီခန္ဓာ မရပေဘူးလား (ရပါတယ် ဘုရား)။ ဒီခန္ဓာရရင် ဒီအသေတွေက (လာပါတယ် ဘုရား)။

အဲဒါကြောင့် ဘုရားက ဒီနားရပ်ပြီးသကာလ ဒါတွေကို မျိုကောင်း သိပ်ကောင်းတဲ့သဘော မဟုတ်ဘူးပေ့၊ ခင်းတို့သည်ကားလို့ ဆိုလို့ရှိရင် မမျိုရ မသိပ်ရဘဲနဲ့ ဒီဥစ္စာကို အမှန်အကန် သိရှိမယ်တဲ့ (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတွေ ဒီခြောက်ပါး ဘာတဲ့ (အမှန်အကန် သိရမယ်)။ ပုထုဇဉ်ကတော့ မျိုချင် သိပ်ချင်တယ်နော် (မှန်ပါ့)။ ဘုရားကတော့ ဘယ်လို သိစေချင်သတုံး (အမှန်အကန် သိစေချင်ပါတယ် ဘုရား)။

ဘုရားကတော့ ဒါ အဆိပ်နဲ့ရောထားတဲ့ အရက်ကြီး မင်းသွားပြီးသကာလ တဏှာနဲ့ မျိုလိုက်လို့ရှိရင်ဖြင့် ဟောဒီ ခန္ဓာကြီး ရပါလိမ့်မယ်၊ ဒီခန္ဓာကြီးရရင် ဒီအသေပွဲကြီး မင်းနဲ့ရလိမ့်မယ် မဆိုဘူးလား (ဆိုပါတယ် ဘုရား)။

ဒကာဝရေ ဘုရားက ဒီနားက ပွင့်တယ်ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီ ဘုရား)။ ဘယ်နားက ပွင့်ပါသနဲ့ (ခင်ရာ မင်ရာနားက ပွင့်ပါတယ် ဘုရား)။ အင်း. . . ခင်ရာမင်ရာဆိုတဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဒွာရနေပြီးသကာလ အမြဲစောင့်နေလိမ့်မယ် (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ ပုထုဇဉ်မိုက်သည် ကားလို့ ဆိုရင်ဖြင့် ရောက်ရာမှာ အရမ်းခင်ပစ်တာပဲ (မှန်ပါ့ ဘုရား)။ ပုထုဇဉ်မိုက်က ဘာပါလိမ့် (ရောက်ရာမှာ အရမ်း ခင်ပါတယ်)။ ကိုယ့်ခန္ဓာလည်း ခင်လိုက်တာပဲ (မှန်ပါ့)။ ကိုယ် နဲ့ နီးစပ်တာတွေကော (ခင်တာပါပဲ ဘုရား)။

အို. . . ပုထုဇဉ်ဆိုတဲ့ဥစ္စာ ဒကာ၊ ဒကာမတို့ အငယ် ဖြစ်နေတော့ တွေ့ရာစား၊ တွေ့ရာသောက်ဆိုတဲ့ အဓိပ္ပာယ် ရောက်၊ မရောက် (ရောက်ပါတယ် ဘုရား)။ တယ်လည်းဆိုး တာလား (ဆိုးပါတယ် ဘုရား)။

အခု အိမ်ထောင်ရယ်လို့ ကျကြတဲ့ပုဂ္ဂိုလ်များ ဘာ တော်သလဲလို့မေးရင် ဘယ့်နှယ်ပြောကြမလဲ (ဘာမှ မတော် ဘူး ဘုရား)။ ဘာမှ မတော်ဘူးနော်၊ ဘာမှ မတော်တာကိုပင် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင် ခင်မိ၊ မင်မိ၊ မျိုမိကြတယ် ဆိုတာလည်း ပြောစရာ လိုသေးသလား (မလိုပါ ဘုရား)။

ယောက်ျားလုပ်တဲ့ ပုဂ္ဂိုလ်မှာလည်း ထို့အတူပဲ၊ မိန်းမ ဖြစ်တဲ့ ပုဂ္ဂိုလ်မှာကော (ထို့အတူပါပဲ ဘုရား)။

ထို့အတူပဲ ခင်မိ မင်မိ မျိုမိကြတာချည်းပဲ ဆိုရင်ကော လွဲသေးလား (မလွဲပါ)။ ဘာဖြစ်လို့ ဒီဥစ္စာ ဒီလိုဖြစ်ရသလဲ၊ ဒီ. . . ဘဝများစွာက တော်ပြီးသကာလ သေခဲ့တဲ့အတွက် တွေ့ရာတော့ဖြင့် သောက်မှာ မျိုမှာပဲ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ တွေ့ရာတော့ (သောက်မှာ ပါပဲ)။ သောက်မှာ မျိုမှာပဲဆိုတာ သေသေချာချာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အဲဒါကြောင့် အခု တရားတစ်ပွဲလုံး ဒကာ၊ ဒကာမ တွေမှာ အချို့အိမ်ထောင်မပြုတဲ့ပုဂ္ဂိုလ်ကလည်း မြေးကလေး တန်းလန်း ဟုတ်လား၊ တူမလေး တန်းလန်း၊ မွေးစားတာ ကလေးတန်းလန်း၊ ရောက်ရာမျိုထားတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

အိမ်ထောင်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ အို. . . ကိုယ့်ဟာ ထက်တော့ သူများဟာကို ဂရုမစိုက်နိုင်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ မျိုမယ်ဆိုပြီးတော့ မျိုနေတာပဲ (မှန်ပါ့ ဘုရား)။ အိမ်ထောင် ရှိတဲ့ ပုဂ္ဂိုလ်က ကိုယ့်ဟာကိုယ် မျိုတယ် (မှန်ပါ့)။ အိမ်ထောင် မရှိတဲ့ ပုဂ္ဂိုလ်က အငှားမျို မျိုတယ် (မှန်ပါ့ ဘုရား)။ ဘာပြု လို့တုံး (တော်လွန်းလို့ပါ ဘုရား)။

ဘယ့်နှယ်ဆိုကြမယ် (တော်လွန်းလို့ပါ ဘုရား)။ ဘယ် သူက တော်တာပါလိမ့်မလဲ (တဏှာက တော်တာပါ ဘုရား)။ တဏှာကတော်တယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရောက်ရာမျိုမှာစိုးတဲ့အတွက် ဟောဒါတွေဟာ ဟော့ အရက် တွေကွ၊ သို့သော် ဒီအရက်တွေဟာ အဆင်းလည်း ကောင်း ပါတယ်၊ အနံ့လည်း ကောင်းပါတယ်၊ သို့သော်လည်း အဆိပ် နဲ့ရောထားတာ၊ မင်း သွားမသောက်နဲ့တဲ့ (မှန်ပါ့ ဘုရား)။ ဘယ်သူက မှာရှာပါလိမ့် (ဘုရားက မှာပါတယ် ဘုရား)။ ခင်ဗျားတို့ကတော့ တွေ့ရင် ဘာဖြစ်ချင်သတုံး (သောက်ချင် ပါတယ် ဘုရား)။

သောက်ချင်တယ်၊ ခင်ချင်တယ်၊ မင်ချင်တယ်၊ မျိုချင် တယ်၊ သိပ်ချင်တယ် ဆိုတဲ့ သဘောဟာတော့ဖြင့် ခင်ဗျား တို့ ဘဝများစွာက တော်လာတော့ ဒီအတိုင်းပဲ ဒီအာရုံတွေ တွေ့လို့ရှိရင် တွေ့တာနဲ့ တစ်ပြိုင်နက်တည်း ခင်ဗျားတို့ သောက်မိ မျိုမိတာပဲ ဆိုတာကော သဘောပါကြပလား (ပါပါတယ် ဘုရား)။ တယ်ကြောက်စရာကောင်းပါလား ဒကာ၊ ဒကာမတို့ (ကောင်းပါတယ် ဘုရား)။ သဘောရောက် ကြပလား (ရောက်ပါတယ်)။ ဒါဖြင့် ဘုရားဘယ်နားကနေ ပွင့်ပါလိမ့်မတုံး (ခင်ရာ မင်ရာနားကပါ ဘုရား)။

ခင်ရာမင်ရာနားကနေပြီး ဘုရားက စောင့်နေတယ်။ ဟော့ ပုထုဇဉ်မိုက်၊ မင်း ရှေးဘဝကလည်း မဝဘဲနဲ့ တော်ပြီး သေခဲ့တယ်၊ မင်း ဒီဘဝလည်း အခု ရောက်ပြန်ပြီ၊ အခုရောက် တဲ့နေရာမှာ မင်းသည်ကားလို့ဆိုရင် အများတွေ လုပ်ဦးတော့ မယ် (မှန်ပါ့ ဘုရား)။ အဆိပ်နဲ့ရောထားတဲ့ အရက်တွေ မင်း သောက်ဦးတော့မယ် ဆိုပြီးတော့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ဒီကနေ စောင့်နေတယ် (မှန်ပါ့)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာ တဲ့အခါကျတော့ ဒီတရားတွေကို အဆိပ်နှင့်ရောထားတာ၊



www.burmeseclassic.com

www.burmeseclassic.com

ဒါတွေကို ခင်လိုက်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေ စဉ်းစားကြည့်၊ ကိုယ့်မျက်လုံးကလေး ကိုယ်ခင်လို့ရှိရင် တဏှာမလာ ဘူးလား (လာပါတယ် ဘုရား)။ တဏှာလာရင် ဥပါဒါန်ကော (လာပါတယ် ဘုရား)။ ကံကကော (လာပါတယ် ဘုရား)။

ဟော. . . ဇာတိဆိုတဲ့ ခန္ဓာငါးပါး (လာပါတယ် ဘုရား)။ ဇရာ မရဏဆိုတဲ့ အိုပွဲ၊ သေပွဲ (လာပါတယ် ဘုရား)။ မလာပေဘူးလား (လာပါတယ် ဘုရား)။ ဒါဟာ မျိုမိလို့ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒီဟာ မျိုမိတဲ့အတွက် တဏှာနဲ့ မျိုလိုက်တဲ့အခါကျတော့ မျိုတာက တဏှာ၊ စွဲလမ်းတာက (ဥပါဒါန်ပါ)။ အားထုတ်တာက (ကံပါ ဘုရား)။ ကံကနေ ပစ်ချလိုက်တော့ ဘာတွေ့ရသလဲ (ခန္ဓာငါးပါး ရပါတယ် ဘုရား)။

ခန္ဓာငါးပါး ရတော့ ဘာပွဲတွေ ခွဲရမလဲ (အို၊ နာ၊ သေ ပွဲတွေ ခွဲရပါတယ်)။ အို၊ နာ၊ သေပွဲတွေ မခွဲရဘူးလား (ခွဲရပါတယ် ဘုရား)။ သောက်မိလို့ ဖြစ်ရတယ် (မှန်ပါ့)။ ဒီဟာတွေ ခင်မိ မျိုမိ သောက်မိလို့ ဖြစ်ရတယ် (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အာယတန ခြောက်ပါးကို ခင်မိ မျိုမိ သောက်မိတဲ့အတွက် ဒကာ၊ ဒကာမတွေ တဏှာ၊ ဥပါဒါန် ကံတွေ ပေါ်လာပြီးသကာလ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးကော ပေါ်မလာသေးဘူးလား (ပေါ်လာပါတယ် ဘုရား)။

ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း သူကနေ အညွန့်အညောက်တွေ ပေါ်လာလိုက်တာ အို၊ နာ၊ သေ အညွန့်တွေ ပေါက်လာတယ် (မှန်လှပါ ဘုရား)။ ဘာတွေများ ပေါက်လာသလဲ (အို၊ နာ၊ သေ အညွန့် အညောက်တွေ ပေါက်လာပါတယ် ဘုရား)။

ဩော်. . . အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ရှေ့ ဘာအညွန့်တွေများ ပေါက်ကြမှာပါလိမ့် (အို၊ နာ၊ သေ အညွန့်တွေ ပေါက်မှာပါ ဘုရား)။ အို၊ နာ၊ သေ အညွန့်တွေ ပေါက်တော့မယ်၊ ခန္ဓာကြီးတာလေ (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီခန္ဓာကြီးဟာ အို၊ နာ၊ သေ အညွန့်တွေ ပေါက်ပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ စဉ်းစားကြည့်တဲ့၊ ဒီမိမိတို့ ခင်ရာမင်ရာကို မျိုမိ သိပ်မိလို့ (မှန်ပါ့)။

ဦးခင်မောင်ရေ ဘာတဲ့ (မျိုမိ သိပ်မိလို့ပါ ဘုရား)။ မျိုမိ သိပ်မိတာက တဏှာပေါ့ဗျာ (မှန်ပါ့)။ စွဲလမ်းတာက (ဥပါဒါန်ပါ)။ အားထုတ်တာက (ကမ္မဘဝပါ ဘုရား)။ အားထုတ်တော့ ဘာတွေရသလဲ (ခန္ဓာငါးပါး ရပါတယ် ဘုရား)။

ခန္ဓာငါးပါး ရတော့ကို ဒကာ၊ ဒကာမတို့ ဘာအညွန့်တွေ ပေါက်လာသလဲ (အို၊နာ၊သေ အညွန့်တွေ ပေါက်ပါတယ်)။ အို၊ နာ၊ သေ အညွန့်တွေ ပေါက်လာတော့ ဩော်-

ဒါဟာ အမျိုမှားပဲ အသိပ်မှားပဲ (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။ ရှင်းပြီနော် (ရှင်းပါပြီ)။ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဒီနားကနေပြီး ပွင့်နေတယ် ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

မင်းတို့သည်ကားလို့ဆိုရင် ဘဝများစွာက အငတ်သေလာတယ်။ အခု ရောက်ရာခန္ဓာကြီးကို မင်းတို့ ခင်လိမ့်ဦးမယ်။ ခင်ရင် အနာဂတ်ခန္ဓာကြီး ရမယ်၊ ရရင် အို၊နာ၊သေ အညွန့်တွေ ပေါက်မယ်၊ ဒါတွေ ဘုရားက သိပ်မစိုးရိမ်ဘူးလား (စိုးရိမ်ပါတယ် ဘုရား)။ ကဲ . . . ဘုရားက စိုးရိမ်တော်မူတာကော ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဩော်. . . ဘုရား ဘယ်နားပွင့်ပါလိမ့် (ခင်ရာ မင်ရာနား ပွင့်ပါတယ် ဘုရား)။ ခင်ဗျားတို့ကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ပွင့်တယ် အောက်မေ့မှာပေါ့ဗျာ (မှန်ပါ့)။

မဟုတ်ပါဘူး ဒကာ၊ ဒကာမတို့၊ ကိုယ်တော်မြတ်ကြီးက ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာတော့ သူထိုင်တော့ ထိုင်ပါတယ်တဲ့၊ ခင်ဗျားတို့ တရားဟောတဲ့အခါ ဒီပလ္လင်ကြီးပါ ပါလာသလား (မပါပါ ဘုရား)။ မပါပါဘူး၊ ဒကာ၊ ဒကာမတို့ ဒီပလ္လင်ကြီး မပါပါဘူး။ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ဒါတွေကို ဝိပဿနာအရှုခိုင်းတာ (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။

ခင်ဗျားတို့ သန္တာန်ရှိတဲ့ ဒီစက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတွေကို ဘာအလုပ်ခိုင်းသတုံး (ဝိပဿနာအရှုခိုင်းပါတယ် ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအလုပ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနေရာက စောင့်နေတဲ့ ကိုယ်တော်မြတ်ကြီး အစစ်ပါပဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။ အင်း. . . ဟင် အာယတနခြောက်ပါးနားက ကိုယ်တော်ကြီး ဘာလုပ်နေပါလိမ့် (စောင့်နေပါတယ် ဘုရား)။ စောင့်နေတယ်၊ ပုထုဇဉ်မိုက်က ဘာစိတ်ကူးနေသတုံး၊ မျိုမလို့ (မှန်ပါ့)။

မျိုမလို့ သိပ်မလို့ စိတ်ကူးနေတဲ့အခါ ဘုရားက ဟော့ . . . ပုထုဇဉ်မိုက် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတို့သည်ကားလို့ ဆိုရင်ဖြင့် အဆင်းလည်း ကောင်းပါတယ်၊ အနံ့လည်း ကောင်းပါတယ်၊ သို့သော် အဆိပ်နဲ့ရောထားတဲ့ အရက်တွေကွ၊ သွားမသောက်နဲ့၊ သေရင်လည်းသေ၊ မသေသော် မလှမပ ဖြစ်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဘုရားက ဒီအနားရပ်ပြီး ပွင့်တယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ဒါဖြင့် ဘုရားပွင့်တဲ့ နေရာဌာန သိပါပြီ (မှန်ပါ့ ဘုရား)။ အိန္ဒိယမှာ ရှင်းပလား၊ ဘယ်နားမှာ ပွင့်ပါလိမ့် (ခင်ရာ မင်ရာနားမှာ ပွင့်ပါတယ်)။ ခင်ရာမင်ရာနားက ဒီနေရာကနေ ဟောလိုက်တာလား (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ရာ မင်ရာနားကနေ ပွင့်တော့ ခင်ဗျားတို့ တချို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်ကားလို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် တာဝတိံသာ သွားဟောတာလည်း ဒီဟာတွေ မသောက် မမျိုမိအောင် ဟောတာပဲ (မှန်ပါ့)။

အို. . . ဗြဟ္မာပြည်သွားပြီး ဗကဗြဟ္မာကြီး သွားဟောတာလည်း ဒါတွေ မသောက် မမျိုမိအောင် ဟောတာပါပဲ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

မိဂဒါဝုန်တောမှာ ပလ္လင်မပါဘဲနဲ့ ဓမ္မစကြာတရားကြီး ဟောတော့လည်း ဒီနားကနေ ဟောတာပဲ (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ အဲဒီတော့ ပွင့်တဲ့နေရာကတခြား ဟောတဲ့နေရာက တစ်ဖုံပေါ့ဗျာ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။ ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာလည်း အခု ဆရာသမားတွေရော၊ ဘုန်းကြီးများရော အားလုံးပေါ့ဗျာ၊ ဒီနားက စောင့်နေတာပဲ (မှန်လှပါ ဘုရား)။

ဒီနားက စောင့်နေတော့ ခင်ဗျားတို့က ခင်ဗျားတို့ခန္ဓာကိုယ်ကြီးကို ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ အသက်ပေါင်းရာကျော်ရှည်ပြီးသကာလ စည်းစိမ်ဥစ္စာ ရတနာ၊ သားသမီးတွေ၊ အခြွေအရံတွေနဲ့ နေပါရစေဆိုပြီး ကိုယ့်ခန္ဓာကြီးကို တစ်ခါတည်း ပုတီးကလေး စိပ်ကာ စိပ်ကာနဲ့ ထင်နေလိုက်တဲ့အခါ ဘာတွေ တွေ့သလဲ။ ပုတီးကတခြား ထင်တာက တခြားကိုးဗျ (မှန်ပါ့)။

ပုတီးကလေး စိပ်ပြီးသကာလ အဟံ အဝေရော ဟောမိ၊ ဒီခန္ဓာကြီး ကျန်းမာပါစေ၊ ကိုယ်လည်း ကျန်းမာပါစေ ကိုယ့်သားသမီးလေးတွေကော (ကျန်းမာပါစေ)။ အိုအောင် မင်းအောင် ပေါင်းရပါစေ (မှန်ပါ့)။

အိုအောင် မင်းအောင် ပေါင်းရပါစေဆိုတော့ ဘာတွေလာသတုံး (တဏှာပါ ဘုရား)။ တဏှာလာပြီ တဲ့။ အကြောင်းက ရိုးရိုးလား၊ သူပေါင်းချင်တာက အရေးကြီးတာလား (သူပေါင်းချင်တာက အရေးကြီးတာပါ ဘုရား)။

အဲဒါဖြင့် မေတ္တာထဲမှာ တဏှာရောနေတာ သူသိလိုက်သေးသလား (မသိပါ ဘုရား)။ အဲဒါကြောင့် ရောဂေါ မေတ္တာယ ဝဍ္ဎတိ၊ ရောဂေါ - ရာဂသည် (ဝါ) ခင်မှု ရာဂသည်၊ မေတ္တာယ - မေတ္တာလိုလိုနဲ့၊ ဝဍ္ဎတိ - လှည့်စား၏။

ရာဂက ဘာလိုလိုတဲ့ (မေတ္တာလိုနဲ့) မေတ္တာလိုလိုနဲ့ ရာဂက လုပ်ပစ်လိုက်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဒီခန္ဓာကြီးနဲ့ ဘာတုံး၊ အိုအောင် မင်းအောင် နေရပါလို၏၊ ဒါမှ သားသမီးတွေနဲ့လည်း မခွဲမခွာရမည့် အဓိပ္ပာယ်မပါဘူးလား (ပါပါတယ် ဘုရား)။

အဲဒါကြောင့် ကိုယ့်ခန္ဓာကိုယ် မေတ္တာပို့တဲ့အခါ မျိုးရိုး က ကျွယ်လာတယ် (မှန်ပါ့)။ သားတွေ၊ သမီးတွေ၊ ခင်ပွန်းတွေနဲ့ မခွဲချင်တဲ့ စိတ်ကလေးကလည်း ပါသေးတယ် (မှန်ပါ ဘုရား)။ ဒါဖြင့် ဒါတော့ မခွဲချင်တာက တဏှာ ဟုတ်လား။ ကြိုက်အသံက မေတ္တာ၊ မခွဲချင်တာက (တဏှာပါ ဘုရား)။ ကြိုက်အသံက (မေတ္တာပါ ဘုရား)။

အဲဒါကြောင့် ရာဂေါမေတ္တာယ ဝဍ္ဎတိ၊ ရာဂေါ၊ ရာဂ ဆိုတဲ့ တရားက မေတ္တာယ - မေတ္တာလိုလို၊ ဝဍ္ဎတိ သူက နေပြီးသကာလ မေတ္တာလုပ်နေ၏တဲ့ (မှန်ပါ့)။ လုပ်သာလုပ်နေ၏၊ မေတ္တာမဟုတ်ဘူးတဲ့ (မှန်ပါ့ ဘုရား)။ ဘာပါလိမ့် (ရာဂပါ ဘုရား)။ ရာဂတဏှာပဲတဲ့ (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘာတဲ့တုံး (ရာဂတဏှာပါ ဘုရား)။ အဲဒီတော့ မေတ္တာပို့ကလေး ရှင်းရှင်းကလေးတော့ လုပ်ကြပါလို့ တောင်းပန်ပါရစေနော် (မှန်ပါ့)။ မေတ္တာပို့တဲ့အခါ ဘယ်လိုပါလိမ့် (ရာဂ မပါရပါ)။ တဏှာမပါစေပါနဲ့၊ ရာဂမပါစေနဲ့ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကျုပ်ဖြင့် ခင်လွန်းလို့ မေတ္တာကိုပို့နေတာဆိုရင် သွားပြီဒီဥစ္စာ မသွားသေးဘူးလား (သွားပါပြီ ဘုရား)။ ခင်တာက ဘာပါလိမ့် (တဏှာပါ ဘုရား)။ မေတ္တာပို့တာက မေတ္တာ (မှန်ပါ့ ဘုရား)။ မေတ္တာတို့ ကရုဏာတို့က တခြားမဟုတ်လားဗျာ (မှန်ပါ့ ဘုရား)။

အင်း. . . ဟင် တခြားပေမယ့် ခင်ဗျားတို့က ဘယ်သူ့အပို့များသတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ပြောကြမလဲ (တဏှာအပို့များပါတယ်)။ ခင်ရာ မင်ရာပို့တယ် (မှန်ပါ့)။ သွားပါပြီ ခင်ဗျားတို့မေတ္တာဟာ ဒါကြောင့် မစူးတာ (မှန်ပါ့ ဘုရား)။ ရှင်းကြလား (ရှင်းပါပြီ)။

ရာဂေါ မေတ္တာယ ဝဍ္ဎတိ ဆိုတဲ့အတိုင်းတဲ့။ ရာဂေါ - ရာဂသည်၊ မေတ္တာယ - မေတ္တာလိုလိုနှင့်၊ ဝဍ္ဎတိ -သတ္တဝါသန္တာန်မှာ အပို့ခိုင်းပြီ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာနဲ့ ပို့နေကြတာလဲ (တဏှာနဲ့ပါ ဘုရား)။ တဏှာနဲ့ပို့နေကြတာ။ ခင်ဗျားတို့ အထက်ကလည်း ကျုပ်ဖြင့်ဗျာ အိမ်မှာ လူတွေ မမာတာသာ မြင်ရတာပဲ၊ မေတ္တာ အမြဲပို့နေတယ်၊ အံမာ အိမ်တော့ လူမမာဘူးတဲ့၊ မေတ္တာကတော့ အမြဲပို့နေတယ်၊ ဒီမေတ္တာတွေ ဘယ်ရောက်ကုန်ပါလိမ့်မတုံးတဲ့။ ခင်ဗျားတို့က မေတ္တာများ စိတ်ဆိုးနေလိုက်သေးတယ် (မှန်ပါ့)။

မေတ္တာလား၊ တဏှာလား (တဏှာပါ ဘုရား)။ ဟာ တဏှာဖြင့် မကောင်းကျိုးပေးမှာပေါ့ (မှန်ပါ့ ဘုရား)။ မေတ္တာဖြစ်ရင် (ကောင်းကျိုးပေးရမယ်)။ သဘောကျပလား (ကျပါပြီ ဘုရား)။ အဲဒီမှာ ခင်ဗျားတို့ စစ်စစ်ကလေးဖြစ်အောင် လုပ်ပါဆိုတာကိုတဲ့ ဒီကြားညှပ်ပြီးသကာလ ဒီစကားကို အသုံးပြုပြီးပေးလိုက်ပါတယ်ဆိုတာလည်း မှတ်လိုက်စမ်းပါနော် (မှန်ပါ့ ဘုရား)။

ကဲ. . . ဒကာ၊ ဒကာမတို့ ဘုရားပွင့်တဲ့နေရပ် သိပါသလား (သိပါပြီ ဘုရား)။ ဘယ်နားကနေ ပွင့်သလဲ (ခင်ရာမင်ရာနားကနေ ပွင့်ပါတယ် ဘုရား)။


(ဆက်ရန်)

❒ ဓမ္မဒီပ



www.burmeseclassic.com

www.burmeseclassic.com



မြင်းမထိတောင်တွင် မြတ်စွာဘုရားဒေသစာရီ ကြွချီတော်မူပုံ

# မြင်းမထိတောင်

## မင်းဆက်ပိုင်

အစီအရီသွယ် ရှမ်းတောင်တန်းတွေကြားမှာ၊
ဆွေညီရယ် အတူတူသွားကြတယ်၊
မြတ်ဘုရားစိတ်ရည်၊
မြင်းမထိတောင်ဆီ။

*

အိမ်ပြန်ကြစို့လား ဂျိမ်းရေ ဆိုတဲ့ ဆရာမောင့်တင်မြရဲ့ ဝတ္ထုလေးကို သတိရမိလိုက်ပါတယ်။ တောင်ကြီးခရီးစဉ်မှာ မြင်းမထိတောင်ကို သွားတာ နောက်ဆုံးခရီးစဉ်ပါ။ အဲဒီခရီးစဉ်ပြီးရင် အင်မတန်မှ ခရီးသွားတာ ဝါသနာပါတဲ့ သမီးနှစ်ဦးကို အိမ်ပြန်ကြစို့လား သမီးရေလို့ ပြောချင်တာပါ။

ဒီတစ်ခါ သွားရတဲ့ တောင်ကြီးခရီးစဉ်ဟာ မိတ္ထီလာအရေးအခင်းနဲ့ တိုက်ဆိုင်နေတာမို့ ရင်တထိတ်ထိတ်ပါပဲ။ ရွှေဆိုင်မှာ စကားများ ရန်ဖြစ်ရာကနေ မြို့ပျက်မတတ် အရေးအခင်းကြီး ဖြစ်သွားတာဟာ ဖြစ်သင့်ရဲ့လားဆိုတာ ကျွန်တော်တွေးမိပါတယ်။

ကျွန်တော်တို့ဆီမှာ တရားဥပဒေအသိတွေရှိအောင် စည်းကမ်းရှိအောင် အများကြီးလုပ်ဖို့ လိုနေသေးတယ်ဆိုတာ အရေးအခင်းတွေက ညွှန်ပြနေသလိုပါပဲ။ နောက်ပြီး သည်းခံနိုင်တဲ့ ယဉ်ကျေးသူ နည်းပါးလာတယ်လို့လည်း ထင်မိပါတယ်။ အဲဒါကြောင့်လည်း ဆတ်ဆတ်ထိမခံတဲ့ ယဉ်ကျေးမှု ဖြစ်ပေါ်နေတာပါ။ တစ်ယောက်နဲ့ တစ်ယောက် မှားသွားရင် တုတ်ဆွဲ၊ ဓားဆွဲနဲ့ အင်အားသုံးသူတွေ များလာပါတယ်။ ကိုယ့်အချင်းချင်း ကောင်းတူဆိုးဖက် ခံစားကြမယ်ဆိုတဲ့ အသိတရားတွေ လျော့ပါးလာတော့ တရားဥပဒေ စိုးမိုးရေးကို ပြည့်ပြည့်ဝဝ တည်ဆောက်လို့မရဘူး ဖြစ်နေပါတယ်။ အဲဒီလို ဖြစ်တာများလာရင် ကျွန်တော်တို့ နှစ်ပေါင်းများစွာကတည်းက မျှော်မှန်းထားတဲ့ ဒီမိုကရေစီ နိုင်ငံတော်ဆိုတာ ပျောက်ဆုံးသွားနိုင်ပါတယ်။

အဲဒီအတွက် ကျွန်တော်တို့ သတိထားရပါမယ်။ ကျွန်တော်တို့ အဖွဲ့လည်း သွားသတိ၊ လာသတိ၊ စားသတိနဲ့ လေးရက်မြောက် နောက်ဆုံးခရီးစဉ် မြင်းမထိတောင်ကို ရောက်လာပါပြီ။

"မြတ်မိမ္မေတော်အစစ်၊ ကြည့်သော်ထင်ရှား၊ ကြီးသားမြင်ထင်၊ ဝေးကမြင်၏"

မြင်းမထိပေစာအရ ဥဏ္ဏာလုံမွေတော်ဓာတ် ထည့်သွင်းပူဇော်ထားပြီး သဘာဝလိုဏ်ဂူဘုရား ရှိတဲ့နေရာ ဖြစ်ပါတယ်။ သီရိဓမ္မာသောကမင်းကြီးက တည်ထားတယ်လို့ ဆိုပါတယ်။


သီရိဓမ္မာသောကမင်းကြီးလို့ ဆိုပေမယ့် အရင်းစစ်လိုက်ရင် သူလည်း လူသားတစ်ဦး ဖြစ်ပါတယ်။ သူ့ခေတ်သူ့အခါအရ ရှင်ဘုရင်တစ်ဦးဦးရဲ့ သားတော်ဖြစ်မှာ အသေအချာပါ။ သို့သော်လည်း ရှင်ဘုရင်ဖြစ်ထိုက်သူ၊ လူတကာတို့ထက် ထူးခြားသူ၊ သတ္တိရှိသူ၊ ဉာဏ်ပညာရှိသူ ဆိုတာ ငြင်းလို့မရပါဘူး။ အဲဒီအရည်အချင်းတွေ မရှိရင်လည်း ရှင်ဘုရင်လို့ ခေါ် ထိုက်မှာ မဟုတ်ပါဘူး။






www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဖိုလ်ဝင်ဂူ
ရာစုနှစ်အလိုက်ဘုရားများ



မြင်းမထိတောင်အဝင်ဝကို
တွေ့ရစဉ်

ဒီနေရာမှာ ဆရာဇော်ဂျီရဲ့ "ပြည်ကြီးဘာယာ" ဝတ္ထုကို သတိရမိလိုက်ပါတယ်။ ၁၉၃၄ ခုနှစ်လောက်က ရေးခဲ့တယ်လို့ ဆိုပါတယ်။ ပြည်ကြီးဘာယာဝတ္ထုမှာ ဘာယာပြည့်ရှင်ဟာ အရည်အချင်းရှိသူ မဟုတ်ပါဘူး။ ဖခင်က ရှင်ဘုရင်ဖြစ်လို့ အချိန်တန် နန်းတက်လာရသူပါ။ မိဖုရားတွေနဲ့သာ အချိန်ကုန်နေပြီးတော့ တိုင်းရေး ပြည်ရေးကို ထိထိရောက်ရောက် စွမ်းဆောင်နိုင်သူ မဟုတ်ပါဘူး။

ဘုရင်အပါးမှာ ခစားနေကြတဲ့ ဝန်ကြီး၊ အမတ်များမှာလည်း မင်းအလိုလိုက် မင်းအကြိုက်ဆောင်ပြီး ညာဝါးဖြီးဖြန်းနေကြသူတွေပါ။

အဲဒီဇာတ်လမ်းလေး ဆက်မပြောခင် မြင်းမထိတောင်အကြောင်းလေး နည်းနည်းပြောချင်ပါတယ်။ မြင်းမထိတောင်ဟာ ကလောမြို့ရဲ့ အရှေ့တောင်ဘက် လေးမိုင်အကွာမှာ ရှိတာပါ။ တောင်က မြင့်မားလှပါတယ်။ ရှေးလူကြီးတွေ ပြောတာကတော့ တောင်ခြေနားမှာ အင်မတန်မှ ထွားကျိုင်းတဲ့ မြင်းလေးကောင်ဟာ ရွာသူရွာသားတွေ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေကို လာရောက်စားသောက်တာ ဘယ်လိုမှ မောင်းထုတ်လို့ မရပါဘူး။ အဲဒါကြောင့် မြင်းမထိဘုရားရဲ့ ဒုတိယ ဒါယကာဖြစ်တဲ့ အနော်ရထာမင်းကြီးဆီကို အကူအညီတောင်းရာမှာ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး သူရဲကောင်း လေးဦးကို စေလွှတ်ပြီး ဖမ်းခိုင်းလိုက်ပါတယ်။ ကျန်စစ်သားက မြင်းကိုဖမ်းပြီး တောင်ကို ခုန်ကျော်လိုက်လို့ မြင်းမထိတောင်ဆိုပြီး ယနေ့တိုင် ခေါ်ဆိုနေတာလို့ လူကြီးသူမများက ပြောဆိုကြပါတယ်။ စောစောက ဘာယာပြည့်ရှင်ဇာတ်လမ်းလေး ပြန်ဆက်ချင်ပါတယ်။ အဲဒီဇာတ်လမ်းထဲက အမတ်ချုပ်ကြီး သီရိကျော်ခေါင်နဲ့ ဇနီးသည်တို့ အပြန်အလှန်ပြောစကားကို ဆရာဇော်ဂျီက ခုလို ရေးပြထားတယ်။

အမတ်ချုပ်ကြီး သီရိကျော်ခေါင်က ညက အိပ်မက်မကောင်းကြောင်း၊ မျက်ခုံးလည်းလှုပ်ကြောင်း၊ ဗေဒင်မေးချင်ကြောင်း ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဥဏ္ဏလုံမွေရှင်တော် စေတီတော်မြတ်ကြီး



အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော စေတီနှင့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ (ပထမအဆင့်)

အဲဒီအခါမှာ ဝန်ကတော်က ..

"ဗေဒင်မေးလဲ ဗေဒင်ဆရာက အကောင်းချည်းပဲ ဟောတာပဲ၊ မေးလဲ ဘာမှမထူးပါဘူး၊ ရှင်ဘုရင်ကိုပဲ မြှောက်ပြောပါ၊ ဘာမှမဖြစ်ပါဘူး၊ ကျုပ်တို့ ခုလိုကြီးပွားနေတာ ရှင်ဘုရင်ကို မြှောက်ပြောနေလို့ မဟုတ်လား"

ဒီနေရာမှာ အမတ်ချုပ်က . . . "ရှင်ဘုရင်ကို မြှောက်ပြောရတာ လွယ်တာမဟုတ်ဘူး" လို့ ပြောတဲ့အခါမှာ ဝန်ကတော်က . . .

"ရှင်ဘုရင်ကို မြှောက်ပြောဖို့ ငယ်ငယ်လေးကတည်းက ပညာတွေသင်လာတာ မဟုတ်လား" လို့ ပြောပါတယ်။

အဲဒီအခါမှာ အမတ်ချုပ်ကြီးက . . .

"အင်း . . . ငါ ပညာတွေသင်လာတာ နောက်ဆုံးကျတော့ ရှင်ဘုရင်ကို မြှောက်ပြောဖို့ ဖြစ်နေပါလား" လို့ ပြော



အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော စေတီနှင့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ (ဒုတိယအဆင့်)



လိုဏ်ဂူအပြင်ဘက် နဂါးရုံဘုရား



ဂူအလယ်ရှိ ကျောက်မဟာဗောဓိပင်




ရင်ပြင်တော်ပေါ်ရှိ ပုဂံခေတ်ရှေးဟောင်းရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com




ဓာတ်တော်ရှင်လာဘမုနိဘုရား



မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူပုံ

ပါတယ်။ ဆရာဇော်ဂျီအနေနဲ့ တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖန်တီးနေတဲ့ ရှင်ဘုရင်နဲ့ အမတ်ချုပ်တို့ရဲ့ ဆက်ဆံရေးဟာ တိုင်းပြည်ကို ချစ်ရာမရောက် နှစ်ရာရောက်ကြောင်း ပြောချင်တာပါ။ ယနေ့ ကျွန်တော်တို့ဆီမှာကော အဲဒီလိုဖြစ်နေသလား တွေးမိပါတယ်။



ရွှေဟောင်းသမိုင်းဝင် လက်ဆောင်ခံစေတီ

အတွေးများနဲ့အတူ သဘာဝလိုဏ်ဂူဘုရား ရှိရာသို့ ဆင်းလာလိုက်ပါတယ်။ လိုဏ်ဂူအတွင်းမှာ လေဝင်လေထွက် ကောင်းပါတယ်။ လူသွားလမ်း ချောင်ချောင်ချိချိရှိပြီး သက်သောင့်သက်သာလည်း ရှိပါတယ်။ ဘုရားအကျိုးဆောင် တစ်ဦးက လိုဏ်ဂူအကြောင်း လိုက်လံရှင်းပြပါတယ်။ အကျိုးဆောင်လူကြီးက လိုဏ်ဂူသမိုင်းကို ဟာသလေးနှောပြီးပြောလို့ ကျွန်တော်တို့အဖွဲ့ တသောသော တမောမောနဲ့ ဖြစ်ရပါတယ်။

လိုဏ်ဂူအတွင်းမှာ ဥဏ္ဏာလုံမွေရှင်တော်ဘုရား၊ ရသေ့ဖိုလ်ဝင်ဂူဘုရား၊ နတ်သမီးသနပ်ခါးကျောက်ပျဉ်၊ နတ်သမီးရေကန်၊ ရေပေါ်နဂါးရုံဘုရား၊ ကျောက်မဟာဗောဓိပင်၊ ဒေသစာရီ ကြွချီတော်မူပုံ၊ အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့တဲ့ စေတီနဲ့ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များကို အစီအစဉ်လိုက် ဖူးတွေ့ရပါတယ်။

ကျွန်တော်တို့အဖွဲ့ လိုဏ်ဂူအတွင်းမှာ တရွေ့ရွေ့လာလိုက်တာ ဂူထွက်ပေါက်ကို ရောက်လာပါတယ်။ ဒီနေရာမှာ ဆရာဇော်ဂျီရဲ့ ဝတ္ထုအဆုံးသတ်လေးကို ပြောချင်ပါတယ်။

ဘာယာပြည့်ရှင်နဲ့ ဝန်ကြီးတစ်စု ညီလာခံကျင်းပတော့ အမတ်ချုပ် သီရိကျော်ခေါင်က ဝန်အသီးသီးရဲ့ အစီရင်ခံစာများကို စစ်ဆေးပြီး ဘုရင်ထံ အစီရင်ခံ လျှောက်တင်ပါတယ်။ ဆင်းရဲသားများ 'အရေးနဲ့ ပတ်သက်ပြီး ဆင်းရဲသားများဟာ




www.burmeseclassic.com

www.burmeseclassic.com



ရွှေဟင်္သာနှင့် ဆင်ဖြူတော်ပုံ



ကျောက်ဖားအနီး ရှုခင်း



ကျွန်စစ်သား မြင်းနှင့်ခုန်ကျော်ခဲ့သော မြင်းမထိတောင်တော်



တောင်ကြီးခရီးစဉ်တွင် စာရေးသူတို့မိသားစုအမှတ်တရ



နတ်သမီး သနပ်ခါးကျောက်ဖျဉ်

ဆင်းရဲသားဘာဝ လုပ်ကိုင်စားသောက်နေကြသဖြင့် များစွာ ဝမ်းမြောက်ဖွယ် ဖြစ်ကြောင်း၊ ကံတရားကို မည်သူမျှ မလွန်ဆန်နိုင်ကြောင်း၊ ကံတရားကိုက ဆင်းရဲစေလို့ အမိန့်ပေးထားသဖြင့် ဘုရင်က လက်ပိုက်ကြည့်နေအပ်ကြောင်း လျှောက်တင်ပါတယ်။

သာသနာတော်နဲ့ ပတ်သက်လို့ ဘာယာပြည်မှာ စေတီပုထိုးများစွာ ပေါများလို့ ပြည်တွင်းမှာ ခိုးဆိုးလုယက် အလိမ်အကောက် ပေါများနေပေမယ့်လည်း သာသနာတော်ဟာ ထွန်းကားလျက် ရှိနေကြောင်း၊ အကုသိုလ်ပေါများနေခြင်းမှာ ငရဲကို သွားချင်နေသူ များနေလို့ဖြစ်ကြောင်း၊ ၎င်းတို့ အဝီစိငရဲသို့ သွားချင်သော ဆန္ဒကို ပြည့်ရှင်မင်းအနေနဲ့ အနှောင့်အယှက် မပြုသင့်ကြောင်း လျှောက်တင်ပါတယ်။

ရောင်းရေးဝယ်တာ ကိစ္စနဲ့ ပတ်သက်လို့ ဘာယာပြည်သားတို့ဟာ အာဒိစ္စနေမျိုးမှ ဆင်းသက်လာလို့ လိုအပ်တဲ့ ပစ္စည်းကို မိမိတို့ကိုယ်တိုင် မလုပ်ဘဲ တခြားတိုင်းပြည်များမှ ဝယ်ယူကြောင်း၊ အဲဒါကြောင့် ပြည်သူ ပြည်သားတို့မှာ ဝင်ငွေမရှိဘဲ ထွက်ငွေသာရှိပေမယ့် ရွှေဘုန်းတော်ကြောင့် သခင်မျိုး ပီသပါကြောင်း လျှောက်တင်ပါတယ်။


ပညာရေးနဲ့ ပတ်သက်လို့ ဘာယာပြည်မှာ လေ့လာနေတဲ့ ပညာရပ်တွေဟာ ရှေးပညာရှိများ ရှာဖွေလေ့လာထားတဲ့ ပညာအတိုင်း ရှိနေကြောင်း၊ ယနေ့ခေတ် ပြည်သူပြည်သားတို့ရဲ့ ထင်မြင်ပုံမှာ ရှေးခေတ် ပြည်သူပြည်သားတို့ရဲ့ ထင်မြင်ပုံနဲ့ အတူတူပင် ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားတို့ဟာ ကိုယ့်အမျိုးသားစာပေကို ဂုဏ်ယူကြကြောင်း၊ နိုင်ငံခြားက ပညာများကို သေးသိမ်နုပ်ဖျင်းတယ်လို့ ယူဆကြကြောင်း လျှောက်တင်ပါတယ်။

အဲဒီအခါမှာ ဘာယာပြည့်ရှင်က ကောင်းလိုက်တာလို့ပြောပြီး "ငါကိုယ်တော်မြတ်အနေနဲ့ ပြည်သူပြည်သားတို့ကို မဟာကရုဏာတော်ထားလို့ သူတို့ရဲ့ ကျင့်ကြံပုံကို အနှောင့်အယှက်မပြုပါဘူး၊ လွတ်လပ်ခွင့် ပေးပါတယ်၊ မင်းဆိုတာ မင်းပီသရမယ်၊ ပညာရှိဆိုတာ ပညာရှိပီသရမယ်၊ အဲဒီလိုပဲ ဆင်းရဲသားဆိုတာလည်း ဆင်းရဲသား ပီသရမယ်၊ ဘယ်အခါမှ



www.burmeseclassic.com


www.burmeseclassic.com



လိုဏ်ဂူတော်အဝင်



လိုဏ်ဂူတော်အဝင်
အတွင်းဘက်



မကြီးပွားအပ်၊ မချမ်းသာအပ်၊ ကံတရားအတိုင်းသာ ဆင်းရဲကြစေ” လို့ မိန့်တော်မူပါတယ်။ အင်္ဂလိပ်နယ်ချဲ့ခေတ်အခါနဲ့ အင်္ဂလိပ်မင်းများကို ဆရာဇော်ဂျီက သရော်ခဲ့တာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ဆီမှာလည်း ဆရာဇော်ဂျီရဲ့ သရော်ချက်လို မဖြစ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့လို့ မြင်းမထိဘုရားထံပါးမှာ ဆုတောင်းပြီး ဂူအပေါက်ဝကို ထွက်လာလိုက်ပါတယ်။ လိုဏ်ဂူရဲ့ထွက်ပေါက်က မြင်းမထိတောင်ရဲ့ အနောက်ဘက်မှာ ဖြစ်နေလို့ ဂူအရှေ့ကို ပြန်လာလိုက်ပါတယ်။

ကျွန်တော်တို့အဖွဲ့ ရှမ်းတောင်တန်းတွေကြားမှာ သွားလိုက်လာလိုက်တာ လေးရက်မြောက်ဖြစ်ပြီမို့ နှုတ်ဆက်ရပါတော့မယ်။

အဲဒီတော့ ကျွန်တော် စောစောက ရေးခဲ့တဲ့ ကဗျာလေးနဲ့ပဲ နှုတ်ဆက်လိုက်ပါ့မယ်။

အစီအရီသွယ်
ရှမ်းတောင်တန်းတွေ ကြားမှာ၊
ဆွေညီရယ် အတူတူသွားကြတယ်၊
မြတ်ဘုရားစိတ်ရှည်၊
မြင်းမထိတောင်ဆီ။

❒ မင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ထူးမှထူး

## အရှင်ဆန္ဒာဓိက

(ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

သစ်ရွက်ကြွေတာကို ယောဂီတို့လည်းပဲ နေ့တိုင်း တွေ့မနေဘူးလား။ ဘာဉာဏ်တွေ ဖြစ်သွားတုံး။ ကိုယ့်ပတ်ဝန်းကျင်မှာ မြင်တွေ့နေသမျှ အာရုံအားလုံးကို ဘာဝနာအာရုံ ဖြစ်အောင် ကြိုးစားနိုင်ကြရမယ်။ အလေ့အကျင့်လုပ်ထားရင် ဘာမှ မခက်ပါဘူးနော်။

ဘာဝနာနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ထင်ထင်ရှားရှား အာရုံတွေဆိုရင် အမြဲတမ်းတွေ့နေတာပေါ့။ ခရီးသွားနေရင်း၊ ကားစီးနေရင်း စေတီတော်တစ်ဆူ တွေ့တယ်။ စေတီတော်တစ်ဆူ တွေ့လိုက်တာနဲ့ နဂိုက ဂုဏ်တော်မပွားရာကနေ ဂုဏ်တော်တစ်ခုခုကို ပွားလိုက်ပေါ့။

လက်အုပ်ချီချင်ချီ၊ မချီချင်နေ။ စိတ်ထဲကနေ "အရဟံ - ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား" စသည်အားဖြင့် ပွားလိုက်ပေါ့။ စေတီတော် ရွှေအဆင်းလေး ဝင်းနေတာ တွေ့ရင်လည်း "ရွှေအဆင်းကဲ့သို့ ဝါဝင်းတော်မူသော မြတ်စွာဘုရား"။ ရွှေအဆင်းလို ဝါဝင်းတဲ့ဂုဏ်လေး သိရီဘုန်းတော်လေးကို အရင်ဆုံး အာရုံပြုပြီးတော့မှ ဉာဏ်ကြီးတာတို့၊ ကိလေသာကင်းတာတို့ကို ဆက်ပြီးတော့ အာရုံပြုပေါ့။

စိတ်ထဲကနေ အတွေအထူး အာရုံစိုက်ပြီး မပွားချင်ဘူးဆိုရင်လည်း လက်အုပ်ကလေးချီပြီး "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" အနည်းဆုံး သုံးခေါက်လောက်ရွတ်ပြီး ရှိခိုးပူဇော်လိုက်ပေါ့။ ဒါဆို စေတီတော်မြင်တိုင်း ဘာဝနာကုသိုလ် တိုးနေတော့တာပါပဲ။

ဦးဇင်းတို့တော့ သထုံကနေပဲ ရန်ကုန်သွားသွား၊ ရန်ကုန်ကနေပဲ သထုံပြန်ပြန်၊ လမ်းခရီးမှာ ဘုရားတွေ့တိုင်း (စေတီတွေ့တိုင်း) ကားပေါ်ကနေ လက်အုပ်ချီပြီးတော့ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ သုံးခေါက် ဘုရားရှိခိုးလိုက်ပါတယ်။ ပါးစပ်လှုပ်ပြီး သုံးခေါက်ပေါ့။ သုံးခေါက်ရှိခိုးပြီးရင် လက်အုပ်ချီတာ ပြန်ချပြီး စိတ်ထဲကနေ နမောတဿပဲ ဆက်ရွတ်တဲ့အခါရွတ်၊ ဂုဏ်တော်အမိပ္ပာယ် ဆက်ပွားတဲ့အခါ ပွားလိုက်တာပေါ့လေ။

သထုံ ရန်ကုန်ခရီးမှ မဟုတ်ပါဘူး။ ဘယ်ခရီးဝေးပဲသွားသွား ဘုရားတွေ့တိုင်း လက်အုပ်ချီပြီး နမောတဿ အနည်းဆုံး သုံးခေါက်တော့ ရွတ်ဆို ဘုရားရှိခိုးဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်း သွားရင်းလာရင်း ရွှေတိဂုံဘုရား စသည်တွေ့တိုင်းလည်း ဒီလိုပဲ လုပ်ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒါက ဘာသာရေးနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ အာရုံပေါ့လေ။ ဘာသာရေးနဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့ အာရုံဆိုရင်လည်း ဘာဝနာဖြစ်အောင် ပွားရမှာပါပဲ။ ဘာ ဘာဝနာရယ်လို့ မဆိုလိုပါဘူး။ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ ကရုဏာ၊ အသုဘအစရှိတဲ့ သမထဘာဝနာပဲဖြစ်ဖြစ်၊ မြင်တာကို မြင်တဲ့အတိုင်း၊ ကြားတာကို ကြားတဲ့အတိုင်း၊ နံတာ၊ စားတာ၊ ထိတာ၊ သိတာကို နံတဲ့၊ စားတဲ့၊ ထိတဲ့၊ သိတဲ့အတိုင်း အရှိ အရှိအတိုင်း ရှုမှတ်တဲ့ ဝိပဿနာဘာဝနာပဲဖြစ်ဖြစ် ပွားလို့ရပါတယ်။

ဒါကြောင့် မြင်သမျှ၊ တွေ့သမျှ၊ ကြုံသမျှ၊ ဆုံသမျှ အာရုံတိုင်းကို ဘာဝနာဖြစ်အောင် မနေသူတွေရဲ့ကြားမှာ ဘာဝနာဖြစ်အောင် နေပါ။ ဒီလိုယူလို့ မရဘူးလား။ ရတယ်နော်။ ဒါကြောင့် ဆိုလိုက်ပါ။

မနေသူကြားမှာ၊ နေမှသာ၊ နေရာမြဲနိုင်သည်။

## အရိယာလိုနေမှ အရိယာဖြစ်မယ်

မနေသူတွေရဲ့ကြားမှာ နေပါဆိုတဲ့စကား၊ တခြား အဓိပ္ပာယ်တွေ အများကြီးထည့်သွင်းလို့ရတယ်။ အရိယာဝါသ တရားတွေဆိုရင် အကုန်လုံး တိုက်ရိုက်ကို ထည့်လို့ရတာပဲနော်။ "အရိယာဝါသ = အရိယာနေနည်း" ဆိုတော့ အရိယာနေနည်းနဲ့ မနေသူတွေကြားမှာ အရိယာနေနည်းနဲ့ နေပါပေါ့။

"မြင့်မြတ်သူတို့၏စံအိမ်" ဆိုတာ အရိယာဝါသသုတ္တန်ပဲ။ အရိယာဝါသ = အရိယ + အာဝါသ။ အရိယ ဆိုတာ အရိယာ၊ အာဝါသ ဆိုတာ နေတာပဲ။ နေတဲ့သဘောပဲ။ အရိယာဝါသ ဆိုတာ အရိယာတို့ရဲ့ နေနည်းထိုင်နည်းပါပဲ။

"အရိယာလို မနေသူတွေရဲ့ကြားမှာ အရိယာလိုနေပါ"

ဒါဆိုရင် ဒီနေရာမှာ အရိယာဝါသရဲ့ အဓိပ္ပာယ်ကို ထည့်ပြောရင် ကုန်နိုင်မှာတောင် မဟုတ်တော့ဘူးနော်။

ကိုယ်က ပုထုဇဉ်ဖြစ်နေပေမယ်လို့ အရိယာလို နေတတ်ရပါမယ်။ "ကိုယ်က အရိယာမှမဟုတ်တာ၊ ပုထုဇဉ်ပဲ" ဆိုပြီး နေရာတကာမှာ ပုထုဇဉ်လို မနေရပါဘူး။ "ပုထုဇဉ်ပီပီ" ဆိုပြီး နေရာတကာမှာ ပုထုဇဉ်ပီသနေလို့ မဖြစ်ဘူးနော်။ ပုထုဇဉ်ဘဝမှာလည်း အရိယာတွေကို အတုယူပြီး အရိယာလို နေတတ်ရမှာပဲ၊

အရိယာလို မနေသူတွေရဲ့ကြားမှာ ကိုယ်က အရိယာလို နေတတ်ရပါမယ်။ အရိယာတွေ ဘယ်လိုနေကြတာတုံး ပြောပါဦး။ "မြင့်မြတ်သူတို့၏စံအိမ်" တရားကျေညက်ကြတယ် မဟုတ်လား။

ပထမဆုံး ဘယ်လိုနေလဲ။ စိတ်မှာ သတိအစောင့်အရှောက် ချထားပြီးတော့ နေပါတယ်။ မြင်စိတ်ဖြစ်လို့ရှိရင်လည်း အဲဒီမြင်စိတ်မှာ သတိအစောင့်အရှောက်လေး ချထားတယ်။ ကြားစိတ်ဖြစ်ရင်လည်း အဲဒီကြားစိတ်မှာ သတိအစောင့်အရှောက်လေး ချထားတယ်။

မြင်စိတ်မှာ သတိအစောင့်အရှောက်လေး ချထားတယ်ဆိုတာ မြင်တဲ့အခိုက်မှာ မြင်တဲ့အာရုံနဲ့ ပတ်သက်ပြီး ကိလေသာမဖြစ်အောင်၊ အကုသိုလ်မဖြစ်အောင် ဂရုစိုက်တာ၊ မြင်တဲ့အာရုံနဲ့ပတ်သက်ပြီး သူတော်ကောင်းဓာတ်ဖြစ်အောင်၊ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတာပါပဲ။

ဝိပဿနာအလုပ်ခွင်အနေနဲ့ ပြောမယ်ဆိုရင်တော့ မြင်တဲ့အခိုက်မှာ မြင်တယ်လို့ ရှုမှတ်လိုက်တာဟာ မြင်စိတ်မှာ သတိအစောင့်အရှောက် ချတာပါပဲ။ ဒါက အစပျိုးယောဂီ အနေနဲ့ပေါ့။

အဆင့်မြင့်လာတဲ့အခါကျတော့ မြင်တဲ့အခိုက်မှာ မြင်တတ်တဲ့သဘောလေး၊ မြင်စရာအဆင်းလေး၊ မြင်သိစိတ်ကလေး၊ မြင်တာကို ရှုမှတ်နေတဲ့စိတ်ကလေး၊ ရုပ်သဘော၊ နာမ်သဘောလေးတွေ၊ ပြီးတော့ အဲဒီရုပ်နာမ်တွေရဲ့ ဖြစ်ပြီး ပျက်နေတဲ့သဘောလေးတွေ၊ ဒီထက်မြင့်ရင်တော့ တစ်ပျက်ပြီးတစ်ပျက် ဆက်တိုက်ဆက်တိုက် ပျက်နေတဲ့သဘောလေးတွေ၊ ဒီလိုပါ တွေ့သွားမှာပေါ့နော်။

အဲဒီလို မြင်တဲ့အခိုက်မှာ ပညတ်တွေကွာကျပြီးတော့ ပရမတ်သဘောလေးတွေ မြင်နေတာဟာ စိတ်မှာ သတိအစောင့်အရှောက် ချထားတာပါပဲ။ ပထမဆုံးအဆင့်တော့ ပညတ်မကွာနိုင်သေးဘူးပေါ့။ ပညတ်အတိုင်းလည်း ရှာနေရဦးမှာပါပဲ။ ရှုရင်း ရှုရင်းနဲ့ တဖြည်းဖြည်း ပညတ်တွေ ကွာကျသွားမှာပါ။

မြင်ရင် မြင်တယ်လို့ မှတ်နေတာဟာ တကယ်တော့ ပညတ်တွေ ကွာကျသွားဖို့အတွက်ပါပဲ။ မြင်တယ်ဆိုတာလည်း တကယ်တော့ ပညတ်ပဲ။ ဒါပေမယ့် ပရမတ်သဘောကို တွေ့မြင်နိုင်တဲ့ ပညတ်ဖြစ်ပါတယ်။ ဒါကို "တောင်ပို့တူးသမား" တရားထဲမှာ ဟောထားပြီးသားပါ။

မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ် ဖြစ်တယ်။ ဘာစိတ်ဖြစ်ဖြစ် အဲဒီစိတ်တိုင်း စိတ်တိုင်းမှာ သတိအစောင့်အရှောက်လေးချပြီး ရုပ်နာမ်ဖြစ်ပျက် မြင်အောင် ကြည့်နေရမယ်။ အဲဒီတော့ "သတိအစောင့်အရှောက်ချပြီးတော့ မနေသူတွေရဲ့ကြားမှာ သတိအစောင့် ချထားပြီးတော့ နေပါ"။

ဒီလိုသာ ပြောမယ်ဆိုရင် အရိယာဝါသသုတ္တန်မှာ ပါတဲ့ အချက် (၁၄)ချက်နဲ့ဆို (၁၄)မျိုး ပြောလို့ရတာပေါ့။ မှီခိုအားထားရာ ရှိပြီးတော့ မနေသူတွေရဲ့ကြားမှာ မှီခိုအားထားရာရှိပြီးတော့ နေပါ။ အဓိကအားဖြင့်တော့ ခန္တီတရားပေါ့။ ခန္တီနဲ့ တွက်ပြောမယ်ဆိုရင်တော့ ခန္တီနဲ့ မနေသူတွေရဲ့ကြားမှာ ခန္တီနဲ့နေပေါ့။ ခန္တီအကြောင်း ပြောမယ်ဆိုရင်တော့ ကုန်နိုင်ဖွယ်ရာတောင် မရှိဘူး။

မေတ္တာနဲ့ မနေနိုင်သူတွေရဲ့ကြားမှာ မေတ္တာနဲ့နေပါ





www.burmeseclassic.com

www.burmeseclassic.com

သစ္စာနဲ့ မနေနိုင်သူတွေရဲ့ကြားမှာ သစ္စာနဲ့နေပါ စသည်အားဖြင့်လည်း တခြားသဘောတရားတွေနဲ့ မရေမတွက်နိုင်အောင် အများကြီးပြောလို့ရတယ်နော်။

အရိယာဝါသသုတ္တန်မှာပါတဲ့ အချက် (၁၄)ချက်ထဲက တချို့ကို ထည့်ပြီးတော့ ပြောပေ့ါ။ ကြွေးကင်းစွာ မနေသူတွေရဲ့ကြားမှာ ကြွေးကင်းစွာနေပါ။ ကြွေးကင်းတယ်ဆိုတာ သက်ရှိ သက်မဲ့ အာရုံအပေါ်မှာ ကာမစ္ဆန္ဒ - လိုချင်နှစ်သက်တပ်မက်မှုတဏှာမဖြစ်တာကို ပြောတာ၊ ဖြစ်သွားရင် ကြွေးတင်သွားတာပေ့ါ။ ကြွေးတင်သွားရင် ကြွေးရှင်ကို အောက်ကျို့ခယရတော့မှာပဲ။ အိမ်မှာ ကြွေးရှင်တွေ ဘယ်နှယောက်လောက်ရှိတုံး။ အများကြီးရှိမယ် ထင်တယ်နော်။ ကိုယ်ချစ်နေတဲ့သူတွေဟာ ကိုယ့်ရဲ့ ကြွေးရှင်တွေပေ့ါ။

အကြွေးကင်းအောင် မနေသူတွေရဲ့ကြားမှာ အကြွေးကင်းအောင် နေပါ။ ဘယ်သူ့ကိုမှ စွဲစွဲလမ်းလမ်း မချစ်ပါနဲ့။ ဘယ်အရာကိုမှ စွဲစွဲလမ်းလမ်း မကြိုက်ပါနဲ့။ ဒါဆိုရင် အကြွေးကင်းအောင် နေတာပါပဲ။

စိတ်ကြည်လင်အောင် မနေသူတွေရဲ့ကြားမှာ စိတ်ကြည်လင်အောင်နေပါ။ စိတ်ကြည်လင်အောင် နေတယ်ဆိုတာ ရမ္မက်အတွေးတွေ မတွေးတာ၊ အမျက်အတွေးတွေ မတွေးတာပေ့ါ။ ပိုင်ဆိုင်ချင်တဲ့အတွေးတွေ၊ ဖျက်ဆီးချင်တဲ့အတွေးတွေ မတွေးဘူးဆိုရင် စိတ်ကြည်လင်အောင် နေတာပါပဲ။

"သတိအစောင့်အရှောက် ချထားပြီးတော့ မနေသူတွေရဲ့ကြားမှာ သတိအစောင့်အရှောက် ချထားပြီးတော့ နေပါ"ဆိုတာကတော့ အဓိကပဲ။ အဲဒီ အဓိကလေးကို ပိုပြီးတော့ ပေါ်လွင်အောင် ပံ့ပိုးပေးတာက "ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် မနေသူတွေရဲ့ကြားမှာ ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် နေပါ"။ အရိယာဝါသသုတ္တန်ထဲမှာ ပါပြီးသားနော်။

ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင်နေတတ်ဖို့ အရေးကြီးပါတယ်။ ပတ်ဝန်းကျင်နဲ့ အဆင်ပြေတယ်ဆိုတာ လောကဓံတရား ရှစ်ပါးဟာလည်း ကိုယ့်ရဲ့ပတ်ဝန်းကျင်ပါပဲ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ သဘောတရား အာရုံခြောက်ပါးဟာလည်း ကိုယ့်ရဲ့ပတ်ဝန်းကျင်ပါပဲ။ အဲဒီ ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် နေတတ်ရမယ်။

အကောင်းလောကဓံကြောင့် စိတ်မတက်ဘူး၊ အဆိုးလောကဓံကြောင့် စိတ်မပျက်ဘူးဆိုရင် ပတ်ဝန်းကျင်နဲ့အဆင်ပြေသွားတာပေ့ါ။ လောကဓံဆိုတဲ့ ပတ်ဝန်းကျင်နဲ့ အဆင်ပြေသွားတာ။ အကောင်းလောကဓံကြောင့်လည်း စိတ်မမြောစေနဲ့။ အဆိုးလောကဓံကြောင့်လည်း စိတ်မမြုပ်စေနဲ့။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ သဘောတရား ကြုံဆုံလာသမျှအာရုံနဲ့ ပတ်သက်ပြီးတော့ လောဘအစွန်း မထွက်ဘူး၊ ဒေါသအစွန်း မထွက်ဘူးဆိုရင် ပတ်ဝန်းကျင်နဲ့ အဆင်ပြေသွားပါတယ်။ အာရုံခြောက်ပါးဆိုတဲ့ ပတ်ဝန်းကျင်နဲ့ အဆင်ပြေသွားတာ။ အာရုံကောင်းကြုံလို့လည်း ချစ်စွဲနဲ့ မကြိုက်နဲ့။ အာရုံဆိုးကြုံလို့လည်း မုန်းစွဲနဲ့ မမိုက်နဲ့။

အဲဒီလို ပတ်ဝန်းကျင်နဲ့ အဆင်ပြေဖို့ဆိုရင် သတိအစောင့်အရှောက် ချထားရမှာပါပဲ။ သတိအစောင့်အရှောက် ချထားနိုင်တယ်ဆိုရင် ပတ်ဝန်းကျင်နဲ့ အလိုလို အဆင်ပြေသွားနိုင်ပါတယ်။

## ငယ်ပါလို နေတတ်ရင် ဘယ်အရာမဆို ကျေနပ်စရာပါ

"ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် မနေသူတွေရဲ့ကြားမှာ ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် နေပါ" ဆိုတာနဲ့ ပတ်သက်ပြီးတော့ 'ဝသေ အဝသမာနေသု' ကို 'မနေသူတွေရဲ့ကြားမှာ နေပါ' လို့ အနက်ပေးလို့ရသလို 'မနေတတ်သူတွေရဲ့ကြားမှာ နေတတ်ပါ' လို့လည်း အနက်ပေးလို့ ရသေးတယ်။

'နေတတ်' ဆိုတာကိုပဲ ဥပမာလေးနဲ့ ပြောရရင် 'ငယ်ပါလို မနေတတ်သူတွေရဲ့ကြားမှာ ငယ်ပါလို နေတတ်ပါ'

သဘောပေါက်လား။ ဒါကလည်း ဦးဇင်းတို့ ဥပမာက ယုတ်ညံ့သလိုလိုရှိပေမယ့် တရားသဘောကတော့ အင်မတန်လေးနက်ပါတယ်။ ဒါကလည်း ဗန်းမော်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မပုံပြင်ထဲမှာ ပါတာကို အခြေခံပြီး ပြောတာပါ။

ဗန်းမော်ဆရာတော်ဘုရားကြီးရဲ့ တပည့်နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဒေါသတကြီးနဲ့ ရန်တွေဖြစ်ကြ၊ ကွဲကြပြကြပေ့ါ။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဆရာတော်ဘုရားကြီးက ဆုံးမတာ။

"မင်းတို့ ငယ်ပါလောက်တောင် အနေမတတ်ဘူး"တဲ့။

ဥပမာ ရိုင်းတယ်လို့ ထင်ချင်ထင်မယ်။ 'ငယ်ပါလို အနေတတ်မှ ဘေးဥပဒ်ကင်းနိုင်ပါတယ်' တဲ့။

ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမနော်။ အဲဒီအဆုံးအမလေးက အင်မတန် ကောင်းပါတယ်။ ဥပမာ မလှပေမယ့် အဓိပ္ပာယ်က သိပ်ရှင်းတယ်။

ငယ်ပါက အင်မတန်နေတတ်တာနော်။ လူက ဘယ်လောက်ပဲ ခုန်ခုန်၊ ပေါက်ပေါက်၊ ကုန်းကုန်း၊ ကွကွ၊ လှုပ်လှုပ်၊ ရွေ့ရွေ့ သူက မနေတတ်ဘူးလား။ နေတတ်တယ်။ လူက ခုန်လိုက်ပေါက်လိုက်၊ ကုန်းလိုက်ကွလိုက် လုပ်လို့ဆိုပြီးတော့ သူ့မှာ အနာတရဖြစ်တယ်၊ ညပ်သွားတယ်ဆိုတာ မရှိဘူးနော်။

ဒါက တရားသဘောပါ။ အင်မတန် အရေးကြီးပါတယ်။ ရှေ့မျက်နှာ နောက်ထား၊ နားနဲ့မနာ ဖဝါးနဲ့နာပေ့ါ



www.burmeseclassic.com

…တာ နားရှက်စရာဖြစ်ပေမယ့် တရားသဘောကတော့ အင်မတန်ကောင်းတာ။ အဓိပ္ပာယ်ကို ရှင်းနေတာပဲ။

ဥပမာ ယုတ်ညံ့တာကို စာပေမှာ “ဟီနောပမာ” လို့ ခေါ်ပါတယ်။ ယုတ်ညံ့ပေမယ့် တကယ်လိုအပ်ရင်၊ တကယ် အကျိုးရှိရင် သုံးကောင်းပါတယ်။ ပရိသတ်ထဲပြောရင်သာ၊ သူများကိုပြောရင်သာ နားရှက်စရာ ကောင်းတာပါ။ ကိုယ့် ဘာသာကိုယ် နှလုံးသွင်းဆင်ခြင်ဖို့၊ ကျင့်သုံးဖို့ကတော့ နား ရှက်စရာ မလိုပါဘူး။

လူတွေ တစ်နေ့ တစ်ခနေ့ စိတ်ဆိုးနေကြတယ်၊ စိတ် တိုနေကြတယ်၊ စိတ်ညစ်နေကြတယ်၊ စိတ်ပျက်နေကြတယ်၊ စိတ်ဆင်းရဲနေကြတယ်ဆိုတာ ငယ်ပါလို နေလို့လား၊ ငယ်ပါ လို မနေလို့လား၊ ငယ်ပါလို မနေလို့။ ငယ်ပါလို မနေလို့ဆို တော့ ကြီးပါလို နေလို့ပေါ့နော်။

ငယ်ပါလို နေတတ်ဖို့ သိပ်အရေးကြီးပါတယ်။ နေ တတ်အောင်နေ ဆိုတာ ငယ်ပါလိုနေဖို့ ပြောတာပါပဲ။ ငယ်ပါ က သိပ်နေတတ်တယ်နော်။ ထိုင်လိုက်၊ ရပ်လိုက်၊ သွားလိုက်၊ လှဲလိုက်၊ လူပုံစံ လူအနေအထား ဘယ်လိုပဲပြောင်းပြောင်း သူက အလိုက်သင့်ပဲ။ ပတ်ဝန်းကျင်အခြေအနေနဲ့ အလိုက် သင့် အလျားသင့် မထိခိုက်အောင် သိပ်နေတတ်တယ်။ အတု ယူစရာပဲ။ ဆန့်ကျင်ဘက်အနေနဲ့ ပြောမယ်ဆိုရင် ငယ်ပါလို မနေတတ်တဲ့သူတွေဟာ ဒူးခေါင်းလိုနေတဲ့သူတွေလို့ပဲ ပြော ရမှာပေါ့လေ။

ငယ်ငယ်တုန်းက ဦးဇင်းတို့လည်း ဆော့ခဲ့တာပါပဲ။ ဘောက်ချားလေးမှန်သမျှ ဒူးခေါင်းလှန်ကြည့်၊ အနာရွတ်တွေ ချည်း ရှိမှာနော်။ ခဏ ခဏ ပွန်းလိုက် ပဲ့လိုက်၊ တွန်းလိုက် တိုက်လိုက်နဲ့ ခဏခဏ ဒဏ်ရာဖြစ်တယ်။ ခြေထောက်လည်း နည်းတူပဲပေါ့လေ။

ဒူးခေါင်းတို့၊ ခြေထောက်တို့ဟာ မထိခိုက်အောင် ထိမ်းရှောင်တတ်ကြဘူး။ ငယ်ပါကတော့ မထိခိုက်အောင် ထိမ်းရှောင်တတ်တယ်။ သွားသွား၊ ရပ်ရပ်၊ ထိုင်ထိုင်၊ လျောင်း လျောင်း အလိုက်သင့် ရှောင်တိမ်းတတ်တယ်။ အရှောင် အတိမ်း ကျွမ်းတယ်။ “ငယ်ပါလို နေတတ်ရမယ်” ဆိုတာ “အရှောင်အတိမ်း ကျွမ်းရမယ်” လို့ ပြောတာ။

ဘယ်အာရုံနဲ့ကြုံကြုံ လောဘမဖြစ်ဘူးဆိုရင် အရှောင် အတိမ်း ကျွမ်းတာပေါ့။ ဘယ်အာရုံနဲ့ကြုံကြုံ ဒေါသမဖြစ်ဘူး ဆိုရင် အရှောင်အတိမ်း ကျွမ်းတာပေါ့။ ကောင်းတဲ့အာရုံက စိတ်ကိုလာထိလည်း ချစ်စွဲ မစွဲဘူး၊ ဆိုးတဲ့အာရုံက စိတ်ကို လာထိလည်း မုန်းစွဲ မစွဲဘူးဆိုရင် အာရုံတွေရဲ့ ထိခိုက်တွန်း တိုက်လာမှုအပေါ် စိတ်မထိခိုက်အောင် အရှောင်အတိမ်း ကျွမ်းတာပါပဲ။ ငယ်ပါလို နေတတ်သွားတာပဲပေါ့။

အဲဒီတော့ ငယ်ပါလို မနေတတ်သူတွေရဲ့ကြားမှာ ငယ်ပါလိုနေတတ်ပါ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အတွေ့၊ သဘောတရား အာရုံခြောက်ပါးနဲ့ ပတ်သက်ပြီးတော့ မတုန်လှုပ်ဘူးဆိုရင် ငယ်ပါလို နေတတ်တယ်လို့ ခေါ်မှာပေါ့။

ယောဂီတို့က ငယ်ပါလိုလူလား၊ ဒူးခေါင်းလို လူလား။ လောကဓံရှစ်ပါးကြောင့် တုန်လှုပ်တယ်၊ အာရုံခြောက်ပါး ကြောင့် တုန်လှုပ်တယ်ဆိုရင် ဒူးခေါင်းလိုလူပါပဲ။ မတုန်လှုပ် ဘူးဆိုရင်တော့ ငယ်ပါလိုလူ ဖြစ်သွားပါပြီ။

ဒါကလည်း ယဉ်ကျေးအောင် ပြောတာပါ။ ကိုယ့် ဘာသာကိုယ် ဆိုရင်တော့ ပြောချင်သလိုသာ ပြောပေါ့။ အဲဒီလိုကျင့်ရမယ်လို့ စွဲနေအောင်မှတ်ထား။ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ ငယ်ပါလို ကျင့်ရမယ်။ စွဲနေအောင်သာ မှတ်ထား တော့နော်။

ပတ်ဝန်းကျင်က အခြေအနေတွေ ဘယ်လိုပဲပြောင်း လဲပြောင်းလဲ သူကတော့ မတုန်လှုပ်ပါဘူး။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ နေတတ်ပါတယ်။ သူဆိုတာ သူပေါ့။ သူလိုနေတတ်ဖို့ အရမ်းအရေးကြီးတယ်နော်။

မနေသူကြားမှာ နေမှသာ၊ နေရာမြဲနိုင်သည်။

“နေရာမြဲနိုင်သည်”ဆိုတာ အရဟတ္တမဂ်၊ အရဟတ္တ ဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုရင် အဲဒီနိဗ္ဗာန်တည်း ဟူသော နေရာမှာ မြဲသွားပြီပေါ့။

နိဗ္ဗာန်ဆိုတာက ဘယ်တော့မှ မပျက်စီးဘဲ အစဉ် ထာဝရ တည်မြဲနေတဲ့အရာ မဟုတ်လား။

မနေတတ်သေးဘူး ဆိုရင်တော့ နေရာမြဲမှာ မဟုတ် သေးဘူးနော်။ နေရာမြဲတဲ့ နိဗ္ဗာန်ကိုရောက်မှာ မဟုတ်သေး ဘူး။ နေရာမြဲချင်တဲ့ ပုဂ္ဂိုလ်တွေ နေတတ်ဖို့ လိုပါတယ်။

“နေရာမြဲချင်တဲ့ ပုဂ္ဂိုလ်တွေ နေတတ်ဖို့ လိုပါတယ်” ဆိုတဲ့ စကားလေးပြောလိုက်တော့ ဒကာမကြီးတစ်ယောက် ပြောတာကို သွားပြီးတော့ သတိရတယ်။

ရာထူးကြီးကြီးတစ်ယောက်ရဲ့ ဒကာမကြီး တစ် ယောက်ပါပဲ။ သူကိုယ်တိုင် ပြောပြတာပါ။

တပည့်တော်တို့ ဌာနမှာ ပြောနေကျ စကားလေး တစ်ခုရှိတယ်တဲ့။ နေတတ်ဖို့ အရေးကြီးတယ်တဲ့။ မနေတတ် လို့ ဆယ်လူလာ သုံးလေးငါးလုံးကိုင်လိုက်၊ ကားတွေ လေးငါး ဆယ်စီး ဝယ်စီးလိုက် ဆိုရင်တော့ အတိုင်အတောခံရပြီး အလုပ်ပြုတ်မှာပေါ့တဲ့။

နေတတ်ဖို့ဆိုတာ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် ဆိုလိုက်ပါ။

မနေသူကြားမှာ နေမှသာ၊ နေရာမြဲနိုင်သည်။

## အယုတ်ဓာတ်ပါရင် အလုပ်မြတ်မှာမပျော်

နောက်ဆုံး အဆုံးအမတစ်ခုက “ပျော်သူတွေရဲ့ကြား မှာ မပျော်ပါနဲ့”။ ဘာနဲ့ ပျော်သူတွေရဲ့ကြားမှာ ဘာနဲ့ မပျော် ပါနဲ့ဆိုတဲ့ အဓိပ္ပာယ်တွေကတော့ ဉာဏ်ရှိရင်ရှိသလို၊ ခံစား

www.burmeseclassic.com

ချက်ရှိရင်ရှိသလို အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေစွာ လုပ်သွားရင် အများကြီးထွက်ပေါ်လာမှာပါပဲ။

"ကိလေသာနဲ့ ပျော်နေသူတွေရဲ့ကြားမှာ ကိလေသာနဲ့ မပျော်ပါနဲ့" လို့လည်း ယူလို့ရပါတယ်နော်။ ကိလေသာဆယ်ပါးနဲ့ တစ်ခုချင်းခွဲပြီး နှလုံးသွင်းလိုက်ရုံပဲ။

ကိုယ့်မှာ လောဘကိလေသာ ထင်ထင်ရှားရှား ဖြစ်နေတဲ့အချိန်၊ ဒါမှမဟုတ် သူများတွေ လောဘကိလေသာ ထင်ထင်ရှားရှား ဖြစ်နေတာ မြင်တွေ့ရတဲ့အချိန် "လောဘနဲ့ ပျော်နေသူတွေရဲ့ကြားမှာ လောဘနဲ့ မပျော်ပါနဲ့" လို့ နှလုံးသွင်းပြီး လောဘငြိမ်းအောင် ကျင့်လိုက်ပေါ့။

ကိုယ့်မှာ ဒေါသကိလေသာ ထင်ထင်ရှားရှားဖြစ်နေတဲ့အချိန်၊ ဒါမှမဟုတ် သူများတွေ ဒေါသကိလေသာ ထင်ထင်ရှားရှား ဖြစ်နေတာ မြင်တွေ့ရတဲ့အချိန် "ဒေါသနဲ့ ပျော်နေသူတွေရဲ့ကြားမှာ ဒေါသနဲ့ မပျော်ပါနဲ့" လို့ နှလုံးသွင်းပြီး ဒေါသငြိမ်းအောင် ကျင့်လိုက်ပေါ့။

မာန၊ ဣဿာ၊ မစ္ဆရိယ စသည်လည်း နည်းတူပါပဲ။ ကိုယ့်မှာ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသည် ထင်ထင်ရှားရှားဖြစ်တာမျိုး မရှိဘူးဆိုရင်လည်း မရှိတဲ့ အခြေအနေကြောင့်ကိုပဲ ဒီအဆုံးအမလေး နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါမယ်။

'ပျော်' ဆိုတဲ့ စကားလုံးလေးကြောင့် လောဘကိလေသာ တစ်ခုတည်း၊ တစ်နည်းအားဖြင့် တဏှာတစ်ခုတည်းကိုပဲ ဆိုလိုတယ်လို့ မထင်လိုက်ပါနဲ့။ ဒေါသဖြစ်ရင်လည်း တဏှာက အဲဒီဒေါသဖြစ်နေရတာလေးကို ကျေနပ်ပြီး ပျော်နေတာပဲ။ "ကာမဂုဏ်အာရုံနဲ့ ပျော်နေသူတွေရဲ့ကြားမှာ ကာမဂုဏ်အာရုံနဲ့ မပျော်ပါနဲ့"။ နောက်တစ်နည်း "ဒုစရိုက်အလုပ်နဲ့ ပျော်နေသူတွေရဲ့ကြားမှာ ဒုစရိုက်အလုပ်နဲ့ မပျော်ပါနဲ့" ဒီလိုလည်း ယူလို့ရပါတယ်နော်။

သာသနာမှာ ဆောင်သင့်၊ ရှောင်သင့်တဲ့အချက်တွေ အကုန်လုံးဝင်သွားအောင် ထည့်မယ်ဆိုရင်တော့ ဒီဒုစရိုက်ဆယ်ပါးလည်း ထည့်မှဖြစ်မှာပေါ့။ ဒုစရိုက်တွေနဲ့ ပျော်နေသူတွေရဲ့ကြားမှာ ဒုစရိုက်တွေနဲ့ မပျော်ပါနဲ့။

ကာယဒုစရိုက်သုံးပါး၊ ပါဏာတိပါတနဲ့ပျော်တဲ့ ပုဂ္ဂိုလ်ကတော့ အကောင်မတွေ့လိုက်နဲ့၊ သတ်ဖို့ပဲ စဉ်းစားနေတော့တာပဲ။ ဆန့်ကျင်ဘက်ရန်သူ မတွေ့လိုက်နဲ့ ညှဉ်းပန်းနှိပ်စက်ဖို့၊ သတ်ဖြတ်ဖို့ပဲ စိတ်ကူးတော့တာပဲ။

အဒိန္နာဒါနနဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း ဘယ်သူမတွေ့လိုက်နဲ့၊ ခွင်ရိုက်ဖို့ပဲ စဉ်းစားနေတော့တာပဲ။ အလုပ်တစ်ခုလာမအပ်လိုက်နဲ့၊ ဒီအလုပ်ကနေ ငါ့အတွက် များများကျန်အောင် ဘယ်လိုလုပ်ရမလဲ၊ ငါ့အိတ်ထဲ ဘယ်လိုဝင်အောင်လုပ်ရမလဲ။ ဒါကိုပဲ စဉ်းစားနေတာနော်။ အဒိန္နာဒါနနဲ့ ပျော်တဲ့သူက "ကိုယ့်အတွက်မကျန်ရင် ဘာမှမလုပ်ဘူး" လို့တောင် သူက ကြွေးကြော်နေသေးတာ။ ဘုရားပစ္စည်း၊ ဘုန်းကြီးပစ္စည်းဆိုတာတွေလည်း ဘာမှ ခေါင်းထဲမထည့်တော့ပါဘူး။ လူ့ပစ္စည်းသော၊ သာသနာ့ပစ္စည်းသော- နားမလည်ဘူး၊ ကိုယ်ရရင် ပြီးရောပဲ။ နောင်ဘဝ ဖြစ်ချင်ရာဖြစ်၊ ခွင်ရိုက်နေရတာကိုပဲ ဂုဏ်ယူနေတာကိုး။

ဦးဇင်း စာသင်သားဘဝတုန်းက ဒကာလေးတစ်ယောက် တွေ့ဖူးတယ်။ သူ့ရဲ့နာရီလေးကို စ,တဲ့အနေနဲ့ ခဏဝှက်ထားတာပေါ့။ အဲဒီမှာ သူက ပြောတယ်။ မလုပ်နဲ့တဲ့။ အဲဒီနာရီလေးက ဘယ်မြို့မှာ ဘယ်အလုပ်လုပ်တုန်းက ရတဲ့အကြံအဖန်နဲ့ ဝယ်ထားတာမို့ အမှတ်တရ သိမ်းထားတာတဲ့။

အကြံအဖန် လုပ်ထားတဲ့ဟာလေးကို အမှတ်တရ သိမ်းနေသေးတယ်နော်။ ဒီနာရီကို မြင်တိုင်း မြင်တိုင်း အကုသိုလ်တွေ ထပ်ထပ်တိုးနေမှာပေါ့။ အဒိန္နာဒါနဆိုတာ ပျော်ရမယ့်အလုပ် မဟုတ်သလို အမှတ်တရ ဖြစ်နေရမယ့် အလုပ်လည်း မဟုတ်ပါဘူး။

အကြံအဖန်တို့၊ အောက်ဆိုက်တို့၊ ခွင်တို့ဆိုတာလည်း မတရားတဲ့အကြံအဖန်၊ မတရားတဲ့အောက်ဆိုက်၊ မတရားတဲ့ ခွင်တို့ဆိုရင် အဒိန္နာဒါနပဲနော်။

ခိုးတယ်ဆိုတာ မိသားစုတွေ အိပ်နေတဲ့အချိန် မျက်နှာဖုံးစွပ်ပြီးတော့ အိမ်ပေါ်တက်ခိုးမှ ခိုးတာ မဟုတ်ဘူး။ အဲဒီ အကြံအဖန်တို့၊ အောက်ဆိုက်တို့၊ ခွင်တို့ကလည်း ခိုးတာပါပဲ။

ဒါကြောင့် တစ်ခါတုန်းက သူခိုးတစ်ယောက်ဟာ အကြံအဖန်တွေနဲ့ ကြီးပွားနေတဲ့ လူတစ်ယောက်ရဲ့အိမ်မှာ သွားခိုးတယ်။ ခိုးပြီးတော့ အိမ်ရှင်ကို စာတစ်စောင် ရေးထားခဲ့တယ်။ "သူခိုးကြီးဆီက သူခိုးလေး ခိုးသွားပါတယ်" တဲ့။

အိမ်ကို ဖောက်ထွင်းပြီး ခိုးတဲ့သူခိုးက သူခိုးလေး၊ ဘဝကို ဖောက်ထွင်းပြီး ခိုးတဲ့သူခိုးက သူခိုးကြီး။ တကယ်တော့ သူခိုးလေးထက် သူခိုးကြီးက ပိုကြောက်စရာကောင်းပါတယ်။ သူ့ကြောင့် လူပေါင်းများစွာ ဘဝပျက်ကြတယ်လေ။ မတော်မတရားတဲ့ နည်းလမ်းတွေနဲ့ စီးပွားရှာ ချမ်းသာနေတဲ့ သူတွေဟာ သူခိုးကြီးတွေပါပဲ။

ကာမေသုမိစ္ဆာစာရနဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း အိုင်မတွေ့လိုက်နဲ့၊ ခြေဆေးဖို့ပဲ စဉ်းစားနေတယ်။ ချောင် မတွေ့လိုက်နဲ့၊ ထောင်ဖို့ပဲ စဉ်းစားနေတယ်။ ကာရန်ကိုက်အောင် ပြောတာနော်။ သားကောင် ထောင်တာကို ပြောတာ။ အမှောင်မတွေ့လိုက်နဲ့၊ ခိုဖို့ပဲ စဉ်းစားနေတယ်။ ဘာခိုတာတုံး၊ ကြာခိုတာနော်။ ဒါက ကာယဒုစရိုက် သုံးပါး။

## အတွင်းသဘော ချော်တွေ့ရင်
## အတင်းပြော ပျော်မွေ့တယ်

ဝစီဒုစရိုက် လေးပါး၊ မုသာဝါဒ - အလွဲအချော်စကား၊





www.burmeseclassic.com

www.burmeseclassic.com

လိမ်ညာစကားနဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း ဘယ်သူ့လိမ်ရမလဲ၊ ဘယ်သူ့ညာရမလဲ၊ ဘယ်သူ့ကို မဟုတ်တာ ပြောရမလဲ။ ဘယ်သူ့ကို မမှန်တာ ပြောရမလဲ။ ဒါကိုပဲ စဉ်းစားနေတာပါပဲ။

ပိသုဏာဝါစာ - အချစ်ခွဲစကား၊ ကုန်းတိုက်စကားနဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း ချစ်နေ ခင်နေသူတွေ၊ ကြင်နာနေ မြတ်နိုးနေသူတွေ မတွေ့လိုက်နဲ့၊ အချစ်ခင်ပျက်သွားမယ့် စကားပြောဖို့ အဆင်သင့်ပဲ။ စည်းလုံးနေ၊ ညီညွတ်နေကြသူ တွေ မတွေ့လိုက်နဲ့၊ သွေးခွဲစကားပြောဖို့ပဲ အမြဲတမ်း စဉ်းစား နေတာနော်။ သူတစ်ပါးရဲ့ ချစ်ခြင်းကို ခွဲဖို့ပဲ အမြဲစဉ်းစားနေ ပါတယ်။

ဖရုသဝါစာ - ကြမ်းတမ်းတဲ့စကားနဲ့ ပျော်တဲ့ပုဂ္ဂိုလ် ကလည်း ထစ်ခနဲရှိ ဆဲဆိုကြိမ်းမောင်းတဲ့စကား၊ ထစ်ခနဲရှိ ကြမ်းတမ်းရိုင်းစိုင်းတဲ့စကားတွေ ပြောဆိုဖို့ပဲ အမြဲတမ်း စဉ်း စားနေပါတယ်။

သမ္ဖပ္ပလာပဝါစာ - အကျိုးမရှိတဲ့၊ အနှစ်သာရမရှိတဲ့ စကားတွေနဲ့ မွေ့လျော်တဲ့ပုဂ္ဂိုလ်ကလည်း ဘာမှ အကျိုးမရှိ တဲ့စကား၊ ဘာမှ အနှစ်သာရမရှိတဲ့ စကားတွေ ပြောဖို့ပဲ အမြဲစဉ်းစားနေပါတယ်။ လူချင်းတွေ့တာနဲ့ သူများမကောင်း ကြောင်း၊ သူများအတင်းအဖျင်းပဲ ပြောတော့တာပါပဲ။ ဒါက ဝစီဒုစရိုက် လေးပါး။

မနောဒုစရိုက် သုံးပါး၊ အဘိဇ္ဈာဆိုတဲ့ မနောဒုစရိုက်နဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း သူများပစ္စည်း တွေ့လို့ရှိရင် ဘယ်လို နည်းနဲ့ အလကားရအောင် ယူရမလဲ၊ ဒါပဲစဉ်းစားနေတာနော်။ ဒီပစ္စည်းနဲ့ အလားတူပစ္စည်း တခြားမှာ ရရဲ့သားနဲ့။ အဲဒီ ပစ္စည်းမှ လိုချင်တာ။ သူတစ်ပါး ပိုင်ဆိုင်တဲ့အရာကို ဘယ် လိုနည်းနဲ့ မတော်မတရား အလကားယူရမလဲ ဆိုတာပဲ အမြဲ စဉ်းစားနေပါတယ်။

ဗျာပါဒဆိုတဲ့ မနောဒုစရိုက်နဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း သူများကို ဘယ်လိုနည်းနဲ့ သေအောင်သတ်ရပါ့မလဲ။ သူများ ကို ဘယ်လိုနည်းနဲ့ ညှဉ်းပန်းနှိပ်စက်ရပါ့မလဲ။ သူများကို ဒုက္ခ ပေးဖို့ နှောင့်ယှက်ဖို့ပဲ အမြဲစဉ်းစားနေတော့တာပါပဲ။

မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောဒုစရိုက်နဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း ... သမ္ဗုဒ္ဓ ကြုံသမျှ အဖြစ်အပျက်တွေ၊ အာရုံတွေနဲ့ ပတ်သက် ... အတွေးအခေါ် အယူအဆ တလွဲတွေချည်းပဲ တွေး တယ်။ အလွဲတွေချည်းပဲ ကောက်ချက်ချတယ်။ လူတွေ့ရင် ... အယူဝါဒ အလွဲအမှားတွေချည်းပဲ ဖြန့်ဝေလို့ရှိပါတယ်။ ... မနောဒုစရိုက် သုံးပါး။

အဲဒီအားဖြင့် ဒုစရိုက် ဆယ်ပါးနဲ့ ပျော်နေသူတွေရဲ့ ကြားမှာ ကိုယ်က ဒုစရိုက်ဆယ်ပါးနဲ့မပျော်ပါနဲ့တဲ့။

ဒုစရိုက်နဲ့ ပျော်တဲ့ပုဂ္ဂိုလ်ကလည်း ဒုစရိုက်မလုပ်ရရင် ... မနေနိုင်တာ။ ဒုစရိုက်ဆိုလို့ ခါးပိုက်နှိုက်တာ၊ စေပြတိုက် ... လူသတ်တာလောက်ပဲ သွားမမြင်နဲ့နော်။ မကောင်းတဲ့

အကျင့် ရှုံမုန်းစရာအကျင့်ကို ဒုစရိုက်လို့ ခေါ်တယ်။ အတင်း အဖျင်း ပြောတာ၊ သူများမကောင်းကြောင်း လုပ်ကြံပြောတာ လည်း ဒုစရိုက်ပဲ။

ဒေါ်ဂွက်ထော်ဆိုတဲ့ ဒကာမကြီးတစ်ယောက် ရှိတယ်။ သူက စကားကို ဗလောင်းဗလဲ သိပ်ပြောတတ်တယ်။ သူများ မပြောတာကို ပြောတယ်လို့ ဆိုလိုဆို၊ သူများပြောတာကို မပြောဘူးလို့ ဆိုလိုဆို၊ ပုံပြင်တွေ ဆင်တယ်၊ ဇာတ်လမ်းတွေ ထွင်တယ်၊ ဟိုပြော ဒီပြောပေါ့။

သူ့ ကြည့်မရတဲ့သူမှ မကောင်းပြောတာလားဆိုတော့ မဟုတ်ဘူး။ ကြည့်ရတဲ့သူလည်း မကောင်းပြောချင်တာပဲ။ ဘာမှန်းကို မသိပါဘူး။ ကိုယ့်လူရင်းရဲ့ မကောင်းကြောင်း လည်း ပြောတာပဲ။

အဲဒါ တစ်ခါတော့ ဘုရားဖူးခရီးထွက်ရင်းနဲ့ ကားပေါ်မှာ ကိုထွေးနဲ့ မမွှေးဆိုတာကလည်း ပါလာသေးတယ်။ ရန်ကုန် အပြန်ကျတော့ ဒေါ်ဂွက်ထော်က ကိုထွေးနဲ့ မမွှေးကိုပဲ ချောင်းနေတယ်။ သူတို့က ဘာမှမတော်ဘူး၊ မိတ်ဆွေတွေ ပေါ့။ ထိုင်စရာနေရာကလည်း နှစ်ယောက်တွဲခုံတွေ၊ မရင်းနှီး တဲ့သူတွေပါတော့ နေရာတိုင်း တွဲထိုင်လို့လည်း မဖြစ်ဘူးလေ။

ယောကျ်ားလေးချင်း၊ မိန်းကလေးချင်း ထိုင်တော့ထိုင် တယ်။ ဒါပေမယ့် ယောကျ်ားလေးတစ်ယောက်တည်း ပိုနေ တော့ မိန်းကလေးနဲ့ တွဲထိုင်လိုက်ရတယ်။ ကိုထွေးနဲ့ မမွှေးက ရင်းလည်းရင်းနှီးပြီးသားဆိုတော့ တွဲထိုင်တယ်။

အဲဒီမှာတင် ဒေါ်ဂွက်ထော်က မျက်စောင်းလေးထိုး ပြီးတော့ အကွက်ရှာတော့တာပါပဲ။ ဘာပြောရမလဲပေါ့လေ။ ပြောစရာကလည်း မရှိတော့ဘူး။ မရှိတဲ့ကြားထဲကနေ ရန် ကုန်ရောက်တဲ့အခါကျတော့ ကြံဖန်ပြီးပြောတယ်။

ကိုထွေးအမေကို လှမ်းပြောတယ်။

"အန်တီရေ ကိုထွေးကိုလဲ ကြည့်ပြောဦး၊ ကြည့်ထိန်း ဦး" တဲ့။

မမွှေးက ပြောတယ်တဲ့။ ကိုထွေးက သိပ်အသားယူ တာပဲတဲ့။ သူ့နားလေး တိုးတိုးလာသတဲ့။ သူ့အသားလေး လာ ထာထိတယ်တဲ့။ ကြံဖန်ပြီး လာလာထိတယ်တဲ့။ သူ့လက်ကို လည်း လာလာကိုင်တယ်တဲ့။ စကားပြောတာ ရိုးရိုးပြောလို့ ရရက်သားနဲ့ သူ့နားလေး တိုးတိုး တိုးတိုးနဲ့ ကပ်ပြီးတော့ ပြောတယ်တဲ့။ အဲတော့ ကိုထွေးကို ကြည့်ထိန်းထားဦး ဆို တော့ ကိုထွေးအမေကလည်း စိတ်မကောင်းဖြစ်တာပေါ့။

ကိုထွေးကလည်း သူ အဲဒီလို လုံးဝမလုပ်ရပါဘဲနဲ့ လုပ် ကြံပြီးပြောတော့ စိတ်တွေ တိုတယ်။ ရှင်းမယ် ရှင်းမယ်နဲ့ပေါ့။ ကိုထွေးအမေက အားနာပါးနာနဲ့ မမွှေးကို အကြောင်းစုံ မေးကြည့်တော့ မမွှေးက . . .

"ကြုံကြုံဖန်ဖန် အန်တီရယ်၊ မဟုတ်ပါဘူး" တဲ့။

ဒေါ်ဂွက်ထော် ဇာတ်လမ်းဆင်ပြီး ပြောတာပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါနဲ့ပဲ ကြီးတော်ကြီး ဒေါ်ဂွက်ထော်ကိုလည်း ဘာမှ မမေးတော့ပါဘူး။ ကိုယ့်ဟာကိုယ်ပဲ သဘောပေါက်လိုက်တယ်။ ကြီးတော်ကြီး ဒေါ်ဂွက်ထော်က စကားကို ဗလောင်းဗလဲ ပြောတတ်တယ်ဆိုတာ ကောက်ချက်ချလိုက်တယ်နော်။ သူ့ဝါသနာနဲ့သူ၊ သူ့ဝသီနဲ့သူ ဆိုပြီး သည်းခံခွင့်လွှတ်လိုက်ကြပါတယ်။ နာမည်တွေ လွှဲပြောင်းထားပါတယ်နော်။

ဒါကြောင့် ဗလောင်းဗလဲပြောတာ ဝါသနာပါတဲ့ ပုဂ္ဂိုလ်ကလည်း ဘာအဖြစ်အပျက်နဲ့ တွေ့လိုက်တွေ့လိုက် ဘယ်လိုဇာတ်လမ်းဆင် ပြောရမလဲ၊ ဘယ်သူ့ကို ပြောရမလဲ။ ဒါပဲ စဉ်းစားနေတာနော်။ လူချင်းတွေ့ရင် လူချင်းပြောမယ်။ လူချင်းမတွေ့ရင် ဖုန်းဆက်ပြီးတော့ ပြောမယ်။ ဖက်စ်နဲ့ ပို့မယ်၊ အီးမေးလ်နဲ့ ပို့မယ်။ ဟုတ်တယ်မဟုတ်လား ယောဂီတို့။ အင်တာနက်ကနေတောင် ကမ္ဘာအနှံ့ လွှင့်ရင်လွှင့်မှာနော်။ လွှင့်တဲ့သူတွေလည်း လွှင့်နေတာပါပဲ။

ဒါကြောင့် ဒုစရိုက်နဲ့ ပျော်နေသူတွေရဲ့ကြားမှာ ဒုစရိုက်နဲ့ မပျော်ပါနဲ့တဲ့။

## အရိုးကို အဆန်းထင်နေသရွေ့ အရိုးပဲရမယ်

နောက်တစ်ခု "ကာမဂုဏ်အာရုံတွေနဲ့ ပျော်နေသူတွေရဲ့ကြားမှာ ကာမဂုဏ်အာရုံတွေနဲ့ မပျော်ပါနဲ့"။ ဒါကလည်း ပြောလို့သာ ပြောရတာ၊ မပြောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကာမဂုဏ်အာရုံတွေနဲ့ မပျော်ပါနဲ့လို့ ပြောလည်း ပျော်နေမယ့်အတူတူ မထူးဘူးနော်။ ပျော်မှာပဲ မဟုတ်လား။

ကာမဂုဏ် အာရုံတွေရဲ့ အပြစ်တွေက စာထဲမှာ အများကြီး ပြောထားပြီးသား။ တကယ်တမ်းကျတော့ ကာမဂုဏ်အာရုံတွေဆိုတာ ဘဝသံသရာတစ်လျှောက်လုံး အကြိမ်ကြိမ် အခါခါ ခံစားခဲ့ဖူးပေါင်း များလှပါပြီ။

လောကဖြစ်တော့လည်း လောကဘဝနဲ့ ကာမဂုဏ် ခံစားခဲ့တာပဲ။ အသစ်ကာမဂုဏ်ဆိုတာ ရှိကိုမရှိဘူး။ ဒီဘဝအနေနဲ့ ကြည့်တော့သာ ဟိုကာမဂုဏ်အာရုံလေးတော့ မခံစားဖူးသေးဘူး၊ ဒီကာမဂုဏ်အာရုံလေးတော့ မခံစားဖူးသေးဘူးဆိုပြီး ဖြစ်နေကြတာ။ သံသရာနဲ့ချီပြီးတော့ ကြည့်လိုက်တော့ မခံစားဖူးသေးတဲ့ ကာမဂုဏ်အာရုံဆိုတာ တစ်ခုမျှ မရှိပါဘူး။ ကာမဂုဏ်အားလုံးဟာ ခံစားဖူးပြီးသားတွေချည်းပါပဲ။ ရိုးနေပြီပေါ့။

ကိုယ့်စိတ်ထဲမှာ ဆန်းနေတယ် ထင်နေရင်တော့ ကာမဂုဏ်အာရုံမှာ ပျော်မှာပဲ။ သူတော်ကောင်းမာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်တွေ၊ စိတ်မှာ မောဟဖုံးလွှမ်းမှု နည်းပါးတဲ့ ပုဂ္ဂိုလ်တွေကျတော့ ကိုယ်ကိုယ်တိုင် ဒီဘဝမှာ တချို့ ကာမဂုဏ်အာရုံ မခံစားဖူးသေးပေမယ့် အခြား ခံစားရတဲ့ ကာမဂုဏ်အာရုံတွေနဲ့ နှိုင်းယှဉ်ချိန်ထိုးပြီးတော့ . . .

"သြော် . . . ဒါတွေဟာ တကယ်တော့ ဘာမှမဟုတ်ပါလား၊ ဘာမှ မထူးဆန်းပါဘူး၊ ဒီအာရုံထဲ ငါဝင်ရင်တော့ ဒုက္ခတွေနဲ့ပဲ တိုးမှာပဲ၊ ဒီအာရုံတွေတော့ မခံစားတော့ဘူး စွန့်လွှတ်မယ်"

စသည်အားဖြင့် ဒီလိုစိတ်မျိုး မွေးမြူနိုင်ကြတယ်နော်။ တချို့က ဘုန်းကြီးတွေကို ပြောကြတယ်လေ။ အရှင်ဘုရား တို့က ကာမဂုဏ်အာရုံတွေကို မခံစားနဲ့ဆိုပြီးတော့ ဟော နေကြတယ်။ မခံစားရတိုင်း လျှောက်ဟောနေတယ်ဆိုပြီး တော့ပေါ့လေ။ ဒီလိုလာတာ။

တချို့အာရုံတွေက ကိုယ်တိုင် မခံစားဖူးသေးပေမယ့် ခံစားဖူးတဲ့ ကာမဂုဏ်အာရုံတွေနဲ့ နှိုင်းယှဉ်ပြီးတော့ စဉ်းစား လို့ရပါတယ်။ ဒီဘဝအနေနဲ့ ပြောတာပေါ့နော်။ သံသရာမှာ တော့ မခံစားဖူးတဲ့ ကာမဂုဏ် တစ်ခုမျှ မရှိပါဘူး။

ကာမဂုဏ်အာရုံလေးတစ်ခု တပ်မက်မယ်ကြံတိုင်း ဘာဆိုလိုက်မတုံး။ "ရိုးနေပါပြီ" ပေါ့။

ယောဂီတို့က လူရိုးလား၊ လူဆန်းလား။ လူဆန်းဆိုရင် တော့ ဘယ်တော့မှ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူး။ လူရိုးဆို နိဗ္ဗာန်ရောက်မှာနော်။ ကာမဂုဏ်အာရုံတွေကို "ရိုးနေပါပြီ" လို့ နှလုံးသွင်းလိုက်နိုင်ရင် လူရိုးပါပဲနော်။ ကာမဂုဏ်အာ တွေကို အဆန်းထင်ပြီး တပ်မက်နေရင်တော့ လူဆန်းပေါ့ နိဗ္ဗာန်ရောက်ချင်ရင် ဒါမှမဟုတ် ဒီဘဝမှာ အမြဲတမ်း စိတ် အေးချမ်းချင်ရင် အမြဲတမ်း လူရိုးလေး ဖြစ်နေပါစေ။

ကာမဂုဏ်အာရုံရဲ့ အပြစ်တွေ အများကြီးဟောထား တဲ့အထဲက ဦးဇင်း အကြိုက်ဆုံးက "အဋ္ဌိကင်္ကလူပမော ကာမာ"။

"အဋ္ဌိကင်္ကလူပမာ" ကို မဟာဂန္ဓာရုံဆရာတော်ဘုရား ကြီး အနက်ပေးထားတာ ကောင်းလိုက်တာ။ ကောင်း ကောင်း။ "အသားမစပ်၊ အညှီကပ်သဖြင့်၊ ခွေးငတ်မလွှတ် နိုင်သော အရိုးစုနှင့် တူလှချေ၏" တဲ့။ ကောင်းလိုက်တာနော်။

အရိုးမှာ အသားလည်း မရှိဘူးတဲ့။ ဒါပေမဲ့ ညှီနံ့လေး ကပ်နေတော့ ခွေးငတ်က မလွှတ်နိုင်ဘူးတဲ့။

ခွေးတစ်ကောင်က အရမ်းကို ဆာလောင်နေတာပေါ့ အဲဒီအချိန်မှာ အမဲရိုးတစ်ခု ရတယ်။ အဲဒီအမဲရိုးက အသား လည်း တစ်စက်မှ မရှိတော့ဘူး။ ဒါပေမယ့် ညှီနံ့လေးတော့ ရှိသေးတယ်။ အဲဒီခွေးကလည်း ဆာနေတော့ အရိုးကို အား ပါးရကိုက်၊ ကိုက်ရင်း ကိုက်ရင်းနဲ့ သွားရည်တွေက ထွက်လာ တာပေါ့။ သွားရည်နဲ့ ညှီနံ့နဲ့ ပေါင်းလိုက်တဲ့အခါကျတော့ ကောင်းလိုက်တာ၊ ကောင်းလိုက်တာနဲ့ ဒီလိုဖြစ်သွားတာ။

(ဆက်ရန်)

❒ အရှင်[illegible]





www.burmeseclassic.com

www.burmeseclassic.com



# နတ်သုဒ္ဓါ

ဦးကျော်နိုင်
(B.A, H.G.P)

နတ်သုဒ္ဓါ ဟူသော အပြော အဆို၊ အသုံးအနှုန်းသည် ဗုဒ္ဓဘာသာဝင်တို့၏အကြား၌ များပြားတွင်ကျယ်လျက်ရှိ၏။

နတ်သုဒ္ဓါဆိုသည်မှာ နတ်တို့၏ အစာအာဟာရ၊ နတ်တို့၏သြဇာ၊ နတ်သြဇာပင် ဖြစ်၏။ ထိုနတ်သုဒ္ဓါ ဟူသော အမည်ဖြင့် အလှူမင်္ဂလာစသော ဧည့်ခံပွဲများ၌ပင် ဧည့်ခံလျက်ရှိသည်ကို တွေ့ရ၏။ နတ်သုဒ္ဓါသည် ဒံပေါက်တစ်မျိုးပင်ဖြစ်သည်ဟု စာရေးသူထင်၏။

ဒံပေါက်ကဲ့သို့ အရောင်မဆိုး၊ မဆလာမပါ၊ သစ်သီးမစုံခြင်းမျှသာ ကွာခြားသည်ဟု ထင်၏။

ကျမ်းဂန်တို့၌လာသော နတ်သုဒ္ဓါအကြောင်းကို ဗုဒ္ဓဘာသာဝင်တို့၏ ဗဟုသုတအလို့ငှာ လေ့လာရေးသား တင်ပြလိုပါသည်။

သို့သော် နတ်သုဒ္ဓါအကြောင်းသည် ဈာန်မဂ်ဖိုလ်ဟူသော ဥတ္တရိမနုဿဓမ္မနှင့်ကား ဆိုင်လှသည်မဟုတ်။

## ပါဠိအဘိဓာန်နှင့် အဘိဓာန်ဋီကာ

ပါဠိ အဘိဓာန်ဂါထာ နံပါတ် (၂၅)တွင် နတ်သုဒ္ဓါဟော ပါဠိ(၃)ပုဒ်လာရှိ၏။

၎င်းတို့မှာ သုဓာ၊ ပီယူသာ နှင့် အမတဟူသော ပုဒ်တို့ဖြစ်၏။ ၎င်းတို့၏ အဓိပ္ပာယ်ကို အဘိဓာန်ဋီကာ၌ ယခုကဲ့သို့ ဖွင့်ဆိုခဲ့၏။

(၁) သုဓာ - ချမ်းသာသဖြင့် သောက်အပ်သောကြောင့် သုဓာမည်၏။ သောက်၍ကောင်းသောကြောင့် သုဓာမည်သည်ဟု ဆိုလို၏။

(၂) ပီယူသာ - သောက်အပ်သောကြောင့် ပီယူသာမည်၏။ သောက်စရာ ဖြစ်သောကြောင့်ဟုဆိုလို၏။

(၃) အမတ - မသေကြောင်းအစာ၊ မသေကြောင်းဆေး ဖြစ်သောကြောင့် အမတ-အမြိုက်မည်၏။

အမတနှင့်ပတ်သက်၍ အမတပါဟူသော နတ်ဟောပုဒ်တစ်ပုဒ်လည်း



www.burmeseclassic.com

www.burmeseclassic.com

အဘိဓာန်၌လာ၏။ အမြိုက်စာ သို့မဟုတ် အမြိုက်ဆေးကို သောက်သူဟု ဆိုလို၏။

ထိုသို့ဖြစ်သော် အမတ-အမြိုက်သည်လည်း သောက်စရာပင် ဖြစ်လေသည်။ ဤအဘိဓာန်နှင့် အဘိဓာန်ဋီကာတို့ အဆိုအရမူ နတ်သုဒ္ဓါဆိုသည်မှာ အဖတ်မဟုတ် အရည်ဖြစ်ကြောင်း တွေ့ရပေသည်။

### ဆရာတော်ဦးတိလောက (ရဝေထွန်း)

ဆရာတော်ဦးတိလောက(ရဝေထွန်း)ကမူ နတ်သုဒ္ဓါမှာ နတ်တို့၏ ရှေးကောင်းမှုကုသိုလ်ကံကြောင့် မိမိတို့၏ ဘုံဗိမာန်အနီး၌ ပေါက်လာသော ဒေဝဒုမမည်သော သစ်ပင်၏ အသီးအပွင့်တို့ ဖြစ်သည်။ ထိုသစ်ပင်မှသီးသော အသီးသည် သုဓာဘုတ်ပင် ဖြစ်၏။ အပွင့်မှဖြစ်သော ပျားလဘို့ကဲ့သို့သော ဝတ်ရည်သည် ပီယုသ မည်၏။

ထိုပီယုသ၊ သုဓာဘုတ်တို့ကား သိမ်မွေ့သော အတွေ့အရသာ ဩဇာကြီးလှသောကြောင့် နတ်တို့၏ ကိုယ်ခန္ဓာကို အထောက်အပံ့ပြုလျက်သာ ပျံ့နှံ့၏။ ကျင်ကြီး၊ ကျင်ငယ် ဟူ၍မဖြစ်ပေ။

ထိုပီယုသာ၊ သုဓာဘုတ်တို့ကား တစ်ဘုံထက်တစ်ဘုံ သာလွန်ကြသည်ဟု "သာရသင်္ဂဟ"ကျမ်း၌ ဆိုကြောင်း ဘာသာရေးပြဿနာ စာစဉ်အမှတ်(၄)၌ ရေးသားဖြေဆိုတော်မူခဲ့၏။

ဤအဆိုအရဆိုပါက ပီယုသာသည် အရည်သဘောဖြစ်၍ သုဓာသည် အဖတ်သဘော ဖြစ်ပါသည်။

### တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရား

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးသည် သီလက္ခန်ဘာသာဋီကာကို ရေးသားတော်မူခဲ့၏။ ထိုသီလက္ခန်ဘာသာဋီကာ၌ နတ်သုဒ္ဓါနှင့်ပတ်သက်၍ နတ်သုဒ္ဓါသည် သဖန်းသီးပမာဏရှိ၏။ လက်သီးတစ်ဆုပ်စာမျှလောက်သာ ကြီး၏။ နတ်သုဓာကို နတ်တို့၏ အရေအတွက်အားဖြင့် တစ်ရက် တစ်ခါ စားကြရ၏။

မှတ်ချက်။ ။ (လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်တို့၏ တရက်ဖြစ်၏။ လူတို့၏ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ တစ်ရက်ဖြစ်သည်) အောက်အောက်နတ်များထက် အထက်ထက်နတ်များ၏ နတ်သုဒ္ဓါမှာ အဆင့်ဆင့်သာလွန်ကြ၏။လျှာပေါ်တင်လိုက်လျှင်ပင် တစ်ကိုယ်လုံးပျံ့နှံ့၍သွားလေသတဲ့ဟု ရေးသားဖော်ပြတော်မူခဲ့ပါသည်။

### နတ်တို့၏ကိုယ်ခန္ဓာနှင့် ပါစကမီး

နတ်တို့၏ ကိုယ်ခန္ဓာသည် သိမ်မွေ့နူးညံ့၏။ သိမ်မွေ့နူးညံ့သောကြောင့် သိကြားမင်းသည် ဘုရားရှင် သီတင်းသုံးရာ ဣန္ဒသာလလိုဏ်ဂူသို့ လာသောအခါ ပကတိမြေပေါ်၌ခန္ဓာကိုယ်မတည်နိုင်ဘဲ ကျွံ၍ကျွံ၍ဝင်သွားသောကြောင့် ဘုရားရှင်က . . .

"ကြမ်းတမ်းသော အတ္တဘောကို အဓိဋ္ဌာန်လိုက်လော့" ဟု သိကြားအား နည်းပေးတော်မူဖူး၏။ နတ်တို့၏ ကိုယ်ခန္ဓာ သိမ်မွေ့သော်လည်း ကမ္မဇတေဇောဓါတ် ပါစကမီးကား ထက်မြက်အားရှိလေသည်။

လူတို့မှာ နတ်တို့လောက် မကြီးကျယ်သော ကံကြောင့် ဖြစ်ရသဖြင့် ကမ္မဇတေဇောဓါတ် ဝမ်းမီးသည် နတ်များကဲ့သို့ မကောင်း။ ကိုယ်ခန္ဓာသည်လည်း နတ်များ၏ ကိုယ်ခန္ဓာကဲ့သို့ မနူးညံ့၊ မသိမ်မွေ့ပေ။ နတ်သုဒ္ဓါသည် ဂရုသိနိဒ္ဓ- လေးလေးပင်ပင် ညက်ညက်ညောညောရှိ၏။ ထိုနတ်သုဒ္ဓါကိုပင် ကြေညက်စေနိုင်လောက်အောင် ဝမ်းမီးက ထက်မြက်လေသည်။

### ခိဍ္ဍာပဒေါသိကနတ်များ

နတ်တို့၏ ကာမဂုဏ်စည်းစိမ်သည် ကြီးကျယ်၏။ နတ်တို့သည် နတ်စည်းစိမ်ကိုခံစား၍အပျော်ကြူးကြသည့်အခါ နတ်ဩဇာကို စားရမည့် အချိန်ကို မေ့လျော့တတ်ကြ၏။

နတ်တို့သည် နတ်ဩဇာကို တစ်ရက်မှာတစ်ကြိမ် စားကြရ၏။ စားရမည့်အချိန်ကို ကျော်လွန်မိပါက သေကြရလေသည်။ စားချိန်ကို ကျော်လွန်တာနှင့်တစ်ပြိုင်နက် သေကြရ၏။

ထို့နောက် မပြတ်တမ်းခံစား၊ စားစားသောက်သောက် မရတော့ဟု သီလက္ခန် အဋ္ဌကထာဆို၏။ ထက်မြက်သော ပါစကတေဇော ဓါတ် ဝမ်းမီးသည် ချက်စရာ နတ်ဩဇာ မရှိသဖြင့် နူးညံ့သည့် နတ်ကိုယ်ခန္ဓာကို လောင်ကျွမ်းပစ်လိုက်သည့်သဘောပင် ဖြစ်ပေသည်။

ထိုနတ်တို့သည် အဘယ်ဘုံသားနတ်များနည်းဟူမူ သီလက္ခန် အဋ္ဌကထာက နတ်အားလုံးပင် ဖြစ်သည်ဟု ဆိုလေသည်။

### ဘုရားရှင်၏ဆွမ်းဟင်းနှင့်နတ်ဩဇာ

ဘုရားရှင် ဘုဉ်းပေးတော်မူရသည့် နို့ဃနာနှင့် ဆွမ်းဟင်း စသည်တို့၌လည်း နတ်များက နတ်ဩဇာကို ထည့်တတ်ကြ၏။

ဘုရားရှင် ပထမဆုံး ဘုဉ်းပေးတော်မူရသည့် သုဇာတာ သူဌေးသမီးကပ်သော နို့ဃနာ၌ နတ်တို့က နတ်ဩဇာကို ထည့်ခဲ့ကြ၏။ သုဇာတ ယနာနို့ဆွမ်း စီစဉ်ပုံကို ဇိနတ္ထပကာသနီကယခုကဲ့သို့ ဖော်ပြခဲ့ပါသည်။

ရှေးဦးမဆွကပင် နွားမတစ်ထောင်ကို နွယ်ချိုတော၌ ကျောင်း၍ ထိုနွားတို့ကို ငါးစုပြုကာ ရှစ်ရာသော နွားမတို့၏ နို့ရည်ကို လေးဆယ်သော နွားမတို့အား တိုက်၏။ ထိုလေးဆယ်သော နွားမတို့ကို ငါးစုစု၍ လေးစုသော နွားမတို့၏ နို့ရည်ကို ရှစ်ကောင်သော နွားမတို့အား တိုက်၏။ ထိုရှစ်ကောင်သော နွားတို့၏ နို့ရည်ဖြင့်သာ ယနာနို့ဆွမ်းကို ချက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

အလောင်းတော်မြတ် ဘုဉ်းပေးမည်ကိုသိ၍ လောကပါလ နတ်မင်းကြီးလေးယောက်တို့သည် ဖိုခံ့လောက်၌ စောင့်လာကြ၏။ ပြဟ္မာကြီးက ထီးဖြူကာသည်။ သိကြားမင်းက ထင်းထိုး၏။ တစ်သောင်းသော စကြဝဠာမှ နတ်ပြဟ္မာအပေါင်းတို့သည် ကောင်းမြတ်သော နတ်ဩဇာကို ထည့်ကြလေသည်။

## စုန္ဒ၏ ဝက်ပျို့ဆွမ်းဟင်း

စုန္ဒဒါယကာသည် သံဃာတော်နှင့်တကွ ဘုရားရှင်အား မိမိဆွမ်းကို အလှူခံတော်မူရန် ပင့်ဖိတ်ခဲ့ပြီးနောက် အိမ်သို့ရောက်သည့်အခါ ကောင်းမြတ်လှသော ဝက်သားပွမ်းဆွမ်းဖြင့် ဘုရားရှင်အား လုပ်ကျွေးအံ့ဟု ကြံ၍ ပရိကံတို့ကိုရုံးစု၍ နံနက်အခါဝယ် ငယ်လည်းမငယ်လွန်း၊ ကြီးလည်းမကြီးလွန်း၊ ပြည့်ရွှန်းသားဆီ၊ တညီပြင်ဖြစ်သော ဝက်ပျို့သားကို ဝယ်၍ အသွယ်သွယ်သော အမွှေးအကြိုင်တို့ဖြင့် ထုံလှိုင်လျက်သားပွမ်းဆွမ်းချက်လေ၏။

ထိုအခါ စကြဝဠာ အတွင်း၌ နေကုန်သော နတ်တို့သည် ထူးမြတ်သော ဩဇာဟူသမျှကို ထည့်ကြလေ၏ဟု ဇိနတ္ထက ရေးသားတင်ပြခဲ့၏။

## ဘုရားရှင် ဒုက္ကရစရိယာကျင့်စဉ်က

ဘုရားရှင်သည် ဒုက္ကရစရိယာကို အပြင်းအထန်ကျင့်စဉ် တစ်ချိန်၌ မူးမေ့သွားလေသည်။ မူးမေ့သွားရာမှ သတိရလာသောအခါ . . .

"ငါသည် အစာ အာဟာရကို လုံးဝမစားဘဲ ကျင့်ရမူ ကောင်းလေစွ" ဟု ကြံစည်တော်မူ၏။ နတ်များက . . .

"အို သူတော်ကောင်းအလောင်းတော် ရဟန်းမြတ် အစာအာဟာရကို လုံးဝပြစ်တော်မမူပါလင့်၊ အကယ်၍ သင်သည် အစာအာဟာရကို လုံးဝဖြတ်တောက်၍ ကျင့်ကြံတော်မူခဲ့ပါလျှင် ငါတို့သည် သင်၏ကိုယ်တွင်းသို့ မွေးညင်းပေါက်တို့မှ နတ်ဩဇာကို ထည့်သွင်းကြရပါလိမ့်မည်ဟု ဆိုကြလေသည်။

ဘုရားရှင်၏ ယနာန္တိဆွမ်း၊ သားပွမ်းဆွမ်းဟင်းနှင့် မွေးညင်းတို့မှ သွင်းမည်ဆိုသော နတ်ဩဇာ ဆိုသည်မှာ အဖတ်မဟုတ်၊ အရည်သာဖြစ်နိုင်သည်ဟု ထင်၏။

## သုမာဘောဇနဇာတ်

နတ်သုဒ္ဓါနှင့်ပတ်သက်၍ သုမာဘောဇနဇာတ် အဋ္ဌကထာ၌ အတော်အတန်ဖော်ပြထားသည်ကို တွေ့ရ၏။ သုမာဘောဇနဇာတ်သည် ငါးရာ့ငါးဆယ်(ပဥ္စမတွဲ)အသီတိနိပါတ်၌ လာ၏။ သုမာဘောဇနဇာတ်မှာ အလှူခံရရှိပါက မိမိအတွက် ဆွမ်းပြတ်သော်လည်း လှူဒါန်းလေ့ရှိသည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။

ထိုအခါက ဘုရားအလောင်းသည် ဗာရာဏသီ၌ ကုဋေ(၈၀)ကြွယ်ဝသော သူဌေးတစ်ဦးဖြစ်၏။ ဘုရင်မင်းမြတ်၏ သဘောတူခွင့်ပြုချက်ဖြင့် မိမိအိမ်ရှေ့၌ အလှူမဏ္ဍပ်တစ်ခု၊ မြို့လယ်၌ မဏ္ဍပ်တစ်ခု၊ မြို့တံခါးလေးခု၌ အလှူမဏ္ဍပ် လေးခု ဆောက်လုပ်၍ နေ့စဉ် ခြောက်သိန်း အကုန်အကျခံကာ လှူဒါန်းခဲ့၏။ ၎င်း၏ သားစဉ်မြေးဆက်သည်လည်း ဆက်လက်လှူဒါန်းခဲ့ကြ၏။

ဘုရားအလောင်းသည် သိကြားမင်း၊ ၎င်း၏သားသည် လနတ်သား၊ မြေးသည် နေနတ်သား၊ မြစ်သည် မာတလိနတ်သား၊ တီသည် ပဥ္စသိခနတ်သား ဖြစ်ခဲ့ကြ၏။ ၎င်း၏ တွတ်ကားအလှူကို ဆက်လက် မလှူတော့ဘဲ အလှူမဏ္ဍပ်များကို ဖျက်ဆီးခဲ့သည်။

## မစ္ဆရိယကောသိယ

ထိုသူဌေး၏အမည်မှာ ကောသိယ ဖြစ်၏။ နှမြောတွန့်တိုသဖြင့် မစ္ဆရိယကောသိယသည် သူတစ်ပါးအား ပေးကမ်းလှူဒါန်းဖို့ မဆိုထားဘိ မိမိအိမ်သားစုတို့ကိုပင် မသဒ္ဒါသူဖြစ်၏။ မိမိစားချင်လှသည် နို့ယနာကိုပင် အိမ်၌မကျိုချက်ဘဲ တောထဲရှိ ချုံပုတ်တစ်ခု၌ သွားရောက်ကျိုချက်၏။ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ လနတ်သား စသည်တို့နှင့်အတူ ပုဏ္ဏားများယောင်ဆောင်ကာ ကောသိယထံ သွားကြ၍ အလှူခံကာဆိုဆုံးမကြလေသည်။

ကောသိယသည် သိကြားနှင့် နတ်မင်းတို့၏ အဆုံးအမကို နာယူကာ ပစ္စည်းဥစ္စာများ စွန့်၍ ရသေ့ဝတ်ခဲ့၏။ ဟိမဝန္တာ၌ နေထိုင်၏။ မပေးမလှူဘဲ စားသောက်လေ့မရှိပေ၊ လှူသည့်အခါ၌လည်း စိစစ်ရွေးချယ်၍သာ လှူလေ့၊ ပေးလေ့ ရှိလေသည်။

## နာရဒရသေ့နှင့် နတ်သမီး လေးယောက်

သိကြားမင်း၏ သမီးတော် လေးယောက်တို့သည် ဟိမဝန္တာ အနောတတ်အိုင်၌ ရေကစားကြပြီးနောက် ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာ၌ အနားယူနေကြ၏။ နာရဒရသေ့သည် နတ်ပြည်၌ နေ့သန့်စင်ပြီးနောက် မိမိနေရာ ဟိမဝန္တာသို့ ပင်လယ်ကသစ်ပွင့်ကို ထီးလုပ်မိုးကာ နတ်သမီးတို့အထက် မှလာခဲ့၏။

နတ်သမီးတို့က ပင်လယ်ကသစ်ပန်းကို တောင်းကြရာ သင်တို့ထဲမှ သာလွန်မြင့်မြတ်သူသာ ရထိုက်၏ဟုဆို၏။ အရှင်ရသေ့ပဲ ဆုံးဖြတ်ပါဟု နတ်သမီးတို့က ပြောဆိုကြ၏။

ထိုအခါနာရဒရသေ့က သိကြားမင်းထံ အဆုံးအဖြတ်ခံရန် ညွှန်ကြားလေသည်။

သိကြားမင်းလည်း မိမိချစ်သမီးချည်းဖြစ်၍ မဆုံးဖြတ်လိုသဖြင့် အလှူခံပုဂ္ဂိုလ်ရှိက ပေးကမ်းလှူဒါန်းလေ့ရှိပြီး ရွေးချယ်ပေးလှူတတ်သည့် ရသေ့ကောသိယထံသို့ ထပ်မံလွှတ်ခဲ့လေသည်။

## ကောသိယရသေ့နှင့် နတ်သုဒ္ဓါ

သိကြားမင်းသည် နတ်ရထားမောင်း မာတလိနတ်သားအား နတ်



www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဒါကို ကောသိယရသေ့ထံ ကြိုတင်သွားရောက် ဆက်ကပ်ခိုင်းလေသည်။ ကောသိယရသေ့သည် နတ်သုဒ္ဒါကို ဆက်ကပ်သည့်အခါ နတ်သုဒ္ဒါ၏ ဂုဏ်ရည်ကို ယခုကဲ့သို့ ဖော်ကျူးခဲ့လေသည်။

*သန္တိပမံ သေတမတုလျ ဒဿနံ*
*သုစိံ သုဂန္ဓံ ပိယရူပ အမ္ဗုတံ။*

အဓိပ္ပာယ်မှာ - နတ်သုဒ္ဒါသည် သန္တိပမံသေတံ - ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏၊ အတုလျဒဿနံ- တုနှိုင်းစရာ မရှိအောင် ကြည့်ရှု၍ကောင်း၏၊ သုစိံ- စင်ကြယ်သန့်ရှင်း၏၊ သုဂန္ဓံ-မွှေးကြိုင်သောအနံ့လည်းရှိ၏၊ ပိယရူပါ-ချစ်စရာ အဆင်းလည်းရှိ၏။ အမ္ဗုတံ- မဖြစ်ဖူးမြဲ ထူးကဲဆန်းကြယ်၏ ဟူ၍ဖြစ်ပါသည်။

မာတလိနတ်သားကလည်း ထိုနတ်သုဒ္ဒါကို စားသုံးပါက အကျိုး(၁၂) ပါးရရှိနိုင်ကြောင်း ယခုကဲ့သို့ လျှောက်ထားလေသည်။

*ဘုတ္တာ စဿာ ဒွါဒသ*
*ဟန္တိ ပါပကေ၊*
*ဥဒ္ဒံ ပိပါသံ အရတိံ ကိုဒံ။*
*ကောဓူပနာဟဉ္စ ဝိဂါဒ ပေသုနံ၊*
*သီတုဏှ တန္ဒိဉ္စ ရသုတ္တမံ ဣဒံ။*

အဓိပ္ပာယ်မှာ သုံးဆောင်အပ်သော ထိုနတ်သုဒ္ဒါသည် ဥဒ္ဒံ-ထမင်းဆာခြင်းကို ပယ်ဖျောက်နိုင်၏။ ပိပါသံ - ရေငတ်ခြင်းကို ပယ်ဖျောက်နိုင်၏။ အရတိံ-မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်၏။ ဒရထံ - ကိုယ်ပူခြင်းကို ပယ်ဖျောက်၏။ ခိဒံ - ပင်ပန်းခြင်းကို ပယ်ဖျောက်၏။ ကောဒံ - အမျက်ထွက်ခြင်းကိုပယ်ဖျောက်၏။ ဥပနာဟံ-ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်၏။ ဝိဂါဒံ - ငြင်းခုံခြင်းကို ပယ်ဖျောက်၏။ ပေသုနံ - ကုန်းချော၊ ကုန်းတိုက်ခြင်းကို ပယ်ဖျောက်၏။ သီတံ-ချမ်းအေးခြင်းကို ပယ်ဖျောက်၏။ ဥဏှံ-ပူအိုက်ခြင်းကို ပယ်ဖျောက်၏။ တန္ဒိ-ပျင်းရိခြင်းကို ပယ်ဖျောက်၏။

ဤသို့ (၁၂)ပါးသော မကောင်းကျိုးတို့ကို ပယ်ဖျောက်သဖြင့် နတ်သုဒ္ဒါသည် သာလွန်မြင့်မြတ်သော အရသာဖြစ်ကြောင်း လျှောက်ထားခြင်း ဖြစ်ပါသည်။ ကောသိယရသေ့သည် နတ်သုဒ္ဒါကို နတ်သမီး သုံးယောက်ကိုပယ်၍ ဟိရီနတ်သမီးကို ရွေးချယ်စီစစ်၍ ပေးခဲ့လေသည်။

## ဇာတ်တော်ကိုပေါင်းခြင်း

ဇာတ်တော်ကို ပေါင်းသည့်အခါ ပထမဆုံး ဗာရာဏသီ သူဌေးသည် ဘုရားရှင်ဖြစ်တော်မူ၏။ ဒုတိယ သူဌေးသည်အရှင်မောဂ္ဂလ္လာန်၊ တတိယသူဌေးသည် အရှင်မဟာကဿပ၊ စတုတ္ထ သူဌေးသည်အရှင်အာနန္ဒာ၊ ပဥ္စမသူဌေးသည် အရှင်အနုရုဒ္ဓါဖြစ်၍ ကောသိယ သူဌေးမှာမူ ယခုအခါအလှူ၌ မွေ့လျော်သော ရဟန်းဖြစ်၏။ ဟိရီနတ်သမီးသည် ဥပ္ပလဝဏ်ထေရီ ဖြစ်၏။

ကောသိယ ရသေ့သည်လည်း မာတလိနှင့် စကားပြောဆိုစဉ်ပင် ကွယ်လွန်၍ နတ်ဖြစ်၏။ သိကြားမင်းက နှစ်သက်သဘောကျ၍ မိမိ၏သမီး ဟိရီနတ်သမီးနှင့် ထိမ်းမြားပေးခဲ့ကြောင်း ဇာတ်တော်၌ ဆိုလေသည်။

❒ ဦးကျော်နိုင် (B.A,H.G.P)




အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

## ဗြဟ္မာစိုရ်တရားနှင့် ကရင်တိုင်းရင်းသား

# သိဒ္ဓိရှင်ဘိုးပိုက်ဆံ

ကျော်ဇော်ဟိန်း(နံ့သာ)

ညောင်လေးပင်မြို့ အနောက်ဘက်၊ ပိန်းဇလုပ်အလွန်၊ ကျွန်းကုန်းမှ (၇) မိုင်ဝေးသော ဖဒိုဆိုသော တိုင်းရင်းသားများနေထိုင်တဲ့ မြို့ကလေးတစ်မြို့ရှိပါသည်။ ဒီမြို့ကလေးကို ဗြိတိသျှကိုလိုနီခေတ် (ခရစ်-၁၈၈၈) သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်၊ ကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာခေါင်းဆောင်၊ စောဆာဖိုးဝါး (ခေါ်)ဘိုးပိုက်ဆံ တည်ထားပေးခဲ့သော မြို့ကလေး ဖြစ်ပါသည်။

ဘိုးပိုက်ဆံသည် သိဒ္ဓိရှင်လောကမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပြီး ဝါရမီလမ်းပေါ် လျှောက်လှမ်းနေသူအဖြစ် အတော်များများက အထူးပဲ ယုံကြည်လေးစားကြသည်။ ဘိုးပိုက်ဆံသည် ဗြဟ္မာစိုရ် အဖွဲ့ချုပ်ကြီးကို တည်ထောင်ခဲ့ပြီး ရပ်ရေးရွာရေး သာသနာရေး ကိစ္စတွေမှာ ဆောင်ရွက်နိုင်သူ ဖြစ်ပါသည်။

**ဘိုးပိုက်ဆံဇာတိ**

ဘိုးပိုက်ဆံ၏ ငယ်နာမည်မှာ စောဆာဖိုးဝါး ဖြစ်ပါသည်။ ဖာပွန်အပိုင် နဝိုခိုးရွာမှာ အိမ်ခြေ (၄၀) ခန့်နှင့်လူဦးရေ (၂၀၀) ခန့်ရှိပါသည်။ စောဆာဖိုးဝါး၏ ဖခင်အမည်မှာ စောရွှေရင်အေး၊ မိခင်အမည် နော်နယိုစေး ဖြစ်ပါသည်။ ညီအစ်ကိုမောင်နှမ ငါးဦးအနက် စောဆာဖိုးဝါးမှာ တတိယသားဖြစ်ပါသည်။ သူ၏မိဘတို့မှာ ရိုးရာနတ်စား ကရင်လူမျိုးများ ဖြစ်ပါသည်။

စောဆာဖိုးဝါးကို ၁၂၁၅ ခုနှစ်တွင် မွေးဖွားပါသည်။ သူသည် ငယ်စဉ်တတည်းကပင် ဖြူစင်ရိုးသားသူဖြစ်ပြီး စာပေများသင်ကြားရန် ဆန္ဒရှိခဲ့ပါသည်။ သို့သော် မိဘများမှာ ရိုးရာတောင်ယာခုတ်ခြင်း အလုပ်ကိုသာပြုလုပ်ကြသဖြင့် စောဆာဖိုးဝါးလည်း ပါဝင်ကူညီခဲ့ရလေသည်။ စောဆာဖိုးဝါးမှာ ပိန်လှီသည် ဖြစ်ပြီး ထွားကျိုင်းမှု မရှိပါ။ စာပေသင်ကြားရန်သာ ဆန္ဒရှိသဖြင့် တောင်ယာအလုပ်တွင် စိတ်မဝင်စားခဲ့ပါ။



သိဒ္ဓိရှင် ဘိုးပိုက်ဆံ

စောဆာဖိုးဝါးသည် ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁ ရက်နေ့မှာ ရွှေကျင်မြို့ ဘုန်းကြီးကျောင်းမှာ စာသင်ကြားခဲ့ပါသည်။ တစ်လအတွင်းမှာပင် မြန်မာသင်ပုန်းကြီးကို တတ်မြောက်ခဲ့ပြီး နယုန်လမှာ မင်္ဂလသုတ်သင်ခွင့်ရသည်။ ဒီလောက် စာတတ်မြောက်တာ ဘုန်းကြီးကိုယ်တိုင် အံ့သြရတဲ့အထိ ဖြစ်လေသည်။ ဝါတွင်းမှာ ကျောင်းသားတွေကို မိဘထံပြန်ခွင့်ပြုတော့ ဘုန်းကြီးဖတ်တဲ့ စာအုပ်ထူထူကြီးကို စောဆာဖိုးဝါး ငှားယူပြီးပြန်လာခဲ့သည်။ မိဘတွေအပါအဝင် တစ်ရွာလုံးက အံ့သြရတဲ့အထိ စောဆာဖိုးဝါးတတ်ခဲ့ပြီး ညဘက်သူ့အိမ်ရောက်လာတဲ့ သူငယ်ချင်း (၁၀) ယောက်ကို စာအုပ်ထူထူကြီးလှန်ပြီး ဖတ်ပြသည်၊ ရှင်းပြသည်၊ ပြီးတော့ စာသင်ဖို့ တိုက်တွန်းသည်။

ဒီတစ်ခေါက် ကျောင်းပြန်တက်တော့ စောဆာဖိုးဝါးရဲ့ နောက်မှာ ကျောင်းသား ငါးယောက် ပါလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စောဆာဖိုးဝါးကတော့ မင်္ဂလသုတ်အနက်ဖွင့်ကို ဆက်သင်ရသည်။ မိဘလုပ်ကျွေးခြင်း မင်္ဂလာကိုသင်တော့ သူ မျက်ရည်ကျမိသည်။ ခုထိ မိဘကို သူ လုပ်မကျွေးနိုင်သေးဘူး။ စောဆာဖိုးဝါးတို့ စာသင်ခဲ့ပုံမှာ အသိနှင့်အကျင့် ပေါင်းစပ်နိုင်အောင် သင်ယူပုံမျိုးဖြစ်၍ ငြိမ်းလည်းငြိမ်း ရွာလည်းရွာတဲ့ မိုးလို ကျင့်လည်းကျင့်တဲ့ လူမျိုးဖြစ်အောင် စာသင်ခဲ့တာ ဖြစ်ပါသည်။

စောဆာဖိုးဝါးသည် မိဘကို လုပ်ကျွေးခြင်း မင်္ဂလာတရားတော်ကို အကောင်အထည်ဖော်ဖို့ ရွာကိုပြန်လာခဲ့ပါသည်။ တောင်ယာ ပဲခင်းတွေမှာ ကူညီလုပ်ကိုင်ပေးခဲ့တသည်။

အဲဒီအချိန် အင်္ဂလိပ် အစိုးရသည် မြန်မာပြည်အောက်ပိုင်း သိမ်းယူပြီး သစ်များကို ထုတ်ယူလျက်ရှိသည်။ သစ်ကုမ္ပဏီနှစ်ခု ဖြစ်သော ဖူးကားနှင့် မက္ကရီကတို့သည် သစ်များကို အမြန်ထုတ်ယူနိုင်ရန် သစ်လုပ်ငန်းလုပ်ကိုင်လိုသူ တိုင်းရင်းသားထံသို့ ဆင်ဖိုးငွေ၊ ကျွဲဖိုးငွေအတွက် ချေးငွေများကို ထုတ်ပေးခဲ့ပါသည်။ ဤကဲ့သို့ ချေးငွေရရှိသူများတွင် စောဆာဖိုးဝါး၏ ဦးလေး တစ်ဦးလည်း ချေးငွေရရှိခဲ့ပါသည်။

**စောဆာဖိုးဝါးဆင်ဝယ်ရန်ထွက်လာခဲ့**

စောဆာဖိုးဝါးသည် ရိုးသားသူဖြစ်သည့်အပြင် စကားအရာ၌လည်း ကျွမ်းကျင်လိမ္မာသူ ဖြစ်သောကြောင့် ဦးလေးဖြစ်သူမှ ရှမ်းပြည်နယ်ဘက်တွင် ဆင်ဝယ်ရန် ငွေပေးပြီးစေလွှတ်ခဲ့သည်။

စောဆာဖိုးဝါး ခရီးမထွက်မီ သူ၏မိဘများကို ကူညီစောင့်ရှောက်ရန် ဦးလေးဖြစ်သူထံမှ သဘောတူညီမှုယူ၍ ဆင်ဝယ်ရန် ခရီးထွက်ခဲ့ပါသည်။

စောဆာဖိုးဝါး ရှမ်းပြည်နယ်ရှိ ခိုဝါခီးရွာသို့ရောက်ပြီး ဆင်ကိုတွေ့၍ ဝယ်ယူခဲ့ပါသည်။ သို့သော် ဆင်စီးတတ်ရန် လိုအပ်သဖြင့် ထိုရွာ၌ပင် ဆင်စီးတတ်ရန် သင်ယူခဲ့ပါသည်။



ဖရိုမြို့မှ ဘိုးပိုက်ဆံနေခဲ့ရာအိမ်မှ ကျောက်တိုင်ထိပ်ရှိ အဘပုံ

ကောင်းမွန်စွာ ဆင်စီးတတ်သောအခါ မိုးကျပြီဖြစ်သဖြင့် မိမိ ရွာသို့ ပြန်၍ မရတော့ပါ၊ ထို့ကြောင့် ထိုရွာမှာပင် သူရင်းငှားဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ နာကိုခီးရွာမှ မိဘများနှင့် ဦးလေးဖြစ်သူတို့မှာ စောဆာဖိုးဝါးကို စောင့်မျှော်ပူပင်သောကဖြစ်ခဲ့ပါသည်။ ဦးလေးဖြစ်သူမှ သူ၏မိဘများအပေါ် အမျိုးမျိုးပြစ်တင်ဝေဖန် ပြောဆိုခဲ့သဖြင့် စောဆာဖိုးဝါး၏ မိဘနှင့် ညီအစ်ကိုမောင်နှမများ အရှက်ရခဲ့ပါသည်။

မိုးရာသီကုန်ဆုံးပြီး ရာသီဥတုသာယာသော နေ့တစ်နေ့တွင် စောဆာဖိုးဝါးတစ်ယောက် ဆင်ကိုစီးလျက် ရွာတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ရွာသူရွာသားများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါသည်။ စောဆာဖိုးဝါးသည် ဆင်နှင့် ပိုသောငွေများကို ဦးလေးထံ ပြန်လည် ပေးအပ်ခဲ့ပါသည်။ သူ၏မိဘနှင့် ညီအစ်ကိုမောင်နှမများ ဦးလေးကြောင့် အရှက်ရခဲ့သော်လည်း သူ၏ဦးလေးကို အပြစ်မတင်ခဲ့ပါ။ ရွာသို့ပြန်ရောက်ပြီး တစ်လကျော်သောအခါ အလုပ်အကိုင်ရှာဖွေ၍ မိဘများကို လုပ်ကျွေးပြုစုနိုင်ရန် ခရီးထွက်မည် ဖြစ်သောကြောင့် မိဘများကိုခွင့်ပန်ခဲ့ရာ မိဘများက ခွင့်ပြုသဖြင့် သစ်လုပ်ငန်းများရှိရာ သူးမဲခီးရွာသို့ သွားရောက်ခဲ့ပါသည်။

ထိုအချိန်တွင် သူးမဲခီးရွာ၌ ဘုံဘေဘားမား သစ်ကုမ္ပဏီအတွက် အလုပ်လုပ်ပေးသူ ဆင်ပိုင်ရှင် စောသက်ဖောစခန်း ရှိပါသည်။ ထိုစခန်းတွင် စောဆာဖိုးဝါးက အလုပ်တောင်းခံရာ စောသက်ဖောမှာ သူ၏ခန္ဓာကိုယ် အနေအထားကိုကြည့်၍ အလုပ်ကြမ်း မလုပ်နိုင်ဟု မှန်းဆကာ ဆင်စခန်း၌





www.burmeseclassic.com

www.burmeseclassic.com

မင်းချက် အဖြစ် ခန့်အပ်ခဲ့ပါသည်။ ဆာဖိုးဝါးသည် ရိုးသားသူ၊ ကြင်နာတတ်သူဖြစ်သဖြင့် လူတိုင်းနှင့် ပေါင်းင်းတတ်၍ လူအများ၏ ခင်မင်မှုကို ည်း ရရှိခဲ့ပါသည်။

**သီလမေတ္တာနှင့် ဆင်ဖြူတော်**

ထမင်းချက်အလုပ်ရသော စောဆာဖိုးဝါးသည် ည ည အလုပ်နားပြီဆိုင် သစ်ကွင်းတစ်ကွင်းလုံးက အလုပ်သမားတွေက စောဆာဖိုးဝါးအနားမှာ ိုင်အုံနေကြသည်။ စောဆာဖိုးဝါးက ှေးဟောင်း ကရင်လက်ာတွေရွတ်ပြ၊ င်္လသုတ်ကိုသင်ပြ၊ ဇာတ်တော်တွေ ောပြ၊ ငါးပါးသီလ ထိန်းဖို့သင်ပြနှင့် ောကြမ်း၊ တောင်ကြမ်း၊ ဥတုကြမ်း၊ ှတ်ဖျား စတဲ့ ရောဂါတွေကလည်း ကြမ်းလှသည်။

သီလနှင့် မေတ္တာ အားကောင်းင် ရောဂါဘယ ဘေးအန္တရာယ်တွေ ကို တွန်းလှန်ကာကွယ်နိုင်တယ်လို့ စောဆာဖိုးဝါးက သင်ပေးသည်။ သီလ ခံယူပြီး သတ္တဝါတွေ ကျန်းမာချမ်းသာဖို့ မေတ္တာပို့ဆုတောင်းပြီးမှ အိပ်ကြရသည်။ ပေါင်းပြီး ဆုတောင်းပွဲ မေတ္တာပို့ပွဲကြီး တွေ လုပ်ကြသည်။ ၎င်းအချိန်မှာ တိုက်ိုက်ဆိုင်ဆိုင် "သစ်ကုမ္ပဏီက လူကြီး တွေ လာလိမ့်မယ်၊ တောကောင်တွေ စ်ခတ်ပြီး ဧည့်ခံမယ်"လို့ စောသက် ောက ပြောသည်။

"အပြစ်မဲ့တဲ့ တောကောင်တွေ နားစရာ၊ ငါတို့မေတ္တာပို့နေရင် သူတို့ ယ်လိုပဲ အမဲလိုက်ပါစေ တောကောင် ရစေရဘူးလို့"လို့ စောဆာဖိုးဝါးက ြောသည်။

တောခြောက်ပေးရမည့်သူများ ကို သတ္တဝါတွေ ကျန်းမာချမ်းသာပါစေ လို့ မေတ္တာပို့ရမယ်လို့ စောဆာဖိုးဝါးက င်ပေးထားသည်။ မုဆိုးကျော် နှစ်ဦး၊ နတ် နှစ်လက်၊ တောခြောက်သူ ယောက်တို့နှင့်အတူ တစ်နေကုန် ာလည်သော်လည်း သားကောင် လုံးဝ မရပါ။ ထူးခြားတာကတော့ သစ်ခေါင်းကြီး စောသက်ဖောကိုယ်တိုင် အမဲကောင်ကို မတွေ့ဘဲ ဆင်ဖြူတော်ကို တွေ့မြင်၍ ဆင်ဖြူတော်နောက် သဲကြီးမဲကြီး လိုက်ခဲ့ကြပေမယ့် ဖတ်ဖတ်သာ မောရော ဆင်ဖြူတော်အရိပ်အယောင်မှ မတွေ့ရတော့။ သစ်စခန်း ပြန်ရောက်တော့ အလုပ်သမားတွေကိုစုပြီး စောသက်ဖောက စားကောင်းသောက်ဖွယ်တွေနှင့်ကျွေးမွေးဧည့်ခံသည်။ ပြီးတော့-

"ကျုပ် တစ်သက်မှာ ဆင်ဖြူတော်ဆိုတာ ကြားသာကြားဖူးတယ်၊ အခုကိုယ်တွေ့ကြုံတာပဲ၊ ဒါပေမဲ့ မရခဲ့ဘူး အံ့ဩတယ်၊ သမ္မာဒေဝနတ်တွေက ကျုပ်တို့ကို ပေါ့ပေါ့မနေဖို့ သတိပေးလိုက်သလိုပဲ၊ အမျိုးဘာသာ သာသနာအတွက် လုပ်ဖို့ အချိန်တန်ပြီ၊

ကျုပ်ကတော့ သစ်ကုမ္ပဏီနဲ့ စာချုပ်မိပြီး မလှုပ်သာအောင် ဖြစ်နေပြီ၊ ဒီတော့ တစ်ယောက်ယောက်က ဦးဆောင်ပါ၊ ကျုပ် တတ်နိုင်သလောက် အားပေးကူညီပါ့မယ်၊ အထူးသဖြင့် ငွေကြေးထောက်ပံ့ လှူဒါန်းကူညီပါ့မယ်" လို့ ကြေညာလိုက်တာနှင့် အားလုံးက ဟယ်ခနဲ အံ့ဩသွားကြသည်။

အားလုံးရဲ့မျက်လုံးတွေက စောဆာဖိုးဝါးကို ကြည့်နေကြလေပြီ။ စောဆာဖိုးဝါး မတ်မတ်ထရပ်လိုက်ပြီး . .

"ဒီတာဝန်ကို ကျုပ်ယူပါတယ်၊ အမျိုး ဘာသာ သာသနာအတွက် အသက်ပေးပြီး ဆောင်ရွက်သွားပါ့မယ်" လို့ အသိပေးလိုက်သည်။

အားလုံးပဲ ဝမ်းသာအံ့ဩစွာ ဩဘာပေးကြသည်။ စောသက်ဖောက ကျေနပ် အားရသွားပေပြီ။

"ကဲ. . မင်း ထမင်းချက်မလုပ်နဲ့တော့၊ ရွာပြန်ပြီး မိဘတွေဆီမှာ ဒီလိုလုပ်မယ်ဆိုတာ ခွင့်တောင်းပါ၊ ဘယ်နေရာရောက်ရောက် ငွေကြေးနဲ့ အခြားအခက်အခဲရှိရင်ငါ့ကိုအကြောင်းကြားပါ"

လုပ်အားခနှင့် အပိုကြေးပေးပြီး စောဆာဖိုးဝါးကို ရွာပြန်လွှတ်လိုက်သည်။ သစ်ကွင်းက အလုပ်သမားတွေကို ငါးပါးသီလထိန်းပြီး မေတ္တာကျင့်စဉ်ကိုဆက်ကျင့်ဖို့မှာခဲ့ပြီး ရွာပြန်ရောက်တဲ့အခါ ပါလာတဲ့ပိုက်ဆံတွေ များလွန်းလို့ ရိုးမှရိုးသားရဲ့လားဟု မိဘတွေကပူပန်ကြသည်။ စောဆာဖိုးဝါးက အကျိုးအကြောင်း ပြောပြရသည်။

ရွာထဲလှည့်ပြီး တစ်အိမ်တက်ဆင်း လိုက်နှုတ်ဆက်တော့မှ ရွာမှာ ထူးခြားတဲ့ အပြောင်းအလဲနှင့် ကြုံနေပြီဆိုတာ သိလိုက်ရသည်။ ရွာလူဦးရေ သုံးပုံတစ်ပုံ ဘာသာခြားတွေဖြစ်ကုန်ပြီ။ သူဟောခဲ့တဲ့ ငါးပါးသီလအကြောင်း ဘုရားဟောဇာတ်တော်များကိုမသိဟန်၊ မကြားဟန် ဆောင်ကုန်ကြပြီး သူ့ကိုပါ ဖယ်ကြဉ်ရှောင်ခွာ စိမ်းကားသွားလေပြီ။

သူစိတ်မကောင်း ရင်နာမိလေသည်။ သူ ဆုံးဖြတ်လိုက်သည်။

"အမျိုးဘာသာ၊ သာသနာအတွက် ဆောင်ရွက်မယ်"

ဒီအချိန်မှာ သူ့အသက် (၂၄)နှစ်မျှသာ ရှိသေးသည်။ ရပ်ရေး ရွာရေးအတွက် သူအားကုန်ကြိုးစား၍ လုပ်တော့သည်။ သာရေး၊ နာရေး၊ ရပ်ရွာသန့်ရှင်းရေးကို၊ လူငယ်တွေ စုပေါင်းပြီး မနေမနား လုပ်ကြသည်။

ဘိုးဘေးဘီဘင်တွေ ကျင့်သုံးခဲ့သော ကရင်ရိုးရာဓလေ့ထုံးစံတွေကို ပြန်လည် ဖော်ထုတ်သည်။ အကျွေးအမွေးတွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဝိုင်းလုပ် ဝိုင်းစား ညီညွတ်မှုရဲ့ အင်အားကို သရုပ်ပေါ်စေခဲ့သည်။

**စောဆာဖိုးဝါး အိမ်ထောင်ကျခြင်း**

ရွာလယ်မှာ မဏ္ဍပ်ကြီးထိုးပြီး တနင်္ဂနွေတိုင်း သီလခံယူ မေတ္တာပို့ပွဲတွေ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ခဲ့ပါသည်။ ဒီလိုရပ်ရေးရွာရေးတွေ ဆောင်ရွက်ရင်း နော်ဝါးဆိုတဲ့ ပါရမီဖြည့်ဖက်ကလေးနဲ့ ဆုံစည်းခဲ့ရပါသည်။ သက္ကရာဇ် ၁၂၃၉ ခု တပို့တွဲလဆန်း ၄ ရက် ကရင်နှစ်သစ်ကူး အပြီးမှာ မိဘများအလိုကျ



www.burmeseclassic.com

www.burmeseclassic.com

နော်ဝါးနှင့် လက်ထပ်ခဲ့ပါသည်။ လက်ထပ်ပြီးနောက်တွင် ယာတစ်ခင်းနှင့် ဆင်တစ်ကောင် လက်ဖွဲ့ရရှိခဲ့ပါသည်။ စောဆာဖိုးဝါးသည် မိသားစုအတွက် ကြိုးစား၍ အလုပ်လုပ်ခဲ့သော်လည်း အများအားဖြင့် ဇနီးသည် နော်ဝါးမှပင် အလုပ်များကို ကြိုးကြိုးစားစား လုပ်ဆောင်လေ့ ရှိပါသည်။

မကြာမီ သားတစ်ဦး ရရှိခဲ့ပါသည်။ သုံးနှစ်ပြည့်သောအခါ နော်ဝါးသည် ကျန်းမာရေးချို့တဲ့လာ၍ အကြီးအကျယ် နေမကောင်း ဖြစ်လာပါသည်။ ရိုးရာအတိုင်း နော်ဝါး နေကောင်းလာစေရန် ကြက်ဖြင့်နတ်စားခြင်း ပြုလုပ်ရန် စီစဉ်ကြပါသည်။ အများကျေနပ်အောင် ရိုးရာနတ်ကို တင်မြှောက်ပူဇော် ပသသေးသည်။ ဇနီးဖြစ်သူက စောဆာဖိုးဝါးကို ဤသို့ ပြောလေသည်။

"တောင်ကုန်းတစ်ခုပေါ်မှာ ဝတ်ဖြူစင်ကြယ်နဲ့ လူတွေကို ဟောပြောဆုံးမနေတဲ့ ပုဂ္ဂိုလ်ကြီး အိပ်မက်ထဲမှာ တွေ့နေရတာ သုံးကြိမ်ရှိသွားပြီ၊ အဲဒီပုဂ္ဂိုလ်ကြီးက တခြားသူ မဟုတ်ဘူး ရှင်ပဲ၊ အခုတော့ ရှင်က နတ်ကိုပသနေတယ်၊ ကျွန်မတော့ နားမလည်နိုင်တော့ဘူး၊ သတိပြုပါ၊ စောဆာဖိုးဝါး ရှင်ဟာ သူတော်ကောင်းအလောင်းအလျာ"

ဒီလိုသတိပေးပြီး ဇနီးနော်ဝါး ကွယ်လွန်ခဲ့သည်။ မကြာမီ သားလေးကလည်း လိုက်ပါ သေဆုံးခဲ့ပါသည်။ နောက် သူပိုင်သစ်ဆွဲဆင်တစ်ကောင်ပါ ပျက်စီးဆုံးရှုံးရပြန်လေသည်။ စောဆာဖိုးဝါးသည် သံဝေဂရ၍ သူ့ရဲ့ဓမ္မတရားတို့ နိုးကြားခဲ့ရပေပြီ။ သူဟာ အဖြစ်အပျက်တွေကို ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ တောထွက်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ သူ့ဓမ္မခရီး မထွက်ခွာမီ ရွာသူ၊ ရွာသားတွေကို မှာကြားခဲ့လေသည်။

(၁) ကရင်ရိုးရာဓလေ့ ထုံးတမ်းယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
(၂) ငါးပါးသီလ လုံခြုံပါစေ။
(၃) ဖြဟ္မစိုရ်တရား လေးပါးကို လက်ကိုင်ထားကြပါ၊ သတိမလစ်ကျင့်သုံးရန်အထူးတိုက်တွန်းခဲ့ပါရစေ။

**တရားရှာဖွေကျင့်ကြံခြင်း**

စောဆာဖိုးဝါးသည် အသက် (၃၀)အရွယ်တွင် တောထွက်ခဲ့ပါသည်။ လူသူ အရောက်အပေါက် နည်းသည့် တောင်ထိပ်ပေါ်တက်၍ တဲတစ်လုံးထိုး ငါးပါးသီလ အခြေခံထားပြီး မေတ္တာကမ္မဋ္ဌာန်းကို တွင်တွင်ကြီး အားထုတ်လေတော့သည်။ သူထပ်မံ သဘောပေါက်လာတာ. . .

"ငါနည်းတူ အခြား ပုဂ္ဂိုလ်ကြီးငယ်များ ငါးပါးသီလကို လုံခြုံဖို့ လိုအပ်တယ်၊ ဒါမှလူလောကကြီး တစ်ခုလုံး သာယာငြိမ်းချမ်းမှုရမယ်ဆိုတဲ့အချက်ပဲ၊ အဲသလို ငါကဲ့သို့ လူတိုင်း ကျင့်ကြံအားထုတ်စေရန်မှာ ငါ့အပေါ် လူတိုင်း လူတိုင်းက ချစ်ခင်လေးစားရန် လိုအပ်တယ်၊ ဒါကြောင့် သတ္တဝါအပေါင်းတို့အားချစ်ခင်ကြောင်း ပထမဦးစွာ အစွမ်းကုန် ပြနိုင်ဖို့အတွက် ယုံကြည်မှု အပြည့်ရှိရမယ်"

ဤအချိန်ကစပြီး သူဟာမေတ္တာကမ္မဋ္ဌာန်းကို ကျင့်သုံးတည်ဆောက်ပါတော့သည်။ တကယ်တော့လည်း စောဆာဖိုးဝါးသည်ဘဝတစ်လျှောက်မေတ္တာကမ္မဋ္ဌာန်းနှင့် ဖြဟ္မစိုရ်တရားလေးပါးကို အဓိကထား ကျင့်သုံးသွားလေသည်။ ကရင်ဘာသာနဲ့တော့ (မောလေးကျင့်စဉ်လို့ ခေါ်ပါသည်) ဤကျင့်စဉ်ကို နှစ်နှစ်လောက်အထိ ကျင့်ခဲ့ရာမှ တစ်နေ့တွင် ဤကျင့်စဉ်တွေကို ကျင့်နေရင်း ကျင့်စဉ်တွေ စတင်ခဲ့တဲ့နေရာ ဇာတိရွာနဂိုခီးဆိုတာ ပေါ်လွင်လာသည်။

ရွာက လူတွေကို အာရုံယူပြီး မေတ္တာပို့လိုက်တော့ သူ့ရှေ့မှာ အလင်းရောင်ကြီး ပေါ်လာသည်။ ဤအလင်းရောင်လှိုင်းကြီးက အဝန်း (၁၀) ပေ အမြင့် (၃၀) လောက်ရှိသည်။ သိပ်ထူးဆန်းပြီး သိပ်ရှင်လန်းစရာကောင်းသည်။ သူဟာ ဝမ်းသာလှိုက်မောစွာနှင့် အလင်းလှိုင်းကြီးထဲ ခုန်ဝင်လိုက်သည်။ အလင်းရောင်ရှေ့ကို ပြေးသည်။ သူ လိုက်သည်၊ မမီဘူး။ လိုက်မီပြီး အလင်းရောင်ကြီးထဲ သူရောက်သွားချိန်မှာ မောလှပြီ။ ဘယ်လောက်မောသလဲဆိုတော့ သတိလွတ်ပြီး အိပ်ပျော်သွားတဲ့အထိပါပဲ။

**မေတ္တာအစွမ်းဖြင့် ကျေးဇူးဆပ်ခွင့်ရစေသား**

အိပ်ရာကနိုးလာတော့ သူ့ရွာအနီးပြန်ရောက်နေတာ ထူးဆန်းစွာတွေ့လိုက်ရသည်။

"ဩော်. . . ရွာကိုကျေးဇူးဆပ်ဖို့ ပြန်ရောက်လာတာပဲ၊ ငါဟာ မေတ္တာကျင့်စဉ်ကို ကျင့်လို၍သာ ရွာကို နှစ်နှစ်နီးပါး စွန့်ခွာခဲ့၍ ငါ၏အကျင့် အောင်မြင်ပါက ရွာထဲက ငါ့မိဘအိမ်ရှေ့တွင် ရွာသူရွာသားတွေ စုဝေးရောက်ရှိနေပါစေသား၊ မေတ္တာအစွမ်းဖြင့် ကျေးဇူးဆပ်ခွင့် ရပါစေသား"လို့ အဓိဋ္ဌာန်ပြီး ရွာထဲဝင်လာခဲ့ပါတယ်။

တစ်ရွာလုံး ပျားပန်းခပ်နေရှာပါလား။ အားလုံးဟာ သူ့မိဘအိမ်ရှေ့က ဆုတောင်းပွဲဆီ ဦးတည်သွားလာနေကြပါသည်။ သူ့အဓိဋ္ဌာန် အောင်ပေပြီ။ သူပြန်ရောက်လာတာ တွေ့သွားကြပြီး တစ်ရွာလုံးက အံ့ချီး ကြိုဆိုကြသည်။ လေးစားစွာ ဂါရဝပြုကြသည်။ သူ နှုတ်တရား ဟောရသည်။

"ဆင်းရဲဒုက္ခအပေါင်းက လွတ်မြောက်ဖို့ မေတ္တာပို့ခြင်း၊ ဆုတောင်းပွဲကျင်းပခြင်းက စကြပါစို့ တစ်ရက် တစ်ခဏနဲ့ အားမရ၊ ခုနစ်ရက်တိုင်တိုင် မေတ္တာပွား ဆုတောင်းကြပါစို့"

ဤပွဲဟာ ရွာမှာ မကြုံဖူးအောင် စည်ကားလှသည်။ အနီးပတ်ဝန်းကျင်က ရွာသူရွာသားတွေက[illegible]ည်း သတင်းကြားတာနဲ့ ရောက်လာ ပူးပေါင်းကာ ဆုတောင်းပွဲမှာ ပါဝင်ဆင်နွှဲကြသည်။ ရွာမှာ သွေးကွဲနေတဲ့ သုံးပုံတစ်ပုံ လူ



www.burmeseclassic.com

www.burmeseclassic.com



# နတ်သုဒ္ဓါ

ဦးကျော်နိုင်
(B.A, H.G.P)

နတ်သုဒ္ဓါ ဟူသော အပြောအဆို၊ အသုံးအနှုန်းသည် ဗုဒ္ဓဘာသာဝင်တို့၏အကြား၌ များပြားတွင်ကျယ်လျက်ရှိ၏။

နတ်သုဒ္ဓါဆိုသည်မှာ နတ်တို့၏အစာအာဟာရ၊ နတ်တို့၏ဩဇာ၊ နတ်ဩဇာပင် ဖြစ်၏။ ထိုနတ်သုဒ္ဓါ ဟူသော အမည်ဖြင့် အလှူမင်္ဂလာစသော ဧည့်ခံပွဲများ၌ပင် ဧည့်ခံလျက်ရှိသည်ကို တွေ့ရ၏။ နတ်သုဒ္ဓါသည် ဒံပေါက်တစ်မျိုးပင်ဖြစ်သည်ဟု စာရေးသူထင်၏။

ဒံပေါက်ကဲ့သို့ အရောင်မဆိုး၊ မဆလာမပါ၊ သစ်သီးမစုံခြင်းမျှသာ ကွာခြားသည်ဟု ထင်၏။

ကျမ်းဂန်တို့၌လာသော နတ်သုဒ္ဓါအကြောင်းကို ဗုဒ္ဓဘာသာဝင်တို့၏ ဗဟုသုတအလို့ငှာ လေ့လာရေးသား တင်ပြလိုပါသည်။

သို့သော် နတ်သုဒ္ဓါအကြောင်းသည် ဈာန်မဂ်ဖိုလ်ဟူသော ဥတ္တရိမနုဿဓမ္မနှင့်ကား ဆိုင်လှသည်မဟုတ်။

## ပါဠိအဘိဓာန်နှင့် အဘိဓာန်ဋီကာ

ပါဠိ အဘိဓာန်ဂါထာ နံပါတ် (၂၅)တွင် နတ်သုဒ္ဓါဟော ပါဠိ(၃)ပုဒ် လာရှိ၏။

၎င်းတို့မှာ သုဓာ၊ ပီယုသာ နှင့် အမတဟူသော ပုဒ်တို့ဖြစ်၏။ ၎င်းတို့၏ အဓိပ္ပာယ်ကို အဘိဓာန်ဋီကာ၌ ယခုကဲ့သို့ ဖွင့်ဆိုခဲ့၏။

(၁) **သုဓာ** - ချမ်းသာသဖြင့် သောက်အပ်သောကြောင့် သုဓာမည်၏။ သောက်၍ကောင်းသောကြောင့် သုဓာမည်သည်ဟု ဆိုလို၏။

(၂) **ပီယုသာ** - သောက်အပ်သောကြောင့် ပီယုသာမည်၏။ သောက်စရာ ဖြစ်သောကြောင့်ဟုဆိုလို၏။

(၃) **အမတ** - မသေကြောင်းအစာ၊ မသေကြောင်းဆေး ဖြစ်သောကြောင့် အမတ-အမြိုက်မည်၏။

အမတနှင့်ပတ်သက်၍ အမတပါဟူသော နတ်ဟောပုဒ်တစ်ပုဒ်လည်း



www.burmeseclassic.com

www.burmeseclassic.com

အဘိဓာန်၌လာ၏။ အမြိုက်စာ သို့မဟုတ် အမြိုက်ဆေးကို သောက်သူဟု ဆိုလို၏။

ထိုသို့ဖြစ်သော် အမတ-အမြိုက်သည်လည်း သောက်စရာပင် ဖြစ်လေသည်။ ဤအဘိဓာန်နှင့် အဘိဓာန်ဋီကာတို့ အဆိုအရမူ နတ်သုဒ္ဓါဆိုသည်မှာ အဖတ်မဟုတ် အရည်ဖြစ်ကြောင်း တွေ့ရပေသည်။

**ဆရာတော်ဦးတိလောက (ရဝေထွန်း)**

ဆရာတော်ဦးတိလောက(ရဝေထွန်း)ကမူ နတ်သုဒ္ဓါမှာ နတ်တို့၏ ရှေးကောင်းမှုကုသိုလ်ကံကြောင့် မိမိတို့၏ ဘုံဗိမာန်အနီး၌ ပေါက်လာသော ဒေဝဒုမမည်သော သစ်ပင်၏ အသီးအပွင့်တို့ဖြစ်သည်။ ထိုသစ်ပင်မှသီးသော အသီးသည် သုဓာဘုတ်ပင် ဖြစ်၏။ အပွင့်မှဖြစ်သော ပျားလဘို့ကဲ့သို့သော ဝတ်ရည်သည် ပီယုသ မည်၏။

ထိုပီယုသ၊ သုဓာဘုတ်တို့ကား သိမ်မွေ့သော အတွေ့အရသာ ဩဇာကြီးလှသောကြောင့် နတ်တို့၏ ကိုယ်ခန္ဓာကို အထောက်အပံ့ပြုလျက်သာ ပျံ့နှံ့၏။ ကျင်ကြီး ကျင်ငယ် ဟူ၍မဖြစ်ပေ။

ထိုပီယုသာ၊ သုဓာဘုတ်တို့ကား တစ်ဘုံထက်တစ်ဘုံ သာလွန်ကြသည်ဟု "သာရသင်္ဂဟ"ကျမ်း၌ ဆိုကြောင်း ဘာသာရေးပြဿနာ စာစဉ်အမှတ် (၄)၌ ရေးသားဖြေဆိုတော်မူခဲ့၏။

ဤအဆိုအရဆိုပါက ပီယုသာသည် အရည်သဘောဖြစ်၍ သုဓာသည် အဖတ်သဘော ဖြစ်ပါသည်။

**တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရား**

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးသည် သီလက္ခန်ဘာသာဋီကာကို ရေးသားတော်မူခဲ့၏။ ထိုသီလက္ခန်ဘာသာဋီကာ၌ နတ်သုဒ္ဓါနှင့်ပတ်သက်၍ နတ်သုဒ္ဓါသည် သဖန်းသီးပမာဏ ရှိ၏။ လက်သီးတစ်ဆုပ်စာမျှလောက်သာ ကြီး၏။ နတ်သုဓာကို နတ်တို့၏ အရေအတွက်အားဖြင့် တစ်ရက် တစ်ခါ စားကြရ၏။

**မှတ်ချက်။** ။ (လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်တို့၏ တရက်ဖြစ်၏။ လူတို့၏ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ တစ်ရက်ဖြစ်သည်) အောက်အောက်နတ်များထက် အထက်ထက်နတ်များ၏ နတ်သုဒ္ဓါမှာ အဆင့်ဆင့်သာလွန်ကြ၏။လျှာပေါ်တင်လိုက်လျှင်ပင် တစ်ကိုယ်လုံးပျံ့နှံ့၍သွားလေသတဲ့ဟု ရေးသားဖော်ပြတော်မူခဲ့ပါသည်။

**နတ်တို့၏ကိုယ်ခန္ဓာနှင့် ပါစကမီး**

နတ်တို့၏ ကိုယ်ခန္ဓာသည် သိမ်မွေ့နူးညံ့၏။ သိမ်မွေ့နူးညံ့သောကြောင့် သိကြားမင်းသည် ဘုရားရှင် သိတင်းသုံးရာ ဣန္ဒသာလလိုဏ်ဂူသို့ လာသောအခါ ပကတိမြေပေါ်၌ခန္ဓာကိုယ်မတည်နိုင်ဘဲ ကျွံ၍ကျွံ၍ဝင်သွားသောကြောင့် ဘုရားရှင်က . . .

"ကြမ်းတမ်းသော အတ္တဘောကို အဓိဋ္ဌာန်လိုက်လော့" ဟု သိကြားအား နည်းပေးတော်မူဖူး၏။ နတ်တို့၏ ကိုယ်ခန္ဓာ သိမ်မွေ့သော်လည်း ကမ္မဇတေဇောဓါတ် ပါစကမီးကား ထက်မြက်အားရှိလေသည်။

လူတို့မှာ နတ်တို့လောက် မကြီးကျယ်သော ကံကြောင့် ဖြစ်ရသဖြင့် ကမ္မဇတေဇောဓါတ် ဝမ်းမီးသည် နတ်များကဲ့သို့ မကောင်း။ ကိုယ်ခန္ဓာသည်လည်း နတ်များ၏ ကိုယ်ခန္ဓာကဲ့သို့ မနူးညံ့၊ မသိမ်မွေ့ပေ။ နတ်သုဒ္ဓါသည် ဂရုသိနိဒ္ဓ- လေးလေးပင်ပင် ညက်ညက်ညောညောရှိ၏။ ထိုနတ်သုဒ္ဓါကိုပင် ကြေညက်စေနိုင်လောက်အောင် ဝမ်းမီးက ထက်မြက်လေသည်။

**ခိဍ္ဍာပဒေါသိကနတ်များ**

နတ်တို့၏ ကာမဂုဏ်စည်းစိမ်သည် ကြီးကျယ်၏။ နတ်တို့သည် နတ်စည်းစိမ်ကိုခံစား၍အပျော်ကြူးကြသည့်အခါ နတ်ဩဇာကို စားရမည့် အချိန်ကို မေ့လျော့တတ်ကြ၏။

နတ်တို့သည် နတ်ဩဇာကို တစ်ရက်မှာတစ်ကြိမ် စားကြရ၏။ စားရမည့်အချိန်ကို ကျော်လွန်မိပါက သေကြရလေသည်။ စားချိန်ကို ကျော်လွန်တာနှင့်တစ်ပြိုင်နက် သေကြရ၏။

ထို့နောက် မပြတ်တမ်းခံစား၊ စားစားသောက်သောက် မရတော့ဟု သီလက္ခန် အဋ္ဌကထာဆို၏။ ထက်မြက်သော ပါစကတေဇောဓါတ် ဝမ်းမီးသည် ချက်စရာ နတ်ဩဇာ မရှိသဖြင့် နူးညံ့သည့် နတ်ကိုယ်ခန္ဓာကို လောင်ကျွမ်းပစ်လိုက်သည့်သဘောပင် ဖြစ်ပေသည်။

ထိုနတ်တို့သည် အဘယ်ဘုံသားနတ်များနည်းဟူမူ သီလက္ခန် အဋ္ဌကထာက နတ်အားလုံးပင် ဖြစ်သည်ဟု ဆိုလေသည်။

**ဘုရားရှင်၏ဆွမ်းဟင်းနှင့်နတ်ဩဇာ**

ဘုရားရှင် ဘုဉ်းပေးတော်မူရသည့် နို့ဃနာနှင့် ဆွမ်းဟင်း စသည်တို့၌လည်း နတ်များက နတ်ဩဇာကို ထည့်တတ်ကြ၏။

ဘုရားရှင် ပထမဆုံး ဘုဉ်းပေးတော်မူရသည့် သုဇာတာ သူဌေးသမီးကပ်သော နို့ဃနာ၌ နတ်တို့က နတ်ဩဇာကို ထည့်ခဲ့ကြ၏။ သုဇာတ ယနာနို့ဆွမ်း စီစဉ်ပုံကို ဇိနတ္ထပကာသနီကယခုကဲ့သို့ ဖော်ပြခဲ့ပါသည်။

ရှေးဦးမဆွကပင် နွားမတစ်ထောင်ကို နွယ်ချိုတော၌ ကျောင်း၍ ထိုနွားတို့ကို ငါးစုပြုကာ ရှစ်ရာသော နွားမတို့၏ နို့ရည်ကို လေးဆယ်သော နွားမတို့အား တိုက်၏။ ထိုလေးဆယ်သော နွားမတို့ကို ငါးစုစု၍ လေးစုသော နွားမတို့၏ နို့ရည်ကို ရှစ်ကောင်သော နွားမတို့အား တိုက်၏။ ထိုရှစ်ကောင်သော နွားတို့၏ နို့ရည်ဖြင့်သာ ယနာနို့ဆွမ်းကို ချက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလောင်းတော်မြတ် ဘုဉ်းပေးမည်ကိုသိ၍ လောကပါလ နတ်မင်းကြီးလေးယောက်တို့သည် ဖိုခုံလောက်၌ စောင့်လာကြ၏။ ဖြဟ္မာကြီးက ထီးဖြူကာသည်။ သိကြားမင်းက ထင်းထိုး၏။ တစ်သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းမြတ်သော နတ်ဩဇာကို ထည့်ကြလေသည်။

## စုန္ဒ၏ ဝက်ပျို့ဆွမ်းဟင်း

စုန္ဒဒါယကာသည် သံဃာတော်နှင့်တကွ ဘုရားရှင်အား မိမိဆွမ်းကို အလှူခံတော်မူရန် ပင့်ဖိတ်ခဲ့ပြီးနောက် အိမ်သို့ရောက်သည့်အခါ ကောင်းမြတ်လှသော ဝက်သားပွဲမ်းဆွမ်းဖြင့် ဘုရားရှင်အား လုပ်ကျွေးအံ့ဟု ကြံ၍ ပရိက်တို့ကိုရုံးစု၍ နံနက်အခါဝယ် ငယ်လည်းမငယ်လွန်း၊ ကြီးလည်းမကြီးလွန်း၊ ပြည့်ရွှန်းသားဆီ၊ တညီပြင်ဖြစ်သော ဝက်ပျို့သားကို ဝယ်၍ အသွယ်သွယ်သော အမွှေးအကြိုင်တို့ဖြင့် ထုံလှိုင်လျက် သားပွဲမ်းဆွမ်းချက်လေ၏။

ထိုအခါ စကြဝဠာ အတွင်း၌ နေကုန်သော နတ်တို့သည် ထူးမြတ်သော ဩဇာဟူသမျှကို ထည့်ကြလေ၏ဟု ဇိနတ္ထက ရေးသားတင်ပြခဲ့၏။

## ဘုရားရှင် ဒုက္ကရစရိယာကျင့်စဉ်က

ဘုရားရှင်သည် ဒုက္ကရစရိယာကို အပြင်းအထန်ကျင့်စဉ် တစ်ချိန်၌ မူးမေ့သွားလေသည်။ မူးမေ့သွားရာမှ သတိရလာသောအခါ . . .

"ငါသည် အစာ အာဟာရကို လုံးဝမစားဘဲ ကျင့်ရမူ ကောင်းလေစွ" ဟု ကြံစည်တော်မူ၏။ နတ်များက . . .

"အို သူတော်ကောင်းအလောင်းတော် ရဟန်းမြတ် အစာအာဟာရကို လုံးဝပြစ်တော်မမူပါလင့်၊ အကယ်၍ သင်သည် အစာအာဟာရကို လုံးဝဖြတ်တောက်၍ ကျင့်ကြံတော်မူခဲ့ပါလျှင် ငါတို့သည် သင်၏ကိုယ်တွင်းသို့ မွေးညင်းပေါက်တို့မှ နတ်ဩဇာကို ထည့်သွင်းကြရပါလိမ့်မည်ဟု ဆိုကြလေသည်။

ဘုရားရှင်၏ ယနာနို့ဆွမ်း၊ သားပွဲမ်းဆွမ်းဟင်းနှင့် မွေးညင်းတို့မှ သွင်းမည်ဆိုသော နတ်ဩဇာ ဆိုသည်မှာ အဖတ်မဟုတ်၊ အရည်သာဖြစ်နိုင်သည်ဟု ထင်၏။

## သုမာဘောဇနဇာတ်

နတ်သုဒ္ဓါနှင့်ပတ်သက်၍ သုမာဘောဇနဇာတ် အဋ္ဌကထာ၌ အတော်အတန်ဖော်ပြထားသည်ကို တွေ့ရ၏။ သုမာဘောဇနဇာတ်သည် ငါးရာ့ငါးဆယ်(ပဥ္စမတွဲ)အသီတိနိပါတ်၌ လာ၏။ သုမာဘောဇနဇာတ်မှာ အလှူခံရရှိပါက မိမိအတွက် ဆွမ်းပြတ်သော်လည်း လှူဒါန်းလေ့ရှိသည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။

ထိုအခါက ဘုရားအလောင်းသည် ဗာရာဏသီ၌ ကုဋေ(၈၀)ကြွယ်ဝသော သူဌေးတစ်ဦးဖြစ်၏။ ဘုရင်မင်းမြတ်၏ သဘောတူခွင့်ပြုချက်ဖြင့် မိမိအိမ်ရှေ့၌ အလှူမဏ္ဍပ်တစ်ခု၊ မြို့လယ်၌ မဏ္ဍပ်တစ်ခု၊ မြို့တံခါးလေးခု၌ အလှူမဏ္ဍပ် လေးခု ဆောက်လုပ်၍ နေ့စဉ် ခြောက်သိန်း အကုန်အကျခံကာ လှူဒါန်းခဲ့၏။ ၎င်း၏ သားစဉ်မြေးဆက်သည်လည်း ဆက်လက်လှူဒါန်းခဲ့ကြ၏။

ဘုရားအလောင်းသည် သိကြားမင်း၊ ၎င်း၏သားသည် လနတ်သား၊ မြေးသည် နေနတ်သား၊ မြစ်သည် မာတလိနတ်သား၊ တီသည် ပဥ္စသိခနတ်သား ဖြစ်ခဲ့ကြ၏။ ၎င်း၏ တွတ်ကားအလှူကို ဆက်လက် မလှူတော့ဘဲ အလှူမဏ္ဍပ်များကို ဖျက်ဆီးခဲ့သည်။

## မိစ္ဆရိယကောသိယ

ထိုသူဌေး၏အမည်မှာ ကောသိယ ဖြစ်၏။ နှမြောတွန့်တိုသဖြင့် မစ္ဆရိယကောသိယသည် သူတစ်ပါးအား ပေးကမ်းလှူဒါန်းဖို့ မဆိုထားဘိ မိမိအိမ်သားစုတို့ကိုပင် မသဒ္ဒါသူဖြစ်၏။ မိမိစားချင်လှသည် နို့ယနာကိုပင် အိမ်၌မကျိုချက်ဘဲ တောထဲရှိ ချုံပုတ်တစ်ခု၌ သွားရောက်ကျိုချက်၏။ သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ လနတ်သား စသည်တို့နှင့်အတူ ပုဏ္ဏားများ ယောင်ဆောင်ကာ ကောသိယထံ သွားကြ၍ အလှူခံကာဆိုဆုံးမကြလေသည်။

ကောသိယသည် သိကြားနှင့်နတ်မင်းတို့၏ အဆုံးအမကို နာယူကာ ပစ္စည်းဥစ္စာများ စွန့်၍ ရသေ့ဝတ်ခဲ့၏။ ဟိမဝန္တာ၌ နေထိုင်၏။ မပေးမလှူဘဲ စားသောက်လေ့မရှိပေ၊ လှူသည့်အခါ၌လည်း စိစစ်ရွေးချယ်၍သာ လှူလေ့ပေးလေ့ ရှိလေသည်။

## နာရဒရသေ့နှင့် နတ်သမီးလေးယောက်

သိကြားမင်း၏ သမီးတော် လေးယောက်တို့သည် ဟိမဝန္တာ အနောတတ်အိုင်၌ ရေကစားကြပြီးနောက် ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာ၌ အနားယူနေကြ၏။ နာရဒရသေ့သည် နတ်ပြည်၌ နေ့သန့်စင်ပြီးနောက် မိမိနေရာ ဟိမဝန္တာသို့ ပင်လယ်ကသစ်ပွင့်ကို ထီးလုပ်မိုးကာ နတ်သမီးတို့အထက်မှလာခဲ့၏။

နတ်သမီးတို့က ပင်လယ်ကသစ်ပန်းကို တောင်းကြရာ သင်တို့ထဲမှ သာလွန်မြင့်မြတ်သူသာ ရထိုက်၏ဟုဆို၏။ အရှင်ရသေ့ပဲ ဆုံးဖြတ်ပါဟု နတ်သမီးတို့က ပြောဆိုကြ၏။

ထိုအခါနာရဒရသေ့က သိကြားမင်းထံ အဆုံးအဖြတ်ခံရန် ညွှန်ကြားလေသည်။

သိကြားမင်းလည်း မိမိချစ်သမီးချည်းဖြစ်၍ မဆုံးဖြတ်လိုသဖြင့် အလှူခံပုဂ္ဂိုလ်ရှိက ပေးကမ်းလှူဒါန်းလေ့ရှိပြီး ရွေးချယ်ပေးလှူတတ်သည့် ရသေ့ကောသိယထံသို့ ထပ်မံလွှတ်ခဲ့လေသည်။

## ကောသိယရသေ့နှင့် နတ်သုဒ္ဓါ

သိကြားမင်းသည် နတ်ရထားမောင်း မာတလိနတ်သားအား နတ်

www.burmeseclassic.com

သုဒ္ဓါကို ကောသိယရသေ့ထံ ကြိုတင်သွားရောက် ဆက်ကပ်ခိုင်းလေသည်။ ကောသိယရသေ့သည် နတ်သုဒ္ဓါကို ဆက်ကပ်သည့်အခါ နတ်သုဒ္ဓါ၏ ဂုဏ်ရည်ကို ယခုကဲ့သို့ ဖော်ကျူးခဲ့လေသည်။

*သန္ဓိပမံ သေတမတုလျ ဒဿနံ*
*သုစိံ သုဂန္ဓံ ပိယရူပ အမ္ဗုတံ။*

အဓိပ္ပာယ်မှာ - နတ်သုဒ္ဓါသည် သန္ဓိပမံသေတံ - ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏၊ အတုလျဒဿနံ- တုနှိုင်းစရာမရှိအောင် ကြည့်ရှု၍ကောင်း၏၊ သုစိံ-စင်ကြယ်သန့်ရှင်း၏၊ သုဂန္ဓံ-မွှေးကြိုင်သောအနံ့လည်းရှိ၏၊ ပိယရူပါ-ချစ်စရာအဆင်းလည်းရှိ၏။ အမ္ဗုတံ- မဖြစ်ဖူးမြဲထူးကဲဆန်းကြယ်၏ ဟူ၍ဖြစ်ပါသည်။

မာတလိနတ်သားကလည်း ထိုနတ်သုဒ္ဓါကို စားသုံးပါက အကျိုး(၁၂)ပါးရရှိနိုင်ကြောင်း ယခုကဲ့သို့ လျှောက်ထားလေသည်။

*ဘုတ္တာ စဿာ ဒွါဒသ*
*ဟန္တိ ပါပကေ၊*
*ဥဒ္ဒံ ပိပါသံ အရတိံ ကိုဒံ။*

*ကောမူပနာဟဥ္စ ဝိဝါဒ ပေသုနံ၊*
*သီတုဏှ တန္ဒိဥ္စ ရသုတ္တမံ ဣဒံ။*

အဓိပ္ပာယ်မှာ သုံးဆောင်အပ်သော ထိုနတ်သုဒ္ဓါသည် ဥဒ္ဒံ-ထမင်းဆာခြင်းကို ပယ်ဖျောက်နိုင်၏။ ပိပါသံ - ရေငတ်ခြင်းကို ပယ်ဖျောက်နိုင်၏။ အရတိံ-မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်၏။ ဒရထံ - ကိုယ်ပူခြင်းကို ပယ်ဖျောက်၏။ ခိဒံ - ပင်ပန်းခြင်းကို ပယ်ဖျောက်၏။ ကောဒံ - အမျက်ထွက်ခြင်းကိုပယ်ဖျောက်၏။ ဥပနာဟံ-ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်၏။ ဝိဝါဒံ - ငြင်းခုံခြင်းကို ပယ်ဖျောက်၏။ ပေသုနံ - ကုန်းချော၊ ကုန်းတိုက်ခြင်းကို ပယ်ဖျောက်၏။ သီတံ-ချမ်းအေးခြင်းကို ပယ်ဖျောက်၏။ ဥဏှံ-ပူအိုက်ခြင်းကို ပယ်ဖျောက်၏။ တန္ဒိံ-ပျင်းရိခြင်းကို ပယ်ဖျောက်၏။

ဤသို့ (၁၂)ပါးသော မကောင်းကျိုးတို့ကို ပယ်ဖျောက်သဖြင့် နတ်သုဒ္ဓါသည် သာလွန်မြင့်မြတ်သော အရသာဖြစ်ကြောင်း လျှောက်ထားခြင်း ဖြစ်ပါသည်။ ကောသိယရသေ့သည် နတ်သုဒ္ဓါကို နတ်သမီး သုံးယောက်ကိုပယ်၍ ဟိရီနတ်သမီးကို ရွေးချယ်စီစစ်၍ ပေးခဲ့လေသည်။

## ဇာတ်တော်ကိုပေါင်းခြင်း

ဇာတ်တော်ကို ပေါင်းသည့်အခါ ပထမဆုံး ဗာရာဏသီ သူဌေးသည် ဘုရားရှင်ဖြစ်တော်မူ၏။ ဒုတိယ သူဌေးသည်အရှင်မောဂ္ဂလ္လာန်၊ တတိယသူဌေးသည် အရှင်မဟာကဿပ၊ စတုတ္ထသူဌေးသည်အရှင်အာနန္ဒာ၊ ပဥ္စမသူဌေးသည် အရှင်အနုရုဒ္ဓါဖြစ်၍ ကောသိယသူဌေးမှာမူ ယခုအခါအလှူ၌ မမွေ့လျော်သော ရဟန်းဖြစ်၏။ ဟိရီနတ်သမီးသည် ဥပ္ပလဝဏ်ထေရီ ဖြစ်၏။

ကောသိယ ရသေ့သည်လည်း မာတလိနှင့် စကားပြောဆိုစဉ်ပင် ကွယ်လွန်၍ နတ်ဖြစ်၏။ သိကြားမင်းက နှစ်သက်သဘောကျ၍ မိမိ၏သမီး ဟိရီနတ်သမီးနှင့် ထိမ်းမြားပေးခဲ့ကြောင်း ဇာတ်တော်၌ ဆိုလေသည်။

☐ **ဦးကျော်နိုင်** (B.A,H.GP)



**အကြောပြင်ဆရာကြီး ဦးအေးထွန်း**

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈



www.burmeseclassic.com

www.burmeseclassic.com

# ပြဟ္မာစိုရ်တရားနှင့် ကရင်တိုင်းရင်းသား
# သိဒ္ဓိရှင်ဘိုးပိုက်ဆံ

ကျော်ဇောဟိန်း(နံ့သာ)



သိဒ္ဓိရှင် ဘိုးပိုက်ဆံ

ညောင်လေးပင်မြို့ အနောက်ဘက်၊ ပိန်းဇလုပ်အလွန်၊ ကျွန်းကုန်းမှ (၇) မိုင်ဝေးသော ဖဒိုဆိုသော တိုင်းရင်းသားများနေထိုင်တဲ့ မြို့ကလေးတစ်မြို့ရှိပါသည်။ ဒီမြို့ကလေးကို ဗြိတိသျှတိုလိုနီခေတ် (ခရစ်-၁၈၈၈) သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်၊ ကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာခေါင်းဆောင်၊ စောဆာဖိုးဝါး (ခေါ်)ဘိုးပိုက်ဆံ တည်ထားပေးခဲ့သော မြို့ကလေး ဖြစ်ပါသည်။

ဘိုးပိုက်ဆံသည် သိဒ္ဓိရှင်လောကမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပြီး ပါရမီလမ်းပေါ် လျှောက်လှမ်းနေသူအဖြစ် အတော်များများက အထူးပဲ ယုံကြည်လေးစားကြသည်။ ဘိုးပိုက်ဆံသည် ပြဟ္မာစိုရ် အဖွဲ့ချုပ်ကြီးကို တည်ထောင်ခဲ့ပြီး ရပ်ရေးရွာရေး သာသနာရေး ကိစ္စတွေမှာ ဆောင်ရွက်နိုင်သူ ဖြစ်ပါသည်။

**ဘိုးပိုက်ဆံဇာတိ**

ဘိုးပိုက်ဆံ၏ ငယ်နာမည်မှာ စောဆာဖိုးဝါး ဖြစ်ပါသည်။ ဖာပွန်အပိုင် နိုဝိခီးရွာမှာ အိမ်ခြေ (၄၀) ခန့်နှင့်လူဦးရေ (၂၀၀) ခန့်ရှိပါသည်။ စောဆာဖိုးဝါး၏ ဖခင်အမည်မှာ စောရွှေရင်အေး၊ မိခင်အမည် နော်နယိုစေး ဖြစ်ပါသည်။ ညီအစ်ကိုမောင်နှမ ငါးဦးအနက် စောဆာဖိုးဝါးမှာ တတိယသားဖြစ်ပါသည်။ သူ၏မိဘတို့မှာ ရိုးရာနတ်စား ကရင်လူမျိုးများ ဖြစ်ပါသည်။

စောဆာဖိုးဝါးကို ၁၂၁၅ ခုနှစ်တွင် မွေးဖွားပါသည်။ သူသည် ငယ်စဉ်ကတည်းကပင် ဖြူစင်ရိုးသားသူဖြစ်ပြီး စာပေများသင်ကြားရန် ဆန္ဒရှိခဲ့ပါသည်။ သို့သော် မိဘများမှာ ရိုးရာတောင်ယာခုတ်ခြင်း အလုပ်ကိုသာပြုလုပ်ကြသဖြင့် စောဆာဖိုးဝါးလည်း ပါဝင်ကူညီခဲ့ရလေသည်။ စောဆာဖိုးဝါးမှာ ပိန်လှီသည်ဖြစ်ပြီး ထွားကျိုင်းမှု မရှိပါ။ စာပေသင်ကြားရန်သာ ဆန္ဒရှိသဖြင့် တောင်ယာအလုပ်တွင် စိတ်မဝင်စားခဲ့ပါ။

စောဆာဖိုးဝါးသည် ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁ ရက်နေ့မှာ ရွှေကျင်မြို့ ဘုန်းကြီးကျောင်းမှာ စာသင်ကြားခဲ့ပါသည်။ တစ်လအတွင်းမှာပင် မြန်မာသင်ပုန်းကြီးကို တတ်မြောက်ခဲ့ပြီး နယုန်လမှာ မင်္ဂလသုတ်သင်ခွင့်ရသည်။ ဒီလောက် စာတတ်မြောက်တာ ဘုန်းကြီးကိုယ်တိုင် အံ့ဩရတဲ့အထိ ဖြစ်လေသည်။ ဝါတွင်းမှာ ကျောင်းသားတွေကို မိဘထံပြန်ခွင့်ပြုတော့ ဘုန်းကြီးဖတ်တဲ့ စာအုပ်ထူထူကြီးကို စောဆာဖိုးဝါး ငှားယူပြီးပြန်လာခဲ့သည်။ မိဘတွေ အပါအဝင် တစ်ရွာလုံးက အံ့ဩရတဲ့ အထိ စောဆာဖိုးဝါးတတ်ခဲ့ပြီး ညဘက် သူ့အိမ်ရောက်လာတဲ့ သူငယ်ချင်း (၁၀) ယောက်ကို စာအုပ်ထူထူကြီးလှန်ပြီ ဖတ်ပြသည်၊ ရှင်းပြသည်၊ ပြီးတော့ စာ သင်ဖို့ တိုက်တွန်းသည်။

ဒီတစ်ခေါက် ကျောင်းပြန်တက်တော့ စောဆာဖိုးဝါးရဲ့ နောက်မှာ ကျောင်းသား ငါးယောက် ပါလာခဲ့ပါသည်။

www.burmeseclassic.com

စောဆာဖိုးဝါးကတော့ မဂ်လသုတ်အနက်ဖွင့်ကို ဆက်သင်ရသည်။ မိဘလုပ်ကျွေးခြင်း မင်္ဂလာကိုသင်တော့ သူ မျက်ရည်ကျမိသည်။ ခုထိ မိဘကို သူ လုပ်မကျွေးနိုင်သေးဘူး။ စောဆာဖိုးဝါးတို့ စာသင်ခဲ့ပုံမှာ အသိနှင့်အကျင့် ပေါင်းစပ်နိုင်အောင် သင်ယူပုံမျိုးဖြစ်၍ ငြိမ်းလည်းငြိမ်း ရှာလည်းရှာတဲ့ မိုးလို ကျင့်လည်းကျင့်တဲ့ လူမျိုးဖြစ်အောင် စာသင်ခဲ့တာ ဖြစ်ပါသည်။

စောဆာဖိုးဝါးသည် မိဘကို လုပ်ကျွေးခြင်း မင်္ဂလာတရားတော်ကို အကောင်အထည်ဖော်ဖို့ ရွာကိုပြန်လာခဲ့ပါသည်။ တောင်ယာ ပဲခင်းတွေမှာ ကူညီလုပ်ကိုင်ပေးခဲ့တသည်။

အဲဒီအချိန် အင်္ဂလိပ် အစိုးရသည် မြန်မာပြည်အောက်ပိုင်း သိမ်းယူပြီး သစ်များကို ထုတ်ယူလျက်ရှိသည်။ သစ်ကုမ္ပဏီနှစ်ခု ဖြစ်သော ဖူးကားနှင့် မက္ကရီကတို့သည် သစ်များကို အမြန်ထုတ်ယူနိုင်ရန် သစ်လုပ်ငန်းလုပ်ကိုင်လိုသူ တိုင်းရင်းသားထံသို့ ဆင်ဖိုးငွေ၊ ကျွဲဖိုးငွေအတွက် ချေးငွေများကို ထုတ်ပေးခဲ့ပါသည်။ ဤကဲ့သို့ ချေးငွေရရှိသူများတွင် စောဆာဖိုးဝါး၏ ဦးလေး တစ်ဦးလည်း ချေးငွေရရှိခဲ့ပါသည်။

**စောဆာဖိုးဝါးဆင်ဝယ်ရန်ထွက်လာခဲ့**

စောဆာဖိုးဝါးသည် ရိုးသားသူဖြစ်သည့်အပြင် စကားအရာ၌လည်း ကျွမ်းကျင်လိမ္မာသူ ဖြစ်သောကြောင့် ဦးလေးဖြစ်သူမှ ရှမ်းပြည်နယ်ဘက်တွင် ဆင်ဝယ်ရန် ငွေပေးပြီးစေလွှတ်ခဲ့သည်။

စောဆာဖိုးဝါး ခရီးမထွက်မီ သူ၏မိဘများကို ကူညီစောင့်ရှောက်ရန် ဦးလေးဖြစ်သူထံမှ သဘောတူညီမှုယူ၍ ဆင်ဝယ်ရန် ခရီးထွက်ခဲ့ပါသည်။

စောဆာဖိုးဝါး ရှမ်းပြည်နယ်ရှိ ခိုဝါခီးရွာသို့ရောက်ပြီး ဆင်ကိုတွေ့၍ ဝယ်ယူခဲ့ပါသည်။ သို့သော် ဆင်စီးတတ်ရန် လိုအပ်သဖြင့် ထိုရွာ၌ပင် ဆင်စီးတတ်ရန် သင်ယူခဲ့ပါသည်။



ဖရိုမြို့မှ ဘိုးပိုက်ဆံနေခဲ့ရာအိမ်မှ ကျောက်တိုင်ထိပ်ရှိ အဘပုံ

ကောင်းမွန်စွာ ဆင်စီးတတ်သောအခါ မိုးကျပြီဖြစ်သဖြင့် မိမိ ရွာသို့ ပြန်၍ မရတော့ပါ၊ ထို့ကြောင့် ထိုရွာမှာပင် သူရင်းငှားဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ နာကိုခီးရွာမှ မိဘများနှင့် ဦးလေးဖြစ်သူတို့မှာ စောဆာဖိုးဝါးကို စောင့်မျှော်ပူပင်သောက ဖြစ်ခဲ့ပါသည်။ ဦးလေးဖြစ်သူမှ သူ၏မိဘများအပေါ် အမျိုးမျိုးပြစ်တင်ဝေဖန် ပြောဆိုခဲ့သဖြင့် စောဆာဖိုးဝါး၏ မိဘနှင့် ညီအစ်ကို မောင်နှမများ အရှက်ရခဲ့ပါသည်။

မိုးရာသီကုန်ဆုံးပြီး ရာသီဥတု သာယာသော နေ့တစ်နေ့တွင် စောဆာဖိုးဝါးတစ်ယောက် ဆင်ကိုစီးလျက် ရွာတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ရွာသူရွာသားများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါသည်။ စောဆာဖိုးဝါးသည် ဆင်နှင့် ပိုသောငွေများကို ဦးလေးထံ ပြန်လည် ပေးအပ်ခဲ့ပါသည်။ သူ၏မိဘနှင့် ညီအစ်ကိုမောင်နှမများ ဦးလေးကြောင့် အရှက်ရခဲ့သော်လည်း သူ၏ဦးလေးကို အပြစ်မတင်ခဲ့ပါ။ ရွာသို့ပြန်ရောက်ပြီး တစ်လကျော်သောအခါ အလုပ်အကိုင်ရှာဖွေ၍ မိဘများကို လုပ်ကျွေးပြုစုနိုင်ရန် ခရီးထွက်မည် ဖြစ်သောကြောင့် မိဘများကိုခွင့်ပန်ခဲ့ရာ မိဘများက ခွင့်ပြုသဖြင့် သစ်လုပ်ငန်းများရှိရာ သူးမဲခီးရွာသို့ သွားရောက်ခဲ့ပါသည်။

ထိုအချိန်တွင် သူးမဲခီးရွာ၌ ဘုံဘေဘားမား သစ်ကုမ္ပဏီအတွက် အလုပ်လုပ်ပေးသူ ဆင်ပိုင်ရှင် စောသက်ဖောစခန်း ရှိပါသည်။ ထိုစခန်းတွင် စောဆာဖိုးဝါးက အလှုဂ်တောင်းခံရာ စောသက်ဖောမှာ သူ၏ခန္ဓာကိုယ် အနေအထားကိုကြည့်၍ အလုပ်ကြမ်း မလုပ်နိုင်ဟု မှန်းဆကာ ဆင်စခန်း၌





www.burmeseclassic.com

www.burmeseclassic.com

ထမင်းချက် အဖြစ် ခန့်အပ်ခဲ့ပါသည်။ စောဆာဖိုးဝါးသည် ရိုးသားသူ၊ ကြင်နာတတ်သူဖြစ်သဖြင့် လူတိုင်းနှင့် ပေါင်းသင်းတတ်၍ လူအများ၏ ခင်မင်မှုကိုလည်း ရရှိခဲ့ပါသည်။

## သီလမေတ္တာနှင့် ဆင်ဖြူတော်

ထမင်းချက်အလုပ်ရသော စောဆာဖိုးဝါးသည် ညည အလုပ်နားပြီဆိုလျှင် သစ်ကွင်းတစ်ကွင်းလုံးက အလုပ်သမားတွေက စောဆာဖိုးဝါးအနားမှာ ဆိုင်းအုံနေကြသည်။ စောဆာဖိုးဝါးက ဒေ့ဟောင်း ကရင်လက်ာတွေရွတ်ပြ၊ ခင်းလသုတ်ကိုသင်ပြ၊ ဇာတ်တော်တွေဟောပြ၊ ငါးပါးသီလ ထိန်းဖို့သင်ပြနှင့် ဆောကြမ်း၊ တောင်ကြမ်း၊ ဥတုကြမ်း၊ ငှက်ဖျား စတဲ့ ရောဂါတွေကလည်း ကြမ်းလှသည်။

သီလနှင့် မေတ္တာ အားကောင်းလျှင် ရောဂါဘယ ဘေးအန္တရာယ်တွေကို တွန်းလှန်ကာကွယ်နိုင်တယ်လို့ စောဆာဖိုးဝါးက သင်ပေးသည်။ သီလခံယူပြီး သတ္တဝါတွေ ကျန်းမာချမ်းသာဖို့ မေတ္တာပို့ဆုတောင်းပြီးမှ အိပ်ကြရသည်။ စုပေါင်းပြီး ဆုတောင်းပွဲ မေတ္တာပို့ပွဲကြီးတွေ လုပ်ကြသည်။ ၎င်းအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် "သစ်ကုမ္ပဏီက လူကြီးတွေ လာလိမ့်မယ်၊ တောကောင်တွေ ပစ်ခတ်ပြီး ဧည့်ခံမယ်"လို့ စောသက်ဖောက ပြောသည်။

"အပြစ်မဲ့တဲ့ တောကောင်တွေ သနားစရာ၊ ငါတို့မေတ္တာပို့နေရင် သူတို့ ဘယ်လိုပဲ အမဲလိုက်ပါစေ တောကောင် ရစေရဘူးလို့"လို့ စောဆာဖိုးဝါးက ပြောသည်။

တောခြောက်ပေးရမည့်သူများကို သတ္တဝါတွေ ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့ရမယ်လို့ စောဆာဖိုးဝါးက သင်ပေးထားသည်။ မုဆိုးကျော် နှစ်ဦး၊ သေနတ် နှစ်လက်၊ တောခြောက်သူ ဆယ် ယောက်တို့နှင့်အတူ တစ်နေကုန် တောလည်သော်လည်း သားကောင်လုံးဝ မရပါ။ ထူးခြားတာကတော့ သစ်ခေါင်းကြီး စောသက်ဖောကိုယ်တိုင် အမဲကောင်ကို မတွေ့ဘဲ ဆင်ဖြူတော်ကို တွေ့မြင်၍ ဆင်ဖြူတော်နောက် သဲကြီးမဲကြီး လိုက်ခဲ့ကြပေမယ့် ဖတ်ဖတ်သာမောရော ဆင်ဖြူတော်အရိပ်အယောင်မှ မတွေ့ရတော့။ သစ်စခန်း ပြန်ရောက်တော့ အလုပ်သမားတွေကိုစုပြီး စောသက်ဖောက စားကောင်းသောက်ဖွယ်တွေနှင့်ကျွေးမွေးဧည့်ခံသည်။ ပြီးတော့-

"ကျုပ် တစ်သက်မှာ ဆင်ဖြူတော်ဆိုတာ ကြားသာကြားဖူးတယ်၊ အခုကိုယ်တွေ့ကြုံတာပဲ၊ ဒါပေမဲ့ မရခဲ့ဘူး အံ့သြတယ်၊ သမ္မာဒေဝနတ်တွေက ကျုပ်တို့ကို ပေါ့ပေါ့မနေဖို့ သတိပေးလိုက်သလိုပဲ၊ အမျိုးဘာသာ သာသနာအတွက် လုပ်ဖို့ အချိန်တန်ပြီ၊

ကျုပ်ကတော့ သစ်ကုမ္ပဏီနဲ့ စာချုပ်မိပြီး မလှုပ်သာအောင် ဖြစ်နေပြီ၊ ဒီတော့ တစ်ယောက်ယောက်က ဦးဆောင်ပါ၊ ကျုပ် တတ်နိုင်သလောက် အားပေးကူညီပါ့မယ်၊ အထူးသဖြင့် ငွေကြေးထောက်ပံ့ လှူဒါန်းကူညီပါ့မယ်" လို့ ကြေညာလိုက်တာနှင့် အားလုံးက ဟယ်ခနဲ အံ့သြသွားကြသည်။

အားလုံးရဲ့မျက်လုံးတွေက စောဆာဖိုးဝါးကို ကြည့်နေကြလေပြီ။ စောဆာဖိုးဝါး မတ်မတ်ထရပ်လိုက်ပြီး . .

"ဒီတာဝန်ကို ကျုပ်ယူပါတယ်၊ အမျိုး ဘာသာ သာသနာအတွက် အသက်ပေးပြီး ဆောင်ရွက်သွားပါ့မယ်" လို့ အသိပေးလိုက်သည်။

အားလုံးပဲ ဝမ်းသာအံ့သြစွာ ဩဘာပေးကြသည်။ စောသက်ဖောက ကျေနပ် အားရသွားပေပြီ။

"ကဲ. . မင်း ထမင်းချက်မလုပ်နဲ့တော့၊ ရွာပြန်ပြီး မိဘတွေဆီမှာ ဒီလိုလုပ်မယ်ဆိုတာ ခွင့်တောင်းပါ၊ ဘယ်နေရာရောက်ရောက် ငွေကြေးနဲ့ အခြားအခက်အခဲရှိရင်ငါ့ကိုအကြောင်းကြားပါ"

လုပ်အားခနှင့် အပိုကြေးပေးပြီး စောဆာဖိုးဝါးကို ရွာပြန်လွှတ်လိုက်သည်။ သစ်ကွင်းက အလုပ်သမားတွေကို ငါးပါးသီလထိန်းပြီး မေတ္တာကျင့်စဉ်ကိုဆက်ကျင့်ဖို့မှာခဲ့ပြီး ရွာပြန်ရောက်တဲ့အခါ ပါလာတဲ့ပိုက်ဆံတွေ များလွန်းလို့ ရိုးမှရိုးသားရဲ့လားဟု မိဘတွေကပူပန်ကြသည်။ စောဆာဖိုးဝါးက အကျိုးအကြောင်း ပြောပြရသည်။

ရွာထဲလှည့်ပြီး တစ်အိမ်တက်ဆင်း လိုက်နှုတ်ဆက်တော့မှ ရွာမှာ ထူးခြားတဲ့ အပြောင်းအလဲနှင့် ကြုံနေပြီဆိုတာ သိလိုက်ရသည်။ ရွာလူဦးရေ သုံးပုံတစ်ပုံ ဘာသာခြားတွေဖြစ်ကုန်ပြီ။ သူဟောခဲ့တဲ့ ငါးပါးသီလအကြောင်း ဘုရားဟောဇာတ်တော်များကိုမသိဟန်၊ မကြားဟန် ဆောင်ကုန်ကြပြီး သူ့ကိုပါ ဖယ်ကြဉ်ရှောင်ခွာ စိမ်းကားသွားလေပြီ။

သူစိတ်မကောင်း ရင်နာမိလေသည်။ သူ ဆုံးဖြတ်လိုက်သည်။

"အမျိုးဘာသာ၊ သာသနာအတွက် ဆောင်ရွက်မယ်"

ဒီအချိန်မှာ သူ့အသက် (၂၄)နှစ်မျှသာ ရှိသေးသည်။ ရပ်ရေး ရွာရေးအတွက် သူအားကုန်ကြိုးစား၍ လုပ်တော့သည်။ သာရေး၊ နာရေး၊ ရပ်ရွာသန့်ရှင်းရေးကို၊ လူငယ်တွေ စုပေါင်းပြီး မနေမနား လုပ်ကြသည်။

ဘိုးဘေးဘီဘင်တွေ ကျင့်သုံးခဲ့သော ကရင်ရိုးရာဓလေ့ထုံးစံတွေကို ပြန်လည် ဖော်ထုတ်သည်။ အကျွေးအမွေးတွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဝိုင်းလုပ် ဝိုင်းစား ညီညွတ်မှုရဲ့ အင်အားကို သရုပ်ပေါ်စေခဲ့သည်။

## စောဆာဖိုးဝါး အိမ်ထောင်ကျခြင်း

ရွာလယ်မှာ မဏ္ဍပ်ကြီးထိုးပြီး တနင်္ဂနွေတိုင်း သီလခံယူ မေတ္တာပို့ပွဲတွေ မြိမ့်မြိမ့်သဲသဲ ကျင်းပနိုင်ခဲ့ပါသည်။ ဒီလိုရပ်ရေးရွာရေးတွေ ဆောင်ရွက်ရင်း နော်ဝါးဆိုတဲ့ ပါရမီဖြည့်ဖက်ကလေးနဲ့ ဆုံစည်းခဲ့ရပါသည်။ သက္ကရာဇ် ၁၂၃၉ ခု တပို့တွဲလဆန်း ၄ ရက် ကရင်နှစ်သစ်ကူး အပြီးမှာ မိဘများအလိုကျ



www.burmeseclassic.com

www.burmeseclassic.com

နော်ဝါးနှင့် လက်ထပ်ခဲ့ပါသည်။ လက်ထပ်ပြီးနောက်တွင် ယာတစ်ခင်းနှင့် ဆင်တစ်ကောင် လက်ဖွဲ့ရရှိခဲ့ပါသည်။ စောဆာဖိုးဝါးသည် မိသားစုအတွက် ကြိုးစား၍ အလုပ်လုပ်ခဲ့သော်လည်း အများအားဖြင့် ဇနီးသည် နော်ဝါးမှပင် အလုပ်များကို ကြိုးကြိုးစားစား လုပ်ဆောင်လေ့ ရှိပါသည်။

မကြာမီ သားတစ်ဦး ရရှိခဲ့ပါသည်။ သုံးနှစ်ပြည့်သောအခါ နော်ဝါးသည် ကျန်းမာရေးချို့တဲ့လာ၍ အကြီးအကျယ် နေမကောင်း ဖြစ်လာပါသည်။ ရိုးရာအတိုင်း နော်ဝါး နေကောင်းလာစေရန် ကြက်ဖြင့်နတ်စားခြင်း ပြုလုပ်ရန် စီစဉ်ကြပါသည်။ အများကျေနပ်အောင် ရိုးရာနတ်ကို တင်မြှောက်ပူဇော် ပသသေးသည်။ ဇနီးဖြစ်သူက စောဆာဖိုးဝါးကို ဤသို့ ပြောလေသည်။

"တောင်ကုန်းတစ်ခုပေါ်မှာ ဝတ်ဖြူစင်ကြယ်နဲ့ လူတွေကို ဟောပြောဆုံးမနေတဲ့ ပုဂ္ဂိုလ်ကြီး အိပ်မက်ထဲမှာ တွေ့နေရတာ သုံးကြိမ်ရှိသွားပြီ၊ အဲဒီပုဂ္ဂိုလ်ကြီးက တခြားသူ မဟုတ်ဘူး ရှင်ပဲ၊ အခုတော့ ရှင်က နတ်ကိုပသနေတယ်၊ ကျွန်မတော့ နားမလည်နိုင်တော့ဘူး၊ သတိပြုပါ၊ စောဆာဖိုးဝါး ရှင်ဟာ သူတော်ကောင်းအလောင်းအလျာ"

ဒီလိုသတိပေးပြီး ဇနီးနော်ဝါး ကွယ်လွန်ခဲ့သည်။ မကြာမီ သားလေးကလည်း လိုက်ပါ သေဆုံးခဲ့ပါသည်။ နောက် သူပိုင်သစ်ဆွဲဆင်တစ်ကောင်ပါ ပျက်စီးဆုံးရှုံးရပြန်လေသည်။ စောဆာဖိုးဝါးသည် သံဝေဂရ၍ သူ့ရဲ့ဓမ္မတရားတို့ နိုးကြားခဲ့ရပေပြီ။ သူဟာ အဖြစ်အပျက်တွေကို ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ တောထွက်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ သူမမွေးခရီး မထွက်ခွာမီ ရွာသူ၊ ရွာသားတွေကို မှာကြားခဲ့လေသည်။

(၁) ကရင်ရိုးရာဓလေ့ ထုံးတမ်းယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

(၂) ငါးပါးသီလ လုံခြုံပါစေ။

(၃) ဖြဟွစိုရ်တရား လေးပါးကို လက်ကိုင်ထားကြပါ၊ သတိမလစ်ကျင့်သုံးရန်အထူးတိုက်တွန်းခဲ့ပါရစေ။

## တရားရှာဖွေကျင့်ကြံခြင်း

စောဆာဖိုးဝါးသည် အသက် (၃၀)အရွယ်တွင် တောထွက်ခဲ့ပါသည်။ လူသူ အရောက်အပေါက် နည်းသည့် တောင်ထိပ်ပေါ်တက်၍ တဲတစ်လုံးထိုး ငါးပါးသီလ အခြေခံထားပြီး မေတ္တာကမ္မဋ္ဌာန်းကို တွင်တွင်ကြီး အားထုတ်လေတော့သည်။ သူထပ်မံ သဘောပေါက်လာတာ. . .

"ငါနည်းတူ အခြား ပုဂ္ဂိုလ်ကြီးငယ်များ ငါးပါးသီလကို လုံခြုံဖို့ လိုအပ်တယ်၊ ဒါမှလူလောကကြီး တစ်ခုလုံး သာယာငြိမ်းချမ်းမှုရမယ်ဆိုတဲ့အချက်ပဲ၊ အဲသလို ငါကဲ့သို့ လူတိုင်း ကျင့်ကြံအားထုတ်စေရန်မှာ ငါ့အပေါ် လူတိုင်း လူတိုင်းက ချစ်ခင်လေးစားရန် လိုအပ်တယ်၊ ဒါကြောင့် သတ္တဝါအပေါင်းတို့အားချစ်ခင်ကြောင်း ပထမဦးစွာ အစွမ်းကုန် ပြနိုင်ဖို့အတွက် ယုံကြည်မှု အပြည့်ရှိရမယ်"

ဤအချိန်ကစပြီး သူဟာမေတ္တာကမ္မဋ္ဌာန်းကို ကျင့်သုံးတည်ဆောက်ပါတော့သည်။ တကယ်တော့လည်း စောဆာဖိုးဝါးသည်ဘဝတစ်လျှောက်မေတ္တာကမ္မဋ္ဌာန်းနှင့် ဖြဟွစိုရ်တရားလေးပါးကို အဓိကထား ကျင့်သုံးသွားလေသည်။ ကရင်ဘာသာနဲ့တော့ (မောလေးကျင့်စဉ်လို့ ခေါ်ပါသည်) ဤကျင့်စဉ်ကို နှစ်နှစ်လောက်အထိ ကျင့်ခဲ့ရာမှ တစ်နေ့တွင် ဤကျင့်စဉ်တွေကို ကျင့်နေရင်း ကျင့်စဉ်တွေ စတင်ခဲ့တဲ့နေရာ ဇာတိရွာနဂိုခီးဆိုတာ ပေါ်လွင်လာသည်။

ရွာက လူတွေကို အာရုံယူပြီး မေတ္တာပို့လိုက်တော့ သူ့ရှေ့မှာ အလင်းရောင်ကြီး ပေါ်လာသည်။ ဤအလင်းရောင်လှိုင်းကြီးက အဝန်း (၁၀) ပေ အမြင့် (၃၀) လောက်ရှိသည်။ သိပ်ထူးဆန်းပြီး သိပ်ရှင်လန်းစရာကောင်းသည်။ သူဟာ ဝမ်းသာလှိုက်မောစွာနှင့် အလင်းလှိုင်းကြီးထဲ ခုန်ဝင်လိုက်သည်။ အလင်းရောင်ရှေ့ကို ပြေးသည်။ သူလိုက်သည်၊ မမီဘူး။ လိုက်မီပြီး အလင်းရောင်ကြီးထဲ သူရောက်သွားချိန်မှာ မောလှပြီ။ ဘယ်လောက်မောသလဲဆိုတော့ သတိလွတ်ပြီး အိပ်ပျော်သွားတဲ့အထိပါပဲ။

## မေတ္တာအစွမ်းဖြင့် ကျေးဇူးဆပ်ခွင့်ရစေသား

အိပ်ရာကနိုးလာတော့ သူ့ရွာအနီးပြန်ရောက်နေတာ ထူးဆန်းစွာတွေ့လိုက်ရသည်။

"ဪ. . . ရွာကိုကျေးဇူးဆပ်ဖို့ ပြန်ရောက်လာတာပဲ၊ ငါဟာ မေတ္တာကျင့်စဉ်ကို ကျင့်လို၍သာ ရွာကို နှစ်နှစ်နီးပါး စွန့်ခွာခဲ့၍ ငါ၏အကျင့် အောင်မြင်ပါက ရွာထဲက ငါ့မိဘအိမ်ရှေ့တွင် ရွာသူရွာသားတွေ စုဝေးရောက်ရှိနေပါစေသား၊ မေတ္တာအစွမ်းဖြင့် ကျေးဇူးဆပ်ခွင့် ရပါစေသား"လို့ အဓိဋ္ဌာန်ပြီး ရွာထဲဝင်လာခဲ့ပါတယ်။

တစ်ရွာလုံး ပျားပန်းခပ်နေရော့ပါလား။ အားလုံးဟာ သူ့မိဘအိမ်ရှေ့က ဆုတောင်းပွဲဆီ ဦးတည်သွားလာနေကြပါသည်။ သူ့အဓိဋ္ဌာန် အောင်ပေပြီ။ သူပြန်ရောက်လာတာ တွေ့သွားကြပြီး တစ်ရွာလုံးက အံ့ချီး ကြိုဆိုကြသည်။ လေးစားစွာ ဂါရဝပြုကြသည်။ သူ နှုတ်တရား ဟောရသည်။

"ဆင်းရဲဒုက္ခအပေါင်းက လွတ်မြောက်ဖို့ မေတ္တာပို့ခြင်း၊ ဆုတောင်းပွဲကျင်းပခြင်းက စကြပါစို့၊ တစ်ရက် တစ်ခဏနဲ့ အားမရ၊ ခုနစ်ရက်တိုင်တိုင် မေတ္တာပွား ဆုတောင်းကြပါစို့"

ဤပွဲဟာ ရွာမှာ မကြုံဖူးအောင် စည်ကားလှသည်။ အနီးပတ်ဝန်းကျင်က ရွာသူရွာသားတွေက^ည်း သတင်းကြားတာနဲ့ ရောက်လာ ပူးပေါင်းက ဆုတောင်းပွဲမှာ ပါဝင်ဆင်နွှဲကြသည်။ ရွာမှာ သွေးကွဲနေတဲ့ သုံးပုံတစ်ပုံ လူ



www.burmeseclassic.com

www.burmeseclassic.com

နည်းစု ဘာသာခြားတို့က စောဆာဖိုးဝါးကို အကောက်ကြံသည်။ စောဆာဖိုးဝါးသည် ဗြိတိသျှအစိုးရအား ပုန်ကန်ရန် လူစုနေကြောင်း ရွှေကျင်အရေးပိုင်ထံ သတင်းပို့တိုင်ကြားကြပါသည်။ စောဆာဖိုးဝါးကတော့ ခုနစ်ရက်တာ မဟာဆုတောင်းမေတ္တာပို့သပွဲကြီး အောင်မြင်ပြီးတာနှင့် တောင်ပေါ်သို့ ထွက်လာခဲ့တော့သည်။ ဝတ်ဖြူစင်ကြယ် ဆင်မြန်းပြီး ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

"ကျွန်ုပ်သည် တရားထူး တရားမြတ်ကို သိမြင်အောင် ကျင့်ကြံအားထုတ်ပါမယ်" လို့ တောင်ပေါ်ရောက်တော့ သစ္စာအဓိဋ္ဌာန် ပြုလိုက်သည်။ အရပ်လေးမျက်နှာကို လက်အုပ်ချီကန်တော့ရင်း အကျင့်မြတ်ရဲ့ အလင်းရောင် သုံးရက်မြောက်နေ့မှာ ဗုဒ္ဓရုပ်ပွားတော်များ၊ ဘုရားစေတီတော်များ မိမိမျက်စိထဲမှ ထွက်သည်မရှိ ကြည့်လေရာမှာ ဗုဒ္ဓဘုရားကိုသာ အမြဲဖူးတွေ့နေရတဲ့အတွက် အားတက်ဝမ်းမြောက်လာခဲ့သည်။

တောင်ပေါ်တွင် စောဝေကျောက မြေလှူပြီး တောင်ပေါ်သားတို့ရဲ့ လုပ်အားဒါနဖြင့် ကျောင်းတစ်ဆောင်ပြီးမြောက်ခဲ့ပါသည်။ ကျောင်းရဲ့ ထူးခြားချက်ကတော့ အခြား သစ်သားမပါ၊ သစ်မင်းသားတိုင်(၃၀)နှင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ သူက မေတ္တာဘာဝနာ အကြောင်းကို ရှင်းပြရင်း တောင်ပေါ်သားတွေကို သက်သတ်လွတ်စားဖို့ တိုက်တွန်း ဟောပြောပါသည်။ မိမိစားဖို့ အခြားသတ္တဝါတွေ မသေသင့်ကြောင်း၊ သူ့အသက်နှင့် မိမိအသက်ကိုမတည်ဆောက်သင့်ကြောင်း သင်ကြားပေးပါသည်။ စောဆာဖိုးဝါးမှာ ဤတောင်ပေါ်ရောက်မှ ဘိုးပိုက်ဆံလို့ ပိုပြီး ထင်ရှားလာပါသည်။

## ဘိုးပိုက်ဆံ အထင်မှားခံရခြင်း

ဘိုးပိုက်ဆံထံသို့ တောင်ပေါ်ကရင်တွေစုပြီး တရားအားထုတ်လာချိန်မှာ ၁၂၄၈ ခုနှစ်တွင် ရှမ်းမျိုးချစ်တော်လှန်ရေးသမားတွေက ရွှေကျင်မြို့ကို ဝင်ရောက် တိုက်ခိုက်ပါသည်။ ဒီလို ရွှေကျင်မြို့ကို တိုက်ရာမှာ ဘိုးပိုက်ဆံရဲ့ လူတွေပါသည်။ ဘိုးပိုက်ဆံ တရားကျင့်နေတယ်ဆိုတာ ဟန်ဆောင်နေတာ၊ ဗြိတိသျှကို တော်လှန်ဖို့ လူစုနေတာလို့ ဘာသာခြားတို့က တိုင်တန်းကြပါသည်။ တောင်ပေါ်က ဘိုးပိုက်ဆံကျောင်းအထိ ဗြိတိသျှစစ်တပ်တွေ ရောက်လာပြီး ဘိုးပိုက်ဆံကိုဖမ်း၊ တရားအားထုတ်သူတွေကို ရိုက်နှက်နှင်ထုတ်၊ ကျောင်းကိုလည်း တပ်စခန်းအဖြစ် အသွင်ပြောင်းလိုက်ပါတော့သည်။ ဘိုးပိုက်ဆံကို ဖမ်းဆီးခေါ်ဆောင်ခဲ့ကာ မော်လမြိုင်ထောင်မှာ ချုပ်ထားလိုက်ပါသည်။

ဘိုးပိုက်ဆံ(စောဆာဖိုးဝါး)ဖမ်းသွားပြီဆိုတဲ့သတင်း တောမီးလိုပျံ့နှံ့သွားလေသည်။ (သစ်ခေါင်းကြီး) စောသက်ဖောအထိ နားပေါက်သွားပါသည်။

စောသက်ဖောသည် စောဆာဖိုးဝါးအတွက် အင်မတန် ဂုဏ်ယူခဲ့တဲ့သူ၊ လိုအပ်တဲ့ အကူအညီ ပေးမယ်လို့ ကတိပေးခဲ့သူ မဟုတ်ပါလား။ စောဆာဖိုးဝါး (ဘိုးပိုက်ဆံ) သတင်းကို စုံစမ်းလိုက်တာ လေးလကြာမှ မော်လမြိုင်ထောင်မှာ ရှိနေကြောင်း သိရသည်။

စောသက်ဖော လိုက်သွားပြီး ဗြိတိသျှဘားမားကုမ္ပဏီ မန်နေဂျာရဲ့ အာမခံချက်နှင့် ဘိုးပိုက်ဆံကို ထောင်ထဲက ထုတ်လာခဲ့သည်။ စောသက်ဖောက သာသနာပြုကိစ္စများတွင်သုံးဖို့ ဘိုးပိုက်ဆံကို ငွေတစ်ထောင် လှူလိုက်သည်။ ဘိုးပိုက်ဆံကတော့ သူ့ကျောင်းရှိရာ တောင်ပေါ်ကိုပဲ ပြန်သွားသည်။ တောင်ပေါ်ရောက်တော့ ဒီငွေတွေ ဘာလုပ်ရမလဲလို့ အာရုံပြုလိုက်တဲ့အခါ ဘုရားစေတီပုံ ပေါ်လာသည်။

သြော်. . . ဘုရားတည်ရမှာပါလား။ စေတီဘုရား တည်ရာမှာ သူ့ရဲ့ ကရင်တိုင်းရင်းသားတွေ ပါဝင်စေချင်သည်။ ဗြိတိသျှတွေက အရိုင်းအစိုင်းလို့ သွေးခွဲချိုးနှိမ်ထားတဲ့ ငါတို့ကရင်တွေ ဘုရားတည်နိုင်သည်အထိ ယဉ်ကျေးတယ်ဆိုတာ ပြချင်သည်။

## ဘိုးပိုက်ဆံ စေတီဘုရား တည်ပြီ

ဘိုးပိုက်ဆံ (၄၉)ရက် အဓိဋ္ဌာန် ဝင်သည်။ သူ့ဆီရောက်လာတဲ့ တပည့်ဒကာတွေ တောင်ပေါ်သားတွေကို လုံးဝ တရားမဟော စကားမပြောဘဲ (၄၉)ရက် အဓိဋ္ဌာန်နှင့် တရားအားထုတ်နေခဲ့သည်။ ထမင်းတစ်နပ်သာ စားပြီး အားထုတ်ခြင်း ဖြစ်ပါသည်။ စောသက်ဖော လှူလိုက်တဲ့ ငွေတစ်ထောင်ထုပ်ကိုလည်း အပုံလိုက်ထားရှိခဲ့ရာ ဘယ်သူမှ မခိုးမဝှက် မယူရဲမှုမက သူတို့မှာ ပါလာတဲ့ ငွေတွေလည်း ငွေပုံပေါ် ငွေပုံဆင့်ပြီး လှူထားခဲ့ကြပါသည်။ ဘိုးပိုက်ဆံ၏ အဓိဋ္ဌာန် ပြီးမြောက်ချိန်မှာ မူလငွေထက် သုံးဆပိုများလာပါတော့သည်။

တောင်ပေါ်ကရင်များ ခုနစ်ရက်တာလုပ်အားပေးကြသည်။ မြေညှိကြ၊ တောတောင်ထဲက ရှိသမျှ ကရင်တွေ အကုန်ထွက်လာပြီး ဘုရားတည်ရာမှာ စုဝေးမိကြသည်။ အားလုံးတစ်ထောင် ကျော်ကျော် ဘိုးပိုက်ဆံ ဝမ်းမြောက်လိုက်ပါဘိ။

အားလုံးကို နှုတ်ဆက်ညှော့ခံခဲ့ပါသည်။စေတီဘုရားတည်မည့်အကြောင်း ရှင်းပြပြီး တောင်ပေါ် ရာသီဥတုဒဏ် ခံနိုင်အောင်၊ သားစဉ်မြေးဆက် တည်အောင် စေတီကို သံနှင့်တည်မည်လို့ ဘိုးပိုက်ဆံ ရှင်းပြပါသည်။ တောင်ပေါ်ကရင်များက ရွှေကျင်မြို့အထိသွားပြီး သံထည်ပစ္စည်းတွေ ရှာကြ၊ တောင်ပေါ်အရောက် ခက်ခက်ခဲခဲပို့ကြနှင့် ပင်ပန်းလှပေမယ့်လည်း အားလုံးပျော်ရွှင်ကြသည်။ ကုသိုလ်စိတ်တွေနှင့် ပီတိဝေနေသည်။ စေတီဘုရားကို သက်ကယ်တောင်ပေါ်မှာ တည်ထားပြီး ဘွဲ့တော်ကိုတော့ ကရင်လို (ဂိုမူပလော်ထူး) လို့ ပေးခဲ့ကြသည်။ ခုနစ်ရက်တာ ဘုရားပွဲကြီး ကျင်းပ ပူဇော်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နော်နယ်ပိုစေးလည်း ပြောင်းရွှေ့လာပါသည်။ ဘိုးပိုက်ဆံရဲ့အဖေ စောရွှေအေးတတော့ ကွယ်လွန်ခဲ့ပါပြီ။ ဘိုးပိုက်ဆံသည် မြို့သစ်ရှိသူများကို ဗုဒ္ဓရဲ့ ဖြဟ္မစိုရ်တရား လေးပါးစောင့်ထိန်းလိုက်နာခြင်း၊ မေတ္တာကမ္မဋ္ဌာန်းပွားများခြင်း၊ ငါးပါးသီလမြဲခြင်း ဆိုတဲ့ အမှုကိစ္စတွေကိုတော့ သူကိုယ်တိုင်လည်းဘယ်တော့မှဝတ္တရားမပျက်၊ မြို့သူ မြို့သားအားလုံး သူနည်းတူ လိုက်နာနိုင်အောင် ကြိုးပမ်းဟောပြော သွန်သင်ခဲ့ပါသည်။

**ဝရမ်းပြေးမောင်စိန်**

ဖဒိုပလောမြို့ တည်ဆောက်ဖို့ ကြိုးပမ်းနေစဉ်ကာလ ထူးခြားတဲ့အဖြစ်အပျက်ကလေးတစ်ခုကြုံခဲ့ရတာရှိသည်။ တောထဲမှာ ပုန်းအောင်းနေတဲ့ ဝရမ်းပြေးတစ်ယောက်ကို တွေ့ခဲ့ရခြင်းဖြစ်ပါသည်။ သူ့နာမည်က မောင်စိန် အင်္ဂလိပ်အစိုးရဘေးရန်မှ ကာကွယ်ဖို့ ဘိုးပိုက်ဆံကို တိုးလျှိုးတော့သည်။ အကြောင်းမလှလို့သာ ဝရမ်းပြေး ဖြစ်နေရပေမယ့် မောင်စိန်က စိတ်ရင်းကောင်းသည်။ ဘိုးပိုက်ဆံ ကျင့်စဉ်တွေကို တစ်သဝေမတိမ်း လိုက်နာသည်။ ထို့ကြောင့် ဘိုးပိုက်ဆံ၏ ယုံကြည်အားထားမှုကိုလည်း ခံရသည်။ ဘယ်လောက်ထိယုံကြည်မှု ခံရသလဲဆိုရင် . . .

"ဘိုးပိုက်ဆံဆိုတဲ့ နာမည်ကိုခံယူပြီး တရားဓမ္မအလုပ်တွေ ဆက်လုပ်ပါ၊ ငါကိုယ်တိုင်ကတော့ (ကိုဆာရေ) ဆိုတဲ့ နာမည်ပြောင်းမယ်၊ အကြောင်းရှိတယ်၊ အရေးကြီးတယ်"

နောက်ပိုင်း ဘိုးပိုက်ဆံဟာ ကရင်အမျိုးသား၊ အမျိုးသမီးတွေအကျိုးမျှော်ကိုးပြီး ကိုဆာရေလို့အမည်ပြောင်းလဲခံယူတဲ့အခါ သူ့ရဲ့အမည်ဟောင်း ဘိုးပိုက်ဆံကို ဝရမ်းပြေးမောင်စိန်ထံလွှဲအပ်ပါသည်။ ဓာတ်သဘောနဲ့ တွက်ချက်တဲ့အခါ အဲသလိုလုပ်ပါမှ မိမိရည်မှန်းခရီးပေါက်မြောက်မှာဖြစ်လို့ အခုလိုပြောင်းလဲရကြောင်း၊ ကိုဆာရေ တစ်ဖြစ်လဲ ဘိုးပိုက်ဆံက ပြောခဲ့ပါသည်။ ဘိုးပိုက်ဆံရယ်လို့ အမည်လွှဲခြင်းခံခဲ့ရတဲ့ ဝရမ်းပြေးမောင်စိန်တစ်ယောက် ဝတ်ဖြူစင်ကြယ်နဲ့ သူ့ဘဝကိုသူ ပြည်ဖုံးကားချဇာတ်မြှုပ်သွားလေတော့သည်။

ဘိုးပိုက်ဆံ (ကိုဆာရေ) သည် သူ့စခန်းမှာ ဟောပြောနေတာကဖြင့် လူတိုင်း "ငါးနှင့်ဂုံမင်း စားကြရမည်၊ ငါးပါးသီလ စောင့်ထိန်းပြီး ဂုဏ်တော်ကိုးပါးပွားများရမည်" လို့ပြောပါသည်။

ဒီနှစ်တာကာလများရဲ့ ထူးခြားချက်ကတော့ သီလဖြူစင်စွာနှင့် မေတ္တာကမ္မဋ္ဌာန်း ပွားများသူများကြားမှာ နေရာဒေသ အချိန်မရွေး ဘိုးပိုက်ဆံ (ကိုဆာရေ)စောင့်ရှောက်သည်။ စကြိုလျှောက်ရင်း ယောဂီတို့ရဲ့ကျင့်စဉ်တွေကို ပြုပြင်ပေးလျက် ရှိတယ်လို့ တညီတညွတ်တည်း ပြောဆိုလာကြခြင်း၊ တွေ့မြင်ခဲ့ကြခြင်းပဲ ဖြစ်ပါသည်။

**ထူးခြားသော အဖြစ်အပျက်များ**

ဘိုးပိုက်ဆံ(ကိုဆာရေ)၏ သူ့ဘဝတစ်လျှောက်လုံးတွင် အံ့ဖွယ်ထူးခြားသော အကြောင်းအရာများ များစွာရှိသည့်အနက်မှ တချို့ကိုသာ ဖော်ပြလိုက်ပါသည်။ ဘိုးပိုက်ဆံ(ခေါ်)ကိုဆာရေမှာ အမည်နာမ လေးမျိုး ပြောင်းလဲခံယူခဲ့တာ တွေ့ရပါသည်။

(၁) စောဆာဖိုးဝါး (၂) ဘိုးပိုက်ဆံ (၃) ကိုဆာရေ (၄) ဖူးဘူးပွယ် တို့ဖြစ်ပါသည်။ အဲဒီလို ပြောင်းလဲခဲ့တာတွေမှာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ ဘာသာ သာသနာ အကျိုးကို မျှော်ကိုးပြီး ပိုပြီးထိရောက် အကျိုးရှိအောင် အလျဉ်းသင့်သလို ပြောင်းလဲအသုံးချခဲ့ရတာဖြစ်ပါသည်။ ဂန္ဓာရီလှည့်ကျင့်ကြံအားထုတ်ရင်း ကြုံတနီးဆိုတဲ့ အရပ်က ပေါင်းစုရွာကလေးမှာ မိုးထိလို့ခေါ်တဲ့ တလိုင်း ကရင်တွေနဲ့အတူ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့အချိန်လေးတွေ မိုးတွေ ပြင်းပြင်းထန်ထန်ကျလာပါသည်။ ကြောက်စရာကောင်းလောက်အောင် မိုးကြီးတွေလည်း ထစ်ချုန်းပါသည်။ သူတို့တွေ တရားထိုင်နေကြတဲ့ တဲတန်းလျားအနီးက ညောင်ပင်ကြီးကို မိုးကြိုးခပါသည်။ ဘယ်လောက်ပြင်းထန်သလဲဆိုရင် ညောင်ပင်ကြီးတစ်ပင်လုံး ကျိုးကြေ လဲပြိုရတဲ့အထိပါပဲ။

ထိုအချိန်မှာ ဘိုးပိုက်ဆံ (ကိုဆာရေ)က ညောင်ပင်အရင်းကို သူ့တပည့်တွေ တူးဖော်ခိုင်းလိုက်သည်။ တူးဖော်တဲ့အခါ သေတ္တာကြီးတစ်လုံးကို အံ့သြစရာ တွေ့လိုက်ရသည်။

ဖွင့်လိုက်တဲ့အခါမှာတော့ ဓားလွယ်၊ ခြေနင်း၊ ဉသျှောင်၊ ထိုင်မသိမ်းစတဲ့ မင်းဝတ်တန်ဆာတွေလို့ ဆိုပါသည်။ တစ်ခါမှ မတွေ့ကြုံဖူးတဲ့ မျှော်လင့်မထားတဲ့ ကိစ္စမို့ လူအများအံ့သြတကြီး ဖြစ်ခဲ့ရတယ်လို့ ဆိုပါသည်။

ဘိုးပိုက်ဆံသည် အမျိုးကွဲ လေးမျိုးနှင့် ဂန္ဓာရီလှည့်ပြီး ဘာသာ သာသနာ ပြန့်ပွားအောင် ကြိုးစားအားထုတ်ခဲ့တဲ့အခါ ဘယ်တော့မှ တစ်ဦး တစ်ယောက် ကောင်းစားရေးကို အားမပေးခဲ့ပါဘူး။

သူကိုယ်တိုင် အမြဲတစေ စွဲနှစ်ယုံကြည်စွာ ကျင့်ကြံအားထုတ်ခဲ့တာကတော့ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့အလုပ်ပါပဲ။သူ့တပည့်သားမြေးအပေါင်းကိုလည်း သီလတရားကိုသာ အဓိကမှာကြား အားထုတ်စေခဲ့ပါသည်။

ဘိုးပိုက်ဆံမှာ ရောက်လေရာ အရပ်တိုင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ ကုသိုလ်ဒါနတွေကလည်း ပြောလို့မကုန်နိုင်ပါဘူး။ သူ့ခေတ်သူ့အခါ ငွေကြေးအတိုင်းအတာအရ အကုန်အကျခံ လှူဒါန်းခဲ့သည့် ထင်ရှားတဲ့ အဆောက်အအုံအချို့ကို စာရင်းပြုစုကြည့်တဲ့အခါ အခုလို တွေ့ရပါသည်။

(၁) အင်းပလားအရပ်တွင် ဆောက်လုပ်လှူဒါန်းသောဘုရားဝတ်ပြုကျောင်း။

(၂) ဖဒိုရွာတွင် ဆောက်လုပ်လှူဒါန်းသောတည်းခိုကျောင်းဆောင်၊ ရှင်ဘုရင်နေသောနန်းတော်၊ ဘုန်းကြီးအတွက်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း၊ လူအတွက်အိမ်၊ သူတောင်းစားတွေအတွက် ဇရပ်၊ အဆင့်အတန်းမရွေး တည်းခိုနေထိုင်နိုင်ကြောင်း ကြေးကြော်ဆောက်လုပ်ခဲ့တာပါ။

(၃) ဆရာဝိတူ (ဓမ္မဆရာ) လက်စမသတ်သော ကျောင်းကြီးကို အပြီးသတ် ဆောက်လုပ်ခြင်း။

(၄) ညောင်လေးပင်တွင် ဆောက်လုပ်လှူဒါန်းသော(ချင်း၊ ကချင်၊ ကယား၊ ရှမ်း၊ ဗမာ) ခြောက်ဘာသာ ကျောင်းကြီး။ ထို့အပြင် စက်ရေတွင်း၊ ရေဘုံဘိုင်၊ လူတန်းစားမရွေး ကြိတ်ခွဲနိုင်ရန် ဆန်စက်တစ်လုံးတို့လည်း လှူဒါန်းခဲ့သည်။

(၅) ညောင်လေးပင်အရှေ့ဘက် သုံးမိုင်ကွာ ပုဇွန်မြောင်းခေါ်တဲ့ မြစ်အနီးမှာ တည်းခိုဆောင်တစ်ဆောင်။

(၆) ရွှေကျင်အပိုင် ရေမရှိးရွာမှာ တည်းခိုဆောင်။

(၇) မူမထာရွာတွင် ကလယ်ထော်ဝေ(ခိုင်သောမြို့ဟုအဓိပ္ပာယ်ရ)ကျောင်းဆောင်။

(၈) ပဲခူးအပိုင် ထုံးကြီးရွာတွင် ကျောင်းဆောင်။

(၉) ဥက္ကံ မီးရထားဘူတာအနီးတွင် လှူဒါန်းသော ညောထောဝေ (သားမြေးမြစ်တို့ လွယ်ကူရန်ဟု အဓိပ္ပာယ်ရ) ကျောင်းဆောင်။

(၁၀) သာယာဝတီခရိုင် ဂမုံးစုရွာတွင် တည်ဆောက်သော တည်းခိုဆောင်။

(၁၁) လက်ပံတန်းမြို့၌ တည်ဆောက်လှူဒါန်းသော ကျောင်းဆောင်။

(၁၂) ဟင်္သာတမြို့ မီးရထားဘူတာအနီးတွင် တည်ဆောက်လှူဒါန်းသော တည်းခိုဆောင်။

(၁၃) မနုဖြူမြို့ အနောက်ဘက်တွင် လှူဒါန်းသော ကျောင်းဆောင်။

(၁၄) ညောင်တုန်းအနောက် ကန်ချောင်းမြစ်ဝတွင် လှူဒါန်းသောကျောင်းဆောင်။

(၁၅) ကြံ့တနီး အနောက်ဘက်တွင် လှူဒါန်းသော တည်းခိုဆောင်။

(၁၆) မှော်ဘီ ဘူတာအနီးတွင် ဆောက်လုပ်လှူဒါန်းသော ကိုးဆောင်တွဲ ကျောင်းဆောင်ကြီး၊

အထက်ပါအတိုင်း ဘိုးပိုက်ဆံ လှူထားတာတွေ့ရှိရပါသည်။ လူသိများပြီးထင်ရှားတဲ့ အစိတ်အပိုင်းတစ်ချို့မျှသာ ဖြစ်ပါသည်။ အခြားမသိသေး၍ လှူထားသော အကြောင်းအရာတွေလည်းရှိပါသေးသည်။

ဘိုးပိုက်ဆံ နောက်ဆုံးစခန်းသို့ မတက်လှမ်းမီ နောက်ဆုံး ထူးခြားတဲ့ စကားတွေကို အခုလို ပြောခဲ့ပါတယ်။

"ကျွန်ုပ်တာဝန် ပြီးဆုံးပြီဖြစ်လို့ ခရီးဆက်ရပါတော့မယ်၊ သား၊ သမီး၊ မြေးမြစ်အပေါင်းတို့၊ သင်တို့အတွက် ကျွန်ုပ်တာဝန်သည် နှစ်ပေါင်း (၃၀) မျှသာ ဖြစ်ပါတယ်၊ ယခုသုံးနှစ်ပိုပြီး (၃၃) နှစ်ကြာအောင် ကျွန်ုပ် တာဝန်ထမ်းဆောင်ခဲ့တယ်၊ ယခု တာဝန်ပြီးဆုံးပြီမို့ ကျွန်ုပ်ခရီးဆက်ရလိမ့်မယ်၊ စခန်းသစ်သို့ ကျွန်ုပ်သွားရမယ်၊ ညအခါတွင် သင်တို့သည် ကျွန်ုပ်၏ မြပုခက်ကို အလှည့်ကျလွှဲပေးခြင်းဖြင့် တပည့်ဝတ်ကို ပြုကြကုန်လော့"ဟု ထူးဆန်းတဲ့ စကားနှင့် တိတိလင်းလင်း နှုတ်ဆက်ခဲ့လေသည်။

မေတ္တာနှင့် ဖြဟ္မစိုရ်ရဲ ကျင့်စဉ်သည် လူမျိုးဘာသာမရွေး၊ လေးစားကြည်ညိုသော ကျင့်စဉ်ဖြစ်လိမ့်မည်။ (လာဘွယ်ဘာ) ခေါ် လပြည့်ကျော် တစ်ရက်နေ့တိုင်း သီလ၊ ဒါန အမှုကို အထူးပြုကြရမည်ကိုလည်း မှာကြားသွားပါသည်။

ဘိုးပိုက်ဆံသည် သူတပည့်သားမြေးတွေနှင့်အတူ သတ္တဝါအပေါင်းကို မေတ္တာရေစင် သွန်းလောင်းခြင်းအမှုကို နောက်ဆုံးအချိန်ထိ ပြုလုပ်သွားခဲ့ပါသည်။

ထိုနေ့ည ၁၂ နာရီ (သန်းခေါင်ယံ) အချိန်မှာတော့ ဘိုးပိုက်ဆံ ကြိုတင်မှာထားသလို ယောကျ်ားကြီး လေးဦးတို့သည် တစ်ဖက်နှစ်ဦးစီခွဲ၍ပြီး ဘိုးပိုက်ဆံ ဝင်ရောက် လဲလျောင်းနေတဲ့ မြပုခက်ကို လွှဲပေးကြရတယ်လို့ဆိုသည်။

ဘိုးပိုက်ဆံကတော့ မြပုခက်ထဲမှာ 'အသာအယာ လဲလျောင်းရင်း ငြိမ်သက်အေးချမ်းစွာ မေတ္တာပွားများခြင်း အလုပ်ကိုသာ လုပ်နေခဲ့ပါသည်။ အဲဒီအချိန်မှာ စကားမပြောတော့ဘဲ နေလျက် ရှိနေပါသည်။

စိတ်လှုပ်ရှားစရာ ကောင်းတဲ့အချိန်အခါမို့ တပည့်မြေးတွေက စိတ်ဝင်တစားနှင့် ဂရုစိုက်ပြီး လေးယောက်တစ်တွဲ မြပုခက်ကို လွှဲပေးနေကြတဲ့အခါ ဆယ်မိနစ်လောက်ကြာတာနှင့် တဝါးဝါး သန်းပြီး အိပ်ချင်စိတ်တွေ တားမရ ဆီးမရ ဖြစ်လာတယ်လို့ ဆိုပါသည်။ အိပ်ချင်စိတ်ဖြစ်ပေါ်လာသော်လည်း၊ မနည်းမအိပ်ချင်အောင် နေကြသော်လည်း လေးမိနစ်ပြည့်အောင် မလွှဲနိုင်ကြတော့။ ဒီလိုနဲ့ လူပေါင်း (၈၀)လောက် အလှည့်ကျလွှဲပြီးကြရော ရှိရှိသမျှ တစ်ယောက်မကျန် အိပ်ပျော်ကုန်ကြပါလေတော့သည်ဟု ဆိုပါတယ်။

သူတို့အားလုံး အိပ်ပျော်နေရာက လန့်နိုးထဲ့အချိန်က နံနက် ၄ နာရီ အချိန် ကြက်တွေတောင် တွန်နေပါပြီ။ ကပျာကယာထပြီး မြပုခက်ထဲ အပြေးအလွှားကြည့်ကြတဲ့အခါ ဘိုးပိုက်ဆံမရှိတော့ပါဘူး။ လက်မလျှော့ဘဲ ပတ်ဝန်းကျင်အနှံ့ သူတို့ရှာကြသော်လည်း ဘိုးပိုက်ဆံရဲ့ အရိပ်အယောင် အစအနမျှ မတွေ့ကြတော့ပါဘူး။

**ဘိုးပိုက်ဆံ စခန်းသစ်လမ်းသို့ ကြွလှမ်းတော်မူ**

မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ် အသက် (၅၈) နှစ်မှာ စခန်းသစ်ဆီသို့ အောင်မြင်စွာ ထွက်ခွာကြွလှမ်းသွားလေတော့သည်။ ထိုအချိန်မှာတော့ တပည့်သားမြေးအပေါင်းတို့သည်လည်း အားလုံးတိုင်ပင်ထားကြသလို အားပါးတရ ငိုပွဲကြီးဆင်နွှဲလို့ ဘိုးပိုက်ဆံကို နောက်ဆုံး ဦးညွှတ်ကန်တော့ကြရလေတော့သည်။

❒ **ကျော်ဇောဟိန်း(ရှု.သာ)**





www.burmeseclassic.com

www.burmeseclassic.com



# ဆရာတော်ကြီးများ၏ ဓမ္မလက်ဆောင်

## ကျိုက်လတ်သန်းထိုက်

## (၄၉)

မိမိတို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုလုပ်ကြသောအခါ ဘုရားအလောင်း အကိတ္တိ ပညာရှိရသေ့၏ ဆုတောင်းအတိုင်း "ဤသည့်ပုည ကုသလကြောင့် လောဘ၊ ဒေါသ၊ မောဟကင်းကွာ သံသရာဝယ် ကျင်ပါရဘိ ပညာရှိနှင့် ယှဉ်မိပေါင်းသင်း ဉာဏ်မှဲ့ကင်း၍ ပြည့်လင်းလျှံဖွယ် လျှံစဉ်ဝယ်လည်း သုံးသွယ်စေတနာ ဖြောင့်ညီညာသည် ခေမာအထွတ်တိုင်လိုသော်"

ဤအတိုင်းဆုတောင်းဖို့ မမေ့ကြပါလင့်။

- ကောင်းစေတနာ၊ ရှေးရှုလာ၊
- စေတနာဆိုး၊ စေ့ဆော်နှိုး၊ အဆိုးတွေပြုမိ။
- ပြုမိသောကံ၊ ပဲ့တင်သံ၊ တုံ့ပြန်ရောက်လာ၏။
- ကောင်းတာပြုနေ၊ ကောင်းကျိုးတွေ၊ ဖြိုးဝေမှန်ရရှိ။
- ဆိုးတာပြုပြား၊ဆိုးကျိုးများ၊ ဖြစ်ပွားပေါ်လာ၏။
- ကောင်းပြုကောင်းစံ၊ ဆိုးပြုခံ၊ ကေန်မြဲလှ၏။ ။

**တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ**

❋ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့။

❋ မိမိတို့မှာ ရှေးကုသိုလ်ထောက်မ၍ လူ့အဖြစ်ကို ရရှိကြပြီးလျှင် ဘုရားသာသနာ ပွင့်လင်းရာအခါ ဖြစ်သည့်၊ ဗုဒ္ဓုပ္ပာဒ နဝမ အခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရလေပြီ။

❋ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို" ဆိုသကဲ့သို့ သာသနာတော်၏ အရိပ်ကြီးကား သစ်ရိပ်ဝါးရိပ်တို့ထက် အဆများစွာ မနှိုင်းသာအောင် သာယာအေးမြလှပါသည်။

❋ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ၏ ခိုကိုးရာ အေးရိပ်သာကြီးဖြစ်သည့်အတိုင်း ထိုသာသနာအရိပ် ကြီးပွားအောင် ကိုယ်အား၊ ဉာဏ်အား၊ အကြံအားတို့ဖြင့် အားပေးရွက်ဆောင်ကြ။ မိမိ၊ သူတစ်ပါး နှစ်ဦးသား၏ အစီးအပွားကို ကျင့်သည့် ဉဘယဟိတပဋိပန္န ပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်လော့ဟူ၍ တိုက်တွန်းနှိုးဆော် ဥယျောဇဉ်စကား ပြောကြားအပ်ပါသည် ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့။

❋ မြတ်စွာဘုရား၊ ဟောဖော်ကြားသည့်၊ တရားတော်ယာဉ်၊ ဒေသနာစဉ်ဟု၊ ဘောဇဉ်မြိုက်ခဲ၊ မမွပဲ့လျှင်၊ လက်ထဲပုံသော၊ ဆိုက်ရောက်နေလျက်၊ ရှောင်သွေနှလုံး၊ ကိုယ်မသုံးသော်၊ အရှုံးကိုယ့်ပြင်၊ ရှိချိမ့်လော။

❋ အို ‚ ဗုဒ္ဓဘာသာ၊ ကလျာဏနွယ်ဝင်၊ သူတော်စင်အပေါင်းတို့ . . .

**မဟာစည်ဆရာတော်ဘုရားကြီး**

❋ အရေးကြီးတာက မြတ်စွာဘုရား သာသနာတော်မှာနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ကိုယ်တတ်နိုင်သမျှပေါ့လေ ဘုရားအဆုံးအမတွေကို ဆုံးမတော်မူတဲ့အတိုင်း ကောင်းကောင်း မှန်မှန်ကျင့်ဖို့နှင့် သူများတွေကိုလည်း အကူအညီပေးတန်ပေး လုပ်ရတယ်။ ဆောင်ရွက်သင့်တာတွေကိုလည်း ဆောင်ရွက်ရတယ်။ ပေါ့ပေါ့ဆဆ မနေရဘူး။

❋ မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာကြရမည်။

❋ အကုသိုလ်များ၊ ရှောင်ရှားပယ်လေ၊ ကုသိုလ်တရား ပွားများစုံလေ၊ မိမိစိတ်ဓာတ်၊ ဆွတ်ဆွတ်ဖြူစေ၊ ဤသုံးပါးဘုရားဆုံးမပေ။

❋ အပါယ်ဘေးငြိမ်းခွင့် ဉာဏ်အဆင့် အသင့်ရောက်ပါစေ။ ထိုဉာဏ်ဖြင့်လည်း မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

❋ ရာဂ၊ ဒေါသ၊ မောဟတစ်ဖြာဖြစ်၊ အို၊ သေရေး ပူဆွေးငိုတာ၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်၊ ဒုက္ခ ပူရပြင်းစွာ၊ ကိုယ်တွင်းမီး၊ ထိန်ညီးဆယ့်တစ်ဖြာ။

မြင်ကြားသိတိုင်း၊ မဆိုင်းမှတ်ပါ၊ ရုပ်၊ နာမ်မမြဲ၊ ဆင်းရဲချည်းသာ၊ ပါ ကောင်းလည်းပျောက်၊ မျက်မှောက်မြင်ကာ၊ ဆယ့်တစ်မီး၊ လွတ်ငြိမ်းစေရာ။

❋ သံသရာ ဝဋ်ဆင်းရဲဆိုတာ ဘာ တွေလဲဆိုရင် ယခုလူတွေ "မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ" နေတာတွေပါပဲ။

**တိပိဋကဓရ ယောဆရာတော်**

❋ လူ့ခန္ဓာမှာ သတိတစ်လုံး ကျန် နေသေးရင် ရုပ်ခန္ဓာ ဘယ်လောက်ပဲ ဖောက်ပြန် ဖောက်ပြန် ကုသိုလ်ရ အောင်သုံးလို့ ဖြစ်နိုင်ပါသေးတယ်။

❋ သတိတစ်လုံး ပျောက်ရင်တော့ ဘာတွေပဲကောင်းကောင်း ခန္ဓာအသုံး မတည့်တော့ပါဘူး။

❋ ဘဝမှာ "လောဘလူသား" နဲ့ "ဓမ္မလူသား"ရယ်လို့ လူ့အဖြစ်က နှစ်မျိုး ရှိပါတယ်။

❋ လောဘနောက်လိုက်ပြီး "အရှိ" ကို အားကိုးကြသူတွေက လောဘ လူ သားတွေပါ။

❋ ဓမ္မနောက်လိုက်ပြီး "အသိ"ကို အားကိုးမှ ဓမ္မလူသားရယ်လို့ ခေါ်ဆို နိုင်တာပါ။

❋ ဘဝမှာ "အရှိတရား"တွေ ထက် "အသိတရား"က ပိုပြီးတည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်မှုကို ပေးစွမ်းနိုင်တာ ပါ။

❋ အသိတရား ကင်းတဲ့အခါ လူ့ မန လူ့ချမ်းသာဆိုတာ မရှိတော့ စိတ်ပူ၊ ရှိလာတော့ စိတ်မအေး ဖြစ်ရသလို လူ့ ဆန္ဒ လူ့လိုအင်တွေဟာလည်း မရတော့ စိတ်ဆင်းရဲပြီး ရလာတော့ စိတ်မချမ်း မသာ ဖြစ်တတ်ပါတယ်။

❋ "ဘဝ"ဆိုတာ ရှိတိုင်း ချမ်းသာ တာမှ မဟုတ်ဘဲ၊ လူ့ချမ်းသာရဲ့ အနှစ် သာရဆိုတာ အသိပဲ။

❋ တရားအသိ မရှိရင် ချမ်းသာဖို့ ရည်ရွယ်ပြီး ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေဟာ စိတ်နဲ့ခလုတ်တိုက်မိပြီး အမြဲတမ်းလိုလို မျက်ရည်ကျရတတ်ပါ တယ်။

❋ လူ့ဘဝ ချမ်းသာဆိုတာ အရှိ တစ်ခုတည်းနဲ့ မပြည့်စုံနိုင်ပါဘူး။ လူ့ ဘဝရဲ့ အဖိုးတန်ဆုံးရတနာဟာ "အသိ တရား" ဖြစ်ပါတယ်။ "အရှိတရား"တွေ မဟုတ်ပါဘူး။

❋ အများအားဖြင့် လူတွေဟာ မအားဘူးဆိုတာထက် ရနေတဲ့အချိန်ကို မသုံးတတ်ဘူး ဆိုတာက ပိုပြီးမှန်ပါ တယ်။

❋ လူ့ခန္ဓာမှာ "သတိ" တစ်လုံးကျန် နေသေးရင် ရုပ်ခန္ဓာဘယ်လောက်ပဲ ဖောက်ပြန်ဖောက်ပြန် ကုသိုလ်ရအောင် သုံးလို့ ဖြစ်နိုင်ပါသေးတယ်။

❋ သတိတစ်လုံး ပျောက်ရင်တော့ ဘာတွေပဲကောင်းကောင်း ခန္ဓာအသုံး မတည့်တော့ပါဘူး။

❋ "မေတ္တာတရား"သည် လောက ၏ အကြီးမားဆုံး ဆွဲအား၊ "ဒေါသ တရား"သည် လောက၏ အကြီးမားဆုံး ခွဲအား။

**ဝေဘူဆရာတော်**

❋ သူများ နေရာမကျတာကို လျှောက်မပြောနဲ့။ ကိုယ်နေရာကျတာ၊ မကျတာကို သိရင်တော်ပြီ။

**အရှင်ဇနကာဘိဝံသ**

❋ ကိုယ့်စိတ်ကိုယ် ချမ်းသာအောင် မထားတတ်သေးဘူးဆိုရင် မိမိမှာ ဘာ ပညာမှ မတတ်သေးဘူးလို့ မှတ်ပါ။

❋ ကုသိုလ်ရေးဆိုတာ သူများပြော မှ လုပ်ရတယ်ဆိုရင် အရသာ မရှိပါဘူး။

❋ ကိုယ့်အသိ၊ ကိုယ့်စေတနာနဲ့ လုပ်တာ အကောင်းဆုံးပဲ။

❋ ဘုရားရှင်ကို ကျေးဇူးဆပ်ကြရ မယ်။

❋ ဘာနဲ့ ကျေးဇူးဆပ်မတုန်း ဆို တော့ ဘုရားစကားတော်အတိုင်း လိုက် နာ ကျင့်ကြံ နေထိုင်ဖို့ပါပဲ။

**ရွှေဥမင်တောရဆရာတော်**

❋ ဘုရားကို အပြင်မှာသာ တည် ထား ကိုးကွယ်နေကြတယ်။ မိမိရင် နှလုံးအိမ်ထဲမှာ ဘုရားတည်ကြဖို့ အဓိကပါ။

**မန်လည်ဆရာတော်**

❋ ဂါသာတတ်သိ၊ ပညာရှိဟု၊ တစ်ဆူ၊ ပဏ္ဍိတ်ဟူငြား၊ ဤစကားတ ဘုရားဟောမြွက်၊ ဘယ်ကျမ်းထွ နည်း။

**သခြေကြက်ဆရာတော်**

❋ သူတစ်ပါးအကျိုးကို မဆောင် သူ့အဖို့ ကိုယ်ကျိုးဆိုတာ မရှိဘူး။

❋ မိမိကိုယ်ကိုယ်ချစ်တဲ့ပုဂ္ဂိုလ်တိုင်း ကောင်းတဲ့အမှုကို ပြုကြတာချည်းပဲ။

❋ အချို့က "ဒါန"သည် သံသရာ ရှည်စေတတ်သော တရားဟု ကြောက် လန့်ဖွယ်အဖြစ် ပြောဆိုကြ၏။

❋ အမှန်တွင် "တဏှာ"သည်သာ သံသရာရှည်ကြောင်း တရားဖြစ်၏။

**ဆားတောင်ဆရာတော်**

❋ တရားအားထုတ်တဲ့အခါ
"ဝေဒနာ"ကို မကြောက်နဲ့။

❋ ကြောက်ရင်လွဲ
ရဲရင် မင်းဖြစ်ဆိုတာ
ဒီနေရာမှာသုံးတာ။

**ဘုရားကြီးဆရာတော်**

❋ သိရဲ့မကျင့်၊
မဖြစ်ပါစေနှင့်။

**မစိုးရိမ်ဆရာတော်**

❋ လောကမှာ ကိုယ်နှင့်ဆန့်ကျင် ဘက် ရန်သူတစ်ယောက် ရှိနေခြင်း သည် အဆင်းရဲဆုံးပဲ။

**ဆရာတော်ဦးဇောတိက**

❋ သိပြီးပေမယ့် မကျင့်နိုင်သေးရင် မသိသေးတာနဲ့ အတူတူပဲ။





www.burmeseclassic.com

www.burmeseclassic.com

* သူများ ပါးစပ်လှုပ်တိုင်း ကိုယ့်စိတ်က လှုပ်ရှားရမယ်ဆိုရင် ကိုယ့်ဘဝဟာ သူများပါးစပ်ဖျားမှာ လမ်းဆုံးသွားမယ်။

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

* ပယ်သင့်တဲ့တရားကို
ပယ်နိုင်တာ၊ မပယ်နိုင်တာ
အသာထား။

* ကျင့်သင့်တဲ့တရားကို
ကျင့်နိုင်တာ၊ မကျင့်နိုင်တာ
အသာထား။

* "ဒါကတော့
ပယ်သင့်တဲ့တရားပဲ၊
ဒါကတော့၊
ကျင့်သင့်တဲ့တရားပဲ" လို့
အရှိကိုအရှိအတိုင်း
အမှန်ကိုအမှန်အတိုင်း
သိထားဖို့က
အရေးကြီးပါတယ်။

* အသိမှန်မှ၊ အကျင့်မှန်နိုင်ပြီး
အကျင့်မှန်မှလည်း၊
အသိမှန်နိုင်ပါတယ်။

* သတ္တဝါတွေ သေဆုံးသွားပြီးရင် မပြီးသေးပါဘူး။

* မိမိတို့ပြုခဲ့တဲ့
ကောင်းကံ၊ ဆိုးကံ
အားလျော်စွာ
သံသရာခရီးဆက်ကြရပါတယ်။

**အရှင်ဥာဏိဿရ (သီတဂူဆရာတော်)**

* ဗုဒ္ဓရဲ့ ဗောဓိဉာဏ်ကို မယုံကြည်ဘဲ ဗုဒ္ဓရဲ့တရားကို ကျင့်နေမယ်ဆိုရင် ထိုပုဂ္ဂိုလ်အတွက် အဓိပ္ပာယ်မရှိဘူး။

**အရှင်ကိတ္တိသာရ**

* ဇာတိရရင် သေရမှာ အမှန်သိလျက်နဲ့ ဇာတိတစ်ဖန်ပြန်ရဖို့ ကြိုးစားခြင်းသည် သေဆေးဖော်စားနေကြခြင်းဖြစ်သည်။

* ဓမ္မကိုမြင်ရင် ပုဂ္ဂိုလ် ရှာမတွေ့နိုင်တော့ဘူး။

* ပုဂ္ဂိုလ်ကိုမြင်ရင်လည်း ဓမ္မကို ရှာမတွေ့နိုင်တော့ဘူး။

**အရှင်ရေဝတ**

* ဗုဒ္ဓဝါဒသည် ယုံကြည်မှုထက် "သိမှု" နှင့် "ရှုမြင်မှု" ကိုသာ အဓိကထားသည်။

**အရှင်ဇနကာဘိဝံသ (ပဉ္စမာရုံဆရာတော်)**

* ကြီးပွား တိုးတက်ခြင်းတို့တွင် "အသိပညာ"တိုးတက်မှုကို တန်ဖိုးအရှိဆုံးဟု ဗုဒ္ဓ မိန့်တော်မူသည်။

**ဓမ္မဒူတဆရာတော်ကြီး**

* မနှစ်က "ငါ"
ဒီနှစ် "ငါ"
ဘယ် "ငါ" တော်သနည်း။

**ဘဒ္ဒန္တ ဝိမလ (ရွှေဟင်္သာဆရာတော်)**

* ငါ့ ကိုယ်ဟာ
ငါ့ မိတ်ဆွေလား
ငါ့ ရန်သူလား
ဟု အမြဲသတိထားကြည့်ပါ။

* ငါ့ အလိုသို့
တစ်ဖက်သတ်လိုက်သူမှာ
ငါ့ မိတ်ဆွေ မဟုတ်။

**ဟပ်ကူနမ်းမင်းကျောင်းပရဟိတဆရာတော်**

* လက်ရှိ ပစ္စုပ္ပန် ကာလမှာ ကောင်းသော မျိုးစေ့ကို ချနိုင်လျှင် အနာဂတ်ကာလမှာ ကောင်းသော အပင်တွေ ပေါက်လာမှာပါ။

**ရေစကြို ရှင်သေဓိက**

* "စိတ်"၏ လွတ်မြောက်မှုသည်
"ဘဝ" ထဲ၌မရှိ။

* "ဘဝ"၏ လွတ်မြောက်မှုသည်
"စိတ်" ထဲ၌ရှိ၏။

**သတ္တမကျော်အောင်စံထားဆရာတော်**

* ငါ၌ တရား ရှိ-မရှိ၊
* ငါသိတာ မှန်-မမှန်၊
* ငါကြံတာ ဟုတ်-မဟုတ်၊
* ငါလုပ်တာ လျော်-မလျော်၊
* ငါသူတော် ကောင်း-မကောင်း၊
* အကြောင်းနှင့်တကွ
နေ့စဉ် စိစစ်ပါ။

**စွန်းလွန်းဆရာတော်ကြီး**

* အတိတ်ကိုလည်း မပြန်နဲ့၊
အနာဂတ်ကိုလည်း မကြံနဲ့၊
မစ္စုပ္ပန်ကိုတည့်တည့်ထား၊

* အတိတ်ပြန်တော့၊
ဒေါသဖြစ်တယ်။

* အနာဂတ်ကြံတော့၊
လောဘဖြစ်တယ်။

* ဒါကြောင့် ပစ္စုပ္ပန်ကာလသည်သာ၊ အရေးကြီးတာ။

* ဝိပဿနာ လုပ်တဲ့အခါမှာလည်း ပစ္စုပ္ပန်ရောက်တဲ့ အချိန်သာ ရောင့်ရဲ တင်းတိမ်မယ်ဆိုရင် အမှန်ချမ်းသာတယ်။

**ဆရာတော်အရှင်သေဋ္ဌိလ**

* ဒါနဝါသနာ ပါသူနှင့်မပါသူတို့ရဲ့ စိတ်နေသဘောထား လွန်စွာကွာခြားကြောင်း ဆက်ဆံကြည့်ရင် သိနိုင်တယ်။

* လူ့ဘဝသည် ချမ်းသာအမျိုးမျိုးကိုပေးနိုင်သော ပဒေသာပင်ကြီး ဖြစ်သဖြင့် လူ့ဘဝတန်ဖိုးကို မည်သူမျှ အကဲမဖြတ်နိုင်။

* လောဘတွေ၊ မလိုမုန်းထားမှုတွေ၊ မသိနားမလည်မှုတွေရှိလို့ ပုထုဇဉ်လို့ ခေါ်ခြင်းဖြစ်တယ်။


(သစ္စာတရား၊ စဉ်ရှုပွား၊
ရဲကြားဇကန် မြတ်နိဗ္ဗာန်)

❒ ကျိုက်လတ်သန်းထိုက်
(LL,B)



www.burmeseclassic.com

www.burmeseclassic.com



# သေနည်းသင်တန်း

## မူရင်း - ဓမ္မဒူတ အရှင်ကောသလ္လ

လူဆိုတာ သေမျိုးပဲ၊ သေတဲ့အမျိုးမကင်းတဲ့သူတွေချည်းပဲ။ အိုတတ်၊ နာတတ်၊ သေတတ်တဲ့ မိဘမျိုးရိုးက ဆင်းသက်လာခဲ့ကြတဲ့ လူသားတွေပါ။ အိုတတ်၊ နာတတ်၊ သေတတ်တဲ့ မိဘက ပေါက်ဖွားလာတော့ အိုသွေး၊ နာသွေး၊ သေသွေးတွေ သူသူ ငါငါ ပါလာကြတာပေါ့။

* အိုသူကမွေး အိုသွေးပါလာ၊
အိုမှာပဲ မလွဲမှတ်လိုက်ပါ။

* နာသူကမွေး နာသွေးပါလာ၊
နာမှာပဲ မလွဲမှတ်လိုက်ပါ။

* သေသူကမွေး သေသွေးပါလာ၊
သေမှာပဲ မလွဲမှတ်လိုက်ပါ။

သေခြင်းကို မလွန်ဆန်နိုင်တဲ့ လူမျိုးတွေပါ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး သေနေကြတာပဲ။

သုသာန်သင်္ချိုင်းတွေမှာ လူမျိုးစုံ၊ ဘာသာစုံ၊ အဆင့်အတန်းစုံ သေနေကြ၊ မြေမြှုပ်သင်္ဂြိုဟ်နေကြ၊ မီးရှို့သင်္ဂြိုဟ်နေကြတာဟာ ၃၁ ဘုံလုံး သေနေကြတာပဲ မဟုတ်လား။

"သုံးဆယ့်တစ်ရွာ သတ္တဝါတို့ ခန္ဓာဟုဆို ရှိတိုင်းကိုယ်လည်း အိုတရွေ့ရွေ့ နောက်ဆုံးနေ့၌ စုတေမမြဲ ပြိုကွဲအားလုံး သေခြင်းဆုံး၏" လို့ မဃဒေဝလင်္ကာမှာ ဆိုထားပါတယ်။

နွားကျောင်းသားဟာ ကြိမ်နှင်တံဖျာဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သွားသလို အချိန်ကာလဆိုတဲ့ ကြိမ်နှင်တံက သူသူငါငါ သတ္တဝါတို့ကို သေခြင်းသို့ မောင်းနှင်သွားနေတာပဲလို့ မြတ်စွာဘုရားက ဓမ္မပဒမှာ ဟောထားပါတယ်။ သေဆုံးသွားရတဲ့သူဟာ မိမိရဲ့ စည်းစိမ်ဥစ္စာ မိသားစုတွေကိုစွန့်ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်သာ မီးတိုက်ခံရတယ်။

အမွေခံ သားသမီး၊ ဆွေမျိုးဉာတိတို့က ထိုသေသူရဲ့ ဥစ္စာပစ္စည်းတွေကို သိမ်းဆည်းယူဆောင်သွားကြတယ်။

သေသောသူကား ကံအားလျော်စွာသာလျှင် ထိုထိုဘဝဂတိသို့ လားရောက်ရတယ်။

သားသမီး၊ ဇနီးမယား၊ ဥစ္စာပစ္စည်း မည်သည့်အရာမျှ သေသူ၏နောက်သို့ မလိုက်ပါကြကုန်။ အကုန် ချန်ထားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

၏။ အသက်ရှင်မှုကို ဥစ္စာကလည်း မပေးနိုင်၊ ရာထူးဂုဏ်သိန်ကလည်း မအိုအောင်၊ မနာအောင်၊ မသေအောင် မလုပ်ပေးနိုင်ပါ။

ကြွယ်ဝသူသည်လည်းကောင်း၊ ဆင်းရဲသူသည်လည်းကောင်း သေခြင်းကို တွေ့ကြုံရကုန်၏။ ထို့အတူ သူမိုက်သည်လည်းကောင်း၊ ပညာရှိသည် လည်းကောင်း သေခြင်းကို တွေ့ကြုံရကုန်၏။

သူမိုက်သည်ကား တုန်လှုပ်ချောက်ချားကာ သေရာညောင်စောင်း၌ လျောင်းအိပ်ရ၏။ ပညာရှိသည် သေခြင်းနှင့်တွေ့ရသော်လည်း မတုန်လှုပ်။

ထို့ကြောင့် ပညာသည်သာ (ဝါ) သေခြင်းကို ရင်ဆိုင်ရဲသော သေနည်းပညာသည်သာ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ထက် မြတ်၏။

သစ်သီးကြီးငယ်တို့သည် ကြွေကျရကုန်သကဲ့သို့ လူကြီး၊ လူငယ်၊ လူလတ် အရွယ်သုံးပါးလုံး သေကြရကုန်၏။

"အရွယ် သုံးရွယ် မရွေးချယ်၊ သေမင်း ခေါ်တတ်တယ်၊ သေမင်းခေါ်လျှင် လိုက်ဖို့ပြင် ကြိုတင်ထုပ်ထားကွယ်"

ဆိုသည့်အတိုင်း သေနည်းသင်တန်းကို တက်ရောက်ဖို့ မည်သူမဆို လိုအပ်နေပါတယ်။

သေခြင်းကို ကြောက်ရွံ့နေလို့ ပြီးသွားတာမှ မဟုတ်ဘဲ၊ ရှောင်ပုန်းနေလို့လည်း မရတဲ့အတူတူ ရဲရဲရင်ဆိုင်ဖို့ပဲ လိုပါတယ်။

သေခြင်းကို အမှန်အတိုင်း အဖန်ဖန် အထပ်ထပ် ဆင်ခြင်နေဖို့ လိုပါတယ်။ အဲဒီလို သေခြင်းကို အဖန်ဖန် အထပ်ထပ် နှလုံးသွင်းနေခြင်းဟာ ကိုယ့်ကိုယ်ကိုယ် "သေရဲဖို့" "သတ္တိ" မွေးနေတာလို့ မှတ်ပါ။

ဒါကြောင့် သေခြင်းတရားကို အမှန်အတိုင်း ရဲရဲကြည့်ပေးပါလို့ ဆိုချင်ပါတယ်။ ဗုဒ္ဓမြတ်စွာက "မရဏာနုဿတိ" လို့ခေါ်တဲ့ သေခြင်းကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း ပညာ(ဝါ)ဘာဝနာကို မိန့်ကြားခဲ့ပါတယ်။

"ငါသည် သေခြင်းတရားကို မလွန်ဆန်နိုင်၊ ဧကန်မုချ သေရမည်"ဟု စိတ်၌ အဖန်ဖန် နှလုံးသွင်း ဆင်ခြင်ပေးပါ။

* သူသတ်ယောက်ျားသည် မိမိအနီး မားမားမတ်မတ် ရပ်လျက် သတ်တော့မည့်ကဲ့သို့ သေခြင်းကား နီးကပ်နေပါကလား။

* မှိုငုံသည် ထိပ်ဖျား၌ မြေမှုန့်ကို ရွက်ဆောင်၍ မြေကြီးထဲမှ ပေါ်ထွက်လာဘိသကဲ့သို့ ထို့အတူ သူသူငါငါ သတ္တဝါတို့သည် သေခြင်းကို ရွက်ဆောင်၍ မွေးဖွားလာကြကုန်စွတကား။

* အရှေ့အရပ်မှ ထွက်ပေါ်လာသော နေမင်းကြီးသည် အနောက်ဘက်သို့ ရှေးရှုသွားနေသကဲ့သို့ သူသူ ငါငါ သတ္တဝါတို့လည်း မွေးဖွားလာသည်ကစလို့ သေခြင်းသို့ ရှေးရှုသွားနေကြပါတကား။

* ထွက်ပေါ်လာသော နေမင်းသည် အနောက်သို့ မဆုတ်ဘဲ ဝင်ခြင်းသို့ ရှေးရှုသွားနေသကဲ့သို့ သူသူငါငါ အားလုံး သတ္တဝါတွေဟာ မွေးသည်ကစ ပြန်ဆုတ်ခြင်းမရှိ သေခြင်းသို့ ရှေးရှုသွားနေကြရပါတကား။

* တောင်ပေါ်မှ စီးဆင်းလာသောရေသည် နောက်ပြန်ဆုတ်ခြင်း အလျှင်းမရှိဘဲ လျင်မြန်သော အရှိန်အဟုန်ဖြင့် မြက်၊ သစ်ရွက်၊ သစ်ခက် တို့ကို တိုက်စား ယူဆောင်သွားသကဲ့သို့ မွေးဖွားလာပြီးနောက် နောက်ပြန်ဆုတ်ခြင်း အလျှင်းမရှိဘဲ လျင်မြန်စွာ ပြောင်းလဲနေသော အချိန်ကာလ ယန္တရားတို့က သူသူငါငါ သတ္တဝါတို့ကို သေခြင်းသို့ ယူဆောင်သွားပါတကား။

* တလိပ်လိပ်တက်လာတဲ့ မိုးသား တိမ်လိပ်တွေဟာ ပျက်စီး ပျောက်ပျက်ခြင်းသို့ ရှေးရှုနေသကဲ့သို့ သူသူငါငါ သတ္တဝါတို့သည် ပဋိသန္ဓေနေသည်ကစ သေခြင်းသို့ ရှေးရှုနေကြပါတကား။

* တန်ခူး၊ ကဆုန် နေဟုန်ပြင်းတဲ့ နွေကာလမှာ မြစ်ငယ်၊ ချောင်းငယ်၊ အိုင်ငယ်တွေဟာ တဖြည်းဖြည်း ရေတွေ ခန်းခြောက်လာသလို ငါ့မှာလည်း သေခြင်းဟာ နီးကပ်လာပါတကား။

* နံနက်စောစော (သရက်ပင်) သစ်ပင်အောက်တွင် သစ်သီးကြီးငယ်တို့ ကြွေကျနေသလို ငါဟာ မုချ သေရမှာပါတကား။

* အိုးထိန်းသည် ပြုလုပ်အပ်သော ကြီးကြီးငယ်ငယ် အရွယ်အစားစား၊ အစိမ်းအကျက် မြေအိုး မြေခွက်တို့သည် ပျက်စီးခြင်း၊ ကွဲခြင်းသာ အဆုံးရှိသလို ငါ့အဖို့ သေခြင်းသာ အဆုံးရှိပါတကား။

* နေခြည်ကြောက်တဲ့ နှင်းပေါက်တွေဟာ နေထွက်တာနဲ့တစ်ပြိုင်နက် ပျောက်ပျက်ရသလို ငါလည်း မုချ သေရမှာပါတကားဟုလည်း သေခြင်းကို အမြဲမပြတ် နှလုံးသွင်းနေရပါတယ်။

၁။ စည်းစိမ်ဥစ္စာ၊ ခြွေရံသင်းပင်းနှင့်တကွ ဆင်မြင်းဗိုလ်ပါ အလုံးအရင်းကြီးကုန်သော မဟာသမ္မတ၊ မန္ဓာတ်၊ စကြာမင်းတို့သော်မှလည်း သေခြင်းကို မလွန်ဆန်နိုင်၊ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်း။

၂။ ဇောတိက၊ ဇဋိလ သူဌေးတို့သော်မှလည်း သေခြင်းကို မလွန်ဆန်နိုင်။ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်း။

၃။ ခွန်အားကြီးကြကုန်သော လူစွမ်းကောင်းတို့သော်မှလည်း သေခြင်းသို့ မလွန်ဆန်နိုင်။ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com

၄။ တန်ခိုးကြီးသော တန်ခိုးအရာမှာ ဧတဒဂ်ရ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလ္လာန် မထေရ်ကြီးသော်မှလည်း (သားသမင်သည် ခြင်္သေ့၏ခံတွင်းသို့ ဝင်ရသကဲ့သို့) သေမင်း၏ ခံတွင်းဝသို့ ဝင်ရသေး၏။ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

၅။ ပညာဧတဒဂ်ရ ပညာကြီးမားသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာသော်မှလည်း သေမင်းနိုင်ငံသို့ လိုက်ရချေသေး၏။ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

၆။ ကိလေသာရန်သူကို နှိမ်နင်းပြီး ပစ္စေက ဗောဓိဉာဏ်သို့ ရောက်ပြီးသော ပစ္စေကဗုဒ္ဓါတို့သော်မှလည်း သေခြင်းမှ မလွတ်မြောက်နိုင်၊ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

၇။ သယမ္ဘူထွက်ထား၊ တုနှိုင်းမမြင်၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သော်မှလည်း (အယဉ်ဖြိုးဖြိုး ရွှာသွန်းသော မိုးကြီးကြောင့် ကြီးစွာသော မီးဖိုကြီး ငြိမ်းရသကဲ့သို့) ပရိနိဗ္ဗာန်ပြုရသေး၏။ ငါမူကား အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်းဟု သေခြင်းတရားကို မလွန်ဆန်နိုင်ပုံကို အဖန်ဖန် ဆင်ခြင်နှလုံးသွင်းပါ။

"ဤကိုယ်ကာယသည် များစွာသော သေခြင်းတရားနှင့် ဆက်ဆံ၏" ဟု နှလုံးသွင်း ဆင်ခြင်ရမည်။ အဘယ်ကဲ့သို့ နှလုံးသွင်း ဆင်ခြင်ရသနည်း ဟူမူ . . .

* ဤကိုယ်ကောင်သည် ပိုးမျိုးရှစ်ဆယ်တို့၏ မွေးဖွားရာ သားဖွားခန်း မီးနေအိမ်လည်း ဟုတ်၏။
* ဤကိုယ်ကောင်သည် ပိုးမျိုးရှစ်ဆယ်တို့၏ ကျင်ကြီးစွန့်ရာ၊ ကျင်ငယ်စွန့်ရာ အိမ်သာ (ဝါ) ရေအိမ်လည်း ဟုတ်၏။
* ဤကိုယ်ကောင်သည် ပိုးမျိုးရှစ်ဆယ်တို့၏ နာဖျားရာ နားခိုရာ သူနာဇရပ် (ဝါ) ဆေးရုံ ဆေးခန်းလည်း ဟုတ်၏။
* ဤကိုယ်ကောင်သည် ပိုးမျိုးရှစ်ဆယ်တို့၏ သေဆုံးရာ၊ မြှုပ်နှံသင်္ဂြိုဟ်ရာ သုသာန်လည်းဟုတ်၏။
* ဤကိုယ်ကောင်သည် ပိုးမျိုးရှစ်ဆယ်တို့၏ သေဆုံးခြင်းကြောင့်လည်း သေဆုံးရ၏။
* ဤကိုယ်ကောင်သည် ကိုယ်တွင်း၌ဖြစ်သော များစွာသော ရောဂါတို့နှင့်လည်းကောင်း၊ ကိုယ်၏ ပြင်ပ၌ ဖြစ်သော မြွေ၊ ကင်း စသော ဘေးအန္တရာယ်တို့နှင့် လည်းကောင်း၊ အရက်၊ မူးယစ်ဆေးဝါး၊ ကာမဂုဏ် လိုက်စား၊ ကားတိုက်၊ ကားမှောက်၊ ဆိုင်ကယ်တိုက် မှောက်၊ ရေနစ် စသော အန္တရာယ်အမျိုးမျိုးတို့နှင့် လည်းကောင်း အမြဲဆက်ဆံနေ၏။သေခြင်းအန္တရာယ် အမျိုးမျိုးနှင့် ဆက်ဆံနေ၏။

ဥပမာ - လမ်းလေးခွ၌ စိုက်ထောင်ထားအပ်သော မှတ်တိုင်၌ အရပ်လေးမျက်နှာမှလာသော လေး၊ မြား၊ လှံ၊ ခက်ရင်းခွ၊ ကျောက်ခဲ စသည်တို့သည် ထိမှန်ကျရောက်သကဲ့သို့ ဤကိုယ်ကာယသည် သေခြင်း ဘေး အန္တရာယ်-အမျိုးမျိုးတို့ ထိမှန်ကျရောက်ရာ ဖြစ်၏ဟု သေခြင်းနှင့် အမြဲဆက်ဆံနေပုံကို မပြတ်နှလုံးသွင်းအပ်၏။

* ဤကိုယ်ကာယသည် ထွက်သက်၊ ဝင်သက်နှင့် ဆက်စပ်နေ၏။ ဝင်သောလေ မထွက်သော်လည်းကောင်း၊ ထွက်သောလေ မဝင်သော်လည်းကောင်း သေဆုံးနိုင်၏။
* သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုတ်လေးပါး မညီမျှသော် သေဆုံးနိုင်၏။ အစာအာဟာရ မမျှတသော် သေဆုံးနိုင်၏။

ဤသို့ သေလွယ်ခြင်းအကြောင်းတို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရမည်။

* **အသက်သည် ဤမျှသာ ရှည်သင့်သည်၊ ဤမှတစ်ပါး မရှည်သင့်ဟု သတ်မှတ်ပိုင်းခြားခြင်း မရှိ။**
* **သတ္တဝါတို့သည် ကလလရေကြည် တည်ရာ၌လည်း** သေနိုင်၏။
* အမြှုပ်ဖြစ်ရာ၊ သားတစ်ဖြစ်ရာ၊ အခဲဖြစ်ရာ၊ တစ်လ ရှိသောအခါ၊ နှစ်လ၊ သုံးလ စသည်ရှိသောအခါ အမိဝမ်းတွင်း၌လည်း သေနိုင်၏။
* ကိုးလ၊ ဆယ်လ အမိဝမ်းမှ ကျွတ်သောအခါ၌လည်း သေနိုင်၏။
* တစ်နှစ်အတွင်း သေနိုင်၏။ နှစ်တစ်ရာအတွင်း မည်သည့် အသက်အရွယ်မဆို သေနိုင်၏။
* အသက်မည်မျှ ရှည်ကြာစွာ နေရမည်ကို သေချာကျန မသိနိုင်ပါတကား။

၁။ ဆောင်ပုဒ်

**"ဤရွေ့ ဤမျှ သက်ရှည်ရ မုချ မသိပါတကား"**

ငါ၏ ဤကိုယ်ခန္ဓာသည် ၉၆ ပါးရောဂါတို့၏တည်ရာ၊ ရောဂါမျိုးစုံ သိုလှောင်ထားရာနေရာ၊ ရောဂါတို့ ဖြစ်ပွားရာနေရာ၊ ရောဂါကောင်ကြီး၊ အနာကောင်ကြီး ဖြစ်သည့်အလျောက် မည်သည့်ရောဂါဖြင့် သေရမည်ကို မသိရသေးပါတကား။

၂။ ဆောင်ပုဒ်

**"မည်သည့်ရောဂါ နှိပ်စက်ကာ သေမှာ မသိပါတကား"**

ငါသည် ဘယ်အချိန်ကာလ သေရမည်ကို သေမင်းနှင့် ချိန်းချက်ထားခြင်း မရှိ၊ နံနက် နေ့ ည ဘယ်အချိန်ကာလ သေရမည်ကို ဧကန်မုချ မသိသေးပါတကား။



www.burmeseclassic.com

www.burmeseclassic.com

၃။ ဆောင်ပုဒ်

**"နံနက် နေ့ ည ဘယ်ကာလ သေရ မသိပါတကား"**

ငါသည် သွားရင်း၊ လာရင်း၊ လုပ်ရှားရှုန်းကန် စားဝတ်နေရေးအတွက် ရှာဖွေရင်း၊ မြို့ထဲ မြို့ပြင်၊ ရွာထဲ ရွာပြင်၊ ကုန်း ရေ လေ ဘယ်လိုခရီးလမ်းမှာ သေရမည်။ ဘယ်ဆေးရုံ၊ ဘယ်ဆေးခန်းမှာ သေရမည်၊ ဘယ်သုသာန်သင်္ချိုင်းမှာ မြှုပ်နှံသဂြိုဟ်ရမည် မသိသေးပါတကား။

၄။ ဆောင်ပုဒ်

**"မည်သည့်ဌာန သေမည်ပ မုချမသိပါတကား"**

ငါသည် သေပြီးသည့်နောက် ဘယ်သို့သော လားရာဘဝဂတိသို့ သွားရောက်ရမည်ကို မသိသေးပါတကား။

၅။ ဆောင်ပုဒ်

**"သေပြီးနောက်မှ ဘယ်ဘဝ ရောက်ရ မသိပါတကား"**

သို့သော် သေရမည်ဆိုတာက သေချာသည်။ ငါသည် ကေန်မုချ သေရမည်ဟု အဖန်ဖန် အောက်မေ့ဆင်ခြင်ပါလေ။

* **"လူတို့၏ အသက်သည် အလွန်တိုတောင်း၏"**

ငါသည် တစ်ရက်မျှ အသက်ရှင်ရသော် ကောင်းလေစွ။ မြတ်စွာဘုရား၏ အဆုံးအမကို နှလုံးသွင်းခွင့် ရရာ၏။ မိမိအကျိုး၊ လောကအကျိုးကို ပြုခွင့်ရရာ၏။

ငါသည် ထမင်းတစ်နပ် စားချိန်မျှ အသက်ရှင်ရသော် ကောင်းလေစွ။

* ငါသည် ထမင်း လေးငါးလုတ်ခန့် စားချိန်မျှ အသက်ရှင်ရသော် ကောင်းလေစွ။ ငါသည် ထမင်းတစ်လုတ် စားချိန်မျှ အသက်ရှင်ရသော် ကောင်းလေစွ။ ငါသည် ထွက်သက်၊ ဝင်သက်၊ တစ်ရှူ တစ်ရှိုက်မျှ အသက်ရှင်ရသော် ကောင်းလေစွ။ မြတ်စွာဘုရား၏ အဆုံးအမကို နှလုံးသွင်းခွင့် ရရာ၏။ မိမိအကျိုး၊ လောကကောင်းကျိုး ပြုခွင့်ရရာ၏ဟု အချိန်ကာလ အပိုင်းအခြားဖြင့်လည်း သေခြင်းကို အဖန်ဖန် အောက်မေ့ ဆင်ခြင်ရာ၏။

* သတ္တဝါတို့၏ ပရမတ္ထအားဖြင့် အသက်ရှင်သော ခဏသည် အလွန်တိုတောင်း၏။ စိတ်တစ်ခု၏ ဖြစ်တည်ပျက်ခြင်းမျှသာ အသက်ရှည်၏။ ဥပမာ - ရထားဘီးသည် လိမ့်သော်လည်းကောင်း၊ ဘီး၏ အစိတ်အပိုင်း အနည်းငယ်ဖြင့်သာ မြေဖြင့်ထိ၍ လိမ့်၏။ ရပ်သော်လည်းကောင်း၊ ဘီး၏အစိတ်အပိုင်း အနည်းငယ်ဖြင့်သာ မြေဖြင့်ထိ၍ ရပ်၏။

ဤအတူ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် တစ်ခုသော စိတ္တက္ခဏ ကာလမျှသာ ရှည်ကြ၏။ ထိုစိတ်ချုပ်သော် သတ္တဝါသေဆုံး ချုပ်ပျောက်ရ၏။ ဤသို့ အတိတ်ဖြစ်သော စိတ္တက္ခဏ၌ အသက်ရှင်ဖူးပြီ။ အသက် ရှင်ဆဲမဟုတ်။ အသက်ရှင်လတ္တံ့ မဟုတ်။ အတိတ်က ဖြစ်ချုပ်ပြီးသော စိတ်သည် အပြီးတိုင် ချုပ်ပျက်သွားလေပြီ။ ဘယ်သောအခါမှ ပြန်ပေါ်လာမည် မဟုတ်တော့ပါ။

"တီးခတ်နေသော စောင်းသံသည် ရှေးဦးစွာ တီးခတ်စဉ် ဖြစ်ပေါ်လာခဲ့သော အသံသည် ဖြစ်ချုပ်သွားခဲ့ပြီ။ ထိုအတိတ်က ဖြစ်ချုပ်ပြီးခဲ့သော စောင်းသံသည် ဘယ်သောအခါမှ ပြန်ပေါ်မလာတော့ပြီ"

အနာဂတ်ဖြစ်သော စိတ္တက္ခဏ၌ အသက်ရှင်ဖူးပြီ မဟုတ်၊ အသက်ရှင်ဆဲလည်း မဟုတ်၊ အသက်ရှင်လတ္တံ့။

ပစ္စုပ္ပန်ဖြစ်သော စိတ္တက္ခဏ၌ အသက်ရှင်ဖူးပြီ မဟုတ်၊ အသက်ရှင်ဆဲ၊ အသက်ရှင်လတ္တံ့ မဟုတ်။

အမှန်စင်စစ် သူသူငါငါ အသက်ရှင်နေခြင်းဟာ ပစ္စုပ္ပန် စိတ္တက္ခဏဖြင့်သာ အသက်ရှင်နေတာပါ။

အတိတ်ဆိုတာလည်း ချုပ်ပျက်ကုန်ဆုံးသွားပြီ။ အနာဂတ်ဆိုတာလည်း ဖြစ်မလာသေး၊ ရောက်မလာသေးပါ။ ဒါကြောင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန် စိတ္တက္ခဏနဲ့သာ အသက်ရှင်နေတာပါ။

ရထားဘီးသည် သွားသောအခါ၊ ရပ်သောအခါ ဘီး၏ အစိတ်အပိုင်း အနည်းငယ်ဖြင့်သာ သွားရ ရပ်ရသလို သူသူငါငါ သတ္တဝါတို့သည်လည်း စိတ္တက္ခဏ (ပစ္စုပ္ပန်စိတ္တက္ခဏ) ဖြင့်သာ အသက်ရှင်နေတာပါ။

ဒါကြောင့် အသက်ဆိုတာ တိုတိုလေးပါလို့ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရပါမည်။

ဤသို့ သေခြင်းတရားကို အမှန်အတိုင်း ရှုမြင်ဆင်ခြင်နေလေ့ရှိသော ပုဂ္ဂိုလ်အား အကျိုးထူးများ ရရှိနိုင်ပါသည်။

၁။ အလုံးစုံသော ဘဝ၊ ဂတိတို့၌ မမွေ့လျော်ခြင်း အမှတ်သညာကို ရ၏။
(ဖြစ်လေရာဘဝတိုင်း၊ ဖြစ်လေရာ ဘဝတိုင်း သေရမည်မှန်သောကြောင့် အလုံးစုံသော ဘဝ၊ ဂတိတို့၌ မမွေ့လျော်ခြင်း အမှတ်သညာကို ရ၏။)

၂။ အသက်၌ ကပ်ငြိတွယ်တာခြင်း တဏှာကို ပယ်စွန့်နိုင်၏။
(လက်ရှိခန္ဓာသည် သေမင်းထံ ပြန်အပ်ရမည့် အငှားခန္ဓာမှန်သောကြောင့် အသက်၌ ကပ်ငြိတွယ်တာခြင်း တဏှာကို ပယ်စွန့်နိုင်၏။)

၃။ မကောင်းမှုကို စက်ဆုပ်ပြီး မကောင်းမှုကို မပြု။
(ခန္ဓာကိုယ်သည် ကိုယ်ပိုင် မဟုတ်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံသည်သာ ကိုယ်ပိုင်ဥစ္စာအဖြစ် ကိုယ့်နောက်မှ အရိပ်သဖွယ်လိုက်၍ အကျိုးပေးမည်ဖြစ်၍ ကုသိုလ်ကံက ကောင်းကျိုးပေးမည်၊ အကုသိုလ်ကံက မကောင်းကျိုးပေးမည် ဧကန် မှန်သောကြောင့် မကောင်းမှုကို စက်ဆုပ်ပြီး မကောင်းမှုကို မပြုတော့ပေ။)



www.burmeseclassic.com

www.burmeseclassic.com

၄။ ပစ္စည်းဥစ္စာတို့၌ သိုမှီးသိမ်းဆည်းခြင်း မများ၊ ပစ္စည်းဥစ္စာတို့၌ ဝန်တိုခြင်းကင်း၏။ (ရှာဖွေထားသော ပစ္စည်းဥစ္စာတို့သည် ကိုယ်ပိုင်မဟုတ်၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာမှန်သောကြောင့် ပစ္စည်းဥစ္စာတို့၌ သိုမှီးသိမ်းဆည်းခြင်း မများ၊ ပစ္စည်းဥစ္စာတို့၌ ဝန်တိုခြင်းကင်း၏။

၅။ အနိစ္စသညာကို လေ့လာခြင်းသို့ ရောက်၏။ [သေခြင်းတရားကို အမြဲမပြတ် ဆင်ခြင်နေ၍ မိမိကိုယ်တိုင်နှင့် မြင်တိုင်း မြင်တိုင်းသော သူတို့ကို မသာလောင်း အသေကောင်ကို ဖုတ်သွင်းထားသကဲ့သို့ (အသေကောင်ကို ဖုတ်အသက်သွင်းထားသကဲ့သို့) ရှုမြင်နေသောကြောင့် မမြဲခြင်း အနိစ္စသညာသည် ရှေးရှုထင်လာ၏။]

၆။ ထိုအနိစ္စသညာကို လေ့လာခြင်းကြောင့် ဒုက္ခသညာ၊ အနတ္တသညာတို့သည်လည်း ထင်လာ၏။ (အရှင်ကို အသေဟု ကြိုတင်မြင်ထားသောကြောင့် ဆင်းရဲကောင်၊ အနတ္တကောင်ဟု ထင်လာ၏။)

၇။ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ တွေဝေခြင်းမရှိဘဲ သေရ၏။

ဥပမာ - မား၊ လက်နက်မဆောင်ဘဲ တောလမ်းခရီးသွားသူသည် တောထဲ၌ ကျားဆိုး၊ မြွေဆိုးတို့နှင့် တွေ့သောအခါ ကြောက်ရွံ့တုန်လှုပ်ပြီး သေရသလို တရားလက်နက် မကိုင်ဆောင်ဘဲ သေလမ်းခရီး၌ သေခြင်းတရားနှင့် တွေ့သောအခါ ကြောက်ရွံ့တုန်လှုပ်ပြီး သေရ၏။

မား၊ လက်နက် ကိုင်ဆောင်သွားသောသူသည် တောလမ်းခရီး၌ ကျားဆိုး၊ မြွေဆိုးတို့နှင့် တွေ့သောအခါ မားလက်နက်တို့ဖြင့် ခုခံကာကွယ်ပြီး လိုရာခရီး ဆက်သွားနိုင်သလို တရားလက်နက် ကိုင်ဆောင်သွားသောသူသည် သေခြင်းတရားနှင့် ရင်ဆိုင်ရသောအခါ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိဘဲ ကောင်းရာသုဂတိသို့ သွားရောက်ရ၏။

၈။ အကယ်၍ ဤဘဝ၌ နိဗ္ဗာန်ကို မရသေးသည်ရှိသော် ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ သုဂတိဘဝသို့ ရောက်ရ၏ဟူသော အကျိုးထူးကို ရရှိနိုင်ပါသည်။

ထို့ကြောင့် "သေနည်းသင်တန်း" သေနည်းပညာကို အမြဲမပြတ် လေ့လာဆင်ခြင်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါသတည်း။

❒ **မှုံ့-ဓမ္မဒူတ အရှင်ကောသလ္လ**

အိမ်ထောင်မှုဘဝတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ဗုဒ္ဓကဩဝါဒပေးရာတွင် အိမ်ထောင်စုတစ်ခု၏ ငြိမ်းချမ်းမှုနှင့် သာယာပျော်ရွှင်ဘွယ်ဖြစ်မှုသည် အမျိုးသမီးတစ်ဦး၏ ပခုံးပေါ်တွင် ကြီးမားစွာတည်ရှိနေသည်ဟု ဗုဒ္ဓက မှန်ကန်စွာနားလည်သဘောပေါက်ခဲ့သည်။

အမျိုးသမီးတစ်ဦး အနေဖြင့် သာလွန်ကောင်းမွန်အောင် ကြိုးစားမှုရှိမရှိ ဆိုသည်နှင့်ဆိုင်သော နိစ္စဓူဝ တစ်မူထူးခြားသည့် ကောင်းသော အပြုအမူများကို ဗုဒ္ဓ၏ ဩဝါဒနှင့် ကိုးကားကြည့်သောအခါ ဗုဒ္ဓ၏ ဩဝါဒသည် လက်တွေ့ကျပြီး အမှန်တကယ်ပင် ဖြစ်သည်။

ကွဲပြားခြားနားသော အဖြစ်အပျက်များအပေါ် ဗုဒ္ဓက အမျိုးသမီးတစ်ဦးအား အောက်ပါအတိုင်း ဩဝါဒများ ပေးခဲ့ဖူးသည်။

(၁) သူမ၏ ခင်ပွန်းအား ဆန့်ကျင်သည့် မကောင်းသော အတွေးအခေါ်များကို လက်မခံသင့်ပါ။

(၂) သူတစ်ပါးအပေါ်ကို ကိုယ်ချင်းမစာခြင်း၊ သာယာနာပျော်ဖွယ်မရှိခြင်း၊ မိမိသဘောအလျောက် ထင်ရာစိုင်းခြင်းတို့ကို မပြုလုပ်သင့်ပါ။

(၃) ငွေဖြုန်းတီးသူ မဖြစ်သင့်ပါ။ သို့ရာတွင် စီးပွားရေးအရသုံးစွဲပြီး နည်းလမ်းစည်းကမ်းဘောင်အတွင်းမှာနေထိုင်သင့်သည်။

(၄) ဇွဲကြီးစွာဖြင့် ထိန်းသိမ်း စောင့်ရှောက်ပြီး သူမ၏ ခင်ပွန်းပိုင် ပစ္စည်းဥစ္စာများနှင့် ခက်ခဲစွာ ရှာဖွေထားသော ငွေကြေးများကို စုဆောင်းသင့်သည်။

(၅) အမြဲတမ်းကောင်းမွန်ပြီး စိတ်နှင့်ခန္ဓာ သန့်ရှင်းသင့်သည်။

(၆) သစ္စာတရား လက်ကိုင်ထားကာ အဆင့်အတန်းနိမ့်ကျသော မည်သည့် အပြုအမူမျိုးကိုမဆို တွေးတောသော စိတ်မျိုး မထားသင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသမီးများနှင့် ပတ်သက်သော ဗုဒ္ဓ၏ဩဝါဒများ

### ဒေါက်မြင့်ဦး (မဟာဝိဇ္ဇာ)



အထူးသဖြင့် အလေးအနက် ပြောကြားသည်မှာ သူမ၏ ခင်ပွန်းအတွက် သားသမီးများထွန်းကားရေး၊ ဇနီးဖြစ်သူ၏ တာဝန်၊ သစ္စာရှိမှုနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်နှင့် အလွန်အမင်းသာယာချမ်းမြေ့မှုအတွက် ဖိုမဆက်ဆံရေးနှင့်ဆိုင်သော ပျော်ရွှင်စရာများပင် ဖြစ်သည်။ ဤအမြင်များကို ကွန်ဖြူးရှပ်ဝါဒက ပေးအပ်ခဲ့သည်။ သို့ရာတွင် သူမ၏ ခင်ပွန်းအပေါ်ထားရှိရမည့် ဇနီးတစ်ဦး၏ တာဝန်ဝတ္တရားများကို ကွန်ဖြူးရှပ်ဝါဒနှင့် ဆိုင်သော စည်းကမ်းများတွင် ချမှတ်ထားသော်လည်း ဇနီးနှင့်ပတ်သက်၍ ခင်ပွန်း၏ တာဝန်ဝတ္တရားများ၊ သစ္စာရှိမှုများကို အလေးအနက်ထားခြင်းမရှိပေ။

ဗုဒ္ဓ၏ဩဝါဒမှာ ခင်ပွန်းဖြစ်သူ အပေါ် ဤကဲ့သို့ ဘက်လိုက်ခြင်းမျိုး မရှိပေ။ ဗုဒ္ဓက ဇနီးအပေါ် ခင်ပွန်း၏

(…) အမူအရာယဉ်ကျေးပြီး အပြော …ဆို သိမ်မွေ့သင့်သည်။

(…) ကြင်နာသနားပြီး ဖွဲ့လုံ့လ ထက် …တာ အလုပ် ကြိုးစားသောစိတ် …သင့်သည်။

(…) သူမ၏ ခင်ပွန်းအပေါ် ကြင် …သော အတွေးအခေါ်ရှိသင့်ပြီး သူမ … သဘောထားသည် သူမရင်၌ ဖြစ် …သားအား မိခင်စိတ်ဖြင့် စောင့် …တ်သလို ဖြစ်သင့်သည်။

(…) အလွန်အကျွံ ဘဝင် မမြင့်ဘဲ …စားမှု ရှိသင့်သည်။

(၁၁) အရေးကိစ္စများ ပေါ်လာတိုင်း ဇနီးမယား တစ်ဦးအနေနှင့် သာမက သူငယ်ချင်းတစ်ဦး၊ အကြံပေးတစ်ဦးကဲ့သို့ သူမ၏ ခင်ပွန်းအား အေးချမ်းတည်ငြိမ် နားလည်မှုမျိုးဖြင့် ဆောင်ရွက်သင့်သည်။

ဗုဒ္ဓသက်ရှိထင်ရှားရှိစဉ် အခြားသော ဘာသာရေး အကြီးအကဲများက ခင်ပွန်းများအပေါ် ဇနီးတစ်ယောက်၏ တာဝန်နှင့် သစ္စာရှိမှုများကိုလည်း ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တာဝန် ဝတ္တရားများကို ရှင်းလင်းစွာ ညွှန်ကြားပေးခဲ့သည်။ အကျင့်ဖောက်ပြန်မှုကို အလိုမရှိခဲ့ပေ။

ခင်ပွန်းဖြစ်သူသည် သစ္စာရှိရမည်။ ယဉ်ကျေးသိမ်မွေ့ရမည်။ အထင်အမြင် သေးခြင်း မရှိရပေ။ ၎င်းသည် ဇနီးနှင့်ပတ်သက်၍ ပေးအပ်ထားသော ခင်ပွန်း၏ တာဝန်ပင်ဖြစ်သည်။ မကြာမကြာ ဇနီးအား လှပအောင် ဆင်မြန်းရသည်။ အခြားသော အသုံးဝင်သည့် ဗုဒ္ဓ၏ ညွှန်ကြားမှာ မတူညီသော အခြေအနေများ၊ တူညီသော အခွင့်အလမ်းများနှင့် ပတ်သက်ပြီး အမျိုးသမီးများအား သိရှိစေခြင်းပင် ဖြစ်သည်။

**အလှအပကို သာယာနေသော အမျိုးသမီးသို့ ဗုဒ္ဓ၏ တရားပြမှု**

အလှအပ သာယာနေခြင်းသည် အချည်းအနှီး အကျိုးမဲ့ဖြစ်ကြောင်း ဗုဒ္ဓက မတည်မြဲသော သဘောကို ဟောကြားခဲ့သည်။ ခေမာ အမည်ရှိသော အမျိုးသမီးသည် ဗိမ္ဗိသာရမင်းကြီး၏ လှပသော မိဖုရားတစ်ပါး ဖြစ်သည်။ ဗုဒ္ဓက အပြင်ပန်းအလှသည် အပါယ်သာဖြစ်ကြောင်း ဟောကြားမှုကို သူမ သိရှိခဲ့ရသည့် အတွက်ကြောင့် ဗုဒ္ဓကို ဖူးတွေ့ရန်မှာ အစပထမတွင် စိတ်ပါလက်ပါ မရှိခဲ့ပေ။

တစ်နေ့တွင် ဘုန်းတော်ကြီးကျောင်းကို ကြည့်ရှုရန် မမျှော်လင့်ဘဲ ရှောင်တခင် အလည်အပတ် သွားရောက်ခဲ့သည်။ တဖြည်းဖြည်း ဗုဒ္ဓ တရားဟောသည့် နေရာက ဆွဲဆောင်ဖမ်းစားထားခဲ့သည်။ ဗုဒ္ဓက သူ၏ဉာဏ်တော်ဖြင့် သူမ၏အတွေးအခေါ်များကို သိရှိခဲ့ပြီး သူမ၏ရှေ့တွင် မိန်းကလေးငယ်တစ်ဦးကို ဖန်ဆင်း ပြသခဲ့သည်။ ခေမာမိဖုရားက သူမ၏ အလှအပကို ချီးကျူးခဲ့သည်။ ဗုဒ္ဓက ငယ်ရွယ်သော မိန်းကလေးဘဝမှ လူလတ်ပိုင်းအရွယ်သို့ ထိုမှတစ်ဆင့် သက်ကြီးရွယ်အိုဘဝသို့ ဖန်တီးခဲ့သည်။ နောက်ဆုံးတွင် မြေပြင်ပေါ်သို့ လဲကျသွားပြီး သွားများကျိုးကျိုးနှုန်ကြသည်။ ဆံပင်များဖြူဖွေးသွားပြီး ပါးရေများတွန့်လာကြသည်။ ဤပြောင်းလဲခြင်းတရားက ဘဝ၏ တစ်ခဏတာဖြစ်သော သဘာဝနှင့် ပြင်ပအလှအပများသည် အစိုးမရကြောင်း ခေမာမိဖုရားကို သဘောပေါက်စေခဲ့သည်။

သူမက လူ့ခန္ဓာကိုယ်သည် ထိုကဲ့သို့ ဖြစ်လာလိမ့်မည်ကို သိရှိခဲ့သည်။ ထိုသို့ သိရှိမှုနှင့်အတူ သူမ သဘောပေါက် နားလည်ခဲ့သည်။ အကျိုးသက်ရောက်မှု အနေဖြင့် ဘုရင်၏ သဘောတူညီချက်ကို ရယူပြီး သူမသည် ဘိက္ခုနီသာသနာအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

**ပူဆွေးသောကရောက်နေသော အမျိုးသမီးများအတွက် ဗုဒ္ဓ၏ညွှန်ကြားချက်များ**

အလွန်အကျွံ စိတ်သောကရောက်ရပြီး ပရိဒေဝမီးတောက်လောက်ခြင်း ခံနေရသော မိန်းမများအတွက် သစ္စာလေးပါးတွင် ထင်ရှားစွာပြသထားအနေဖြင့် သေခြင်းတရားအား ရှောင်လွှဲမရခြင်းကို ဗုဒ္ဓက မိန့်ကြားခဲ့သည်။ ဤအခြေအနေကို ထင်ရှားစွာသိစေရန် အမျိုးမျိုးသော ဥပမာအကြောင်းအရာများကိုဗုဒ္ဓကကိုးကားညွှန်ကြားပေးခဲ့သည်။

သူမ၏ အချစ်ဆုံး မြေးမလေး ဆုံးရှုံးခဲ့ရမှုအတွက် ပရိဒေဝမီးလွန်စွာ တောက်လောင်နေသော ဝိသာခါ ဟု အမည်ရသော အဘွားဖြစ်သူအား ဗုဒ္ဓကအောက်ပါအတိုင်းညွှန်ကြားခဲ့ပါသည်။

ပရိဒေဝမီး တိုးပွားများပြားလာသော အကျိုးသက်ရောက်မှု၊ ကြောက်ရွံ့မှုတွေ တိုးပွားများပြားလာသော အကျိုးသက်ရောက်မှု အဲဒီအကျိုးသက်ရောက်မှုတွေကနေ လုံးလုံးလျားလျား လွတ်မြောက်စေဖို့ လူတစ်ဦးအတွက် ပရိဒေဝမီးဆိုတာ မရှိရဘူး။ ကြောက်ရွံ့တုန်လှုပ်မှု နည်းနိုင်သမျှ နည်းပါးရမယ်။

အခြားသော အဖြစ်အပျက်တစ်ခုမှာ တစ်ဦးတည်းသော နို့စို့အရွယ်သားငယ် ဆုံးရှုံးသွားခဲ့ရသော အမျိုးသမီး တစ်ဦးသည် သူမ၏သား အသ[…] ပြန်ရှင်လာရေးအတွက် ဗုဒ္ဓထံပါးရော[…] လာသောအခါ ဗုဒ္ဓက လူမသေသော[…] နေအိမ်မှ မုန့်ညင်းစေ့အချို့ကို [...] ဆောင်လာရန် မိန့်ကြားခဲ့သည်။

ထိုအမျိုးသမီးသည် မုန့်ညင်း[…] ကို ရှာဖွေခဲ့သည်။ သို့သော် မသေ[…] သော မိသားစုကို ရှာမတွေ့နိုင်[…] ဤအချိန်မှစ၍ သေခြင်းတရားသ[…] သူမကလေး တစ်ဦးတည်းနှင့် သက်[…] ခြင်းမဟုတ်ဘဲ သက်ရှိလူအားလုံးန[…] သက်ဆိုင်နေကြောင်း သဘောပေါ[…] လာခဲ့ပေသည်။

ပဋာစာရီသည် အခြား လူ[…] ဆွေးဖွယ်ကောင်းသော အဖြစ်အပျ[…] တစ်ခုပင်ဖြစ်သည်။ သားနှစ်ဦး၊ ခင်ပွ[…] မိဘနှစ်ပါးနှင့် အစ်ကိုတို့ကို အလွ[…] လွမ်းဆွေးဖွယ်ကောင်းသော အခြ[…] အနေတွင် ဟိုဟိုဒီဒီ ပြေးလွှားနေ[…] သည်။ ပရိဒေဝ သောကမီးနှင့်အ[…] ရူးသွပ်ပြီး လမ်းများပေါ်တွင် ဟိုဟို[…] ပြေးလွှားနေခဲ့သည်။ ဗုဒ္ဓနှင့် တွေ့ဆုံ[…] နောက် သူမကို အောက်ပါအတိုင်း[…] နှစ်သိမ့် ညွှန်ကြား ပေးခဲ့သည်။

တစ်ဦး တစ်ယောက်၏ […] ကွယ်မှုအတွက် သားများဟူသည် မ[…] သေခြင်းက လွှမ်းမိုးသွားသော လူ[…] ယောက်အတွက် ဆွေမျိုးဉာတိတ[…] မရှိ။ ဆွေမျိုးကြားထဲတွင် ကာကွယ်[…] ဟူသည် မရှိ၊ မတွေ့။ ဤအချက်[…] သဘောပေါက်ပါက နိဗ္ဗာန်ကိုဦးဆော[…] သောလမ်းကို ရှင်းရှင်းလင်းလင်းသိ[…] ကောင်းမြတ်သည့် လူတစ်ယော[…] အဖြစ် ခံယူလိုက်ပါကုန်။

ဗုဒ္ဓ၏ နှစ်သိမ့်စကားကို ကြာ[…] ရပြီးနောက် ဘဝ၏ သဘောသဘာ[…] ကို နားလည်သိရှိပြီး ကောင်းမွန်သ[…] သည့်အဆင့်သို့ ပထမရောက်ရှိ[…] ဘိက္ခုနီသာသနာအတွင်းသို့ ဝင်ရော[…] သွားခဲ့သည်။

☐ အောင်မြင့်ဦး(မဟာ[…]

Ref: The Buddhist Way By Dr. K. S[…] Dhammananda





www.burmeseclassic.com

www.burmeseclassic.com



မော်ဘီ ရေပြာရွာ အောင်ဇမ္ဗူတောရမှ

# ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်များ

ထက္ကသိုလ်တင်ဟန်ကျော်

မြကန်သာ
တောင်ကျချောင်းတေး
ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ
ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ
ငှက်မျိုးစုံသည်
ဘုံဝတီသာ နန္ဒာပေ့လော
တူစွ ဟုတ္တာ။

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ရေပြာကျေးရွာမှာ ပဓာန နာသတဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဒ္ဒဘပဏ္ဍာဝံသအရှင်မြတ် တည်ထောင်ခဲ့တီးထားတဲ့ "အောင်ဇမ္ဗူတောရ ဓမ္မ ရိပ်သာကျောင်းတိုက်ကြီး" အတွင်း ဝင်ရောက်သွားမိတဲ့ တစ်ပြိုင်နက်တည်းမှာ



မော်ဘီ စမ်းချောင်းပေါက်မှတ်တိုင်မှ ဆင်း၍ ဘုရားဖူးသွားရောက်ရမည့် အဝင်လမ်းမ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသမှ ဘုရားဒကာ မစ္စတာ ကာတာစုယူကီကူမာနိုအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်စဉ်



ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော် (၃၈၁)ဆူအား လှူဒါန်းသော ဘုရားဒကာကြီး ကာတာစုယူကီကူမာနိ

ပဲ အမည်မသိ ရှေးစာဆိုတစ်ဦးရဲ့ အ
ကဗျာလေးဟာ ရုတ်ခနဲ လင်းလက်
ခဲ့တယ်။

ကဗျာလေးရဲ့ နာမည်က
ကန်သာ" တဲ့။

ကျန်စစ်သားမင်း လက်
တော် ပုဂံခေတ်မှာ နာမည်ကျော်
ထင်ရှားခဲ့တဲ့ တူးရှင်းတောင်
တစ်ဖက်ဆည်ကန်ရဲ့ သဘာဝအ
လက်ာသီးကုံးထားတာပါ။ ကဗျာလ
အရေးအဖွဲ့က ကျစ်လျစ်ရိုးရှင်းလှ
"မြကန်သာ" ရဲ့အလှဟာ စိတ်မျက်
မှာ ကွင်းခနဲ ကွက်ခနဲ သာယာစိုပြည်
ပါတော့တယ်။

ဒီကဗျာကို ကျောင်းစာသင်
ထဲမှာ သင်ကြားခဲ့ရတုန်းက နှစ်
ကြည်နူးစိတ်တွေဟာ ပုဂံကိုပြေးသွား
မြကန်အလှကို ငေးမောချင်တဲ့အ
ထကြွလှုပ်ရှားခဲ့ဖူးပါတယ်။ မြန်မာ
ဆရာမကလည်း စကားကြွယ်ကြ
အပြောကောင်းကောင်းနဲ့ဆိုတော့
ကလေးလိုသာ တောင်ပံပါရင်
သွားမိမလားပဲ။

[နောင်အခါ မျက်စိလည်
မှားပြီး စာရေးဆရာဘဝ ရောက်လာ
တစ်နေ့မှာ ပုဂံကို ရောက်သွား
ဘယ်ပြောကောင်းမလဲ မြကန်ရှိရာ
အပြေးအလွှားပါပဲ။ ရောက်သွားတဲ့အ
"အို. . . မြကန်ရယ်" လို့ ဆိုညည်းမိ
အထိ ရင်ထဲမှာမချိအောင် ခံစား
တယ်။ အဲဒီတုန်းက မြကန်ဟာ မ
ရှာနိုင်တော့ပါဘူး။ ကြာမျိုးလည်းမ
ငှက်မျိုးလည်းမစုံနဲ့ အတော်စိတ်
စရာပါပဲ။ အခုတော့ အခြေအနေ
ပြောင်းလဲနေတယ်လို့ သိရတယ်။]


အခု မှော်ဘီမြို့နယ် ရွေ
ကျေးရွာ အောင်ဇမ္ဗူတောရ မမ္မရိပ်
ကျောင်းတိုက်ကြီးအတွင်း ရောက်သွ
တဲ့အခါ ငယ်စဉ်ကျောင်းသားဘဝတု
က စိတ်မျက်စိထဲမှာ မြင်ယောင်မိ
"မြကန်သာ" ရဲ့အလှကို သွားသတိ
တာပါ။

www.burmeseclassic.com


အမည်နာမ တင်ကျန်ခွင့်မရခဲ့ ကြတဲ့ ပုဂံခေတ်စာဆိုရှင်ဟာ မြကန်သာ ရဲ့အလှကို သိမ်းကျုံးခြုံငုံပြီး နိဂုံးချုပ် လိုက်တာက "ဘုံဝတီသာ နန္ဒာပေလော ဘူစွ ဟုတ္တာ" တဲ့။ ပုဂံရွှေပြည်မှာ တည် ဆောက် တူးဖော်ထားတဲ့ မြကန်သာရဲ့ အလှဟာ တာဝတိံသာနတ်ပြည်က နန္ဒဝန်ဥယျာဉ်ကြီးနဲ့ တူပါသတဲ့။ အဲဒီ လိုတူတဲ့အကြောင်းကို "ဟုတ္တာ" ဆိုတဲ့ ပုဂံခေတ်သုံးစကားလုံးနဲ့ အခိုင်အမာ ထောက်ခံလိုက်ပါသေးတယ်။ ဟုတ္တာရဲ့ အဓိပ္ပာယ်က မျက်မှောက်ခေတ်သုံး စကားလုံးနဲ့ပြောရရင် "အမှန်အကန် ဟုတ်ပါတယ်" လို့ပြောတာပါ။

တာဝတိံသာနတ်ပြည်က နန္ဒဝန် ဥယျာဉ်အလှကို မြင်သာအောင် ငှီကာ ခဲ့ရရင် ဆုံးမှာမဟုတ်တော့ဘူး။ အင် မတန် နှစ်သက်ကြည်နူးဖို့ကောင်းတဲ့ ဥယျာဉ်ကြီးလို့သာ မြင်ယောင်ကြည့် လိုက်ပါတော့။ အဲ. . . တကယ်လက် တွေ့ ကြည့်ချင်တယ်ဆိုရင်တော့ မှော်ဘီမြို့နယ် ရေပြာရွာက အောင်ဇမ္ဗူ တောရ ဓမ္မရိပ်သာဆီကိုသာ ကြွလှမ်း တော်မူလိုက်ကြပါတော့လို့ပြောပါရစေ။ တကယ်ပြောတာပါ၊ ပုဂံခေတ် စကား လုံးလေးနဲ့ ပြောရရင်တော့ "ဟူစွဟုတ္တာ" ပေါ့။

ပြောရမယ်ဆိုရင် မှော်ဘီမြို့နယ် ရေပြာရွာက အောင်ဇမ္ဗူတောရ ဓမ္မရိပ် သာဆီ သွားမယ်၊ သွားမယ်နဲ့ ဟန်ပြင် နေလိုက်တာ လွန်ခဲ့တဲ့ တစ်နှစ်ကျော် ကျော်လောက်ကတည်းကပါ။ အချိန် မတန်သေးလို့ထင်ပါရဲ့၊ မရောက်နိုင်ခဲ့ ပါဘူး။ အခုတော့ ဉာဏ်ပွင့်(စက်မှု)က ထပ်မံတိုက်တွန်း နှိုးဆော်လာတာမို့ ကိုမောင်မောင်မြတ်နဲ့ နှစ်ယောက်သား မိုးထဲလေထဲ အားခဲရောက်လာကြတာ ပါ။ တစ်မနက်ခင်းလုံး ရာသီဥတုက ကြည်ကြည်စင်စင်နဲ့မို့ ကိုယ့်ဘက်ပါပြီလို့ တွက်ထားတာ။ ကိုမောင်မောင်မြတ်ရဲ့ မိဘများအိမ်မှာ ကင်မရာဝင်ယူပြီး ပြန် အထွက်မှာတော့ နယ်ရှစ်ခွင် မင်းလွင်




ဆရာတော် ဘဒ္ဒန္တပညာဝံသမှ ပရိတ်ချည်များ ချီးမြှင့်နေစဉ်






ဆရာတော် ဘဒ္ဒန္တပညာဝံသအား ဘုရားဖူးလာ ပရိသတ်များမှ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းနေစဉ်

www.burmeseclassic.com



အောင်မြေ့တောရ ကျောင်းဝင်းထဲတွင် တည်ထားတော်မူသော
လောကဥသျှောင်ရုပ်ပွားတော်မြတ်နှင့် မြေ့အေးစေတီတော်မြတ်ကြီး






www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင် မိုးသက်လေနှင်လိုက်တာ မှော်ဘီရောက်တဲ့အထိပါပဲ။ မှော်ဘီ 'ခမ်းချောင်းပေါက်' မှတ်တိုင်မှာဆင်းပြီး ကယ်ရီဆိုင်ကယ်လေးပေါ် ရောက်တဲ့ အထိ မိုးပုလဲပန်းတွေက သွန်းဖျန်းစွေ ရွာတုန်းပါပဲ။

ကယ်ရီဆိုင်ကယ်လေးဟာ ကား နှစ်စီးရှောင်သာရုံ ကွန်ကရစ်လမ်းပေါ် မှာ ခပ်မှန်မှန်လေး ပြေးလွှားနေပါတယ်။ မိုးစက်လေးတွေက မျက်နှာကိုထိတွေ့ နှုတ်ဆက်နေကြတယ်။


ပတ်ဝန်းကျင် သဘာဝရှုခင်းက တောနဲ့ တောင်စွယ်။ သန့်ရှင်းလတ် ဆတ်တဲ့ မိုးသက်လေက နှလုံးသားထဲ အထိ အေးစိမ့်သွားတယ်။

အဲဒီလို ခံစားမှုတွေနဲ့ ကယ်ရီ ဆိုင်ကယ်စီးရင်း ဒီလိုနေရာမှာ တည် ထားမယ့် တောရ ဓမ္မရိပ်သာတစ်ခုရဲ့ အနေအထိုင် အခင်းအကျင်းကို စဉ်းစား နေမိတယ်။


ကယ်ရီ ဆိုင်ကယ်လေးဟာ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာရဲ့ဥပစာ အတွင်း ချင်းနင်းဝင်ရောက်လာတယ် ဆိုရင်ပဲ စောစောက စဉ်းစားထားတဲ့ တောရဓမ္မရိပ်သာတစ်ခုရဲ့အခင်းအကျင်း တွေနဲ့ မတူကွဲပြား တစ်မူထူးခြားနေ တာကို လက်ခံလိုက်ရတယ်။ ကားနဲ့ တစ်ဖုံ၊ ဆိုင်ကယ်နဲ့တစ်မျိုး ဘုရားဖူး ကြွရောက်လာကြတဲ့ ပရိသတ်ကြီးက လည်း "တို့ရွာက ဘုရားပွဲထက် ကိုး ဆယ်ဆ" သာလိမ့်မယ်။

ကယ်ရီဆိုင်ကယ်လေးပေါ်က ဆင်းပြီး ကိုမောင်မောင်မြတ်နဲ့ နှစ် ယောက်သား ကျောင်းဝင်းကြီးအတွင်း ဝင်ရောက်ခဲ့ကြတယ်။ ရှေးဟောင်းဗုဒ္ဓ ရုပ်ပွားတော် မြတ်များ ကိန်းဝပ်စံပယ် အပူဇော် ခံယူ နေတော်မူတဲ့ အောင်ဇမ္ဗူ တောရ ဓမ္မဗိမာန်တော်ကြီးအတွင်း ဝင်ရောက်သွားတဲ့ အခါမှာတော့ ဓမ္မ ဗိမာန်တော်ကြီး အောက်ထပ်အပြည့် ပရိသတ်ကြီးကို ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပဏ္ဍဝံသ အရှင်





ဘုရားဒကာကြီး မစ္စတာ ကာဝတာစုယူကီကူမာနိုမှ လှူဒါန်းထားသော ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်များ



ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသအား စာရေးသူမှ မေးမြန်းလျှောက်ထားစဉ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် ကိန်းဝပ်တော်မူသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ

မြတ်က တရားရေအေးတိုက်ကျွေးတော်မူနေတာကို ဖူးတွေ့ရပါတယ်။

(ဆရာတော်ရဲ့ ဘွဲ့အမည်တော်ကို တချို့ မြန်မာလို အသံထွက်ရမှာ အခက်အခဲမရှိရအောင် အသံထွက်ပြရရင် "ပန်တဝန်သ" ဖြစ်ပါတယ်။)

ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသက ဒါန၊ သီလ၊ ဘာဝနာနဲ့ စပ်လျဉ်းတဲ့ တရားဒေသနာတော်ကို ရိုးရိုးရှင်းရှင်းလေးပဲ ဟောပြနေတာပါ။ ဆရာတော်ရဲ့ အသံတော်ဟာ ပကတိကြည်လင်အေးမြနေပါတယ်။ ဆရာတော်ရဲ့ သွန်သင်ဆုံးမ ဟောပြနေတဲ့ တရားတော်ဟာ ရိုးရှင်းတာနဲ့အမျှ စိတ်ဝင်စားဖို့လည်း ကောင်းတာမို့ ခန်းမအပြည့် ပရိသတ်ကြီးဟာ ဣန္ဒြေရရ တည်ငြိမ်လှပါတယ်။

လေးဆယ့်ငါးမိနစ်လောက် တရားဟော အမျှအတမ်းပေးဝေ သာဓုအနုမောဒနာ ခေါ်ဆိုပြီးတဲ့ အခါမှာတော့ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာရဲ့ အကျိုးတော်ဆောင်များက ကြွရောက်လာတဲ့ ပရိသတ်ကြီးကို ပရိတ်ကြိုးလေးတွေ လက်ဆောင်ဝေငှပါတယ်။ ပရိတ်ကြိုးလေးတွေကလည်း တွေ့နေ မြင်နေကျ ပရိတ်ကြိုး အမျိုးအစားတွေနဲ့မတူဘဲ တစ်မူထူးခြားတဲ့ အသွေးအရောင်စုံ ပရိတ်ကြိုးလေးတွေ ဖြစ်ပါတယ်။

တချို့ ပရိသတ်တွေကလည်း အနားယူ အပန်းဖြေရင်း အပူဇော်အကန့်တော့ခံယူနေတော်မူတဲ့ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသကို သွားရောက်ရှိခိုးဦးချရင်း သူတို့သိလိုတဲ့ အကြောင်းအရာတွေ မေးမြန်းလျှောက်ထားနေကြပါတယ်။ ဒါကြောင့်မို့ ကိုမောင်မောင်မြတ်နဲ့ နှစ်ယောက်သား ဆရာတော်ရဲ့ ရှေ့တော်မှောက် အရောက်သွားကြပြီး ဖူးမြော်ကန်တော့ပါတယ်။ ပရိသတ်တွေကြားထဲကပဲ သိလိုတဲ့ အချက်အလက်တွေကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ရဲ့ မေတ္တာကို ခံယူကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသကို ဖူးမြော်နေရင်း သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတော်မူပြီး သူတော်ကောင်းဓာတ် ခံနိုင်းအောင်းနေတဲ့ ဆရာတော်ဘုရား ကြီးတွေကို ဖူးမြော်ရတုန်းက ခံစားရတဲ့ ခံစားချက်မျိုးဟာ ရင်ထဲမှာ တလှုပ်လှုပ် နဲ့ဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ် သတိ ထားမိရပါတယ်။

တကယ်တော့ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ အရှင်မြတ်ဟာ ကြီးမား များပြားလှတဲ့ သာသနာ့တာဝန်တွေကို ထမ်းဆောင်နေကြောင်း အခြေအနေ အနေပ်ရပ်ကို အကဲခတ်လိုက်တာနဲ့ သိ သာထင်ရှားလှပါတယ်။ ဖြစ်လေ့ဖြစ်ထ ရှိတာကတော့ ကြီးမားလေးလံတဲ့တာဝန် တွေရား ဖိစီးခံနေရတဲ့ တချို့ပုဂ္ဂိုလ်များ ဟာ သူတို့မျက်နှာကိုက ဖိစီးမှုရောင်ပြန် တွေ ယှက်သန်းနေတတ်ကြပါတယ်။ အနေပ်စကားနဲ့ မော်လမြိုင်လေသံမျိုး ခပ်နိုးရိုးပြောရရင်တော့ "အားပါးပါး မျက်နှာကြောက တင်းမှတင်း" ဆိုတာ မျိုးပေါ့။ အခုဖူးတွေ့နေရတဲ့ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသရဲ့ မျက်နှာတော်က တော့ ကြည်လင်အေးမြနေတော်မူပါ တယ်၊ လွှတ်လပ်ပေါ့ပါးတဲ့ အသွင် အပြင်တော်ကိုလည်း အထင်းသား ဖူး မြော်နေရပါတယ်။


အဲဒီမှာ ကိုမောင်မောင်မြတ်က ဆရာတော်ရဲ့ ဘွဲ့အမည်တော်ကို သိလို စေနဲ့ မေးလျှောက်ပါတယ်။ အဲဒီအခါ ဆရာတော်က ရယ်ရယ်ပြုံးပြုံးနဲ့ပဲ "နှုတ် ပါးစပ်က ပြောလိုက်ရင် စာလုံးပေါင်း မှားနေဦးမယ်၊ ဟောဒါလေးကို ယူသွား" လို့ဆိုပြီး ဆရာတော်ဘွဲ့အမည် ရေးထိုး ထားတဲ့ ဆရာတော်ရဲ့ပုံတော်ကို စွန့် တော်မူပါတယ်။

နောက်ထပ် ကိုမောင်မောင် မြတ်ကပဲ "ဆရာတော်ရဲ့ကျောင်းကို ဗုဒ္ဓ ရုပ်ပွားတော်မြတ်တွေ ကြွရောက်တော် မူလာပြီး နောက်ပိုင်း ဘယ်လိုထူးခြားတဲ့ အိပ်မက်တွေမက်တော်မူပါသလဲဘုရား" လို့ မေးလျှောက်ပါတယ်။





ရွှေဟောင်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်များအား ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်



အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်အပေါ်ထပ်တွင် ဘုရားဖူးပရိသတ်များ ဖူးမြော်ကြည်ညိုနေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးနဂါးမင်းအချုပ် နဂါးရုံမြတ်စွာဘုရား



ရပ်တော်မူ မြတ်စွာဘုရား



တန်ခိုးပြာဋိဟာ ပြနေတော်မူသော မြတ်စွာဘုရား


ဒီအခါမှာလည်း ဆရာတော်က ပေါ့ပေါ့ပါးပါး ကြည်ကြည်ရွှင်ရွှင်နဲ့ပါပဲ။


"ထူးခြားတာကတော့ အိပ်မက်ထဲမှာ မဟုတ်ဘူး၊ အခု ဒကာကြီးတို့ မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား" လို့ မိန့်တော်မူပါတယ်။

ဒီလိုပါပဲ။ အခြား သိလိုရေးနဲ့ မေးလျှောက်သမျှ မေးခွန်းတွေကို ဆရာတော်ဘဒ္ဒန္တ ပဏ္ဍဝံသက ပြုံးပြုံးပျော်ပျော် ကြည်ကြည်နူးနူး ဖြေကြားတော်မူသွားတဲ့အတွက် ကြားနာရတဲ့ပရိသတ်အပေါင်းလည်း ကျေနပ်နှစ်သက်ကြပါတယ်။ ဆရာတော်နဲ့ အခုလို မေးမြန်းလျှောက်ထားနေတဲ့အချိန်မှာ ဝတ္ထုလှူဖွယ် အသွယ်သွယ်နဲ့ ဆက်ကပ်လှူဒါန်းလာသူတွေကလည်း တစ်ဦးချင်း၊ အဖွဲ့လိုက်၊ မိသားစုလိုက် ဝင်လာမစဲ တသဲသဲပါပဲ။

ဒါကြောင့်မို့လည်း သိသင့်သိထိုက်တာလေးတွေ အတော်အတန် ပြည့်စုံတဲ့ အခါမှာတော့ ဆရာတော်

www.burmeseclassic.com





နှစ်ပေါင်း ၂၆၀၀ ကျော် သက်တမ်းရှိ မုနိ-မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဗောဓိပင်နှင့် ရွှေပလကွင်မြတ်စွာဘုရား

ဘုရားကို ဦးချကန်တော့ နှုတ်ဆက်ရင်း အခွင့်ပြုတော်မူပါမည့် အကြောင်း လျှောက်ထားရပါတယ်။

အဲဒီအခါ ဆရာတော်ဘုရားက "အေးအေး . . . ကောင်းပါပြီ၊ ဒကာကြီးတို့ အေးအေးဆေးဆေး ဘုရားဖူးကြ၊ ဓာတ်ပုံရိုက်ဖို့လဲ ခွင့်ပြုပေးလိုက်တယ်၊ စုံစုံလင်လင် သေသေချာချာ ပူဇော်ကြ၊ သိချင်တာရှိရင်လဲ အဲဒီမှာရှိတဲ့ သံဃာတော် အရှင်မြတ်တွေကို မေးလျှောက်ကြပေါ့၊ ကျန်းမာ ချမ်းသာကြပါစေ" လို့ အခွင့်ပေး မိန့်ကြားတော်မူပါတယ်။

အခုလို ဆရာတော်ဆီက အခွင့်အမိန့်ရတဲ့အခါ ဓမ္မဗိမာန် အပေါ်ထပ်မှာ ကိန်းဝပ်စံပယ် အပူဇော်ခံယူနေတော်မူတဲ့ ရှေးဟောင်းမြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်များ ထံတော်ပါး အဖူးမြော်မသွားသေးခင် ဓမ္မဗိမာန်တော် အောက်



အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်တွင် ကိန်းဝပ်စံပယ်နေသော ရုပ်ပွားတော်များအနက် အလေးချိန် အများဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ် စတဲ့ ခေတ်အဆက်ဆက်မှာ ဗုဒ္ဓဘာသာဝင်တို့ ထုလုပ်ပူဇော်ခဲ့ကြတဲ့ မြတ်ဗုဒ္ဓကိုယ်တော်စား ရုပ်ပွားဆင်းတုတော်များ ဖြစ်ပါတယ်။

ရှေးဟောင်းသမိုင်းဝင် မြတ်ဗုဒ္ဓရုပ်ပွားတော်အဆူပေါင်း ၃၀ နဲ့ ခေတ်အလိုက် ပူဇော်ခဲ့တဲ့ ဗုဒ္ဓဆင်းတုတော် ၁၁ ဆူတို့ဟာ ပုံသဏ္ဍာန်တော်အရွယ်အစား၊ မုဒြာတော်၊ ပလ္လင်တော်၊ အမွှမ်းအပြောက် အဖုံဖုံ အလီလီနဲ့ အံ့ချီးလို့မကုန်နိုင်အောင် ကြည်ညိုမဝ ဖူးတွေ့ရပါတယ်။ မြတ်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူချင်းစီမှာလည်း စိတ်ဝင်စားဖွယ်ရာ နောက်ခံသမိုင်းကြောင်း အသီးသီးရှိနေမှာကိုလည်း မျှော်မှန်းတွေးဆ ကြည်ညိုမိရပါတယ်။


ဗိမာန်တော် အောက်ထပ်က ရှေးဟောင်းသမိုင်းဝင် မြတ်ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ ခေတ်အလိုက် ဗုဒ္ဓရုပ်ပွားတော်တွေကို ကြည်ညိုဖူးမြော်ပြီးတဲ့အခါ ဗိမာန်တော်အပေါ်ထပ်က ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးမြော်ကြည်ညိုဖို့ အပေါ်

<u>အဘယမုဒြာ ဝရဒမုဒြာ မြတ်စွာဘုရား</u>

ထပ်မှာ ကိန်းဝပ်စံပယ်နေတော်မူတဲ့ မြတ်ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြပါတယ်။

အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဗိမာန်တော်ကြီးဟာ အလျား ပေ ၂၀၀၊ အနံ ပေ ၆၀၊ အမြင့် ၂၅ ပေ၊ နှစ်ထပ်တိုက် ဗိမာန်တော်ကြီး ဖြစ်ပါတယ်။ ဗိမာန်တော်ကြီးအောက်ထပ် ဂန္ဓကုဋိတိုက်မှာ ရှေးဟောင်းသမိုင်းဝင် မြတ်ဗုဒ္ဓရုပ်ပွားတော် အဆူပေါင်း ၃၀ နဲ့ ခေတ်အလိုက် ပူဇော်ခဲ့တဲ့ ဗုဒ္ဓဆင်းတုတော် ၁၁ ဆူ ကိန်းဝပ်စံပယ်တော်မူပါတယ်။ ခေတ်အလိုက် ပူဇော်ခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်များ ဆိုတာက 'ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်၊ ကုန်းဘောင်၊ ကိုလိုနီ' စာအဆို ရှိတာနဲ့အညီ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊

<u>ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်</u>





www.burmeseclassic.com

www.burmeseclassic.com

ဘပ်ကို တက်ခဲ့ကြတယ်။ ဘုရားဖူး ဧရိုသတ် များပြားလာတာမို့ အကျိုးတော် ဆောင်တွေက အဆင်း တစ်လမ်း၊ အတက်တစ်လမ်း စည်းကမ်းတကျဖြစ် အောင် ထိန်းသိမ်းစောင့်ရှောက်ပေးနေ ကြပါတယ်။

အပေါ်ထပ်ကို ရောက်သွားတဲ့ အခါမှာတော့ "ရုတ်တရက် မှင်တက်မိ သွားသည်" ဆိုတဲ့ အဓိပ္ပာယ်ကို နဖူး တွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်ရပါတော့ တယ်။ အရွယ်ရှယ် အစားအစား ပုံ သဏ္ဍာန်တော် ထူးထွေဆန်းပြားလှတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်တွေဟာ လက်ညှိုး ထိုးမလွဲစတမ်း ဗိမာန်တော်အပေါ်ထပ် တစ်ခန်းလုံး အပြည့်ပါပဲ။

ပြောရမယ်ဆိုရင် အခုလို မြတ် ဗုဒ္ဓ ရုပ်ပွားတော်မြတ်များ အဆူဆူ အစားအစား အများအပြားကို တစု တဝေး ဖူးမြော်ရလေ့ ရှိပါတယ်။ ဆိုပါ တော့၊ မြန်မာပြည်ရဲ့ နာမည်ကျော် အင်းလေးကန်အတွင်းက "ငါးဖယ် ချောင်း" ဘုန်းတော်ကြီးကျောင်းမှာ ဖြစ် ပါတယ်။ ငါးဖယ်ချောင်း ဘုန်းတော်ကြီး



ကြည်ညိုဖွယ်ရာ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်မြတ်



ဟောဝိပင်နှင့် ရွှေသင်္ကန်း မြတ်စွာဘုရား

ကျောင်းဟာ ကျွန်းတိုင်ပေါင်း ၆၅၄ တိုင် နဲ့ ရေပေါ်မှာ တည်ဆောက်ထားတဲ့ သက်တမ်း နှစ် ၁၅၀ ကျော်ရှိ ရှေး ဟောင်း ရှမ်းဗိသုကာလက်ရာ ဘုန်း တော်ကြီးကျောင်း ဖြစ်ပါတယ်။ အဲဒီ ကျောင်းကြီးအတွင်းမှာ ရှမ်းပြည်နယ် အတွင်း ဘိုးစဉ်ဘောင်ဆက် ကိုးကွယ် ခဲ့ကြတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို တစုတဝေးတည်း ဖူးမြော်ရတာကလည်း အံ့မခန်းဖြစ်ပါတယ်။ တခြားနေရာတွေ လည်း တော်တော်များများ ရှိပါသေး တယ်။

အဲဒီလို ရှိပင် ရှိပေမယ့် အခု အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်မှာ ဖူးတွေ့လိုက်ရတဲ့ အနေအထား... မမြင်နိုင်စွမ်းတဲ့ တန်ခိုးသတ္တိတစ်ခု...



www.burmeseclassic.com

www.burmeseclassic.com

တွေကို စာရင်းချုပ်ပြီး အနှစ်ထုတ်လိုက်ရင် ရုပ်တု ဆင်းတု ကိုးကွယ်သူနဲ့ ရုပ်တုဆင်းတု မကိုးကွယ်သူလို့ အုပ်စု နှစ်စုကွဲသွားတယ်။

ရုပ်တု ဆင်းတု ကိုးကွယ်သူတွေက ရုပ်တု ဆင်းတု ကိုးကွယ်တာ အကျိုးရှိတယ်လို့ ယုံကြည်ပြီး ရုပ်တု ဆင်းတု မကိုးကွယ်တဲ့သူတွေကတော့ ဆန့်ကျင်ဘက်ယုံကြည်ကြတယ်။ ဆန့်ကျင်ဘက်ယုံကြည်သူတွေက . . .

"ဒီလို ရုပ်တု ဆင်းတုတွေ ထုရအောင် ခင်ဗျားတို့က ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးလို့လား" စတဲ့ ကျပန်းစကားဆန်



ရှေးဟောင်းသမိုင်းဝင်
ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးတွေ့ရစဉ်

နှယ်နေရော့ ထင်ပါရဲ့၊ အသည်းထဲ နှလုံးထဲမှာ လှိုက်မုန်သွားရလောက်အောင် ဖြစ်ရပါတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးတွေ့လိုက်ရတဲ့အခါ ရင်ထဲမှာဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို ခံစားရပါတယ်။


ဒီနေရာမှာ စကားစပ်မိလို့ပြောပါရစေ။ အခုလို စကားစပ်တုန်း ပြောရတာကလည်း အကြောင်းရှိပါတယ်။ ဘာအကြောင်းလဲတဲ့၊ ပြောရရင်တော့ တော်တော်ကြီးကျယ်သွားလိမ့်မယ် ထင်ပါတယ်။

ကဲ ပြောပြမယ်နော်။ ကမ္ဘာပေါ်မှာ အဓိကဘာသာကြီး လေးခုရှိတယ်။ ဗုဒ္ဓဘာသာ (ဗုဒ္ဓသာသနာ)၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ ဆိုပြီးတော့ လေးခု။ အခြားမထင်ရှားတဲ့ (ကိုးကွယ်သူဦးရေနည်းပါးတဲ့) ဘာသာရေး အဖွဲ့အစည်းတွေကိုလည်း စာရင်းကောက်လိုက်ရင် ရာဂဏန်းရှိတယ်လို့ သုတေသီပညာရှင်များက ဆိုပါတယ်။

အဲဒီလို ကမ္ဘာပတ်ပြီး ဘုရားရှာလိုက်ရင် ဘုရားတွေကများ၊ ကိုးကွယ်သူ ပရိသတ်ကလည်း အစားစားရှိနေတာ တွေ့ရမယ်။ အဲဒီ ကွဲပြားခြားနားမှု



လျှောင်းတော်မူမြတ်စွာဘုရား



ရှေးဟောင်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်များအား
ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်




www.burmeseclassic.com

www.burmeseclassic.com



ထိုင်တော်မူမြတ်စွာဘုရား



တန်ခိုးပြာဋိဟာ ပြနေတော်မူသော မြတ်စွာဘုရား

ဆန် ပုတ်ခတ်တာတွေကိုလည်း ကြားနေရတာပါပဲ။ အဲ. . . ပိုပြီးဆိုးတာက ရုပ်ပွားဆင်းတု ကိုးကွယ်တဲ့ ဘာသာဝင်အချင်းချင်းထဲမှာကိုပဲ ရုပ်ပွားဆင်းတု ထုလုပ်ပူဇော်သူနဲ့ မထုလုပ် မပူဇော်သူဆိုပြီး အုပ်စု နှစ်စုကွဲနေတာပါပဲ။

(ဘယ်ဘာသာရယ်လို့ အမည်တပ်မပြောတာ ကို သတိပြုပါရန်)

ဆိုတော့ကာ ဒီဆောင်းပါးက 'ရှေးနှစ်ပေါင်း တစ်ထောင်ကျော်၊ နှစ်ထောင်ကျော် သက်တမ်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်' များကို ကြည်ညိုဖွယ်ရာ ပူဇော်ရေးသားတဲ့ ဆောင်းပါးဖြစ်ပါတယ်။ 'ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်' လို့ ရေးလိုက်ရင် ဆောင်းပါးတစ်ပုဒ်ဖြစ်သွားမှာ ဖြစ်ပေမယ့် စောစောကပြောခဲ့တဲ့ အုပ်စုနှစ်ခုရဲ့ အားပြိုင်မှုကို လျစ်လျူရှုရာ ရောက်နေပါလိမ့်မယ်။

ဘာကြောင့် ကြည်ညိုဖွယ်ရာဖြစ်ရသလဲဆိုတာကို သဘောအဓိပ္ပာယ်နဲ့တကွ သိလိုက်ရခြင်းအားဖြင့် ကြည်ညိုသူတွေအတွက် ပိုမိုလေးနက်စေနိုင်သလို ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များရဲ့ သံသယနဲ့ ပုတ်ခတ်ဝေဖန်မှုတွေကိုလည်း




အောင်ဇမ္ဗူတောရ
ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင်
ကိန်းဝပ်တော်မူသော
ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖမ္မူတောရ ကျောင်းဝင်းထဲတွင် တည်ထားတော်မူသော ရပ်တော်မူမြတ်စွာဘုရားကြီး



အသွင်သဏ္ဍာန်တော် အလွန်ထူးခြားတော်မူသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်

တားဆီးကာကွယ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

အဲဒီတော့ စကားမစပ် ပြောပါရစေ ဆိုတာကို ဆက်လိုက်ရရင် ဗုဒ္ဓ ရုပ်ပွားဆင်းတုတော် ထုလုပ်ပူဇော်မှုဟာ အေဒီ ၁ ရာစုလောက်ကတည်းက ဗုဒ္ဓဘာသာဝင် ဂန္ဓာရတိုင်းသား ယွန်းလူမျိုးတွေ စတင်ပြုလုပ်ကြတယ်လို့ ခေတ်ပညာတတ် သုတေသီပညာရှင်တွေ လေ့လာဆန်းစစ်ကြပါတယ်။

တကယ်တော့ အဲဒီခေတ်ပညာတတ် သုတေသီတွေဟာ ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန်တွေကို မျက်စိလျှမ်းသွားတာ ဖြစ်ပါလိမ့်မယ်။ ၅၅၀ နိပါတ်တော် ကလိင်္ဂဗောဓိဇာတ်၊ ဝင်ကိုးဝင် (ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ အနာဂတဝင်၊ ဒါဌာဓာတုဝင်၊ ဒီပဝင်၊ ထူပဝင်၊ ဗောဓိဝင်၊ သာသနာဝင်)၊ လောကပညတ္တိကျမ်း၊ ဆဂတိဒီပနီကျမ်း၊ ဇင်းမယ်ပဏ္ဏာသ စတဲ့ ကျမ်းတွေထဲမှာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကတည်းက ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော် ထုလုပ်ပူဇော် ကိုးကွယ်မှုဟာ ရှိနေပြီလို့ အခိုင်အမာ မိန့်ဆိုတော်မူထားပါတယ်။

ထူပဝင်၊ ကေသဓာတုဝင် စတဲ့ ကျမ်းတွေထဲမှာ အရှင်အနုရုဒ္ဓါနဲ့ သူငယ်ချင်း ခြောက်ပါးတို့ဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် ချီးမြှင့်ပေးအပ်တဲ့ ဆံတော်ခြောက်ဆူ ရတဲ့အခါ ဆံတော်ဓာတ်ကို ဌာပနာပြီး စေတီတည်တယ်။ အဲဒီအခါမှာ သိကြားမင်းကလည်း ဗုဒ္ဓ ရုပ်ပွားဆင်းတုတော် ဖန်ဆင်းပြီး ဌာပနာ ထည့်တော်မူတယ်လို့ ဆိုပါတယ်။

လောကပညတ္တိကျမ်း၊ ဆဂတိဒီပနီကျမ်းတို့မှာလည်း ဟိမဝန္တာမှာနေတဲ့ နတ်မိဖုရားကြီး ဟာရိနီရယ်၊ သူ့မောင်တော် မဟေသရ ဘုမ္မစိုးနတ်မင်းကြီးတို့ဟာ မြတ်စွာဘုရားကို ကြည်ညိုလွန်းလို့ ဟန္တာဂီရိတောင်မှာ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော် တည်ထားပူဇော်တယ်လို့ ဆိုပါတယ်။

ဇင်းမယ်ပဏ္ဏာသ ပဉ္စဂုံလိဇာတ် (ဝတ်တင်ဂုလိဇာတ်) ထဲမှာ ကောသလမင်းကြီးဟာ မြတ်စွာဘုရားရှင်ကို ကြည်ညိုလွန်းတော့ မြတ်စွာဘုရားရဲ့ အရိပ်တော်အောက်က တစ်ဖဝါး မခွာလိုတဲ့ သဘောနဲ့ စန္ဒကူးသားကို ရုပ်ပွားဆင်းတုတော် ထုလုပ်ပြီး နန်းတော်ဦးမှာ ပူဇော်ကိုးကွယ်တယ်လို့ ဆိုပါတယ်။ နောက်ထပ် သက်သေသာဓက ဆောင်ပြစရာတွေ အများအပြား ရှိသေးပေမယ့် ဒီနေရာမှာတော့ ဒီလောက်ဆိုလုံလောက်ပြီလို့ ထင်ပါတယ်။

ဒီအထောက်အထားတွေ အရ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကတည်းက မြတ်ဗုဒ္ဓကိုယ်တော်စား ရုပ်ပွားဆင်းတုတော်တွေ ထုလုပ်ပူဇော်နေကြပြီဆိုတာ ထင်ရှားပါတယ်။ ဒီလို ထုလုပ်ပူဇော်သူတွေထဲမှာ လူသားတွေတင် မကဘူး၊ သိကြားမင်းတောင် ပါတယ်နော်။

ဘာကြောင့် အခုလို ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တွေ ထုလုပ်ပူဇော်ကြရတာလဲ။ ဒီမေးခွန်းအတွက် အကောင်းမွန် ပြည့်စုံတဲ့ အဖြေပေးဖို့ဆိုရင်တော့ ကျမ်း





www.burmeseclassic.com

www.burmeseclassic.com

တစ်စောင် ပေတစ်ဖွဲ့ ဖြစ်သွားလိမ့်မယ်။ အဖြေပေးတဲ့ ပုဂ္ဂိုလ်ရဲ့ သဒ္ဓါအားနဲ့ ဉာဏ်အားကောင်းရင်ကောင်းသလောက် 'ဗုဒ္ဓဂုဏပကာသနီ' ဆိုတဲ့ ကျမ်းကြီးကျမ်းခိုင်မျိုး ဖြစ်သွားပါလိမ့်မယ်။ ဒီနေရာမှာတော့ သဘောမိရုံလောက်ပဲ တင်ပြခွင့်ပြုစေချင်ပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဓမ္မပဒဂါထာ ၂၉၇ မှာ အခုလို ဟောကြားတော်မူပါတယ်။

"ပူဇော်ထိုက်ကုန်သော တဏှာ၊ မာန၊ ဒိဋ္ဌိ သံသရာနယ်ချဲ့တရား သုံးပါးကို လွန်မြောက်ပြီးကုန်သော၊ စိုးရိမ်ခြင်း၊ ပူဆွေးငိုကြွေးခြင်းတို့ကို လွန်မြောက်ပြီးကုန်သော ကိလေသာငြိမ်း၍ ဘေးကင်းသည့် ဘုရားရှင်နှင့် တပည့်သာဝကတို့ကို ပူဇော်သူ၏ကောင်းမှုကို ဤကောင်းမှုသည် ဤမျှသာ အကျိုးရှိသည်ဟု မည်သူမျှ မရေတွက်နိုင်ပေ"

ဒါ့အပြင် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုဖြစ်စေ၊ ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ကြွင်းကျန်ရစ်တဲ့ ဓာတ်တော် မွေတော် စေတီပုထိုးတို့ကိုဖြစ်စေ ရှိခိုးပူဇော်ခြင်းဟာလည်း အတူတူ ထပ်တူထပ်မျှ အကျိုးရရှိကြောင်း ခုဒ္ဒကနိကာယ် ပီတဝိမာနဝတ္ထုမှာ အခုလို ဟောကြားတော်မူပြန်ပါတယ်။

"သက်တော်ထင်ရှားရှိသည့် ဘုရား၌လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုပြီးသည့်ဘုရား (ဓာတုစေတီ) စသည်၌လည်းကောင်း သဒ္ဓါကြည်ညိုစိတ် တူမျှလျှင် အကျိုးတရားလဲ တူမျှ၏၊ အဘယ်ကြောင့်ဆိုသော် သတ္တဝါတို့သည် စိတ်အလိုဆန္ဒကြောင့်သာ သုဂတိဘုံဘဝများသို့ လားရောက်ရသောကြောင့် ဖြစ်သည်"



အောင်ဇမ္ဗူတောရ ကျောင်းဝင်းထဲတွင် တည်ထားတော်မူသော လောကဥဒ္ဒေါင်ရုပ်ပွားတော်မြတ်အား အဝေးမှ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်

အဲဒီလို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောဖော်လမ်းညွှန်တော်မူခဲ့တဲ့ ဒေသနာတော်ကို မှီခိုကြည်ညိုပြီး ဗုဒ္ဓဘာသာဝင်တို့ဟာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တို့ကို ထုလုပ်ပူဇော်ကြတာ ဖြစ်ပါတယ်။ မိမိစိတ်ကူးတည့်သလိုစိတ်ကူးယဉ်လျှောက် လုပ်နေကြတာ မဟုတ်ပါဘူး။

အခုလို ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ ထုလုပ်ပူဇော်ကြတဲ့နေရာမှာလည်း စည်းကမ်းစနစ် အထောက်အထားတွေ အခိုင်အမာ ရှိရပါတယ်။

ရိုးရိုးသာမန် ပန်းပုရုပ်လေးတစ်ရုပ် ထုလုပ်တာတောင်မှ စည်းကမ်းစနစ်ရှိရသေးတာပဲ။ အခုလို ဂုဏ်တော်ကိုးပါးသခင် မြတ်စွာဘုရားရှင်ရဲ့ ကိုယ်




အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်အတွင်းရှိ အကျိုးတော်ဆောင်များ




www.burmeseclassic.com


www.burmeseclassic.com



အောင်ဇမ္ဗူတောရ ကျောင်းဝင်းထဲရှိ ဆွမ်းစားဆောင်



အောင်ဇမ္ဗူတောရ ကျောင်းဝင်းထဲရှိ ဘုရားဖူးများ နားနေဆောင်နှင့် ကျောင်းဝင်းအတွင်း ရှုမျှော်ခင်း



တော်ပွား ရုပ်ပွားဆင်းတု ထုလုပ်တဲ့နေရာမှာ အင်မတန် နက်ရှိုင်းသိမ်မွေ့နက်နဲ ကျယ်ဝန်းလှတဲ့ အသိပညာ အတတ်ပညာပိုင်းဆိုင်ရာ စနစ်ဇယားတွေ ရှိပါတယ်။

ဗုဒ္ဓရုပ်ပွားဆင်းတု ထုလုပ်မယ့် ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားရှင်ရဲ့ ၃၂ ပါးသော လက္ခဏာတော်ကြီး၊ ၈၀ သော အသေးစိတ် လက္ခဏာတော်တွေကို အနည်းဆုံး အခြေခံအားဖြင့် ဖြစ်စေ သိရှိနားလည်ထားရပါတယ်။ သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျစတဲ့ ပိဋကတ်သုံးပုံထဲက သုတ္တန်ကျမ်းတွေကို လေ့လာထားရပါတယ်။

ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုလုပ်တဲ့အခါမှာ သရုပ်ဖော် ထုလုပ်လို့ရတဲ့ လက္ခဏာတော် ၂၀ နဲ့ သရုပ်ဖော်လို့မရတဲ့ လက္ခဏာတော် ၁၂ ပါးတို့ အကြောင်းကိုလည်း သိရှိနားလည်ထားရပါတယ်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုလုပ်တဲ့အခါ ကန်တော့ပွဲ ပြင်ဆင်ရတဲ့ အစီအစဉ်တွေရှိသလို လိုက်နာရတဲ့ စနစ်အမျိုးပေါင်း ၁၀၈ မျိုး ရှိတာကိုလည်း နားလည်ကျွမ်းရတယ်။

ဘယ့်နှယ်လဲ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူ ပူဇော်ဖို့ဆိုတာ ခပ်လွယ်လွယ်လေး မဟုတ်ဘူးဆိုတာကိုတော့ ရိပ်မိကြလောက်ရောပေါ့။ အခုခေတ်ကတော့ ဘုရားဈေးတော်ရုံတွေမှာအလွယ်တကူ သွားရောက်ဝယ်ယူ ပူဇော်လိုက်ကြတာဆိုတော့ "ခပ်လွယ်လွယ်လေး မဟုတ်ဘူး" ဆိုတဲ့ စကားရပ်ကို နားလည်ရခက်လိမ့်မယ် ထင်ပါတယ်။ ထားပါတော့။ ဒီအတွက် စကားစစ်ထိုးမနေတော့ပါဘူး။

ရှေးအခါတုန်းက (ယခုလည်း တချို့ပုဂ္ဂိုလ်များ) ဘိုးဘွားဘီဘင်တွေ လက်ထက်တုန်းက အဲဒီလို စနစ်တကျ လေးလေးနက်နက် ပီပီပြင်ပြင် ထုလုပ်ပူဇော်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးမြော်ကြည်



www.burmeseclassic.com

www.burmeseclassic.com

ညီရတဲ့အခါ အသက်ဝင်နေသလိုလို၊ အစ်စုံတစ်ရာ ထူးခြားနေသလိုလို ခံစားရတာပါ။ အရပ်ထဲမှာ ပြောတတ်ကြတာအတော့ တန်ခိုးကြီးတယ်ပေါ့။

ဒါကတော့ စကားစပ်မိလို့ ပြောလိုက်တဲ့ကိစ္စပါ။ ဒီလို ပြောလိုက်တဲ့အတွက် "ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်" တစ်ဆူ ပူဇော်ရဖို့ ဘယ်လောက်ခက်ခဲနက်နဲတယ်ဆိုတာကို နှလုံးသွင်းမိကြလိမ့်မယ်လို့ ယူဆပါတယ်။ ဒါ့အပြင် "ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်"တွေဟာဘာကြောင့် တန်ခိုးကြီးရသလဲ ဆိုတာကိုလည်း ခြေခြေမြစ်မြစ်ဆင်ခြင်နိုင်ကြပါလိမ့်မယ်။ အထူးသဖြင့် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဓမ္မဗိမာန်မှာ ကိန်းဝပ်စံပယ် အပူဇော်ခံယူနေတော်မူတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို ဖူးမြော်ကြည်ညိုကြရာမှာလည်း သဒ္ဓါတရားမှာ အသိဉာဏ်ပညာတွဲဖက်ပြီး နှစ်နှစ်ကာကာ ဖြစ်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ပြောခဲ့တဲ့အတိုင်းပါပဲ၊ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဗိမာန်တော်အပေါ်ထပ်က ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို ဘွားခနဲ ဖူးမြင်လိုက်ရတဲ့အခါမှာ မှင်တက်မိသွားရပါတယ်။ မှင်တက်မိတယ်ဆိုတာက ရုတ်တရက် အံ့အားသင့်သွားတာကို ပြောတာပါ။ ပြီးတော့ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို။ ဗုဒ္ဓရုပ်ပွားတော်တွေကလည်း အံ့မခန်း အနုပညာလက်ရာ ပြောင်မြောက်လှသလို အရွယ်တော်(အတိုင်းအတာ)တွေကလည်း ထုနဲ့ ထည်နဲ့ ခံ့ခံ့ထည်ထည် ရှိလှပါတယ်။

ကိုမောင်မောင်မြတ်နဲ့ နှစ်ယောက်သား လိုက်လံကူညီ ရှင်းလင်းပြသပေးတဲ့ 'မောင်အောင်သန့်မြတ်' နဲ့အတူ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးမြော်ကြည်ညိုနေရတာ ပီတိတွေတဖွားဖွား ဖြစ်ပေါ်နေပါတယ်။ ဘုရားဖူး ပရိသတ်ကြီးကလည်း ထူထပ်များပြားလှတာမို့ တအိအိတရွေ့ရွေ့ ဖူးမြော်



အောင်ဇမ္ဗူတောရ ကျောင်းဝင်းထဲရှိ တစ်ပါးနေ ကျောင်းဆောင်နှင့် စိမ်းလန်းစိုပြည်နေသည့် သဘာဝပတ်ဝန်းကျင်



အောင်ဇမ္ဗူတောရ မုခ်ဦးနှင့် ဘုရားဖူးလာ ပရိသတ်တချို့





www.burmeseclassic.com

www.burmeseclassic.com

နေရတာဆိုတော့ ရုပ်ပွားတော်တစ်ဆူချင်းကို သေသေချာချာ အာရုံပြုနိုင်တာကလည်း ကျေနပ်စရာ ကောင်းလှပါတယ်။ ဘုရားဖူးပရိသတ်တွေကလည်း စည်းကမ်းတကျနဲ့ တစ်ယောက်ကို တစ်ယောက်က ဖေးဖေးမမ ရိုင်းရိုင်းပင်းပင်း အမူအရာလေးတွေနဲ့ ယဉ်ကျေးသိမ်မွေ့ကြတာကလည်း မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်များ ပီသကြောင်း သက်သေပြနေကြတာမို့ သာဓုခေါ်မိရပါတယ်။

ညီငယ်လေး မောင်အောင်သန့်မြတ်က ရှေ့ကနေကူညီရှင်းပြ၊ ကိုမောင်မောင်မြတ်ကလည်း သူ့ကင်မရာလေးနဲ့ တဖျပ်ဖျပ် ဓာတ်ပုံတွေရိုက် (အမှန်က ဓာတ်ပုံ၊ ဗွီဒီယို ရိုက်ခွင့်မပေးပါဘူး။ အပေါ်ထပ်ကို တက်တာနဲ့ လက်ကိုင်ဖုန်းတွေကိုပါ ပိတ်ထားကြဖို့ မေတ္တာရပ်ခံထားပါတယ်။ မိမိတို့က ဆရာတော်ဘုရားထံမှာ အကျိုးအကြောင်းရှင်းပြပြီး ခွင့်ပြုချက် ရယူပြီးမှ အခုလိုဓာတ်ပုံရိုက်ခွင့်ရတာ ဖြစ်ပါတယ်။) မိမိကလည်း မှတ်စရာ သားစရာတွေကို ခပ်သွက်သွက် ရေးရပါတယ်။

အခုဖူးတွေ့နေရတဲ့ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကတော့ ဘွဲ့အမည်တော် "မုနိ-မဟာမုနိ" ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၆၀၀ သက်တမ်းရှိတဲ့ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် ကိုယ်ပွားတော်အစစ် မုနိရုပ်ပွားတော် ဖြစ်ပါတယ်။

"မုနိ-မဟာမုနိ" ဗုဒ္ဓရှင်တော်မြတ်ကို ကြည်ညိုဖူးမြော်ရတဲ့ ဒကာ၊ ဒကာမတို့ဟာ အရာအားလုံး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်စေပြီး တိုးတက်အောင်မြင်မှုတွေရအောင် ဆုတောင်းပြည့်တယ်လို့ မှတ်သားရပါတယ်။

"ဆင်ဖြူတော်ခံ မြတ်စွာဘုရား" ရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ကြည်ညိုဖူးမြော် ပူဇော်ရတဲ့ သူဟာ သဘာဝဘေးအန္တရာယ်မှ ကင်းရှင်းခြင်း၊ စစ်ဘေး လက်နက်ဘေးမှ ကင်းဝေးခြင်း၊


အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်ကြီးနှင့် စာရေးသူ အမှတ်တရ


အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်ကြီး


အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်ကြီး အဝင်ဥပစာ


www.burmeseclassic.com

www.burmeseclassic.com



အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော် နံရံတွင် စိတ်ကူးဆန်းကြယ်စွာ အလှဆင်ထားသော ဓာတ်တော်ကြီးဆယ်ဘွဲ့ သစ်ထွင်းရုပ်ကြွများ

အရပ်လေးမျက်နှာမှလာသော ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးခြင်းအကျိုးတွေကို ရရှိခံစားရမှာဖြစ်ပါတယ်။

ရှေ့နား ဆက်သွားလိုက်တဲ့အခါမှာတော့ "ထိုင်တော်မူ မြတ်စွာဘုရား" ရုပ်ပွားတော်ကို ဖူးတွေ့ရပါတယ်။ "ထိုင်တော်မူ မြတ်စွာဘုရား" ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကန်တော့သူတို့ဟာ ရောဂါဘယကင်းဝေးခြင်း၊ ဖြစ်ပေါ်လတ္တံ့သော ကပ်ရောဂါများ ကင်းဝေးခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ခံစားရရှိနိုင်ပါတယ်။


"ရပ်တော်မူ မြတ်စွာဘုရားရှင်" ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကတော့ အသွင်သဏ္ဌာန်တော် တစ်မျိုးတစ်ဖုံ ထူးခြားပြီး အနုပညာလက်ရာ (ဗုဒ္ဓပဋိမာ သိပ္ပံပညာ) အနေနဲ့ အဆင့်အတန်း အလွန်မြင့်မားလှပါတယ်။ "ရပ်တော်မူ မြတ်စွာဘုရား"ထံတော်ပါးမှာဆုတောင်းမယ်ဆိုရင်တော့ မိမိ လိုရာဆန္ဒတွေ အလွယ်တကူနဲ့ ပြည့်စုံနိုင်တယ်လို့ မှတ်သားရပါတယ်။

"လျောင်းတော်မူ မြတ်စွာဘုရား" ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ပုံသဏ္ဌာန်တော်မျိုးဟာ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်တွေထဲမှာ အလွန်ဖူးတွေ့ရခဲတဲ့ ဟန်ပန်အနေအထား ဖြစ်ပါတယ်။ ပန်းပုအနုပညာ အနေနဲ့ရော၊ ဗုဒ္ဓပဋိမာသိပ္ပံပညာအနေနဲ့ရော အလွန်နက်ရှိုင်းသိမ်မွေ့ပြီး အချိုးအဆစ် ပြေပြစ်လွန်းလှပါတယ်။ အေးချမ်းတည်ငြိမ်ပြီး အေးမြကြည်လင်တဲ့အသွင်သဏ္ဌာန်တော် အပြည့်အဝ ဆောင်တော်မူတဲ့ "လျောင်းတော်မူမြတ်စွာဘုရား" ကို ကြည်ညိုဖူးမြော် ပူဇော်ရတဲ့အတွက် ဇနီးမောင်နှံ ရာသက်ပန် မပြိုကွဲခြင်း၊ သားသမီး ညီအစ်ကို မောင်နှမများ မပြိုကွဲခြင်း၊ ချွေးမ သမက် မြေး မြစ်တို့ မပြိုကွဲခြင်း၊ မိသားစု ဆွေမျိုးဉာတိ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေထိုင်ရခြင်း အကျိုးတရားတွေနဲ့ ပြည့်စုံနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇမ္ဗူတောရ ဓမ္မဗိမာန်တော်ကြီးအတွင်းရှိ သိမ်တော်ကြီး



အောင်ဇမ္ဗူတောရ အလှူရှင် ကမ္ပည်းကျောက်စာ



အကျိုးတော်ဆောင်
မောင်အောင်သန့်မြတ်တို့
ညီအစ်ကိုနှင့်အမှတ်တရ

"ဘီလူးနဂါးမင်းအချုပ် နဂါးရုံမြတ်စွာဘုရား" ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကတော့ ဘွဲ့အမည် နာမတော်ရော ထုလုပ်ပူဇော်ထားတဲ့ ပန္နီမာ သိပ္ပံပညာအရပါ နက်ရှိုင်းသိမ်မွေ့လွန်းလှပြီး ဖူးတွေ့ရခဲ့တဲ့ ပုံသဏ္ဌာန်မျိုးပါပဲ။

နဂါးရုံမြတ်စွာဘုရား ပုံတော်တွေဟာ နဂါး တစ်ကောင်၊ နဂါး နှစ်ကောင်၊ နဂါး သုံးကောင်၊ နဂါး ငါးကောင်၊ နဂါး ကိုးကောင် စတဲ့ နဂါးဦးခေါင်းပါ နဂါးရုံမြတ်စွာဘုရားပုံတော်တွေ ဖြစ်ပါတယ်။

အခု ဖူးတွေ့နေရတဲ့ "ဘီလူးနဂါးမင်းအချုပ် နဂါးရုံမြတ်စွာဘုရား" ပုံတော်က ခန္ဓာကိုယ်ပိုင်းမှာ နဂါးသဏ္ဌာန်ဖြစ်ပြီး ဦးခေါင်းပိုင်းမှာ ဘီလူးဦးခေါင်း ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ကို ခြံရံပူဇော်နေတဲ့ ဘီလူးနဂါး ခုနစ်ကောင်ရှိပါတယ်။ ပင်ကိုသဘာဝ ခက်ထန်ပုံပေါ်လွင်နေတဲ့ ဘီလူးနဂါး ခုနစ်ကောင်ရဲ့အလယ်မှာ ကိလေသာကင်းစင်အေးမြ ကြည်လင်နေတော်မူတဲ့ မြတ်စွာဘုရားရှင်ကို ဖူးတွေ့လိုက်ရတဲ့အခါ မိမိ ကိုယ်တိုင်မှာလည်း ဘေးအပေါင်း ရန်အပေါင်း ကင်းဝေးကြည်လင်သွားသလို ခံစားလိုက်ရတာကတော့ ဖော်မပြတတ်အောင် နက်ရှိုင်းလှတဲ့ ထူးခြားမှုတစ်ရပ်ပါပဲ။

"ဘီလူးနဂါးမင်းအချုပ် နဂါးရုံမြတ်စွာဘုရား" ကို ဖူးမြော်ကြည်ညိုပူဇော်ရတဲ့ ဒကာ၊ ဒကာမအပေါင်းသူတော်ကောင်းတို့ဟာ ရေနှင့်ဆက်စပ်သော လုပ်ငန်းများ စီးပွားဖြစ်ထွန်းအောင်မြင်ခြင်း၊ စီးပွားလာဘ်လာဘတိုးတက်ခြင်း အကျိုးတရားတွေ ဖြစ်ပွားအောင်မြင်နိုင်ပါတယ်။

"ဗောဓိပင်နှင့် ရွှေပလ္လင် မြတ်စွာဘုရား" ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကိုတော့ အလွန် လက်ရာပြောင်မြောက်တဲ့ ပလ္လင်တော်မြတ်ပေါ်မှာ ကိန်းဝပ်စံပယ်နေတော်မူတာကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါတယ်။

"ဗောဓိပင်နှင့် ရွှေပလ္လင်မြတ်စွာဘုရား"ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်မာန်လျှော့ ကန်တော့ရတဲ့ မြတ်စွာဘုရားရှင်ရဲ့ သားတော်၊ သမီးတော်၊ ဒကာ၊ ဒကာမအပေါင်းသူတော်ကောင်းတို့ဟာ မိမိစည်းစိမ် မပျက်စီးခြင်း၊ မိမိရာထူး မပျက်စီးခြင်း၊ အေးချမ်းအောင်မြင်ခြင်း ဆုထူးဆုမြတ်တွေနဲ့ ပြည့်စုံစေပါတယ်။

ကြည်ညိုဖူးမြော် ပူဇော်ရတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်တွေကို အကုန်အစင် ဖော်ထုတ်





www.burmeseclassic.com

www.burmeseclassic.com

အကွာရာတင်ရမယ်ဆိုရင်တော့ အနည်းဆုံး စာမျက်နှာ ၅၀၀ လောက်ရှိမယ့် စာအုပ်ကြီးတစ်အုပ် ဖြစ်သွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ် အဆူပေါင်းဟာ ၃၀၁ ဆူ ရှိတော်မူလို့ပါပဲ။

၃၀၁ ဆူရှိတဲ့ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို အောင်ဇမ္ဗူတောရမ္မရိပ်သာ ဗိမာန်တော်ကြီးမှာ အခုလို အားပါးတရ ပူဇော်ဖူးမြော်နိုင်အောင် လှူဒါန်းခဲ့တဲ့ အလှူရှင် ဘုရားဒါယကာကြီးကတော့ ဂျပန်လူမျိုး မစ္စတာ ကာတာစုယူကီ ကူမာနို (MR. KATSUYUKI KUMANO, President - Japan Myanmar Crosslink Association, .Tokyo Japan) ဖြစ်နေတာကလည်း ကြားသိရသူအပေါင်းကို အံ့တသြ ဖြစ်စေခဲ့ပါတယ်။

မစ္စတာ ကာတာစုယူကီကူမာနိုဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က မြန်မာနိုင်ငံကို ရောက်ရှိလာခဲ့ပြီး မြန်မာအမျိုးသမီးတစ်ဦးကို မေတ္တာသက်ဝင် အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပါတယ်။ ဒီလိုအကြောင်းအကျိုးဆက်စပ်လာတာမို့ မစ္စတာကာတာစုယူကီကူမာနိုဟာ ဂျပန်နဲ့ မြန်မာပြည်ကို အိမ်ဦးနဲ့ကြမ်းပြင်ပမာ ကူးလူးသွားလာ နေထိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ တစ်နေ့သောအခါမှာ မစ္စတာကာတာစုယူကီကူမာနိုဟာ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသကိုသွားရောက်လည်ပတ် လေ့လာခွင့်ရခဲ့ပါတယ်။

တကယ်တော့ မစ္စတာ ကာတာစုယူကီကူမာနိုဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ လောက်ကတည်းက ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသကို ရောက်ခဲ့ဖူးပြီး ပုဂံရှေးဟောင်းရုပ်ပွားတော် ဗုဒ္ဓဆင်းတုတော်မြတ် (အမည်းရောင်ရှိ) တစ်ဆူကို အမှတ်ထင်ထင် ဖူးမြင်ခဲ့ရပြီး ဂျပန်နိုင်ငံ ပြန်ရောက်တဲ့အခါမှာ အိပ်မက်ထဲမှာ ဖူးတွေ့ရပြန်ပါတယ်။ ဒီလို အိပ်မက်တာက မကြာခဏဆိုသလို မြင်မက်လေ့ရှိပြီး အဲဒီစိတ်နဲ့ မစ္စတာကာတာစုယူကီကူမာနိုဟာ စားမဝင် အိပ်မပျော် ဖြစ်လာရပါတယ်။

မစ္စတာကာတာစုယူကီကူမာနိုဟာ အရင်က ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်ပါတယ်။ ပုဂံရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် (အမည်းရောင်ရှိ)ကို အဲဒီလို အိပ်မက်ထဲမှာ မကြာခဏ မြင်မက်ရာကနေ ဗုဒ္ဓဘာသာကို စိတ်ညွတ်လာပြီး နောက်ဆုံးတော့ ဗုဒ္ဓဘာသာဝင်အဖြစ် လုံးဝ ခံယူလိုက်ပါတယ်။ ပုဂံရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကိုလည်း သဒ္ဓါတရားထက်ထက်သန်သန်နဲ့ မြူပြင်မွှမ်းမံ လှူဒါန်းပူဇော်ခဲ့ပါတယ်။

မစ္စတာ ကာတာစုယူကီကူမာနိုဟာ အဲဒီလို လှူဒါန်းပူဇော်ပြီးတဲ့အခါ "ငွေကြေးပြည့်စုံရင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်လိုပါတယ်"လို့ ဆုတောင်းခဲ့တယ်။ ဆုတောင်းတဲ့အတိုင်း ပြည့်စုံရုံသာမက ပိုလျှံလာတဲ့အခါ မစ္စတာ ကာတာစုယူကီကူမာနိုဟာ မြန်မာနိုင်ငံ ခေတ်ခုနစ်ခေတ်မှာ ထုလုပ်ပူဇော်ခဲ့တဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေကို ဝယ်ယူပူဇော်ခဲ့ပါတယ်။

မစ္စတာကာတာစုယူကီကူမာနိုဟာ ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းရှိ မိမိနေအိမ်မှာ အဲဒီဝယ်ယူပူဇော်ထားတဲ့ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်တွေကို ကိုးကွယ်ပူဇော်ထားပါတယ်။ အဲဒီအချိန်တုန်းက မစ္စတာကာတာစုယူကီကူမာနိုဟာ သူ ဝယ်ယူပူဇော်ထားတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေကို အခုလို လှူဒါန်းဖို့ မဆိုထားနဲ့ ရင်းနှီးတဲ့မိတ်ဆွေ၊ သူငယ်ချင်းတွေကိုတောင် ဖူးမြော်ခွင့် မပေးခဲ့ပါဘူး။ အသိပေး မပြသခဲ့ပါဘူး။ သူ ဆုတောင်းအဓိဋ္ဌာန်ထားတဲ့အတိုင်း ဝယ်ယူပူဇော်နေရတာကိုပဲ ကျေနပ်နေခဲ့တာပါ။

အကြောင်းကံ ဖန်လာချင်တော့ (၁၂. ၁၀. ၂၀၁၂)ရက်နေ့ နံနက် ၇ နာရီအချိန်မှာ မစ္စတာကာတာစုယူကီကူမာနိုဟာ အောင်ဇမ္ဗူတောရမ္မရိပ်သာ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသကို လာရောက်ဖူးမြော်ရာကနေ ဆရာတော်ထံ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ လှူဒါန်းလိုစိတ်တွေ တဖွားဖွားနဲ့ ယိုဖိတ်လာခဲ့ရတာ ဖြစ်ပါတယ်။

တကယ်တော့ မစ္စတာကာတာစုယူကီကူမာနိုဟာ မိမိရဲ့ ရှေးဘဝ အကြောင်းကံကြောင့်သာ အခုလို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို ပူဇော်ခွင့်ရတာလို့ ယုံကြည်ထားသူဖြစ်တဲ့အတွက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို ရိုရိုသေသေ မြတ်မြတ်နိုးနိုး ပူဇော်ကိုးကွယ်နေတာပဲ ဖြစ်ပါတယ်။



လိုက်လံရှင်းပြပေးသူ မောင်အောင်သန့်မြတ်နှင့် အမှတ်တရ

www.burmeseclassic.com

သူ ဝယ်ယူစုဆောင်း ပူဇော်ထားတဲ့ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တွေဟာ ရွှေဟောင်းအစစ်အမှန်တွေသာဖြစ်ပြီး မြန်မာဘုရင် နရသီဟပတေ့မင်း ကိုးကွယ်ပူဇော်ခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့ ပင်းယခေတ် ရုပ်ပွားတော်တွေလည်း ပါဝင်ပါတယ်။

အခုတော့ အဲဒီရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသထံ လှူဒါန်းဖို့ မစ္စတာ ကာတာစုယူကီကူမာနို ဆုံးဖြတ်လိုက်ပါပြီ။

ဘာကြောင့် မစ္စတာကာတာစုယူကီကူမာနိုဟာ အခုလို ဆုံးဖြတ်လိုက်ရသလဲဆိုတာ အလွန် စိတ်ဝင်စားဖို့ကောင်းပါတယ်။ ပြောရရင် မစ္စတာကာတာစုယူကီကူမာနိုရဲ့ လှူဒါန်းမှုဟာ ငွေကြေးဥစ္စာ ပြည့်စုံမှုတစ်ခုတည်းနဲ့ လှူဒါန်းနိုင်တာမျိုး မဟုတ်ပါဘူး။

သူ့ယုံကြည်ချက် အဓိဋ္ဌာန်အရ မြတ်မြတ်နိုးနိုး ကိုးကွယ်ပူဇော်ထားတဲ့ ရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော် ၃၀၁ ဆူကို ရက်ရက်ရောရော ပေးအပ်လှူဒါန်းတာ ဖြစ်ပါတယ်။ အခုလို ရဲရင့်ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ဘာကြောင့် သူချမှတ်နိုင်ခဲ့သလဲဆိုတာနဲ့ ပတ်သက်ပြီး (၂၈. ၁၂. ၂၀၁၂)ရက်နေ့ နံနက် ၇ နာရီ အချိန်မှာ ကျင်းပတဲ့ အောင်ဇမ္ဗူဗိမာန်ရင်ပြင်တော်ဖွင့်ပွဲနဲ့ ကျောင်းရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားမှာ မစ္စတာကာတာစုယူကီကူမာနိုကိုယ်တိုင် အခုလို ပြောပြခဲ့ပါတယ်။

"ဒီရွှေဟောင်းဗုဒ္ဓရုပ်ပွား ဆင်းတုတော်များဟာ မှောင်ခိုဈေးကွက်မှ တစ်ဆင့် တိုင်းတစ်ပါးကို ရောက်သွားမှာ မလိုလားတဲ့အတွက် မိမိအနေနဲ့ ဝယ်ယူစုဆောင်း သိမ်းဆည်းပူဇော်ခဲ့တာ ဖြစ်ပါတယ်၊ ကံကောင်းနေတာကတော့ ကုသိုလ်ကောင်းမှု ပြုလုပ်လို့ဖြစ်ပြီး မိုးနတ်မင်းကြီးကလဲ စောင့်ရှောက်ပေးခဲ့တာမို့ ငွေကြေးဥစ္စာခနေ ပြည့်စုံတိုက်ဆိုင်နေချိန်မှာ ဒီလိုအလှူတော်မင်္ဂလာပွဲကြီး ထမြောက်အောင်မြင်ခဲ့ရတာ ဖြစ်ပါတယ်။

ဒီ ရွှေဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များဟာ မိမိနေအိမ်တွင် ကိန်းဝပ်စံပယ်နေတော်မူစဉ်က မျက်နှာတော်များကို ဖူးတွေ့ရတာ ညှိုးနွမ်းနေတယ်လို့ ခံစားခဲ့ရပါတယ်၊ အခု အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသထံ အပ်နှံလှူဒါန်းပြီးနောက် ပြန်လည်ဖူးမြော် ကြည်ညိုလိုက်တဲ့အခါမှာတော့ ဗုဒ္ဓရုပ်ပွား မျက်နှာတော်များဟာ ကျေနပ်ဝမ်းမြောက် ပြုံးပျော် ကြည်နူးနေကြတယ်လို့ ခံစားရပါတယ်။

အခုမှပဲ ရွှေဟောင်းအမွေအနှစ် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တွေဟာ ဘုမ်နက်သန် နေရာမှန် ဖြစ်သွားပြီလို့ မိမိအနေနဲ့ ခံယူပြီး အတိုင်းထက်အလွန် ဝမ်းသာပီတိ ဖြစ်မိရပါတယ်။

ဒီလို ရွှေဟောင်းအမွေအနှစ် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်ဘုရားထံ အပ်နှံလှူဒါန်းလိုက်ရတာဟာ မိမိအနေနဲ့ ရွေးချယ်မှု မှန်ကန်သွားပြီလို့ စိတ်ချလက်ချ ယုံကြည်လိုက်ပါတယ် ခင်ဗျား"

အဲဒီလို ရဲရင့်ပြတ်သား ယုံကြည် ဝမ်းမြောက်စွာနဲ့ မစ္စတာကာတာစုယူကီကူမာနို ဆုံးဖြတ်ခဲ့ပြီးနောက် (၁၃. ၁၀. ၂၀၁၂)ရက်မှာ ရွှေဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များဟာ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဗိမာန်တော်ကို စတင်ကြွရောက် သီတင်းသုံးတော်မူပါတယ်။

(၁၈. ၁၀. ၂၀၁၂) ရက်နေ့ နံနက် ၈ နာရီခွဲ အချိန်မှာတော့ ရေစက်သွန်းချ အမျှပေးဝေ လှူဒါန်းပူဇော်ပါတယ်။ ၂၇. ၁၂. ၂၀၁၂ ရက်နေ့ နံနက် ၉ နာရီအချိန်မှာ မစ္စတာကာတာစုယူကီကူမာနို လှူဒါန်းတဲ့ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၀၁ ဆူနဲ့ ခေတ်အလိုက် ဗုဒ္ဓဆင်းတုတော် ၁၁ ဆူ၊ ရွှေဟောင်း ရုပ်ပွားတော် ၃၀ ဆူတို့ကို ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် မင်္ဂလာပွဲကြီး ကျင်းပပူဇော်ပါတယ်။

အခုဆိုရင် မြန်မာ့ရွှေဟောင်း အမွေအနှစ်လည်းဖြစ်၊ သာသနာ့သမိုင်းဝင် ရွှေဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များလည်း ဖြစ်တော်မူသော မြတ်ဗုဒ္ဓကိုယ်စားတော် ရုပ်ပွားဆင်းတုတော်ပေါင်း သုံးရာကျော်တို့ဟာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေပြာကျေးရွာ၊ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဗိမာန်တော်ကြီးမှာ မျှတရွှင်ပြုံး သီတင်းသုံးတော်မူနေပြီ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်အပေါင်းနဲ့ ခုနစ်ရက်သားသမီးများ ကြွရောက်ဖူးမြော်ကြည်ညိုနိုင်ဖို့အတွက် ကြာသပတေးသောကြာ၊ စနေ၊ တနင်္ဂနွေ နေ့များမှာ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဗိမာန်တော်ကိုဖွင့်လှစ်ပေးထားပါတယ်၊ မည်သူမဆို လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြပါတယ်။

သွားရေးလာရေး အနေနဲ့လည်း ရန်ကုန်-မှော်ဘီ၊ ရန်ကုန်-တိုက်ကြီး အမြန်ယာဉ်ကားလေးများ၊ ၁၃၁၊ ၁၃၂၊ ၂၂၃၊ ၂၂၀ အမှတ်တံဆိပ်တပ် ကားလေးများ၊ ၁၃၂၊ ၁၅၂၊ ၁၇၂ အမှတ်တံဆိပ်တပ် ကားကြီးများကို သက်သာလွယ်ကူစွာ စီးနင်းနိုင်ကြပြီး မှော်ဘီ တိုးဂိတ် (Toll Gate) အလွန် မှတ်တိုင်ခုနစ်ခုမြောက် "စမ်းချောင်းပေါက် မှတ်တိုင်" မှာဆင်းပြီး ခြေကျင်ဖြစ်စေ၊ ကယ်ရီဆိုင်ကယ်များနဲ့ဖြစ်စေ သွားရောက်နိုင်ကြပါတယ်။

ဘုရားဒါယကာကြီး မစ္စတာကာတာစုယူကီကူမာနိုက အခုလို ဆု တောင်းခဲ့တာလေးကို ပြန်လည်မျှဝေရင်း ဘုရားဖူးကြွခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါရစေ။

"ဘုရားဖူးလာသူ လူအပေါင်း ချမ်းသာခြင်း၊ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ"

မေတ္တာရည်လျက်

❑ တက္ကသိုလ်တင်ဟန်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ကမ္ဘာမြေနှင့် ထိစပ်ပတ်သက်နေသော ဘုံသားများကား တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံသားများပင်တည်း။ မမြင်အပ်သော ဘုံသားများတို့သည် အမှန်တကယ် ရှိကြောင်းကို ဗုဒ္ဓမြတ်စွာ ဘုရားရှင်တော် မိန့်တော်မူ၏။ ပြောမယုံ ကြုံမှသိကြသည်မို့ မောင်မောင် ကိုယ်တွေ့ အဖြစ်အပျက်များကို တင်ပြလိုပါသည်။

ပြိတ္တာဘုံသားများတွင် သရဲ၊ တစ္ဆေ ပြိတ္တာအမျိုးမျိုး ပါဝင်သလို အသူရကာယ်ဘုံလောကတွင်လည်း ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများနှင့် အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ နဂါး၊ ဂဠုန်၊ ယက္ခ၊ ဘီလူး၊ ဂုမ္ဘာဏ်များလည်း ပါဝင်ပေသည်။




# ရှိုးရာဇလေ့ထုံးစံနှင့် နတ်ကိုးကွယ်ယုံကြည်မှု

မောင်မောင်(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ ဘုရားရှင်တော်မြတ်ကြီးအား မထီမဲ့မြင် ဒုက္ခပေးခဲ့သော မာရ်နတ်၊ အာဠဝကနှင့် ပုဏ္ဏကဘီလူးမင်း၊ နန္ဒောပနန္ဒ နဂါးမင်းတို့အား အောင်ခြင်းရှစ်ပါး မင်္ဂလာတရားတော်တွင် မေတ္တာဓာတ်နှင့် အောင်မြင်တော်မူခဲ့ကြောင်းကို လူတိုင်း သိရှိနားလည်ကြပေသည်။

အတွင်း ၃၇ မင်းတွင် ကမ္ဘာစောင့်နတ်မင်းကြီးလေးပါး ပါဝင်သလို စစ်သေနာပတိ ဘီလူးမင်း၊ နတ်များ၊ နဂါးမင်း၊ ဂဠုန်မင်း၊ ယမမင်း စသည်တို့ ပါဝင်သည်။

အပြင် ၃၇ မင်း နတ်များတွင်လည်း ဦးမင်းကျော်၊ မြင်းဖြူရှင်၊ ဆင်ဖြူရှင်၊ အောင်နိုင်နတ်၊ မန့်လေး၊ အိမ်တွင်းမင်းမဟာဂီရိနတ်တို့အပါအဝင် ဖြစ်၏။

မောင်မောင့်မိခင်ကြီး ဖြစ်သူ ဒေါ်ကျော့မေကား ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့် နတ်ကိုးကွယ်ယုံကြည်သူလည်း ဖြစ်သည်။

ဖခင်ကြီး ဦးသန်းလွင်ကတော့ ခရစ်ယာန်ဘာသာဝင် ဖြစ်သော်လည်း ဇနီးဖြစ်သူ၏ ကောင်းရာလုပ်ခြင်းကိစ္စများကို ဟန့်တားခြင်းမရှိခဲ့ပါ။

သူကိုယ်တိုင် မယုံကြည် မကိုးကွယ်သော်မှ ဇနီးဖြစ်သူ စိတ်ချမ်းသာစေဖို့ လိုအပ်သည်များကို ပံ့ပိုးကူညီပေးလေ့ရှိသည်။

အိမ်တွင် မင်းကြီး မင်းလေးနတ်နှစ်ပါး ကိုးကွယ်သည်မို့ တရုတ်အမဲ (ဝက်သား) မစားရ၊ မချက်ရပါချေ။ မောင်မောင်က ဝက်သားပေါက်စီကို အလွန်ကြိုက်သလိုပင် ဖခင်ကြီးလည်း အပြင်တွင် ဝက်သားစားတတ်၏။

တစ်နေ့ အိမ်တွင် စားတော်ဆက်ရင်း မိခင်ကြီးအား နတ်ဝင်ပူးပါလေတော့သည်။

ပူးဝင်သောနတ်က မောင်မောင့်အား မျက်ထောင့်နီဖြင့် စူးစိုက်ကြည့်ပြီး . . .

"ဒီကောင် . . တရုတ်အမဲတွေ အပြင်က စားလာတယ်" ဆိုတော့၏။

အံ့ဩစရာပါပေ။ ဘယ်လိုလုပ်ပြီး နတ်က မောင်မောင် အပြင်ဘက်မှာ စားခဲ့သည်ကို သိနေရပါလိမ့်။

ထို့ထက်မက၊ မယုံနိုင်စရာအဖြစ်အပျက်လည်း ကြုံတွေ့ရပါသေး၏။ အိမ်တွင် စားတော်ပွဲများနှင့်တကွ နတ်ပေါင်းစုံအား စားတော်ဆက်သ၏။

ထုံးစံအတိုင်း မိခင်ကြီး ဒေါ်ကျော့မေအား နတ်ဝင်ပူးပြီး နတ်ဆက်သထားသော ရမ်ပုလင်း (မဖောက်ရသေး)အား ပါးစပ်ဖြင့်ဖွင့်ကာ တစ်ရှိန်တည်း တစ်ကျိုက်တည်း အရက် တစ်ပုလင်းလုံး ကုန်စင်အောင် မော့သောက်လိုက်ပါတော့သည်။

မောင်မောင်တို့ သားသမီးတွေသာမက ဖခင်ကြီးနှင့် ကြီးတော်များတို့ပါ "ဟာ. . . ဒုက္ခတော့ ရောက်ပါပြီ" ဟု စိုးရိမ်ပူပင်သောကများ ဝင်ရောက်လာတော့၏။

မိခင်ကြီးသည် ဖခင်ကြီး အရက်သောက်လာသည်ကိုပင် အနံ့ပင် ခံနိုင်သည်မဟုတ်သူ ဖြစ်၏။ အရက်သောက်ဖို့ဆိုသည်က ဝေလာဝေးပါပေ။

အခုတော့ အရက်ချိုးကြီးများ၊ ယောကျ်ားရင့်မာကြီးများပင် အရက်တစ်ပုလင်းလုံးကို ဘာမှမပါ တစ်ရှိန်ထိုးမနားတမ်းသောက်ချဝံ့သူမရှိသလောက်ပင်တည်း။

အကယ်၍ ထိုသို့သောက်ချပါကလည်း လွယ်မည်တော့ မထင်ပါချေ။ ခက်တော့ခက်ချေပြီ။ ဆရာဝန် ပြေးခေါ်ရတော့မလိုလို၊ တစ်ခါတည်းဆေးရုံသို့ တန်းပို့ရမလိုလို အားလုံး ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ တုန်လှုပ် ချောက်ချားသွားကြရတော့၏။

ကြည့်လိုက်တော့ နတ်က ပျော်ပါးလို့ ကခုန်လျက်ရှိ၏။ မိခင်ကြီးကို ဝင်ပူးနေသောနတ်က အရက်သောက်ပြီးမှ ကြက်ကောင်လုံးကြော်ကို ဖဲ့စားသောက်သလို ခွက်ဖလားနှစ်လုံးကိုပင် လက်မှမကျစေဘဲ ကခုန်လျက်ရှိတော့၏။ နတ်ပူးဝင်ရာက ထွက်ချိန်ကိုတော့ ရင်မောလှစွာဖြင့် တထိတ်ထိတ်ဖြစ်ရင်းတတ်နိုင်ပါက နတ်ကို ပူးရာက မထွက်စေချင်သေးပေ။

တကယ် နတ်ပူးရာက ထွက်သွားသည့်အခါ မိခင်ကြီး ပျော့ခွေလဲကျသွားတော့၏။ အားလုံးက ဝိုင်းဝန်း၍ ခြေထောက်ချိုးတဲ့သူက ချိုးကြ၊ သတိပြန်လည်လာရန် ယပ်ခတ်ပေးသူပေးနှင့် အလုပ်ရှုပ်ကုန်တော့၏။ နှလုံး ခုန်၊ မခုန် စမ်းကြည့်တော့ တော်ပါသေး၏။ ခုန်နေသေးသော်လည်း တိုးညင်သာလွန်းနေပြီတည်း။

သိပ်တော့ မကြာ၊ မိခင်ကြီး ဟင်းခနဲ သက်ပြင်းချသံကြားလိုက်ရပြီး သတိပြန်လည်လာသည့်အခါ . . .

"ဘာဖြစ်သွားတာလဲ" ဟု မေးရှာ၏။

ထူးဆန်း အံ့ဩဖွယ်ရာပါပေ။ အရက်တစ်ပုလင်းလုံး မော့သောက်ချလိုက်သော မိခင်ကြီးမှာ အရက်အလွန်အကျွံမူးသည့် ဟန်ပန်ပင် မတွေ့ရဘဲ ပါးစပ်တွင်ပင်အရက်နံ့ပင်မရပါတကား။ ဒီ့ပြင် နတ်ကတော်တို့ ဘာတို့ အရက်တစ်ပုလင်းလိုက် သောက်ပြရင်တော့ ယုံကြည်ဖို့ ခဲယဉ်းပါသည်။ တချို့က အရက်မမူးစေအောင် ထောပတ်များ မျိုသောက်ထားတတ်သလို သစ်မြစ်၊ သစ်ဖုများ ငုံထားတတ်ကြ၏။

(ဧကရာဇ်မြစ်သည် အရက်၏ တန်ခိုးကို ပျက်ပြယ်စေနိုင်ပါသည်။)

ကဲ. . . မောင်မောင်တို့ နတ်တကယ် ရှိ မရှိ ဘယ်လိုမယုံဘဲ ရှိအံ့နည်း။ မိခင်ကြီး ကိုယ်တိုင်က နတ်တကယ်ပင်ရှိနေကြောင်း သက်သေပြခဲ့ပြီ မဟုတ်လား။ ထိုအောက်နတ်တို့သည် တန်ခိုးဣဒ္ဓိပါဒ်များ ရှိသည်ကများ၏။

မယုံလို့လည်း မရပါချေ။ ဗုဒ္ဓဘုရားရှင်တော်မြတ်ကြီးကိုပင် တန်ခိုးပြိုင်ခဲ့ကြသေးသည်ပင်။ တခြားဘာသာ



www.burmeseclassic.com

www.burmeseclassic.com

ခြား၊ လူမျိုးခြားများတွင်လည်း ထိုသို့ မမြင်အပ်သော ပုဂ္ဂိုလ်ထူးများစွာတို့ အကြောင်း ပုံပြင်ဒဏ္ဍာရီလိုလို တကယ့် အဖြစ်အပျက်များစွာ ရှိနေကြောင်း လေ့လာသိရှိရပါသည်။

တချို့ကလည်း ရှေးအတိတ်ဘဝ ဘဝများက အကြောင်းအကျိုးဆက်များ ဟု ဆို၏။

အမှန်တော့ ဗုဒ္ဓတရားတော် အရ ကျွန်ုပ်တို့သည် ၃၁ ဘုံအတွင်း မကျွတ်မလွတ် နိဗ္ဗာန်လမ်းသို့ မတက် လှမ်းနိုင်သေးသမျှ ဘဝဒုက္ခသံသရာ ဝဲဩဃထဲ တဝဲလည်လည် ရှိနေကြခြင်း ကြောင့်သာ ဖြစ်တော့၏။ မိမိတို့ အား လုံးတို့သည် ဘဝတစ်ခုကနေ ဘဝတစ်ခု သို့ ကူးပြောင်းဖြစ်ပျက်နေကြခြင်းပါပေ။

တချို့ကလည်း လူဝင်စား ဘဝ ဝင်စား စသည်ဖြင့် ယူဆယုံကြည်နေကြ ၏။

အမှန်က ကျွန်ုပ်တို့သည် တစ် ဘဝဘုံသားမှ နောက်ဘဝသို့ မိမိတို့ ၏ ကုသိုလ် (ကောင်းမှု)၊ အကုသိုလ် (မကောင်းမှု) ကံအကြောင်း ပြုလုပ်ခြင်း အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ရ ခြင်းသာ ဖြစ်၏။

မိမိတို့ ဘယ်ဘုံ ဘယ်ဘဝက နေ လူဘုံသားဘဝသို့ ရောက်ရှိလာခြင်း ကို မသိကြသူတွေ များ၏။

တစ်ခါက နွေရာသီကျောင်းပိတ် ရက်အတွင်း မောင်မောင် အပါအဝင် မိခင်ကြီးတို့ မိတ်ဆွေသူငယ်ချင်း အစု ရှိကတော်များ ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးထွက်ကြ၏။

အမှန်က ဘုရားလည်းဖူးရင်း ပျော်ပွဲစားအဖြစ် ပိုကာ ဒေါင်းကြလို သည် ထင်ပါသည်။ ထိုမိတ်ဆွေများ ထဲတွင် ဒေါ်သန်းဆွေလည်း ပါသည်။ သူက နတ်ကိုးကွယ်ယုံကြည်သူ မဟုတ် ပေ။ ဒီတော့ သူမ အလွန်ကြိုက်နှစ် သက်သော ဝက်သားများကို ချိုင့်ကြီး ချိုင့်ငယ်ဖြင့် အကြော်အလှော် ဟင်းများ ပါချက်ကာ ယူဆောင်လာခဲ့ပေသည်။

အားလုံး အမျိုးသမီးကြီးခြောက်ယောက် နှင့် ကလေးဆို၍ မောင်မောင်နှင့် ဒေါ် သန်းစိန်၏ အိမ်ဖော် မိန်းကလေးသာ ပါ၏။ ကားသမားနှင့်ဆိုတော့ ကိုး ယောက်။

ရန်ကုန်ကစထွက်တော့ ကား မှာ ဘာမှ ဖြစ်ခြင်း မရှိပါ။ သို့သော် မိတ္ထီလာခရိုင် ကျောက်ပန်းတောင်းမြို့ နယ်တွင်းဝင်ရောက်လာတော့ ပြဿနာ စဖြစ်တော့၏။

ကားသည် သွားနေရင်း ထိုးထိုး ရပ်သွားတတ်၏။ ကားမောင်းသူက ဆင်း၍ ဘယ်နေရာ ဘာဖြစ်သည်ကို ကြည့်သော်လည်း ဘာမှမဖြစ်၊ အားလုံး ပုံမှန်အတိုင်းပါပေ။ တစ်ခါ စက်ပြန်နှိုး ၏။ နိုးပါသည်။ ဆက်မောင်းရာတွင် ကိုက်တစ်ရာလောက် အရောက်တွင် ထပ်မံထိုးရပ်သွားပြန်၏။

ဤသို့ နှိုးလိုက်၊ အနည်းငယ် မောင်းလိုက်၊ ထိုးရပ်သွားလိုက်နှင့် ဒုက္ခ များနေကြရတော့၏။

ကားမောင်းသမားကြီးက ဒီနယ် တစ်ကြောကို မောင်းနှင်နေကျဖြစ်သူမို့ ဤသို့ ကားမှာ ထိုးထိုးရပ်သွားခြင်းကို မသင်္ကာတော့ပါချေ။

ထိုအခါမှ မိမိတို့ ကားပေါ်ပါ လာသည့်သူတွေကို ရေတွက်ကြည့်မိ သည့်အခါတွင်တော့ လူကိုးယောက်ဖြစ် နေသည်ကိုသိရှိပြီး တုန်လှုပ်ချောက်ချား သွားပါတော့သည်။

ဤနေရာ ဤဒေသသည် ကိုး မြို့ ကိုးခရိုင် အပိုင်စားရသော ကိုးမြို့ ရှင်၏ နယ်မြေပင်တည်း။ ထိုကိုးမြို့ ကိုးခရိုင်အတွင်းတွင် မည်သူမျှ လူကိုး ယောက် မသွားရဲ မသွားဝံ့ကြပါချေ။ သွားမိသည်ဆိုပါက တစ်ခုခု ထိခိုက် ဒုက္ခအန္တရာယ် ဖြစ်ကြပြီး တချို့မှာ ကား မှောက်ပြီး သေကျေသည်အထိ ဖြစ်ပွား သည်ဆို၏။

ကားမောင်းသမားကြီးက တိုင် တည်ပေးကာ ပါလာသောအချိုရည်၊ မုန့်အချို့များနှင့် ပူဇော်ပသကာ ကိုးမြို့ ရှင်နတ်မင်းအား တောင်းပန်ကန်တော့ ပါတော့၏။ အားလုံးလည်း အပြစ်ရှိက ခွင့်လွှတ်သည်းခံပါရန် ဆို၍တောင်းပန် ကန်တော့ရ၏။

ထို့နောက် ကားမောင်းသမား ကြီးက တစ်ယောက်ယောက်ကို ချန် ထားရစ်ရန် မဖြစ်နိုင်သဖြင့် လမ်းဘေး က ကျောက်ခဲကြီးတစ်လုံးကို ရှာခဲ့ပြီး-

"ကဲ မောင်ကျောက်ခဲရေ ငါတို့ နဲ့အဖော်အဖြစ် လိုက်ခဲ့ပေးပါကွာ" ဟု ကျောက်တုံးကြီးအား လူအဖြစ် ကား ပေါ် တင်ခေါ်ခဲ့တော့၏။

အံ့ဩစရာအဖြစ်ပါပေ။ မောင် ကျောက်ခဲအပါအဝင် ကားပေါ်တွင် လူ ဆယ်ယောက် ဖြစ်သွားပြီမို့ ကားသည် တစ်ချက်ကလေးမှ ထိုးရပ်တန့်သွားခြင်း မရှိတော့ဘဲ ချောမွေ့စွာ လိုရာခရီးသို့ ဆက်လက်ထွက်ခွာလာနိုင်တော့သည်။

သို့သော် ပုပ္ပားတောင် နယ်မြေ တွင်းသို့ကားဝင်လာသည့်အခါ ပြဿနာ တက်လာပြန်တော့သည်။ ထိုသည်က ကားပေါ်တွင် မောင်မောင့်မိခင်ကြီးအား နတ်ဝင်ပူးပြီး ဒေါ်သန်းစိန်အား ဒေါ်သ တကြီးနှင့် ပြောဆိုကြိမ်းမောင်းပါတော့ ၏။

"ကောင်မ. . . နင်က ငါတို့ကို မလေးမစား လုပ်တယ်ပေါ့လေ၊ ငါတို့ မကြိုက်တဲ့ တရုတ်အမဲတွေ သယ်လာ တယ်ပေါ့လေ၊ နင့်ကိုတော့ မှတ်လောက် သားလောက်အောင် ဆုံးမမှ ဖြစ်တော့ မယ်. . . ဟွန်း"

မိခင်ကြီး နတ်ဝင်ပူးပြီး မျက်နှာ ချင်းဆိုင် ထိုင်နေသော ဒေါ်သန်းစိန်၏ ရင်အုံကြားသို့ လက်ဝါးဖြင့် ဖြန်းခနဲမြည် အောင် ရိုက်နှက်လိုက်ခြင်းပါပေ။

ဒေါ်သိန်းစိန်မှာ ရင်ဘတ်အောင့် သွားပြီး "အမယ်လေးတော့" ဟုပင် အသံထွက်ရတော့သည်။

ကျန်သူများက နတ်အားဝိုင်းဝန်း တောင်းပန်ကြရင်း ခွင့်လွှတ်သည်းခံပါ ရန် ပြောဆိုကြပြီး ပါလာသမျှ ဝက် သားဟင်းနှင့် အကြော်အလှော်များ



www.burmeseclassic.com

www.burmeseclassic.com

မကျန်စေရန် ကားရပ်ပြီး စွန့်ပစ်လိုက်ပါမှ နတ်ဝင်ပူးရာက ထွက်သွားတော့၏။ မိန်းမသားများချည်းမို့ ဒေါ်သန်းစိန်က သူ့ရင်တွင် ရိုက်သည့်ဒဏ်ရာကြောင့် အောင့်နေသေးသည်မို့ အကျီချွတ်ကာ ကြည့်မိရာတွင်တော့ . . .

အံ့ဩဖွယ်ရာ အဖြစ်ပါပေ။ မိခင်ကြီးက အရပ်ပုပုပုပ်ပုပ်ဖြစ်၍ သူ၏ လက်ဖဝါးမှာ သေးငယ်ပါသည်။ အခုတော့ ဒေါ်သန်းစိန်၏ အသားဖြူဖြူဖွေးဖွေး ရင်အုံကြားတွင် ယောက်ျားလက်ဖဝါးရာကြီး ညိုမည်းစွဲထင်နေပါရောလား။ အရောင်ကျအောင် ဆေးဝါးတွေ လူးပေးကြမှ အနည်းငယ်သက်သာသွားခဲ့၏။

ဒေါ်သန်းစိန်မှာလည်း နတ်ကို မယုံကြည်သော်မှ ကိုယ်တွေ့ကြုံလိုက်ရသည်မို့ တော်တော်ထိတ်လန့်သွားတော့၏။ ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြပြီး ပုပ္ပားတောင်ခြေရှိ အဘဘိုးမင်းခေါင်စာတ်ခန်းသို့ ဝင်ရောက်ကန်တော့ကြပြန်သည်။

ထိုအခါတွင်လည်း မောင်မောင့်မိခင်ကြီးအား တစ်စုံတစ်ယောက် ပုဂ္ဂိုလ်တစ်ဦးဦးက ဝင်ပူးကပ်ပြန်၏။ မေးမြန်းကြည့်သည့်အခါ နတ်တော့မဟုတ်ပါချေ။ ဦးချစ်ကြွယ် ဖြစ်နေပါတော့သည်။ ဦးချစ်ကြွယ်သည် လေယာဉ်မှူး တစ်ယောက်ဖြစ်ပြီး ပုပ္ပားတောင်ကလပ်နှင့် လေကြောင်းမှားကာ တိုက်မိသည်မို့ ထိုဒေသတွင် သေဆုံးကွယ်လွန်ခဲ့သူတည်း။

မောင်မောင်တို့ လေယာဉ်အရာရှိရိပ်သာ (၄၆ လမ်း)တွင် မောင်မောင်တို့က အပေါ်ထပ်တွင်နေထိုင်ပြီး ဦးချစ်ကြွယ်မိသားစုက အောက်ထပ်တွင် နေထိုင်ခဲ့ကြ၏။ ဦးချစ်ကြွယ်၏ ဇနီးမှာ ခရစ်ယာန်ဘာသာဝင်မို့ ခရစ်ယာန်ဘာသာ ထုံးစံအရ သင်္ဂြိုဟ်ခဲ့ပါသည်။ အခုတော့ မိခင်ကြီးအား ပြိတ္တာသရဲတစ္ဆေဘဝရောက်နေရသော ဦးချစ်ကြွယ်က ပူးဝင်စီးကာ ပြောတော့၏။

"အစ်မကျော့ ကျွန်တော့်ဇနီးကို ပြောပေးပါ၊ ကျွန်တော့်အတွက် ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာအရ သပိတ်သွတ်ဆွမ်းကျွေးပြီး အမျှအတန်းပေးဝေခိုင်းပါ၊ ဒါမှ ဒီဘဝက ကျွန်တော်ကျွတ်လွတ်နိုင်မှာပါ"

ထိုသို့ ပြောဆိုပြီး ပူးဝင်ရာက ထွက်သွားခဲ့၏။ မိခင်ကြီးက ဦးချစ်ကြွယ် မိန်းမအား ဗုဒ္ဓဘာသာ ထုံးစံအတိုင်း ရက်လည်ဆွမ်းသွတ် အမျှအတန်းဝေစေရန် ပြောရာတွင် မလုပ်တတ်သဖြင့် ဝိုင်းဝန်းလုပ်ဆောင်ပေးရကာ ဦးချစ်ကြွယ်အတွက် အမျှအတန်းကုသိုလ်အစုစုအား ပေးဝေလိုက်ကြ၏။

(ထိုသည်မှာ ပုပ္ပားတောင် ဘုရားဖူးခရီးစဉ်အပြန်မှ ဆောင်ရွက်ခြင်းဖြစ်၏။)

နောက်တစ်နေ့ နံနက်စောစောတွင်တော့ ပုပ္ပားတောင်ကလပ်ပေါ်သို့ တက်ရောက်ခဲ့ကြ၏။ (ထိုစဉ်အချိန်က တောင်ပတ်လမ်းကျဉ်းလေးဖြင့်သာတက်ရောက်ကြရ၏။ ယခုလို တန်ဆောင်းတက်လမ်း မရှိသေးချေ။)

ဒေါ်သန်းစိန်က အနည်းငယ်ဝဖိုင့်သူမို့ နောက်ဆုံးမှ တက်ကြ၏။

တောင်ကလပ်လမ်း တစ်ဝက်အရောက်တွင်တော့ ဒေါ်သန်းစိန်တစ်ယောက် ထိတ်လန့်တကြား အော်ဟစ်ပါတော့၏။

"အမယ်လေးတော့် နောက်ကကျားကြီးလိုက်လာနေပြီ"

သူမက ကြောက်လန့်တကြား တက်နေကြသူတွေကို အော်ဟစ်ပြောဆို၏။

သို့သော် ဘယ်သူမှနောက်လှည့်ကြည့်ကြသော်မှ ကျားကြီးကို မတွေ့ကြရပေ။ ဒေါ်သန်းစိန်တစ် ယောက်တည်းသာတွေ့နေရခြင်းတည်း။ အားလုံးက သိလိုက်ပါတော့သည်။ ဒေါ်သန်းစိန်က မကျေမနပ် ဖြစ်နေသူမို့ နတ်အားတောင်းပန်ရသည်ကိုပင် အောင့်သက်သက် ဖြစ်နေသူပါပေ။

နတ်ကလည်း ခွင့်မလွှတ်နိုင်ဟန်တူ၏။ သူ၏ စီးတော် နတ်ကျားနှင့် တိုက်လာခဲ့ခြင်း ဖြစ်၏။

မိခင်ကြီးတို့က ဒေါ်သန်းစိန်ကိုယ်စား ဝိုင်းဝန်းတောင်းပန်ကြရပြန်သည်။ ဒေါ်သန်းစိန်အား အလယ်တွင်ထားကာ တောင်ကလပ်ပေါ်သို့ ဆက်တက်ခဲ့ကြ၏။

ထိုအခါတွင်တော့ တက်ရောက်သူအားလုံး ကျားဟိန်းသံကြီးကိုကြားကြရတော့၏။ ကျားကိုတော့မမြင်ရပေ။ တောင်ကလပ်ပေါ်က ဘုရားဖူးပြီး ပြန်အဆင်းတွင်တော့ လူများမပြတ်သည်မို့ မထူးခြားပါချေ။

မောင်မောင် သတိပြုမိသည့်အချက်မှာ နတ်များကို မယုံကြည်ပါကလည်း သူနေရာဒေသ ရောက်ခဲ့လျှင်တော့လေးစားလိုက်နာပေးသင့်ပါသည်။ အစွဲအလမ်းကြောင့်ပဲဖြစ်စေ၊ ဓလေ့ထုံးတမ်းရိုးရာအစဉ်အလာပဲဖြစ်စေ နတ်နှင့်နဂါး မလှည့်စားကောင်းဟု ဆိုကြပါသည်။

မမြင်အပ် မြင်အပ်သော ပုဂ္ဂိုလ်ထူးများရှိသလိုပင် အသူရကာယ်ဘုံနတ်များလည်း ရှိသည်ကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါချေ။

ရှေးထုံးလည်း မပယ်သင့်ပေ။ အဓိကကတော့ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တိုင်းလည်း ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ)ကို ကိုးကွယ်ဆည်းကပ်ကျင့်ကြံအားထုတ်ခြင်းက လောကီလောကုတ္တရာ အကျိုးနှစ်ဖြာ ပြည့်စုံအောင်မြင်သည်က အမှန်တရားပေတည်း။

သစ္စေသတ္တာအပေါင်း လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်းပြည့်စုံနိုင်ကြပါစေသတည်း။

❒ မောင်မောင်(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

# (မြိတ်) တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိုး

## သမားမှတ်ပုံတင်အမှတ် ခ/၆၀၃၂

## ကင်ဆာ မြစ်ပွားနာအထူးကု (ပါရဂူဘွဲ့ရ)

## (အဖွားမေတ္တာ)တိုင်းရင်းဆေးကုခန်း



ဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာသော ဆေးပညာအမွေကို ဆက်ခံပြီး ရောဂါဝေဒနာခံစားနေရသည့် ခုနစ်ရက်သားသမီးများအား စေတနာမေတ္တာအရင်းခံပြီး ကယ်တင်ကုသပေးလျက်ရှိပါသည်။ ကီမိုသွင်းသည့်လူနာနှင့် ဓါတ်ရောင်ခြည်ပေးထားသည့်လူနာများလည်း ကုသနိုင်ပါသည်။ လူနာရှင်များအနေဖြင့် ဆေးကုသရာတွင် ဆရာနှင့်ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

### သက်သာပျောက်ကင်းနိုင်သော ရောဂါများ

သားအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ ကျောက်ကပ်နလုံး၊ အူမကြီးကင်ဆာ၊ ဆီးကျောက်တည်၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာ၊ စီပို၊ ဘီပို၊ လေးဘက်နာ၊ သားအိမ်နှင့်ပါတ်သက်၍ အဖြူဆင်းခြင်း၊ သွေးပုပ်ကျခြင်း၊ သားအိမ်ခေါင်းတွင်ဖြစ်တတ်သော ဂေါ်ဘီပန်းပွင့်ကဲ့သို့ဖြစ်ခြင်း၊ ကြွက်နို့ကဲ့သို့ဖြစ်ခြင်းများကို သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | – | နေ့စဉ်နံနက်(၇း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ (ပိတ်ရက်မရှိ) |
| ဆေးခန်းလိပ်စာ | – | အမှတ်(ခ) ၉/၄ ၊ ညောင်ပင်သာလမ်း၊ ဆုံရှည်ကုန်းကျေးရွာ ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လမ်းညွှန် | – | ၁၂၄၊ ၂၀၂၊ ၄၈(အထူး)၊ ၁၀၁၊ ၈၅၊ ၇၉၊ ၈၆ လော်ကား ကားများစီး၍ သံဖြူဆိုင်မှတ်တိုင် ဆင်းပါ။ |
| ဆက်သွယ်ရန်ဖုန်း | – | ၀၉–၄၉၃၁၉၃၆၈ ၊ ၀၉–၇၃၂၄၅၉၇၂၊ ၀၉–၃၁၀၈၂၆၀၇ |



www.burmeseclassic.com

www.burmeseclassic.com

မိုးနံ့က သကြၤန်ရောက်တော့မည့် ဖရှ့ပြေးနိမိတ်အဖြစ် အရိပ်အယောင်ပြနေပြီ။ မကြာခင် ပိတောက်တွေ ပွင့်တော့မည်ကို သိသည်။ ထိုအခါ အောင်စိုးရင်ထဲ တလိပ်လိပ်တက်လာသည့် ဝေဒနာအစိုင်အခဲများက နှလုံးသားကိုရော စိတ်အလျဥ်ကိုပါ နှိပ်စက်လာသည်။

မွန်းကျပ်လွန်းသော ရင်ထဲက ပြင်းထန်သည့်ဝေဒနာများကို မျိုသိပ်ထားပေမယ့် အသက်ဆက်ရှင်နေသည့် ဝေဒနာများသည် သကြၤန်၏ရှေ့ပြေး မိုးသားတိမ်လိပ်များကိုကြည့်ရင်း မကြာခင် ပွင့်ကြဖူးကြတော့မည်။ ရွှေအိုရောင်ပိတောက်များကို ကြိုတင်မြင်ယောင်ရင်း အောင်စိုးရင်ထဲမှာတော့ နင့်ခနဲ နင့်ခနဲ ခံစားနေရဆဲသာ ဖြစ်သည်။


ထိုအခါ သကြၤန်ရေတွေနှင့် ပန်းပိတောက်တွေကျက်စားသည့် မနှစ်က သကြၤန်ပုံနှင့်အတူ သူမကို အမှတ်ရမိသွားသည်။ သူမအတွက် ပေးဆပ်ခဲ့ရသည့် ရင်ထဲက ဝေဒနာပုံရိပ်များသည် ဒီကနေ့အထိ အသက်ဆက်ရှင်သန်နေပဲဆိုတာ သူမ သိချင်မှသိပေလိမ့်မည်လေ။ နှလုံးသားနှင့်ရင်း၍ သူမ၏အမည်လှလှလေးကို မြည်တမ်းဖြစ်သွားသည်။

"ဩော်. . ဖွေးနုရယ်"

သူမဆီ ကြည့်နေမိသည့် မိမိရဲ့မျက်လုံးများသည် မရိုးသားတော့ဘူးဆိုတာ မိမိကိုယ်တိုင် ဝန်ခံနေမိသလို သူငယ်ချင်းမင်းဝေနှင့် ကျော်လင်းတို့ပါ သိနေကြပြီ။

## ဝေဒနာပိတောက်များနှင့်

**တွင်းကြီးသားတင်ဝင်းဦး**





www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် အောင်စိုး၊ မင်းရဲ့ မျက်လုံးတွေက ဘယ်ကို ကျက်စားနေ တာလဲ၊ ကိုယ်တို့ ရိပ်မိတယ်နော်"

"ဟုတ်ပါ့ကွာ၊ မျက်လုံးတွေ ကျက်သွတ်တော့မတတ်အတိုင်းပဲ၊ ဘေး သူတွေ အားနာဦးကွ၊ မင်းဟာကတရား လွန်လွန်းတယ်"

မင်းဝေနှင့် ကျော်လင်းက အပြစ် တင်ကာဆိုသည်။ သည်တော့မှ အောင်စိုး သည် ခပ်ရှက်ရှက်နှင့်ပြုံးရင်း သူမထံ ကြည့်နေသည့် အကြည့်များကို လွှဲဖယ် လိုက်ရသည်။

ဒီကနေ့ သူငယ်ချင်းများနှင့် အလုပ်ကအပြန် ကားမှတ်တိုင်မှာ သူမ နှင့်ဆုံခဲ့ခြင်းပင်။ သူမကို ဒီကနေ့ တစ် ကြိမ်တည်း တွေ့ခဲ့သည်မဟုတ်။ အရင် ကတည်းက ပန်းဆိုးတန်းတစ်ဝိုက်မှာ တွေ့ဖူးသည်။ ဆူးလေစေတီရင်ပြင်ပေါ် မှာလည်း တွေ့ဖူးသည်။ တစ်ခါတလေ သိမ်ကြီး ဈေးတစ်ဝိုက်မှာ တွေ့ဖူးသည်။

သည်အတွင်းက သူမကို သတိ ထားမိသွားသည်။ သူမကတော့ သတိ ထားမိပုံတော့ မရ။ သို့သော် အရင် တစ်ခါက ကားမှတ်တိုင်မှာ တွေ့တော့ သူ့ကို စူးစိုက်ကြည့်ရင်း ပြုံးပြမိသလို ဖြစ်သွားသည်။

သူမက အောင်စိုး၏ အပြုံးကို မြင်သွားပြီး တုံ့ပြန်သည့်အနေနှင့် ပြန်ပြီး ပြုံးတုံ့နှင့် အသိအမှတ်ပြုခဲ့သည်မှ လွဲ၍ ဒီထက်ပိုပြီး နယ်မကျွံခဲ့ပေ။ သို့ သော် အောင်စိုးစိတ်ထဲမှာတော့ သူမရဲ့ ပုံရိပ် သူမရဲ့အပြုံးကို နှလုံးသားထဲက အသိအမှတ်ပြုနေခဲ့တာ ကြာပြီ။

ဒီကနေ့တော့ လမ်း(၃၀) မှတ် တိုင်မှာ သူငယ်ချင်းတွေနှင့်ရပ်ဆဲ၊ သူမ သည် သူတို့နှင့် လက်တစ်ကမ်းအကွာ လောက်တွင် ရှိသည်။ ပထမဆုံး တွေ့စ ကတည်းက မှတ်မိနေသည့် သူမကို စူးစိုက်ကြည့်နေမိစဉ် သူငယ်ချင်းတွေက သတိပေးလာခဲ့သည်။ ဒီတော့ အောင်စိုး က သူမကို မကြည့်ဖြစ်တော့။

သူမကတော့ ရပ်ဆဲ။

"ဟေ့ကောင် အောင်စိုး၊ မင်းက သူနဲ့ သိလို့လား၊ မင်းရဲ့အကြည့်က သူနဲ့ ရင်းနှီးခဲ့သလို ကြည့်နေတာဆိုတော့"

ကျော်လင်းက ပြောလာသည်။

မင်းဝေက . . .

"ဟုတ်တယ်၊ မင်း မရိုးသားဘူး၊ ဟိုကောင်မလေး ပြန်ကြည့်တဲ့ အကြည့် က မင်းကို အသိအမှတ်ပြုတဲ့ သဘော မျိုးတွေ ပါတယ်၊ ဟော၊ ကြည့်နေပြီ အောင်စိုး၊ ကောင်မလေးက မင်းကို ကြည့်နေပြီ"

မင်းဝေရဲ့စကားကို နားထောင် ရင်း ဖျက်ခနဲ သူမထံအကြည့်မှာတော့ အကြည့်ချင်းဆုံဖြစ်သွားသည်။ သူမက မရဲတရဲ ပြုံးသည်။ အတော်ကြာသည် အထိ ကြည့်သည်။

ပြုံးလိုက်သည့် သူမအပြုံးနှင့် အတူ ရှိရင်းစွဲ သူမအလှများက ပေါ်လွင် သွားသည်။ ဖြူဖွေးလွန်းသော သူမ၏ အသားအရေက သူမ၏အရပ်အမောင်း နှင့်လိုက်ဖက်လှသည်။ ရွဲပမာ မျက်လုံး၊ ပုလဲပမာ သူမရဲ့သွားတွေက သူမရဲ့ ပါးချိုင့်လေးနှင့်လိုက်ဖက်လွန်းနေသည်။

"ဟော ဟိုမှာ သူ ဟိုဘက်ကူး သွားပြီ အောင်စိုး"

မင်းဝေ ပြောသလို သူမသည် ကားမှတ်တိုင်မှာ ရပ်ရင်း ကားလမ်း ဟိုဘက်ကူးသွားသည်။ (၃၁)လမ်းထဲ ဝင်သွားသည်။ အောင်စိုးသည် လူကြား ကားကြားထဲမှ နေ၍ သူမထံကြည့်နေ မိသည်။ ဘာစကားမျှ မပြောဖြစ်တော့။

ဒီကနေ့ သူမနှင့် မထင်မှတ်ဘဲ ဆုံခဲ့သည်။ အောင်စိုးရင်ထဲ ကျေနပ် သလိုလိုနှင့် မချင့်မရဲ ဖြစ်နေသည်က အသေအချာ။

"မင်း ကောင်မလေးကို စိတ်ဝင် စားနေသလား"

"မသိပါဘူးကွာ"

မင်းဝေရဲ့ အမေးကို မဖြေချင် ဖြေချင်နဲ့ဖြေရင်း ကားပေါ်တက်သည်။ တကယ်လည်း မဖြေချင်ပါ။ ကားပေါ် ရောက်သည်အထိ ထိုအဖြေကို ရှာ ကြည့်နေမိသည်။ သူ့အနေနှင့် သူမ အပေါ် ချစ်နေသလား စိတ်ဝင်စားနေမိ ပြီလား။ မကြာမီ ကားသည် ခပ်ပြမှတ်တိုင် မှာ ရပ်သည်။ သူတို့သုံးဦးသား ဆင်း လိုက်ကြသည်။ အောင်စိုးတို့နေတာက ဘုန်းကြီးကျောင်းမှာ ကပ်နေကြရသည်။ အောင်စိုးက တစ်ကျောင်း၊ မင်းဝေနှင့် ကျော်လင်းက တစ်ကျောင်း။

သူတို့အလုပ်က ပန်းဆိုးတန်းမှာ၊ စာအုပ်အဟောင်းရောင်းသည့် အလုပ်၊ ပြောရလျှင် စာအုပ်သချိုင်းက စာအုပ် သုဘရာဇာတွေ။

✿

တရွေ့ရွေ့နှင့် ကုန်ဆုံးနေသည့် အချိန်များကို ကျော်ဖြတ်ရင်းနှင့် လူ သားအားလုံး ပြေးလွှားလှုပ်ရှားနေကြ ရသည်။ အောင်စိုးတို့မှာလည်း ပန်းဆိုး တန်းမှာ စာအုပ်အဟောင်းများနှင့် ကျင် လည်ရင်း စာအုပ်အဟောင်းများ လာ ရောင်းပါက ဈေးနှိမ်ဝယ်၊ ပြီးတော့ အဖုံး ချုပ်ဈေးတင်ရောင်းရင်းနှင့် ဘဝအတွက် ကျင်လည်ရာ အလုပ်နှင့် ဝမ်းစာကို ရှာခဲ့ ကြသည်။

ဒီကြားထဲ အောင်စိုးမှာ အပူကို မျှော်လင့်မိသည်။ စာအုပ်အဟောင်း လာရှာသူတွေပါက ဈေးသင့်အောင် ရောင်း၊ ဈေးဝယ်ပါးပါက ဝတ္ထုစာအုပ် ဖတ်ရင်း ကျီးကန်းတောင်းမှောက်ကြည့် ရင်း သူမကို ငံ့လင့်မျှော်မိသည်။ မင်းဝေ ကတော့ ဆိုင်ကပ်သည်မရှိ။ ဟိုသွား ဒီလာနှင့် စာအုပ်လာရောင်းမည့်သူကို စောင့်ရင်း အဝေးမှာရှိတတ်သည်။ ဆိုင် မှာက အောင်စိုးနှင့်ကျော်လင်း နှစ်ဦးက မြဲသည်။

"အောင်စိုး. . သင်္ကြန်ကျရင် ရွာ ပြန်ဦးမှာလား၊ ကိုယ်တော့ မပြန်တော့ ဘူးကွာ၊ ဒီနှစ် ရန်ကုန် သင်္ကြန်မှာပဲ လည်ဖြစ်တော့မယ်၊ သောက်မယ် စား မယ် ပျော်မယ် ပါးမယ်လေကွာ"

ကျော်လင်းက ပြောသည်။

ကျော်လင်းပြောမှ သတိထားမိ သည်၊ သင်္ကြန်တောင်ကျတော့မည်ပဲ။




www.burmeseclassic.com

www.burmeseclassic.com

"မပြန်တော့ဘူး ကျော်လင်းရာ၊ ကျောင်းမှာ အာဂန္တုဦးဇင်းတွေ လာဝတ်ကြမှာဆိုတော့ ဝေယျာဝစ္စ အလုပ်တွေ ရှိသေးတယ်လေ"

အောင်စိုးက ဆင်ခြေပေးသည်။ မနှစ်က အောင်စိုး နေသည့်ကျောင်းမှာ သင်္ကြန်အတွင်း အာဂန္တု လာဝတ်ကြသည်။ အောင်စိုးမှာ မနားရ။ ကုသိုလ်လည်းရသည်။ ဝမ်းလည်း ဝခဲ့သည်။ ကျောင်းမှာ အလုပ်လုပ်ရင်းနှင့် သင်္ကြန်သာပြီးသွားသည်၊ မြို့ထဲက မဏ္ဍာပ်တွေဆီမရောက်ခဲ့။

"ဒါဆိုရင် ဒီနှစ်ကိုယ်တို့အဖွဲ့နဲ့ လိုက်ခဲ့ရမယ်နော်၊ သိလား ဒီနှစ် အစီအစဉ်တစ်မျိုးဆွဲထားတယ် အောင်စိုး၊ အင်း, သိပ်ကိုပျော်စေမယ့်"

ကျော်လင်း စကားကို နားထဲမထား၊ ခေါင်းထဲမထည့်။ မှတ်မှတ်ထင်ထင် ဖြစ်နေသည့် သူမ လာမည်ထင်သည့် နေရာတစ်ဝိုက်စီသာ မျှော်ကြည့်ရင်း အချိန်ကုန်လွန်စေခဲ့သည်။

ကျော်လင်း ပြောသည့် သင်္ကြန်ရောက်ခဲ့ပြီ။

ရန်ကုန်တစ်မြို့လုံး လှုပ်လှုပ်ရွရွဖြစ်နေသည်။ နေရာတိုင်းမှာ သင်္ကြန်ခေတ်ဟောင်းတေးသံတွေကို ပြန်ဆိုတေးအဖြစ် အသုံးပြုရင်း သင်္ကြန်ရက်တွေကို အသက်သွင်းနေချေပြီ။

မထူးခြားသေးဘဲ ထူးခြားသလိုလိုနှင့် မြနန္ဒာ သီချင်းကိုသာ ထည်လဲဆိုထားသည့်မို့ ဒီထက်ကောင်းသည့် သီချင်းမျိုး မရေးဖွဲ့နိုင်တော့ဘူးလားဟု အောင်စိုးတွေးရင်း မိမိတို့ရဲ့ရိုးရာသင်္ကြန်အတွက် မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိသည်။

ဒီကနေ့ သင်္ကြန်အကြိုနေ့။

"အောင်စိုး. . အောင်စိုး"

ခေါ်ရင်းဝင်လာသူက ကျော်လင်းနှင့်မင်းဝေ။ သူတို့အသံကြောင့် ကျောင်းဝိုင်းထဲ အမှိုက်လှည်းကျင်းရင်း တံခါးဝဆီ လာခဲ့သည်။

"ဘာလဲ မင်းဝေ၊ ကဲ, ပြော"

အောင်စိုးက ပြောသည်။

ပြောရင်း ဒီနှစ်ကောင်ရဲ့မျက်လုံးများကို အကဲခတ်မိသည်။ ဒီကောင်တွေ အရက်သောက်လာပြီ။ အနံ့ပါ ရနေသည်။

"စံပြရုံအောက်ဘက်က ဆိုင်ကသောက်လာတာ၊ အေး, ဟို မင်းကိုယ်တို့ကားနဲ့လိုက်ခဲ့ရမယ်၊ အခြားသူငယ်ချင်းတွေပါပါတယ်ကွ၊ စုစပ်ပြီး ငှားထားတာ၊ သင်္ကြန်မပြီးမချင်း ငှားထားတာလေ"

ကျော်လင်း ပြောလာသည်ကို အောင်စိုးသဘောပေါက်သည်။ အရင်ရက်တွေကတည်းက အပြင်က သူငယ်ချင်းသုံးယောက်နှင့်အတူ ရေပတ်ခံထွက်မည့်ကားကို ငှားကြမည်။ တစ်နေကုန်ပျော်ကြမည်။ ပြီးတော့ စားကြသောက်ကြမည်။ ကားပေါ်မှာ ဘီယာဘူးတွေ၊ အရက်ပြင်းတွေ ဝယ်သွားကြမည်။ မဏ္ဍာပ်တွေရှေ့မှာ ကကြမည်။ ရေပက်ခံကြမည်။ မိန်းကလေးတွေကို စကြမည်။ သင်္ကြန်မဏ္ဍာပ် အကစင်မြင့်ထက်က အကမယ်တွေကို ပြောင်ကြမည်။ ဤသို့ တိုင်ပင်ထားသည်ကို အောင်စိုး သတိရမိသည်။

"ဘယ်လိုလဲ အောင်စိုး၊ ကိုယ်တို့ကတော့ ရေချိန်ကိုက်နေပြီ၊ ဟိုသူငယ်ချင်းသုံးကောင်ကတော့ ဆိုင်ထဲမှာ သောက်ရစ်တုန်း၊ ကိုယ်တို့က မင်းကိုလာခေါ်တာ၊ ငှားထားတဲ့ကားလဲ စံပြရုံဘေး လာတော့မှာ"

မင်းဝေက ပြောသည်။

ကျော်လင်းက . . .

"လိုက်ခဲ့ကွာ၊ ဟိုလေ ကိုယ်တို့အစီအစဉ်တစ်ခု ဆွဲထားတယ်၊ အရင်ရက်ကတောင် မင်းကို ပြောခဲ့သေးတယ်လေ"

"ဘာအစီအစဉ်လဲ ကျော်လင်း"

"ကားပေါ်ရောက်တော့ သိလိမ့်မယ် အောင်စိုး၊ လိုက်မှာသာလိုက်ခဲ့"

ကျော်လင်းက ပြောသည်။

"အင်း, မဖြစ်ဘူး ကျော်လင်း၊ ဒီကနေ့ကျောင်းမှာ ဆွမ်းကပ်ရှိတယ်၊ အာဂန္တုတွေရဲ့အလုပ်တွေ လုပ်ရဦးမှာ၊ ဒီလိုလုပ်ကွာ မနက်ဖြန်မှာ ဆရာ[...] ကိုလျှောက်ပြီးလိုက်မယ်၊ စိတ်[...] ဒီကနေ့တော့ သည်းခံကွာနော်"

အောင်စိုး အဖြေကြောင့် [...] နှစ်ဦး ကျေနပ်ပုံမရ။ မင်းဝေက [...] တော်ကို လျှောက်ပေးမည်ပြော[...] မနက်ကတည်းက သောက်ခဲ့သည့် [...] ရုံအောက်က ဆိုင်ဆီထွက်သွား[...]

သည်တော့မှ အမှိုက်ပြီးအော[...] လှည်းပြီး ကျုံး၊ အမှိုက်ကျုံးအပြီး [...] လုပ်စရာ ရှိတာလုပ်။

ဆွမ်းကပ်ချိန်ဆွမ်းကပ်။ [...] ထမင်းစား၊ အာဂန္တုတွေအလုပ် လု[...] ရင်းနှင့် ညနေစောင်းသွားပြီ။ ဒီ[...] သင်္ကြန်အကြိုနေ့။ ဘုန်းကြီးလမ်း[...] ဆီက ဆူညံသံတွေ ကြားနေရ[...] ရေပက်ခံကားသံတွေ၊ အော်ဟစ်သံ[...] ဒီအသံတွေက မြန်မာ့သင်္ကြန် [...] တွေရဲ့ အသံတွေ။ ည ၈ နာရီထိုး[...] ကျောင်းရောက်လာသူက မင်းဝေ[...]

"တော်တော် ပျော်ခဲ့ကြရဲ့[...]

အမေးစကား ပြုလာသူက[...] အောင်စိုး၊ မင်းဝေက မဖြေသေး[...] သား ကျောင်းရှေ့က မီးတော[...] အောက် ရပ်နေသည်။

ပိတောက်ရနံ့ထက် မင်း[...] က ချဉ်စူးစူးအရက်နံ့က အောင်စိုး[...] မှာ ကလိနေသည်။

"ဟား ဘာပျော်သလဲမ[...] သိပ်ပျော်တာပေါ့ကွာ၊ အရက်[...] ဘာသောက်ကောင်းသလဲ မ[...] ပြီးတော့ . . ."

"ပြီးတော့ ဘာဖြစ်သလဲ မင်[...]

"ဒီလိုလေကွာ၊ ကိုယ်တို့အ[...] ကားကို အပြတ်ငှားတယ်၊ ပြီး[...] အနိုပ်ခန်းက ကောင်မလေးလို့ [...] တာပဲ၊ အဲဒီကောင်မလေးကိုလဲ အ[...] ငှားပြီး ကားပေါ်ခေါ်ပြီး မြူးကြ[...]

"ဘယ်လို . . . "

မင်းဝေ ပြောသည်ကို အော[...] ရိပ်မိသလိုလိုရှိပေမယ့် နားမရှင်း[...] မင်းဝေက ဆက်ပြီး ရှင်းပြ[...]





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီကောင်မလေးကို ကိုယ်တို့ ဘီယာတိုက်ရတယ်၊ ထမင်းကျွေးရ ...ယ် ပြီးတော့ နေ့တွက်ပေးရတယ်"

"ဩော်, ဟုတ်လား၊ ဒါနဲ့ အဲဒီ ...င်မလေးကို ဘယ်သူက ခေါ်တာ ...င်းရဲ့ အသိထဲကလား၊ ဒါမှမဟုတ် ...တ်သက်ခဲ့ဖူးသလား"

"ကိုယ်တို့နဲ့ မပတ်သက်ခဲ့ဘူးကွ၊ ...ယ်တို့အဖွဲ့ထဲက ဟိုသူငယ်ချင်းသုံး ...တ်ထဲက ခေါ်လာတာ၊ သူတို့နဲ့ ...သက်မှုရှိတယ် ထင်တယ်"

အောင်စိုး ဘာမျှ မမေးတော့။ ...တ ဒီကနေ့ သင်္ကြန်အကြိုနေ့မှာ ...ခဲ့သောက်စားခဲ့ပုံတွေ ပြောရင်းရှိ ...။ ပြီးတော့ ကျော်လင်းကလည်း ...ွန်နေကြောင်း၊ အခြားသူငယ် ...ဦးလည်း မထနိုင်တော့ကြောင်း ...ပြီးပြန်သွားသည်။ မနက်ဖြန်မှာ ...ဖြစ်အောင်လိုက်ဖို့ တတွတ်တွတ် ...သူကမင်းဝေ၊ ခေါင်းညိတ်အဖြေ ...ိုက်သူက အောင်စိုး။

❁

ဒီကနေ့ သင်္ကြန်အကျနေ့။

မနက်စောစီးစွာ အိပ်ရာမှထပြီး ...ရောရှိတာလုပ်၊ ဆရာတော်ကို ...တ်ထားပြီး ရေပက်ခံကားနှင့်လိုက် ...န်ခဲ့သည်။ ဆရာတော်က ခွင့်ပြု ...။ ၁၀ နာရီ ထိုးအပြီး ရောက်လာ ...က ကျော်လင်း။

"ဟေ့ကောင်၊ မင်းဝေတို့ဆိုင်က ...င့်နေပြီ၊ အဲဒါ မြန်မြန်လုပ်ကွာ"

ကျောင်းထဲ မဝင်ဘဲ ကျောင်း ...က်စမှာရပ်နေရင်း ပြောလာသည့် ...ော်လင်းကို ခေါင်းညိတ်ပြသည်။ ...စောစောက တံချူနဲ့ခူးထားသည့် ...ရောင် ပိတောက်တစ်ခိုင်ကို ယူ ...။

"အဲဒါ ဘာလုပ်ဖို့လဲ အောင်စိုး"

ပိတောက်ပန်းခိုင်ကို ကြည့်ရင်း ...သည်။ အောင်စိုး မဖြေ။ နှစ်ဦးသား ...င်းအနောက်ပေါက်မှ ထွက်ခဲ့ ...။ ကားတွေက ရှုပ်နေပြီ။ ရေပက်ခံထွက်သည့် ကားတွေက အများဆုံး။ ကားတိုင်း အမူးသမားတွေကများသည်။ အချို့မိန်းကလေးတွေလည်း မူးနေကြသည်။ ယောကျ်ားကလေးရော မိန်းကလေးများပါ ဝတ်စားဆင်ယင်ထားသည်ကို ကြည့်ရင်း အောင်စိုး ကျော ချမ်းနေသည်။ တကယ့်ကို သရုပ်ပျက် သင်္ကြန်။ ဘုန်းကြီးလမ်းကိုဖြတ်၊ စံပြ ရုပ်ရှင်ရုံအောက်ဝင်၊ တစ်ဖက်ကို လာခဲ့သည်၊ အရက်ဆိုင်ထဲ ဝင်ခဲ့သည်။

ဆိုင်ထဲမှာတော့ မင်းဝေနှင့် အခြားလူသုံးဦးကို တွေ့ရသည်။ သူတို့ အားလုံး မူးနေကြပြီ။ မင်းဝေက သူငယ်ချင်းသုံးဦးနဲ့ အောင်စိုးကို မိတ်ဆက်ပေးသည်။ မန္တလေးက ဖြစ်ကြောင်း အရောင်းအဝယ် ကိစ္စတစ်ခုကြောင့် လာရကြောင်း ပြောသည်။

"ထိုင်ကွာ၊ ဘီယာလား"

ကျော်လင်းက မေးသည်။

ခေါင်းခါသူက အောင်စိုး။

တကယ်တော့ မင်းဝေတို့နဲ့ စာအုပ်တန်းမှာ အလုပ်အတူတူ လုပ်ခဲ့ပေမယ့် အောင်စိုးက အသောက်အစားကိုရှောင်သည်။ မင်းဝေနှင့် ကျော်လင်းကတော့ နေ့စဉ်မဟုတ်တောင်မှ နှစ်ရက်ခြား သုံးရက်ခြားဆိုသလို ဘီယာဆိုင်ထိုင်တတ်သည်။ တစ်ပက်၊ နှစ်ပက်ရောပြီး ဦးနှောက်ဆေးတတ်သည်။ ယခုလို သင်္ကြန်ပွဲဆိုရင်တော့ ကြိုက်သောက်မိုက်သောက်။

ခေါင်းခါသည်ကို ကျော်လင်းက လက်ခံပေမယ့် မင်းဝေက ဘီယာခွက်ကို အောင်စိုးရှေ့တိုးပေးသည်။ ပြီးတော့ အာလူးကြော် ပန်းကန်ကိုပါ တိုးပေးလာသည်။ မင်းဝေသာမက မန္တလေးက ဟုဆိုသည့် သူငယ်ချင်း အများစုကပါ သောက်ဖို့အတွက် တိုက်တွန်းလာကြသည်။

"လုပ်ပါ သူငယ်ချင်းရ၊ တွေ့တုန်း သောက်ရတာ"

"ကျွန်တော်တို့ အားလုံးတာဝန်ယူတယ်၊ ဟုတ်ပြီလား သောက်စမ်းပါ"

"ဒီလိုပွဲမျိုးသောက်ရတာ အရမ်းအရသာရှိတာ"

ပြောရင်း ဘီယာခွက်ကို တိုးပေးပြန်သည်။ သူတို့စေတနာ သူတို့ဆန္ဒကို အောင်စိုး နားလည်ပါသည်။ သို့သော် စေတနာဟူသည် တစ်ခါတလေဝေဒနာ ဖြစ်သွားနိုင်သည်လေ။ ယခုကိစ္စက ဝေဒနာတွေ ပါလာနိုင်သည်ပဲ။

"တကယ် တောင်းပန်ပါတယ်ကွာ၊ ကိုယ် တကယ် မသောက်လို့ပါ၊ သူတို့ကို မေးကြည့်ပါ၊ ခုလိုတိုက်တာ ကျေးဇူးပဲ"

အောင်စိုးက ကျော်လင်းနှင့် မင်းဝေကို တိုင်တည်ရင်း ငြင်းဆန်သည်။ ကျော်လင်းက ခေါင်းညိတ်ထောက်ခံသလို မင်းဝေကလည်း ထောက်ခံသည်။ ဒီတော့မှ အောင်စိုးရှေ့က ဘီယာခွက်ကိုပြန်ယူ သူတို့အဖွဲ့ ဆက်သောက်ကြ။

တစ်နာရီနီးပါးမျှ ကြာသွားပြီ။ ထိုအခါ သူငယ်ချင်းတစ်ဦးက ဖုန်းဆက်သည်။ ငှားထားသည့်ကား လာယူဖို့ ဘယ်နေရာလာခေါ်ဖို့ ပြောသည်။

"ကားလာနေပြီ၊ ဆယ်မိနစ်ခွဲရင် ရောက်တော့မယ်တဲ့"

"ဒါဆိုရင် ကားပေါ်အတွက် မှာထားကြ"

သူတို့အဖွဲ့ အလုပ်ရှုပ်နေသည်။ ဘီယာနှင့်အရက်အပြင်၊ ရေသန့်ဘူး၊ ပြီးတော့ အမြည်းတွေမှာ စုံစေ့နေသည်။ သူတို့လည်း မူးနေပြီ။ ကျသင့်ငွေကို လူငယ်တစ်ဦးက ရှင်းပေးသည်။ မကြာမီ သူတို့ငှားထားသည့် ရေပက်ခံကား ရောက်လာပြီ။ ကားက နောက်ဖွင့်ကား။ နောက်မှာ အချောင်အချိ ထိုင်လို့ရသည်။ ကားမောင်းသူက တစ်ဦးတည်းဖြစ်သည်။ ကားရောက်တော့ ကားသမားအတွက်ဆိုပြီး ဘီယာနှင့် အရက်တစ်ပြား၊ ရေသန့်တစ်ဘူး အမြည်းပါ ပေးလိုက်သည်။

"သွားမယ်တော့"

"တက်. . ."

ပြောရင်း ကားပေါ်တက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်စိုးက လွဲပြီး သူတို့ အားလုံး ဘောင်းဘီရှည်တွေ၊ ကုတ်အင်္ကျီ၊ ဂျာကင်တွေနှင့်။ အောင်စိုးကတော့ ပုဆိုးနှင့် စွပ်ကျယ်နှင့်။

ကားသည် စံပြရုံဘေးက တစ်ဆင့် ကမ်းနားလမ်းဆီ ဆင်းပြီးတော့ မဟာဗန္ဓုလလမ်းအတိုင်း မောင်းခဲ့သည်။ အေးမြတဲ့ သင်္ကြန်၊ ပိတောက်တွေပွင့်တဲ့ သင်္ကြန်၊ သင်္ကြန်တေးတွေ မြူးကြွတဲ့ သင်္ကြန်။

အောင်စိုးသည် နောက်ဆုံးမှ ထိုင်ရင်း ပိတောက်ခိုင်ကို ပွေ့ထားရင်း ပါလာသည်။ ထင်မှတ်မထားဘဲ သူမကို သတိရနေမိသည်။ အခုလိုအခါမျိုးမှာ သူမနှင့်တွေ့ရရင် သိပ်ကောင်းမှာ သူမ အနီးနားမှာ ရှိနေ၍ မကျေနပ်နေမိမှာ ဆိုသည့်အတွေးက နှလုံးသားတစ်နေရာမှာ မငံ့မရဲတွေးမိသေးသည်။

"ဟေ့ မနေ့က ခေါ်ထားတဲ့ကိစ္စ ဘယ်လိုလဲ"

ကောင်လေးတစ်ဦးက ပြောသည်။

"စိတ်ချပါဟ၊ ပန်းဆိုးတန်းက စောင့်မယ်တဲ့၊ စိတ်ချ ပိုင်ပါတယ်ကွာ"

သူတို့အသံကို သတိမပြုပေမယ့် သူတို့ ဘာပြောသည်ကိုတော့ သဘောပေါက်လိုက်သူက အောင်စိုး။

"ဟေ့ကောင်. . အဲဒါ မနေ့က ကိုယ်ပြောတဲ့ အနှိပ်ခန်းက ကောင်မလေးကို ငှားထားတာကို ပြောတာ၊ ကြားတယ်မဟုတ်လား၊ ကောင်မလေး စောင့်နေတယ်တဲ့"

"ကောင်မလေး ဒီကားပေါ်ပါလာရင် အားလုံး အိုကေသွားလိမ့်မယ်၊ အောင်စိုး မင်းတောင် မကဘဲ မခုန်ဘဲ မနေနိုင်ဘူး၊ ကြည့်နေ"

ပြောရင်း ဘီယာဘူးကို မော့နေသည့် ကျော်လင်းကိုကြည့်ရင်း ပြုံးဖြစ်သည်။ ဘာစကားမျှ မဆိုမိ။ သူတို့ကတော့ သောက်လိုက်၊ ကလိုက်၊ သီချင်းဆိုလိုက်နှင့် မြူးနေကြသည်။ လမ်းပေါ်မှာတော့ ရေပက်ခံကားတွေ အပြည့်။ မဏ္ဍပ်တွေရှေ့မှာ ရပ်၊ ရေပက်ခံကြ၊ အော်ကြဟစ်ကြ။

မကြာမီ ဆူးလေကိုကျော်ဖြတ်၊ ပန်းဆိုးတန်းဆီအလာ မီးပွိုင့်အရောက်မှာတော့ . . .

"ဟော့ . . . ဟိုမှာ"

"စောင့်နေရှာတယ်ဟ၊ သနားစရာကွာ"

"ဟေ့၊ ညီမလေး ညီမလေး"

"အစ်ကိုတို့က ဒီမှာ"

သူတို့အဖွဲ့က မတ်တတ်ရပ်ကြရင်း အော်ဟစ်အသံပြုသည်။ လက်တွေ မြှောက်ပြကြသည်။ အောင်စိုးမှာ လမ်းထောင့်တွင် ရပ်နေသည့် လူတွေဆီ ကြည့်မိသည်။ မူးနေသည့်သူတွေကြားမှာ မိန်းကလေး သုံးလေးဦးကို တွေ့ရသည်။

"အဝါရောင်နဲ့ ကောင်မလေး"

"ပိတောက်မလေးကွ"

ကားက လမ်းထောင့်မှာ ရပ်သည်။ အဝါရောင်ကောင်မလေးကလည်း လက်ပြသည်။ ကောင်မလေးက အဝါရောင် စွပ်ကျယ်ဝတ်၊ အောက်က အပြာရောင်ဘောင်းဘီရှည်ကို ဝတ်ထားသည်။မျက်နှာလေးကို အလှဆုံးပြင်ဆင်ထားသည်။

ကောင်မလေး ကားပေါ် အပြေးတက်သည်။ အားလုံးက ကောင်မလေးကို အလုအယက်ဆွဲပြီး ကားပေါ်တင်ပေးသည်။

"အောင်စိုး မင်းက မသောက်မစားဆိုတော့ ကိုယ်တို့ရှိကွာတွေ မဖိတ်မစဉ်အောင် ထိန်းပေး၊ အဲဒါ မင်းရဲ့တာဝန်၊ ရော့ . . ."

ကျော်လင်းက သူတို့အကြားချထားသည့် ကြွပ်ကြွပ်အိတ်တွေ ပေးသည်။ ဘီယာတွေ ထည့်သည့်အိတ်၊ အရက်ပြင်းတွေထည့်၊ ရေသန့်ဘူးတွေထည့်ထားသည့် အိတ်။ ပြီးတော့ စားစရာအမြည်းတွေ။ အောင်စိုးက အိတ်တွေကို အနားယူလိုက်ပြီး ထိန်းထားသည်။ လက်ထဲက ပိတောက်ခိုင်ကြီးကိုလည်း ကိုင်ထားရသေးသည်။ ကားပေါ် မှာတော့ ထိုင်နေသူက အောင်စိုး အခြားသူတွေ မတ်တတ်ရပ်ရင်း နေကြသည်။ သူတို့သာမက ကော လေးက ကြားထဲမှာ၊ သူတို့အဖွဲ့ ဘေးမှာ။

"ညီမလေး. . . သောက် မလား"

"ပေး . . ."

ကောင်လေးတစ်ဦးက သည်။ ကောင်မလေးက ဖြေ ကျော်လင်းက အောင်စိုးဆီ ကြည့် ဘီယာတစ်ဘူး ထောင်သည်။

"တစ်ဘူး ပေးကွာ"

"ရော့ . . ."

အောင်စိုး ပေးလိုက်သည်။

မော့ပြီး မကြည့်မိသေး။

ကျော်လင်းက ဘီယာဘူး ကောင်မလေးလက်ကို ဆွဲပြီးပေး သည်။ ကောင်မလေးက သောက် ကောင်မလေးပခုံးပေါ်မှာတော့ တစ်တွေ လက်များက လွှမ်းခြုံထား သည်။ ကောင်မလေး ပျော်နေ သူငယ်ချင်းတွေလည်းပျော်နေကြ

နောက်ထပ်တစ်ဘူး ဖွင့် ပြန်သည်။ ကောင်မလေးက အောင်စိုးမှာ ပိတောက်ခက်တွေ မှနေ၍ သူတို့အဖွဲ့ပျော်မြူးရာကို နေမိသည်။အမူးလွန်နေသည့်ယော သား ငါးယောက်နှင့် မူးစပြုနေ မိန်းကလေးတစ်ဦးရဲ့ အဖြစ်။

ရင်ထဲနင့်ခနဲ ခံစားလိုက်ရ ဒါ မြန်မာ့သင်္ကြန်တဲ့လား။ ဒါ သင်္ကေတ သဘောမျိုးနှင့် သင်္ကြန် ပေါ်မှာ မူးနေတဲ့ ကျားသတ္တဝါ အလယ်မှာ ဘာကြောင့် လိုက် ဖြေရသလဲ။ ဘဝပေး အခြေအနေ ကြောင့်လား၊သူမကိုယ်တိုင်က အ ကြူးချင်လို့လား။ ဒီလို အပျော် ရလာတဲ့ငွေနဲ့ ဘယ်လိုစခန်းသွား ဒီငွေက မိဘတွေအတွက် ပေး လား၊ မိမိအတွက် ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်အထိ မြန်မာမိန်းကလေးတွေ အညာလွယ်နေပြီလား၊ ဘဝကိုရေစုန်မျှောခဲ့ကြပြီလား။

အခုပင်ကြည့် သူငယ်ချင်းတွေ၊ နူးနေတဲ့ကျားသတ္တဝါတွေက လက်တွေကိုဆွဲ၊ ပခုံးကို အပြိုင်ဖက်ရုံမကတော့၊ ကောင်မလေးခါးကိုပါ ထည့်လဲသဘောမျိုးနှင့် တစ်ဦးပြီးတစ်ဦးဖက်၊ ဘီယာတစ်ဘူးပြီး တစ်ဘူးတိုက်ရင်းရှိနေသည်။ ပါးစပ်ကတော့ မြန်န္တာသီချင်း၊ သောက်နေသည်က ဘီယာနဲ့အရက်ပြင်း၊ ပြုမူနေသည်က အနောက်တိုင်းစတိုင်လ်။

ကောင်မလေး ဘီယာလေးဘူးကုန်သွားပြီ။ လေးဘူး ကုန်သည်အထိ ကောင်မလေးရဲ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသေး။ ရဲရဲလည်း မကြည့်ချင်။ မမြင်ချင်တော့။ ကိုယ့်ဘဝကို မဆန်းစစ်ပါဘဲ အခကြေးငွေဆိုသည့် သက်မဲ့ငွေအတွက် သက်ရှိ အသွေးအသားကို ဈေးခေါ်၊ လျှော့ဈေးနှင့်ရောင်းနေသည့် ကောင်မလေးရဲ့ဘဝအတွက်ရင်လေးစွာ ကြည့်ရင်း အကြည့်တွေကို မျက်နှာလွှဲနေသူက အောင်စိုး။

"ဟေ့ . . . အပြင်းတစ်ပြား"

မင်းဝေက တောင်းသည်။ ခွက်လေးထဲငှဲ့သည်။ ကောင်မလေးက ခွက်လေးကို ယူသည်။ တစ်ကျိုက်တည်း မော့မျိုချလိုက်သည်။ ကောင်မလေးတစ်ဦးက ရေသန့်ဘူးပေးသည်။ ရေမသောက်သည့် ကောင်မလေး။

"ဟင် . . ."

ရုတ်တရက်၊ ပြင်းထန်သည့် တန်ချက် တစ်ခုကြောင့် အောင့်သွားသည့်နှယ် ခံစားလိုက်ရသူက အောင်စိုး။

ကောင်မလေးသည် အရက်ပြင်းတစ်ခွက်သောက်ပြီး ရေတွေစိုနေသည့် သူ့ရဲ့ဆံပင်များကို ခေါင်းပေါ် သပ်တင်ရင်း ကားနောက်ပိုင်းဆီအကြည့် . .

တုန်ခါစွာဖြင့် ခံစားသွားရသူက အောင်စိုး။ ပြီးတော့ အောင်စိုးကို မြင်လိုက်ရ၍ မျက်ကလူးဆန်ပျာနှင့်အံ့အားသင့်ဖြစ်သွားသူက ကောင်မလေး။

ရွှေဝါရောင် အကျီလေးနှင့်သူမ။ ဂျင်းဘောင်ဘီ အပြာလေးနှင့် သူမ ဘီယာမူးနေသည့် သူမ။

"ရှင် . . . ရှင်"

သူမထံက တအံ့တသြ အသံကလေးတွေ။ အောင်စိုး ပြုံးမိသလိုလိုနှင့် နှုတ်ဆက်မိသလိုလိုတော့ ဖြစ်သွားသည်။

"ရှင် . . . ဟို . . . ဟို"

သူမဟာ အောင်စိုးထံ ဒယီးဒယိုင်လာရင်း လက်ညှိုးထိုးရင်း လာနေသည်။ ကောင်လေးတစ်ဦးက သူမကို ဖက်ထားရင်း လိုက်လာသည်။ သူမသည် အောင်စိုးအနားသို့ ရောက်လာသည်။

သည်တော့မှ ကောင်လေးက သူမကို အောင်စိုးအနားထားခဲ့ပြီး ကားရှေ့ပိုင်း သူငယ်ချင်းတွေထံ ပြန်သွားသည်။ ပြီးတော့ သူတို့အဖွဲ့ သောက်ကြသည်။

"မှတ်မိသားပဲနော်"

သူမက ပြောသည်။ ပြောရင်း အောင်စိုးအနီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူမရဲ့ လက်ထဲမှာတော့ ဘီယာဘူးတစ်ဘူးကို ကိုင်လျက်သား။

"ကိုယ် မှတ်မိပါတယ်၊ စပြီးတွေ့ကတည်းက မှတ်မိနေတာ"

"တကယ်"

မခိုးမခန့်နှင့် ပြောရင်း ဘီယာဘူးကိုမော့သည်။ လက်ကျန်မရှိသည့် ဘီယာဘူးခွံကို လမ်းမပေါ် လွှင့်ပစ်လိုက်သည်။ တော်ပါသေးသည်။ ကားနှင့်လူတွေကို မမှန်လို့။

"တစ်ဘူး ထပ်ပေးဦး"

ကောင်မလေးက အော်ပြောသည်။

"ရမယ် ရမယ်၊ ချစ်ချစ် အလိုကျ တိုက်မယ်"

ကောင်လေးက ပြောရင်း မင်းဝေကို ဘီယာဘူးပေးသည်။ မင်းဝေက ကောင်မလေးဆီ လာပေးသည်။ လာပေးရင်းနှင့် အောင်စိုးနှင့် ကောင်မလေးတို့ နီးနီးကပ်ကပ်ထိုင်နေသည်ကို ကြည့်ရင်း အံ့အားသင့်နေသည်။

"အောင်စိုး ခင်း . . . ခင်း"

"ဟုတ်တယ်မင်းဝေ၊ သူက ကိုယ်တို့အတွက် အမှတ်တမဲ့ကနေ မှတ်မှတ်ထင်ထင် ဖြစ်ခဲ့တဲ့ သူမလေ၊ မင်းတို့ မမှတ်မိဘူးလား"

"ဟင့်အင်း"

ပြောနေစဉ်မှာ ကျော်လင်း ရောက်လာသည်။ အောင်စိုးက ကျော်လင်းကို ရှင်းပြသည်။ ဒီတော့မှ ကျော်လင်းရော မင်းဝေပါ ကောင်မလေးကို အသေအချာ ကြည့်ဖြစ်ကြသည်။

"အေးကွာ . . . စိတ်မကောင်းစရာပါပဲ အောင်စိုး"

"ဒါပေါ့ကွာ ဘယ်တတ်နိုင်မလဲ၊ ငါ့ရင်ထဲမှာတော့ . . သူ့အတွက် စိတ်မကောင်းရုံကလွဲလို့ ဘာတတ်နိုင်မှာတဲ့လဲ"

ပြောရင်း ပီတောက်ခက်များကို ဘေးမှာ ချသည်။ ကောင်မလေးက ဘီယာဘူးကို မသောက်သေးဘဲ ဖွင့်ရုံသာ ဖွင့်ထားသည်။

"ကဲ၊ မင်းတို့ စကားပြောကြဦး"

ကျော်လင်းနှင့် မင်းဝေတို့ ကားရှေ့ပိုင်းသွား သောက်ကြစားကြနှင့် က, ခုန်နေပြီ။ သူတို့ ကားလေးသည် အနော်ရထာလမ်းပေါ်ရှိ ရေကစားမဏ္ဍပ်များအတိုင်း မောင်းလာပြီး ပြည်လမ်းဘက်ကို ချိုးကွေ့လိုက်ပြီ။

"အစ်ကိုက မသောက်သေးဘူးလား၊ မနေ့က ဘာပြုလို့ မလိုက်ခဲ့တာလဲဟင်၊ သင်္ကြန်မှာ မခံစားမိဘူးလား၊ မပျော်ဘူးလား"

"ပျော်ချင်စိတ် မရှိလို့ပါ"

ခပ်တိုတိုဖြေသည်။

ကောင်မလေးသည် အောင်စိုး အဖြေကို သဘောကျပုံမရ။ ဘီယာဘူးကို မော့သည်၊ မော့ပြီးပြောလာသည်။

"ဒီပန်းပီတောက်တွေက ဘယ်သူ့ပေးဖို့လဲဟင်၊ ပေးရမယ့်သူ မရှိသေးရင် ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com

"မင်းရဲ့ အမည်က"

ပိတောက်ပန်းတွေ တောင်းနေသည့်ကောင်မလေးရဲ့ အမည်ကို မေးမိသည်။

"ညီမအမည်က ဖွေးနုတဲ့"

"ဖွေးနု . . ."

ကောင်မလေးအမည်ကို အောင်စိုး ခေါ်ကြည့်မိသည်။ လူကလည်းလှ၊ အမည်ကလည်း လှ၊ သို့သော် ဘဝမလှသည့် ဖွေးနုဆိုသည့် ကောင်မလေး၏ ဘဝကောက်ကြောင်းနှင့် ခါးသီးမှုရသများ၏အဖြေကို ရှာကြည့်ရင်း စိတ်လေသွားသည်။

"ပြောလေ၊ နာမည်တော့မေးပြီး ဒီပိတောက်ပန်းတွေ ပေးမှာလား"

"ဒီပန်းတွေက ဘယ်သူ့အတွက်မှ ရည်ရွယ်ပြီး ခူးလာမဟုတ်ဘူး ဖွေးနု၊ သင်္ကြန်ရက်မှာ သင်္ကြန်ရေတွေနဲ့ ဒီသင်္ကြန်ပန်းကို မြတ်နိုးလို့ ဒီအထိယူလာတာပါ။ ညီမ အဲ. . . ဖွေးနုလိုချင်ရင် ယူလေ၊ ရော့. . ."

"တကယ်ကော ပေးချင်တဲ့ဆန္ဒရှိလို့လား"

သူမ စကားကြောင့် ခေါင်းညိတ်ပြမိသည်။

အောင်စိုးလက်ထဲက ပိတောက်ပန်းတွေကို ယူသည်။ ပြီးတော့ အဝါပိတောက်ခက်လေးများကို ခွဲယူလိုက်သည်။ စိမ်းမြမြ ပိတောက်ရွက်တွေနှင့် ကွဲကွာသွားအောင် ပြုလိုက်ပြီ။

"ပန်ပေး"

"ဟင်"

ပိတောက်ခက်များကို အောင်စိုးလက်ထဲပေးရင်း ပြောလာသည်။ သူမရဲ့ ခေါင်းထက်မှာ ပန်ပေးပါတဲ့။ ပန်ပေးရမည်တဲ့လေ။

ဪ၊ မကြာခင်သော ကာလတွေက သူမကို အကြိမ်များစွာ တွေ့ဖူးပြီး သူမကို သတိထားမိသည်။ သတိထားမိသည့် နှလုံးသားက နောက်ရက်တွေမှာ သူမရှိလိုရှိငြား ရှာခဲ့မိပြန်သည်။ မတွေ့ခဲ့ရ။

ဟော၊ တွေ့မယ့် တွေ့တော့ သင်္ကြန်ရက်မှာ ရေပက်ခံ ကားပေါ်မှာ သူမ ပါလာသည်က သောက်ဖို့ စားဖို့ တွဲကဖို့ အငှားသဘောနှင့် ပါလာသည့် ကောင်မလေး ဖြစ်နေသည်။ သူမရဲ့ဘဝကို ဘယ်လိုနားလည်ရမည်နည်း။ ဖြစ်နိုင်ရင် သူမသည် အောင်စိုး စိတ်ဝင်စားသည့် သူမ မဟုတ်ပါစေနှင့်ဟု ဆုတောင်းမိသည်။

ပြီးတော့ ဒီအဖြစ်အပျက်တွေ အားလုံးက အိပ်မက်သာ ဖြစ်ပါစေဟု ဆုတောင်းမိပြန်သည်။ သို့သော် မျက်စိရှေ့မှာ ဖြစ်ပျက်နေတာက အိပ်မက်မဟုတ်။ အိပ်မက်မဟုတ်တော့၊ ခံစားရသူက အောင်စိုးပင်။

"ရော့ . . . ဖွေးနုကို ပန်ပေး"

အောင်စိုး မနေသာတော့။ သူမရဲ့ လက်ထဲက ပိတောက်ပန်းခက်လေးများကို ယူသည်။ သူမရဲ့ ခေါင်းထက်မှာ သင်္ကြန်ရေတွေ စိုရွှဲနေသည့် ကေသာထက်မှာ ပန်ပေးလိုက်သည်။

"ဒါမှ ညီမရဲ့ အစ်ကို၊ ဖွေးနုရဲ့ အစ်ကို၊ ဒါကြောင့် ဖွေးနုက အစ်ကို့ကို ချစ်ရတာ၊ သိလား"

သူမက ပြောရင်း အောင်စိုးရဲ့ ပါးကို နမ်းသည်။

"ဟင်"

အလစ်အငိုက် နမ်းလိုက်သည့် သူမရဲ့ အနမ်းတစ်ချက်က အောင်စိုးရဲ့ ရင်ကို ပူနွေးသွားသည်။ သူမကို စူးစူးစိုက်စိုက် ကြည့်သည်။ မျက်လုံးချင်း စကားပြောဖြစ်သည်။ ဘာစကားတွေ ပြောနေမှန်းတော့ မသိ။ တကယ်တော့ အောင်စိုး ပြောနေသည်က ဖွေးနုဟာ မြန်မာမိန်းကလေး။ ဒီပွဲဟာ မြန်မာတွေရဲ့သင်္ကြန်။ မြန်မာ့သင်္ကြန်မှာ မြန်မာ့ယဉ်ကျေးမှုတွေနဲ့ ထိန်းကွပ်ပြီး မြန်မာတွေကပဲ ကာကွယ်တတ်၊ တန်ဖိုးထားတတ် ထိန်းသိမ်းတတ်ရမယ်။

ယခုတော့ မြန်မာမိန်းကလေးတော်တော်များများက သင်္ကြန်ပွဲကို ခုတုံးလုပ်၊ တိုးတက်တဲ့ခေတ်၊ ပွင့်လင်းတဲ့ခေတ်ရောက်ပြီဆိုပြီး အခွင့်အရေးယူမိန်းကလေးနှင့် အရက်၊ အရက်နှင့် မိန်းကလေး မအပ်စပ်သည်ကို ယောက်ျားလေးများနှင့် ယှဉ်ပြိုင် သောက်တတ်လာခြင်းသည် မြန်မာ့ယဉ်ကျေးမှု လုံးဝမသက်ဆိုင်ကြောင်း၊ ဒီအကြောင်းတွေကို သူမ သိအောင် အသံတိတ်ပြောနေသည်ဟု အောင်စိုးနားလည်ထားသည်။

သို့သော် သူမဆိုတဲ့ ဖွေးနုကတော့ မသိရှာ။

တစ်နေကုန်သွားပြီ။ နေဝင်ပြီ။ ရေပက်ခံကားတွေ သိမ်းကုန်ပြီ။ အမူးတွေလည်း လွန်ကုန်ပြီ။ ကျောင်းရောက်တော့ အောင်စိုး အိပ်မပျော်ခဲ့။ ပျော်တော်ဆက်ဘဝနှင့် အခကြေးငွေယူပြီး ရေပက်ခံကားပေါ် ကပြခဲ့တဲ့သူမ၊ ဖွေးနုဆိုသော မိန်းကလေးအကြောင်း တွေးရင်း အိပ်မရ။

နောက်ရက် . . .

သင်္ကြန်အကြတ်နေ့။

မင်းဝေတို့ လာခေါ်သည်။

အောင်စိုး မလိုက်လိုတော့။ ငြင်းလွှတ်လိုက်ပြီးသည့်နောက် ကျောင်းမှာလုပ်စရာရှိတာလုပ်။ ပြီးတော့ ကျောင်းဘေးက ပိတောက်ပင်က ပိတောက်ပန်းတွေခူးပြီးဘုရားကပ်သည်။ ဤပိတောက်သည် သင်္ကြန်ကာလမှသာ ပွင့်သည့် ပိတောက်။ မြန်မာတို့၏ ပိတောက်။ မြန်မာတွေအမြတ်တနိုး တန်ဖိုးထားခဲ့သည့် ပိတောက်။

ဤပိတောက်ပန်းများကို မြတ်ဘုရားအား ပူဇော်ရသည့် အကျိုးအားကြောင့် ဘယ်သောကာလ ဘယ်အချိန်မျိုး၌မဆို မြန်မာမိန်းကလေးများ မြန်မာ့ယဉ်ကျေးမှုကို ထိန်းနိုင်သူတွေဖြစ်ပါစေ။

အထူးသဖြင့် ဖွေးနု ဆိုသည့် မိန်းကလေး၊ ဖွေးနုလိုမိန်းကလေးမျိုးတွေ မပေါ်ပေါက်ဘဲနှင့် တန်ဖိုးရှိသည့်လူတွေ ဖြစ်ပါစေ။

ဒါက အောင်စိုးရဲ့ ဆုတောင်း။

"အင်း၊ ဒီကနေ့သင်္ကြန် အကြတ်နေ့၊ ဟိုအဖွဲ့နဲ့ ကားပေါ်မှာ ဖွေးနုပျော်



www.burmeseclassic.com

www.burmeseclassic.com

နေရောပေါ့၊ သင်္ကြန်ရေစိုစိုမှာ ဘဝမိုးတွေ မညို့ပါစေနဲ့ ဖွေးနုရယ်၊ ဖွေးနုရဲ့ဘဝ ပြုံပြင်ချိန်တွေ အများကြီးရှိပါသေးတယ်၊ အဖြူထည်သက်သက် ဘဝနဲ့ ရပ်တည်နိုင်ပါစေလား ဖွေးနုရယ် "

မချင့်မရဲ ဆုတောင်းမိသည်။ သင်္ကြန်အကြတ်နေ့ ကုန်လွန်ခဲ့ပြီ။

ညနေပိုင်းမှာ မူးပြီး ရောက်လာသူက မင်းဝေ။

"ဟို ဟိုကောင်မလေး ဖွေးနု ဖွေးနု ပါသေးတယ်၊ မဟုတ်လား"

"ဟား . . အောင်စိုးရေ ပါတာပေါ့ကွာ၊ မနက်ဖြန်လဲ ပါဦးမှာပဲ၊ ဒီကနေ့ည ဟိုမန္တလေးက ကောင်တွေနဲ့ အပေးအယူ တည့်သွားပြီတဲ့"

အဲဒါ ဘာစကားလဲ အောင်စိုးနားမလည်နိုင်သေး။

"ဒီလိုလေကွာ၊ အခု အဲဒီအဖွဲ့နဲ့ မင်းရဲ့ ဖွေးနုဆိုတဲ့ ကောင်မလေးလေ တည်းခိုခန်းသွားကြပြီ"

"ဟင် . . . "

ကျွန်တော့် နှလုံးသားတွေ ပြုတ်ကျ ကြေပျက်သွားပြီ။

ချစ်သူလို သံယောဇဉ်ရှိခဲ့တာမို့လို့ မဆိုသာတဲ့ ရိုးရှင်းတဲ့ သံယောဇဉ်တွေနှင့် သူမကို ကားမှတ်တိုင်မှာ စတွေ့ပြီးကတည်းက ရှိခဲ့သည်၊ ဒါကိုတော့ ဝန်ခံပါသည်။

ယခုတော့ သင်္ကြန်အကျနေ့မှာ ပိတောက်ပန်းတောင်းရင်း ပန်ပေးပါလို့ ပြောလို့ ပန်ပေးခဲ့ရသည့် အဖြစ်တွေ။ အခုတော့ သူမက အခကြေးငွေနှင့် တည်းခိုခန်းသွားပြီ။ လိုက်သွားပြီဆိုကတည်းက သူမရဲ့ အကျင့်စာရိတ္တအဆင့်အတန်းကို နားလည်မိသည်။ မနေ့ကတည်းက သိခဲ့ပြီ။

အောင်စိုး မကြားချင်တော့။

နောက်ရက် သင်္ကြန်အတက်နေ့မန္တလေးကအဖွဲ့နှင့် ဖွေးနုပါသွားသည်။ ဒီကနေ့က သင်္ကြန်နောက်ဆုံးရက်ဆိုတော့ ပိုပြီးကဲကြမယ်လေ။ ကျော်လင်းရော မင်းဝေပါ ပါသွားသည်။

အောင်စိုးကတော့ မလိုက်။ ကျောင်းမှာနေပြီး ပိတောက်တွေခူး၊ ဘုရားမှာကပ် ဖြစ်စေချင်သည်တွေကို ဆုတောင်း။

ညနေ ပြန်လာတော့ မင်းဝေက ပြောသည်။ ဖွေးနု တစ်ယောက် ပျော်တော်ဆက်ဖို့ တည်းခိုခန်းလိုက်သွားပြန်ပြီတဲ့။ သည်စကားကြောင့် လက်ကျန်ပိတောက်တွေရှိရာ ပိတောက်ပင်ထက်ဆီ ကြည့်မိတော့ ပိတောက်ပန်းတွေ ညှိုးရော်နေသည်ကို တွေ့ရသည်။

✿

ညှိုးရော်နေသည့် ပိတောက်တို့သည် မြေပြင်မှာ ပြန့်ကျဲနေသည်။

မနေ့က သင်္ကြန်အတက်နေ့။

အတက်နေ့မှာလည်း အောင်စိုးအနေနှင့် ကျော်လင်းတို့အဖွဲ့နှင့် မလိုက်ဖြစ်။ မလိုက်လည်း မလိုက်လိုတော့။ ကျော်လင်းတို့ ပြန်လာပြန်တော့ သူမရဲ့ အကြောင်းကို ကြားခဲ့ရပြန်သည်။

သင်္ကြန် ရေပက်ခံကားပေါ်မှာ အမူးလွန်ပြီးလဲကျသွားကြောင်း၊မန္တလေးက လူငယ်သုံးဦးကထိန်းထားရကြောင်း၊ ပြီးတော့ တစ်ဦးချင်း ထည်လဲတွဲကြကြောင်း၊ ညနေရောက်တော့ တည်ခိုခန်း ပါသွားကြောင်း။

သူမအတွက် သင်္ကြန်ရက်တွေမှာ ပျော်တော်ဆက်လို့ပြီးသွားခဲ့ပြီလေ။ ဘယ်လောက်ရသည်၊ တစ်ရက်မည်မျှပေးရသည်ကို အောင်စိုး မသိ။ ကျော်လင်းတို့ကိုလည်း မမေးဖြစ်။ သူမ အနေနှင့် အရင်နှစ်တွေက သင်္ကြန်မှာ ဒီလိုမျိုးပျော်တော်ဆက်ဘဝနှင့် အခြား ရေပက်ခံကားတွေပေါ် လိုက်ဖူးသလား။ လက်ရှိမှာကော ဘာအလုပ်တွေ လုပ်နေသလဲ။ အောင်စိုးမှာတော့ တစ်ခါမြင်ရုံမျှနှင့် မမေ့နိုင်စရာ စွဲမက်စရာရှိသည့် သူမကို မမေ့ခဲ့။ အမြဲပဲ အမှတ်ရနေခဲ့ဖူးပြီလေ။

ခုတော့ . . .

သူမ ဆိုသည့် ဖွေးနု၊

ဖွေးနုဆိုသည့် ကောင်မလေး။

ဒီကောင်မလေးရဲ့ ဘဝက အောင်စိုး ထင်ထားသည်နှင့် တခြားစီ။ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေပြီပဲ၊ ရင်ထဲမှာတော့ အောင့်အောင့်အည်းအည်းနှင့် ကြေကွဲလွမ်းမောရသည်က ကာလကြာခဲ့ပြီ။ သူမအပေါ် စိတ်ဝင်စားခဲ့ရင်းနှင့် အပျော်တွေနှင့် ဆုံကြကြုံကြလိမ့်မည်ဟု အိပ်မက်တွေ တွေးရင်း ကြည်နူး ကျေနပ်ခဲ့သေးသည်။ ခုတော့ အလွမ်းအမောတွေ၊ သောကတွေနှင့် ဇာတ်သိမ်းသွားခဲ့ပြီ ဆိုတာ နားလည်လိုက်ပြီ။

သင်္ကြန်ပြီးတော့ ကိုယ့်အလုပ်ကိုယ်ဆင်း။ မင်းဝေတို့ကတော့ သင်္ကြန်အကြောင်း ပြောလို့ မဆုံးတော့။

အောင်စိုးမှာတော့ တနင့်နင့်လွမ်းရင်း နှလုံးသားထဲက အပူများကို မြှုသိပ်ပြီး ခဝါချထားခဲ့သည်။ ဒီကြားထဲမှာ ဖွေးနုကို မတွေ့ရတော့။ စိတ်ထဲမှာတော့ တွေ့မိချင်သေးသည်။ မျှော်မိသေးသည်။ တွေ့များတွေ့လို့ကတော့ ဖွေးနုကို စကားတွေပြောရင်း တဝကြီး မေးချင်သေးသည်။ သူမရဲ့ ဘဝ ဖြေရှင်းချက်တွေကြားချင်သေးသည်။ ခုတော့ ကိုယ်ယောင်ဖျောက်နေသူက ဖွေးနု။

မျှော်ငေးမိသူက အောင်စိုး။

အချိန်သည် စေခိုင်းသူမရှိပါဘဲ သူ့ခရီး သူဆက်ရင်းနှင့် ပြေးလွှားနေသည်။ မကြာပါပြီ၊ သင်္ကြန်ရောက်တော့မည်။ ရင်နာ၊ ရင်ခုန်ခဲ့ရသော အောင်စိုးအတွက်ဒီသင်္ကြန်ရက်များသည် ဝေဒနာသင်္ကြန်ဟုသာ တရားသေ လက်ခံထားခဲ့သည်။

မနှစ်က အကြွင်းအကျန်ဝေဒနာများသည် ရင်ထဲမှာ အသက်ဆက်ရှင်သန်ဆဲမို့ ဒီနှစ် သင်္ကြန်မှာလည်း ဖွေးနုအကြောင်းနှင့် ပတ်သက်၍ ခံစားရပေဦးမည်က အမှန်။

"မနှစ်က ဟိုမန္တလေးက ကောင်တွေ မလာဘူးတဲ့ကွ၊ ဒီတော့ ကိုယ်တို့ဘယ်လို စီစဉ်ထားသလဲ မင်းဝေ"

ကျော်လင်းက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်စိုး အပါအဝင် အခြား သူငယ်ချင်းများနှင့် ကားအပြတ်ငှားပြီး ပျော်ကြမည့်အကြောင်း ပြောသည်။

အောင်စိုးက အပြတ်ငြင်းသည်။ ဘယ်တော့မှ မလိုက်။ ဘယ်လိုပဲ ခေါ် ခေါ် လိုက်မည်မဟုတ်။ သင်္ကြန်ရောက်ဖို့ နှစ်ရက်အလို . . .

"ဟေ့ကောင် . . . အောင်စိုး၊ အောင်စိုး"

အပြေးအလွှား ရောက်လာသူက မင်းဝေ။ မင်းဝေ တစ်ယောက် အောင်စိုးအနား ရပ်ရင်း ချွေးများကို သုတ်သည်။

"ဘာလဲမင်းဝေ၊ အလန့်တကြားကွာ"

"ဟို . . . ဟို . . ."

"ပြော ဘာလဲ၊ မင်းက စကားထစ်နေသေးတယ်"

"ဟိုလေ . . . ဟိုကောင်မလေး ဖွေးနုလေကွာ ဖွေးနု"

"ဖွေးနု . . ."

မင်းဝေစကားကြောင့် အောင်စိုး တအံ့တသြ ဖြစ်သွားသည်။ ဖွေးနုတဲ့။ အောင်စိုး ကြားချင်သော အမည်လေး။ ချစ်စရာ အသွေးအမွေးနှင့် လှပသည့် မျက်နှာပိုင်ရှင်လေး။

"ဟုတ်တယ်၊ ဒီကနေ့ သူနဲ့ တွေ့တယ်၊ မထင်မှတ်ဘဲ ဆူးလေဘုရားအနီးမှာ တွေ့တာ"

"သူနဲ့ တွေ့တယ်"

"ဟုတ်တယ် အောင်စိုး၊ သူကလဲ ကိုယ့်ကိုမှတ်မိတယ်၊ ကိုယ်ကလဲ မှတ်မိနေတယ်လေ၊ အဲဒါ အကျိုးအကြောင်းပြောရင်းနဲ့ သူ့အကြောင်း သိခဲ့ရတာက၊ သူလေ အိမ်ထောင်ကျ သွားပြီတဲ့"

"ဟင် . . ."

အောင်စိုးရင်ထဲ ကြေကွဲသလိုလိုနှင့် ဝမ်းသာသလိုလို ဖြစ်သွားသည်။ ကြေကွဲရတာက ဘာကြောင့်မှန်းမသိရပေမယ့်၊ ဝမ်းသာရတာက သူမ အိမ်ထောင်ကျသွားတဲ့အတွက် ဖြစ်သည်။

မှန်သည်။ ဒီလို အပျက်အစီးတွေ ကြားထဲက လင်ကောင်း သားကောင်း ရသွားသည့်အတွက် ပြောရရင် ဖွေးနုရဲ့ဘဝ ကယ်တင်ရှင် တွေ့သွားလို့ ကျေနပ်ဝမ်းသာခြင်းပင်။

"ပြီးတော့ ဘာတွေပြောသေးလဲ၊ သူတို့မိသားစုကော အဆင်ပြေရဲ့လား မင်းဝေ၊ ဟင်၊ ဘာပြောသေးလဲ၊ အဆင်ပြေသတဲ့လား"

"အင်း . . ."

မင်းဝေ အသံက လေးလံလွန်းနေသည်။ အောင်စိုး အားမရမိ။

"ပြောလေကွာ"

"ဟို အဆင်မပြေပါဘူးတဲ့ကွာ"

"ဟင် . . ."

အောင်စိုး စိတ်မကောင်းဖြစ်သွားသည်။ အစကတည်းက အဆင်မပြေသည့်ဘဝမို့ ဒီလိုနေခဲ့ရသည့်ဘဝမျိုး။ အခု အိမ်ထောင်ကျပြန်တော့လည်း အဆင်မပြေဘူးတဲ့လား။

ဖွေးနု ယောကျ်ားက ဖွေးနုရဲ့ ဘဝအမှန်တွေကို သိသွားလို့ အဆင်မပြေ ဖြစ်သွားလေသလား။

"အင်း၊ ပြောရမှာ စိတ်မကောင်းစရာပါကွာ၊ တကယ်တော့ ဖွေးနုရတဲ့လူက ကိုယ်တို့ ဘာသာ မဟုတ်ဘူး၊ ဘာသာခြား တစ်ယောက်နဲ့"

"ဘာ. . ဖွေးနုက ဘာသာခြားနဲ့လား"

"ဟုတ်တယ် အောင်စိုး၊ ဖွေးနု တစ်ယောက် ဘာသာခြားနဲ့ ရခဲ့တယ်"

"တောက် . . ."

မင်းဝေ စကားအဆုံး အောင်စိုး တောက်ခေါက်မိသည်။

ကြည့်စမ်း မြန်မာမိန်းကလေး တစ်ယောက် မြန်မာ့ ယဉ်ကျေးမှုနယ်ထဲက မိန်းကလေးတစ်ဦး ဘာသာခြားနဲ့ ညားခဲ့သတဲ့လား၊ ဒီလောက်အထိ မိုက်တွင်းနက်သတဲ့လား။ ဒီလောက်အထိ အမျိုးအပေါ်၊ ဘာသာအပေါ် သစ္စာမဲ့သတဲ့လား။ တွေးဆဲမှာပင် မင်းဝေက ပြောသည် . . .

"ဒီလိုတဲ့ အောင်စိုးရေ ပြီးခဲ့တဲ့ သင်္ကြန်အပြီးပေါ့ကွာ၊ အဲဒါ သူလုပ်တဲ့ အနှိပ်ခန်းကို ဘာသာခြားလူတစ်ဦး အခု ရတဲ့ လူပေါ့ကွာ၊ အဲဒီလူ အမြဲပဲလာ တတ်တယ်တဲ့၊ အဲဒီလူက ဖွေးနုကိုအစစ အရာရာထောက်ပံ့တယ်တဲ့၊လိုလေသေး မရှိပေါ့ကွာ၊ အဲဒီလိုနဲ့ အခြားတည်းခို ခန်းကိုခေါ်၊ ခေါ်ပြီးတွေ့၊ တွေ့ပါများ တော့ အဲဒီလူက ဖွေးနုကို လက်ထပ်ခွင့် တောင်း၊ ငွေကြေးလဲ ပုံအောပေးနေ တာဆိုတော့ ဖွေးနု စဉ်းစားလာပြီလေ၊ နောက်တော့ အဲဒီလူက သူ့ကို လက်ထပ်ရင် ကိုယ်တို့ဘာသာကို ပြောင်းပါ့ မယ်၊ ယုံကြည်ပေးပါ၊ တကယ် ချစ်တာပါ၊ ဖွေးနုရဲ့ဘဝကို တကယ် ကယ်တင်ချင်လို့ပါလို့ ပြောရင်း ဖွေးနုရဲ့ခန္ဓာကိုယ်ရဖို့ သိမ်းသွင်းခဲ့တယ်လေ၊ အဲဒါ ဖွေးနုက လက်ခံ၊ အဲဒီလူကို လက်ထပ်"

မင်းဝေပါ စကားဆုံးအောင် မပြောနိုင်ရှာ။ တကယ့်တကယ်တော့ ကိုယ့်လူမျိုး ကိုယ့်ဘာသာဝင် တစ်ဦး အခြား ဘာသာခြားလူရဲ့ ရင်ခွင်ထဲ တကယ်ဝင်သွားတော့ ဘယ်မှာ စိတ်ကောင်းနိုင်ပါ့မလဲလေ။

"နောက်တော့ . . ."

"ဒီလိုကွ၊ ဒီလူနဲ့ လက်ထပ်ပြီး အဲဒီလူက ဒီဘက်ကူးဖို့နေနေသာသာ ဖွေးနုကို သူတို့ဘာသာထဲကူးဖို့ အတင်းအကျပ် အကျပ်ကိုင်ခဲ့တယ်၊ အခုအချိန်မှာတော့ ဖွေးနုက ဘာမှ မဆုံးဖြတ်သေးဘူးတဲ့"

မင်းဝေက ပြောစကားကို ရပ်သည်။

"ကိုယ် သူနဲ့ တွေ့ချင်တယ် မင်းဝေ"

"အခုတောင်မှ ကိုယ်နဲ့ အပြေးအလွှား စကားပြောရတာ"

"သူနေတဲ့နေရာ သိသလား မင်းဝေ"

"ဖွေးနုကို မေးတယ်၊ ဒါပေမဲ့ လုံးဝ မပြောပြဘူး၊ မသိချင် မလာချင်ပါနဲ့တဲ့၊ သူ့ဘဝနဲ့သူပဲ ရှိပါစေတော့တဲ့"



www.burmeseclassic.com

www.burmeseclassic.com

ရေတိမ်နစ်ရုံသာမက ရေမရှိတဲ့ ချောင်း နှာခေါင်းဖော် သေခဲ့ရသည့် အရှက်တကွဲ အကျိုးနည်းအဖြစ်ပေမို့ အောင်စိုးအနေနှင့် သည်းကြွေပြတ်မျှ ခံစားရင်းနှင့် မချိအောင် ဖြစ်ရသည်။

ထင်တားသည့်အတိုင်း . . .

ဒီနှစ်သင်္ကြန်ကလည်း အလွမ်းသင်္ကြန်။ ဒီနှစ်ပွင့်သည့်ပိတောက်တွေကလည်း အလွမ်းပိတောက်တွေ။

ပြီးတော့ ဒီနှစ် သင်္ကြန်ရေတွေကလည်း အောင်စိုးရဲ့ မျက်ရည်တွေပဲ ဖြစ်နေချင်ပြီ။ ဒီနှစ်သင်္ကြန်ကို အလွမ်းအဆွေးတွေနှင့်သာ သင်္ကြန်ရက်ပြီးသွားသည်။ အောင်စိုး ဘယ်မျှမသွားခဲ့။

"ဖွေးနုရယ် . . မိုက်လိုက်တာ"

ပိတောက်များကို ကြည့်ရင်း ပြောမိသည့်အချိန်၊ ဥဩသံချိုချိုက လုံးသားကို စူးနင့်သွားသည်အထိ လွမ်းမွှမ်းမောမော ဖြစ်သွားရသည်။

ဖွေးနုမှာ ကလေးတစ်ယောက် ရနေပြီတဲ့။ ဒီနှစ် သင်္ကြန်အကြိုရက်မှာ ဘုရားကပ်ဖို့ ပိတောက်များကို ခူးနေသည့်အချိန် အောင်စိုးအနီး ရောက်လာသူက ကျော်လင်းနှင့် မင်းဝေ။ ဒီနှစ် နှစ်ယောက်မှာ သင်္ကြန်ရက်မှာ မလည်ကြတော့ဟု သိရသည်။

ပြောလာသူက မင်းဝေ။

နားထောင်သူက အောင်စိုး။

အောင်စိုးက တံချူနှင့် ခူးလို့ကျသည့် ရွှက်စိမ်းစိမ်းများနှင့် ဝါဝါ ပိတောက်ခက်များကို အစီအရီကောက်ယူရင်း မေးသည်။ ရင်ထဲမှာတော့ ကစ်စစ် နာကျင်နေသည်က အမှန်။

"ဪ, ဖွေးနုမှာ ဘာသာခြားနဲ့ရတဲ့ ကလေးတစ်ယောက်တောင် ရသွားပြီကိုး"

အောင်စိုးက ခပ်ညည်းညည်း ပြောသည်။ ကျော်လင်းက ပြောသည်။

"ဟုတ်တယ် အောင်စိုး၊ မနေ့က (. .)လမ်းထဲမှာ တွေ့တာ၊ ပြီးတော့ ဖွေးနုက အဲဒီဘာသာထဲ အပြီးဝင်သွားပြီတဲ့"

အောင်စိုး မအံ့ဩတော့ပါ။

တစ်ချိန်ချိန်မှာ ဒီပိုက်ထဲတိုးတဲ့ ငါးတိုင်း ဒီလိုအသတ်ခံရမယ်ဆိုတာ သိပြီးသား။ ဒီယုန်မြင်လို့ ဒီချုံရှင်းခဲ့တာလည်း သိပြီးသား။ ဒီလိုလုပ်ချင်လို့ ဒီလိုကျူးသွင်းတာ၊ဒီလိုသိမ်းပိုက်ချင်လို့ ဒီလိုသတ်ကွင်းလုပ်ခဲ့တာလည်း သိပြီးသား။

"ပြောရရင်တော့ ဖွေးနုအတွက် လုံးဝ စိတ်မကောင်းဘူး အောင်စိုး"

ကျော်လင်းက လေးတွဲ့စွာ ပြောလိုက်သည်။ အောင်စိုးက သူတို့နှစ်ဦးကို စွေခနဲတစ်ချက်ကြည့်ရင်း ခူးထားသည့် ပိတောက်ပန်းခိုင်များကို ကြည့်မိသည်။ ပိတောက်ပန်းတွေကြားထဲမှာ သူမရဲ့မျက်နှာ ဖွေးနုရဲ့ မျက်နှာလေးကို မြင်ယောင်နေမိသည်။

"ဖွေးနုက ကိုယ်တို့ကို သူ့ဘဝအကြောင်းပြောရင်း ငိုရှာတယ်လေ၊ မဖြစ်နိုင်တဲ့အဖြစ်၊ အသက်ကိုတောင် ရန်ပြုလာတဲ့အဖြစ်ကြောင့် ကိုယ့်ဘာသာကို ဘယ်တော့မှ မမေ့ဘူးတဲ့၊ ဒီလူတွေက သူ့ရဲ့ ခန္ဓာကိုယ်ကိုသာ ရမယ်၊ စိတ်ဓာတ်ကိုတော့ မချုပ်ချယ်နိုင်ပါဘူးတဲ့"

"သူက အဲသလိုပြောသလား"

အောင်စိုးက ကျော်လင်းစကားအဆုံး ပြန်ပြောမိသည်။ ကျော်လင်းတို့က ခေါင်းညိတ်ကာ အဖြေပေးသည်။ အောင်စိုး ဘာမျှ မကြားလိုတော့။

မင်းဝေတို့ ပြန်သွားပြီ။ လမ်းမဘက်ဆီက သင်္ကြန်သီချင်းသံတွေ၊ အော်ဟစ်သံတွေ ကြားနေရသည်။ ပိတောက်ပွင့်တဲ့ သင်္ကြန်၊ ဥဩတွန်တဲ့ သင်္ကြန်။

အောင်စိုး ခူးပြီးသား ပိတောက်များကိုရေဆေး၊ ပြီးတော့ ကျောင်းပေါ်တက်၊ ဘုရားခန်းရှေ့ ရပ်ပြီး ဘုရားအိုးထဲသို့ ပိတောက်ပန်းများကို လှူသည်။ ပြီးတော့ တိုးညင်းစွာ ဆုတောင်းသည်။

"ဖွေးနုရဲ့ဘဝ၊ ဖွေးနုလို မိန်းကလေးတွေရဲ့ဘဝ၊ ဒီပိတောက်ပန်းကပ်လှူရတဲ့ အကျိုးအားကြောင့် ဖြစ်လေရာဘဝတိုင်း မည်သည့်မှိုင်း၊ မည်သည့် ကျူးသွင်းမှုမျိုးနှင့်မျှ လောကငရဲ မခံစားကြရပါစေနှင့် ဘုရား"

❁

နောက်တစ်နှစ် အတာသင်္ကြန်အရောက်မှာတော့ ဖွေးနုတစ်ယောက် A.I.D.S ရောဂါနှင့် သေခဲ့ကြောင်း၊ တစ်နှစ်သာခြားသည့် ကလေးနှစ်ဦး ကျန်ရစ်ခဲ့ကြောင်း။ ပြီးတော့ အဲဒီရောဂါက သူမကစပြီး ရှိခဲ့တာဖြစ်ကြောင်း၊ သူ့ယောကျ်ားကိုသာမက အဲဒီလူရဲ့ သားနှစ်ယောက်ကိုပါ ကူးဆက်ခဲ့ကြောင်း၊ သူ့ယောကျ်ားလည်း ကူးဆက်ရောဂါကြောင့် သေတော့မည့်အကြောင်း။

ဒီစကားတွေကို ကျော်လင်းတို့က ပြောပြတော့ သင်္ကြန်ရက်ဆိုတာကိုရော၊ ပိတောက်တွေ ပွင့်နေတာကိုရော၊ ဥဩသံချိုချိုကိုရော မေ့လျော့နေမိသည်။

"ကိုယ်တို့ မြန်မာမိန်းကလေးတွေရဲ့ဘဝ၊ အဲသလိုမျိုး သိမ်းကျူးတာ၊ သတ်ကွင်းဆင်းပြီး အသတ်ခံရတာမျိုး မဖြစ်အောင် မြန်မာယောကျ်ားတွေမှာ လဲတာဝန်ရှိတယ်၊ မြန်မာမိန်းကလေးတွေကို မြန်မာယောကျ်ားလေးတွေက တန်ဖိုးထားမှ တာဝန်ကျေကြမှ" လို့ အောင်စိုး ပြောခဲ့သေးသည်။

မင်းဝေတို့ သဘောပေါက်သွားပြီ။ အောင်စိုးကတော့ တစ်နှစ် တစ်ကြိမ် ကျသည့် သင်္ကြန်ရက်တွေနှင့် တစ်နှစ်မှတစ်ခါသာပွင့်သည့် ပိတောက်တွေကို ကြည့်ရင်း အလွမ်းပန်းတွေဟုသာ အကြွင်းမဲ့ ယုံကြည်လိုက်မိသည်လေ။ တကယ်လို့များ အဲဒီပိတောက်ပန်းတွေဟာ ဖွေးနုရဲ့ကိုယ်စား ပွင့်ပေးတဲ့ပန်းတွေ ဖြစ်ခဲ့မယ်ဆိုရင် ဝေဒနာပိတောက်တွေလို့ သတ်မှတ်မိမှာအမှန်။


အဲဒါဆိုရင် အဲဒီပိတောက်တွေနဲ့ ဘယ်တော့မှ ဘယ်သောအခါမှ ဘယ်သော. . ဘယ်သောအခါမှ။

❒ တွင်းကြီးသားတင်ဝင်းဦး





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

"ရတနာစိန်"

စတိုးဆိုင်နာမည်လည်း မဟုတ်။ သဘော်၊ မော်တော်နာမည်လည်း မမှန်။ ကျောက်မျက်ရတနာဆိုင် နာမည်လည်း မည်။

လူနာမည်သာ ဖြစ်သည်။ လူတစ်ကိုယ်လုံးလည်း စိန်တွေဝတ်ဆင်ထားသည်မှာ အံ့မခန်းဖြစ်သည်။ စိန်နားကပ်၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်ခြေချင်း၊ စိန်ဖိနပ် အားလုံးစိန်များ စီခြယ်ကာ ဝတ်ဆင်ထားသည်။ အင်္ကျီဆည် ခရမ်းစွဲရောင်များနှင့် လိုက်ဖက်လှသည်။ အရပ်အမောင်း အသားအရောင်နှင့် ခန္ဓာကိုယ် ဖွဲ့စည်းမှုများသည် ဘာမှပြောစရာမရှိအောင် လှပလွန်းနေသည်။

"ဆရာ ကျွန်မ ရွှေဆိုင်အသစ်ဖွင့်ချင်လို့၊ အဲဒါ အကောင်းဆုံးရက် အကောင်းဆုံးအချိန် သိချင်တယ်၊ အကောင်းဆုံး အစီအမံတွေလဲ လိုချင်တယ်၊ ဒါက ဉာဏ်ပူဇော်ခပါ ဆရာ"

ကျွန်ုပ်၏ အလုပ်စားပွဲပေါ်သို့ ကျပ်ငါးထောင်တန်တစ်အုပ် တင်လိုက်၏။ လောကတွင် ငွေကြေးကျိကျိတက်ချမ်းသာသူများ၊ ရာထူးကြီးကြီးမားမား ရှိသူများသည် ပြောရ ဆိုရ ခက်၏။ အလွန်လက်ပေါက်ကတ်၏။ သူများကိုလည်း မယုံသင်္ကာ အမြဲရှိ၏။ သူတို့သည် သံသယစက်ကွင်းနှင့် အမြဲချိတ်ဆက်၏။

ယခုလည်းကြည့်။ ရွှေဆိုင် ဖွင့်မယ်လို့ပြောသည့် သူ့ဇာတာကို ရာသီခွင်၊ နဝင်းစက်၊ ဘာဝစက်တွေနှင့် ဘာတို့မှ မတွက်ချက် မစစ်ဆေးရဘဲနဲ့ ပြောလာသည့် စကား။ တော်တော်ခက်တွယ်ပါလား။ အလုပ်စားပွဲပေါ်မှ ထူထူနွေးနွေး ကျပ်ငါးသိန်း မျက်နှာက လည်း ရှိနေသေးသည်။ သူမနှင့်အတူ အသက်အတော်အတန်ကြီးသော အန်ကယ်ကြီး တစ်ယောက်လည်း ပါလာ၏။ သူ့ကိုကြည့်ရသည်မှာ သံပတ်ပေးထားသော စက်ရုပ်နှင့်တူ၏။ သူ့မျက်လုံးများက အရောင်အဆင်း ကင်းမဲ့၏။ သူ့အကြည့်များက အာရုံခံစားမှုများ မရှိ။

"ကောင်းပြီလေ၊ ကဲကြမ္မာရဲ့ အနေအထားကိုသိရအောင်တော့ နည်းနည်း ပြန်စစ်ကြည့်ရအောင်"

"ဟုတ်ကဲ့ပါဆရာ၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး၊ ဖြစ်အောင်ကို ကျွန်မ လုပ်မှာ၊ အဲဒီလောက်ဆိုဆရာ သဘောပေါက်ပါတယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဒီလောက်ဆို သဘောပေါက်ပါတယ်"

သူမ၏ တွက်ပြီးသား ဇာတာဖိုင်တွဲကို ပြန်ရှာရသည်။ မကြာ မကြာ လာတတ်သောဖောက်သည်တစ်ယောက်ဖြစ်သော်လည်း အလာကျဲ၏။ မိမိ၏ဟောပြောမှု အတွေ့အကြုံအရ ပါးပါးနပ်နပ်ရှိဖို့ အလွန်လိုသည်။

လူတွေသည် တစ်ဦးနှင့်တစ်ဦး အသွင်သဏ္ဍာန် မတူညီကြ။ သို့ဖြစ်ခြင်းကြောင့် အတွေးအခေါ်နှင့် ခံယူချက်၊ ယုံကြည်ချက်လည်း လွန်စွာ ကွဲပြားခြားနား၏။

တစ်ခါတလေ ဟုတ်တိုင်းမှန်ရာကိုလည်း ပြောဆို၍ မရ။ မိမိသိထားသည့်အတိုင်းလည်း ပြောဆို၍မဖြစ်။ သင်ကြားတတ်မြောက်ထားသော ပညာသည်လည်း ဆိတ်ကွယ်ရာ၌ ရှိနေတတ်၏။ လောက၏ အခြေအနေအရ မျက်လှည့်ပြယုဂ်များပေလား။

"ယခု လာမယ့် စက်တင်ဘာ ၂၈ ရက် ကြာသပတေးနေ့ မြန်မာလို ကတော့ သီတင်းကျွတ်လဆန်း ၇ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်၊ အနန္တယုဂ်အမှုကိစ္စ ပြီးစီးအောင်မြင်စေသောယုဂ်ဖြစ်ပေါ် နေချိန်မှာ ဆိုင်သစ်ဖွင့်ရန် ဆိုင်းဘုတ်တင်ရန်ကိစ္စတွေ ဆောင်ရွက်လို့ ရပါတယ်"

သူမ၏ ရွှန်းလဲ့သော မျက်ဝန်းအစုံမှ အားရကျေနပ်မှုများနှင့်အတူ ဝင်းလဲ့တောက်ပသွား၏။ မျက်လုံးသည် ခန္ဓာကိုယ်၏ ပြတင်းပေါက်များအဖြစ် စိတ်ပညာရှင်များသည် မျက်လုံးများကို ကြည့်ပြီး သုတေသန ပြုလုပ်ကြ၏။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း၊ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ တရားရှိခြင်း၊ မရှိခြင်း၊ ပုံသဏ္ဍာန်မှန်ခြင်း၊ မမှန်ခြင်း၊ များပြားလှစွာသော အကြောင်းတရား များစွာတို့ကို လူတို့၏မျက်လုံးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးပြီး တိကျမှန်ကန်သော အဖြေများကို ထုတ်လေ့ရှိကြသည်။ နက္ခတ်ပညာရပ်ပွင် "နေ" "လ" နှစ်ပါးနှင့် လုံးဝသက်ဆိုင်၏။

"ဪ . . . ဒါနဲ့ ဆရာ ဆိုင်နာမည်ကိုတော့ ဧကရီလို့ ကျွန်မ စိတ်ကြိုက်နာမည် ရွေးထားတယ်"

ကျွန်ုပ်သည် ရတနာစိန်၏ ရွှန်းလဲ့တောက်ပသော မျက်ဝန်းအစုံကို မှင်သက်သလို ငေးမောကြည့်ရှုနေမိ၏။ ယခုလက်ရှိ ကောင်းကင်ပြိုဟ်သွား နက္ခတ်တာရာများနှင့် ချိန်ထိုးတွက်ဆလျှင် တော်တော်အကြံကြီးသည့် အမျိုးသမီးတစ်ယောက်ပေပဲ။ လျှော့တွက်၍မရ။ သူမ၏တစ်ကိုယ်လုံး စီခြယ်ထားသော စိန်များကြောင့်လားမသိ၊ အားမာန်အပြည့် ရှိနေ၏။

"ဆရာ. . . ဧကရီလို့ပေးထားတာ ကောင်းတယ် မဟုတ်လားဆရာ"

"ကောင်းပါတယ်၊ ကောင်းပါတယ်"

ကျွန်ုပ်၏ ဝတ်ကျေတန်းကျေ ပြောဆိုဟန်များကို သဘောတော့ သိပ်တွေ့ဟန်မတူ။ စူးရဲသော မျက်လုံးများနှင့် အကဲခတ်၏။

"ဆရာ . . . ကျွန်မ စီးကရက်သောက်ချင်လို့၊ ခွင့်ပြုပါနော်"

"ရပါတယ် . . . ရပါတယ်"

ငါးသုံးလုံး စီးကရက်ကို ဉာဏ်လက် လက်ခလယ်နှင့် လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com

ကြားတွင် လှပသေသပ်စွာ ညှပ်ရင်း စတိုင်ကျကျ စီးကရက်ကို သောက်၏။ လက်သည်းခွံဖျားမှာ ရွှေအိုရောင် လက်သည်းဆိုးဆေးများနှင့် ပန်ရလှ၏။ ပြာလွင်သော မီးခိုးများကို ပါးစပ်မှ လှလှပပ မှုတ်ထုတ်နေ၏။

"ဆရာ အဆောင်အစီအမံတွေ ညွှန်ကြားပေးဦးလေ"

ကျွန်ုပ်သည် သူမ၏ ဇာတာခွင်များကိုကြည့်ပြီး ဘဝင်မကျ ဖြစ်နေမိ၏။ အဓိက ဇာတ်ဆောင်ဖြစ်သော ကြာသပတေးဂြိုဟ်ကြီးနှင့် ငါးဒီဂရီအကွာမှာ ပူးယှဉ်ခြင်းကြောင့် အရောင်အဆင်းမှေးမှိန်လှ၏။ ဒါက ကောဇာဂြိုဟ်သွား။ သူမ၏ မူလဇာတာရှိ ဗြိစ္ဆာရာသီတွင် ရပ်တည်နေသော ကြာသပတေးဂြိုဟ်ကြီး၏ ကောင်းအားကို ထိန်းထားနိုင်ခြင်း မရှိ။ အခြား ပါပဂြိုဟ်များ၏ ထွင်းဖောက်မှုများကြောင့် အဖျက်အဆီး အနှောင့်အယှက် ကြုံနေ၏။

သူမ၏လဂ်မှာ ဗြိစ္ဆာလဂ်ဖြစ်ပြီး လဂ်သခင်မှာ မကာရ ရာသီမှာ ဥစ်ဖြစ်ပြီး ဗုဒ္ဓဟူးဂြိုဟ်က ရှေ့တိုးနောက်ငင် ဖောက်ပြန် ရွေ့လျားနေသောကြောင့် စဉ်းစားစရာတွေ များစွာရှိ၏။ ကျွန်ုပ်သည် နက္ခတ်ပညာရပ်တွင် အရှေ့တိုင်း၊ အနောက်တိုင်း(TRINE) စနစ်မူများကို များစွာ သဘောကျ စိတ်ကြိုက်တွေ့လှ၏။ တစ်နည်းဆိုရလျှင် မာတ်အိမ်ချင်း ဆက်သွယ်ဆောင်ရွက်မှုပင် ဖြစ်သည်။ လူသားအားလုံးသည် မူလဇာတာနှင့် ကောင်းကင်ဂြိုဟ်သွား နက္ခတ်တာရာများနှင့် ဆက်သွယ်မှု ရှိနေသည်မှာ သံသယဖြစ်စရာ မရှိ။ ကံကြမ္မာ၏ အတက် အကျ၊ အဆိုး အကောင်းများသည် လာပြီးထင်ဟပ်၏။ အသေးစိတ် ထည့်ရေးနေလျှင် ပေရှည်နေလိမ့်မည်။ ရပ်ဦးအံ့။

"ဒါနဲ့ ဖွင့်မယ့်ဆိုင်က ဘယ်အရပ်ကို မျက်နှာမူထားပါသလဲ"

"အရှေ့အရပ်ကို မျက်နှာမူတယ် ဆရာ"

"အဲဒါဆိုရင် ရွှေလင်ပန်းထဲမှာ မိုးကုတ်တွင်းထွက်ကျောက်မျက်ရတနာ ၄၅ မျိုး၊ အဲဒီလင်ပန်းထဲမှာပဲ သပြေကိုးညွန့်၊ ဆီမီးကိုးတိုင်၊ သောက်တော်ရေ ကိုးခွက်၊ အမွှေးတိုင် ကိုးတိုင် ပူဇော်ရမယ်၊ ပြီးတော့ သစ်သီးကိုးမျိုး၊ သာသနာပွဲ တစ်ပွဲ၊ အကြော် ကိုးမျိုး ပူဇော်ဆက်ကပ် လှူဒါန်းပြီး ဖွင့်ပွဲလုပ်ပါ"

သူမသည် စီးကရက်သောက်နေရင်းမှ တုံ့ပြန်မှုမြန်သော မေးခွန်းများဖြင့် မေးလာ၏။

"ဆရာ. . . မိုးကုတ်တွင်းထွက် ကျောက်မျက်ရတနာ ၄၅ မျိုးက ဘာတွေလဲ ဆရာ၊ ဆရာ အသေးစိတ် ရေးပေးလိုက်လေ၊ လိုအပ်ရင်တော့ မိုးကုတ်တက်ရဦးမယ် ထင်တယ်"

ကျွန်ုပ်သည် ဘာမှပြန်မပြောတော့ဘဲ ဘေးနားရှိ စာအုပ်စင်ပေါ်မှ ကျောက်မျက်ရတနာ အဘိဓာန်စာအုပ်ကို လှမ်းယူလိုက်သည်။ ၎င်းစာအုပ်ထဲမှ မိုးကုတ်တွင်းထွက် ကျောက်မျက်ရတနာ (၄၅)မျိုးအား တစ်ခုချင်း ရေးပေးလိုက်လေတော့သည်။ ဒီနေရာတွင် စာကြောရှည်နေမည်မှာစိုး၍ မဖော်ပြတော့ပြီ။ ၎င်းကျောက်အမည်များကို အသေးစိတ်ဖြတ်ပြီး . . .

"ဆရာ ကျွန်မမှာ ကျောက်သေတ္တာ၊ ပုလဲပြာ၊ နဂါးသွဲ့၊ ငုကျောက်ပြာ အဲဒီလေးမျိုး မရှိဘူးဆရာ၊ ဘယ်မှာ ရှာရမှာလဲ"

ကျွန်ုပ်သည် လွန်စွာလှပသော သူမမျက်နှာလေးကိုကြည့်ရင်းအဓိပ္ပာယ်ရှိရှိ ပြုံးပြလိုက်သည်။ ခရမ်းစွဲရောင် ဝမ်းဆက် ဝတ်ဆင်ပြီး များစွာသော စိန်များ ဝတ်ဆင်ထားသဖြင့် လှပမှုကို လွန်စွာမှပင် ရွှန်းလဲ့တောက်ပစေသည်။

"မပူပါနဲ့၊ ကျွန်တော့်တပည့် တစ်ဦးဆီ စာရေးပေးလိုက်ပါ့မယ်၊ အဲဒီမှာ သွားယူပါ၊ ကျောက်က ကချောတွေဖြစ်ရမယ်၊ ဖန်စီတွေ အသုံးမပြုရဘူး၊ မိုးကုတ်တွင်းထွက် ကျောက်စစ်ဖြစ်ဖို့ အရေးကြီးတယ်၊ အနာအဆာကင်းဖို့ လိုတယ်၊ မဏိရတနာဒီပံ အစီအရင် ဖြစ်တယ်"

"ဩော်. . . ဒါနဲ့ ဆရာနဲ့ မိတ် ဆက်ပေးရဦးမယ်၊ ဒါက ကျွန်မ အမျိုး သားလေ၊ ဦးမြကြိုင်လို့ ခေါ်ပါတယ်"

ရောက်ကတည်းက တစ်ချိန်လုံး စကားမပြောဘဲ နေလာသဖြင့် အံ့ဩ မိ၏။ ယခု ရတနာစိန်က သူ့အမျိုးသား ပါဆိုတော့ နားမလည်နိုင်အောင် ဖြစ် ရသည်။

"ဩော်. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ကျွန်ုပ်အား ဦးမြကြိုင် ဆိုသူ အသိအမှတ်ပြု ခေါင်းညိတ်ပြ၏။ သူ့ အကြည့်များက အင်အားမရှိ။ နှုတ်မှ လည်း ဘာမှမပြော။ ကျွန်ုပ်မှ မနေသာ တော့သဖြင့်. . .

"စကားတွေ ဘာတွေ မပြော ဘူးနော်"

"ဟုတ်တယ်၊ ဟုတ်တယ်၊အစ်ကို ကြီးက ဝစီပိတ်ကျင့်နေတာ ကြာပြီ သူ့အတွက်တော့ အေးရာအေးကြောင်း ပေါ့ ဆရာရယ်၊ မဟုတ်ဘူးလား"

ကျွန်ုပ်အတွက် စဉ်းစားစရာတွေ အများကြီးဖြစ်လာသည်။

"ဒါနဲ့များ ဒီကို ခေါ်လာသေး တယ်၊ အိမ်မှာထားခဲ့လဲ ရတာပဲ မဟုတ် ဘူးလား"

ရတနာစိန်သည် တုံ့ပြန်မှု လျင် မြန်စွာဖြင့်. . .

"ဟာ. . ဆရာ အစ်ကိုကြီးကို အိမ်မှာထားခဲ့လို့ မရဘူးလေ၊ ဒီကို ခေါ် လာမှ အလုပ်ဖြစ်မှာ၊ ဝစီပိတ်ကျင့်နေပေ မယ့် အာရုံခြောက်ပါး အကုန်ကောင်း တယ်၊ ဆရာ့ရုံးခန်း ခေါ်လာတာကလဲ မျက်မြင်သက်သေထူလိုက်တာ၊ ဒါမှလဲ ဆင်ကောင်ရေ ကုဋေသန်းပေါင်းများစွာ ရမှာလေ"

ကျွန်ုပ်သည် ရုတ်တရက် နား မလည်နိုင်သဖြင့်. . .

"ဘာ. . . ဘယ်လို ဆင်ကောင် ရေ ကုဋေသန်းပေါင်းများစွာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ. . . ခုထိ အခြေအနေ ကို သဘောမပေါက်သေးဘူးထင်တယ်၊ ရှေ့လက်ရှိဆရာ စားပွဲပေါ်မှာ အလတ် ဆင်ကောင်ရေ တစ်ရာလေ ဆရာ"

"ဪ. . . ဒီလိုလား"

ကျွန်ုပ် သူတို့ အကြောင်းကို ချင်ပေမယ့် စိတ်ဝင်စားစရာတော့ ောင်းလာသည်။ အနည်းဆုံး အသက် ဆယ်လောက်ကွာသည်။ သို့သော် သူများတကာ ကိုယ်ရေးကိုယ်တာ ကိစ္စ များကို ဝင်ရောက်စွက်ဖက်၍မဖြစ်။ လိုက်သလိုနေတာ အကောင်းဆုံး သည်။ ဒီတစ်ခါတွင် ရတနာစိန်မှ သော နှုတ်ခမ်းလေးဖြင့်. . .

"ဆရာ. . . ကျွန်မလဲ တရား ပါပဲ၊ အားလုံးဖြစ်ပျက်ပဲလေ၊ မှ မိမိမှာ အရည်အချင်း၊ အရည် ဘယ်လောက်ရှိသလဲဆိုတာ စ်ရမှာပဲ၊ ကြိုးစားနေရမှာပဲ၊ ယခု ရှိ ကိုယ်ပေါ်မှာ ဆင်ထားတဲ့ စိန် ရဲ့ တန်ဖိုးဟာ သိန်းပေါင်း သုံး ောင်းကျော် ရှိတယ်၊ ဒါတွေဟာ ရဲ့ ကြိုးစားအားထုတ်မှုကြောင့် တာ၊ မိုးပေါ်က ကျလာတာမဟုတ် သူတွေ အလွယ်ပြောတာရှိတယ်၊ သိလား . . ဆရာ"

ကျွန်ုပ်အား ပြန်လှန်မေးခွန်း လာသည်။ အဖြေရခက်သော လည်းဖြစ်သည်။ စကြဝဠာကြီး သီအိုရီဆန်သော ဒဿနများစွာ အဖြေများ၍ မဖြစ်။

"ဘာများလဲ မသိဘူး"

"သေရင် ကိုယ့်နောက်မပါဘူး၊ ကိုယ့်နောက်မပါဘူးဆိုတာလေ၊ င် ဘာမှမရှိရင်၊ မပြည့်စုံရင် ငရဲ နဲ့ အတူတူပဲလေ ဆရာ၊ လူ အရေးတွေ အကုန်လုံးလဲ ဆုံးရှုံး လူဖြစ်လဲ ရှုံးတယ်၊ မဟုတ် ဆရာ"

သူမ၏ အကြည့်၊ သူမ၏ လေ အားမာန်အပြည့်ပါ၏။ သွေး ောင် မှန်သော စကားစုများ လည်း ဖြစ်သည်။ သို့သော် ကြီးမားလှသော လောဘထုကြီးကို ဟန့်တားနိုင်စွမ်းမရှိ။

"ဆရာလဲ ရုံးခန်းဖွင့်ပြီး တတ်ထားတဲ့ ပညာနဲ့ ငွေရှာနေတာ မဟုတ်ဘူးလား၊ အားလုံးကို စာရင်းချုပ်လိုက်ရင် ငွေရှာနေကြတာပါပဲ၊ ငွေနောက်လိုက်နေကြတာပါပဲ"

ကျွန်ုပ် ရတနာစိန်နှင့် စကားကြောရှည်နေလျှင် ပြီးဆုံးမည်မဟုတ်။ သူမက ကိုယ့်ထက်တတ်သည်။ ဉာဏ်ပြေးသည်။ လုံးဝ လျှော့တွက်၍ မရ။

"ဒါနဲ့ ဆရာ ဆိုင်ဖွင့်ပွဲ အခမ်းအနားအတွက် ဘာလိုအပ်ဦးမလဲ၊ ကျွန်မ ကြော်ငြာ မထည့်ဘူး၊ သတင်းထောက်တွေ မဖိတ်ဘူး၊ အတတ်နိုင်ဆုံး အကျဉ်းချုံးပြီးလုပ်မှာ"

"အနီရောင် ဧကော်ဇောတွေ၊ နဂါးရုပ်တွေ၊ ဟိမဝန္တာပုံပါတဲ့ ကျောက်စိမ်းတုံးတွေ၊ ရောင်စုံ ကျောက်မျက်ရတနာတွေနဲ့ စီခြယ်ထားတဲ့ ဗုဒ္ဓပုံတော်တွေရှိရင် ပိုကောင်းပါတယ်"

"ဆိုင်ဖွင့်ပွဲကျရင် ဆရာကိုယ်တိုင်လာပြီးတော့ မန္တန်တွေ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆောင်ရွက်ပေးရမှာနော်၊ ဆိုင်းဘုတ်တင်မယ့်အချိန်လဲ ပေးဦးလေ ဆရာ"

"ခုနပြောထားတဲ့အချိန်ပဲလေ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ကဲ အဲဒါဆိုလဲ ကျွန်မတို့ ပြန်လိုက်ဦးမယ်၊ အဲဒီနေ့ ကားကြိုပေးရမလား ဆရာ"

"ရပါတယ် . . . ရပါတယ်၊ ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော် လာမှာပါ၊ အင်းအစီအမံတွေ ထည့်သုံးထားသေးလား "

"ပေါက်ပေါက်ရှာရှာ ဆရာရယ်၊ ကိုယ်မသိဘဲနဲ့ ဘာကိုမှ အသုံးမချဘူး။ လောကမှာ မိမိဘာမှမသိဘဲနဲ့ အသုံးပြုအသုံးချခြင်းဟာ မိုက်မဲမှုတစ်ရပ်ပဲ"

ကျွန်ုပ်အား ရတနာစိန်က ဆရာပြန်လုပ်သွား၏။ သူတို့ ပြန်ထွက်ခွာသွားတော့ စဉ်းစားစရာ အတွေးများစွာ ကျန်ခဲ့၏။ လောကကြီး၏ ဆန့်ကျင်ဘက် အကြောင်းတရားများကိုလည်း စဉ်းစားမိသည်။ ၎င်းတို့မှာ. . .

ဆင်းရဲခြင်း၊ ချမ်းသာခြင်း
မွေးဖွားခြင်း၊ သေဆုံးခြင်း
အစရှိ၍ အဆုံးမရှိခြင်း။

✢

ကျွန်ုပ် ဆိုင်ဖွင့်ပွဲသို့ ၉ နာရီကျော်ကျော် အရောက်သွားခဲ့သည်။ ပြင်ဆင်စရာရှိတာတွေ ကြိုတင်ပြင်ဆင်ရန်ဖြစ်သည်။ ဆိုင်ရှေ့မှ ဦးမြကြိုင်နှင့် ရတနာစိန်တို့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။

ဦးမြကြိုင်ကတော့ အောက်ခံ အဖြူရောင်အင်္ကျီနှင့် တိုက်ပုံအဖြူ၊ ဗန်ကောက်ပိုးတွဲပုဆိုး။

ရတနာစိန်ကတော့ အဆန်း။ အစ်မတော် မဟာဒေဝီ ဒီဇိုင်းပုံစံနှင့်။ မိုးပြာရောင်များကိုဝတ်ဆင်ကာ ရောင်စုံ ကျောက်မျက်ရတနာများ စီခြယ်ထား၏။ ပဝါကလည်း မိုးပြာရောင်၊ ဆံထုံးမှာ ရွှေဘီးနှင့် မန္တလေး နန်းတွင်းသူပုံစံ။

"ဆရာ ဒီမှာ ဆိုင်းဘုတ်လေ"

ဆိုင်းဘုတ်မှာ ခြောက်ပေ လေးပေလောက်ရှိပြီး ဇာကရီကို ရွှေဝါရောင်ခြယ်သပြီး အောက်ခံအရောင်များမှာ ပန်းခရမ်း၊ လိမ္မော်၊ မိုးပြာရောင်များနှင့် ခြယ်မှုန်းထားသည်။ ဆိုင်ခန်းနေရာမှာ လူစည်ကားရာ နေရာဖြစ်ပြီး လမ်းဆုံလည်းကျသည်။ ဆယ့်ခြောက်ပေ၊ ပေသုံးဆယ် အကျယ်အဝန်းရှိသဖြင့် ဆိုင်ဖွင့်ရုံတင်မဟုတ် လူပါ နေလို့ရသည်။ နံရံများမှာ- အစိမ်းနုရောင် ခြယ်သထားပြီး ခင်းထားသော ကော်ဇောနီများနှင့် လိုက်ဖက်လှသည်။

မှန်ဘောင်ထဲမှ ပုံစံအမျိုးမျိုးနှင့် ပြုလုပ်ထားသော ရွှေထည်ပစ္စည်းများ အရောင်မျိုးစုံ ဖြာထွက်နေသော ကျောက်မျက်ရတနာများ၊ နဝရတ်လက်စွပ်များမှာ ကျွန်ုပ် မှန်းဆထားသည်ထက် ပိုမိုများပြားလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရတနာစိန် ပြောသည့် ဆင်ကောင်ရေ ကုဋေပေါင်း တစ်သန်း ဆိုတာ ဒါပဲဖြစ်မည်။ ယခုတော့ သူမ၏ ရည်ရွယ်ချက် အောင်မြင်သွားပြီပေါ့။

"ဆရာ . . . ဆရာပြောတဲ့ အစီအမံတွေ အားလုံး အဆင်သင့် ပြုလုပ်ထားတယ်၊ လိုတာရှိရင် ပြောလေ ဆရာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အားလုံး ပြည့်စုံပါတယ်၊ ကျွန်တော် ဒီပစ္စည်းတွေ အားလုံးကို မန္တန်တွေနဲ့ ဖွင့်ပွဲပြုလုပ်ပြီး သိဒ္ဓိတင်ပေးမယ်"

"ဆရာ လိုအပ်တာရှိရင် အပြီးအစီး လုပ်ပေးပါ ဆရာ"

ဆိုင်ခန်းအသွင်အပြင်နှင့် အခမ်းအနားမှာ ဘာမျှပြောစရာမရှိ။ ဆိုင်ဝန်ထမ်း အမျိုးသမီးမှာ ငါးယောက်ခန့်ရှိပြီး အားလုံးမှာ မိုးပြာရောင်များကို ဝတ်ဆင်ထားကြသည်။ ကွန်ပျူတာ ငွေရေစက်၊ ကျောက်မျက်များ စမ်းသပ်စက်၊ ရွှေရည် စမ်းသပ်စစ်ဆေးစက်၊ စောင့်ကြည့်ကင်မရာများ၊ အသံဖမ်းစက်၊ အရေးပေါ် အချက်ပေးစက်၊ ခေတ်မီ နည်းပညာသုံး စနစ်များကို အသုံးပြုထားသည်။

ကျွန်ုပ်ကိုလည်း မှတ်တမ်းတင်မှာသေချာသည်။

ကျွန်ုပ်သည် ဦးမြကြိုင်နှင့် ဒေါ်ရတနာစိန်တို့ကို ခေါ်ပြီး ပြောစရာရှိတာ ပြောရသည်။

"ရွှေနဲ့ကျောက်၊ ကျောက်နဲ့ရွှေ ဒီနှစ်မျိုးကတော့ ဆက်စပ်ရုပ်ဝတ္ထုပစ္စည်းတွေပဲ၊ ရွှေကျတော့ ပထဝီကြောကလာပေမယ့် ကျောက်ကျတော့ နည်းမျိုးစုံနဲ့ ဖြစ်ပေါ်လာတယ်"

နန်းဆန်ဆန် ပြင်ဆင်ခြယ်သထားသဖြင့် လွန်စွာမှ ဝင်းလဲ့တောက်ပနေေ သာ ရတနာစိန်မှ လျှင်မြန်စွာဖြင့် . . .

"ဆရာ ဘာကို ဆိုလိုတာပါလဲ"

"ဒီလိုပါ၊ သာရတ္ထသင်္ဂဟ ကျမ်းမှာဆိုရင် ပုလဲဖြစ်ပေါ် ပေါက်ပွားလာပုံကို ရှစ်ဌာန ခွဲခြမ်းစိပ်ဖြာပြီး ဖော်ပြထားပါတယ်၊ စိတ်ဝင်စားဖို့လဲအလွန်ပဲ ကောင်းပါတယ်"

"ဆရာ. . ရှင်းပြပါလား၊ အချိန်ရပါသေးတယ်"

ကျွန်ုပ်၏အဖြေကို အားလုံးက စိတ်ဝင်စားစွာဖြင့် မျှော်လင့်နေဟန်ရှိသည်။ အရောင်းကောင်တာ မှန်ဘောင်ထဲရှိ ရွှေရောင်သန်းသော ပုလဲလုံးလေးများ ကြည့်လျက် စိတ်ဘဝင်အေးချမ်းကာ ရှင်လန်း တက်ကြွပါသည်။

"ပုလဲရဲ့ အစိပ္ပာယ်က ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ အေးချမ်းခြင်း၊ နှစ်သက်ခြင်း၊ ဂုဏ်အရှိန်အဝါတက်ခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ နှစ်လိုဖွယ်ကောင်းခြင်း အဓိပ္ပာယ် ဆောင်တယ်၊ တချို့ ပုလဲတွေဆို တန်ဖိုးဖြတ်လို့မရဘူး၊

သာရတ္ထသင်္ဂဟ ကျမ်းလာ ပုလဲ ရှစ်မျိုးကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်၊

၁။ ဆင်ဦးကင်း၌ ဖြစ်သောပုလဲ
၂။ ဝက်ဆွယ်၌ ဖြစ်သောပုလဲ
၃။ မြွေ၏ဦးခေါင်း၌ ဖြစ်သောပုလဲ
၄။ တိမ်တိုက်၌ ဖြစ်သောပုလဲ
၅။ ဝါးတို့၌ ဖြစ်သောပုလဲ
၆။ ငါး၏ဦးခေါင်း၌ ဖြစ်သော ပုလဲ
၇။ ခရုသင်း၌ ဖြစ်သောပုလဲ
၈။ ယောက်သွား၌ ဖြစ်သောပုလဲ၊

အဲဒီဖြစ်ပေါ်လာတဲ့ ဌာနတွေကိုကြည့်ရင် တခြားကျောက်မျက်တွေလဲ နည်းမျိုးစုံနဲ့ ဌာနအသီးသီးက ဝင်ရောက်လာတာပါ၊

အဲဒီမှာ မူတည်ပြီး သိဒ္ဓိတွေ၊ အစောင့်အရှောက်တွေ၊ ကောင်းကင်ဂြိုဟ်နဲ့ ထိတွေ့ပေါင်းစပ်မှုတွေ ပါလာပါတယ်၊ အဲဒီ ကျောက်မျက်တွေကို ဂါထာ မန္တန်တွေနဲ့စီရင်ပြီး အသုံးပြုရင် ပိုမိုအစွမ်းထက်ပြီး ထိရောက်ပါတယ်"

ကျွန်ုပ်၏စကား ဆုံးသည်နှင့် ရတနာစိန်မှ သူလည်ပင်းတွင် ရွှေနှင့်သီးခြားကွပ်ပြီး ပြုလုပ်ထားသော မိုးပြာရောင်ပုလဲလေးများကို ပြသည်။

တစ်လုံးလျှင် ငါးရတီခန့်ရှိမည် ဖြစ်ပြီး အားလုံး နှစ်ဆယ့်လေးလုံးဖြ[...] သည်။ အသေအချာ ကြည့်လျှင် ပု[...] မျက်နှာပြင်တွင် မိုးသားတိမ်တိုက်[...] မိုးပြာရောင်ဖြင့် လွှမ်းခြုံထားသည်၊ အလွန်ဆန်းကြယ် ထူးခြားသည့် ဖြ[...] ခြင်း။

ပုလဲရာဇဝင်ကို မေးမြန်းစုံစ[...] လျှင် စကားကြော ရှည်နေမည်စိုး[...] ဘာမှမပြောတော့။ အခါလည်းကျ[...] ဆိုင်းဘုတ်တင်ခြင်း၊ ဆိုင်သစ်ဖွင့်ခြ[...] အခမ်းအနား အစီအစဉ်တကျ ပြုလု[...] ရသည်။

ပထမဦးဆုံးမှာ လာဘ်ဖွင့်ခြ[...] လာဘ်ခေါ်ခြင်း။

ဒုတိယအဆင့်မှာ ဆိုင်ထဲရှိ ရွှေ[...] ငွေ၊ ကျောက်သံပတ္တမြား အားလုံး[...] မော်ချုပ်ကိုးဂါထာ (ဝိဇ္ဇာမ ယိဒ္ဓိ[...] မန္တန်ဖြင့် သိဒ္ဓိတင်ခြင်း၊ စီရင်ခြင်း။

ဧင်းမန္တန်ဂါထာတွင် ဖြဟ္မာမင်း[...] စက်၊ သိကြားမင်းစက်၊ နေမင်းစက်[...] လမင်းစက်၊ ဝိဇ္ဇာမင်းစက်၊ မိကျောင်း[...] မင်းစက်၊ ဂဠုန်မင်းစက်၊ နဂါးမင်းစက်[...] ခြင်္သေ့မင်းစက် ဟူ၍ စက်ကြီး ကိုးစက်[...] နှင့်ဖွဲ့စည်းတည်ထောင်ထား၍ အလွ[...] ပင် ထူးခြားဆန်းကြယ်လှပေသည်။

တတိယအဆင့်မှာ မဟာဝေ[...] မန္တန်၊ ပထဝီဇယမန္တန် (၁၄) ဂါထာ[...] ပထဝီဇေယျမန္တန်(၁၈)ဂါထာ။

(ဧင်းမန္တန် နှစ်ခုမှာ ဖွဲ့စည်း[...] တည်ဆောက်ပုံချင်း မတူပါ။ လွန်[...] ကွဲပြားခြားနား၏။ နှစ်ခုစလုံးကို ပြ[...] ရွတ်ဖတ်သရဇ္ဈာယ်လျှင် ပိုမိုထူးခြား[...] သော အာနိသင်ရှိ၏။)

နောက်ဆုံးမှာ စီးပွားရေး[...] (ခေါ်) ဟိတသိဒ္ဓိပကာသနီကျမ်းအ[...] နှင့်အညီ စီရင်ပြီး ဖွင့်ခြင်း [...]ပါသည်[...] ကြွရောက်လာသည့် ဧည့်ပရိသတ်[...] မုန့်မျိုးစုံ၊ ကိတ်မျိုးစုံ၊ ကော်ဖီနှင့် [...] ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

အရုပ်လိုနေသော ဦးမြကြိုင်နှင့် လက်ချင်းချိတ်ကာ ပြုံးပျော်ကြည်နူးနေသော ရတနာစိန်မှ. . .

"ဆရာ. . . ပုလဲအကြောင်းကို ရှင်းပြဦးလေ"

"အဲဒါကို တိမ်တိုက်ပုလဲလို့ ခေါ်တယ်၊ ပုလဲမိုးရွာတယ်ဆိုတာ ကြားဖူးမှာပေါ့၊ ရှေးဟောင်း ပိဋကတ်သီကျမ်းမှာတော့ နှစ်သုံးရာမှာ တစ်ကြိမ်သာ ရွာတယ်လို့ ဆိုပါတယ်၊

အခုလို ဆုတ်ကပ်ခေတ်ကြီးမှာတော့ မပြောတတ်ဘူး၊ မြင်ဖို့လဲ မလွယ် သလို ရဖို့လဲ မလွယ်ဘူး၊ အဲဒီပုလဲရဲ့ သက်တမ်းဟာ နှစ်ပေါင်းနှစ်ရာအထက်မှာ ရှိလိမ့်မယ်၊ အရမ်းမာကျောပြီး တောက်အမြဲတေနဲ့တူတယ်၊ မပျောက်ပျက်ပါစေနဲ့၊ နောက်ပြီး နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကို ဆောင်ပါတယ်၊ ထိုက်လို့ ရတာပါ"

"အခုလို ရှင်းလင်းပြောပြတဲ့အတွက် အထူးကို ကျေးဇူးတင်ပါတယ် ဆရာ"

ကျွန်ုပ်လည်း လုပ်ငန်းကိစ္စအဝဝ ပြီးစီးအောင်မြင်သွားပြီဖြစ်၍ နှုတ်ဆက်ကာ ထွက်ခွာလာခဲ့တော့သည်။

ဆိုင်အတွင်းမှန်ဘောင်ထဲရှိ ပုံစံအမျိုးမျိုးနှင့် ရွှေထည်ပစ္စည်းများ၊ ရွှေဝါရောင် သန်းသော ဆလိုက်မီးရောင်အောက် ရောင်စုံဖြာထွက်နေသော တောက်မျက်ရတနာများထဲမှ ထူးထူးခြားခြား တိမ်တိုက်နှင့် လွှမ်းခြုံထားသော မိုးပြာရောင်ပုလဲလုံးလေးများက မျက်လုံးထဲက မထွက်။

အတွေးသံသရာကား မဆုံးလေပြီ။

+

နွေ၊ မိုး၊ ဆောင်း ရာသီတွေ အလီလီ ပြောင်းခဲ့လေပြီ။

ဇရာဆိုသော အိုမင်းရင့်ရော်ခြင်းတလည်း ခန္ဓာကိုယ်တစ်ခုလုံးအား ချုပ်ကိုင်လွှမ်းမိုးခဲ့ချေပြီ။

တစ်နှစ်ဆို ဆိုသလောက် ခံနိုင်ရည်အား ကျဆင်းလာ၏။

သုံးနှစ်ခန့်ကြာသော် ကျွန်ုပ်ထံသို့ နိုင်ငံခြားမှ စာတစ်စောင်ရောက်ရှိလာသည်။

ဆရာ

ကျမ. . ရတနာစိန် သတိတရ စာရေးလိုက်ပါတယ်။

အလုပ် မအားလို့ ဆရာဆီ မလာဖြစ်တာကိုလည်း တောင်းပန်ပါတယ်။ မိမိအကြောင်းတွေ သိမှာစိုးလို့ အဆက်အသွယ်ဖြတ်တာတော့ မဟုတ်ပါဘူး။

ကတည်းကတာ မဂ်လသုတ်မှာ သူတစ်ထူးပြုဖူးသော ကျေးဇူးကို မမေ့ရဘူးဆိုတာလေ။ ဘယ်မေ့ပျောက်လို့ ဖြစ်မှာလည်း ဆရာရယ်။

အမှန်ကို ဝန်ခံရရင်တော့ ကျွန်မက ဆင်းရဲပါတယ်။ ဆယ်တန်း အောင်ပြီး တက္ကသိုလ် ဆက်မတက်နိုင်လို့ သူငယ်ချင်းတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ ဦးမြကြိုင်ရဲ့ ရွှေဆိုင်မှာ ဝင်အလုပ် လုပ်တာပါ။ လခလည်း ကောင်းပါတယ်။

တစ်နှစ်တစ်ခါ သကြံန်ရက်တိုင်း ပုဂံဘက်ကို ဘုရားဖူးပို့ပေးတယ်။ အဲ၊ တစ်နှစ်မှာတော့ ညဘက် စစ်တောင်းမြစ်ကြီးကို ကြည့်ပြီး ဗူးဘုရားမှာ ရှိနေတုန်း အဘိုးအိုတစ်ယောက် ကျွန်မအနားကို ရောက်လာပြီး. . .

'နာမည် ဘယ်လိုခေါ်ပါသလဲ' လို့ မေးတယ်။

'မိုးပုလဲလို့ ခေါ်ပါတယ် အဘိုး' လို့ ပြန်ဖြေလိုက်တယ်။

အဲဒါ ကျွန်မရဲ့ နာမည်အရင်းပါ။ အဲဒါနဲ့ အဘိုးအိုက . . .

'သမီးရဲ့ နာမည်က မိုးပုလဲဆိုရင် ဒီပစ္စည်းရဲ့ပိုင်ရှင် အစစ်က သမီးပါပဲ' ဆိုပြီး အဲဒီမိုးပြာရောင်ပုလဲ နှစ်ဆယ့်လေးလုံး ပေးပြီး ပျောက်ကွယ်သွားတာ။

ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး။ ပြလည်း မပြခဲ့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကို မွေးမယ့် တနင်္လာနေ့ နံနက် အရုဏ်တက်ချိန်မှာ ပုလဲမိုးတွေ ရွာတယ်လို့ အမေက အိပ်မက် မက်တယ်။

အဲဒါကို အကြောင်းပြုပြီး အမေက 'မိုးပုလဲ'ဆိုပြီး ပေးတာပါ။

ဆက်စပ်မှု၊ ဆက်သွယ်မှု သင်္ကေတတွေ ရှိတာကိုတော့ လုံးဝ လက်ခံထားပါတယ်။

အဲဒီ ပုလဲရပြီး မကြာခင်မှာပဲ ဦးမြကြိုင်ရဲ့ဇနီး ဒေါ်ခင်မြတ်ထိုက်လည်း ရုတ်တရက် သေဆုံးတယ်။

ဇနီးသည် သေဆုံးသွားတော့ ဦးမြကြိုင်က ကျန်းမာရေး မကောင်းဘူး။ ကျန်းမာရေးမကောင်းတော့ ကျွန်မက အနီးကပ် ပြုစုရတယ်။

အဲဒီကနေ ဇာတ်လမ်းစတာ။ ကျွန်မနဲ့ ဦးမြကြိုင် သားနှစ်ယောက် ထွန်းကားပြီး အကြောင်းပါခဲ့တာပါ။

သူတို့မှာ သမီးတစ်ယောက် ရှိတယ်။ အမေရိကားမှာ ဆရာဝန်ပါ။ ဘာတစ်ခုမှ ဝင်ရောက်မစွက်ဖက်ဘူး။ ဆွေမျိုးတွေကတော့ ဆရာရေ. . . တောကျီးကန်းထက်ဆိုးတယ်။ ဝိုင်းဝန်းထိုးဆိတ် နှိပ်ကွပ်တာ။

ကျွန်မ ပထမကိုယ်ဝန်ရှိစဉ်မှာ အသည်းအသန် ခံရတာ။ ထိုက်သင့်တဲ့ လျော်ကြေးပေးလိုက်။ ဘာတရားဝင်ယူစရာလဲ။ အိမ်ဖော်အဆင့်လောက် ရှိတာဆိုပြီး ရစရာ မရှိအောင် ပြောတာ ဆရာရေ၊ လောကကြီးက တကယ် မလွယ်ဘူး။

ကျွန်မလည်း ပထမသားဦးလေး လည်းမွေးပြီးရော "ရတနာစိန်" လို့ အမည်ပြောင်းပြီး သူတို့အားလုံးကို ပြန်ချဲ့တာ။ ခုစာရေးတဲ့ အထိပဲ။

ကျွန်မ ဦးမြကြိုင်နဲ့ ကလေးနှစ်ယောက်ရခဲ့ပေမယ့် ချစ်လို့မရဘူး။ ခံစားလို့ မရဘူး။ အဲဒီ အရာတွေတော့ ကျွန်မဘဝမှာ ပေးဆပ်ခဲ့ရတယ်။ ခံစားခဲ့ရတယ် ဆရာ။ ကျွန်မ ပြောတာကို ယုံပါ။



www.burmeseclassic.com

www.burmeseclassic.com

ဦးမြကြိုင်ကလည်း "ဝစီပိတ်" ကျင့်လိုက်တာ ခုထိပါပဲ။

အဲဒါလည်း ကျွန်မပြစားတာ, လုပ်ထားတာဆိုပြီး ဝိုင်းဝန်းစွပ်စွဲတာ ဆရာရေ။

နယူးဇီလန် ခေါ်တော့လည်း မလိုက်ဘူး။ ဒေါ်ခင်မြတ်ထိုက်ရဲ့ အုတ်ဂူဘေးနားမှာပဲ ခေါင်းချမယ်လို့ စာရေးပြီး ပြောတယ်။

ခု . . ကျွန်မကတော့ နယူးဇီလန်မှာ သားနှစ်ယောက်နဲ့ အတူနေတယ်။ ရွှေဆိုင်ဖွင့်ပြီး နောက်ပိုင်း တအားအောင်မြင်သွားလို့ မသေခင် ဆရာ့ကိုလည်း ကျေးဇူးဆပ်ချင်တယ်။

ရွှေဆိုင်ဖွင့်တာ ကျွန်မရဲ့ ပြယုဂ်ပေါ့ ဆရာရယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် လုပ်စားလိုက်တာပါ။

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ ဆရာ။ တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်ဆုံကြဦးမှာပါ။ ကျေးဇူးတရားကို အစဉ်သတိရလျက်။

ရတနာစိန်
နယူးဇီလန်

ကျွန်ုပ်သည် ရတနာစိန်၏ စာကို ဖတ်ရင်း စဉ်းစားခန်းတွေ တစ်လှေကြီး ဝင်လာ၏။

ရုတ်တရက် နှုတ်မှလည်း. . .

"ဟာ. . . ပုလဲဒေဝီပါလား"

ကျွန်ုပ်၏ ခြေလှမ်းများက ဘုရားစင်ရှိရာသို့ ဦးတည်လိုက်သည်။ စေတီပုံ အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ပုလဲ ကိုးလုံးမှာ ထူးဆန်းစွာ ပျောက်ဆုံးနေလေတော့သတည်း။

❒ မင်းဟန်(သန်လျင်)

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထီရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။


စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပိုမိုတိုးတက် အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။



### ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊
မဟာဗန္ဓုလလမ်း။ (၁၇×၁၈)လမ်းကြား။
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈






www.burmeseclassic.com

www.burmeseclassic.com

၁၉၉၁ ခုနှစ်က ကျွန်တော် ပဲခူးတိုင်းရဲတပ်ဖွဲ့မှူးရုံးတွင် ဦးစီး(၁)ဌာနစိတ် တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေရသည်။ မိသားစုမှာ မြိတ်မြို့တွင် ကျန်နေခဲ့သဖြင့် လူလွတ်ဖြစ်နေသည်။

ရဲရိပ်သာတွင်ပင်အိပ်လျက် ရုံးအနောက်ဘက်ရှိ တရားရုံးဝင်းအတွင်းမှ တပ်ကြပ်ကြီး ဦးစိန်ဝင်း၏ ထမင်းဆိုင်တွင် လပေးစနစ်ဖြင့် ထမင်းစားရသည်။ တပ်ကြပ်ကြီး ဦးစိန်ဝင်းမှာ မှုခင်းမှတ်တမ်းရုံးမှဖြစ်၍ ထမင်းစားရင်း မှုခင်းသတင်းများကို ပြောပြလေ့ရှိသည်။

တစ်ရက် နေ့လယ် ထမင်းစားနေစဉ် ဦးစိန်ဝင်း ရောက်လာပြီး. . .

"ဆရာစံ၊ ဒီနေ့ ခရိုင်ရုံးမှာ အမေကို သတ်လိုက်တဲ့ သမီးနှစ်ယောက်ရဲ့ အမှုကို စီချက်ချက်ချမယ် ဆရာ" ဟု ပြောလာသည်။

"ဟာဗျာ၊ မိခင်ကို ပြန်သတ်ရအောင် မိုက်မဲတဲ့ သားသမီး သေဒဏ်ပေးဖို့ပဲ ကောင်းတယ်ဗျ"

"ဒီအမှုက ဆန်းတယ် ဆရာစံရဲ့၊ သူတို့ကို ပြုစားခံရလို့ လူစိတ်ပျောက်ပြီး ဖြစ်သွားတာဗျ"

"ဒီခေတ်မှာ စုန်းတွေ၊ တစေတွေ မရှိတော့ပါဘူးဗျာ၊ အောက်လမ်းပညာသည်တွေလဲ ပျောက်ကွယ်တုန်ပါပြီ"

"သူတို့ အမှုတွဲမှာတော့ ရူးသွပ်ကြောင်း စိတ်ကျန်းမာရေး အထူးကုဆေးရုံအုပ်ကြီးရဲ့ ဆေးစာပါတာပဲ၊ ဒါပေမဲ့ ဆေးချက်အရတော့ ပတ်ဝန်းကျင် သက်သေတွေရဲ့ ထွက်ဆိုချက်တွေမှာ ပြုစားခံရတာ ဖြစ်ကြောင်း ပေါ်နေ တယ်ဗျ"

# စံ-ကေတု

## ပြုစားသည်လား ရူးသည်လား





www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားပြောတာနဲ့ စိတ်ဝင်စား လာပြီဗျာ၊ ဘယ်အချိန် ရုံးထုတ်မှာလဲဗျ"

"နေ့လယ် ၂ နာရီကို အမိန့်ချ ဖို့ ချိန်းထားတယ်"

"အေးဗျာ၊ ကျွန်တော် လာပြီး နားထောင်ကြည့်ဦးမယ်"

ထမင်းစားပြီး ရုံးပေါ်ပြန်တက် လာခဲ့သည်။ ရုံးလုပ်ငန်းများ ဆောင်ရွက် ရင်း ၂ နာရီအချိန်တွင် တရားရုံးသို့ သွားရန် ရုံးခန်းမှ ထွက်လာစဉ် မှုခင်း ဌာနစိတ်တာဝန်ခံ ရဲအုပ်ဦးမင်းဦးနှင့် ဆုံမိသည်။

"ဘယ်လဲဗျ၊ ဆရာစံ"

"ဟာ ဆရာ၊ ကျွန်တော် ခရိုင် တရားရုံးက လူသတ်မှု အမိန့်ချမှာ သွားနားထောင်မလို့"

"ကျုပ်လဲ အဲဒီသွားမလို့ပဲ၊ ရဲမှူး (ဦးစီး)ဆီ ဝင်သတင်းပို့လိုက်ဦးမယ်"

ရဲမှူး (ဦးစီး)ဦးညွန့်ရင် ရုံးခန်းသို့ နှစ်ဦးလုံး ဝင်ရောက် အလေးပြုလိုက်ပြီး

"ရဲမှူး ကျွန်တော်တို့ ခရိုင်တရား ရုံး သွားတော့မယ်၊ သွားခွင့်ပြုပါ"

ဟု ရဲအုပ်ဦးမင်းဦးမှ သတင်းပို့ ခွင့်တောင်းလိုက်သည်။ ရဲမှူးမှ ခေါင်း မော့ကြည့်လိုက်ပြီး "သွားပါဗျာ၊ ဘယ့် နှယ် ဦး(၁)က ဆရာစံလဲ လိုက်မလို့ လား"

"ဟုတ်ကဲ့ ရဲမှူး၊ အမေကို သတ် တာရယ်၊ လူပြုစားတာရယ်ဆိုလို့ စိတ် ဝင်စားလို့ပါ ခင်ဗျ"

"အေးဗျ၊ ဒီအမှုက ကဝရဲစခန်း က တက်လာတဲ့ အမှုပဲ၊ အမှုစစ်ရဲ့ စစ် ဆေးပေါ်ပေါက်ချက်နဲ့ ဆေးစာတင်ပြ ချက်နဲ့ ကွဲလွဲနေတယ်၊ လူပြုစားတာ လား၊ ရူးသွပ်နေလို့လားဆိုတာ တရား သူကြီးရဲ့ ဆင်ခြင်တုံတရားအပေါ်မှာ အဖြေထွက်မှာပဲ၊ လူပြုစားတာဆိုရင် တရားခံ ဆက်ရှာရတော့မယ်၊ ရူးသွပ် တာဆိုရင်တော့ ပြစ်မှုဆိုင်ရာ ဥပဒေ အရ ပုဒ်မ(၈၄)အရ ကင်းလွတ်ရမဲ့ အချက်များမှာ အကျုံးဝင်နေတော့ လွတ်ပစ်ရမှာပဲ၊ ကျုပ်လဲ သိချင်နေလို့ ဦးမင်းဦးကို သွားခိုင်းထားတာ၊ ခင်ဗျား လဲ သတင်းရတာပေါ့၊ လိုက်သွားပါ" ဟု ရှင်းပြ၍ ခွင့်ပြုလိုက်သည်။

တရားရုံးတွင် လူအများပင် စိတ် ဝင်တစား လာရောက်နားထောင်နေကြ လေသည်။ တရားခံ ခြံထဲတွင် အသက် (၃၀)ခန့် မိန်းမတစ်ဦးနှင့် အသက်(၂၅) ခန့် မိန်းကလေးတစ်ဦးတို့ကို ရဲမေ နှစ်ဦး ရံလျက် တွေ့ရသည်။

မိန်းကလေးနှစ်ဦးစလုံး ပင် ညှိုးငယ်သောမျက်နှာများဖြင့် ခေါင်းငုံ့ပြီး ငိုနေကြသည်။

တရားသူကြီး တရားခွင်ပေါ် ရောက်လာပြီးနောက် ရှေ့ဖတ်စာရေးမှ တရားခံအမည်များခေါ်၍ ရပ်ခိုင်းလိုက် ပြီး အမိန့်ကို ဖတ်ပြလေသည်။

အမှုဖြစ်စဉ် (......) ချက်၊ သက်သေထွက်ချက်၊ အမှုစစ်၏ထွက် ဆိုချက်များကို ပြည့်စုံစွာ ဖော်ပြပြီး နောက် စိတ်ကျန်းမာရေး အထူးကု ဆေးရုံတွင် တက်ရောက်ကုသခံယူခဲ့ရမှု နှင့် ဆေးရုံအုပ်ကြီး၏ဆေးစာ ထင်မြင် ချက်တို့အရ တရားခံနှစ်ဦးမှာ စိတ်ပေါ့ သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကို မသိနိုင်သည့် အခြေအနေဖြစ်ကြောင်း ကောက်ချက်ချကာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၈၄)၏ ပြဋ္ဌာန်းချက်ကို ခံစားထိုက် သည်ဟုသုံးသပ်၍ အပြစ်မှ ကင်းလွတ် ခွင့်ပေးလိုက်ကြောင်း အမိန့်ချလိုက် လေတော့သည်။

"ရဲမှူးသုံးသပ်သလိုပဲ ရူးသွပ် သူတွေ ဖြစ်သွားပြီဗျ"

"ဟုတ်တယ် ဆရာမင်းဦးရယ်၊ ကျွန်တော်လဲ ဒီအမှုကို အတော်စိတ်ဝင် စားလာတယ်ဗျာ၊ အမှုတွဲတောင်းပြီး ဖတ်ကြည့်ချင်တယ်ဗျ"

"ကျုပ်တို့ မှုခင်းဌာနစိတ်မှာ အမှု မှတ်တမ်း မိတ္တူတွေရှိပါတယ်၊ ရုံးကျ တော့ ယူပေးမယ်၊ ပြန်ရအောင် ရဲမှူးလဲ သိချင်နေတယ်ဗျ"

ရဲမှူး (ဦးစီး) ထံ ဝင်ရောက် အလေးပြု၊ တရားရုံး ဆုံးဖြတ်ချက်ကို သတင်းပို့လိုက်ပြီးနောက် ရဲအုပ်ဦးမင်း ဦးထံမှ အမှုတွဲကိုတောင်းယူပြီး စိတ်ဝင် တစား ဖတ်ကြည့်လိုက်သည့်အခါ. . .

မဟာသက္ကရာဇ် (၁၁၀)ပြည့်နှစ် တွင်၊ သုဝဏ္ဏဘုမ္မိပြည်၌ တိဿဓမ္မ သီဟရာဇာ (မဟာသီရိမာသောက) မင်းစိုးစံတော်မူစဉ်၊ မဇ္ဈိမဒေသ၌ သုံး လောကထွတ်ထား ရှင်တော်မြတ်ဘုရား သည် သတ္တဝါဝေနေယျတို့အား တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေး ပွင့်ထွန်းတော်မူနေလေသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတွင် ရှင်ရဟန်းသားတော်အများ ထွန်းကား စည်ပင်တော်မူရာ ဂဝံပတိရဟန္တာ အရှင် မြတ် တစ်ပါးလည်း ပါဝင်လေသည်။

ဂဝံပတိ ရဟန္တာ အရှင်မြတ် သည်အတိတ်ဘဝဟောင်းကနောင်တော် ဖြစ်ခဲ့သည့် သုဝဏ္ဏဘုမ္မိပြည်ရှင် တိဿ ဓမ္မသီဟရာဇာမင်းအား ချီးမြှောက်လို သဖြင့် ဘုရားရှင်ထံ ခွင့်ပန်တော်မူပြီး နောက် ကောင်းကင်ခရီး ဈာန်ယာဉ်စီး ၍ သုဝဏ္ဏဘုမ္မိပြည်သို့ ကြွရောက်တော် မူလာခဲ့သည်။

နန်းဆောင်ပလ္လင် ဓမ္မသဘင် ဝယ် တိဿဓမ္မ သီဟရာဇာမင်းအား တရားရေအေး တိုက်ကျွေးပြီးနောက် အတိတ်ဘဝဟောင်းမှ ညီအစ်ကို ဖြစ်ခဲ့ ဖူးကြောင်းနှင့် အစ်ကိုကြီးအား ကျေးဇူး ဆပ်လို၍ ကြွလာရကြောင်း ပြောပြ လေသောအခါ တိဿဓမ္မသီဟရာဇာ မင်းကြီးက ဂဝံပတိရဟန္တာမထေရ်သည် လူတွင် အထွတ်အမြတ်ပင် ဖြစ်တော့ သည်ဟု အံ့ချီးပြောဆိုလေသည်။

"ဒကာတော်မင်းကြီး ကျွန်ုပ်မှာ သုံးလောကထွတ်ထား ရှင်တော်မြတ် ဘုရားနှင့် တွေ့၍ တရားဓမ္မကို နာကြား ရသဖြင့်သာ ယခုကဲ့သို့ မြင့်မြတ်သော ရဟန်းအသွင်ဖြင့် မြင်လာရခြင်းပင် ဖြစ်ပေသည်"

"အရှင်၏ သွင်ပြင်လက္ခဏာ ဈာန်အင်္ဂါတို့သည် လူ့ပြည်လူ့ဘုံတွင်



www.burmeseclassic.com

www.burmeseclassic.com

အသွင်တူမရှိတတ်၊ အထွတ်အမြတ်ပင် ဖြစ်တော့တတ်ပါလား"

"ကျွန်ုပ်သည် သုံးလောကထွတ်အား ရှင်တော်မြတ်ဘုရား၏ သားတော်ဖြစ်သော ဖြစ်ပေသည် အရှင်မင်းကြီး၊ တရားအရှင်ဘုရားသခင်သည်သာလျှင် ထွန်းပြည်နတ်ရွာ မနှိုင်းအပ် မနှိုင်းရာ၊ အထွတ်အမြတ်ဆုံး ဆရာပင် ဖြစ်တော့သည်၊ သုံးလောကထွတ်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ယခုအခါ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးလျက် သတ္တဝါ အများအား ဝဋ်ဒုက္ခများမှ ထွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန်ရောက်အောင် မဂ္ဂင်ဖောင်ကူးတို့ဖြင့် ဆောင်ပို့ပေးနေတော်မူပေတယ် အရှင်မင်းကြီး"

သုဝဏ္ဏဘုမ္မိပြည့်ရှင် တိဿမဓမ္မသီဟရာဇာသည် ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားမြတ်ကို သိမြင်တော်မူသော သုံးလောကထွတ်ထားမြတ်ဘုရားသည် သတ္တဝါတို့အား သံသရာဝဋ်ဘေးမှ ထွတ်ကင်းစေရေးအလို့ငှာ ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက်ရှိကြောင်း၊ သတင်းကောင်းကို ကြားသိတော်မူသော ခဏာတွင်ပင်၊ ဘဝါဘဝက ဖြည့်ကျင့်ဆည်းပူးခဲ့သော ရှေးကုသိုလ်ကံတို့ နိုးထလာတော့သည်။

မြတ်စွာဘုရားသခင်အား ဖူးမြင်လိုသည့် ဆန္ဒသည်လည်း သဒ္ဓါဆင့်ခေါ်သဖြင့် ပြင်းစွာဖြစ်ပေါ်လာလေတော့ရာ . . .

"မှန်လှပါ အရှင်သူမြတ်ကြီးဘုရား၊ သုံးလောကထွတ်တင် မြတ်စွာဘုရားရှင်ကို ဖူးမြင်လိုသည့် အာသီသဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာရပါသဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကို ဤအရပ်သို့ ပင့်ဆောင်ပေးတော်မူပါဘုရား" ဟု ဂဝံပတိရဟန္တာမြတ်ကြီးအား တောင်းပန်လျှောက်ထားခဲ့လေသည်။

အရှင် ဂဝံပတိမထေရ်လည်း ကောင်းစွာ ဝန်ခံလျက် ရာဇဂြိုဟ်သို့ ကြွတော်မူ၍ ဘုရားရှင်အား သုဝဏ္ဏဘုမ္မိသထုံပြည်သို့ ကြွရောက်တော် မူပါမည့်အကြောင်းကို တောင်းပန်လျှောက်ထားခဲ့လေသည်။ အနာဂတ်သာသနာတော်သည် ရာမညတိုင်း၌ စည်ပင်ဖွံ့ဖြိုးတိုးတက် တည်တံ့မည်ကို သိမြင်တော်မူ၍ မဟာသက္ကရာဇ် (၁၁၀)၊ ပြာသိုလ ဆောင်းလအခါတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ရဟန္တာ(၅၀၀)ခြံရံလျက် သုဝဏ္ဏဘုမ္မိသထုံပြည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့လေသည်။

သထုံပြည့်ရှင် တိဿမဓမ္မသီဟရာဇာမင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့သည် ကြီးစွာသော မဏ္ဍပ်ကနားဆောက်လုပ်လျက် ဘုရားရှင်အား သောင်းသောင်းဖြဖြ ကြိုဆိုကြကာ ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ ဆွမ်းလုပ်ကျွေးတော်မူကြလေသည်။

ဘုရားရှင်သည် သထုံပြည်သားမင်း၊ မှူးမတ်၊ သူဌေး၊ ကုန်သည်၊ ဆင်းရဲသား၊ သူကြွယ်ပါမကျန် ပြည်သူအပေါင်းအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသဖြင့် များစွာသော တိုင်းသား ပြည်သူလူအများပင် ဘုရားရှင်၏ အဆုံးအမ၌ တည်၍ယဉ်ကျေး သိမ်မွေ့လာကြကုန်သည်။

ထိုသောကာလ၌ ဘုရားရှင်ထံမှောက်သို့ ကေလာသတောင်ထိပ်ဝယ် သီတင်းသုံးနေသော ရသေ့တစ်ပါး၊ ရက္ခာနဂိုရ်အစွန်းမုဂနိန်း၌ သီတင်းသုံးနေသော ရသေ့တစ်ပါး၊ ရက္ခာနဂိုရ်မှ ရသေ့တစ်ပါး၊ အတွင်း မုဂနိန်း အနောက်ဘက်တောတွင်း၌ သီတင်းသုံးနေသော ရသေ့တစ်ပါး၊ အသိတဥ္စရနဂိုရ်ပြည်အရှေ့၌ သီတင်းသုံးနေသော ရသေ့တစ်ပါး၊ ဇင်းကျိုက်တောင်၌ သီတင်းသုံးနေသော ရသေ့တစ်ပါး၊ ပေါင်း ရသေ့ခြောက်ပါးတို့ ရောက်လာကြလျက် ဘုရားရှင်ကိုယ်တော်မြတ်ထံမှ ဆံတော်ဓာတ်တစ်ဆူစီတို့ ကိုးကွယ် ကြည်ညိုရန် ချီးမြှင့်ခံကြရလေသည်။

ယင်း မုဂနိန်း အနောက်တောစွန်းအရပ်၌ သီတင်းသုံးနေသော ရသေ့ကြီးသည် ဘုရားရှင်၏ ဆံတော်ဓာတ်မြတ် တစ်ဆူကို သဒ္ဓါကြည်ဖြူစွာဖြင့် အတူနေ သီတင်းသုံးဖော် ရသေ့ငယ်နှစ်ပါးတို့အား ပူဇော်ခွင့်ပြုထားလေသည်။

"အရှင်ဘုရားကား ပူဇနီယဝတ္ထုဟုဆိုအပ်သော မြတ်စွာဘုရား၏ ဆံတော်ဓာတ်တော်ကို အမြဲပူဇော်ခွင့်ရလေသည်၊ တပည့်တော်တို့နှစ်ဦးသာမူကား ပူဇော်အပ်သော ပူဇနီယဝတ္ထုကို မရပါတကား" ဟု ရသေ့ငယ်နှစ်ဦး ဝမ်းနည်းစကား ပြောကြားလေသော် ဆံတော်ကို ရလာသည့် ရသေ့ကြီးက-

"သင်တို့သည် ဤသို့ ပူပင်သောက စိတ်တစ်စုံတစ်ရာ မဖြစ်ကြ





www.burmeseclassic.com

www.burmeseclassic.com

လင့်၊ ငါတို့ သုံးဦးသား ဆုတောင်း ပတ္ထနာ အဓိဋ္ဌာန်ပြုကြကုန်အံ့။

သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ သနားကြင်နာ မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား ဘုရားရှင်သည် သတ္တဝါတို့၏ အကျိုးစီးပွားကို ပို့ဆောင်သည် အစစ်အမှန် ဖြစ်ပါမူကား ဤဆံတော်ဓာတ်တစ်ဆူသည် သုံးဆူပွားများ၍ တပည့်တော်တို့သုံးဦး ကိုးကွယ်ပူဇော်ခွင့် ရပါစေသတည်း”

ဟု အဓိဋ္ဌာန်ပြုသော ခဏ၌ပင် ဘုရားရှင်၏ ဆံတော်ဓာတ်တစ်ဆူသည် သုံးဆူ ပွားလာတော်မူသည်။ ရသေ့သုံးဦးတို့ ဆံတော်ဓာတ်တစ်ဆူစီကို ကိုးကွယ်ပူဇော်ရန် အသီးသီးရရှိကြပြီးနောက် အများသတ္တဝါတို့ ထာဝရပူဇော်ဆည်းကပ်ကိုးကွယ်စိမ့်သောငှာ မိမိတို့နေရပ်ဌာနအသီးသီးတွင် စေတီတည်၍ ဆံတော်ဓာတ်မြတ်ကို ဌာပနာသွင်းထားခဲ့ကြလေသည်။

ထိုစေတီတော်တို့ကား ဖလေးတောင်ထိပ်ရှိ ကျိုက်မှတ်ဓော် စေတီတော်၊ မိုးဂနိန်းတောင်ထိပ်ရှိ မိုးဂနိန်းစေတီတော်နှင့် ပျဉ်းမငူတောင် ထိပ်ရှိ သီရိဓမ္မသိုက်စေတီတော်တို့ပင် ဖြစ်ကြသည်။ မိုးဂနိန်းစေတီတော်ကို အစွဲပြု၍ မိုးဂနိန်းရွာကြီးလည်း ဖြစ်တည်လာခဲ့ပေသည်။

မိုးဂနိန်းရွာကြီးမှာ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကဝမြို့၏ အရှေ့မြောက် ဘက် လေးမိုင်ခန့်အကွာ ရွှေမောဓော တာဝ၊ ဖလေးကုန်းတန်း၏ အစွန်း၊ ကဝ အုန္နဲ့သွားကားလမ်း၏ အရှေ့ဘက်တွင် တည်ရှိပေသည်။ ဤမှုခင်း၏ ဖြစ်တည် ရာ ဇနပုဒ်ရွာပေတည်း။

မိုးဂနိန်းရွာမှာ အိမ်ခြေ(၁၅၀)ခန့် ရှိသည့် ရွာတန်းရှည်ကြီး ဖြစ်သည်။ ရွာ၏ အရှေ့ဖျားတွင် မိုးဂနိန်းစေတီတော်ကြီးရှိသည်။ ရှေးဟောင်းစေတီဖြစ်သည့်အလျောက် ဘုရားဝင်းအတွင်း ဇရပ်တန်ဆောင်းများ ရှိသော်လည်း ဟောင်းနွမ်းပျက်စီးနေလေသည်။ မုခ်လေးမုခ်ဖြင့် တံတိုင်းကာထားလျက် အနောက်ဘက်မုခ် တံတိုင်းအပြင်တွင် နတ်ရုပ်ကြီးနှင့် ကျောက်ပလ္လင်ရှိလေသည်။

စေတီတော်တည်ရှိရာ တောင်ကုန်းသည် ဖလေးတောင်တန်း၏ အစွန်ဖြစ်သည့်အလျောက် သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းကာ ချုံနွယ်ပိတ်ပေါင်းများ ပေါက်နေပေသည်။



ဒုတိယ ဟံသာဝတီမင်းဆက်ဖြစ်သည့် ဓမ္မစေတီမင်း (အေဒီ ၁၄၇၂-၉၂)သည် ဟံသာဝတီထီးနန်းစံမြန်းပြီးနောက် သာသနာတော်ကို ချီးမြှောက်လျက် ရှေးဟောင်းဘုရားများကို ပြုပြင်မွမ်းမံရာတွင် ကျိုက်မတ်တော်၊ မွတ်ခိုင်ကြီး၊ ဓမ္မသိုက်နှင့် မိုးဂနိန်းစေတီတော်တို့ကို ဂဝံအုတ်ကျောက်များဖြင့် တည်ဆောက်ပြုပြင်ခဲ့ပေသည်။

သက္ကရာဇ် ၇၇၅ ခုနှစ်တွင် မင်းရဲကျော်စွာသည် ဒဂုံမှ ပဲခူးသို့ (ဟံသာဝတီ) မြင်းကောင်းတစ်ထော
တပ်ဖြင့်တိုက်ခိုက်ရန် ချီလာရာ ဟံသာ
ဝတီမင်းနေပြည်၏ အရံ (၃၂)မြို့တွ
ပါဝင်သည့် ဖွဲ့သဘုမြို့ (ယခုဖလေးရွ
၌ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်
တပ်တို့ကို တုံ့ပြန်တိုက်ခဲ့ရာ မိုးဂနိန်
တောတန်းသည် စစ်စခန်းများဖြစ်ခဲ့
လေသည်။

မိုးဂနိန်းရွာသည် စစ်တလ
ဖြစ်ခဲ့ရသည့်အလျောက် စေတီပုထိုး
ထိပါးယိုယွင်းခဲ့ရလေသည်။ အလော
ဘုရားလက်ထက် ဟံသာဝတီသိမ်း
များကြောင့် ပဲခူးတစ်ဝိုက်ရှိ မွန်
မော်လမြိုင်ဘက်သို့ ပြောင်းရွှေ့သွား
သဖြင့် မိုးဂနိန်းစေတီတော်လည်း
မြို့ရွာများနှင့်အတူ တိမ်ကောသွား
လေသည်။

ယင်းမိုးဂနိန်းရွာ၏ အရှေ့
လယ်ကွင်းအစပ်တွင် မုဆိုးမ ဒေါ်မိ
နှင့် ၎င်း၏အစ်ကို ဦးမောင်ခင်တို့ မြ
ကပ်လျက် နေထိုင်ကြသည်။

ဒေါ်မိတင်တွင် သမီးကြီး
မြ (၃၀)နှစ်၊ သမီးငယ် မတင်လှ (၂
တို့ နှစ်ဦးရှိသည်။

သမီးကြီးမခင်မြသည် ဖ
ရွာမှ မောင်တာတေနှင့် စုံဖက်မိ
လည်း မိခင်ကြီးနှင့်အတူ မခွဲခွာဘဲ
ငယ် မတင်လှနှင့် ချစ်ခင်စွာပင် နေ
ကြသည်။

“အစ်ကို မောင်ခင်ရေ ကျွ
အုန္နဲ့ဈေးကို ဟင်းရွက်တွေ သွားရော
ဦးမယ်၊ အစ်ကို့တူမတွေကို ကြည့်လို
ပါဦး”

“မိတင်ရယ် နင့်သမီးနှစ်ယော
ကိုတော့ ငါနိုင်ပါတယ်၊ နင့်သမ
တော့ မနိုင်ဘူးဟေ့”

“သူ့ကို ကျွန်မ ခေါ်သွား
အစ်ကို့တူမတွေကို အပ်ခဲ့တာပါ

“အေးအေး မောင်တာတေ
နင်ပဲ ထိန်းပေတော့၊ တော်ကြာ
မူးပြီး သောင်းကျန်းနေလို့ အုန္နဲဝါ
ရောက်နေဦးမယ်”





www.burmeseclassic.com

www.burmeseclassic.com

"ကျပ် သမက်ကို ကျပ်နိုင်ပါ ယ်တော်၊ ပူမနေပါနဲ့ အစ်ကိုတူမတွေ ာ ကျပ်မရှိရင် ရွာရိုးကိုးပေါက် ျောက်မလည်အောင် ကြည့်ထား ပေါ"

"စိတ်ချ စိတ်ချ၊ နင့်သမီးနှစ် ယောက် မပျောက်စေရဘူး၊ မောင်တာ တေကိုသာ အိမ်ပြန်ရောက်အောင် ်နှးသွားပေတော့ဟေ့"

ဦးမောင်ခင် ပြောလည်း ပြော ရောပင်။ မောင်တာတေ တစ်ယောက် ွေဖောက်တတ်လေသည်။

အကြောက်အလွန် မရှိသည့် နေရာတွင် ဆရာတင်လောက်အောင် င် ဘုရားကြို ဘုရားကြား၊ ကွင်းကြို ွင်းကြား၊ သချိုင်းပါမကျန် ကြောင် ထောင်၊ ကြွက်ထောင်၊ မြွေဖမ်း၊ ငါးရှဉ့် ူး အရက်မူးဖြင့် သိုက်တူးသည်ဆိုကာ ုရားတောင်ကုန်းကို ဖြိုသဖြင့် ရွာ ူကြီး ဦးတင်မောင်က ဖမ်းပြီး ရဲစခန်း ို့အပ်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

ဖလေးရွာဥက္ကဋ္ဌ ဦးယာကွတ်က ာဝန်ယူသဖြင့်သာ ကဝရဲစခန်းတွင် ာစ်ညအိပ်ပြီး ပြန်လွှတ်ခံခဲ့ရသည်။ အရက်သောက်ရလျှင် မသာနှင့်ယှဉ်၍ အိပ်စောင့်ပေးသူ ဖြစ်သည်။ သို့သော် ည်း ယောက္ခမကြီးအား မိခင်ရင်းပမာ ိုသေစွာ ဆက်ဆံသည့်အပြင် ဇနီး ခင်မြကိုလည်း ချစ်ခင်လှသူဖြစ်သည်။ ိုးသားသူဖြစ်သော်လည်း ကျောင်း ော ဗဟုသုတ မရှိ၍ စိတ်ထင်ရာ ာစ်ခွတ်ထိုး လုပ်တတ်သည့် စရိုက် ှိလေသည်။

"မောင်တာတေ အမေဈေး ရောင်းပြီး သားဖို့ အရက်တစ်ပိုင်း ဝယ် ားပေးမယ်၊ အိမ်ကျမှ သောက်ပေါ့"

"ဟုတ်ကဲ့၊ အမေနဲ့အတူ ဝိုင်းကူ ရောင်းပေးမှာပါ အမေရာ၊ သူများ နေ ရာမှာ ကျွန်တော် မသောက်ပါဘူး အမေရ"

"အေး အေး၊ အုန္နဲ့ဈေးက ဂါတ် ဲနဲ့ နီးနီးလေးရယ်၊ မင်းအရက်မူးရင် လာဖမ်းသွားလို့ အမေ ဒုက္ခရောက် နေဦးမယ်"

"ဟုတ်ကဲ့ပါ အမေရယ်၊ ကျွန် တော်က အရက်ကို ကြိုက်လို့ သောက် တာပါ။စွဲနေတာမှ မဟုတ်ဘဲ၊ မသောက် ဘဲလဲ နေနိုင်ပါတယ် အမေရ"

အုန္နဲ့ရွာဈေး၏ အရှေ့ဘက်ကွင်း စပ်တွင် မဏ္ဍပ်ထိုး၍ ဆိုင်းသံ ဗုံသံများ ဖြင့် လူအများ စည်ကားနေသည်ကို တွေ့ရသဖြင့် . . .

"အမေ. . အဲဟိုက မဏ္ဍပ်မှာ လူတွေအများကြီးပဲနော်၊ ဆိုင်းသံတွေလဲ ကြားနေရတယ်"

"အဲဒါ ကိုးတောင်ပြည့် ကပ် ကျော်စေတီ တည်နေတာလေ၊ ဘုရား မတည်ခင် နတ်ကနားပေးနေတာပေါ့"

"ကျွန်တော် ခဏသွားကြည့်ချင် တယ်နော် အမေ"

"အေး. . ကောင်းကောင်းသွား ကြည့်နော်၊ ဟိုရှုပ်ရှုပ် ဒီရှုပ်ရှုပ် မလုပ်နဲ့၊ ဈေးသိမ်းအမီတော့ ပြန်လာရမယ်၊ အမေနဲ့အတူတူပဲ ပြန်ရမယ်"

"ဟုတ်ကဲ့ပါ အမေ"

နတ်ကနားပွဲသို့ မောင်တာတေ သွားကြည့်ပြီး နေထန်းတစ်ဖျားလောက် အရောက်တွင် ဈေးသို့ပြန်ရောက်လာ သည်။

"အမေရယ် အဲဒီနတ်ကတော် က တော်တော်စွမ်းတယ်ဗျ၊ သူများ နတ်ကတော်တွေလို ဟန်ဆောင်ကတာ မဟုတ်ဘူး၊ မားတွေပေါ်တက်၊ မီးခဲတွေ စားနဲ့ မြေကို ခြေဆောင့်လိုက်တာနဲ့ ကန်တော့ပွဲထဲက အုန်းသီးတွေ ဖောင်း ခနဲ အသံမြည်ပြီး ပေါက်ထွက်ကုန်တာ၊ အဲဒီအုန်းရေတွေကို ခေါင်းပေါ် လောင်း ချ၊ ဆံပင်ကို ဖားလျားချလိုက်ပြီး ဘီးကြီး နဲ့ ဖီးချလိုက်တော့ ငါးကျည်းအရှင်တွေ ကျလာတာအမေရ၊ သူက နတ်ကတော် မဟုတ်ဘူး၊ မကောင်းသူပယ် ကောင်း သူကယ်မဲ့ နေရှင်နယ် စိမ်းသွယ်တဲ့၊ အခုတည်မယ့် ဘုရားမှာ အနှောင့် အယှက်တွေကို လာရှင်းပေးနေတာလို့ ပြောတယ်" ဟု အားပါးတရ အံ့ဩစွာ ပြန်ပြောပြလာသည်။

"ဟုတ်လား၊ ဒါဆို ဘိုးတော် ဘွားတော်ပဲ ဖြစ်မှာပေါ့၊ အမေတို့လဲ ကုသိုလ်ပါရအောင် ဘုရားတည်မယ့်ထဲ အလှူငွေ ၅ကျပ် သွားထည့်လိုက်နော်"

ဟု ဒေါ်မိတင်ကပါ အံ့ဩစွာ နားထောင်လျက် ငွေသွားလှူခိုင်းခဲ့ သည်။ တာတေမှာ တစ်ခါမျှ မမြင်ဖူး ခဲ့သည့် အစွမ်းပြချက်များကိုသာ တအံ့ တဩ ပြောဆိုလျက် အထင်တကြီးဖြစ် နေလေတော့သည်။

*

"ဟဲ့ မိတင်ရေ မေကြီးက အမေ ကြီးပွဲကျရင် တစ်အိမ်လုံးလာကြပါလို့ ဒေါ်လေးစိန်တို့က မှာလိုက်တယ်ဟေ့"

"အင်းနော် အစ်ကိုမောင်ခင်၊ ဒေါ်လေးစိန်တို့ဆီ မရောက်တာတောင် ကြာလှပြီ၊ အိမ်ကလူကြီး ဆုံးပြီးက တည်းကပဲ ဒေါ်လေးစိန်တို့ကော နေ ကောင်းကြရဲ့လားဟင်"

"ကောင်းပါ့ဗျာ၊ သူတူ ဆုံးသွား ပေမယ့် သွေးဆက်မပြတ်တာမို့ သတိ တရ မှာနေတာပေါ့ဟာ၊ နင့်သမီး တွေကိုလဲ တွေ့ချင်လို့တဲ့၊ အကြီးမ ယောက်ျားကိုပါ ခေါ်လာပါတဲ့"

"အင်းလေ၊ ဒေါ်လေးစိန်လဲ အသက်က ကြီးပြီဆိုတော့ ကျုပ်တို့ကပဲ သွားမှ တွေ့ကြရတော့မှာပဲ၊ ဒီနှစ်တော့ ဖြစ်အောင် သွားလိုက်မယ် အစ်ကို မောင်ခင်ရေ"

ကဝမြို့နယ်သည် ရှေးယခင် သမိုင်းဟောင်းများဖြင့် ထူးခြားဖြစ်တည် ခဲ့သည့် မြို့နယ်တစ်ခု ဖြစ်ပေသည်။ အသမင်းသားနှင့် နံကရိုင်း ကျွဲမိခင် ကြီးတို့ ကျက်စားခဲ့ရာနယ်မြေ ဖြစ်သလို ကဝမြို့၏ အရှေ့တောင်ဘက် နှစ်မိုင် ခန့်အကွာရှိ ခမေကြီးရွာသည်လည်း အနောက်မယ်တော်ခေါ် အမေရေယဉ် ၏နယ်မြေ ဖြစ်နေသည်။

ယင်းရွာ တစ်ရွာလုံးပင် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့၌ အမေ



www.burmeseclassic.com

www.burmeseclassic.com

ရေယဉ်ကို ပူဇော်ပသသည့် ဒါနပွဲကြီးအား ရွာလုံးကျွတ် ပြုလုပ်ကြသည်။ လယ်ယာကိုင်းကျွန်းလုပ်ငန်းများ ဖြစ်ထွန်းစေရန်နှင့် လှူမှုရေး၊ စီးပွားရေးများ အဆင်ပြေ ကောင်းမွန်စေရေးအတွက် ရိုးရာမပျက် ပူဇော်ကြလျက် ရှိလေသည်။ မုန့်ဆီကြော် အဖြူအနီများနှင့် နှစ်ဖီးဆိုင် ကန်တော့ပွဲဖြင့် ပန်းဆီမီး ဖယောင်းတိုင်များထွန်းကာ လှည်းဦးပေါ်တင်၍ ပသကြခြင်း ဖြစ်လေသည်။ လာသမျှ ဧည့်ပရိသတ်တို့ကိုလည်း ဖော်ရွေစွာ ကြိုဆို ဧည့်ခံကျွေးမွေးကြသည်။ အဝေးရောက် ဆွေမျိုးသားသမီးများလည်း ရောက်အောင် ပြန်လာကြကာ မိသားစုလိုက် တပျော်တပါး လှူကြစားကြလေသည်။

ရှေးယခင်ကဆိုလျှင် တစ်ရပ်တစ်ကျေးမှ ဧည့်သည်များကို ကျီစယ်သည့် သဘောဖြင့် ဖျာနှင့်ဖင် ကပ်နေအောင် ပြုစားနောက်ပြောင်လေ့ရှိကြသည်ဟု ပြောကြပေသည်။

မြန်မာတို့၏ ရှေးအယူအဆအရ ရွာများတွင် ခုနစ်အိမ်မှာ ပညာသည် တစ်ယောက်ရှိသည်ဟု ဆိုကြရာ ယင်းခမေရွာမှာကား တစ်ရွာလုံးပင် အမေရေယဉ်၏ မျိုးဆက်များဖြစ်၍ ပညာသည်ချည်းဟု ပြောဆိုခဲ့ကြလေသည်။

တန်ဆောင်းမုန်းလပြည့်နေ့။

တာတေတစ်ယောက် ခမေကြီးရွာသို့ ယောက္ခမ မိသားစုနှင့် အတူ ရောက်နေခဲ့သည်။

ညနေ နေဝင်ချိန် လောက်တွင် ခမေကြီး ရွာနတ်နန်း ကွက်လပ်တွင် လှည်းတစ်စီးမှာ နွားမပါဘဲ ခွဒေါက်ထောက်လျက် ရပ်ထားသည်။

လှည်းဦးပေါ်တွင် ကန်တော့ပွဲ၊ မုန့်ဖြူ မုန့်နီပွဲများ တင်ထားလျက် ဖယောင်းတိုင်များ စိုက်ထားသည်။

နတ်နန်းတွင်လည်း ကန်တော့ပွဲများ၊ မုန့်ဖြူ မုန့်နီပွဲများ၊ အစီအရီဖြင့် ပန်း၊ ဆီမီး ထိန်ထိန်ညီးအောင် ထွန်းညှိပူဇော်ထားကြသည်။

"အဲဒီ လှည်းပေါ်မှာ ဘာလုပ်ဖို့လဲဗျ"

ဟု တာတေက ရွာသားတစ်ဦးကို မေးကြည့်လိုက်သည်။

"အမေရေယဉ်ကို ပင့်ပြီး ပွဲအပ်မလို့လေဗျာ၊ တော်ကြာ စတော့မှာ"

"အမေရေယဉ်က တကယ်လာမှာလားဗျ"

"ဟာ ခင်ဗျား ဘာတွေမေးနေတာလဲ၊ ဒါ နတ်ပွဲဗျ၊ နတ်ကတော်ကို သွားမေးချေ"

ဟု ငေါက်ငန်း ပြောဆိုသဖြင့် အသာကုပ်၍ ဆက်ကြည့်နေလေသည်။

ဆိုင်းသံ၊ ဗုံသံများ ထွက်ပေါ်လာပြီးနောက် ဖယောင်းတိုင်များကို မီးညှိလိုက်ကြသည်နှင့် နတ်ကွန်းဘက်မှ နတ်ဝတ်တန်ဆာဖြင့် မိန်းမတစ်ဦး ထွက်လာကာ လှည်းဦးမှ ကန်တော့ပွဲကို ကိုင်မြှောက် ပသလိုက်သည်။

အရပ်လေးမျက်နှာသို့ လှည့်မြှောက်ပြီး ကန်တော့ပွဲကို လှည်းဦးပေါ် ပြန်တင်လိုက်ကာ လှည်းဒေါက်ကို ဖြုတ်ခိုင်းလိုက်တော့သည်။ လှည်းဦးတံမှာ အောက်သို့ မကျသွားဘဲ တန်းတန်းမတ်မတ် တည်နေတော့သည်။

"အဲဒီ နတ်ကတော်က ခင်ဗျားတို့ ရွာကလားဗျ"

ဟု တာတေက အနီးမှ လူတစ်ယောက်ကို မေးလိုက်သည်။

"မဟုတ်ဘူးဗျ၊ ပဲခူးဘက်ကလို့ ပြောတာပဲ၊ နေရှင်နယ် စိမ်းသွယ်တဲ့"

"ဟာ အဲဒါဆို သူက နတ်ကတော် မဟုတ်ဘူးဗျ၊ ဘွားတော်လို့ ပြောတယ်၊ သိပ်စွမ်းတာဗျ"

ဟု အားရပါးရ ပြောကာ နတ်ကတော်ကိုသာ စိတ်ဝင်တစား လိုက်ကြည့်နေတော့သည်။

တာတေတို့ အမေကြီးပွဲမှ ပြန်လာကြသည့် လမ်းတစ်လျှောက်တွင် မြင်ခဲ့ရသည်များကို ပြော၍မဆုံးတော့။

"ခင်ဗြာ၊ အဲဒီ ဘွားတော်က သိပ်စွမ်းတာဟ၊ ငါတောင် သူ့ဆီမှာ တပည့်ခံပြီး အဲဒီပညာတွေ သင်ချင်လိုက်တာဟာ"

"ကိုတာတေ၊တော်က ယောက်ျားရင့်မာကြီးတော့၊ အဲဒါ ကဝေမကြီး ဘာမှတ်လို့လဲ၊ တော့်ကို စားသွားလိမ့်မယ်"

"အမေက ပြောတော့ ဘိုးတော်ဘွားတော်တဲ့ဟ၊ အုန်နဲ့မှာ ငါ့ကိုတောင် ငွေ ငါးကျပ် သွားလှူခိုင်းလို့ လှူခဲ့သေးတာ"

"စုန်းတွေ၊ ကဝေတွေက မိန်း... တွေပဲတော့်၊ ယောက်ျားမရှိဘူး၊ တော်... မယုံရင် ဘကြီးမောင်ခင်ကို မေးကြည့်"

"ဘကြီးမောင်ခင်ကို ငါမေး... ချင်ပါဘူးဟာ၊ သူက ငါ့ကို ကြည့်မရတဲ့ လူကြီး၊ ငါ့ဟာငါ ရွာစော်မောင်ဝ... မေးကြည့်လိုက်မယ်"

မိုးဂနိုန်းဘုရားမှာ ရှေးဟောင်း... စေတီတော်တစ်ဆူ ဖြစ်သော်လည်း... ပြုပြင်မည့် ပုဂ္ဂိုလ်လည်းမပေါ်၊ ကျေးရွာ... မှလည်း ဆင်းရဲနွမ်းပါးကြသဖြင့် မ... ပြင်နိုင်ကြ။

ယိုယွင်းပျက်စီးလျက် ရှိသော်... လည်း တပို့တွဲလတွင် ကျိုက်မတ်တော်... ဘုရားပွဲကား နှစ်စဉ် ကျင်းပမြဲ ဖြစ်... သည်။

တပို့တွဲလရောက်တိုင်း မိုးဂနိုန်း... ဘုရားဝင်းအား ကျေးရွာလုံးကျွတ် သန့်... ရှင်းရေးတော့ လုပ်ဖြစ်ကြသည်။ ထုံး... သတ်နိုင်းတော့ ကပ်ပေးကြသည်။

ယခုလည်း တန်ဆောင်မုန်း... လဆန်း(၁၀)ရက်နေ့တွင် ဘုရားဝင်း... အား ချုံနွယ်များ ရှင်းလင်းခုတ်ထွင်၍... သန့်ရှင်းရေးလုပ်ကြရာ မောင်တာတေ... လည်း ပါဝင်လုပ်အားလှူလျက်ရှိသည်။

"ဗျို့ ကိုမောင်ဝ၊ ကျုပ် မသိလို့... မေးရဦးမယ်၊ စုန်းကဝေဆိုတာ တကယ်... ရှိသလားဗျ၊ ဘယ်လိုဟာမျိုးလဲ"

"ဟ ကိုရင်တာတေနှယ်၊ ဖလေး... သားဆိုပြီးတော့ စုန်းကဂဲကို မသိဘူး... လားဗျ၊ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ဘီလူး ဆို... တာတွေ ရှိသလို စုန်း၊ ကဝေတွေလည်း... ရှိတာပေါ့ဗျ၊ ကိုရင်တို့ ဖလေးရွာထိပ်က...



www.burmeseclassic.com

www.burmeseclassic.com

နတ်ကြီးစင်ရယ်၊ ဒီမိုးဂနိန်းဘုရားက နတ်ရဲရုပ်ကြီးတွေရယ်ဟာ အဲဒီ စုန်းတွေ၊ ကဝေတွေ ပူဇော်ပသတဲ့ အထိကရ နေရာတွေပေ့ါဗျ"

"ကျုပ်တော့ တစ်ခါမှ သရဲတစ္ဆေကို မတွေ့ဖူးပါဘူးဗျာ၊ ဖလေးမှာတုန်းက နောင်တော်ကြီးဘုရားမှာ သိုက်ရှိတယ်လို့ ပြောလို့ ကျုပ်ညတိုင်း သွားသွားချောင်းတာ တစ်ခါမှ မတွေ့ရပါဘူး၊ မြစိမ်းမင်းသမီးနဲ့တွေ့ရင် ရွှေမန်ကျည်းတောင့်တွေ ပေးတယ်ဆိုတာ ပြောကြလို့ အဲဒီနောင်တော်ကြီးဘုရား အောက်ဘက် ပတ်ချာလည်ကို နံ့ရောဗျား သွားသွားရှာတာ၊ ဘာမှ မတွေ့ခဲ့ရပါဘူးဗျ"

"ဟာ သိုက်တို့ ဘာတို့ဆိုတာက သူ့အဆက်နဲ့သူမှ တွေ့ရ၊ ပစ္စည်းပေးကြတာဗျ၊ စုန်းတို့ ကဝေတို့ကတော့ လပြည့် လကွယ်ညတွေမှာ တောက်စားကြတာပဲ၊ သူတို့က လူထဲက လူတွေပါပဲ၊ ဒါပေမဲ့ သူတို့နဲ့ မသင့်မြတ်ရင်တော့ ဖြုစားတတ်ကြတယ်ဗျ"

"ကျုပ်ဗျာ၊ အုန္တဲက ဘုရားတည်နေတဲ့ဆီမှာ တစ်ခါ၊ ခမေကြီးရွာ အမေကြီးပွဲမှာ တစ်ခါ နေရှင်နယ်မစိမ်းသွယ်ဆိုတဲ့ နတ်ကတော်ကို တွေ့ခဲ့ရတယ်ဗျာ၊ သူက အတော်စွမ်းတယ်ဗျ၊ ကျုပ်ယောက္ခမက ပြောတော့ ဘိုးတော်ဘွားတော်တဲ့၊ ကျုပ်မိန်းမကပြောတော့ ကဝေမကြီးတဲ့ဗျ"

"နတ်ကတော်တွေတိုင်းတော့ ကဝေမဟုတ်ဘူးဗျ၊ သူတို့က နတ်ကစားကြတာပဲ၊ ကျုပ်တော့ မတွေ့ဖူးလို့ အတပ်မပြောနိုင်ဘူးလေ၊ စုန်းတွေ ကဝေတွေရှိတာတော့ အမှန်ပဲ၊ ရှေးလူကြီးတွေလဲ ပြောခဲ့ကြတာပဲလေ၊ ဒါပေမဲ့ သူတို့က ပညာသည်တွေဆိုတော့ လူသိတော့ မခံကြဘူးဗျ"

"ဒါနဲ့ ကိုမောင်ဝရဲ၊ ဒီက နတ်ရဲရုပ်တွေက တန်ခိုးရှိလို့လားဗျ"

"ဒါတော့ မသိဘူးဗျာ၊ လူကြီးတွေ ပြောကြတာတော့ စုန်းတွေ ကဝေတွေက အဆင့်တက်အောင် လာပြီး ပူဇော်ပသကြတယ်လို့ ပြောတာပဲ"

တပို့တွဲ လပြည့်နေ့ည။

ကျိုက်မတ်ကော် ဘုရားပွဲသို့ တာတေ၏ ဇနီးမခင်မြနှင့် ခယ်မဖြစ်သူ မတင်လှတို့ ပွဲသွားကြည့်ကြသဖြင့် နေအိမ်တွင် ယောက္ခမဒေါ်မိတင်နှင့် တာတေတို့နှစ်ဦး ကျန်ရစ်သည်။

"ကိုရင်တာတေရေ၊ ကျုပ်တို့ရွာ ကင်းကျတယ်၊ ဘုရားပွဲ မသွားရင် ကင်းလှည့်လိုက်ခဲ့ပါ"

ဟု ရွာဆော်မောင်ဝ လာခေါ်သဖြင့် တာတေလိုက်သွားသည်။ ကျိုက်မတ်ကော်ဘုရားပွဲသို့ ရွာသူ ရွာသားအများပင် သွားကြသဖြင့် ကျေးရွာလူကြီး ဦးတင်မောင်က သူခိုး၊ လူဆိုး အန္တရာယ် ကာကွယ်သည့်သဘောနှင့် မီးရေး ထင်းရေး မဖြစ်ရအောင် ရွာဆော်မောင်ဝနှင့် လူငယ်များအား ကျေးရွာအတွင်း လှည့်ပတ်ကြည့်ရှုရန် စီစဉ်ထားခြင်းဖြစ်သည်။

ညသန်းခေါင် လမွန်းတည့်ချိန်တွင် မိုးဂနိန်းဘုရားဘက်မှ မီးရောင်ကဲ့သို့ ဝင်းခနဲ ဝင်းခနဲ ဖြစ်လာ၍ ကင်းသမားများ ပြေးလာကြည့်ကြရာ ဘုရားရင်ပြင်တွင် ဖယောင်းတိုင်မီးများ ပူဇော်ထွန်းညှိထားသည်ကို တွေ့ကြရသည်။

"လူလဲ မတွေ့ရဘူး၊ ဘယ်သူများ ဘုရားလာဖူးသလဲ မသိဘူး"

"တာတေရာ ဒီနေ့က လပြည့်ညဆိုတော့ ဒီလို တန်ခိုးကြီး ရှေးဟောင်းဘုရားတွေမှာ ပုဂ္ဂိုလ်တွေ လာတတ်ကြတယ်ကွ၊ လာ လာ၊ တို့ကိစ္စမဟုတ်ဘူး ရွာထဲ ပြန်ကြမယ်"

"ကိုမောင်ဝကလဲဗျာ၊ ကြောက်နေသလား၊ ပုဂ္ဂိုလ်တွေလာတယ်ဆိုရင်လဲ တွေ့အောင်ရှာရအောင်ဗျာ"

"တာတေရာ မင်းဘာမှ မသိဘဲနဲ့ လာပါ ပြန်ကြမယ်"

ဟု ရွာဆော်မောင်ဝက ပြောပြီး အားလုံး ရွာတွင်းပြန်ဝင်လာခဲ့ကြသည်။ နံနက် ၄ နာရီ တုံးမောင်းခေါက်ချိန်တွင် ကင်းသမားများလည်း ကိုယ့်အိမ်ကိုယ်ပြန်ကြတော့သည်၊

ရွာဆော်မောင်ဝနှင့် တာတေတို့ နှစ်ယောက် မိုးဂနိန်း ဘုရားအနီးမှ ဖြတ်ပြန်လာကြစဉ် နတ်ရဲရုပ်များရှိရာမှ မီးရောင်တွေ့ကြရပြန်သည်။

"ကိုမောင်ဝ နတ်ရဲရုပ်ဘက်က လင်းနေပြန်တယ်ဗျ၊ သွားကြည့်ရအောင်"

"မသွားပါနဲ့ကွာ၊ တို့ဟာတို့ ပြန်ကြရအောင်ပါ"

"ခင်ဗျားကလဲဗျာ၊ အကြောက်ကြီးလွန်းလှတယ်၊ လာပါဗျ၊ သွားကြည့်ရအောင်ပါ"

ဟု တာတေက ဇွတ်တရွတ်ပြော၍ သွားကြည့်ကြရာ နတ်ရဲရုပ်ရှေ့ရှိ ကျောက်ပလ္လင်တွင် ဖယောင်းတိုင်ကိုးတိုင် ထွန်းညှိလျက် စကောနှစ်ချပ်ဖြင့် မုန့်ဖြူ၊ မုန့်နီ၊ ကြက်တစ်ကောင်၊ အရက် တစ်ခွက်၊ သွေး တစ်ခွက်၊ ပန်းနီ ကိုးပွင့်၊ ပန်းဖြူ ကိုးပွင့် ထည့်၍ ပသထားသည်ကို တွေ့ကြရသည်။

"ဒါ စုန်းတွေ၊ ကဝေတွေ ပူဇော်ပသထားတာပဲ ဖြစ်မယ်ကွ"

"ကျုပ်တို့ စောင့်ကြည့်ရအောင် ကိုမောင်ဝ"

"ဟာ ငါတို့ ဒုက္ခရောက်နေဦးမယ်၊ လာ. . လာ သွားကြရအောင်ပါ"

ဟုပြော၍ ရွာဆော်မောင်ဝက တာတေ၏ လက်ကို ဆွဲခေါ်သွားသည်။

လူချင်းခွဲပြီး ကိုယ့်အိမ်ကိုပြန်ရန် လမ်းခွဲ၍ ရွာဆော်မောင်ဝ အိမ်ပြန်သွားတော့သည်။

တာတေမှာ အိမ်မပြန်ဘဲ နတ်ရဲရုပ်ကြီးရှိရာ ပြန်သွား၍ ပလ္လင်ပေါ်မှ ပစ္စည်းများကို ကိုင်တွယ်ကြည့်ရှုပြီး အရက်ခွက်အား ကောက်ယူနမ်းကြည့်လိုက်သည်။ ဘုရားဝင်းအတွင်း လှမ်းကြည့်သော်လည်း လူရိပ်လူယောင်ပင် မတွေ့ရပေ။ လရောင်ဖြင့် အတော်လှမ်းလှမ်းမှ ကြည့်မြင်နိုင်လေသည်၊ အရက်ခွက်အား မော့သောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်အမှောင်ရိပ်ခိုရှဲ စောင့်ကြည့်နေပြ ့သည်။

အလင်းရောင် ပျို့လာသည့်အချိန်ထိ ဘာမျှ ထွက်ပေါ်လာခြင်း မရှိ၍ တာတေသည် ဆန်ကောထဲမှ ကြက်သေကောင်အား ကောက်ယူပြန်လာခဲ့တော့သည်။

နေအိမ်ရောက်သည့်အခါ ကြက်အား အမွေးနုတ်၍ ခုတ်ထစ်နေစဉ် ဘုရားပွဲမှ မခင်မြနှင့် မတင်လှတို့ ပြန်ရောက်လာကြသည်။

"ကိုတာတေ အစောကြီး ဘာထလုပ်နေတာလဲ၊ အမေကော"

"အမေ အိပ်နေတယ်၊ ငါ ကြက်တစ်ကောင်ရလာလို့ ဟင်းချက်ဖို့ ကိုင်နေတာဟ"

"ပေးပေး၊ ကျုပ်ကိုင်လိုက်မယ်၊ ညီမလေး ငရုတ်သီးတစ်ဆုံထောင်းပေးနော်၊ တို့ ထမင်းဟင်းချက်စားပြီးမှပဲ အိပ်ကြတာပေါ့"

"ဟုတ်ကဲ့ အစ်မ"

ထိုနေ့က ဒေါ်မိတင်တို့ မိသားစု ကြက်သားဟင်းဖြင့် ထမင်းစားကြရသည်။ တာတေ ဘယ်ကရလာသည်ဟု မေးမြန်းခြင်း မပြုကြ၊ ကြောင်ထောင်ကြွက်ထောင်ရာမှ အိပ်တန်းလွန်ကြက်ကို မိလာသည်ဟုပင် ထင်နေခဲ့ကြလေသည်။ စပါးခင်းများ ရိတ်သိမ်းပြီးနောက် တလင်းနယ်၊ တလင်းသိမ်း၊ ဆောင်းလ ညချမ်းရက်များတွင် ကြွက်ပေါ၊ ကြောင်ပေါ ရာသီဖြစ်၍ တာတေမှာ ညစဉ်လိုလို ကြွက်ထောင်၊ ကြောင်ထောင်ထွက်နေခဲ့သည်။

တော်သလင်း၊ သီတင်းကျွတ်တွင် မိုးမပြတ်တတ်သေး၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် မိုးကျဲသွားပြီး တပို့တွဲ၌ကား ဆောင်းလုံးလုံးဝင်ပြီဖြစ်၍ မိုးလုံးဝ မရွာတော့။ မြေကြီးလည်း ခြောက်သွေ့၊ ရိုးပြတ်များလည်း ကြေမွကုန်ပြီဖြစ်သဖြင့် တောစပ် ချုံစပ်တို့တွင်သာ ကြွက်ထောင်ရတော့သည်။

တပို့တွဲ လကွယ်နေ့ည။

"မောင်တာတေရေ၊ မင်း ကြွက်ထောင် မထွက်ရင် ငါနဲ့ ညောင်ပင်ဆိပ်ကို အဖော်လိုက်ခဲ့ပေးကွာ"

"ဟုတ်ကဲ့ ဘကြီး မောင်ခင်၊ ကျုပ် ထမင်းစားလိုက်ဦးမယ်၊ ညောင်ပင်ဆိပ်ကို ဘာသွားလုပ်မှာတုံးဗျ"

"မင့်ကြီးတော် သက္ကလကြီးသွားတာ သွားကြိုမလို့ကွ၊ ဒီကနေ့ လကွယ်နေ့ဆိုတော့ နောက်ဆုံးကားက ၉နာရီကျော်လောက်မှ ရောက်မှာ၊ သူ့မှာ ပစ္စည်းတွေပါလာရင် ငါတစ်ယောက်တည်း နိုင်မှာ မဟုတ်လို့ကွ"

ဟု ဦးမောင်ခင်က ပြောပြလိုက်သည်။

တာတေ ထမင်းအမြန်စားလိုက်ပြီး ညောင်ပင်ဆိပ်ကားဂိတ်သို့ အဖော်လိုက်သွားပေးပြီး ည ၁၀ နာရီခန့်တွင် တူဝရီးသုံးဦး အထုပ်အပိုးများ ကိုယ်စီဖြင့် ပြန်လာကြသည်။

မိုးဂနိန်းဘုရားဝင်းဘေးမှ ဖြတ်ကျော်လာစဉ် ဘုရားစေတီနှင့် နတ်ရဲရုပ်ဘက်မှ မီးရောင်များ ထွက်ပေါ်နေသည်ကို မြင်ခဲ့ကြရသည်။

"တို့ဘုရားကြီးလဲ ဘယ်တော့မှ ဒကာပေါ်မလဲ မသိဘူး၊ တန်ခိုးကြီးတော့ အမိဌာန် လာဝင်တဲ့သူတွေကတော့ ရှိနေတာပဲ"

"ကျုပ် ဝင်ကြည့်လိုက်မယ်လေ ဘကြီးမောင်ခင်"

"နေပါ တာတေရာ၊ သူ့ဟာသူ လွတ်လွတ်လပ်လပ်နေကြပါစေ၊ မင်းသွားရှုပ်မနေနဲ့၊ တော်ကြာ သူတို့အလုပ်ကို အနှောင့်အယှက်ပေးရမလားဆိုပြီး အပြစ်ဖြစ်နေဦးမယ်"

အိမ်ပြန်ရောက်ကြပြီးနောက် တာတေတစ်ယောက် သိချင်စိတ်ဖြင့် အိပ်မပျော်ဖြစ်နေသည်။ လမိုက်ညမို့ ကြွက်ထောင်မထွက်ဘဲ နေသည်။ အိပ်မပျော်၍ အိမ်ပြင်ထွက်ပြီး မိုးဂနိန်းဘုရားဘက် လှမ်းမျှော်ကြည့်လိုက်သည်။ မီးရောင် ဝင်းခနဲလက်လာလိုက်၊ တောတန်းအပေါ် တက်သွားလိုက်၊ ပျောက်သွားလိုက်ဖြင့် တွေ့ရလေရာ သိချင်စိတ်ကို မတားနိုင်တော့။ အိမ်ထဲပြန်ဝင်၍ ကိုင်နေကျ ဓားမကြီးအား ခါးထိုးလိုက်ပြီး ထွက်သွားတော့သည်။

"တော့် ကိုတာတေ. . . ဒါက ဘယ်သွားမှာတုံး"

"ဘုရားဘက် ခဏသွားမလို့ဟေ့" ဟု အော်ပြောလိုက်သည့်အသံကြောင့် တစ်ဖက်ခြံမှ ဦးမောင်ခင် ခေါင်းထောင်ကြည့်လိုက်သည်။

"ဟဲ့ မိခင်မြ၊ နင့် ယောကျ်ားကို မသွားစေနဲ့၊ တော်ကြာ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်လာလိမ့်ဦးမယ်"

ဟု တူမအား အော်ပြောလိုက်သော်လည်း တာတေမှာ အမှောင်ထုထဲ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ဦးမောင်ခင်၏ အသံကြောင့် ဒေါ်မိတင်နှင့် မတင်လှတို့ပါ နိုးသွားကြသည်။

"သမီး ဘာဖြစ်တာတုံး"

"ကိုရင်တာတေရယ် အမေရေ ဘုရားဘက်သွားမယ်ဆိုပြီး ထွက်သွားလို့ ဘကြီးခင်က တားခိုင်းနေတာ"

"ဟဲ့ ဟဲ့၊ လမိုက်ညကြီး ဘာသွားလုပ်တာလဲ"

ဟုပြောပြီး အိပ်ရာမှ ထလာခဲ့ကြသော်လည်း တာတေအား မတွေ့လိုက်တော့သဖြင့် သားအမိသုံးဦး မီးခွက်ထွန်း၍ အိမ်ပေါက်ဝမှ ထိုင်မျှော်နေကြရတော့သည်။ နာရီဝက်ကျော်ကျော်ခန့် သန်းခေါင်ကြက်တွန်သံကြားပြီး ခဏအကြာတွင်. . .

"အမယ်လေး လုပ်ကြပါဦး၊ ဟဲ့ ခွေး၊ ဟဲ့ ခွေး"ဟု

အော်ဟစ်သံနှင့်အတူ တာတေတစ်ယောက် အိမ်ဝိုင်းထဲသို့ ဒုန်းစိုင်းပြေးဝင်လာတော့သည်။

ယာလက်တွင် ဓားမ၊ဘယ်လက်တွင် ကြက်သေတစ်ကောင် ကိုင်လျက်ဖြင့် အိမ်ပေါ်အပြေးတက်ကာ လှံရှည်ကို ဆွဲကိုင်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"အမေရေ၊ ခင်မြရေ၊ နောက်မှာ ခွေးနက်ကြီး လိုက်လာတယ်၊ မြန်မြန် ခဲကောက်ပြီး ပေါက်ထုတ်ကြပါ"

ဟု ပြောပြီး လက်ထဲ လှံကိုင်၍ အိမ်ပေါ်မှ အောက်သို့ ခုန်ဆင်းပြီး ခြံဝသို့ လှံဖြင့် ချိန်နေတော့သည်။ ဒေါ်မိတင်တို့ သားအမိသုံးယောက်ကလည်း တာတေနောက်မှ ဆင်းလိုက်သွားပြီး လက်ထဲတွင် တုတ်၊ ဓား၊ ခဲများကိုင်၍ ခြံဝသို့ ကြည့်နေကြသည်။

ခြံဝအစပ်တွင် လူ့ခါးလောက် အမြင့်ရှိသည့် ခွေးနက်ကြီးတစ်ကောင်မှာ မျက်စိနှစ်လုံး တောက်နေလျက် လျှာထုတ်ပြီး မာန်ဖီလျက် တွေ့လိုက်ကြရတော့သည်။

"ဟဲ့ မိတင်တို့၊ နင်တို့ ဘာဖြစ်နေကြတာတုံး"

ဟု တစ်ဖက်ခြံမှ ဦးမောင်ခင်က လှမ်းအော်မေးလိုက်သည်။

"တာတေနောက်ကို ခွေးကြီးတစ်ကောင်လိုက်ကိုက်နေလို့ ကိုကြီးခင်ရေ"

"ကောင်းတယ်၊ အဲဒီကောင် သွားမရှုပ်ပါနဲ့ဆိုတာ ပြောမရဘူး၊ ကိုက်မိသွားသေးလား"

ဟုပြောပြီး လက်နှိပ်ဓာတ်မီးဖြင့် ဒေါ်မိတင်အိမ်ဝင်းဘက်သို့ လှမ်းထိုးလိုက်သည်။

"မကိုက်မိဘူး ဘကြီးခင်ရေ၊ ခွေးကြီးက ခြံဝမှာ ရပ်နေတယ်တော့်"

ဟု မတင်လှက လှမ်းအော်ပြောလိုက်သည်။ ဦးမောင်ခင်က ၎င်း၏ အိမ်ပေါက်ဝသို့ ထွက်လာ၍ ဒေါ်မိတင်၏ ခြံဝသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အင်းခွေး အနက်ကြီးတစ်ကောင် မာန်ဖီလျက် တွေ့လိုက်ရသည်။

ထိုအချိန်တွင် အမှောင်ထဲမှ မိန်းမအသံ စူးစူးဖြင့်. . .

"အေး၊ ငါ့အလုပ်ခွင်ကို လာမျက်ဆီးတာ နှစ်ကြိမ်ရှိပြီ၊ နင်တို့ တစ်အိမ်လုံး သေဖို့သာ ပြင်ထားကြတော့ဟေ့" ဟု ပြောသံကြားလိုက်ရပြီး ခွေးကြီးမှာ နောက်လှည့်၍ ပြေးထွက်သွားတော့သည်။

ဦးမောင်ခင်က ဒေါ်မိတင် အိမ်ဝင်းသို့ ကူးလာပြီး တာတေအား. . .

"မင်း ဘာတွေ မဟုတ်မဟတ် သွားလုပ်လာပြန်ပြီလဲကွ"

"နတ်ရဲရုပ်ရှေ့က ကျောက်ပလ္လင်ပေါ်မှာ ကြက်သေတစ်ကောင်တွေ့လို့ ယူလာတာပါ ဘကြီးခင်ရ"

"ဟေ မင်းကွာ တစ္ဆေမကြောက် နတ်မကြောက်နဲ့၊ အဲဒါ ပညာသည်တွေ နတ်လာပသတာနေမှာ၊ ဒုက္ခပါပဲ"

"အရင်လပြည့်ညကလဲ ဒီလိုပဲ တွေ့လို့ယူပြီး ချက်စားပြီးပါပြီဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ အခုကျမှ ဒီခွေးနက်ကြီးက ရုတ်တရက်ပေါ်လာပြီး လိုက်ကိုက်တာဗျ"

"အခု အဲဒီကြက် ဘယ်မှာလဲ၊ တစ်အိမ်လုံးတော့ ဒုက္ခရောက်ကုန်တော့မှာပဲ၊ ပေး အဲဒီကြက်"

ဟုတောင်းယူပြီး ခြံအပြင်ထွက်၍ လမ်းပေါ်လွှင့်ပစ်လိုက်တော့သည်။

တာတေအား ကြိမ်းမောင်းပြောဆိုပြီး ဦးမောင်ခင်လည်း ပြန်လာခဲ့တော့သည်။ တာတေမှာ အနည်းငယ်တော့ ကြောက်ရွံ့သလို ဖြစ်သွားသော်လည်း လသာရက်များတွင် ကြွက်ထောင်၊ ကြောင်ဖမ်း အလုပ်ကို လုပ်မြဲတိုင်း ဆက်လုပ်နေခဲ့သည်။

တစ်လကျော်ခန့် ကြာပြီးနောက် လပြည့် လကွယ်ညများတွင် တာတေတို့ အိမ်ဘက်သို့ လှည့်၍ ခွေးများအူခြင်း၊ အိမ်ခေါင်မိုးပေါ်မှ ငှက်ဆိုးထိုးခြင်းများ ဖြစ်ပေါ်လာသည်။

လကွယ်ညမျိုးတွင် လင်းဆွဲငှက်များ အုပ်လိုက်ပျံလာတတ်ပြီး အိမ်ပေါ်ဝဲ၍ သဲများ၊ ခဲများဖြင့် ကြဲချသလို တဖြန်းဖြန်း မြည်ကာ အတန်ကြာမှ လင်းဆွဲငှက်အုပ်မှာ ဘုရားဝင်းဘက်သို့ ပြန်ထွက်သွားလေ့ရှိသည်။

တာတေ၏ဇနီး မခင်မြမှာလည်း ကိုယ်ဝန်ရှိလာသဖြင့် ကြောက်ရွံ့စိတ်များ ဖြစ်လာတော့သည်။ အမှောင်ထဲမှ လူကို မမြင်လိုက်ရဘဲ "နင်တို့ တစ်အိမ်လုံး သေဖို့သာ ပြင်ထားကြဟေ့" ဟု ကြိမ်းမောင်းသွားသံကို ပြန်လည်ကြားယောင်ရင်း မိန်းမသားသုံးဦးတို့ ညအမှောင်တွင် တာတေမရှိဘဲ မအိပ်ပုံကြတော့။

မခင်မြ ကိုယ်ဝန် ခုနစ်လရှိလာသည့်တစ်ညတွင် တာတေတစ်ယောက် ကြောင်ကုတ်ခံလာရပြီး မျက်နှာပါးတစ်ခြမ်း၌ အစင်းရာများဖြင့် သွေးထွက်ပြီး ပြန်ရောက်လာသည်။

"မခင်မြရေ ငါ့ကို တောကြောင်ကြီး တစ်ကောင် ရုတ်တရက် ခုန်ချလာပြီး ကုတ်လိုက်တာ ပါးတစ်ခြမ်းပူသွားတာပဲ၊ ကြည့်ပေးပါဦး"

"ဘယ်နားမှာ ဖြစ်လာတာလဲတော့"

"ဘုရားနားက တောတန်းအဝင်မှာလေ၊ ငါလဲ အမှတ်တမဲ့နဲ့မို့ မမြင်လိုက်ရဘဲ အကုတ်ခံလိုက်ရတာ"

မခင်မြက မီးခွက်ထွန်း၍ တာတေ၏ မျက်နှာနား ကပ်ကြည့်လိုက်သည်။

"ဘယ်ဘက်ပါးမှာ အစင်းကြောင်းသုံးခုတည်းပါတော်၊ နည်းနည်းလေးပါ၊ နွေဘက်ဖို့ သွေးထွက်တာနေမှာပါ"

ဟု ပြောပြီး ဆနွင်းမှုန့်များ သိပ်ပေးလိုက်သည်။

နံနက်မိုးလင်းသည့် အခါတွင် တာတေ၏ ပါးမှာ ရောင်ကိုင်း၍ ပါးတစ်ခြမ်းမှာ ဖောင်းကားနေတော့သည်။ တောဆေးမြစ်များဖြင့် လိမ်း၊ သောက်လုပ်သော်လည်း လျော့သွားခြင်းမရှိ၍ ဆေးထိုးဆရာခေါ်ပြီး ဆေးထိုး၊ ဆေးသောက် လုပ်ရတော့သည်။ တစ်ပတ်ကျော်ခန့်ကြာသော် ထမင်းပင် မစားနိုင်တော့။ ရောင်နေသည့်ပါးမှ ကြောင်ကုတ်ရာများမှာ ပြလန်၍ အပုပ်ရည်များ ကျလာတော့သည်။

ညတိုင်းလိုလိုပင် ခွေးများ ထိုးဟောင်၍ အူခြင်း၊ ငှက်ဆိုးထိုးခြင်း





www.burmeseclassic.com

www.burmeseclassic.com

လင်းဆွဲများ ဝဲပျံခြင်းများ ဖြစ်နေတော့သည်။ တာတေမှာလည်း စကားပြောမရ။ ပါးစပ်ဟလိုက် ရေစက်ချပေးလိုက်၊ မျက်လုံးပြူးပြီး ဝူးဝူးဝါးဝါးအော်လိုက်ဖြင့် ပိန်ကျသွားကာ မျက်နှာတစ်ခုတည်း အကြီးကြီးဖြစ်နေလျက် ခေါင်းကြီး ကိုယ်သေး မှင်စာကောင် အရောင်အသွေးသို့ ပြောင်းလာတော့သည်။

တစ်လကျော်ခန့် ကြာပြီးနောက် လကွယ်ညတွင် ငှက်ဆိုးထိုးသံများ၊ ခွေးအူသံများ၊ လင်းဆွဲငှက်အုပ်ပျံဝဲသံများ အဆက်မပြတ်ဖြစ်ပေါ်နေစဉ် အိပ်ရာထဲ ပက်လက်လဲနေသည့် တာတေမှာ အသံနက်ကြီးဖြင့်အော်ဟစ်ရင်း အသက်ထွက်သွားလေတော့သည်။

အိမ်သားများ အလန့်တကြား နိုးလာကြပြီး ကြည့်လိုက်ရာ ခွေးနက်ကြီးတစ်ကောင် အိမ်ပေါ်မှခုန်ဆင်းသွားသည်ကို မြင်လိုက်ရ၍ ကြောက်လန့်အော်ဟစ်ကြတော့သည်။

တာတေ၏ အသုဘရက်လည် ဆွမ်းသွတ်တရားနာသည့်ညတွင် တစ်အိမ်လုံးတွင် အပုပ်နံ့များ ရလာလျက် ဦးမောင်ခင်နှင့် ရွာဆော်မောင်ဝတို့ပင် ကြောက်ရွံ့ထိတ်လန့်ကြကာ ရရာဘုရားစာများ ရွတ်ဖတ်ကြရင်း မိုးလင်းသည်အထိ မအိပ်ရဲကြတော့ပေ။

မခင်မြမှာလည်း အကြောက်လွန်ကာ စိတ်ဖောက်ပြန်သလို ဖြစ်လာတော့သည်။ မတင်လှက အစ်မနားတွင် အားပေးပြုစုရင်း ၎င်းကိုပါ ကြောက်ရွံ့ထိတ်လန့်စိတ်များ ကူးစက်၍ ညီအစ်မနှစ်ယောက် ညတိုင်းဖက်အိပ်သည်အထိ အကြောက်လွန် စိတ်ချောက်ချားမှုများ ဖြစ်လာကြတော့သည်။

အိပ်နေကြရင်းမှ မကြာခဏ "စုန်းမကြီး လာပြီ၊ ခွေးနက်ကြီး လာပြီ" ဟု လန့်ဖျပ်အော်ဟစ်ကြလေသည်။

"ဟဲ့ မိတင်ရဲ့ နင်တို့ ဒီအတိုင်း နေကြတော့မလို့လား၊ မကောင်းဆိုးဝါးတွေ ပြေးအောင် ဘုန်းကြီးတွေပင့်ပြီး ပရိတ်ကလေး ဘာလေးရွတ်ပါလားဟ"

"ကျုပ်လဲ ဘာလုပ်ရမလဲလို့ စဉ်းစားနေတာပဲ ကိုကြီးမောင်ခင်ရယ်၊ သမီးနှစ်ယောက်တင်မကဘူး ကျုပ်လဲ ခပ်ကြောက်ကြောက်ဖြစ်နေပြီတော့"

"ခင်မြကလဲ မွေးခါနီး ဖွားခါနီး ဖြစ်နေပြီ၊ တော်ကြာ ကလေးပျက်ကျပြီး ဒုက္ခရောက်နေဦးမယ်၊ မြန်မြန်အန္တရာယ်ကင်းပရိတ်ရွတ်ဖို့လုပ်ပါဟာ"

"ကျုပ်တစ်ယောက်တည်း ဟိုပြေးရ ဒီလွှားရနဲ့ ကိုကြီးမောင်ခင်ပဲ ဘုန်းကြီးပင့်ပေးပါနော်"

"အေး အေး၊ ငါသွားပင့်ပေးမယ်၊ နင်တို့ ပြင်ဆင်ထားကြပေါ့"

ဟု မောင်နှမနှစ်ဦး ပြောဆိုပြီး အန္တရာယ်ကင်း ပရိတ်ရွတ်ကာ ပရိတ်သဲများ၊ ပရိတ်ရေများ နေအိမ်ဝင်းအနှံ့ ပက်ဖျန်းကြသော်လည်း အပုပ်နံ့ရလိုက်၊ ငှက်ဆိုးထိုးလိုက်၊ ခွေးများအူလိုက်၊ လင်းဆွဲများ အုပ်ဖွဲ့ပျံသန်းလျက်ဖြင့် ပင်ညစဉ်လိုလို တစ်ခုမဟုတ်တစ်ခု ဆက်ဖြစ်နေခဲ့တော့သည်။

"ခင်မြမွေးပြီးတော့်၊ ယောကျ်ားလေး တစ်လုံးတစ်ခဲကြီးပဲ"

ဟု ဝမ်းဆွဲသည်၏ အားရဝမ်းသာ စကားကြောင့် ဒေါ်မိတင်နှင့် မတင်လှတို့မှာ ပီတိဖြစ်နေကြသည်။ မခင်မြမှာ စိတ်ကယောင်ချောက်ချားဖြစ်နေ၍ နို့မလိုက်သဖြင့် ကလေးအား ပျားရည်ကို ရေရော၍ ကူတိုက်ပေးနေရသည်။

မခင်မြ မီးထွက်ပြီးသည့်ညတွင် ခွေးအူသံများ ဆူညံစွာ အဆက်မပြတ်ထွက်ပေါ်နေသည်။

"အမယ်လေး စုန်းမကြီး၊ စုန်းမကြီး ကလေးကို ယူသွားပြီ၊ ယူသွားပြီ"

ဟု မခင်မြ၏ အော်သံကြောင့် ဒေါ်မိတင်နှင့် မတင်လှတို့ လန့်နိုးလာကြသည်။

မီးခွက်ထွန်း၍ မခင်မြအနားအမြန်ပြေးလာကြရာ ကလေးထည့်သိပ်ထားသည့် ထန်းကောက်ဖာမှာ အိမ်ရှေ့ကပြင်တွင် ရောက်နေလျက်၊ ခွေးနက်ကြီးတစ်ကောင် ခုန်ဆင်းထွက်သွားသည်ကို တွေ့လိုက်ကြရသည်။

မတင်လှ က ထန်းကောက်ဖာအားပြေး၍ ကောက်ယူလိုက်ရာ. . .

"ဟင် ကလေး မရှိတော့ဘူး ကလေးမရှိတော့ဘူး"

ဟုပြောကာ တုန်တုန်ယင်ယင်ဖြစ်၍ ငိုချလိုက်တော့သည်။

"လုပ်ကြပါဦး အရပ်ကတို့. . . ကလေးကို စုန်းမကြီး ယူသွားလို့ ကိုကြီးမောင်ခင်ရေ ကယ်ပါဦးတော့"

ဟု ဒေါ်မိတင်၏ အော်ဟစ်သံကြောင့် ဦးမောင်ခင်နှင့် ခြံနားနီးချင်းများ ရောက်လာကြသည်။

"ရွာဆော်မောင်ဝနဲ့ ရွာလူကြီး ဦးတင်မောင်ကို အမြန်သွားခေါ်ကြပါဟ" ဟု ဦးမောင်ခင်က ပြော၍ ရွာသားတစ်ဦးက သွားခေါ်လာသည်။

"ဘာဖြစ်နေကြတာလဲ ကိုမောင်ခင်ရ"

ဟု ရွာလူကြီး ဦးမောင်တင်က မေးလိုက်သည်။

"ဒီမှာ မိခင်မြကလေးကို စုန်းမကြီး ခိုးပြေးသွားလို့တဲ့ဗျ၊ အခု ကလေးမရှိတော့ဘူး"

"ဒုက္ခပါပဲဗျာ၊ ဘယ်နားလိုက်ရှာကြရမလဲ မသိဘူး"

"သူကြီး အဲဒါ တာတေ နတ်ရဲရုပ်ရှေ့က ကြက်တွေယူလို့ ဖြစ်မှာဗျ"

ဟု ရွာဆော်မောင်ဝက ၎င်းသိသည်များကို ပြောပြလိုက်သည်။

"ကဲ မောင်ဝရေ မင်းလူ (၁၀) ယောက်လောက်စုခေါ်ပြီး သွားရှာကြရအောင်၊ ကိုမောင်ခင်တို့က မီးတုတ်တွေ လုပ်ပေးပါ၊ ဓာတ်မီးရှိတဲ့လူလဲ ယူလာကြပါ"

ဟု ရွာလူကြီး ဦးတင်မောင်က လူစုပြီး မိုးဂနိန်းဘုရားဘက်သို့ ထွက်သွားကြသည်။ ကလေးအား နတ်ရဲရုပ် ပလ္လင်ပေါ်မှ ပြန်တွေ့လာကြသော်လည်း အသက်မရှိတော့ပေ။ မိခင်ဖြစ်သူ မခင်မြမှာလည်း ရူးကြောင်ကြောင်

www.burmeseclassic.com

ဖြစ်သွားတော့သည်။ သူညီမ မတင်လှ တတော့ ကောင်းတစ်ချက် မကောင်း တစ်ချက်ဖြင့် ညီအစ်မနှစ်ဦးဖက်လိုက် ငိုလိုက်၊ ညများတွင် စုန်းမကြီး၊ စုန်းမကြီး ဟု အလန့်တကြားအော်ဟစ်လိုက်ဖြင့် စိတ်ဖောက်ပြန်သွားကြတော့သည်။

မိုးဦးကျ ကဆုန်လဆန်း(၃)ရက် နေ့၊ ဒေါ်မိတင်မှာ အုန်ရွှေးမှ အပြန် လမ်းတွင် ကားပျက်၍ ညနေစောင်း နေ ဝင်ချိန်လောက်ကျမှ ရွာသို့ ပြန်ရောက် လာသည်။

သမီးနှစ်ယောက်ကို စိတ်ပူနေရ သဖြင့် ခေါင်းပေါ်တွင် ခေါင်းခုပုဆိုးကို ဖြုန်း၍ပေါင်းလိုက်ပြီး ခံတောင်းကို ချိုင်း ကြားညှပ်လျက် အပြေးတစ်ပိုင်း ခြေ လှမ်းဖြင့် အိမ်ခြံဝင်းထဲ အမြန်လျှောက် ဝင်လာစဉ်. . .

"အမယ်လေး စုန်းမကြီးဝင်လာ ပြီ ညီမလေးရေ"

ဟု မခင်မြက အော်၍ ထမင်း စားနေရာမှ ထပြေးလေသည်။ မတင် လှက မီးထည့်ရန် ထင်းချောင်းခုတ်နေ ရာမှ နောက်လှည့်ကြည့်လိုက်ရာ မှောင် ရီသန်းချိန်ဖြစ်၍ လူလုံးမကွဲ၊ မည်းမည်း အရိပ်ကြီး ဝင်လာသည်ကိုသာ တွေ့ လိုက်ရသဖြင့် လက်ထဲမှ ဓားမဖြင့် လှမ်းခုတ်ချလိုက်သည်။

"ငါ့တူကို ဖမ်းစားတဲ့ စုန်းမကြီး သေပေတော့၊ အစ်မရေ စုန်းမကြီးကို အပိုင်းသတ်ဟ"

ဟု ပါးစပ်ကပြောလျက် ဆက် ကာ ဆက်ကာ ခုတ်နေတော့ရာ ဒေါ်မိ တင်မှာ အိမ်ပေါက်ဝတွင် လဲကျသွား တော့သည်။ မခင်မြကလည်း အိမ်ပေါ်မှ ပြေးဆင်းလာလျှင်. . .

"ငါ့သားကို သတ်တဲ့ စုန်းမ၊ ကြီး၊ သေဟ" ဟုပြောကာ လက်ထဲမှ ထင်းချောင်းဖြင့် အပေါ်မှ ခွစီးလျက် အဆက်မပြတ် ရိုက်လေတော့သည်။

ထိုသို့ ဆူဆူညံညံ အသံများ ကြောင့် ဦးမောင်ခင် ပြေးလာလိုက်ရာ အိုးအိုင်ထဲ လဲနေသည့် ညီမဖြစ်သူ အား သမီးနှစ်ယောက်မှ အဆက်မပြတ် ခုတ်ရိုက်နေသည်ကိုတွေ့လိုက်ရသဖြင့်-

"ဟေ့ မိခင်မြ၊ မိတင်လှ မလုပ် နဲ့ မလုပ်နဲ့၊ လာကြပါဦးဗျို့၊ ဒီမှာ အရူးမ နှစ်ယောက် မိတင်ကို သတ်နေကြ တယ်" ဟု ခပ်လှမ်းလှမ်းမှ နေ၍ အော် ဟစ်တားမြစ်လိုက်သည်။

ရွာသားများ ရောက်လာကြမှ အတင်းဝင်ရောက် ဖမ်းဆီးချုပ်နှောင်၍ ဒေါ်မိတင်အား ကြည့်လိုက်ကြရာ ဦးခေါင်း၊ မျက်နှာ၊ ကိုယ်၊ လက်တို့တွင် ဓားခုတ်ရာ၊ ရိုက်ရာများ အနှံ့ဖြင့် သေ နေပြီ ဖြစ်လေသည်။

ရွာလူကြီး ဦးတင်မောင်လည်း ရောက်လာပြီး ရာဇဝတ်မှုဖြစ်၍ ဖလေး ရွာကြီးမှ ရယက ဥက္ကဋ္ဌဦးယာကွတ်နှင့် အတူ ကဝရဲစခန်းသို့ ညတွင်းချင်းသွား ရောက် အကြောင်းကြားရလေတော့ သည်။

ကဝရဲစခန်းမှ စခန်းမှူးက တရား လိုလုပ်၍ လူသတ်မှုဖြင့် အမှုဖွင့်ပြီး မိခင် အရင်းအား ရက်စက်စွာသတ်ဖြတ်ကြ သည့် ညီအစ်မနှစ်ဦးကို တရားခံအဖြစ် ဖမ်းဆီးချုပ်နှောင်ထားရာ အချုပ်ခန်းထဲ တွင်လည်း "စုန်းမကြီး စုန်းမကြီး အသေ သတ်ဟ၊ ခုတ်ဟ၊ ရိုက်ဟ" စသည်ဖြင့် သာ တောင်စဉ်ရေမရ ပြောဆိုနေတော့ သည်။ အစစ်ခံချက်ယူ၍လည်းမရ၊ မေး ၍လည်းမဖြေ ဖြစ်နေသဖြင့် စခန်းမှူး က ဦးယာကွတ်နှင့် ဦးတင်မောင်တို့ကို ခေါ်ယူပြသလိုက်ပြီး ဦးလေးတော်သူ ဦးမောင်ခင်၏ သဘောတူညီချက်ဖြင့် ဆေးစာရေး အထူးအစီရင်ခံစာ၊ အမှု ဖြစ်စဉ်အကျဉ်းတို့ကို ဖော်ပြလျက် ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့အပ်လိုက်ရတော့သည်။

"စာရေးကြီးရေ၊ ရန်ကုန် စိတ် ကျန်းမာရေးဆေးရုံကို တရားခံသွားခေါ် ဖို့ ရဲဘော် နှစ်ဦးနဲ့ ရဲမေ တစ်ဦး စီစဉ်ပါ ဦး၊ ဒီမှာ ဆေးရုံက စာရောက်လာပြီ"

ဟု နှစ်လခန့်အကြာတွင် စခန်း မှူးက ပြောလာသည်။

"ဘယ်တရားခံတွေလဲ ဆရာ၊ မိုးဂနိန်းက ညီအစ်မလား"

"ဟုတ်တယ်ဗျ၊ အခု သူတို့စိတ် တွေ ပုံမှန်ပြန်ကောင်းသွားပြီတဲ့"

"ဟင် ဒါဆို ရွာကလူတွေ ပြော သလို ပြုစားခံရတာ မဟုတ်ဘူးပေါ့"

"ဆေးစာရလာမှ သေသေချာ ချာ သိရတော့မှာပဲဗျ၊ ကျုပ်လဲ အဲဒါပဲ စဉ်းစားနေတာ"

မခင်မြနှင့် မတင်လှတို့ ညီအစ်မ နှစ်ဦးမှာ လူကောင်းပကတိ ဖြစ်လျက် ပြန်ရောက်လာကြသည်။ စိတ်ကျန်းမာ ရေး ဆေးရုံအုပ်ကြီး၏ ဆေးစာတွင် "အကြောက်လွန် Anxiety နှင့် စိတ် ကစဉ့်ကလျားရောဂါ Hysteria "ဟု ဖော်ပြပါရှိလာသည်။ ထိုဆေးစာနှင့် အတူ မခင်မြနှင့် မတင်လှတို့၏ အစစ် ခံချက်များနှင့်တွဲလျက် အမှုအား ဥပဒေ အကြံပြုတောင်းခံတင်ပြခဲ့သည်။ ဥပဒေ အကြံပြုချက်အရ မူလ အမှုဖွင့် အရေး ယူထားသည့် ပြစ်မှု ပုဒ်မ ၃၀၂ ဖြင့်ပင် တရားစွဲတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရ ပေတော့သည်။

ယခုခေတ် ဆေးသိပ္ပံပညာ တိုးတက်အောင်မြင်မှုကြောင့်ပင် လူ ပြုစားခံရသည်ဟု ပြောနေကြသည့် လူ နှစ်ဦးကို ရောဂါကြောင့် ဖြစ်ကြောင်း ဖော်ထုတ်ကုသနိုင်ခဲ့သဖြင့် ရာဇဝတ်ပြစ် ဒဏ်မှ ကင်းလွတ်ခွင့် ရခဲ့ပေသည်။

သို့သော်လည်း မိခင်အရင်းကို သေအောင် သတ်ဖြတ်ကျူးလွန်ခဲ့သည် မှာ လူပြုစားခံရ၍သာ သတ်မိကြခြင်း ဖြစ်ကြောင်း ယခုတိုင် ယုံကြည်နေမိပါ တော့သည်။

**ဝန်ခံချက်**

(၁၉၉၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် ကဝမြို့နယ် သက္ကလအသင်းရဲစခန်း အပိုင် ဝဲပဒန်ရွာမှ အဖြစ်မှန်မှုခင်းကို ပြင်ဆင်ရေးသားခြင်း ဖြစ်ပါသည်။)

❒ စံ-ကေတု



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

ဆေးရုံတွင် လူနာပါးလေသည်။ အရေးကြီးမည်ထင်ရသည့် လူနာအချို့ကို ဂရုစိုက်ပြုစုကုသပေးသည်။ မစိုးရိမ်ရသဖြင့် သူနာပြုဆရာမများနှင့် လွှဲပေးခဲ့သည်။ သူကိုယ်တိုင်ကမူ ဆေးဝါးအချို့နှင့် စုဆောင်းထားရှိသော ဆေးပစ္စည်းအချို့ကို ယူပြီးထွက်လာသည်။ ပတ်ဝန်းကျင် ကချင်တိုင်းရင်းသား ကျေးရွာများကို ကြည့်ရှုကုသလို၍ဖြစ်သည်။ ဗိုလ်ဇော်ရှိုင်း အထင်ကြီးသကဲ့သို့ ဖြစ်အောင်လည်း လုပ်ရန်လိုသည်ဟု ခံယူမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်ခန့်နေရသည်ကို အလွန်ပျော်သည်။ အခေါ်မလွှတ်လျှင် ဒီရွာမှာပင် နေလိုက်ချင်သည်။ တိုင်းရင်းသားကြီး ခကျွေး(ကချင်)တွေနှင့် နေရသည်က စိတ်ချမ်းသာသည်။ ကလေးတွေနှင့် နောက်လိုက်၊ အပျိုလေးတွေနှင့် ...လိုက်၊ လူကြီးတွေနှင့် စကားပြောလိုက် နေရသည်မှာ ချစ်စရာ ဖိလင်...ကိုပင် မေ့သွားသလိုလို ဖြစ်လာသည်။ သုံးရက်မြောက်တွင်အခေါ်လွှတ်၍ ပြန်လာရသည်။ တိုင်းသို့ သတင်း...သည်ဟု သိရသည်။

ဆေးရုံရောက်သည်နှင့် ကတိုက်ကရိုက်ပြင်ရသည်။ သူနာပြုဆရာမလေးများက ဝိုင်းကူကြသည်။ ခင်မင်ရင်းနှီးသော မြို့ခံ ကုန်သည်တစ်ဦးက သူ၏...ဖြင့် လိုက်ပို့သည်။

ဤသို့ဖြင့် အစစအရာရာအဆင်ပြေစွာ ခရီးထွက်လာရသည်။ အဆင်ပြေရောဘာအကြောင်းပါလိမ့်ဟု တွေးမိသည်။ ယခင်က တစ်ကြိမ်မျှ မခေါ်...ဖြင့် စိုးရိမ်မိသည်။ ခရီးထွက်၍လား။ ...အကြောင်းရှိ၍လား၊ ဘာကြောင့်ပါလိမ့်ဟု ပူပန်မိသည်။ မည်သို့ဆိုစေ ကောင်းတာလုပ် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ် မကောင်းတာ ဖြစ်မည်ဟူသော ဆုံးမစကားလေးကို သတိရမိသည်။ ကံအကြောင်းတရားဟုသာ ...တောရင်း ငိုက်မျဉ်းလာခဲ့သည်။

မြို့ရောက်လျှင် ဆရာဝန်ကြီး တွေ့ရန် ကြိုးပမ်းရသည်။ အဆင်သင့်...ဆိုရမည်။

အစ်ကိုကြီးသဖွယ် ခင်မင်ရသော ဒေါက်တာမောင်မောင်ကျော်နှင့် တွေ့ရမည်။

"အစ်ကိုကြီး ဆရာရှိလား"

"ဪ ရောက်လာပြီလား၊ ရှိတယ်၊ လာ"

"ဘာထူးလဲ အစ်ကိုရဲ့"

ဒေါက်တာ မောင်မောင်ကျော်က ဒေါက်တာဇော်နိုင်ကို ခေါ်သွားရင်း ပြောသည်။

"မောင်ရင် ပြောင်းမိန့်ထွက်တယ် ကြားတယ်"

"ဘယ်ကိုလဲ"

"ကိုကိုးကျွန်းကို"

"ဟာဗျာ၊ မနောက်ပါနဲ့"

ဒေါက်တာဇော်နိုင်၏ ရင်ထဲတွင် ဒိန်းခနဲ ခုန်သွားသည်။ "ဟုတ်ရင်တော့ ဒုက္ခ" ဟုတွေးမိသည်။ ထိုအခိုက် ဆရာကြီး အခန်းတံခါး ပွင့်လာသည်။ ဆရာ့ကို တွေ့ရသည်။

"ဟာ၊ လာ လာ မောင်ဇော်နိုင်၊ အခုပဲ အစည်းအဝေးသွားမလို့"

"ဟုတ်ကဲ့"

နှစ်ဦးသားမှာ ဆရာကြီး၏ ထိုင်ခုံတွင် နေရာယူပြီးသည်အထိ စောင့်ကြည့်ကြသည်။ ပြီးမှ ရှေ့ခုံတွင် ထိုင်ကြသည်။

"မောင်ဇော်နိုင် ပြောင်းရမယ်၊ တို့အတွက် အားလျော့သွားတာပဲ"

"ဘယ်ကိုလဲ မသိဘူးနော်"

ဒေါက်တာဇော်နိုင် ရင်တထိတ်ထိတ်ဖြင့် မေးသည်။ "မကြားလိုသောနေရာကို မပြောင်းပါရစေနှင့်" ဟု ဆုတောင်းမိသည်။ ဆရာကြီးက စာအိတ်တစ်အိတ်ကို လှမ်းပေးသည်။ နှုတ်မှလည်း ပြောသည်။

"အာရ် ဂျီ အိပ်ဖ်ချ်"

ဒေါက်တာဇော်နိုင်၏ မျက်နှာ ဝင်းပသွားသည်။ ပထမဆုံး ပြေးမြင်လိုက်သည်က မိဘမျက်နှာမဟုတ်ချေ။ ချစ်ရသော ချစ်ဦးမေ၏ မျက်နှာလေးကို ဖြစ်လေသည်။ ဒေါက်တာဇော်နိုင်က အမိန့်စာကို ဖွင့်ဖတ်ကြည့်သည်။ သေချာပါသည်။

"ဖိုးဇော်က မပြောင်းချင်ဘူးတဲ့ ဆရာကြီး"

"ပြောင်းချင်တယ်၊ မပြောင်းချင်တာက အရင်တုန်းကပါ"

ဆရာဝန်ကြီးက ရယ်လေသည်။

"အချိန်ရအောင်လို့ ဒီညပဲ နှုတ်ဆက်ပွဲလုပ်မယ်၊ ည ၇နာရီခွဲလောက်ပေါ့၊ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ် ခင်ဗျ"

"ကိုမောင်မောင်ကျော် စီစဉ်လိုက်ပေါ့၊ ကဲ သွားလိုက်ဦးမယ်"

ဆရာဝန်ကြီးက နှုတ်ဆက်ပြီး ထွက်သွားသည်။ အစည်းအဝေး နောက်ကျမည်ကို စိုးရိမ်ပုံ ဟန်တူလေသည်။

ဒေါက်တာဇော်နိုင်ကမူ ရင်တွင်းဝယ် လမင်းတစ်ရာသာသကဲ့သို့ သာယာကြည်နူးနေမိသည်။

(၁၀)

ချစ်ဦးမေသည် ရုံး/ဌာနကို သံယောဇဉ်ရှိသော်လည်း မတတ်သာပြီ။ မိမိဘဝလျှောက်ရမည့်လမ်းက အရေးကြီးသည်။ ယခုဆိုလျှင် အသက်(၂၅)နှစ် စွန်းလာပြီဖြစ်သည်။ ကျန်သောကာလ (၂၅)နှစ်အတွင်း ထူးထူးချွန်ချွန်ဖြစ်ပါမှ ဘဝလမ်းတင့်တယ်မည်ဟု ခံယူထားသည်။ ထို့ကြောင့် မေမေမရှိသော မိတဆိုးဘဝတွင် ဒေါ်လေး၏ လမ်းညွှန်ပြမှုကို တစိုက်မတ်မတ် လျှောက်ခဲ့သည်။

ယခုလည်း မိမိအရည်အချင်းနှင့် ကိုက်ညီသောလုပ်ငန်းတစ်ခုကို အင်္ဂလန်သို့ လျှောက်ကြည့်သည်။ ပဏာမ စစ်ဆေးချက် ပြီးဆုံးပြီး လူတွေ့စစ်ရန်ရှိလေသည်။ ချစ်ဦးမေက မလွဲမသွေ အောင်မြင်မည်ဟု ယုံကြည်ထားသည်။ ဆုံးရှုံးခဲ့လျှင်လည်း အခြားတစ်ခုကို ရွေးချယ်ထားပြီး ဖြစ်သည်။ ဒေါ်လေး၏ လမ်းညွှန်မှုအတိုင်း ရည်မှန်းချက် တစ်ရပ်ကို အားသွန်ခွန်စိုက်လျှောက်ရန်သာ လိုလေသည်။ ထို့ကြောင့် ဒေါ်လေး၏ လမ်းညွှန်မှုဖြင့် အလုပ်ထွက်လိုက်သည်။ ဒီနေ့တော့ ရုံး/ဌာနကို နောက်ဆုံးနေ့အဖြစ် နှုတ်ဆက်ခဲ့ရပေပြီ။

ရုံးရှေ့ထွက်သည်နှင့် တက္ကစီငှားပြီး အိမ်ပြန်ရန်သာ ဆန္ဒပြင်းပြနေခဲ့သည်။ အိမ်ရောက်လျှင် အိပ်ခန်းသို့ဝင်ပြီး ပစ်လှဲချအနားယူပစ်မည်။ အရာခပ်သိမ်းကို မေ့ပစ်မည်ဟု ရည်ရွယ်မိသည်။ ခေါင်းထဲတွင် ဘာမျှမထားချင်။



www.burmeseclassic.com

www.burmeseclassic.com

အရှုပ်မှန်သမျှ ရှင်းလင်းပြီး ရှင်းရှင်းသန့်သန့် နေလိုသည်။ ထိုအခိုက် တက္ကစီတစ်စီး လာနေသည်ကို တွေ့ရသည်။ ချစ်ဦးမေက ဝမ်းသာအားရတားလိုက်သည်။ တက္ကစီကလည်း မိမိရပ်နေရာသို့ ရှော့ရှော့ရှူရှူ လာရပ်သည်။

"မေ"

တက္ကစီရပ်သည်နှင့် ကားပေါ်က ခရီးသည်က ခေါ်လိုက်သည်။ ချစ်ဦးမေ အံ့သြသွားသည်။ ထိုလူက တက္ကစီ၏ နောက်ခန်းတံခါးကိုဖွင့်ပြီး ဆင်းလာ၏။

သူ့ကို "မေ" ဟု ခေါ်သူအား အသေအချာ တွေ့ရသည်။

"ကိုဇော်"

ဒေါက်တာဇော်နိုင်က ဝမ်းသာအားရဖြင့် ချစ်ဦးမေအနီးသို့ ကပ်လိုက်သည်။ သူ့ခမျာ အမောတကောနှင့် ဝမ်းသာလှိုက်မောနေဟန် ရှိသည်။

"ဝမ်းသာလိုက်တာ မေရယ်၊ ဘယ်သွားမလို့လဲ"

"အိမ်ပြန်မလို့ပါ"

"အို နည်းနည်းနောက်ကျရင် မတွေ့ရတော့ဘူးပေါ့နော်၊ ကံကောင်းလိုက်တာ မေရယ်"

ဒေါက်တာဇော်နိုင်က ဝမ်းသာအားရ ဆိုသည်။ ချစ်ဦးမေကမူ အေးစက်စက်နိုင်သကဲ့သို့ ခံစားလိုက်ရသည်။

"ကျွန်တော် ဘယ်ကို မောင်းရမလဲ"

ရပ်စောင့်နေသော တက္ကစီသမားက သည်းမခံနိုင်ဟန် ဆိုသည်။ ချစ်ဦးမေက ကားတားလိုက်မိသည်ကို သတိရလိုက်သည်။ အလျင်အမြန် ဖြေလိုက်သည်။

"ဗဟန်းသွားမယ်နော် ကိုဇော်၊ နောက်များမှပေါ့"

ချစ်ဦးမေက ပြောပြောဆိုဆို ကသုတ်ကရက် တက္ကစီပေါ်တက်လိုက်သည်။ အလွန်အရေးကြီးဟန် ပြလိုက်သည်။

"ကိုယ်လဲ လိုက်မယ်လေ"

ဒေါက်တာဇော်နိုင်က နောက်ခန်းတံခါးကိုဖွင့်ပြီး ချစ်ဦးမေ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။ တစ်ဆက်တည်း ကားဆရာကိုလည်း ပြောလိုက်သည်။

"ဗဟန်းကို မောင်းပါဆရာ"

ချစ်ဦးမေက ဘာစကားမျှ မဆိုနိုင်မီ ကားက ထွက်သွားသည်။ ချစ်ဦးမေ လက်လျှော့လိုက်ရသည်။

ဒေါက်တာဇော်နိုင်က ချစ်ဦးမေ၏ လက်ကလေးတစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားလိုက်သည်။ အလွန်ဝမ်းသာပီတိ ဖြစ်ဟန်ရှိလေသည်။ ချစ်ဦးမေက မသိမသာမဲ့မရဲ ရုန်းကြည့်သည်။ တင်းတင်းကျပ်ကျပ် စေးစေးပိုင်ပိုင်ရှိလှသည်မို့ ငြိမ်နေလိုက်ရသည်။ ရှိပါစေလေ။ တိုက်တိုက်ဆိုင်ဆိုင် ကံကြမ္မာ၏ဆုံစည်းမှု ရလဒ်အဖြစ် ဒီလောက်တော့ ခွင့်ပြုရပေမပေါ့ဟု တွေးလိုက်မိသည်။

"ရန်ကုန်ရောက်ပြီလေ မေရဲ့"

ဒေါက်တာဇော်နိုင်က ဝမ်းသာလှိုက်လှဲစွာ စကားဆိုသည်။ ချစ်ဦးမေက တုံ့ပြန်သည်။

"ဘာကိစ္စလဲ ကိုဇော်"

"ပြောင်းလာတာလေ"

"အို"

ချစ်ဦးမေက တအံ့တသြ ဖြစ်သွားရှာသည်။

"သက်ဆိုင်ရာကို သတင်းတောင်မပို့ရသေးဘူး၊ ပစ္စည်းတွေအပ်ပြီးတာနဲ့ လေဆိပ်က မေ့ဆီကို အမြန်ပြေးပြီး သတင်းပို့တာ မေရဲ့"

ချစ်ဦးမေမှာ ချောင်ပိတ်မိနေသော စာသူငယ်ကဲ့သို့ အသက်ရှူကျပ်သွားသည်။ အဖြေတစ်ခုကို မထုတ်နိုင်မီ ချစ်ဦးမေက တက္ကစီဆရာကို ပြောလိုက်သည်။ ကန်တော်ကြီးကို တစ်ပတ်ပတ်ပြီးမှ ရွှေဂုံတိုင်သို့မောင်းရန် မှာလိုက်သည်။ ထိုအခိုက်အတန့်အတွင်း ချစ်ဦးမေက သူ့အကြောင်းကို ပြောပြသည်။ အလုပ်ထွက်သည့်အကြောင်း၊ နိုင်ငံခြားတွင် အလုပ်လုပ်ရန် စီစဉ်ထားသည့်အကြောင်း၊ လူတွေ့စောင့်နေ... ဖြစ်ကြောင်း၊ ဒေါ်လေး၏ အင်... များဖြင့် လုပ်ရခြင်းဖြစ်ကြောင်း ... သည်။

ချစ်ဦးမေ၏ စကားအဆုံး... ရင်မောရသူက ဒေါက်တာဇော်နိုင်... လာသည်။ မျှော်လင့်တကြီးနှင့် ... သူကို ရင်ဝတွန်းကန်သကဲ့သို့ ... သည်။ ရက်စက်လိုက်တာမေရယ် ... တွေးမိသည်။ ပြီးတော့ သုံးသပ်... သူ့အဖြစ်ကို ရင်နာသည်။

"ငါကသာ စွဲစွဲလမ်းလမ်း... နေတာ၊ သူက အေးအေးဆေးဆေး... လား" ဟု တွေးမိသည်။ တစ်စုံတစ်... ပြောမည်ဟု တွေးဆနေစဉ် တက္ကစီ... တစ်ထပ်တိုက်ကလေးတစ်ခု၏ ခြံ... တွင် ရပ်လိုက်သည်။

"သွားမယ်နော် ကိုဇော်၊ နော... များမှပေါ့"

ချစ်ဦးမေက နှုတ်ဆက်ပြီး ... ပေါ်မှ ဆင်းသွားသည်။ ဒေါက်တာ... ဇော်နိုင်ကလည်း သူ့ဘက်က တံခါး... ဖွင့်ပြီး ကားပေါ်မှ ဆင်းသည်။ တက္ကစီ... ရှင်းပေးပြီးသည်နှင့် တက္ကစီက ... သွားသည်။

ခြံဝတွင် ချစ်ဦးမေနှင့်ဒေါက်တာ... ဇော်နိုင်တို့ နှစ်ဦးတည်း ငုံးတိတိ... သည်။ ချစ်ဦးမေက အံ့သြသွား... "ဖွတ်ကြီးပါလား" ဟု တွေးမိသ... ထိုအခိုက် အသက် (၆၀)ခန့်ရှိ ဥပ... ကောင်းကောင်းနှင့် အမျိုးသမီးကြီး... တစ်ဦးက ခြံဝဆင်းလာသည်။

"မေဦး ဝင်လေ၊ ဘယ်သူလဲ"

"ဟုတ်ကဲ့မေကြီး၊ မေဦး ပြော... တဲ့ ဒေါက်တာဇော်နိုင်ပါ"

"သြော် ဝင်ကြလေ"

အမျိုးသမီးကြီးက သိမ်မွေ့... ဖိတ်ခေါ်သဖြင့် ဒေါက်တာဇော်... လိုက်ပါသွားသည်။ ကြီးကျယ်ခမ်းနား... သော ဧည့်ခန်းမဟုတ်စေကာမူ အ... ရှိသော ဧည့်နေခန်းဖြစ်သည်ကို... ပရိဘောဂအဆင်အပြင်များက...



www.burmeseclassic.com

www.burmeseclassic.com

နေလေသည်။ စည်းကမ်းစနစ် ရှိမှု သည်း ထားသိုမှု ထိန်းသိမ်းမှုများက ဘတပြုနေသည်။

"ထိုင်ပါ ကိုဇော်"

ချစ်ဦးမေက ဒေါက်တာဇော်နိုင် နေရာပေးသည်။ သူမက အမျိုးသမီး နှင့်အတူ ထိုင်ရင်း သူမအကြောင်း၊ တ်တာ့အကြောင်း၊ လတ်တလော အကြောင်းများကို အစီရင်ခံနေသည်။ ပ်ထွက်ခဲ့ပြီးကြောင်းကိုလည်း ရှင်း နေသည်။

"မေကြီးက မေရဲ့ အချစ်ဆုံး လေးလေ၊ ဖေဖေရဲ့ မမပေါ့၊ မေမေ မေ ငယ်စဉ်ကတည်းက ဆုံးသွား ဒီအိမ်မှာ ဖေဖေရယ်၊ မေကြီးရယ်၊ ရယ်၊ အိမ်ဖော်မလေးရယ်ပဲ ရှိတယ် ဇော်ရဲ့"

ဒေါက်တာဇော်နိုင်က ချစ်ဦး ၏ သူ့မိသားစုဘဝ ရှင်းပြပုံကို နား ထောင်နေမိသည်။ လူနာများ၏ဘဝ အခြေအနေရှင်းပြပုံနှင့် မေ၏ဘဝကို ပြပုံက တူသည်များရှိသော်လည်း စကားကို အလေးထား အားရနေ သည်။

ချစ်ဦးမေ၏ ဒေါ်လေးက စည်းစားကထိက ဖြစ်သည်။ အသက် ပြီဖြစ်သော်လည်း (၅၀)စွန်းစွန်း ရအောင် နုပျိုလှပဆဲ ဖြစ်သည်။

"ဒေါက်တာရဲ့ မိဘတွေက ရန် တလား"

"ဟုတ်ကဲ့၊ မှော်ဘီမှာပါ"

"မှော်ဘီဆိုတော့. . "

ထိုအခိုက် အိမ်ဖော်မလေးက ရည်နှင့် မုန့်များ လာချပေးသည်။ ကြီးက စူးစမ်းသလိုဟန်ဖြင့် စဉ်းစား သောကြောင့် ဒေါက်တာဇော်နိုင်က ရသည်။

"စစ်တပ်ကပါ၊ ဗိုလ်မှူးကြီးပါ"

"ဪ"

မေကြီး၏ မျက်နှာက ညှိုးသွား လိုရှိသည်။ ဟန်ပန်က သိပ်ပြီး ဘဝင် သလိုရှိ၏။ ချစ်ဦးမေမှာ နေရထိုင်ရ ခက်နေပုံရသည်။ သိသာလှပေသည်။

"မေဦး အဝတ်လဲပြီး နားဦးလေ"

မေကြီးက ညင်သာစွာ ချစ်ဦးမေကို နှင်လိုက်သည်။ မေကြီး၏ အမူအရာက သူနှင့် သူမ၏ မိသားစုတို့ နီးကပ်ရင်းနှီးလာမည်ကို မလိုလားဟန် ပြနေသည်။ ချစ်ဦးမေက အနေခက်လာသည်မို့ ထထွက်သွားသည်။ ဒေါက်တာဇော်နိုင်ကို ခွင့်ပန်သည်။

"ခွင့်ပြုပါ ကိုဇော်"

ဒေါက်တာဇော်နိုင် ကလည်း နားလည်ရပေမည်။ လက်ခံတွေ့ဆုံလိုခြင်းမရှိပါက ဘာဆက်လုပ်ရမည်နည်း။ ရိုးရိုးလေးသာ ဖြစ်သည်။

"ကျွန်တော့်ကိုလဲ ခွင့်ပြုပါ"

မေကြီးက ထပ်မံဖိတ်ခေါ်ခြင်း မပြုချေ။ ဒေါက်တာဇော်နိုင်သည်လည်း နောက်ပြန်မလှည့်စတမ်း ထွက်လာခဲ့သည်။ ဝေးလေပြီလား အချစ်ရယ်ဟု ရင်တွင်းမှ မြည်တမ်းမိသည်။

## (၁၁)

သွက်လက်ဖျတ်လတ်နေသော သားတော်မောင်သည် ရန်ကုန်မြို့ ရောက်မှလေးတီလေးကန်ဖြစ်နေသည်။ မကျေလည်သလို မကျေနပ်သလို အမူအရာရှိနေသည်။ လုပ်ငန်းတွင် အဆင်မပြေရှာသလားဟု တွေးထင်မိသည်။ စင်စစ် ဒေါက်တာဇော်နိုင်၏ မေမေသည် ပူပန်ဟန်မပြသော်လည်း တစ်ဦးတည်းသောသားမို့ နေ့စဉ်အရိပ်တကြည့်ကြည့်ရှိနေသည်။ ကာလကြာလာသော် မေမေသည် ဒေါက်တာဇော်နိုင်ကို သူ၏ ဖေဖေ ဗိုလ်မှူးကြီးတိုးလွင်ဦးနှင့် တွေ့ဆုံစေသည်။

ဗိုလ်မှူးကြီးတိုးလွင်ဦးသည် သူ့သားဇာတ်လမ်းတွေကို သိပြီးဖြစ်သည်။ သူပုန်အဖမ်းခံရသည့်အကြောင်း၊ နယ်မြေဒေသတွင် တာဝန်ကျေသော ကျော်ကြားသော ဆရာဝန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းနှင့် တာဝန်ရှိသူတို့က အထူးအလေးထား ထောက်ခံသူဖြစ်ကြောင်း၊ ရန်ကုန်မြို့ ပြောင်းလာရသည်မှာ အလားအလာကောင်းကြောင်း စေ့စေ့စပ်စပ် စုံစမ်းသိရှိပြီး ဖြစ်သည်။

"သားရဲ့ အခြေအနေက မဟန်သလိုပဲ၊ အလုပ်မှာအဆင်မပြေတာလား၊ နေသားမကျလို့လား၊ ဘယ်လို ဖြစ်တာလဲ"

"အဆင်ပြေပါတယ် ဖေဖေရဲ့"

ဒေါက်တာဇော်နိုင်က အဖြေ၏ နောက်ကွယ်တွင် ဘာကို ဆက်လက်တင်ပြရမည်မသိဖြစ်နေသည်။ ဖေဖေ့ကို လျှို့ဝှက်သိုသိပ်ထား၍ မရမှန်း သူသိသည်။ ငယ်စဉ်ကတည်းက ပွင့်လင်းထင်သာစွာ ဆက်ဆံနေကျမို့ ပြောရ ခက်နေသည်။

"သားမှာ ချစ်သူ ရှိတယ်နဲ့တူတယ်၊ ရည်းစား လင်နောက်မလိုက်ခင် နားရွက်ဆွဲလေကွာ၊ ငိုင်နေတာ အဖြေမဟုတ်ဘူး၊ လုပ်နိုင်တာ အကုန်လုပ်"

ဖေဖေ့စကားက ဒက်ခနဲ ထိသည်။ ဟာသနှောသော်လည်း မပြောမဖြစ် ပြောရမည်ဟု ယူဆလိုက်သည်။ ထို့ကြောင့် ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။ ဖေဖေက ဂရုတစိုက် နားထောင်သည်။ ပြီးမှ မှတ်ချက်ပြုသည်။

"ဖူးစာတော့ရှိသားကွ၊ မင်းက ချစ်တာပဲ ရှိတာလေ၊ ဒါပေမဲ့ လမ်းဆုံး မရောက်သေးပါဘူး"

"သူကလဲ ချစ်တယ်လို့ ထင်တယ်၊ ခါတာက ဘာကြောင့်လဲမသိဘူး၊ တစ်ကြိမ်ဆို မိန်းမသဘာဝပဲ၊ မှုလို့ တော်ပြီပေါ့၊ ခုတော့ လွန်သလိုပဲ"

"သူ့ရဲ့ မေကြီးကြောင့်လား. . မိသားစုကြောင့်လား၊ ရည်းစား ရှိလို့လား"

ဒေါက်တာဇော်နိုင်က ခေတ္တ စဉ်းစားသည်။ အတန်ကြာမှ ဖြေသည်။

"ရည်းစားမရှိတာ သေချာတယ်၊ ဗိုလ်ဇော်ရှိန်းရဲ့ ပြောစကားအရရော၊ ဦးအောင်ကြီးရဲ့ အဆိုအရပါ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com

မရှိနိုင်ဘူး၊ ရည်မှန်းသူလဲ မရှိနိုင်ဘူး၊ ကျွန်တော့်ကို မကြိုက်ရင် ငြင်းပယ်စရာ အခွင့်အရေးတွေ အများကြီးပါ"

ဗိုလ်မှူးကြီးတိုးလွင်ဦးက သူ့သားကို သေချာကြည့်သည်။ တစ်စုံတစ်ခုကို စဉ်းစားဟန်တူသည်။ ပြီးမှ ယတိပြတ် ဆုံးဖြတ်ချက်ချဟန်ဖြင့် ပြောသည်။

"သူ့ရဲ့ မိသားစုကို ဖေဖေ တွေ့ကြည့်မယ်လေ"

"ဖြစ်ပါ့မလား ဖေဖေရဲ့၊ သူ့ရဲ့ မေကြီးပုံစံက မာနထောင်လွန်းတယ်လို့ သားထင်တယ်၊ သူ့ကို ချစ်ပေမယ့် မေ့နိုင်အောင် ကြိုးစားလိုက်ချင်တယ် ဖေဖေ"

"ဟေ့ကောင်. . . လုပ်နိုင်သမျှ အကုန်လုပ်၊ ဘယ်တော့မှအရှုံးမပေးနဲ့၊ ဘာမှ မလုပ်နိုင်တဲ့အချိန်မှာ တစ်မျိုးပေ့ါ၊ သွားမယ် သားက ကားမောင်း"

ထပ်မံ အတွန့်တက်လိုသော်လည်း ဖေဖေ့အကြောင်း သိပြီးဖြစ်သည်။ ဒေါက်တာဇော်နိုင်က ထိုင်ရာမထမီ ဗိုလ်မှူးကြီးတိုးလွင်ဦးက ကားဂိုဒေါင်ဆီ လျှောက်သွားလေပြီ။ မတတ်သာသည်မို့ အလျင်အမြန်လိုက်ရသည်။ ဖေဖေ့ကို ကားတံခါးဖွင့်ပေးပြီး သူကိုယ်တိုင်က ယာဉ်မောင်းနေရာကို ယူလိုက်ရသည်။

"မောင်းကွာ ဘယ်မှာလဲ"

"ဗဟန်း ရွှေဂုံတိုင်မှာပါ"

စထွက်ကတည်းက ဘာမျှ ထပ်မံ မပြောဖြစ်ကြချေ။ မှော်ဘီမှဖြစ်၍ တစ်နာရီသာသာခန့် မောင်းရလေသည်။ ဖေဖေသည် ဘာကို စိတ်ကူးနေသည်မသိချေ။ ငြိမ်၍ လိုက်လာသည်။ ဤသို့ဖြင့် ချစ်ဦးမေတို့ အိမ်အနီးသို့ ရောက်လာသည်။

"ရှေ့နားဆိုရင် ရောက်ပြီ ဖေဖေ"

ဖေဖေက ယခုမှ အသက်ဝင်လာဟန်ဖြင့် ဘေးဘယ်ညာ လှည့်ပတ်ကြည့်သည်။ အိမ်ကြီး အိမ်ကောင်းအတော်များလေသည်။ လူကုံထံ ရပ်ကွက်မင် ဖြစ်သည်။

"ဘယ်အိမ်လဲ သားရဲ့"

"ဟိုရှေ့က လမ်းထောင့်အိမ်ပါ"

ဒေါက်တာဇော်နိုင်က ညင်ညင်သာသာမောင်းပြီး အရှိန်ကိုလျှော့လိုက်သည်။ အိမ်ဝနားသို့ ရောက်ချေပြီ။

"ဟေ့ မရပ်နဲ့ ဆက်မောင်း . . ဖြည်းဖြည်းမောင်း"

ဖေဖေ၏ သွက်လက် ထူးခြားသော စကားသံကြောင့် အရှိန်ကို နည်းနည်းမြှင့်လိုက်သည်။ အိမ်ကို ကျော်ပြီး ဆက်မောင်းသွားသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

"နောက်နေ့မှ သွားမယ်ကွာ၊ အိမ်ကို သိအောင်ကြည့်တာပါ"

ဒေါက်တာဇော်နိုင်က သူ့ဖေဖေ၏စကားကို နားမလည်နိုင်အောင် ဖြစ်ရသည်။ ဒီလိုအဖြစ်မျိုး မပြုဖူးသည်မို့ အထူးအဆန်းဖြစ်နေလေသည်။ ဖေဖေ့စိတ်က ဒီလိုမဟုတ်ဟုလည်း တွေးနေမိသည်။

(၁၂)

ဒေါက်တာဇော်နိုင်သည် နံနက်အိပ်ရာထနှင့် အိပ်ရာဝင်ချိန်တို့တွင် ချစ်ဦးမေထံ တယ်လီဖုန်းဆက်နေကျဖြစ်သည်။ တစ်ခါမျှ ဆက်သွယ်မှု မရသော်လည်း ဇွဲမလျှော့ခဲ့ချေ။ ယခုလည်း ရှေးမူမပျက် ချစ်ဦးမေထံ တယ်လီဖုန်းဆက်လိုက်သည်။

"ဟဲလို"

"မေလား၊ ကိုဇော်ပါ"

ဒေါက်တာဇော်နိုင်က အသံကျက်မိလိုက်သဖြင့် အားငယ် ဖျော့တော့သောအသံနှင့် ပြောသည်။ မေက ကြည်သာရွှင်ပျသောအသံနှင့် တုံ့ပြန်သည်။

"ကိုဇော် မကြားရတာကြာပြီ၊ နေကောင်းတယ်နော်"

"နေကောင်းပါတယ်၊ ကိုဇော် ဆက်ပေမယ့် ပြန်မဆက်တော့ မကြားရဘူးပေ့ါ"

"မေလဲ အလုပ်တွေရှုပ်နေ
အင်တာဗျူးလဲ ပြီးသွားပြီ၊ ရှေ့လ
မဟုတ်ရင် မကြာတော့ဘူးနဲ့တူတ

ဒေါက်တာဇော်နိုင်က တုန်
သည်။ ဒီတစ်ခါသွားလျှင် မလွယ်
ဝေးဝေးမို့ ပြေးလိုက်လို့ မမီ ဖြစ်
မည်။ ဒါကို ပြောချင်လို့ လက်ခံ
တာဖြစ်ပေမည်။

"ဝမ်းသာပါတယ် ကိုယ်ကြ
တဲ့ စကားကိုတော့ ပြောခဲ့ပါဦးမေ"

"ဘာကိုလဲ"

"ချစ်တယ်ဆိုတဲ့ အကြောင်း

"ဪ ကိုဇော်က အချစ်ဆို
ကို လွယ်လွယ်ကြားချင်တာလား"

ဒေါက်တာဇော်နိုင်၏ ရင်
တွင်အောင့်သွားသည်။ မေ၏ စကား
အချစ်ကို လွယ်လွယ်သဘောထား
လူလို့ ပြောလိုဟန်ရှိသည်။ ဒါဖြင့်
ခက်ဆိုသည်က ဘာလဲ၊ နှိုင်းယှဉ်
တွေနှင့် နှိုင်းယှဉ်ဦးမှာလား၊ စဉ်း
ဦးမှာလား၊ ဆံပင်ဖြူရမှာလား၊ ကိုယ်
ချစ်ပေမယ့် မေက မချစ်တာလား
ဖို့ခက်နေလို့လား စသည်ဖြင့် တွေ
သည်။ မည်သို့ဆိုစေ ကိုယ်က ချ
သူမို့ အဖြူအမည်းတော့ သိလိုသည်

"အဖြေကိုတော့ ကြားချင်
တယ် မေရယ်၊ ကိုယ့်ဆန္ဒပါ"

"မေက ငြင်းခဲ့လို့လား ကို

"ကိုဇော်တို့က ခွဲကြရမှာ မဟ
လား၊ ဘာဖြစ်ဖြစ် မေရဲ့ ချစ်တယ်ဆို
စကားလေးနဲ့ လွမ်းစိတ်ဖြေခွင့်ပေး
လား မေရယ်"

"တူ. . တူ. . တူ"

အရေးထဲမှာ တယ်လီဖုန်း
အဆက်အသွယ်ပြတ်သွားသည်။
ခေါ်သည်။ ထပ်ကာထပ်ကာခေါ်သည်
အဆက်အသွယ် မရချေ။ တမင်ချ
သည်လား သူ့ဘာသာ ပြတ်သည်လ
မသိရချေ။ မချင့်မရဲနှင့် မရိုးမရွဖြစ်
စဉ် ဖေဖေ့ကို တွေ့လိုက်ရသည်။ ဖေ
သည် အပြင်ထွက်ရန် တာစူနေဟန်
လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

လူခေါ် ဘဲလ်သံက အဆက်မပြတ်မြည်နေသည်။ အိမ်ရှေ့တွင် ကားတစ်စီးနှင့် ရပ်နေသော လူစိမ်းတစ်ယောက်ကို မြင်ရ၏။ မည်သူမှန်းတော့ မသိချေ။ ချစ်ဦးမေက သွက်လက်ဖျတ်လတ်စွာဖြင့် မေကြီးထံ ခွင့်ပန်ပြီး ခြံဝသို့ ပြေးသွားလိုက်မိသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ အန်ကယ်"

အရပ်ရှည်ရှည် သွယ်သွယ်ဖြစ်သော်လည်း ခန္ဓာကိုယ် အချိုးအစား ကျနလှပသည်။ ရုပ်ရည်က မိန်းမလှ စာရင်းဝင်သော်လည်း ထင်ပေါ်ပလွှားမှု မပြချေ။ ဣန္ဒြေသိက္ခာနှင့် တော်ဝင်အလှ မိန်းမပြတ်လေး ဖြစ်ဟန်တူလေသည်။

"ဒေါ်တူးတူးမာနဲ့ တွေ့ပါရစေ"

ချစ်ဦးမေက လူစိမ်းကို အကဲခတ်သည်။ အသက်(၅၀)ခန့်ရှိပြီး တည်ကြည်ခံ့ညားသည်။ ဥပဓိရုပ်က တင်းမာပြတ်သားပြီး ထက်မြက်ဟန် ပေါ်သည်။ အကြည့်က စူးရှသည်။ ချစ်ဦးမေ ကြုံတွေ့ခဲ့ရသော သွယ်ပျောင်းညင်သာ သိမ်မွေ့သည့် လူကြီးလူကောင်းဟန်နှင့် အနည်းငယ်ကွဲလွဲ၍ ရင်တုန်မိသည်။ သို့သော် စကားပြောကတော့ ယဉ်ကျေးသည်။

"ဘယ်သူလို့ ပြောရမလဲ . . . အန်ကယ်"

"သူ့တပည့်ပါ သမီးရယ်၊ တပည့်ဟောင်း တစ်ဦးပါ"

ချစ်ဦးမေက ကြည့်၍ ပြန်မပြောတော့ချေ။ ခြံတံခါးဖွင့်ပြီး အိမ်သို့ ဦးဆောင်ခေါ်ယူသွားခဲ့သည်။ ထိုလူစိမ်းက ချစ်ဦးမေ၏ ညင်သာသိမ်မွေ့သော လမ်းလျှောက်ဟန်ကိုလည်း ကျိတ်၍ ကျေနပ်နေမိသည်။

"မေဦး ဘယ်သူလဲ"

"ကျွန်တော် တိုးတိုးပါ၊ မမတူးမာ"

ထိုလူစိမ်းက ကြားဖြတ်၍ ဖြေသည်။ ချစ်ဦးမေ နေခဲ့သည်မှာ ကြာချေပြီ။ မေကြီး၏ တအံ့တသြတုန်လှုပ်မှုကို ဒီတစ်ကြိမ်သာ တွေ့ဖူးသည်။ လက်ချောင်းလေးများ တုန်တုန်ရီရီ ဖြစ်သွားသည်။ ဘာပြန်ပြောရမည် မသိအောင် ငိုင်ငေးငေးဖြစ်လို့သွားသည်။

"ကျွန်တော့်ကို ထိုင်ခွင့်ပေးပါဦးလေ မမရယ်"

မေကြီးက ဘာမျှ ပြန်မပြောချေ။ အသာနောက်ဆုတ်ပြီး နေရာယူသဖြင့် ဧည့်သည်က မေကြီးနှင့် စကားပြောနိုင်မည့် သင့်လျော်ရာတွင် ထိုင်လိုက်သည်။ ချစ်ဦးမေက ဧည့်သည်ကို ယခုလို တစ်ကြိမ်မျှ မဆက်ဆံဖူးသော မေကြီးကို ကြည့်ပြီး အံ့သြမိသည်။ ဒီပွဲတော့ ကြည့်ကောင်းမည်ဟု တွေးပြီး ဧည့်သည်အတွက် ဖျော်ရည်တစ်ခုခု စီစဉ်ရန် မီးဖိုခန်းသို့ ဝင်လိုက်သည်။

"မင်း ဘာလာလုပ်တာလဲ"

"မမကို မပြောခဲ့ဖူးတဲ့ စကားတွေ ပြောချင်လို့ပါ"

"နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ ဘာထူးမှာလဲ"

"မမစိတ်က မထူးပေမယ့် ကျွန်တော့်ဘဝက ထူးတယ် မမရဲ့၊ အခုထိ ထူးဆဲပဲ"

ချစ်ဦးမေက ဖျော်ရည်နှင့် မုန့်ကို အိမ်ဖော်နှင့် မပို့ချေ။ အကြောင်းရှာ၍ ကိုယ်တိုင်သယ်ယူ ဧည့်ဝတ်ပြုသည်။ ကောင်းခန်းကို မတွေ့ရသော်လည်း ထူးခြားသော စကားကိုတော့ နားစွင့်နားဖျားကြားလိုက်ရသည်။ "အခုထိ ထူးဆဲပဲတဲ့"

"ကိုယ့်အခန်းမှာ ကိုယ်နေ မေဦး၊ လိုအပ်မှ မေကြီး ခေါ်မယ်"

"ဟုတ်ကဲ့ပါ မေကြီး"

နေရာယူ ထိုင်မည့်ဟန်ပြင်နေသော မေဦးက ပြန်ဖြေလိုက်ရသည်။ မေကြီး၏ သိမ်မွေ့စွာ နှင်လွှတ်မှုကို နာခံလိုက်ရသည်။ လက်မခံလျှင်လည်း မဖြစ်ချေ။ မေကြီးက သူပြောသည့်အတိုင်း လုပ်မှ ကျေနပ်သည် မဟုတ်လား။ မေဦးက မကျေနပ်သော်လည်း ကိုယ့်အခန်းကိုယ်ဝင်၍ ငြိမ်နေရသည်။

"မမ နေကောင်းမယ် ထင်ပါတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်က စကားကို ပြန်စရဦးမယ်"

အားလုံးနေသားတကျ ရှိချိန်တွင် ဧည့်သည်က စကားစသည်။

"ကိုလတ်ရဲ့ခြေထောက်မှာ ဒဏ်ရာရတော့ မမက ပြောတယ်၊ မင်းတို့စစ်သားတွေပစ်လို့ ငါ့မောင်ခြေထောက် သေနတ်မှန်တာ၊ မင်းတို့ကို မကြည့်ချင်ဘူး သွား၊ မုန်းတယ်လို့ ပြောလိုက်တယ်၊ မပြောသာလို့ နေရပေမယ့် ဒီနေ့မှာတော့ ကျွန်တော် ရှင်းပြချင်တယ်"

"မကြားချင်ဘူး"

မေကြီးတူးမာ၏ အသံက ခပ်အုပ်အုပ်ဖြစ်သော်လည်း ဒေါသကြောင့် အနည်းငယ် ကျယ်သွားသည်။ မကျေလည် မလိုလားဟန်လည်း ပေါ်လွင်နေသည်။ ဧည့်သည်က ဂရုမထားမိဟန် ဆက်ပြောသည်။

"မကြားချင်လဲ ပြောရမယ်၊ ကျွန်တော့်ရဲ့ဘဝအတွက် မမတူးမာကို အခွင့်အရေးတစ်ခုအဖြစ် တောင်းဆိုပါတယ်၊ ကျွန်တော့်ကို ပြောခွင့်ပြုပါ မမ၊ ကျွန်တော်က လူစိမ်းမဟုတ်ပါဘူး၊ မမ ပြုစုပျိုးထောင်ပေးခဲ့တဲ့ တပည့်တစ်ဦးပါ"

ဧည့်သည်က မေကြီးကို မျက်လွှာပင့်၍ ကြည့်သည်။ ပြီးမှ အသံနှိမ့်၍ ပြောသည်။

"ပြီးတော့ ကျွန်တော် ရင်နှင့်အောင် ချစ်ခဲ့ရတဲ့ မမပါ"

မေကြီးက ထသွားဟန်ပြင်လိုက်သည်။ ဧည့်သည်က မေကြီး၏ လက်ကောက်ဝတ်နှစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။ မေကြီး ရုန်းသော်လည်း မရပေ။

"မမ ဘယ်သွားမလို့လဲ၊ ကျွန်တော်ပြောတာ နားထောင်ပါ၊ ပြီးတော့ စိတ်အေးငြိမ်းစွာ ဆုံးဖြတ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မေကြီးက မသင့်လျော်သဖြင့် စိတ်လျှော့လိုက်ဟန် အားဖျော့လိုက်သည်။ ဧည့်သည်က မေကြီး၏ လက်နှစ်ဖက်ကို ဖြည်းဖြည်းချင်းလွှတ်လိုက်သည်။ မေကြီး ငြိမ်သွားသည်။

"ကျေးဇူးတင်ပါတယ်၊ ကိုလတ်သေနတ်မှန် ဒဏ်ရာရတာ မသိဘူး၊ အဲဒီနေ့က စိတ်မအေးလို့ မမတို့ဆီ လာခဲ့တယ်၊ ကျွန်တော်က သင်တန်းတစ်ခု လာတက်လို့ ရန်ကုန်ရောက်နေတာပါ၊ သူငယ်ချင်း ကားတစ်စီးယူပြီး အရပ်ဝတ်နဲ့ သူငယ်ချင်း သုံးယောက်ပါတယ်၊ ရန်ကုန်သားတွေပဲ၊ ဖိုးစိန်လမ်းထိပ် ရောက်တော့ ဓားတွေ လှံတွေနဲ့ လူတစ်စုက တားတယ်၊ ဘယ်သွားမလို့လဲ ဘာလုပ်မလို့လဲ မေးတယ်၊ ကျွန်တော်တို့က လူနာပို့ဖို့လာကြောင်း ပြောပြီး စိတ်ကြိုက်ရှာစေလိုက်တယ်၊ ကံအားလျော်စွာ ကျွန်တော်တို့ရဲ့ အထောက်အထား စာရွက်စာတမ်းတွေက ကြိုတင်ပြီး ဝှက်ထားလို့ မတွေ့သွားဘူး၊

ကျွန်တော်တို့ကလဲ ဖြူစင်ရိုးသားစွာ အရှာခံလို့ ကျေနပ်ဟန်တူပါတယ်၊ အကယ်၍ တစ်ခုခုတွေ့ရင် သတ်ပစ်မလားပဲ၊ အရေးအခင်းကာလ ဆိုတော့ ပြောမရဘူးလေ"



ဧည့်သည်က မေကြီးကို ကြည့်သည်။ မေကြီးက ဘာမျှ ပြန်မပြောချေ။ မျက်လွှာချထားသဖြင့် ဧည့်သည်က ဆက်ပြောသည်။

"မမဆီကို ဆက်ပြီးလာတော့ လမ်းမှာ ဗဟန်းနားမှာ တုံးတွေတား၊ လမ်းတွေစစ် မေးမြန်းစိစစ်မှုတွေ အထပ်ထပ်လုပ်ပြီးမှ မမဆီကို ရောက်တယ်၊ အဲဒီအချိန်က ရွှေဂုံတိုင်လမ်းဆုံနားမှာ တပ်ကပစ်လို့ ကိုလတ် ခြေထောက်မှာ ဒဏ်ရာရတယ်ဆိုတာ မသိဘူး၊

မမတူးမာ ပူလောင်နေတဲ့အချိန်မှာ ကျွန်တော် ရောက်သွားတော့ မမက ကျွန်တော့်ကို အပြစ်ဆိုတဲ့ စကားတွေ ပြောခဲ့တယ်လေ၊ အဲဒီတုန်းက ပူလောင်တဲ့စိတ်နဲ့ မမဆီလာတုန်း တစ်ခုခု ချွတ်ချော်လို့ ပြောမှားဆိုမှားရှိခဲ့ရင် အဲဒီ ဓားလှံတွေနဲ့ စစ်ဆေးတဲ့ လူတစ်စုက ကျွန်တော့်ကို သတ်မှာပဲ၊ ကျွန်တော်သေမှာပဲ၊ တပ်က အရေးယူတာ နောက်တစ်ကြောင်းပါ၊

ကျွန်တော် မသေလို့ မမက ဒီလို ပြောနိုင်တာလေ၊ ကျွန်တော့်ရင်ထဲ မှာ ကျွန်တော်မသေခဲ့တာကို မမက မကျေနပ်နိုင်ခဲ့ဘူးရယ်လို့ ထင်ခဲ့တယ်၊ မမတူးမာလိုပဲ ကျွန်တော် နာကြည်းခဲ့ပါတယ်"

မေကြီးက ပထမဆုံး အကြိမ် ဧည့်သည်၏ မျက်နှာကို ကြည့်သည်။ ဧည့်သည်၏ အကြည့်က ဝမ်းနည်းမှု တစ်ဝက် ကြေကွဲမှုတစ်ပိုင်းရှိလေသည်။

မေကြီး၏မျက်လုံးများက ပထမဆုံးအကြိမ် ဒေါသအရောင်များ လျော့သွားသည်။ ဧည့်သည်က တောင်းပန်မှု မဆန် ဖြေရှင်းမှု မဟုတ်သော ဖြစ်ရပ်မှန် တင်ပြပုံဖြင့် ဆက်လက်ပြောသည်။

"မေမေတို့ အိမ်ကိုတောင်မသွားခဲ့ရဘူး၊ မမတူးမာကို စိုးရိမ်တကြီးနဲ့ အသက်နဲ့ရင်းပြီးလာရတဲ့ ကျွန်တော့်ကို မမ ပြောရက်တယ်၊ ဝမ်းနည်းမိတယ်၊ ဒါပေမဲ့ မမပူလောင်နေလို့ပဲလို့ ဖြေသိမ့်ခဲ့ရတယ်၊ နောက်ပိုင်းမှာ မမတူးမာက ခါးခါးသီးသီး ဆက်ဆံတော့ လက်လျှော့လိုက်ရတယ်"

ဧည့်သည်က အချိုရည်ခွက်ကို ကြည့်ရင်း ဆက်ပြောသည်။

"မမကို ကျွန်တော်ကြားဖူးတဲ့ တရုတ်ပုံပြင်တစ်ခု ပြောပြမယ်၊ မမတူးမာ ဆင်ခြင်နိုင်အောင်လို့ပါ၊ တစ်ခါက တရုတ်ပြည်နန်းရင်ပြင်မှာ ဧကရာဇ်က စစ်သူကြီးဆန်စု၊ မင်းက စစ်သူရဲ အဖြစ် နာမည်ကြီးတယ်၊ ဒါဖြင့် ငါ့ရဲ့ အပျိုတော်တစ်သိုက်ကို စစ်တပ်ဖွဲ့ပေး နိုင်မလားလို့ ပြောတယ်၊ စစ်သူကြီး ဆန်စုက မှန်လှပါ ဖွဲ့ပေးနိုင်ကြောင်း လျှောက်တယ်၊

ဧကရာဇ်က ခွင့်ပြုတော့ စစ်သူကြီးဆန်စုက အပျိုတော်တွေကို ဒီလို လုပ်၊ ဒီလိုထိုင်၊ ဒီလို တာဝန်ရှိတယ်၊ ဒီလို အမိန့်နာခံဆိုပြီး ရှင်းပြတယ်၊ ပြီးမှ စစ်သူကြီးက အမိန့်ပေးတယ်၊ အပျိုတော်တွေဆိုတော့ ဟီးဟီးဟားဟားနဲ့ ကပျက်ကချော်ပေါ့၊ စစ်သူကြီးက နားမလည်လို့လား မရှင်းလို့လား ဆိုပြီး ထပ်မံရှင်းပြတယ်၊ ဒီလို သုံးကြိမ် သုံးခါ ရှင်းပြပြီး နောက်ဆုံးအနေနဲ့ အမိန့်ပေးတယ်၊ အပျိုတော်တွေကလဲ ထုံးစံအတိုင်း ဟီးဟီးဟားဟားပေါ့၊

ဒီတော့ တန်းစီနေတဲ့ အပျိုတော် စစ်တပ်ထဲက ထိပ်ဆုံးသုံးဦးကို ဓားနဲ့ ပိုင်းပြီး ခေါင်းဖြတ်လိုက်တယ်၊ အပျိုတော်တွေသာမက ရွှေပွဲလာ ပရိသတ်တွေပါ တုန်လှုပ်သွားကြတယ်၊ ဒီတော့ စစ်သူကြီးက ထပ်ပြီးအမိန့်ပေးတဲ့အခါ ဖျတ်ခနဲ ရိပ်ခနဲ အတိအကျ အမိန့်သံကို လိုက်နာကြတယ်၊ ဟီးဟီးဟားဟားတွေလဲ မရှိတော့ဘူး၊ စစ်သူကြီးက ဧကရာဇ်ကို စစ်တပ်ဖွဲ့စည်းပြီးကြောင်း သတင်းပို့လိုက်တယ်"

အသက်အရွယ်က စကားပြောသည်လား မသိချေ။ မေကြီး၏ နှလုံးသားထဲတွင် ရင်တုန်ပန်းတုန် ဖြစ်ရ၏။ သို့သော် ထုတ်ဖော်မပြောချေ။ ဧည့်သည်ကတော့ စကားဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အစက အပျိုတော်ပါ၊ စည်းကမ်းနဲ့ စနစ်နဲ့ အမိန့်နာခံမှုနဲ့ ဖွဲ့စည်းလိုက်တော့ စစ်တပ် ဖြစ်သွားတာပါ၊ ကျွန်တော်တို့လဲ အစက အရပ်သားပါ၊ တပ်မတော်ထဲဝင်ပြီး စည်းကမ်းနဲ့ စနစ်နဲ့ အမိန့်နာခံမှုနဲ့ ဖွဲ့စည်းမှုအောက်မှာ နေရလို့ စစ်သားဖြစ်သွားတာပါ၊ ကျွန်တော်တို့သာ မကပါဘူး ကမ္ဘာ အရပ်ရပ်မှာရှိတဲ့ တပ်မတော်တိုင်း စစ်တပ်တိုင်းဟာ စည်းကမ်းစနစ်နဲ့ အမိန့်တာဝန်နဲ့ ဖွဲ့စည်းထားတာပါ၊

ကျွန်တော်ထင်တယ်၊ စစ်တိုက်တာလဲ ထို့အတူပါပဲ၊ ရန်သူနဲ့ မိမိဆိုတာမှုလက တွေ့ဖူး မြင်ဖူးကြတာ မဟုတ်ဘူး၊ စစ်ပညာသင်ကြားပြီး စစ်ဆင်ရေးလုပ်လိုတဲ့ ဒေသမှာ ရည်မှန်းချက်နဲ့ လိုက်ပါ၊ အဲဒီဒေသမှာ လက်နက်ကိုင်ချင်း မတူကွဲပြားစွာ တွေ့ရင် ဒါဟာ ရန်သူ၊ ဒါဟာ မိမိ ဖြစ်သွားတယ်၊ အမိန့်နဲ့ တာဝန်ဆိုတာတွေ အသက်ဝင်လာတယ်၊ သေမယ်မှန်းသိပေမယ့် လုပ်ရမှာပဲ၊ မသေချင်ရင် ပြန်ပစ်ရမှာပဲ တွေဝေငေးမောနေလို့ အချိန်မရဘူးလေ မမရယ်"

"အဲဒါတွေကို စစ်တပ်မှာသွားပြော၊ စစ်မြေပြင်မှာ သွားပြောလေ၊ ဒီမှာလာမပြောနဲ့ နားမထောင်ချင်ဘူး"

မေကြီးက စိတ်ရှုပ်ဟန်ဖြင့် ပြတ်ပြတ်သားသား တုံ့ပြန်သည်။ ညွှံ့သည်က ခေါင်းခါပြီး ဆက်ပြောသည်။ ခေါင်းမာဟန်တူလေသည်။

"မမတူးမာက ရန်တွေ့လို့ အဲဒီတုန်းက ကျွန်တော် ပြန်သွားတယ်၊ လမ်းတွေက ပိတ်နေတယ်၊ တချို့နေရာမှာ ဖြတ်သွားတဲ့ စစ်ကားရဲ့ နောက်က မလှမ်းမကမ်းမှာ လိုက်ရတယ်၊ စစ်ကားကို ဓားတွေ တုတ်တွေနဲ့ ဝိုင်းလိုက်တယ်၊ ခဲနဲ့ပစ်တယ်၊ လူအုပ်က အများကြီးပဲ၊ ဒီတော့ စစ်တပ်က ပစ်တယ်၊ ကျွန်တော်တို့လဲ ပြန်လှည့်ပြေးရတယ်၊ အဲဒီတုန်းက အခြေအနေမှာ အုပ်စိုးသူမရှိ အုပ်ချုပ်သူမရှိ ဘယ်သူ့အားကိုးရမလဲ ဖြစ်နေချိန်မှာ လုယက်မှု သတ်ဖြတ်မှုတွေကလဲ ဖြစ်နေတယ်၊ ခံစားရတဲ့ ပြည်သူတွေရဲ့ ပြောပြချက်အရ ကြီးလန့်စာစားနေချိန်ပဲ၊ အဲဒီရဲ့ ရလဒ်ကို စစ်သားတွေလဲ မသိဘူး၊ မမတို့လဲ မသိဘူး၊

စစ်သားက အမိန့်အရ လုပ်တယ်၊ မမတို့က ဘာအတွက်လုပ်လဲ မသိဘူး၊ ကျွန်တော်သာ စစ်ထဲမရောက်ရင် ကိုလတ်နဲ့အတူ ကျွန်တော် ရှိနေမှာပါ၊ ကျွန်တော်ကော ဘာဖြစ်မလဲဆိုတာ မမ တွေးကြည့်ပါ၊ ကိုလတ်နဲ့ ကျွန်တော်က ငယ်ပေါင်းသူငယ်ချင်းလေ၊ မမတူးမာ မေ့မထားပါနဲ့"

မေကြီးသည် တစ်စုံတစ်ရာ တုံ့ပြန်ရန် စကားရှာနေသည်။ ထိရောက်ဟန့်တားနိုင်မည့် စကားလုံးကို မတွေ့မီ အခန်းတွင်းမှ အသံကြားရသည်။ တစ်စုံတစ်ဦး လျှောက်လှမ်းလာဟန်တူလေသည်။ တိုးတိတ်ညင်သာသော်လည်း တဒေါက်ဒေါက်အသံက အနှောင့်အယှက် ဖြစ်ရသည်။

"ကိုလတ် သူငယ်ချင်း၊ ငါ တိုးတိုးပါ၊ နေကောင်းတယ်နော်"

ညွှံ့သည်က အခန်းဝတွင်တုတ်ထောက်ရပ်နေသောလူကို နှုတ်ဆက်လိုက်သည်။ အသက်(၅၀)ကျော်ခန့်ရှိပြီး ဖြူစင်ခံ့ညားသူဖြစ်သည်။ အကြည့်က စူးရှသည်။ ခြေတုတစ်ဖက်သာမရှိလျှင် ထည်ဝါခံ့ညားသူဖြစ်ပေမည်။

ကိုလတ် ဟု အခေါ်ခံရသူက တိုးတိုးဆိုသော ညွှံ့သည်ကို လက်ကာပြလိုက်သည်။

"နေကောင်းပါတယ်"

"မင်းရှိမှန်း မသိလို့ပါ၊ အားနာပါတယ် သူငယ်ချင်းရယ်"

"ငါကြားပါတယ်ကွာ၊ အထိုက်အလျောက် လက်ခံပါတယ်၊ ဒါပေမဲ့ ဒါတွေထားပါကွာ၊ မင်းလာတာ ဘာကိစ္စလဲ"

ကိုလတ်က လျှောက်လာပြီး မေကြီးဘေးရှိခုံတွင် ထိုင်လိုက်သည်။ လိုရင်းကိစ္စကို ဖြတ်လိုဟန်တူလေသည်။

"ဘယ်မှာနေလဲ မေးလေကွာ၊ ငါနေတာ မော်ဘီမှာပါ၊ တပ်ထဲမှာ ဆိုတော့ ဗိုလ်မှူးကြီးတိုးလွင်ဦးပေါ့ကွာ၊ မကြာမီ တို့လဲ နားရတော့မှာပါ၊ တပ်က မနားရရင် လောကကြီးက အနားယူရတော့မှာပဲ၊ မင်းတို့ ငါတို့ မမတူးမာတို့က အရွယ်ရလာကြပြီလေ"

"ဟုတ်ပါပြီ ကိစ္စက"

"ငါက ဇော်နိုင်ရဲ့ အဖေပါ၊ ဒေါက်တာဇော်နိုင်လေ မမသိမှာပါ"

မေကြီးက အံ့ဩသွားဟန်ပေါ်သည်။ "အို" ဟု နှုတ်မှထွက်လာသော်လည်း ဘာမျှ ထပ်မပြောချေ။ ကိုလတ်ကိုတော့ နားအနီးသို့ကပ်ပြီး ရှင်းပြနေသည်။ ထူးဆန်း အံ့ဩနေလေသည်။

"အင်း ငါမြင်ဖူးလိုက်တယ်၊ မင်းသားက စူးရှရှ ဇွတ်တရွတ်မို့ ငယ်ငယ်က မင်းကိုတော့ သတိရတယ်၊ ဒါပေမဲ့ မထင်မိဘူးလေ"

ဗိုလ်မှူးကြီးတိုးလွင်ဦးက မေကြီးကို အဓိပ္ပာယ်များစွာဖြင့် စူးစူးစိုက်စိုက်ကြည့်သည်။ မေကြီးက မျက်လွှာချနေသည်။ ဗိုလ်မှူးကြီးတိုးလွင်ဦးက ကိုလတ်ကိုတော့ ကြည်လင်ရွှင်ပျစွာ ဆက်ဆံပြီး ချိုသာပျော့ပျောင်းသော လေသံဖြင့် ပြောသည်။

"တို့တစ်တွေ အကြောင်းကံမဆုံကြလို့ အခုလို ဖြစ်နေရပေမယ့် တစ်နေ့မှ မေ့မရခဲ့ပါဘူး၊ ဝမ်းနည်းတာ ပူဆွေးတာ လွမ်းဆွတ်သတိရတာတွေ မပြောလိုပါဘူး၊ ဒါပေမဲ့ တို့တစ်တွေရဲ့ မျိုးဆက်တွေမှာ ဒီလို ခံစားချက်မျိုးတွေကို လက်ဆင့်မကမ်းလိုဘူး၊ ဘဝဆိုတာ တိုတိုလေးပါ၊ နှစ်နှစ်ဆယ်ကျော်ဆိုတာလဲ မနေ့တစ်နေ့ကလို ဖြစ်နေတယ်၊ ခံစားနေရတယ်၊ ဒီလို ခံစားချက်မျိုးကို ငယ်ရွယ်သူတွေ မျှဝေမရယူစေချင်လို့ ငါလာခဲ့တာပါ၊ အဲဒါ ငါ့ကိစ္စပါ"

ကိုလတ်က ငြိမ်နေသည်။

မေကြီးက ကိုလတ် အပြောကို စောင့်နေဟန်တူလေသည်။ မေကြီး၏ အကြည့်နှင့်အမူအရာတွေက ရောက်



www.burmeseclassic.com

www.burmeseclassic.com

စာနှင့် မတူချေ။ နူးညံ့ပျော့ပျောင်း လာသည်။ အတိတ်ကို သတိရဟန် ရှိလေသည်။ ကိုလတ်က အတန်ကြာ စဉ်းစားပြီးမှ ပြောသည်။

"မင်းပြောသလို ပြောရရင် အဲဒါ သူတို့ ကိစ္စပါ၊ သူတို့ ကြိုးစားရမှာပေါ့၊ ဒီလိုဆိုရင် မင်းက ဘာပြောမလဲ"

"ကျေးဇူးတင်တာပေါ့၊ မမတူးမာ ကျွန်တော့်ကို ခွင့်မလွှတ်နိုင်သေးဘူး လား"

မကြီးက ဘာမျှ မပြောချေ။ သို့သော် မျက်လုံးများက ကြည်လင် ဝင်းပနေသည်။ နှုတ်ခမ်းတစ်ဖက်စွန်း က ပြုံးယောင်သန်းလာသဖြင့် ဗိုလ်မှူး ကြီးတိုးလွင်ဦးက ဝမ်းမြောက်ပီတိဖြစ် နေမိလေသည်။

သို့သော် မကြီး ပြောလိုက် သော စကားက သူ့နှလုံးသားကို ဆွဲကိုင် ညှစ်လိုက်သကဲ့သို့ ခံစားလိုက်ရသည်။

"ဒါကြောင့် အပျိုကြီး ဖြစ်နေ တာ" ဟူ၍လည်း တွေးလိုက်မိသည်။

"ငါတို့ မျိုးနွယ်ကို စစ်ဘက်နဲ့ တော့ မနွယ်စေလိုဘူး၊ ဒါက ငါ့ဆန္ဒပဲ"

(၁၄)

ဒေါက်တာဇော်နိုင်က စာဖတ် ရင်း မှိန်းနေမိသည်။

အိမ်ရှေ့တွင် ကားရပ်သံကြား သဖြင့် အသာချောင်းကြည့်လိုက်သည်။ အပြင်သွားသော ဖေဖေ ပြန်လာခြင်း ဖြစ်လေသည်။ မေမေက ဆီးကြိုသည်။ ဧည့်ခန်းသို့ ဖေဖေတို့ ဇနီးမောင်နှံ လျှောက်လှမ်းလာသည်ကို ကြည့်ရင်း ပြန်မှိန်းနေလိုက်သည်။

သို့သော် မနိုပ်သေးချေ။ ဖေ ဖေက မတွေ့၍ခေါ်လျှင် ရစ်နေဦးမည် မို့ အရင်တွေ့သည်က အဆင်ပြေမည် ဟု တွေးလိုက်မိသည်။ ထို့ကြောင့်ပင် ဧည့်ခန်းသို့ထွက်လာမိသည်။ ဖေဖေက လက်မထောင်ပြသည်။

ဒေါက်တာဇော်နိုင်က ပူလောင် သွားသည်။

"ဖေဖေ ဘာဖြစ်တာလဲ ကား တံခါးညပ်တာလား၊ အနာပေါက်တာ လား"

"ဟာ တော်တော်တုံးတဲ့ကောင်၊ အောင်မြင်တယ်၊ အဆင်ပြေတယ်လို့ အချက်ပြတာကွ"

"အို သိဘူးလေ ဖေဖေရဲ့၊ သား တို့ခေတ်မှာ အောင်မြင်တယ်ဆိုရင် ဗွီရိုက်ပဲ လက်ချောင်းလေးနှစ်ချောင်း ထောင်ပေါ့၊ ကိုရီးယားကားကြည့်လေ၊ ဟုတ်ဘူးလား မေမေရဲ့"

မိသားစုအားလုံး ရယ်လိုက်မိ သည်။ မေမေနှင့် ဒေါက်တာဇော်နိုင်တို့ က ဖေဖေ၏ တစ်ဖက်တစ်ချက်တွင် ထိုင်လိုက်ကြသည်။

ဖေဖေက ဖြစ်စဉ် အကြောင်း အရာကို ရှင်းပြသည်။ ဖေဖေသည် သူ၏ နောက်ကြောင်းဇာတ်လမ်းမှအပ ချစ်ဦး မေနှင့် ပတ်သက်သော ဆွေးနွေးချက် များကို ပြောပြသည်။

ဒေါက်တာဇော်နိုင်သည် ဖေဖေ ၏ အလိုက်သိစွာ အားထုတ်မှုကို ဝမ်း သာမိသော်လည်း ရှက်သလိုလိုတော့ ရှိသည်။ သို့ပေမင့် ကျေနပ်လေသည်။

"သူတို့ဘက်က ကန့်ကွက်စရာ မရှိဘူး၊ ဒီတော့ မင်းရဲ့ အားထုတ်မှုပဲ လိုမယ်ထင်တယ် သားရဲ့"

ဒေါက်တာဇော်နိုင်က ပြောရ ခက်နေသည်။ သို့မို့ ခပ်မဆိတ်နေလိုက် သည်။ မေမေက အားတက်သရော ဆိုသည်။

"ငါ့သား မိန်းမရတော့မယ်ပေါ့၊ ဝမ်းသာတယ် လူလေးရယ်"

ဒေါက်တာဇော်နိုင် ဖေဖေ့ကို ကျော်ပြီး ရုတ်တရက် ပြောဖြစ်သွား သည်။

"စောစောကပဲ တယ်လီဖုန်းလာ သွားတယ်၊ မေကရှေ့အပတ်မှာအင်္ဂလန် ကို သွားတော့မယ်တဲ့၊ နှုတ်ဆက်ပါ တယ်လို့ ပြောပြီး ဖုန်းချသွားတယ်"

ဖေဖေရော မေမေပါ အံ့ဩသွား သည်။

ဒေါက်တာဇော်နိုင်ကမူ တည် ကြည်သော မျက်နှာပေးဖြင့် မိဘနှစ်ပါး ၏ ဝေဖန်မှုမခံရမီ ထသွားသည်။ သူ၏ အိပ်ခန်းတွင်းသို့ ဝင်သွားပြီးနောက် ဘာသံမျှ မကြားရတော့ချေ။

(၁၅)

ဆေးဘက်ဆိုင်ရာ ပညာရပ် အတွက် ဘွဲ့တစ်ခုရယူရန် အင်္ဂလန်သို့ သွားရမည်။ စိတ်နာနာဖြင့် ညစ်တွန်း တွန်းပြီး ကြိုးစား အားထုတ်မှုသည် မမျှော်လင့်သော အောင်မြင်မှုကို ရရှိ စေခဲ့သည်။

ဤသို့ဖြင့် ဒေါက်တာ ဇော်နိုင် သည် လန်ဒန်သို့ ခြေချရပေတော့မည်။ အဟောင်းတွေ အသစ်ဖြစ်လာပေဦး မည်လားဟု ဆွေးရိပ်ဝိုမိလေသည်။

လန်ဒန်သို့အသွားတွင် လေဆိပ် သို့ ဖေဖေနှင့် မေမေတို့ လိုက်ပါပို့ ဆောင်ကြသည်။ သား၏ အောင်မြင်မှု အတွက် ဂုဏ်ယူဟန် ရှိသော်လည်း မည်သည့်စကားမျှ အမှာမပါးလိုက်ချေ။ သား၏ ရင်တွင်းဝေဒနာကို အသစ် တစ်ဖန် ဆန်းသစ်ခြင်း မပြုလို၍ ဖြစ် ပေမည်။ ဒေါက်တာဇော်နိုင်ကလည်း ကျေနပ်ပါသည်။ မိဘနှစ်ပါး၏ စိတ် ချမ်းမြေ့ ပျော်ရွှင်ခြင်းသည် သူ့အတွက် ဆုလာဘ်ကြီးတစ်ပါး မဟုတ်ပါလား။

လန်ဒန်သို့အသွား ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်တွင် လေယာဉ်အကူး အပြောင်း လုပ်ရသည်။ ဤတွင် မမျှော် လင့်ထားသောသူတစ်ဦးနှင့် တော့တော့ ဆိုင်ဆိုင် ကြုံရသည်။

"ဒေါက်တာဇော်နိုင် မဟုတ် လား"

အနောက်တိုင်းဝတ်စုံနှင့် အရပ် ထောင်ထောင်မောင်းမောင်း ဥပမိရုပ် သန့်သန့် အသားဖြူဖြူ ထိုလူကို တစ် ကြိမ် တွေ့ဖူးရုံနှင့် မှတ်သားမိနေသည်။

"ဗိုလ်ဇော်ရှိုင်း"

ဒေါက်တာဇော်နိုင်က အံ့ဩ တကြီး နှုတ်မှ ထွက်သွားမိသည်။

www.burmeseclassic.com

ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ဧော်လည့် ခေါ်ပါ၊ ဧအးလေ ခေါ်ချင်သလို ခေါ်ပါဗျာ၊ ဘယ်သူသိတာမို့လို့လဲ"

"ဘယ်လို ဖြစ်တာပေ"

"လန်ဒန်သွားမလို့ပါ ပညာသင်ပေါ့"

အံ့ဩသင့်စရာများ ဖြစ်သော်လည်း မမေးတော့ချေ။ အခြားနိုင်ငံတစ်ခု၏နယ်နိမိတ်တွင် သူ့အကြောင်းကို ပြောလိုလျှင်လည်း ပြောမည်၊

မပြောလိုလျှင်လည်း နှုတ်ပိတ်နေမည်။ မေးရန်မသင့်ဟု ထင်မိသည်။ မေးလျှင်လည်း သူ၏ သဘောဆန္ဒအတိုင်းသာရှိပေမည်။ ရှိစေတော့ ကိုယ့်ကိစ္စမဟုတ်၍ မေ့ထားလိုက်သည်။

"ဒေါက်တာလဲ လန်ဒန်ပဲနော်"

"ဟုတ်ကဲ့"

"ချီးဘူး၊ အဲ ချစ်ဦးမေကော"

"သူလဲ လန်ဒန်မှာလို့ သိရတယ်၊ လိပ်စာတော့ ရှိပါတယ်"

"ဘယ်လိုလဲ"

"တခြားစီပါပဲ"

ဗိုလ်ဇော်ရှိုင်းက မေး၍ ဒေါက်တာဇော်နိုင်က အသေးစိတ်ရှင်းပြသည်။ ဗိုလ်ဇော်ရှိုင်းက စိတ်မကောင်းဟန်ဖြင့် နားထောင်သည်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ဒေါက်တာရယ် ခင်ဗျားတို့က မာရသွန်အချစ်ပဲ"

"ဗျာ ဘယ်လို"

"ဟုတ်တယ်လေ၊ ဟိုတောကြိုအုံကြားမြို့လေးကနေ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ရောက်တော့မယ်၊ ယခုထိ ပန်းတိုင်ကို လှမ်းမကိုင်နိုင်သေးဘူး . . ဟား ဟား ဟား"

ဒေါက်တာဇော်နိုင် ကလည်း ဗိုလ်ဇော်ရှိုင်း၏ လှိုက်လှိုက်လှဲလှဲ ရယ်မောသံကို ကြောင်ကြည့်နေမိရာမှ သူပါရောပြီး ဟက်ဟက်ပက်ပက် ရယ်မိသည်။

"ဟုတ်တယ်ဗျို့ အချစ်မာရသွန်ပဲ"

"လန်ဒန်မှာဆုံတုန်း ကြိုးစားကြတာပေါ့၊ ဒီတစ်ခါ လူပိုမဖြစ်စေရပါဘူး ကတိပေးပါတယ်၊ ဒါတွေက ချီးဘူးရဲ့ စတိုင်တွေဗျ"

"နေပါစေဗျာ၊ လာကြိုမယ်တော့ ပြောတာပဲ"

လေယာဉ်သည် တဖြည်းဖြည်း လန်ဒန်မြို့ ဟီးသရိုးလေဆိပ်သို့ ချဉ်းကပ်လာသည်၊ ဒေါက်တာဇော်နိုင်၏ အတွေးများသည်လည်း တဖြည်းဖြည်း လွင့်၍ မှုန်ဝါးသွားလေသည်။

ဒေါက်တာဇော်နိုင်နှင့် ဗိုလ်ဇော်ရှိုင်းမှာ မတူညီသော မျဉ်းပြိုင်နှစ်ကြောင်းသာ ဖြစ်သည်။ ယခုတော့ ဒေါက်တာဇော်နိုင်၏ အထောက်အကူလမ်းကြောင်း ဖြစ်လာသည်။ "အမှန်တကယ်ရော ယုံကြည်ရမှာလား" ဟု ဆန်းစစ်မိသည်။

"သွားစို့ ဒေါက်တာ"

ဗိုလ်ဇော်ရှိုင်းက သတိပေးမှ သတိရသည်၊ အခြားခရီးသည်များ နည်းတူ လျှောက်လာမိသည်၊ အဆင့်ဆင့် ကျော်ဖြတ်ပြီး ဧည့်ကြိုဆောင်သို့ ရောက်လာသည်။ ဒေါက်တာဇော်နိုင်က အမောတကောနှင့် ချစ်ဦးမေကို ရှာသည်။ မတွေ့ရချေ။

"တွေ့လား"

"မတွေ့ဘူးဗျ"

ရှက်လဲရှက်၊ မရှက်လည်းမရှက်သည့် လေသံနှင့် ဗိုလ်ဇော်ရှိုင်းကို ပြောလိုက်သည်၊ ဗိုလ်ဇော်ရှိုင်းက ဒေါက်တာဇော်နိုင်ကို လက်တို့ပြီး ရယ်သည်။

တွေ့ပြီ။ ဟိုထောင့်မှာ ဒေါက်တာဇော်နိုင်ဆိုင်းဘုတ်နဲ့၊ မှန်လေသည်။ ချိတ်ထဘီနှင့် ကုတ်အင်္ကျီဝတ်လျက် ဒေါက်တာဇော်နိုင် ဆိုင်းဘုတ်လေး ကိုင်ထားသော ချစ်ဦးမေ ဖြစ်လေသည်၊

"ဟား . . . တွေ့ပြီ"

ဒေါက်တာဇော်နိုင်က ဝမ်းသာအားရ ပြောမိသည်။ စကတ်တွေ ဂါဝန်တွေ ဘောင်းဘီတွေ လျှောက်ကြည့်နေ၍ ထောင့်တစ်ခုတွင် ချိတ်ထဘီဝတ်ထားသော ချစ်ဦးမေကို လျှမ်းသွားခြင်း ဖြစ်လေသည်။ မိမိကိုယ်ကို ဒေါသဖြစ်မိသည် အမှန်ပင်။

သူတို့နှစ်ဦးသားက ချစ်ဦးမေထံ လျှောက်သွားကြသည်။ ချစ်ဦးမေက ပြုံးပြုံးလေးနှင့် တအံ့တဩဖြစ်နေသည်။

"ဟဲ့ နင်ပါ ဘယ်လိုပါလာလဲ"

"ငါ့ဇာတ်လမ်းက အသာထားပါ၊ တွေ့တုန်း ကြုံတုန်း အမည်ပြောင်ပွဲလေး လုပ်ဦးလေ ချီးဘူးရဲ့"

"ဘာ . . . ဘယ်လို"

ချစ်ဦးမေက နားမလည်ဟန်ဖြင့် မေးသည်။

"နပုံစတိုင်နဲ့နာမည်ကြီးက ရှိုးနေပြီ၊ ဒေါက်တာရှေ့မှာ မင်္ဂလာစကားလေးလုပ်လေ၊ ချီးဘူးအစား ချစ်တယ်လို့"

"အဲဒါ ငါပြောရမယ့်စကားပါ"

"ဟုတ်ပြီ၊ ကဲ . . . ဒေါက်တာ အင်္ဂလိပ်ထုံးစံ ဘိုစတိုင်လေးပေါ့ မြန်မြန်ဗျာ"

ဒေါက်တာဇော်နိုင်က ဝမ်းသာအားရဖြင့် ချစ်ဦးမေ၏ ပါးလေးကို နှုတ်ခမ်း မွှေးမွှေးပေးလိုက်သည်။

"နင် နင်နော် ကကြီး ခကွေး"

ချစ်ဦးမေက ဗိုလ်ဇော်ရှိုင်း၏ ရင်အုပ်ကျယ်ကြီးကို လက်သီးဆုပ်လေးဖြင့် ထုရန်ပြင်လိုက်သည်။ ဗိုလ်ဇော်ရှိုင်းက တဟားဟားရယ်ပြီး ချစ်ဦးမေ၏ ပခုံးလေးကို ဖက်လိုက်သည်၊ ဗိုလ်ဇော်ရှိုင်းက မျက်ရိပ်ပြသဖြင့် ဒေါက်တာဇော်နိုင်က အခြားတစ်ဖက်မှ ချစ်ဦးမေ၏ ပခုံးလေးကို ဖက်လိုက်သည်။ သုံးဦးသား ပခုံးချင်းဖက် လက်ချင်းယှက်၍ ဝမ်းသာပီတိ ဖြစ်နေမိပါသည်။

ဒေါက်တာဇော်နိုင်၏ ရင်တွင်းကား လမင်းတစ်ထောင် သာသည့်နှုန်း ဖြစ်နေပါသတည်း၊


(ပြီး)

နေမထူး



www.burmeseclassic.com

www.burmeseclassic.com




နိုင်းမြစ်ဝှမ်းက အသစ်တစ်ဖန် ဥမှပေါက်လာတဲ့ မိကျောင်းငယ်ဘဝ။ မိကျောင်းမိဘများ၏ ဇာတိအခြေအနေကို ဖော်ပြတဲ့ အကြောင်းအချက်များကို သိပ္ပံပညာရှင်များက မကြာသေးသော အချိန်မှတ်တမ်းတင်ခဲ့ပါတယ်။ မိကျောင်းများရဲ့ ပုန်းလျှိုးကွယ်လျှိုး နေထိုင်ကြတဲ့ ဘဝတွေဟာ လူတွေကြောင့် လျင်မြန်စွာ ပျောက်ကွယ်နေကြပါတယ်။

မကြာခင်က မိကျောင်းမတစ်ကောင်ဟာ သူမရဲ့သားပေါက်များအတွက် ကလိုဏ်ပေါက်တစ်ခုကို တူးပါတယ်။ သားပေါက်များကိုယူပြီး နီးစပ်ရာ ရေကန်တစ်ခုမှာ တိရစ္ဆာန်သားပိုက်အိတ်သဖွယ် အသိုက်လုပ်ပြီး ပြုစုပါတယ်။ နောက်တော့ သူမရဲ့ သားပေါက်ကလေးများ မြူးထူးပြီး မပီမသအော်သံကို ကြားရတယ်။ မိကျောင်းများဟာ ခွေးများကို စားကြသလို ဖလော်ရီဒါဒေသမှာ တစ်ခါတစ်ရံ လူကိုတောင် စားသောက်ကြပါတယ်။

# မိကျောင်းတစ်ကောင် အတွက် ဆိုးရွားသော အချိန်ဖြစ်နေပြီ

**MARINER လှဦး**



မိကျောင်းများဟာ ကမ္ဘာမြေပေါ်မှ လျင်မြန်စွာပျောက်ကွယ်နေကြပါပြီ။ နစ်ဂါမြစ်အတွင်းမှ ရွှံ့ညွန်တောကြီးကို ရေတွေဖောက်ထုတ်ချတာဟာ ဥရောပအတွက် အသီးအနှံများ ရင့်သန်ပေါက်ဖွားကြဖို့နဲ့ နောက်ထပ် သုံးနှစ်အတွင်းမှာ မိကျောင်းတွေဟာလဲ ပျောက်ကွယ်ကုန်ပါတယ်။

တစ်နှစ်သား နိုင်းမိကျောင်း တစ်ကောင်က ဖားငယ်ကို ကိုက်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တောင်အာဖရိကတိုက် စိန့်လူစီယာမြစ်ဝ၊ သုတေသနဌာနမှ ပုန်းကွယ် ောက် ကိုက်ဝါးတတ်သည့် နိုင်းမိကျောင်းတစ်ကောင် ဖြစ်ပါတယ်။ အာဖရိကမှာ ည်သွားလာနေကြတဲ့ မျိုးစိတ်တွေဟာ များသောအားဖြင့် သမင်များ၊ ကျွဲကြီး လူများကိုတောင် သူတို့ရဲ့သားကောင်အဖြစ် ပြုလုပ်ခဲ့ကြတယ်။ ငါးများ၊ ်များ၊ လိပ်များ၊ ဖားများကဲ့သို့သော အသေးစား သတ္တဝါကလေးတွေလည်းပဲ ာက်ကြပါတယ်။

---

ရေငန်မိကျောင်း အရေခွံများ ာ ၇၅၀၀ ခန့် ချမ်းသာကြွယ်ဝတဲ့ ရိကန်နိုင်ငံမှ ပဲရစ်ယူးဖြူဖော ်စိန့်ပော်နာအဖွဲ့က ၁၉၆၇ နှစ် ယ်ပါတယ်။ ထိုစဉ်ကာလမှာပဲ ိုင်းဩစတြေးလျနိုင်ငံရဲ့ လီဗာ အတွင်း ညတစ်ညတည်းမှာ ရှာဖွေသူများက မိကျောင်း ာင်ရေ ၄၀ ကိုပစ်ခတ်သတ်ဖြတ် တယ်။

နှစ်သန်းပေါင်း ၂၀၀ နီးပါးခန့် ာ မိကျောင်းများရှိနေခဲ့ကြတာ ခမေရိကန်မိကျောင်းခေါင်းရှည် ါအဝင် မျိုးစိတ်ပေါင်း ၂၁ ခုရှိ အဆိုးရွားဆုံးရေခဲခေတ် တစ်လျှောက်လုံး အစဉ်အဆက် မပျောက်မပျက် တိုက်ကြီးတစ်တိုက်နဲ့ တစ်တိုက် ပြောင်းရွှေ့ခဲ့ကြတာကို မြင်ခဲ့ကြပါပြီ။

ရှေးခေတ်ကာလများမှ လုပ်ရိုးလုပ်စဉ်အတိုင်း လူအမြောက်အမြားက မိကျောင်းများကို အမြောက်အမြား သတ်ဖြတ်ခြင်း၊ မိကျောင်းအသိုက်များကို ဖျက်ဆီးကြခြင်း၊ စုပေါင်း၍ အမဲလိုက်ကြခြင်းတို့ကို နှစ်ပေါင်းများစွာက စ၍လုပ်ခဲ့ပြီးပြီ။ နောင်ကာလတွေမှာလဲ သတ်ဖြတ်ကြဦးမှာပါ။

အမေရိကန်ပြည်ထောင်စုမှာ တင်းကျပ်သော ဥပဒေများနဲ့ ပိတ်ပင်ထားတာတောင် မိကျောင်းကောင်ရေ နှစ်သန်းထက် များစွာကို သတ်ဖြတ်ပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့ ကမ္ဘာအနှံ့ရောင်းဝယ်ဖောက်ကားနေဆဲ ဖြစ်ပါတယ်။ အချို့သော ကျွမ်းကျင်သူများ၏ သတိပေး ပြောကြားချက်များအရ အမေရိကန်မိကျောင်း ခေါင်းရှည်မျိုးမှလွဲ၍ အခြားသောမိကျောင်းမျိုးများဟာ ရာစုနှစ်ကုန်ဆုံးပြီး ဟိုမှာဘက်ယွန်းယွန်းအထိ မရှင်သန်နိုင်ကြတော့ပါ။ အရိုင်းဘဝအုပ်စုများဟာ များစွာသောနိုင်ငံများမှ ဖယ်ရှားခြင်း ခံရပါတယ်။

ဘာကြောင့်ဆို မိကျောင်းများကို ဖျက်ဆီး သတ်ဖြတ်တတ်သည့် တိရစ္ဆာန်များအဖြစ် ခွဲခြားသတ်မှတ်ထားလို့ပါ။ အချို့မိကျောင်းများကတော့ အမှန်တကယ်တန်ဖိုးရှိလာတာကြောင့် သူတို့ကိုတော့ချန်ထားကြပါတယ်။ သိပ္ပံပညာရှင်များကလည်း မိကျောင်းများကို ဂရုတစိုက်ကြည့်ရှုခဲ့ကြပါတယ်။ ဒါဟာ ခက်ခဲပါတယ်။ မိကျောင်းများဟာ အထီးကျန်ပြီး နှစ်သက်ဖွယ်မကောင်းတဲ့ နေရာများမှာ နေကြလို့ပါ။ သူတို့ဟာ မျက်တောင်မခတ်ကြပါ။ မာကျောပြီး မျက်လုံးကို မထိခိုက်အောင် မျက်ခုံးရိုးအထက်အောက်ကာကွယ်ထားပါတယ်။ ငှက်ကျားမျက်လုံးလိုပါပဲ။

နောက်ပြီး သူတို့ဟာ အချိန်ဖြုန်းပြီး ဘာမှ မလုပ်ကြပါ။ ဒါပေမဲ့ သူတို့တစ်ခုခုလုပ်တဲ့အခါ ခမ်းနားကြီးကျယ်စွာလုပ်တတ်ကြလို့ ကျွန်ုပ်တို့က လေ့လာရပါတယ်။ နက်ရှိုင်းစွာနဲ့ စိတ်ဝင်စားကြရပါတယ်။ သူတို့ရဲ့မျိုးရိုးဖြစ်တဲ့ ဒိုင်နိုဆော သတ္တဝါကြီးများ သေဆုံးပျောက်ကွယ်ကြချိန်မှာ မိကျောင်းများဟာ ရှင်သန်ကျန်ရစ်ကြပါတယ်။

အခြားသော တွားသွားသတ္တဝါများထက် မိကျောင်းများရဲ့နှလုံးသားဟာ နို့တိုက်သတ္တဝါများနဲ့ ငှက်များထက် ပိုမိုရှေ့ရောက်လုနီးနီး ဖြစ်ပါတယ်။

အချက်အလက်များအရ သူတို့ရဲ့ အနီးကပ်ဆုံး ရှင်သန်နေကြတဲ့ မျိုးဆက်များဖြစ်ကြတဲ့ သွေးနွေးသတ္တဝါ ငှက်များလိုပါပဲ။ များစွာသောမိကျောင်း



www.burmeseclassic.com


www.burmeseclassic.com

များဟာ ရွေးချယ်စုဆောင်းပွတ်တိုက်ပြီး အသိုက်များ ဆောက်လုပ်ကြသည်မှာ ငှက်များလုပ်ကြသလိုပါပဲ။ ပြည့်စုံစွာ ကြီးပြင်းပေါက်ဖွားလာကြတဲ့ မိကျောင်းများရဲ့ အရွယ်နဲ့ အတန်းအစားများဟာ ၃ ပေမှ ၂၅ ပေထက်ပိုမိုပါတယ်။ ပေါင် အလေးချိန် အနည်းငယ်တွင် တစ်တန် အထက် အလေးချိန်စီးပါတယ်။

ကျွန်ုပ်တို့ မှန်းဆကြတာက တော့ သူတို့ ဘယ်လောက်တာရှည် ရှင်သန်မလဲ။ တချို့ကောင်တွေကတော့ နှစ် ၁၀၀ ထက်ပိုကောင်းပိုမယ်။ မျိုးစိတ် အနည်းငယ်ကတော့ အထီးကျန်စွာရှင်သန်ကြမှာပါ။ ဒါပေမဲ့ ကျွန်ုပ်တို့ ယခု သိကြတာက မိကျောင်းများအပေါ် ဆက်ဆံရေးမှာ ပကတိရိုးသားခြင်းမရှိ မပြောင်းလဲဘဲ ရှိပါတယ်။ မိကျောင်းများရဲ့ တစ်ကောင်ချင်းသတင်းပေးမှုက တသီးတခြား သတ်မှတ်တဲ့ စဉ်းလဲကောက်ကျစ်မှု၊ စိုးစိုးစိစိအသံပြုခြင်း၊ ဝက်ရုတ်သံကဲ့သို့မြည်ခြင်း၊ အဆီပိတ်၊ သွေးအေးသတ္တဝါ ဖြစ်တာကြောင့် စားထား ဝါးမျိုသမျှ အစာဟောင်းစွန့်ထုတ်ခြင်းမပြုဘဲ အစာအိမ်တွင်းမှ ပြင်းထန်သော အက်စစ်များဖြင့် အစာချေကြတယ်။ သူတို့တွေဟာ ခန္ဓာကိုယ်ဟန်ဘာသာစကားဖြစ်သော နောက်ကျောကုန်းကို လိပ်ခုံးသဏ္ဍာန်ပြုခြင်း၊ အမြှုပ်တစီစီမှုတ်ထုတ်ခြင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ၊ ခြေနဲ့လက် ဆန့်ကားခြင်းတို့ ပြုလုပ်ကြပါတယ်။ ကျွန်ုပ်တို့ မကြားနိုင်လောက်တဲ့ ငှက်ကလေးများ အော်မြည်သံကဲ့သို့ တုန်ခါသံအနိမ့်ဆုံးနဲ့ ရေပြင်ရေအော တစ်လျှောက်လုံးမှာ မိကျောင်းအချ ချင်း ဆက်သွယ်အကြောင်းကြားကြ တယ်။ ကြီးမားတဲ့ နိုင်းမြစ်မိကျော တစ်ကောင်ဟာ စဉ်းလဲကောက်ကျ လူတွေကို ချောင်းမြောင်း တိုက်ခို တတ်ပါတယ်။ ခွန်အားလုံလောက်မှ ကျွဲကြီးတစ်ကောင်ကိုတောင် အပိုင်း ဆုတ်ဖြတ်ပြီး ရေအောက်ကို ဆွဲချ တယ်။ သူ့ရဲ့ကိုယ်ပိုင်ရင်သွေးငယ်ေ ကိုကျတော့ ဥကနေ လွတ်မြော ပေါက်ဖွားနိုင်အောင် ညင်ညင်သာသာ ခွဲဖွင့်ပေးကြတယ်။

**ဩစတြေးလျရှိမိကျောင်းများ၏ဒုက္**

မိကျောင်းများရဲ့ ပထမဆုံး တစ်နေ့ဖြစ်ခဲ့ပါပြီ။ ဩစတြေးလျမြော




ဒိုင်နိုဆောခေတ်မှ မသေဘဲကျန်ရစ်သူများ

ရှေးအထက်ကာလများမှ တိုးပွားလာကြတဲ့ မိကျောင်းအမျိုးအစား များစွာတို့က အပူပိုင်းဇုံနဲ့ သမပိုင်းဇုံဒေသတွေ နေထိုင်လာခဲ့ပါတယ်။ မျိုးစိတ်ပေါင်း ၂၁ မျိုးနဲ့ လက်အောက်ခံ အမျိုးအစား ၇ မျိုး ကျန်ရှိနေပါတယ်။ အမျိုးအစား ၂၀ ကို ပုံနဲ့ပြ ပြထားပါတယ်။ သူတို့ကို မိသားစုအုပ်စု ၃ ခု ခွဲခြားထားခဲ့ပါတယ်။

စံမတူပြောင်းလဲခြင်းများအရ ဦးခေါင်း၊ အကြေးခွံ၊ သွားများ စသည်တို့က အလိုက်သင့်ပြုပြင်ပြောင်းလဲပြီး နေထိုင်ရာအ စားသောက်ပုံများ ကွဲပြားခြားနားကြပါတယ်။ မိကျောင်းခေါင်းတို(ALLIGATOR) နဲ့ (CAI-MAN )တို့က မိသားစု စ်ခုတည် သူတို့ရဲ့ ရှည်လျားတဲ့နှုတ်သီးက တိရစ္ဆာန်ငယ်များ၊ ငှက်များ၊ ငါးများကို ချိုးဖဲ့ ကိုက်ဖြတ်ပြီး စားကြပါတယ်။

တောင်အမေရိကမှ ကေးမန်မိကျောင်းအနက်ဟာ ၁၈ ပေ ရှည်ပြီး ဦးခေါင်းအရှေ့ပိုင်းက သေးကွေးကြုံလှီပြီး မှန်ကူကွ အရေခွံများကို ကုန်သွယ်မှု ပြုကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မာနင်ဂရိုင်ဒါဒေသခံ အဘိုရီးဂျင်း များ အခြေတကျနေထိုင်ရာဒေသ ကျွန်ုပ်ရောက်ရှိခဲ့ပါတယ်။ ဒါဝင် ဘက်မိုင် ၂၀၀ ခန့်မှာ မိကျောင်း ရာညီလာခံကို နိုင်ငံတကာညီညွတ် ပေါင်းစည်း၍ သဘာဝ ဝန်းကျင် ပျောက်မပျက် မချို့မယွင်းအောင် န်းသိမ်းနိုင်ဖို့ တက်ရောက်ကြရပါ တယ်။ ၁၁ ဦးသော မိကျောင်းရေးရာ ကျွမ်းကျင်သူများက ကမ္ဘာလုံးဆိုင်ရာ အားကြီးမားတဲ့ သုတေသနတစ်ခုကို ပေးစုရုံးပေးခဲ့ပါတယ်။ မြောက်ပိုင်း ဆစ်ဒနီတက္ကသိုလ်မှဦးဆောင် ညွှန်ပေးခဲ့တာပါ။

မာနင်ဂရိုင်ဒါအဖွဲ့၏ လေ့လာမှု များ မိကျောင်းများရဲ့ ဘေးဒုက္ခ ပေါင်းမှကယ်တင်ဖို့ မျှော်လင့်ကြပါ တယ်။ ဩစတြေးလျရဲ့ ရေငန်ပိုင်း ကျောင်းများကို ရှိရင်းအတိုင်းတွင် ယ်လိုထားကြမှာလဲ။

ရေငန်မိကျောင်းဟာ အကြီးမား ဖြစ်ပြီး အန္တရာယ်အများကြီး ပေး တတ်ကြတယ်။ ကွင်းလန်းဒေသမှ တံငါ များက မိကျောင်းတစ်ကောင်ရဲ့အတိုင်း အတွာဟာ ခေါင်းမှအမြီးဖျားအထိ ၃၃ အရှည်ရှိတယ်လို့ သတင်းပို့ခဲ့ကြ တယ်။ သမိုင်းကြောင်းအရ မိကျောင်း များဟာ အိန္ဒိယမှ ဩစတြေးလျအထိ လှည့်လည်ကျက်စားကြပါတယ်။

ဖီဂျီပင်လယ်ပြင်ရဲ့ ဟိုဘက် အထိ သူတို့ကိုတွေ့ရှိခဲ့ပါတယ်။ သူတို့ ဟာ လှိုင်းကြီးလေထန်တာကို မကြိုက် ကြဘဲ ရေချိုရေငန်စပ် ရေမျက်နှာပြင် ငြိမ်သက်တဲ့ မြစ်ဝ မြစ်လက်တက်လို အနယ်မျိုးကို အကြိုက်တွေ့ကြတယ်။ တက္ကသိုလ်ဘွဲ့ရကျောင်းသား ဘီလ်မဂ္ဂ ယ်ဆန်နဲ့ ကျွန်ုပ်တို့အတူတကွ မြစ်ဝ များကို သွားခဲ့ကြတယ်။ ဖလင် နေတဲ့ကင်မရာကို ဘီလ်က လိုအပ် ထည့်ပြီး မိကျောင်းတစ်ကောင်ရဲ့ သိုက်ဆောက်အထိုင်ချပုံကိုလေ့လာ တယ်။ စီမံကိန်းဒါရိုက်တာ ပရော်ဖက်ဆာ ဟာရီမက်ကိန်းနဲ့ ကိုယ်လက် အင်္ဂါတွေမှာ အခိုးအငွေ့တွေထွက်ပြီး ပုပ်သိုးကုန်ပြီတဲ့။ ပူပြင်းလွန်းလို့ ပြော တာနေမှာပဲ။

ကျွန်ုပ်တို့ရဲ့ မော်တော်ကလေး ဟာ နေအရှက်မတက်ခင် မြစ်ထဲကို ရောက်ရှိနေပါတယ်။ သဲသောင်တစ်ခုရဲ့ မြစ်ကမ်းပါးမှာ ကျွန်ုပ်တို့ရဲ့မော်တော်ကို ကမ်းကပ်လိုက်ပါတယ်။ နောက်တော့ မာလာလီယူကာညွန့်တောကြီးအတွင်း ထူထပ်သိပ်သည်းတဲ့ လွှသွားကဲ့သို့ ကိုင်းပင်၊ မြက်ပင်တွေ တစ်လျှောက် လေးကန် နွမ်းလျစွာ ဝင်ရောက်ခဲ့ကြ တယ်။ ဒစ်ဂ်လို့ခေါ်တဲ့ အဘိုရီးဂျင်း တိုင်းရင်းသား အဘိုးကြီးနဲ့ သူ့ရဲ့သား အော်စကာတို့က ကျွန်ုပ်အား မိကျောင်း အသိုက်ကို ပြကြပါတယ်လို့ ဘီလ်က ပြောခဲ့တယ်။ တခြားအကြောင်းကြောင့် ဆိုရင် ကျွန်ုပ်လည်း ဒါကို ဘယ်တော့မှ ရှာနိုင်မှာ မဟုတ်ဘူး။

ဒစ်ဂ်နဲ့ အော်စကာတို့ သားအဖ နှစ်ဦးအတွက် မိကျောင်းဆိုတာဘိုးဘေး ဘီဘင်မှ ဆင်းသက်လာတဲ့ အဘိုရီး ဂျင်း တိရစ္ဆာန်အထိမ်းအမှတ်အဆောင် တစ်ခု ဖြစ်ခဲ့ပါတယ်။

သူတို့ရဲ့ စိတ်ဝိညာဉ် ဆိုင်ရာ အိပ်မက်များပါပဲ။ လအနည်းငယ်ကြာ ပြီးနောက်မှာတော့ အော်စကာ ရုတ် တရက် သေဆုံးခဲ့ရပါတယ်။ ဆေးဘက် ဆိုင်ရာ သမားတော်များရဲ့ ဒစ်ဂ်ကို ပြောခဲ့တာက မိကျောင်းအသိုက်ကို သူ တို့က လွဲမှားတဲ့အမူအကျင့်နဲ့ ဖျက်ဆီး တာကြောင့်လို့ ဆိုပါတယ်။

သူ့ရဲ့သား သေဆုံးရတာဟာ မိကျောင်းများ တုံ့ပြန်ကလဲ့စားချေလို့ ဖြစ်တာပါ။ ဒစ်ဂ်တစ်ယောက်လဲ မာနင် ဂရိုင်ဒါဒေသမှ လက်လွတ်ထွက်ပြေးဖို့ သတိပေးခြင်းခံခဲ့ရလို့ သူလည်း ပြေးခဲ့ရ ပါပြီ။ ဘီလ်တစ်ယောက်လည်း နောင်တ ရခဲ့ပါတယ်။ ဘာကြောင့်ဆို အဘိုရီး ဂျင်းများရဲ့ စိတ်ဝိညာဉ်ဆိုင်ရာ ယုံမှတ် မှုများဟာ သူ့ကိုမစွဲကပ်နိုင်ဘဲ လွတ် ကင်းနေတာကို ဆက်လက်လေ့လာခ လို့ပါပဲ။

ကျွန်ုပ်တို့ မိကျောင်းအသိုက်ကို ရောက်တဲ့အခါ မိကျောင်းမ အရိပ် အယောင်ကို လုံးဝမမြင်ခဲ့ပါ။ မိကျောင်း များ အမဲမလိုက်ခင်နေ့များက အသိုက် ဆောက်နေဆဲ မိကျောင်းမကြီးက သူ့ဥ တွေရဲ့အနီးတစ်ဝိုက် ဘာကိုမှ လက်ခံ ခွင့်ပြုခြင်းမရှိပါ။ ပုန်းကွယ်ရှင်သန်နေတဲ့ မိကျောင်းများက ဖြစ်မြဲဓမ္မတာအတိုင်း ရှိနေကြတာပါပဲ။ ဘီလ်ကတော့ သူ့ရဲ့ ကင်မရာကို ဖလင်လိပ်ထပ်ထည့်ပြီး ဥ ပေါင်း အလုံး ၆၀ ပါဝင်တဲ့ မိကျောင်းဥ များကို လက်နဲ့ လှမ်းပုတ်ပြီး ဓာတ်ပုံ ရိုက်လိုက်တယ်။ နောက်တော့ ဥတွေကို ထားပစ်ခဲ့ပါတယ်။ စောင့်ကြည့်နေမယ့် မိကျောင်းမကြီးကတော့ ကျင်လည် ကျွမ်းကျင်စွာနဲ့ လုံခြုံအောင်ပုံဖျက်ပုန်း ကွယ်ပြီးအနီးကပ်ရှိနေမှာကို သံသယ ဖြစ်စရာမလိုပါ။

အဘိုးရီးဂျင်းတွေ ယုံကြည်ကြ တဲ့အတိုင်း မိကျောင်းများမှာ စိတ် ဝိညာဉ်တစ်ခု ရှိနေကြမယ်ဆိုရင်ဖြင့် မိကျောင်းများက လက်တုံ့ပြန်ကလဲ့စား ချေမှု ဖြစ်ပေါ်စေဖို့ အကြောင်းပြချက် တွေ ရှိကြမှာပါ။

မြောက်ပိုင်း ဩစတြေးလျမှာ ရေငန်မိကျောင်းများဟာ ထောင် သောင်းမက ရှိနေခဲ့ပါတယ်။ ယနေ့ မိကျောင်းကောင်ရေ ၅၀၀၀ခန့်လောက် ဟာ အစိုးရက ဥပဒေနဲ့တားမြစ်ထား ပေမယ့် ပုန်းလျှိုးကွယ်လျှိုး အမဲလိုက်မှု များခံခဲ့ရတယ်လို့ ဒေါက်တာ မက်ဆယ် လ်က ပြောကြားခဲ့ပါတယ်။

ဒီနေရာက ၁၈၅၀ ပြည့်နှစ်က အနောက်တိုင်းရဲ့ အရိုင်းကမ္ဘာနဲ့တူညီ နေပါတယ်။ အကယ်၍ ကျွန်ုပ်က ခင်ဗျားရဲ့ အရေပြားကို ဆင့် ၅၀ ဖိုး လောက်ဝယ်ဖို့ ကမ်းလှမ်းခဲ့ရင် ခင်ဗျား ရဲ့ အသက်တစ်ချောင်းဟာ ငါးမိနစ် တောင် တာရှည်ခံမှာ မဟုတ်ပါဘူး။

❖



www.burmeseclassic.com

www.burmeseclassic.com

### အချို့မိကျောင်းများက လူသားကို အရသာတွေ့ကြသည်

၁၉၇၂ ခုနှစ်က ဒါဝင်မှာ သေနတ် လုံးဝကိုင်ဆောင်ခွင့်မပြုပါ။ ဒါပေမဲ့ မိကျောင်းများကို အမဲလိုက်ဖို့ ဖိအားပေးမှုများ တစ်ဖန် ပြန်ဖြစ်ခဲ့ပါတယ်။ ယဉ်ကျေးမှုမဖွံ့ဖြိုးသေးတဲ့ နေရာတချို့မှာ လူအမြောက်အမြားက မိကျောင်းများကို အမဲလိုက်ဖို့ အဖွဲ့အစည်းများ လုပ်ကြတယ်လို့ သတ္တဗေဒ ပညာရှင် ဂေါ်ဒန်ဂရစ်က ပြောကြားခဲ့ပါတယ်။

အကယ်၍ ကလေးငယ်တစ်ဦးကို ဆိပ်ကမ်းတစ်ခုသို့ ပို့ထားရမယ်ဆိုရင် ကျွန်ုပ်တို့က မိကျောင်းများရဲ့ရန် အန္တရာယ်မှ ထိန်းသိမ်းကာကွယ်ဖို့ဆိုတာ မတတ်လည်းမတတ်နိုင်၊ မဖြစ်လည်း မဖြစ်နိုင်လုနီးပါး ဖြစ်လာပါလိမ့်မယ်။ ကြမ်းတမ်းပြီး ရိုင်းစိုင်းလှတဲ့ မိကျောင်းပုံပြင်တွေ အမြောက်အမြား ရှိခဲ့ပါတယ်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မြန်မာပြည်ရဲ့ရွံ့ညွန်အိုင်တောကြီးထဲမှာ စစ်ရှုံးလို့ ဆုတ်ခွာလာတဲ့ ဂျပန်စစ်သား ဦးရေ ၁၀၀၀ နီးပါးခန့်ဟာ ရက်စက်ကြမ်းကြုတ်ပြီး လုယက်ဖျက်ဆီးသတ်ဖြတ်တတ်တဲ့ မိကျောင်းများရဲ့ဒဏ်ကို ခံခဲ့ရကြောင်းသတင်းများရရှိခဲ့ပါတယ်။

၁၉၇၆ ခုနှစ်အတွင်း အင်ဒိုနီးရှားမှ သတင်းပို့ချက်အရ ခရီးသယ်တင်ရေယာဉ်တစ်စီးနစ်မြုပ်မှုကြောင့် ခရီးသည်လူ ၄၀ ဟာ မိကျောင်းများရဲ့ လောဘတကြီးဝါးမျိုစားသောက်ခြင်းကို ခံကြရတယ်လို့ ပြောကြားခဲ့ပါတယ်။

မာနင်ဂရိုင်ဒါဒေသမှ မိကျောင်းရေးရာကျွမ်းကျင်သူများက ဒီလိုပုံပြင်တွေကို ပြက်ရယ်လှောင်ပြောင်ကြပါတယ်။ မိကျောင်းဆိုတာ တိတ်တဆိတ်ခိုးကြောင်ခိုးဝှက်လုပ်ရတာကိုကြိုက်ကြပါတယ်။ သာမန်အားဖြင့် ဆူပူလှုပ်ရှားမှုနဲ့ လူသားနှစ်မျိုးလုံးကို ရှောင်ရှားလေ့ရှိကြပါတယ်။ သို့ဖြစ်ငြား ရံဖန်ရံခါတွေမှာ လူကိုပါ စားကြပါတယ်။ မေးနေစရာတောင်မလိုပါ။လပေါင်းအနည်းငယ် အစောပိုင်း ကွင်းစလန်းက လူငယ်မိုင်းတွင်း အလုပ်သမားတစ်ယောက် တောဝက်အမဲပစ် ထွက်ခဲ့တယ်။

မိတ်ဆွေတစ်ယောက်က ရေကူးဖို့အဝတ်အစားချွတ်ထားတဲ့သူ့ကို မြင်ခဲ့တယ်။ နောက်ထပ် သူ့ကိုတွေ့လိုက်သူက ဒေသဆိုင်ရာ ရဲအရာရှိတစ်ဦးပါ။ သူတွေ့လိုက်တာက မိုင်းလုပ်သောလူငယ်လေးရဲ့ ကျန်ရှိသောကိုယ်အင်္ဂါများက ၁၈ ပေအရှည်ရှိတဲ့ မိကျောင်းရဲ့ ဝမ်းဗိုက်ထဲမှာ ဖြစ်ပါတယ်။

မည်၍မည်မျှပင် ရှိစေကာမူ မိကျောင်းမျိုးစိတ်က သုံးမျိုးမျှသာရှိပါတယ်။ ရေငန်မိကျောင်း၊ အာဖရိက နိုင်းမြစ်မိကျောင်း၊ ကြီးမားသော အမေရိကန် အယ်လီဂေတာမိကျောင်းတို့ဟာ လူ့ကိုသတ်ဖြတ်သူများအဖြစ် ဆုံးဖြတ်ထားရပါတယ်။ အခြားသော အနည်းငယ်ခန့်ဖြစ်တဲ့ အိန္ဒိယမှ ဆိုးသွမ်းသော မိကျောင်းများအသိုက်ဆောက်နေတုန်း စိတ်ဆိုးအောင် သွားစလို့ကတော့ ပြန်လည်တိုက်ခိုက်ကြပါလိမ့်မယ်။ သူတို့မှာ ဆိုးသွမ်းခြင်း၊ နာမည်ပျက်ခြင်းများနဲ့ အတူ ရှေးတုန်းကတည်းက ကျိန်စာမိထားကြသူတွေပါ။

၁၆၀၀ ပြည့်နှစ်က ကဗျာဆရာ ဖရန့်စစ်ကွာလီက ဒီလောက်မူရာများပြီး သစ္စာဖောက်မှုများ ရောမွှေထားတဲ့ မိကျောင်းကမ္ဘာကို ဖြားယောင်းသွေးဆောင်ပြီး ထောင်ချောက်တွေနဲ့ထောင်ဖမ်းဖို့ရန် ကဗျာတစ်ပုဒ်ကို ညည်းတွားစပ်ဆိုခဲ့ပါတယ်။ နိုင်းမြစ် မိကျောင်းရေးရာ ပထမဆုံးအနီးကပ်ဆွေးနွေးကြစဉ်က နန်းရင်းဝန် ဝင်စတန်ချာချီက အတိအလင်းဝန်ခံပြီး ရေးသားခဲ့တာကတော့ ကျွန်ုပ် အတိအလင်းဝန်ခံဖို့ကမျက်မုန်းကျိုးပြီး ဒီလိုကြမ်းကြုတ် ရက်စက်တတ်တဲ့ သတ္တဝါတွေကို သတ်ဖြတ်ပစ်လိုတဲ့ဆန္ဒ ရှိခဲ့ပါတယ်တဲ့။

### မိကျောင်းများဟာ အသုံးမဝင်ဘူးလား

အိန္ဒိယမှကျောင်းသား ... ဌာနီမှ ကာမဲလ်ရှာမားက ပုစ္ဆာ... တစ်ခုထုတ်ခဲ့တယ်။ ကျွန်ုပ်ရဲ့ ... နက်စိတ်ဝင်စားမှုကတော့ အရှ... ခေတ်နဲ့အပြိုင် ရှင်သန်နေကြ... သွမ်းသူ မိကျောင်းများကိုပါပဲ။ ... ခင်ဗျာ သူတို့ဟာ လူသားများအ... တော့ အသုံးမဝင်ပါဘူး။ မိကျော... တွေဟာ ဘာကောင်းသလဲ။

မိကျောင်းများဟာ လုပ်ကြ... ဖြစ်တဲ့နေရာမှာ ဆရာကြီးတစ်... တာကြောင့် အခြားသောတိရစ္ဆာ... ကိုလည်း ကူညီထိန်းသိမ်းကြပါ... အထူးသဖြင့် အရည်အသွေးကြ... သော ငါးများပါပဲ။ မိကျောင်းမျ... သူတို့စားထားသမျှအစာတွေကို အ... အကြေးစွန့်ခြင်းမလုပ်ဘဲ အာဟာ... ကြပါတယ်။ အစိုအညှော်အပင်... တွေကိုလည်း အသုံးပြုကြပါတယ်။

အမေရိကန် အယ်လီဂေ... မိကျောင်းကြီးမျိုးကတော့ သီးခြား... ရှိပါတယ်။ ခြောက်သွေ့တဲ့ ဥတု... တွေအတွင်း ဖလော်ရီဒါ၏ အဲ... ဂလိုက်ဒေသမှ တိရစ္ဆာန်များဟာ ... တွင်းကလိုဏ်များတူးပြီး နေကြ... ဒါပေမယ့် မီးပွားသဖွယ် မေးခွန်းမျ... အငြင်းပွားပြီး ဒီအကောင်တွေကို ... သူက ကယ်တင်ချင်မှာလဲ။

မာနင်ဂရိုင်ဒါဒေသက မိကျော... ရေးရာကျွမ်းကျင်သူတချို့က အ... အပြစ်များကိုဖော်ပြကြတယ်။ မိကျော... တွေမှာ အသစ်တစ်ဖန် ပြန်ဖြစ်နိုင်... အရင်းအမြစ်များ ရှိကြ...ယ်ဆိုပါတယ်...

မိကျောင်းများကို ကယ်တင်... ဆောင်းကြဖို့ လူဝစ်စီယားနားပြည်နယ်... ဇီဝဗေဒပညာရှင်က ပြောကြားခဲ့... တယ်။


တခြားသော စိုးရိမ်မှုတစ်... မိကျောင်းအရေခွံများကို ...ရားဝင်... ရောင်းဝယ်ခွင့်ပြုခဲ့ရင် တ...းမဝင်ခိုးဝှ...






www.burmeseclassic.com

www.burmeseclassic.com





အိန္ဒိယနန်ဒင်ကာနင် ဇီဝဗေဒ ဥယျာဉ်တွင်းမှ နှာခေါင်းဘုလုံးပါသော ...ဒီးယယ်မိကျောင်းများ ဖြစ်ပါတယ်။ ...မ်းကျင်သူများက ငေါထွက်နေတဲ့ အသားစိုင်နှာခေါင်းဘုကြီးမှ တီရစ္ဆာန် အချင်းချင်း ခေါ်ဆိုဖို့ မေးမိုန်သော ပဲ့တင် ...ပြန်တဲ့နေရာမှာ သုံးတယ်လို့ တွေးဆခဲ့ ကြပါတယ်။

ဒီကောင်ကြီးတွေဟာ ခန့်ညား ...ဦး ပေ ၂၀ ကျော်အထိ ရှည်ကြပါတယ်။ ...တို့သွားများကလည်း အချောင်းရေ ...၁၀ ထက် ပိုမိုပါဝင်ပါတယ်။ ခတ်ခ်ရေး ...ကျောင်းများ ပြန်လည် ပြုစုထူထောင် ...ရေး ဗဟိုအဖွဲ့မှ သားပေါက်ကလေး ...တ်လပ်စွာ ဥမှ ပေါက်ဖွားလာပုံဖြစ်ပါ ...တယ်။

...အခဲလိုက်မှုများကို လှုံ့ဆော်ပေးသလို ...ဖြစ်မယ်။

တိရစ္ဆာန်တစ်ကောင်ဟာ ဘာ ...ကြောင့်အသုံးဝင်တာလဲလို့နယူးယောက် ...မြို့ တိရစ္ဆာန်ရုံများ အစည်းအရုံးမှ ...ဒေါက်တာဝေးနီးလ်က မေးခွန်းထုတ် ...ခင်း တွန့်ပ်တို့က သူတို့ကိုအသုံးချတာ ...အပြင် မိကျောင်းဆိုတာ သိမ်ဖျင်းသေး ...ဖွဲ့တဲ့ ပစ္စည်းများအတွက်တော့ တန်ဖိုး ...ကြီးကြပါတယ်။ တောင်အမေရိကမှာ ...ယနေ့ထက်ထိ ကေးမင်းမိကျောင်းများ ...ဟာ သိမ်ဖျင်းသေးဖွဲ့တဲ့ပစ္စည်းများအဖြစ် ...အမြောက်အမြား ဖျက်သိမ်းနေပါပြီ။ ...ဒေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန် ကြေညာ၍ ထုတ်ကုန်အဖြစ်မပြုလုပ်နိုင်ရန် တားမြစ်ထားကြပါတယ်။


ဘရာဇီး၊ ဘိုကွေဒိုးနဲ့ ဗင်နီဇွဲလား နိုင်ငံတွေကလဲ သူတို့ရဲ့ တိရစ္ဆာန်များ အတွက် တရားဝင် အကာအကွယ် ပြုလုပ်ပေးပြီးပေမယ့် နယ်ခြားဒေသ တွေနဲ့ လက်တင်အမေရိကားနိုင်ငံတွေ မှာတော့ ဆိုးရွားစွာ ယိုထွက်ဖိတ်စဉ် နေပါတယ်။


ကေးမင်းမိကျောင်း အရေခွံ တစ်ပြုံတစ်မကြီးကိုတော့ ပြင်သစ်ပိုင် ဂူယားနားနယ်က အဝေးပြေးလမ်းမကြီး တစ်လျှောက်က လော်လီထရပ်ကားကြီး တွေပေါ်မှာ တွေ့မြင်ခဲ့ပါတယ်။

ဒါတွေဟာ ဥရောပနိုင်ငံတွေကို ဦးတည်ပို့ဆောင်ကြမှာပါ။ ကေးမင်း မိကျောင်းသားရေချပ်ပေါင်း ၂၉၀,၀၀၀ ကို ပို့ကုန်အဖြစ်ခွင့်ပြုချက်ရပြီးကြောင်း ကို မိကျောင်းရေးရာ ဇီဝဗေဒပညာရှင် ဖက်ဒရီကိုမီဒမ်ပြောလို့ မီနီဂရိုင်ဒါသွား ဖို့ ကိုလံဘီယာမှ ထွက်ခွာခဲ့ပါတယ်။ ကြီးမားသော မိကျောင်းကြီးများ ထို ဒေသတွင် ကျန်ရှိတော့မှာ မဟုတ်ပါ။ ဝယ်ယူသုံးစွဲသူများ လက်ထဲမရောက်မီ တစ်ဝက်ခန့်သောအရေခွံများဟာ ပုပ် သိုးကုန်တတ်ပါတယ်။

ကေးမင်းမိကျောင်း ဦးရေဟာ အရွယ်ငယ်တာတွေ အနည်းငယ်သာ

www.burmeseclassic.com






သူ့ရဲ့ ဦးခေါင်းကြီးနဲ့အတူ ရေထဲမှ လက်ဝါးများနဲ့ ရိုက်ပုတ်ထွက်လာတဲ့ တောင်အာဖရိက စိန့်လူစီယာမြစ်အတွင်း အမှီပြုနေထိုင်သော ၁၄ ပေ အရှည်ရှိ မိကျောင်းကြီးက သူ့ရဲ့စိုးမိုးရာ နယ်မြေအတွက် သူ့ရဲ့စိတ်နေစိတ်ထားကို အတိအလင်း ဖော်ပြနေတဲ့ပုံ ဖြစ်ပါတယ်။

သူ့ကို လေးလအကြာ စောင့်ကြည့်ပြီးတဲ့နောက် ကျွန်ုပ်က ဓာတ်ပုံဆရာ ဘလဲယားကို ပြန်ခေါ်လိုက်ပါတယ်။ သူရိုက်သမျှ ဓာတ်ပုံများထဲမှ အမှတ်တရ ဖြစ်ရတာက အမြဲတမ်း လုပ်နေကျ မိကျောင်းများရဲ့အပြုအမူများ ဖြစ်ခဲ့ပါတယ်။

သူ့ရဲ့အဖော် မိကျောင်းမ ဥချဖို့ နီးကပ်လာချိန်မှာ ဖြစ်ပါတယ်။ အဆုံးမှာတော့ သူ့ရဲ့စွမ်းရည်ထက်မြက်တဲ့မေးရိုးကြီးများနဲ့ ကျူးကျော်သူ ၁၀ ပေအရှည် မိကျောင်းထီးရဲ့ အမြီးကို ဖမ်းညှပ်ပြီး ရေကန်မှ တရွတ်တိုက် ဆွဲယူသွားခဲ့ပါတယ်။ ရက်သတ္တပတ်များ အကြာမှာတော့ ကျူးကျော်ဝင်ရောက်လာသူကို သတ်ဖြတ် စားသောက်ခဲ့ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com





ဒီဓာတ်ပုံများက မိကျောင်းများ ပေါက်ပွားပုံဖြစ်ပါတယ်။ ချစ်တင်းနှောပြီး ရက်သတ္တပတ်များ ကြာပြီးနောက် မိကျောင်းမက မိကျောင်းထီးကို အော်ဟစ်ပြီး သူမရဲ့ခေါင်းကိုမြှောက်၊ မေးရိုးပါးစပ်ကြီးကိုဖွင့်ကာ သူမထံသို့ လာဖို့ အချက်ပေးခဲ့ပါတယ်။ ရက်ပေါင်း ၄၀ ခန့် ကြာပြီးတဲ့နောက် သူမရဲ့အသိုက်တွင်းမှာ ဥပေါင်း ၄၀ မှ ၈၀ ခန့်အထိ ဥချပါတယ်။


နောက်ပြီးတော့ ဥများကို အမှိုက်သရိုက်များနဲ့ ဖုန်းအုပ်လိုက်ပါတယ်။ ဥက ပေါက်လာတဲ့ သားပေါက်များကအသံပြုတဲ့အခါ မိခင်မိကျောင်းမကြီးက သူတို့ အသိုက်ကို ဖွင့်ပေးလိုက်ပါတယ်။ မိခင်က ဥရွေးပြီး သူ့ရဲ့ပါးစပ်တွင်းမှာ ဥဝပ်ပေးထားစဉ် ဖခင်ကြီးက ရပ်ပြီး စောင့်ကြပ်ပေးပါတယ်။ မိကျောင်းပေါက်ကလေးများကို မိဘများက နှစ်လလောက် စောင့်ထိန်းပေးကြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိတော့တယ်။ သို့သော် ကြီးမားတဲ့ အနက်ရောင်နဲ့ ပြက်ကျယ်ပြီး အနံကြီးတဲ့ နှာခေါင်းရှည်မိကျောင်း ကေးမင်းတွေဟာ ဘေးအန္တရာယ်များပြီး စိုးရိမ်ဖွယ်အဆင့်သို့ မကြာမီ ရောက်ကြပါတော့မယ်။ အိုရီနိုကိုမိကျောင်းမျိုးကတော့ ၂၈၀ ခန့်လောက်ပဲ ကျန်ပါတော့တယ်။ ဗန်ကောက်က မိကျောင်းမွေးမြူရေးခြံတွေမှာ ယိုးဒယားမိကျောင်းဦးရေဟာ ၁၁,၀၀၀ ခန့် ကျန်နေပြီး အရိုင်းကောင်များ ကျန်ကောင်းကျန်တော့မှာပါ။

အမေရိကန် အယ်လီဂေတာမိကျောင်းများနဲ့ မျိုးရိုးဆက်စပ်မှုရှိနေတဲ့ တရုတ်အယ်လီဂေတာမိကျောင်းများကတော့ မကြာမီနှစ်ကာလများထဲက ပြောစရာစကားမရှိအောင် အရိုင်းလောကတွင်းမှ ပျောက်ကုန်တာဖြစ်ပါတယ်။

ဂါဗီးယဲ(သို့မဟုတ်) ဂါယီးယဲမိကျောင်းမျိုးများက အာရုံစူးစိုက်ဖွယ်ကောင်းလောက်အောင် ဘေးအန္တရာယ်ကျရောက်နေပါပြီ။

ရာစုနှစ် အလယ်ပိုင်းထိတိုင် တိုးတက်ဖြစ်ထွန်းနေဆဲ မိကျောင်းတွေကတော့ အိန္ဒိယမြောက်ပိုင်းရှိ အေးမြတဲ့ ဟင်းမလေးယား မြစ်လက်တက်များအတွင်း ရှင်သန်နေဆဲပါ။ မာနင်ဂရိုင်ဒါ အစည်းအဝေး မတိုင်ခင်က မိကျောင်းရေးရာ ကျွမ်းကျင်သူ ဟိုးဝပ်ကင်းဖဲလ်က ကျွန်ုပ်ကို ပြောခဲ့တာက ဂါယီးယဲမိကျောင်းတွေ ပျောက်[...] ကုန်ပြီလို့ ငါထင်တယ်တဲ့။

**ဂါယီးယဲမိကျောင်းတွေကို**
**ကယ်တင်စုဆောင်းကြမည်**

အိန္ဒိယရဲ့ အချို့သောလ[...] နောက်ပိုင်းမှာ နီပေါနိုင်ငံရဲ့နယ်စပ်[...] မြစ်ရဲ့အဝေးမှာရှိတဲ့ ချောက်ကမ်း[...] တစ်ခုပေါ်မှ ကျွန်ုပ်မတ်တတ်ရပ်[...] နေခဲ့ပါတယ်။ မိုင်တစ်စိတ်ရဲ့အကွာ[...] ရှိတဲ့ သဲသောင်ခုံတစ်ခုပေါ်မှာ [...] ထည်ကြီးမားတဲ့ ဂါယီးယဲမိကျောင်[...] များဟာ ပျံ့နှံ့ပြန့်ကျဲပြီး ကြီးမား[...] မိကျောင်းအမကြီး တစ်ကောင်နဲ့[...] ကမ်းခြေအဝေးမှာလဲလျောင်းလို့ [...] တယ်။

အိန္ဒိယအစိုးရစီမံကိန်းက [...] ယဲမိကျောင်းတွေကိုကယ်တင်စုဆော[...] ဖို့ ကုလသမဂ္ဂနည်းပညာ လက်ထော[...] အကြံပေးအရာရှိ ဒေါက်တာရော[...] ဘတ်စတတ် ပြောကြားခဲ့တာက [...] မှာ လွန်စွာအပုန်းရှောင် ကောင်း[...] တဲ့ ဒီတိရစ္ဆာန်ကောင်များကို ရှာ[...] တွေ့ရ ကြုံရ နည်းပါးတာကြောင့် [...] ကောင်လောက်စောင့်ရှောက် ကာ[...] နိုင်ဖို့ လိုတယ်တဲ့။

ဒီကောင်တွေဟာ ရှားပါးတိ[...] များ ဖြစ်ကြပါတယ်။ သူတို့ရဲ့ မျ[...] များဟာ ကြီးမားပြီး ပြူးထွက်နေ[...] နောက်ကို လန်တက်နေကြတာ[...] ဖားသတ္တဝါများလိုပါပဲ။ သူတို့ရဲ့ [...] လျားပြီး ကျဉ်းမြောင်းတဲ့မေးရိုးတွေ[...] ဒေါက်တိုင်ကဲ့သို့ ဖြောင့်မတ်ပြီး [...] သွယ်တဲ့သွားများဟာ ၁၀၀ ထက်[...] တယ်။ ဓားလွယ်ငါးကြီးရဲ့ နှုတ်သ[...] လည်း ဆင်ဆင်တူတယ်။ ငါးများ[...] ဆတ်ခနဲ ရုတ်ခနဲ လျင်မြန်စွာထိုး[...] ဖို့နဲ့ ရေထဲမှာ တစ်လျှောက်လုံး ထိုး[...] နိုင်ဖို့ ပါးလွှာတဲ့မေးရိုးများဟာ သဘာ[...] ရဲ့ထုံးစံ အကျင့်တစ်ခုပဲ ဖြစ်ပါတယ်[...]

တစ်ခါတစ်ရံမှာ ဂါယီးယဲ [...] ကောင်ဟာ သူဖမ်းထားတဲ့အရာ[...]





www.burmeseclassic.com

www.burmeseclassic.com

ခဲ့တိုပစ်လွှတ်ပြီး ငမ်းငမ်းတက် ပလုတ်လောင်းမျိုချဖို့ သူ့ရဲ့ခေါင်းကို လျင်မြန်စွာလှုပ်ရှားတတ်ပါတယ်။ သူ့ရဲ့ပါးပျဉ်းက လည်ချောင်းထဲမျိုချတဲ့အခါ ခလုတ်တန်သင်းမဖြစ်ပါ။ ကမ်းနဖူးနားမှာ ရေမျက်နှာပြင်ကိုခွဲ၍ ညင်ညင်သာသာလှုပ်ရှားနေတဲ့ မျက်လုံးနှစ်လုံး ရှိနေတယ်။ နှစ်တစ်သန်းလောက် အိပ်ပျော်နေတဲ့ ဒိုင်နိုဆောတစ်ကောင် ဖြည်းဖြည်းလေးလေး တက်ရောက်လာသလိုပါပဲ။

၁၈ ပေခန့်ရှည်တဲ့ မိကျောင်းထီးတစ်ကောင်ဟာ ညိုးညိုးညံ့ညံ့သံ ပြု၍ သဲပြင်ပေါ်ကိုတက်ရောက်လာပါတယ်။ သူ့ရဲ့ တိုတောင်းတဲ့ရေယက်ခြေထောက်များကိုဖြန့်ကားပြီး ကမ်းဦးပိုင်းကို တစ်ဟတ်မချင်း သွားနေကြတယ်။ ဒီကောင်တွေက ဘေးရန်ကင်းရှင်းတဲ့ အရိပ်အယောင်နဲ့ မြစ်မကြီးဆီမှ ကုန်းမြေပေါ်သို့ ဆင်းရဲပင်ပန်းစွာ ရွေ့လျားနေကြတယ်။ အများအားဖြင့် အေးမြတဲ့ လတွေမှာ နေစာလှုံကြဖို့ ရေထဲက ထွက်ခွာလာကြတာပါ။

ရေထဲမှ မိကျောင်းထီးကြီး တစ်ကောင်ပေါ်မှာတိုင်း ပြွန်သဏ္ဍာန်အလုံးအဖုကြီးက သူ့ရဲ့ အထက်မေးရိုးကြီးအပေါ်မှာရှိတာကို ကျွန်ုပ်တို့ခွဲခြားသိမြင်နိုင်ပါတယ်။ ဒီဘက် ၁၀ စုနှစ်များအတွင်းမှာတောင် အချို့သောဇီဝဗေဒပညာရှင်များက ငြင်းဆိုချက်ရှိကြတယ်။ ဒါဟာ ဂါရာလို့ခေါ်တဲ့ဟိန္ဒူတွေရဲ့ ပူရမ်ရှေးဟောင်းကျမ်းတစ်ခု ဆိုတာကိုပါ။

ကြီးပြင်းလာကြတဲ့ ဂါရီယဲမိကျောင်းတိုင်းမှာလည်း ဒီလို ထူးထူးဆန်းဆန်း ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများ မရှိကြပါဘူး။ သူတို့ရဲ့ အထက်မေးရိုးကြီးပေါ်က ပြွန်သဏ္ဍာန်အဖုအလုံးကြီးက ဘာလုပ်တယ်ဆိုတာကိုလဲ ဘယ်သူမှမသိကြပါ။ ဒေါက်တာဘတ်စတာတ်ရဲ့ စဉ်းစားတွေးဆတာက ဒါဟာ ရှုပ်ထွေးမှုမှိန်သော ခေါ်ယူမှုအတွက် ပဲ့တင်သံပေးတဲ့ အထောက်အကူဖြစ်မှာပါ။

ဂါယီယဲအကောင်ကြီး ၆၀ ခန့်လောက်က အိန္ဒိယမှာနဲ့ ၄၀ ခန့်လောက်က နီပေါနိုင်ငံမှာ ရှိကောင်းရှိကြမှာပါ။ တော်ဝင်အမဲလိုက်ခြင်းပြုကြစဉ် ရှိုက်ကာနေ့များရဲ့ ၁၉ ရာစုအစပိုင်းတွေမှာ ဒီကောင်တွေ အများအပြားသေဆုံးကြရတယ်။ အိုရစ်ဆာက မဟာရာဂျာတစ်ယောက် သတင်းပို့ခဲ့တာက တစ်နေ့ထဲမှာ ပစ်မှတ်လေ့ကျင့်မှုအဖြစ်ကောင်ရေ ၁၀၀ လောက် ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။

သို့ဖြစ်ငြား များစွာသော ဂါရီယဲများက ၁၉၅၀ ပြည့်နှစ် အစောပိုင်းကာလထဲက ပျောက်ကွယ်ကုန်ကြပါတယ်။ အဓိကအားဖြင့် သားကောင်တွေ ပျောက်ကွယ်ရတာ ရေကာတာကြီးများ တည်ဆောက်မှု၊ သားရေရဖို့ အမဲလိုက်ခံကြရခြင်းနဲ့ ငါးဖမ်းမှုတွေကြောင့် ဖြစ်ပါတယ်။ ငါးဖမ်းသမားတွေကလည်း နေရာတိုင်းမှာ သူတို့ကို သဘာဝရဲ့ ရန်သူများအဖြစ် ဂရုစိုက်စောင့်ကြပ် ကြည့်ရှုကြရပါတယ်။

တံငါများ ငါးဖမ်းရာမှာ သူတို့ဟာ အပြိုင်အဆိုင်နဲ့ လုယက်သတ်ဖြတ်သော သတ္တဝါများ ဖြစ်ကြလို့ပါ။ အမှန်တကယ် မိကျောင်းစားသောက်တာကို နှိုင်းဆကြည့်ရင် နည်းနည်းပါပဲ။ နေ့တိုင်းလည်း မစားကြပါဘူး။ အမြဲတမ်းတော့ ရက်များများခြားသွားမှ အစာကိုစားကြတာပါ။ မလိုအပ်တဲ့ ငါးတွေနဲ့ ကြမ်းတမ်းတဲ့သ ားကောင်များကိုတော့ သူတို့က ရှောင်ကြပါတယ်။ ဒီကောင်တွေအတွက် လုံခြုံတဲ့အရပ်ဒေသ မရှိပါဘူး။ ဒါကြောင့်လည်း ဂါယီယဲတွေဟာထွက်ပြေးပုန်းရှောင်ကြရပုံပေါ်တယ်။

လွန်ခဲ့တဲ့နှစ်များက မိကျောင်းများအတွက် ကျွန်ုပ်တို့က နှစ်ထောင်းအားရ ဖြစ်ရပါတယ်လို့ ခရိုင်တရားသူကြီး တစ်ယောက်က ပြောကြားခဲ့ပါတယ်။ ယခုဆိုရင် ကျွန်ုပ်တို့က သူတို့ကို ယုယကျွေးမွေးနေရပါတယ်။ သူတို့ဟာ နိုင်ငံတကာရဲ့ ဦးစားပေးဖြစ်နေလို့ပါပဲ။

ဒီအပြောင်းအလဲရဲ့ တုံ့ပြန်မှုက ဘေးအန္တရာယ်ရှိတဲ့ မျိုးစိတ်တွေနဲ့ပတ်သက်လို့ပဲမဟုတ်ဘူး။ ငွေကြေး ရရှိနိုင်မှုကြောင့်လည်းပဲဖြစ်ပါတယ်။ မိကျောင်းမွေးမြူရေး ခြံတွေ တစ်လျှောက်လုံးမှ သူတို့ကို မွေးမြူကြတာကြောင့် ဗိုက်ဆံငွေကြေးတွေ ရကြပါတယ်။

## ဆာလောင်နေတဲ့လူမျိုးစုဝင်တွေက ဥတွေကိုစံတွင်းတွေ့တယ်

ကျွန်ုပ်က ဥတာပရာဒက် နယ်မြေထဲက ဂါရီးယဲမိကျောင်း မွေးမြူပွားများရေး ဗဟိုဌာနနှစ်ခုကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ သားရိုင်းဘဝများ စောင့်ရှောက်ရေးတာဝန်ခံ ဗွီတီဆင်းက ကျွန်ုပ်ကို ရာပေါင်းများစွာသော ဥများမှ ပေါက်ပွားလာတဲ့ မိကျောင်းသားပေါက်များကို ပြပါတယ်။ ဆာလောင်နေတဲ့ လူမျိုးစုဝင်တွေ ရှာမတွေ့ခင် အရယူထားရတဲ့ ဥတွေမှ ပေါက်ပွားလာကြတာပါ။ သူတို့ဟာ ဘေးမဲ့ခိုလှုံရာနေရာ ငါးခုကြောင့် လွတ်ငြိမ်းစွာ ရှိနေကြတာပါ။

ဂါရီးယဲကောင်တွေ တင်းကျမ်းပြည့်လာတဲ့အခါ အရွယ်ကောင်းတွေကို ငါးနှစ်အတွင်း မွေးမြူရေးခြံကြီးအဖြစ် စတင်နိုင်ပါပြီ။ ဆိုးသွမ်းတဲ့ကောင်တွေကိုတော့ နှိမ်နင်းပစ်ပါတယ်။ နယူးဂီနီမှ ဂျပန်နိုင်ငံသို့လည်း မိကျောင်းမွေးမြူရေးရာတွေ ရောက်နေကြပါတယ်။ သေဆုံးပျောက်ကွယ်မှုတွေကို ထိန်းသိမ်းပေးနိုင်တာကတော့ ဘေးမဲ့ခိုလှုံနိုင်တဲ့ မွေးမြူရေးခြံတွေပါပဲ။ ဒါပေမဲ့ မိကျောင်းများရဲ့ ပိုမိုအောင်မြင် မြတ်စွန်းမှုတွေကို သိလာခဲ့ကြတယ်။

(ဆက်ရန်)

❒ MARINER လှဦး

Ref: A Bad Time To Be a Crocodile By

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွေးမျိုး ကျွန်ုပ်မတွေးချင် ပထမအကြိမ် ခွေးများ သေဆုံးမှုနှင့် ပတ်သက်၍ သံသယဝင်မိသော်လည်း တိရစ္ဆာန် တစ်ကောင်မို့ မတော်တဆ တိုက်ဆိုင်မှုအဖြစ်သာ ယူဆမိ၏။

ယခု ဖြစ်ရပ်က တွေးပင် မတွေးဝံ့။ နောက်ဆုံးသော ဆုံးဖြတ်ချက် ကျွန်ုပ် ချမှတ်လိုက်သည်။ ဤအတိုင်းအတာက **ကျန်ရစ်**သည် သူ့မိခင်ကို သတ်ဖြတ်သူများအား မှတ်သား ထားရှိ၏။ မတော်တဆမှုဖြင့် ထပ်မံ လူသေဆုံးရလျှင် ကျွန်ုပ် တွင် တာဝန်ရှိနေ၏။

တစ်ပတ်ခန့် ကြာသောအခါ . . .

"ဖိုးတောက်၊ ကျန်ရစ်ကို သေဒဏ်ပေးလိုက်တော့"

"ဟာ . . . ဆရာရယ် မလုပ်ပါနဲ့၊ အခုပဲကြည့်လေ ကျန်ရစ် မိန်းမရနေပြီ၊ ကျွန်တော်တို့ စခန်းမှာလဲ မနေဘူး၊ ရသေ့ကြီး တဲကျောင်းမှာနေတာမို့ . . ."

ဖိုးတောက်သာမက ငပြူးကလည်း ကန့်ကွက်သည်။ ကျွန်ုပ်အတွက် အကြံအိုက်သွား၏။ ဘယ်လိုဖြစ်ဖြစ် ရန်ကြွေး ရန်စက ကျန်ရှိနေသေး၏။ ဦးမှော်၏ တူဖြစ်သူကလည်း ကျန်ရစ်ကို အရှင်မထားလိုတော့ချေ။ လူလစ်လျှင် ကျန်ရစ်ကို သတ်ဖြတ်မည်။

ကျွန်ုပ်ထံမှ တိကျသော နှုတ်ထွက်စကား မရရှိသေး၍သာ ကျန်ရစ် အသက်ရှည်နေခြင်း ဖြစ်သည်။

ဤသို့ဖြင့် ရသေ့ကြီး တဲကျောင်းရှိရာ ကျွန်ုပ် သွား ရောက်လျှင် ရသေ့ကြီးထုံးစံအတိုင်း ရသေ့အလုပ်ကို လုပ်မြဲ လုပ်နေပြီး နာရီဝက်ခန့်ကြာမှ ကျွန်ုပ်နှင့် စကားပြောခွင့် ရကြ လေ၏။

"ဒကာ. . ကျန်ရစ်ကို သတ်မယ်လို့ ဆုံးဖြတ်ထားရင် စဉ်းစားပါ"

ရသေ့ကြီးကို ဖိုးတောက်နှင့် ငပြူးများ ကျွန်ုပ်၏ သဘောထားကို ကြိုတင်ပြောထားလေသလား။ မဖြစ်နိုင်၊ ငပြူးနှင့် ဖိုးတောက်သာမက ဘယ်သူနှင့်မှ ရသေ့ကြီး အဆက် အသွယ် မလုပ်ချေ။ ရသေ့ကြီးကို အံ့ဩစွာ ကြည့်လိုက်လျှင် ရသေ့ကြီးက. . .

"ကျန်ရစ်မှာ သားသမီး ရသွားပြီ၊ မနေ့ကပဲ မျောက် ကလေးတစ်ကောင် မွေးဖွားတယ်၊ သူတို့မိသားစု ပျော်ပျော် ရွှင်ရွှင် နေပါစေ၊ အငြိုးအတေးတွေနဲ့ လက်စားချေခြင်းဟာ ဆုံးမနေတဲ့ကြားက ဖြစ်သွားတာပါ"

ရသေ့ကြီးစကားက "ကျန်ရစ်"ဟူသော မျောက်ကို ဆုံးမနေသည့်ကြားက ဖြစ်သွားတာပါဟု တိတိကျကျ ဆိုသော သဖြင့် "တပည့်တော် မရှင်းဘူး ရသေ့ကြီး"ဟု ကျွန်ုပ်တို့ကြီး ပြောဆိုလိုက်လျှင် . . .

"ရှင်းတာ မရှင်းတာ အပထား၊ ကျန်ရစ်မိခင်မျောက် ကြီးရဲ့ချေးခါးမှုလိုချင်တဲ့ ဒကာရဲ့မိတ်ဆွေအကြောင်း ဒကာ သိလာလိမ့်မယ်၊ ကိုယ်ရဲ့ အရေးကိစ္စအတွက် သူတစ်ပါး အသက်နဲ့ရင်းရတဲ့ မျောက်ချေးခါးက ဘာများ အဖိုးတန်နေ သလဲ၊ မျောက်စားတဲ့ အစားအစာက နေမဝင် ဖြစ်အံ့ဆဲဆဲ ကို ဆေးအဖြစ်သုံးတယ်ဆိုတော့ ဒကာသာ စဉ်းစားပါ"

ရသေ့ကြီး၏ စကားတို့သည် ကျန်ရစ် ဟူသော မျောက်ကလေး၏ ရာဇဝင်သာမက ကျွန်ုပ်မိတ်ဆွေကိုပါ သိသလို ပြောနေသဖြင့် စဉ်းစားရခက်လေ၏။

"ဒကာ ကျုပ်လဲ မကြာခင် နေရာပြောင်းတော့မယ်"

"အရှင်ဘုရား ဘယ်လိုဖြစ်လို့လဲ" ဟု ရုတ်တရက် မေးလိုက်လျှင် "ကျုပ်ရှိနေရင် မျောက်မိသားစုလဲ ကျုပ်နဲ့အတူ ရှိနေလိမ့်မယ်၊ ဒီအနီးအနားမှာ မြင်နေကြရရင် တစ်ချိန် မဟုတ် တစ်ချိန် သတ်ကြ ဖြတ်ကြဦးမယ်"

ဪ, ကျွန်ုပ် တွေးလိုက်မိ၏။

ကျန်ရစ်အတွက် ငဲ့ညှာလေ၍ ရသေ့ကြီး ဝေးရာသို့ ရှောင်ခွာသွားမည် ဖြစ်၏။ အမှန်တကယ် ကျွန်ုပ်တို့အဖွဲ့ သည်လည်း နေရာပြောင်းရွှေ့ရတော့မည်ဖြစ်၍ . . .

"ရသေ့ကြီး၊ တပည့်တော်တို့လဲ ပြောင်းကြတော့မယ် ဒါကြောင့် အေးအေးချမ်းချမ်း ဒီမှာဆက်ပြီးနေပါ" ဟုဆိုလျှင် ရသေ့ကြီး ဖြည်းညင်းစွာ ခေါင်းခါလျက် နောက်ပြန်လှည့်ကာ ရသေ့ရဟန်းအလုပ်ကို ဆက်လုပ်နေ၏။

ကျွန်ုပ်နှင့် ထိုစကားပြောခြင်းသည် အချိန်အကြာဆုံး စကားပြောခြင်းသာ ဖြစ်လေသည်။ ကျွန်ုပ်တို့ စခန်းပြောင်းရန် (၂)ပတ်ခန့်အလိုတွင် ကျယ်ခနဲ ကြားရပြန်၏။

ဦးမှော်၏တူ သစ်လုပ်သားသည် သူ့ဦးလေးအတွက် လက်စားချေရန် ရသေ့ကြီးကျောင်းအနီး ဝါးရုံတွင် ကျန်ရစ် ဟူသော မျောက်ကို သတ်ဖြတ်ရန် သွားရောက်ချောင်းမြောင်း လေ၏။ သူချောင်းမြောင်းနေစဉ် ငန်းမြွေကိုက်၍ နေရာတွင် လဲနေလေ၏။

သူ့အတွက် အသက်ကယ်ရန် နည်းလမ်းက ရှာမရ ကျွန်ုပ်အပြေးအလွှားပင် ရသေ့ကြီးကျောင်းရောက်သွား၏။ ရသေ့ကြီးကျောင်းရှေ့ ကွပ်ပျစ်တွင် ပက်လက်အနေအထား နှင့်ဖြစ်ပြီး ကျွန်ုပ်ရောက်သည်နှင့်. . . .

"မစိုးရိမ်ပါနဲ့ ဒကာ၊ ခဏနေရင် ကျန်ရစ် ပြန်ရောက် လာပါလိမ့်မယ်၊ ကျုပ် အတွေ့စောလို့သာပေါ့၊ မြွေကြီးကလဲ သဲကြီးမဲကြီး ပေါက်နေတာ၊ ဘောင်းဘီဝတ်ထားလို့ သက်သာ ခွင့်ရတယ်" ဟုဆိုကာ ဘောင်းဘီကို လှန်ပြရာ မြွေကိုက်



www.burmeseclassic.com

www.burmeseclassic.com

ထားသော အစွယ်ရာလေးချက် တွေ့ရ၍ အနည်းဆုံး မြွေနှစ်ကြိမ် အပေါက်ခံရသည်ကို စဉ်းစားမိသည်။

ကျန်ရစ် ဟူသော မျောက်ကလေးနှင့် မြွေပေါက်ခံရသည့်လူနှင့် မည်သို့ဆက်နွယ်သနည်း စဉ်းစားနေစဉ် တခွီးခွီး အော်သံပြုလျက် ကျန်ရစ် ရသေ့ကြီးနား ပြေးရောက်လာ၏။

ရသေ့ကြီးက မျောက်ကလေး၏ လက်မှ ကျောက်ကျောက်ကဲ့သို့ ပြောင်ပြောင်အိအိ အခဲကို လှမ်းယူလိုက်သည်။ ဗိုက်တွင်ကလေးပါသော မျောက်မကလည်း ကျန်ရစ်နားတွင် ထိုင်နေသည်။

ရသေ့ကြီးက ကျန်ရစ်ထံမှရသော ပြောင်ပြောင်လက်လက် ပျော့ပျော့အိအိ အတုံးအခဲကို ဝါးရေခွက်တွင် ဖျော်နေပြီ။ မြွေကိုက်သည့် ဒဏ်ရာကို လိမ်းပေးနေစဉ် ထိုဝါးရေခွက်ကို မီးဖိုနားတွင် အပူဓာတ်ပေးရာ တစ်ခဏအတွင်း ပွတ်ပွက်ဆူလာသည်။

“ကဲ. . . ဒကာ၊ အအေးခံပြီး မြန်မြန်ဆေးတိုက်”

မြွေကိုက်ခံရ၍ မလှုပ်မယှက် ရှိနေသူအား အရည်ဝင်အောင် တိုက်ရသည်ကား မလွယ်ကူချေ။ ခဲရာခဲဆစ် ဇွန်းဖြင့် ဆေးတိုက်ရလေ၏။

ဆေးတိုက်၍ ကုန်သွားလျှင် ရသေ့ကြီးက. . .

“ဒကာ လူနာကို ဒီမှာထားခဲ့၊ လူနာစောင့် တစ်ယောက် ပါထားခဲ့၊ မနက်ဖြန်ကျမှ လာခေါ်ပါ” ဟု ဆိုလေသည်။ ထို့နောက် ကျွန်ုပ် ပြန်သွားခဲ့လေသည်။ နောက်တစ်မနက် ကျွန်ုပ်သွားလျှင် လူနာသည် စကားပင်ပြောနိုင်နေ၏။

အသားအရေက သွေးရောင်မရှိ မည်းချိပ်နေလေသည်။ ရသေ့ကြီးက ကျွန်ုပ်တို့ကို ကြည့်နေစဉ် . . . .

“တောက် . . . တောက် . . . တောက်”

ဝါးအုန်းမောင်းခေါက်သံကြား၍ လှည့်ကြည့်လိုက်ရာ ကလေးကို ဗိုက်တွင်ထား၍ မျောက်မလေးက အုန်းမောင်းခေါက်တုတ်ဖြင့် ခေါက်နေသည်ကိုတွေ့ရ၍ အံ့ဩစဉ် . .

“ကဲ. . . ဒကာ စောင့်ဦး၊ ကျုပ် သစ်သီးဆွမ်းလေး စားလိုက်ဦးမယ်” ဟုဆိုကာ ရသေ့ကြီး အသီးအရွက်တို့ကို စားနေ၏။

“ဟိုကလေးမ ရော့. . . ရော့” ဟုဆိုလျှင် ကျွန်ုပ် လှည့်ကြည့်ရာ ကျန်ရစ်၏မိန်းမ(မျောက်မလေး)ကို ရသေ့ကြီး ပြောဆိုနေပြီး သလဲသီးကို ပေးလိုက်၏။ မျောက်မလေးက ကြွေရရပင် ယူငင်ကာ စားသောက်နေ၏။ သလဲသီးစားနေသော မျောက်မက ကွီးခနဲအော်ကာ အပြင် ပြေးထွက်သွား၏။

သြော် . . **ကျန်ရစ်** ပြန်လာသဖြင့် ပြေး၍ကြိုခြင်း ဖြစ်သည်။ ကျန်ရစ်၏ လက်နှင့်ကိုယ်လုံးတွင် နွယ်များပတ်လာလေ၏။ ဤနွယ်များကို ကျွန်ုပ် ကောင်းစွာ သိသည်။ ကရဝေးရွက်ကဲ့သို့ မာဆတ်သောအရွက်၊ ကွမ်းနွယ်ကဲ့သို့ အဆစ်မှ အမြစ်ထွက်ပြီး အရိုးမာ နွယ်ပင်များဖြစ်၏။ ထိုနွယ်များကို ရသေ့ကြီးထံ ကျန်ရစ် ယူသွား၏၊ ရသေ့ကြီးက ထိုနွယ်များကိုယူ၍ ကျန်ရစ်ကို တောင့်ကပ်ပျောသီးတစ်လုံး ပေးလိုက်ရာ သူ့အနည်းငယ်စားပြီး မျောက်မလေးကို ကျွေးလေသည်။

“ကဲ. . . ဒကာ၊ ဒီအပင်ကိုတော့ ဒကာ သိမှာပါ၊ ဒီနေ့ ဒါကို အရည်ညှစ် ရေများများနဲ့တိုက်၊ အဆိပ်တွေ ဆီးထဲပါသွားလိမ့်မယ်၊ နှစ်ရက် သုံးရက်ဆို မူလအသားအရေ ပြန်ဖြစ်သွားမှာပါ၊ ကျန်ရစ်ရဲ့ ကျေးဇူးကြောင့် အသက်ရှင်ခွင့် ရတာဖြစ်လို့ ကျန်ရစ်တို့မိသားစုကို ရန်မရှာကြပါနဲ့၊ ဒကာတို့ မပြောင်းရင် ကျုပ်တို့ပဲ ပြောင်းပါ့မယ်”

ရသေ့ကြီး စကားက ကြည်လင်သလို ပြတ်သားမှုရှိသည်။ မာကျောခြင်းတော့ မရှိ။ ကျွန်ုပ်ကလည်း ရသေ့ကြီး စိတ်အနှောင့်အယှက် မဖြစ်စေချင်၍ မနက်ဖြန် ကျွန်ုပ်တို့ ပြောင်းရွှေ့မည့်အကြောင်း ပြောပြကာ လူနာကို ခေါ်လျက် ပြန်လာကြလေသည်။

ကျွန်ုပ်တို့ ထိုနေရာမှ (၁၂)မိုင်ခန့်ဝေးသော နေရာသို့ ပြောင်းရွှေ့ခဲ့လေသည်။ ထိုရက်အတောအတွင်းမှာပင် ကျွန်ုပ် ကျုံပျော်မြို့သို့ ပြန်ခဲ့လေသည်။ ထိုမြို့တွင် ကျွန်ုပ်၏ မိတ်ဆွေရှိလေသဖြင့် သွားရောက်ခဲ့လျှင် ကြားလိုက်ရသော သတင်းကား မသက်သာလှ။

ကျွန်ုပ်မိတ်ဆွေ မျောက်ချေးခါး လာယူခြင်းသည် သားနှင့်ချွေးမ ခုခံအားကျဆင်းရောဂါအတွက် မြန်မာဆေးဓာတ်စာအဖြစ် ကျွေးမွေးခြင်းဖြစ်သော်လည်း ပျောက်ကင်းမှု မရှိသည့်အပြင် သားနှင့်ချွေးမ သေဆုံးသွားလေ၏။ သူသည်လည်း မျောက်ချေးခါးကို နှစ်ရက်ခန့် နေ့စဉ်စားသုံးလိုက်ရာ ပွေးကွက်များကဲ့သို့ အနာကြီးများ ပေါ်ထွက်လာကြောင်း၊ ဓာတ်ခွဲ စမ်းသပ်သော်လည်း အနာကြီးရောဂါ မဟုတ်ဟု သိရလေ၏။





www.burmeseclassic.com

www.burmeseclassic.com

သူသည် ရှက်၍ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နေလေသည်။ မျောက်ချေးခါးကြောင့် ရင်းစားရသော ဘဝတို့က အဆုံးမသတ်နိုင်သေးချေ။ နောက်ဆုံးအကြံအဖြစ် မိတ်ဆွေကြီးကို ရသေ့ကြီးထံသွားရန် ပြောပြမိ၏။

မျောက်ကလေး ကျန်ရစ်မှ ပတ်သက်လေသမျှသော အဖြစ်တို့ကား ပြီးဆုံးခြင်းမရှိသေးကြောင်း ကျွန်ုပ် သိလိုက်ရလေ၏။

## စာစု (၄)
## သွေးကြွေး၏ သံသရာ

မျောက်ချေးခါး ဟူသည် အဘယ်သော အကြောင်း အမျိုးမျိုး ဆိုကြပါစေ။ မျောက်၏ မစင်ဖြစ်ရန် အချိန်အနည်းငယ်အလိုတွင် မျောက်ချေးခါးဟု ဆိုခြင်းဖြစ်သည်။ အသီးအရွက်အစုံကို စားသော မျောက်တို့၏ အာဟာရသည် သွေးသားထဲ ရောက်ရှိပျံ့နှံ့သွားမည်မှာလည်း စဉ်းစားရန် မလို။

ကျွန်ုပ် ပေးသော အကြံကို ကျွန်ုပ်မိတ်ဆွေ လက်ခံသော် ရသေ့ကြီးထံသွားပေလိမ့်မည်။ ရသေ့ကြီးသည် မျောက်ကလေးကျန်ရစ်ကို စေခိုင်းသည်က တစ်ချက်၊ မျောက်မလေးသည် ရသေ့ကြီး သစ်သီးဆွမ်းအချိန်ကို အုန်းမောင်းခေါက်ခြင်းကြောင့် ရသေ့ကြီးနှင့် မျောက်ကလေးများ၏ ဆက်သွယ်မှုက တစ်မျိုး ရှိနေရမည်။

အဆိပ်ကို ပျောက်ကင်းစေသော အရောင်လက် အစေးအခဲလေးနှင့် ကွမ်းရွက်ပုံနွယ်များအရ ထူဆန်းသော အသီးအရွက်တို့၏ ဆေးသဘာဝကို နားလည် တတ်ကျွမ်းနေမည်ကလည်း အထင်အရှား။ ရသေ့ကြီး၏ တချို့တချို့သောသဘောထား၊ အပြောအဆိုတို့က မျောက်ကလေးများနှင့် စိတ်သဘောချင်း ဆက်နွယ်နေသကဲ့သို့ ရှိ၏။

ကျွန်ုပ်မိတ်ဆွေသွားလျှင် အကျိုးမယုတ်နိုင်ကြောင်း ခန့်မှန်းမိ၍ ပြောဆိုခဲ့ခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် ကျွန်ုပ် စခန်း ရှိရာသို့ ပြန်ရောက်ပြီး ရက်နည်းငယ်တွင် တော်ဆင်သင်းကွဲလက်ကောက်ကြီး ပြဿနာက ပေါ်လာသည်။

လက်ကောက်ကြီးသည် သစ်လုပ်သားများသာမက ပတ်ဝန်းကျင်အနှံ့ ကြောက်ရွံ့ရသော သတ္တဝါတစ်ကောင် ဖြစ်လာ၏။ ထိုအချိန်တွင် ဓာတ်သတ္တုရှာဖွေရေး သုတေသန ပညာရှင်များသည် ကျွန်ုပ်ထံရောက်လာပြီး ကျွန်ုပ်စခန်းမှာ ပင်နားနေကာ လမ်းပြအဖြစ် အကူအညီပေးရန် တောင်းဆိုလေသည်။

ကျွန်ုပ်ကလည်း အတွေ့အကြုံအရ ရင့်ကျက်နေသူ၊ ကျွန်ုပ် စစ်မှုထမ်းစဉ်ဘဝကပင် လမ်းပြ မုဆိုးတို့ကို ငှားရမ်းခဲ့ဖူး၏။ လမ်းပြ မုဆိုးတို့ကို လက်နက်မပေးထားချေ။ ပေးထားပြန်လျှင်လည်း ကျား၊ ဝက်ဝံ၊ ဆင်တို့၏ အန္တရာယ် ကြုံက လက်နက်နှင့် ဖြေရှင်းလျှင် ဥပဒေနှင့် ရင်ဆိုင်ကြရသည်။

ဆင်ပစ်သော မုဆိုးလမ်းပြတို့ကို ကျွန်ုပ်တို့ပင် အကာအကွယ်မပေးနိုင်ခဲ့။ ယခု ကျွန်ုပ်ကို လမ်းပြအဖြစ် အကူအညီတောင်းသော် အာမခံမှုလိုအပ်လေသည်။ မိမိအသက်နှင့် သားကောင်ရင်ဆိုင်ခဲ့လျှင် ကြုံတွေ့တတ်သော အခက်အခဲအတွက်ပြောပြလိုက်လေရာ "ဖိုးဇီးရှိုးဖိုက်ဝမ်း"ဟူသော စစ်သုံး ဆက်သွယ်ရေးစက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြလေသည်။

ဆင်၊ ကျား၊ ဝက်ဝံ၊ ပြောင် လေးမျိုး ရင်ဆိုင်တွေ့က အသက်ရန်အန္တရာယ်အတွက် ကာကွယ်နိုင်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့လည်း တိုင်းဦးစီးဌာနများမှတစ်ဆင့် တင်ပြထားပေးပြီးဖြစ်ကြောင်း ပြန်ကြားရုံသာမက နိုင်ငံခြားသား သုတေသန ပညာရှင်များကို အထူးဂရုစိုက်ပေးရန် ဆက်သွယ်ရေးစက်မှ ကြေးနန်းစာ ပြန်လာလေသည်။

လုံခြုံရေး လိုက်ပါလာသော အဖွဲ့သည် ခလရ (၃၆) မှဖြစ်၏။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဓာတ်သတ္တု သုတေသနအဖွဲ့နှင့်အတူ လိုက်ပါသွားခဲ့လေသည်။

ထိုနေရာမှာ ပတ်ဝန်းကျင် တောနက်ထဲ တစ်နေရာပြီး တစ်နေရာရှာဖွေခဲ့ကြ၏။ ကရင်မ တောင်ခြေမှ စီးဆင်းနေသော ကရင်မချောင်းက လွန်စွာ နာမည်ကြီး၏။ "မုဆိုးသေ" ရေအိုင်ဟု နာမည်ကြီးသော ချောင်းခွဲလေးများ ဖြာထွက်ရာ နေရာတွင် ထိုရေအိုင် ရှိ၏။

ကျွန်ုပ် ကြုံခဲ့ရသော မြန်မာပြည်အနှံ့က ကျားသေချောင်း၊ ဆင်သေအိုင် စသော အမည်များသာ ရှိပြီး ယခု "မုဆိုးသေအိုင်"ဟု နာမည်ကြီးသော နေရာကို ရောက်လာလေ၏။ ကျွန်ုပ် ခါးတွင် အမြဲပါလေ့ရှိသော လိုင်းဘယ်ရီကြိုး အသေးသည် ပေ(၂၀၀)ထက် ကျော်လွန်နေ၏။

ကျွန်ုပ်သည် ထိုရေအိုင်ကို အင်္ဂလိပ်စစ်သုံး မြေပုံဟောင်းနှင့် တိုက်ဆိုင်ကြည့်ရှုလျှင် ရှေးယခင်က ဤရေအိုင်ထက် ရေပြင်ပိုမိုကျယ်ဝန်းနိုင်သည်။ ပတ်ဝန်းကျင်တွင် မြေနိမ့်ရွံ့နွံ့ သင်္ကေတများ တွေ့ရှိရ၍ နွံ့အိုင်ဖြစ်မည်ကို ခန့်မှန်းမိသည်။ ထိုနေရာတွင် ကျွန်ုပ်တို့ သုံးရက်ခန့် ကြာမည်ဖြစ်၍ တပည့်ကျော် ဖိုးတောက်ကို ညစာချက်ရန် စီစဉ်ခိုင်းပြီး ရေအိုင်ထဲသို့ အတတ်နိုင်ဆုံး မဆင်းကြရန် ကြိုတင် မှာထားလေသည်။

ထိုညနေတွင် ကျွန်ုပ် ထိုရေအိုင်ကြီးကို လေ့လာလိုက်၏။ တောင်စောင်းချောင်းကမ်းပါးမှ သစ်ပင်ကြီးသည် ဘေးသို့ ယိမ်းယိုင်ကာ သစ်ကိုင်းများက ရေအိုင်အစပ်ကို ကျနေသည်။ ရေပြင်နှင့် သစ်ကိုင်းက ထိလုနီးပါး။ တောင်နှစ်လုံးကြားမှ ကျဉ်းမြောင်းစွာ ဖြတ်စီးသောရေသည် ဤနေရာတွင် ချောက်ကမ်းပါးအနက် ဖြစ်သွားနိုင်သည်။ ပတ်ဝန်းကျင် ရေတိုက်စားမှုကြောင့် ကျယ်ပြန့်သွားလိမ့်မည်။

ကျွန်ုပ် နေမဝင်မီ ငေးမောကြည့်ရှုနေစဉ် "ဝုန်း ဝုန်း" ဟူသောအသံကြောင့် ကြည့်လိုက်ရာ ရေထဲကို လူနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ခုန်ဆင်းသွားလေသလား။ ချောင်းကမ်းပါး သစ်ပင်ပေါ်မှ ခဲရာခဲဆစ် မည်သူမျှ ခုန်မဆင်းနိုင်။ ကျွန်ုပ် ဖိုးတောက်ကို လူစစ်ခိုင်း၏။ ရေတွက်ကြည့်သော် လူဦးရေက အပြည့်ရှိ၏။

ကျွန်ုပ် မည်သူကိုမျှ ပြောပြခြင်း မရှိဘဲ ခတ်မီးကို ခတ်ခဲအသစ် လဲခိုင်းထား၏။ ညရေးညတာအတွက် ကြို တင် ပြင်ဆင်လျက် ရိုင်ဖယ်ပြောင်းကို တိုက်ချွတ်ထားလိုက်သည်။ ဖိုးတောက်က ထုံးစံအတိုင်း သစ်ကိုင်း၊ သစ်ခက်၊ အညွန့်များနှင့် ဗေဒင်ဆရာတို့ ထုံးစံနှင့်အတူ အကာအကွယ် အစီအမံများ ပြုလုပ်နေ၏။

ကျွန်ုပ် အိပ်၍ကောင်းနေစဉ် ဖိုးတောက်မှ လက် တုတ်၍ "ဆရာ. . . ဆရာ"ဟု တိုးတိုးလှုပ်နိုး၍ ကျွန်ုပ် ထထိုင်လိုက်စဉ် "ဝုန်း. . ဝုန်း. . ဖြောင်း . . ဖြောင်း"အသံများ ထွက်လာ၏။ ရေအိုင်ကြီးမှ ဖြစ်လေ၍ ခတ်မီးကို ကိုင်ကာ သေနတ်ကို ဆွဲ၍ ရေအိုင်အနီး လျှောက်သွားခဲ့၏။

"ဗုန်း. . . ဖွမ်း"အသံ ထပ်မံထွက်ပေါ်လာ၍ ခတ်မီး နှင့် ထိုးလိုက်စဉ် မည်းခနဲအရိပ်နှစ်ခု တွေ့လိုက်ရပြီး ရေလှိုင်း ဂယက်များ ထသွားစေသည်။ ကျွန်ုပ် ပတ်ဝန်းကျင်တစ်ခုလုံး ကို ခတ်မီးထိုးကြည့်၏။ တောင်ကြားလေက လွန်စွာအေး ၏။ ညဥ့်ငှက်အော်သံများကြောင့် တိတ်ဆိတ်မှုက ကြောက် စိတ်ကို တိုးပွားစေသော်လည်း ကျွန်ုပ်အတွက်ကား သာမန် တု သဘောထားမိ၏။

သို့သော် ရေအိုင်နှင့်ပတ်သက်သော အမည် ရေအိုင် မှတွေ့ကြုံရသော နှစ်ကြိမ်မြောက် အတွေ့အကြုံကို သုံးသပ် စဉ်းစား၏။ အဖြေ ရှာမရ။

"ဆရာ. . . ဘာတွေ့ခဲ့လဲ"

ဖိုးတောက် မေးလျှင် . . .

"ဖိုးတောက် မိုးလင်းတော့မယ်၊ မအိပ်တော့နဲ့၊ ဒီရေ အိုင်မှာ ဘယ်သူမှ မဆင်းစေနဲ့ မျက်နှာတောင် မသစ်နဲ့၊ ဟို ခပ်ဝေးဝေးမှာ မျက်နှာသစ် ရေချိုးကြ"

ထိုသို့ တားမြစ်ရသော အကြောင်းရင်းက ကျွန်ုပ် မျက်မြင်ဖြစ်သော်လည်း အကြောင်းအရာကို ကွဲကွဲပြားပြား မသိရသေး၊ အန္တရာယ်ကတော့ လက်တစ်ကမ်းတွင်ရှိနေ၏။

မိုးလင်းလျှင် ဖိုးတောက်က နိုင်ငံခြားသားများနှင့် အဖွဲ့အားလုံးကို ပြောပြနေ၏။

ထိုမနက်တွင် မျောက်အုပ်သည် ကျွန်ုပ် ပတ်ဝန်းကျင် တွင်ရှိနေ၍ ပစ်ခတ်ရန် လက်ယားနေ၏။ *ကျန်ရစ်* ဟူသော မျောက်မိသားစုကို သတိရစိတ် ဖြစ်ပေါ်မိလေသည်။

ခတ်သတ္တု ရှာဖွေရေးအဖွဲ့က တစ်နေကုန်နီးပါး သူတို့အလုပ် သူတို့လုပ်နေ၏။ ကျွန်ုပ် အလုပ်က ရေအိုင်ကြီး အနီး တစ်နေကုန် ထိုင်ကြည့်နေမိသည်။ အပေါ်ယံရေလွှာက ကြည်လင်နေပြီး အောက်ပိုင်းက မည်းနက်ညိုမှောင်နေသည်။ ကျွန်ုပ် ချောက်ကမ်းပါးအတိုင်း ကိုင်းနေသော သစ်ပင်ကြီး ဆီသို့ တရွေ့ရွေ့လျှောက်သွားကြည့်၏။ ခပ်လှမ်းလှမ်းအထိ သာ သွား၍ရသည်။ ကြီးမားသော ပင်စည်ကြီးကိုသာ ခပ် လှမ်းလှမ်းမှ မြင်တွေ့ရလေသည်။ ထိုနေ့ညတွင် ကျွန်ုပ် ရေအိုင်ကြီးအနီးတွင် ခတ်မီးကို ကိုင်လျက် စောင့်ကြည့် နေခဲ့သည်။

ည ၂ နာရီခန့်အရောက် ရေဘဲအုပ်သံနှင့်အတူ ထိုင် နေသော သစ်ပင်ကြီးနားမှတစ်ဆင့် ရေအိုင်ကြီးထဲတွင် ရေဘဲ အုပ် မြူးနေ၏။ ကျွန်ုပ် ခတ်မီးကိုလည်း မထိုးရဲသေး။ အဖြေကို စောင့်ကြည့်ရန်အချိန်ဖြစ်လေ၍ တိတ်တဆိတ်ပင် နေလိုက်သည်။

"ဝုန်း . . . ဝုန်း . . . ဗွမ်း " အသံနှင့်အတူ ဘဲအုပ် ညအမှောင်တွင် လန့်အော်ပြေးသလို ကျွန်ုပ် ခတ်မီးက အလင်း ဖြာခနဲလင်းသွားလေသည်။ မည်းမည်းရှည်ရှည် အရာနှစ်ခုက မီးရောင်ကြောင့် ရေထဲ ပျောက်ကွယ်သွား၏။ ကျွန်ုပ် ယာယီတဲရှိရာ ပြန်လာခဲ့ပြီး ဖိုးတောက်ကို နှိုးကာ သတ္တုရှာဖွေရေးအဖွဲ့ကို သေနတ်သံကြားက မထိတ်လန့်ရန် ကြိုတင်ပြောပြလိုက်၏။ အိပ်နေဆဲဖြစ်၍ ကင်းသမားကို ပြောခိုင်းလိုက်သည်။

ချက်ချင်းပင် ထိုရေအိုင်ကြီးရှိရာသို့ ပြန်လာခဲ့လေ သည်။ နံနက် မိုးလင်းခါနီးအထိ လှုပ်ရှားမှုကို မတွေ့ရသေး၊ အလင်းရောင် စ၍ဝင်လာချိန် လေးပေခွဲခန့်ရှိသော မည်း မည်းသဏ္ဍာန်နှစ်ခု တွေ့လိုက်ရ၍ ခတ်မီး မထိုးတော့ချေ။ မှုဆိုးလက်ဖြစ်၍ ဤအလင်းရောင်ဖြင့် ဆိုလျှင် စိတ်ချရသော အနေအထား အရောက် . . .

"ဒိုင်း . . . ဂလောက် . . . ဒိုင်း . . . "

တစ်တောင့်ချင်း ကျည်ထိုး၍ နှစ်ချက်ပစ်လိုက်လျှင် ကမ်းပါးယံစောင်းမှ ဖုတ်ခနဲ ဖုတ်ခနဲ ပြုတ်ကျလာ၏။

ရေအိုင်ထဲမှ ကမ်းပါးယံစောင်းသို့ တက်လာသော ဖွတ်ကြီး နှစ်ကောင် ဖြစ်လေသည်။

ဖိုးတောက် ရောက်လာလေပြီး . . .

"ဆရာ ဘာကောင်တွေလဲ"

ကျွန်ုပ် ဖိုးတောက်ကို ခေါင်းညိတ်ပြလိုက်ပြီး . . .

"ဒီကောင်တွေ ငယ်သေးရင် ပိုးကောင်၊ မွှားကောင် တွေ သစ်ပင်နဲ့ မြေပြင်မှာ အစာရှာတယ်ကွ၊ အကောင်ကြီး လာတော့ ရေအိုင်တွေထဲက ငါးတွေကိုလဲ စားတယ်၊ ရေတိမ် ရင် ရေဖိအားနည်းတယ်၊ ကြာကြာ ငုပ်နိုင်တယ်၊ ရေနက်နက် မှာငုပ်နေရင် ကြာကြာ မငုပ်နိုင်ဘူး၊ ရေဘဲပေါက်တွေကို အလွယ်တကူ ဖမ်းစားတယ်၊ ဖွတ်က အဆိပ်ရှိတယ်၊ သား ကောင်ငယ်ရင် ဖမ်းစားနိုင်တယ်"

ကျွန်ုပ် စကားကြောင့် ဖိုးတောက် အံ့ဩနေသည်။

"ဒါကြောင့် ဖွတ်တွေက လျှာပါတော့ အရသာ ပိုသိ တယ်၊ မိကျောင်းက လျှာမရှိတော့ ဖွတ်လောက် အရသာ





www.burmeseclassic.com

www.burmeseclassic.com

မသိဘူးပေါ့ကွာ၊ ဒီလိုကြောင့် ဖွတ်က ရေမှာ နေပြီဆိုရင် ရှေးလူကြီးတွေက 'ဖွတ်မိကျောင်းရှိရင် ချောင်းပျက်တယ်'လို့ ပုံနှိုင်းတာပေါ့ကွ" ဟု ဆိုလေမှ ဖိုးတောက် သဘောကျကာ "ဖွတ်မိကျောင်းရှိရင် ချောင်းပျက်တယ်" ဟူသော စကားကို သဘောကျစွာ နေလေ၏။

(မှတ်ချက် - ဖွတ်တချို့သည် တောဝက်၊ ချေတို့ကို တိုက်ခိုက်သတ်ဖြတ်သည်။ အစွယ်ကလေးများတွင် အဆိပ်ရှိသည်။ အနံ့ခံနိုင်သော သတ္တဝါဖြစ်ပြီး အာဖရိက ဖွတ်တို့က ပိုမို ရက်စက်ကြမ်းကြုတ်သည်။)

ထိုနေရာ၌ ကျွန်ုပ် သုံးရက် နေခဲ့လေပြီး နေရာရွှေ့ပြန်သည်။ ကျွန်ုပ်သည် ချမ်းစိမ့်စိမ့်အရသာ ခံစားနေရသဖြင့် ဖိုးတောက်ကို ကျွန်ုပ် ငှက်ဖျားဝင်နိုင်ကြောင်း ပြောပြလိုက်သည်။ သတ္တု ရှာဖွေရေးအဖွဲ့ကလည်း ကျွန်ုပ်ကို ဆေးတိုက်သည်။ ဆေးများက လွန်စွာပြင်းသဖြင့် ခေါင်းများပင် မူးဝေနေသည်။ အသုံးအဆောင် ပစ္စည်းများကို ဖိုးတောက်ထံ အကုန်ပေးရ၍ ဖိုးတောက် ပို၍ပင်ပန်း၏။

ဤသို့ဖြင့် ခရီးဆက်၍သွားခဲ့ရာ ဂွနှင့် သာပေါင်းမြို့နယ်အစပ် သစ်တောသို့ ရောက်သွားလေသည်။ တောက ပို၍နက်သော်လည်း ကျွန်ုပ် တောလည်ခဲ့သော နေရာဖြစ်၍ အခက်အခဲမရှိ။ ဖိုးတောက်ကို အရှေ့တောင်ဘက်သို့ ဦးတည်ခိုင်းလိုက်သည်။

တစ်နေ့နီးပါး သွားခဲ့ကြပြီး ဆင်ခြေရာများကို တွေ့ရသဖြင့် ဆင်ရိုင်းအုပ်ရှိနိုင်ကြောင်း ဤနားတစ်ဝိုက်၌ ရှိနေကြောင်း ပြောပြလိုက်၏။

ကျွန်ုပ် စခန်းချ ရပ်နားစဉ်မှာပင် ငှက်ဖျားအရှိန်၊ ဆေးအရှိန်ကြောင့် ပင်ပန်းနွမ်းနယ်ကာ အိပ်ပျော်သွားလေ၏။ အိပ်မက်ဆိုးများလည်း မြင်မက်၏။

ရသေ့ကြီးနှင့် ကျွန်ရစ် ဟူသော မျောက်မိသားစုကိုလည်း တွေ့နေရသည်။ ထိုသို့ဖြစ်နေစဉ် နံနက်မိုးလင်းချိန်၌ "တဝုန်းဝုန်း၊ တဖြောင်းဖြောင်း"နှင့် အသံများကြောင့် အားလုံး အထိတ်တလန့် ဖြစ်ကုန်သည်။ ဆင်ဖြစ်မည်ကို မှန်းဆနေခိုက် လုံခြုံရေးအဖွဲ့၏ ခြောက်လှန့် ပစ်ခတ်သံကြောင့် ဆင်သံ တိတ်ဆိတ်သွားသည်။

ကျွန်ုပ် ခေါင်းများက မူးဝေနေ၏။ ကျွန်ုပ် မျက်နှာသစ်ရန် ဖိုးတောက် ချောင်းအတွင်းဆင်း၍ ရေဆင်းခပ်စဉ် "ဝူးခနဲ" ဆင်အော်သံနှင့်အတူ "ကျွီ" ဟူသော ဆင်တို့၏ ဒေါသသံ ကျွန်ုပ်နားထဲ ကြားလိုက်ရ၏။

"ဆရာ . . . ကယ်ပါဦး"

ရိုင်ဖယ်ကိုဆွဲကာ ပြေးဆင်းလိုက်မိ၏။ ဖိုးတောက် ချောင်းရေပြင်မှ ကမ်းပါးယံ သဲပြင်ဆီ ပြေးလာနေ၏။

"လက်ကောက်" မှ လက်ကောက်အစစ်။ အဖော်ဆင်မတစ်ကောင်နှင့် မုန်စိတ်ဝင်နေပုံရသည်။

ဉာဏ လုံခြုံရေးအဖွဲ့၏ ခြောက်လှန့် ပစ်ခတ်မှုကို ခံထား၍ ဒေါသလည်း ဝင်နေပုံရ၏။ ကျွန်ုပ် ပြေးလွှားရင်း ရိုင်ဖယ်မောင်းကို တင်လိုက်သည်။ အချိန်ဆွဲ၍ မရ၊ မိနစ်ပိုင်းအတွင်း ဖိုးတောက် မြေပြင်တွင် ပြားပြားမှောက်သွားလိမ့်မည်။ ကြောက်လန့်တကြား ဖိုးတောက်အော်သံက ငယ်သံငယ်ရင်း ပါနေ၏။

"ဒိုင်း"

ကျွန်ုပ် သေနတ်သံ ထွက်သွား၏။ "ကျွီ" ဟူသော ဆင်အော်သံနှင့် ဆင်နှစ်ကောင် တံ့ခနဲ ရပ်သွား၏။

ဖိုးတောက် ပြေးလမ်း ပို၍ကောင်းသွား၏။ ကျွန်ုပ်ကိုပင် ဝင်တိုက်လုမတတ် ပြေးထွက်သွား၏။

"ဝူး" ဆင်အော်သံ စူးခနဲ ကြားရပြန်သည်။

ရိုင်ဖယ်ကို ကျည်ထိုးလိုက်သော်လည်း ကျည်မဝင် ညပ်သွားလေသည်။ ကျွန်ုပ် အခက်အခဲ ဖြစ်သွား၏။ လက်ကောက်ကြီး ကျွန်ုပ်ထံ ပြေးဝင်လာလေသည်။ ကျွန်ုပ် လွန်စွာ ထိတ်လန့်သွား၏။

ဖိုးတောက် လွတ်သွားသော်လည်း ကျွန်ုပ်သာ ကျန်ရှိတော့၏။ ဆင်နှစ်ကောင် ကျွန်ုပ်ထံ ပြေးဝင်လာလေသည်။ ကျွန်ုပ်လှည့်ကာ ပြေးလိုက်သော်လည်း ကမ်းပါးယံမှ (ကြက်ဥကြိမ်)ကုလားထိုင် ကြိမ်နွယ်က ခြေထောက်ကို ငြိကာ ဆွဲလှဲလိုက်သလို ဖြစ်နေသည်။ ရိုင်ဖယ်သေနတ်ပင် လွင့်စဉ်သွား၏။ အလျှင်အမြန်ပင် ပက်လက်လှန်ကာ ထလိုက်လျှင် ဝါးတစ်ရိုက်ခန့် အကွာသို့ ဆင်နှစ်ကောင် ရောက်နေလေသည်။ သေခြင်းတရားနှင့် ကျွန်ုပ် ဝါးတစ်ရိုက်အကွာဟု ဖွင့်ဆိုရပေမည်။

"ကျွီ"

ထိုအသံကြောင့် ကျွန်ုပ် မျက်လုံး မှိတ်ပေးလိုက်၏။

ကျွန်ုပ် ပစ်ခတ်ခဲ့သော သားကောင်များ၊ လတ်တလော ပစ်ခဲ့သော ဖွတ်နှစ်ကောင်သည် ဆင်ကြီးများအလားစီကာစဉ်ကာ ပေါ်လာလေသည်။ ခေါင်းများ မူးဝေမှုနှင့် တဆစ်ဆစ် နာကျင်မှုက ပိုလာပြီး အဆုံးသတ်ဘဝအတွက် ကျွန်ုပ် မျက်လုံးကို မဖွင့်နိုင်တော့ချေ။

"နောင် . . ."

အသံရှည်ရှည်နှင့် အဆက်မပြတ်အသံ ထွက်လာ၏။

"ဝူး . . . ကျွီး"

ဆင်နှစ်ကောင် အသံ။

"နောင်" အသံရှည်က စူးရှ၏။ တဆစ်ဆစ်ကိုက်ခဲသော ခေါင်းက မထူနိုင်တော့ချေ။

"နောင် . . . နောင် . . ."

"ဒကာ . . . ထ . . ထ"

မျက်လုံးပင် မဖွင့်နိုင်။

"ဆရာ . . . ဆရာ "ဟု ဖိုးတောက်ခေါ်သံ ကြားရ၏



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ကျန်ရစ်ရေ . . . မင်း ကျေးဇူးရှင်အတွက် ဆေး သွားရှာပါဦး"

"ဘုရား . . . ဘုရား ငါ မသေသေးဘူး ဒါရသေ့ကြီး အသံ၊ ကျန်ရစ် ဆိုတာ ငါ နို့တိုက်ခဲ့တဲ့ မျောက်ကလေး"

သို့သော် မျက်လုံးတို့က ဖွင့်မရ။ လုံခြုံရေးအဖွဲ့နှင့် သတ္တုရှာဖွေရေး အဖွဲ့ကလည်း ကျွန်ုပ်ဘေးတွင် ရှိနေ၏။ ဆေးထိုး၊ ဆေးတိုက်ရန် ဆောင်ရွက်သည်ဟု သိရသည်။ ရသေ့ကြီးက ခွင့်မပြု။ သူ့ဆေးကို တိုက်မည်ဟု ဆိုသည်။ ကျန်ရစ် ယူဆောင်လာသော နွယ်နှင့် ငရုတ်ကောင်းကို ရောထောင်းပြီး မီးဖြင့် အပူပေးကာ တိုက်သည်ဟု ဆို၏။

ဆေးတိုက်ပြီး နာရီဝက်ခန့်အကြာ ချွေးများ ထွက်လာ၍ ဖိုးတောက် သုတ်ပေးရလေသည်။ တစ်နာရီခန့် ကြာမှ ကျွန်ုပ် ပြန်သတိရလာ၏။

ကျွန်ုပ် သတိရ၍ ကြည့်လိုက်လျှင် ရသေ့နှစ်ပါးနှင့် မျောက် (သုံးကောင်) ကျွန်ုပ်ဘေးတွင် ဖိုးတောက်နှင့်အတူ ရှိနေ၏။

"ဟာ"

ကျွန်ုပ် အံ့သြသွား၏။

ကျွန်ုပ် မိတ်ဆွေသည် အနာကြီးရောဂါ မရှိတော့။ ရသေ့သွင်ပြင်နှင့် ရသေ့ကြီးအနီးတွင် ထိုင်နေ၏။ ကျန်ရစ်၏ မျောက်မိသားစု သုံးကောင်က ကျွန်ုပ်အနီးတွင် ထိုင်နေကြသည်။

ကျွန်ုပ် အဖွဲ့မှ လူများကလည်း စိုးရိမ်လေ၍ ကျွန်ုပ် အနီးတွင် ရှိနေကြ၏။

"ဒကာ . . . ကံကောင်းပါတယ်ကွယ်၊ တောဆိုတာ ကြောက်စရာလဲ ကောင်းတယ်၊ မုဆိုးလဲ ပျော်သလို ရသေ့ ရဟန်းတွေလဲ နှစ်သက်ကြတယ်၊ ဒီလို တောထဲမှာ မုဆိုးတွေက လုံ့လရယ်၊ ပယောဂရယ် ပေါင်းပြီး အကုသိုလ် ဖြစ်နေကြတယ်။

ရသေ့ရဟန်းတွေက လုံ့လရော၊ ပယောဂပါ ကုသိုလ် ဖြစ်ကြတယ်၊ မီးဆိုတာ ကိုယ်တိုင် လုံ့လပြုပြီး ကိုင်ကိုင်၊ သူတစ်ပါး စေ့ဆော်တွန်းအားပေးလို့ပဲ ကိုင်ကိုင် ပူတတ်ကြတယ်၊ ကိုယ်တိုင်ပဲ သူ့အသက်ကို သတ်ဖို့ လုံ့လပြုတယ်၊ သူတစ်ပါးကို သတ်အောင် တိုက်တွန်းနှိုးဆော်တဲ့ ပယောဂလဲ အကုသိုလ်ပါပဲ။

ကျုပ်အနေနဲ့ကတော့ ဒကာ့ကို မေတ္တာနဲ့ ကူညီလိုက်တာပါပဲ၊ ဒကာ ကိုယ်တိုင် တဒင်္ဂအတွင်းမှာ စိတ်တစ်ဖြစ်အတွင်းမှာ အကုသိုလ် ပုံရိပ်တွေ ထင်နေပြီ မဟုတ်လား"

"ဘုရား . . . ဘုရား"

ကျွန်ုပ်အတွက် ရသေ့ကြီး စိတ်ထဲ ဝင်ကြည့်သလို ဖြစ်နေ၏။ ဆင်နင်းခံရမည့် အချိန်တွင် ကျွန်ုပ် ပစ်ခဲ့သော သားကောင်တို့၏ ပုံရိပ်က ပေါ်ပေါက်လာခဲ့၏။

"ဒကာ မီးခဲလေး မကိုင်မိအောင် နှိုးဆော်တာပါ၊ ကျုပ်တို့ ခရီးလမ်းကြောင်းမှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ကြရပေမယ့် တိုက်တိုက်ဆိုင်ဆိုင်ပဲ ခွဲကြရဦးမယ်၊ ဒကာ ကျုပ်တို့သွားပြီ"ဟု ဆိုကာ ထွက်သွား၏။

မျောက်ကလေးများလည်း လိုက်ပါသွားသည်။

ကျွန်ုပ်မိတ်ဆွေကလည်း . . .

"ဒကာ . . . မုဆိုး ကျုပ်လဲ စိတ်ကုန်သွားပြီ၊ ရသေ့ဘဝက အေးချမ်းတယ်"ဟုဆိုကာ ထ၍ လိုက်ပါသွားပြန်သည်။

ဖိုးတောက်နှင့် ကျွန်ုပ်က ပါးစပ်ဟလျက် အံ့သြစွာ ကျန်ရစ်ခဲ့လေ၏။ ကွမ်းရွက်ပုံနွယ်သဏ္ဌာန် အပင်ကား ငရုတ်ကောင်းနှင့် ထောင်းလျက် သတ္တုရည်ကို အပူပေးသောက်က ငှက်ဖျား ချက်ချင်းပျောက်၏၊ အမောလုံ၏။ ဂွမြို့နှင့် ဝါးသိုင်းချောင်းမြို့ အကြားတွင် ကျွန်ုပ် ပေးသော ဆေးနည်းကား လူတိုင်း အသုံးတည့်သွား၏။

မထင်မှတ်သော မျောက်ကလေး ကျန်ရစ်၏ ကလဲ့စားချေမှု၊ ကျေးဇူးဆပ်တတ်မှုကား ပတ်ဝန်းကျင်နှင့် သက်ဆိုင်လေသလား။

ထိုသို့ဆိုလျှင် ကုသိုလ်၊ အကုသိုလ်သည် ပတ်ဝန်းကျင်နှင့် သက်ဆိုင်နေမည်က အမှန်ပင် ဖြစ်၏။

ကျွန်ုပ် သေမင်းနှင့် ရင်ဆိုင်အံ့ဆဲဆဲ အချိန်တွင် ဖိုးတောက်၏ ပြောပြချက်အရ အားလုံးက ကျွန်ုပ်အား မကြည့်ရက်တော့၊ နေဝင်မီးငြိမ်းလေပြီဟု ယူဆချိန်၊ ကြေးစည်ကို ထုကာ ရောက်ရှိလာသော ရသေ့နှစ်ပါးနှင့် မျောက်မိသားစုကား ပကတိ မကြောက်မရွံ့ဘဲ ပေါ်ပေါက်လာခဲ့၏။

ကြေးစည်ကို ထုနေသော ရသေ့ကြီးကို မြင်သည်နှင့် "မ"စိတ် မွှန်နေသော သင်းကွဲဆင်ရိုင်း လက်ကောက်ကြီး တုံ့ခနဲရပ်သွားပြီး နောက်သို့ ဖြည်းညင်းစွာ တစ်လှမ်းချင်း ဆုတ်သွားသည်။ ပြီးမှ တစ်ပတ်လှည့်ကာ ပြန်ထွက်သွားပုံက ဒေါသစိတ်ရိုင်းများ မရှိသလို ထွက်ခွာသွား၍ ကြက်သေသေကာ အံ့သြနေကြရ၏။

မမြင်နိုင်သော စိတ်အစဉ်နှင့် မေတ္တာစွမ်းအားသည် ရသေ့ကြီးတွင် ရှိနေလျက် ဆင်ရိုင်းကြီးတို့သည် ခံယူနိုင်စွမ်း ရှိနေသည်က လျှို့ဝှက်ချက်အဖြစ် ငြင်းဖွယ်ရာ မရှိ။

ဤသို့ဖြစ်လျှင် ကလဲ့စားချေသော ကျန်ရစ် ဟူသော မျောက်ကလေးသာမက သက်ရှိမှန်သမျှ တုံ့ပြန်စွမ်းရှိနေသည်ကို သတိပြုမိလိုက်လေသတည်း။

(ပြီး)

ကျေးဇူးတင်စေ

❑ မင်းစိုးမ



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

# ကိုကြီးဇော(သာဂေါင်း)

## ငွေကမျှ အိပ်မက်ကမ္ဘာထဲက ဓော်ငွေရောင် ပုလဲပန်းများ

ယင်းစက်ရုံကြီး၏ လိုအပ်သော ကုန်ကြမ်းဝါး များကို မျှောချသယ်ယူနိုင်ရန် စီမံကိန်းကာလက ဘူမိ ချောင်း (ယခုဘောမိချောင်း)နှင့် ကညင်ချောင်းတို့ကို ဖြတ်ဆက်ရန် စက်ယန္တရားကြီးများဖြင့် တူးမြောင်း ဆက်သွယ်ရန် ကြိုးစားဖောက်လုပ်ကြည့်ပါသော်လည်း ကျောက်လွှာကျောက်ချပ်များ ထူထဲလွန်းသောကြောင့် မအောင်မြင်ခဲ့ပေ။

ရေ မြေ၊ တော၊ တောင်၊ စိမ့်စမ်းနှင့် ချောင်းနှီး ချောင်းသွယ်များကို လေ့လာမှတ်သားကြပြီးနောက် ရသေ့ကြီးဦးဒိပက တောင်ညှိဒေသကို (ဘူမိချောင်း





www.burmeseclassic.com

www.burmeseclassic.com




ဦးခိုက်ပြီး ရိုးမကိုပင် ပြန်ကွေ့ဖောက်ထွက်စေသော ဒေသ စွမ်းအားကြောင့်) ဘူမိနက်သန်အောင်မြေအဖြစ် သတ်မှတ်ပေး ခဲ့လေသည်။

အနောက်ရိုးမတောထဲတွင် တစ်လနီးပါးခန့် ကွင်းဆင်း လေ့လာကြပြီးနောက် ကိုရင်ငနောင်းက အဖော်နှစ်ဦးကို အညာသို့ပြန်လွှတ်ပြီး အကြောင်းကြားလိုက်သည်။ ငနောင်းမှာ ဒေသခံ သာပေါင်းနယ်သား ဖြစ်သည်မို့ ကညင်ချောင်း ရိုးတစ်လျှောက်ရှိ မိခင်ဘက်မှ အမျိုးများ ကျန်ရှိနေသေးရာ ရွာများဖြစ်သော ကြိမ်ချုံ ပျဉ်းမတုံး (ယခု ပျဉ်းမထုံး) ကျေးရွာ များသို့ ခြေဆန့်ရင်း အမျိုးစပ်ကာ မသိမသာ စည်းရုံးထားနှင့် လေသည်။ ထို့အတူ ဖခင်ဘက်မှ အမျိုးများရှိရာ အထက် ငဝန်မြစ်ရိုးတစ်လျှောက်ရှိ ဆောင်ပုံးဘုရားကုန်းရွာများသို့ လည်း ခြေဆန့်ရင်း စည်းရုံးရေး ဆင်းထားနှင့်လေသည်။

ငနောင်း၏ အကြောင်းကြားမှုကြောင့် မင်းသမီးထိပ် တင်နွဲ့နှင့် သမားတော်ကြီး ဇေယျပလကျော်ထင်တို့အဖွဲ့သည် အညာဆန်လှေကြီးတစ်စင်းဖြင့် ကုန်သည်များအသွင်ယူကာ အောက်မြန်မာပြည်သို့ စုန်ဆင်းလာကြလေတော့သည်။

(၁၇)

မင်းသမီး တင်တင်နွဲ့၏ စည်းရုံးမှုကြောင့် ဗိုလ်မင်း စောရန်နောင်လည်း ရှမ်းပြည်နယ် မပြန်တော့ဘဲ ညီမငယ် နှစ်ယောက်ကို ခေါ်လျက် လိုက်ပါလာခဲ့သည်။

www.burmeseclassic.com

မင်းသမီး ထိပ်တင်နွဲ့က "အရေးတော်ပုံအတွက် အစစအရာရာပြင်ဆင်ဆောင်ရွက်မှုတွေပြီးလို့ စခန်းအထိုင်ချပြီးရင် ဗိုလ်မင်းဆန္ဒအတိုင်း လိုက်လျောပါ့မယ်၊ ညီမတော် နန်းခင်မွှေးနဲ့ နန်းခင်ထွေးတို့ နှစ်ယောက်ကိုလဲ မဖုရား စောင့်ရှောက်မှာပါ"ဟုကတိကဝတ် ပြုထားခဲ့လေသည်မို့ ချစ်သူနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါလာခဲ့ခြင်းဖြစ်သလို ရှမ်းပြည်နယ် ပြန်ရောက်ပြီးမှ လူသူ လက်နက် ရိက္ခာတို့ကို စုရုံးပြီးမှ တော်လှန်ရေး လုပ်မည်ဆိုလျှင် ယခုလောက်မြန်မြန် အကောင်အထည်ဖော်နိုင်လိမ့်မည်မထင်။

တပ်မှူးကြီး ဇေယျဗလကျော်ထင်၏ လက်အောက်တွင် သပြေတန်းခံတပ်မှ တပ်ဗိုလ် ခုနစ်ဦးနှင့် နောက်ပါအင်အား သုံးဆယ်ကျော်ခန့် တစ်ပါတည်းပါလာသလို အချို့တပ်ဗိုလ်များက ကုန်းကြောင်းခရီးမှ အခမဲ့ဈေးသည် အသွင်ယူကြလျက် မြို့စဉ် ရွာစဉ် တစ်လျှောက်ရှိ ဘုရင့်ရဲမက်တော်ဟောင်းများကိုစည်းရုံးခေါ်ဆောင်လာကြသည်။ တပ်မှူးကြီး ဇေယျဗလကျော်ထင်နှင့်အဖွဲ့ကလည်း လှေကြီးဝင်ရောက်ဆိုက်ကပ် ရပ်နားရာ မြို့ရွာများတွင် စုံစမ်းသိရှိရသမျှ ဘုရင့်ရဲမက်ဟောင်းများအား စည်းရုံးခေါ်ဆောင်လာခဲ့သည်။

ဟသ်ာတမြို့၏ မြောက်ဘက်ဒေသ ညောင်ကျိုးအနားတွင် ဧရာဝတီမြစ်မကြီးမှ ပထမဆုံးခွဲထွက်သော ငဝန်မြစ်ကြောင်းအတိုင်း စုန်ဆင်းလာကြပြီး သာပေါင်းရွာကြီးဆီသို့ မရောက်မီ သုံးမိုင်ခန့်အလို (ကိုရင် ငနှောင်း ပြောဆိုသတ်မှတ်ပေးထားရာ) ပြန့်ပြူးသောကမ်းခြေလျှောရှိသည့် နေရာတွင် လှေကြီးကို ဆိုက်ကပ်လိုက်သည်။ ယင်းမြစ်ဆိပ်ကမ်းသည် သစ်ဝါးများကို စုပုံဖောင်ဖွဲ့ရာ သစ်ချဆိပ်၊ ဝါးချဆိပ်တစ်ခု ဖြစ်နေရာ တဲအိမ်လေးများမှာ ဟိုတစ်စု ဒီတစ်စုရှိကြပြီး ရွာမမည်သော လူနေအိမ် တဲစုလေးပင် ဖြစ်တော့သည်။

အညာဆန်လှေကြီးနှင့် လိုက်ပါလာကြသော အရေးတော်ပုံ အင်အားစုသည် ကုန်းမြင့်တောစပ် ခင်တန်းများတွင် စခန်းချနေထိုင်ကြရင်း အနီးပတ်ဝန်းကျင်ရွာများနှင့် သာပေါင်းရွာကြီးထဲသို့ အညာကုန်များကို အထမ်းဖြင့် လှည့်လည်ရောင်းချကြသလို အချို့ကလည်း လှေငယ်များဖြင့် အရှေ့ဘက်မြစ်ကမ်းရိုးတစ်လျှောက်ရှိ ရွာများသို့ လှည့်လည်ရောင်းချကြသည်။

ဤသို့ ပါလာသောကုန်များကို လှည့်လည်ရောင်းချရင်း လိုအပ်သည့် စားနပ်ရိက္ခာများကိုလည်း ဖြည့်တင်းစုဆောင်းရင်း ကုန်းလမ်းခရီးမှ လိုက်လာကြမည့် နောက်ချန်အဖွဲ့ကို စောင့်ဆိုင်းနေကြရသည်။

သမားတော်ကြီးနှင့် ဗိုလ်မင်းစောရန်နောင်တို့က တဲအိမ်တစ်လုံး၊ မင်းသမီး ထိပ်တင်နွဲ့နှင့် ရှမ်းမလေးနှစ်ဦးက တဲအိမ်တစ်လုံးတို့ကို မြင်ကွင်းကောင်းပြီး အထက်စီးကျသော ကုန်းမြင့်ချောင်းလေးပေါ်တွင် စခန်းချစေ၍ ကျန်တပ်ဖွဲ့ဝင်များက လှေပေါ် အချို့နေထိုင်ကြပြီး အချို့က အနီးဝန်းကျင်တွင် တစ်ဖက်ယပ်တဲလေးများဖြင့် အစုအဖွဲ့လိုက်နေထိုင်ကြသည်။

အချို့ ဗိုလ်မင်းများကို ကိုရင် ငနှောင်းက သာပေါင်းသို့ ခေါ်သွားပြီး ကညင်ချောင်းကျောင်းတွင် တည်းခိုနေထိုင်စေသည်။ ဖြန့်ခွဲနေထိုင်စေခြင်းဖြင့် လူစုလူဝေး အင်အားကို အခြားသူများ ရိပ်မိသိရှိခြင်း မရှိရလေအောင် ကိုရင် ငနှောင်းက ကြိုတင်စီမံထားခြင်း ဖြစ်သည်။

တပ်မှူးကြီး ဇေယျဗလကျော်ထင်နှင့် အချို့တပ်ဗိုလ်များက ညအချိန် သာပေါင်းသို့လာ၍ ကညင်ချောင်းကျောင်းရှိ ဇရပ်ကြီးထဲတွင် စုဝေးတိုင်ပင်ကြသည်။ နောက်ပါအဖွဲ့ ရောက်လာလျှင် တောင်ညိုတောင်သို့ မည်သို့မည်ပုံ သွားရောက်ကြမည်ကို အစီအစဉ်တွေ ဆွဲကြသည်။

"တောင်ညိုတောင်ကို သွားဖို့ လမ်းကြောင်းတွေကို ငနှောင်း ဘယ်လို စီစဉ်ထားသလဲ၊ ပြောပြစမ်းပါဦး"

"မှန်ပါ့၊ ကျွန်တော်မျိုး မြေပုံကြမ်း ရေးဆွဲပြီးပါပြီ ဘုရား၊ မြေပုံကြမ်းနဲ့တကွ လျှောက်တင်ပါ့မယ်၊ ဒီဟာက ယောဒီ ကညင်ချောင်းရှေ့က သိမ်ဖြူချောင်းပါ ဘုရား၊ ဒီချောင်းက မြောက်ဖြူရွာနားအထိ ချောင်းများရှိပါတယ်၊ စားနပ်ရိက္ခာနဲ့ ဝန်လေးများကို ဒီချောင်းကနေ သမ္ဗန်နှစ်စင်းနဲ့ သယ်ဆောင်ပါ့မယ်၊ တောင်ညိုတောင်ရဲ့ အနောက်တောင်ဘက် နှစ်မိုင်ခန့် ဒီနေရာကို ရောက်ပါ့မယ် ဘုရား၊

ပြီးတော့မှ အဲဒီကနေ လှည်းနဲ့ တောင်ညိုတောင်ကိုတိုက်ပါ့မယ် ဘုရား၊ နောက်တစ်ကြောင်းကတော့ အခု တပ်မှူးကြီးတို့ လှေဆိုက်ကပ်ထားတဲ့ နေရာဟာ တောင်ညိုတောင်နဲ့ တည့်တည့်လောက်မှာ ရှိပါတယ်၊ အချို့ ဝန်စည်စလယ်တွေကို အဲဒီကမ်းစပ်ကနေ လှည်းနဲ့တိုက်ပါမယ် ဘုရား၊ အဲဒီနေရာတွေမှာ သစ်တိုက် ဝါးတိုက်တဲ့ နွားလှည်းလမ်းများရှိပါတယ်ဘုရား၊ တောင်ညိုတောင်အထိကတော့ လှည်းလမ်းက မပေါက်ပါဘူး၊ နှစ်မိုင်လောက်တော့ ကိုယ့်ဘာသာ လမ်းဖောက်သွားရပ့်ါမယ် ဘုရား"

"အိမ်း. . . တောထူထပ်တယ်လို့ မောင်မင်းပြောဖူးတယ်နော်၊ လှည်းလမ်းဖောက်လို့ လွယ်ပါ့မလား"

"မှန်ပါ့၊ မုဆိုးကြီး ဦးငပြူးရဲ့ နယ်မြေကျွမ်းကျင်မှုကြောင့် အနီးဆုံးနဲ့ အသာဆုံးသော မုဆိုးလမ်းရှိပါတယ်"

"အိမ်း အိမ်း. . . ဒါဆိုရင် ဒီလို ဝန်စည်စလယ်နဲ့ လူစုလူဝေးကြီးကို သွားတာလာတာတို့ အနီးပတ်ဝန်းကျင်ရွာများက သိရှိသွားနိုင်တယ်၊ မောင်မင်း ဒီအနားတွေမှာ ရွာတွေရှိတယ်ဆို"

"မှန်ပါ့၊ လသာတဲ့ ညဦးအချိန်ကျမှ သွားလာရပ့်ါမယ် ဘုရား၊ ဒါဆိုရင် ဘယ်သူမှ မရိပ်မိနိုင်ပါဘူး ဘုရား"





www.burmeseclassic.com

www.burmeseclassic.com

"အိမ်း. . . မောင်မင်း စိမ်တာ သင့်မြတ်ပါတယ်လေ၊ မောင်မင်းက နယ်ခံကဲ၊ လှေတွေ လှည်းတွေကကော"

"လှေနှစ်စင်းက ဝယ်ပြီးပါပြီ ဘုရား၊ ဒီရွာက ချောင်းထဲမှာ ချည် ထားပါတယ်၊ လှည်းသုံးစီးနဲ့ နွားတွေကို ဘွန်တော့်ဦးရီးတော်နဲ့ ဆွေမျိုးတွေရဲ့ ယာတဲတွေမှာပဲ ရောထွေးပြီး သိမ်း ဆည်းထားပါတယ် ဘုရား"

"အိမ်း အိမ်း. . . မောင်မင်း နှောင်း စီမံထားတာတွေဟာ စေ့စပ် သေချာလှပါတယ်၊ အားရပါဘိ မောင် မင်းရယ်"

"မှန်ပါ့ တပ်မှူးကြီး"

## (၁၈)

ကုန်းမြင့်စခန်း ချောင်လေးတွင် နေထိုင်သော အနွယ်တော်မင်းသမီး ထိပ်တင်နွဲ့မှာ လူမြင်ကွင်းသို့မထွက်ဘဲ လျှို့လျှို့ဝှက်ဝှက်သာ နေထိုင်သည်။ နန်းခင်မွှေးနှင့် နန်းခင်ထွေးတို့ ညီအစ်မ နှစ်ယောက်ကသာ လိုအပ်သော စား ဖွယ် သောက်ဖွယ် ချက်ပြုတ်ဖွယ်များ ကို မြစ်ကပ်းဆိပ်ရှိ လူနေအိမ်စုများနှင့် ဈေးလှေများဆီသို့ ဆင်းသက်ဝယ်ယူ လေ့ရှိကြသည်။

[ထိုစဉ်ခေတ်က သာပေါင်းမြို့ အနီးတစ်ဝိုက်တွင် ကရင်တိုင်းရင်းသား များသာ နေထိုင်ကြပြီး အခြားတိုင်းရင်း သားများမှာ မတွေ့ရတတ်သလောက် နည်းပါးပါသည်။ ရှမ်းမလေးနှစ်ယောက် ကုန်းမြင့်ချောင်လေးထဲမှ ဆင်းဆင်းပြီး ဈေးဝယ်တတ်သည်ကို ဒေသခံနှင့် ဈေးလှေများက အထူးအဆန်းသဖွယ် သတိပြုမိကြသည်။ ထို့ကြောင့် ရှမ်းမ လေးများ ထွက်လာရာ နေရာကို ရှမ်းမ ချောင်းဟု ခေါ်ဝေါ်ကြရာမှ ကာလ ရွေ့လျောပြီး ရှမ္မချောင်ကျေးရွာ ဖြစ်လာ ရလေသည်။]

အရေးတော်ပုံ အင်အားစုများ စုံညီကြသောအခါ ကိုရင်ငနှောင်း စီမံ ထားသည့်အတိုင်း တောင်ညိုသို့ ပြောင်း ရွှေ့ချီတက်ကြလေသည်။ မင်းသမီး ထိပ် တင်နွဲ့နှင့် ရှမ်းမလေးနှစ်ယောက်အား မုဆိုးကြီး ဦးပြေး၏ နေအိမ်ဝင်းထဲတွင် မြေစိုက်တဲကြီးတစ်လုံး ဆောက်လုပ်ပေး ပြီး သမားတော်ကြီးနှင့် ဗိုလ်မင်းစော ရန်နောင်တို့က မုဆိုးကြီး ဦးပြေး၏ ခေါင်းရင်းဘက်တွင် မြေစိုက်တဲကြီး တစ်လုံးဆောက်လုပ်နေထိုင်ကြသည်။

[ထိုစဉ်က စမ်းပေါက်ရွာမှာ တဲ အိမ် ခုနစ်လုံးသာ ရှိခဲ့သည်။ မုဆိုး အလုပ်၊ တောင်ယာအလုပ်၊ တော အလုပ်များသာ လုပ်ကိုင်ကြသော မွန် - မြန်မာနွယ်များ ဖြစ်ကြသည်။ တစ်ရွာ လုံးမှာလည်း အမျိုးလိုလိုချည်းသာဖြစ် ၍ အရေးတော်ပုံ အဖွဲ့သားများရောက် လာမှ အိမ်ခြေ ကိုးလုံးရှိလာရသော ရွာ ငယ်မျှသာ ဖြစ်သည်။ ကျေးရွာကြီးများ သို့ စားနပ်ရိက္ခာများ သွားရောက်ဝယ် ယူရာတွင် များများစားစား ဝယ်ယူလေ့ ရှိသောကြောင့် "စမ်းပေါက်ရွာက လူ တွေက သူဌေးတွေပဲ" "သူဌေးတွေနေ တဲ့ စမ်းပေါက်ရွာ" စသဖြင့် ပြောဆိုကြ ရင်း "သူဌေးစမ်းရွာ" ဟု ပြောင်းလဲလာ ခဲ့ဟန် တူလေသည်။ သူဌေးစမ်းရွာမှာ အလိုအလျောက် ရေထွက်စမ်းပေါက် များ ရှိသောကြောင့် စမ်းပေါက်ရွာဟု အလွယ်တကူခေါ်ခဲ့ကြဟန် တူပါသည်]

ကျန်ရှိသော ဗိုလ်မင်းများနှင့် အရေးတော်ပုံ တပ်ဖွဲ့ဝင်များအား တောင်ညိုတောင်နှင့် သူဌေးစမ်းရွာ အကြား ရေထွက်ကောင်းသော စမ်း ပေါက်များရှိရာ နေရာများတွင် အစု အဖွဲ့အလိုက် နေရာယူစေထားသည်။ အခြေချစခန်းများ တည်ဆောက်ပြီးစီး ချိန်တွင် တောင်ညိုတောင်ပေါ်တွင် အောင်မြေနင်းရင်း ဗိုလ်ဝင်ခံကြမည် ဖြစ်သည်။

တောင်ညိုတောင်ပေါ်တွင် အားလုံးသော ဗိုလ်မင်းများက မင်းသမီး ထိပ်တင်နွဲ့ ရှေ့မှောက်တွင် ခစားနေကြ သည်။

မင်းသမီး ထိပ်တင်နွဲ့က . . .

"ဗိုလ်မင်းအပေါင်းတို့ ဒီတောင် မြေမြတ်မဟာကို အောင်မြေအဖြစ် ရသော့ကြီး ဦးဒိပက လမ်းညွှန်ခဲ့တယ်၊ ဒီတောင်မြေမြတ်မဟာပေါ်မှာ အထွတ် အမြတ်သော အထိမ်းအမှတ်အဖြစ် ကျောက်ပုံစေတီလေးတစ်ဆူ တည်ကြ ရအောင်"

"မှန်ပါ့ မဖုရား"

"ဒီတော့ တစ်တောင်ပတ်လည် ကျောက်ဖျာလေးတစ်ခုကို ရှာဖွေယူခဲ့ ပါ၊ မဖုရား ကိုးကွယ်နေတဲ့ ဒီဆင်းတု တော်လေးကို တင်ပြီး ဌာပနာထား ကိုး ကွယ်ကြရအောင်၊ ဒီကျောက်ဖျာကို သမားတော်ကြီးကိုယ်တိုင် ဒီနေရာလေး မှာ နေရာချပြီး ဆင်းတုတော်လေးကို စံပယ်ပါစေ"

"မှန်ပါ့ မဖုရား"

"အခု ဒီတောင်ပေါ်ကို ဦးစီးဗိုလ် မင်းများနဲ့ တပ်ဗိုလ်များအားလုံး ၂၄ ယောက်ကို ဆင့်ခေါ်တာ ဒီကိစ္စအတွက် လဲ ပါပါတယ်၊ တစ်ယောက်စီတို့ကလဲ ကျောက်တုံးငယ်တစ်တုံးစီ ယူလာခဲ့ပါ"

ဗိုလ်မင်းများ ယူလာကြသော ကျောက်တုံးများကို ၂၄ ပစ္စည်းပဋ္ဌာန်း ပစ္စယုဒ္ဒေသကို "ဟေတုပစ္စယော" မှ စတင်ရွတ်ဆိုပြီး အရပ်ရှစ်မျက်နှာမှ ဝိုင်း ပတ်၍ မကျဉ်းမကျယ် စီချလေသည်။ ပြီးနောက် ဆင်းတုတော်အား ကျောက် ချပ်ငယ် နှစ်ချပ်ဖြင့် ထောင်မိုးစေသည်။ ပြီးနောက် တနင်္ဂနွေသား ဗိုလ်မင်းတစ် ဦးက တနင်္ဂနွေထောင့်မှနေ၍ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဂုဏ်တော်များကို ရွတ်ဆိုပြီး စည်းဝိုင်းအတွင်းသို့ ကျောက်တုံးငယ် များ ပုံစေသည်။ ဒုတိယ တနင်္လာသား က တနင်္လာထောင့်မှ သရဏဂုံသုံးပါး ကိုရွတ်ဆိုပြီး စည်းဝိုင်းအတွင်း ကျောက် တုံးငယ်များ ပုံစေသည်။

ပြီးနောက် တတိယ အင်္ဂါသား က အင်္ဂါထောင့်မှ သုနက္ခတ္တ ဂါထာ တော်ကို ရွတ်ဆိုစေပြီး စည်းဝိုင်းအတွင်း ကျောက်တုံးများ ပုံစေသည်။ စတုတ္ထ ဗုဒ္ဓဟူးသားက ဗုဒ္ဓဟူးထောင့်မှနေ၍



www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ရွတ်ဆိုပြီးနောက် ကျောက်တုံးများကို ပုံစေသည်။ ပဥ္စမ စနေသားက စနေထောင့်မှနေ၍ ရှင်သီဝလိ ဆယ်ဂါထာကို ရွတ်ဆိုပြီး စည်းဝိုင်းအတွင်း ကျောက်ပုံများကို ပုံစေသည်။

ဆဋ္ဌမ ကြာသပတေးသားက ကြာသပတေးထောင့်မှ ရှင်သီဝလိ ရွှေဟောင်း ခုနစ်ဂါထာကို ရွတ်ဆိုပြီး ကျောက်တုံးများပုံစေသည်။ သတ္တမ ရာဟုသားက ရာဟုထောင့်မှ ရှင်ဥပဂုတ္တ ပရိတ်ဂါထာတော်ကို ရွတ်ဆိုပြီး ကျောက်တုံးလေးများ စုပုံပေးသည်။ အဋ္ဌမ သောကြာသားက သောကြာထောင့်မှနေ၍ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိကို ရွတ်ဆိုပြီး ကျောက်တုံးလေးများ စုပုံပေးသည်။

ရှစ်နေ့ ရှစ်နံထောင့်မှ ဆိုင်ရာ မွေးနံသားများက ရွတ်ဆိုပြီး ကျောက်တုံးလေးများ စုပုံအပြီးတွင် ဗုဒ္ဓဆင်းတုတော် ဌာပနာထားသော ကျောက်ပုံစေတီလေးမှာရုပ်လုံးပေါ်လာလေသည်။ ကျောက်ပုံစေတီလေးတည်ခြင်း ပြီးမြောက်သောအခါ တပ်မှူးကြီးဇေယျဗလကျော်ထင်က "ဇိတံမေ" ဟု ဟစ်ကြွေးလိုက်သောအခါ ကျန်သောပုဂ္ဂိုလ်များက အောင်ပြီဟု ကြွေးကြော်ခြင်းကို သုံးကြိမ် ပြုလုပ်ကြသည်။ ပြီးနောက် ကျောက်ပုံစေတီတော်လေးအား သူတို့အားလုံး ရှိခိုးကန်တော့လိုက်ကြသည်။

မင်းသမီး ထိပ်တင်နွဲ့၏ ရွှေတော်မှောက်တွင် ဗိုလ်ဝင်ခံပြီး သစ္စာရေသောက်ကြသည်။ သပြေတန်းခံတပ်မှ နာမည်နာမများကို ပယ်ဖျောက်၍ ဗိုလ်နာမည်အသစ်များ ခံယူကြသည်။ တာဝန်တွေ ခွဲဝေပေးပါသည်။ နန်းမြို့မြို့စောင့်တပ်မှူး ဖြစ်ခဲ့သော ဗိုလ်မင်းစောရန်နောင်က ဗိုလ်စောနောင်ဟူ၍လည်းကောင်း၊ တောင်ညိုအခြေစိုက်စခန်းကြီး စခန်းတာဝန်ခံအဖြစ်လည်းကောင်း၊ ထို့အတူ အရေးတော်ပုံတပ်ဖွဲ့၏ တပ်မှူးခေါင်းဆောင် ဇေယျဗလကျော်ထင်၊ ပြီးလျှင် အသက်အရွယ် အတွေ့အကြုံ အရည်အချင်းအရ ဗိုလ်မင်း ငထိန်အား ဒုတိယအကြီးအကဲအဖြစ် အရာထားကြသည်။

ဗိုလ်မင်း ငထိန်သည် ကင်းဝန်မင်းကြီး၏ သမက်တော် ရွှေလုံဗိုလ်ကြီးကဲ့သို့ လုံ့ရေးကျွမ်းကျင်လှသောကြောင့် ရွှေလုံဗိုလ်၊ ဗိုလ်မင်းငနှောင်းသည် ကျည်လွဲပြီး ကျားတစ်ကောင်ကဲ့သို့ လျင်မြန်သန်မာသောကြောင့် ကျားဗိုလ်၊ ချောင်းမြောင်းစောင့်ဆိုင်း တိုက်ခိုက်ရေးတွင် (ချုံခိုတိုက်ခိုက်ရေးတွင်) ကျွမ်းကျင်သော ဗိုလ်မင်းသူရိန်က ဖျိုင်းဗိုလ်၊ မားပြီး တုတ်ပြီး အစီအရင်ရှိပြီး အခုန်အပျံ အတိုက်အခိုက်တွင်လှပကျွမ်းကျင်သော ဗိုလ်မင်း ငပြည့်က ဇော်ဂျီဗိုလ်၊ နောက်ထပ် ဗိုလ်မင်းများကလည်း သံတိုင်ဗိုလ်၊ ရွှေဒေါင်းဗိုလ် စသဖြင့် ဗိုလ်ဝင်ခံကြပြီး ကျောက်ပုံစေတီလေးရှေ့မှောက် မင်းသမီး ထိပ်တင်နွဲ့၏ ရှေ့မှောက်တွင် သွေးသစ္စာရည် သောက်ကြသည်။

နယ်ချဲ့တို့အား ပြန်တော်လှန်နိုင်ရန်မှာ လက်နက်ခဲယမ်းသည် အဓိကပဲ မို့ ၎င်းလက်နက်ခဲယမ်း ဝယ်ယူနိုင်ရန် ဗိုလ်ငပန်းကြီးနှင့် ကသည်းရဲမက်တော် နှစ်ဦးတို့အား ထိုက်သင့်သော ကျောက်သံပတ္တမြားတို့ကို ပေးအပ်၍ ဘင်္ဂလားနယ်ရှိ ပြင်သစ်ကိုယ်စားလှယ်များနှင့် ဆက်သွယ်ရန် စေလွှတ်လိုက်သည်။

လက်နက် ဝယ်ယူရရှိပြီးပါက ဘူမိချောင်း (ဘောမိချောင်း)အတိုင်း ဝင်နိုင်သမျှ ဝင်စေလျှင် ဂါယာရွာအထိ ဝင်ရောက်နိုင်ပေမည်။ ဂါယာရွာမှ မြောက်ဖြူရွာအထိ လှေများဖြင့်ကဲ့သယ်နိုင်ပေမည်။ ပထမအကြိမ် ဝယ်ယူရရှိသော လက်နက် သင်္ဘောတစ်စင်းစာ လက်နက်များကို ပိုင်ဆိုင်ပါက နောက်တစ်ခေါက်ကို သင်္ဘောသုံးစင်း ထပ်မှာယူမည်။ ထိုသင်္ဘောသုံးစင်းစာအတွက်လည်း မက်လောက်သော (ကြိုတင်ပေးလိုက်မည့်) ပတ္တမြားအချို့ကို ပေးအပ်လိုက်မည်။ စရန်အဖြစ် ပတ္တမြားအချို့ကိုသာ ပေးမည်ဖြစ်ပြီး ရောက်ရှိလာပါက ရတနာသေတ္တာ နှစ်လုံးစာမ... ပေးပါမည်ဟု မက်ကြေးပေးခဲ့ရမည် ဖြ... သည်။ သေတ္တာတစ်လုံးစာ အရွယ်မှာ နှစ်ပေ တစ်ပေအရွယ် ဒု နှစ်လက်... ရှိသည့် ယွန်းသေတ္တာပင် ဖြစ်သည်။

ထပ်မံ၍ ဝယ်ယူရရှိလာမည့် သင်္ဘောသုံးစင်းကို ရေတက်ချိန်တွင် ဘူမိချောင်းအတွင်း ဝင်စေပြီး ရေ... ချိန်တွင် သင်္ဘောများ ပြန်မထွက်နိုင်... ရန် ဘူမိချောင်းဝမှ အတွင်းဘက် (ယ... သဲဖြူရွာအနီး)တွင် ကျောက်...န်းဆည် ဖို့ထားရန် စီစဉ်ထားလေသည်။ ပြ... မထွက်နိုင်သော သင်္ဘောများကို ရရှိ... လေသော လက်နက်များဖြင့် စီးနင်း သိမ်းပိုက်ရန် ကြံစည်ထားကြသည်။

[အရေးတော်ပုံတပ်သားမျာ... ဖို့ထားသော ကျောက်တန်းကြီးသည် သဲဖြူရွာအထက် ဘောမိချောင်းထဲတွင် ရေကျလျှင် မြင်တွေ့နေရပါလေသည်]

ဤပုံဤနည်းဖြင့် အရေးတော်... အင်အားစုသည် တောင်ညိုဒေသ... အခြေပြုလျက် အနီးဝန်းကျင်ရွာများ... လှည့်လည်ရင်း လူသူစုဆောင်းသည်... အထောက်တော်သတင်းပေးများ ... မြှုသည်။

အနောက်ဘက် ကမ်းခြေတွင် သာပေါင်းအပိုင်နယ်သာမက ထိ... နယ်များဖြစ်သော ချောင်းသာနယ်နှ... ငွေမြို့နယ် နယ်စပ်များထိ ခြေဆန့်ခဲ့သ... အရှေ့ဘက်တွင်လည်း ငါးသိုင်းချောင်... နယ်အထိ စည်းရုံးရေးနယ်မြေ ကျ... ပြန့်လေသည်။ လက်နက်ဝယ်ယူထာ... သော သင်္ဘော မရောက်မချင်း အခြေ... စိုက်စခန်းကြီးတွင် စစ်ရေးလေ့ကျင့်... များကို လျှို့ဝှက်စွာပြုလုပ်နေခဲ့ကြသည်။

(၁၉)

တစ်နေ့ . . .

ရွှေလုံဗိုလ်၊ ကျားဗိုလ်နှင့် ဖျိုင်း... ဗိုလ်တို့သုံးဦးသည် ငါးသိုင်းချောင်း ... ကြည်နယ်ထဲအထိ စည်းရုံးရေးဆင်း...





www.burmeseclassic.com

www.burmeseclassic.com

ငါးသိုင်းချောင်းမြို့ထဲမှ ပြန်လာသော ကျားဗိုလ်က သတင်းတစ်ခု ရလာသည်။

"ခရိုင်ဝန်က ငါးသိုင်းချောင်းနယ်ထဲ ကွင်းဆင်းရင်း သရက်ချောင်းရွာကို ရောက်နေတယ်တဲ့၊ သရက်ချောင်းရွာ သူကြီးက မမြဆင့် ဆိုတဲ့ အားကိုးရာမဲ့ မြန်မာမိန်းမပျိုလေးတစ်ဦးကို ခရိုင်ဝန် အတွက် ဆက်သဖို့ ဒီည စီစဉ်ထားတယ် တဲ့"

"တို့မြန်မာ အမျိုးကောင်းသမီး လေးတစ်ဦး ဖျက်ဆီးခံရတော့မယ်ပေါ့"

အမျိုးထိတော့ မခံချင်ကြပြီ။ ကယ်သင့် မကယ်သင့် တိုင်ပင်ကြသည်။

"ဒီသတင်းက ဘယ်လိုရတာလဲ ကိုရင်နှောင်း"

ဗျိုင်းဗိုလ်က မေးသည်။

"အဲဒီ မမြဆင့်ကို မေတ္တာရှိနေတဲ့ ကိုရင်စိန်ထွားဆိုတာ အဲဒီသရက် ချောင်းမှာပဲ နေတာ၊ သူက မမြဆင့်ကို အဆုံးရှုံးမခံနိုင်ဘူး၊ ငါးသိုင်းချောင်းမြို့ ထွက်ကူးလာပြီး သူ့လူဟောင်းတွေနဲ့ တိုင်ပင်တယ်၊ ဝင်တိုက်ပြီး ကယ်ဖို့ပေါ့"

"သူ့လူဟောင်းတွေ ဆိုတာက"

ရွှေလုံ့ဗိုလ်က မေးလိုက်သည်။

"ကိုရင်စိန်ထွားရော သူ့လူတွေ ရောဟာ ရေကြည်ပဲ့နင်းကြီးရဲ့ ရဲမက် တော်ဟောင်းတွေပဲဗျ၊ ကျုပ်ရဲ့ ရဲဘော် နဲ့ဆက်ဟောင်းတစ်ယောက်ကရေကြည် မှာရောက်နေတယ်ကြားလို့ သွားစုံစမ်း ရင်း အားလုံးဟာ တော်လှန်တိုက်ခိုက် ချင်နေတဲ့ ရဲမက်ဟောင်းတွေ ဖြစ်နေ တယ်ဆိုတာ သိလိုက်ရလို့ ကျုပ်က စည်းရုံးထားပြီးပြီ"

"အရေးတော်ပုံ ကိစ္စကြီးက ရှိ နေသေးတယ်၊ အဆင်သင့်မဖြစ်သေး ခင် ကုလားဖြူတွေကို တပ်လှန့်လိုက် သလို ဖြစ်သွားလိမ့်မယ် ကိုရင်ငနှောင်း ရေ ဒီကိစ္စကို လက်ရှောင်နေလိုက်ရင် ကောင်းမယ်"

ဗျိုင်းဗိုလ်က ကန့်ကွက်သည်။

"ကိုရင်ကလဲ အခုဟာက မြန်မာ အမျိုးကောင်းသမီးလေး တစ်ယောက် အစော်ကား အဖျက်ဆီးခံရမယ့်ကိစ္စကို သိသိကြီးနဲ့ ဒီအတိုင်း လက်ပိုက်ကြည့် နေရတော့မှာလား ကိုရင်တို့ရဲ့"

"ဒီလိုရှိတယ် ကိုရင်ငနှောင်း"

ရွှေလုံ့ဗိုလ်က စကားစသည်။

"ကိုရင်ငမန်းတို့က ဘယ်နေ့ပြန် ရောက်မယ် မသိသေးဘူး၊ လက်နက် ခဲယမ်းကလဲ မပြည့်စုံသေးဘူး၊ အရေး တော်ပုံကြီးအတွက် အဆင်သင့်မဖြစ် သေးဘူး၊ ကိုရင် လုပ်မိရင် စမိရင် ဆက် လုပ်မှ ဖြစ်တော့မှာ"

"ဟုတ်တယ် ကိုရင်၊ ကျုပ်တို့ အင်အားစုပြီး စစ်ရေးလေ့ကျင့်နေတာ တွေကို ကုလားဖြူတွေ ရိပ်မိသွားနိုင် တယ်နော်"

"ကိစ္စကြီးတစ်ခုအတွက် ကိစ္စ ငယ်တစ်ခုကို မလုပ်စေချင်တာပါ"

ရွှေလုံ့ဗိုလ်က ဖျောင်းဖျသည်။

ကျားဗိုလ်က ခေါင်းတရမ်းရမ်း နှင့်ရှိနေရာမှ "ဒါဆိုလဲ ကိုရင်တို့နှစ် ယောက်မလိုက်နဲ့၊ ကျုပ်တစ်ယောက် တည်းသွားမယ်"

ဇွတ်တရွတ် ပြောလာသည်။

"ကိုရင်တစ်ယောက်တည်းသွား လို့တော့ ဘယ်ဖြစ်မလဲဗျာ"

"ကျုပ်တစ်ယောက်တည်း တော့ မဟုတ်ပါဘူး၊ ကိုရင်စိန်ထွားနဲ့ သူ့လူတွေ ဒီငါးသိုင်းချောင်းမြို့ပေါ်မှာတင် လူစု ပြီးပြီဗျ"

"ကိုရင့်လူတွေက စိတ်ချရပါ့ မလား၊ ပွဲတွေ့ရောရှိကြရဲ့လား ကိုရင်ရဲ့"

ဗျိုင်းဗိုလ်က စူးစမ်းသည်။

"စိတ်ချရပါတယ်၊ ဒီနယ်က နာမည်ကျော် ရေကြည်ပဲ့နင်းကြီးရဲ့ လက်အောက်မှာ အမှုတော်ထမ်းခဲ့ဖူးတဲ့ ရဲမက်ဟောင်းတွေပါ၊ အချို့လဲ မုဆိုး တွေပေါ့၊ ကျုပ်က မရရအောင် ဝင်ကယ် ရမှာပဲ"

"ကိုရင်ငထိန်ရေ ကိုရင်ငနှောင်း ကတော့ တားမရဘူး၊ လာတာအတူတူ လုပ်တော့လဲ အတူတူပေါ့ဗျာ၊ ကျုပ်တို့ ပါ လိုက်မယ်"

"ကောင်းပါလေ့ ကိုရင်တို့ရာ၊ ကျုပ်ပိုပြီးအားရှိသွားတာပေါ့ဗျာ"

[ထိုစဉ်ခေတ်က ခရိုင်ဝန်သည် ပုသိမ်မြို့တွင် ၁၅ ရက်၊ ငါးသိုင်းချောင်း မြို့တွင် ၁၅ ရက်စီခွဲပြီး ရုံးထိုင်ပါသည်]

(၂၀)

ငါးသိုင်းချောင်းမြို့၏ တစ်ဖက် ကမ်း မားလွယ်ခုတ်ရှိ သရက်ချောင်းရွာ တွင် ခရိုင်ဝန်နှင့်အဖွဲ့ ရောက်ရှိနေသည်။ လုံခြုံရေးအဖြစ် ဂေါ်ရာပုလိပ် ၄၀ ပါ လာသည်။ သရက်ချောင်းသူကြီးက ပေါ်များကြွယ်ဝစွာ ကျွေးမွေးဧည့်ခံရုံ တင်မက သူ့လယ်ဥယျာဉ်ခြံများတွင် ခိုင်းစေထားသည့် အခိုင်းအစေများထဲမှ တစ်ကောင်ကြွက်ဖြစ်သည့် မြဆင့်အား ခရိုင်ဝန်အတွက် စိတ်တိုင်းကျ အသုံး တော်ခံစေရန် ဇွတ်အတင်း စီမံထားလေ သည်။ အပေါ်ထပ်ရှိ ခရိုင်ဝန်အိပ်မည့် အိပ်ခန်းထဲတွင် မြဆင့်အား ပိတ်သွင်း ထားသည်။ သရက်ချောင်းသူကြီးမှာ ငွေ ကြေးချမ်းသာသလို တပည့်တပန်းများ အသိုင်းအဝိုင်းတောင့်သည်။ ထို့ကြောင့် ရွာသူရွာသားများမှာ ခေါင်းငုံ့ခံနေကြ ရသည်က များသည်။

သရက်ချောင်းသူကြီး၏ အိမ် အောက်ထပ် ခေါင်းရင်းဧည့်ခန်းထဲတွင် ခရိုင်ဝန်နှင့် လက်ထောက်အရာရှိ အပါ အဝင် ပုလိပ်အင်စပက်တော်ရာနာဆင်း တို့ကို သီးသန့်ဧည့်ခံထားသလို အိမ်ရှေ့ ခြံဝိုင်းထဲတွင်လည်း စားပွဲကြီးများဆက် လျက် ဂေါ်ရာပုလိပ်များအား စိတ် ကြိုက် စားနေစေသည်။

ခြံဝင်းထဲတွင်တော့ အောက် လင်းမီးများဖြင့် လင်းရှင်းလို့နေသည်။ ခြံဘေးမှောင်ရိပ်များတွင်လည်း ကျား ဗိုလ်ဦးဆောင်သော အရေးတော်ပုံတပ် သားများက အသင့်နေရာယူပြီးကြလေ ပြီ။ ဂေါ်ရာပုလိပ်များမှာ သေနတ်များ ကို စားပွဲပေါ် တင်သူကတင်၊ ထောင် သူက ထောင်ထား၊ ကျောတွင် လွယ် သူက လွယ်ထားဖြင့် သောက်စားပျော်





www.burmeseclassic.com

www.burmeseclassic.com

ပါးလို့ ကောင်းနေကြသည်။ အသင့် အနေအထားဖြင့် ရှိနေသူဆို၍ ခြံပေါက်ဝတွင် ကင်းစောင့်နေသော ပုလိပ်နှစ်ယောက်သာ ရှိလေသည်။

ညဦးနက်လာတော့ ဝိုင်းဝန်းလုပ်ဆောင် ချက်ပြုတ်ပေးကြသော အခြွေအရံအခိုင်းအစေများလည်း တစ်စတစ်စ ပြန်ကုန်ကြပေပြီ။ အရင်းအချာ တပည့်လင်မယား နှစ်စုံတွဲသာ ကျန်ခဲ့ကြတော့သည်။ ထိုအချိန် ခြံဝတွင် ကင်းစောင့်နေသော ဂေါ်ရာပုလိပ် နှစ်ယောက်ထံသို့ မြားနှစ်ချောင်း ပြိုင်တူဝင်သွားသည်။

"အား"

"အင့်"

ခြံဝမှ ဂေါ်ရာပုလိပ်နှစ်ယောက် ကျသွားသည်ကိုပင် ခြံဝိုင်းထဲမှ လူများ မသိကြ။ အိမ်ရှေ့စားပွဲများတွင် သောက်စားနေသော ဂေါ်ရာပုလိပ်များထံသို့ လက်ဖြောင့်မဆိုးကြီးလေးဦး၏ ဒူးလေးမြားများက ပြိုင်တူလိုလို ဝင်ရောက်သွားကြသည်။

"အား . . . အင်"

"အဘား. . ."

"အာရေး. . ."

"ဟင်. . . ရန်သူ . . . အ"

အော်ဟစ်သံပင် မဆုံးလိုက် လောက်လေးခွ၊ လောက်စာလုံးများက ဝီသံပေးရင်း ပြေးဝင်လာကြသည်မို့. .

"အ. . . အွတ်"

"ဒေါက်. . ."

"ပြန်ပစ် . . . အိုး"

လက်ဖြောင့် လောက်လေးခွသမားများ၏ ပြိုင်တူပစ်ချက်နောက်တွင် ထက်ကြပ်လိုက်လျက် . . .

"ကျားဗိုလ်ကွ တက်တက်ကျား"

ကျားဗိုလ်က တိုင်သံပေးရင်း ပြေးဝင်သွားသည်။

"တက်ဟေ့ ကျား ကျား"

"ခုတ်ဟေ့ . . . ခုတ်ဟ"

ခြံစည်းရိုးများကို တွန်းဖြိုလျက် သုံးဖက်သုံးတန်မှ ပြိုင်တူပြေးဝင်လာကြသောဓားသမားများကြောင့် ဂေါ်ရာပုလိပ်များမှာ လှံစွပ်များ မတပ်နိုင်ကြ။ မောင်းလည်း မတင်နိုင်၊ သေနတ်ကို တုတ်သဖွယ်ကိုင်ဆောင်ရင်း သွေးရူးသွေးတန်း ခုခံမှုများမှာ အရာမထင်။ အနီးကပ်တိုက်ပွဲဝင် ဓားသမားများကြောင့် ဖရိုဖရဲနှင့် အလဲလဲ အကွဲကွဲ အပြတ်ပြတ် အရှုံရှုံ။

အိမ်ရှေ့ခြံဝင်းထဲမှ ဆူညံသံများကြောင့် အိမ်ထဲတွင် ဇိမ်ယစ်နေသော ခရိုင်ဝန်နှင့်အဖွဲ့သည် အခြေအနေကို သဘောပေါက်ကာ ခါးကြားမှ ခြောက်လုံးပြူးများကို ထုတ်ယူရန်ပင် အချိန်မရလိုက်ကြ။ အိမ်ရှေ့ခန်းအတွင်း လွှားခနဲ ခုန်ဝင်လာသော ကျားဗိုလ်၏မာန်သံကြောင့် . . .

"ဝန်ထောက်မင်းတို့ အပေါ်ထပ်ကို ပြေးပြေး"

ပြောပြောဆိုဆို သူကြီးက ဦးဆောင်ပြီး လှေကားရှိရာသို့ ပြေးကြရလေတော့သည်။

"ဒိုင်း. . . ဒိုင်း"

နောက်ဆုံးမှပြေးသော ပုလိပ်အင်စပက်တော် ရာနာဆင်းက ပြေးရင်း အောက်ပြန်ပစ်လိုက်သော ကျည်ဆန်တောင့်မှာ ကျားဗိုလ်အားမထိ၊ အရေးတော်ပုံ တပ်သားတစ်ယောက်ကိုသာ ထိမှန်သွားလေသည်။

ကျားဗိုလ်က ဝမ်းခေါင်းသံပါအောင် မာန်သွင်းရင်း . . .

"ကျားဗိုလ်ကွ"

လွှားခနဲ ခုန်ပျံဝင်သွားကာ နောက်ဆုံးမှ ပုလိပ်အင်စပက်တော်အား မီးရာဒူးခေါက်ကွေးမှ ပိုင်းချလိုက်သည်။

"အား ဘား. . ."

အင်စပက်တော်ရာနာဆင်းမှာ မချိမဆံ့အော်ဟစ်ရင်း လှေကားခြေရင်းတွင် ဒူးထောက်မှောက်ကျသွားရသည်။ ကျားဗိုလ်က ရာနာဆင်း၏ဦးခေါင်းအား ဆောင့်နင်းပြီး လှေကားပေါ် ပြေးတက်လိုက်သည်။

အိမ်ရှေ့ ခြံဝင်းထဲတွင်လည်း ဂေါ်ရာပုလိပ်များမှာ တစ်ဖက်သတ် တိုက်ခိုက်ခံနေရပြီး အချို့မှာ မှောင် တောထဲသို့ ထွက်ပြေးသွားကြသည်။ အချို့မှာလည်း မြေပြင်တွင်အတုံးအရုံး အချို့ကလည်း ဒူးထောက်ကာ အညှိုး နေကြပေပြီ။ မှောင်တောထဲသို့ လွတ် ဝင်သွားသော ဂေါ်ရာပုလိပ်ငါးယောက်က အဝေးမှနေ၍ လှမ်းပစ်ကြ၏။ မှု လန့်လန့်နှင့်မို့ ထိရောက်မှုမရှိ။

ရေကြည်ပုံနင်းကြီး၏ ရဲဘက်ဟောင်းများက ဂေါ်ရာပုလိပ်များ၏ သေနတ်များကိုကောက်ယူကာအမှောင် ထဲမှပစ်နေသော ပုလိပ်များအား ပစ်ခတ်ကြသည်။

"ဒိုင်း . . . ဒိုင်း. . . ဒိုင်း"

"ထွက်ပြေးသွားတဲ့ ပုလိပ်တွေ နောက်ကို သေနတ်ကိုင်ရဲမက် ခုနှစ် ယောက်ကလိုက်ပြီးချေမှုန်း၊ ကျန်တဲ့ ရဲမက်တွေက ဒီကလက်ရာတွေသိမ်းပြီး လက်နက်ချ အညှုံ့ခံတဲ့ ပုလိပ်တွေကို ကြိုးတုပ်ပြီး ထိန်းသိမ်းထား"

ရွှေလှံ့ဗိုလ်က အမိန့်ပေးလိုက်သည်။

"မှန်ပါ့ ဗိုလ်မင်း"

"အကာအကွယ်လဲ ယူထားကြ ကျုပ် အိမ်ထဲဝင်ကူလိုက်ဦးမယ်"

"မှန်ပါ့ ဗိုလ်မင်း၊ စိတ်ချပါ၊ အိမ် ပြင်ကကိစ္စတွေအတွက် ကျွန်တော်တို့ ဆောင်ရွက်လိုက်ပါ့မယ်"

ရွှေလှံ့ဗိုလ်က ဓားကိုသိမ်းလိုက်ပြီး ရိုင်ဖယ်တစ်လက်ကိုကောက်ယူလိုက်ကာ အိမ်ထဲသို့ ဝင်လိုက်သွားသည်။ အိမ်ထဲတွင်မူတော့ ဖရိုဖရဲနှင့် သူကြီးကတော်မိသားစုမှာ ကြမ်းပြင်တွင် ပြားပြားကပ်နေကြသည်။

"ဒိုင်း . . . ဒိုင်း. . . ဒိုင်း"

အိမ်အပေါ်ထပ် ရောက်သွားတော့ ခရိုင်ဝန်နှင့် လက်ထောက်အရာရှိတို့နှစ်ယောက်က စားပွဲနှစ်လုံးနောက်မှာ ပုန်းကွယ်ပြီး လှေကားထိပ်သို့ ခြောက်လုံးပြူးကိုယ်စီနှင့် ပစ်ခတ်နေကြသည်။

"ကိုရင်နှောင်း အနီးကပ်ပစ်နေ တာ အတင့်မရဲပါနဲ့၊ ကျုပ်လုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးရမှဝင်ရှင်းပါ။ ဆက်မတက်နဲ့ဦး၊ ပုနေ"

ကိုရင်ငနှောင်းက—သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။ ရွှေလုံ့ဗိုလ်က လှေကားပေါ်မှ ပြန်ပြေးဆင်းသွားပြီး ခရိုင်ဝန်တို့နှစ်ယောက် ရှိနေသည့်နေရာ အောက်တည့်တည့်မှနေ၍ အပေါ်ထပ်ကြမ်းခင်းကို ရိုင်ဖယ်သေနတ်ဖြင့် ထိုးချိန်ပစ်ချလိုက်သည်။

"ဒိုင်း. . . ဒိုင်း"

အောက်ထပ်မှ ပစ်လိုက်သော ကျည်ဆန်များမှာ ကြမ်းခင်းကိုဖောက်၍ ဝင်လာသောကြောင့် ခရိုင်ဝန်နှင့် လက်ထောက်အရာရှိတို့မှာ ကြောက်လန့်တကြားဖြစ်လျက် ဟိုရွှေ့ဒီပြောင်းများ ဖြစ်ကုန်ကြတော့သည်။ ခြေသံရွှေ့ပြောင်းရာနေရာသို့လိုက်ပြီးပစ်နေသောကြောင့် ခရိုင်ဝန်နှင့်လက်ထောက်တို့မှာ အောက်မှ ဖောက်ဝင်လာသော ကျည်ဆန်များဆီသို့သာ အာရုံရောက်နေရပြီး လှေကားထိပ်ဆီသို့အာရုံမရောက်တော့။ ပစ်လည်း မပစ်နိုင်အားတော့။ ကြောက်သေးများပင် ပါကုန်ကြပြီ။

"ကျား. . ."

မာန်သံပေးရင်း ကျားဗိုလ်က လှေကားထိပ်မှ ခုန်တက်ပြေးဝင်သွားသည်။ အရင်ဆုံး နီးရာလက်ထောက်အရာရှိအား ခုန်ပြီး ပစ်ကန်လိုက်ရာ ရင်ဝထိမှန်ပြီး နောက်ပြန်အလွင့် ခရိုင်ဝန်နှင့်အတူ ထပ်ပြို လဲကျသွားလေတော့သည်။

"ဒိုင်း. . ."

ခရိုင်ဝန်၏လက်မှ ခြောက်လုံးပြူးကျည်သည် အိမ်အမိုးကို ဖောက်ထွက်သွားသည်။ အရင်ဆုံး ကုန်းထသည့် ခရိုင်ဝန်က သေနတ်ဖြင့်ပစ်ရန် ဆန့်ပြင်လိုက်ရာ ကျားဗိုလ်၏ ဓားချက်က လက်ခနဲဝင်သွားသည်။ ခရိုင်ဝန်ထံမှ အသံမထွက်၊ ခေါင်းမဲ့ခန္ဓာကိုယ်ကြီးမှာ သေနတ်ကြီးကိုင်လျက် ကုန်းကွကွကြီး ကျန်ခဲ့သည်။ ဦးခေါင်းက မြောက်တက်သွားပြီး လှေကားထိပ်မှ တစ်ဆင့်အောက်ထပ်သို့ တဒုန်းဒုန်း ခုန်ဆင်းသွားလေသည်။ ခေါင်းပြတ်ခန္ဓာကိုယ်မှ သွေးများ ရှူးခနဲ ပန်းထွက်လေရာ ကျားဗိုလ်၏ခန္ဓာကိုယ်ပေါ်သို့ သွေးမိုးရွာချလိုက်သလိုပင် ရှိလေတော့သည်။

ခရိုင်ဝန်၏အဖြစ်ဆိုးကို မြင်တွေ့လိုက်ရသော လက်ထောက် အရာရှိမှာ အတွင်းခန်းဆီသို့ ဝင်ပြေးရန် အထ ကျားဗိုလ်၏ဓားချက်က လက်ခနဲ ဝင်သွားသည်။

"အား. . ."

လက်ထောက်အရာရှိ၏ကျောပြင်မှ ထက်ခြမ်းကွဲသွားရသည်။

"ကိုရင်တို့ရေ အရေးတော်ပြီးပြီဟေ့"

ကျားဗိုလ်က အော်ပြောလိုက်သည်။

"ဟဲ့ . . . သူကြီး မသေချင်ရင် ထွက်ခဲ့စမ်း"

အိမ်တွင်းခန်းထဲမှ သူကြီးလည်း တုန်တုန်ယင်ယင်ဖြင့် ထွက်လာသည်။ ခရိုင်ဝန်နှင့် လက်ထောက်အရာရှိတို့၏ အဖြစ်ဆိုးကို မြင်တွေ့လိုက်ရပြီး သရက်ချောင်းသူကြီး ဒူးကျိုးကျသွားကာ တဆတ်ဆတ်တုန်နေတော့သည်။

"ဟဲ့ သူကြီး၊ မသေချင်ရင် ငါပြောသလို လိုက်နာစမ်းဟဲ့"

"မှန် မှန် မှန်ပါ ဗိုလ်မင်းရယ်၊ အသက်ကိုတော့ ချမ်း ချမ်းသာပေးပါ"

"သွား၊ မမြဆင့်ကို ခေါ်ထုတ်လာခဲ့"

"မှန်ပါ့ ဗိုလ်မင်း"

သူကြီးမင်းက အိပ်ခန်းတွင်းမှ မမြဆင့်ကိုခေါ်ထုတ်လာသည်။ မမြဆင့်လေးမှာ တုန်နေရှာသည်။

"ခရိုင်ဝန်တို့ရဲ့ ပစ္စည်းတွေ ဒီမှာလာပုံ၊ ဆက်သမယ့် အခွန်တော်ငွေတွေပါ ဒီမှာပုံ"

သရက်ချောင်းသူကြီးမှာ ကျားဗိုလ်ခိုင်းသည့်အတိုင်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နာခံရှာသည်။

"ကိုရင်ငထိန်ရေ အိမ်ပေါ်ထပ်တက်ခဲ့ပါဦး"

ကျားဗိုလ်က ရွှေလုံ့ဗိုလ်ကိုပါ လှမ်းခေါ်လိုက်သည်။ ရွှေလုံ့ဗိုလ်ရောက်လာတော့ ကျားဗိုလ်က . . .

"ဒီမှာ ဒီကခရိုင်ဝန်တို့ရဲ့ပစ္စည်းတွေနဲ့ ဆက်သမယ့် အခွန်တော်ငွေတွေပဲ၊ ဗိုလ်မင်း ဘယ်လိုစီရင်ချင်သလဲ"

"အေး. . ကောင်းတယ်၊ ဒီမှာ သူကြီး ဒီကအခွန်တော်ငွေတွေကို ရွာသားတွေကို ပြန်ပေးလိုက်၊ နင်တို့အရှင်သခင် ကုလားဖြူတွေကမေးရင် ဓားပြတိုက်လို့ ပါသွားပြီလို့ပြော ကြားလား"

"မှန်ပါ့ ဗိုလ်မင်း"

"အေး. . . ငါပြောသလို မလိုက်နာလို့ကတော့ ဟိုမှာမြင်ရတဲ့ ကုလားဖြူမသာနှစ်လောင်းကို မြင်တယ်နော်"

"မှန်ပါ့ ဗိုလ်မင်း၊ လိုက် လိုက်နာပါ့မယ် ခင်ဗျာ"

"နင်တို့ရွာထဲမှာ ငါ့အထောက်တော်တွေရှိတယ် နင်သိထား"

"မှန်. . . မှန်ပါ့ လိုက်နာပါ့မယ် ဗိုလ်မင်းရယ်၊ အသက်ကိုချမ်းသာပေးတာပဲ ကျေးဇူးကြီးလှပါပြီ"

"အေး . . . မမြဆင့်လေး ကျုပ်တို့နဲ့လိုက်ခဲ့၊ ယူစရာရှိတာ ယူလာခဲ့"

"မှန်ပါ့ ဗိုလ်မင်း"

သရက်ချောင်းရွာ တစ်ရွာလုံးလည်း တထိတ်ထိတ်တလန့်လန့်ဖြင့် မအိပ်နိုင်ကြ။ ကျားဗိုလ်က သရက်ချောင်း သူကြီးအား ရှေ့မှဆင်းစေပြီး ရွှေလုံ့ဗိုလ်က မမြဆင့်လေးအား လက်ဆွဲခေါ်လာသည်။ အိမ်ပေါ်ထပ်မတော့ ခေါင်းပြတ်ဝန်ထောက်အလောင်းနှင့် ကျောကွဲနေသော လက်ထောက်အရာရှိ အလောင်းတို့သာ ကျန်ရစ်ခဲ့သည်။

အိမ်အောက်ထပ် လှေကားခြေရင်းရောက်တော့. . .


(ဆက်ရန်)

❒ ကိုကြီးစော(သာပေါင်း)



www.burmeseclassic.com

www.burmeseclassic.com



"နတ်မျက်စိ အကြားအမြင် ဒိဋ္ဌ ပဟာသည်"


ဆိုင်းဘုတ်ပြားကလေးရဲ့ ရှေ့တည့်တည့်အရောက်မှာ ဦးပေတုံးကြီးရဲ့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားတာ လေထက်တောင် မြန်နေသေးကိုး။

သောကြာနေ့ လေအန်ကုန်းက အပြန်မှာ ဘုရားဝင်ဖူးရင်း ယကြာချေစရာရှိတာနဲ့ ဦးပေတုံးကြီး နေတဲ့ ရပ်ကွက်ထဲက တန်ခိုးကြီးဘုရားရဲ့ စောင်းတန်းမုခ်ဝပေါ် စတင်တက်စဉ်မှာပဲ ပေဒင်ခန်းတွေ ကြေးထည်ပစ္စည်းဆိုင်တွေနဲ့ တစ်တန်းတည်းကြားမှာ ၂×၁ ပေလောက်ရှိတဲ့ အပြာရောင်နောက်ခံ ပလတ်စတစ်ပြားပေါ် ရွှေရောင်စာလုံးတွေနဲ့ ဖော်ထားတဲ့ ဆိုင်းဘုတ်ကလေးက ဦးပေတုံးကြီးကို မျက်စပစ်ဆွဲဆောင်လိုက်တာမှ ဘုရားဖူးဖို့တောင် မေ့လျော့သွားသလိုပါပဲ။

"နတ်မျက်စိ" ဆိုပါလား။

ဒီဆရာကို ဦးပေတုံးကြီး မသိဘဲ နေပါ့မလား။ အသက်သာ (၇၀)ကျော်ပေမယ့် စာပေလောကမှာ ရေးဖော်ရေးဖက်တွေနဲ့ ပတ်သက်ရင် ဦးပေတုံးကြီးရဲ့ အိုင်ကျူက ပိတ်ဖြူစပေါ် ကတ္တရာစေး သုတ်ထားသလို မှတ်မိလိုက်တာမှ စွဲနေ

www.burmeseclassic.com



ရောဆိုပါတော့။ ဟုတ်တယ်လေ။ နတ်မျက်စိဆိုတာ ပေါ့သေးသေးမှ မဟုတ်တာ။ မှုခင်းသတင်းထူးတွေကို ရှာကြံပြီး တစ်ချိန်က ဂျာနယ်မှန်သမျှမှာ ပလူပျံအောင် ရေးနေတဲ့ သတင်းထောက်ခင်ဆိုတဲ့ ဆရာရဲ့ ကလောင်ခွဲပဲဟာ သိပ်မှတ်မိတာပေါ့။

လွန်ခဲ့တဲ့ (၁၅)နှစ်လောက်တုန်းက ဦးပေတုံးကြီးက မှုခင်းနဲ့ ပတ်သက်တဲ့ ဝတ္ထုတွေရေး၊ သတင်းထောက်ခင်ကလည်း နယ်ပေါင်းစုံမှာ ဖြစ်ပွားတဲ့ မှုခင်းသတင်းတွေ ကိုယ်တိုင်လိုက်ပြီး ကွယ်လွန်သူ ဆရာနီလေးမောင် အယ်ဒီတာလုပ် ထုတ်ဝေတဲ့ "ဖြစ်ရပ်မှန်မဂ္ဂဇင်း"မှာ အတူတူရေးလာကြတာ လစဉ် ပင်တိုင်ပဲမဟုတ်လားလို့။

ဆိုင်ကယ် တဖုတ်ဖုတ်နဲ့ ဖြစ်ရပ်မှန် မဂ္ဂဇင်းတိုက်ရောက်လာတဲ့ သတင်းထောက်ခင်က ဦးပေတုံးကြီးနဲ့ ဆုံကြတာနဲ့ (၃၃)လမ်းက လက်ဖက်ရည်ဆိုင်ခေါ်သွားပြီး လက်ဖက်ရည်တိုက်ရုံတင်မကပဲ နယ်တကာက သူ့အတွေ့အကြုံတွေ ရှင်းလင်းပွဲ လုပ်ခဲ့တာကြောင့် ဦးပေတုံးကြီးအတွက် ကုန်ကြမ်းတွေ အများကြီး ရခဲ့တာလည်း ခုချိန်ထိ ကျေးဇူးတင်လျက် ရှိတုန်းပါပဲ။

မှန်ပါတယ်။ ဒီဆရာကြည့်ရတာက မွေးကတည်းက ခြေဖဝါးမှာ ကုလားအုတ်တစ်ဖက်၊ ဒိုးပျံတစ်ဖက် အမှတ်အသား ပါလာသလားမသိ၊ မြန်မာနိုင်ငံတစ်နံ့တစ်လျားမက အိမ်နီးချင်းနိုင်ငံတွေအထိတောင် အင်မတန်ခရီးသွားလာတဲ့သူကိုး။ ဒါကြောင့်လည်း ဂျာနယ်တွေအကြိုက် ပုဒ်မ-၃၇၆တို့၊ ပုဒ်မ-၃၀၂တို့ သတင်းမျိုး နှိုက်နှိုက်ချွတ်ချွတ် ရေးနိုင်တာ ဖြစ်မှာပေါ့။

ဒါပေမဲ့ ခုနောက်ပိုင်းမှာ ဦးပေတုံးကြီး သတိထားမိလာတာက ဒီဆရာ မှုခင်းအကြောင်းအရာတွေ ရေးတာပါးလာပြီး ထူးဆန်း အံ့သြဖွယ်ရာ တကယ့်အဖြစ်အပျက် အကြောင်းအရာတွေကို ရေးသား ထုတ်ဝေလာတာမှ တစ်အုပ်ပြီးတစ်အုပ်။

ဟုတ်ကဲ့။ လက်ဆောင်ရတဲ့ သူ့စာအုပ်တွေ ဦးပေတုံးကြီး ဖတ်ကြည့်လိုက်ရင် တိုင်းနဲ့ပြည်နယ် အစွန်အဖျားဒေသတွေမကျန် နှံ့စပ်အောင် သွားလာရင်း သူကိုယ်တိုင် မျက်မြင်လက်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက် အကြောင်းအရာတွေမှ အင်မတန် စိတ်ဝင်စားဖို့ကောင်းတာကိုး။

ရှမ်းပြည်နယ်တောင်ပိုင်း အင်တော၊ ကျောက်ဂူဘက်တောထဲမှာ လူ



www.burmeseclassic.com

www.burmeseclassic.com

သူတွေနဲ့တွေ့လိုက်ရင် ဖက်ရွက်ခြောက်တွေအောက် ပြေးပုန်းပျောက်ကွယ်သွားတဲ့ လူသဏ္ဍာန် သတ္တဝါပုလေးတွေအကြောင်း၊ တောင်ငူမြို့လယ်ကောင်မှာ သရဲခြောက်လွန်းလို့ လူတွေ မနေဝံ့တဲ့အိမ်ကြီးအကြောင်း ရေးပြီး စာအုပ်ထုတ်ဝေခဲ့တာ "နတ်မျက်စိ" ဆိုတဲ့ ကလောင်နာမည်နဲ့ပဲဟာ ဦးပေတုံးကြီး စွဲနေအောင် မှတ်မိနေတာ ဘယ်ဆန်းပါ့မလဲ။

ဦးပေတုံးကြီးနဲ့ သတင်းထောက်ခင် (ခ) နတ်မျက်စိတို့ ခင်မင်ရင်းနှီးကြတာကလည်း စာပေလောကသားချင်းမို့ဆိုတဲ့ အကြောင်းတစ်မျိုးတည်းတော့ မဟုတ်ပါဘူး။ သူရော ဦးပေတုံးကြီးပါ တပ်မတော် (ကြည်း)က အငြိမ်းစားယူခဲ့ကြသူအချင်းချင်း လေထီးခုန်သင်တန်းတက်ခဲ့တာချင်းလည်း တူနေပြန်ရောဆိုပါတော့။ ဦးပေတုံးကြီးထက် သူထူးတာက ရေငုပ်စစ်သည်သင်တန်းပါတက်ထားတာဖြစ်လို့ ဝေဟင်၊ မြေပြင်၊ အဏ္ဏဝါတစ်ခွင် ပြံပြံစင်ခဲ့တဲ့သူလို့ ပြောရင်တောင် မှားမယ် မထင်ပါဘူး။ တကယ်လို့များ မီးသတ်တပ်ဖွဲ့သင်တန်းပါ တက်ခဲ့မယ်ဆိုရင်လား ဓာတ်ကြီးလေးပါး ကျေပြီးသား ပုဂ္ဂိုလ်လို့တောင် ဆေးပညာလောကမှာ စံပြဖြစ်လာဦးမှာနော်။ ဒါကြောင့်လည်း သူ့ပုံကြည့်လိုက်ရင် ရှေ့ငါးမူး၊ နောက်တစ်မတ် တပ်ပုံစံဆံပင်၊ အရပ်အမောင်းကောင်းကောင်းနဲ့ စတိုင်ဘောင်းဘီဝတ်ပြီး လေအန်ကုန်းလာတဲ့အခါ ပဲရစ်မျှော်စင်ကြီး ရွေ့လာသလားထင်ရအောင် စာရေးဆရာဆရာမတွေမှ တအံ့တသြ။

ပါးစောင်မှာ စီးကရက်ခဲပြီး လူတိုင်းကို မယုံသင်္ကာ မျက်လုံးနဲ့ကြည့်ပြီးမှ ဆက်ဆံတတ်တဲ့ အထာကလည်း မှုခင်းသတင်းထောက် ပီသလိုက်တာမှ ဘာတစ်ခုမျှ ပြောစရာမရှိ။ ဒီလို စတိုင်ရှိလို့လည်း စတားဖြစ်တာနေမှာပေါ့၊ မဟုတ်ဘူးလား။ ဘာကြာသေးလို့လဲ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ ထင်ပါရဲ့။

အညာဒေသဘက် သူခရီးသွားလာရင်း ကျောက်ပန်းတောင်းဒေသမှာ တွေ့လာတဲ့ လူပုလေး မောင်ဗလဆိုတာကို ကမ္ဘာ့ဂရင်းနစ်မှတ်တမ်းစံချိန်ဝင်အောင်ဆိုပြီး ကရဝိက်ဟိုတယ်ခန်းမမှာ သံရုံးတွေနဲ့ စာနယ်ဇင်းရှင်းလင်းပွဲလုပ်ခဲ့တာ ဦးပေတုံးကြီးတောင် သတင်းဆောင်းပါးတွေ ရေးခဲ့ပေးသေးတာပဲ။ သူ့ရဲ့ လူပုလေး မောင်ဗလက လက်ရှိဂရင်းနစ်မှတ်တမ်းဝင်ဖြစ်တဲ့ နီပေါက လူပုလေးထက် အရပ်က တစ်လက်မလေး ပိုမြင့်လို့ဆိုလား ဆုကြီးနဲ့ လွဲသွားတာနဲ့ ပတ်သက်လို့ ဦးပေတုံးကြီး အကြံပေးခဲ့ပါသေးတယ်။

"စိတ်ဓာတ်မကျပါနဲ့ ဆရာ နတ်မျက်စိရာ၊ ခင်ဗျား မောင်ဗလကို ဒူးဆစ်ကနေ နှစ်လက်မဖြတ်ပြီး ပြန်ဆက်လိုက်ရင် ဂရင်းနစ်မှတ်တမ်းစံချိန်ဝင်ဖို့ သေချာသွားပြီပေါ့ဗျာ" လို့။ ဘယ်နေပါ့လဲ။ ဆရာနတ်မျက်စိ ပြန်ဆဲလိုက်တာမှ မိုးမွှန်နေရောကိုး။

အဲဒီလို ထူးခြားဆန်းကြယ်မှုမှန်သမျှ ကုတ်ကုတ်ကတ်ကတ်ရှာကြံပြီး လုပ်ဇာတ်အကြံအဖန်မပါဘဲ ကမ္ဘာ့မျက်နှာစာထိရောက်အောင် ကြိုးပမ်းခဲ့တဲ့ ဓာတ်လေးပါး ပုဂ္ဂိုလ်ကြီး သတင်းထောက်ခင် (ခ) နတ်မျက်စိဆိုတဲ့ဆရာ ခုတော့ ဘုရားစောင်းတန်းမှာ ခပ်တည်တည် ဆိုင်းဘုတ်ချိတ်ပြီး အကြားအမြင်ဒိဋ္ဌဟောတယ်ဆိုပါလား။ ဒါပေါ့လေ။ သူလည်း အတွေ့အကြုံတွေများလို့ ပညာတွေလည်း စုံလင်အောင်ရထားတဲ့သူပဲဟာ။ ခုချိန်မှာ ဈေးကွက်ပျက်နေတဲ့ စာပေလုပ်ငန်းကို ခဏနားထားပြီး ခုလို အကြားအမြင် ဒိဋ္ဌဟောတဲ့ အလုပ်ပြောင်းလုပ်တာနဲ့ ပတ်သက်လို့ ဝေဖန်ရရင် နတ်မျက်စိ မှန်နေပြီပေါ့ဗျာ။

❖

ဆိုင်းဘုတ်ပြားကလေး အောက်က ကြက်သွေးရောင် ခန်းဆီးကန့်လန့်ကာ ကာထားတဲ့ အခန်းရှေ့မှာ ဦးပေတုံးကြီး ရပ်ပြီး စဉ်းစားခန်းဝင်နေတာပဲ အတော်ကြာပါတယ်။ ဆရာနတ်မျက်စိ ကို ဝင်တွေ့လို့ ဖြစ်လား၊ မဖြစ်လားပေါ့ သူ ခုလို အလုပ်ခွင်ပြောင်းလိုက်တာ စာပေလောကသားတွေ မသိစေချင်တာ ကြောင့် ပုန်းလျှိုးကွယ်လျှိုးလုပ်နေတာ ဦးပေတုံးကြီး ဝင်တွေ့လိုက်မှပဲ သူ သိက္ခာထိပါးသလို ဖြစ်သွားရင် ဘယ် ကောင်းပါ့မလဲ။ လူတချို့ဟာ လိုအပ်တဲ့ အခါ ကျင့်ဝတ်ဆိုတာကြီးနဲ့ ကိုင်ပေါက် တတ်ပေမယ့် မလိုအပ်တော့ဘူး ဆိုတာ နဲ့ ကျင့်ဝတ်ဆိုတာကို ဖောက်ဖျက် ဝန်မလေးတတ်တာ အန်းတိတ် စာ ဆရာဖြစ်တဲ့ ဦးပေတုံးကြီး မသိဘဲ နေ မလား။

ဘာပြောပြောပေါ့လေ။ ဦးပေ တုံးကြီးရဲ့ ကလောင်ဘော်ဒါ သတင်း ထောက်ခင် (ခ) နတ်မျက်စိကတော့ သဘောထားသေးသိမ်တဲ့သူ မဟုတ် ဘူး။ အင်မတန် အပေါင်းအသင်းခင်တဲ့ ဆရာဆိုတာ ဦးပေတုံးကြီး သိပြီးသား ခုလို လမ်းကြုံတုန်း ဝင်ပြီးမှ နှုတ်ဆက် မသွားလို့ကတော့ အင်မတန်ရိုင်းတဲ့ လူပါလားလို့ ထင်သွားမှာလည်း စိုး ရသေးတာလေ။ ပြီးတော့ ဦးပေတုံး ကြီးမှာက စာအုပ်ထုတ်ဝေရေးနဲ့ ပတ် သက်တဲ့ အပူတစ်ခုကို ပိုက်ဘောင် ထားတာ ပြေလည်ပါစေဆိုပြီး ဘုရား မှာလာ ယကြာချေတာဆိုတော့ ဒါတို့ ဆရာနတ်မျက်စိရဲ့ အကြားအမြင်ဒိဋ္ဌ ဟောချက်နဲ့ချေဖျက်နိုင်လိုက်ရင်တောင် ကိုယ့်အတွက် အမြတ်ပေါ်ဦးမှာ မဟုတ် လား။ အင်း မရှက်မကြောက်ပြောရရင် အိတ်ကတ်ထဲ ငါးဆယ်ကျပ်တန် တစ် ရွက်တောင်မရှိတဲ့ ဦးပေတုံးကြီး သနားပြီး ညနေစာနဲ့ပါ ပြုစုလိုက်ရင် တော့လား အတိုင်းထက်အလွန် တံခွန် နဲ့ ကုက္ကား ဖြစ်ချင်ဖြစ်သွားနိုင်တာနော် ကံဆိုတာ ဘယ်သူတွေက ကြိုသိနိုင် မှာလဲလို့။

အဲဒီလိုပဲ ဟိုစဉ်းစား ဒီစဉ်းစား ရင်းက အကောင်းတွေဘက်ကို စိတ် ရောက်သွားတာနဲ့ ဦးပေတုံးကြီးလက်



www.burmeseclassic.com

www.burmeseclassic.com

ကြက်သွေးရောင် ခန်းဆီးကန့်လန့်ကာကို ဆွဲဖယ်လိုက်တာ လေအဟုန်ထက်တောင် မြန်နေပါသေးလား။ အခန်းကကျဉ်းပေမယ့် လေးပေမီးချောင်း ပတ်လည်ဖွင့်ထားတာဆိုတော့ မျက်စိကျိန်းသွားတဲ့ ဦးပေတုံးကြီးမှာ ရုတ်တရက်ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။

ပထမဦးဆုံး သတိထားမိတာက ခြောက်ပေလောက်ရှည်တဲ့ အလျှူမီနီယမ် စားပွဲကြီး။ စားပွဲရဲ့ တစ်ဖက်ထိပ်မှာက အမွှေးတိုင်မီးခိုးတွေ ထောင်းထောင်းထနေတဲ့ အုန်းငှက်ပျောပွဲတစ်ပွဲ။ အဲ. . . စားပွဲရဲ့တခြားထိပ်ဘက်မှာကတော့ နိုင်ငံတကာ နတ်ပေါင်းစုံတို့ရဲ့ အင်္ဂါရုပ်တွေ ဖော်ကျူးထားတာလားထင်ရတဲ့ ဘာမသိညာမသိ တစ်တောင်ကျော်ကျော်လောက်ရှိမယ့် ဖက်စပ်ပလတ်စတာရုပ်တုကြီးက စပ်ဖြဲဖြဲ။တတ်လည်းတတ်နိုင်တဲ့ ဆရာနတ်မျက်စိ။ လုပ်လိုက်မှဖြင့် သူများတွေထက် ထူးလို့ကိုး။

နဂိုက မီးရောင်ကြောင့် မျက်စိကျိန်းနေတဲ့ ဦးပေတုံးကြီး။ ဖက်စပ်နတ်ရုပ်တပါ တစ်ခြမ်းကွယ်နေလို့ စားပွဲနောက်မှာ ထိုင်နေတဲ့ ဆရာနတ်မျက်စိကို သဲကွဲစွာ မတွေ့ရသေး။ မျက်စိကို အသေအချာပွတ်ပြီး ပြန်ကြည့်လိုက်မှနေးပေါ် နေကာမျက်မှန်မတင်ပြီး စီးကရက်တစ်လိပ် ပါးစောင်မှာ မခို့တရို့ခဲထားတဲ့ သတင်းထောက်ခင်(ခ) နတ်မျက်စိနဲ့ တည့်တည့်ကြီးတိုးပြီလား ထင်ခဲ့တာ။

ဘယ်ဟုတ်လို့တုံး။ အကယ်ဒမီမေသဥ္ဇာဦးပါလား။ ဟာ မဟုတ်ဘူး။ မေသဥ္ဇာဦးနဲ့ ခပ်ဆင်ဆင်တူအောင် ပြင်ဆင်ထားတဲ့ အသက်ငါးဆယ်အရွယ်မိန်းမကြီးတစ်ယောက်ဗျ။ ယောဂီရောင်ဆက်အောင်ဝမ်းဆက် ကိုယ်ကျပ်ဝတ်စုံနဲ့ မိတ်ကပ် ငါးပိသာလောက်ဖို့ထားတဲ့ မျက်နှာပေါ်ကလက်ပံပွင့်သဏ္ဍာန်ပါးစပ်ကြီး အစွမ်းကုန်ဖြဲပြီး ဝဲလ်ကမ်းလုပ်နေလိုက်ပုံက တကယ့်တုန်လှုပ်စရာ။

"ထိုင်လေ အန်ကယ်၊ ဟင်း ဟင်း . . . ဝင်ဝင်လာချင်း ကယောင်ကတမ်းဖြစ်နေပုံ ကြည့်ရုံနဲ့ အန်ကယ့်မှာ တကယ့်အပူကြီး ဆိုက်နေတာ မြင်ရတယ်လေရှင်၊ ဟင်း ဟင်း နတ်မျက်စိပဲဟာ ထင်းခနဲမြင်တာ ဘယ်ဆန်းပါ့မလဲ ဟင်း ဟင်း . . . မိုက်တယ်နော်"

တောက်။ ဒီအကြွားအမြင်ဆရာမကို ဖနောင့်နဲ့ အချက်တစ်ရာပေါက်ပြီး အခန်းထဲက ပြန်ထွက်ချင်အောင် ဦးပေတုံးကြီးစိတ်တွေ လေဖြတ်သွားတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ သူက မိန်းမသား။ ပြီးတော့ သူပိုင်နက်အခန်းထဲမှာဖြစ်လို့ အတော်လေး သည်းညည်းခံနေရတာ ပင်ပန်းလိုက်တာ လွန်ရော။ ဝင်လာမိပြီးမှတော့ သိက္ခာရှိမှန်းသိအောင်ပြတဲ့အနေနဲ့ သတင်းထောက်ခင်ရဲ့ကလောင်ခွဲ နတ်မျက်စိနဲ့ မှားလို့ဝင်လာတာဆိုတဲ့ အကြောင်းတော့ ရှင်းပြရမှာပေါ့။ ဒါကြောင့် စားပွဲရှေ့က ခုန်ပေါ် ထိုင်ချလိုက်တာ ဖွေ့ခနဲ။

"ဟင်း ဟင်း ပြောပါအန်ကယ်၊ နှစ်ယောက်ချင်းပဲဟာ ပွင့်ပွင့်လင်းလင်းပေါ့ရှင် . . . ဟင်း ဟင်း"

နှစ်ယောက်ချင်းဖြစ်တိုင်း စိတ်ရှိလက်ရှိ ပွင့်လင်းလိုက်ရရင်တော့လား။ ငယ်စိတ်တွေကို အတင်းချိုးနှိမ်ပြီး ဦးပေတုံးကြီးကပဲ စကားစလိုက်ပါတယ်။

"ဒီ ဒီလိုပါ၊ ကျုပ်ပြောချင်တာက သတင်းထောက် ခင်. . ခင်. . "

"ဟိုး ဟိုးထား၊ သိပြီ ဟင်း ဟင်း သိနေပြီလေ၊ ခုခေတ် ဂျာနယ်တိုက်တွေက သတင်းထောက်ဆို ငယ်ငယ်လှလှတွေပဲခန့်ကြတာ အန်ကယ်လဲသိမှာပေါ့၊ အန်ကယ့်သမီး ခင်ဆိုတာလဲ သတင်းထောက်လုပ်ရင်းက အိမ်ပြန်မရောက်လာလို့ စိတ်ပူပြီး လာမေးတာကို နတ်မျက်စိက သိနေပြီးသားလေ၊ ဟင်း ဟင်း သိပ်လဲ စိတ်ပူမနေပါနဲ့ရှင် သူ့ဂျာနယ်တိုက်က သတင်းယူဖို့ ကချင်ပြည်နယ်ကို လွှတ်လိုက်တာ အဖော်ရအောင်ဆိုပြီး သတင်းထောက်ကောင်လေးတစ်ယောက်ပါ ထည့်ပေးလိုက်သေးတာ ဟင်း ဟင်း၊ တပ်နဲ့ ကေအိုင်အေတို့ တိုက်ပွဲကြားရောက်နေတယ် ထင်ပြီး စိတ်မပူလိုက်ပါနဲ့ရှင်၊ ဟင်း ဟင်း . . နတ်မျက်စိအမြင်ထဲမှာတော့ မြစ်ကြီးနားက တည်းခိုခန်းတစ်ခုမှာ ငြိမ့်နေကြတာရှင့် . . . ဟင်း ဟင်း"

ဦးပေတုံးကြီး စကားကို ဆုံးအောင် မစောင့်ဘဲ သူ့အမြင်ကိုချည်းစွတ်ပြောနေတဲ့ အကြွားအမြင် ဆရာမကြီး။ ဒါကိုပဲ သည်းညည်းခံ ထိုင်နေရာက သူ့စကားအပြတ်မှာ ကိုယ့်ကိစ္စလည်း လိုရင်းတိုရှင်းနဲ့ပြီးအောင် ဦးပေတုံးကြီး ပါးစပ်ဟာလိုက်ရုံရှိသေး. . .

"ဟင်း ဟင်း နတ်မျက်စိ ပြောတာ အရမ်း အရမ်းမှန်လွန်းလို့ အန်ကန်အံ့သြနေပြီ မဟုတ်လား၊ ဟင်း ဟင်း မှန်ရမယ်လေ နတ်မျက်စိပဲဟာ စကြဝဠာထဲမှာ မမြင်နိုင်တာ ဘာမှမရှိဘဲကိုးရှင့်၊ ဒီမှာ အန်ကယ် ခုဟာက ဒစ်စကောင့်ပေးတဲ့သဘောနဲ့ အခမဲ့ဟောပေးနေတာနော်၊ ရှေ့ဆက်ပြီး အန်ကယ်သိချင်တာတွေကို နတ်မျက်စိက နန်းစတော့ ဟောတော့မှာဖြစ်လို့ ကန်တော့ပွဲထဲမှာ ငွေစက္ကူငါးထောင်တိတိသာ တင်လိုက်ပါ အန်ကယ်၊ ဟင်း ဟင်း . . အန်ကယ့်သမီး သတင်းထောက် ခင်နဲ့ ပတ်သက်ပြီး အန်ကယ် သိသေးမှာ မဟုတ်တဲ့ လျှို့ဝှက်ချက်အားလုံးကို နတ်မျက်စိထဲ ကွင်းကွင်းကွက်ကွက်ကို မည်းခနဲ ရိပ်ခနဲ မြင်နေရပြီလေ . . . ဟင်း ဟင်း ဟင်း"

တော်ပါပြီ ဒေါ်ဆရာဖြီးရယ်။ ကန်တော့ပွဲမှာ ငါးထောင်တင်ဖို့ မပြောနဲ့ ငါးဆယ်တန်တောင်မရှိတဲ့ ဦးပေတုံးကြီး။ ငွေမချမ်းသာပေမယ့် ဉာဏ်နီဉာဏ်နက် ဉာဏ်ဘလူးဘလက်တွေ တရားလွန်ချမ်းသာမှန်း မေသဥ္ဇာဦး အဲအဲ မေနတ်မျက်စိကြီး သိမှမသိဘဲကိုး။ သူ မျက်စိစုံမှိတ် အာရုံယူနေတုန်းမှာပဲ ဟိုတစ်ပတ်က ဘုရားအနေကဇာတင်ပွဲဖိတ်ထားတဲ့ ဆရာနန္ဒာမိုးကြယ်ဆီက

www.burmeseclassic.com

ဖိတ်စာရွက်ကလေးကို တိုက်ပုံအကျီထဲက ဆွဲထုတ်ပြီး ကန်တော့ပွဲထဲက ငှက်ပျောဖီးကြားထိုးထည့်လိုက်တယ်ဆိုရင်ပဲ ငါးထောင်တန်ငွေစက္ကူလို့ ထင်သွားတာဖြစ်မှာပေါ့။ နတ်မျက်စိလက်သစ် မိန်းမကြီးခမျာ မျက်စိမဖွင့်စတမ်း ပရမ်းပတာတွေ ဖြီးနေလိုက်တာမှ နန်းစတော့။

ဟုတ်ကဲ့။ သည်အခွင့်အရေးမျိုး ဦးပေတုံးကြီး ဘယ်လက်လွှတ်ပါ့မလဲ။ ဟဲ ဟဲ ကန်တော့ပွဲထဲမှာ မှည့်နေပြီဖြစ်တဲ့ ငှက်ပျောသီးသုံးလုံးကို အသာလေးဖြုတ်၊ တိုက်ပုံအိတ်ထဲထည့်၊ ခြေသံမကြားအောင် ကြောင်ခြေလှမ်းမျိုးနဲ့ အခန်းပြင်ထွက်ပြီး တစ်ချိုးတည်း လစ်ခဲ့တာ မှတ်ကရောမဟုတ်လားလို့ ဟဲ ဟဲ။

❖

နတ်မျက်စိနဲ့ပတ်သက်လို့ ဦးပေတုံးကြီး မအီမလည်နဲ့အနေခက်လောက်အောင် ခံစားနေရတာ သုံးလေးရက်ရှိနေပါပြီ။ သတင်းထောက် ခင် (ခ) နတ်မျက်စိရဲ့လိပ်စာကို စုံစမ်းပြီး နတ်မျက်စိအတုပေါ်နေတဲ့အကြောင်းသတင်းပေးရင် ကောင်းမလားပေါ့။ သူကတော့ နဂိုက မှုခင်းသတင်းထောက်ဖြစ်တာကြောင့် ဒီကိစ္စကို ဖြေရှင်းနိုင်မယ့်ဥပဒေကိုလည်း ဦးပေတုံးကြီးထက်ပိုပြီး နားလည်လိမ့်မှာ သေချာတယ်လေ။

ဘာဖြစ်ဖြစ်ပေါ့လေ။ မူပိုင်ခွင့်ကိစ္စကြီးက ကိုယ့်ဆီမှာ တိတိကျကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ရှိသေးတာမဟုတ်တော့ ဒီလိုပဲ စာရေးဆရာတွေရဲ့ ကလောင်နာမည်တွေ၊အနုပညာရှင်တွေရဲ့ နာမည်တွေကို တိုက်ရိုက်အသုံးချနေကြတာမှ အများကြီး။ ကဗျာဆရာ မောင်သာယာဆိုရင် သူ မရေးဘဲနဲ့ သတင်းစာမှာ သူ့ကလောင်နာမည်သုံးထားတဲ့ ဆောင်းပါး ပါလာလို့ စိတ်ညစ်တယ်ဆိုပြီး လဲအောင်သောက်ပစ်လိုက်တာ မျက်မှန်တောင် ကွဲတဲ့အထိပါပဲ။ ဘယ်ကောင်းပါ့မလဲ။ ကလောင်နာမည်တစ်ခု လောက်လောက်လားလား ဖြစ်ဖို့အရေး အချိန်ကာလ၊ ဝီရိယ၊ ကြိုး[...] ကုတ်အားထုတ်မှုတွေ ဘယ်လောက် ရင်းနှီးခဲ့ရသလဲ ဆိုတာ ကာယကံရှင် ကလောင်ပိုင်ရှင်တွေပဲ သိကြတာပါ။

ထားတော့။ နတ်မျက်စိကိစ္စ[...] တော့ ရေးဖော်ရေးဖက်ကြီး သတင်း[...] ထောက်ခင်(ခ)နတ်မျက်စိဆီ မဖြစ်မနေ[...] သတင်းပေးဖို့ ဦးပေတုံးကြီး ဆုံးဖြတ်[...] ချက် ချလိုက်ပြီးပါပြီ။ အဲဒီလို သတင်း[...] ပို့ရင်းနဲ့ မှာစရာလေးတစ်ခုပါ မမေ့[...] မလျော့ ပြောခဲ့ချင်တာက "တကယ်လို့[...] များ မေသဥ္ဇာဦးနဲ့တူတဲ့ အကြားအမြင် ဒိဋ္ဌဟော ဆရာမကြီး နတ်မျက်စိနဲ့[...] ခင်ဗျား သွားတွေ့တော့မယ် ဆိုရင်တော့[...] မျက်စဥ်းဆေး အကောင်းစားတစ်ဘူး[...] ဝယ်ပြီး လက်ဆောင်ပေးခဲ့စမ်းပါဗျာ[...] ပုလင်းကွဲလောက်မှ မလင်းဘဲ ဖြီးချင်[...] သလို ဖြီးနေတဲ့ သူ့နတ်မျက်စိကို မျက်[...] စဉ်း သေသေချာချာ ခတ်ပါဦးလို့ပါ မှာ[...] ခဲ့ဖို့ မမေ့နဲ့နော် ဆရာရေ" ဟူ၍သာ[...]

❒ မင်းရွှေသိန်း(ငင်းကျိုက်)


## ဆရာဦးခင်းထွန်း D.B.B.W - C.T (Med)

## အုန်းချယ် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နုလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သွေးငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➽ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com




ကိုသန်းဦးရယ်၊ တစ်ဦးကို တစ်ဦး နားမလည်ကြဘဲနဲ့ ဘဝတစ်လျှောက်လုံး လက်တွဲမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပွင့်ရဲ့ စိတ်သဘောကို နားမလည်ဘူး ဆိုရင် ပွင့်ကို ချစ်တယ်ဆိုတာကိုကော ယုံလို့ဖြစ်ပါ့မလား၊ ကိုသန်းဦး ချစ်တာ ပွင့်ရဲ့ သွားဟန် လာဟန် လှုပ်ရှားဟန် လေးတွေကိုလား၊ အရည်လဲ့နေတဲ့ မျက်ဝန်းကိုလား၊ ကိုသန်းဦးရယ် ဒီအရာတွေက အပေါ်ယံတွေပါ၊ ဒီအရာတွေကို မွေးထုတ်ပေးလိုက်တဲ့ နောက်ကွယ်က ပွင့် စိတ်သဘောကို ကိုသန်းဦးမှ နားမလည်ဘဲ။

ကိုသန်းဦးဟာ လူတွေကို အရေပြားလောက်ပဲ ကြည့်တတ်တယ်နော်၊ မျက်လုံးကို ကြည့်ရကောင်းမှန်း ကိုသန်းဦး သိရဲ့လား၊ လူတွေဟာ စကားအဖြစ် မပြောဘဲ မျက်လုံးနဲ့ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com

စကားလုံးတွေကို ကိုသန်းဦး ကြားမှ ကြားဖူးရဲ့လား မသိဘူး။ အင်းလေ ကိုသန်းဦး သိတာ လောကမှာ အကျိုးအမြတ်ဆိုတာပဲ မဟုတ်လား၊ ထားပါတော့လေ။ ကိုသန်းဦးက စာအုပ်ဆိုရင် ပြဌာန်းစာအုပ်လောက်ကိုပဲ စာအုပ်လို့ သိတာကိုး။ မေးချင်တယ် ကိုသန်းဦး၊ နိုင်ငံခြား ကဗျာလေးတစ်ခုပေါ့။

လူနှစ်ယောက်ဟာ ခရီးတစ်ခုတည်းကို ရထားနဲ့သွားကြတယ်၊ တစ်ယောက်က ရထားပေါ် စပြီးရောက်ကတည်းက ပါလာတဲ့ စာရင်းစာအုပ်တွေထုတ်ပြီး တွက်ချက်နေလိုက်တာ ဘေးနားမှာ ဘယ်သူတွေ အတူပါလာတယ် ဆိုတာကိုတောင် သတိမထားမိဘူး။

ရထားဟာ ကျောက်ဂူတွေကို ဖြတ်သွားတဲ့အခါ ပေါ်ထွက်လာတဲ့ ဟိန်းသံတွေကိုတောင် သတိမထားမိရှာဘူး။ သူ့ရဲ့ဘဝဟာ သူ့ရဲ့ စာရင်းစာအုပ်ပဲပေါ့လေ။ နောက်တစ်ယောက်ကတော့ ရထားပေါ် စရောက်ကတည်းက ဘေးပတ်ဝန်းကျင်ကိုပဲ လျှောက်ကြည့်နေတယ်။

ခဏအကြာမှာတော့ စာရွက်နဲ့ ဘောပင် ထုတ်ပြီး ခရီးသွားကဗျာ ရေးတော့တယ်။ မီးခိုးရောင်ကောင်းကင်နဲ့ တောင်ကမူထိပ်တို့ ထိစပ်နေတဲ့ နေရာတစ်လျှောက်က မီးခိုးဖျော့တွေ၊ တောစပ်က မြူခိုးတွေ၊ ပန်းပွင့်တွေ၊ ရွာက လွင့်ထွက်လာတဲ့ မီးခိုးဖျော့တွေ၊ စိုက်ခင်းပြင်မှာ ဝပ်တွားစီးဆင်းနေတဲ့ ရေစီးကြောင်းလေးတွေ၊ အို ရောင်စုံပန်းချီကားချပ်ကို စာလုံးတွေနဲ့ အရောင်တွေ ခြယ်နေတယ်လေ၊ ကဗျာရောင်စုံတွေနဲ့ပေါ့။

သူ့မျက်လုံးတွေဟာ အေးချမ်းလို့နေတယ်။ သူတို့နှစ်ယောက်လုံးဟာ ခရီးဆုံးဘူတာရောက်တော့ သေသွားကြတယ်။ ကဗျာဆရာက ဘယ်သူ့ မြတ်သလဲတဲ့။

ဖြေလေ ကိုသန်းဦး။

ကိုယ်က အငယ်တန်းစာရေးဆိုရင် ကိုယ့်သားဟာ အနည်းဆုံး ရုံးအုပ်တော့ဖြစ်ရမယ်၊ မြင့်တက်တဲ့ မျိုးဆက်သာ ဖြစ်ရမယ်။

ကိုသန်းဦးရယ်၊ ဘေးတီလေးတောင်မှ လှည့်မကြည့်တော့ဘူးလား။ လူတွေဟာ အစားအစာ တစ်ခုတည်းအတွက် ရှင်သန်နေတဲ့ စင်ရော်တွေလို ဖြစ်နေမှာပေါ့။

လောကရဲ့ အလှတရား၊ မလှတဲ့တရား၊ အမှန်တရား၊ မမှန်တဲ့ တရားတွေကို မရှာဖွေတော့ဘူးလား။ မျိုးဆက်သစ်ကို လက်ဆင့်မကမ်းတော့ ဘူးလား၊ လူတွေဟာ သမိုင်းခေတ်ကို မသိရင် "အ" ကုန်မယ်လေ။

ကိုသန်းဦး စဉ်းစားကြည့်လေ၊ အစာအိမ်က လက်တစ်ထွာပါပဲ။ ပစ္စည်းပိုရှိလို့လည်း အစာအိမ်က ပိုကြီး မလာပါဘူး။ ဒီပစ္စည်းတွေနဲ့လည်း သူတစ်ပါးရဲ့ ကြမ္မာတွေကို မဖန်တီးပါရစေနဲ့။ ဘာဖြစ်လို့များ တိုတောင်းတဲ့ အချိန်တွေကို တစ်ထွာစာလေးအတွက် ပေးပစ်လိုက်ရတာလဲဟင်။

ပွင့်ကတော့ ဒုတိယလူလို နေသွားမှာပါ။ နေခြည်နုမှာ ပွင့်သစ်တွေ ဝေနေတာ၊ အဝါလေးတွေ အော်မြည်ရင်း ခုန်ပျံနေကြတာ၊ ရောင်စုံ လိပ်ပြာလေးတွေ ပန်းရုံနားလာပြီး ပျံဝဲနေကြတာ။

အို ကိုသန်းဦးရယ်၊ သဘာဝရဲ့ အလှကို ပွင့်ကတော့ တရှိုက်မက်မက် ခံစားမှာပဲ။ ဒီအလှတွေကို ဝေငှမှာပဲ၊ ပွင့်ပြောတာ လောကတစ်ခုလုံးသာယာလှပနေတယ်လို့ ပြောတာ မဟုတ်ပါဘူး ကိုသန်းဦး။ စက်ဆုပ်စရာ မြင်ကွင်းတွေလည်း ရှိတာပဲ။

ဒီမြင်ကွင်းတွေနဲ့ တွေ့တော့လည်း တွေ့တဲ့အလျောက် ရင်ဆိုင်ရမှာပဲ။ ဖားကို မျိုနေတဲ့ မြွေတွေ့တော့လည်း ရိုက်သတ်ရုံပေါ့။ မမြင်ယောင်ပြုလို့တော့ ဘယ်ဖြစ်မလဲ။ ဒါမျိုးဆို ကိုသန်းဦး နေနိုင်တယ်၊ အေးစက်လွန်းတယ်။ ကိုသန်းဦးကို ပွင့် နားလည်ပါတယ်။ ခွင့်လည်း ခွင့်လွှတ်နိုင်ပါတယ်။

ဒါပေမယ့် ကိုသန်းဦးနဲ့တစ်သက်လုံး လက်တွဲဖို့ကိုတော့ အဖြေမပေးရဲသေးဘူး။ ပွင့် ကိုသန်းဦးကို နားမလည်သေးသရွေ့ စဉ်းစားလို့ ရမှာမဟုတ်ဘူး။ ကိုသန်းဦးနဲ့ပွင့် ကြားက ကာဆီးထားတဲ့ ကျောက်တံတိုင်းတွေဟာ ထူထဲလွန်းတယ်။

အဲဒီတံတိုင်းတွေဟာလည်း ကိုသန်းဦးနဲ့ ပွင့်တို့ရဲ့ အမူအကျင့်နဲ့ စိတ်သဘောတွေပါပဲ။ လူစိမ်းနှစ်ယောက် စတွေ့တဲ့အခါ စိတ်ဓာတ်ချင်းတူရင် မိတ်ဆွေ၊ အတွေးအခေါ် ချင်းတူရင် ညီအစ်ကို ဖြစ်သွားသတဲ့။ ပွင့်လည်း ကိုသန်းဦးနဲ့ အစစအရာရာ တူညီချင်တယ်။ နားလည်ချင်တယ်။

❑

ပွင့်တို့အဖြစ်က ဖေဖေနဲ့ မေမေတို့လိုပဲ။ မေမေက လက်တွေ့သက်သက်သမား။ စာဖတ်တယ်ဆိုတာ အလုပ်မလုပ်ချင်တဲ့ လူပျင်းတွေ လုပ်တာတဲ့၊ စိတ်လေအောင် လုပ်တာတဲ့။

ဖေဖေကတော့ စာပေထက် မြတ်နိုးတာ သူ့ဘဝမှာ မရှိတော့ဘူး။ ညဆို သန်းခေါင်ကျော်ထိ ဖေဖေ့စာဖတ်ခန်းက မီးလင်းနေတုန်းပဲ။ ဖေဖေ့ဆီမှာဆို ဂန္ထဝင်ဝတ္ထုတွေ စာအုပ်ထူထူကြီးတွေ အခန်းနဲ့အပြည့်ပဲ။ စာလည်းဖတ် စာလည်းရေးတယ်။

ပွင့်က ဖေဖေ့ဆီက ဒီအမွေတွေ ရခဲ့တယ်။ ငယ်ငယ်လေးကတည်းက စာဖတ်တဲ့ အကျင့်ရခဲ့တယ်။ ဒုတိယတန်းပဲ ရှိသေးတယ်။ ရွှေဒေါင်းတို့ ဒဂုန်ရွှေမျှားတို့ကို ဖတ်နေပြီ။ ဖေဖေ့ စာအုပ်စင်က စာအုပ်တွေလေ။

မေမေက မကြိုက်ဘူး။ အမြဲပဲ ရန်ရှာတယ်။ ဖေဖေက သည်းခံတယ်။ ဒါတောင် တစ်နေ့က စကားများကြသေးတယ်။ စီးပွားရေးသမား တစ်ယောက် ရောက်လာပြီး ဖေဖေ့ကို သူ





www.burmeseclassic.com

www.burmeseclassic.com

ဉ်ထားတဲ့ ကျူရှင်မှာ အင်္ဂလိပ်စာပြဖို့ ပြောတယ်။ လခက များပါတယ်။ ဖေက အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီး တော်နာမည်ရှိတယ်လို့တော့ ဟို န်းက ကြားဖူးတယ်။

ဒါ့ကြောင့်လည်း စီးပွားရေး ကလခကောင်းကောင်းပေးပြီး ခေါ်တာ မဆန်းပါဘူး။ အဲဒီတုန်း ဆို မေမေ့မျက်လုံးတွေ ဝင်းနေတာ တစ်လ တစ်သိန်းခွဲဆိုတာ အိပ်မက် မက်ဖူးဘဲ။ ဖေဖေက ငြင်းလိုက် တယ်။ ဧည့်သည်တွေလည်း ပြန်ရော တို့နှစ်ယောက် စကားများတော့တာ ဖေဖေ ပြောတာမှန်တယ်။

"ငါက လူတွေကိုပဲ စာသင်ချင် ကြက်တူရွေးတွေကို စကားမသင် ချင်ဘူး" တဲ့။

မေမေဟာ ဘယ်တော့မှ ဖေဖေ စကားယှဉ်မပြောနိုင်ဘူး။ မကျေ နပ်နဲ့ အရှုံးပေးရတာချည်းပဲ။ ဖေဖေ တော့ ခေါင်းမာတယ်။ မေမေ ဘာ ပြောပြော သူနေချင်သလို နေတာပဲ။ လခ မှန်မှန်အပ်တယ်။ မေမေပြောရင် မကြားချင်ယောင် ဆောင်နေတဲ့အခါ နေတယ်။ မေမေဟာ တကယ်တော့ ကလေးငယ်လိုပဲ သနားစရာပါ။

❑

ညဦးကပဲ ဖေဖေ့ကို ပွင့်တို့ အကြောင်း ဖွင့်ပြောမိတယ်။ ဖေဖေဟာ ပွင့်ရဲ့ သူငယ်ချင်းပဲ။ ငယ်ငယ်လေး ကတည်းက မိဘဆိုပြီး အထက်စီးက မနေခဲ့ဖူးဘူး။ သူငယ်ချင်းတစ်ယောက် လို ပွင့်တို့နဲ့ နေခဲ့တယ်။ ပွင့်ရဲ့ အမှား တွေကို ပုံဝတ္ထုလေးတွေပြောပြီးထောက် ပြတတ်တယ်။

ဖေဖေရဲ့ စကားတစ်ခွန်းဟာ မေမေ တစ်မနက်ခင်း ရိုက်တာထက် ထိရောက်တယ်။

ကြောက်လည်း ကြောက်တယ်။ ချစ်လည်း ချစ်တယ်။ ဒါကြောင့်လည်း ဖေဖေ့ကို ဖွင့်ပြောမိတာပေါ့။ ဖေဖေက ဘာပြောသလဲဆိုတော့ . . .

"ရေပြင်ပေါ်ကို ခဏတက်လာ တဲ့ ငါးငယ်နဲ့ ရေသောက်ဆင်းတဲ့ ငှက် ငယ်တို့ရဲ့ ဆုံစည်းမှုဟာ အချိန်ဘယ် လောက်ထိ ကြာမယ်ထင်သလဲ" တဲ့။

ပြီးတော့ ဖေဖေဟာ ဘာမှ မပြောတော့ဘဲ သူ့စာကို သူ ဆက်ဖတ် နေတော့တယ်။

❑

ကိုသန်းဦးရယ် ငါးလေးတွေကို လည်း သူ့ဘဝ စွန့်လွှတ်ဖို့ မတောင်းဆို သလို ငှက်ကလေးကိုလည်း မတောင်း ဆိုအပ်ဘူးလေ။ ဒါကြောင့်လည်း ငှက် ကလေး လေမှာ ပျံဝဲနေတာကို ငါး ကလေးက ကြည့်ရင်း ငါးကလေး ရေ မှာကူးခတ်နေတာကို ငှက်ငယ်လေးက ကြည့်ရင်း ကြည်နူးနေတာက ပိုကောင်း မှာပေါ့ ကိုသန်းဦးရယ်။ သံစဉ်မညီတဲ့ တေးကို မဆိုဘဲနေတာ ကောင်းလိမ့် မယ်နော်။

❑ **ကိုကိုသက်(ရေနံ)**




ဦး အရဟံ မေတ္တာ လာဘ်

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုထ္တားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။


**အောင်မြင်သူတို့ ဆုံကြရာ**

**ဟောခန်းတည်နေရာ** ➽ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
**လမ်းညွှန်** ➽ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
**ဟောပြောချိန်** ➽ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
**ဆက်သွယ်ရန် ဖုန်း** ➽ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။
**မှတ်ချက်** ➽ *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# HE CHANGED ME

by BARBARA HAYES

ကျွန်မ အရှုံးဖြစ်ခဲ့သည်ကို မည်သူကိုမျှ ပြောမပြခဲ့ပါ။ ကျွန်မသည် မောင် ဂိုမာရီနှင့် အကြိမ်ပေါင်းများစွာ တွဲက ခဲ့ဖူးသည်။ သူ့ကို ပရောပရီ လုပ်ခဲ့ပြီး အရက်ကို အလွန်အကျွံ သောက်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုယ်ကျွန်မ ရဲဆေးတင်ခြင်းလည်း ဖြစ်ပါသည်။ ဘီသယ်ကပင် မေးပါသေးသည်။

“တကယ်ပဲလား အော်ဒရာ”

သူမ လေသံမှာ အစ်မကြီး ဆန်သွားသည်။

ကျွန်မသည် အတ်ဒ်မိုး အလုပ်သမားများအတွက် ပြုလုပ်သော ကပွဲကြီးတွင်အဆင်ပြေရန်အတွက် ထိုကဲ့သို့ အမင်တကာလုပ်နေခြင်းဖြစ်ကြောင်းကို သူမ မသိပေ။ ကျွန်မ ခင်ပွန်းသည် ထိုကပွဲကို ကျွန်မကို ခေါ်သွားလေ့ ရှိပါသည်။

နောက်တစ်နေ့ နံနက်တွင် ဂျင်းက နံနက်စာ မစားလိုကြောင်း၊ ဘလက်ကော်ဖီကျကျ သောက်လိုကြောင်း ပြောသည်။ သူသည် မီးဖိုခန်းထဲတွင် ခေါင်းကို လက်ဖြင့်နှိပ်၍ ထိုင်နေသည်။ ကျွန်မကိုယ်တိုင်လည်း ခေါင်းကိုက်နေသည်။ ကလေးများကို ချက်ပြုတ်ကျွေးမွေးရန် မလို၍ တော်ပါသေးသည်။ စတယ်လာဟော့ဖ်မန်းက ကလေးများအတွက် ကူညီပြီး ချက်ပြုတ် ကျွေးမွေးသဖြင့် ကျွန်မနှင့် ဂျင်းတို့မှာ ရက်အနည်းငယ် အားလပ်ခွင့် ရနေပါသည်။

ဟော့ဖ်မန်း၏ အိမ်နောက်ဘက်တွင် ကစားနေသော ကလေးများကို ဖွင့်ထားသော မီးဖိုချောင်တံခါးမှ လှမ်းမြင်နေရပါသည်။

ဂျင်းက ညည်းပါသည်။

“ကလေးတွေ သိပ်ဆူတာပဲ”

ကျွန်မသည် ဘလက်ကော်ဖီ တစ်ခွက်ကို ငှဲ့ပြီး သူ့ရှေ့စားပွဲပေါ်တွင် ချပေးလိုက်ပါသည်။

“အက်စ်ပရင် သောက်မလား”

ကျွန်မက မေးပါသည်။

သူသည် ကော်ဖီတစ်ကျိုက်စုပ်လိုက်ပြီး ကော်ဖီခွက်ကို ပြန်ချလိုက်သည်။ ထို့နောက် ကျွန်မကို လှမ်းကြည့်နေသည်။

“မင်း မနေ့ညက သိပ်လှတယ်”

သူက ပြောပါသည်။

“ဒါဟာ အက်ဒ်မိုးပွဲမှာ မင်းရဲ့ ပထမဆုံးပွဲကွ၊ ညက မင်းရဲ့အပြုအမူဟာ မိန်းမပျက် တစ်ယောက်လိုပဲ၊ ဒီည အိမ်မှာ နေခဲ့ပါ”

“ဒီည ကျွန်မကပွဲကို လိုက်ချင်တယ်”

“မင်း နေခဲ့”

“ဒီည ယောက်ျားတွေ အများကြီးပါလိမ့်မယ်၊ ဒါကြောင့် အိမ်မှာနေခဲ့ပါ”

“ကျွန်မ အိမ်မှာ ကလေးတွေနဲ့ နေတဲ့အချိန်မှာ ရှင်ကတော့ အလုပ်ရှင်ရဲ့ဇနီးနဲ့ အချိန်ဖြုန်းနေမယ်ပေါ့”

သူ့မျက်နှာ နီမြန်းသွားသည်။

“ဂျန်ပေါ်တာလို မိန်းမနဲ့ ဘယ်သူ အချိန်ကုန်ခံမှာလဲ”

သူက ပြန်အော်ပါသည်။

ဤမျှနှင့် မပြီးသေးပါ။

သူ့မျက်နှာမှာလည်း ထူးဆန်းနေပါသည်။ ဝမ်းဗိုက်ကို လက်နှင့်ဖိပြီး စားပွဲသို့ ပုံလဲကျသွားပါသည်။

ကျွန်မ သူ့ကိုထိုင်ကြည့်နေလိုက်ပါသည်။ သူ့ထံမှ ညည်းသံကြားရပြီး နဖူးတွင် ချွေးများ ထွက်လာလေ သည်။

“ဂျင်း”

ကျွန်မ သူ့ကို အော်ခေါ်လိုက်ပါသည်။ ကုလားထိုင်ပင် လဲကျမတတ် ဖြစ်သွားပါသည်။

“မောင် ဘာဖြစ်လို့လဲဟင် ”

သူ ခေါင်းမထူနိုင်တော့ပါ။

မျက်နှာမှာ ပြာနှမ်းနေလေသည်။ သူ့ကို တစ်ယောက်တည်း မထားခဲ့လိုသဖြင့် စတယ်လာကို တယ်လီဖုန်းဆက်ခေါ်လိုက်ပါသည်။ စတယ်လာ ရောက်သောအခါ အူအတက် ပေါက်သည်ဟု ထင်ကြောင်း၊ နှလုံးရောဂါလည်း ဖြစ်နိုင်ကြောင်း ပြောသည်။

ကျွန်မ အလွန် စိုးရိမ်သွားသည်။ ကျွန်မတို့၏ ဒေါက်တာကို ခေါ်မရသဖြင့် ဘီသယ်ကို တယ်လီဖုန်းဆက်ခေါ်လိုက်ရတော့သည်။ ကျွန်မ ညီမသည် ဘာလုပ်ရမည်ကို အမြဲသိသည်။

သူမက “လူနာတင်ကား ခေါ်ပါ၊ ရစ်တားဆိုတ် ဆေးရုံကို ပို့မှဖြစ်မယ်” ဟု ပြန်ပြောသည်။

သူမနှင့် ဟားလ်တို့က ဆေးရုံမှ စောင့်နေကြပေမည်။ ဆေးရုံတွင် သုံးနာရီကြာအောင် ဂျင်းကို စမ်းသပ်ကြပါသည်။ ကျွန်မ အဖြေကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေပါသည်။ ကျွန်မတို့ဘဝ ပျက်စီးသွားမည်ကိုလည်း စိုးရိမ်နေမိပါသည်။ လွန်ခဲ့သော နှစ်နှစ်က ကျွန်မတို့ တွေ့ရသော ပြဿနာများမှာ ယခု ဘာမှမဟုတ်တော့ပါ။

ကျွန်မတို့၏ ကိတ်ကောဒ်အိမ်ကို အမိုးအသစ်မိုးရန် ရှိနေခဲ့ပါသည်။ ကားကို ဘက်ထရီအသစ်လဲရန် ရှိနေခဲ့ပါသည်။ ကျွန်မအဖို့ ငွေကုန် သက်သာအောင် အဝတ်အစားများကို ကိုယ်တိုင်ချုပ်ပါသည်။

ယခု ထိုသို့ မဟုတ်တော့ပါ။

ဂျင်းသည် အက်ဒ်မိုးကော်ပိုရေးရှင်း၏ အတော်ဆုံး လူငယ်အရောင်းသမား ဖြစ်နေလေပြီ။ ဟားလ်ရောမင်းနှင့် မောင်ဂိုမာရီတို့မှာလည်း သူ့လိုပင် တော်ကြပါသည်။ ဘီသယ်မှာ အံ့ဩမဆုံး ဖြစ်နေသည်။

ကျွန်မတို့ဝင်ငွေ အလွန်ကောင်းသောကြောင့် ဖြစ်သည်။ ကျွန်မကတော့ မအံ့ဩပါ။ ဟိုက်စကူးကျောင်းသားဘဝကထဲက ဂျင်းအက်ချလေ၏ အချစ်ကို လက်ခံခဲ့သည်မှာ ထိုအရည်အချင်းကြောင့် ဖြစ်ပါသည်။

အရုပ်ရှည်ပြီး အပြာရောင် မျက်လုံးများ ရှိသောကြောင့်သာ မဟုတ်ပါ။ သူသည် အေးဆေးတည်ငြိမ်၍သဘောလည်း ကောင်းသည်။ ထိုအချက်က ကျွန်မကို အများကြီးလွှမ်းမိုးခဲ့ပါသည်။ ကျွန်မ ဘွဲ့ရသည့်အချိန်တွင် သူသည် ဖန်ဇလာ အားကစားပစ္စည်းစတိုးတွင် စာရေး ဖြစ်နေလေပြီ။

ကျွန်မတို့ မိသားစုအား သူနှင့် လက်ထပ်မည့်အကြောင်း ပြောသောအခါ အံ့ဩသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို သဘောမကျသောကြောင့် မဟုတ်ပါ။ လူတိုင်းက သူ့ကို နှစ်သက်ကြပါသည်။ သူသည် အလွန်အေးဆေးသဖြင့် ကြီးပွားမည့်သူမဟုတ်ဟု ပြောကြသည်။ အန်တီအယ်လင်လို ကျွန်မဖြစ်သွားမည်ကို မေမေက အလွန်စိုးရိမ်ပါသည်။

ကျွန်မကိုယ်တိုင်ကလည်း ထိုသို့ဖြစ်မည်ကို စိုးရိမ်ပါသည်။ အန်တီအယ်လင်သည် ရုပ်ရည်ချောမောသူ တစ်ယောက်နှင့် လက်ထပ်ခဲ့ပါသည်။ ထိုလူသည် အကျိုးအမြတ်မရလျှင် ဘာမှ လုပ်သူ မဟုတ်ပေ။ လူငယ်များနှင့် ကြမ်းပိုးထိုးမနေလျှင် အိမ်လျှောက်လည်ပါသည်။ အန်တီအယ်လင်မှာ ကလေးငါးယောက်နှင့် ချို့တဲ့စွာ နေထိုင်ရလေသည်။ သူမ အလုပ်လုပ်ချိန်တွင် အလုပ်လုပ်ပါသည်။ အများအားဖြင့် လူမှုဖူလုံရေးဌာန၏ ထောက်ပံ့မှုဖြင့် နေရသည်။

ကျွန်မ မိခင်မှာ သူ့ညီမအတွက် အလွန်ရှက်ရှာသည်။ ကျွန်မက ဂျင်းသည်အန်ကယ်ဂျက်ဖ်လိုမဟုတ်ကြောင်း ပြောပြပါသည်။ သို့သော် သူ့လစာတစ်ခုတည်းဖြင့် ကျွန်မ ရပ်တည်နိုင်မည်မဟုတ်ဟု ပြောခဲ့သည်။

ကျွန်မတို့ ခပ်ညံ့ညံ့ အခန်းတစ်ခန်းတွင် နေခဲ့ကြရသည်။ လက်ထပ်ပြီး တစ်နှစ်အကြာတွင် ရှာရွန်ကို မွေးပြီး နောက်တစ်နှစ်အကြာတွင် ဘီလီ မွေးပါသည်။ ကျွန်မတို့ကို မျှော်လင့်ချက် မရှိတော့ဟု မေမေ ယူဆသည်။ ကျွန်မညီမ ဘီသယ်ကိုသာ အထင်ကြီးတော့သည်။

ဘီသယ်နှင့် ဟားလ်ရိုဝင်တို့ လက်ထပ်သည်ကို မေမေ သဘောကျသည်။ ဘီသယ်မှာ ကျွန်မထက်အသက် ငါးနှစ်ငယ်သည်။ သူမသည် ကြီးပွားတိုးတက်ချင်စိတ်ဖြင့် ဟားလ်ကို လက်ထပ်ခဲ့သည်။ ဟားလ်ကလည်း သူမအား ကျွန်မ အိပ်မက် မက်ခဲ့သော အိမ်၊ အဝတ်အစားနှင့် လက်ဝတ်ရတနာများ ဝယ်ပေးခဲ့လေသည်။

သို့သော် ကျွန်မ၏ ဂျင်းကို ဟားလ်လိုလူမျိုး ခြောက်ယောက်နှင့် ကျွန်မ မလဲနိုင်ပါ။ ယခုဆိုလျှင် ဂျင်းသည် မစ္စတာဖန်ဇလာ၏ အကူအညီဖြင့် အိမ်ဝယ်နိုင်ခဲ့လေပြီ။ ဧည့်ခန်းတွင် မီးဖိုပါပြီး အလွန်ကျယ်ဝန်းလှသည်။ နောက်ဘက်တွင် ကလေးများ ကစားနိုင်သော ကွက်လပ်ရှိသည်။

ထိုအချိန်တွင် တယ်ရီ မွေးလာလေသည်။ ကလေးသုံးယောက်ကို သိပ်ပြီးနောက် ကျွန်မနှင့် ဂျင်းတို့ ဆိုဖာတွင် အေးဆေးစွာ ထိုင်ကြပါသည်။ ထိုအိမ်ကလေးမှာ ကျွန်မအတွက် အားလုံးပြည့်စုံလှပါသည်။ ဘီသယ်သည် ဂျင်းအတွက် အလုပ်ကောင်းရအောင် အမြဲရှာပေးတတ်သည်။ ကျွန်မသည် သူမ မဝတ်ချင်သော အဝတ်အစားများ ပေးသည်ကို လက်ခံပါသည်။ သို့သော် သူမ၏ ပြောင်လှောင်မှုကိုတော့ သဘောမကျလှပါ။

ဟားလ်မှာ မကြာခဏခရီးထွက်သွားသဖြင့် သူမသည် မကြာခဏ ကျွန်မတို့နှင့် ညစာ လာစားတတ်ပါသည်။

တစ်ညနေတွင် ကျွန်မတို့ ညီအစ်မ မီးဖိုထဲတွင် ချက်ပြုတ်နေစဉ် ကလေးများ အော်သံ ကြားရပါသည်။

"ဒက်ဒီ . . . ဒက်ဒီ"

ကလေးများသည် သူတို့ အဖေကို အိမ်ဝမှ ကြိုဆိုနေကျ ဖြစ်ပါသည်။ မကြာခင် သူသည် ကလေးသုံးယောက်နှင့်အတူ တံခါးဝတွင် ပေါ်လာလေသည်။

"ပန်းရောင် ဝတ်ထားတဲ့ မိန်းကလေးက ဘယ်သူလဲ"

ဘီသယ်ကို သူ မေးပါသည်။

"အတော်နိုပ်တဲ့ဟာမလေးလို့ ထင်တာပဲ"

ကျွန်မ မရှောင်နိုင်ခင်မှာ လည်ကုပ်ပိုးကို နမ်းပါတော့သည်။

"ရှင်တို့ နှစ်ယောက်ဟာ ခုထိ ကလေးစိတ် မပျောက်သေးဘူး"

အဘွားကြီးပုံစံဖြင့် ဘီသယ်က ဆိုလေသည်။

"ငါတို့ကို အကြံတုံး၊ ဉာဏ်တုံးတွေလို့ မထင်ပါနဲ့"

ကျွန်မ ပြောပါသည်။

"ငါတို့အိမ်မှာ ငါတို့ သားသမီးတွေနဲ့ နေတာပါနော်"

"သူတို့ကို ကျောင်းထားဖို့ ငွေစုထားသင့်တယ်၊ မမယောက်ျားရဲ့ လစာနဲ့ သူတို့ကို ကောလိပ်ထားဖို့ မလွယ်ဘူးနော်"

သူမက ပြောပါသည်။

ကျွန်မ စကားလွှဲလိုက်ပါသည်။

ထိုညတွင် ကျွန်မက ဂျင်းအား လုပ်ငန်းပြောင်းဖို့ ပြောကြည့်ပါသည်။ ဖန်ဇလာထံတွင် အလုပ်လုပ်ရသည်ကို သူ သဘောကျနေသည်။

သို့သော် ကျွန်မ တို့မှာ ငွေ မစု[illegible] ပါ။ ဂျင်းက ဘီသယ်တွင် ကလေး မ[illegible] သဖြင့် ထိုသို့ ပြောနိုင်ကြောင်း ပြော[illegible] သည်။

နောက်ဆုံးတွင် ဟားဟ်ကကူညီ ခဲ့သည်။ အက်ဒ်မိုးသည် အရောင်း စာရေးတစ်ယောက် ထပ်ခန့်ဖို့ စီစဉ်[illegible] သည်။ ထိုအခါ ဟားလ်က ဂျင်းကို ခန့်[illegible] ပြောပေးသည်။

"သူဟာ ဒီအလုပ်ကို လုပ်နိုင်မှာ မဟုတ်ဘူး"

ကျွန်မက ဘီသယ်ကို ပြော[illegible] သည်။

"ငါးမျှားတဲ့ ပစ္စည်းကို ဘယ်[illegible] ရောင်းရောင်း ရောင်းလို့ ရပါတယ်"

ဘီသယ်က ပြောပါသည်။

"မမ သူ့ကို အားပေးရင်း [illegible] လုပ်မှာပါ"

သူမက ပြောပါသည်။

"မမအနေနဲ့ သူ့ကို ကော[illegible] ကောင်း ပြုပြင်လို့ ရပါတယ်"

အန်ကယ်ဂျက်ဖ်လို သူဖြစ်မှာ[illegible] ကျွန်မ အလွန် စိုးရိမ်ပါသည်။ သူ[illegible] ရုပ်ရည်သန့်ပြန့်မှုနှင့် ခင်မင်ဖွယ် [illegible] အရာကြောင့် သူ အရောင်းဈေးသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကောင်း တစ်ယောက် ဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။

"ဂျင်း ကျွန်မတို့ ဟားလ်ဆီသွားပြီး အဲဒီအလုပ်အကြောင်း မေးကြရအောင်"

ကျွန်မ မီးဖိုထဲတွင်ရှိနေစဉ် ဂျင်းရောက်လာပြီး ကျွန်မ ခါးကို ဖက်၍ ပြောလေသည်။

"ကိုယ် စဉ်စားပြီးပြီ"

ကျွန်မ ပခုံးပေါ် မေးတင်ပြီး သူ ပြောလေသည်။

"ဟားလ် ပြောတာ မှန်လိမ့်မယ်၊ အခုအချိန်မှာသာ ကိုယ်တို့အခြေအနေဟာ အဆင်ပြေနေတာ၊ ဒါပေမဲ့ ကလေးတွေဟာ ပေါင်းပင်တွေလို ကြီးလာပြီ၊ သားသမီးတွေကို ဂရုမစိုက်ဘူးလို့ ကိုယ်အပြောမခံချင်ဘူး"

အလုပ်ရှင်နှင့် တွေ့ဆုံရန် ဟားလ်က စီစဉ်ပေးလေသည်။ ချက်ချင်းပင် သူ့ကို အလုပ်ခန့်လိုက်ပါသည်။

သူ့အတွက် ကျွန်မ ဂုဏ်ယူသလို ကျွန်မ မိခင်ကလည်း ဝမ်းသာပါသည်။ ကျွန်မတို့မှာ အရင်ထက် ဝင်ငွေကောင်းလာပါသည်။ ကျွန်မက အိမ်ထောင်ပရိဘောဂများ ဝယ်ရန် စိတ်ကူးပါသည်။ ဘီသယ်က အိမ်နီးချင်းကောင်းများနှင့် နေသင့်ကြောင်း ပြောပြသည်။

ကျွန်မနှင့် ဂျင်းတို့သည် အိမ်သစ်တစ်လုံးဝယ်ရန် ငွေစုဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

အက်ဒ်မိုးသည် သူ၏ အရောင်းစာရေးများကို ဂေါက်ရိုက်စေပါသည်။ မြောခဏပင် တောပိုင်းရှိ ကလပ်တစ်ခုတွင် ပါတီပွဲလုပ်ပေးပါသည်။

သူ့ဝန်ထမ်းများ အချင်းချင်း ရင်းနှီးစေရန် ဖြစ်ပါသည်။ ဂျင်းနှင့် ဟားလ်တို့ ကားဖြင့် ထွက်သွားကြပါသည်။ ဂေါက်ရိုက်တံထည့်သော အိတ်ကိုကားနောက်ခန်းတွင်ထည့်သွားကြသည်။ သူ အခုကဲ့သို့သွားသည်ကို ကျွန်မ သဘောမကျပါ။ သို့သော် မကြာခင် အိမ်ဝယ်နိုင်တော့မည်ကို တွေး၍ ဝမ်းသာနေပါသည်။ ကလေးများမှာ စိတ်မကောင်းပါ။

"ဒက်ဒီ ဘယ်သွားသလဲ" ဟု သူ့ကို မတွေ့လျှင် မေးတတ်သည်။

"ဘာဖြစ်လို့ သားတို့နဲ့ မကစားတော့တာလဲ"

ကျွန်မသည် သူတို့နှင့် ဘောလုံးကစားရပါသည်။ ဆင်းဒဝစ်နှင့် စွပ်ပြုတ်များကျွေးပြီး ချော့ရပါသည်။ ဂျင်း တာဝန်ယူရသော နယ်မြေမှာ မဝေးသဖြင့် ညတိုင်း အိမ်ပြန်အိပ်နိုင်ခဲ့သည်။

တစ်နေ့နေ့တွင် သူ ရက်ပေါင်းများစွာ ခရီးထွက်ပြီး ရောင်းချရမည်ကို ကျွန်မ စိုးရိမ်နေမိပါသည်။ အလုပ်ချိန်ပြီးသည့်နောက် အိမ်တွင် သူ စာရင်းလုပ်နေသည်ကိုလည်းကောင်း၊ အရက်နံ့သင်းသင်းဖြင့် အိမ်ပြန်လာသည်ကိုလည်းကောင်း ကျွန်မ သဘောမကျပါ။

ခရစ္စမတ်အချိန်ကဲ့သို့ အချိန်များလည်း ရှိပါသေးသည်။ ပထမ ကလေးရသည့် အချိန်ကစ၍ ကျွန်မတို့သည် အလုပ်ပိတ်ရက်များတွင် ပျော်ပျော်ရွှင်ရွှင်နေကြပါသည်။ အငယ်ဆုံးကလေး တာရီအပါအဝင် အိမ်သားအားလုံးပင် ခရစ္စမတ်သစ်ပင်ကို ဝိုင်းလုပ်ကြပါသည်။ သီချင်းများကို ဆိုရင်းသစ်ပင်တွင် ပစ္စည်းများချည်နှောင်ကြပါသည်။ အလွန်ပျော်စရာကောင်းပါသည်။

အက်ဒ်မိုးကုမ္ပဏီတွင် အလုပ်ဝင်လုပ်ပြီးနောက် ပထမဆုံး ခရစ္စမတ်အချိန်တွင် ဂျင်းသည် ခရစ္စမတ်သစ်ပင်လုပ်ဖို့ အချိန်မရခဲ့ပါ။ ဘယ်လောက်ပဲ ကုန်ကျပါစေ အော်ဒါမှာပါဟု သူပြောသည်။ ကုမ္ပဏီမှာပြုလုပ်သည့် ပါတီမှ အစောကြီး ပြန်လာပြီး ကျွန်မတို့နှင့် အတူ ခရစ္စမတ်သစ်ပင် ကူလုပ်မည်ဟု ကတိပေးသဖြင့် ကျွန်မတို့ သူ့ကို စောင့်နေခဲ့ပါသည်။

နောက်ဆုံး သူတို့ မောသွားပြီး သီချင်းမဆိုနိုင်ကြတော့ပါ။ မျက်နှာညှိုးငယ်စွာဖြင့် ကျွန်မကို နမ်းရှုပ် နှုတ်ဆက်ပြီး အိပ်ရာဝင်သွားတော့သည်။ ထိုမှုဝမ်းနည်းနေသော မျက်နှာကလေးများကို ကျွန်မ မမြင်ဖူးပါ။ ညသန်းခေါင်လောက်တွင် အိမ်ရှေ့မှ ကားရပ်သံကြားရသည်။ ဟားလ်က ဂျင်းကို လိုက်ပို့ခြင်းဖြစ်သည်။ သူ့မျက်နှာ ပြုံးရွှင်ပြီး လက်ထဲတွင်အထုပ်များကိုင်ထားသည်။

"ပျော်ရွှင်စရာ ခရစ္စမတ်ပါ အချစ်၊ ကလေးတွေအတွက် ကိုယ် စားစရာတွေ ဝယ်လာတယ်"

ထို့နောက် ခြေထောက် တစ်ဖက်ကို ရွံ့ဗွက်ထဲမှ ဆွဲနုတ်လိုက်သလို မြှောက်လိုက်ပါသည်။ လက်ထဲမှ အထုပ်များကို ဆိုဖာပေါ် သို့လှမ်းတင်သော အခါ မတင်မိဘဲ အောက်သို့ ကျသွားပါသည်။

"မင်း ဘာသိသလဲ အချစ်၊ ခရစ္စမတ်အကြိုအတွက် စတိုးဆိုင်ပိတ်ပေးတယ်၊ ဒါကို ဘယ်လိုထင်သလဲ၊ ကိုယ် ဈေးဆိုင်သွားတယ်၊ ကလေးတွေအတွက် ကစားစရာတွေ ဝယ်တယ်"

"သူတို့ကို ကျွန်မ ကစားစရာတွေ ဝယ်ပေးပြီးပြီ"

ကျွန်မက ပြောပါသည်။

ကျွန်မက သူ့ကိုရိုက်သလို သူ နာကျင်သွားပါသည်။

"အို . . . ဂျင်း"

ကျွန်မ ငိုချလိုက်ပါသည်။

"ရှင် . . . အရက် မူးလာတယ်ဟုတ်လား"

* * *

ဟားလ်နှင့် ဘီသယ်တို့သည် ဂျင်းကိုကြည့်ပြီး ရယ်လေသည်။ "Kind for the Toys" ဟုပြောသောစကားကို သဘောကျနေကြလေသည်။

ဟားလ်က ဂျင်းသည် အရက်ကို သူ သောက်နိုင်သည်ထက် ပိုသောက်ကြောင်း ပြောပြသည်။ ကျွန်မကတော့ မရယ်နိုင်ပါ။ နက်ကတိုင်ကို စည်းရင်း သူ့ကိုယ်သူ ကျေနပ်နေလေသည်။

"ဒါဟာ . . ဘဝပဲ အော်ဒရေး၊ ငါတို့ဟာ ဒီလောက်တိုးတက်မယ်လို့ မထင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူက ပြောပါသည်။

သူ လုပ်နေသော အလုပ်ကို သူ အလွန်သဘောကျကြောင်း ကျွန်မ သိလိုက်ပါသည်။ သူသည် အက်ဒ်မိုးတွင် အလုပ် လုပ်ရသည်ကို ရေအိုင်ထဲက ဖားလို ပင်လယ်ဟု ထင်နေလေသည်။

ယခု သူ အလွန်အောင်မြင်နေပါပြီ။ အပြင်သို့ မကြာခဏ သွားနေရသဖြင့် ကျွန်မနှင့် ကလေးများကို သူ ဂရုမစိုက်တော့ပါ။

ဘီလီသည် သူ့ဖခင်ကို သတိရကြောင်း တစ်ခါက ပြောခဲ့သည်။ ဂျင်းသည် မဂ္ဂဇင်းတွင် ပါသော ငါးမျှားတံနှင့်ကြိုးကို ကြည့်နေပါသည်။

"ဘာဖြစ်လို့ ကျွန်တော်တို့ ငါးမျှား မသွားကြတာလဲ ဒက်ဒီ"

ဘီလီက မေးလေသည်။

"ဒီရက်တွေမှာ ဒက်ဒီ အလုပ်မအားဘူး"

ဂျင်းက ဖြေပါသည်။

ဘီလီ သည် အဖော်ကင်းမဲ့သွားသလို သူ့ဖခင်ကို ကြည့်နေရှာသည်။

"ဘာကြောင့် မျက်နှာမကောင်းဖြစ်ရတာလဲ"

ဂျင်းက မေးသည်။

"ပြီးခဲ့တဲ့ ရက်သတ္တပတ်က မင်းမာမာက စက်ဘီးအသစ် ဝယ်မပေးဘူးလား"

"ကျွန်တော် ငါးမျှားပဲသွားချင်တယ်"

ဘီလီက ညှိုးငယ်စွာ ဖြေရှာသည်။ ကလေးများသည် စိတ်ဝင်စားမှုအသစ်များ တွေ့သွားကြ၏။ သူတို့ အချိန်ကို တစ်ဖက်အိမ်တွင် ဖြုန်းကြလေသည်။

စတယ်လာမှာ အလွန်မိခင်စိတ်ရှိပြီး သူမတွင် အရွယ်ရောက်သော သားတစ်ယောက် ရှိသည်။ သူမသည် ကျွန်မ၏ ကလေးများကို အလွန်ကြင်နာရှာသည်။ ကျွန်မကတော့ ကလေးများအကြောင်းကို သိပ်မစဉ်းစားပါ။ ကျွန်မတွင် သောကအသစ် ရှိနေပါပြီ။

"ဘယ်လိုမိန်းမလဲ မသိဘူးနော်"

ဂျန်ပေါ်တာကို တွေ့တော့ ဂျင်းက ပြောဖူးသည်။

"ဖရက်ဟာ ကံကောင်းတယ်၊ အရောင်းဌာန မန်နေဂျာရဲ့ဇနီး ပီသတယ်"

သူသည် ပေါ်တာအား သူမတို့အိမ်တွင်စတွေ့ခဲ့သည်။ ထိုနေ့က ဖရက်သည် သူ့အရောင်းစာရေးများအား စားသောက်ပွဲ ပေးလေသည်။ သူတို့အိမ်တွင် မကြာခဏ ပါတီပေးတတ်သည်။ ဂျင်းသည် ပါတီပွဲသို့ မကြာခဏ ရောက်ပြီး ဂျန်ကို အမြဲချီးကျူးတတ်သည်။ ကျွန်မအနေနဲ့ စဉ်းစားစရာတွေ ဖြစ်လာလေသည်။

တစ်နေ့တွင် နေ့လယ်နှစ်နာရီတွင် အိမ်သို့ပြန်လာသည်။ သူ့ပါးတွင် နှုတ်ခမ်းနီများ စွန်းနေသည်။

"ဒါ ဂျန်ရဲ့နှုတ်ခမ်းနီပါကွာ"

ဂျင်းက ရှက်ရွံ့စွာ ပြောလေသည်။

"သူမဟာ ကိုယ့်ကိုယ်နှုတ်ဆက်တယ်လေ၊ ဒါပါပဲ"

သူ ပြောတာ ဖြစ်နိုင်ပါသည်။

ကျွန်မသည် ဘီသယ်အား ဂျန်အကြောင်း မေးမိပါသည်။ သူမက ကျွန်မကို အံ့အားသင့်စွာကြည့်ပြီး ရယ်ပါတော့သည်။

"သူမဟာ ဂျင်းကို သဘောကျနေတယ်ကွ"

"သူမမှာ အိမ်ထောင်ရှိတာပဲ"

"ဟုတ်တယ် အော်ဒရေး"

ကျွန်မ ညီမက ကလေးဆန်လှချေလား ဟူသော အကြည့်ဖြင့် ကြည့်ပြီး ဖြေလေသည်။

"စိတ်မပူပါနဲ့ သူမဟာ ဘယ်သူ့မှ ကြာကြာစိတ်မဝင်စားတတ်ပါဘူး"

သို့သော် ကျွန်မမှာ စိတ်ပူမိပါသည်။ ကျွန်မမှာ ချက်ပြုတ်ရေးနှင့် ကလေးများကို ထိန်းသိမ်းရေးဖြင့် လုံးချာလည်နေသော အိမ်ရှင်မ ဖြစ်ပါသည်။ ယခုတော့ ကျွန်မအတွက် ယှဉ်ပြိုင်ရမည့် အန္တရာယ်ရှိလာပြီ။ ဂျင်းမှာ ရှေ့သို့ အလွန်လျင်မြန်စွာ သွားနေသည်။ သူ့ကို မီအောင် ကျွန်မ လိုက်နိုင်ပါ့မလား။

ထို့နောက် သူပြောင်းလဲလာပါတော့သည်။ သူ အိမ်မှာရှိနေချိန်တွင် ကလေးများကို အော်ဟစ်မောင်းထုတ်တတ်သည်။ ကလေးများမှာ စပိုင်ကလေးများကဲ့သို့ အိမ်ထဲတွင် ခြေသံမကြားအောင် သွားလာနေကြရလေသည်။

ကျွန်မကိုလည်း ချိုချိုသာသာ စကားမပြောတော့။ သူဘာဖြစ်နေသည်ကို ကျွန်မ မသိပါ။ ကျွန်မနှင့်ကလေးများကို သူ့အတွက် အနှောင့်အယှက်များဟု ယူဆနေပုံ ရပါသည်။ ကျွန်မ ဘာလုပ်ရမည်လဲ။

အက်ဒ်မိုး ကုမ္ပဏီက ကျွန်မတို့ မြို့တွင် အစည်းအဝေး ပြုလုပ်မည်ဟု ကြေညာသည်။

ကျွန်မက ဘီသယ်အား ထိုတွဲ သို့သွားရန် ရှိမရှိ မေးပါသည်။

ဘီသယ်က သူမ မပါဘဲ ဟားလ်ကို ကပွဲသို့မလွှတ်ပါဟု ပြောထားသည်။ ဘီသယ်က သူမအနေဖြင့် ဟားလ်ကိုလည်းကောင်း၊ အက်ဒ်မိုး ကုမ္ပဏီမှ လူများကိုလည်းကောင်း မယုံကြည်ဟု ပြောခဲ့သည်။ ကျွန်မလည်း ထိုအတိုင်း ယူဆပါသည်။

ဤသို့ဖြင့် အဝတ်အစားကောင်းများထပ်ဝယ်ပြီး ကျွန်မ၏ ဆံပင်ပုံစံကို ပြုပြင်လိုက်ပါသည်။ ကျွန်မ ခင်ပွန်းအား ကျွန်မသည် မည်သည့်မိန်းမနှင့်မဆို ယှဉ်နိုင်ကြောင်းပြရန် ဆုံးဖြတ်လိုက်ပါသည်။

ကျွန်မ မှားကြောင်းကို ဂျန်ပေါ်တာနှင့် တွေ့သောအခါမှ သိပါသည်။ သူမသည် အရပ်မြင့်၍ သွယ်လှလေသည်။ နူးညံ့သွယ်ပျောင်းသော ဆံပင်နှင့် ဖြူစင်သော အသားအရေ ရှိသည်။ ကျွန်မနှင့်ဂျင်းတို့ထံ လျှောက်လာပြီး ချိုသာစွာပြောပါသည်။ စကားပြောရင်း စိမ်းမှောင်သော မျက်လုံး

www.burmeseclassic.com

ဖြင့် ကျွန်မကို ကျီစယ်နောက်ပြောင်သလို ကြည့်နေပါသည်။

"ဒီကိုလူချောကို ညီမဆီက ခဏငှားပါတယ်၊ မမကို ငှားမယ် မဟုတ်ဘူး"

ဂျင်းသည် ကျွန်မကို စိတ်ကောင်းစွာကြည့်၍ သူမနှင့် လိုက်သွားလေသည်။ ကျွန်မမှာ ဘီသယ် ဇနီးမောင်နှံနှင့် ကျန်ရစ်ခဲ့ပါသည်။ ကျွန်မမှာ ထိုနေရာမှ ထွက်ပြေးချင်စိတ်ပင် ပေါ်လာပါသည်။ မကြာခင် ကျွန်မကို ကြည့်နေသော လူတစ်ယောက်ကို သတိပြုမိပါသည်။

ဟားလ်က ကျွန်မအား ရေးမောင်ဂိုမာရီနှင့် မိတ်ဆက်ပေးသည်။ ကျွန်မသည် ထိုအချိန်မှစ၍ ဖြစ်ချင်ရာဖြစ်ဟု သဘောထားလိုက်တော့သည်။ ကျွန်မကိုယ်ကျွန်မ လှည့်စားရန်သော်လည်းကောင်း၊ ကျွန်မ ယောကျ်ားအားအပ်ဒိုက် နာကျင်စေရန်သော် လည်းကောင်း မရည်ရွယ်ခဲ့ပါ။

နောက်တစ်နေ့ နံနက်တွင် အင်းစားပွဲပေါ်သို့ ဂျင်းမှောက်ကျသွားသောအခါ ကျွန်မ အလွန်အံ့အားသင့်မိပါသည်။ ယခုအခါ ဆေးဝါးကို ကျွန်မစောင့်နေရပါပြီ။

သူ အလွန်နေမကောင်းကြောင်း ကျွန်မ သိပါသည်။ သူ အလုပ်လုပ်နိုင်တော့မည်မထင်ပါ။စုဆောင်းထားသောငွေတော့ အတော်အသင့် ရှိပါသေးသည်။

ကျွန်မတို့သည် ချွေတာ စားသောက်နိုင်ခဲ့ကြပါသည်။ လိုအပ်ပါကအချိန်အတော်ကြာအောင် ချွေတာစားသောက်ရပါဦးမည်။ ကျွန်မ ခင်ပွန်းကိုအထူးဂရုစိုက်ရပါမည်။ ကျွန်မသည်အတို အလွန်ငြီးငွေ့နေပါပြီ။ ပင်ပန်းနေပါပြီ။ ကျွမ၏ ချစ်သော ခင်ပွန်းနှင့်ပျော်ပျော်ရွှင်ရွှင် ပြန်နေချင်ပါပြီ။

ဒေါက်တာက ဂျင်း၏ အစာအိမ်တွင် အနာရှိကြောင်း၊ စနစ်တကျနေပြီး အစားအစာကို မှန်ကန်စွာစားပါက ပျောက်ကင်းနိုင်ကြောင်း ပြောပြသည်။

"သူ အလုပ်က ထွက်ရမှာလား"

ကျွန်မက သိပ်မျှော်လင့်ချက်မထားသလို မေးလိုက်ပါသည်။

"ဒီလို မဟုတ်ပါဘူး"

ဒေါက်တာက ကုသပုံနှင့် အစားအသောက် အကြောင်းကို ရှင်းပြပါသည်။ ဂျင်း အလုပ်ပြန်မဝင်ခင် နှစ်ပတ်ခန့် ခရီးထွက်သင့်ကြောင်း ပြောသည်။ အိမ်တွင် ကလေးသုံးယောက် ရှိသဖြင့် အေးချမ်းမှုမရနိုင်ကြောင်း ပြောပါသည်။

ဘီသယ်က ကျွန်မကို မစိုးရိမ်ရန် ပြောပါသည်။ အက်ဒ်မိုး ကုမ္ပဏီသည် သူ့ဝန်ထမ်းများကို အလွန်ဂရုစိုက်လေသည်။

"အစာအိမ် ရောဂါလား၊ အဲဒီကုမ္ပဏီက လူတိုင်းမှာ အဲဒီရောဂါရှိတယ်"

ထိပ်တန်း အရောင်းစျေးသည်နှင့် အုပ်ချုပ်ရေးမှူးများတွင် ထိုရောဂါရှိသည်ဟု သူမက ဆက်ပြောပြခဲ့ပါသည်။

ဂျန်ပေါ်တာကဲ့သို့ အမျိုးသမီးနှင့်ယှဉ်ပြိုင်ရန် ကြိုးစားခြင်းမှာ ကျွန်မ၏ မိုက်မဲမှုပင် ဖြစ်သည်။

သို့သော် ကျွန်မမှာ အကျိုးရှိခဲ့ပါသည်။ ကျွန်မမှာ ဆယ်နှစ်ခန့် ပြန်နုပျိုသွားသည်။ ဆံပင်မှာ သဘာဝအနက်ရောင် ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်မီအဝတ်အထည်များ ဝယ်ရန်နှင့်ဆံပင်ကို ခေတ်မီပုံစံထားရန် ဆုံးဖြတ်လိုက်ပါသည်။

ဘီသယ်သည် ကျွန်မ၏ စိတ်ထဲမှ အကြံကို မသိဘဲ ကျွန်မပြောသည့်အတိုင်း လိုက်လုပ်ပေးလေ့ ရှိသည်။ ကျွန်မအား ကာရေးကုဗ်အနီးရှိ ဆင်ဂယ်လ်တန် ဟိုတယ်သို့သွားရန် အကြံပေးပါသည်။

အက်ဒ်မိုး ကုမ္ပဏီမှ ဝန်ထမ်းများသည် ထိုဟိုတယ်သို့ သွားတတ်ကြသည်ဟု ပြောပါသည်။ ကျွန်မသည် အမျိုးသမီးဧည့်သည်များ စကားပြောပုံ၊ ပြုမူနေထိုင်ပုံကို လေ့လာရမည် ဖြစ်ပါသည်။ ဘီသယ်က ကျွန်မအား ပန်းရောင် ဘောင်းဘီနှစ်ထည်နှင့် အနက်ရောင် ပိုးထည်များကို ငှားလိုက်သည်။

ကျွန်မသည် ကလေး ရသည့်အချိန်မှစ၍ ထိုကဲ့သို့ တန်ဖိုးကြီးသော အဝတ်အထည်များ မဝယ်နိုင်ခဲ့ပါ။

ဆေးရုံမှ ပြန်ရောက်ပြီး နောက်ပိုင်းတွင် ဂျင်းသည် အလွန်ငြိမ်ချက်သားကောင်းနေခဲ့ပါသည်။

ခရီးထွက်မည့်နေ့အထိ သူဘာမှ စိတ်မဝင်စားပါ။ ခရီးထွက်ခါနီးတွင် ကလေးများသည် ကားဆီသို့ဝိုင်းလာပြီး နှုတ်ဆက်ကြပါသည်။

"ကလေးတွေကိုတော့ မင်းတို့နဲ့ ထားခဲ့လို့ ဖြစ်ပါ့မလား"

စတယ်လာ စောင့်နေသော အိမ်နောက်ပိုင်းသို့ ပြေးသွားသည့် ကလေးများကို ကြည့်ရင်း သူ မေးသေးသည်။ စတယ်လာသည် သူတို့ကို ရေခဲမုန့်ကျွေးရန် စောင့်နေလေသည်။

"သူတို့ဟာ စတယ်လာနဲ့အတူ ဘောလုံးကန်လိမ့်မယ်"

ကျွန်မ ပြောပြလိုက်ပါသည်။

ကာရေးကုဗ်သို့ ကားမောင်းလာစဉ် သူ ငြိမ်သက်နေလေသည်။ ကျွန်မ ကားမောင်းနေစဉ် သူ အိပ်ငိုက်နေလေသည်။

ရွာထဲသို့ ကားဝင်လာချိန်တွင် နေသည် မြစ်ထဲသို့ ဝင်သွားလေပြီ။

ရှေ့ဟောင်းပုံစံ အိမ်ကြီးများကို ကာရံထားသော အဖြူရောင် ခြံစည်းရိုးများပေါ်တွင် ပျားရည်စုပ်ပန်းများ နွယ်တက်နေသည်။

ရွာထဲတွင် အစားအသောက်ဆိုင် တစ်ဆိုင်၊ အထွေထွေ စတိုးဆိုင် တစ်ဆိုင်၊ ဆေးဆိုင် တစ်ဆိုင်သာရှိလေသည်။ ရုပ်ရှင်ရုံပင် မရှိပေ။

ကျွန်မသည် ဝပ်ဆင်ဂျင်နရယ် စတိုးသို့ဝင်ပြီး ဆင်ဂဲလ်တန်သို့ သွားရမည့်လမ်းကို မေးသည်။ အနီရောင် ရုပ်အကျီကွက် ဝတ်ထားသော သစ်စက်





www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမား ဖြစ်ဟန်တူသည့် လူတစ်ယောက်က ကျွန်မတို့ သွားနေသည့် လမ်းမှာ မှန်ကြောင်း ပြောပါသည်။

"လမ်း မမှားပါဘူး"

ထိုလူက ပြောပါသည်။

ထိုလူသည် ကျွန်မ ဝတ်ထားသော ပန်းရောင် သိုးမွေးဆွယ်တာနှင့် ဘောင်းဘီပွများကို ကြည့်နေလေသည်။

ကျွန်မ ကားသို့ပြန်လာချိန်တွင် ဂျင်းသည် မြစ်ကမ်းဘေးတွင် လမ်းလျှောက်နေလေသည်။ မြစ်ကမ်းနဖူးတွင် လှေများကို ကြိုးချည်ထားလေသည်။ သူမ ကိုယ်ပေါ်တွင် စုတ်ပြတ်နေသောဘောင်းဘီနှင့်အင်္ကျီ ဆက်ချုပ်ထားသည့်ဝတ်စုံ ဝတ်ထားလေသည်။ ခေါင်းတွင် ငှက်ပျောသီးတစ်ဖီး ရွက်ထား၏။ သူမက ဂျင်းကို ကြည့်သွားသည်။

ဆင်ဂယ်လ်တန်မှာ အလွန်ကြီးမားသော အဖြူရောင်အဆောက်အအုံကြီးတစ်ခုဖြစ်သည်။ထိုအဆောက်အအုံထဲတွင် လူငယ်ပေါင်းများစွာ အလုပ်လုပ်နေကြလေသည်။ ကျွန်မတို့သည် သုံးလက်မထူသော အနီရောင် ကော်ဇောကို နင်း၍ ကောင်တာသို့ လျှောက်လာကြပါသည်။

ကျွန်မတို့အခန်းမှာ ပန်းချီကားတစ်ချပ်နှင့် တူနေလေသည်။ စိမ်းပြာရောင်အဝတ်အစများ၊ အဖြူရောင် ပရိဘောဂများဖြင့် တန်ဆာဆင်ထားပါသည်။ ဂျင်းက ကျွန်မတို့မှာ ငွေအလုံအလောက်ပါရဲ့လားဟု မေးပါသည်။

"ဘာမှ မပူပါနဲ့"

ကျွန်မက ဖြေပါသည်။

ဂျင်းသည် ကုလားထိုင်တစ်လုံးပေါ်သို့ လေးပင်စွာ ထိုင်ချလိုက်သည်။ ကျွန်မက သူ့လည်ပင်းကိုဖက်ပြီး . .

"ကျွန်မ ရှင့်ကို ဂရုစိုက်ရမယ်" ဟု ပြောလိုက်ပါသည်။ ကျွန်မ စကားကို သူ ကြားပုံမရပါ။ ကျွန်မက အဝတ်အစားလဲရန်နှင့် အောက်ထပ်မှ ကျွန်မကိုစောင့်ရန် ပြောပါသည်။

အမှန်ပြောရလျှင် အနားတွင် သူမရှိစေလိုသောကြောင့် ဘီသယ်၏ အဝတ်အစားများကို ပြောင်းလဲဝတ်ဆင်လိုသောကြောင့်ပင် ဖြစ်သည်။

သူ ထွက်သွားသောအခါတွင် ဆံပင်ကိုဖြူပြင်သည်။ ယခင်က အိုင်းရှဲဒိုးကို အသုံးပြုခဲ့သဖြင့် ယခု ခက်ခဲစွာ အသုံးပြုရပါသည်။ ထို့နောက် ဘီသယ်၏အဝတ်အစားများကို ဝတ်ဆင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ပါသည်။ ဓာတ်လှေကားမှ ထွက်လိုက်သောအခါတွင် အခန်းထဲတွင် ဂျင်းကို မမြင်ရပါ။ သူ အရက်ခန်းသို့ သွားနေသည်ဟု ထင်ပါသည်။ အရက်ခွက်ကို စိုက်ကြည့်နေသော သူ့ကို တွေ့ရပါသည်။

"ဂျင်း"

တံခါးဝမှရပ်ပြီး သူ့ကို ခေါ်လိုက်ပါသည်။ ထို့နောက် အရက်ခန်းထဲသို့ ဝင်ခဲ့ပါသည်။

သူက ကျွန်မကို လှည့်ပြီး စိုက်ကြည့်နေပါသည်။ ဘာမှမပြောဘဲ ဘေးတံခါးမှ အပြင်သို့ ထွက်သွားပါသည်။

"ဂျင်း. . . စောင့်ပါဦး"

သူ့နောက်ကို ကျွန်မ ပြေးလိုက်ပါသည်။ အရက်သမား တစ်ယောက်က ခေါင်းထောင်ပြီး ကျွန်မက သူ့ကို ရှောင်သွားရန် ကြိုးစားပါသည်။ သူက ကျွန်မ လက်မောင်းကို ဖမ်းဆွဲထားလေသည်။

"ကျေးဇူးပြုပြီး လွှတ်ပါ၊ ကျွန်မ ခင်ပွန်းကို ရှာမလို့ပါ"

"ဘာဖြစ်လို့လဲ၊ အိုးလ်ဂျော့ကို သဘောမကျဘူးလား၊ မင်း ခင်ပွန်းကို နောက်မှ တွေ့လို့ရတယ်၊ မင်းကိုအရက်ဝယ်တိုက်ခွင့်ပြုပါ"

ထိုလူက ပြောပါသည်။

သူ့ကို ကျွန်မ အရင်က မမြင်ဖူးပါ။ သို့သော် ပြဿနာ မဖြစ်စေချင်သဖြင့် အရက်သောက်ဖို့ သဘောတူလိုက်ပါသည်။

ဤသည်မှာ ကျွန်မအမှား ဖြစ်သည်။ ထိုလူသည် ရှေ့ကိုတိုးလာပြီး ကျွန်မကို ဖက်ဖို့ ကြိုးစားပါသည် . . . စားပွဲထိုးက စောင့်ကြည့်နေပါသည် . . . စားပွဲထိုးသည် ထိုလူကို သိပါသည် . . . မစ္စတာဝီလဆင်ဟု ခေါ်သံ ကြား . . . သည်။

ဝီလဆင်သည် သူ့ကို "ထ . . . ကောင်းကောင်းပေးခဲ့ဟန် တူပါသည် . . . သူ ဘာမှမလုပ်ဘဲ စောင့်ကြည့်နေ . . . သည်။ ကျွန်မ ထိုလူကို ခပ်မြန်မြန် . . . ကွင်းရှောင်လာခဲ့ပါသည်။

လှေကားစောင့်က ဂျင်းသည် . . . ရွာဘက်သို့ လျှောက်သွားကြောင်း . . . ပြသည်။ ကျွန်မ အလွန်စိတ်ပျက်သွား . . . သည်။ ကားထုတ်ပြီး ရွာဘက်သို့မောင် . . . လာခဲ့ပါသည်။ လရောင်ဖြင့် လမ်းဘေး . . . တစ်ဖက်တစ်ချက်မှ အရုပ်ဆိုးသော . . . အိမ်များကိုသာမြင်နေရပါသည်။ အရေ . . . ထွေစတိုးဆိုင် နောက်ပိုင်းမှ မီးရောင် . . . ထွက်နေလေသည်။ ဆေးဆိုင်မှာ ယ . . . အချိန်ထိ ဖွင့်ထားဆဲဖြစ်သည်။ ကျွန် . . . ကားရပ်ပြီး ဆိုင်ထဲသို့ ဝင်ခဲ့ပါသည် . . . ဓာတ်စက်နားထောင်နေသော လူအ . . . က ကျွန်မကို မော့ကြည့်သည်။ ထို . . . ထဲတွင် ဂျင်းကို မတွေ့ရပါ။

ကျွန်မသည် လမ်းပေါ်သို့ ပြ . . . လာပြီး ဘာလာလုပ်ရမှန်း မသိသ . . . ရပ်နေမိပါသည်။ ထို့နောက် မီးရောင် . . . ထွက်နေသော ဂျင်နရယ်စတိုး၏နောက် . . . ခန်းကို ကျွန်မ သွားကြည့်ပါသည်။

ထိုနေရာတွင် ဂျင်းအား . . . လယ်က ကမ်းနားတွင် လှေကြိုးချည် . . . တက်သွားသော မိန်းကလေးနှင့်အတူ . . . တွေ့လိုက်ရပါသည်။

"အော်ဒရေး ဒါ လီလီယန် . . . ဆင်ကွ"

ဂျင်းက ပြောပါသည်။

သူမတို့ သားအဖမှာ စတိုးဆိုင် . . . နောက်ပိုင်းတွင် နေကြသည်။ သူမ . . . ဖခင်မှာ ဤနေရာတွင် ငါးများလုပ် . . . နှင့်ပတ်သက်၍ အာဏာရှိသူ ဖြစ်သည် . . . ကျွန်မမှာ ဒေါသကြောင့် ပေါက်ကွဲ . . . ဖြစ်နေပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"လီလီက မနက်ဖြန်ကျရင် ဆိုင်ပိတ်ပေးမယ်လို့ ပြောတယ်၊ ဒါမှ ငါနဲ့ အက်ဒ်တို့ အတူငါးမျှားနိုင်မယ်လေ"

သူက တည်ငြိမ်စွာ ပြောသည်။ မိန်းကလေးသည် ပန်းရောင်ဘလောက်ဝတ်ထားပြီး ဆံပင်ကို နောက်ဘက်တွင် ပန်းရောင် ဖဲကြိုးဖြင့် စည်းထားသည်။

သူမကိုယ်မှ ပြင်းထန်သော ရေမွှေးနံ့ ထွက်နေသည်။ အတန်ကြာမှ သူမက "ဂွတ်ဒ်နိုက်" ဟု ပြောပါသည်။

"မနက်ဖြန်ကျရင် ငါး ကောင်းကောင်း မျှားကြမယ်"

သူမက ဂျင်းကို ပြောပါသည်။

"ရှင် သူ့ကို ဘယ်မှာ တွေ့တာလဲ"

ကျွန်မက မေးပါသည်။

ထိုသို့ မေးသည်ကို သူ မကြိုက်ပါ။ ထိုမိန်းကလေးသည် လမ်းပေါ်က မိန်းမစားမျိုး မဟုတ်ဟု သူပြောသည်။

သူ ဆေးဆိုင်ထဲ ဝင်သွားသော အခါ သူမကို တွေ့ရကြောင်း ပြောပါသည်။ သူက မိန်းကလေးများအား နေ့လယ်က မည်သည့်ငါးမျိုး ဖမ်းမိခဲ့သလဲ မေးရာမှ သူတို့နှစ်ယောက် စကားပြောဖြစ်ခဲ့ကြပုံ။ ထို့နောက် မိန်းကလေးက သူမဖခင်နှင့် မိတ်ဆက်ပေးသည်။

ကျွန်မ ဘာမှမပြောဘဲ သူပြောသမျှကို နားထောင်နေခဲ့ပါသည်။

ဒေါက်တာက ဂျင်းအား စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ဖို့ သတိပေးသည်ကို ကျွန်မ သတိရလိုက်ပါသည်။ နောက် သုံးရက်လုံးလုံးတွင် ကျွန်မခင်ပွန်းသည် မြစ်ထဲတွင် အက်ဒ်ဝပ်ဆင်၏ ငါးဖမ်းလှေဖြင့် ငါးမျှားနေခဲ့လေသည်။

ကျွန်မသည် ဟိုတယ်မှာပင်နေ၍ အဖိုးတန်အဝတ်အစားများကို ဝတ်ဆင်နေခဲ့ပါသည်။ အခြားအမျိုးသမီးများ ပြောသည့် ဘရစ်ဂျ်ဖဲ ကစားသည့် အကြောင်း၊ဝေါက်ရိုက်သည့်အကြောင်းများကို နားထောင်နေခဲ့ရပါသည်။

ထိုအမျိုးသမီးအချို့တွင် သားသမီးများ ရှိသော်လည်း ကလေးများမှာ သူတို့ဘာသာ ပျော်ပွဲစားထွက်နေကြကြောင်း သိရသည်။ ထိုအမျိုးသမီးများသည် သူမတို့၏ သားသမီးများနှင့် ကြာမြင့်စွာနေနိုင်သဖြင့် ကျွန်မ အံ့သြမိသည်။

ဆယ်ဂယ်လ်တန်သို့ ရောက်ပြီး တတိယနေ့ခင်းတွင် ကျွန်မ သည်းမခံနိုင်အောင် ဖြစ်လာရပါသည်။ ကျွန်မ ခင်ပွန်းနှင့်တွေ့ရန် မစ္စတာဝပ်ဆင်၏ စတိုးဆိုင်သို့ ကားဖြင့် သွားခဲ့ပါသည်။ မစ္စတာဝပ်ဆင်က ကျွန်မအား ဂျင်းနှင့် လီလီယန်တို့ ငါးများကို ရေဆေးနေသော နောက်ခန်းသို့ သွားရန် ပြောပါသည်။

ဂျင်းနှင့် လီလီယန်တို့ ပူးကပ်စွာ ရပ်နေသည်ကို မြင်သောအခါ ကျွန်မ ဒေါသ ပေါက်ကွဲလုနီးပါး ဖြစ်သွားပါသည်။

ဂျင်းက ကျွန်မထံ တည်ငြိမ်အေးဆေးစွာ လျှောက်လာပြီး နမ်း၍ နှုတ်ဆက်ပါသည်။ စကားတွေ အဆက်မပြတ်ပြောပါသည်။ သူ တည်ငြိမ်လွန်းသဖြင့် ကျွန်မ သံသယ ဝင်လာသည်။

"အော်ဒရေး ကိုယ် အကြံတစ်ခု ရထားတယ်၊ ဒီမှာနေရတာကို မင်း သဘောကျတယ်မဟုတ်လား၊ လေရှူရတာ သန့်ရှင်းလတ်ဆတ်တယ်၊ လူတွေကလဲ ခင်မင်စရာ ကောင်းပါတယ်"

"အဲဒါ ဘာဖြစ်သလဲ"

သူက ဆက်ပြောလေသည်။

"အက်ဒ်က သူ့မှာ ဆောင်းတွင်းမှာ အလုပ်လုပ်စရာရှိနေတယ်လို့ ပြောတယ်၊ သူ့စတိုးဆိုင်ကို ရောင်းချင်နေတယ်၊ သူ့ဆိုင်ကို ဝယ်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်၊ ကလေးတွေတော့ မြို့နဲ့ ဝေးနေလိမ့်မယ်"

"ရှင် ရူးနေပြီလား"

ကျွန်မ အော်ပြောမိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"တစ်ဆောင်းတွင်းလုံး ရှင် ဘာလုပ်မှာလဲ၊ အမဲလိုက်မယ်၊ ငါးမျှားမယ် ပေါ့ ဟုတ်လား၊ ဒါဟာ ကျွန်မ ကြားဖူးသမျှမှာ အရူးသွပ်ဆုံးစကားပဲ၊ ရှင်ဟာ အန်ကယ်ဂျက်ဖ်လို လုပ်တော့မှာလား"

သူ့မျက်နှာ နီမြန်းသွားသည်။

"ဟုတ်တယ် အဲဒီအတိုင်းပဲ"

သူ့မျက်နှာပေါ်မှာ ဒေါသကို မြင်လိုက်ရသဖြင့် ကျွန်မ ကြောက်သွားပါသည်။

"အခု ဟိုတယ်ကို ပြန်မလိုက်သေးဘူးလား"

"မလိုက်နိုင်သေးဘူး၊ ဒီငါးတွေ ရေခဲသေတ္တာထဲ ထည့်ရဦးမယ်"

ဘေးတွင် တစ်ချိန်လုံး ရပ်နေသော လီလီယန်က ဝင်ပြောပါသည်။

"ဒီအလုပ်ပြီးရင် ကျွန်မ သူ့ကို ပို့လိုက်ပါမယ်"

ကျွန်မ တစ်ယောက်တည်း ဟိုတယ်သို့ ပြန်လာခဲ့ရပါသည်။ ညနေစာ ဝတ်စုံကို လဲလှယ်ဝတ်ဆင်ရင်း ထိုကိစ္စကို ဂျင်းနှင့် အေးဆေးစွာ ဆွေးနွေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

သို့သော် သူပြန်မလာပါ။ ကျွန်မထံ တယ်လီဖုန်းဆက်ပြီး ထိုညပြန်မလာနိုင်ကြောင်းနှင့် ငါးဖမ်းစခန်းတစ်ခုတွင် နှစ်ရက်သွားနေမည်ဖြစ်ကြောင်း သူ့ကိုယ်ပိုင်အချိန်လိုချင်ကြောင်း ပြောပါသည်။

"ကောင်းပါပြီ၊ ရှင် ကြိုက်သလို နေပါ"

ကျွန်မ ဒေါသ ပေါက်ကွဲသွားပါသည်။

"ကျွန်မက ဘာလုပ်ရမှာလဲ၊ ဒီမှာ တစ်ပတ်လုံး ထိုင်နေရမှာလား"

"ပျော်ရွှင်အောင် နေပါ၊ မင်းနေတတ်ပါတယ်"

သူက ပေါ့ဆစွာ ပြောသည်။

ကျွန်မ အလွန် စိတ်ပူမိသည်။ သူ ဘာတွေလုပ်နေသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေပါသည်။ ကျွန်မတို့ လင်မယား ကွဲမည့်ကိန်း ဆိုက်နေပါပြီ။

ထိုသို့မဖြစ်အောင် ဘာလုပ်ရမည်ကို ကျွန်မ မသိတော့ပါ။ နောက်တစ်နေ့တွင် သူက တယ်လီဖုန်းဆက်ပြီး နေကောင်းကြောင်း ပြောလေသည်။ ဒါကလွဲပြီး ဘာမှ မပြောပါ။

ဘီသယ်ကို ခေါ်ရမည်လား။ အချိန်မနှောင်းခင် သူမဆီမှ အကြံတောင်းရပါမည်။ အထုပ်အပိုး ပြင်ပြီး အိမ်ကို ပြန်သွားရပါမည်လား။ မကျန်းမာသော ကျွန်မ ခင်ပွန်းကို ဆက်ပြီး စောင့်ရှောက်ရမည်လား။ စိတ်ရှုပ်ထွေးနေသဖြင့် ဘာမှမလုပ်ဘဲ တယ်လီဖုန်းနားတွင်ထိုင်ပြီး မလာသော တယ်လီဖုန်းကို စောင့်နေမိပါသည်။

နောက်တစ်နေ့ နံနက် ၈ နာရီတွင် ကျွန်မသည် အိပ်ရာပေါ်တွင်လှဲပြီး မှိန်းနေပါသည်။ ညက တစ်ညလုံး အိပ်မပျော်ပါ။ ထိုအခိုက် တယ်လီဖုန်း မြည်လာလေသည်။ ကောင်တာ စာရေးက ဧည့်ခန်းထဲတွင် မစ္စတာဝပ်ဆင် ရောက်နေကြောင်း၊ ကျွန်မ ဆင်းလာပြီး စကားပြောလိုစိတ် ရှိ မရှိ မေးလေသည်။

ကျွန်မသည် အိပ်ရာမှ ချက်ချင်းထပြီး အဝတ်အစား ကပိုကရို ဆံပင်မသပ်မရပ်ဖြင့် ဓာတ်လှေကားသို့ ထွက်လာခဲ့ပါသည်။ မစ္စတာဝပ်ဆင်မှာ စိတ်သောက ရောက်နေပုံပေါ်နေသည်။

"မစ္စစ်အက်ချလေ ခင်ဗျား ယောက်ျား နေမကောင်းဖြစ်နေတယ်၊ ဒီလိုဖြစ်မယ်ဆိုတာသိရင် သူ့ကို ကျွန်တော် အဲဒီ ငါးဖမ်းစခန်းမှာ ငါးမျှားဖို့ ငှားမှာမဟုတ်ပါဘူး၊ သူ့မှာ အစာအိမ်ရောဂါရှိမှန်း ကျွန်တော် မသိခဲ့ပါဘူး၊ သူ့လိုဝေဒနာရှင်တစ်ယောက်ဟာအရက် တစ်စက်တောင် မသောက်သင့်ပါဘူး"

သူက ပြောပါသည်။

ဂျင်း အရက်သောက်သဖြင့် နေမကောင်း ပြန်ဖြစ်သည်ကို ကျွန်မ မအံ့သြပါ။ သူ ဆေးလိပ် မသောက်ဘဲ တွေ့ရာ စားမည်ကို ကျွန်မ သိပါသည်။

"ကျွန်မကို သူ့ဆီလိုက်ပို့ပါ"

ကျွန်မ ပြောလိုက်ပါသည်။

ကျွန်မ ကားကို အမြန်မောင်း လာခဲ့ပါသည်။ ကက်ဗင်သို့ ရောက်သွား အခါ မစ္စတာဝပ်ဆင်သည် ကားမှ ဆင်းပြီး ရှေ့မှနေ၍ လှေကားအတိုင်း တက်သွားပါသည်။ မီးလောင်နေသော အိမ်မှ အဖိုးတန်ပစ္စည်းများ သယ် အတင်းပြေးသွားသည်နှင့် တူနေသည်

တဲထဲတွင် မည်သူ ရှိမည် ကျွန်မ သိလိုက်ပါသည်။ ကက်ဗင် နောက်ဘက်တွင် ရပ်ထားသော ကား အိုကြီးကို တွေ့ရပါသည်။

လီလီယန်သည် ပန်းကန်များ ဆေးနေသည်။ ဂျင်းမှာ ခုတင်ပေါ်တွင် လှဲနေသည်။ ကျွန်မ သူ့ထံ ပြေးသွား သည်။ သူ အိပ်ပျော်နေဟန် တူသေ သည်။

ကျွန်မသည် လီလီယန်တို့ သား အဖကို လှည့်ကြည့်လိုက်ပါသည်။

သူတို့သည် ကြောင်နှစ်ကောင် ကဲ့သို့ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြလေသည်။

"ပါပါက သူမကို ခေါ်တာလား"

လီလီယန်က သူမ ဖခင်ကို မေး လေသည်။

"အေးလေ၊ ငါသွားခေါ်မယ်လို့ ပြောခဲ့တာပဲ"

အဘိုးကြီးက လေသံမာမာဖြင့် ပြောလေသည်။

"နင် သူ့ကို ပြူစုဖို့မလိုဘူး၊ သူ့မှာ အိမ်ထောင်ရှိတယ်"

"သူ နေမကောင်းဘူး၊ သူ့ကို တစ်ယောက်ယောက်က ကြည့်ရှုသင့် တယ်"

မိန်းကလေးက ပြန်ပြောသည်။

"သူ့ကို စောင့်ရှောက်ဖို့ သူ့ဇနီး ရှိသားပဲ၊ ကဲ, အခု နင် အိမ်ပြန်တော့"

ကျွန်မ ရပ်နေသည်ကို မြင်သွား သဖြင့် သူတို့ အံ့အားသင့်သွားသည်။

"ကျွန်တော်တို့ သားအဖ နှစ် ယောက်တည်း စကားပြောချင်တယ်"

အဘိုးကြီးက မုန်လာဥအနီ နီမြန်းနေသော မျက်နှာဖြင့် ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

အပ်ရာမှ နိုးလာသောအခါ ဂျင်းအံ့အား သင့်နေရှာသည်။ ကျွန်မက အက်ဒ်ကို အာခေါ်ကြောင်း ရှင်းပြလိုက်သည်။

"ဒါပဲ . . ကောင်းပါတယ်၊ ငါ့မှာ ပြောစရာစကားတွေရှိနေတယ်၊ ဒီအချိန် မှာ ပြောသင့်ပြီ"

သူက စိတ်ဆုံးဖြတ်ပြီးဟန်ဖြင့် ပြောလေသည်။

"ငါ အခုလိုအပ်တာကို မင်း ကြိုက်မှာမဟုတ်ဘူးအော်ဒရေး၊ ဒါပေမဲ့ မင်း သေသေချာချာ နားထောင်ပါ၊ ငါ အလုပ် ထွက်တော့မယ်၊ ဒီအလုပ်ကို သဘောမကျဘူး၊ လူတွေကိုလဲ သဘော မကျဘူး၊ သူတို့ရဲ့ ဖိအားပေးပြီး ခိုင်း စေနည်းလမ်းကိုလဲ သဘောမကျဘူး"

"ဘာကြောင့်လဲ၊ ရှင် ဒီအလုပ် ကို သဘောကျတယ်လို့ ကျွန်မက ထင် နေတာ"

ကျွန်မ အံ့သြစွာ မေးလိုက်ပါ သည်။

"ပထမတော့ မင်းထင်တာ မှန် ပါတယ်၊ လူတိုင်းဟာ ငွေကို သဘော ကျတာပဲ၊ မင်းအနေနဲ့ အလုပ်မှာ ကိုယ် အောင်မြင်မှုရစေချင်တာကို သိပါတယ်၊ ဒါပေမဲ့ ကိုယ်ဟာ ဒီအလုပ်ကို သဘော ကျတဲ့ဟန်ဆောင်ပြီး ဆက်လုပ်ခဲ့တယ်၊ ဘယ်အချိန်မှာ ကိုယ်အလုပ် ဆက်ပြီး လုပ်နိုင်အောင် စိတ်ပျက်လာမလဲလို့ တွေးနေခဲ့တယ်၊ အဲဒီအလုပ်ကို ကိုယ် မုန်းနေပြီ"

"ဘာကြောင့် ဒီအကြောင်းကို မပြောခဲ့တာလဲ"

"မင်းရဲ့ မိသားစုက ကိုယ်ဟာ အန်ကယ်ဂျက်ဖ်နဲ့ တူတယ်လို့ ပြော လိမ့်မယ်၊ ကိုယ့်အတွက် အလုပ်ကောင်း တွေ ရှာပေးရက်သားနဲ့ ထွက်တယ်လို့ ပြောလိမ့်မယ်၊ မင်းအတွက် ဒီအလုပ် ကို ငါလုပ်ခဲ့တာပါ အော်ဒရေး"

"အို . . . ဒါလင်ရယ်"

စိတ်သက်သာရာ ရစွာဖြင့် ကျွန်မ ရေရွတ်လိုက်ပါသည်။ သူ့ကို စိတ်တော့မလိုပင် ဖြစ်သွားသည်။

သို့သော် သူ ဆက်ပြောသော စကားကြောင့် ကျွန်မ အံ့အားသင့်သွား ပါသည်။

"ငါ ပြန်စဉ်းစားသင့်တယ်၊ ငါ သေမတတ် ခံစားနေရတယ်၊ ဘာဖြစ် လို့လဲ သိရဲ့လား၊ ငါ့မိန်းမဟာ ဂျန်းပေါ် တာလို ဖြစ်လာလို့ပဲ၊ ဒီမိန်းမအကြောင်း မင်း ငါ့ကို ဘာပြောခဲ့လို့လဲ"

သူ တစ်ဖက်ကိုလှည့်သွားသည်။ သူ့မျက်နှာမှာ ဖြူရော်နေလေသည်။

"မင်းဘယ်လောက် ပြောင်းလဲ နေတယ် ဆိုတာကို ဆင်ဂယ်လ်တန်ကို ရောက်တဲ့ ပထမညမှာပဲ ငါ သတိထား မိခဲ့တယ်၊ မင်းကို ငါ ထိုင်စောင့်နေခဲ့ တယ်၊ ငါဟာ အဝတ်အစားတွေအလွန် အကျွံ ဝတ်ထားတဲ့ ဦးနှောက် မရှိတဲ့ မိန်းမတွေကို မြင်ဖူးတယ်၊ သူတို့ကြည့် ရတာ ယောက်ျားတစ်ယောက်ကို ရှာ နေသလိုပဲ၊ မကြာခင် မင်း ဝင်လာတာ ကို တွေ့ရတယ်၊ မင်းလဲ အဲဒီမိန်းမ တွေရဲ့ ပုံစံအတိုင်းပဲ၊ မင်းကိုကြည့်ပြီး ငါ ရှူးမတတ် ခံစားရတယ်"

"တော်ပါတော့ ဂျင်းရယ်"

ကျွန်မ တားပါသည်။

သူက ဆက်ပြောပါသည်။

"ငါ တစ်ခုပြောမယ် အော်ဒရေး၊ မင်းမိသားစု ဘယ်လိုပဲထင်ထင် ငါ ဂရု မစိုက်တော့ဘူး၊ ငါ့သားသမီးတွေကို ပညာကောင်းကောင်း သင်ပေးနိုင်ချင်မှ ပေးနိုင်လိမ့်မယ်၊ ဒါပေမဲ့ ငါဟာ အက်ဒ် မိုးကမ္ဘာမှာ အလုပ်လုပ်သူတွေထက် ပိုပြီး သားသမီးတွေနဲ့ အတူနေနိုင်လိမ့် မယ်၊ ငါ့သားသမီးတွေကို ငါနဲ့ ကင်းဝေး အောင် မလုပ်ချင်ပါနဲ့တော့ အော်ဒရေး မင်း အဲဒီလို လုပ်မယ်ဆိုရင် မင်းကို ငါ ကွာရှင်းဖို့ အဆင်သင့်ပဲ"

ကျွန်မ သူ့ကို စိုက်ကြည့်မိပါ သည်။

"ဘာကြောင့် ကျွန်မက အဲဒီလို လုပ်မှာလဲ ဒါလင်ရယ်"

"မင်း လိုချင်တာတွေကို ငါ လုပ် ပေးနိုင်မှာ မဟုတ်တော့ဘူး"

သူက အခန်းရှေ့တွင် လမ်း လျှောက်နေသည်။ ထို့နောက် ကျွန်မ ရှေ့မှ စားပွဲသို့ လက်သီးဖြင့် ထုနေလေ သည်။

"အေး, မင်း လိုချင်တာတွေကို ဒီပြင်ယောကျ်ားတစ်ယောက်ဆီက ရနိုင် ပါမယ်၊ မင်းဟာ ခုချိန်ထိ ချောနေတုန်း ပါပဲ"

"ကျွန်မ ပြောတာ နားထောင် ပါဦး"

ကျွန်မ ပြန်အော်လိုက်ပါသည်။

သူသည် ခုတင်ပေါ်တွင် ကော် ဇောတစ်ချပ်လို ပုံလျက်သား ကျသွား ပါသည်။ ကျွန်မ ဘာမှမလုပ်ဘဲ ကြည့် နေခဲ့ပါသည်။ မကြာခင် သူ ပြန်လည် အသက်ရှူ မှန်လာပါသည်။ ကျွန်မ ဟိုတယ်သို့ ပြန်သွားပြီး သူ့အတွက် ဒေါက်တာ ခေါ်ခဲ့မည်ဟု ပြောလိုက် သည်။ ဟိုတယ်သို့ ကားမောင်းလာရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ ကျနေပါ သည်။ ကြည်နူးနှစ်သိမ့်စွာဖြင့်လည်း ရယ်မိပါသည်။

ကျွန်မသည် အိမ်ထောင်ရေး မပြိုကွဲအောင် ပြုလုပ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ဆင်ဂယ်လ်တန်သို့ လာခဲ့ခြင်းဖြစ်ပါသည်။ ယခုတော့ကျွန်မ သည် သူ အထင်သေးသော မိန်းမပုံစံ မျိုးဖြစ်အောင် ပြုလုပ်မိလေပြီ။

လွတ်လပ်သောတောပိုင်း ဒေသ တွင် သူ လိုချင်သော ဘဝကို ရှာဖွေ တွေ့သွားလေပြီဟု ဆိုနိုင်ပါသည်။ မဖြစ် နိုင်ပါ၊ သူနှင့်လီလီတို့ မည်သည့်အတိုင်း အတာအထိ ရင်းနှီးသည်ကို ကျွန်မ မတွေးလိုပါ။ သူမသည် ဂျင်းကို စိတ်ဝင် စားကောင်း စိတ်ဝင်စားနိုင်ပါသည်။

ဒေါက်တာက ကျွန်မအား ဂျင်း ကို ပြုစုရမည့်နည်းလမ်းများကို ပြောပြ ပါသည်။

နောက်တစ်နေ့တွင် သူ့ကိုလာ ခေါ်ရန် ပြောသည်။ သူ နောက်ထပ်နေ မကောင်းပါက ဤနေရာတွင် နောက် ထပ် တစ်ပတ်ခန့် နေဖို့လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် တစ်နေရာသို့တယ်လီဖုန်း ဆက်လိုက်ပါသည်။ ဘီလ်ဖရန့်ဇလာသည် ဂျင်း နေမကောင်းသဖြင့် စိတ်မကောင်းကြောင်း ပြောပါသည်။ သူ့ကို ကျွန်မ တယ်လီဖုန်း ခေါ်သည်မှာ ဤအတွက် မဟုတ်ပါ။ ကျွန်မ၏ မာနတရားကို မျိုသိပ်ပြီး ဂျင်းအနေဖြင့် သူ့အလုပ်ကို ပြန်ရနိုင် မရနိုင် မေးလိုက်ပါသည်။

"အချိန်မရွေး ရနိုင်ပါတယ် အော်ဒရေး" သူက ဖြေပါသည်။

ကျွန်မ အခန်းပြန်ရောက်ချိန်တွင် ဂျင်းသည် ခုတင်ပေါ်မှာ ရှိနေဆဲဖြစ်လေသည်။ သူ့ကို ဒေါက်တာပြောပြသည်များကို ပြန်ပြောလိုက်ပါသည်။

"ကျွန်မတို့ ဒီရက်သတ္တပတ်ကုန်တဲ့အထိ ဒီမှာနေနိုင်တယ်၊ ဘီလ်ဖရန့်ဇလာက ဒီကိုလာပြီး ရှင်နဲ့ စကားပြောလိမ့်မယ်"

ကျွန်မကပင် ဖုန်းဆက်လိုက်ကြောင်းပြောသည်။ အကျိုးအကြောင်းကိုလည်း ပြောလိုက်ပါသည်။ သူက ကျွန်မကို စိုက်ကြည့်နေပါသည်။

"မင်းက ကိုယ့်ကို ဖရန့်ဇလာဆီမှာ အလုပ် လုပ်စေချင်သလား"

သူက မယုံကြည်သလို မေးလေသည်။

"ရှင် ဘာပဲလုပ်လုပ် ကျွန်မ ဂရုမစိုက်ပါဘူး၊ ဖရန့်ဇလာဆီမှာ ပြန်ပြီး အလုပ်လုပ်ချင် လုပ်ပါ၊ ဒါမှမဟုတ် အက်ဒ်ရဲ့ စတိုးဆိုင်ကို ဝယ်ချင်ဝယ်ပါ၊ ရှင် စိတ်ချမ်းသာမယ့်အလုပ်ကိုလုပ်ပါ"

ထို့နောက် ဆရာဝန်က မလုပ်ရန် တိတိကျကျ မှာခဲ့သော အလုပ်ကို ကျွန်မ လုပ်မိပါသည်။

ကျွန်မ ငိုချလိုက်ပါသည်။

"အို ဂျင်းရယ်၊ ကျွန်မလဲ ရှင်နဲ့ ခွဲနေတာကြာပါပြီ၊ ကလေးတွေလဲ ရှင်နဲ့ အတူမနေရဘူး၊ ရှင် စိတ်ဆင်းရဲခံပြီး ဝယ်ရမယ့်အိမ်ကိုလဲ မလိုချင်တော့ဘူး၊ အို. . . ဂျင်း ကျွန်မ ရှင့်ကို သိပ်ချစ်တယ်ရှင်"

"ကဲ, ဒါတွေ မေ့လိုက်ပါတော့ အချစ်ရယ်၊ မင်းကို ကိုယ် ယုံကြည်ပါတယ်"

သူက ပြောပြီး ကျွန်မကို ပြုံး ကြည့်နေပါသည်။ ထို့နောက် ကျွန်မ ... ဆွဲပြီးမြတ်နိုးစွာနမ်းသည်။ နေမကောင်း ပြီး လူတစ်ယောက်နှင့် မတူအောင် သ... သန်စွမ်းနေပါသည်။

"ဒီနေ့ကစပြီး ကိုယ်တို့ နေချင် တဲ့ ဘဝပုံစံမျိုးနဲ့ပဲ နေကြတော့မယ် ဒါပေမဲ့ အန်ကယ်ဂျက်ဖ်လိုတော့ မ... စေရဘူး"

သူက ပြောပါသည်။

"ရှင် တကယ်ပြောတာနော်"

ကျွန်မက သူ့လက်မောင်းမျာ... အကြားသို့ တိုးဝင်ရင်း ပြောပါသည်။

ဂျင်းက နောက်တစ်ကြိမ် နမ်း... ကျွန်မ မျက်နှာကို ဆွဲမော့လိုက်ပါသည်။

❒ ဘနှင်း(မြန်မာပြု...)


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၈၅၀၁၀**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်မာ (ပိုလီတလေး)

# ကံထေလာသော မုဆိုးများ

လေအဟုန်တွင် သစ်ရွက်ခြောက်များ တဖြောက်ဖြောက် လွင့်မျောသွားကြသည်။ တိတ်ဆိတ်နေသော တောကြီးအတွင်း တစ်ချက်တစ်ချက်တွင် ခပ်ဝေးဝေးမှ ချိုးကူသံကို ကြားနေရသည်။ အပင်ကြီးပေါ်မှ သစ်ရွက်ခြောက်များ လေမှာဝဲကာ အောက်မှာရှိသော ချုံများပေါ်သို့ တဖွဲဖွဲကျရောက်နေသည်။ ချုံများပေါ်တွင် ရောင်စုံဖြာသွားသည်။

စောဂျိမ်းက ခေါင်းပေါ်လာတင်သော သစ်ရွက်ခြောက်များကို ပုတ်ထုတ်လိုက်ပြီး တောကင်ပွန်းချုံများထဲသို့ တိုးဝင်လိုက်သည်။

တိုးလိုက်ခါမှ လူကို တန့်ခနဲဖြစ်သွားအောင် နောက်က ဆွဲလိုက်သည်။ စောဂျိမ်းက နောက်သို့ လှည့်ကြည့်လိုက်သည်။

တွေ့ပါပြီ။

ကင်ပွန်းချုံများမှ ချိတ်များက စောဂျိမ်း၏ အိတ်ကြီးနှင့် တူမီးသေနတ်ကြီးကို ချိတ်ဆွဲထားသည်။

"ကျော်စိုး၊ တော်သေးတယ်ဟာ၊ မောင်းသာတင်ထားရင်တော့ ဒိန်းခနဲပဲ၊ ကင်ပွန်းချိတ်ကို တူမီးခလုတ်က လာချိတ်နေတာဟေ့"

ကျော်စိုးကလည်း သူ့ကို ချိတ်နေသော ကင်ပွန်းချိတ်များကိုဖယ်ရင်း လေသံတိုးတိုးဖြင့် . . .

"စောဂျိမ်း တရှဲရှဲနဲ့ ဘာသံလဲ"

"ဟေ"

စောဂျိမ်းက နားစွင့်လိုက်သည်။ ပြီးမှ ကင်ပွန်းချုံများကိုဖြဲကာ ရှေ့ကနေ တိုးဝှေ့သွားလိုက်သည်။ တစ်လှမ်းချင်း လှမ်းနေရင်း လေးငါးလှမ်းအရောက်တွင် အနောက်ဘက်သို့ လှည့်၍ ကျော်စိုးကို လက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ လေသံတိုးတိုးဖြင့် . . .

"ဒေါင်း နှစ်ကောင်ကွ"

ကိုက်နှစ်ဆယ် အကွာလောက်ရှိ တောင်ခါးပန်းကလေးပေါ်တွင် ဒေါင်းအဖိုအမတစ်စုံ အတောင်ဖြန့်ကာ အေးအေးဆေးဆေး အစာစားလျက်ရှိသည်။ ဒေါင်းဆိုသော သတ္တဝါမျိုးက အင်မတန် နိုးကြားသွက်လက်သော သတ္တဝါမျိုးဖြစ်သည်။ အခုတော့ အပူအပင်ကင်းကာ အစာစားနေသောကြောင့် စောဂျိမ်းအတွက် အံ့သြစရာ ဖြစ်နေသည်။

စောဂျိမ်းက ကင်ပွန်းချုံများကို အသံမကြားအောင် တိုးလိုက်ရင်း . . .

"ကျော်စိုး မင်း လက်ယားနေပြီထင်တယ်"

"တွေ့ခဲတယ် စောဂျိမ်းရဲ့ ဆော်ထည့်လိုက်ရင်ကောင်းမလားလို့'

"မင်း ပွိုင့်တူးတူးအသံနဲ့ဆိုရင် တခြားအကောင်တွေ လန့်ပြေးကုန်လိမ့်မယ်ကွ၊ ဒီကောင်တွေက တစ်ဟင်းစားလောက်ပဲရမှာ"

"ကျွန်တော်တော့ လက်ယားနေပြီဗျာ"

"ချကွာ၊ နောက်ပိုင်းကိစ္စ နောက်မှရှင်းတာပေါ့၊ လက်ရှိက အသေချာဆုံးပဲ"

စောဂျိမ်းဆီမှ ခွင့်ပြုချက် ရသည်နှင့် ကျော်စိုးက ကင်ပွန်းချုံအကြားမှနေကာ ပွိုင့်တူးတူးကို ထိုးချိန်လိုက်သည်။ အင်မတန် နိုးကြားဖျတ်လတ်သော ဒေါင်းအဖိုအမစုံတွဲကတော့ အန္တရာယ်ကို မသိသေး၊ အေးအေးဆေးဆေးပင်။

ကျော်စိုးက ချိန်သီးကို စိတ်တိုင်းကျအောင် ချိန်ပြီး ခလုတ်ကို ညှစ်မည်အပြုတွင်. . .

"ဒေါင်. . . ဝှစ်"

"အွတ်"

"ဟာ"

စောဂျိမ်းရော ကျော်စိုးပါ ဟာခနဲ ဖြစ်သွားသည်။

မထင်မှတ်ဘဲ ဒူးလေးအသံနှင့်အတူ မြားတံ တစ်ချောင်းက ဒေါင်းတစ်ကောင်ကိုသွားစိုက်ကာ ဖလပ်ဖလပ်နှင့် မြေကြီးပေါ်တွင် ပတ်ချာလည်နေသည်။ တစ်ကောင်က တောထဲသို့ ဖျတ်ခနဲ ပြေးဝင်သွားတော့သည်။ စက္ကန့်ပိုင်းအတွင်း လူတစ်ယောက် တောထဲကနေ အပြေးအလွှား ထွက်လာသည်ကို တွေ့လိုက်ကြရသည်။ စောဂျိမ်းက . . .

"နင့်မေကလွှား ဘယ်သူများလဲလို့ တင်ဝင်းဟ"

စောဂျိမ်းရော ကျော်စိုးပါ ကင်ပွန်းချုံထဲက ထွက်လာကြပြီး . . .

"ဟေ့ကောင် တင်ဝင်း"

"ဟာ. . . စောဂျိမ်း"

"ကျော်စိုးက ပစ်တော့မလို့ မင်းက လက်ဦးသွားလို့၊ မင်းက ဘယ်လိုရောက်လာတာလဲ "

"စောဂျိမ်းတို့နဲ့ လူကွဲသွားပြီး ဒီလက်ပံမြောင်ကိုတော့ မိုးမချုပ်မီ ရောက်လာမယ်ထင်ပြီး လက်ပံမြောင်ကိုအရောက်လာတာ၊ ဒီနှစ်ကောင်ကို ကျွန်တော် ချောင်းနေတာကြာပြီ အခုမှပဲ ပစ်ချိန်ရလိုက်လို့"

ထိုအချိန်တွင် မြားတန်းလန်းနှင့် ဒေါင်းက "ဖလပ်ဖလပ်" မြည်ကာ တောထဲသို့ ဝင်ပြေးသွားသည်ကို တွေ့လိုက်ကြရသည်။ စောဂျိမ်းတို့သုံးယောက် စကားဆက်မပြောနိုင်ကြတော့ဘဲ ဒေါင်းဝင်ပြေးရာ တောထဲသို့ အပြေးလိုက်ကြတော့သည်။

ရှေ့ဆုံးမှဝင်ပြေးသွားသော တင်ဝင်းက ဒေါင်းပြေးရာဆီသို့ အရင်ရောက်သွားကာ တဖုန်းဖုန်းနှင့် ရိုက်နေသောအသံနှင့်အတူ သိပ်မကြာလိုက် ဒေါင်းကြီးကိုဆွဲကာ တောထဲက ထွက်လာသည်။

"တော်တော်အသက်ပြင်းတဲ့ အကောင်ကွာ၊ မြားတန်းလန်းနဲ့တောင် ထွက်ပြေးနိုင်သေးတယ်"

"မင်းမြားက အဆိပ် မပါလို့ပါကွာ၊ အဆိပ်ပါရင် ပြေးဖို့တော့ ဝေးရော"

"စောဂျိမ်းရယ်၊ ခင်ဗျားတို့နဲ့ တောပစ်ထွက်ချင်လို့ လိုက်သာလာရတာ၊ ကျွန်တော်ကိုင်နေကျ နှစ်လုံးပြူးက ပစ်မရတာကြာပြီဗျ၊ အဲဒါနဲ့ ရွာထဲက ဒူးလေးကိုင်တဲ့ ဖိုးပြောင်တို့ဆီက ခဏငှားလာတာ၊ မြားတံရော သူတို့ဆီကပဲ၊ သူတို့လဲ အဆိပ်သုံးတဲ့ပုံ မပေါ်ဘူးဗျ"

"ဒူးလေးနဲ့ အမဲပစ်မယ်ဆိုရင် အဆိပ်သုံးရတယ် နို့မဟုတ်ရင် ခရီးကြာတာပေါ့ကွာ၊ အခုလိုပစ်ပြီး မသေတော့ လိုက်ဖမ်းနေရတာ အချိန်ကြာတာရယ်၊ တချို့သားကောင်ကြီးတွေဆိုရင် ပစ်ပြီး မသေရင် လူကိုပြန်ပြီး ရန်ရှာတတ်တယ်ကွ"

ကျော်စိုးက . . .

"စောဂျိမ်း မြားဆိပ်မှာ တစ်ဆွေ့ခုန်တို့၊ နှစ်ဆွေ့ခုန်တို့ ရှိတယ်ဆို"

"ဟုတ်တယ်၊ အဲဒီလိုမျိုး အဆိပ်ပါရင် ထိလိုက်တဲ့ အကောင်ဟာ တစ်ချက်ပဲ ခုန်နိုင်မယ်၊ အဆိပ်တက်ပြီး သေတာပေါ့၊ နှစ်ဆွေ့ခုန်ဆိုတာက နှစ်ခါပဲခုန်နိုင်မယ် ပြောတာ ငါကတော့ မုဆိုးဖြစ်ကတည်းက တူမီးကိုပဲ စကိုင်လာရတော့ ဒူးလေးအကြောင်း သိပ်မသိပါဘူးကွာ၊ ဒါပေမဲ့ မုဆိုးတွေ သုံးတတ်တဲ့ သဘာဝအဆိပ်အကြောင်းတော့ ငါငယ်ငယ်က အဆိပ်ပင်ကို တွေ့ဖူးတယ်"

"ဘယ်လိုမျိုးလဲ စောဂျိမ်း"

"ငါ အသက်နှစ်ဆယ်အရွယ်လောက်က ရပ်စော နယ်အလွန် အင်တောကြီးဝိုင်းထဲမှာ နယ်ခံမုဆိုးတစ်ယော ရယ်၊ မျက်နှာဖြူကြီးတစ်ယောက်ရယ်၊ ငါရယ် အမဲလိုက် ဖူးတယ်၊ မျက်နှာဖြူကြီးက ရာထူးကြီးကြီးပဲ၊ ဘာရာ





www.burmeseclassic.com

www.burmeseclassic.com

လဲတော့ ငါမသိဘူး၊ ငါ့ကိုချစ်လို့ သူနယ်ပြောင်းရင်တကောက်ကောက်လိုက်ဖို့ ငါ့ကို ခေါ်တယ်၊ ငါကလဲ လူပျိုလူလွတ်ဆိုတော့ လိုက်တာပေါ့ကွာ၊ အဲဒီနယ်ထဲမှာ တောဝက်တွေသောင်းကျန်းလွန်းလို့ နယ်ခံမုဆိုးတစ်ယောက်က မျက်နှာဖြူကြီးကို အကူအညီလာတောင်းတယ်။

မျက်နှာဖြူကြီးက အမဲလိုက်ဝါသနာပါတာရယ်၊ သူ့မှာသေနတ်တွေရှိတာရယ်ကြောင့် တို့တောဝက်ပစ်ဖို့ ထွက်လာကြတော့ မွန်းမတည့်မီမှာ ဝက်သုံးကောင်ရလိုက်တယ်၊မျက်နှာဖြူကြီးက တော်လောက်ပြီ၊ နားကြဦးမယ်ဆိုပြီး တဲထိုးဖို့နေရာလိုက်ရှာကြတာ တစ်နေရာမှာ မြေပြောင်ပြောင် တစ်ခုသွားတွေ့တယ်။

တဲထိုးနေကြရင်း မျက်နှာဖြူကြီးက စိတ်ဝင်တစားနဲ့သစ်ပင်ကြီးတစ်ပင်ကို ကြည့်နေတယ်၊ အဲဒီသစ်ပင်ကြီးကမြေပြောင်ပြောင် ကွက်လပ်အလယ်မှာ ပေါက်နေတဲ့ အပင်ကြီးပဲ၊ သူက အပင်ကို သေသေချာချာ ကိုင်တွယ်လေ့လာပြီးမှ တို့ကို မေးတယ်၊ 'အဲဒါဘာပင်လဲ' လို့၊ တို့က သိမှမသိဘဲ၊ မသိဘူးပေါ့ကွာ၊ သူက ပြောပြတယ်၊ အဲဒီအပင်ဟာ အင်မတန် ရှားပါးတဲ့ မြားဆိပ်ပင်လို့ပြောတယ်၊ အဲဒီအပင်မျိုးကိုထမ်းသီဘက်က မောင်းခမ်းနယ်မှာ တစ်ခါတွေ့ဖူးတယ်တဲ့၊ မြားတို့ ဒူးလေးတို့ ကိုင်တဲ့လူတွေဟာ အဲဒီအပင်က အစေးကိုမြားတံထိပ်မှာ သုတ်လိမ်းပြီး တောကောင်တွေကို ပစ်ရင်မှန်လိုက်တဲ့ တောကောင်ဟာ မိနစ် ၂၀ လောက်အတွင်းသေစေနိုင်တယ်တဲ့။

အဲဒီအပင်ရဲ့ အခေါက်ကို ဓားနဲ့ခုတ်လိုက်ရင် အစေးတွေထွက်လာပြီး အစေးတွေက တစ်ခဏအတွင်း ညိုမည်းတဲ့အရောင်ပြောင်းသွားတယ်၊ မျက်နှာဖြူကြီးပြတဲ့ အပင်ကြီးကအခေါက်က ထူထူ၊ အခွံအပွေးအရောင်က ဖြူဖြူအကိုင်းအခက်တွေကရှည်ပြီး အရွက်ပုံက ညောင်ရွက်ပုံ၊ ဒါပေမဲ့အရွက်သေးတယ်၊ အသီးလဲသီးတယ်၊ အသီးသီးပုံက ပင်စည်ကနေ အညှာထွက်ပြီး သီးတာမျိုးပဲ၊ အစေးက မြားဆိပ်အတွက်သုံးရုံတင်မကပဲ ဆေးဖက်လဲ ဝင်တယ်လို့ပြောတယ်။

နောက်တစ်ခု ထူးခြားတာက အဲဒီလိုအပင်မျိုးရှိရင်အပင်ရဲ့ပတ်ပတ်လည်မှာ ဘာအပင်မှ မပေါက်တော့ဘူးတဲ့၊ ဒါကြောင့်မို့ မျက်နှာဖြူကြီးက တဲထိုးဖို့ နေရာလိုက်ရှာတာမြေပြောင်ပြောင်ဆိုလို့ အဲဒီအပင်နားမှာ တွေ့ရတာပဲ၊ အဲဒီအပင်မျိုး တစ်ခါမှ မတွေ့တော့ပါဘူး၊ မုဆိုးတွေတောင် အဲဒီအပင်မျိုး မကြားဖူးကြဘူး။

ကျွန်တော်လဲ စောဂျိမ်းတို့နဲ့ လူကွဲသွားပြီး လမ်းမှာတောဝက်တစ်အုပ်နဲ့ တွေ့တယ်၊ တစ်ကောင်ကို ထိသွားပြီးမြားတန်းလန်းနဲ့ ထွက်ပြေးတာလိုက်လို့ မမီတော့ပါဘူး၊ စောဂျိမ်းပြောသလို မြားတံမှာ အဆိပ်သာပါရင် တောဝက်ကပြေးမလွတ်နိုင်တော့ဘူး"

"ကဲ၊ နေလဲ မြင့်ပြီ၊ ခုချိန်ထိ ဘာကောင်မှလဲ မရသေးဘူး၊ ခဏနားကြရအောင်ကွာ"

"စောဂျိမ်း ထမင်းစားတော့မှာလား"

"အေး. . ဆာပြီကွာ"

"ဒါဆိုရင် ကျွန်တော့်အိတ်ထဲမှာ သွားရင်းလာရင်းပစ်လာတဲ့ ရစ်နှစ်ကောင် ပါသေးတယ်၊ မီးကင်ပြီး ပါလာတာလေးနဲ့ မြည်းကြရင် မကောင်းဘူးလား"

"အေး. . ကောင်းတယ် လုပ်ကွာ၊ မင်းဆီမှာ နန္ဒင်းတို့ဆားတို့ ပါလာတယ် မဟုတ်လား"

"ပါတယ်"

"မင်းကမှ ဒူးလေးကိုင်ပြီး ဟင်းစားရသေးတယ်၊ တို့မှာသေနတ်တွေကိုင်ပြီး ဘာကောင်မှတောင် မရသေးဘူး၊ ကဲ၊ကျော်စိုး မင်း ပါလာတဲ့ ရမ်ပုလင်းလေး ထုတ်ကွာ"

ကျော်စိုးက သူ့ကျောပိုးအိတ်ကိုချကာ ရမ်ပုလင်းနှင့်ခွက်များ ထုတ်နေချိန်တွင် တင်ဝင်းက မီးမွှေးကာ သူ့အလုပ်ကို စ,နေသည်။ စောဂျိမ်းက သူ့မိန်းမ ထည့်ပေးလိုက်သောဆတ်သားခြောက်ဖုတ်များကို ထုတ်လိုက်သည်။ ပြီးမှ ခွက်တစ်လုံးတွင် အရက်နည်းနည်းထည့်ကာ ဆတ်သားခြောက်ဖုတ်နှင့် အရက်ကိုယူ၍ သစ်ပင်တစ်ပင်အောက်တွင် ချကာပါးစပ်က တတွတ်တွတ် ရွတ်နေပြန်သည်။

ဒါက တောထဲတွင် တောပစ်ထွက်တိုင်း စောဂျိမ်းလုပ်လေ့လုပ်ထရှိသော အလုပ်တစ်ခု ဖြစ်သည်။ စောဂျိမ်းကဘာသာခြားဖြစ်၍ ယခင်က ထိုကိစ္စများကို စိတ်မဝင်စားသော်လည်း မုဆိုးသက်ရင့်လာသောအခါ အတွေ့အကြုံကစကားပြောလာသည်။

နန္ဒင်းတို့ ဆားတို့နှင့်နယ်ကာ မီးကင်ထားသော ရစ်ကင်ရဲရဲနှစ်ကောင်က မွှေးကြိုင်လှသည်။ ရစ်ကင်၊ ဆတ်သားခြောက်မီးဖုတ်နှင့် ရမ်အရက်တို့က လိုက်ဖက်ညီစွာ စောဂျိမ်းတို့သုံးယောက် တစ်ယောက်တစ်ခွက်နှင့် ပုလင်းတစ်လုံးကုန်ခါနီးတွင် . . .

"ဝေါ. . . . ဝရော"

"ဖုတ်. . ဖုတ်. . ဖုတ်. . ဖုတ်"

တောထဲမှ လူသုံးယောက် ဒရောသောပါးပြေးထွက်လာကြသည်။ စောဂျိမ်းတို့က ထိုင်နေကြရင်း "ဝေါ. . ဝရော"ဟူသောအသံများကြောင့် ခေါင်းထောင်ကြည့်လိုက်ကြသည်။တောထဲမှ ပြေးထွက်လာသော လူသုံးယောက်က စောဂျိမ်းတို့ကို မမြင်။

"ဟေ့လူတွေ ဘာဖြစ်လာတာလဲ"

"ကျား. . . ကျား"

ကျားဆိုသောကြောင့် စောဂျိမ်းက အနားတွင်ချထားသော တူမီးသေနတ်ကြီးကို ကောက်ကိုင်လိုက်သလို ကျော်စိုးကလည်း ပွိုင့်တူးတူးကို ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြေးထွက်လာရာ နောက်ကို ကြည့်လိုက်သော အခါတွင်လည်း ဘာကောင်မျှလိုက်လာတာမတွေ့။ ထွက်ပြေး လာသော သုံးယောက်ထဲမှ တစ်ယောက်က စောဂျိမ်းတို့ ရှိရာသို့ ပြေးလာရင်း. . .

"ကျားနဲ့ တွေ့လို့"

စောဂျိမ်းက ပြေးလာသောလူကို ဖမ်းကိုင်လိုက်ကာ-

"နေပါဦး၊ ကျားကို ဘယ်မှာတွေ့လိုက်တာလဲ"

"လမ်းဖောက်တဲ့ ဆီမှာ "

"လမ်းက ဘယ်နားမှာ ဖောက်နေတာလဲ "

"ထရော်ဘက်မှာ"

"ထရော်ဘက်မှာဆိုတော့ သိပ်မဝေးဘူးဘဲ၊ ခင်ဗျား တို့က ဘယ်ကလဲ"

"ဆောက်လုပ်ရေးက ဝန်ထမ်းတွေပါ "

စောဂျိမ်းတို့ စကားပြောနေချိန်အထိ ကျန်လူနှစ် ယောက်က လာရာလမ်းကိုကြည့်၍ ပြူးတူးပြဲတဲဖြစ်နေကြကာ စောဂျိမ်းတို့ ရှိရာသို့ ရောက်လာကြသည်။

တစ်ယောက်က . . .

"ခင်ဗျားတို့က. . . "

"ကျွန်တော်တို့က မုဆိုးတွေပါ၊ လက်ပံမြောင်က"

"ဒါဆိုရင် အတော်ပဲ၊ ကျွန်တော်တို့ ထရော်ဘက်မှာ လမ်းဖောက်နေကြရင်း တောထဲက ကျားတစ်ကောင်ထွက် လာလို့ လန့်ပြီးပြေးလာတာ"

"နောက်က လိုက်လာလို့လား"

"လိုက်မလိုက်တော့ မသိဘူး၊ ကြောက်ပြီး ပြေးလာ တာ "

"ခင်ဗျားတို့ စိတ်အေးအေးထားပါ၊ ကျွန်တော်တို့က မုဆိုးတွေပါ၊ ကျားက ခင်ဗျားတို့ နောက်ကို လိုက်တာ မတွေ့ ပါဘူး၊ ကဲ, ခင်ဗျားတို့က ကျားတွေ့တဲ့နေရာကို လိုက်ပြ၊ ကျော်စိုးနဲ့ တင်ဝင်း သိမ်းလိုက်တော့ဟေ့၊ ကံကောင်းရင် ဟင်းမျိုး (ကျား)နဲ့ ဆုံကြတာပေါ့"

ထရော်ဘက်တွင် ကားလမ်းဖောက်နေသည့်သတင်း ကို စောဂျိမ်းတို့ ကြားနေတာတော့ကြာပြီ။ အကြောင်းကိစ္စ မရှိသောကြောင့် မရောက်ဖြစ်။ တောထဲက ဖြတ်ဖောက်သော ကြောင့် တောကောင်များနှင့် ဝန်ထမ်းများ ရင်ဆိုင်တွေ့ကြ သည်က ထူးဆန်းလှသော အကြောင်းမဟုတ်ပေ။

သို့သော် ကျားလိုအကောင်မျိုး တွေ့တာက ထူးဆန်း နေခြင်းဖြစ်သည်။ ဆောက်လုပ်ရေးဝန်ထမ်း သုံးယောက်ကို လမ်းပြခိုင်းကာ တောတိုးရင်း ခပ်သွက်သွက် ချီတက်လာကြ သည်။

ပါလာသော လက်နက်များကိုတော့ အသင့်အနေ အထားကိုင်ထားကြသည်။ ဟင်းမျိုး(ကျား)ဆိုသောကြောင့် ပေါ့ပေါ့ သဘောထား၍မဖြစ်။

ဟင်းမျိုး(ကျား)လို တောမုဆိုးကို လျှော့တွက်၍မရ ဟင်းမျိုးက ပါးနပ်သည်၊ ပရိယာယ်များသည်။ လူကိုအန္တရာယ် ပေးနိုင်သည်။ မုဆိုးချင်းတောင် ဟင်းမျိုးက အနိုင်ယူတတ် သောကြောင့် အသက်ဆုံးပေါင်းများလှပြီ။

"ကျော်စိုး ထရော်ဘက်မှာ ဟင်းမျိုးရှိတယ်လို့ မကြား မိပါဘူးနော် "

"ဟုတ်တယ် စောဂျိမ်း၊ ဒီနယ်တစ်ဝိုက်မှာ ကျွန်တော် တို့ အမဲလိုက်လာတာကြာပြီ၊ ဟင်းမျိုးဆိုတာလဲ မကြားဖူး တာကြာပြီ၊ ဒါပေမဲ့ ပြောလို့မရဘူးပေါ့၊ တောပြောင်းတာတို့ မျက်စိလည်လာတာတို့ဖြစ်ပြီး ရောက်ချင်ရောက်လာမှာပေါ့ တောတွေက ဆက်နေတာ မဟုတ်လား"

"အေး. . . ဖြစ်နိုင်တာပဲ"

ကြိမ်တော၊ ဝါးတော၊ မြရာတောများကို ဖြတ်ပြီး သတိအနေအထားဖြင့် ချီတက်လာကြရာ နာရီဝက်ခန့်အကြာ တစ်နေရာအရောက်တွင် ဟဲခနဲအသံကြီးကို ခပ်လှမ်းလှမ်းမှ ကြားလိုက်သည်။

အသံကြားသည်နှင့် ဆောက်လုပ်ရေးဝန်ထမ်း သုံး ယောက်သည် ချုံတောများအတွင်းသို့ အလျှိုအလျှို ဝင်ပြေး ကုန်ကြတော့သည်။

စောဂျိမ်းက ပြုံးလိုက်ကာ လေသံတိုးတိုးဖြင့်. .

"ဟေးလူတွေ ဘာဖြစ်နေကြတာလဲ၊ ကျုပ်တို့မှာ သေ နတ်တွေ ပါပါတယ်၊ ကြောက်ရင်လဲ ခင်ဗျားတို့ ချုံတောထဲ ဝင်တိုးလို့ လွတ်မှာ မဟုတ်ဘူး၊ သစ်ပင်တွေပေါ် တက်နေကြ ကျုပ်တို့နောက် မလိုက်ခဲ့ကြနဲ့"

စောဂျိမ်းက လေတိုက်ရာ အနေအထားကို သတိပြု လိုက်ပြီး ကျော်စိုးနှင့်တင်ဝင်းကို လက်ပြ၍ အသံလာရာဆီ သို့ တရွေ့ရွေ့ တက်လာခဲ့ကြသည်။

ဟဲခနဲအသံကြီးက တဖြည်းဖြည်း နီးကပ်လာသည်။ ဖောက်လုပ်ဆဲ လမ်းကြီးကို ဘွားခနဲ တွေ့လိုက်ရပြီးနောက် ခပ်လှမ်းလှမ်းတွင် မြင်လိုက်ရသော မြင်ကွင်းကား လမ်း ဖောက်လုပ်ရာတွင် မြေကြီးကော်သော မြေကော်စက်ကြီးနှင့် ၎င်းစက်၏မြေကော်သော ကဏန်းလက်မလို လက်တံကြီး တယမ်းယမ်းလုပ်နေသည့်အပြင် ထိုလက်တံကြီးကို ချောင်း ကာ တဟဲဟဲနှင့် အသံပေးနေသော ဟင်းမျိုးကြီးတစ်ကောင်။

မြေကော်လက်တံကြီး ယမ်းနေသလို ဟင်းမျိုးကြီးက ရှေ့တိုးနောက်ဆုတ်လုပ်ကာ လက်တံကြီးကို ချောင်းနေသော မြင်ကွင်းဖြစ်သည်။

ပတ်ဝန်းကျင်တွင်လည်း ဝန်ထမ်းများ တစ်ယောက်မှ မတွေ့။

စောဂျိမ်းက မြင်ကွင်းကိုကြည့်ကာ ရယ်ချင်နေသည်။ သုံးယောက်သား လမ်းဘေးရှိ ကျောက်ပုံ တစ်ခုနောက်တွင် အကာအကွယ်ယူကာ ဝပ်လိုက်ရင်း. . .





www.burmeseclassic.com

www.burmeseclassic.com

"ကျော်စိုး မင်းပို့င့်တူးတူးက ကျည်အမာထည့်ထားတော့ ဟင်းမျိုးလောက် ဖြစ်ပါတယ်၊ ငါ့တူမီးကလဲ ယမ်းအပြင်းစပ်ထားတယ်၊ အေးအေးဆေးဆေးပါပဲ"

ကျောက်ပုံဘေးတွင် ဝပ်လိုက်ကတည်းက ချိန်ဝပ်လုပ်ထားသောကြောင့် စောဂျိမ်းစကားဆုံးသည်နှင့် လျင်မြန်လှသော မုဆိုးများပီပီ . . .

"ဒိုန်း"

"ဖောင်း"

သေနတ်သံကြောင့် တောဟိန်းသံနှင့်အတူ သေနတ်သံနှစ်ချက်က စက္ကန့်ပိုင်းလောက်သာ ခြားကာ နီးကပ်လှသော ပစ်မှတ်ဆီသို့ တည့်တည့်မတ်မတ် ဝင်သွားသည်။

"ဂရားခနဲ" အသံနှင့်အတူ ဟင်းမျိုးကြီးက ငါးပေခန့် မြောက်တက်သွားကာ မြေပေါ်သို့ "ဗုန်းခနဲ"ပြန်ကျလာသည်။ လမ်းဖောက်ဆဲမြေသားများပေါ်တွင် ဟင်းမျိုးကြီးက ငါးမိနစ်ခန့် ကုတ်ခြစ်လူးလိမ့်နေပြီးမှ ငြိမ်သက်သွားတော့သည်။

စောဂျိမ်းတို့သုံးယောက် ကျောက်ပုံအကွယ်မှ ထွက်လာကြကာ ပေ ၂၀ ခန့်အကွာလောက်တွင်ရပ်၍ ကျောက်ခဲသုံးလေးလုံးဖြင့် ဟင်းမျိုးကြီးရှိရာသို့ ပစ်ပေါက်ကြည့်လိုက်သည်။ ဟင်းမျိုးကြီးက မလှုပ်တော့။

"ဗျို့ မြေတူးစက်ပေါ်က ဆရာ ဆင်းခဲ့ပါတော့၊ ကျားလဲ ကိစ္စချောနေပါပြီ "

ထိုအခါကျမှ မြေတူးစက်မောင်းသောလူက ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်းလာသည်။ မျက်နှာက ဖြူဖပ်ဖြူရော်နှင့် အတော်ကြောက်နေပုံရသည်။

စောဂျိမ်းက. . .

"ကျားက သေသွားပါပြီဗျ၊ ခင်ဗျား တော်တော်ကြောက်သွားလား"

"ဟာ. . ဘယ့်နှယ်ပြောပါလိမ့်၊ မောင်းတဲ့နေရာကို တက်လာမှာစိုးလို့ ကယောင်ကတမ်းနဲ့ မြေတူးတဲ့ လက်တံကို လျှောက်ယမ်းနေတာ"

"အဲဒီလက်တံကိုပဲ ကျားက သူ့ရဲ့ရန်သူသတ္တဝါကောင် ထင်ပြီးချောင်းနေတာ၊ အဲဒါကြောင့် ခင်ဗျား ကံကောင်းသွားတာ၊ ဖြစ်ပုံကို ပြောပါဦး "

"ကျွန်တော်တို့ ထမင်းစားချိန်နားတော့ တချို့က စခန်းချတဲ့ တဲတွေဆီ ပြန်စားကြတယ်၊ ကျွန်တော်နဲ့ သုံးလေးယောက်က ထမင်းချိုင့်ပါလာတော့ အရိပ်ကောင်းတဲ့ နေရာမှာထိုင်ပြီး ထမင်းစားဖို့လုပ်မလို့ ကျွန်တော်က စက်ခန်းထဲမှာ ထမင်းချိုင့်သွားအယူ၊ 'ဝေါ. . ဝရော'ဆိုတဲ့ အသံတွေနဲ့အတူ ယောဟိုတောင်ခါးပြတ်ပေါ်ကနေ ကျားကြီးက တလိမ့်ခေါက်ကွေး လိမ့်ကျလာတာပဲ၊ ကျွန်တော်က စက်ခန်းထဲကနေ ကြောင်ပြီး ကြည့်နေတုန်း အောက်က သုံးလေးယောက်ကတော့ လန့်ပြီး တောထဲကိုဝင်ပြေးသွားကြတယ် ထင်တာပဲ"

"ဟုတ်တယ်၊ ပြေးလာတဲ့သုံးယောက်နဲ့ ကျွန်တော်တို့အဖွဲ့နဲ့ တွေ့တယ်၊ သူတို့ပြောလို့ ကျွန်တော်တို့ လိုက်လာတာ၊ ဆက်ပြောပါဦး "

"ကျားကြီးက ခြေထောက်နာသွားတယ် ထင်တယ်၊ တော်တော်နဲ့မထဘူး၊ နောက် ထလာပြီး ထော့နဲ့ထော့နဲ့နဲ့ ကျွန်တော် မြေတူးစက်နားမှာ ပတ်ချာလှည့်ကြည့်နေတယ်၊ တော်တော်နဲ့ မသွားဘူး၊ ကျွန်တော်ကလဲ ကြောက်လို့ အောက်ကို မဆင်းရဲဘူး၊ တက်လာမှာစိုးလို့ အသံလဲ မပေးရဲဘူး၊ နောက်တော့ ကြံရာမရတာနဲ့ စက်ကိုဖွင့်ပြီး မြေတူးတဲ့ လက်တံနဲ့ ယမ်းလိုက်ဇတော့မှ ပိုဆိုးသွားတယ်"

"အဲဒီလက်တံကြီးကို ရန်သူအောက်မေ့လို့ လှည့်ချောင်းနေတာ"

ပုန်းပြီး ကျန်နေခဲ့သော အလုပ်သမားသုံးယောက်လည်း သေနတ်သံကြောင့် တောထဲက ထွက်လာကြသည်။ သိပ်မကြာလိုက်၊ ဆောက်လုပ်ရေး အလုပ်သမားများလည်း သေနတ်သံကြောင့် အပြေးအလွှား ရောက်လာကြသည်။

ကျားသေကြီးနှင့် စောဂျိမ်းတို့အဖွဲ့ကိုကြည့်ကာ စောဂျိမ်းတို့အား လူစွမ်းကောင်းကြီးများပမာ ချီးကျူးကြသည်။ အပြန်ခရီးအတွက် ကျားသေကြီးကို တပျော်တပါးထမ်းကာ လက်ပံမြောင်အထိ လိုက်ပို့ကြသည်။

အပြန်တွင် စောဂျိမ်းက . . .

"ကျော်စိုးနဲ့ တင်ဝင်း၊ ဒီတစ်ခါ ဟင်းမျိုးကိုပစ်ရတာ အချောင်ဆုံးပဲဟေ့၊ ဒုက္ခခံပြီး လိုက်စရာလဲမလို၊ ချောင်းစရာလဲမလို၊ ကျည်ဆန်လဲ မကုန်ဘဲ ရွာအရောက်တောင် ထမ်းပိုးပေးတဲ့လူတွေလဲ ရှိသေး၊ ဟေးဟေး . . . အဆင်ပြေလိုက်တာကွာ "

တင်ဝင်းက . . .

"အဲဒါပေါ့ စောဂျိမ်းရဲ့၊ တောကျားနဲ့ မုဆိုးကံကောင်းဆိုတာ."

"ဘယ်လိုကွ၊ တောကျားနဲ့ မုဆိုးကံကောင်းဟုတ်လား၊ ဟုတ်တယ်ဟေ့၊ မင်းနာမည်ပေးတာ သဘာဝကျတယ်၊ မြေတူးစက်ကိုမမြင်ဖူးတဲ့ တောကျတဲ့ကျားနဲ့၊ တို့က တကူးတက လိုက်စရာမလိုဘဲ ကံကောင်းလို့ ကျားပစ်ရတာဆိုတော့ မုဆိုးကံကောင်းဆိုတာလဲ ဟုတ်တယ်ဟေ့"

အဖြစ်အပျက်က နှစ်ပေါင်းကြာခဲ့ပြီဖြစ်သော်လည်း စောဂျိမ်း၏အိမ် အိမ်ရှေ့ခန်းတွင် ချိတ်ထားသော ကျားခေါင်းကြီးကို မြင်တိုင်း မေးလာတဲ့လူတိုင်းကို ဂုဏ်မယူ၊ ဝင့်မကြွား၊ ကံကောင်းလို့ ရတာပါလို့ မုဆိုးကြီးစောဂျိမ်းက အမြဲပြောလျက် ရှိနေပါတော့သည်။

❒ မောင်မြင့်မား(ဗိုလ်ကလေး)



www.burmeseclassic.com

www.burmeseclassic.com



# နန္ဒာမိုးကြယ်

## အဆိုးနယ်ချဲ့သော ကံကြမ္မာ

ဒီရပ် ဒီရွာမှာတော့ ငတေကို အားလုံးက လူလည်ပန်ကာ တစ်ဦး ဟူ၍ သတ်မှတ်ထားကြသည်။ ရပ်သူ ရွာသား အများစုမှာ ကိုယ့်လုပ်ငန်းနှင့်ကိုယ် ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေကြသူများ ဖြစ်ရလေကား ငတေဘာလုပ်၍ ဘာကိုင်နေသည်ကို တိတိပပ မသိကြ။

ငတေကလည်း သူဘာလုပ်၍ ဘာကိုင်နေသည်ကိုအမှန်အကန်မပြော။ အရောင်းအဝယ်လုပ်ငန်း၊ ပွဲစားလုပ်ငန်းတို့ကိုသာ ရှေ့တန်းတင်ထားခဲ့သည်။ ငတေဆိုသည်က သူ့နာမည်ရင်းတော့ မဟုတ်။ နာမည်ရင်းက သာဂလိ။ သို့ရာတွင် ငယ်စဉ်ကတည်းက ဘယ်သူ နစ်နာနစ်နာ သူ့အတွက် 'သာ'လျှင်ပြီးရော ဟူ၍ သဘောထားသူ ဖြစ်လေသည်မို့ 'ငတေ' ဆိုသော အမည်နာမ ပေါက်ဖွားလာပြီး တစ်စတစ်စနှင့်အမြစ်တွယ် ရှင်သန်လာခဲ့သည်မို့ သူ့အမည်ရင်းကိုခေါ်သူ တစ်ဦးတလေရှိသည့်တိုင် ကာယကံရှင် သူကိုယ်တိုင်မှာမူ မေ့နေခဲ့ပါပြီကော။

"ငတေတို့များနော်၊ တောသားလို့ပြောရင် ဘယ်သူမှ ယုံကြည်ကြမှာ မဟုတ်ဘူး၊ ဘယ်အချိန်ကြည့်ကြည့် ကြော့လို့မော့လို့ တောက်လို့ပြောင်လို့"

"သူ့အပေါင်းအသင်းတွေကလဲ မြို့ကဆိုတော့ မြို့ရည်ဝနေတာ အဆန်းတော့ မဟုတ်ပါဘူး"

"သူက တို့ရွာမှာ အလုပ်မရှိ အကိုင် မရှိသူတွေကိုလဲ မြို့ကို ခေါ်ပြီး သင့်တော်ရာ အလုပ်သွင်းပေးသတဲ့၊ နောက်ဆိုရင် နယ်စပ်တွေမှာ၊ ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ချင်ရင်လဲ ဆက်သွယ်ပေးဦးမယ်ဆိုပဲ၊ အဲဒီနယ်စပ်တွေ၊ ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်ပြီးပြန်ရောက်လာရင် သူဌေး လို နေနိုင်မှာတဲ့"

"အားကျစရာ ကောင်းလိုက်တာ ဟယ်၊ တို့ရွာမှာ ငတေတစ်ယောက် တာဟာ တကယ့်ကို မင်္ဂလာပဲ"

ဗဟုသုတ နုံနဲ့သည့်၊ စိတ်ဓာတ် အရင်းခံ ရိုးသားလွန်းကြသည့် ရွာသူ ရွာသားအချို့၏ ငတေ့အပေါ် ထင်မြင် ယူဆချက်ကို ကြားရလေတော့ မြို့ပြ ကျေးလက်သို့ ပညာရေးတာဝန် လာ ရောက်ထမ်းဆောင်နေသည့် ကျောင်း ဆရာလေးကိုကြည်သာအဖို့ ရင်အခေ ကြီးမောရကား "ဝါဝါမြင်တိုင်း ရွှေအထင် မထင်လိုက်ပါနဲ့"ဟူ၍သာ အော်ဟစ် ပစ်လိုက်ချင်တော့သည်။

သူက တစ်မြို့တစ်နယ်ဆီမှ လာ ရောက်ခဲ့သော သူစိမ်းဧည့်သည်၊ ငတေ က ရွာခံအိမ်ရှင်။ အိမ်ရှင်ကို ဧည့်သည် က စော်ကားသလိုမျိုး မဖြစ်အောင် ဆရာလေး ကိုကြည်သာအဖို့ အ





www.burmeseclassic.com

www.burmeseclassic.com

အရာရာ စောင့်စည်းခဲ့ပါသည်။ အချိန် စကားပြောလာလျှင် ဖားမှန်း၊ ငါးမှန်း ခွဲခြားသိလာပါလိမ့်မည်ဟူ၍လည်း သဘောပိုက်ထားလေတော့၏။

ငတေတစ်ယောက် ရွာမှပျောက်သွားသည်မှာ တစ်လနီးပါးခန့် ရှိသွားပြီး၊ ပြန်လာတော့ ငေးမောအားကျရော ဆိုင်ကယ်အသစ်ကြီးကို စီးလို့။ ဝတ်ထား စားထားလိုက်သည်မှာလည်း ဒီဒီယို သရုပ်ဆောင်တွေနှင့် မခြား၊ တကယ့်ကို အပျံစား။

"ဟား ကိုငတေကြီး၊ ပွပေါက်တိုးနေပြီထင်တယ်"

"ဟုတ်တယ်ဟေ့၊ ခွင်မိတော့လဲ တန်ကျသွားတာပေါ့ကွာ၊ တို့အလုပ်က အစစအရာရာ လျှင်နေမှရတယ်၊ မျက်စိကိုဖွင့်၊ နားကိုစွင့်ထားရသလို အခြေအနေ အချိန်အခါ အနေအထားကို သုံးသပ်တတ်ရတယ်၊ခေတ်အထာလေးတွေပေါ့ကွာ"

ကာလသားတွေ စကားဝိုင်းမှာတော့ ငတေသည် မိုးကျရွှေကိုယ် ဖြစ်နေသည်။ မိရိုးဖလာ လယ်ယာလုပ်ငန်းကို ဓားမဦးချ လုပ်မစားချင်ဘဲ အလွယ်တကူ ကြီးပွားချမ်းသာ ချင်ကြသည့် လူငယ်ကာလသားအချို့အတွက် ငတေသည် တကယ့်ဟီးရိုး ဖြစ်နေလေသည်။

"ရန်ကုန်မှာ ငါ့အသိကုမ္ပဏီတွေ အများကြီးရှိတယ်၊ မင်းတို့ထဲက ဘယ်သူတွေ ဘယ်နိုင်ငံကို သွားချင်လဲ၊ မလေးရှား သွားမလား၊ စင်ကာပူသွားမလား၊ ထိုင်းသွားမလား၊ အမေရိကန်သွားမလား၊ဂျပန်သွားမလား ကြိုက်ရာပြော"

"အလကား ပို့ပေးမှာလား ကိုငတေရ"

"ဟ . . . တုံးလှချေလားကွာ၊ ဒီခေတ်မှာ အလကားရတာ ဘာမှမရှိဘူး၊ အားလုံးတန်ရာတန်ဖိုးပေးမှ ရတာချည်းပဲကွ၊ တို့ဆီမှာ အလကားရတဲ့ ရေတို့၊ လေတို့တောင် တချို့နိုင်ငံတွေမှာ တန်ဖိုးကြီးကြီးပေးပြီး ဝယ်သုံးနေကြရတယ်၊ မင်းတို့တွေထဲက တန်ရာတန်ဖိုးပေးပြီး သွားချင်ကြရင်ပြော၊ ငါ အဝီအပြင် ဆက်သွယ်ပေးမယ်၊ ဆေးစစ်တဲ့ကိစ္စ၊ ပြည်ပထွက်ခွာခွင့်ကိစ္စ၊ ဗီဇာကိစ္စ၊ လေယာဉ်ကိစ္စတွေကို အပြီးအစီးဆောင်ရွက်ပေးရုံမကဘူး၊ ပြည်ပ ရောက်တဲ့အခါ လုပ်ခကောင်းကောင်းပေးမယ့် အလုပ်ရုံ၊ စက်ရုံ၊ ကုမ္ပဏီတွေနဲ့ တိုက်ရိုက်ကို အချိတ်အဆက်လုပ်ပေးမယ်။

အေး. . အဲဒီမှာလဲ ကိုယ်သွားမယ့်နိုင်ငံ အနေအထားပေါ် မူတည်ပြီး ကုန်ကျမယ့် ငွေကြေးပမာဏ အကွာအဟဆိုတာ ရှိတယ်၊ ဟိုကိုရောက်ဖို့ အရေးကြီးပါတယ်ကွာ၊ ရောက်ပြီးတစ်နှစ်ကျော်နှစ်နှစ်လောက်လုပ်တာနဲ့ ကုန်ကျစရိတ် ကျေပါတယ်၊နောက်ပိုင်းကိုယ်လုပ်သမျှ ကိုယ့်အတွက် သပိတ်ဝင်အိတ်ဝင်ပဲ၊ ဟိုမှာက လူနေမှုအဆင့်အတန်း သိပ်မြင့်တာကွ၊ တကယ့်ကို နတ်ပြည်ရောက်ရတဲ့အတိုင်းပဲ၊ အားလုံးလိုအပ်တာ မရ မရှိဘူး"

ဒီလိုမျိုး အာပေါင်အာရင်းသန်သန်နဲ့ အပြောအဆိုတွေက ရွှန်းရွှန်းဝေလေတော့ ကာလသားတော်တော်များများ သွားရည်ကျကြသည်။

ငတေကား ၎င်းကိုယ်တိုင်ပြည်ပမရောက်ဖူးသော်ငြား ပြည်ပ အတွေ့အကြုံ ရှိသူများထံမှ နားစွန်နားဖျားကြားထားရသမျှကို ခေါင်းထဲ ရိုက်ထည့်ထားရင်း ခုလို ရွာပြန်ရောက်သည့် သမယ မစားရဝခမန်း ပြန်လည်ဖောက်သည်ချနေတော့သည်သာ။

ဒီအတွက်တော့ ငတေ့မှာ လုံးဝအကျိုးမမဲ့ချေ။ သူ့အပြော၌ မှိုင်းမိသွားသူအချို့ ရှိလာပြီဆိုလျှင် အကျိုးသုခကို မြိုးမြိုးမြက်မြက်ကလေး ခံစားရမည့်သူမှာ ငတေပင် မဟုတ်ပါကလား။

"ဒီရပ်ဒီရွာမှာ မွေး ကြီးပြင်းအရွယ်ရောက်၊ ဒီက လယ်ယာလုပ်ငန်းခွင်ဝင်၊ ဘာများကြီးပွား ချမ်းသာစရာရှိမှာတဲ့လဲ၊ ပြည်ပနိုင်ငံမှာလေးငါးခြောက်နှစ်လောက် ဘဝကိုမြှုပ်နှံလိုက်တာနဲ့ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်လာတဲ့အခါ ထိုင်စားလို့ရသွားပြီ။

ဒီ့ထက် ပိုပြီးချမ်းသာအောင် လုပ်ငန်းကြီးတွေလုပ်နိုင်ပြီ။ ဝါးလုံးခေါင်းထဲ လသာနေလို့ကတော့ ဘဝဟာဒုံရင်းက ဒုံရင်းပဲဖြစ်မှာ၊ ထမင်းမဝတ်ရုံလေးနဲ့တော့ ဘဝဟာ လူတန်းမစေ့နိုင်ဘူးကွ"

"ဟုတ်တယ်ဗျ၊ ကိုငတေ ပြောတာ ဟုတ်တယ်၊ ကျွန်တော်တို့ဟာ လက်ရှိဘဝ အနေအထားကို ကျေနပ်ရောင့်ရဲနေလို့ကတော့ လုံးချာလည်ရင်း နိဂုံးချုပ်ရမှာပဲ"

"ဟုတ်ပကွာ၊ တိုးတက်ကြီးပွားချင်စိတ် ရှိတဲ့သူမှန်သမျှဟာ အဲဒီလို အတွေးအခေါ်မျိုးတွေ ရှိနေရမယ်၊ မင်းတို့ ဆန္ဒရှိရင်ပြော၊ ကုန်ကျမယ့် အရင်းအနှီးပမာဏကို ငါပြောမယ်၊ ပြည့်စုံရင် နောက်ပိုင်းကိစ္စကို တာဝန်ယူတယ်"

"ဟုတ်ပြီဗျာ၊ အဘတို့နဲ့ တိုင်ပင်ညှိနှိုင်းပြီး ပြည်ပထွက် အလုပ်လုပ်မယ်ဗျာ၊ ကျုပ်ရဲ့လက္ခဏာမှာက နိုင်ငံခြားရောက်မယ့်ဇာတာ ပါသတဲ့ဗျ၊ ဪ . . ဒါထက် ပြည်ပမှာအလုပ်လုပ်ဖို့ရာ ကျုပ်တို့လို ယောကျ်ားသားတွေတင် မဟုတ်ဘဲ မိန်းမတွေကော လုပ်လို့မရဘူးလား"

"ဟ, ရပါတယ်ကွာ၊ ရသမှ သိပ်ရသပေါ့၊ မိန်းကလေးတွေကျရင် မင်းတို့လောက်တောင် စရိတ်စက မကုန်ဘူး၊ တစ်ဖက်နိုင်ငံရောက်တာနဲ့ သူတို့အတွက် အလုပ်တွေက အဆင်သင့်၊ အထည်စက်ရုံတွေ၊ စားသောက်ဆိုင်တွေမှာ အလုပ်တွေက အဆင်သင့်၊ သုံးလေးလလောက် လုပ်တာနဲ့ ကိုယ့်ရွာကို လုပ်ခတွေ ပြန်ပို့ပေးနိုင်ပြီ၊ ပြီးတော့ ဒီမှာလို ရွှံ့ထဲ၊ ဗွက်ထဲကို ဆင်းရမှာ မဟုတ်ဘူး၊ ကြော့ကြော့ မော့မော့ ကလေးနေပြီး လုပ်ရမှာ"

"ဟ. . . ဒါဆိုလဲ နိပ်ပေတာပဲ၊ အိမ်ရောက်ရင် ကိုငတေ ပြောပြတာတွေကို အစ်မသိုင်းချြတို့၊ ထွေးခင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပြောရမှာ၊ သူတို့တွေ သွားအလုပ်လုပ်မယ်ဆိုရင်ကော ကိုငတေ တာဝန်ယူမှာတဲ့လား"

"ကျေးဇူးတင်လိုက်တာဗျာ၊ကိုယ့်ရပ်ရွာသူပဲဟာ၊ စိတ်သာချ ငတေတို့က ကိုယ့်ရွာကလူငယ်တွေ၊ မိန်းကလေးတွေ ကြီးပွားချမ်းသာဖို့ အစအဆုံးကို တာဝန်ယူပေးမှာ"

ဒီလိုမျိုး ငတေနှင့် ရိုးအသော လူငယ်လူရွယ်တို့ လေပေးဖြောင့်နေမှု အပေါ် ရင်မောနေသူက ဆရာလေး ကိုကြည်သာပင်။

ငါးစာသာမြင်၍ ငါးများချိတ်ကို မမြင်သော ကျေးလက်ရှိ ရိုးသားသောလူငယ်၊ လုံမငယ်တို့၏ အနာဂတ်ခရီးလမ်းအကျည်းမတန်စေရေးအတွက် စေတနာအရင်းခံလျက် တစ်ခုခုတော့ လုပ်မှ ဖြစ်မည်ဟု သဘောပိုက်လိုက်သည်။

ဒီတစ်ခေါက် မြို့ပြန်လျှင် မှုခင်းပညာပေးဂျာနယ်တွေ ယူလာကာ လူလိမ်များ၊ လူပွဲစားများ၊ လူမှောင်ခိုကူးမှု တားဆီးရေး ဟောပြောပွဲကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့များ၊ ဒေသဆိုင်ရာမှ ပုဂ္ဂိုလ်များအကူအညီဖြင့် ကြိုးပမ်းရန်လည်း စဉ်းစားဆုံးဖြတ်ထားလိုက်သည်။

အမှန်မှာတော့ ဆရာလေး ကိုကြည်သာ၏ လုပ်ရပ်သည် ကျေးရွာလူထုအပေါ် ထားရှိသော စေတနာလုပ်ရပ်သာ ဖြစ်လေသည်။ ထိုစေတနာလုပ်ရပ်တို့သည် အတော်ကလေးကို အောင်မြင်သွားခဲ့သည်။ ရွာကျောင်း၌ လုပ်သော အဆိုပါ ဟောပြောပွဲ၌ သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှူး၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်တို့၏ ဟောပြောမှုက အတော်ကလေး ထိရောက်ခဲ့သည်။

ထိုဟောပြောပွဲ၌ သက်သေသာဓကအဖြစ် လူပွဲစားတို့ကြောင့် ငွေကြေးအလိမ်ခံရသော လူရွယ်များ၊ နယ်စပ်၌ ဘဝပျက်ခဲ့ရသောအမျိုးသမီးငယ်တို့က သူတို့၏ ခံစားတွေကြုံခဲ့ရသော အဖြစ်အပျက်မှန်များကို ရင်ဖွင့်တင်ပြခဲ့ကြသည်။ ဒီတော့လည်း ပြည်ပ ထွက်ခွာလိုကြသော လူငယ်လူရွယ်များအဖို့ အမြင်မှန်များ ရရှိလာခဲ့ကြတော့၏။ ထိုဟောပြောပွဲ အပြီးမှာတော့ ငတေတစ်ယောက် မှန်းချက်နှင့် နှမ်းထွက် မကိုက်လေပြီမို့ ရွာမှ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရပြန်ပကော။

ငတေ့အဖို့တော့ စားရခါနီးမှ အစာကို ပုတ်ချခံရသလိုဖြစ်၍အမိကလက်သည် ဆရာလေး ကိုကြည်သာအပေါ်တွင် အငြိုးအတေးထားမိလေတော့သည်။

"တောက်. . . ငါ့လုပ်ငန်းကို ဝင်ရှုပ်တဲ့ ကျောင်းဆရာ၊ နေနှင့်ဦးပေါ့ကွာ၊ အခြေအနေပေးတဲ့ တစ်နေ့ ကောင်းကောင်းကြီးကိုပညာပေးလိုက်ရဦးမပေါ့၊ တစ်ကွေ့ကွေ့တော့ တွေ့ကြသေးတာပေါ့ ကျောင်းဆရာရေ"

ဘာပဲဖြစ်ဖြစ် ဆရာလေး ကိုကြည်သာကတော့ဖြင့် သူ့စေတနာ လုပ်ရပ်ကြောင့် ရွာသူရွာသားတို့၏ အနာဂတ်အတွက် ကျေနပ်ကြည်နူးရပါသည်။

ဒီလုပ်ငန်းက ငတေ့အတွက် တကယ့်ကို မြိုးမြိုးမြက်မြက်ရမည့် လုပ်ငန်းပဲ ဖြစ်သည်။ တစ်ဖက်ရှိ ဝယ်လက်ကလည်း အဆင်သင့်။

"ရန်ကုန်ဆိပ်ကမ်း အထိသာ သယ်လာပေးပါ၊ ဆိပ်ကမ်းရောက်တာနဲ့ ခင်ဗျားရဲ့အပိုင်းက ပြီးပြီ၊ ကြိုတင်ငွေပေး ထားမယ်၊ ဆိပ်ကမ်းရောက်ရင် တစ်ခါတည်း ငွေအကျေချေမယ်၊ ဟုတ်ပလား"

"ဟုတ်ပါပြီဗျာ၊ခင်ဗျားတို့လိုချင်တဲ့ ရုပ်ပွားဆင်းတုတော်တွေ ဘယ်ရွာက ဘယ်ကျောင်းတွေမှာ ရှိတယ်ဆိုတာ အသေအချာ လေ့လာထားပြီးပြီ၊ ခိုးပေးမယ့်ကောင်တွေကိုလဲ စည်းရုံးထားပြီးပြီ၊ ခင်ဗျားတို့က ငွေကြိုပေးထားမယ်ဆိုတော့ လုပ်ရကိုင်ရတာ အဆင်ပြေတာပေါ့၊ ရန်ကုန်ဆိပ်ကမ်းထိ သယ်လာဖို့အတွက်တော့ ဘယ်သူမှ မရိပ်မိအောင် ပိပိရိရိ စီစဉ်ရလိမ့်မယ်"

"ဒါက ကိုငတေ့ရဲ့အပိုင်းပဲလေ၊ ကျုပ်တို့လဲ ပြည်ပပို့နိုင်ဖို့ရာလမ်းကြောင်းတွေ ရှာရဦးမှာ"

ဘာပဲဖြစ်ဖြစ် ငတေ့အတွက်တော့ ငွေရပေါက် အင်မတန်ချောင်လည်သည့် လုပ်ငန်းကလေးတစ်ခုကို ရရှိလိုက်ပေပြီ။ ဘာအတွက်ကြောင့် တစ်ဖက်နိုင်ငံတွေက မြန်မာနိုင်ငံရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို ငွေအမြောက်အမြားပေး၍ လိုချင်ရတာ ပါလိမ့်။ ကိုယ်တည်မရလျှင်တောင်မှ ဥက္ကောင်းတော်ရလာလျှင်လည်း အလုပ် ဖြစ်ပါသတဲ့။

စင်စစ် ငတေသည် မိရိုးဖလာ ဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်။ ကွယ်လွန် ရှာပြီဖြစ်သော မိဘတွေမှာလည်း ဗုဒ္ဓ ဘာသာကို ဘိုးစဉ်ဘောင်ဆက်ကိုးကွယ် လာသူများ ဖြစ်ကြသည်။

သို့ပါသော်ငြား မတော်လောဘ တရားတွေက ငတေ့အား လမ်းမှန်ကို သွေဖည်စေခဲ့လေပြီ။

မြို့ပြကိုရောက်လိုက်၊ တောနယ် တွေဆီ ဆင်းလိုက်နှင့် ယခုတော့လည်း မြိုးမြိုးမြက်မြက် ငွေကြေး ရလာမည့် လုပ်ငန်းတစ်ခုကို ငတေ ရလိုက်ပါ ပြီကော။

ငွေဆိုသည်မှာ လူတချို့၏ သည်းခြေကြိုက် ဖြစ်သည်။ သောက် သောက်စားစား လူငနွားတွေက ရလာ လျှင် ဘနဖူးကိုပင် သိုက်တူးကြမည့် သူများမို့ ငတေ့ထံမှ ငွေစက္ကူအထပ် လိုက်ကို မြင်လျှင် သွားရည်တများများ ကျကာ ဆင်းတုတော်များ ခိုးပေးမည့် အကြောင်း ကြီးမားသောဆင်းတုတော် ဆိုလျှင် ဥက္ကောင်းတော်ကို ဖြတ်ယူလာ ပေးမည့်အကြောင်း ဝန်ခံကတိပြုကြ ငတေ့ထံမှ ငွေစက္ကူများကို ဝမ်းသာ အားရလက်ခံကြသည်။ သောက်ကြ ကြ မူးယစ်ကြသည်။ ပြီးတော့ ကိုယ့် လူစုနှင့်ကိုယ်ခွဲကာ လှုပ်ရှားကြသ





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုမျိုး သောက်စားသူအများစုထဲမှာမှ တစ်ဦးတလေကဖြင့် တကယ့်ကို အံ့အားသင့်ဖို့ ကောင်းလှသည်။

"ကျုပ်ဘဝဟာ ဆင်းရဲနွံ့ချာလွန်းတော့ အလှူဒါနဆိုတာ ဘာမှမလုပ်နိုင်သေးပါဘူး၊ လုပ်နိုင်ဖို့လဲ မမြင်ပါဘူး၊ အိမ်မှာတောင် ဘုရားကျောင်းဆောင်ကောင်းကောင်း မရှိဘူး၊ ဘုရားရှိခိုးချိန်တောင် သိပ်မရပါဘူး၊ သောက်စားတယ်ဆိုတဲ့ နေရာမှာလဲ အလုပ်ပင်ပန်းတာကို အကြောင်းပြုပြီး သောက်စားရာက စွဲလမ်း နှစ်သက်သွားရတာပါ၊ ငွေကြေးအင်အားနည်းတော့ စိတ်တိုင်းကျတောင် မသောက်နိုင်ပါဘူး"

"အဲဒါကြောင့် အလုပ်ကိုလက်ခံဖို့ပြောတာပေါ့၊ အားရပါးရ ကြိုက်သလို သောက်နိုင်ပြီ၊ ဒီ့အတွက် ငွေရဖို့ လိုတယ်လေဗျာ၊ အခုဟာက ခင်ဗျားကို ငွေလာပေးနေတာ၊ ဘယ့်နှယ် ဘယ်အရာကိုမဆို ဖန်တီးပေးနိုင်တဲ့ ငွေကို မလိုချင်ဘူးလား"

"ဘယ့်နှယ် မလိုချင်ဘဲ ရှိပ့ါမလဲ ကိုငတေရာ၊ လိုချင်တာပေါ့၊ ဒါပေမဲ့ ဘုရားဆိုတာဟာ အနန္တောအနန္တ ငါးပါးထဲမှာ ပါတယ်၊ ခင်ပွန်းကြီး(၁၀)ပါးထဲမှာလဲ ထိပ်ဆုံးက၊ အဲဒါကို ကျုပ်မပြစ်မှားရဲဘူး၊ ကျုပ်ဟာ ဗုဒ္ဓဘာသာဝင်ပါ၊ မနေနိုင်လို့ သွေးသားဆန္ဒအရ အရက်သေစာ သောက်စားတတ်ပေမယ့် ငရဲအိုး ဇောက်ထိုးဆင်းရမယ့် ဒီအလုပ်မျိုးတော့ မလုပ်ချင်ဘူး၊ လုပ်လဲ မလုပ်ရဲဘူး"

"ကောင်းပြီလေ၊ ခင်ဗျားမလုပ်ရဲလို့မလုပ်ချင်တဲ့ အလုပ်တစ်ခုကို အတင်းကာရောမတိုက်တွန်းတော့ပါဘူး၊ တစ်ခုတော့ရှိတယ်နော်၊ အလုပ်ဖြစ်နိုင်မလားလို့ ခင်ဗျားကို ဖွင့်ဟတိုင်ပင်တဲ့အပေါ်ဘာမှ အပြင်ကိုသတင်းမပေါက်ကြားပါစေနဲ့၊ အာလဲမချောင်လိုက်နဲ့၊ မဟုတ်လို့ကတော့ ကျုပ်နောက်မှာရှိတဲ့ ကိုယ်ပွားအရိပ်တွေက ခင်ဗျားကို မျက်နှာသစ်ခွင့်မရအောင် လုပ်သွားကြလိမ့်မယ်"

"စိတ်ချပါ ကိုငတေ၊ ကျွန်တော်လဲ အသက်နဲ့ လူလုပ်နေတဲ့သူမို့ ကိုယ့်အသက်ကိုယ် အင်မတန် နှမြောပါတယ်"

ဒီလိုလူစား ရှားရှားပါးပါးကိုလည်း ကြုံတွေ့ရ၍ ငတေ့အဖို့ တအံ့တသြ ဖြစ်ရပါသေးတော့။ ကိစ္စမရှိ။ ငကန်းတစ်ယောက်သေသော်ငြား ငစွေတွေက သူပေးမည့် ငွေကြေးကြောင့် သူ့ဝန်းကျင်မှာ အများကြီး။

ဒီ့နောက်မှာတော့ဖြင့်အစီအစဉ်ကို စနစ်တကျ ရေးဆွဲရတော့သည်။ ခိုးယူ၊ ဖြတ်ယူလာမည့် ရုပ်ပွားတော်များကို သိမ်းဆည်းသိုဝှက်ဖို့နေရာ၊ ပြီးတော့ ရန်ကုန်ဆိပ်ကမ်းသို့ လုံခြုံချောမောစွာ ရောက်ရှိသွားနိုင်စေရေး။

ဒါကလည်း အရေးကြီးသော အပိုင်းကဏ္ဍ၌ ပါဝင်နေသည်။ သည့်အတွက် ငတေ့အဖို့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်ရတော့သည်။နောက်ဆုံးမှာတော့ ခေါင်းထဲသို့ အကြံဉာဏ်တစ်ခုက လက်ခနဲ ဝင်ရောက်လာရာ ငတေလည်း အကြီးအကျယ် ရွှင်လန်းဝမ်းမြောက်သွားပြီး အားပါးတရ လက်ဖျောက်တစ်ချက် တီးလိုက်လေသတည်း။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ် ဒေသများဆီမှ မြို့တော်ရန်ကုန်သို့ ခုတ်မောင်းပြေးဆွဲသည့် ပုဂ္ဂလိကကြားသင်္ဘောသည် ငတေ၏ ဇာတိရပ်ရွာ၌လည်း ခေတ္တခဏ ဆိုက်ကပ်ကာ ခရီးသည်နှင့် ကုန်စည်အတင်အချ လုပ်လေ့ရှိပါသည်။ ယခုလည်း ကြားသင်္ဘောသည် သူ့အချိန်နှင့်သူ ဆိုက်ကပ်လာလေရာ စာမေးပွဲကိစ္စအတွက် ရန်ကုန်ရုံးချုပ်သို့သွားရမည့်ကိစ္စရှိသဖြင့် ဆရာလေးကိုကြည်သာလည်း သင်္ဘောပေါ်သို့ တက်ရောက်ခဲ့ပါသည်။

ကြားသင်္ဘောပေါ်တွင် ခရီးသည် အရေအတွက်က သိပ်မများလှ။ ဝမ်းလုံး နှစ်ထပ်သင်္ဘောဖြစ်၍ သင်္ဘောအပေါ်ထပ်တွင် ခရီးသည်များ လိုက်ပါကြပြီး အောက်ထပ်တွင်မူ ကြက်ခြင်းများ၊ ဒေသထွက်ကုန်စည်များ၊ အိတ်ကြီးအိတ်ငယ်များ တွေ့ရပါသည်။

ဤကုန်စည်များကြားတွင် ထူးထူးခြားခြား ဆိုသလို သစ်သားသေတ္တာကြီးနှစ်လုံးကိုလည်း တွေ့ရ၏။

သေတ္တာတို့၏ ကိုယ်ထည်ပေါ်တွင် သင်္ဘောဆေးဖြင့် "ဘိုကလေး စိန်မြင့်မား မင်္ဂလာရုပ်သေးအဖွဲ့" ဆိုသည့် စာတန်းများ ရေးထားသည်ကို တွေ့ရလေသည်။ မြို့ပြ ရန်ကုန် အပါအဝင် ဒေသတစ်ခုခုမှ လာရောက်ငှားရမ်း၍ ဤကြားသင်္ဘောဖြင့် လိုက်ပါလာခြင်း ဖြစ်နိုင်သည်။

ဆရာလေး ကိုကြည်သာအဖို့ အပေါ်ထပ်သို့ တက်လိုက်ပြီး ထမင်းဆိုင်နှင့် မနီးမဝေးတွင် ခင်းထားသည့် ပက်လက်ကုလားထိုင်လေးကို ငှားကာ သက်သောင့်သက်သာ ထိုင်လိုက်၏။ ၎င်းနံဘေးရှိ ပက်လက်ကုလားထိုင်မှာတော့ ဗိုက်ဖုံးအင်္ကျီနှင့် မိန်းမရွယ်တစ်ဦး။

ထိုခဏ မမျှော်လင့်ဘဲ ရွာမှ ပျောက်သွားသည့် ငတေတစ်ယောက် ဤသင်္ဘောသို့ လိုက်ပါလာကာ ၎င်းထံသို့ လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

"ဟာ, ကိုငတေ၊ ဘယ်က ဘယ်လို ပျောက်ချက်သား ကောင်းလှချေလား"

"ပျောက်ဆို ရွာမှာက ခေါင်းဆောင်လုပ်ချင်တဲ့သူတွေ ပေါ်လာလို့ မြင်ပြင်းကတ်တာနဲ့ ရှောင်လိုက်တဲ့ သဘောပါ၊ အင်း, မြင့်ချင်တဲ့သစ်ပင်တော့ မကြာခင် လေမုန်တိုင်းမိပြီး ပြတ်သတ်ကျိုးပဲ့သွားမှာတော့ မြင်ယောင်သေးတော့ ကျောင်းဆရာရေ့"

ငတေ၏ စကားက ဘယ်ကိုသွား၍ ဘယ်ကိုလာသည် ဆိုခြင်းကို ဆရာလေးကိုကြည်သာ ရိပ်စားမိလိုက်ပါသည်။ သို့ရာတွင် အကျယ်အကျယ်



www.burmeseclassic.com

www.burmeseclassic.com

မငြိမ်းဖွယ်တွေလည်း မဖြစ်ချင်ပါ။ ထို့ကြောင့်လည်း စကားမြားဦးကို တစ်ဖက်သို့ ပြောင်းရွှေ့ပစ်လိုက်ရပါသည်။

"ဒါထက်ကိုငတေကော ရန်ကုန်ပဲလား"

"ဟုတ်တယ် ကျောင်းဆရာ၊ ရန်ကုန်က ကျွန်တော့်မိတ်ဆွေရဲ့ အလှူမှာ ကျေးလက်က ရုပ်သေးပွဲထည့်ချင်တယ်ဆိုပြီး အကူအညီတောင်းလာလို့ ကျွန်တော်ပဲလာငှားပေးတာ၊ ဘိုကလေး စိန်မြင့်မား ရုပ်သေးအဖွဲ့လေ၊ ဘိုကလေးမှာတော့ တော့်ပ်ပဲ၊ အဖွဲ့သားတချို့က ကုန်းလမ်းခရီးက သွားနှင့်ကြပြီ၊ ကျောင်းဆရာရဲ့ ဘေးမှာထိုင်နေတာ ရုပ်သေးမင်းသမီး 'တံချူခင်'ဆိုတာပေါ့"

"ဪ. . . ဟုတ်လား"

ထိုအခါမှပင် နံဘေးရှိ ပက်လက်ကုလားထိုင်၌ ထိုင်နေသောဖိုက်ဖုံးအင်္ကျီနှင့် အမျိုးသမီးကို သတိထားမိတော့သည်။ ဪ, ရုပ်သေးမင်းသမီး တစ်ဦးပေပဲ။ ခရီးသည်များနှင့် ဝန်စည်စလယ်များတင်ဆောင်လာသော ဝမ်းလုံးကြားသင်္ဘောသည် ဧရာဝတီမြစ်ပြင်အားညင်သာစွာ ထိုးခွဲခုတ်မောင်းလျက် ရှိပေသည်။ ငတေသည် ရုပ်သေးမင်းသမီးထံပါးသို့သွားကာ အာလာပ သလ္လာပ စကားများကို ပြောဆိုနေပေသည်။

ကြားသင်္ဘောသည် ကမ်းနံဘေးရှိ သစ်ပင်ကြီးငယ်များ၊ ကွမ်းသီးပင်၊ အုန်းပင်တန်းများ၊ ကောက်ပဲသီးနှံစိုက်ခင်းများ၊ တဲများ၊ အိမ်များကို တရိပ်ရိပ်ဖြတ်သန်းလျက်ရှိ၏။ ဒီလိုမြင်ကွင်းသဘာဝကို ဆရာလေး ကိုကြည်သာ ခမျာ ရှုမော၍ မဆုံးနိုင်ခဲ့။

ထိုသို့ တငြိမ့်ငြိမ့်ခုတ်မောင်းလာချိန်ဝယ် ကြည်လင်ဝင်းပနေခဲ့သော ကောင်းကင်ပြင် ရာသီဥတုအခြေအနေသည် ရုတ်တရက် ပြောင်းလဲလာကာ တဝေါဝေါ တဝူးဝူး တိုက်ခတ်လာတော့သည်။ ထိုခဏ တောင်ဘက်အရပ်ဆီမှ လျှပ်စစ်နွယ်မျှင်တို့က ဝင်းခနဲ လက်ခနဲ ဖြစ်သွားပြီး မိုးကလေးဖွဲကျလာသည်။

ဒီမိုးသည် အခါမဲ့ရွာသော မိုးပါတည်း။ မိုးသည် ဖွဲရာမှ သည်းလာသည်။ လေတိုက်နှုန်းကလည်း ပြင်းထန်လာသည်မို့ ခရီးသည်များရှိနေသည့် အပေါ်ထပ်တစ်ခြမ်းသို့ မိုးပက်ပါလေတော့၏။

အထူးသဖြင့် ဆရာလေး ကိုကြည်သာ ထိုင်နေသော အခြမ်းသည် မိုးသက်လေပြင်းဒဏ်ခံရသော အခြမ်းဖြစ်သည်။ ခရီးသည်များလည်း မိုးစိုမည့်အန္တရာယ်ကြောင့် အကာ တာလပတ်များကို ဖြေချကြလေ၏။

ထိုအခါဝယ် သင်္ဘောတစ်စင်းလုံးသည် ယိမ်းထိုးနေလေတော့၏။ ထိုခဏ၌ သင်္ဘောသားတစ်ယောက် အပေါ်ထပ်သို့ ပြေးတက်လာလေသည်။

"တာလပတ်တွေ ပြန်လိပ်တင်ကြပါ၊ အမြန်ဆုံး ပြန်လိပ်တင်ကြပါ၊ နို့မဟုတ်ရင် လေဆောင့်ထိုးတဲ့ဒဏ်နဲ့ဘေးစောင်းပြီး မှောက်သွားပါလိမ့်မယ်"

ဒီလိုမျိုး အော်ဟစ်သတိပေးလာတော့ သေရမှာ ကြောက်သူများပီပီ ခရီးသည်တို့သည်လည်း ဖြေချထားသော တာလပတ်တို့အား အမြန်ဆုံး လိပ်တင် ချည်နှောင်လိုက်ကြကုန်၏။

မိုးသီး မိုးပေါက်တွေနှင့်အတူ လေတွေက တဝူးဝူး။ ထိုအခါတွင် ခရီးသည်တို့သည် မိုးမပက်သော အခြမ်းသို့ ပြေးကပ်လိုက်ကြသည်။ ထိုအခါဝယ် တစ်ဖက်စောင်းနင်း သဘောဖြစ်ကာ သင်္ဘောမှာ တစ်ဖက်သို့ စောင်းသွားပါသည်။

"ခရီးသည်တွေ၊ ခရီးသည်တွေ၊ နဂိုမူလနေရာမှာပဲ ပြန်နေပေးကြပါ၊ တစ်ဖက်တည်းကိုပဲ စုပြုံပြီးနေကြရင် သင်္ဘောမှောက်လိမ့်မယ်"

စေစေက သင်္ဘောသားမှပင် သူ့အတွေ့အကြုံအရ အော်ဟစ်သတိပေးနေလေပြီ။ လေပြင်းက တိုက်ဆဲ၊ မိုးက ပက်ဆဲ။ ခရီးသည် အများစုမှာ သင်္ဘောသား၏ သတိပေးချက်ကို နားမဝင်၊ သင်္ဘောကြီးမှာတော့ဖြင့်မိုးပေါက်တွေကြား၊ လေပြင်းတွေကြား၊ ရေလှိုင်း

ဂယက်တွေကြားမှာ တလူးလူး တယိ...
လိမ့်။ ထိုအချိန်ဝယ် ငတေနှင့်ရုပ်သေး...
မင်းသမီးတို့မှာ မိုးမပက်သည့်တစ်...
ခြမ်းသို့ ရောက်နေလေပြီ။

ထိုခဏ သင်္ဘောသည် ချာချာ...
လည်သွားလေတော့၏

"ဟာ. . ဝဲထဲဝင်သွားပြီ၊ မှော...
တော့မယ်၊မှောက်တော့မယ်၊ သင်္ဘော...
ကြီးမှောက်ပြီး ဝဲထဲနစ်တော့မယ်"

"ဘုရား. . . ဘုရား"

"ကယ်တော်မူကြပါဗျို့. . တယ်...
တော်မူကြပါ"

"ဟာ သင်္ဘောကြီးစောင်းသွာ...
ပြီ"

"အား အမလေး ရေထဲကျ..."

"ပွမ်း"

"ကယ်တော်မူကြပါဗျို့၊ တယ်...
တော်မူကြပါ"

သင်္ဘောကြီး တိမ်းစောင်း...
မှောက်သွားသည့် အခြမ်းကား မိုးလွ...
ရာခိုနေကြသည့်အခြမ်းပဲဖြစ်လေသည်...
ထိုအခြမ်းမှာ ငတေနှင့် ရုပ်သေး...
သမီး အပါအဝင် ခရီးသည်များသ...
ဧရာဝတီမြစ်ရေပြင်ထဲသို့ ပြုတ်ကျ...
လေသည်။ ဆရာလေး ကိုကြည်သ...
လည်း ပြေးမိပြေးရာ သွေးရူးသွေးတ...
ပြေးနေမိရင်းမှ ဝဲဂယက်များ ပြန်ထ...
စုပ်မယူနိုင်သော အပိုင်းကိုကြည့်၍ ...
ထဲသို့ ခုန်ချလိုက်သည်။

ဆရာလေးကိုကြည်သာ အ...
သတိကို လက်လွှတ်မခံတော့၊ စိ...
အာရုံ၌ ဘုရား,တရား,သံဃာ တ...
ဟူသော ရတနာသုံးပါးကို ဦးထိပ်...
ကာ 'အဋ္ဌာနမေတံ'အစချီ ဘုရား...
ရင့်ကျူးသည့် ဂါထာတော်ကို ရွတ်...
နေမိတော့သည်။ သူ့အဖို့ ရေအော...
ကြမ်းပြင်ကို ရောက်ရှိပြီးသကာလ ...
အောက်မှ တစ်စုံတစ်ယောက်က ...
ထုတ်လိုက်သလို ခံစားရကာ မြ...
သို့ ဘွားခနဲပေါ်လာတော့၏။

သူသည် တက္ကသိုလ်ကျော...
သားဘဝက ရေကူးချန်ပီယံ ဖြစ်...





www.burmeseclassic.com

www.burmeseclassic.com

ကား အသက်ကို ဖော့လိုက်ရင်း အနီးစပ်ဆုံးရှိနိုင်မည့် ကမ်းကိုကြည့်လိုက်၏။ ကောင်းကင်မှာတော့ မိုးအမှောင်က ကျနေဆဲ။ လေပြင်းထန်၍ လှိုင်းတွေကလည်း မာန်ကြွဆဲ။ မိုးစက်မိုးပေါက်တွေကလည်း ပြင်းထန်ဆဲ။

ပတ်ဝန်းကျင်မှာတော့ ကယ်ပါ ယူပါ တစာစာနှင့် အသံဗလံတွေကို ဘဝင်လှုံ့မျှ ကြားနေရသည်။ သူ့အဖို့ ကူညီချင်ပါသည်။

သို့ရာတွင် ကိုယ်မချိသော်လည်း သားတော်ခဲမို့ ကိုယ့်အသက်ရှင်ရေးကိုသာ ဦးစားပေးလျက် အနီးစပ်ဆုံး ကမ်းပါးသို့ လက်ပစ်ကူးခတ်နေမိတော့သည်။

မကြာခင်မှာပင် ရွာနီးချုပ်စပ်မှ လှေများ၊ သမ္ဗန်များ ထွက်လာကြကာ ဒုက္ခရောက်နေသူတို့ထံ လှော်ခတ်သွားကြလေတော့သည်။

ကျောင်းသားဘဝက ကျွမ်းကျင်စွာတတ်မြောက်ထားခဲ့သည့် ရေကူးခြင်း အတတ်ပညာကြောင့် သူမသေတော့ပြီ။ ကမ်းစပ်၌ရပ်ရင်း လှေသမ္ဗန်များဖြင့် ကယ်တင်လာသူတို့အား သူတတ်မြောက်ထားသည့် ရှေးဦးသူနာပြု အတတ်ပညာဖြင့် အစွမ်းကုန် ပြုစုကူညီပေးလေတော့၏။

လူမှုရေးစိတ်ဓာတ်၊ လူလူချင်း သနားကြင်နာထောက်ထားတတ်သော ရွာသူ ရွာသား လှေသမ္ဗန်သမားတို့ဖြင့် မြစ်တွင်းရှိ ခရီးသည်များ၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်နှင့်အညီ သင်္ဘောပေါ်မှ မြစ်ထဲကျပြီး မျောတော့မည့် ပစ္စည်း တော်ကော်များများကိုလည်း ကမ်းစပ်သို့ ဆွဲယူသယ်ဆောင်လာနိုင်ခဲ့သည်မှာ ချီးမွမ်းလေးစားဖွယ် ကောင်းတော့သည်။

"ဗျို့ ဆရာရေ ဟောဒီသမ္ဗာန်ဝမ်းထဲမှာ နှစ်ယောက် ပါလာတယ်၊ ကြည့်ပေးပါဦးဗျာ"

သမ္ဗာန်သမားကြီးက ရှေးဦးသူနာပြုစုနေသော သူ့အား အကူအညီတောင်းလာသည်။ သမ္ဗာန်ထဲကို ကြည့်လိုက်တော့ သူ အံ့အားသင့်သွားရလေသည်။ သမ္ဗန်ဝမ်းအတွင်းရှိ မလှုပ်မယှက်ဖြစ်နေသူနှစ်ဦးက ဇေတေနှင့် ရုပ်သေးမင်းသမီးပင်ဖြစ်၏။

ဦးစွာ သူတို့နှစ်ဦးအား ကမ်းစပ်သောင်ပြင်တွင် ရေအန်အောင် ပြုစုဖို့ရာ ပခုံးပေါ်ထမ်းတင်တော့ ပခုံးသားပင် နာကျင်သွားရသည်။ ဒီအတွက် ပြန်ချကာ ဗိုက်ဖုံးအကျီကို အသာလှပ်ကြည့်တော့ မယုံနိုင်စရာ။

"ဟာ. . . ကြေးမတ်ရုပ် ရုပ်ပွားတော်သုံးဆူကို ဗိုက်မှာချည်ထားတယ်၊ တောက်၊ အတော်ယုတ်ကန်းလိုက်တာ"

ထိုခဏ ခရီးသည်တွေထဲမှ ပါဝင်သော ဆရာဝန်ဆိုသူ ပုဂ္ဂိုလ်က ရုပ်သေးမင်းသမီးနှင့် ဇေတေ့ကို စမ်းသပ်ကြည့်သည်။

"မရတော့ဘူး ဆရာ၊ သူတို့နှစ်ယောက်စလုံး အသက်မရှိတော့ဘူး"

"ဟာ"

"ဟင်"

"ကျွတ် ကျွတ် ကျွတ်"

"ဖြစ်ရလေတယ်"

"တောက်. . . မိန်းကလေးနှယ်၊ ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားတဲ့ ဆင်းတုရုပ်ပွားတော်တွေကို ဗိုက်မှာ ချည်လာရတယ်လို့"

"အဲဒါ ဘုရား ခိုးလာတာဗျ၊ ဘုရား ခိုးလာတာ"

"ဘယ်လဲ ယုတ်မာပက်စက်လှချေလားကွယ်၊ သံသရာမှာ ဘယ်လောက်တောင် ငရဲခံရမယ် မသိဘူး"

"ဟောဟို အမျိုးသားလဲ ခေါင်းကို တစ်ခုခုနဲ့ ရိုက်မိပြီး ပွဲချင်းပြီးသွားတာ၊ သူက ရေနစ်တာ မဟုတ်ဘူး၊ အင်း၊ နှစ်ယောက်တွဲရက် သေရတယ်ဆိုတော့ သူတို့ရဲ့အကြောင်းဆက်ပဲပေါ့လေ"

ထိုခဏ ဘိုကလေးစိန်မြင့်မား ရုပ်သေးအဖွဲ့ သေတ္တာကြီး နှစ်လုံးက ကမ်းစပ်သို့ ရောက်လေရာ ဆရာလေးကိုကြည်သာမှ အကျိုးအကြောင်းရှင်းပြပြီး ကျေးရွာလူကြီးများ ရှေ့မှောက်၌ ဖွင့်ကြည့်လိုက်ကြသည်။

"ဟာ. . . ဘုရားဆင်းတုတော် ခေါင်းကြီးပါလား"

"အမလေး. . . ဥက္ကောင်းတော်ကို ဖြတ်ထားပါကလား၊ ရက်စက်လိုက်ကြပါကလားကွယ်တို့"

"ဟာ. . . ဒီသေတ္တာထဲမှာလဲ ရှေးဟောင်းဆင်းတုတော်တွေ"

"တောက်၊ ပက်စက်လှတဲ့သူတွေ၊ အခုတော့လဲ သေချင်းဆိုးနဲ့ သေကြရရှာပေါ့"

ထိုအချိန်မှာတော့ မိုးသက်မုန်တိုင်းများ စဲသွားကြပါပြီ။ အမှောင်ကျနေရာမှ အလင်းပွင့်လာခဲ့တော့သည်။

ကျေးရွာလူကြီးများက ဒုက္ခသည် အပေါင်းအား ရွာဦးဘုန်းကြီးကျောင်းသို့ ပို့ဆောင်ကာ ကူညီစောင့်ရှောက်ပေးကြသည်။ သက်ဆိုင်ရာကို အကြောင်းကြားကြသည်။

ဘုန်းတော်ကြီးသည် ခရီးသည် အပေါင်းများ မေတ္တာကရုဏာတော်များ ဖြန့်ကြက်ရင်း. . .

"အင်း. . . ကလျာဏဓိစ ကလျာဏ ကောင်းတဲ့စိတ်ဓာတ်ရှိတဲ့သူတွေကိုတော့ ကုသိုလ်ကံတရားက ကယ်မလိုက်ပြန်ပြီပေါ့၊ ပါပကာရီစ ပါပကံ မကောင်းမှု ပြုလုပ်တဲ့သူနှစ်ဦးကတော့ သူတို့အကုသိုလ်နဲ့သူတို့ ဒဏ်ခတ်ခံလိုက်ရပါပကော၊ ဩော်၊ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ၊ သံသရာမကြောက်၊ ငရဲမကြောက်တဲ့ဟာတွေ ပစ္စုပ္ပန်မှာလဲ အခြေမလှသလို အနာဂတ် သံသရာ အဆက်ဆက်မှာလဲ သင်းတို့ပြုတဲ့ကံ သင်းတို့ပဲ ဝင့်ကျေတဲ့အထိ ခံပေဦးတော့၊ ခံပေဦးတော့"

ဟူ၍ သံဝေဂတရားပွားများရင်း ခန်းနေဆောင် အတွင်းသို့ ဝင်သွားပါလေသတည်း။

❐ နန္ဒမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆ...

ကိုစံနိုင်တို့ ဇနီးမောင်နှံသည် ထိုနေ့ည ညစာ ...
အစဥ်များနှင့် လိုလေသေးမရှိ ပြုစုညှော့ခံလေ၏။ ...
ဝေယျာဝစ္စအတွက် လာရောက်ကြသော ပုဂ္ဂိုလ်အချို့ ...
မပြန်ကြသေးဘဲ ကျန်ရှိနေသေး၏။ ညပိုင်း တဖြည်း...
ရောက်လာပြီ။ အလှူအိမ်တို့ရဲ့ ထုံးစံအတိုင်း ဗွီဒီယို...
ကြည့်သူတွေက သတ်သတ်၊ ရေနွေးကြမ်းဝိုင်းမှာက ...
သတ်၊ ဧည့်သည်အချို့က သတ်သတ်၊ တစ်စုစီ ...
သီးခြား ဖြစ်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည်လည်း ဧည့်သည် အုပ်စုထဲတွင် ပါဝင်လျက်ရှိပြီး အိမ်ရှင်များ၏ အရေးပေးခံရသော အုပ်စု ဖြစ်လေသည်။ အိမ်ရှင်များပင် ကျွန်ုပ်တို့အုပ်စုတွင် ဝင်ထိုင်လိုက်၊ ထသွားလိုက်ပုံစံဖြင့် ကျွန်ုပ်တို့ အုပ်စုသည် အတော်သက်ဝင်လှုပ်ရှားမှု ရှိ၏။

ကျွန်ုပ်တို့အုပ်စုတွင် ကျွန်ုပ်ထက် အသက်ကြီးပြီး ဗဟုသုတများသော ဝုဒ္ဓိသုံးပါးနဲ့ ပြည့်စုံသူ၊ လောကီ, လောကုတ်နှင့် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်လည်း ပါဝင်နေ၏။ ကျွန်ုပ်ကား ထိုပုဂ္ဂိုလ်များ၏ ဆွေးနွေးပွဲများတွင် လက်လှမ်းမမီ တစ်ချက်၊ မီတစ်ချက်နှင့်ပင်ရှိပြီး ကျွန်ုပ်ကား ထိုစကားဝိုင်းကို မထိုးဖောက်နိုင်ချေ။ ကျွန်ုပ်သည် ထို့ကြောင့် ပျင်းစပြုလာ၏။

အကင်းပါးသော ကိုစံနိုင်က ကျွန်ုပ်အနားသို့ ကပ်၍ တိုးတိုးကလေးပြောရာ သူ့နောက်သို့ ကျွန်ုပ် လိုက်သွား၏။ ကျွန်ုပ်အတွက် လွတ်လွတ်လပ်လပ် အနားယူရန် ဆိတ်ငြိမ်သောနေရာတစ်ခုတွင် နေရာချထားပေး၏။

"ကဲ ဆရာ ဒီမှာ အေးအေးနားပါဦး၊ တစ်နေ့လုံး ဆရာလဲ အနားမရဘူး၊ ဒါက ဆရာ့အတွက် အိပ်ရာ၊ ဒါက အနားယူဖို့ ဆော့(ဖ်) ကုလားထိုင်" စသည်ဖြင့် လိုလေသေးမရှိ စီစဉ်ပေး၏။

"မနက်ကျမှပဲ ဆရာနဲ့ကြုံတုန်း ကျွန်တော်တို့ ကိုယ်ရေးကိုယ်တာလေးတွေအတွက် ဆွေးနွေးခွင့်ပြုပါဆရာ" ဟု ဆက်၍ပြောလိုက်ပြီး ကျွန်ုပ်ရှိရာမှ ထွက်ခွာသွားတော့၏။

ကျွန်ုပ်လည်း ပြန့်ပြန့်ပြူးပြူး ရှိသော အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လွတ်လွတ်လပ်လပ် အနားယူလိုက်၏။ မျက်စိအစုံကို မှိတ်ထားလိုက်ပြီး ကမ္မဋ္ဌာန်းတစ်ခုကို ရှေးရှုအာရုံကျက်စားလျက် ရှိ၏။

အလွန်ပင် အရသာ ရှိလှသည်။ လေကလေးကလည်းတဖြူးဖြူးနှင့် ဘေးပြတင်းပေါက်က ဝင်လာဆဲမို့ ကျွန်ုပ်အတွက်အထူးသင့်လျော်လှ၏။ ကျွန်ုပ်သည် မှေးခနဲအိပ်ပျော်သွားသည်ကို ကျွန်ုပ်မသိလိုက်ချေ။ မည်သူမဆို မိမိ အိပ်ပျော်နေသည်ကို အိပ်ပျော်နေစဉ် ဘယ်သူမှ မသိပါ။ နိုးလာမှ အိပ်ပျော်သွားသည်ကို သိရ၏။ အိပ်ပျော်နေတာကို သိတယ်ဟု ပြောသူသည် သဘာဝ မကျတော့ပါ။ အိပ်ရာက နိုးလာမှ သိစမြဲပင်။ ကျွန်ုပ် အိပ်ပျော်သွားသည်ကို သိရ၏။ အကြောင်းမူကား ကိုစံနိုင် လာပြီး နှိုးလိုက်သည့်အတွက် ကျွန်ုပ်နိုးလာရာမှ မိမိ အိပ်ပျော်နေသည်ကို သတိထားလိုက်မိ၏။

"ဆရာ. . ဆရာ"

ကျွန်ုပ်လည်း ဘယ်ရောက်နေမှန်းမသိ၊ ဘယ်သူလာခေါ်မှန်း မသိ၊ မျက်လုံးဖွင့်ကြည့်မှ ကိုစံနိုင် ဖြစ်နေ၏။ ဒါကြောင့် ကိုစံနိုင် အိမ်မှာ ရောက်နေကြောင်း သတိရလာ၏။


"အေး. . ဟေ. . ဘာလဲ မောင်စံနိုင်"

"တို ကျွန်တော်တို့အလှူ လာတူတဲ့ ဝေယျာဝစ္စလုပ်ပေးတဲ့ ကလေးမလေးတစ်ယောက် တယောင်ကတတမ်းဖြစ်နေလို့ ဆရာ"


"ဟဲ့ ဆေးခန်းတွေ မပိတ်သေးဘူး. . မဟုတ်လား ဆေးရုံဆေးခန်းကို အမြန်ပြေးကြမယ်၊ ကြာရင် မကောင်းဘူး"

"အပြင်ဆေးခန်းတွေကတော့ ပိတ်လောက်ပြီ ဆေးရုံအရေးပေါ်ပဲကျန်တော့တယ်၊ သွားမယ်ဆိုရင် အချိန်တလဲလင့်နေပြီ၊ အခုပဲ ဆယ်နာရီခွဲတော့မှာ. . ဆရာ ခဏတော့လာကြည့်ပေးပါ"

သူ ပြောလေမှ အချိန်သည် ဆယ်နာရီခွဲဖို့ ဆယ်မိနစ်လောက်ပဲ လိုတော့တာကို သိ၏။ ဒီနေ့ ဘာနေ့လဲ မနည်းကို ပြန်စဉ်းစားလိုက်ရ၏။ သောကြာနေ့ ညဆိုတာ အတော်လေး စဉ်းစားလိုက်ရ၏။ ဒါဆို စန္ဒြာ အခါကြီးဟု သိလိုက်ပြီး ကျွန်ုပ် ထုံးစံအတိုင်း လိုအပ်တဲ့ ကိန်းဂဏန်းများကို စိတ်ထဲတွင် တိုင်ထူရင်း စဉ်းစားလိုက်၏။




(သောကြာနေ့တိုင်) (စန္ဒြာအခါတိုင်)




(သက်ရောက်တိုင်) (ကောဇာတိုင်)

"ဟဲ့. . သောကြာ သမီးလား. . နာမည် ဘယ်လိုခေါ်သလဲ"

"ဟုတ်တယ် ဆရာ၊ သန်းသန်းထွေးတဲ့"

"ဟေ. . ." ဆိုပြီး ကျွန်ုပ် စကားရပ်သွား၏။

အထက်ပါ ဖော်ပြချက်ကို ကြည့်ပါ။ (အမှုကြင်ခင်လှသွင်) တိုင်သုံးတိုင်စနစ်အရ သောကြာ သမီးလားဟု မေးလိုက်ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်စံနိုင်က "ဟုတ်ပါတယ်၊ သောကြာသမီး သန်းသန်းထွေး" လို့ကြားလိုက်ရတော့ ဟင်ခနဲ ဖြစ်သွားရသည်မှာ တခြား မဟုတ်ပေ။

စန္ဒြောအခါတိုင်တွင် ၆ ကြာ နဝင်းစီးနေတာ မှန်ကန်သော်လည်း သန်းသန်းထွေးဟူသော အမည်သည် ထိုအခါတိုင်၏ ပဉ္စပွတ်မှ ဆပွတ်သို့ သွယ်တန်းနေသည့် ဉပဒ်ကြိုးမိနေ၏။ တနလ်ာ အချာဂြိုဟ် ပျက်သွား၏။

ပြီးတော့ ၆ ကြာ၏ အာယု ၁ နွေမှာ အခိုက်မှာ ရှိနေသည်။ ဒါ့အပြင် စန္ဒြောအခါ သက်ရောက် သုံးတန်ပေါ်နိစ်အရ ၆ ကြာ တန်းကပ်တွင် ၂ လ်ာဂြိုလ် ကပ်လျက် ၆ ကြာ၏ အာယုဂြိုဟ် ၁ နွေကို ၄ ဟူး ကပ်လျက် ပြအိမ်မှာ ရပ်တည်နေပုံနှင့် (၁-၄) နိစ်ပြ ကြိုးမိနေပုံကို တွေ့လိုက်ရခြင်းကြောင့် ကျွန်ုပ် စိတ်မကောင်းဖြစ်သွား၏။

ကျွန်ုပ် ကိုစံနိုင်၏နောက်က ကပ်လိုက်သွား၏။

"ကိုစံနိုင် သူက ဘယ်ကလဲဗျ"

ဖေးမနိုင်မည့် လမ်းစရှာတာ ဖြစ်၏။

"အောင်လံကပါ ဆရာ"

"ဘာကွ. . ဟေ. . ."

*"အောင်လံ"သည် (၁-၄) နိစ်ပြ ကြိုးမိနေပြီ။*

*ဆက်တွေးပါ၏။ ကောဇာ ဇေယျတိုင်၏ ၄ဟူး မရဏဂြိုလ်သည် ၆ ကြာ၏ အာယုဂြိုဟ် ၁ နွေကို ပြအိမ်တွင် ကပ်ထားတာ ကြောက်စရာကြီးပင် ဖြစ်၏။*

သန်းသန်းထွေး၏ အနားတွင် လူတွေ ဝိုင်းအုံနေ၏။ ကယောင်ကတမ်းတွေလည်း ပြောနေ၏။ တစ်စုံတစ်ယောက်က မန်းမှုတ်နေတာလည်း တွေ့ရ၏။ ကျွန်ုပ်တို့လည်း အနားကပ်သွားလိုက်၏။

"ပယောဂ ပူးနေတယ်"ဟု ပြောနေကြ၏။

သို့ဖြစ်၍ လူသူ အပြင်လူတွေ မသိအောင် သဘောနှင့် ခင်မမက အိမ်ရှေ့အဝင်တံခါးကို ပိတ်ထားလိုက်၏။ ကိုစံနိုင် ပြောတုန်းက "တက်တယ်"ဟုပြောရာ ယခုတော့ နတ်ပူးနေသလို ဖြစ်နေ၏။ ကျွန်ုပ်လည်း စဉ်းစားရ ထွေသွား၏။ ကျွန်ုပ်သည် တစ်ခါက ကျွန်ုပ်၏ အိမ်အနီးမှ ညီမဝမ်းကွဲတော်စပ်သူတစ်ဦးကို ညကြီးမိုးချုပ်ချိန်တွင် "ကယ်ပါ ယူပါ" ဖြစ်လို့ ကျွန်ုပ်သွားပြီး ဖြေပေးခဲ့ရဖူး၏။ နောက် သက်သာပြီး ဆေးခန်းသွားရာ ဆေးချက်မှန်ပြီး ကျန်းမာနေ၏။ ၎င်းမြင်ကွင်းသည် ကျွန်ုပ်အား နိုးကြားစေခဲ့၏။

ယခုလည်း အစီအရင်တစ်ခု ပြုလုပ်ရပေဦးမည်။ အစီအရင်က တခြား မဟုတ်ပေ။ နံသားတစ်ခု (သို့မဟုတ်) ကိစ္စတစ်ခု (သို့မဟုတ်) အခါတစ်ခု၏ စတုရန်းနှစ်ထပ် အစီအရင် ဖြစ်၏။ ယခုဆို စန္ဒြောအခါဖြစ်လို့ (၂,၅,၁) ကြီးပွဲအောင်ပဲဖြစ်ဖြစ်၊ "ကြာ,မို့,အုံး" ပဲဖြစ်ဖြစ်ကို သွားသတိရ၏။ ဘာဓာတ်သားပဇ္ဇည်း အသားအရွက် ရှာချိန် မရနိုင်ပါ။

သို့ဖြစ်၍. . .

"ဟဲ့၊ သူ့ဖအေ၊ မအေ ဘယ်မှာတုံးဟဲ့" ဟု မေးလိုက်၏။ 'အဖေ၊ အမေ" ဟု ကျွန်ုပ်က မမေးဘဲ "ဖအေ၊ မအေ" ဟု ကင်ပွန်းတပ် ခေါ်လိုက်၏။

"ကျွန်မပါ. . . ကျွန်မ" ဆိုပြီး အမျိုးသမီး အသက် (၅၀)ခန့်က ပြောလိုက်၏။ ရောဂါဖြစ်နေသူမှာ ကလေးသာသာ နှစ်ဆယ်ပတ်ဝန်းကျင်လောက်ပင် ဖြစ်၏။

"နာမည်က ဘယ်လိုခေါ်လဲ"

"မပုအေးပါ"

ကြားရတာ တစ်မျိုးကြီး၊ မအေးပုလည်း မဟုတ်။

"ကဲ၊ မပုအေး. . ဘုရားရေချမ်းတစ်ခွက် သီးခြားခွက်နဲ့ စွန့်ယူခဲ့၊ မြန်မြန်သွား"

မပုအေး ဘုရားရေချမ်း စွန့်ရန် ထွက်သွား၏။

"ဘာမှတ်သလဲ၊ဘာရေမှ မသောက်ဘူး၊ ငါ့ဘာမှတ်သလဲ ဘယ်သူမှ မကြောက်ဘူးဟဲ့" ဟု ရောဂါသည်ကပြောပြီး ပွဲကြမ်းနေတာ ဖြစ်၏။ ယခု မန်းမှုတ်နေသူများနှင့် အချို့လူများက သူ့ကို ဝိုင်းချုပ်ထားရ၏။

ကျွန်ုပ်စိတ်ထဲ အတွေ့အကြုံ တစ်ခုကို ပြန်သတိရလာ၏။ တစ်နေ့ ကျွန်ုပ်တို့မြို့မှာ သူနဲ့ အရွယ်တူ ကလေးမလေးတစ်ဦး ဗေဒင်ကြည့် လာတယ်ဆိုပြီး ကျွန်ုပ်ရှေ့မှာ ပူးသလို ဘာလို ဖြစ်ဖူး၏။ သူမ၏ လက်ဝါးပြင် လက္ခဏာ အရောင်အဆင်းကို ကြည့်ပြီး လူငယ်ဘာဝ အိမ်ထောင်ရေးကိစ္စကြောင့် သွေးသားကိစ္စတို့ကြောင့် ရောဂါကပ်ကြောင်း တွေ့ဖူး၏။ အဲဒီတုန်းက ၎င်းကလေးမလေးအား ချော့မော့အလိုလိုက်ပြီး ကျွမ်းကျင်တဲ့ မီးယပ်ပါရဂူများနှင့် ကုသရာ ရောဂါပျောက်ကင်းသွားခဲ့၏။

ထိုစဉ် မပုအေး ရေချမ်းတစ်ခွက်ယူလာပြီး. . .

"ဆရာ. . . ရော့ ဒီမှာ. . ဒီမှာ"

"ခင်ဗျား ကိုင်ထား၊ ငါ မပေးနဲ့ဦး၊ ကဲ၊ ခင်ဗျားသမီးခေါင်းကို သမ္ဗုဒ္ဓေဂါထာရွတ်ပြီး လက်နဲ့အုပ်မန်း၊ မန်းပြီး လက်နဲ့အုပ် ရေဝင်အောင်တိုက်"

မပုအေးသည် ဝိုင်းချုပ်ထားသော သူ့သမီးခေါင်းကို လက်နဲ့အုပ်ပြီးတော့ သမ္ဗုဒ္ဓေ ရွတ်မန်းနေပြီး ရေဝင်အောင် ချုပ်၍ တိုက်လိုက်၏။ ရေ အကုန်မဝင်လောက်၊ ပါးစပ်ထဲ ရောက်ပြီး တချို့ကို ပြန်မှုတ်ထုတ်လိုက်၏။ နည်းနည်းကလေး အရှိန်လျော့လာ၏။ တဖြည်းဖြည်း ပျော့လာ၏။ ပျော့လာပြန်တော့လည်း ချုပ်မထားရတော့ဘဲ ငိုယိုနေပြန်၏။ သူ့ကို ဘယ်သူမှ မချုပ်ရတော့ဘဲ မသိမသာ ဘေးမှာ ဝိုင်းနေကြ၏။ လက်အုပ်ချီပြီး ဦးတဖျားဖျားနဲ့ ပြောချင်ရာ လျှောက်ပြောနေ၏။ အချိန်က နည်းနည်း လင့်လာလေပြီ။

ကျွန်ုပ် စဉ်းစားမိ၏။ သူ့အနားမှာရှိတဲ့ လူတွေအားလုံး သူ မြင်ဖူးချင် မြင်ဖူးမည်။ အသိတွေလည်း ပါချင်



www.burmeseclassic.com

www.burmeseclassic.com

ပါမည်။ သူသည် ကျွန်ုပ်အား တစ်ခါမှ မမြင်ဖူးဘူးချေ။ ကျွန်ုပ်သည် သူမအတွက် သူစိမ်းတစ်ဦးဖြစ်၏။ ဘာပဲပြောပြော သူစိမ်းဆိုရင် သူမဟာ ကြောက်တော့ ကြောက်မှာပဲ။ မိန်းကလေးဆိုတော့ သွေးသားမီးယပ် အားငယ်မှု၊ ကျန်းမာရေး မကောင်းမှုတွေ ပါချင်ပါမှာပဲ။ ပူးနေတာက ဘာကောင် ညာကောင်လဲ မသိ၊ ဖြစ်ချင်ရာဖြစ် ဆိုပြီး. . .

"ကိုစိန်နိုင်၊ ရေတစ်ခွက် ဖန်ခွက်နဲ့ သွားယူစမ်း"

ကျွန်ုပ်သည် မာကျောကျောနဲ့ ကလေးမလေး ကြားအောင် ငေါက်ဆတ်ဆတ် ပြောလိုက်လေ၏။ ရောဂါသည်က ကျွန်ုပ်အား မျက်စိထောင့်ကပ် ကြည့်လိုက်၏။

"ဆရာရယ် ကျွန်မကို မသတ်ပါနဲ့ သနားပါ" ဆိုပြီး ကျွန်ုပ်ထံ မြားဦးလှည့်လာ၏။ ကျွန်ုပ်သည် သူ့အတွက် သူစိမ်း မျက်နှာစိမ်းလေ၊ ကျွန်ုပ်လည်း ဟန်ပါပါနဲ့ ရေခွက်ထဲ လက်နှိုက်ပြီး ဘုရားဂုဏ်တော် အာရုံပြုပြီး. . .

"ပါးစပ်ဟ. . သောက်. . ထွက်" ဆိုပြီး မာန်လိုက်၏။ ပြောပြောဆိုဆို ကလေးမလေး ပက်လက်လန် လဲသွား၏။ ယပ်ခတ်ပေးသူကပေး၊ ချွေးသုတ်သူကသုတ်နဲ့ ဇာတ်လမ်း ပြောင်းသွား၏။

သူ့အမေ မပုအေးက . . .

"သမီး ဘာဖြစ်သွားသလဲ သိလား" ဟု မေးတော့ "မသိဘူး၊ ကျွန်မ ဘာဖြစ်တာလဲ" တဲ့။ လူတွေလည်း တော်တော်လေး စိတ်ချမ်းသာသွားကြ၏။ အလှူပင်ပန်း၍ နားမည်ကြံတုန်း မပုအေးတို့ သားအမိပွဲက ဆက်နေရ၍ နားရသည် မရှိပေ။

ဤသို့ စီရင်လိုက်တာ တခြားမဟုတ်ပေ။ ကျွန်ုပ်၏ အဖေသည် လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) လောက်က တကယ့် ဓာတ်ဗိန္ဓောတိုင်းရင်းဆေး ဆရာကြီးတစ်ဦး။ အဖေ ပြောတာ မှတ်မိ၍ ဖြစ်၏။ ဟိုခေတ်က ဒီခေတ်လို ဆေးဝါးသိပ္ပံ ကုသချက်များဟာ မထွန်းကားသေးချေ။ တိုင်းရင်းသမားတော်များကသာ ရိုးရာမပျက် တာဝန်ယူနေရတာ ဖြစ်၏။ ယခုဆိုလျှင် တိုင်းရင်းဆေးပညာသည်လည်း ကျွန်ုပ်တို့လူမျိုးများ၏ ရှေးမှောက်ဝယ် ထင်ထင်ရှားရှား ပေါ်ထွက်လာနေပြီ ဖြစ်၏။



အဲ . . . အဖေ့ လက်တွေ့ ဆက်ပြောရလျှင်. .

"မိန်းကလေးတစ်ဦးဟာ မီးယပ်သွေးလွန်ဖြစ်တာ ရက်တာလ ရှည်သော်လဲ ဆေးမတိုးသလိုဖြစ်ပြီး ရောဂါမိုးဆိုးလာတယ်၊ မြန်မာ့သမားတော် အစဉ်အလာအရ ဆရာလုပ်သူက စဉ်းစားလိုက်တယ်။ ဟိုခေတ်က လူနာအိမ်ရောက်သွားတယ်။ လူနာအနားမှာလဲ မိဘမောင်ဖွား တွေက စုံလို့ပေါ့ဗျာ၊ ဆရာက လူနာကို မြင်သာတဲ့နေရာမှာ ထိုင်လိုက်ပြီး အချိန်စောင့်လင့်ကြည့်နေတယ်။ အိမ်ဝင်ပေါက်၊ ထွက်ပေါက်၊ မြဲဝင်ပေါက်၊ ထွက်ပေါက်တွေလဲ ရှင်းနေလေရော လူမမာရဲ့မောင်ကို 'မင်းနှမ နေကောင်းရင် ငါ့ကိုပေးစားမလား' လို့ ပြောလိုက်တယ်။ လူနာကလဲ ကြားတယ်၊ သူ့မောင်ကလဲ ဒေါသဖြစ်ပြီး 'ခင်ဗျား ဘာလူဝါးဝတာလဲ' ဆိုပြီး ခေါင်းရင်းဝါးထရံက ဓားကိုဆွဲနေတုန်း ဆရာလုပ်သူက လူရှင်းနေတဲ့ ထွက်ပေါက်က တိုးပြီး အိမ်တစ်အိမ်ပေါ် တက်ပြေးလိုက်တယ်။ သူ တက်သွားတာနဲ့ အိမ်ရှင်က ဆရာလဲ ရောက်ရော အိမ်ကို တံခါးလုံအောင် ပိတ်ထားလိုက်တယ်။

လူနာရဲ့မောင်က ဓားကြီးဝင့်ပြီး လိုက်လာပါလေရော၊ ဆရာ ပုန်းနေတဲ့ အိမ်ရှင်က လူနာရဲ့မောင်ကို အတင်းဖျောင်းဖျပြီး တားဆီးနေရတာပေါ့၊ ဆယ်မိနစ်လောက်ကြာတော့ ပုန်းနေတဲ့ဆရာက အိမ်ပေါ် အိမ်ရှေ့ပြတင်းပေါက်တစ်ချပ် ဖွင့်လိုက်ပြီး 'ဟဲ့မောင်ရင်. . ငါ ဒီမှာကွ' ဆိုတော့ လူနာရဲ့မောင်က အိမ်အောက်ကနေပြီး အပေါ်ထပ်ပြတင်းပေါက်ဘက် ဆရာ့အသံလာရာကို ကြည့်လိုက်တယ်။ 'မင့်နှမ သွားကြည့် ရောဂါ ပျောက်သွားပြီ'ဟု ပြောလိုက်ရာ မောင်ဖြစ်တဲ့သူက စိတ်တစ်မျိုး ပြောင်းသွားပြီး သူ့နှမကို ပြန်ကြည့်လိုက်တယ်။ ပြီးတော့ ပြန်ပြေးလာတယ်။ သူ့လက်ထဲမှာတော့ ဓားမပါတော့ဘူး။

'ဆရာ ကျွန်တော် မှားပါတယ်ဗျာ. . ကျွန်တော့် ခွင့်လွှတ်ပါ' လို့ တောင်းပန်ရှာတယ်တဲ့။ ဆရာလုပ်သူက သူပုန်းဖို့အတွက် ကြိုတင် စည်းဝါးရိုက်ပြီး ယုတ္တိရှိရှိ ရန်ဖြစ်ပြတာကိုး။ အဲဒီတော့ လူနာက မြင်ပြီး သွေးသားတွေ ပြောင်းလျက် မီးယပ်ဝမ်းဟာ ရပ်သွားတယ်တဲ့"

အဲဒါ ကျွန်ုပ်ဖခင် ကျွန်ုပ်အား ပြောပြခဲ့တာ ဖြစ်၏။ သို့ဖြစ်၍ မပုအေးတို့ သားအမိအနားက လူတစ်စုသည် ကျွန်ုပ်အနား ထိုင်လာကြ၏။ မပုအေးကို ခေါ်လိုက်ပြီး . .

"မပုအေး၊ ခင်ဗျားသမီး မီးယပ်သွေးသား ဂရုစိုက်ဖို့ လူငယ်ရေးရာကိစ္စ ဘာညာတွေမှာလဲ ခင်ဗျားတို့ မိဘများက အကင်းပါးပါး လိမ်လိမ်မာမာနဲ့ သားသမီးအပေါ် တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ကျေစေ" ဟုပြောလိုက်ပြီး ကျွန်ုပ်လည်း ထိုအုပ်စုအနားမှ လုံးလုံးခွာလိုက်ပြီး ဧည့်ခန်းတွင် ခေတ္တနားဖို့ ရောက်သွား၏။

ဧည့်သည်အုပ်စု သန့်သန့်ကလေးသာ ဖြစ်၏။

"ဆရာလေး အဲဒါ ပယောဂလား"

အသက်ကြီးကြီးဧည့်သည် ဦးလေးကြီးက မေး၏။

"ဗျာ. . . ပယောဂ ဟုတ်ချင်လဲ ဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး၊ အကြောင်းစုံလို့ ဖြစ်တာပါပဲ"

"ပယောဂ မဟုတ်ဘူး ပြောလို့ မရဘူးလား၊ ဆရာလေး ရေမန်းတိုက်လို့ ပျောက်သွားတာ"

"ဒါလဲ ဟုတ်ချင် ဟုတ်မှာပါ၊ ဒါပေမယ့် ကျွန်တော်ရဲ့ စိတ်ပညာ၊ အတွေးအခေါ်၊ အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်လိုက်တာပါ" .

"ဘယ်လိုလဲ ဆရာလေး၊ နည်းနည်းရှင်းပါဦး"

"ရှင်းရရင် အရှည်ကြီးပဲ ဦးလေးရယ်. . ဒါပေမယ့် အတိုချုပ် မြင်လွယ်အောင် ရှင်းရရင် ဒီလိုပါ၊ ပယောဂဆိုတာ ကြားဖူးတာက, သွေးပယောဂ၊ လေပယောဂနဲ့ နည်းနည်းနောနော ပယောဂတွေ မဟုတ်ဘူး။ နောက်ဆုံးမှ ပယောဂကုတဲ့ ကျမ်းတွေမှာ တွေ့ဖူးတယ်၊ ဒါကြောင့် ပယောဂ ပယောဂဆိုတိုင်း ကျွန်တော် လက်ခံဖို့ခဲယဉ်းတယ်၊ လွယ်လွယ်လေးနဲ့လက်မခံဘူး၊ ဒါပေမယ့် ပရလောက နာနာဘာဝ ကိုတော့ လက်ခံတယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရားလက်ထက်က ဖြစ်ရပ်တွေမှာ အဲဒီ နာနာဘာဝတွေအတွက် ရည်စူးပြီး ဘုရားဟောပရိတ်တွေ အထင်အရှား ရှိပါတယ်။ ကမ္မဝါတွေပါ ပါလာတယ်။

နာနာဘာဝလို့ ဘာလို့ လက်ခံသလဲဆိုတော့ တစ်ချိန်တုန်းက ကျွန်တော် ဇီးကုန်းမြို့မှာ တာဝန်ကျတယ်၊ ဇီးကုန်းကပြည်အထွက် တစ်နေရာ၊ ဇီးကုန်းမြို့ရဲ့ မြောက်ဘက် ကားလမ်းပေါ်မှာ ခဏခဏ ကားတိုက် ကားမှောက် ဖြစ်လေတော့ မြို့နယ်အကြီးအကဲတွေက အဲဒီနေရာမှာ သံဃာတော်များ ပင့်ပြီး ပရိတ်ရွတ် ကမ္မဝါညှပ်ဖို့ စီစဉ်ကြတယ်၊ မြို့နယ်အကြီးအကဲက အမိန့်ပြန်တမ်းတစ်ခုကို ထုတ်ပြီး ဒီနေရာမှာ မနေကြဖို့ အမိန့်တော်ပြန်တယ်၊ ကျွန်တော့်ကိုလဲ 'တတ်သရွေ့ မှတ်သရွေ့ လုပ်ဦးဗျာ' ဆိုတော့ ကျွန်တော်လဲ တတ်သရွေ့ မှတ်သရွေ့ မန္တန်ဂါထာ ရွတ်ခဲ့တယ်ပေါ့ဗျာ"

"အဲ, ဘာထူးသလဲ ဆရာ"

ကိုစံနိုင်က မေးခြင်း ဖြစ်၏။

"ထူးတာပေါ့ဗျာ၊ ဘုရားသားတော်တွေဖြစ်တဲ့ ရဟန်းတော်များရဲ့ ဓမ္မစက်၊ မြို့နယ်အကြီးအကဲရဲ့ အာဏာစက်ကြောင့် အဲဒီနေရာမှာ လုံးဝ အန္တရာယ်ကင်းသွားတယ်၊ ဒါပေမယ့်ဗျာ မှတ်မိသလောက် နှစ်လ၊ သုံးလလောက် ကြာတော့လား မသိဘူး၊ အဲဒီနေရာ မဟုတ်တော့ဘဲ ဇီးကုန်းတောင်ဘက် (ရန်ကုန်ဘက်က အဝင်) ဝက်ကော်ချောင်းတံတားပေါ်က လမ်းချော်ပြီး 'မိုးပျံ' ဆိုတဲ့ ဇာတ်ပွဲအဖွဲ့တွေ ချောင်းအောက် ထိုးကျသွားတာ မြင်မကောင်းပဲဗျာ။

ဒါကြောင့်မို့ ပရလောက နာနာဘာဝ ရှိတယ်ဆိုတာကိုတော့ ယုံပါတယ်၊ ပယောဂဆိုတာက ကျွန်တော် ပြောခဲ့သလို အများကြီးပဲဗျ၊ အမျိုးသမီးများ အဖြစ်များတာ တွေ့ရတယ်၊ စီးပွားပျက်လို့၊ အိမ်ထောင်ပျက်လို့၊ ရတာမလို လိုတာမရလို့၊ မကြိုက်တဲ့သူနဲ့ ဇပေးစားမှာစိုးလို့ မြောက်မြားစွာတွေ့ရှိရတယ်၊ သွေးပယောဂ၊ လေပယောဂ၊ တချို့ အိမ်ထောင်ပြုပြီးမှ ရောဂါစင်သွားသလို အများကြီးပါပဲ။

ဒါပေမယ့် တကယ့် ပယောဂစစ်စစ်က တကယ်တော့ရှိတယ်၊ ကျွန်တော့်အဖေ ပြောဖူးတယ်၊ အဖေရဲ့ ဆရာတော်ကြီးကလဲ ပြောဖူးတယ်ဗျာ၊ ကဲ အိပ်ကြစို့ဗျာ၊ ညဉ့်လဲ အတော်နက်သွားပြီ"

ကျွန်ုပ်ကပင် စကားအဆုံးသတ်လိုက်ရ၏။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးအိပ်စက်အနားယူရန် အိပ်ရာအသီးသီးမှာ နေရာယူလိုက်ကြလေတော့၏။

ဖြန်းဆို ချက်ချင်း အိပ်မပျော်တော့ပေ။ မျက်လုံးကြောင်ပြီး ဟိုတွေး ဒီတွေး ဖြစ်လာလေတော့၏။ ဗေဒင်ဆရာမလုပ်ချင်တော့ဟုပင် စဉ်းစားလာ၏။ ဗေဒင်ပညာရှင်သာ ဖြစ်ချင်လာတော့၏။ အဓိပ္ပာယ် ကွဲလွဲပါသည်။ ဒီလိုစိတ် တစ်ခါပေါက်၏။

ဒါနဲ့ အိမ်မှာ သားသမီးငါးယောက် သင်္ကြန်တွင်း၌ ဆုံကြ၏။ သားကြီး၏ဇနီး (ကျွန်ုပ်၏ ချွေးမ) အားလုံးဝိုင်းထိုင်ပြီး စကားပြောနေကြ၏။ သင်္ကြန်ကာလ နေ့လယ်ဖြစ်၍ ဥပုသ် သီလ စောင့်ထိန်းသူနှင့် သီလမစောင့်သူပါ အားလုံးသုံးဆောင်နိုင်ရန် ရေနွေးကြမ်း ဓာတ်ဘူးကြီးနှင့် ထန်းလျက်ခဲများဖြင့် ဝေဆာနေသော ဧည့်ခံစားပွဲတွင် ဖြစ်၏။

"ငါ့သားသမီးတွေ ဒီလိုဆုံတုန်းကွာ ကြုံတောင့်ကြုံခဲ အားလုံး ဆုံခဲ့တော့ ယခုလို ဖြစ်ခဲ့တယ်" ဟု စကားစလိုက်၏။

ကျွန်ုပ် စကားစလိုက်ပြီ ဆိုကတည်းက သမီးငယ်ဖြစ်သူ သင်းသင်းမိုးက ငုံ့နေသော ခေါင်းကို အသာထောင်လိုက်ပြီး . . .

"သတိထား နားထောင်နေ၊ ပေါ့ပေါ့မဟုတ်ဘူး" ဆိုပြီး မောင်နှမတွေကို အချက်ပေးလိုက်၏။

သမီးကြီးကမူ မျက်လုံးကလေး ထောင့်ကပ်ပြီး နားထောင်နေ၏။ သမီးလတ် ဆွေဆွေမြင့်ကမူ မကြားချင်သလိုလိုနှင့် လမ်းမဘက်ကို ကြည့်နေ၏။

"တခြားတော့ မဟုတ်ပါဘူးကွာ၊ ဗေဒင်ပညာနဲ့ပဲ မင်းတို့ကို ပြုစုပျိုးထောင်ခဲ့တာ ဘွဲ့တွေရ အလုပ်တွေရ၊ သားကြီးဆို အိမ်ထောင်ကျတဲ့အထိ ကြာပြီဆိုပါတော့၊ မင်းတို့ အားလုံးအသိပဲ၊ အငယ်ဆုံးသားတောင် အသက်သုံးဆယ်ကျော် အောက်၊ သားကြီးဆို လေးဆယ်အောက် ပျမ်းမျှခြင်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲ တိုးတက်လာပြီပဲ၊ ဖေကြီးလဲ ပုံစံပြောင်းချင်တယ် ကွာ၊ ဗေဒင် မဟောတော့ဘဲ ပညာတွေ လေ့လာ၊ အတွေ့အကြုံတွေ ရေးနဲ့ ဒေါ်အေးပဲ နေချင်တော့တယ်၊ ဘယ်တော့လောက် ဖြစ်မလဲ မျှော်မှန်းနေရတယ်"ဟု စကားစလိုက်၏။

ချက်ချင်းကောက်ကာငင်ကာ သမီးကြီးက. . .

"ဖေကြီးကလဲ ကိုယ်တိုင် ဗေဒင်ဆရာကြီး လုပ်နေပြီး ဘယ်တော့ မျှော်မှန်းချက်ရောက်မလဲ. . တွက်ကြည့်ပေါ့"

အင်း. . . ဟုတ်သားပဲ၊ စဉ်းစားကြည့်၏။ ချက်ချင်းပြောလိုက်သော သမီးကြီး၏စကားကို ဘယ်လိုပုံတွက်ရမလဲ စဉ်းစားလိုက်၏။

"သားကြီးနဲ့ သမီးကြီးတို့ရဲ့ ကံဇာတာကို စစ်ဆေးကြည့်ရင် အဖြေပေါ်နိုင်တယ်လို့ အဖေတော့ ယုံကြည်ထားတာပဲကွာ"

သမီးငယ် သင်းသင်းမိုးက . . .

"အစကတည်းက သတိပေးထားတာနော်၊ စကားများ ကြည့်ပြော၊ ဖေကြီးကို နင်တို့ ဘာမှတ်သလဲ"ဟု ပြောလိုက်၏။ သမီးလတ် ဆွေဆွေမြင့်ကမူ . . .

"ခုအတိုင်းက ပျော်ဖို့ကောင်းပါတယ် ဖေကြီးရယ်" ဟု ဝင်ပြောလိုက်၏။

"အေးပေါ့ကွာ၊ ဖေကြီးကတော့ အတွေ့အကြုံလေးတွေကို မှတ်တမ်းတင်ပြုစုရင်း အချိန်ဖြုန်းချင်တာပါပဲ၊ အချည်းနှီးတော့ ဘယ်ဖြစ်မလဲ၊ သားကြီးနဲ့ သားငယ်က ဖေကြီးပညာရပ်နဲ့ ပတ်သက်ပြီး မစိမ်းတော့တာဟာဘဲ၊ နားလည်နေတော့ အလဟဿ မဖြစ်ဘူးပေါ့"

သားကြီးကတော့ သူ့ဆန္ဒပြောရလျှင် တစ်ဖက်က လူ့ပရိသတ်ကို လက်ခံတွေ့ဆုံပြီး တစ်ဖက်ကလည်း ထူးခြားတဲ့ ဖြစ်ရပ်တွေကို မှတ်တမ်းတင် စာရေးထားဖို့ သဘောကျကြောင်းနှင့် တဖြည်းဖြည်း လိုချင်တဲ့ပုံစံ ပြောင်းယူဖို့ တိုက်တွန်း၏။ အံ့ကယ်၍ အတွေ့အကြုံတွေကို ရေးထားရင်လည်း အချည်းနှီး မဖြစ်ကြောင်းနှင့် ကံကောင်း အခွင့်ကြုံလျှင် ဝါသနာရှင်များ လက်ဝယ်သို့ပင် ရောက်နိုင်ကြောင်းကို အားပေးစကား ပြောကြားလေ၏။

ကျွန်ုပ်တို့ မိသားစုစကားဝိုင်း ဆွေးနွေးပွဲသည် ပြီးတော့ ပြီးသွားပြီ။ အကောင်အထည်တော့ မပေါ်သေးပေ၊ ဇဝေဇဝါသာ ရှိနေသေး၏။ *(ယခုတော့ အကောင်အထည် ပေါ်လေပြီ။)* ထို့နောက် ကျွန်ုပ် ဘာတွေ ဆက်တွေးနေသည်ကို မသိတော့ပေ။ အကြောင်းမူကား ကိုစံနိုင်တို့ ပေးထားသော အိပ်ရာပေါ်တွင် အိပ်ပျော်သွားခြင်းကြောင့် ဖြစ်လေတော့သတည်း။

*(ဆက်ရန်)*

**❒ ဦးညွန့်လှိုင်(ကြို့ပင်ကောက်)**




# အင်းဂလိုင်ဘိုးဘိုးကြီးနန်း
# အကြားအမြင်ဆရာမကြီး
# ဒေါ်ကြည်ကြည်မိုး

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောက်ျား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

**ဘာခန်းတည်ရာ** ❂ အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း

**လမ်းညွှန်** ❂ ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

**❂ (ydwf&ufr&Sd) ya,m* tx1;ukygonf/ ❂**

**ရွှေ့ဖြစ်ပေဟ မာတ်ဆင် မာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။**

**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**




www.burmeseclassic.com

www.burmeseclassic.com




နက္ခတ္တဗေဒ၊ ထရျာဗေဒ၊ ဝါစတုဿတ္တရ၊ တရုတ်ဝေဒ၊ တိုင်းရင်းဆေးပညာရှ

# ဆရာဦးခန့်ကျော်

၀၁-၇၆၇၇

ပါရဂူမြောက်လက္ခဏာ ဖတ်ကြားခြင်း အတတ်ပညာကျွမ်းပြုသူ

**ဟောခန်း(ရုံးခန်း)နှင့် မြန်ချိရေးလိပ်စာ** ☞ ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၈၂၄၀

**နေအိမ်** ☞ ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင် သိရှိ ထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀ နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ (၇၉၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com

# အရှင်မေဃိယထေရ်

## ဆင်ပြာချွန်းအောင်သိန်း



မြတ်စွာဘုရားသည် တေရသမ
...က်သောနှစ်၌ စာလိယမြို့အနီးရှိ
...ယတောင်တွင် ဝါဆိုတော်မူ၏။
...တစ်ပါး၌ စာလိယ မြို့သူ၊ မြို့သား
...ည် စာလိယမြို့၊ စာလိယတောင်
...းစွာသောကျောင်းကို မြတ်စွာ
...အလို့ငှာ ဆောက်လုပ်ကြကုန်၏။

မြတ်စွာဘုရားသည် စာလိယ
... ဆွမ်းခံအမှီပြု၍ ထိုတောင် ထို
...၌ သီတင်းသုံးနေတော်မူ၏။ ထို
...အခါက မြတ်စွာဘုရားကို လုပ်
...သော ရဟန်းမှာ မေဃိယထေရ်
...၏။

မြတ်စွာဘုရား၏ ဝါတော်နှစ်ဆယ်အတွင်း၌ အလုပ်အကျွေး ရဟန်းများသည် သတ်သတ်မှတ်မှတ် မရှိကြချေ။ အခါတစ်ပါး၌ နာဂသမထေရ် လုပ်ကျွေးရာ အခါတစ်ပါးတွင် နာဂိတထေရ် လုပ်ကျွေး၏။ အခါတစ်ပါးတွင်မူ ပုဏ္ဏထေရ် လုပ်ကျွေး၍ အခါတစ်ပါး၌ သုနက္ခတ္တထေရ် လုပ်ကျွေး၏။

ထိုနည်းတူပင် အခါတစ်ပါး၌ စုန္ဒသာမဏေ၊ အခါတစ်ပါး၌ ဥပဝါဏထေရ်၊ အခါတစ်ပါး၌ မေဃိယထေရ်တို့ လုပ်ကျွေးကြ၏။ ထိုစာလိယတောင်မဟာဝိဟာရ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်ကမူ အရှင်မေဃိယထေရ်သည် မြတ်စွာဘုရားကို လုပ်ကျွေးလျက်ရှိ၏။

ထိုအခါ၌ အရှင်မေဃိယထေရ်သည် မြတ်စွာဘုရားသို့ကပ်၍ ရိုသေစွာ ရှိခိုးကာ တင့်တယ်စွာနေပြီး လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ပင်ဘုရား၊ ဇမ္ဗူရွာမှာ ဆွမ်းခံဖို့ အလိုရှိပါတယ်ဘုရား"

"မေဃိယ၊ ယခုအခါ၌ ဇမ္ဗူရွာတွင် ဆွမ်းခံရမည့်အခါကို သင်သိလော့"

သို့ဖြစ်သဖြင့် အရှင်မေဃိယ ထေရ်သည် နံနက်စောစော ဇမ္ဗူရွာ၌ ဆွမ်းခံပြီး၍ ဆွမ်းဘုဉ်းပေးပြီးသော် ဆွမ်းခံရွာမှဖဲကာ ကိမိကာဠာအမည်ရှိသော မြစ်သို့ ကပ်၏။

အရှင်မေဃိယ ထေရ်သည် ကိမိကာဠာမြစ်အနီး၌ စင်္ကြံသွားတော်မူစဉ် သရက်တော၏ မွေ့လျော်ဖွယ် ကောင်းခြင်းကို သတိထားမိတော်မူ၏။

"ဤသရက်တောသည် ကြည်စွာရှိစွတကား၊ ဤသရက်တောသည် မွေ့လျော်ဖွယ်ရှိစွတကား၊ ရဟန်းတရားကို အလိုရှိသော အမျိုးသားအတွက် လျော်ကပတ်သင့်တင့်၏၊ မြတ်စွာဘုရားသည် အကယ်၍ ငါ့ကိုခွင့်ပေးတော်မူငြားအံ့၊ ငါသည် ဤသရက်တောသို့ လာသော် ကောင်း၏"

အရှင်မေဃိယ ထိုသို့ကြံစည်မိရခြင်းမှာ အရှင်သည် ရှေးအခါ၌ အဖြစ်ငါးရာတိုင်တိုင် ဤသရက်တော၌ မင်းအဖြစ်ဖြင့် မွေ့လျော်ဖူး၏။

ထို့ကြောင့် ထိုဥယျာဉ်ကို မြင်ခါမျှဖြင့်သာလျှင် နေခြင်းငှာ စိတ်သည်ညွတ်၏။

ထို့ကြောင့် အရှင်မေဃိယသည် မြတ်စွာဘုရားသို့ကပ်၍ ရှိသေစွာရှိခိုးကာ လျော်ကပတ်စွာနေပြီးသော် သူ၏အကြံကို လျှောက်ထား၏။

"ထို သရက် ဥယျာဉ်တော၌ ရဟန်းတရားကို ပြု၍နေခြင်းငှာ မွေ့လျော်ဖွယ်ရှိ၏"

မြတ်စွာဘုရားလည်း မေဃိယထေရ်၏စကားကို ကြားတော်မူ၍ ထိုမေဃိယထေရ်၏ဉာဏ်သည် မရင့်သေးကြောင်း သိတော်မူသည့်အလျောက် ဤသို့ မိန့်တော်မူ၏။

"မေဃိယ၊ အကြင် ရှုလောက်တစ်ယောက်တည်းသော၊ ငါမှတစ်ပါးသောရဟန်းသည် လာစေဦး၊ ထိုရှေ့လောက် ငံ့ဦးလော့"

ဤမေဃိယသည် ဥယျာဉ်သို့သွား၍ ကမ္မဋ္ဌာန်းမပြီးသည်ရှိသော် ယုံမှားမရှိသည်ဖြစ်၍ ငါ့အားချစ်သဖြင့် တစ်ဖန်လာလတ္တံ့ဟု သိတော်မူသဖြင့် မေဃိယထေရ်၏ စိတ်ကို နူးညံ့စိမ့်သောငှာ မိန့်တော်မူခြင်းဖြစ်၏။

နှစ်ကြိမ်လည်းကောင်း၊ သုံးကြိမ်လည်းကောင်း ရှင်မေဃိယသည် ရှင်ပင်ဘုရား၌ လေးပါးသောကိစ္စတို့ကို ပြုတော်မူပြီးသည်၏ အဖြစ်ကြောင့် ထိုထက်အလွန်ပြုဖွယ်ကိစ္စမရှိ၊ ပြုပြီးသောတရားကို တစ်ဖန်ပြုခြင်းကိစ္စ မရှိပြီ။

"ရှင်ပင်ဘုရား၊ တပည့်တော်အတွက် လွန်စွာပြုဖွယ်ကိစ္စရှိ၏၊ ပြုအပ်သောတရားကို ပွားစေခြင်းသည်တပည့်တော်၌ ရှိ၏၊ ရှင်ပင်ဘုရားသည် တပည့်တော်ကို ခွင့်ပြုတော်မူအံ့၊ ထိုသရက်ဥယျာဉ်တောသို့ ကမ္မဋ္ဌာန်းပြုခြင်းငှာ သွားပါအံ့"

"မေဃိယ၊ စင်စစ်ရဟန်းတရားကို ပြုအံ့ဟုဆိုသော် သင့်ကို ငါတို့သည် ကမ္မဋ္ဌာန်းမှ တစ်ပါးသော အကြောင်းကို အဘယ် ဆိုရကုန်အံ့နည်း၊ မေဃိယ သင်သည် ထိုသရက်ဥယျာဉ်တော၌ ကမ္မဋ္ဌာန်းပြုအံ့သောကာလကိုသိလော့"

မြတ်စွာဘုရားက ထိုသို့မိန့်တော်မူသောအခါ အရှင်မေဃိယသည် နေရာမှထ၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကာ ထိုသရက်ဥယျာဉ်သို့ သွားပြီးလျှင် သရက်တောသို့ဝင်၏။ သစ်ပင်ရင်း၌နေ၏။ ထိုအခါ ရှေးသောကိုယ်အဖြစ်၌ အစဉ်အားဖြင့် အကြိမ်ငါးရာမင်းဖြစ်၍ ကိုယ်လုပ်မောင်းမတို့ဖြင့် မြူးထူးခဲ့ဖူး၏။

ကိုယ်လုပ်မောင်းမတို့ဖြင့် မြူးထူးလျက်မင်္ဂလာကျောက်ဖျာ၌နေသော ထိုမင်းသည် မေဃိယထေရ်ကို နေရာ၌နေသည်မှစ၍ ရဟန်းအဖြစ်ကို စွန့်ခဲ့ရသူ မင်းအသွင်ကိုယူ၍ မြတ်သော မောင်းမအပေါင်း ခြံရံလျက် ထီးဖြူ

အောက်၌ မြတ်သောသူတို့အား ...
သော ပလ္လင်ထက်၌ နေသကဲ့သို့ ...

ထိုသရက်ဥယျာဉ်တော၌ ...
သော ထိုသို့သောမင်းစည်းစိမ်ကို ...
ယာနေသော မေဃိယထေရ်ကို ...
သော ထိနအားဖြင့် ကာမဝိတက် ...
ပါဒဝိတက်၊ ဝိဟိံသဝိတက်တည်း ...
သော သုံးပါးသော အကုသိုလ် ...
တို့သည် ဖြစ်ကုန်၏။ ထိုသုံးပါး ...
တရားဖြစ်ခြင်းကား ထိုမင်း၏စည် ...
ကို သာယာသောထေရ်အား ...
ဝိတက်သည် ထင်ရှားဖြစ်၏။

ထိုခဏ၌ပင် ဥစ္စာနှင့်တကွ ...
အပ်သော နှစ်ယောက်သောခိုးသူ ...
နှောင်ဖွဲ့သဖြင့် ဆောင်၍ ရှေ့၌ထား ...
တို့ကဲ့သို့ မြင်၏။ ထိုခိုးသူတို့တွင် ...
ယောက်သောခိုးသူကို သတ်ခြင်း ...
သောအခြင်းအရာဖြင့် ဗျာပါဒဝိ ...
သည် ဖြစ်၏။

တစ်ယောက်သော ခိုးသူ ...
နှောင်ဖွဲ့ခြင်းငှာ စေသော အခြင်း ...
အားဖြင့် ဝိဟိံသာဝိတက်သည် ဖြ ...
ဤသို့လျှင် မေဃိယထေရ်သည် ...
ရစ်သော သစ်ပင်ကဲ့သို့လည်းကော ...
ယင်ပျားတို့သည် ပျားစားသော ...
ခြံရံသကဲ့သို့လည်းကောင်း အကု ...
ဝိတက်တို့ဖြင့် ပြွမ်းသည်ဖြစ်၏။

ထိုအခါ၌ အရှင်မေဃိယ ...

"ငါ့အား ဤသို့သောအကု ...
တရားသည် ဖြစ်၏၊ အံ့ဖွယ်ရှိစွ ...
ဟု ဆင်ခြင်မိသဖြင့် ညချမ်းအခါ ...
မြတ်စွာဘုရားထံသို့ကပ်ပြီး ရှိသေ ...
ရှိခိုး၍ တင့်အပ်စွာနေပြီးသော် ...
အကြောင်းကို လျှောက်ထား၏။

"ရှင်ပင်ဘုရား၊ ဤသ ...
ဥယျာဉ်တော၌ နေခဲ့သော တပည့် ...
၏ များသော ကာမဝိတက်၊ ဗျာ ...
တက်၊ ဝိဟိံသာဝိတက်တို့သည် ဖြ ...
ပါ၏၊ ဘုရား၊ ရှင်ပင်ဘုရားတို့ ...
တော်သည် အိမ်ရာဆောင်သော ...
ဘောင်မှထွက်၍ သဒ္ဓါခြင်းဖြင့် ...
ပြု၏၊ ထိုသို့လျက် ယုတ်မာသော ...





www.burmeseclassic.com

www.burmeseclassic.com

သိုလ်ဝိတက်တို့ဖြင့် မိုက်ကုန်သည်ကို ဟောတော်မူ၏၊ အံ့ဖွယ်ရှိစွတကား၊ မဖြစ်ဖူးမြဲတကား၊ ဤသို့သောအကြံသည် ဖြစ်ပေါ်ပါသည် ဘုရား"

"အပရိပက္ကာယမေဃိယ စေတောဝိမုတ္တိယာ ပဥ္စဓမ္မာ" အစရှိသည်ကို ဟောတော်မူ၏။ ထိုအခါ၌ ထိုသို့သောအကြောင်းကို သိတော်မူ၍ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် 'ခုဒ္ဒါဝိအတ္ထာ' အစချီ၍ 'ပဇဟာသိ ဗုဒ္ဓေါ' အဆုံးရှိသော ဂါထာတော်ကို ဟောတော်မူ၏။

ထိုမေဃိယ အရှင်မြတ်ကား အသီတိရှစ်ကျိပ်တွင် ပါဝင်သော လက်ဝဲတော်ရံ သာမဏေတစ်ပါး ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ အကြောင်းမှာ ဤသို့ ဖြစ်ပေ၏။

အရှင်မေဃိယ လောင်းလျာသည် ဝိပဿီမြတ်စွာဘုရား၏ ရှေးလက်ထက်တော်အခါတွင် တစ်ယောက်သော အမျိုးသား ဖြစ်ခဲ့ဖူးပေသည်။ ထိုအမျိုးကောင်းသားသည် ဖြည့်ဆည်းအပ်သော ပါရမီ နည်းပါးလွန်းသောကြောင့် ဝိပဿီမြတ်စွာဘုရားကို ဖူးမြင့်ခွင့်ပင် မကြုံကြိုက်ရှာပေ။

ဝိပဿီ မြတ်စွာဘုရားသည် ကျွတ်ထိုက်သူများဗိုလ်လူတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူသည်။

ထို့နောက် ရှေးနောင်တော် မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာအတိုင်း လူတို့၏အသက် ငါးပုံလေးပုံတွင် ပရိနိဗ္ဗာန် စံဝင်တော်မူ၏။

ထိုဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူမည် ရှိသောအခါ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် တုန်လှုပ်သည်။ မဟာပထဝီမြေကြီး တုန်လှုပ်ပုံမှာ ရူးသွပ်နေသော နွားတစ်ကောင်ပြေးလွှားဝှေ့ခတ်နေပုံမျိုး ဖြစ်ပေ၏။

မဟာပထဝီ မြေကြီးသည် ဆောက်တည်ရာမရ ထိုကဲ့သို့ တုန်လှုပ်သည့်အပြင် တော်လည်းသံကြီးလည်း ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ထွက်ပေါ်လာသည်။ တစ်ဖန် မိုးကြိုးများလည်း ပြင်းထန်စွာ ထစ်ချုန်းပစ်ခတ်ပြန်လေတော့သည်။

လူများသည် တရားမရှိ တရားမသိသည်က များ၏။ ထိုအခါ ကြောက်ရွံ့ရန်သာ သိ၏။ ဆောက်တည်ရာမရဖြစ်ကုန်ကြသည်။ အကြောင်းမည်သို့၊ အကျိုးမည်သို့ဟု စူးစမ်းဆင်ခြင်ရန် မသိကြချေ။ သို့ဖြစ်သဖြင့် ဝေဿဝဏ်နတ်မင်းသည် ကိုယ်ထင်ပြကာ ရှင်းပြရ၏။

ဝေဿဝဏ်နတ်မင်း၏ ရှင်းပြချက်မှာလည်း မြတ်စွာဘုရား၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တကို ဖွဲ့သီကော်ရော် ပူဇော်ထားချက်များသာ ဖြစ်၏။ လူများမှာ ထိုအခါတွင်မှ စိတ်သက်သာရာ ရကြလေ၏။

"ဩော်. . . သည်ကဲ့သို့သော ဘုန်းတော်ကြီးမားသည့် မြတ်စွာဘုရားသော်မှ အနိစ္စသဘောမှ မလွတ်ကင်းပါကလား"

သံဝေဂပွားသူတို့ ပွားခွင့်ရကြသည့်နည်းတူ အထက်တွင်ဖော်ပြခဲ့သည့် မေဃိယလောင်းလျာ အမျိုးကောင်းသားမှာလည်း ကြည်ညိုသဒ္ဓါတရား ပွားခွင့်ရလိုက်၏။ သူသည် ဖူးမြော်ခွင့်မကြုံလိုက်ရသော မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုးစိတ်ဖြင့် ဝစီကံမြောက် မြွက်ဖော်ရွတ်ဆို ပူဇော်ခဲ့၏။

ထိုမျှသော ကောင်းမှုဖြင့်ပင် မေဃိယလောင်းလျာ အမျိုးကောင်းသားသည် ကောင်းသောဘုံဘဝများစွာ၌ ကျင်လည်ခဲ့ရ၏။ ထိုအမျိုးကောင်းသားသည် ငါတို့ဆရာ ဂေါတမမြတ်စွာဘုရား၏ ရှေးလက်ထက်တော်ဝယ် ကပိလဝတ် ရွှေပြည်တော်၌ သကျနွယ်ဖွားမင်းမျိုးမင်းနွယ် ဖြစ်လာခဲ့၏။ အမည်သော်ကား မေဃိယ သတို့သားပေတည်း။

မြတ်စွာဘုရား အလောင်းတော်သည် သိဒ္ဓတ္ထမင်းသားအဖြစ်ဖြင့် လေးတော်တင်ခြင်း၊ ယသော်ဓယာမင်းသမီးကို ရွှေလက်ဆွဲကာ နန်းသိမ်းပွဲခံယူချိန်တို့တွင် မေဃိယသတို့သားမှာ ငယ်ငေါင်းသော ကလေးဘဝဖြင့် နှစ်ပေါင်းများစွာကို ဖြတ်သန်းနေရပေ၏။

သိဒ္ဓတ္ထမင်းသား ရဟန်းဘဝတွင် အကျင့်လွန်ပြီး သေသွားပြီ။ တန်ခိုးငယ်သောနတ်များ လက်ခံကြ၏။ ယုံကြည်ကြ၏။

"သင်မင်းကြီးရဲ့ သားတော်ဟာ အကျင့်လွန်တဲ့အတွက် စင်္ကြံဦးမှာ လဲကျမိန်းမောရာက သေသွားပြီ"

နတ်က ဘယ်သို့ပြောစေကာမူ သုဒ္ဓေါဒနမင်းကြီး လက်မခံ။

"ငါ့သားဟာ ဘုရားမဖြစ်ဘဲ ဘယ်တော့မှ မသေဘူး"

မင်းတရားကြီး၏ ယုံကြည်ချက် မှန်ပေသည်။

အလောင်းတော်သည် မိန်းမောရာမှ ထလာပြီးနောက် ဆင်ခြင်၏။

တစ်ဖက်သတ် အစွန်းရောက်သော အကျင့်သည် အမှန်တရားကို တွေ့ရှိရန် လမ်းမဟုတ်ဟု ဆင်ခြင်မိသဖြင့် အစာအာဟာရ ပြန်လည်မှီဝဲသည်။

ထိုအခါ အလောင်းတော်ကို ဆည်းကပ်လုပ်ကျွေးနေသော ပဥ္စဝဂ္ဂီငါးဦးတို့သည် အလောင်းတော်ကို စွန့်ခွာသွားကြ၏။

"အစာမစားဘဲတောင် တရားရရင် အစာစားတဲ့အတွက် တရားနဲ့ဝေးပြီ"

အလောင်းတော်လည်း ထိုသူများ စွန့်ခွာသွားသော်လည်း မဖြိုမပဋိပဒါ လမ်းအတိုင်း ကျင့်ဆောင်တော်မူသည်။ သေနနိဂုံးရွာနေ သူဌေးသမီးဆက်သအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီးနောက် ရွှေခွက်ကို အမိဋ္ဌာန်ပြုလျက် ရေ၌မျှောခဲ့သည်။

အလောင်းတော်သည် အလျှံ ရရှိခဲ့သော မြက်ရှစ်ဆုပ်ထက်တွင် ထက်





www.burmeseclassic.com

www.burmeseclassic.com

ဝယ်ဖွဲ့ခွေနေတော်မူ၏။ ဘုရားမဖြစ်သမျှ မထပြီဟုအဓိဋ္ဌာန်ပြုတော်မူသည်။ မာရ်စစ်သည်များကို နေမဝင်မီ အောင်တော်မူပြီး ဘုရားဖြစ်တော်မူသည်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ခုနစ်ဌာန၌ ၄၉ ရက်စံတော်မူအပြီးတွင် ပဉ္စဝဂ္ဂီ ငါးဦးတို့ကို တရားဦး ဓမ္မစကြာ ဟောတော်မူသည်။ အစစားသော သိဒ္ဓတ္ထမင်းသားကို ခရီးဦးကြို မပြုရန် သဘောတူထားသူများသည် မြတ်စွာဘုရားကို ခရီးဦးကြိုပြုသည်။ တရားတော်ကို နာကြားကြသည်။

မြတ်စွာဘုရားသည် ထိုမှတစ်ဆင့် ဥရုဝေလကဿပ အစရှိသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ဆုံးမတော်မူသည်။ တောထွက်စကပင် ကတိပေးခဲ့သော ဗိမ္ဗိသာရမင်းထံသို့ ကြွတော်မူစဉ် ခမည်းတော်မင်းကြီးထံမှ အမတ်များရောက်လာပြား အခြံအရံနှင့်တကွ အားလုံး ရဟန္တာဖြစ်ကုန်ကြ၏။ နောက်ဆုံးတွင် ကာဠုဒါယီ အမတ်ကြီး ရောက်လာသောကြောင့်သာလျှင် သုဒ္ဓေါဒနမင်းကြီးမှာ မြတ်စွာဘုရားကို ဖူးခွင့်ကြုံရ၏။

ကာဠုဒါယီ ရဟန္တာ အရှင်မြတ်ကြီး လျှောက်ထား တောင်းပန်ဖော်ရသောကြောင့် ကပိလဝတ် ပြည်သူပြည်သားများမှာ မြတ်စွာဘုရားကို ဖူးခွင့်ကြုံကြရခြင်း ဖြစ်၏။

သို့ရာတွင် သာကီဝင်မင်းအိုကြီးများကား ဘုရားကို ဘုရားဟုမသိ၊ ငါတို့မြေး၊ ငါတို့တူဟုသာ မြင်နေကြသဖြင့် သုံးလူ့ထွတ်မျှအဖြစ်ကို သိကြစေရန် တန်ခိုးပြာဋိဟာများကို ပြသတော်မူရ၏။ မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးကို တရားထူးရအောင် ဟောပြောနိုင်ခဲ့သည်။

အနုရုဒ္ဓါ အစ ဥပါလိ အဆုံးရှိသူများ သာသနာ့ဘောင်သို့ ဝင်ရောက်ပြီးမှသာ မေယိယသည် မိမိအမြင်၊ မိမိစေတနာဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပေ၏။

ထိုအချိန်တွင် ပုထုဇဉ်ရဟန်းဘဝဖြင့် အရှင်မေယိယသည် မြတ်စွာဘုရားကို လုပ်ကျွေးခဲ့ဖူးသည်။

အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်းအရှင်မေယိယဝင်ရောက်ကာ တရားအားထုတ်သော သရက်တောတွင် အရှင်မေယိယ တရားမရပေ။ ထို့ကြောင့် အရှင်မေယိယသည် မြတ်စွာဘုရားကို ဝန်ချကန်တော့ တောင်းပန်ရသည်။

ဤတွင် ရှင်တော်မြတ်ဘုရားသည် အရှင်မေယိယသို့ အရဟတ္တဖိုလ်ရင့်ကျက်စေသည့် တရားငါးပါးကို ဟောကြားတော်မူ၏။ အရှင်မေယိယသည် မြတ်စွာဘုရား ဟောကြားတော်မူသော အဆုံးအမကို ရိုသေစွာ နာယူခဲ့ပြီး ဝိပဿနာတရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပေသည်။

ထိုအရှင်မြတ်သည် အောက်ပါအတိုင်း ဟောကြားတော်မူ၏။

"ကြီးမြတ်သော ဝီရိယရှိတော်မူသည့် အလုံးစုံသော သဗ္ဗညုတရားတို့၏ အဆုံးဖြစ်သည့် နိဗ္ဗာန်ရွှေပြည်မြတ်သို့ သယမ္ဘူရွှေဉာဏ်တော်ဖြင့် ဆိုက်ရောက်တော်မူပြီးသည့် မြတ်စွာဘုရားသည် ငါ့အား ဆုံးမတော်မူ၏၊ ထိုမြတ်စွာဘုရား၏ ဆုံးမတော်မူသော တရားကို ကြားနာရ၍ ငါသည် မြတ်စွာဘုရား၏ထံတော်တွင် သတိယှဉ်လျက် ပြန်လည်ကာ နေထိုင်၏၊ ငါသည် ဝိဇ္ဇာဉာဏ်သုံးပါးကို ရရှိပြီးပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ၌ လိုက်နာပြုကျင့်ခဲ့ပြီးပြီ"

❒ **ဆင်ဖြူကျွန်းအောင်သိန်း**

**ကျမ်းကိုး**

တထာဂတဒုပ္ပတ္တိကျမ်းမှ

ယနေ့ နေသာသောနေ့ ဖြစ်ပါ၏။ အိမ်မှစထွက်ခဲ့သည်နှင့် လင်းဖြာသော ရောင်ခြည်တို့က ဖြန့်ကြက်လာခဲ့ပြီ ဖြစ်ပါသည်။

အောင်တော ယာခင်းထဲရောက်သည့်အချိန်တွင် နေလုံးကြီးသည် ငုံ့ကြည့်လျက် ရှိနေလေပြီ ဖြစ်ပါ၏။

အောင်တောမှာ မနုလူမျိုးစစ်ဖြစ်ကာ အမေမှာ တောင်ရိုးသင်တိုင်းနီ ဝတ် ဖြစ်ပါသည်။ ယခု အောင်တောသွားနေသောယာခင်းမှာ အဘနှင့်အမေတို့ ဘိုးစဉ်ဘ...င်ဆက် စိုက်ပျိုးလုပ်ကိုင်စားသောက်ခဲ့ကြသော တောင်ယာ ဖြစ်တော့၏။

အဘနှင့်အမေတို့မှာ အသက်အရွယ်ရလာပြီဖြစ်၍ အိမ်တွင်ပင် သက်သောင့်သက်သာဖြစ်အောင် နေစေပြီး သူက တစ်ပြန်တစ်လှည့် လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။

အဘနှင့်အမေတို့သည် လူပျို ကြီး၊ အပျိုကြီးများအဖြစ် ရပ်တည်ခဲ့ကြပြီးမှ ဖူးစာဖက်ခဲ့ကြသူများ ဖြစ်ပါ၏။ အဘတို့က ဆွမ်းတော်ကြီးပွဲ တစ်ခုသို့ အသွား အမေတို့ကလည်း ရွာ၏ဆွမ်း အုပ်ရွက် အုပ်စုများအဖြစ် သွားကြရာ ယခုလို တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဆွမ်းတော်ကြီး ကပ်လှူပွဲ ... သည်မှာ အောင်တောတို့၏နေ့တော ... ဒေသများတွင် ဘုရားရှင်တော်အား ... ရည်စူးကပ်လှူ ပြုလုပ်ကျင်းပကြ... ရှိသော ပွဲတော်မျိုး ဖြစ်ပါ၏။

အထူးသဖြင့် ဝါတွင်းကာလ... ဖြစ်သော ဝါဆို၊ ဝါခေါင်၊ တော်သလ... လများအတွင်း လပြည့်၊ လကွယ်... များတွင် ရှိရှိသမျှ တောင်ယာစိုက်... လယ်ကွင်း၊ ရေခြံလုပ်ရန်အလုပ်... အားလုံး တစ်ရက်တော့ ခေတ္တခဏ...





www.burmeseclassic.com

www.burmeseclassic.com



ခံ (တောင်ကြီး)

# လူထူးလူရှား ကြုံရဖူးသော

နှိုလိုက်ပြီးကာ ဘာသာရေး အလေး ထားမြူလေ့ရှိကြသော ပွဲများပင် ဖြစ်ပါ သည်။

ထိုပွဲရက်များသို့ ရောက်ကြရ လေတိုင်း အောင်တောတို့ အလွန်ပျော် ရွှင်ကြပါ၏။ မည်မျှအထိ ပျော်ကြ သနည်းဆိုလျှင် တစ်ရွာလုံး မီးခိုးတိတ် အလေးမကျန် ခွေးမကျန် ပွဲသို့ အကုန် ရောက်သွားကြအောင်ပင် ပျော်ကြရ ပါလေသည်။

ရိုးသားလှသော ဝန်းကျင်ဓလေ့ တို့အကြားပေါက်ဖွားရပ်တည်ကြရသော သူတို့လူမျိုးတို့၏ ကျေးလက်တောရွာ များတွင် မည်သည့်နေရာတို့သို့ မည်မျှ ဝင်သွားသွား နောက်ကြောင်းအေးကြ သည်ပင် ဖြစ်ပါ၏။

တတ်နိုင်၍ ရွာလုံးကျွတ်ပင် သွားကြစေဦးတော့ အိမ်ဝင်းပေါက် ဆူး ဆို့ခဲ့စရာပင် မလိုသော ဓလေ့မျိုး ဖြစ်ပါ သည်။

သူခိုးမရှိ၊ သူဝှက်မရှိ၊ ယူမည့် ဝှက်မည့်သူမျိုးတို့ မရှိသောဒေသမျိုး ဖြစ်ပါလေသည်။ မိမိတို့အိမ်၊ မိမိတို့ နေရာ၊ မိမိတို့အပိုင်ပစ္စည်းမှလွဲ၍ အခြား သူတို့၏ပိုင်ဆိုင်ရာများကို မမက်မောကြ သူများ ဖြစ်နေခြင်းကလည်း အဓိက ဖြစ်ကြပါလေ၏။

ထိုဓလေ့၊ ထိုရိုးရာ၊ ထိုကိုယ်ကျင့် တရားတို့ ကြားမှ အောင်တောသည် လည်း ကြီးပြင်းအရွယ်ရောက်ခဲ့ရသည် ပဲ ဖြစ်ပါသည်။

အမေတို့၊ အဘတို့ အိမ်ထောင် ပြုနောက်ကျ၍ပဲထင်ပါ၏။အောင်တော မှာ မွေးချင်းအဖော်ဟူ၍မရှိခဲ့ဘဲ တစ်ဦး တည်းသော သားအဖြစ်ဖြင့်သာ ရပ် တည်ခဲ့ရပါလေသည်။ ထို့ကြောင့်လည်း ဥတစ်လုံးတစ်ကောင်ကွက် ဘဝဖြင့်သာ ကြီးပြင်း အရွယ်ရောက်ခဲ့ရပါလေ၏။

အောင်တောတို့ စိုက်ပျိုးခဲ့သော စပါးမျိုးမှာ တောင်ယာဆန်ကြမ်းမျိုး ဖြစ်ပါသည်။ သူတို့လို တောင်ပေါ်နေ ဒေသသားများ အားထားစားသောက် ရသော ရာသီဥတုဒဏ် ခံနိုင်ရည်ရှိ သော ဆန်အမျိုးအစား ဖြစ်ပါ၏။ ဆန် ၏အရောင်မှာလည်း မည်မျှပင်ဖွပ်ဖွပ် ဖြူဖွေးသောအရောင် ဖြစ်၍မလာဘဲ ကြာညိုရောင် ခပ်သန်းသန်းဖြစ်နေ သော ဆန်မျိုး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြွေပန်းကန်ထဲ ထည့်ထားသည့်အခါ ပန်းကန်ထဲ၌ အလွန်လှပစွာ တည်ရှိနေသည်က ကြည့်၍ အလွန်ကောင်းလှပါလေသည်။ သို့သော်လည်း ပန်းကန်ထဲသို့ ထည့်သည့်အခါတွင် အသံများ ဂလောက်ဂလောက် မြည်ပြကြခြင်းက မည်မျှမာကျစ်ကြောင်း ဖော်ပြကြလျက် ရှိပါလေ၏။

အောင်တောတို့အိမ်တွင် အမိ၊ အဖတို့၏ အဖေ၊ အမေများက ဂျပန်ဝင်မလာသေးမီ နယ်ချဲ့ခေတ်ကာလကတည်းက ရှိသေစွာ သိမ်းဆည်းထားခဲ့သောကြွေပန်းကန်များ ရှိနေခဲ့သည်ဖြစ်ပါသည်။ မှတ်မှတ်ရရ ထိုကြွေပန်းကန်များ၏နောက်ဘက်တွင် ဗြိတိန်ဘုရင်မကြီး၏ သရဖူတံဆိပ်ဖြူကလေးများလည်း ပါနေတတ်ပါလေ၏။ အောင်တော ငယ်ငယ်က ထိုပန်းကန်များကို မြင်တိုင်း အမေ့ကို ပြောခဲ့မိသည်များကို သတိရနေမိပါသေးသည်။

"တို့မေ၊ ဒီပန်းကန်က ဘာလို့ အကွက်အကွက်တွေ ဖော်ထားရတာလဲ ဖြူဖြူဖွေးဖွေး ပြောင်ပြောင်လေးဆို ပိုလှတာပေါ့နော"

သူ ထိုသို့ပြောအပြီး တဟားဟားနှင့်အော်ရယ်လိုက်သော အမေ့ကို နားမလည်ပါးမလည် သူ ငေးကြည့်ခဲ့ဖူးပါလေ၏။

"သားအမိနှစ်ယောက် ဘာတွေ သဘောကျနေကြတာလဲကွ. . . ဟေ"

ဖခင်ဖြစ်သူက အပြင်မှ ပလိုင်းတစ်လုံးနှင့် အိမ်ဝင်းထဲလှမ်းဝင်လာကာ မေးလိုက်ခြင်း ဖြစ်ပါသည်။

မိခင်ဖြစ်သူက. . .

"ဒီမှာ တို့ဘရေ့၊ အောင်တော မေးနေတယ်၊ ငါတို့ရဲ့ ဒီတိုက်ပန်းကန်တွေကို ဘာလို့ အကွက်အကွက်ဖော်ထားရတာလဲတဲ့၊ ပြောင်ပြောင်လေးဆို ပိုလှပေါ့တဲ့"

ပြောရင်း အမေမှာ တဟစ်ဟစ်နှင့် ရယ်နေပြန်ပါလေသည်။

ဖခင်ကြီးက ပြုံးခနဲနဲ့ဖြင့်. . .

"အောင်တော ငါ့သား၊ အဲဒီ ပန်းကန်တွေဟာ မင့်အသက်ထက် ကြီးတယ်နော်၊ ထိုင်တောင် ကန်တော့သင့်တာကွ"

"ဟင် တို့ဘကလဲ မဟုတ်တာ"

"ဟုတ်တယ်သားရဲ့၊ အဲဒီတိုက်ပန်းကန်တွေက ရာဇဝင်ရှိတယ်"

"ဘယ်လို ရာဇဝင်မျိုးမို့လို့လဲ တို့ဘ"

အောင်တော စိတ်ဝင်စားလာသည်ကို အကဲခတ်မိလိုက်သော ဖခင်ဖြစ်သူက. . .

"အရင်တုန်းက သားရဲ့အဘွားမင်းအမေရဲ့အမေပေါ့ကွာ၊ ငါတို့ဆီကို ဂျပန်တွေရောက်မလာသေးခင် အင်္ဂလိပ်တွေ အုပ်စိုးခဲ့တဲ့ ခေတ်တုန်းက အဲဒီ ပန်းကန်တွေကို မစားရက် မသောက်ရက် ဝယ်စုခဲ့တာလေ၊ အရမ်းကို ကြိုက်လွန်းလို့ဆိုပြီး နှင်းဆီပွင့် အဆုပ်လိုက်ကြီးတွေကို ဆင်တူဖြစ်အောင် ဝယ်ယူခဲ့တာ၊ ခေတ်ကာလမကောင်းလို့ လက်လွတ်ခြေလွတ် ပြေးကြရတော့မယ် ဆိုတော့ ဒီပန်းကန် တစ်ပုံတစ်ပင်နဲ့ ဒုက္ခဖြစ်ရရော၊ ယူပြေးဖို့ကလဲ မနိုင်၊ ထားခဲ့ဖို့ကလဲ နှမြောနဲ့ပေါ့ကွာ"

"အိမ်ကကို ထွက်ပြေးရတာလား တို့ဘ"

"သားရာ အိမ်တင်မကဘူး၊ ရွာပစ် ခြံပစ် လွတ်အောင်ပြေးကြမှကို ဖြစ်တာ၊ ယောကျ်ားတွေ မြင်တာနဲ့သတ်၊ မိန်းမတွေဆို အလွတ်မပေးစတမ်း လိုက်ဖမ်းဆိုတော့ ပြေးကြရတာပေါ့၊ ဂျပန်တွေက အရမ်းကိုဆိုးခဲ့ကြတာကွ၊ အဲဒီမှာ မင်းအဘွားက ဘာလုပ်တယ်မှတ်လဲ၊ သူချစ်တဲ့ပန်းကန်တွေ၊ သူ့အမေ လက်ထက်ကတည်းက ပန်းကန်တွေ အားလုံးကို မြေကြီးထဲ တူးမြှုပ်ပစ်ခဲ့တာကွ"

"နှမြောစရာကောင်းတာကြီးကို တို့ဘရဲ့ ကျွန်တော်သာဆိုလဲ အဲဒီလို ဝှက်ထားခဲ့မှာပဲ"

"အေး၊ ဒါပေမဲ့ ဂျပန် ပြေးကြရတဲ့ကာလက ကြာတာကိုး၊ တစ်လလဲ မပြန်လာနိုင်၊ နှစ်လနဲ့လဲ ပြန်မလာနိုင်နဲ့ ခြောက်လလောက်ကြာသွားတာ၊ ဂျပန်တွေက တစ်ရွာလုံး မီးနဲ့ တိုက်ခဲ့တာဆိုတော့ မြေကြီးရှိရှိသမျှကလဲ မီးလောင်ပြင်တွေ ဖြစ်ကြရတော့တာပါပဲ၊ နောက်တော့ ဂျပန်တွေ ရှင်းကုန်ပြီဆိုတာနဲ့ ဟိုပုန်းဒီခို နေနေရတဲ့နေရာတွေကနေ ရွာကို ပြန်လာကြတာပေါ့လေ၊ အိမ်တွေ ပြန်ဆောက်၊ တောင်ယာလေးတွေ ပြန်လုပ်နဲ့ပေါ့"

"အဲဒါနဲ့. . ."

"အဲဒါနဲ့ အတော်ကြီးကြာတော့မှ မြေကြီးထဲက ပန်းကန်တွေ ပြန်ဖော်ယူကြရဖို့ လုပ်ကြရတာပေါ့လေ"

"ရှိကော ရှိသေးလားအဘ"

"ရှိတ တော့ ရှိတာပေါ့ကွာ၊ ဒါပေမဲ့ ပန်းကန်တွေက မင်း အခုမြင်ရသလို အက်ကြောင်းတွေလိုက်ပြီး ပန်းကန်ကတော့ ခိုင်ခိုင်မာမာပါပဲ၊ အက်ကြောင်းတွေသာ ဗရပွဖြစ်ကုန်တာ"

ထိုအခါမှ အောင်တောမျက်လုံးထဲ ထိုတိုက်ပန်းကန်ဟူ၍ သူတို့ခေါ်ဆိုနေကြသော အင်္ဂလိပ် ကြွေပန်းကန်မျက်နှာပြင်တစ်ခုလုံးပေါ်၌ ပင့်ကူမြှေးများသဖွယ် ဗရပွတက်နေသော အက်ကြောင်းရာများကို သတိပြုမိလိုက်ပါလေတော့၏။

"ဩော်. . ဒါဆို အဲဒါတွေက နှစ်ကြာလွန်းလို့ ပန်းကန်တွေက ခုလို ဖြစ်ကုန်တာပေါ့နော်၊ ဒါမှမဟုတ်အပေါ်က မီးလောင်ပြင်လို ဖြစ်ခဲ့ကြရလို့ပဲလား တို့ဘ"

"အေး. . . ဒါကြောင့်ပြောတာ မင်းထက် အသက်ကြီးတယ်၊ ထိုင်ရှိခိုးသင့် ရှိခိုးထားလို့"

"အဘကလဲ"

အောင်တော ခေါင်းကိုကုတ်၍ ဘာပြန်ပြောရမည်မသိ ဖြစ်နေသည်ကို မိဘနှစ်ဦးတို့က ပြုံး၍ကြည့်နေကြပါလေ၏။

သူ တောင်ယာသွားသည့် တစ်လမ်းလုံး ထိုနေ့က အဘပြောသွားသည်





www.burmeseclassic.com

www.burmeseclassic.com

များကို တစိမ့်စိမ့်တွေးကာ သွားနေမိပါလေသည်။

ထိုမျှ ဆိုးရွား ဒုက္ခများလှသော ခေတ်ကာလတွင်း သူ လူမဖြစ်ခဲ့ရသည် အပင် ခပ်ကောင်းကောင်းဟု ထင်လိုက်မိပါတော့၏။ သူ တငိုက်စိုက်စိုက်ဖြင့် တောင်ယာဆီ သွားလမ်းအား တစ်ဘုန်းကျော် တစ်တောင်ဆင်းဖြင့် လှမ်းလာခဲ့ပါသည်။ ရှေ့တစ်ကွေ့တွင် သူ့ တောင်ယာရှိသောနေရာ ရောက်တော့မည် ဖြစ်ပါ၏။ သူ့ရှေ့တစ်ခေါ်၌ လူ့လက်နှစ်ဖက်မျှ လုံးပတ်ရှိသော ပြောင်းပိန္နဲပင်ကြီးတစ်ပင် ရှိနေသည်။

သူ မိုးခိုနေကျ၊ အရိပ်ခိုနေကျ အပင်ကြီး ဖြစ်ပါ၏။ ယခု ထိုအပင်ရှေ့ ဖြတ်တော့မည် အပြုတွင် လူရိပ်လိုလို တွေ့လိုက်မိ၍ အသေအချာကြည့်လိုက်သောအခါ ပြောင်းပိန္နဲခြေရင်း အမြစ်ဆုံ အမြစ်ဖွားများပေါ်၌ စန့်စန့်ကြီးရှိနေသောသူကို တွေ့လိုက်ရသဖြင့် ရုတ်တရက်အားဖြင့် လန့်သွားရတော့သည်။

"ဟင်. . . ဒါဘာလဲ လူရှင်လား၊ လူသေလား"

သူ ရေရွတ်လိုက်မိသလို ကျောထဲမှလည်း တစ်ချက် စိမ့်ခနဲဖြစ်သွားမိပါ၏။ နောက်ကြောင်း ပြန်လှည့်ပြေးရန်လည်း မဟုတ်သေး၍ ခြေကိုဖော့နင်း ဖြတ်ကျော်သွားမည် အပြုတွင်. . .

"အဟမ်း. . . အဟမ်း"

ကျယ်လောင်စွာနှင့် ရုတ်တရက်ဖြစ်၍ သူပင် အလန့်လန့် အဖျပ်ဖျပ် အော်လိုက်မိပါ၏။

"တို့မရေ. . ."

ထိုသူကလည်း ငေါက်ခနဲထထိုင်လိုက်ပြန်သဖြင့် အောင်တောမှာနောက်တစ်လှမ်းယောင်၍ပင် ဆုတ်လိုက်မိပြန်ပါသည်။

"သူခိုး သူခိုး နင်သူခိုး၊ ငါ့ပစ္စည်းတွေ ခိုးမလို့ မဟုတ်လား"

"ဟာ. . . ဘာလဲဟ"

စွပ်စွပ်စွဲစွဲ တောတောင်ထဲ၌ သူ့ကို အော်နေသော ထိုလူမှာ သူ့ဖခင်ထက်ပင် ငယ်နေသလို ထင်ရပါ၏။ ကြည့်ရသည်မှာ စိတ်ကောင်းစွာနှင့်ဟန် မတူဟု သူထင်မိပါသည်။

"ဘာ စိတ်မနှံ့ရမှာလဲ၊ နင်သာ သူခိုး"

"ဟာ ဘာဖြစ်လို့ အဲဒီလိုအော်နေရတာတုံး၊ ကျုပ် ဘာမှမပြောရသေးဘဲနဲ့"

"ငါသိတယ်၊ စိတ်ထဲက ပြောနေတာ"

"ရော. . . ခက်နေပြန်ပါပြီ"

"မင်းက ငါ့ရတနာအိတ်ကို လုချင်နေတာ မဟုတ်လား"

"ဘာရယ် ရတနာအိတ်၊ ဟုတ်လား"

ထိုလူက စုတ်ထေးညစ်ပတ် ပုံပြတ်နေသော လွယ်အိတ်အရွယ် အိတ်တစ်ခုကို တပွေ့ပွေ့လုပ်ရင်း သူ့ကိုလည်း မယုံသင်္ကာအကြည့်မျိုးဖြင့် မလွတ်တမ်းလိုက်ကြည့်နေတော့၏။

"လူ့ပုံစံကြီးကလဲ ဘာလဲကွ"

ဆံပင်များက စုတ်ဖွားလျက် ထိုးထိုးထောင်ထောင်ဖြစ်နေကြသည်လည်း ရှိလေသည်။ ကိုယ်ပေါ်တွင် ဝတ်စားထားသော အဝတ်အစားများကလည်း ဖရိုဖရဲ အပြဲအပေါက်ပေါက် များစွာတို့ဖြင့် ရှိနေလေ၏။ ထို့ထက်ပို၍ တစ်ကိုယ်လုံး ပေကျံနံစော်လျက် ခပ်လှမ်းလှမ်းမှ နေနေရင်းနှင့်ပင် သူ့မှာ အနံ့ဆိုးတစ်ခုကို ရနေပါလေသည်။

"ဟုတ်တယ်၊ ဘယ်က ရောက်လာတဲ့ အရူးပါလိမ့်"

သူ့စိတ်ထဲက ပြောမိခြင်းဖြစ်၏။

သို့သော်. . .

"ဘာလဲ ငါ့ကို အရူးလို့ထင်နေတယ် မဟုတ်လား၊ ငါကမွေးရင် ငါ့သားလောက်ရှိတဲ့ ကောင်ကများ၊ စော်စော်ကားကား. . .ကဲကွာ"

ပြောပြောဆိုဆိုဖြင့် နီးရာ မြေစိုင်ခဲတစ်ခုကို အမြန်ကောက်ပြီးကာ လှမ်းပေါက်လိုက်သဖြင့် သူ့ခေါင်းသို့ တည့်တည့်ထိ ပါလေတော့၏။

"တာ. . . ခြစ်တော့ပါဘူး"

သူ ရှေ့သို့ အမြန် အမြန်လျှောက်ပစ်လိုက်၏။ သူက စိတ်ထဲက ပြောနေသမျှ ထိုအရူးက ထုတ်ကာ ထုတ်ကာ ပြောနေသဖြင့် သူကိုယ်တိုင်ကလည်း ဘာလုပ်ရမည်မသိ ဖြစ်နေရလေသည်။ တစ်ခုခုတော့ ထူးနေသည်မှာ အမှန်ဖြစ်ပါ၏။

သူ ခြေလှမ်းသုတ်သုတ်လှမ်းရင်း တောင်ယာဆီသို့သာ ထွက်လာခဲ့လိုက်ပါသည်။ ခြေလှမ်းငါးဆယ်ခန့် ခပ်သွက်သွက်လှမ်းပြီး တောင်ယာအစပ်လောက် အရောက်တွင် နီးရာ ပင်စိမ်းပင် အရိပ်အောက်၌ ပါလာသော ပလိုင်းတောင်းကို ချိတ်ထားလိုက်ပြီးကာ လုပ်ငန်းခွင်ဝင်ရန် ပြင်လိုက်မိပါ၏။

ထိုအခိုက်. . .

"ဟော. . ."

သူ့ရှေ့မနီးမဝေး၌ ထိုလူရူးသည် မခိုးမခန့်ဖြင့် မတ်တန်ရပ်နေသည်ကို တွေ့မြင်နေရ၏။ ထိုသူ့ပုံစံကလည်း အကယ်ဒမီမင်းသားတစ်ဦး မတ်တတ်လာရပ်နေသည်ကဲ့သို့ ထင်ရလောက်စရာ ဖြစ်နေပါလေသည်။ အောင်တော ဘာဆိုဘာမျှ ပြောခြင်း ဆိုခြင်းမပြုဘဲ တောင်ယာကိုသာ ထွင်ခုတ်လုပ်ကိုင်နေလိုက်ပါ၏။

ပေါက်ပြားတစ်ဖက် ဓားတစ်လက်ဖြင့် လိုသလို လုပ်ကိုင်နေမိရင်း ချွေးသုတ်လိုက်၊ တလှုပ်လှုပ်ဖြင့် လုပ်လိုက်ဖြင့် သူ အားစိုက်နေမိပါသည်။

အဘနှင့်အမေတို့၏တောင်ယာမှာ တောင်တစ်ကြောကို ဝိုက်ယူထားသဖြင့် နေကုန် ကြိုးကြိုးစားစား လုပ်ပါမှ တချို့တစ်ဝက်သာ ပြီးနိုင်ပါလေမည်။

သူ အားသွန်ခွန်စိုက် လုပ်ကိုင်နေခြင်းကို ထိုအရူးက ရပ်ကြည့်နေမှန်းလည်း အောင်တော သိနေပါသည်။ အောင်တော လှည့်မကြည့်ဘဲ စွတ်၍သာ အလုပ်လုပ်နေပါ၏။ အတန်ကြာသောအခါမှ သတိရလာသဖြင့် ထိုအရူးအား ကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟောဗျာ. . ."

ထိုသူရှူးဟု ပြောရမည်လား၊ သူကောင်းဟုပင် ပြောရတော့မည်လား မသိချေ။ ထိုလူသည် သူချထားခဲ့သော ပလိုင်းတောင်းအတွင်းမှ ထမင်းထုပ်ကို ထုတ်ယူကာ စားနေခြင်း ဖြစ်ပါသည်။

"ဟာ. . . ဟေ့လူ ဟေ့လူ၊ ဒါ တို့မေက နေ့လယ်စာ စားဖို့ ထည့်ပေးလိုက်တာလေ၊ မလုပ်နဲ့"

အောင်တော အပြေးတစ်ပိုင်းဖြင့် ထိုလူ့နား အပြေးသွားလိုက်ပါ၏။ ထိုလူကလည်း သူစားလက်စ အောင်တော၏ ထမင်းထုပ်ကို မ,ကိုင်ပြီး ထွက်ပြေးပါလေသည်။

ဤသို့ဖြင့် စုတ်တိစုတ်ဖွား အိတ်တစ်လုံးလွယ်လျက်သား ထိုလူက ရှေ့မှ ထမင်းထုပ်ကို ကိုင်၍ ပြေးနေသလို အောင်တောကလည်း အနောက်မှ ကသောကမျောနှင့် လိုက်နေပါလေတော့၏။ ပြေးလိုက်ရင်းမှ အောင်တော မနေနိုင်၍ ပါးစပ်မှ. . .

"ဒီနေ့ကျမှ တို့မေကလဲ ငါးကောက်ကွေးစပ်သီးချက်နဲ့ ဆီးဖြူသီးသနပ် ထည့်ပေးလိုက်တာ၊ ဒီနေ့မှ ဟင်းကောင်း၊ အခါတိုင်းလို ညောင်ချဉ်သုပ် မဟုတ်ပါဘူးဆို"

ထိုလူကလည်း လျင်လှ၏။

လှစ်ခနဲ ပြေးလိုက်၊ ထမင်းတစ်လုတ် ပါးစပ်ထဲသွင်းလိုက်၊ နောက်တစ်ဖက် လှည့်ပတ်ပြေးလိုက်၊ ထမင်းတစ်လုတ်စားလိုက်နှင့် လုပ်နေပါတော့၏။

အောင်တော ကြိုက်သော ဟင်းဖြစ်၍ အပြေးအလွှား လိုက်ဖမ်းနေမိပါသော်ငြား ထိုလူ၏ လက်ညစ်ပတ်ကြီးနှင့် စားပြနေသည်တို့ကြောင့် ထိုထမင်းဟင်းတို့ကို ဆက်၍လည်း မစားချင်တော့ဘဲ ဖြစ်လာမိလေသည်။ ဆာနေသော ဝမ်းမီးကိုတော့ မည်ကဲ့သို့ ဖြေရှင်းရမည် မသိတော့ဘဲ ဖြစ်နေမိပါသည်။

အောင်တော ပြေးလိုက်နေရာမှ ရပ်လိုက်ပြီး ထိုလူအား မျက်စောင်းဖြင့် ကြည့်လိုက်ပါ၏။

ယာဂုအိုးကွဲခါမှ ရွှေစည်းခုံအားလှူပါ၏ ဟူသော စေတနာမျိုး မဟုတ်ဟူ၍တော့ မပြောလိုပါပေ။ သို့သော်လည်း ယခုလို တစ်ဝက်တစ်ပျက် စားလက်စ ထမင်းထုပ်မျိုးကို သူ ပြန်၍လည်း မလုချင်တော့။ ပြန်၍လည်း မစားချင်တော့ပါပေ။ ပြန်လှည့်အထွက်တွင် မောပန်းမှုတို့နှင့်အတူ ဝမ်းထဲမှ တကြုတ်ကြုတ်မြည်နေသံတို့က ငိုချင်ရက်လက်တို့ ဖြစ်လာခဲ့ပါ၏။

သာမန်ရက်တို့၌ပင် ယခုလို အချိန်၌ ဆာတတ်နေပြီဖြစ်ရာ ယနေ့လိုမျိုး အလုပ်က မောရသည်ကတစ်မျိုး၊ အရှုံးလိုက်ဖမ်းရသည်က တစ်မျိုးတို့နှင့် ပို၍ဆာလောင်နေခဲ့ခြင်း ဖြစ်ပါသည်။

ဆာလောင်သည်က တစ်မျိုး၊ မောပန်းသည်ကတစ်မျိုးနှင့် အလိပ်လိပ်တက်လာမိသော ဒေါသတို့ကြောင့် သူ မကျေမနပ်နှင့် မြေကြီးပေါ် ထိုင်ချပစ်လိုက်ကာ မြေစိုင်မြေခဲတို့ကို လက်နှင့် ထုခြေ ဆုပ်နယ်နေလိုက်မိပါတော့၏။ ပြန်ရမည်ကလည်း မဟုတ်သေးသဖြင့် ဒေါသချွေးတို့နှင့်အတူ ကျလာသော မျက်ရည်ပေါက်တို့ကို ရောသုတ်ပစ်ရင်း ပေါက်ပြားကို ပြန်ဆွဲကာ မြေကိုဆက်ပေါက်နေမိပါလေသည်။

ထိုသူရှူးနှင့် ပလိုင်းတောင်းရှိရာဘက်သို့ကျောပေးပြီး ပြန်လှည့်မကြည့်မိစတမ်း နေနိုင်အောင်လည်း သူနေပစ်လိုက်ပါ၏။ ဗိုက်ထဲက အော်မြည်နေသံတို့ကလည်း အသံစုံပင် ဖြစ်နေပါလေသည်။ တစ်ခဏမျှအကြာတွင် သူနံဘေးနေရာသို့ "ဘုတ်"ဟူသော အသံနှင့်အတူ ဝင်းဝါမွှေးပျံ့လှသောငှက်ပျောသီးတစ်လုံးကို မြေစိုင်မြေခဲအပေါ်၌ တွေ့မြင်လိုက်သောအခါ ထိုသူရှူး၏ ယောက်ယက်ခတ် အမူအရာနှင့် ဟိုအိတ်နှိုက်၊ ဒီအိတ်နှိုက် တောင်ကြည့်မြောက်ကြည့် ဟန်ပန်မျိုး တွေ့ရပါလေသည်။

"ဩ. . . ဒါက ဘာလာရှုပ်ပြရပြန်တာလဲ"

ထိုသူရှူးကတော့ ယောင်တိယောင်ပေ ခပ်စွေ့စွေ့ လုပ်ပြနေပြန်ပါလေ၏။

"တော်. . . မစားဘူးဟေ့"

သူ အသံထွက် ရွတ်လိုက်ရင်း ပေါက်ပြားကိုဆက်ကာဆက်ကာပေါက်သွားလိုက်၏။ ယာခင်းတစ်ဖက် အစပ်မှ နောက်ထပ် ပေါက်ပြားရာ တစ်တန်းအဖြစ် ပြန်လာခဲ့သောအခါ ထိုငှက်ပျောသီးနှင့် နီးသထက်နီး ပို၍ပို၍ နီးလာခဲ့ပြန်ပါလေ၏။ နီးလာလေလေ မကြုံစဖူးအောင် မွှေးပျံ့လာသော ငှက်ပျောနံ့က ချက်ချင်းကောက်ယူ နွာစားမိလိုက်နိုင်အောင်ပင် မြူဆွယ်၍ နေလေတော့၏။ ပေါက်ပြားကို တစ်ချက်ချင်းချက်ကျလက်ကျ ပေါက်နေရင်းမှ ထိုငှက်ပျောသီးကို လှမ်းကြည့်မိလိုက်ပါသည်။

"ငှက်ပျောသီးကလဲ ဝတုတ်နေတာပဲ၊ လက်ရင်းဖီးဖြစ်မှာ၊ အို ဘာဖြစ်နေ ဖြစ်နေ၊ မစားဘူး"

ဤသို့ဖြင့် ပေါက်ပြားတစ်တန်းစာ တစ်ဖက်အစပ်သို့ထိ ရောက်ရှိသွားခဲ့ပြန်ပါ၏။ ထိုတစ်ဖက်မှ သည်မှာဘက်ဆီ ပြန်လာခဲ့ရင်း ထိုငှက်ပျောသီးနှင့် ပြန်၍ နီးသထက်နီးလာခဲ့ရပြန်လေသည်။ ထိုငှက်ပျောသီး၏အညာရင်း...အသီးပုံစံမျိုးက သူတွေ့ဖူးသော ငှက်ပျောတို့နှင့်မတူဘဲ ထူးတော့ထူးနေသည်ဟု ထင်မိလိုက်ပြန်ပါ၏။

"ဘာ ငှက်ပျောမျိုးပါလိမ့်...အနံ့ကလဲ မွှေးလိုက်တာ၊ ကြည့်ရတာပင်မှည့်ပဲ ထင်တယ်"

တစ်ချက်တစ်ချက် လှမ်းကြည့်...ရင်းမှ ပေါက်ပြားကို ဘေးတိုက်ပေါက်...သွားရင်းမှ ငှက်ပျောသီးနှင့် ဝေးရာ...ရောက်သွားရပြန်ပါ၏။ ငှက်ပျောသီး...အတန်ငယ် ဝေးသွားမှပင် သူ့စိတ်...သည်လည်း ငြိမ်သွားခဲ့ရပြန်ပါသည်...

နေသည် မြင့်သထက်မြင့်တက်...နေရာမှ သူ့ခေါင်းပေါ် တည့်တည့်...ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ဝါးပ...





www.burmeseclassic.com

www.burmeseclassic.com

ရက်လုပ်ထားသော ခမောက်ချပ် အကွဲအပြဲကြားမှ တိုးဝင်လာသော နေရောင်ခြည် ပြင်းရှရှတို့ကြောင့် ခေါင်းရေပြားတို့သည်ပင် တစ်ချက်တစ်ချက် ပူစပ်လာတော့၏။ တစ်ဖက်ယာခင်းစပ်မှ သူတစ်ဖက်သို့အထိ ပြန်ရဦးမည် ဖြစ်ပါသည်။ ညီညာဖြောင့်တန်းသော သူ့ပေါက်ပြားသွားရာတို့သည် လှပစွာရှိနေကြပါ၏။ ပေါက်နေရင်း သူ့ဝမ်းဗိုက်တို့မှ စူးအောင့်သလို ဖြစ်လာ၏။

"ဒုက္ခပဲ. . ဗိုက်ထဲမှာ အစာမရှိတော့ နေလို့ကို မရချင်တော့ဘူး"

ငှက်ပျောသီးရှိရာ နေရာနှင့် တဖြည်းဖြည်းနီးကပ်လာခဲ့ပြီ ဖြစ်ပါသည်။

"အင်း,မထူးပါဘူး၊ ငှက်ပျောသီးယူပြီး ဗိုက်ဖြည့်လိုက်မှပဲ၊ မဖြစ်ပါဘူးလေ၊ အောင်တော စိတ်ထိန်းစိတ်ထိန်း"

ငှက်ပျောသီးသည် အောင်တောနှင့် လက်တစ်ကမ်းအကွာထိ နီးလာနေပြီဖြစ်ပါ၏။ ဗိုက်တွင်းမှ တကြုတ်ကြုတ်သံတို့ကလည်း ပို၍ပို၍ဆူလာနေပြီ ဖြစ်ပါသည်။ ချိုအီသော အနံ့နှင့် သူကိုယ်တိုင်၏ ဆာလောင်မွတ်သိပ်နေမှုတို့ ပေါင်းစပ်လိုက်သောအခါ သူလုံးဝမနေနိုင်အောင် ဖြစ်လာရပါလေ၏။

"မထူးပါဘူး၊ ကဲကွာ"

ငှက်ပျောသီးအား ကောက်ယူလိုက်ပြီးကာ သူကိုယ်တိုင်လည်းမြေပေါ်တွင် အားပါးတရ ထိုင်ချလိုက်မိပါ၏။ ငှက်ပျောသီးကို နွှာစားလိုက်မိပါသည်။

"အားပါးပါး. . ချိုလိုက်တာ"

ငှက်ပျောသီးတစ်လုံး သုံးလုတ်နှုန်းဖြင့် သူ စားပစ်လိုက်ပါ၏။

ပြီး အရိပ်ရှိရာ သူထလာခဲ့လိုက်ပါ၏။ အပင်ရိပ်အောက် ခြေဆင်းလဲကာ ထိုင်ချလိုက်ပါသည်။

"ငှက်ပျောသီးက အလုံးကြီးတော့ တစ်လုံးတည်းနဲ့ကို ဝပြီသွားတာပဲ"

ထိုလူ ဘာလုပ်နေပြန်သနည်းဟု၍ လှမ်းကြည့်လိုက်မိပါ၏။

ထိုသူရူးသည် သူချထားခဲ့သော ပေါက်ပြားဖြင့် ဟိုဘက်ပေါက်လိုက် သည်ဘက်ပေါက်လိုက်လုပ်ကာ အရူးတို့ထုံးစံအတိုင်း အလုပ်ရှုပ်နေပါလေသည်။ ငှက်ပျောသီးတစ်လုံး စားရုံမျှဖြင့် ဗိုက်တို့က ပြည့်အင့်ပြီး မျက်စိပါလေးလာပါတော့၏။

ထို့နောက်ပိုင်း သူသည် မှေးခနဲဖြစ်သွားပြီးကာ အိပ်ပျော်ခဲ့ရပါလေတော့သည် ဖြစ်ပါ၏။

လေစိမ်းတစ်ချက်ဝှေ့ခနဲအသုတ်တွင် သူ ရုတ်တရက်နိုးလာခဲ့ပါသည်။

"ငါအိပ်ပျော်သွားတာပဲ၊ ကြည့်စမ်း နေတောင် ဝင်တော့မယ်၊ အိမ်အမြန်ပြန်မှ"

ကျောကိုဆန့်၍အညောင်းအညာ ဖြေလိုက်ရင်းမှ သူ ရေရွတ်လိုက်ပါ၏။ ပြန်မည်ဖြစ်၍ ပေါက်ပြား၊ ဓားတို့ကို သိမ်းယူရန် သူ သတိရလိုက်သည်။

ထို့ကြောင့် မြေပေါ်ပြန့်ကျဲနေသော ပေါက်ပြား၊ ဓား၊ ပေါက်ချွန်း၊ တောင်းတို့ကို သိမ်းရုံးစုစည်းနေစဉ်. .

"ဟင်. . ."

သူ အံ့သြသွားရပါလေ၏။

မနေ့တစ်နေ့မှစ၍ ပေါက်နေခဲ့ရသော သူ့တောင်ယာ မြေမာမာများသည် ငါးပုံတစ်ပုံခန့်ပင် မပြီးနိုင်ခဲ့သေးကြောင်း သူ ကောင်းကောင်း သိပါ၏။ ယခုတော့ တစ်ခဏမျှ သူမှေးအိပ်လိုက်မိသည့် အချိန်အတောအတွင်း တစ်ခွင်တစ်ပြင်လုံး မြေရှိရှိသမျှ တူးဆွပေါက်ပြီးသားများချည်းသာဖြစ်နေပါလေတော့၏။

"ဟာ. . . မဟုတ်နိုင်သေးပါဘူး"

သူမယုံမရဲဖြစ်နေပြီး မျက်လုံးတို့ကို ပွတ်ကာသပ်ကာကြည့်လိုက်မိပြန်ပါသည်။ သူသည် တောင်ယာတစ်ဝက်ကျော်ကျော်ကို ဤနေ့၌ အပြီးတိုင် မပေါက်ခဲ့မိရိုးအမှန်သာ ဖြစ်ပါ၏။

"ဘယ်လိုဖြစ်တာတုံး အံ့သြစရာကြီးပါပဲလား၊ တို့မေရေ့ တို့ဘရေ့"

သူ့မိဘများကိုပင် သူ တမိပါတော့သည်။ မည်သို့ဖြစ်ရပါသလဲ။

သူတကယ်မပေါက်ရိုး အမှန်ဖြစ်ပါလျက် ဤသို့ဖြစ်ရသည်မှာ ထိုလူရူးလက်ချက်ကြောင့်ပင်ပဲလား။ ထိုလူ ဟိုပေါက် သည်ပေါက် လုပ်နေခဲ့သည်ကိုတော့ သူ တွေ့ခဲ့မိပါ၏။ သို့သော်လည်း သူလိုလူကောင်းပင်မပြီးနိုင်သော ထိုလုပ်အားကို စိတ်မနှံ့သူ ထိုလူရူးက မည်ကဲ့သို့ပြီးနိုင်ပါမည်လဲ။မည်မျှအံ့သြစရာကောင်းသည်ကို တွေးနေလိုက်မိပါ၏။ ပေါက်ပြားရာတို့ကလည်း သူပေါက်ခဲ့သည့်အတိုင်း အတန်းလိုက် ညီညာဖြောင့်တန်းနေပါလေသည်။ မယုံနိုင်စရာ ဖြစ်ရလွန်း၍ ထိုလူကိုဝှေ့ပတ်ရှာကြည့်ပါသော် အရိပ်အယောင်မျှပင်မတွေ့။ ဘယ်ဆီရောက်၍ ပေါက်နေပြီလဲ မသိတော့ပါပေ။

ထိုသူကျွေးသော ငှက်ပျောသီးတစ်လုံးကလည်း ယခုချိန်ထိဆာလောင်မှုမရှိ။ အားအင်တို့ပြည့်နေသလိုဖြစ်နေပါလေ၏။ သူခါးဆန့်၍ တမျှော်တခေါ်လုံးရှိနေကြသော ပေါက်ဆွပြီးတောင်ယာမြေများကို လှမ်းကြည့်လိုက်မိပါလေသည်။ အားရစရာကောင်းလွန်းလှပါတော့၏။ သူကိုယ်တိုင်သော်လည်းကောင်း၊ သူ့အမိအဖတို့ ကူလုပ်ကိုင်ကြ၍သော်လည်းကောင်း မည်သည်နည်းနှင့်မျှ ဤလိုရက်ပိုင်းမျှလောက်အတွင်း မပြီးစီးနိုင်ဖြစ်သည့် ဤမြေတို့သည် ယခုတော့ ပေါက်ဆွနိုင်ခဲ့ပြီး မျိုးချရုံပင်ဖြစ်ပါတော့သည်။ သူ့အတွက် သက်သောင့်သက်သာ ဖြစ်ရပြီ ဖြစ်ပါလေ၏။

သူအိမ်ကို အမြန်ပြေးကာ ပြန်လာမိပါသည်။ ထူးဆန်းစွာ သူ့ဝမ်းဗိုက်သည် မဆာလောင်ဘဲ ရှိနေပြီး အပြေးပြန်လာရာ၌လည်း ထူးခြားစွာ မမောမပန်းဘဲ ရှိနေခဲ့ပါလေသည်။

"တို့ဘ. . . တို့ဘရေ"

ခြံပြင်အစပ်ကပင်လျှင် သူ့ဖခင်အားပြောချင်ဇောဖြင့်အော်ဟစ်ခေါ်နေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထူးသံမကြားရ၍ အားမလိုအား
မရဖြင့် ထပ်အော်မိပါသည်။

"မေ့ တို့မေ့ ဘဇာနားမှာတုံး"

သူ အလျင်အမြန်ပင် အိမ်ဝိုင်း
အတွင်း ရောက်လာသည်နှင့် လှေကား
သုံးထစ်အား တစ်ချက်တည်းနှင့် ခုန်
တက်လိုက်ပြီး တံခါးပေါက်မှ အလော
တကြီးဝင်လိုက်မိပါသည်။အိမ်အလယ်
ခေါင်တွင်ကား အောင်တော၏အမိနှင့်
အဘတို့သည် သူ့ကို မျက်လုံးများ ပြူး
ကျယ်လျက် ကြည့်နေကြပါလေတော့
၏။ သူ့အား အထူးအဆန်း သတ္တဝါ
တစ်ကောင်လို အကြောင်သားကြည့်နေ
ကြသဖြင့် သူပင် ဘာပြောရမည် မသိ
ဖြစ်သွားရပါသည်။

"အမေတို့ အဘတို့က ဘာလို့
မထူးကြတာတုံးလို့"

အမိနှင့် အဖတို့က ဘာမှ ပြန်
မပြောသဖြင့် သူကဆက်၍. . .

"ခြံပြင်မှာကတည်းက အော်နေ
တာ တို့ဘ. . . မကြားရလို့လား"

"ကြားပါတယ် အောင်တော
ရယ်"

"အဲသဟာပဲ၊ တို့မေတို့က မကြား
ခွန်ခလုပ်နေကြရော်" (မကြားယောင်
ဆောင်နေကြတာကော)

"ငါတို့က နင့်အသံလို့မှ မထင်
ထားတာ"

"ဘဇာဖြစ်လို့" (ဘာဖြစ်လို့)

"နေတောင်ကောင်းကောင်းမဝင်
သေးဘဲနဲ့ ပြန်ရောက်လာလို့လေ၊ ဒီနေ့
နင်ဘာဖြစ်နေတာတုံး အောင်တော"

ဤသို့ဖြင့် အောင်တောမှာ သူ
တစ်နေ့တာ ဗရုတ်သုတ်ခအတွေ့အကြုံ
များကိုစုံစေ့အောင် ပြောချလိုက်လေ၏။

"ဒါ ဒါဆို နင်တောင်ယာ အား
လုံး မြေပေါက်ခဲ့ပြီးပြီပေါ့၊ အဲလိုလား"

"ဟုတ်တယ် တို့ဘ၊ သားတစ်
ယောက်တည်း ပေါက်တာတော့မဟုတ်
ဘူး၊ အဲဒီအရှူးပေါက်ပေးတာ"

"အောင်တော ပေါက်ကရတွေ
မပြောစမ်းနဲ့လေ၊ နင်ပြောတဲ့အရှူး ငါတို့
ရွာနားရော၊ ရွာနီးစပ်တွေမှာရော ဘယ်
တုံးကမှ မရှိခဲ့ဖူးဘူး"

"တကယ်ပြောတာပါဆို တို့ဘ
ကလဲ၊ အရပ်ပုပု၊ အသားညိုညို၊ အိတ်
ပြားကြီးတစ်လုံးကိုလဲ လွယ်လို့၊ အိတ်
ကပ်ထဲမှာလဲ ဘာတွေမှန်းမသိဘူး၊ အစုံ
ပါတယ်"

"ဖြစ်နိုင်ပါ့မလားကွာ"

"ဟာ. . . တို့ဘကလဲ လုပ်ပြန်
ပြီ၊ အဲဒီအရှူးကြောင့် သားတို့တောင်ယာ
တစ်ခုလုံးမြေပေါက်ပြီးသွားပြီ၊ မနက်ဖြန်
မျိုးချကြရုံပဲ"

"အဲဒါ ပိုပြီးတောင်မဖြစ်နိုင်ဘူး"

"တို့ဘ တကယ်ပြောနေတာပါ
ဆို"

"အေး. . . ဒါဆိုလဲ ဟုတ်ပြီ၊
ဟုတ်ပြီ၊ ငါ့သားကလဲ ကိုယ်တော်လို့
ကိုယ့်တောင်ယာအလုပ်ပြီးတယ် ဆိုလဲ
ပြီးတယ်ပေါ့၊ ဘဇာဖြစ်တုံးလို့ကွာ"

"သားတော်တာ မဟုတ်ဘူး
တို့ဘရဲ့၊ အဲဒီလိုမျိုး မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် အောင်တောရေ
မနက်ဖြန် သန်ဘက်ခါလောက်ကျရင်
ရွာထဲကသမီးရှင်တွေ ငါတို့ဆီ အလည်
လာကြဦးတော့မှာ အသေအချာပဲ"

သူ သူ့မိခင်ကို နားမလည်စွာ
ငေးကြည့်နေမိပါ၏။

"ဘာလို့ဆို ဒီလောက်တော်တဲ့
ငါ့သားလို ယောကျ်ားကောင်း တစ်
ယောက်ကို ဘယ်လိုလုပ်လက်လွှတ်ခံလို့
ရမှာလဲ၊ သမီးရှင်တိုင်း စဉ်းစားကြတော့
မှာပဲလေ"

"အေး. . . ဟုတ်တယ်မိန်းမရေ
မင်းပြောတာ ဟုတ်တယ်၊ တို့လင်မယား
တောင်ယာအခုတ်တော်တဲ့သားကြောင့်
မျက်နှာပွင့်ရဦးတော့မှာပဲ"

"ဟင် တို့ဘနဲ့ တို့မေကလဲ၊ အဲဒါ
သားလုပ်တာ မဟုတ်ပါဘူးဆို၊ သား
ထမင်းထုပ်ကို လာလုစားသွားတဲ့ အဲဒီ
အရှူးက လုပ်သွားတာပါဆို"

"အရှူးပါဆို . . . မဖြစ်နိုင်တာ
အောင်တောရယ်၊ နင်လူကောင်းတောင်
ဘယ်လောက်လုပ်ရတုံး ဟုတ်ဖူး
အရူးက ပိုတတ်နေပါ့မလားဟယ်"

"ဟာ, တို့မေကလဲ တို့က
ပျောသီးစားပြီး အိပ်ပျော်သွားခဲ့တာ
ဆို၊ နိုးလာတော့ ယာတစ်ခုလုံး ပေါ
ပြီးသား ထွန်ပြီးသား ဖြစ်နေခဲ့
တကယ်ကို ဘာမှန်းမသိလိုက်ဘဲနဲ့
သွားတာ"

"ငါ့သား အိပ်မက်ယောင်
တာမျိုးထင်တယ်နော်၊ မောမောနဲ့
ပျော်သွားလို့နေမှာပေါ့"

"လုပ်ရင်လုပ်တယ်ပေါ့ အောင်
တောရယ်၊ ငါ့သား တော်လွန်းလို့ အ
တို့ အမေတို့က ဂုဏ်ယူနေရတာ
ငြင်းမနေစမ်းပါနဲ့ကွာ"

အောင်တော ဘာပြန်ပြော
မည် မသိတော့ ဖြစ်နေရပါသည်။ သူ
တကယ် ပေါက်၍ မပြီးခဲ့သော တောင်
ယာခင်း၊ သူ တကယ်မလုပ်ခဲ့သော
အလုပ်များကို မည်သို့သော သက်သေ
များဖြင့် သူရှင်းပြရပါမည်လဲ။ အမိ
အဘရင်းတို့ကပင် မယုံနိုင်ဟုဆိုပါ
ကျန်လူများ သူငယ်ချင်းမိတ်ဆွေမှ
ရွာတစ်ရွာလုံးကို သူ ဘယ်လိုရှင်း
တော့မည်လဲ။

အောင်တော ခေါင်းကိုတွင်
ကုတ်၍ မရှင်းပြတတ်အောင် ဖြစ်
တော့၏။

"ဒီလူဟာ ထူးတဲ့လူပဲလား
တဲ့လူပဲလား၊ ငါနဲ့ယှဉ် ကြုံရတယ်
အေးလေ တောင်ယာကတော့ မျိုးချ
ရှိတော့တာပေါ့"

အမိ၊ အဖတို့ကို လုပ်တွေ
သော သားသမီးတစ်ဦးအနေနှင့် ထို
သို့သော အလိုလို လွယ်လင့်တကူ
ရပ်များ အောင်မြင်သွားတတ်မှုတို့
ဂုဏ်ရှိရဆန်စွာ တစ်ကွေ့မကြုံ တစ်
ကြုံကြိုက်တိုက်ဆိုင်စွာ တွေ့တတ်
မြဲသာပင် ဖြစ်ပါလေသည်။

❒ ခင်(တောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်မျိုးနဲ့ တွေ့ကြုံခဲ့ဖူးသူ များစွာ ရှိကောင်း ရှိပေလိမ့်မယ်။

အဲဒီ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်များအနက် ကျွန်မလို တွေ့ကြုံဖူးသူ ကတော လူတစ်ထောင် တစ်သောင်းမှာ တစ်ယောက်ရှိမယ်လို့ မထင်မိဘူး။ ဘာ လို့လဲဆိုတော့ ကျွန်မရဲ့အဖြစ်က အတော့်ကို ထူးထူးဆန်းဆန်း။

ကျွန်မငယ်ငယ်တုန်းက အမေက အိပ်ရာဝင်ပုံပြင်တွေ အများကြီး ပြော သိပ်လေ့ ရှိတယ်။ ကျွန်မကလည်း ပုံပြင်ကြိုက်သူမို့ အမေ့ရဲ့ရင်ခွင်မှာမှီပြီး ပုံပြင် နားထောင်ရတာလောက် စိတ်ချမ်းမြေ့တာ မရှိဘူး။ အဲဒီတုန်းက အမေ ပြော ဒဏ္ဍာရီတွေထဲမှာ "မြွေမင်းသားလေးနဲ့ မထွေးလေးအကြောင်း" ဒဏ္ဍာရီကို ကျွ တအားနှစ်သက်မိတယ်။

# ရီငှး

# ဒဏ္ဍာရီရဲ့အခြားတစ်ဖက်မှာ





www.burmeseclassic.com

www.burmeseclassic.com

မထွေးလေးနဲ့ မြွေမင်းသားလေးတို့ ချစ်ကြိုက်ခန်းကို နားထောင်ရတဲ့အခါ. . .

"အမေ. . . အမေ. . . မထွေးလေးကမြွေကြီးကိုတွေ့တော့ မကြောက်ဖူးလား"

"မြွေမင်းသားက လူယောင်ဆောင်ထားတော့၊ လူ့အသွင်နဲ့ မြင်ရတော့ မကြောက်ဘူးပေါ့ သမီးရဲ့"

"သမီးတော့ မြွေကြီးကို သတိရပြီး မျက်စိထဲမှာ မြွေကြီးပဲမြင်နေလို့ သမီးသာ မထွေးလေးဆိုရင် ကြောက်တာနဲ့ သေနိုင်တယ် အမေ"

"မြွေဆိုတာက မြွေကောင်းကနည်းတယ်၊ မြွေဆိုးတွေက ပေါတယ်၊ မြွေဆိုးကိုက်ရင် ဆေးမမီဘူး သေတတ်တယ်သမီးရဲ့၊ ဒါကြောင့် ကြောက်သင့်တယ်"

"အမေ မြွေဆိုးကိုက်ရင် ဘာကြောင့် သေရတာလဲ အမေ"

"မြွေပွေးကိုက်ရင် မြွေပွေးရဲ့အဆိပ်ဟာ ဆံခြည်မျှင်သွေးကြောထဲရောက်သွားပြီး အဲဒီသွေးကြောမျှင်ကလေးတွေ ပျက်စီးသွားတယ်၊ ဒါကြောင့် ဆီးထဲမှာ သွေးပါတာတို့၊ သွေးအန်တာတို့ဖြစ်ပြီး မျက်လုံးအတွင်းမှာရှိတဲ့ သွေးကြောတွေပေါက်ပြီး သေသွားရော"

"ဟင်, ကြောက်စရာကြီးနော်"

"ဟုတ်တယ် မြွေပွေးကိုက်ရင်တောင် နှစ်ရက်သုံးရက်လောက်ခံသေးတယ်၊ မြွေဟောက်တို့၊ ငန်းတော်ကျားတို့ကိုက်ရင် တစ်နာရီ နှစ်နာရီအတွင်း သေရော၊ ဘာဖြစ်လို့လဲဆိုတော့အသက်ရှူတဲ့ ဗဟိုချက်ကို ထိခိုက်လို့ အသက်မရှူနိုင်လို့ သေတာ"

"ဟင်. . . ကြောက်စရာကြီး"

"ဒါထက် ကြောက်စရာကောင်းတာရှိသေးတယ်၊ မိုးတွင်းမှာ ချောင်းတို့ မြစ်တို့ထဲမှာ 'ဂျပ်မြွေ' တွေ ရောက်လာတတ်တယ်၊ ရေထဲဆင်းတဲ့သူတွေကို အဲဒီဂျပ်မြွေ ကိုက်ရင် အိပ်ချင်တယ်၊ အိပ်ချင်တယ်ဆိုပြီး သေတော့တာပဲ"

"အမေ. . အဲဒါဘာဖြစ်လို့လဲ"

"သူ့ရဲ့အဆိပ်က လူတွေရဲ့ သွေးကြောအတွင်းမှာရှိတဲ့ ဟီမိုဂလိုဘင်(အနီရောင်) သွေးနီဥတွေနဲ့ ကြွက်သားတွေကို ဖျက်စီးလို့ အိပ်ချင်လာပြီး အိပ်လိုက်တာနဲ့ သေတာပဲ"

"နောက်. . အဆိပ်ပြင်းတဲ့မြွေကော ရှိသေးလား"

"ရှိတာပေါ့ ငန်းတော်ကျားတို့၊ ငန်းစောင်း၊ မြွေစိမ်းမြီးခြောက်၊ ဆင်ပစ်မြွေ၊ ခလောက်မြွေ စတာတွေအများကြီးပေါ့၊ အဲဒီမြွေတွေကိုက်ရင် ဆေးမမီဘူး"

"အမယ်လေး. . ကြောက်စရာကြီး"

ကျွန်မတို့ သားအမိနှစ်ယောက် စကားပြောနေစဉ် အဖေက အခန်းထဲဝင်လာပြီး. . .

"ဘာတွေပြောနေတာလဲ သမီးရဲ့" လို့ လှမ်းမေးလိုက်တယ်။ ကျွန်မက ဘာမှပြန်မဖြေခင် အမေက. . .

"ရှင့်သမီး. . စပ်စုမက အမေးအမြန်းထူနေလို့၊ မြွေဦကာ ချဲ့နေလိုက်တာ မြွေမင်းသားနဲ့ မထွေးလေး ပုံပြင်တောင် ဘယ်ရောက်သွားမှန်း မသိဘူး"

"အေး. . . မင်းတို့ ပုံပြောပြီးရင် ထမင်းခူးကျွေးပါဦး"

"ကျွေးပါ့မယ်၊ ပြန်လာရင် စားရအောင် အဆင်သင့်စားပွဲပေါ်မှာ ပြင်ဆင်ထားပါတယ်"

အမေက အဖေ့ကို ညစာထမင်းကျွေးခဲ့တယ်။ အဖေက အင်ဂျင်နီယာ (လမ်းတံတား) ဖြစ်လို့ အိမ်ပြန်ချိန်နောက်ကျလေ့ရှိတယ်။ အမေကတော့ ဘိုင်အိုသင်တဲ့ အထက်တန်းပြဆရာမ တစ်ဦးဖြစ်လို့ မြွေတွေအကြောင်း၊ မြွေဆိပ်အကြောင်း ကောင်းစွာသိပါတယ်။

ဒါကြောင့် အမေက ကျွန်မကို ရှင်းပြခဲ့ပါတယ်။ ငယ်ငယ်ကတည်းက မြွေအကြောင်း ကြားရဖန်များလို့ မြွေကြောက်တတ်သူ ဖြစ်လာပါတယ်။ အမေနဲ့ ဈေးသွားလို့ ငါးရှဥ့်တွေ့ရင်တောင် မြွေနဲ့တူလို့ စားဖို့ဆိုတာ ဝေလာဝေး၊ အဲဒီဈေးသည်ရှေ့ကတောင် ဖြတ်မလျှောက်ရဲသူပါ။

ဒီလိုနဲ့ ကျွန်မဆယ်တန်းအောင်ပြီးတော့ အမေ့ရဲ့ဆန္ဒအတိုင်း ပညာရေးတက္ကသိုလ်ကို တက်ရောက် ပညာသင်ကြားခဲ့ပါတယ်။ ဘွဲ့ရပြီးချိန်မှာ ကံကြမ္မာတစ်ဆစ်ချိုးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

အဖေနဲ့ အမေဟာခရီးထွက်ရာမှအပြန် ကားမှောက်ပြီး နှစ်ဦးစလုံး ကွယ်လွန်ခဲ့ပါတယ်။ ကျွန်မအဖို့တော့ ရွှေတောင်ကြီးရော ငွေတောင်ကြီးပါပြိုတဲ့နေ့ပါပဲ။ မိသားစုသုံးယောက်အနက် မိဘနှစ်ပါးက လက်တွဲပြီး တမလွန်ကို သွားခဲ့ကြပြီ။ မလွန်ဆန်နိုင်တဲ့ သဒ္ဒါရတရားမို့သာ တစ်ဦးတည်းသော သမီးလေး ကျွန်မကို ထားရစ်ခဲ့တာ။ ခေါ်လို့ရတဲ့နေရာဆိုရင် သူတို့ ကျွန်မကိုခေါ်သွားမှာပဲ။

မိဘနှစ်ပါးကွယ်လွန်ပြီး မကြာခင်မှာ ကျောင်းဆရာမ အလုပ်ကို ရခဲ့ပါတယ်။ ကျွန်မ တာဝန်ထမ်းဆောင်ရမယ့်နေရာက အညာမြေက မြိုင်သာဆိုတဲ့ ရွာကြီးမှာပါ။အဲဒီရွာရဲ့ တွဲဖက်ကျောင်းမှာ ဆရာမရာထူးကို ရခဲ့ပါတယ်။

အစကတော့ ဝေးလွန်းလို့ သွားရကောင်းမလား၊ မသွားရကောင်းမလား ဆိုတဲ့ ဒွိဟအတွေးနဲ့ သွားဖို့နှောင့်နှေးခဲ့ရတယ်။

နောက်တော့ ဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်းနေရင်း မိဘနှစ်ပါးရဲ့ ပုံရိပ်တွေကို တွေးပြီး ဝမ်းနည်းမဆုံး ဖြစ်နေခဲ့ရတယ်။ ဒါကြောင့် အမေ့ရဲ့အစ်မ၊ ကျွန်မရဲ့ကြီးဒေါ် ဒေါ်ဒေါ်ရွှေ ရောက်လာပြီး. . .

"တစ်နေ့တစ်နေ့ သွားလေသူတွေကို တမ်းတပြီးငိုနေမယ့်အစား မြိုင်သာမှာ ဆရာမသွားလုပ်ရင် သမီးခံစားရတဲ့ ဝေဒနာတွေ သက်သာသွားလိမ့်မယ်"

"သမီးက မြိုင်သာသွားရင် ဒေါ်ဒေါ်ရွှေ လိုက်မှာမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com

"လိုက်မှာပေါ့သမီးရယ်၊ သမီး မိဘနှစ်ပါးရှိရင်လဲ သူတို့ လိုက်ကြမှာပဲ၊ သူ့သမီးကို တည်ကြည်ခဲ့ညားတဲ့ ဆရာမကြီး ဖြစ်စေချင်တာ"

"ဟုတ်ပါတယ်၊ ဒါကိုလဲ သမီး သိပါတယ်၊ စိတ်ပြေလက်ပျောက်ဖြစ် **အောင် မြိုင်**သာမှာ အလုပ်လုပ်တာပဲ **ကောင်းလိမ့်မယ်**ထင်တယ်ဒေါ်ဒေါ်ရွှေ"

"**သိပ်ဟုတ်တာ**ပေါ့အေ၊ အလုပ်ရှိတော့ ဝင်ငွေလဲရတယ်၊ စိတ်လဲ သိပ်ပြီး မပျံ့လွင့်ဘူးပေါ့အေ"

"ဒါဆိုရင် အလုပ်ခန့်စာကို သမီးလက်ခံလိုက်တော့မယ်"

ဒီလိုဆုံးဖြတ်ချက်နဲ့ ကျွန်မနဲ့ဒေါ်ကြီး ဒေါ်ဒေါ်ရွှေတို့ နှစ်ယောက်ဟာ မြိုင်သာကို ရောက်လာခဲ့တယ်။

မြိုင်သာရောက်တော့ အလုပ်ကိစ္စကအဆင်ပြေပါတယ်။ အဆင်မပြေတာက နေဖို့အိမ် ကိစ္စပါပဲ။ ကျောင်းအုပ်ဆရာကြီးက သူ့အိမ်မှာ သူရဲ့မိသားစုနဲ့ အတူနေဖို့ ပြောပါတယ်။ ဆရာကြီးမှာ သား သုံးယောက်ရှိပြီး အကြီးဆုံးက ကျွန်မနဲ့ရွယ်တူပဲ။ သူက နည်းနည်းသွေးဆိုးတယ်။

ဒါကြောင့်. . .

"ဆရာကြီး. . . ကျွန်မရွာထဲမှာပဲ အိမ်ငှားပြီးနေလိုက်မယ်"လို့ လှလှပပ ငြင်းလိုက်ပါတယ်။

ဆရာကြီးကလည်း သူ့သားတွေ ဆိုးမှန်းသိလို့ မတားခဲ့ပါ။ ဒေါ်ဒေါ်ရွှေနဲ့အတူ အိမ်ရှာရင်း သူကြီးအိမ်ကို ရောက်သွားခဲ့တယ်။

"ဒီမှာက ရွာဆိုတော့ အိမ်ငှားမယ့်အိမ်တွေ သိပ်မရှိဘူး၊ ဒါပေမဲ့ ရွာအနောက်ပိုင်းမှာတော့ လူမရှိတဲ့အိမ်တစ်အိမ်ရှိတယ်၊ အဲဒါဦးလေးကို အပ်ထားတာ၊ အဲဒီအိမ်ကတိုက်ခံပျဉ်ထောင်အိမ်ပဲ၊ ခြံစောင့် ဦးလေးမောင် တစ်ယောက်ပဲ ရှိတယ်၊

ဆရာမလေးက ကျွန်တော်တို့ရွာက ကလေးတွေကို စာလာသင်ပေးတာဆိုတော့ အခမဲ့နေနိုင်ပါတယ်"

"ဒါဆိုရင် ကျွန်မ အဲဒီအိမ်ကို လိုက်ကြည့်ချင်တယ်"

"ဟုတ်ကဲ့ လိုက်ပို့ပါမယ်ဆရာမ"

သူကြီးနဲ့ ရွာသားသုံးယောက်က ကျွန်မတို့ တူဝရီးနှစ်ယောက်ကို အိမ်လိုက်ပြပေးခဲ့တယ်။ မကြာမီ အဲဒီအိမ်ရှေ့ကို ရောက်သွားခဲ့တယ်။

"ဦးလေးမောင်ရေ. . . ခြံတံခါးဖွင့်ပါဦး"

"ဩော်. . . သူကြီးတို့ပါလား၊ ကြွပါ. . ကြွပါ"

သူကြီးနဲ့ ကျွန်မတို့ အုပ်စုဟာ ခြံထဲကိုရောက်လာပြီး အိမ်ရှေ့မှာရှိတဲ့ ကွပ်ပျစ်မှာ ထိုင်လိုက်ကြတယ်။

"သူကြီး ဘာကိစ္စများရှိလို့ပါလဲ"

ဦးလေးမောင်က သူကြီးကို မေးလိုက်တယ်။

"ဒီက. . ဆရာမလေးက ရွာကျောင်းမှာစာပြဖို့ အစိုးရက ခန့်လိုက်တဲ့ ဆရာမလေးပဲ၊ ဒါပေမယ့် နေဖို့အိမ်ရှာနေလို့ ဒီအိမ်ကို လာပြတာပဲ"

"ဩော်. . . ဒါဆိုရင် အိမ်ပေါ်ကိုပါ လိုက်ကြည့်ပါ၊ ဒီအိမ်နဲ့ ပတ်သက်ပြီး အိမ်ရှင်တွေက သူကြီးကို အပ်ထားတာပဲ၊ သူကြီးကောင်းသလိုသာလုပ်ပါ"

ဦးလေးမောင်က အိမ်ကြီးပေါ်ကို ခေါ်သွားခဲ့ပါတယ်။ အိမ်ကြီးက နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အခန်းပေါင်းများစွာနဲ့ ဖွဲ့စည်းထားပါတယ်။ အားလုံးက ရှင်းလင်းနေပါတယ်။ ဒါပေမယ့် အပေါ်ထပ်အခန်းတစ်ခန်းကိုတော့ သော့ခတ်ထားပါတယ်။

"ဒီအခန်းကတော့ အိမ်ရှင်တွေရဲ့ ပစ္စည်းတွေထားလို့ သော့ခတ်ထားပါတယ်"

"ရပါတယ်. . . အခန်းတွေက အများကြီးရှိတာပဲ၊ ဆရာမလေးတို့က နှစ်ယောက်ပဲ နေမှာပါ"

သူကြီးက ရှင်းပြပါတယ်။

"ဆရာမလေး ဒီအိမ်ကိုသဘောကျလား"

"အင်း. . . ကောင်းပါတယ်"

"ဒါဆိုရင် ပြန်ကြတာပေါ့၊ ကျွ... တော့်အိမ် ရောက်မှပဲ ဆွေးနွေးကြ... ပေါ့"

နောက်ဆုံးတော့ ကျွန်မဟာ အဲ... ဒီအိမ်မှာနေဖို့ ဆုံးဖြတ်လိုက်ပါတယ်... နောက်ရက်မှာတော့ ကျွန်မတို့တူဝရီး... နှစ်ယောက်ဟာ အဲဒီအိမ်ကိုပြောင်း... ခဲ့ပါတယ်။ အဲဒီအိမ် ရောက်တယ်... ရင်ပဲ သန့်ရှင်းရေးလုပ်ပြီး ဘုရားပန်း... ဝေနေအောင် တင်လိုက်တယ်။ ဘုရား... ရှိခိုးပြီး အားလုံးကို အမျှအတန်းဝေလိုက်... တယ်။

တစ်လခန့်ကြာတဲ့အထိ ဘာ... ထူးထူးခြားခြား ဖြစ်စဉ်ဖြစ်လာခဲ့ခြင်း... ပါ။ ကျောင်းဖွင့်ပြီးမကြာခင်မှာ ပြဿနာ... တစ်ရပ်နဲ့ ရင်ဆိုင်လိုက်ရပါတယ်။

အဲဒီညက လပြည့်နေ့ည။

ည ၈ နာရီလောက်မှာ လမင်း... ကြီးက ထိန်ထိန်လင်းနေတယ်။ ကျွန်မ... လည်း ဘုရားရှိခိုးပြီး စိပ်ပုတီးစိပ်... တယ်။ အားလုံးပြီးလို့ အမျှဝေရန် ကြေး... စည်ကိုလှမ်းအယူမှာ ဘုရားကျောင်း... ဆောင်ပေါ်မှာ အခွေလိုက်၊ သေ... ချာချာ ကြည့်လိုက်တော့မှ. . .

"ဘုရား ဘုရား မြွေတွေပါလား"

ကျွန်မ တော်တော်လန့်သွား... တယ်။ ဒါနဲ့ ထုပ်တန်းပေါ်ကို လှမ်း... ကြည့်လိုက်တော့ အဲဒီမှာလည်း မြွေ... တွဲလဲခိုနေတယ်။ ဘုရားခန်းမှာထား... စာအုပ်ပုံပေါ်မှာလည်း မြွေတွေအ... လိုက်၊ ကြည့်လိုက်တဲ့နေရာတိုင်းမှာ... မြွေတွေကြီးပဲမို့ ကျွန်မ တော်တော်... ထိတ်လန့်သွားခဲ့တယ်။

ဒါ့ကြောင့်. . .

"ဒေါ်ဒေါ်ရွှေရေ. . . လာပါဦး... ဒေါ်ဒေါ်ရွှေရေ လာပါဦး" လို့ ကျွန်မ... အော်ဟစ်ခေါ်လိုက်မိတယ်။ ကျွန်မရဲ့... ကြောက်လန့်တကြား အော်သံကြောင့်... အောက်ထပ်မှာရှိတဲ့ ဒေါ်ဒေါ်ရွှေဟာ...

"တူမကြီး ဘာဖြစ်လို့လဲ"ဆို... မေးသံနဲ့အတူ အိမ်ပေါ်ထပ်ကို အမြန်... ရောက်လာခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ဒေါ်ရွှေ ဟိုမှာ မြွေတွေ အများကြီးပဲ" လို့ ကျွန်မကလက်ညှိုး ညွှန်ပြလိုက်တယ်။

ဒေါ်ဒေါ်ရွှေလည်း ကျွန်မပြတဲ့ နေရာတွေကို လှမ်းကြည့်လိုက်တော့ မြွေတွေအများကြီးတွေ့ပြီး. . .

"အမယ်လေး နည်းတဲ့မြွေတွေ မဟုတ်ပါလား၊ ကိုက်ရင်အားလုံး သေကုန်တော့မှာပဲ မဖြစ်ဘူး၊ ဦးလေးမောင်ကြီးကို သွားခေါ်မှပဲ၊ လာ လာ တူမကြီး အောက်ကိုသွားရအောင်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်ရွှေ"

ကျွန်မတို့ နှစ်ဦးဟာ ဦးလေးမောင်ကို ပြောပြတော့ ဦးလေးမောင်က ရေနံချေး ဆွတ်ထားတဲ့ မီးတုတ်နှစ်ချောင်းကို မီးရှို့ပြီး အပေါ်ကိုတက်လာခဲ့တယ်။ အဲဒီရောက်တော့ မီးတုတ်တစ်ခုက မီးကိုမှုတ်လိုက်တယ်။ မီးမှုတ်လိုက်တဲ့အတွက် မီးခိုးတွေ ထွက်လာခဲ့တယ်။ နောက်တော့ မီးတုတ်ကို မီးထွန်းလိုက်၊ မီးမှုတ်လိုက်နဲ့ တစ်ခန်းလုံး မီးခိုးတွေ ပြည့်သွားခဲ့တယ်။

"ဆရာမ အောက်ကို ခဏဆင်းရအောင်၊ ပြီးမှ ပြန်တက်လာပြီး ကြည့်မယ်၊ သူတို့က မီးခိုးကြောက်တော့ ရှိမှာမဟုတ်တော့ဘူး"

ပြောပြောဆိုဆို ကျွန်မတို့ပြန်ဆင်းလာခဲ့တယ်။ခဏအကြာမှာ ဘုရားခန်းကို တက်ကြည့်တော့ မြွေတစ်ကောင်မှ မတွေ့ရတော့ဘူး။ ဒါပေမယ့် မြွေတွေမြင်ကတည်းက ကြောက်လိုက်တာ တစ်ညလုံး အိပ်လို့မရတော့ဘူး။

နောက်တော့ ဦးလေးမောင်က ပြောပြတယ်။

"ဒီအိမ်မှာ လပြည့်ညဆိုရင် မြွေတွေ အများကြီး ရောက်လာတတ်တယ်၊ ဘုရားခန်းကအစ မီးဖိုချောင် အိပ်ခန်းတွေမှာပါ ဝင်ပြီးခွေနေတတ်တယ်"

မှန်ပါတယ်။ နောက်လပြည့်နေ့မှာ မီးဖိုချောင်တစ်ခုလုံး မြွေတွေပြည့်နေတာပဲ။ ငရုတ်ဆုံနံဘေးမှာ မြွေတစ်ကောင် ခွေအိပ်နေတယ်။ မီးဖိုဘေးနားမှာလည်း မြွေတွေ။ အဲဒီနားက စဥ့်အိုးနားမှာရော ထုပ်တန်းမှာရော နည်းတဲ့ မြွေတွေ မဟုတ်ဘူး။

ဒါ့ကြောင့်အိပ်ခန်းထဲမှာ သွားကြည့်တော့ ခြင်ထောင်ပေါ်မှာလည်း မြွေနှစ်ကောင် ခွေနေတယ်။

"အမယ်လေး မြွေတွေ မြွေတွေ လို့" လှမ်းအော်တဲ့အချိန်မှာ ငန်းတော်ကျား မြွေတစ်ကောင်ဟာ သော့ပိတ်ထားတဲ့ အခန်းနံရံပေါ်တက်သွားပြီးအဲဒီ အပေါ်မှာရှိတဲ့ အပေါက်ကနေ အခန်းထဲဝင်သွားတာ တွေ့လိုက်ရတယ်။

"ဦးလေးမောင်ရေ လာပါဦး"

လို့ အော်လိုက်တော့ ဦးလေးမောင် အပြေးလေးရောက်လာတယ်။

"ဦးလေးမောင်. . . သော့ပိတ်ထားတဲ့ အခန်းထဲကို ငန်းတော်ကျား မြွေကြီး ဝင်သွားတာ တွေ့တယ်၊ အဲဒါ တံခါးဖွင့်ပြီး မြွေကြီးကို မောင်းထုတ်ပေးပါ"

"ဟုတ်ကဲ့ပါ ဆရာမ"

ဦးလေးမောင်ဟာ သော့သွားယူပြီး အဲဒီအခန်းကို ဖွင့်လိုက်တယ်။ အဲဒီအခန်းမှာ ပစ္စည်းများများစားစားမရှိပါ။ ခုတင်တစ်လုံးနဲ့ အဲဒီခေါင်းရင်းမှာ ဆယ်လက်မအရွယ် ဘောင်ကွပ်ထားတဲ့ ဓာတ်ပုံတစ်ပုံ။

"မြွေရှာပါဦး. . . ဦးလေးမောင်ရယ်"

ကျွန်မတို့တူဝရီးရော ဦးလေးမောင်ပါ ငန်းတော်ကျားမြွေကြီးကို လိုက်ရှာတာ တစ်ခန်းလုံး နှံ့နေတာပဲ။ အခန်းကလည်းရှင်းနေတော့ ရှာရတာ လွယ်ပါတယ်။ ဘာငန်းတော်ကျားမှ မတွေ့ပါဘူး။ ဒါနဲ့ ဓာတ်ပုံကို လှမ်းကြည့်မိတယ်။ အသက်နှစ်ဆယ်ကျော် အရွယ်လောက်ရှိတဲ့ အမျိုးသား တစ်ယောက်ရဲ့ ကိုယ်တစ်ပိုင်းပုံပါ။

"ဦးလေးမောင် အဲဒါ ဘယ်သူ့ဓာတ်ပုံလဲ"

"ဒါဟာ ဒီအိမ်ရှင်ရဲ့သား မောင်မောင်စိုးပါ"

"သြော်. . . သူတို့အိမ်ပြောင်းသွားကြတာလား"

"သူ့မိဘတွေကသာ အိမ်ပြောင်းသွားတာပါ၊ မောင်မောင်စိုးက ဆိုင်ကယ်မှောက်ပြီး သေသွားခဲ့တာ၊ ဒါ့ကြောင့် ဒီအိမ်မှာနေရင် မောင်မောင်စိုးကို သတိရလွန်းလို့ ဒီကနေ ပြောင်းသွားတာပါ"

"သြော်. . . သြော်"

ကျွန်မတို့အားလုံး အိမ်အောက်ထပ်ကို ပြန်ဆင်းလာခဲ့တယ်။

"ဦးလေးမောင် ကျွန်မတော့ ဒီအိမ်မှာ မနေတော့ဘူး၊ မြွေပေါက်လို့ပဲ သေမလား၊ မြွေကြောက်လို့ မအိပ်နိုင်တာနဲ့ သေမလား မသိဘူး"

"မကြောက်ပါနဲ့ တူမလေးရယ်၊ ဒီမြွေတွေက အန္တရာယ် မပေးပါဘူး၊ လပြည့်ညမှာ ဒီအိမ်မှာရှိတဲ့ ငန်းတော်ကျားကို လာပြီး ဦးခိုက်တဲ့သဘောပါ"

"ဒါဆို ဟိုဘက်အခန်းထဲမှာ ငန်းတော်ကျား ရှိတာပေါ့၊ ဟုတ်လား"

"ငန်းတော်ကျားက ဟိုအခန်းထဲမှာမနေပါဘူး၊ ခြံထဲကတောင်ပို့မှာ နေတာပါ"

"အမေက ပြောဖူးတယ်၊ ငန်းတော်ကျားကိုက်ရင် ဆေးမမီဘူးတဲ့၊ ကျွန်မ မနေတော့ဘူး၊ ပြောင်းတော့မယ်"

"သြော်၊ဆရာမကလဲ ပြောတော့မှ ပိုဆိုးနေပြီ၊ အဲဒီငန်းတော်ကျားက မကိုက်ပါဘူး၊ သူ့ဘာသာသူနေတာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်မကြောက်တယ်၊ ပြောင်းမှ ဖြစ်မယ်"

ကျွန်မလည်း ကြောက်ကြောက်နဲ့ ပြောင်းမယ်လို့ ပြောခဲ့မိပါတယ်။ အဲဒီနေ့ညမှာ မြွေတွေများ ထပ်ရောက်လာဦးမလားဆိုပြီး ခန္ဓာသုတ်ကိုရွတ်ပြီးမှ အိပ်ခဲ့ပါတယ်။ အိပ်ပျော်ပြီး သိပ်မကြာခင်မှာ အိမ်မက်တစ်ခုမက်ခဲ့ပါတယ်၊

နေ့လယ်က တွေ့လိုက်တဲ့ ငန်းတော်ကျားကြီးဟာ ကျွန်မအခန်းဆီကို တရွေ့ရွေ့လာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဟာ ထွက်ပြေးမယ်လို့ ကြံစည်ပေမယ့် ဘယ်လိုမှလှုပ်လို့မရပါ။ မြွေကြီးဟာ တဖြည်းဖြည်းလာရင်းနဲ့ ကျွန်မရှေ့ကိုရောက်တဲ့အခါမှာ ဓာတ်ပုံထဲက မောင်မောင်စိုး ဖြစ်သွားခဲ့တယ်။

"ဆရာမ. . . ဒီအိမ်မှာနေရင် ခန္ဓသုတ်ကို မရွတ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ အားလုံး ဒုက္ခရောက်နေကြပြီ"

"ကောင်းပါပြီ၊ ဒါဆိုရင် မရွတ်တော့ပါဘူး၊ ဒါပေမယ့် မေတ္တာသုတ်တော့ ရွတ်ချင်တယ်"

"ခန္ဓသုတ် မဟုတ်ရင် ပြီးတာပါပဲ"

အဲဒီလိုပြောပြီး ကျွန်မအိမ်မက်က လန့်နိုးလာတယ်။ ကျွန်မတစ်ခန်းလုံး မီးထွန်းပြီးမှ အိပ်တဲ့အတွက် မီးလင်းနေပါတယ်။ အခန်းဝကို လှမ်းကြည့်လိုက်တော့ ငန်းတော်ကျား မြွေအမြီးကလေး ထွက်သွားတာ တွေ့လိုက်ရလို့ အမြန်ထပြီးကြည့်မိတယ်။ ဒါပေမယ့် ဘာမှ မတွေ့ရဘူး။

အိမ်မက်လေလား တကယ်လေလားလို့တောင် တွေးမိပါတယ်။ ကျွန်မဟာ ဘယ်နေရာမဆို စမ်းသပ်ချင်တဲ့ စိတ်ရှိပါတယ်။

ဒါ့ကြောင့် ဒီအိမ်က မပြောင်းသေးဘဲ အခြေအနေ စောင့်ကြည့်ခဲ့ပါတယ်။ သုံးရက်မြောက်တဲ့ညမှာ ကျွန်မ ခုတင်ပေါ်မှာ လှဲပြီး အိပ်တော့မယ် အလုပ်မှာ ကျွန်မရဲ့ အခန်းဝမှာ ငန်းတော်ကျားမြွေကြီး ပါးပျဉ်းထောင်ရပ်နေတာကိုတွေ့တော့ ကြောက်လန့်တကြားနဲ့ အော်လိုက်ပေမယ့် လုံးဝ အသံမထွက်ပါ။ အဲဒီအချိန်မှာ ငန်းတော်ကျားရဲ့ မျက်စိနှစ်လုံးဟာ နီရဲတောက်ပလာပြီး ကျွန်မကို စူးစိုက်ကြည့်နေတယ်။

နောက်တော့ သူ့မျက်စိထဲက အဖြူတန်းကြီး ဖြစ်လာပြီး ကျွန်မရဲ့ မျက်လုံးထဲကို တန်းနေအောင်ဝင်လာခဲ့ပါတယ်။

ကျွန်မ သိလိုက်ပါပြီ။

ဒါဟာသူ့ရဲ့ ညှို့ယူနိုင်တဲ့ ညှို့ချက်စွမ်းအား ဆိုတာပါပဲ။ ကျွန်မ သိထားသလောက် စပါးကြီးမြွေတစ်ကောင်ကသာ ညှို့ချက်စွမ်းအားနဲ့ ညှို့ယူနိုင်တယ်။

ဒါပေမယ့် ကျွန်မ မကြားဖူးတာတွေ မမြင်ဖူးတာတွေကို လက်တွေ့တွေ့နေရပါပြီ။

သူဟာ ညှို့ချက်စွမ်းအားနဲ့အတူ တဖြည်းဖြည်း ကျွန်မရဲ့ရှေ့ကို ရောက်ရှိလို့လာပါပြီ။ ကျွန်မဟာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်ယင်နေတယ်။

ဒါပေမယ့် လှုပ်ရှားလို့ မရပါ။ အဲဒီမြွေကြီးဟာ ကျွန်မရဲ့ရှေ့ကို ရောက်တယ်ဆိုရင်ပဲ တဖြည်းဖြည်း ယောကျ်ားတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကို ပြောင်းလဲသွားတယ်။ သေသေချာချာ ကြည့်လိုက်တော့ . . .

"ရှင်. . . ရှင်ဟာ ကိုမောင်မောင်စိုးလား"

အသံမထွက်ဘဲ စိတ်က ပြောလိုက်မိတယ်။ ဒီတော့ သူက. . .

"ဟုတ်တယ် ကျွန်တော်ဟာ ကိုမောင်မောင်စိုးပါ၊ ဆရာမကို ပြောချင်လို့ လာခဲ့တာပါ"

"ဘာပြောမှာလဲ" လို့ စိတ်နဲ့ပဲ ပြောလိုက်မိပါတယ်။

"ဆရာမ ဒီအိမ်က ထွက်မသွားပါနဲ့"

"ဘယ်ဖြစ်မလဲ၊ ဒီလောက်မြွေတွေများနေတာ၊ မြွေကိုက်ရင်ဘယ်လိုလုပ်မလဲ"

"မြွေမကိုက်စေရပါဘူး၊ နောက်တစ်ခါ မြွေတွေလဲ မတွေ့စေရပါဘူး"

"အဲဒါကို ရှင်က ဘယ်လိုတာဝန်ခံမှာလဲ"

"သူတို့ဟာ ကျွန်တော့်ရဲ့ ငယ်သားတွေပါ၊ ကျွန်တော့်ကို လာပြီး ဦးတိုက်တာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မနေရဲဘူး၊ ပြောင်းမှာပဲ"

"အဲဒီလိုမလုပ်ပါနဲ့ ဆရာမရယ်၊ ကျွန်တော်က ဆရာမကို ချစ်လွန်းလို့ပါ"

ပြောပြောဆိုဆိုနဲ့ ကျွန်မရဲ့အနီးမှာထိုင်လိုက်ပြီး ကျွန်မကို သူ့ရဲ့ရင်ခွင်ထဲမှာ ပွေ့ထားလိုက်ပါတယ်။ ရုတ်တရက် ကျွန်မ လန့်သွားပြီး. . .

"မလုပ်ပါနဲ့. . . မလုပ်ပါနဲ့" လို့ ပြောပြီး ရုန်းထွက်ပေမယ့် လှုပ်ရှားလို့ မရခဲ့ပါဘူး။ သူ့ရဲ့ရင်ခွင်က နွေးနေပြီး ကျွန်မဟာ တစ်စုံတစ်ရာ ခံစားလိုက်ရတယ်။ သူက ကျွန်မရဲ့လက်ကလေးကို ညင်သာစွာကိုင်ပြီး. . .

"ဆရာမနဲ့ အတူတူနေချင်လိုက်တာ၊ ဒါပေမယ့် ဘဝတွေက ခြားနားနေပြီ" လို့ ခပ်ညည်းညည်းကလေး ပြောလိုက်ပါတယ်။

ကျွန်မဟာ ဘယ်ယောကျ်ားရဲ့ ရင်ခွင်ထဲမှာမှ မနေဖူးတဲ့ အပျိုစင်ကလေးမို့ ရင်တွေတအားခုန်လာတယ်။ နှလုံးခုန်သံလည်း တအားမြန်လာတယ် ရှက်ခြင်း၊ ကြောက်ခြင်း၊ ရင်ခုန်ခြင်းများနဲ့အတူ ဒီလိုမဖြစ်သင့်ဘူးဆိုတဲ့ အတွေးနဲ့ သူ့ရင်ခွင်က အတင်းရုန်းထွက်ပြီး. . .

"လွှတ်နော်. . . လွှတ်"

လို့အော်ပြီး အတင်းရုန်းလိုက်တဲ့ အခါမှာ. . .

"တူမကြီး. . . တူမကြီး ဘာဖြစ်နေတာလဲ" လို့ပြောသံနဲ့အတူ ဒေါ်ဒေါ်ရွှေကို တွေ့လိုက်ရတယ်။

ဒေါ်ဒေါ်ရွှေက. . .

"တူမကြီး. . အိမ်မက်ဆိုးမက်နေတာနဲ့တူတယ်"

"မဟုတ်ဘူး . . . မဟုတ်ဘူး ဒေါ်ဒေါ်ရွှေ သမီး အိပ်တောင်မအိပ်ရသေးဘူး"

"တူမကြီး မသိလို့ပါ၊ တူမကြီး အိပ်ပြီး ပါးစပ်က ယောင်ယမ်းပြီး အော်နေတာပါ"

"သမီး အိပ်ပျော်တာ တကယ်လား ဒေါ်ဒေါ်ရွှေ"

"ဟုတ်ပါတယ် တူမကြီးရယ် ကဲ. . . ကဲ အိပ်ရေးပျက်မယ်၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းအိပ်ပါ၊ ဒေါ်ဒေါ်ရွှေ စောင့်ပေးမယ်"

ဒေါ်ဒေါ်ရွှေ အနားမှာရှိမှ စိတ်ချလက်ချ အိပ်ပျော်သွားခဲ့တယ်။

နောက်ညတွေမှာလည်း ဒီအတိုင်းပဲ သူရောက်လာခဲ့တယ်။ သူ့ရဲ့ ညှို့ချက်မှာ ကျွန်မဟာ မလှုပ်ရှားနိုင်ခဲ့ပါ။

သူက ကျွန်မကို ဘယ်လောက်ချစ်ကြောင်း တတွတ်တွတ်ပြောဆိုပြီး ကျွန်မကို ပွေ့ဖက်ထားခဲ့တယ်။ သူ့ခန္ဓာကိုယ်ရဲ့ပူနွေးတဲ့ အတွေ့အထိကို ကျွန်မခံစားခဲ့ရတယ်။ သူပြန်ခါနီးမှ ကျွန်မလှုပ်ရှားလို့ ရလာတယ်။

ဒုတိယအကြိမ်မြောက် တကယ်လေလား၊ အိပ်မက်လေလား ဆိုတာတောင် ကျွန်မ မဝေခွဲနိုင်တော့ပေ။ နောက်တော့ ကျွန်မ မနေနိုင်တဲ့အဆုံးမှာ ဒေါ်ဒေါ်ရွှေကိုဖွင့်ပြောလိုက်တယ်။

"ဒါဆိုရင် တူမကြီးရဲ့ဖြစ်ရပ်က ပုံပြင်ထဲမှာပါတဲ့ မြွေမင်းသားလေးနဲ့ မထွေးလေးပုံပြင်လို ဖြစ်နေပြီ"

"အဲဒီလိုဖြစ်တာက အရေးမကြီးဘူး ကျွန်မပဲ စိတ်ရောဂါရနေတာလားလို့ သံသယ ဖြစ်မိတယ်၊ ဒါ့ကြောင့် ရန်ကုန်ပြန်ပြီး စိတ်ကျန်းမာရေးအထူးကုနဲ့ပြရင် ကောင်းမလားလို့"

"အဲဒါ ကောင်းတယ်"

အဲဒီညမှာ ကျွန်မ သူနဲ့ ပြန်တွေ့ခဲ့ပါတယ်။

ထုံးစံအတိုင်း သူက ကျွန်မကို ပွေ့ဖက်ထားပြီး ကျွန်မရဲ့ လက်ကလေးကို ကိုင်ထားကာ. . .

"ဆရာမ. . . အဝေးကိုသွားဖို့ စီစဉ်နေတယ် မဟုတ်လား၊ မသွားပါနဲ့ ဆရာမရယ်၊ ကျွန်တော်ဟာ ဒီမှာတစ်ထောက်တည်း အထီးကျန်နေခဲ့ရသူပါ၊ ဆရာမရောက်လာမှ ကျွန်တော်ဆရာမကို အရမ်းချစ်ပြီး ပျော်ရွှင်ခဲ့ရပါတယ်၊ ဆရာမသာ ဟိုးအဝေးကိုထွက်သွားရင် ကျွန်တော့်ရဲ့ဘဝ ဆက်ပြီးအသက်ရှင်မှာမဟုတ်ဘူး၊ လွမ်းလွန်းလို့ သေသွားနိုင်တယ်ဆရာမ၊ ဒီတော့ ကျွန်တော့်ကို ခွဲမသွားပါနဲ့ ဆရာမရယ်"

သူကဝမ်းနည်းကြေကွဲစွာ ပြောပြီး ကျွန်မရဲ့နဖူးလေးကိုနမ်းလိုက်တယ်။

သူ့ရဲ့အနမ်းဟာ ကျွန်မအတွက် ရင်ခုန်မြန်သွားစေခဲ့ပါတယ်။ ဒါ့အပြင် သူ့ကိုသနားမိသွားပြီး စိတ်မကောင်းသလို ခံစားရပါတယ်။ သူ့ခုတင်ပေါ်က ဆင်းသွားပြီး ငန်းတော်ကျားမြွေကြီးဖြစ်သွားပါပြီ။ အခန်းဝကို တဖြည်းဖြည်းသွားပြီး သူ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီတစ်ခါတော့ ကျွန်မ လွမ်းလွမ်း ဆွေးဆွေးနဲ့ ကျန်ရစ်ခဲ့ပါတယ်။ အိပ်မက်နဲ့ တကယ့်ဖြစ်ရပ်ကို မဝေခွဲနိုင်အောင် ကျွန်မရဲ့ဖြစ်ရပ်ကို ကျွန်မကိုယ်တိုင် နားမလည်ခဲ့ပါ။

ကျွန်မဟာ ဆရာကြီးထံမှာ ခွင့်ယူပြီး ရန်ကုန်ကိုပြန်ခဲ့ပါတယ်။ နောက်တော့ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီးနဲ့ ပြသခဲ့ပါတယ်။ ထူးဆန်းတာက ရန်ကုန်ရောက်ကတည်းက အဲဒီလို အိပ်မက်လား တကယ်လားဆိုတဲ့ ဖြစ်ရပ် မဖြစ်တော့ပါဘူး။ ဆရာဝန်ကြီးနဲ့ ပြသပြီး သုံးလခန့် ဆေးကုသမှု ခံယူခဲ့ပါတယ်။

ဆရာဝန်ကြီးက. . .

"ဆရာမ. . . အဲဒီရွာက အိမ်ကို ပြန်မသွားရင် အကောင်းဆုံးပါပဲ" လို့ အကြံပေးခဲ့တယ်။

ဒါပေမဲ့ ကျွန်မလည်း ကျန်းမာရေး တော်တော်ကလေး ကောင်းလာပြီဖြစ်လို့ မြိုင်သာကို ပြန်လာခဲ့ပါတယ်။

ဆရာကြီးကလည်း ကျွန်မ ပြန်လာလို့ ဝမ်းသာအားရ စကားပြောနေတုန်း ဦးလေးမောင်ရောက်လာပြီး. .

"ဆရာမ ပြန်ရောက်လာတယ်လို့ပြောလို့ ကျွန်တော် လာခဲ့တာပါ၊ အရေးတကြီး ပြစရာရှိလို့ ဆရာမ ကျွန်တော်နဲ့အတူ အိမ်ကိုလိုက်ခဲ့ပါ"

"ဘာကိစ္စများလဲ ဦးလေးမောင်ရယ်"

"ရောက်ရင် တွေ့မှာပါ"

ဒါနဲ့ကျွန်မလည်း ဦးလေးမောင်နဲ့အတူ အိမ်ကိုလိုက်ခဲ့တယ်။

အိမ်ရောက်တော့. . .

"ဟင် . . . ငန်းတော်ကျားမြွေကြီး သေနေတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာမရယ်၊ ဒီငန်းတော်ကျားမြွေကြီးဟာ ဒီခြံထဲမှာနေတာပါ၊ တစ်ပတ်မှာ တစ်ခါ ကြက်ပေါက်စတစ်ကောင် ကျွေးခဲ့ပါတယ်၊ ဆရာမ ပြန်သွားပြီး တစ်လလောက်ကြာကတည်းက အစာသိပ်မစားတော့ဘူး၊ နောက်တော့ အစာလုံးလုံးမစားတော့ဘဲ လွန်ခဲ့တဲ့နှစ်ရက်က သေသွားခဲ့တယ်၊ ဆရာမလဲ ဒီမြွေကြီးရှိမှန်းသိပြီး ကြောက်ခဲ့တယ်မဟုတ်လား၊ အခုတော့ ဒီမြွေကြီးမရှိတော့လို့ အိမ်မှာ ကောင်းကောင်းမွန်မွန် နေလို့ရမှန်းသိအောင် ပြတာပါ"

ဦးလေးမောင်က သူ့အတွေးနဲ့သူ ခေါ်ပြပေမယ့် ကျွန်မမှာတော့ အိမ်မက်ထဲက ချစ်သူလား၊ ညှို့မျက်ဝန်းထဲက ချစ်သူလားဆိုတာ မဝေခွဲနိုင်ပေမယ့် ရင်ထဲမှာ ဆို့နင့်လာပါတယ်။

"ဆရာမ မရှိရင် လွမ်းလွန်းလို့ သေနိုင်တယ်"လို့ ပြောတဲ့ စကားသံကလေးကို ကြားယောင်မိပြီး အလွန်ပဲ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရတယ်။

ရင်ထဲမှာ ခံစားရလွန်းလို့ ကျွန်မရဲ့ပါးပြင်ပေါ်မှာ မျက်ရည်ဥတွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့ပါတယ်။

ကျွန်မပဲ ရူးသွပ်တာလား၊ တိုက်ဆိုင်တာလားဆိုတာ ဘယ်လို နားလည်ရမလဲ။

တကယ်တော့ မြွေမင်းသားလေးနဲ့ မထွေးလေးဟာ ဒဏ္ဍာရီထဲမှာ၊

ဒဏ္ဍာရီရဲ့ အခြားတစ်ဖက်မှာတော့ သူနဲ့ ကျွန်မပါ။

❐ မိုးငွေ



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈

ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်-ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင် သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စီပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉-၇၃၀၆၁၆၇၃ ၊ ၀၉-၅၁၉၉၃၆၈၊ ၀၉-၇၃၂၄၄၈၆၀၊ ၀၉-၇၃၂၄၄၇၁၇၊ ၀၁-၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com

# အဆင်ပြေခြင်း လျှို့ဝှက်ချက်

သူရိန်မိုး(မွေ့ရူတော)




ဘဝမှာ ပိုင်ဆိုင်မှုတွေ လက်လွှတ် ဆုံးရှုံးရပြီဆိုလျှင် လူတွေဟာ အဆိပ်မြားအစူးခံရတဲ့ သားသမင်လိုပဲ လူးလှိမ့်ခံစားရတတ်ပါတယ်။ ကြေကွဲခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ အိပ်ပျော် စားမဝင်မှုတွေကို ရင်ဝယ်ပိုက်ပြီး ခံနိုင်ရည်မဲ့နေတတ်ပါတယ်။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုတဲ့ စကားလုံးတွေနဲ့ မုန်းသူကို လက်ညှိုးထိုးပြီး သံသယတရားခံကို ရင်ဖွင့်နေတတ်တယ်။ကြက်ဥတစ်လုံးလောက်မှအတိမ်းအစောင်းမခံတဲ့ ဘဝထဲမှာ ဘဝတူတွေ အချင်းချင်း အလုပ်ချင်း၊ ဝင်ငွေချင်း တူကြပေမယ့်လည်း အဆင်မပြေချင်သူက အမြဲလိုလို အကြောင်းတွေပေါ်လာတတ်တယ်။ အကြောင်းပေါ်တိုင်း ငွေက လိုတယ်လေ။ ကြာလေ ကွာလေပေါ့။

ကာယကံရှင်အနေနဲ့ ဒီလိုအနေအထားမျိုးကို မနှစ်မြို့နိုင်တာတော့ အမှန်ပါ။ ခက်တာက ဘာကြောင့် ဒီအဆင်မပြေမှုတွေ ဆက်တိုက်ဖြစ်နေရတာလည်း ဆိုတာကို ခြေခြေမြစ်မြစ် မသိခြင်းပါပဲ။

ရွာက စိုးလေး ဆိုသူကတော့ အကြောင်းရင်းအမှန်ကို ဘဝနဲ့ရင်းပြီး သိသွားခဲ့ပါတယ်။

ရွာမှာ စိုးလေးဆိုရင် မသိတဲ့လူ ရှားပါတယ်။ အရပ်က မြင့်မြင့်၊ လုံးဝုံးတ



www.burmeseclassic.com

www.burmeseclassic.com

ခန့်ခန့်၊ လယ်နဲ့ ယာနဲ့ ကျွဲအုပ်ကြီးနဲ့ အတူ မိသားစုနဲ့ အဆင်ပြေပြေ နေနိုင်သူပါ။ ဒီနှစ်တွေထဲမှာတော့ စိုးလေးရဲ့ လုပ်ငန်းတွေ အရှုံးများနေပါတယ်။ ဘက်ပေါင်းစုံက ဟာကွက်မရှိအောင် ကြိုးစားလုပ်ဆောင်ပေမယ့်လည်း ရေကြီးတာနဲ့၊ အခါမဲ့မိုးနဲ့ တိုးတာနဲ့ အမျိုးမျိုးသော အကြောင်းတွေကြောင့် သူ့လယ်တွေ တအားရှုံးနေပါတယ်။ လူငှားခတောင် အနိုင်နိုင်ဖြစ်ပြီး ဝမ်းစာတောင် မကျန်တော့ပါဘူး။ ဒီကြားထဲမှာ ကျွဲကနာလိုက် လူကဖျားလိုက်နဲ့၊ အိမ်ရှင်မကလည်း ငါးယောက်မြောက်ကလေးကို ထပ်မွေးလိုက်ပြန်တယ်။ လယ်ရှုံးလိုက် ကျွဲရောင်းပြီး ဖြည့်လိုက်နဲ့ ကျွဲအုပ်လည်း ခပ်ပါးပါးပဲ ရှိတော့တာပါ။ ဒါကြောင့်လည်း စိုးလေး အကြွေးတစ်ခု ထုတ်နေပါတယ်။

ဒီလယ်နဲ့ ဒီကျွဲအုပ်ကိုလည်း သူကိုယ်တိုင် ရွေးချယ်ယူခဲ့တာပါ။ သူတို့မှာ မောင်နှမ သုံးယောက်ပဲရှိပါတယ်။ ဒါကြောင့်လည်း မိဘတွေ ဆုံးပါးသွားတဲ့ အချိန်မှာ သူ့အစ်မနှစ်ယောက်က အငယ်ဆုံးသားဖြစ်သူ စိုးလေးကို ရွေးချယ်ခွင့်ပေးခဲ့တာပေါ့။ ကျန်ရစ်ခဲ့တဲ့ မိဘအမွေတွေကို သုံးပုံခွဲပြီး နှင်ကြိုက်တာယူပါလို့ ဦးစားပေးခဲ့ပါတယ်။ စိုးလေးက လယ်မြေ ဧက(၂၀)နဲ့ ကျွဲတစ်အုပ်ကို လိုလိုလားလားယူခဲ့တာပါ။ အစ်မလတ်က တောင်ပေါ်ခြံကိုယူတယ်။ အစ်မကြီးကတော့ လက်ရှိအိမ်ခြံနဲ့ အတွင်းပစ္စည်းတွေ ယူခဲ့ပါတယ်။

အခုလို အလုပ် အကိုင်တွေ ဆက်တိုက် အဆင်မပြေဖြစ် လာတော့ စိုးလေးတစ်ယောက် အကြွဲဆိုးတွေထုတ်နေပါပြီ။ သူတို့မောင်နှမတွေ အမွေခွဲစဉ်က ဦးလေးဖြစ်သူကိုပဲ သက်သေထားပြီး ခွဲဝေခဲ့ကြတာပါ။ လူကြီးနဲ့ စာချုပ်စာတမ်းနဲ့ လုပ်ခဲ့တာ မဟုတ်ပါဘူး။ ခုတော့ ဦးလေးဖြစ်သူကလည်း ဆုံးသွားပြီဆိုတော့ အကြွဲဆိုးကို စတင်အကောင်အထည်ဖော်ဖြစ်ခဲ့ပါပြီ။

လက်ရှိ လူကြီးအိမ် သွားပြီး အမျိုးမျိုးလုပ်ကြံဆွေးနွေးတော့တာပေါ့။ နောက်ဆုံးမှာ အစ်မတွေကို လူကြီးအိမ်က ဆင့်ခေါ်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ အခုချိန်မှာ စိုးလေး လိုချင်နေတာက တောင်ပေါ်ခြံကြီးကိုပါ။ ခြံထဲမှာက ဒူးရင်းသီး၊ တညင်းသီး၊ ကြက်မောက်သီး၊ လက်ဖက်၊ ကွမ်းသီး အမျိုးစုံထွက်တယ် မဟုတ်လား။ စိုးလေး မိန်းမကလည်း ဒါကို မျက်စိကျနေတာ ကြာခဲ့ပါပြီ။ အစ်မလတ်ရဲ့ လက်ထဲမှာမှ ခြံကပိုပြီး တိုးတက်လာတာပါ။ ရေကြီးလည်း ပြဿနာမရှိနိုင်ဘူး။ အချိန်တန်ရင် ခူးရောင်းရုံဆိုတော့ စိုးလေးရဲ့ ဝိသမလောဘတွေ တောင်ပေါ်ရောက်ကုန်တာပေါ့။ လူကြီးအိမ်မှာ စိုးလေးက ပြောတယ်။

"ဒီလယ်ကို ငါ မလုပ်ချင်တော့ဘူး၊ ဒီလယ်နဲ့ ကျွဲအုပ်ကို နင်တို့ယူကြ၊ ငါ့ကို တောင်ပေါ်ခြံပေးပါ" တဲ့။

စိုးလေးတို့ လင်မယားကသာ အမြင်မကြည်ဖြစ်နေတာ။ အစ်မတွေကတော့ မောင်လေးကို ချစ်ရှာပါတယ်။ စိုးလေးဖြစ်ချင်တဲ့ ဆန္ဒအတိုင်း မလတ်က သဘောထားကြီးစွာနဲ့ လဲလှယ်ခွင့်ပေးခဲ့ပါတယ်။ စဉ်းစားကြည့်ရင်တော့ အတော် မတရားတဲ့ကိစ္စပါ။ သူလုပ်ထားလို့ လယ်တွေ ရေငန်ဝင်အုပ်လို အုပ်၊ ကျွဲတွေလည်း သေတာ တစ်မျိုး ရောင်းတာက တစ်ဖုံ၊ ကုန်လုနီးနီး ဖြုန်းတီးထားပြီးမှ ဒါ ငါမလိုချင်တော့ဘူး ငါ့ကို တောင်ပေါ်ခြံပေးဆိုတော့ တော်ရုံမောင်နှမစိတ်ဓာတ်နဲ့ဆို ပွဲကြီးပွဲကောင်းပေါ့။

စိုးလေးက သူ့အလုည့်ကျတော့ စာချုပ်စာတမ်းနဲ့ကို လုပ်ပစ်တာ။ အစ်မလတ်က အိမ်မှာ ဩဇာရှိလို့ တော်သေးတာပေါ့။ မလတ် ယောက်ျားနဲ့ ကလေးတွေဆိုရင် အတော့်ကို မကျေမနပ် ဖြစ်နေကြတာ။ သူတို့ သားအဖတွေ ကုန်းရုန်းပြုစုလို့ သီးနှံအထွက်ကောင်းလာမှ သူများလက်ထဲ ထည့်ပေးရတယ်ဆို

တော့ မလတ်ကို မပြောသာလို့ ငြိမ်... ရပေမယ့် စိုးလေးအပေါ်မှာတော့ ... တီးသွားကြပါပြီ။

မလတ်ကလည်း ဒီခြံကြီး ... ပေးလိုက်ရလို့ ဘာမှ မတွန့်တိုပါ... သူ့စိတ်မကောင်းဖြစ်နေတာက ... အိမ်က ခေါ်ပြောမှ ဒီခြံကို ရလိမ့်... လို့ထင်တဲ့ သူ့မောင်ရဲ့ စိတ်ဓာတ်ကို... နေရတာပါ။ အစ်မတွေအိမ်ကိုလာ... အကျိုးသင့် အကြောင်းသင့်ပြော... ရပါရက်သားနဲ့ ဒီလိုလုပ်ရကောင်း... ဆိုပြီး ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်။

ခံစားရတဲ့ မလတ်က သူ့... သူ့သားတွေကို ငြိမ်အောင် ထိန်း... ပေမယ့် အချောင်ရတဲ့ စိုးလေးက... မိန်းမ သူ မထိန်းနိုင်ခဲ့ပါဘူး။ တဲ... တိုင်လိုတာကြောင့် တစ်ချိန်က သူ... ဖြစ်ခဲ့တဲ့ တောင်ပေါ်ခြံမှာ မလ... သားတွေ မျောတိုင်သုံးလုံး သွား... တယ်။ ဒါကို စိုးလေးမိန်းမက ... မပေးဘဲ မောင်းထုတ်ခဲ့ပါတယ်... မှာ ကလေးတွေ ပေါက်ကွဲကုန်... ကလေးတွေ ဘယ်လိုပင် ပေါ... နေပေမဲ့ မလတ်ကတော့ တစ်ဦး... သော သူ့ရဲ့မောင်လေးကို မေတ္တာ... ပါဘူး၊ သူ့မိန်းမရှေ့မှာ သူ့မောင်... နှာငယ်ခံရမှာ စိုးလို့ အပြင်ကပဲ ... ဝယ်ပြီး တဲကို ပြုပြင်ခဲ့ပါတယ်။

မိခင်ကြီးဆုံးခါနီးမှာ ပြော... တဲ့ စကားကို မလတ်မမေ့ပါဘူး။

"သမီး နင်တို့မောင်လေး... စိုက်ကြ၊ သူက ခုနစ်လနဲ့ မွေး... ဦးနှောက်ကပြည့်ချင်မှ ပြည့်မယ်... တွေ သားတွေ ဆိုတာ အစား... ရတယ်၊ မောင်နှမဆိုတာ အစား... ကွယ့်"

အစ်မတွေ ဘယ်လိုပင်ခွင့်... ပေမယ့် ကံကြမ္မာက စိုးလေး... မလွတ်ပါဘူး။ ခြံကြီးထဲက ဒူးရင်း... တညင်းတွေ ဖူးပွင့်တာကို ... စိုးလေး ပီတိဖြာနေစဉ်မှာပဲ ... တောင်တန်းကြီးတစ်ခုလုံး ...





www.burmeseclassic.com

www.burmeseclassic.com

နှာမောင်း ဝင်မွှေပါလေရော။ လေလမ်းကြောင်းက စိုးလေးခြံကို ဖြတ်သွားတာမို့ အပွင့်တွေ အကင်းတွေ ကုန်သွားရုံမက အားထားတဲ့ အပင်ကြီးတွေပါ အမြစ်က ကျွတ်ထွက်ကုန်ပါပြီ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတယ်ပဲ ပြောရမှာပေါ့။

လူဆိုတာ အကျိုးမပေးချင်ရက် နွားသိုးမွေးတာတောင် မတွန်ပါဘူးတဲ့။ အခုလည်း စိုးလေး ဒီကိန်းဆိုက်နေပါပြီ။ နောက်ဆုံးကြံရာမရတာနဲ့ ခြံကို ရောင်းမယ်ဖြစ်လာတာပဲ။ တဲတိုင်လေး သုံးလုံး ပေးဖို့ နှမြောခဲ့တဲ့ စိုးလေးမိန်းမ အခု တော့ သွေးတက်နေပါပြီ။ ဆန်မရှိ အစားကြီးလိုက်ပုံက ခြံကို ရောင်းချင်း ရောင်းလျှင် သူစိမ်းကိုပဲ ရောင်းမယ်ဆို ပါလား။

ဒီသတင်းကို မကြီးနဲ့ မလတ် ကြားတော့ ခေါင်းချင်းဆိုင်ရပြန်တာပေါ့။ မိဘအမွေအနှစ်ကို သူများလက် ထဲ အရောက်မခံချင်ကြပါဘူး။ ဒါနဲ့ပဲ အခြားတစ်ယောက်ကို တစ်ဖက်လှည့်နဲ့ ခိုင်းပြီး ဒီခြံကို သူတို့နှစ်ဦး စပ်တူဝယ်ခဲ့ ရပြန်တယ်။ အခုတော့ ခြေမဲ့လက်မဲ့ စိုး လေးတို့ မိသားစု ရှိတာလေး ထိုင်စား ပြီး မကြာခင်မှာပဲ ထိုင်းနယ်စပ် မြဝတီ မြို့ကို ထွက်သွားတယ်လို့ သတင်းကြား ရတာပါပဲ။ အစ်မတွေကိုလည်း ဘာမှ လာပြီး တိုင်ပင်တာမျိုးလည်း မရှိခဲ့ပါ ဘူး။ အဲဒီကနေစပြီး စိုးလေးတို့ မိသားစု ရွာက သုံးနှစ်လောက် ပျောက်သွားပါ တယ်။

ရာသီဥတု သာယာတဲ့ နွေနေ့ လယ်ခင်း တစ်နေ့မှာ သူတို့ မိသားစု ရွာကိုပြန်ရောက်လာကြပါတယ်။ မိသား တစ်စုလုံး အစ်မကြီးအိမ်ကို တိုက်ရိုက် တတ်တက်လာကြပါပြီ။ ကလေးတွေရဲ့ နွမ်းပါးနေပုံကို ကြည့်ပြီး အစ်မကြီးက မျက်ရည်လည်နေပါတယ်။ သူ့မောင် ပြန်ရောက်တယ် သတင်းကြားတာနဲ့ မလတ်ကလည်း အပြေးတစ်ပိုင်း ပေါက် ချလာပါတယ်။ ဒီတစ်ခါတော့ စိုးလေး အမြင်မှန် ရသွားပါပြီ။ သူ့ ကံကြမ္မာကို လည်း သူ သဘောပေါက်သွားပါပြီ။ လူစုံမှ စိုးလေး ရင်ဖွင့်ပြပါတယ်။

"အစ်မတို့ရယ် ကျွန်တော်တော့ လောကကြီးကို အတော်စိတ်ကုန်သွားပြီ ဗျာ၊ ကျွန်တော်လဲ အလုပ်မှန်သမျှ ကုန်း ရုန်းလုပ်တာပဲ၊ ဒါပေမဲ့ အဆင်မပြေ ဘူးဗျ၊ ကလေးက ဖျားလိုက် လူကြီးက ဖျားလိုက်နဲ့ ဘာတွေ ဖြစ်နေမှန်းကို မသိ တာပါ၊ အဲဒီတော့ အစ်မတို့ ကျွန်တော့် ကို တစ်ခုကူညီပါ၊ ကျွန်တော့် မိန်းမနဲ့ ကလေးတွေကို အစ်မတို့ပဲ တာဝန်ယူ ပေးကြပါတော့၊ ကျွန်တော် ဘုန်းကြီး ဝတ်တော့မယ်၊ ကျွန်တော် ပြုခဲ့သမျှ အမှားတွေကိုလဲ ခွင့်လွှတ်ပေးကြပါ" ဆိုပြီး ကုန်းကုန်းပြီး ကန်တော့နေပါ ကောလား။

ဒါနဲ့ပဲ အစ်မတွေက ချော့မော့ ဖျောင်းဖျရတာပေါ့။ ကလေးတွေက ငယ်သေးတယ် မဟုတ်လား။ ဒီလိုနဲ့ အစ်မကြီးအိမ်မှာ တင်ကျွေးထားရပြန် တယ်။ ယောက်မကို ကြည့်မရပေမယ့် မောင် မျက်နှာက ရှိသေးတယ်လေ။ ကြည့်နေလို့ မရတဲ့အဆုံး အစ်မတွေ တိုင်ပင်ပြီးတော့ သူတို့ ပြန်ဝယ်ထားတဲ့ တောင်ပေါ်ခြံကို တစ်ဝက်ခွဲပေးပြီး၊ လယ် (၁၀)ဧကပါ ပေးလိုက်ပါတယ်။ နေဖို့ အိမ်ပါ အဆစ်ဆောက်ပေးလိုက် ရသေးတယ်။

မကြီးနဲ့ မလတ်ရဲ့ လင်တွေ၊ သားတွေ ဆောက်ထားပေးတဲ့ အိမ်ပေါ် မှာ စိုးလေးမိန်းမတစ်ယောက် မျက်နှာ ပူပူနဲ့ပဲ တက်နေရပါပြီ။ တိုင်သုံးလုံးကိစ္စ ကို ကလေးတွေက အနာဂတ် မထား ကြပါဘူး။ အမိက ကတော့ မိဘတွေ ကောင်းလို့ပါပဲ။ "ဉာတကာနဥ္စ သင်္ဂဟော" ဆိုတာ မိသားစုတိုင်း ရှိသင့်တဲ့ ကိစ္စပါ။

အဲဒီနောက်ပိုင်း စိုးလေး အဆင် ပြေသွားပါပြီ။ ခိုင်းစရာမရှိဘူးဆိုလို့ မလတ်ပြန်ပေးလိုက်တဲ့ ကျွဲသားမိ တစ် တွဲကလည်း ပွားတာ ရက်စက်ဇာပေါ့။ ခုတော့ သူတို့ မိသားစုလေး တည်ငြိမ် သွားပါပြီ။ စပါးကလည်းထွက်၊ ကျွဲက လည်းမနာ၊ လူတွေလည်း မဖျားတော့ ပါ။ အခုမှပဲ စိုးလေးတစ်ယောက် ဘုရား သွားကျောင်းတက် လုပ်ခွင့်ရခဲ့ပါတယ်။

ဝါဆိုလပြည့် ဥပုသ်နေ့မှာပေါ့ သူ့ သူငယ်ချင်းတွေကို စိုးလေးတစ် ယောက် စိတ်လိုလက်ရ ပြောပြခဲ့ပါ တယ်။

"ဟိုးအစကတည်းက ငါဟာ အစ်မတွေ အပေါ်မှာ တစ်ချက်မှ မကောင်းခဲ့ပါဘူး၊ သူတို့တွေ မြန်မြန် သေကုန်ရင် ကောင်းမှာပဲလို့ ငါ အမြဲ တောင့်တခဲ့မိတယ်၊ ဒီတော့မှ အမွေ တွေအားလုံး ငါရမှာလေ၊ အဲဒီလောက် ထိ လောဘတွေ ဖိစီးခဲ့တာပါ၊ ယုတ်စွ အဆုံး တူ တူမတွေကိုတောင် ငါ တစ်ခါ မှ ယုယုယယ ထွေးပိုက်မှု မပြုခဲ့ရဘူး၊ မစ္ဆရိယတွေပဲ ပွားနေခဲ့တာ၊ အခုတော့ ငါ့စိတ်တွေ ပြောင်းသွားပြီ၊ စိတ်တွေ ပြောင်းသွားမှပဲ အဆင်ကပြေလာတော့ တယ်၊ တကယ်တော့ ဟိုတုန်းက ငါ တစ်ခုပြီးတစ်ခု ပျက်စီးနေတာ ကံ မကောင်းတာ မဟုတ်ဘူးကွ၊ စိတ် မကောင်းတာဘဲဖြစ်ရမယ်၊ စိတ်ကောင်း သွားမှပဲ ကံက ပြောင်းလာတာ၊ စိတ် ပုပ်ထားလို့ ကံယုတ်နဲ့ ငြားတယ်ဆိုတာ ငါတော့ လက်တွေ့ပဲဟေ့"

ဟုတ်ပါတယ်။ ဘဝမှာ ကာမ ဂုဏ် အာရုံတွေ လက်လွှတ်ဆုံးရှုံးရပြီ ဆိုလျှင် လူတွေဟာ အဆိပ်မြား အစူး ခံရတဲ့ သားသမင်လိုပဲ လူးလှိမ့်ခံစားရ တတ်ပါတယ်။ ဘယ်သူ့ကြောင့် ဘယ် ဝါ့ကြောင့်ဆိုတဲ့ စကားလုံးတွေနဲ့ မုန်းသူ ကို ရန်ငြိုးဖွဲ့ပြီး ချစ်သူကို ဖြေဆေးထိုး နေတတ်ပါတယ်။ အာဃာတတွေ ဖယ် ရှားလိုက်မှပဲ အဆင်ပြေခြင်းလမ်းစကို တွေ့ခဲ့ရပါတယ်။ မကြီး၊ မလတ်တို့ရဲ့ ရင်ထဲက မိသားစုစိတ်ဓာတ်တွေကိုသာ ဆေးဖော်လို့ရခဲ့မယ်ဆိုရင် သောက်ရေ သန့်စက်ထဲ ရောထည့်လိုက်ချင်ပါရဲ့၊ အားလုံး အဆင်ပြေကြပါစေ..။

❐ သူရိန်နီ (ရွှေဘ)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော အနှစ် သုံးဆယ်လောက်က ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်တော် ကျောင်းဆရာဖြစ်နေပေပြီ။ တစ်ဆက်တည်းမှာပင် စာရေးဆရာ ပေါက်စလေး ဖြစ်ပါသည်။ ကျွန်တော်သည် မည်သည့်ကိစ္စကိုမဆို စာပေအမြင်နှင့် ကြည့်တတ်သည်။

ထို့ကြောင့်ပင် ကျောင်းဆရာ သူငယ်ချင်းများက "ပြောင်းပြန်" ဟု အမည်ပေးခြင်းကို ခံရပါသည်။



# ပြုံးပန်းများဝေနိုင်ပါ

တက္ကသိုလ်ကြည်ငြိမ်သ

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ခေါ်ဝေါ်ခြင်းကို ကျွန်တော် သဘောခပ်ကျကျ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူများတွေက အတည့်ကြည့်လျှင် သူများနှင့်မတူ ကျွန်တော်က ပြောင်းပြန်ကြည့်တတ်သည်။ ပြောင်းပြန်မြင်တတ်သည်။

ကျွန်တော့် အတွေးအခေါ်များသည် ပြောင်းပြန်ဖြစ်ရုံမက ကတ်သီးကတ်သတ်လည်းနိုင်သည်ဟု ဆိုကြပြန်သည်။

ဥပမာ- လူရည်ချွန်စာမေးပွဲဖြေရန် လူရွေးကြသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေး၊ ပညာရေးတွေ မေးသူက မေးကြ၊ ဖြေကြသည်။ ကျွန်တော်က နောက်ဆုံးတစ်ခုသာမေးသည်။

"အရုပ်ဆိုးတဲ့ ငှက်တစ်ကောင်ရှိတယ်ကွာ၊ အဲဒီငှက်ရဲ့ နာမည်ကို ပြောင်းပြန်လှန်လိုက်ရင် မြို့တစ်မြို့ရဲ့ အမည်ဖြစ်သွားရော၊ အဲဒီငှက်က ဘာငှက်ဖြစ်ပြီး မြို့က ဘာမြို့ဖြစ်မလဲ"

မည်သူ တစ်ဦးတစ်ယောက်မှ ဖြေနိုင်စွမ်းမရှိပါ။ ဖြေနိုင်စွမ်းမရှိသည့်အပြင် ကျွန်တော့်ကိုပင် ဂိုဏ်းရိုက်လာပါသည်။

"ဆရာ သက်သက်မေးတာ၊ မဟုတ်တာကို မေးတာ"

နောက်ဆုံးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းရီ (ယခုကွယ်လွန်) ဆီသို့ ရောက်သွားပါတော့သည်။ ဆရာမကြီးသည် ပြုံး၍ ကျွန်တော့်ကို ခေါ်မေးပါသည်။

"ဆရာမကြီး ပဟုသုတကို မေးပါလို့ ပြောလို့ ကျွန်တော် မေးတာပဲ၊ ပဟုသုတဆိုတာ အကန့်အသတ်မှ မရှိတာကိုး"

"ကဲ ဒါတော့ဟုတ်ပါပြီ၊ ဆရာမေးတာကို ပြန်ဖြေပါဦး"

"ကျွန်တော်မေးတာက ရှင်းပါတယ်၊ အရုပ်ဆိုးတဲ့ငှက်တစ်ကောင်ဆိုတာ (လင်းတ) လဒပေါ့၊ အဲဒီငှက်ရဲ့ အမည်ကို ပြောင်းပြန်ပြန်လိုက်တော့ လဒက ဒလဖြစ်သွားတယ်လေ၊ လင်းတ (လဒ)ကနေ ဒလ ဖြစ်သွားတာပေါ့ ဆရာမကြီးရယ်"

"ဆရာ တတ်လဲ တတ်နိုင်တယ်"

ဆရာမကြီးသည် ရယ်နေပါတော့သည်။ ကျွန်တော် အဲဒီလောက် ဂျစ်ကျသည်ကို ဆိုလိုပါသည်။

နောက် ဆရာမကြီး တစ်ဦး ပြောင်းသွားသည်။ နောက်ရောက်လာသူက တာမွေအ. ထ. က(၃)မှ ဆရာမကြီး ဒေါ်စမ်းမေ ဖြစ်သည်။ ဒေါ်စမ်းမေသည် အရမ်းစည်းကမ်းကောင်းသူဖြစ်ကြောင်း ကျွန်တော်တို့ ကြားနေရသည်။ ဒေါ်စမ်းမေ ပြောင်းလာပြီး နောက်တစ်နေ့မှာပင် ဟောခန်းထဲ၌ ဆရာ၊ ဆရာမများ အစည်းအဝေးခေါ်သည်။ အစည်းအဝေးတွင် ဆရာ၊ ဆရာမများ အားလုံး ငြိမ်နေခိုက် ဦးမျိုးမြင့်သောင်း (ယခု စာပေဗိမာန်အဖွဲ့ စာတည်း)က ရယ်ပါတော့သည်။ ဆရာမကြီးဒေါ်စမ်းမေ (ယခုကွယ်လွန်) သည် ခပ်ကြောင်ကြောင် ကြည့်နေရာမှ ဦးမျိုးမြင့်သောင်းကို မေးပါသည်။

"ဆရာ့နာမည် ဘယ်သူလဲ၊ ဘာကြောင့် ရယ်တာလဲ"

"ကျွန်တော့်နာမည် မျိုးမြင့်သောင်း၊ ဘာရယ်တာလဲလို့ ပြောရအောင် ကျွန်တော်ရယ်တာ ဆရာမကြီးနဲ့ ဘယ်လိုဆိုင်သလဲ၊ အစည်းအဝေးမှာ မရယ်ရဘူးလို့ စည်းကမ်းချက် ထုတ်ထားတာ မပါဘူး"

ဦးမျိုးမြင့်သောင်းက ဆရာမကြီးကို ကောပါတော့သည်။ ဆရာမကြီးကလည်း ဘာမှ မပြောတော့ဘဲ အခြားကိစ္စကိုသာဆက်ပြီး ဆွေးနွေးပါသည်။ ဦးမျိုးမြင့်သောင်းကိစ္စ ပြီးသွားပြီဟု အများက ထင်သော်လည်း ကျွန်တော်က မပြီးပါ။ ဒီလောက် စည်းကမ်းကြီးတယ်လို့ နာမည်ကြီးနေတဲ့ ဆရာမကြီး ကျွန်တော်နည်းနည်းတော့ ကောလိုက်ချင်သည်။

"ဆရာမကြီးခင်ဗျား ဦးမျိုးမြင့်သောင်း ရယ်တာကို ဆရာမကြီးက ဘာလုပ်ရယ်သလဲလို့ မေးတယ်၊ ဦးမျိုးမြင့်သောင်းက အစည်းအဝေးမှာ မရယ်ရဘူးလို့ စည်းကမ်းချက်ထုတ်မထားဘူးလို့ ပြန်ဖြေပါတယ်၊ အဲဒါ ကျွန်တော်တို့ ရယ်နိုင်ပါသလား မရယ်ဘဲနေရမှာလား"

ကျွန်တော် တမင်သက်သက်ကတ်၍ မေးမှန်း အပေါင်းအသင်းများက သိသည်။ ပြုံးစိစိဖြင့် ကျွန်တော့်ကို လှည့်ကြည့်ကြသည်။

"ဆရာ့နာမည် ဘယ်သူလဲ"

"ကျွန်တော် ဦးချစ်ဆွေပါ၊ ခုနကိစ္စလေးသာ ကျွန်တော့်ကို တစ်ဆိတ်လောက် ရှင်းပေးပါ"

ဤသို့ဖြင့် ဆရာမကြီးဒေါ်စမ်းမေကို ခေါင်းခဲအောင် ပြုလုပ်ဖူးသည်။ နောင်သောအခါ တကယ်ပင်စည်းကမ်းရှိကြောင်း တွေ့လာရသဖြင့် ဆရာမကြီးဒေါ်စမ်းမေကို လေးစားသူများ စာရင်းတွင် ကျွန်တော်က နံပါတ်တစ် ဖြစ်လာလေသည်။

ကျွန်တော့် တစ်သက်တာတွင် ဒေါ်စမ်းမေလို ဆရာမကြီးမျိုး နောက်ထပ်မတွေ့နိုင်ဟုပင် ကျွန်တော်ဒေါ်စမ်းမေအပေါ်တွင် လေးစားကြည်ညိုမိပါတော့သည်။

ထိုသို့ဖြင့် ကျွန်တော်သည် မရောက်တာ ကြာပြီဖြစ်သောနေရာဟောင်းကို လွမ်းသဖြင့် ပြန်ရောက်လာပါသည်။ နေရာဟောင်း ဆိုသည်မှာ စာရေးဆရာအသိုင်းအဝန်းပင် ဖြစ်သည်။

ကျွန်တော် ဆရာတည်ကြည်အိမ်ရောက်သွားသောအခါ လူသုံးလေးယောက်လောက်စုံညီနေသည်ကို တွေ့ရသည်။ ဆရာတည်ကြည် ဆိုသည်မှာ သထုံတည်ကြည်ပင်ဖြစ်သည်။ ကျွန်တော်တို့က အတင်းသထုံ ဖြုတ်ခိုင်းသဖြင့် သထုံတည်ကြည်မှ တည်ကြည်ဖြစ်သွားခြင်း ဖြစ်ပါသည်။

မောင်မောင်ဖြူ၊ ဆရာအောင်မိုး (သင်္ဃန်းကျွန်း စာပေလုပ်သားအဖွဲ့ အတွင်းရေးမှူး၊ ယခုကွယ်လွန်) နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၊ ဆရာတည်ကြည်။ ထိုအချိန်က ဆရာတည်ကြည် ဇနီးဆရာမမှာ အိမ်ထဲတွင် ထမင်းချက် ဟင်းချက် လုပ်နေသည်။ ဆရာမအမည်မှာ ဒေါ်ခင်နှင်းမြင့် ဖြစ်သော်လည်း ဆရာတည်ကြည်က ကုလားမဟု ခေါ်သဖြင့် ကျွန်တော်တို့လည်း ကုလားမဟုပင် ခေါ်ဝေါ်သုံးစွဲနေကြသည်။

"ကိုချစ်ဆွေ ကျွန်တော်တို့တော့ အားလုံး ဗေဒင်ကြည့်ပြီးပြီ၊ ခင်ဗျားပဲ ကျန်တော့တယ်"

ဆရာတည်ကြည်က ကျွန်တော့်ကို လှမ်းပြောသည်။ ဆရာအောင်မိုးကလည်း ဝင်ပြောပြန်သည်။

"ကျွန်တော်လဲ ဗေဒင်တစ်ခါမှ မကြည့်ဖူးပါဘူးဗျာ၊ အခုကျမှပဲ ဗေဒင်ကြည့်ဖြစ်တော့တယ်"

ကျွန်တော်သည် ဆရာအောင်မိုး မျက်နှာကို တစ်လှည့် ဆရာတည်ကြည်မျက်နှာကိုတစ်လှည့် ကြည့်လိုက်သည်။

သူတို့သည် အပြောင်အပြက် ပြောနေခြင်းမဟုတ်။ အတည်ပြောနေကြခြင်း ဖြစ်သည်။

"နေပါဦး၊ ဘယ်မှာသွားကြည့်တာလဲ၊ ဗေဒင်ဆရာက ဘယ်သူလဲ"

ကျွန်တော်က အငမ်းမရမေးလိုက်သည်။ သူတို့ မျက်နှာများမှာ ကိုမောင်မောင်ဖြူဆီသို့ ရောက်သွားကြသည်။

"ဗေဒင် မဟုတ်ပါဘူး၊ လက္ခဏာပါ"

"ခင်ဗျားက ကြည့်တတ်လို့လား"

"ခင်ဗျားက သူ့ကို အထင်သေးတာကိုး၊ ယနေ့ တကယ့်နာမည်ကြီးတွေ သူ့ဆီလာလာနေကြတယ်၊ ကိုမောင်မောင်ဖြူ ပြောလိုက်စမ်းပါ"

ဆရာတည်ကြည်က ဝင်ပြောလိုက်သည်။

ကိုမောင်မောင်ဖြူကတော့ ဘာမှမပြောဘဲ ရယ်၍သာ နေသည်။

"ကဲ ဆရာဖြူ သူ့ကို ကြည့်ပါဦး"

ဆရာအောင်မိုးက ပြောလိုက်သည်။ ကျွန်တော်သည် လက်ကိုနောက်သို့ ရုပ်လိုက်သည်။

မည်သည့်အခါကမျှ ကျွန်တော် လက္ခဏာ မကြည့်ဖူးပါ။ ထို့ကြောင့် လက်ကို ရုပ်လိုက်ခြင်း ဖြစ်သည်။

"ကဲ ကိုချစ်ဆွေ၊ ခင်ဗျား လက်မထုတ်ရင်တော့ ကျွန်တော်နဲ့ ကိုအောင်မိုး အတင်းဆွဲထုတ်ရလိမ့်မယ်၊ ဘယ့်နှယ်လဲ"

ဆရာတည်ကြည်က ကျွန်တော့်ကိုပြောသည်။

ကျွန်တော်က ကိုအောင်မိုးကို လှည့်ကြည့်ပြန်သည်။ ဆရာ အောင်မိုးပုံကလည်း တကယ်လုပ်မည့်ပုံ ပေါ်နေသည်။

"ကဲ ဒီလိုဆိုရင်လဲ ကြည့်ဗျာ"

ကျွန်တော်သည် လက်နှစ်ဖက်စလုံးကို ကိုမောင်မောင်ဖြူရှေ့သို့ ချပေးလိုက်သည်။

"အေး ဒီလိုမှပေါ့"

ဆရာတည်ကြည်က ကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။ ကိုမောင်မောင်ဖြူသည် ကျွန်တော့်လက်နှစ်ဖက်ကို ကိုင်၍ ပထမ ဘယ်ဘက်လက်ကို ကြည့်သည်။ ထို့နောက် ညာဘက်လက်ကို ကြည့်သည်။

သူ ညာဘက်လက်ကို ကြည့်နေသည်မှာ တော်တော်ကြာသည်ဟု ကျွန်တော် ထင်သည်။ သူ့နှုတ်မှ အရေးအကြောင်းများပင် တွန့်လာသည်။ ပြီးမှ အောင့်ထားသော လေကို မှုတ်ထုတ်လိုက်သည်။

"ခင်ဗျားကို တစ်ခုပဲ ပြောချင်တယ်"

"ပြောချင်တာ ပြောဗျာ"

"ခင်ဗျား သေလိမ့်မယ်"

"ဗျာ ဘယ်လို"

"ကျွန်တော် စိတ်မကောင်းပါဘူး ကိုချစ်ဆွေ၊ ခင်ဗျား ခြောက်လအတွင်းမှာသေလိမ့်မယ်၊ ခင်ဗျားကို ကျွန်တော် တည့်တည့်ဟောတာနော်၊ ဒါမှ ကိုယ် မသေခင် ခင်ဗျား လုပ်စရာတွေရှိရင် လုပ်သွားရအောင်"

"ဟုတ်ကဲ့လား ဆရာဖြူရယ်… သေသေချာချာ ပြန်ကြည့်ပါဦး"

ဆရာတည်ကြည်က စိတ်မသ… မသာနှင့် ပြောသည်။ ကိုမောင်မော… ဖြူကတော့ သူ့လက္ခဏာဟောကိန်း… စိတ်ချယုံကြည်စွာဖြင့် ပြောသည်။

"ထပ်ကြည့်စရာ မလိုဘူး ကိုချ… ဆွေ၊ ကိုယ်က ကြိုကြိုတင်တင် သိထား… တော့ ပြင်ဆင်နိုင်တဲ့ သဘောပေါ့"

ကျွန်တော်သည် တစ်သက်တာ… တွင် ယခုလို လက္ခဏာအပြောခံရမည်… ဆိုသည်ကို စဉ်းတောင်မစဉ်းစားခဲ့… ဆရာတည်ကြည်နှင့် ဆရာအောင်မိုးတို့… မျက်နှာများ၌ ဆီးရွက်လောက်သာ… တော့သည်။

"ကဲ ပြန်မယ်ဗျာ"

ဆရာတည်ကြည်နှင့် ဆရာ… အောင်မိုးတို့သည် တားရကောင်းမှန်း… မသိတော့။ ကြောင်၍သာ ကျွန်တော်… ကို ကြည့်နေသည်။ မည်သည့်စကား… မဆိုကြပေ။

ကျွန်တော်သည် ဆရာမောင်… မောင်ဖြူကိုပင် နှုတ်မဆက်တော့ဘဲ… အိမ်ပေါ်မှ ဆင်းလာသည်။ ဒုက္ခနှင့် … ဆိုင်တွေ့သောအခါ မိဘကို ဦးစွာ… သတိရလိုက်သည်။ ကျွန်တော့်မိခင်… ကွယ်လွန်သွားရှာပြီ။ ဖခင်တစ်ဦးတည်း… သာရှိသည်။ ထို့ကြောင့် ဖခင်အိမ်သို့… ဦးတည်ကာသွားလိုက်သည်။

အဖေသည် ကျွန်တော် ပြော… သည်ကို နားထောင်နေသည်။ ပြီးမှ … စကားဆက်ပြောသည်။

"သေမယ်ဆိုတာ လူတွေအမှ… တမဲ့နေကြလို့ပါ၊ အားလုံးက သေမှ… တွေပဲဟာ သေကြမှာပဲလေ၊ ကိုယ်… မသေခင်မှာ လောဘ၊ ဒေါသ၊ မောဟ… တွေကို တတ်နိုင်သလောက် ချုပ်ငြိမ်း… အောင်လုပ်၊ ဒါန သီလ ဘာဝနာ တ… ကို များများအားထုတ်ပေါ့ကွာ၊ အဲ… သဖြင့် ဝိပဿနာတရားကို အားထုတ်…



www.burmeseclassic.com

www.burmeseclassic.com

ပေ့၊ သူပြောတဲ့အတိုင်း ဟုတ်ချင်လဲ ဟုတ်မယ်၊ ဟုတ်ချင်မှလဲ ဟုတ်မယ်၊ ဒါပေမဲ့ တစ်နေ့ တို့ ဒီလမ်းကိုသွားရမှာပဲလို့ နှလုံးသွင်း”

အဖေက ဒါပဲ ပြောပါသည်။ သူ့အတွက် နောက်ထပ်ပြောစရာမရှိတော့ပါ။ ကျွန်တော်သည် ထိုကိစ္စကို အိမ်ပြန်ရောက်လျှင် မပြောမိရန် အထူးသတိထားရပါသည်။ ကျွန်တော်သည် လူပျို မဟုတ်ပါ။ ဇနီးနှင့် သား နှစ်ယောက် ရှိပါသည်။

သားနှစ်ယောက်မှာ အကြီးကောင်က သုံးနှစ်သား။ အငယ်ကောင်က တစ်နှစ်သားပင် ရှိပါသေးသည်။ အကယ်၍များ ကျွန်တော် သေသွားခဲ့ရင် ဒီကလေးတွေ ဒုက္ခရောက်မည်မှာ သေချာလှပါတော့သည်။ အဖမဲ့သားဟူ၍ ပြောတော့မည်။ ကျွန်တော်မည်သို့ လုပ်ရမည်နည်း။

အိမ်သို့ ပြန်ရောက်သည်နှင့် မျက်နှာကို ပြင်လိုက်သည်။ အခါတိုင်းလိုပင် ပေ့ါပေ့ါပါးပါးနေသည်။ ကလေးတွေနှင့် ကစားသည်။ ရယ်စရာ မောစရာပြောသည်။ သို့သော် ကျွန်တော့်ရင်ထဲတွင်မူ ခြောက်လအတွင်းသေမယ်ဟူသော စိတ်မှာ စွဲနေသည်။

ကျွန်တော့်ကလေးများမှာ ငယ်သေးသဖြင့် သူတို့ ရပိုင်ခွင့်အတွက် အသက်အာမခံ ပြေးလုပ်ရပါသည်။ ကျောင်းတွင်း ငွေစုငွေချေးအသင်းတွင် ငွေစုရသည်။ ကျွန်တော် ဘာကျန်သေးသလဲဟု စဉ်းစားသည်။ ကျွန်တော်လုပ်နိုင်တာတော့ အကုန်လုပ်ပြီးပြီဟု စိတ်ထဲတွင် မှတ်လိုက်သည်။

ညအိပ်ရာဝင်ခါနီးတွင် ခြေလက်တို့ကို ဆေးကြောသည်။ ပြီးမှ ဘုရားစင်ရှေ့တွင် ထိုင်လိုက်သည်။ ဘုရာမီးများကို အားလုံး ဖွင့်လိုက်သည်။ ဘုရားစင်ရှေ့တွင် ထိုင်နေစဉ်အတွင်း စိတ်ထဲတွင် ပေ့ါပါးသွားသလို ခံစားမိသည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာများကို ရှေးဦးစွာပူဇော်ကန်တော့ရပါသည်။ ထို့နောက် သူငယ်ချင်းဆရာ၊ ဆရာမများက ပေးထားသော အမည်ဖြစ်သည့် “ပြောင်းပြန်” လုပ်တတ်သည့် ပြောင်းပြန်အလုပ်ကို လည်းကောင်း၊ ဆရာကြီး၊ ဆရာမကြီးများကို အကွက်တွေ့လျှင် ဂျစ်ကန်ကန်အပြောအဆိုကို လည်းကောင်း၊ ဘဝတစ်သက်တာတွင် မည်သည့်ကိစ္စကိုမဆို စိတ်ကောင်းထားပါမည်ဟု လည်းကောင်း အာမခံ၍ ပူဇော်ပါသည်။

ထို့နောက် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိပ်၍ လေးဆယ့်ငါးရက် ပူဇော်ပါမည်ဟု ဝန်ခံကတိပြုကာ ဘုရားကိုကြည်ညိုပါတော့သည်။ ထိုခဏ၌ပင် စိတ်ထဲ ပေ့ါပါးသွားသည်ဟု ထင်ပြန်ပါသည်။

ဂုဏ်တော်ကိုးပါးကို ပုတီးကိုးခေါက်စိပ်၍ လေးဆယ့်ငါးရက်အဓိဋ္ဌာန်ဝင်ပါတော့သည်။ ညတိုင်း ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိပ်ပါသည်။

ဤသို့ဖြင့် လေးဆယ့်ငါးရက်ပြည့်သွားပါသည်။ နေရင်းထိုင်ရင်းနှင့် ခြောက်လဆိုသော အချိန်ကာလ ပြည့်သွားပါသည်။ ကျွန်တော်သည် ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိပ်ပြီးသည့်နောက် လေးဆယ့်ငါးရက် ပြည့်သောအချိန်မှာလည်း ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ် ဆက်၍စိပ်နေပါသည်။

နောက်တစ်နှစ်လောက် ကြာသောအခါ ဆရာဦးမောင်မောင်ဖြူ၏ အိမ်သို့ ကျွန်တော်ရောက်သွားပါသည်။ ဦးမောင်မောင်ဖြူကလည်း လက္ခဏာအကြောင်းကို အမှတ်ရနေပါသေးသည်။

ထို့နောက် ကျွန်တော့်လက္ခဏာကို ပြန်ကြည့်ပါသည်။

“လွန်ခဲ့သော နှစ်က ခင်ဗျားကို သေမယ်လို့ ဟောခဲ့တယ်၊ အခုတော့ လက္ခဏာ အရေးအကြောင်းတွေ အားလုံး ပြောင်းသွားပြီ၊ ခင်ဗျား ဘာတွေလုပ်သလဲဆိုတာ ကျွန်တော့်ကို ပြောပေတော့”

ကျွန်တော်သည် ကျွန်တော့်အဖေ ဖြေပုံကာစပြီး ပုတီးစိပ်ပုံ၊ ပြောင်းပြန်စိတ်ထားများ၊ ဂျစ်ကန်တန်စိတ်များ ဖျောက်ဖျက်ပစ်လိုက်ပုံကို တတ်အားသမျှ အပိုအလိုမရှိအောင် ရှင်းပြလိုက်သည်။

“ဘုရားတန်ခိုးဟာ လက်မှာရှိတဲ့ အရေးအကြောင်းတွေကို ပြောင်းလဲတယ်ဆိုတာ ခင်ဗျားနဲ့ကျမှပဲ စိတ်တုံးတုံးချ မှန်တယ်လို့ ပြောရတော့မယ်”

ဟု ဦးမောင်မောင်ဖြူက မှတ်ချက်ချလိုက်ဖူးပါသည်။

ယခုအခါ အမျိုးသားစာပေဆုရ မောင်မောင်ဖြူလည်း ကွယ်လွန်ခဲ့ပြီ။ ဆရာအောင်မိုးလည်း ကွယ်လွန်ခဲ့လေပြီ။ ဆရာတည်ကြည်သည် ရှင်နေမိန့်ခွဲ့မဝ္ဂဇွာအဖြစ် တစ်ဆယ့်တစ်ဝါလုံးလုံး သတ္တဝါများကို ကယ်ဆယ်ရင်း ပျံလွန်တော်မူခဲ့လေပြီ။

ကျွန်တော့်အလှည့် မည်သည့်အချိန်တွင် ရောက်မည်မသိ။ ကျွန်တော်သေမင်းခေါ်မည့် အချိန်ကိုသာ စောင့်မျှော်နေရသည်။ သို့သော် ကျွန်တော်မသေခင်မှာတော့ ပြုံးပန်းတစ်ပွင့် ပွင့်လျက် ဆက်လက်ရှိနေဦးမည်သာဖြစ်ပါသည်။ စာရှုသူများအနေဖြင့် မသေမီ ပြုံးပန်းများ ဝေနိုင်ပါစေသတည်း။

(ဆရာတည်ကြည်၊ မောင်မောင်ဖြူ၊ အောင်မိုးတို့ ကောင်းရာသုဂတိသို့ လားပါစေ)

❒ တက္ကသိုလ်ကြည်သင်း



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာမင်းများ လက်ထက် စားတော်ကဲများ ခန့်အပ်ကြပုံနှင့် ၎င်းတို့၏ အရည်အချင်းများ

မောင်မောင်လွင် (A.G.Ti)




မြန်မာမင်းများ လက်ထက်တော်အခါက စားတော် သောက်တော် တာဝန်ယူရန်အတွက် အရည်အချင်းရှိသော စားတော်ဝန်များကိုသာ ခန့်အပ်ခဲ့ကြပါသည်။ စားတော်ဝန်၏အောက်တွင် စားတော်ချက်(ဝါ)စားတော်ကဲများကို ခန့်ထားလေ့ရှိပါသည်။ ရှင်ဘုရင်၏ စားတော်သောက်တော် တာဝန်ယူရသူများမှာ ဘုရင်က အထူးယုံကြည်ကိုးစားသူများသာ ဖြစ်ရပါသည်။

ဘုရင်၏ အသက်သည် စားတော်ဝန်၊ စားတော်ချက်များ၏ လက်ထဲတွင်သာရှိသဖြင့် ဘုရင်က လူယုံများ အချက်အပြုတ် ကျွမ်းကျင်သူများကို ရွေးပြီး ပညာရှိများနှင့် တိုင်ပင်ပြီးမှသာ ခန့်အပ်လေ့ရှိပါသည်။ ဘုရင့် စားတော်ဝန်များသည် စားတော်ချက်ကျွမ်းများနှင့် ပတ်သက်၍ နှံ့စပ်ကျွမ်းကျင်ရသည်။ ရာသီအလိုက် ဘုရင်နှင့်သင့်မည့် ဟင်းနှင့် ဓာတ်စာကို သိမြင်တွက်ချက်တတ်ရပါသည်။

စားတော်ဝန်၏ လက်အောက်ရှိ စားတော်ချက်များသည် အရည်အချင်း ငါးရပ်နှင့် ပြည့်စုံရသည်။ စားဖိုသည် မျိုးရိုးစဉ်ဆက်မှ ဆင်းသက်လာသူဖြစ်ရသည်။ ကျန်းမာရေး ကောင်းရမည်။ ကွက်ကျော်မြင်တတ်ရမည်။ စားတော်ချက်ကျွမ်းကို ထုံးလိုခြေ ရေလိုနှောက်နိုင်သူ ဖြစ်ရသည်။ ချက်ပြုတ်ရာတွင် လူတကာအား မျက်နှာရွေးပြီး မခေ ခိုင်းတတ်သူဖြစ်ရသည်။ အဘိုးပြီးလျှင် အဖေ၊ အဖေပြီးလျှင် သား မျိုးရိုးစဉ် လိုက်ဖြစ်ရန် လိုသည်။ မြိန်ရှက်စွာ ချက်တတ်၊ ပြုတ်တတ်၊ ကြော်တတ် လှော်တတ်သူ ဖြစ်ရသည်။ ချက်ပြုတ်ရာတွင် စိတ်ကူးဉာဏ် အကြံအစည် ဝေဖန်မှုစွမ်းရည် ပြည့်စုံသူဖြစ်ရသည်။

စားတော်ဝန်သည် ဘုရင်အတွက် အလွန်သန့်ပြန့်လှသော သီးသန့် ဘုရင်



www.burmeseclassic.com

www.burmeseclassic.com

လယ်တော်၊ လမိုင်းတော်များတွင် ဘုရင့်လူယုံ လမိုင်း လယ်တော်သားများက စိုက်ပျိုးပေးကြသော လယ်မှ အထူးအလုံးရှည် အနံ့အရသာနှင့်ပြည့်စုံသော ဆန်မျိုးဖြင့်သာ ချက်ပေးရသည်။ လမိုင်းလယ်အတွင်းသို့ ငှက်ဆိုးနှင့် လင်းတငှက်များ၊ ဝက်၊ တိရစ္ဆာန်များ မဝင်ရောက်နိုင်အောင် ငှက်ခတ်သမား မုဆိုးများကို လစာပေး၍ တားဆီးကာကွယ်ရန် အစောင့်များ စီမံထားရှိပါသည်။

ဤလမိုင်း လယ်တော်များကို အုပ်ချုပ်သူများအား လမိုင်းဝန်ဟုခေါ်ပါသည်။ လမိုင်းဝန်သည် အချိန်ကျလျှင် ဘုရင့်လယ်တော်မှ ထွက်သောစပါးများကို ဘုရင့်ကျီတော်များအတွင်းသို့ သွတ်သွင်းပေးရသည်။

ရတနာပုံခေတ်တွင် ဘုရင့်ကျီတော်များကို ရွှေမြို့တော်၏ မြောက်သာအလယ်တံခါးအဝင်မြို့ရိုးအတွင်း၌ ထားရှိခဲ့ပါသည်။ မစိုးရိမ်၊ မကြောင့်ကြစေတော့တ၊ ခန့်တိုင်းရ ဟုအမည်များ မှည့်ခေါ်ထားပါသည်။ ကျီအမှုထမ်း (၂၇) ဦးထိ ရှိသည်။

ရွှေမြို့တော် အနောက်အလယ်တံခါးတွင် လက်ယာဘက်တွင် တန်ဆောင်းကြီးတစ်ခု ရှိသည်။ အနီရောင်သုတ်ထားသည်။ တံခါးကွပ်ကြီးကို ရွှေချထားသည်။ ယင်းအဆောက်အအုံအတွင်း အမှုထမ်းများ စပါးထောင်းရသည်။ မောင်းထောင်းရုံအတွင်း ညှပ်တိုင်း မောင်းတုံး၊ မောင်းခုံ၊ ကျည်ပွေ့၊ ဆန်ကော၊ ဆန်ခါ၊ ဗန်းတို့ ထားရှိသည်။ ၎င်းတို့ကို ရွှေချထားသည်။ ဘုရင်အတွက် စပါးများကို ကျီတော်မှယူ၍ ရွှေဆုံဖြင့် ထောင်းရပြီး ရွှေဆန်ခါဖြင့် ပြာချ၊ ရွှေဇာဂနာဖြင့် စပါးလုံး ကောက်ရသည်။ မောင်းထောင်းရုံ အမှုထမ်းများကို ထောင်းခြင်းအမှုထမ်းများဟု ခေါ်ကြသည်။ သူတို့သည် ဆန်ထောင်းရာတွင် တစ်ဆုံလျှင် အချက်ပေါင်းမည်မျှ ထောင်းရမည်ကို မှတ်သားထားကြရပါသည်။ ဆုံအပေါ်တွင် ပုတီးစေ့များတန်း၍ ကြိုးဖြင့် ဆွဲထားသည်။ တစ်ချက်ထောင်းပြီးတိုင်း ပုတီးစေ့တစ်လုံး ရွှေ့ရသည်ဟု ဆိုပါသည်။

မင်းတုန်းမင်း လက်ထက်တွင် အမြောက်စု အမှုတော်ထမ်း မြန်မာမှတ်စလင်အမှုထမ်းများ၊ အိန္ဒိယ ပုဏ္ဏားအမှုထမ်းများ၊ ကသည်းလူမျိုး အမှုထမ်းများ၊ မြေတူးကုလား အမှုထမ်းများ၊ အလယ်အမှုထမ်းများ၊ ဝေသာလီအမှုထမ်းများ၊ ရှမ်းအမှုထမ်းများ၊ ပလောင်အမှုထမ်း များဟူ၍ လူမျိုးစုံ ခန့်ထားပါသည်။ တရုတ်အမှုထမ်းတို့က မုန့်တော်ဆက်ရသည်။ ယိုးဒယားအမှုထမ်းတို့ကလည်း အချက်အပြုတ်အလုပ်ကို ဝင်ကူကာ တာဝန်ယူခဲ့ရသည်။

မြန်မာတို့ကလည်း မုန့်လုပ်နည်း အမျိုးမျိုးကို တတ်မြောက်ရသည်။ သမားတော်ကြီးများ၏ အကူအညီကိုလည်း အမြဲမပြတ် ယူတတ်ရပါသည်။

ပွဲတော်ချက်များတွက် အမရပူရအနောက်ဘက်တွင် ပွဲတော်ရွာဟု မင်းတုန်းမင်းက တည်ထောင်ပေးခဲ့သည်။ နန်းစဉ်ပွဲတော်ချက်ပြုတ်မြဲ၊ ပွဲတော်အမှုထမ်းများနှင့် ယိုးဒယားအမှုထမ်း၊ ရွှေလောင်းလေ့တော်၊ မုန်တိုင်းလေ့တော် အမှုထမ်းများထဲမှ သင်ကြားတတ်မြောက်သူ အမှုထမ်းတို့သာ မင်းတုန်းမင်းအတွက် ပွဲတော်ချက်အမှုတော်ကို ထမ်းခွင့်ရသည်။

မင်းတုန်းမင်း၊ သီပေါမင်းတို့လက်ထက်တွင် ပွဲတော်ချက် အမှုထမ်း (၅၀)ခန့်ရှိပါသည်။ တစ်လလျှင် လစာတော်ငွေ (၇၅၀)ကျပ် ရရှိကြပါသည်။

မင်းတုန်းမင်းကြီးသည် မြန်မာပွဲတော်၊ ရွှေလောင်းပွဲတော်၊ မုန်တိုင်းပွဲတော်၊ ကုလားပွဲတော်၊ တရုတ်ပွဲတော်၊ ပွဲတော်ကို ချက်ခွင့်ရကြသော မိဖုရားကြီးများက ဆက်သသောပွဲတော်ဟူ၍ ပွဲတော်အုပ်ပေါင်း(၄၀)ကျော် (၅၀)ခန့်ဖြင့် နံနက်ပွဲတော်ဟု တည်ခဲ့ပေသည်။

ညနေ ၄နာရီ(လေးမောင်း)တွင် ရွှေနန်းဦး၌ ဘုရားရှိခိုးပြီးနောက် နံနက်ပွဲတော်အစီအစဉ်အတိုင်း ညနေပွဲတော်တည်တတ်သည်။ ပွဲတော်တည်ရာတွင် မိဖုရားကြီးများ၊ မောင်းမ၊ မိသံများနှင့် ဂီတသံများပါ ပါရှိတတ်သည်။ ရွှေပန်းကန်၊ ရွှေဇွန်း၊ ရွှေခွက်တို့ဖြင့်သာ စားသောက်လေ့ရှိပြီး ရွှေချထားသော ရွှေယပ်ခပ်၍ စားသောက်လေ့ ရှိပါသည်။ ကျောက်မျက်ရတနာများ စီခြယ်ထားသော စားပွဲဖြင့်သာ စားလေ့ရှိပြီး အဆိပ် မခတ်ထားစေရန်အတွက် စားတော်ကဲကို အရင်ဆုံး စားကြည့်စေပြီး တရုတ်နိုင်ငံမှလာသော အထူးဇွန်းဖြင့် ခပ်ကြည့်လေ့ရှိပြီး ဇွန်းအရောင်မပြောင်းမှသာ စားတော်ခေါ်လေ့ ရှိပါသည်။

မင်းတုန်းမင်း၏ စားဖိုဆောင်သည် အလယ်နန်းတော်ဆောင်အနီးတွင် ရှိခဲ့သည်ဟုဆိုသည်။ အုတ်တိုက်ဖြစ်သည်။ စားဖိုပေါက် (၁၀၀)ရှိသည်။ လက်ရေးမူ မှတ်တမ်းတစ်စောင် အဆိုအရ အလွန်နူးညံ့၍ အနံ့အရသာနှင့် ပြည့်စုံသော လမိုင်းလယ်တော်စပါးကို ရွှေဗန်းနှင့် လှန်း၊ ရွှေလက်ဆုံဖြင့် ထောင်းသည်။ ရွှေဆန်ခါဖြင့် ပြာသည်။ ကွမ်းရည်တော်သားများက ရွှေဇာဂနာဖြင့် ရွေးပါသည်။ ရွှေခားဆွဲတို့က အပေါ်မှ ခားမိုး၍ ခြံရံထားပါသည်။ (သို့) ခားဆွဲ၍ စောင့်ကြပ်နေပါသည်။

အလယ်နန်းတော်ဆောင်တွင် အုတ်တိုက်ဖိုပေါင်း (၁၀၀)တွင် အပြစ်ကင်းသော ထင်း၊ မီးသွေး၊ နံ့သာတုံး၊ ကရမက်တုံးများထည့် မီးမွှေးကာ အချက်အကြော်၊ စဉ်းကော၊ အနှပ်၊ အထုပ် အပေါင်းများကို ပြည်တွင်းမှ အမွှေးအကြိုင်များဖြင့် လည်းကောင်း၊ အိန္ဒိယမှလာသော ဟင်းခတ် အမွှေးအကြိုင်စုံလင်စွာဖြင့် လည်းကောင်း၊ အစာကြေစေရန်အတွက် သစ်ကြံပိုး အခေါက်ကို ထည့်ချက်သည်။

ချိုး၊ ခါ၊ ကြက်၊ ဘဲ၊ ဝက်၊ ယုန်၊ သမင်၊ ဒရယ်၊ စိုင်၊ ဆိတ်သား၊ သိုး၊ ကြက်ဥ၊ ဖွတ်ဥ၊ လိပ်ဥ၊ စာတလေး၊ ပုရစ်၊ ပုစွန်၊ အားရှိရန် ငှက်သိုက် ငှ



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုး အားရှိရန်အတွက် ဒန့်သလွန်ပွင့်နှင့် စာကလေးကြော်၊ ပရန္နဝါခြစ်၊ ကျောက်သွေး၊ အုန်းဆံရင့်ဖြင့် ချက်ထားသော အားဆေးလည်း ပါရှိသည်။

ထောပတ်၊ မလိုင်၊ နွားနို့၊ ဆိတ်နို့၊ ကျွဲနို့များ၊ အချိုပွဲများကို အားရှိစေရန် သမားတော် အကြောပေါင်းတစ်ထောင် ဦးတူက စီမံပေးပါသည်။

ချက်ပြုတ်ရာတွင် ရေအချိန်နှင့် ထင်းကို အချိန်နှင့် မီးထိုးသည်။ အသား အချိန်၊ ဆီ၊ နနွင်း၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ချင်း အချိန်နှင့် ထည့်ရသည်။ မင်းတုန်းမင်းက ကျပ်ငွေ (၂၀၀)ဖိုးအထိ ချက်ပြုတ်ရန် နေ့စဉ် ခွင့်ပြုခံထားရသည့် ပွဲတော်ရုံအတွက် ပွဲတော်အုပ်ပေါင်း (၅၀)ခန့်၊ မှတ်တမ်းအချို့တွင် ပွဲတော်အုပ် (၂၀၀)၊ မင်းတုန်းမင်းအကြိုက် ဟင်းခတ်အမွှေးအကြိုင် စုံလင်စွာဖြင့် ချက်ပြုတ်ပေးကြပါသည်။

တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ ဘလ္လာတိယပျို့ ကုန်းဘောင်ခေတ်ပထမပိုင်းပျို့တွင် . . .

"ချက်ပြုတ်ပုံကို ယုံကျုံစွာသား၊ စဉ်လာမပျက်၊ နွယ်ဆက်မှန်စွာ၊ ရသာရည်စွမ်း၊ ဟင်းချက်ကျမ်း၌၊ လေ့ကျွမ်းလိမ္မာ၊ မြိန်စွာချက်တတ်၊ လက်လွတ်သီးခြား၊ မှုများကင်း၍၊ ဝေဖန်လေ့လည်း၊ မမဲစေရာ၊ ဤသို့လာသည်၊ အင်္ဂါငါးမည်၊ စားတော်သည်လျှင်၊ ဆီခြည်ထောပတ်၊ ဖျန်းဆွတ်ကောင်းဟုတ်၊ ငရုတ်အမြတ်၊ ကန့်အိတ်ချင်းလွှာ၊ ဇီရာကရဝေး၊ ကြိုင်မွှေးနံ့မွှန်၊ ကြက်သွန်ပင်စိမ်း၊ ခတ်ရှိန်းစုံလင်၊ ကောင်းစွာရင်သား၊ ရမ္မက်စွမ်းပေါက်၊ လျှာတောက်ငမ်းငမ်း၊ ဖြစ်ချင်စရာ" က ကုန်းဘောင်ခေတ် ဘုရင့်ပွဲတော်ချက်၏ ပညာတစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

စာဆိုဝက်မစွတ်မြို့စား ဒုတိယနဝဒေးက. . .

"အပေါင်းအကျစ်၊ ကင်ပျစ်လျော်ဖုတ်၊ ချက်ပြုတ်ထွေပြား၊ ဖျော်ဖြေများ၊ ငါးပါးဂေါရသ၊ ဖြပ္ပာ့သြဇာ၊ နွတ်လျှာမြိန့်နိုး၊ ဟင်းချိုသားမဲ၊ မြိုက်ရေခဲကို၊ စားဆဲစဉ်လျက်၊ ပွဲကာထွက်၍၊ ကျေးငှက်တွန်ပျံ၊ စာသူငယ်ကိုယ်ဝယ်လက်ရုံး၊ ပခုံးမေးဖျားထိပ်ထက်နားဝယ်၊ လန့်ကြာကြောက်ရွံ့၊ ဦးလည်းငုံ့၏" ဟုဆိုထားပါသည်။

အမရပူရ၌ ပွဲတော်ဟင်းလေး ဝက်သားချက်ပုံမှာ. . .

"ဝက်သားကို လေးသစ်၊ ငါးသစ်ခန့် လှီး၍ ရေစင်အောင်ဆေး၊ အတန်ဆားနယ်၍ နေရိပ်တွင်ပြ၊ မကြာစေနှင့်၊ မန်ကျည်းသီးမှည့်ရည်၊ ဇင်းအစိမ်းကျိုရည်၊ မက်လင်ရည်၊ ဆီးဖြူသီးအရည်၊ မရမ်းသီးအရည်၊ ရှောက်သီးမှည့်အရည်များကို အမှုဖျော်၍ ပုဆိုးနှင့်စစ်ပြီးလျှင် ဒီအရည်တွင် ဝက်သားကို ခတ်၍ ကျိုငါးပိသမြိုင်ကောင်း ဆားလျော်သင့်အောင်ထည့်၊ ဆီးဖြူသီး၊ ဖန်ခါးသီး တန်ရုံခတ်၊ နေထွက်သည်မှ နေဝင်သည်အထိကျို၊ မိုးသောက်လျှင် တစ်မွန်းတည့်ကျိုပြန်၊ မီးမပြင်းစေနှင့်၊ မီးခဲများလျှင်ထုတ်ဘိ၊ နှစ်ရက် သုံးရက် ကျိုသော်ကောင်း၏၊ နေ့စေ့လျှင် နေပူတွင်ခံ ငါးသိုင်းကြမ်းကို ညက်အောင်ထောင်း၍ နောက်နေ့ ကျိုသောအခါထည့်" ဟု ရေးသားထားပါသည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာလက်ထက်(အေဒီ၁၅၅၁-၁၅၈၁) တွင်ဘုရင်က သံတမန်ကို အီရန်၊ ပါရှားနိုင်ငံသို့ စေလွှတ်ခဲ့ရာတွင် အက္ကပတ်မင်းက မြန်မာဘုရင်ထံ စားတော်ကဲကောင်းကောင်း ရှိ၊ မရှိ မေးမြန်းခဲ့ပါသည်။

မြန်မာသံများ ပြန်လာသောအခါ ကုလားစားတော်ကဲများကို ထည့်ပေးလိုက်ပါသည်။

ခရစ် ၁၈၂၃ တွင် အင်းဝရွှေမြို့တော်သို့ တရုတ်ဥတည်ဘွားမင်းမှ သံတမန်များ ရောက်ရှိလာချိန်က မြန်မာစားတော်ကဲများက လက်စွမ်းပြချက်ပြုတ်ထားသော ဟင်းမျိုးစုံအနက် ဘဲကောင်လုံးကြော်များ အတွင်းမှ စာသူငယ်အရှင် ပျံထွက်သွားသည်ကို မြင်ရ၍ တရုတ်သံများ ထိတ်လန့်သွား[...]ဖူးပါသည်။

ပုဂံခေတ်တွင် ဥယျာဉ်များ စိုက်[...]ပျိုးခဲ့သည်ကို တွေ့နိုင်သည်။ ပုဂံခေ[...] ကျောက်စာများနှင့် အုတ်ခွက်များ[...] စာအရ ကောက်ပဲသီးနှံ သစ်သီးဝလံ[...] စားသုံးသီးပင်များ၊ ဟင်းခတ် အမွှေး[...] အကြိုင်၊ ဆေးဖက်ဝင်ပရဆေးပင်များ[...] (၇၇) မျိုး၏ စာရင်းကို တွေ့ရပါသည်[...] ၎င်းအမည်စာရင်းတွင် ငရုတ်ကောင်း[...] ချင်း၊ စမုန်ကြီး၊ ကြက်သွန်ဖြူ၊ စမုန်နက်[...] မုန်ညင်း၊ ရှိန်းခိုတို့ ပါရှိသည်။ ပုဂံ[...] ခေတ်က ချင်း(ဂျင်း)ကို ခေင် ဟု ခေ[...] ထိုးခဲ့သည်။

ချင်းပင် (ဂျင်း) အိန္ဒိယနိုင်င[...] ပူအိုက်စွတ်စိုသော အာရှတိုက်တွင်[...] စတင်ဖြစ်ထွန်းခဲ့သည်။

ဖာလာပင်၏ မူလပေါက်ရ[...] ဒေသမှာ အရှေ့အိန္ဒိယကျွန်းစု ဖြ[...] သည်။ တစ်ကမ္ဘာလုံးမှ ထွက်သော[...] ဖာလာစေ့၏ ၉၀ ရာခိုင်နှုန်းမှာ အိန္ဒိယ[...] ဖြစ်သည်။ ဂွါတီမာလာနိုင်ငံသည်[...] ဒုတိယအများဆုံးဖြစ်သည်။

ကုံကုမံပင်၏ မူလဇာတိမှာ[...] ဥရောပအနောက်တောင်ပိုင်း ဂရိနိုင်[...] နှင့် အီရန်၊ ပါရှားနိုင်ငံများပါဝင်သော[...] မြေထဲပင်လယ်အရှေ့ပိုင်းဒေသတစ်ပိုင်[...] ဖြစ်သည်။ ဇီရာပင် မူလပေါက်ရ[...] ဒေသမှာ ဥရောပတိုက်တောင်ပိုင်း[...] အာဖရိက မြောက်ပိုင်း၊ အာရှ[...] အိန္ဒိယ၊ တရုတ် မြေထဲပင်လယ်ဒေသ[...] (ယခု) စစ္စလီ ကျွန်း၊ မော်လတာကျွန်း[...] ဆီးရီးယား၊ မက္ကဆီကို နိုင်ငံတို့တွင်[...] စိုက်ပျိုး အောင်မြင်နေသည်။

ဇီရာပင်များကို ခရစ်မပေါ်မီ[...] စ၍ အစ္စရေးနှင့် ပါလက်စတိုင်း အီဂျစ်[...] တို့တွင် စိုက်ပျိုးခဲ့သည်။ အချို့က ဇီရာ[...] ပင်၏ မူလဒေသမှာ ဥရောပတော[...] ပိုင်းနှင့် အာဖရိက မြောက်ပိုင်း၊ အိန္ဒိယ[...] သမိုင်းဆရာများက ဇီရာပင်များ[...] ဟိမဝန္တာ မြောက်ဘက်နှင့် အနော[...]



www.burmeseclassic.com

www.burmeseclassic.com

ဘက်တို့တွင် ရှေးဦးစွာ အလေ့ကျပေါက်ပင်များအဖြစ် တွေ့ခဲ့သည်ဟုဆိုသည်။

မလေးရှား မာလာကာယုကျွန်းဆွယ်သည် ဇာတိပ္ပိုလ်ပင်များ မူလပေါက်ရာဒေသဖြစ်သည်။

မြန်မာနိုင်ငံ မြိတ် နှင့် မော်လမြိုင်မြို့ပြင်တွင် ဇာတိပ္ပိုလ်ပင်များ အောင်မြင်ဖြစ်ထွန်းသည်။

အမရပူရရွှေနန်းတွင် (၃၈)နှစ်တိုင်တိုင် စိုးစံခဲ့သော ဗဒုံမင်းတရားကြီး လက်ထက်မှတ်တမ်းများအရ တိုင်းခွန်၊ ယာခွန်၊ အင်းခွန်၊ ဥယျာဉ်ခွန်မရှိ လွတ်ငြိမ်းခွင့်ရသော မင်းမြေများတွင် အခွန်တော်အစား နယ်မြေထွက် ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ အမွှေးအကြိုင်၊ သားငါးများ သတ်မှတ်အချိန်၊ သတ်မှတ်အရေအတွက် ပစ္စည်းအမျိုးအမည်ကို ရွှေနန်းတော်ကြီးသို့ ပို့သဆက်သရပါသည်။

အမရပူရ၊ ရတနာဂူနတ်နယ်၊ သဲလမ်းကူးအနောက်ဘက်တွင် ပွဲတော်ချက်အမှုထမ်းများ နေထိုင်ရာ ပွဲတော်ရွာတည်ရှိသည်။ ဘိုးတော်မင်းတရားကြီးလက်ထက်မှ ပုဂံမင်းအထိ ပွဲတော်ချက်အဖြစ် အမှုထမ်း လိုက်ပါသူတို့သည် မင်းတုန်းမင်း၏ မြောက်မြို့သစ်(မန္တလေး)သို့ လိုက်ပါအမှုထမ်းရွက်ခဲ့ကြပါသည်။ နန်းစဉ်ပွဲတော် ချက်ပြုတ်မြဲ ပွဲတော်အမှုထမ်းများနှင့် ယိုးဒယားအမှုထမ်း၊ ရွှေလောင်းလှေတော်၊ မုန်တိုင်းလှေတော် အမှုထမ်းများထဲမှ သင်ကြားစေပြီး တတ်မြောက်သူတို့ကိုသာ မင်းတုန်းမင်း၏ ပွဲတော်ချက်အမှုတော်ကို ထမ်းရွက်ခွင့်ပြုသည်။

ဟင်းခတ်အမွှေးအကြိုင်များဖြင့် ဆေးဝါးကုသနိုင်ပုံကိုလည်း အေဒီ ၁၇၅၁ နန်းတွင်း ရတုစာဆိုတော် ရွှေတောင်ရာဇာဘွဲ့ခံ ဦးသြက ပုဒ်ရေပေါင်း (၁၇၉၃)ပါသော ကဝိလက္ခဏာသတ်ပုံ သံပေါက်ကျမ်းကြီးကို ပြုစုခဲ့သည်။ ၎င်းကျမ်းတွင် ပုဒ်ရေ (၃၂၇)တွင် သစ်ပင်၊ ပဲ၊ ယွံ၊ ဆေးပိုးနံ၊ သစ်ကြပိုး နှင့်တွဲ ဟူ၍ လည်းကောင်း၊ ပုဒ်ရေ (၈၃၆)တွင် ကျဉ်ကျဉ်တုန်တုန် ခိုက်ခိုက်တုန် စမုန်မျိုးနှင့် ပေးဟု ဆေးဖက်ဝင်ကျမ်းကို ရေးထားပါသည်။

ရွှေတောင်နန္ဒသူ၏ ငွေတောင်ရကန်တွင် ပရစိတ်နှင့် ဇာတိပ္ပိုလ်ပွင့်၊ လေးညင်းပွင့်အဖူး၊ တန် ဖိုးချင်းကလည်း ဂုဏ်မတူ၊ လူအိုသမျှ သိသာလှအောင်၊ လောကထုံးစံပမာ ဖန်မည်ကြက်သွန်နှင့် ကြက်ပြုတ်၊ ငရုတ်နှင့် ကရဝေး ဤလေးပါးမှာ တနင်္လာဇီရာနှင့် ဆားဆန် အင်္ဂါအခွံ မှေးမျိုး သစ်ကြံပိုးထောပတ် ဤနှစ်ရပ်မှာ ကြာသပတေးစုဝေးကြစေ ရေနှင့်ဆယ်ပါး မင်းစား၊ ထမင်းကြိုင်နံ့သင်းတောတွင်းစပျစ် သုံးဆစ်နှီးရက်အထက်နားမှာ ရွှေနန်းတော်ပတ်လည် နှမ်းနှင့်စမုံရောစ၍ ဖယ်သည့်နှယ်ဟူ၍ ဘုရင်များစားတော်ခေါ်ပုံကို ကြီးကျယ်လှကြောင်း သိမြင်နိုင်ပါသည်။

သစ်ကြံပိုးမျိုးစိတ်ပေါင်း (၂၇၀) ကျော်ရှိသည်။ အာရှတိုက်၊ သြစတြေးလျတိုက်တို့တွင် ပျံ့နှံ့ပေါက်သည်။ အိန္ဒိယသစ်ကြံပိုး အမျိုးပေါင်း (၂၀)ခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ကရဝေး၊ မှန်သင်း၊ လုလင်ကျော်(နလင်ကျော်)ပင်များသည် သစ်ကြံပိုးမျိုးဝင်များ ဖြစ်ကြပါသည်။

အထက်ပါ အကြောင်းအရာများသည် ရှေးခေတ်ဘုရင်များနှင့် မင်းတုန်းမင်း၊ သီပေါမင်းတို့၏ စားတော်ခေါ်ပုံ၊ ချက်ပြုတ်ခြင်း၊ ချက်ပြုတ်ပုံကို ဖော်ပြသည့် အကြောင်းအရာများ ဖြစ်ပါသည်။ ဘုရင်များ စားတော်ခေါ်ပုံများဖြစ်ပါသည်။ ပညာရှင်များ၊ ရတုဆရာများက ဝိုင်းဝန်းချီးမြှင့် ရေးသားဂုဏ်တင်ပေးပုံများပင် ဖြစ်ပါသည်။

❒ **မောင်မောင်လွင်**(A.G.T.I)

**မှီငြမ်း** - မင်းတုန်းမင်းတရားကြီး၏ စားတော်ခေါ်ပုံအတွင်းရေးများ၊ စာရေးဆရာ အောင်ခင်စိုး၊ စာရေးဆရာ မောင်ကြည်သန့်၏ ဘုရင်ခေတ်က ဘုရင်များ၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းတို့၏ စားသောက်ပုံ ချက်ပြုတ်ပုံ စီမံကြပုံများ စာအုပ်မှ ကိုးကား၍ ရေးသားပါသည်။




ပဝါပြာစာပေမှ

မောင်ညီဦး (က.စ.လ)

၏

**မောင်လို့**
**ဘယ်ခါခေါ်ရမယ်နှင့်**
**အခြားဝတ္ထုတိုများ**

အမည်ရှိ
တတိယမြောက်ဝတ္ထုတိုပေါင်းချုပ်
ထွက်လာသည်။
ရသဝတ္ထုတိုများ
အားနည်းနေချိန်၌
မောင်ညီဦး (က. စ. လ)၏
ဝတ္ထုတိုများက
အားဖြည့်လိုက်ခြင်း ဖြစ်သည်။

ဝတ္ထုတို (၁၃) ပုဒ် ပါသည်။
မောင်ညီဦး၏
ရိုးရှင်းသော ရေးဟန်နှင့်
ဘဝနှင့် ပတ်ဝန်းကျင်မှာ
ဝတ္ထုများ ဖြစ်သည်။
ဖတ်၍ ကောင်းသည်။
မှတ်စရာနှင့်
သင်ခန်းစာယူဖွယ်များ ပါသည်။
တန်ဖိုးမှာ (၁၂၀၀) ကျပ်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ရှင်သရုပ်ဆောင် ထောက်လှမ်းရေးသမားများ

## လှမိုး(ပညာရေး)




ကျွန်တော်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ကျော်ခန့်က မဂ္ဂဇင်းကြီး တစ်စောင်တွင် "စာရေးဆရာ ထောက်လှမ်းရေးသမားများ"အမည်ဖြင့် အခန်းဆက် ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့သည်။

ယင်းအခန်းဆက်ဆောင်းပါးတွင် ကျွန်ဘော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန် မလိုသော ဗြိတိသျှအမျိုးသား စာရေးဆရာကြီးနှင့် နိုင်ငံတော်က ပေးအပ်သော ထောက်လှမ်းရေးသမား သို့မဟုတ် သူလျှို သို့မဟုတ် စပိုင် တာဝန်ကို ထမ်းဆောင်ခဲ့သော စာရေးဆရာကြီး ဆမ်မာဆက်မွမ် (သူ၏ ဝတ္ထုတိုများ၊ ဝတ္ထုရှည်များ အားလုံးနီးပါးအား ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများက မြန်မာဘာသာသို့ ပြန်ဆိုရေးသားထုတ်ဝေပြီး ဖြစ်ပါသည်)၊ ဒင်းနစ်ဝှစ်စလေ (သူ့စာအုပ်အချို့ကို ဆရာမကြီးဒေါ်ခင်မျိုးချစ်နှင့် အခြားစာရေးဆရာကြီးများက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်) နှင့် အီယန်ဖလိန်မင်း (ဂျိမ်းစ်ဘွန်းဝတ္ထုများ အားလုံးနီးပါးနှင့် အီယန်ဖလိန်မင်း၏ အတ္ထုပ္ပတ္တိများကို ဆရာလင်းယုန်မောင်မောင် အပါအဝင် စာရေးဆရာကြီးများက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်) တို့ သုံးယောက်အကြောင်းကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

မှန်ပါသည်။ ထောက်လှမ်းရေးသမား သို့မဟုတ် သူလျှိုအဖြစ် တာဝန်ယူရမည့်သူများသည် အများအားဖြင့် ဥရောပဘာသာစကားအတော်များများကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သူများ ဖြစ်ကြ၏။ သူတို့ သွားလာလှုပ်ရှားရာတွင် လူအများမရိပ်မိစေရန် အရေးကြီးသည်။

စာရေးဆရာ ထောက်လှမ်းရေးသမား တစ်ယောက်အဖို့ ပိရိသော ဟန်ဆောင်အလုပ်တစ်ခု ပြုလုပ်ရမည် ဖြစ်သည်။ စာအုပ်တစ်အုပ် (သို့) ပြဇာတ်တစ်ပုဒ် ရေးသားရန်ကို အကြောင်းပြ၍ စစ်ဖြစ်ပွားခြင်းမရှိသော ကြားနေနိုင်ငံတစ်နိုင်ငံသို့သွားရန် ဗီဇာလျှောက်ထားလျှင် လွယ်လွယ်ကူကူရနိုင်သည်။

သို့ဖြစ်၍ ဗြိတိသျှထောက်လှမ်းရေးဌာနများသည် စာရေးဆရာများအား သူလျှို သို့မဟုတ် စပိုင်များအဖြစ် တာဝန်ပေးလေ့ရှိကြ၏။

ယခု ရေးသားဖော်ပြမည့် ဖြစ်ရပ်မှာမူ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှထောက်လှမ်းရေးသမား တစ်ယောက်အဖြစ်ဆောင်ရွက်ခဲ့သောကမ္ဘာကျော် ရုပ်ရှင်နှင့် ပြဇာတ်မင်းသားကြီး နိုဝယ်ကောင်းဝဒ် "Noel Coward" ၏ စွန့်စားခန်း ဖြစ်ပါသည်။ သူ၏ သည်းထိတ်ရင်ဖိုဖွယ်ရာစွန့်စားခန်းအကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ရေးသားဖော်ပြခြင်းမပြုမီ သူလျှိုလုပ်ငန်း သို့မဟုတ် ယနေ့ မီးဖိုချောင်သုံး ဝေါဟာရဖြစ်နေသော စပိုင်လုပ်ငန်း အကြောင်း အလျဉ်းသင့်သဖြင့် အနည်းငယ် ရေးသားဖော်ပြလိုပါသည်။

သူလျှိုလုပ်ငန်းမှာ အမှန်အားဖြင့် အသစ်အဆန်း မဟုတ်ပါ။ ကျွန်တော်တို့၏ ကမ္ဘာ့သမိုင်းကို မှတ်တမ်းတင်ခဲ့သည့် အချိန်ကပင် စတင်ခဲ့သည်ဟု သူလျှိုသမိုင်းကို တစိုက်မတ်မတ် လက်တစ်ဆုံးနှိုက် လေ့လာထားသူများက ရေးသားဖော်ပြခဲ့ကြ၏။

မှန်ပါသည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ကျော်ခန့်ကပင် အီဂျစ်လူမျိုးတို့သည် စနစ်တကျ သူလျှိုများကို ဖွဲ့စည်း၍ တာဝန်ယူစေခဲ့သည်ဟု သိရ၏။ တတိယမြောက် တုသ်မိုစကရာဇ်၏ လက်ထက်တော်ကြီးအခါက ထိုဘုရင်ကြီး၏ ထောက်လှမ်းရေးတပ်ဖွဲ့ကို တာဝန်ယူခဲ့ရသော စစ်ဗိုလ်တစ်ဦးသည် သူလျှိုများ၏ အကူအညီနှင့် အီဂျစ်စစ်သား ၂၀၀ တို့အား ဂျုံအိတ်များဖြင့် ထည့်သွင်း ထုပ်ပိုး၍ အဝိုင်းခံထားရသော်လည်း မြို့တွင်းမှ ငြိမ်းငြိမ်းထန်ထန် ခုခံနေသော ရန်သူတို့၏ ဂျက်ဖာမြို့တွင်းသို့ ဂျုံအိတ်များအဖြစ် လှေများဖြင့် တင်သွင်းခဲ့ကြ၏။

ထိုစစ်သားများက မြို့တံခါးကို ဖွင့်ပေးသဖြင့် တတိယမြောက် တုသ်မိုစကရာဇ်၏ တပ်သားများ ကြွကြွခံနေသော ဂျက်ဖာမြို့အား အလွယ်တကူနှင့် သိမ်းပိုက်နိုင်ခဲ့သည်ဟု ဆိုသည်။ သူလျှိုလုပ်ငန်းတွင်အထင်ကရဖြစ်သော သူလျှိုလုပ်ငန်းကြီးမှာ ဂရိရှေးဟောင်းသမိုင်းတွင် ဖော်ပြခဲ့သော "ထရိုဂျင်မြင်းရုပ်ကြီး"၏ ဖြစ်စဉ်ပင် ဖြစ်သည်။

ခရစ်တော်မပေါ်မီ ၅ ရာစုနှစ်က တရုတ်ပညာရှိ ဆွန်ဇူးကမူ ကြိုတင်သိရှိရေးသည် အမြော်အမြင်ရှိသော မင်းသားနှင့် လိမ္မာပါးနပ်သော စစ်သေနာပတိတို့က ရန်သူလှုပ်ရှားသောအခါတိုင်း အောင်နိုင်စေသောအကြောင်းရင်းများဖြစ်သည်ဟုဆိုခဲ့သည်။ မှန်ပါသည်။ သတင်းကြိုတင် ရယူလိုခြင်းမှာ မိမိတိုင်းပြည်နှင့်လူမျိုး တည်တံ့ရေးအတွက် အထူးအရေးပါ အရာရောက်စေသည်။

ရှေးပဝေသဏီက ထောက်လှမ်းရေးအခြေခံနည်းမှာ ဗေဒင်ဟူးရား ပရောဟိတ်များ၊ အနာဂတ်ကို ကြိုတင်ဟောပြောနိုင်သူများ၊ နက္ခတ်ဆရာများအား အားထားကြရ၏။ သမ္မာကျမ်းစာနှင့် အိန္ဒိယနိုင်ငံမှ မဟာဘာရတ ဇာတ်တော်ကြီးလာဇာတ်ဝတ္ထုများတွင် သူလျှိုတို့ဆောင်ရွက်ချက်ကြောင့် စစ်အောင်နိုင်ရပုံများကို အကျယ်တဝင့် ဖော်ပြခဲ့၏။

ကမ္ဘာ့သမိုင်းတွင် သူလျှိုများ၏ တိတိကျကျ သတင်းပေးနိုင်မှုကြောင့် အောင်ပွဲခံနိုင်သည့် သာဓကအများရှိခဲ့၏။ သာဓကအားဖြင့် ပြင်သစ်ဧကရာဇ် နပိုလီယန်သည် သူလျှိုတို့၏ အရေးပါအရာရောက်မှုကို အလေးအနက်ထားသူဖြစ်၏။ သူလျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့စဉ်က သူ၏ အားထားရသော သူလျှိုမှာ ကုန်သည်ကြီးကာလ်ရှုလ်မေး ဆိုသူဖြစ်၏။

သူသည် ထိုစဉ်အချိန်ကာလက ဥရောပတိုက် နိုင်ငံအသီးသီးရှိ တော်ဝင်မိသားစုများ၊ ထိပ်တန်းစစ်သေနာပတိများနှင့် ခင်မင်သူဖြစ်၏။ ဥရောပတိုက် နိုင်ငံအသီးသီးသို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနိုင်သူ ဖြစ်ရကား ထိုနိုင်ငံများ၏ စစ်ရေးသတင်းများကို လည်းကောင်း၊ စီးပွားရေး၊ နိုင်ငံရေး သတင်းများကိုလည်းကောင်း စေ့စေ့စပ်စပ်သိသူ ဖြစ်သည်။ သို့ဖြစ်၍ ထိုသတင်းများကို စစ်ဧကရာဇ် နပိုလီယန်ထံ လျှို့ဝှက်စွာ ပေးပို့နိုင်ခဲ့ရာ စစ်ဧကရာဇ် နပိုလီယန်သည် နာမည်ကျော် အမ်းတိုက်ပွဲကြီးနှင့် ဩစတာလစ်ဇ် တိုက်ပွဲတို့ကို အောင်ပွဲခံနိုင်ခဲ့သည်ဟု သိရ၏။

စစ်ဧကရာဇ် နပိုလီယန်၏ တိုက်တိုင်းအောင် မဟာတပ်မကြီး စစ်ရှုံးနိမ့်ရခြင်းမှာလည်း ဗြိတိသျှသူလျှိုများ၏ သတင်းပေးပို့ချက်များအရဖြစ်သည်။ ဗြိတိသျှစစ်သေနာပတိ ဝယ်လင်တန်မြို့စားကြီး၏ အထူးထောက်လှမ်းရေးအဖွဲ့ကို ဦးဆောင်သူမှာ ဗိုလ်မှူးကြီး ဟင်နရီဟာလ်ဒင်ဖြစ်၏။

သူ၏ ထောက်လှမ်းရေးတပ်ဖွဲ့များသည် ပြင်သစ်နိုင်ငံအတွင်း သွားလာလှုပ်ရှား၍ နပိုလီယန်၏ စစ်သူကြီးများ၏ အကြံအစည်တို့ကိုထောက်လှမ်းနိုင်ခဲ့ကြသည်။

ဝါတာလူးစစ်ပွဲတွင် တိုက်ခိုက်မည့် စစ်ဆင် စစ်တက်မည့် နည်းပရိယာယ်ကို ဗြိတိသျှစစ်သေနာပတိမြို့စားကြီး ဝဲလ်လင်တန်က ကြိုတင်သတင်းရယူထား၏။ ထို့ကြောင့်ပင် "ကျွန်ုပ်၏ အဘိဓာန်တွင် မဖြစ်နိုင်သောအရာမရှိ"ဟုကြွေးကြော်ခဲ့သော စစ်ဧကရာဇ် နပိုလီယန်သည် ဝါတာလူးစစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရပြီး ဗြိတိသျှစစ်သေနာပတိ မြို့စားကြီး ဝဲလ်လင်တန်ထံတွင် လက်နက်ချခဲ့ရ၏။

ခရစ်နှစ် ၁၈၇၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော ပြင်သစ်-ပရပ်ရှား (ဂျာမနီ) စစ်ပွဲအတွင်း ဂျာမန်တို့သည် ပြင်သစ်နိုင်ငံအတွင်း သူလျှိုအများအပြား စေလွှတ်ထားနိုင်ခဲ့သဖြင့် ပြင်သစ်နိုင်ငံအတွင်း အပ်ကျသည်ကအစ သိကြသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျာမနီနိုင်ငံသည် နိုင်ငံတကာတွင် အတည်ကျနေထိုင်ကြသည့် ဂျာမန်လူမျိုးများကို သူလျှိုအဖြစ် အသုံးပြုခဲ့သည်။

ယခု မျက်မှောက်ခေတ်တွင်မူ သူလျှိုလုပ်ငန်းကို နှစ်ပိုင်းခွဲခြားထားသည်ကို တွေ့ရ၏။ တစ်ပိုင်းမှာ စစ်ရေးထောက်လှမ်းမှုများဖြစ်ပြီး အခြားတစ်ပိုင်းမှာ နိုင်ငံရေးဖြစ်ပေသည်။ နိုင်ငံရေးထောက်လှမ်းမှု ဆိုသည်မှာ နိုင်ငံရေး စက်မှုနည်းပညာ၊ ကူးသန်းရောင်းဝယ်ရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး အလုပ်သမားအရေး အစရှိသည်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ထောက်လှမ်းကြသည်။ ယင်းသို့ထောက်လှမ်းရာတွင် သံတမန်နည်းကိုလည်း အသုံးပြုလေ့ရှိသည်။

စစ်ရေး ထောက်လှမ်းမှုများသည် စစ်ကြီးဖြစ်ပွားနေသည့်အခါတွင်သာမက စစ်မက်ငြိမ်းချမ်းသောအချိန်ကာလများတွင် တစ်တိုင်းပြည်၏ လက်နက်ကိုင်တပ်ဖွဲ့များအကြောင်း လျှို့ဝှက်သတင်းများ ရနိုင်သမျှ စုဆောင်းခဲ့ကြသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း နာဇီဂျာမနီနိုင်ငံသည် ဗီတူးခေါ် ဗုံးပျံများ စတင်တီထွင်ခဲ့ရာမှ အဏုမြူဗုံးပြုလုပ်ရန် သုတေသန ပြုလုပ်နေခြင်းကို ထောက်လှမ်းရေး သတင်းများအရ အသေးစိတ်သိထားခဲ့၏။

သို့ဖြစ်၍ နာဇီတို့ထက် အဏုမြူဗုံး အလျင်အမြန် တီထွင်ထုတ်လုပ်နိုင်ရန် မဟာမိတ် စစ်အာဏာပိုင်များသည် ပညာရှင်များကို တွန်းအားပေးခဲ့သဖြင့် အဏုမြူဗုံးတီထွင်နိုင်ခဲ့သည်သာမက ဂျပန်နိုင်ငံအပေါ် ပစ်ချနိုင်ခဲ့သည်မှအစ အဝေးမှပစ်ခတ်နိုင်သည့် လက်နက်အသစ်အဆန်းများ တီထွင်ချက်များကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ သူလျှိုများစေလွှတ်၍ ထောက်လှမ်းခဲ့ကြသည်။ ယခုအခါ အာကာသမှပင် ဂြိုဟ်တုဖြင့် ထောက်လှမ်းလျက်ရှိကြပြီ ဖြစ်၏။

၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားလာခဲ့သော ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၄၀ ပြည့်နှစ်ဦးတွင်မူ နာဇီဂျာမန်တို့အဖို့ အောင်ပွဲခံရန် သေချာသလောက် ဖြစ်နေသည်။ ဥရောပတိုက်နိုင်ငံများသည် နာဇီစစ်ယန္တရားကြီးအောက်တွင် တစ်နိုင်ငံပြီးတစ်နိုင်ငံ ကျဆုံးခဲ့ရသည်။

နာဇီဂျာမန်တပ်မတော်၏ လျှပ်တစ်ပြက်စစ်ဆင်ရေးနှင့် သံချပ်ကာ တပ်မဟာတို့၏ အလျင်အမြန် ထိုးစစ်ဆင်မှုတို့ကြောင့် လူဇင်ဘတ်၊ ဒိန်းမတ်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ နိုင်ငံတို့မှာ ရက်ပိုင်းနာရီပိုင်းအတွင်း လက်နက်ချ အရှုံးပေးခဲ့ရသည်။



အစဉ်အလာ ကြီးမားခဲ့သော ပြင်သစ်နိုင်ငံ တပ်မတော်သည် ပြင်သစ်နှင့် ဂျာမနီနိုင်ငံ နယ်စပ်ရှိ မက်ဂီနောခံတပ်အတွင်းမှ ဂျာမန်တပ်များကို ပြင်းပြင်းထန်ထန် ခုခံကာကွယ်ခဲ့သည်။

ဤသို့သော အခြေအနေတွင် ဖက်ဆစ်နာဇီတို့၏ ဝါဒကို ခါးခါးသီးသီး မုန်းတီးသော ဗြိတိသျှ ရုပ်ရှင်နှင့်ပြဇာတ်မင်းသားကြီး နိုဝယ်ကောင်းဝဒ်မှာ ပြင်သစ်နိုင်ငံတွင် ရုပ်ရှင်ရိုက်ကူးရန် ရောက်ရှိနေသည်။

နိုဝယ်ကောင်းဝဒ်မှာ ထိုစဉ်အချိန်က လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်နေသော ရုပ်ရှင်သရုပ်ဆောင်နှင့် ပြဇာတ်မင်းသားကြီး ဖြစ်သည်။ သူ၏ တည်ငြိမ်အေးဆေး မှင်သေသည့်အမူအရာကို အင်္ဂလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်နိုင်ငံအသီးသီးမှ ရုပ်ရှင်ကြည့်ပရိသတ်နှင့် ပြဇာတ်ကြည့် ပရိသတ်များသည် နိုဝယ်ကောင်းဝဒ်အား သည်းသည်းလှုပ်ခင်မင်လေးစားကြသူများ ဖြစ်၏။

ပြင်သစ်နိုင်ငံသူ နိုင်ငံသားများကလည်း နိုဝယ်ကောင်းဝဒ်ကို အသည်းစွဲကြသူများဖြစ်သည်။ ပြင်သစ်နိုင်ငံ ပါရီတွင် သောင်းတင်နေချိန် နာဇီဂျာမန်တို့၏ ခြေလျင်တပ်မကြီးများနှင့် သံချပ်ကာတပ်မဟာများသည် ရှေးသမားရိုးကျစနစ်အတိုင်း မက်ဂီနောခံတပ်အတွင်းမှ ခံစစ်ပြုနေသော ပြင်သစ်တပ်မတော်ကြီးကို နာရီပိုင်းအတွင်း ထိုးဖောက်နိုင်ခဲ့ကြသည်။

နာဇီဂျာမန်တို့၏ စစ်ကြောင်းများသည် လျှပ်တစ်ပြက်စစ်ဆင်နည်းနှင့် ဖွတ်အတင်းထိုးဖောက်ချီတက်လာခဲ့ရာ ပြင်သစ်တပ်မတော်ကြီးမှာ လက်နက်ချရတော့မည့် အခြေအနေရောက်လာသည်။ ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် ဥရောပတိုက်မှ ခွာစစ်ပြုရတော့မည့် အခြေအနေ ဖြစ်လာခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် နိုဝယ်ကောင်းဝဒ်သည် သူတတ်နိုင်သည့်နည်းဖြင့် နာဇီတို့အား ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပြီး ပါရီမြို့တော်ရှိ နာဇီဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၊ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့များ၊ ပြင်သစ်အမျိုးသား ဆူရီတေစုံထောက်အဖွဲ့ဝင်များနှင့် ဆက်သွယ်နိုင်ခဲ့ပြီး ပြင်သစ်နိုင်ငံအတွင်းထိုးဖောက်လာသည့် ဂျာမန်တို့၏ အခြေအနေနှင့် ပြင်သစ်နိုင်ငံအတွင်းရှိ နာဇီဂျာမန် အလိုတော်ရိများ နာဇီသူလျှိုများ၏ လှုပ်ရှားမှုများကို ထောက်လှမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာသို့ သတင်းပေးပို့နိုင်ခဲ့၏။ ထိုစဉ်က မင်းသားကြီး ပေးပို့သော ရန်သူတပ်နှင့် သူလျှိုများ၊ တန်ပြန်သူလျှိုများ၏ လှုပ်ရှားမှုသတင်းများမှာ အထူးအရေးအရာရောက်ခဲ့၏။

မဟာမိတ်တို့ အောင်မြင်မှု ဆုတ်ခွာခဲ့သောအခါတွင် နိုဝယ်ကေ





www.burmeseclassic.com

www.burmeseclassic.com

ဝဒ်သည် လန်ဒန်မြို့သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှာ နာဇီဂျာမန်တို့အဖွဲ့ အောင်ပွဲခံရန် သေချာနေပြီဖြစ်၏။ ဥရောမတိုက်မှ ဗြိတိသျှတပ်သားများ၊ မဟာမိတ်တပ်သားများသည် လက်နက်ကြီးများ၊ တင့်ကားများနှင့် စစ်အသုံးအဆောင်ပစ္စည်းများကိုစွန့်ပစ်၍အင်္ဂလန်နိုင်ငံသို့ လူသက်သက် ဆုတ်ခွာလာခဲ့ရသည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာလည်း နာဇီဂျာမန်သူလျှိုများ ခြေချင်းလိမ်နေသော အခြေအနေဖြစ်၏။

မင်းသားကြီး နိုဝယ်ကောင်းဝဒ်သည် ပြင်သစ်နိုင်ငံ ပါရီတွင် သောင်တင်နေချိန်ကသူလျှိုတစ်ယောက်အဖြစ်ဆောင်ရွက်ခဲ့ရာ အတွေ့အကြုံအတော်အသင့် ရခဲ့ပြီဖြစ်ရကား အမိနိုင်ငံတော်အတွက် သူတတ်နိုင်သလောက်အကျိုးပြုရန် စဉ်းစားမိသည်။ ထိုစဉ်ကာလက အင်္ဂလန်မှာ တစ်ကောင်ကြွက်ဖြစ်ခဲ့ပြီဖြစ်၏။ နာဇီတို့ကလည်း "ပင်လယ်ခြသေ့" စစ်ဆင်ရေးကြီး ဆင်နွှဲ၍ အင်္ဂလန်နိုင်ငံကို သိမ်းပိုက်တော့မည့်အခြေအနေဖြစ်သည်။

မင်းသားကြီးသည် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အမှတ်(၅)နှင့် ဆက်သွယ်၍ သူလျှိုတစ်ယောက်အဖြစ် အမှုထမ်းရန် ချဉ်းကပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့ဖြစ်၍ သူ့မိတ်ဆွေ အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ ဝန်စတန်ချာချီထံ သွားရောက်တွေ့ဆုံခဲ့၏။ ထိုစဉ်က ဝန်စတန်ချာချီမှာ အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားရသော ကာလဖြစ်သည်။ သူ့အား တွေ့ဆုံခွင့်ရရန်မလွယ်။ သို့သော် ချာချီသည် နေ့မအားညမအား အလုပ်များနေသည့်ကြားမှ သူ့မိတ်ဆွေမင်းသားကြီးအား အချိန်ပေး၍ နှစ်ဦးတည်းတွေ့ဆုံခဲ့သည်။

ဤတွင် ကမ္ဘာကျော်မင်းသားကြီး နိုဝယ်ကောင်းဝဒ်သည် အင်္ဂလန်နိုင်ငံအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေသောအချိန်တွင် သူ့အား ထောက်လှမ်းရေး တာဝန်တစ်ရပ်ကို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးပါရန် တောင်းခံသည်။

ဝန်ကြီးချုပ်ချာချီကမူ ရုပ်ရှင်သရုပ်ဆောင်များ၊ ပြဇာတ်သရုပ်ဆောင်များ၏ လုပ်ငန်းသည် သူလျှို စပိုင်များဆောင်ရွက်ရသည့် တာဝန်နှင့် မတူကြောင်း၊ သို့ဖြစ်၍ မင်းသားကြီးတောင်းသည့် တာဝန်ကို သူမပေးနိုင်ကြောင်း ရှင်းပြခဲ့၏။

မင်းသားကြီး နိုဝယ်ကလည်း ရုပ်ရှင်၊ ပြဇာတ်သရုပ်ဆောင်များသည် နိုင်ငံတကာသို့ သွားရောက်ဖြေဖျော်နေရသူများ ဖြစ်ကြောင်း၊ အထူးသဖြင့် နာဇီသူလျှိုများ ခြေချင်းလိမ်နေသည့်ကြားနေနိုင်ငံများဖြစ်သော ဖက်ဆစ်စပိန်နိုင်ငံအပါအဝင် ဥရောပတိုက်ရှိ နာဇီဂျာမန်တို့ သိမ်းပိုက်ခြင်းမပြုရသေးသော နိုင်ငံများနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးနေသော အမေရိကန်ပြည်ထောင်စုသို့လည်းမကြာခဏရောက်ရှိနေကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ထိုစဉ်ကာလက နာဇီဂျာမန်သူလျှိုတို့ စခန်းချသည့် နိုင်ငံဖြစ်သဖြင့် နာဇီဂျာမန်သူလျှိုများ မှိုလိုပေါ်နေသော နိုင်ငံဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်၊ ပြဇာတ်မင်းသား၊ အဆိုတော်တို့မှာ ပြည်သူချစ်သောအနုပညာရှင်များ ဖြစ်ရကား ပြည်သူများနှင့် လက်ပွန်းတတီး ပေါင်းသင်းခွင့်ရသဖြင့် နာဇီသူလျှိုများ၏ ခြေလှမ်းကို သိရှိဖော်ထုတ်နိုင်ရန် သေချာသည်ဟု ပြောပြခဲ့သဖြင့် ဗြိတိသျှဝန်ကြီးချုပ် ချာချီသည် ရုပ်ရှင်သရုပ်ဆောင်နှင့် ပြဇာတ်မင်းသားကြီး နိုဝယ်ကောင်းဝဒ်အား ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဝင် တစ်ယောက်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။

ထိုစဉ်က အမေရိကန် ပြည်ထောင်စုသည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ပါဝင်တိုက်ခိုက်ခြင်းမရှိသော်လည်း အင်္ဂလန်နိုင်ငံအား အကူအညီပေးခဲ့သည်သာမက ဗြိတိသျှအထူးလုံခြုံရေး ပူးတွဲဆောင်ရွက်ရေးအဖွဲ့ "British security coordination" (BSC) ဟုခေါ် ပေးထားသော ထောက်လှမ်းရေးအဖွဲ့ တစ်ဖွဲ့စီထားရန် အမေရိကန် ပြည်ထောင်စုက သဘောတူညီထား၏။

ထိုအဖွဲ့ကြီးမှာ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ရော့ဖ်လားတွင် လျှို့ဝှက်စွာ ဖွင့်ထားခဲ့သည်။ ထိုလျှို့ဝှက်အေဂျင်စီအဖွဲ့သည် အမေရိကန်ပြည်ထောင်စုတွင် ပျားပန်းခပ်လှုပ်ရှားနေသော နာဇီဂျာမန် သူလျှိုတို့အား ထုတ်ဖော်စုံစမ်းရေးနှင့် အမေရိကန်အစိုးရအား နာဇီတို့ ဆန့်ကျင်နေမှုကိုလည်း ထောက်လှမ်းပေးခဲ့ရသည်။

မင်းသားကြီး နိုဝယ်သည် ထိုအဖွဲ့နှင့်ဆက်သွယ်ပြီး အမေရိကန် ပြည်ထောင်စုမှ နာဇီသူလျှိုကွန်ရက်ကို ထုတ်ဖော်ပေးနိုင်ခဲ့သည်သာမက ကြားနေနိုင်ငံဟု ကြွေးကြော်နေသော ဖက်ဆစ်စပိန်နိုင်ငံသို့လည်း သွားရောက်၍ နာဇီသူလျှိုတို့၏ လှုပ်ရှားမှုသတင်းများ၊ ဥရောပတိုက်မှ နာဇီဂျာမန်တို့၏စစ်ရေးလျှို့ဝှက်သတင်းများကိုဗြိတိသျှထောက်လှမ်းရေး အဖွဲ့(၆)နှင့် အဖွဲ့(၅)တို့ထံ လျှို့ဝှက်သတင်းများ ပေးပို့နိုင်ခဲ့သည်။

ထို့အတူ မဟာမိတ်တို့ ဥရောပတိုက် ကမ်းခြေတက် စစ်ပွဲကြီး ဆင်နွှဲတော့မည့်အခါတွင်လည်း နာဇီဂျာမန်တပ်မတော်၏ လျှို့ဝှက်ချက်များကို သက်ဆိုင်ရာသို့ မင်းသားကြီးက သတင်းပေးနိုင်ခဲ့သည်။ သူ့သတင်းများမှာ တိကျမှန်ကန်ပြီး စစ်ရေးအတွက် အထူးအဆန်းရှိလှသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်နှင့် ဗြိတိသျှအစိုးရသည် မင်းသားကြီးအား သူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ဂုဏ်ပြုသည့်အနေဖြင့် "ဆာ" ဘွဲ့ထူး ပေးအပ်ခဲ့သည်။ နိုဝယ်ကောင်းဝဒ်သည် ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါကြောင်း။

❐ ရှုမိုး(ဝညာဓရ)

REF : Great True Spy Stories





www.burmeseclassic.com

www.burmeseclassic.com

# စီးပွားရေး တက်ရိပ် ကျရိပ် အတိတ်နိမိတ်များ



လှတိုး(စိတ်ပညာ)

တစ်နေ့က စီးပွားရေးအဘိဓာန်တစ်အုပ်ကို တောင်လှန် မြောက်လှန်လုပ်ရင်း စကားလုံးတစ်လုံးကို အမှတ်မထင် တွေ့မိလိုက်သည်။

၎င်းစကားလုံးက သာမန်အဘိဓာန်များတွင် တွေ့လေ့ တွေ့ထ မရှိလှသော စကားလုံးပင်ဖြစ်သည်။ ၎င်းစကားလုံးကို မြင်တော့ ယခုခေတ် မြန်မာမလေးများ ဒူးပေါ် ပေါင်ပေါ် အောင် ဝတ်စားဆင်ယင်မှုများကို မြင်နေပါလျက်နှင့် မေ့နေခဲ့သော စီးပွားရေး သဘောတရားတစ်နည်း ယူဆချက်တစ်ခုကို သတိရမိလိုက်သည်။

ထိုစကားလုံးက "HEMLINE THEORY" ပင်ဖြစ်သည်။ ယေဘုယျဘာသာပြန်ဆိုရပါလျှင် အမျိုးသမီးများ၏ အနားစွန်း၊ တစ်နည်းပြောရလျှင် အမြိတ်တွန့်သီအိုရီပင် ဖြစ်သည်။ အမျိုးသမီးများ၏ စကတ် မီနီ-ပေါင်လယ်ဖြတ်ခြင်းနှင့် မီဒီ-ဒူးထိဖုံးခြင်းပေါ်မူတည်၍ စတော့ရှယ်ယာဈေးကွက် အတက်အကျကို ခန့်မှန်း၍ရသည်ဆိုသည့် ယူဆချက်ပင်ဖြစ်သည်။

၎င်းအချက်ကို ပထမဦးဆုံး သတိပြုမိခဲ့သူမှာတော့ ရှယ်ယာပွဲစားလုပ်ငန်းတစ်ခု၏ သုတေသနအဖွဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ရောလ်ရော့နန်ပင်ဖြစ်သည်။ ထိုအချက်ကို သူ ကနဦးတင်ပြခဲ့သည်မှာလည်း လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော် ၁၉၆၇ ခုနှစ်ကာလက ဖြစ်သည်။

တို ့နံ့ဂါဝန်များ ခေတ်စားလာသည့် ၁၉၂၁ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များ၏ စောစောပိုင်းကာလတွင် စတော့ရှယ်ယာဈေးနှုန်းများ ရောင်းအားကောင်းပြီးဈေးတက်ခဲ့သလို ၁၉၂၀ ပြည့်နှစ်များ နှောင်းပိုင်းနှင့် ၁၆၀ ပြည့်နှစ်များ နှောင်းပိုင်းကာ ၁ ါဝန် အမြိတ်တွန့်များ ပြန်ရှည်လာသောအခါတွင် စတော့ရှယ်ယာ ဝယ်အားကျပြီး ဈေးနှိမ်ခဲ့ကြောင်းကိုလည်း ရောလ်ရော့နန်က သတိပြုမိခဲ့သည်။

မရောင်ရာဆီလူး ဘာဆိုင်လို့လဲဟု ပြောချင်သူများ ရှိကောင်းရှိပေမည်။ သို့သော် စိတ်ပညာရှင်များက ဖြစ်နိုင်ခြေ အကျိုးအကြောင်းကို အောက်ပါအတိုင်း ထောက်ပြခဲ့သည်။

"ယောက်ျားတွေ၊ မိန်းမတွေ့ရဲ့ ဝတ်စားဆင်ယင်ပုံက သူတို့စိတ်ဓာတ်ကို ဖော်ပြတာပဲ၊ သူတို့စိတ်ဓာတ်ကျနေရင် ဖြစ်ကတတ်ဆန်း ဖရိုဖရဲ ဝတ်စားတတ်ကြသလို စိတ်ဓာတ်တက်ကြွနေရင် ပပလွှားလွှား ဒါမှမဟုတ် ဖော်ဖော်ကျူးကျူး ဝတ်ဆင်တတ်လေ့ ရှိကြတယ်၊ တစ်ပါးသူ စိတ်ကြွစိတ်ထအောင် ဝတ်ဆင်တာ ကိုယ်တိုင်ကလဲ စိတ်ထ စိတ်ကြွနေတဲ့ လက္ခဏာပဲ၊ စိတ်ထစိတ်ကြွနေသူတွေရဲ့ သဘာဝအရ ဆိုးခန် ဆတ်ခန် ထင်ရာလုပ်ဖို့ ဝန်မလေးဘူး၊ စီးပွားရေး ဈေးကွက်က ပြန်ကြည့်ရင် သုံးရ ဖြုန်းရ ဝယ်ရ ခြမ်းရမှာကို လက်မတွန့်ဘူး၊ ဒီလို ဝယ်ခြမ်းမှုများလေ အရောင်းအဝယ် ဈေးကွက်ကောင်းလေ ငွေလည်ပတ်မှု အားများလေ စီးပွားရေးတက်လေလို့ သတ်မှတ်ရမှာပဲ"

ကွန်နက်တီကက်ပြည်နယ်မှ စိတ်ပညာရှင် တစ်ဦးဖြစ်သူ ရော်နယ်ရေးမွန်က အထက်ပါအတိုင်း သုံးသပ်တင်ပြခဲ့သည်။

၎င်းသည်က အမျိုးသမီးများ၏ ဒူးပေါ် ပေါင်ပေါ် မီနီစကတ်ဖက်ရှင်ပေါ် မူတည်၍ ကောက်ချက်ချခဲ့ခြင်းပင် ဖြစ်သည်။

"အမျိုးသမီးတွေ စကတ်အရှည်တွေ ဝတ်လာတုန်းက ကျွန်တော်တို့ ဘယ်လို အတိတ် ကောက်ရမလဲမသိ ဖြစ်သွားခဲ့တယ်၊ ဒါပေမဲ့ အဲဒါလဲ အဝယ် ဈေးတက်ဖို့ နိမိတ်ပြချက်မှန်း သဘော ပေါက်လာခဲ့တယ်"

ရောလ်ရော့နန် ကွယ်လွန်ပြီး နောက်တွင် ရော့နန်၏ သီအိုရီကို ဆက်လက်ထောက်ရှုဆင့်ပွား သုတေသနပြု လာခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အာလန်ရှော့က ဆိုသည်။


အာလန်ရှော့သည် နယူးယောက်မြို့မှ အကြီးဆုံးစတော့ရှယ်ယာလုပ်ငန်း ကြီးဖြစ်သည့် စမစ်ဘာနေး ဒ





www.burmeseclassic.com

www.burmeseclassic.com



အပ်ဟမ်အင် ကုမ္ပဏီ၏ ဒုဥက္ကဋ္ဌပင် ဖြစ်သည်။

အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပေါ် မူတည်၍ ထိုသို့အတိတ်စိမ်းများကောက်ယူမှုရှိသလို အမျိုးသားတို့၏လည်စည်းကိုမူတည်၍နိမိတ်ကောက်မှုလည်း ရှိသည်။

ထိုနည်းကို စတင်ခဲ့သူမှာ အာလန်ရှော ကိုယ်တိုင်ပင်ဖြစ်သည်။

အမျိုးသားများ ဝတ်ဆင်သည့် လည်စည်းများ ပြက်ကျဉ်း ပြက်ကျယ်မှုကိုမူတည်၍ စီးပွားရေးဈေးကွက် အခြေအနေ တွက်နိုင်သည်ဟု သူကဆိုသည်။ လည်စည်းပြက်ကျယ်လျှင် အရောင်းအဝယ် လေးသည်။ လည်စည်းပြက်ကျဉ်းလျှင် ဈေးကွက်သွက်သည်ဟုပင်။

မည်သည့်အတွက်ကြောင့် လည်စည်းပြက်ကျဉ်းခြင်း၊ ပြက်ကျယ်ခြင်းက အရေးပါနေပါသနည်း။

"အမျိုးသားတွေက ထက်ထက်မြက်မြက် သွက်သွက်လက်လက် ရှိတဲ့အခါ တစ်နည်းပြောရရင် အားပြည့်နေတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြည့်ဝ နှစ်ထောင်းအားရ ရှိနေတဲ့အခါမှာ ချပ်ချပ်ကပ်ကပ် သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်လေ့ ရှိကြတယ်၊ ဖလပ်ဖလပ် ဖြစ်နေမယ့် လည်စည်းကြီးဝတ်မယ့်အစား လည်စည်းကျဉ်းကို ဝတ်တယ်"ဟု ရှောက ဆိုသည်။

မျက်မှောက်ကာလ အမျိုးသမီးများ၏ပေါင်ပေါ် ဘောင်းဘီတို၊ ဘောင်းဘီကျပ်နှင့် အမျိုးသားများဘက်မှ ဖိုသီဖတ်သီ မတန်မရာပွရောင်းသောအဝတ်အစားများကို မှတ်ကျောက်အဖြစ် သတ်မှတ်၍ မြန်မာပြည်၏ စီးပွားရေးအခြေအနေကို တက်သလို၊ မတက်သလို၊ ကျသလို၊ မကျသလို လည်တည်တည်ကြီးဟု ကောက်ချက်ချလျှင် တွက်ကိန်းမှန်ကန်သည်များ ဖြစ်လေမလားမသိ။

အမေရိကန်နိုင်ငံ စတော့ဈေးကွက်မှ အသုံးပြုနေသော အခြားစီးပွားရေး ပြဒါးတိုင်တစ်ခု ရှိသေးသည်။ ထိုပြဒါးတိုင်ကား ခေါင်းကိုက်ပျောက်ဆေး ရောင်းအားပေါ် တွက်ချက်မှုပြုသော ပြဒါးတိုင်ပင် ဖြစ်သည်။

ထိုသီအိုရီက ဤသို့သွားသည်။ ပြဿနာများကြုံလျှင် လူတို့ စိတ်ညစ်သည်။ ဦးနှောက်သုံး တွေးတောစဉ်းစားကြံဆရ၍ ခေါင်းကိုက်သည်။ ခေါင်းကိုက်သောကြောင့် ခေါင်းကိုက်ပျောက်ဆေး ဝယ်သောက်ရသည်။ ခေါင်းကိုက်ပျောက်ဆေး များများရောင်းရလျှင် ဦးနှောက်သုံးရသော ဉာဏရှင်များများ ခေါင်းကိုက်နေကြသည်ဟု ဆိုရမည်။ ဉာဏသမားများ ခေါင်းကိုက်နေသည်ဆိုလျှင် စီးပွားရေးအခြေအနေ ညက်ညက်မစီးဆင်းနေ၍သာလျှင် ဖြစ်မည်။

သို့ဖြင့် စီးပွားရေးအခြေအနေကောင်း၊ မကောင်း သိချင်လျှင် ခေါင်းကိုက်ပျောက်ဆေး ရောင်းအားကို စုံစမ်းပါဟု ဆိုသည်။

ပေါက်ပေါက်ရှာရှာ ရယ်စရာဟု ဆိုချင်စဖွယ် ဖြစ်ငြားသော်လည်း အမေရိကန်နိုင်ငံ နိုင်ငံတကာ ကုန်သွယ်ရေးကော်မရှင်ကမူ ဤအချက်ကို ရယ်စရာအဖြစ် မသတ်မှတ်ချေ။ ယင်းသည် နှစ်စဉ် ခေါင်းကိုက်ပျောက်ဆေးထုတ်လုပ်အားကို အစီရင်ခံလေ့ရှိသည်။

ဤနှစ်တွင် ခေါင်းကိုက်ပျောက်ဆေးရောင်းအား ကောင်းလျှင် နောက်တစ်နှစ်တွင် စတော့ဈေးကွက် ရောင်းအားကျလေ့ ရှိသည်ကို တွေ့ခဲ့ရသည်။ အလားတူပင် ခေါင်းကိုက်ပျောက်ဆေး ရောင်းအားကျလျှင် စတော့ဈေးကွက် ရောင်းအားတက်လေ့ရှိသည်။

အနှစ် နှစ်ဆယ် ကာလတွင် ဤတွက်ကိန်း လေးကြိမ်သာ လွဲခဲ့သည်ဟု ဆိုသည်။

ဤကိစ္စကို မည်သည့်ပုဂ္ဂိုလ်က ရှေးဉာဏ်တော်စူးရောက်စွာ တွေ့မြင်မှတ်တမ်းတင်ခဲ့ပါသနည်းဟု မမေးလေနှင့်။ မည်သူမှ မသိ။

သူပြော ငါပြောဖြင့် နှုတ်ချင်းချိတ် တစ်ဆင့်စကားပွားလျက် ကမ္ဘာပတ်သွားခဲ့သော သီအိုရီတစ်ခုသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုက်ပျောက်ဆေး ကိန်းဂဏန်းကို စုဆောင်းတင်ပြသူ "CHEMICAL MARKETING REPORTER" ဂျာနယ်မှ အယ်ဒီတာ ကတ်ဒေရပ်စ်ကမူ ဤကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်းစပ်ဖြဲဖြဲပြောခဲ့သည်။

"ပေါက်တတ်ကရတွေပါဗျာ၊ ဒါပေမဲ့ လေးလေးနက်နက်ထားကြရတဲ့ ကိစ္စတော်တော်များများကလဲ ပေါက်တက်ကရတွေပဲလေ"

ဤပေါက်တတ်ကရဟု ဆိုသော ကိစ္စများထက် ပြောရခက်သောအတိတ်နိမိတ်ကောက်နည်းတစ်ခုလည်း ရှိသေးသည်။ ယင်းကိစ္စက အမေရိကန် ဘောလုံးဖလား SUPER BOWL ပွဲနှင့် ပတ်သက်သည်။

ထို SUPER BOWL ဖလားပွဲတွင် မူလ အမျိုးသားဘောလုံးအဖွဲ့ NATIONAL FOOTBALL LEAGUE နှင့် ပတ်သက်ခဲ့သောအသင်း နိုင်ခဲ့လျှင် ထိုနှစ်တွင် စတော့ရှယ်ယာဈေးနှုန်းများ မြင့်လေ့ရှိသည်။ သို့သော် မူလ အမေရိကန် ဘောလုံးအဖွဲ့ AMERICAN FOOTBALL LEAGUE အသင်းနိုင်ခဲ့လျှင် ထိုနှစ်စတော့ရှယ်ယာဈေးနှုန်းများ ကျလေ့ရှိသည်။ SUPER BOWL ပြိုင်ပွဲ ၁၄ နှစ် ကာလတစ်လျှောက်တွင် ထိုတွက်ကိန်းတစ်ကြိမ်တစ်ခါမှ မှားယွင်းခြင်း မရှိခဲ့ချေ။ မည်သည်ကြောင့် ဤသို့ဖြစ်သည်ကို မည်သူမျှ နားမလည်ချေ။

"ဘယ်လိုကြောင့် ဒီလိုဖြစ်တယ်ဆိုတာ ကျွန်တော်တို့ကို မမေးနဲ့၊ ကျွန်တော် မသိဘူး၊ အဲဒီအတိုင်း ဖြစ်နေတာကိုပဲ တွေ့နေရတယ်"ဟု ဒင်းပစ်တာရေးနောလ် ကုမ္ပဏီ၏ ဒုဥက္ကဋ္ဌ ရော်ဘတ်စတိုင်ဗ်အောလ်က ဆိုသည်။

❒ ရှုတိုး(စိတ်ပညာ)

REF : WACKY WAYS TO WIN ON WALL STREET BY MAX GUNTHER

# လှေကားကောင်းကောင်းတပ်ကြစို့

**ဇီဝအောင်ထွန်း**

ရှေးလူကြီးများသည် အဆောက်အအုံတစ်ခုခု ဆောက်လုပ်ပြီဆိုလျှင် ...
သည့် အစိတ်အပိုင်းကိုမျှ လက်လွတ်စပယ် လုပ်လေ့မရှိ။ စည်းစနစ်တကျ လော...
ပညာရပ်များကို အခြေပြု၍ ဆောက်လုပ်တတ်ကြစမြဲ။

"ကျောင်းမှာ ကွန်းစင်၊ အိမ်တွင် လှေကား၊ အချုပ်ထား" ဟူသော စကား...
ရှိ၏။ လှေကားကောင်းလျှင် အိမ်ကောင်းသည်ဟုလည်း ယူဆကြသည်။

ဒို့အတွက် လှေကားကို အထူးသတိကြီးစွာ လုပ်ဆောင်တပ်ဆင်ကြသည်...

ဦးစွာ လှေကားပြုလုပ် တပ်ဆင်မည်ဆိုပါက လှေကားအမျက်ကို ရွေးချ...
တတ်ဖို့ လိုပါသည်။

လှေကားအမျက် ရွေးတော့မည်ဆိုလျှင် လိုသလောက်လှေကားကို (၁၀)ပိုင်း...
ပိုင်းရပါမည်။

ဤ၌ ဆယ်ပိုင်းအနက်. . .

* ရှစ်ပိုင်း၊ ငါးပိုင်း၊ လေးပိုင်း တစ်ခုခု၌ အမျက်ပါခဲ့လျှင် မကောင်း။
* လှေကား အငယ်ငါးပိုင်း၌ အမျက်ပါလျှင် ပျက်စီးတတ်၏။ အနာ အ...
  များတတ်၏။
* လှေကားဦး၌ အမျက်ပါပါက ဧည့်သည်အလာများတတ်၏။ လာဘ်လာ...
  များစွာဝင်တတ်၏။
* လှေကားရင်း၌ အမျက်ပါပါက ချမ်းသာကြွယ်ဝတတ်၏။

လှေကားပြုလုပ်တော့မည်ဆိုပါက လှေကားပျဉ်အား လွှဖြင့် အလယ်...
မှ ခွဲပါ။ လွှခွဲရာ မျက်နှာကို ရင်ဘတ်၊ လွှမခွဲသော မျက်နှာအပြင်ကို ကျော...
ခေါ်ပါသည်။ အဖျားကို အဖျားချင်းထားပါ။ အရင်းကို အရင်းချင်းထားပါ။

လှေကားအဆန်တင်ရာ၌ တိတ္တုံဆရာများက "စုံ-မ" နှစ်မျိုးစလုံး ကော...
သည်ဟု ဆိုသော်လည်း အများစုကမူ "မ" ကိုသာ ရွေးချယ်တပ်ဆင်ကြပါသည်...

မည်သို့ဆိုစေ ရှေးထုံးကိုလည်း ပစ်ပယ်၍ မဖြစ်ပေရာ လောကီပညာ...
ရှေးဆရာ့ဆရာကြီးများ၏ နည်းပေးလမ်းညွှန်မှုကို ခံယူလျက် အိမ်ကောင်းဖြစ်စေ...
လှေကားကောင်းကို ရွေးချယ်တပ်ဆင်ကြစေလိုကြောင်း တိုက်တွန်းရေးသားလို...
ရပါ၏။

❒ ဇီဝအောင်ထွန်း





www.burmeseclassic.com

www.burmeseclassic.com

# အခုတော့ . . .

# လူ့အချစ်တွေ ရသွားပြီမဟုတ်လား

## နတ်မျက်စိ ဆရာအောင်စိုး

မျက်နှာကို သုန်မှုန်စွာဖြင့် စာရေးသူ ဟောခန်းတွင်းသို့ ကိုမောင်မောင် ပေါက်ချလာပြန်ချေပြီ။ ဇာတ်သမားလာရင် မှတ်သားစရာပါသကဲ့သို့ ကိုမောင်မောင် ရောက်ရင်တော့ဖြင့် ပြဿနာ တစ်ခုမဟုတ်တစ်ခုဖြင့်ရောက်လာတတ်၏။

ကိုမောင်မောင်ကား အင်းစိန် ဆယ်မိုင်ဈေးမှာ ကွမ်း၊ ကွမ်းယာနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချသူပါ။ သဘောထား ကောင်းပါပေ၏။

သူ ရောက်လာသည့်အကြောင်းကား သူချစ်သူ ကောင်မလေးက လမ်းခွဲစကားဆိုလာခြင်း၊ သူချစ်သူ၏ အမေက မောင်မောင့်အပေါ် အမြင်စောင်းပြီး လက်ထပ်ဖို့အရေး လုံးဝမလိုလားခြင်းပါပဲ။

"ဆရာ ကျွန်တော့်ကို ကူပါဦး ဆရာ၊ ဒီချစ်သူနဲ့ မဆုံရရင် ကျွန်တော် တစ်ခုခုဖြစ်သွားနိုင်တယ် ဆရာ၊ စားခင်၊ ဈေးရောင်းလဲ စိတ်မဝင်စားချင်တော့ဘူး ဆရာ၊ အမေက ကျွန်တော့် အဖြစ်ကိုကြည့်ပြီး လူပျိုကြီး တစ်ဦးတည်းအတွက် စိတ်မကောင်းဖြစ်နေပါတယ်၊ အဲဒါ ချစ်သူရဲ့အချစ်နဲ့ သူ့အမေနဲ့မေတ္တာကို ပြန်ရအောင် ဆရာ့ပညာနဲ့ ကူပါဆရာ၊ ဆရာသာ မကယ်ရင်တော့ ကျွန်တော့်မှာ . . ."

"ကဲ တော်တော်၊ မင်းက ချစ်သေနာ အမုန်းခံဘဝက လွတ်မြောက်အောင် ငါ နည်းတစ်ခုပေးမယ်၊ မင်း လုပ်နိုင်မယ် မဟုတ်လား"

"ဆရာ ပိုက်ဆံ ဘယ်လောက်ကုန်ကုန် . . ."

"ဟေ့ မောင်မောင် ပိုက်ဆံ မကုန်တဲ့နည်း၊ ကုသိုလ်ရတဲ့နည်းပါကွာ"

"ဆရာ၊ ကျွန်တော် ဆန္ဒစောသွားလို့ ပြောမှားဆိုမှားတာ ဗွေမယူပါနဲ့ ဆရာ၊ ကန်တော့နော် ဆရာ"

မောင်မောင် မျက်နှာသေဖြင့် ပြန်ပြောလေသည်။

"ကဲ လိုက်မှတ်၊ ညအိပ်ရာဝင်ချိန်မှာ မင်းအမျိုးသမီးလေး ချစ်သူပေါ့ကွာ၊ သူ့မျက်နှာ အာရုံပြုပြီး မေတ္တာသုတ်ကို ကိုးခေါက်ရွတ်ပေး၊ အလွတ်မရလဲ စာအုပ်ကြည့်ပြီး ရွတ်ပွားနိုင်တယ်၊ ပြီးတာနဲ့ သူ့မျက်နှာကို စေ့စေ့မြင်အောင် အာရုံယူပြီး မင်းရဲ့ချစ်သူနာမည်ကို ရွတ်ပြီး . . .

ပထမ အဆင့် - မ xxxx ရဲ့ မျက်လုံးအကြည်ဓာတ်တို့သည် ချမ်းသာပါစေ။

ဒုတိယ အဆင့် - မ xxxx ရဲ့ နားအကြည်ဓာတ်တို့သည် ချမ်းသာပါစေ။

တတိယ အဆင့် - မ xxxx ရဲ့ လျှာအကြည်ဓာတ်တို့သည် ချမ်းသာပါစေ။

စတုတ္ထ အဆင့် - မ xxxx ရဲ့ နှာခေါင်းအကြည်ဓာတ်တို့သည် ချမ်းသာပါစေ။

ပဥ္စမ အဆင့် - မ xxxx ရဲ့ မနောအကြည်ဓာတ်တို့သည် ချမ်းသာပါစေ။

ဆဋ္ဌမ အဆင့် - မ xxxx ရဲ့ ခန္ဓာကိုယ်အကြည်ဓာတ်တို့သည် ချမ်းသာပါစေဟု စိတ်ထဲကပွားပေးပါ၊ နားလည်တယ်နော်၊ အဲဒီလို ပထမအဆင့်ကနေ ဆဋ္ဌမအဆင့် ရောက်တဲ့အခါ ဆဋ္ဌမကနေ ပဥ္စမအဆင့်၊စတုတ္ထအဆင့်၊ တတိယအဆင့်၊ ဒုတိယအဆင့်ကနေ ပထမနေရာဖြစ်တဲ့ မျက်စိနေရာရောက်ရင် ဒါကို အပြန်အလှန်မှာ တစ်ခေါက်လို့သတ်မှတ်ပြီး ညစဉ်ကိုးခေါက်ရွတ်ဆိုမေတ္တာပို့ပေးပါ၊ သဘောပေါက်ပြီနော်"

မောင်မောင်မှ . . .

"ဆရာရယ် မတော်ရသေးတဲ့ ယောက္ခမအတွက်ရော လုပ်ပါဦးဆရာ"

"ခုနက မင်းချစ်သူကို မေတ္တာပို့နည်းအတိုင်း ပို့ပေးပေါ့ကွာ၊ အချိန်တစ်ခုတော့ ထပ်ပေးပေါ့ကွာ"ဟုဆိုကာ နည်းကောင်းနည်းမြတ်ကို ပေးအပ်လိုက်ပါသည်။

သုံးလမျှကြာသော် အခုလို သီတင်းကျွတ်လရောက်ပြီဆိုမှဖြင့် စာရေးသူ ဗေဒင်ဟောခန်းတွင် မင်္ဂလာဖိတ်စာများ တသွင်သွင်ရောက်လာလေ့ရှိသည့်အတိုင်း ထိုဖိတ်စာများထဲမှ ကျွန်ုပ်၏ဇာတ်လိုက်ကျော် ကိုရွှေမောင်မောင်ရဲ့ ရွှေဝါရောင် ဖောင်းကြွတန်ဖိုးကြီး ဖိတ်စာကဖြင့် ကြွားကြွားဝင့်ဝင့် အရှိဆုံးသာ ဖြစ်ပါတော့သတည်း။

ဤနည်းဖြင့် မိမိအပေါ် မုန်းတီးနေသူများ (ဆရာသမား၊ အကြီးအကဲ၊ လုပ်ဖော်ကိုင်ဖက်၊ အိမ်သားအချင်းချင်း၊ ဝန်ထမ်းအချင်းချင်း) အတွက် ရှေးဆရာ အရှင်သူမြတ်တို့၏ နည်းကောင်းဖြင့် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းအပ်ပါသည်။

❐ နတ်မျက်စိ ဆရာအောင်စိုး (မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်း၏ ပဟေဠိများ

**—စိန်ဝင်းဖေ—**




## ရုပ်ရှင်မင်းသားနှင့် သမ္မတ၏သား

၁၉ ရာစုနှစ်တွင် အက်ဒွင်ဘုသ် (Edwin Booth) က အမေရိကန်၏ အထင်ရှားဆုံး ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့သည်။ သူ၏ကျော်ကြားမှုကို ဒဏ္ဍာရီပမာ တင်စားဖွဲ့နွဲ့ခဲ့ကြပြီး သူ၏ရုပ်တုကို မင်းဟက်တန်ပန်းခြံတွင်း၌ စိုက်ထူထားခဲ့သည်။ အက်ဒွင်က ယနေ့ ဟောလိဝုဒ်မင်းသား ဂျော့ကလူနီကဲ့သို့ ထင်ပေါ်ကျော်ကြားပြီး ဂျွန်နီဒက်ပ်ကဲ့သို့ တပ်မက်စွဲလမ်းခဲ့ကြသည်။

အက်ဒွင်ဘုသ်က သူရဲကောင်းဆန်ဆန် ပြုမူခဲ့သည်။ ထိုလုပ်ရပ်ကြောင့် သမိုင်းတွင်နိုင်စေခဲ့၏။ ထိုစဉ်က အမေရိကန်နိုင်ငံတွင် ပြည်တွင်းစစ်ကာလဖြစ်ပြီး ဂျာစီမြို့၏ ရထားဘူတာရုံတွင် ဖြစ်ပျက်ခဲ့သည်။ အက်ဒွင် ကယ်တင်ခဲ့သော လူငယ်၏ ပြောပြချက်အရ အလွန်များပြားသော လူအုပ်ကြီးက သူ့အား ပလက်ဖောင်းပေါ်မှ ရထားလမ်းပေါ်သို့ တိုးဝှေ့ရင်း ကျရောက်သွားစေခဲ့သည်။ ထိုစဉ် သူ၏ ကုတ်အင်္ကျီကော်လာကို လူတစ်ဦးက ဆွဲကိုင်ကာ ဘေးကင်းရာ ပလက်ဖောင်းပေါ်သို့ ရုတ်တရက် ဆွဲတင်ခဲ့သည်။ လူငယ်က ကယ်တင်ရှင်ကို ကျေးဇူးတင်ကြောင်းပြောရန် လှည့်ကြည့်လိုက်စဉ် နာမည်ကျော် အက်ဒွင်ဘုသ် ဖြစ်နေသည်ကို တွေ့ရ၏။

နောက်နှစ်ပတ်အကြာတွင် အက်ဒွင်ဘုသ်က ဗိုလ်ချုပ်ကြီး ဂရန့်၏ ဝန်ထမ်းအရာရှိတစ်ဦးထံမှ ချီးကျူးဂုဏ်ပြုလွှာကို လက်ခံရရှိခဲ့သည်။ ဖြစ်စဉ်မှာ အက်ဒွင်ဘုသ် ကယ်တင်ခဲ့သော လူငယ်သည် ရောဘတ်တော့ဒ်လင်ကွန်း ဖြစ်နေကာ သမ္မတအေဘရာဟင်လင်ကွန်း၏သား ဖြစ်နေတော့သည်။

ထိုသူရဲကောင်းဆန်ဆန် ဖြစ်ရပ်မှာ ဘုသ်မိသားစုနှင့် လင်ကွန်းမိသားစုတို့အကြား တစ်ခုတည်းသော အပြန်အလှန် အကျိုးပြုမှုအဖြစ် တည်ရှိသွားဖွယ်ရာ ရှိပါသည်။ သို့သော် လအနည်းငယ်အကြာတွင် ဂျွန်ဝီကစ် ဆိုသူ အက်ဒွင်၏ညီအစ်ကိုတော်သူက သမ္မတအေဘရာဟင်လင်ကွန်းကို လုပ်ကြံသတ်ဖြတ်ခဲ့လေသည်။



## ညီအစ်ကိုနှစ်ယောက် စက်ဘီးတစ်စီး၊ တက္ကစီတစ်စီး

၁၉၇၅ ခုနှစ် ဇူလိုင်လတွင် အတ္တလန္တိတ်သမုဒ္ဒရာ၏ ဟိုဘက်ဒီဘက်ရှိ သတင်းစာများတွင် (၁၇)နှစ်သားလေး အာစကိုင်းလောရင့်စ်အက်ဘက်အား စက်ဘီးပေါ်မှ လွင့်စဉ်ကျသွားအောင် ဘာမြူဒါကျွန်းစုရှိ ဟယ်မီလ်တန်၌ တက္ကစီတစ်စီး၏ တိုက်မှုကြောင့် သေဆုံးသွားသော သတင်းက ဟိုးလေးတကျော် ဖြစ်ခဲ့သည်။

ဖြစ်ပုံက လွန်ခဲ့သော ဇူလိုင်လကပင် ထိုကလေး၏ အစ်ကိုလည်း ဤလမ်းပေါ်၌ပင် သေဆုံးခဲ့ရသည်။ တက္ကစီတစ်စီး၏ တိုက်မှုကြောင့်ပင် ကလေးနှစ်ဦးစလုံးက သေဆုံးချိန်တွင် အသက်(၁၇)နှစ်စီ ရှိကြပြီး တစ်နှစ်ခြားကာလတွင် ကားတိုက်ခံခဲ့ကြရသည်။ သူတို့စီးခဲ့ကြသော စက်ဘီးမှာလည်း တစ်စီးတည်း အတူတူပင်။ ဟုတ်ပေမည်။ စက်ဘီးများက အန္တရာယ်များလှသည်။ ပြီးလျှင် သူတို့က မဆင်မခြင်စီးနင်းကြပေမည်။ ဤကိစ္စမျိုးက ဖြစ်တတ်ပါသည်။


လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကိုနှစ်ဦးစလုံးကို တိုက်သတ်ခဲ့သော တက္ကစီမှာ တစ်စီးတည်းသာပင်။ ယာဉ်မောင်းကလည်း အတူတူ တစ်ဦးတည်း။ ခရီးသည်ကလည်း အတူတူပင်။ ကြုံမှကြုံတတ်ပလေ။



## အန္တရာယ်လေး ဒင်းနစ်နှင့် ချိန်ကိုက်ဖြစ်ပေါ်မှု

အန္တရာယ်ကောင်လေး ဒင်းနစ် (Dennis the Menace) ကာတွန်းဇာတ်လမ်းတိုလေးများကို စာရေးသူတို့ ငယ်ငယ်က စွဲလမ်းစွာ ဖတ်ရှုခဲ့ဖူးသည်။ ၎င်းအကြောင်း ထူးခြားဖြစ်စဉ်ကို အောက်တွင် ဖော်ပြပါသည်။

၁၉၅၁ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဟင့်ကက်ချန်၏ အန္တရာယ်ကောင်လေး ဒင်းနစ် ရုပ်ပြကာတွန်းက အမေရိကန် သတင်းစာများတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဖော်ပြပါရှိလာခဲ့သည်။

ကက်ချန်၏ ထိုအန္တရာယ်ကောင်လေး ဒင်းနစ် မထွက်ပေါ်မီ နာရီပိုင်းစော၍ ဗြိတိသျှ ရုပ်ပြကာတွန်းစာအုပ် The Beano က အတ္တလန္တိတ်သမုဒ္ဒရာ၏ ဒီမှာဘက်တွင် စာအုပ်စင်များပေါ်သို့ ရောက်ရှိခဲ့၏။ ဤကာတွန်းဇာတ်လမ်းက ကာတွန်းဆရာ ဒေးဗစ်လော၏ ထူးခြားပြောင်မြောက်သော လက်ရာဖြစ်သည့် အန္တရာယ်ကောင်လေး ဒင်းနစ် ဇာတ်ကောင်ဖြစ်၏။

သို့နှင့် သူတို့၏ ကာတွန်းဇာတ်ကောင်များမှာ အမည်နာမ ထပ်တူဖြစ်လျက် ထူးခြားဆန်းကြယ်စွာပင် တစ်နေ့တည်းတွင် ထွက်ပေါ်လာခဲ့၏။ သမုဒ္ဒရာကြီး တစ်ခုခြားလျက်ရှိပေရာ ထိုကာတွန်းဆရာ နှစ်ဦးတို့က ဇာတ်ကောင်တူ ပေါ်ထွက်ခဲ့မှုကို သိနိုင်ခြင်း မရှိခဲ့။ ကြီးမားစွာသော တိုက်ဆိုင်မှုတစ်ခုဟုပင် ယူဆရပါမည်။ ထူးထူးဆန်းဆန်း ဖြစ်စဉ်တစ်ခုမှအပ ဇာတ်ကောင်နှစ်ခုတို့က ဘာတစ်ခုမျှ မတူကြ။ ကက်ချန်က သူ၏သားအရင်း ဒင်းနစ်ကို အခြေခံ၍ ဒေးဗစ်လောက အခြားဇာတ်ကောင်တစ်ကောင်ကို မှီးခဲ့သည်။

ကက်ချန်နှင့် ဒေးဗစ်လောတို့က အခင်အမင်မပျက် သူတို့၏ လက်ရာများကို ဆက်လက်ရေးဆွဲခဲ့ကြသည်။ နှစ်ဦးလုံး၏ လက်ရာများက သူတို့၏ ပရိသတ်အသီးသီးတွင် လွန်စွာမှ ထင်ရှားကျော်ကြားခဲ့သည်။



## ပျောက်သောသူ ရှာလျှင်တွေ့

အင်္ဂလန်မှ မိုက်ကယ်ဒစ်က ပျောက်ဆုံးနေသော သူ၏သမီး လီစာကို မမြင်တွေ့ရသည်မှာ (၁၀)နှစ်ပင် ရှိခဲ့လေပြီ။ ၂၀၀၇ ခုနှစ်တွင် မိုက်ကယ်က သူမကို ရှာဖွေရသည်မှာ ရူးမတတ်ပင်။ မိုက်ကယ်က သတင်းစာတစ်စောင် "Suffolk Free Press" ကို အကူအညီတောင်းသည်။ သတင်းစာကလည်း မိုက်ကယ်တို့ မိသားစု၏ အခက်အခဲ ပြဿနာကို သတင်းဆောင်းပါး ရေးသားဖော်ပြရန် ဆုံးဖြတ်ခဲ့သည်။ လီစာ စိတ်ပြန်လည်လာစေရန် မိသားစုဓာတ်ပုံကိုပါ ဖော်ပြပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

သို့နှင့် မိသားစုက အိမ်ရှေ့လမ်းတွင် ထွက်လျက် စုရုံးကြကာ ဓာတ်ပုံဆရာက ဓာတ်ပုံရိုက်ယူသည်။ ဟုတ်ပေသည်။ မိသားစုဓာတ်ပုံက အထာကျသွားခဲ့၏။ မိုက်ကယ်ဒစ်နှင့် မိသားစုတို့က နောက်နှစ်ရက်အကြာတွင် လီစာနှင့် ပြန်ပေါင်းထုပ်ခဲ့ကြသည်။

ဓာတ်ပုံပါ သတင်းစာကို ကောင်းစွာကြည့်ပြီး လီစာက တစ်စုံတစ်ခုကို သဘောပေါက်လိုက်သည်။ ဓာတ်ပုံရိုက်နေစဉ် သူမက မြင်ကွင်းနောက်မှ ဖြတ်လျှောက်သွားခဲ့သည်။ သူမက ဓာတ်ပုံရိုက်နေမှန်း မသိသလို သူ့မိသားစုများ ဓာတ်ပုံအရိုက်ခံနေကြမှန်း မသိခဲ့။ ဆယ်စုနှစ်မျှ ကွဲကွာခဲ့ပြီးနောက် မိသားစုက သတင်းစာအတွက် ဓာတ်ပုံရိုက်နေကြစဉ် သူမက ကိုက် ၂၀ အကွာတွင် ရပ်နေမိလျက် ရှိနေသည်။

သူမက ဖြစ်စဉ်ကို "အလွန်ထူးဆန်းသည်"ဟု ဖော်ညွှန်းသည်။ ပြီးလျှင် ပြောသည်။

"နောက်ဆုံးတော့ ကံကြမ္မာပါပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်၏ ဘုရားသခင်ပေးသောလေ

လူတိုင်းက ဘုရားသခင်၏ဝန်းကျင် လေထုက ဝင်ရောက်ဟန့်တားမှုကို ချစ်မြတ်နိုးကြသည်။ ဥပမာ ရုရှားက ဟစ်တလာနှင့် နပိုလီယံတို့၏ ကျူးကျော်နယ်ချဲ့မှုကို ခံခဲ့ရသည်။ ထိုနှစ်ကြိမ်စလုံးတွင် ဟစ်တလာနှင့် နပိုလီယံတို့၏ တပ်များကို နှင်းမုန်တိုင်းများက ရပ်တန့်စေခဲ့၏။ ဤအနေအထားတွင် အမှန်တကယ် ထူးဆန်းမှုက ရက်ပေါင်းများစွာ နှင်းမကျသော ကာလတွင် သူတို့က ကျူးကျော်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်၏။

ရာသီဥတု၏ တစ်မူထူးခြားချက်များက မိုးလေဝသ ဌာနကိုပင် ဝေခွဲမရ ဖြစ်စေခဲ့သည့် ဖြစ်ရပ်များရှိခဲ့သည်။ ဥပမာအားဖြင့် ဗြိတိသျှတို့က ဝါရှင်တန်ဒီစီ (အမေရိကန်) မြို့တော်ကို ၁၈၁၄ ခုနှစ်၌ မီးလောင်တိုက်သွင်းခဲ့သည်။ ထိုအခိုက် ဝါရှင်တန်မြို့၏ ပထမဦးဆုံး သမိုင်းမှတ်တမ်းဝင် လေဆင်နှာမောင်းက ပေါ်ထွက်လာခဲ့သည်။ ထိုလေဆင်နှာမောင်းက ဗြိတိသျှတပ်ကို ဖျက်ဆီးခဲ့ကာ ဖယ်ဒရယ်အစိုးရ အဆောက်အအုံများရှိ မီးတောက်မီးလျှံများကို ကောင်းစွာ ငြိမ်းသတ်ပေးခဲ့သည်။

ထိုဖြစ်စဉ်သည်ပင် ကာမီကာဇေ ရာသီဥတုဖြစ်စဉ်ဟု နောင်တွင် သမုတ်ခြင်းခံရသော ထင်ရှားလှသည့် မိုးလေဝသ ဖြစ်စဉ်နှင့် နှိုင်းယှဉ်လျှင် မှေးမှိန်ရသည်။ ထိုစဉ်က အသေခံ လေသူရဲများကို ကာမီကာဇေဟု ခေါ်ဝေါ်သုံးစွဲခြင်းမပြုမီက ဖြစ်၏။

ဂျပန်အား မွန်ဂိုတို့က ၁၂၇၄ ခုနှစ် နိုဝင်ဘာလတွင် ပထမဦးဆုံး ကျူးကျော်စစ်ပွဲ ဆင်နွှဲခဲ့ကြသည်။ ထိုစဉ်က တပ်သား ၂၃,၀၀၀ နှင့် သင်္ဘော ၈၀၀ မျှ ပါဝင်ခဲ့သည်။ ၎င်းတို့က ပင်လယ်ပြင်တွင် ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ပြီး ဂျပန်နိုင်ငံ၏ ဟာကာတာပင်လယ်ကွေ့ကို တက်ရောက်၍ ခြေကုပ်ယူခဲ့ကြသည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဘူနင်း တိုက်ပွဲစတင်သောအခါ ဂျပန်တို့က အားအင်ချည့်နဲ့ကာ အခြားကျွန်းများသို့ ရွှေ့ပြောင်းရန် ရှာဖွေကြသည်ကို အပြစ်ဆိုဖွယ် မရှိပါချေ။ မွန်ဂိုများအတွက် အစစအရာရာ အဆင်ပြေလျက် ရှိပါတော့၏။ သို့သော် လေပြင်းမုန်တိုင်းကြီးက သူတို့၏တပ် သုံးပုံတစ်ပုံကို ဖျက်ဆီးပစ်မှု မတိုင်မီသာ။ ကျန်ရှိသော မွန်ဂိုတပ်ဖွဲ့ဝင်တို့က တစ်ရက်မျှသာ တိုက်ခိုက်ကြပြီး ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။ ထိုတပ်ဖွဲ့များကား နှယ်နှယ်ရရ မဟုတ်။ ကိုရီးယားမှ ဟန်ဂေရီတိုင် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသူများ ဖြစ်၏။

သို့တစေ ၎င်းတို့ကား လက်လျှော့အရှုံးပေးတတ်ကြသူများ မဟုတ်။ ၁၂၈၁ ခုနှစ်တွင် ဒုတိယအကြိမ် ပို၍ကြီးကျယ်သော ကျူးကျော်မှု ပြုလုပ်ရန် ပြန်လာခဲ့ကြသည်။ တပ်ဖွဲ့အင်အားမှာ စစ်သည် ၁၄၀,၀၀၀ နှင့် စစ်သင်္ဘော ၄,၀၀၀ ကျော် ပါဝင်သည်။ တရုတ်ပြည်နှင့် ကိုရီးယားတို့ကို ဖြတ်လျက် စစ်ကြောင်း နှစ်ကြောင်းဖြင့် ထိုးစစ်ဆင်လာခဲ့သည်။ မွန်ဂိုများအုပ်စိုးသော ယွမ်မင်းဆက်၏ အကောင်းဆုံး စုစည်းမှုဖြစ်၏။ တပ်မှူး ကူဗလိုင်ခန်က ဤဒုတိယအကြိမ်တွင် ဂျပန်ကို အောင်နိုင်အုပ်စိုးမည်ဟု တွက်ဆထားခဲ့သည်။

ဩဂုတ်လလယ်တွင် ကြီးမားလှသော မွန်ဂိုတပ်ဖွဲ့ကြီးနှင့် ဂျပန်တပ်များ လွန်ခဲ့သော ခုနစ်နှစ်က လက်လွတ်ခဲ့ရသော ဟာကာတာပင်လယ်ကွေ့၌ ဆုံတွေ့ခဲ့ကြသည်။ ဤတစ်ကြိမ်တွင်မူ ၎င်းတို့၏ စစ်သင်္ဘော အများစုတို့မှာ တိုင်ဖုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့ရပြန်သည်။

သင်က ဂျပန်နိုင်ငံကို တိုင်ဖုန်းမုန်တိုင်းများအား ဆွဲငင်အားပြင်းသော နိုင်ငံတစ်ခုဖြစ်ပြီး မုန်တိုင်းစိစဉ် သတိထား၍ ဝင်ထွက်ရသည်ဟု အတွေးပုံဖော်ခဲ့လျှင် ရပ်စေလိုပါသည်။ ပြင်းထန်သော မုန်တိုင်းများက ဘယ်အခါကမျှ ဟာကာတာပင်လယ်ကွေ့ကို မတိုက်ခတ်ခဲ့။ ထို့ပြင် စစ်ရေးကျူးကျော်မှုတစ်ခုက မုန်တိုင်းရာသီတွင် မဟုတ်ခဲ့။ (မုန်တိုင်းများက နွေကာလတွင် တိုက်ခတ်တတ်ပြီး ပထမအကြိမ် ကျူးကျော်မှုက နိုဝင်ဘာလတွင် ဖြစ်၏။)

သို့ဖြစ်ရာ ဟာကာတာ ပင်လယ်အော်တွင် မွန်ဂိုတို့ သဘာဝ ဘေးဒဏ်ကြောင့် ချေဖျက်ခံရရန် အခွင့်အလမ်း မည်မျှနည်းပါသလဲ။ ရှေးဂျပန်တို့၏ အဆိုအရ မွန်ဂိုတို့၏ ဒုတိယအကြိမ် ကျူးကျော်မှုတွင် အထိနာစေခဲ့သော တိုင်ဖုန်းမုန်တိုင်းမျိုးက နှစ်ပေါင်းတစ်ရာလျှင် တစ်ကြိမ်မျှ သို့မဟုတ် နှစ်ပေါင်းလေးငါးရာတွင် တစ်ကြိမ်မျှသာ ဖြစ်ပေါ်တတ်ကြောင်း သို့မဟုတ် မွန်ဂိုတို့ကိစ္စနှင့် ပတ်သက်၍ ၎င်းတို့ ဂျပန်ကိုကျူးကျော်တိုင်း ဖြစ်ပေါ်ခဲ့လေသလော။

❒ စိန်ဝင်းဇော်

Reader's Digest 12/2011 ပါ Jacopo Della Quercia ရေး What are the odds ကိုပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

# သူတစ်ပုံပြော ကျကမ္ဘာ

## ဆိုဗီယက်ဖက်ရှင်

နိုင်ငံတကာတွင် အမျိုးသမီး အဆင်တန်ဆာများဖြစ်ကြသော ဝတ်စုံများနှင့် ပတ်သက်၍ ကမ္ဘာကျော် ဒီဇိုင်းပညာရှင် ဖက်ရှင်ထိပ်သီးတို့က အပြိုင်အဆိုင်တီထွင်နေကြသည်။ လျှောက်လမ်းပေါ်မှ ဖက်ရှင်မယ်များက လုပ်လီလုပ်လဲ့ဖြင့် ရှိုးပွဲများ ပြသကြသည်။ အထူးသဖြင့် ပါရီ၊ ဗီယင်နာ၊ ဘာလင် စသော မြို့ပြများတွင် ဖက်ရှင်ရှိုးပွဲများက အစပြု၍ ပြသကြသည်။ ဖော်ပြပါ ဖက်ရှင်မယ်သုံးဦးတို့သည် အမျိုးသမီးဝတ်စုံ ဟူ၍ ပီပီပြင်ပြင် ယူဆ၍မရသော (တစ်နည်းအားဖြင့်) အနောက်တိုင်း အမျိုးသားဝတ်စုံဒီဇိုင်းကို တစ်မျိုးတစ်ဖုံ ဖန်တီးပြောင်းလဲတီထွင်လျက် အမျိုးသမီးများ ဝတ်ဆင်နိုင်ရန် အစပျိုးလိုက်ခြင်း ဖြစ်သည်။ အကယ်၍ နိုင်ငံတကာမှ အမျိုးသမီးများ နှစ်သက်အားပေးခဲ့ကြပါလျှင် မကြာမီ ခေတ်စားလာနိုင်ဖွယ်ရာ ဖြစ်သည်။





## အနုပညာမျိုးရိုး

ပုံတွင်မြင်ရသော ညီအစ်မသည် အမျိုးသား အဆိုကျော်ကြီး တစ်ဦးဖြစ်သူ အလက်ဇန်းဒါးဗာတင်စကီ၏ သမီးနှစ်ဦး ဖြစ်ကြသည်။ သမီးကြီး အင်နာတဆီယားသည် ဒါရိုက်တာ GRIGORY KOZINTSEV ရိုက်ကူးခဲ့သော "HAMLET" ရုပ်ရှင်ဇာတ်ကားတွင် အိုဖီလီယာအခန်းမှ ဇာတ်ကောင်စရိုက် ပီပြင်စွာ သရုပ်ဆောင်ခဲ့သောကြောင့် အကြီးအကျယ် အောင်မြင်ကျော်ကြားသူ ဖြစ်သည်။ သမီးငယ် မာရီယန်နာသည်လည်း MARLEN KHUTSIYEV ရိုက်ကူးခဲ့သော "I AM 20 YEAR OLD" ဇာတ်ကားတွင် အဓိက အမျိုးသမီးသရုပ်ဆောင်အဖြစ် အောင်မြင်ခဲ့သူဖြစ်သည်။ သူတို့သည် ရုပ်ရှင်နယ်တွင် အောင်မြင်စွာ သရုပ်ဆောင်နိုင်ခဲ့ကြသော်လည်း နှစ်ယောက်စလုံး၏ ဆန္ဒမှာ ပြဇာတ်သရုပ်ဆောင် ဖြစ်လိုကြသည်။ အင်နာတဆီယားသည် မော်စကိုမြို့တော်၏ SOVREMENNIK ပြဇာတ်ရုံကြီးတွင် ပြဇာတ်ခေါင်းဆောင် မင်းသမီးအဖြစ် ကပြသရုပ်ဆောင်နေလေပြီ။ အနုပညာနယ်ပယ် ရုပ်ရှင်နှင့် ပြဇာတ်လောက၏ အောင်မြင်မှုပန်းတိုင်သို့ သူတို့ညီအစ်မ နှစ်ယောက်စလုံး မလွဲမသွေရောက်နိုင်ကြောင်း မီဒီယာများက ဂုဏ်ယူဝင့်ကြွားစွာ ဖော်ပြခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com




## မရှက်တတ်လို့ပါ

ဟောလီဝုဒ်မင်းသမီးချော ကင်မရွန်ဒိုင်ယက်ဇ်သည် ယခုအခါ အသက်(၄၀)နှစ် ပြည့်ပြီးဖြစ်သောကြောင့် လောလောဆယ် အတွဲမရှိသော ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်နေသည်။ သူမသည် အသက် (၄၀) ဆိုသည်မှာ လူ့ဘဝ၏အစဖြစ်သည် ဟူသော ဆောင်ပုဒ်ကို အားကျနေဟန်တူသည်။ လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်က ရုပ်ရှင်မီဒီယာသမား တစ်ဦးက ဗျူးရာတွင် "မင်းသမီးကင်မရွန် ချစ်သူအသစ် မတွေ့သေးဘူးလား" ဟူ၍ ဖွသည်။

မင်းသမီးကလည်း ... "ကျွန်မ အခု လောလောဆယ် အတွဲအဖြစ် ရွေးချယ်ထားတာက မင်းသား ရောဘတ်ပက်တင်ဆန် ဖြစ်ပါတယ်၊ သူနဲ့အတူ အပျော်ခရီး ထွက်ချင်တဲ့ ဆန္ဒ ပြင်းပြနေပါတယ်" ဟုဖြေသည်။ ထိုအဖြေနှင့် ပတ်သက်၍ ရုပ်ရှင်သတင်းထောက်က မင်းသား ရော ဘတ်ပက်တင်ဆန်ကို မေးရာ ပက်တင်ဆန်က ... "ကျွန်တော့်မှာ ချစ်သူ ခရစ်စတင်းစတီးဝပ် ရှိနေသေးတယ်ဗျ၊ ဒါကြောင့် မင်းသမီး ကင်မရွန်ဒိုင်ယက်ဇ်ကို အတတ်နိုင်ဆုံး ဝေးဝေးက ရှောင်ဖို့ ဆုံးဖြတ်ထားတယ်" လို့ ဖြေလိုက်ပါသတဲ့။

## ဝင်ငွေစံချိန်




နိုင်ငံတကာ ဂီတလောကတွင် မျက်စိနောက်စရာ ကိုးရိုးကားရား ဖိုးရိုးဖားရား သရဲဖက်ရှင် မကောင်းဆိုးဝါးအသွင် အလွန်အကျွံ ဖက်ရှင်ဒီဇိုင်း သရုပ်ပျက်တို့ကို တီထွင်ခြယ်သ ဆင်ယင်လျက် အောင်မြင်ကျော်ကြားမှုကို ဖြတ်လမ်းမှ ထိုးဖောက်ဝင်ရောက်ခဲ့သော ပေါ့ပ်အဆိုတော် လေဒီဂါဂါ(၂၇)နှစ် လွန်ခဲ့သောနှစ်တွင် ဝင်ငွေအများဆုံး အနုပညာရှင်အဖြစ် ယူအက်စ်ဒေါ်လာ သန်းရှစ်ဆယ်ဖြင့် အသက်(၃၀)အောက် ဝင်ငွေအများဆုံး ပထမ နံပါတ်(၁)နေရာတွင် ထိပ်ဆုံးနေရာသို့ ရောက်ရှိနေကြောင်း ဖော့စ်မဂ္ဂဇင်း ဝက်ဘ်ဆိုက်မှ ကြေညာခဲ့သည်။ ကနေဒီယန်နိုင်ငံသား ဆယ်ကျော်သက်အဆိုတော် ဂျပ်စတင်ဘီဘာသည် မူလပထမအဆင့်မှ (ချစ်သူအဆိုတော် သရုပ်ဆောင် ဆီလီနာဂိုမက်အပေါ်တွင် သစ္စာမဲ့ခြင်းကြောင့်) လျှော့ကျခဲ့ပြီး ယူအက်စ်ဒေါ်လာ ငါးဆယ့်ရှစ်သန်းဖြင့် ဒုတိယအဆင့်သို့ ဆင်းသွားသည်။ တတိယအဆင့်တွင် ဝင်ငွေဒေါ်လာ ၅၅ သန်းဖြင့် ရောက်ရှိသွားသူမှာ အမျိုးသမီး ပေါ့ပ်အဆိုတော် တေလာဆွစ်ဖ် ဖြစ်လေသည်။




www.burmeseclassic.com

www.burmeseclassic.com

## မရိုးနိုင်သော ခေါင်းစဉ်



အမျိုးသမီးများ အကြောင်းနှင့် တ်သက်၍ တေးသီချင်းများ၊ တေး ဗျာများကို အနုပညာရှင်တို့၏ စွမ်း င်ရှိသမျှ သီကုံးရေးစပ် ညွှန်းဖွဲ့ခဲ့ကြ သည်။ ပန်းချီ အနုပညာရှင်တို့သည် သည်း အမျိုးသမီးနှင့် စပ်လျဉ်းသော န်းချီကားများကို ရေးဆွဲကြရာတွင် ားကစားမယ်များ၊ အလှအပနှင့် အနု အရှုများ စသည်ဖြင့် တတ်စွမ်းသမျှ ခြယ်မှုန်းရေးဆွဲ တင်ပြခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ မည်သည့်အခါမှ မရိုးသော ရိုသတ်၏ စိတ်ဘဝင်ကို ဖမ်းစားညှို့ငင်နိုင်စွမ်း အရှိဆုံး အနုပညာမှာ မိခင်ဖြစ်သည်။ မည်သည့်အမျိုးသမီး၏ အလှအပများကိုမဆို မိခင်၏အသွင်သဏ္ဍာန်က ကျော်လွှားဖုံးလွှမ်းသွားနိုင်သည်။ ရှင်းရှင်းဆိုရသော် မည်သို့သော အမျိုးသမီး မည်မျှပင်လှပါစေ၊ မိခင်၏ အလှကသာလျှင် စိတ်ဘဝင်ကို ညှတ်နူးကြည်မွေ့ ချမ်းမြေ့ ဖွယ်ရာဖြစ်ကြောင်း ၁၉၃၂ ခုနှစ်က ပန်းချီပညာရှင် အယ်လက်ဇန်းဒါး၏ "မိခင်" ပန်းချီကားက ဖော်ညွှန်းလျက်ရှိသည်။





## အဆိုတော်ရေမွှေး

ဘယ်လိုစိတ်ကူးတွေ ပေါက်လာကြသလဲမသိ။ နိုင်ငံတကာ ဂီတလောကမှာ အောင်မြင်ကျော်ကြားနေကြတဲ့ အဆိုတော်တွေဟာ သူတို့ကိုယ်တိုင် ဦးဆောင်ပြီး ရေမွှေးထုတ်လုပ် ဖြန့်ချိလာကြတယ်။ ပထမတုန်းက သရုပ်ဆောင်အဆိုတော် ဂျင်နီဖာလိုပက်ဇ်၊ နောက် တေးသီငှက်လေး ဘရစ်တနေစပီးယား၊ နောက်တော့ ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန် စသဖြင့် တစ်ယောက်ပြီးတစ်ယောက် ရေမွှေးထုတ်လုပ် ဖြန့်ချိရေးရောဂါ ကူးစက်ပျံ့နှံ့သွားကြတယ်။ အခုနောက်တစ်ယောက် လာပြန်ပြီ။ ပေါ့ပ်အဆိုကျော် ဂျပ်စတင်ဘီဘာဆိုတဲ့ ကမ္ဘာကျော် အဆိုတော်ကလည်း SOMEDAY လို့ အမည်ပေးထားတဲ့ ရေမွှေးအကောင်းစားတစ်မျိုးကို ပထမဆုံးအကြိမ် ထုတ်လုပ်လိုက်ပါသတဲ့။ အထူးသဖြင့် သူ့ပရိသတ်ဖြစ်ကြတဲ့ ဆယ်ကျော်သက် မိန်းမပျိုလေးတွေအတွက် သီးသန့်ရည်စူးပြီး လွန်ခဲ့တဲ့ ဇွန် ၂၃ ရက်နေ့က နယူးယောက်မြို့မှာ စပယ်ရှယ်အခမ်းအနားနဲ့ ဖွင့်လှစ်ရောင်းချခဲ့တယ်။ ဆယ်ကျော်သက် မိန်းမပျိုလေးတွေ အများအပြား လာရောက် အားပေးဝယ်ယူကြတဲ့အတွက် အကြီးကျယ်ဆုံး ရေမွှေး အရောင်းစံချိန်တင်ခြင်း ဖြစ်လိမ့်မယ်လို့ ရေမွှေးအရောင်းတာဝန်ခံ မြူရီယယ်လ်ဂွန်ဇာလက်တ မှတ်ချက်ချလိုက်ပါသတဲ့။


www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ သူရဲကောင်းများ

ဤကျောက်တိုင်သည် VITEBSK မြို့တော်တွင် အရေးပါသော အမှတ်တရ အထိမ်းအမှတ် ကျောက်တိုင်တစ်ခု ဖြစ်သည်။ လွန်ခဲ့သော ဒုတိယကမ္ဘာစစ်အတွင်းက နာဇီကျူးကျော်ရေးသမားများသည် ဤမြို့တော်သို့ ဝင်ရောက်လျက် အတင်းအဓမ္မ သိမ်းပိုက်ခဲ့ကြသည်။ သုံးနှစ်တိုင်တိုင် နာဇီတို့ကို မြို့သူမြို့သားများက တုံ့ပြန်တိုက်ခိုက်ကြသည်။ ကြောက်မက်ဖွယ်ရာ စစ်ပွဲများ အကြီးအကျယ်ဖြစ်ခဲ့ကြသည်။ ဤမြို့တော် တစ်ခုတည်းတွင် နာဇီဆန့်ကျင်ရေး မြေအောက်အဖွဲ့အစည်းပေါင်း ၆၀ ရှိသည်။ ထိုမြေအောက်တော်လှန်ရေးသမားများက အသက်စွန့်၍ နာဇီတို့ကို တိုက်ခိုက်ခဲ့ကြသည်။ သုံးနှစ်မျှ ကြာခဲ့ပြီးနောက် ၁၉၄၄ ခုနှစ် နွေရာသီတွင် VITEBSK မြို့တွင်းသို့ ဆိုဗီယက်တပ်များ ဝင်ရောက်လာခဲ့ကြသည်။ မြို့တော်၏ မူလလူဦးရေ ၁,၆၇,၀၀၀ ရှိခဲ့သည့်အနက် ၁၁၈ ယောက်သာ အသက်ရှင် ကျန်ရစ်သည်။ တစ်မြို့လုံးရှိ အိမ်များကို ခုနစ် ရာခိုင်နှုန်းသာတွေ့ရပြီး ကျန်အိမ်များအားလုံး မြေပြင်ပေါ်သို့ ပြိုကျပျက်စီးနေလေပြီ။ မည်သို့ပင်ဖြစ်စေ VITEBSK မြို့တော်သည် ပြာပုံထဲမှထ၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီးလျှင် အကြီးအကျယ် ပြန်လည်ထူထောင်နိုင်ခဲ့သည်။ အသက်စွန့်ခဲ့ကြသော မြေအောက်တော်လှန်ရေး သမားများအတွက် အမှတ်တရ ကျောက်တိုင်ဖြစ်သည်။



## သေမင်းလက်မခံသူတစ်စု

ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီးတွင် ကုန်းလမ်းမှအစပြု၍ နောင်သောအခါ ရေကြောင်းခရီးကိုပါ တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်။ ရေကြောင်းခရီးမှာပင် နှစ်မျိုးနှစ်စားရှိသည်။ ရေပြင်ပေါ်နှင့် ရေအောက်တို့ ဖြစ်ကြသည်။ မျက်မှောက်ခေတ်၏ ရေကြောင်းခရီးတွင် နှစ်စဉ်နှစ်တိုင်း ပင်လယ်ထဲတွင်(ပျမ်းမျှ) လူအသက်ပေါင်း နှစ်သိန်းထက်မနည်း သေဆုံးနေကြသည်။ သို့ရာတွင် ပုံထဲတွင် ဖော်ပြပါရှိသော လူသားခြောက်ယောက်တို့သည် ပင်လယ်နက် BLACK SEA ထဲတွင် မုန်တိုင်းဒဏ်ကြောင့် ညဦးပိုင်း (၁၈း၄၅)နာရီ သင်္ဘောနစ်မြုပ်သည့် အချိန်မှစ၍ လိမ္မော်ရောင် အသက်ကယ်ဖောင် RAFT TENT တစ်ခုထဲတွင် ကျပ်ကျပ်သပ်သပ် လိုက်ပါလာခဲ့ကြရသည်။ နာရီပေါင်း ၁၂၀ မျှ ကြာသောအခါ GROT ဟူ၍ အမည်ပေးထားသော သိပ္ပံသုတေသနသင်္ဘောနှင့် တွေ့၍ ကယ်ဆယ်ခဲ့သဖြင့် သေကံမရောက် သက်မပျောက်ဘဲ အသက်အန္တရာယ်မှ လွတ်မြောက်လာကြသည်။ ထိုမျှသော နာရီပေါင်း ၁၂၀ အတွင်း သူတို့တွင် စားစရာဟူ၍ သကြားလုံးအထုပ်လေးအချို့သာ ပါလာသည်။ ထိုသကြားလုံး ထုပ်ငယ်များထဲမှ သကြားလုံးများကိုသာ စားခဲ့ကြရကြောင်း သိရသည်။




www.burmeseclassic.com

www.burmeseclassic.com



## အလံမှာ တမှာရှိ

ဖော်ပြပါ အဆောက်အအုံကြီးသည် စာကြည့်တိုက်ဖြစ်ပြီး ဘာကူး၏ အဇာဘိုင်ဂျန်တွင် အလှပဆုံး အဆောက်အအုံများထဲ၌ တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၁၃ ခုနှစ်တွင် ဆိုဗီယက်ရုရှား၌ ပြည်သူ့စာကြည့်တိုက် ၁,၃၀,၀၀၀ ရှိပြီး ထိုစာကြည့်တိုက်များထဲတွင် စာအုပ်ပေါင်း ၁၄၆၃ သန်း ရှိသည်။ သိပ္ပံပညာနှင့် စက်မှုဆိုင်ရာ စာအုပ်များအတွက် သီးသန့်စာကြည့်တိုက်ပေါင်း ၅၉,၀၀၀ ရှိသည်။ စာအုပ်အမျိုးအစားပေါင်း သန်း ၅၀၀ မျှရှိသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် စာကြည့်တိုက်များ၊ စာအုပ်စာတမ်းများသည် စာဖတ်သူတို့အား အကျိုးပြုနိုင်သော မိတ်ဆွေများအဖြစ် တည်ရှိနေကြကြောင်း အခိုင်အမာ သိရှိနိုင်လေသည်။




## ရောင်းဖို့မဟုတ်ပါ

ကားနဲ့လူနဲ့ ယှဉ်ကြည့်ရင် လူက မြင့်မားထွားကျိုင်းနေတဲ့အတွက် အဲဒီကားနဲ့ လိုက်ဖက်ခြင်းမရှိဘူးလို့ အများက ထင်မြင်ယူဆစရာ ဖြစ်နေပါတယ်။ ဒါပေမယ့် ဒီလူဟာ သူ့ကားလေးကို NEMESIS လို့ အမည်ပေးထားပါတယ်။ နီမီဆစ် ဆိုတဲ့ကားလေးဟာ အချိန်အားဖြင့် ၈ ဒသမ ၅ စက္ကန့်အတွင်းမှာ တစ်နာရီလျှင် မိုင်တစ်ရာနှုန်းအထိ အရှိန်အဟုန် မြင့်တင်နိုင်ပါသတဲ့။ ဒီလူရဲ့ နာမည်က ဒေးဗင့်စ်ဖြစ်ပါတယ်။ သူက သန်းပေါင်းများစွာချမ်းသာကြွယ်ဝသူ ဖြစ်ပါတယ်။ ယူအက်စ်ဒေါ်လာ တစ်သန်းခွဲ အကုန်အကျခံပြီး အဲဒီနီမီဆစ် အမည်ပေးထားတဲ့ ကားလေးကို (လျှပ်စစ်စွမ်းအင်ချည်းသက်သက်နှင့် သွားနိုင်အောင်) ဗြိတိန်နိုင်ငံ ဂလောက်စတာရှိုင်းယားနယ်ပယ် အခြေစိုက် လေအားလျှပ်စစ်ကုမ္ပဏီ ECOTRI-CITY တည်ထောင်သူ ဒေးဗင့်စ် အသက်(၄၈)နှစ်ကိုယ်တိုင် မော်တော်ကားတည်ဆောက်တဲ့ အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ ရွေးချယ်စုစည်းပြီး နီမီဆစ် လျှပ်စစ်စွမ်းအင်သုံး ကားလေးကို ကိုယ်ပိုင်အသုံးပြုဖို့ တည်ဆောက်ခဲ့ပါသတဲ့။


www.burmeseclassic.com

www.burmeseclassic.com




## မောင်းသူမဲ့လေယာဉ်ပြဿနာ

အီရန်နိုင်ငံ အစိုးရရုပ်သံထဲတွင် ထုတ်လွှင့်ပြသခဲ့သော မောင်းသူမဲ့လေယာဉ်သည် အမေရိကန်တို့ အသုံးပြုသော လေယာဉ်များအနက် အတော်ပင်သေးငယ်ပြီး ခေတ်မမီ သော SCAN EAGLE ဖြစ်သည်။ ထိုလေယာဉ်ကို အီရန်လေကြောင်းပိုင်နက်အတွင်း၌ ဖမ်းမိခြင်းဖြစ်ကြောင်း ရေတပ်ဗိုလ်ချုပ် အလီဖာဒါဗီက အီရန်မီဒီယာဖားစ် သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန် ပြည်ထောင်စု ရေတပ်ကမူ အရှေ့အလယ်ပိုင်း ဒေသအတွင်း၌ မိမိတို့၏ မောင်းသူမဲ့လေယာဉ် တစ်စင်းမျှ ပျောက်ဆုံးခြင်းမရှိကြောင်း ငြင်းချက်ထုတ်ပြန်သည်။ အရှေ့အလယ်ပိုင်းဒေသရှိ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)အပါအဝင် အခြားနိုင်ငံများတွင်လည်း စရိတ်သက်သာ၍ ခံနိုင်ရည်စွမ်းအားမြင့်သော SCAN EAGLE လေယာဉ်အမျိုးအစား မောင်းသူမဲ့လေယာဉ်ကို အသုံးပြုနိုင်ကြကြောင်းဖြင့် အေပီသတင်းဌာနမှ ဖော်ပြခဲ့သည်။



## တာဝန်ဆိုသည်မှာ

နျူကလီးယား မပြန့်ပွားရေးဆိုင်ရာ မိန့်ခွန်းတစ်ရပ်ကို အမျိုးသားကာကွယ်ရေး တက္ကသိုလ်၌ အမေရိကန်သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။ ၂၀ ရာစုကတည်းက ရှိခဲ့သော ဆိုးရွားသည့် လက်နက်များကြောင့် ၂၁ ရာစုတွင် အမှောင်ဖုံးလွှမ်းမည့်အရေးကို သူ့အနေနှင့် ရိုးရှင်းစွာပင် ခွင့်မပြုနိုင်ကြောင်း အဆိုပါ လက်နက်အမျိုးအစားများကို ဆီးရီးယားအစိုးရအနေနှင့် အသုံးပြုခြင်းဖြင့် ဝမ်းနည်းဖွယ်ကောင်းသော အမှားကို ကျူးလွန်မည်ဆိုပါက ထိုဖြစ်ရပ်၏ အကျိုးဆက်ကို တာဝန်ယူရမည်ဖြစ်ကြောင်း အာဆတ်နှင့် ၎င်း၏ လက်အောက်ခံပုဂ္ဂိုလ်များအား သတိပေးလိုသည်ဟု ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံတစ်ဝန်းတွင် ဒါဇင်နှင့်ချီသော နေရာများ၌ သိုဝှက်ထားရှိသော ဓာတုလက်နက်ပစ္စည်းများကို ပဲ့ထိန်းဒုံးကျည်များ၊ အမြောက်များဖြင့် ပစ်ခတ်အသုံးပြုနိုင်ကြောင်း စီအိုင်အေကလည်း ကြေညာခဲ့သည်။

❒ ဖိုးရွှေလမင်း



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

# ရေစီးကမ်းပြို ပျောက်စေလို

**ကန့်ဘလူ ကံတင်အောင်**

ကမ္ဘာပေါ်တွင် ကွမ်းယာအစားဆုံးနိုင်ငံမှာ ကုလားနိုင်ငံများဟု စာရေးဆရာသော်တာဆွေ မြဝတီဂျာနယ်မှာ ရေးသားပြခဲ့သည်ကို ဖတ်ခဲ့ဖူးပါသည်။

ယခုအခါတွင်မူ ကွမ်းယာအစားဆုံး နိုင်ငံထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကိုပါ ထည့်သွင်းဖော်ပြပေးရတော့မည့် အနေအထားပင်။

ဘယ်နေရာရောက်ရောက်၊ ဘယ်ဒေသသွားသွား အများဆုံး မြင်တွေ့နေရသည်မှာ ကလေးမှအစ လူငယ်၊ လူလတ်၊ လူကြီးပိုင်း အရွယ်များအထိ၊ အဘိုးကြီး၊ အဘွားကြီးအဆုံး ကွမ်းယာ စားသုံးနေကြသည်ကို တွေ့မြင်နေရပါသည်။

ကျွန်တော်တို့ ထန်းတပင်(ဇီးကုန်း)က အောင်ကြီးကွမ်းယာဆိုင် မိသားစုဆိုလျှင် ကွမ်းယာရောင်းချခြင်းဖြင့်ပင် အာရ်စီတိုက်ကြီး၊ ဆိုင်ကယ်၊ ကားစီး၊ ရွှေငွေဥစ္စာရတနာများ ထိန်ထိန်သီးလျက် ချမ်းသာသူ စာရင်းဝင်နေပါပြီ။ ကွမ်းစားသူ အဘယ်မျှ များပြားနေသလဲဆိုတာ သက်သေ သာဓကပင်။

ဘယ်ရွာ၊ ဘယ်မြို့၊ ဘယ်နေရာမဆို ကွမ်းယာဆိုင်များ အစီအရီ ပေါများနေသည်။ ရောင်းကောင်းကြသည်။ ကွမ်းစားသူများ တိုးပွားများပြားနေသည်။ ရွှေဖြစ်သွားသော ကွမ်းရွက်များဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ တင်စားပင်ရေးထားသည်ကို ဖတ်ရဖူးသည်။

အဘယ်ကြောင့် ကွမ်းယာ အစားများနေသနည်း။

ကွမ်းယာမှာ ဆေးဖက်ဝင်တာဆို၍ ကွမ်းရွက်၊ ကွမ်းသီး ဟုသာ သိထားရပါသည်။

စာရေးသူ ဖတ်ဖူးသမျှ ပညာတန်ဆောင်၊ မြဝတီဂျာနယ်၊ ဆေးမဂ္ဂဇင်း စာစောင် တော်များများတွင်ကား ကွမ်းယာစားများသဖြင့် ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ ခံတွင်းကင်ဆာ၊ အဆုတ်ကျောက်တည်၊ သွားရေစီးကမ်းပြို၊ သွား၏အပေါ်ယံကြွေလွှာ ပျက်စီးပြုန်းတီးခြင်း၊ ကျောက်ကပ်ရောဂါတို့ ဖြစ်ပွားနိုင်ကြောင်း ဖတ်မှတ်ခဲ့ရပါသည်။

ရာဇဝင် စာတင်ကြည့်ရာတွင်လည်း တန်ခိုးသိဒ္ဓိကြီးမားသော ဗျတ်ဝိခမျာ ကွမ်းတစ်ယာ ရေတစ်မှုတ်ကြောင့် သိဒ္ဓိများလျှောကျကာ ဘဝပျက် အသက်ဆက်ခဲ့ရဖူးပါသည်။

ကျွန်တော်ကနေ၍ . . .

"ကွမ်းမလွမ်းနဲ့၊ စားခဲ့မိသူ၊ ဗျတ်ဝိ၊ သိဒ္ဓိလျှောကျ၊ ဘဝပျက် အသက်ဆက်" ဟူ၍ ကဗျာပင်ဖွဲ့၍ တပည့်များအား ဆုံးမခဲ့ပါသည်။

ယခုတင်ပြမည်မှာ ကွမ်းစားများသဖြင့် သွားတွင် ရေစီးကမ်းပြိုဖြစ်သောရောဂါကို ကုသပျောက်ကင်းနိုင်သည့် တိုင်းရင်းဆေးနည်း ဖြစ်ပါသည်။

သွားတွင် ရေစီးကမ်းပြိုဖြစ်ပါက ပျောက်စေလိုသည့် စေတနာ ဖြစ်ပါသည်။

ရေစီးကမ်းပြို ဖြစ်ခဲ့ပါက တမာရွက်ကို အခြောက်လှမ်း၍ အမှုန့်ပြုပြီး သွားဖုံးတစ်လျှောက် ဖြူးပေးပါက သက်သာ ပျောက်ကင်းနိုင်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြရေးသားရပါသည်။

သတ္တဝါမှန်သမျှ ဘေးမခ
ကျန်းမာကြပါစေ. . .

❑ ကန့်ဘလူ ကံတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ရေယားဖူး အထူးပျောက်စေမည်

**ကန့်ဘလူ ကံတင်အောင်**

စာရေးသူတို့ ဒေသ ရေနစ်နေသော လယ်များရှိ၏။ ကန်စွန်းပင်များ ပြွတ်သိပ်ကျပ်တည်းစွာ ပေါက်နေ၏။

နွေရာသီမှာပင် ရေမပြတ်၍ စပါးစိုက်ပျိုး၍မရ။ နွေ၊ မိုး၊ ဆောင်း ဆိုသလို ရေများ လှောင်ထားသလို ဖြစ်နေသည်။

ထိုလယ်အတွင်း ကန်စွန်းပင်များမှာ စားချင်စဖွယ်၊ ခူးချင်စဖွယ် ဖြစ်နေ၍ လူတကာတို့ ဆင်း၍ ခူးကြ၊ ရသမျှ ဈေးမှာရောင်းချကြဖြင့် ဝင်ငွေ တွက်ခြေကိုက်နေကြပါသည်။

ထိုလယ်ထဲ ကန်စွန်းရွက် ဆင်းခူးကြသူများ၏ ခြေသလုံး နှစ်ဖက်စလုံးတို့တွင် ရေယားဖူးများဟု ဆိုသော အနာများ ပေါက်ကြပါသည်။ စပ်ဖျဉ်းဖျဉ်းနှင့် နာလည်းနာ၊ ယားလည်းယားဖြင့် နေမထိ ထိုင်မသာ ခံစားကြရပါသည်။

ကန်စွန်းရွက် ဈေးကောင်းရသည်မှန်သော်လည်း ထိုရေယားဖူး အနာများကြောင့် ထိုလယ်များတွင် မည်သူမျှ ဆင်း၍ ကန်စွန်းရွက်မခူးရဲကြတော့ပေ။

သို့သော် လက်ထုပ်ကုန်းရွာမှ ဦးစိုးမြင့်၏သမီးများမှာကား ကန်စွန်းရွက်ခူးရောင်းမှသာ မိသားစုစားဝတ်နေရေး အဆင်ပြေ အခြေအနေပေးမည်ဖြစ်ရာ ထိုလယ်များတွင် ဆင်း၍ ကန်စွန်းရွက်ခူးကြရပါသည်။

"ညည်းတို့တော့ ရေယားဖူးတွေ မပေါက်ကြဘူး ထင်တယ်၊ တို့မှာတော့ ရေယားဖူးကြောင့် ဒုက္ခတွေ ခံစားရလွန်းလို့ ပိုက်ဆံရမှန်းသိလဲ အဲဒီလယ်ထဲ မဆင်းရဲတော့ပေါင်အေ"

"တို့လဲ အစကတော့ ပေါက်တာပဲ၊ ကာကွယ်ကုသတဲ့ ဆေးနည်းသိထားတော့ လယ်ထဲ ဆင်းရဲနေပါပြီ၊ မကြောက်တော့ဘူး"

"ဟဲ့ . . . ဒါဆို မစ,ပါဦး၊ ကာကွယ်ကုသတဲ့ ဆေးနည်းလေး"

"ရပါတယ်၊ လွယ်ပါတယ်၊ ဆေးနည်းဆိုတာ သေရာအထိ မယူကောင်းဘူးတဲ့၊ ပြောပ့ါမယ်"

"ရေယားဖူးတွေပေါက်ရင် ပထမ နနွင်းမှုန့်နဲ့ ဆားနဲ့ ရောဖျော် လိမ်းပေး၊ နနွင်းတက်ရှိရင် ပိုကောင်းတယ်၊ ကျောက်ပျဉ်မှာ ဆားထည့်ပြီး သွေးလိမ်းပေး၊ ပြီးတော့ လယ်ထဲဆင်း ကန်စွန်းရွက် ခူးတော့မယ်ဆိုရင် အဲဒီရေယားဖူးပေါက်နိုင်တဲ့ ရေထိမယ့်နေရာတွေ အားလုံးပေ့ါ၊ ရေနံချေး သုတ်ပြီး လိမ်းသွား၊ တစ်နေကုန် လယ်ထဲဆင်းခူးရင်တောင် ရေယားဖူး မပေါက်တော့ဘူး"

ဦးစိုးမြင့်၏သမီးများ ပြောပြသကဲ့သို့ ကန်စွန်းရွက်ခူးရောင်းမှ စားကြ၊ သောက်ကြ၊ ဝတ်ကြရသော ကျွန်တော်တို့၊ တူမ ဆွေမျိုးပေါက်ဖော်များနှင့် တပည့်များ လယ်ထဲဆင်းမည်ဆိုလျှင် ခြေသလုံးနှစ်ဖက်စလုံးအား ရေနံချေးများ လူး၍ထားကြပါသည်။

ရေယားဖူး အနာဖြစ်ကြသူတိုင်းကလည်း နနွင်းမှုန့်နှင့်ဆား ရောဖျော်၍ အနာရှိရာနေရာများတွင် လိမ်းထားကြပါသည်။

ရေယားဖူး အထူးပျောက်စေပါ၍ စာဖတ်ပရိသတ်များ လိုအပ်လျှင် သုံးစွဲနိုင်ရန် စေတနာရှေ့ထား ရေးသားရပါသည်။

❒ ကန့်ဘလူ ကံတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ခြေဖနောင့်ကွဲလျှင် ပျောက်စေချင်

နတ်မောက်ကောင်းမွန်မြင့်

ခြေဖနောင့်ကွဲခြင်းသည် တစ်နည်းအားဖြင့် ကောင်းသည်ဟု ယူဆနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ခန္ဓာကိုယ်အတွင်းမှ အပူခိုး၊ အပုပ်ခိုးများသည် အောက်သို့ စုန်ဆင်းထွက်သွားသဖြင့် ခြေဖနောင့်ကွဲရခြင်း ဖြစ်ပါသည်။

အကယ်၍ အပူခိုး၊ အပုပ်ခိုးတို့သည် အောက်သို့ စုန်ဆင်းခြင်းမရှိဘဲ အထက်သို့ ဆန်တက်မည်ဆိုလျှင် လည်ချောင်းနာခြင်း၊ သွားဖုံးရောင်၊ သွားနာ၊ သွားကိုက်ခြင်း၊ မျက်စိမှုန်ဝေခြင်း၊ နားလေးခြင်း၊ ဆံပင်ဖြူခြင်း စသော ပိုမိုဆိုးသည်နှင့် ကြုံရနိုင်ပါသည်။

သို့အတွက် ခြေဖနောင့်ကွဲခြင်းသည် တစ်နည်းအားဖြင့် တော်သေးသည်၊ ကောင်းသည် ဟုဆိုရခြင်း ဖြစ်ပါသည်။ သို့သော် . . .

သို့သော် . . . အကောင်းဆုံးမှာ အပူခိုး၊ အပုပ်ခိုးတို့သည် ဆီး၊ ဝမ်းတို့နှင့်အတူ ထွက်သွားခြင်းသည် လူတို့၏ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်ပါသည်။ သို့အတွက် ဆီးချုပ်၊ ဝမ်းချုပ် မခံဖို့လိုပါသည်။

ဆီးချုပ်လျှင် အရည်ရွှမ်းသော အသီးများစားခြင်း၊ ရေများများ သောက်ပေးပါ။ ထမင်းစားလျှင် ဟင်းအရည် သောက်နှင့် စားပေးပါ။ အရည်သောက်ဟင်း မပါလျှင် ရေနွေးကြမ်းနှင့် သောက်စားပေးပါ။

ဝမ်းချုပ်လျှင် ဝမ်းနုတ်ဆေး အရမ်းမစားသင့်ပါ။ ဝမ်းနုတ်ဆေးသည် ဘေးထွက်ဆိုးကျိုး ဖြစ်ပေါ်စေနိုင်ပါသည်။ မတတ်သာမှ ဝမ်းနုတ်ဆေးကို သင့်တော်အောင် သုံးစွဲသင့်ပါသည်။ ဝမ်းနုတ်ဆေး အကျင့်ဖြစ်သွားလျှင် အစာအိမ်၊ အူသိမ်၊ အူမကြီးတို့ကို ဒုက္ခပေးတတ်ပါသည်။

ထို့အတွက် ဝမ်းချုပ်လျှင် ဝမ်းမှန်စေရန်အတွက် လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ အစိမ်းကြော် များများ စားပေးပါ။ ချဉ်ပေါင်ရွက်နု ချက်စားပေးပါ။

ရနိုင်လျှင် သင်္ဘောသီးမှည့်ကို အဝစားပေးပါ။ ဝမ်းပျော့ ဝမ်းမှန်စေပါသည်။ သင်္ဘောသီးမှည့်သည် လူကို လွန်စွာအကျိုးပြုပါသည်။ မရလျှင်လည်း တစ်ပတ် တစ်ကြိမ်မျှ သင်္ဘောသီးမှည့် ရအောင်ရှာပြီး ထန်းလျက်နှင့် ပေါက်စားပေးပါ။ သကြားနှင့် သင်္ဘောသီးမှည့်ကို ပေါက်စားခြင်းသည်လည်း ကောင်းပါသည်။

သို့သော် အချို့သူများတွင် သကြားကြောင့် သလိပ်ကျပ်ခဲမှုနှင့် ကြုံတွေ့ရတတ်ပါသည်။ ထန်းလျက်နှင့် သင်္ဘောသီးမှည့် ပေါက်စားခြင်းကသာ ပိုကောင်းပါသည်။ ထန်းလျက်သည် အစာကြေ ရင်ချောင်စေပါသည်။

ခြေဖနောင့် မကွဲစေရန် ဆီး၊ ဝမ်း အချုပ်မခံရန် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အကယ်၍ ခြေဖနောင့်ကွဲလျှင် အောက်ပါ လိမ်းဆေးကို ပြုလုပ်လိမ်းပေးပါ။

ရေနံစိမ်းရနိုင်လျှင် ရေနံစိမ်းကို မီးနွေးနွေးပေး၊ အအေးခံ၍ လိမ်းပေးပါ။

(သို့မဟုတ်) မန်ကျည်းသီးအမှည့်ကို ဆန်ခါဖြင့် အနှစ်တိုက်ရယူပြီး ခေါင်းလိမ်းသည့် အုန်းဆီနှင့် ဆတူ ရောစပ် သမအောင်မွှေပြီး လိမ်းပေးပါ။ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါ။ အမြန်ဆုံး သက်သာပျောက်ကင်းသွားပါမည်။

❒ နတ်မောက်ကောင်းမွန်မြင့်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ဗောက်သန်းကင်းရေး

### ပြုလုပ်ပေး

နတ်မောက်ကောင်းမွန်မြင့်

ဦးခေါင်းအရေပြားမှာ ဗောက်အစို၊ ဗောက်အခြောက်တွေ ထနေရင် အလွန်ပဲ ယားယံပြီး စိတ်ပါ ရှုပ်ထွေးညစ်ညူးရပါတယ်။ ဗောက်အပြင် သန်းများပါ ရှိနေရင် ပိုဆိုးပါတယ်။

ခေတ်ပေါ် ခေါင်းလျှော်ရည် Shampoo တွေဟာ ဦးခေါင်းအရေပြား ပျက်စီးပြီး ဆံပင်ကျွတ်ခြင်း၊ ပြတ်ခြင်းတွေပါ ဖြစ်နေတတ်တာ လက်တွေ့ပါပဲ။ စာရေးသူရဲ့ သမီးမှာ အဲဒီလိုဖြစ်လို့ မသုံးရဲတော့ပါဘူး။

ဦးခေါင်းမှာ ဗောက်၊ သန်း ရှင်းပြီး ဦးခေါင်းအရေပြားလည်း မပျက်စီး၊ အေးမြစေတဲ့ နည်းစနစ် တင်ပြအပ်ပါတယ်။

ရဲယိုပင်ကို လူတိုင်းသိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဖက်ဝင်ပစ္စည်းမှာ ရဲယိုပင်ဟာ ထိပ်တန်းက ပါဝင်နေတယ်ဆိုရင်လည်း မမှားပါဘူး။

အဲဒီရဲယိုပင်ဟာ ရဲယိုရွက်ခပ်ရင့်ရင့် စိမ်းစိမ်းစိုစို ဆယ်ရွက်၊ ငယ်ရင် ဆယ့်ငါးရွက်လောက် ခူးယူပြီး ရေစင်အောင် ဆေးပါ။ ပြီးရင် ထုထောင်းကြိတ်ခြေပြီး သတ္တုရည် ညှစ်ယူပါ။ ရလာတဲ့ ရဲယိုရွက်သတ္တုရည်များကို ဦးခေါင်းအရေပြားထိ စိုစို့ရွှဲရွှဲ လိမ်းကျံပေးပါ။ ပြီးရင် ဆယ်မိနစ်ခန့် ခေါင်းပေါင်းထားပါ။

ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့်ရှိရင် ခေါင်းလျှော်ပေးရပါမယ်။ တရော် ကင်ပွန်းသီးပြုတ်ရည်နဲ့ ခေါင်းလျှော်ပေးရပါမယ်။

ငါးရက်တစ်ကြိမ် အထက်ပါနည်းအတိုင်း ပြုလုပ်ပေးလျှင် ဦးခေါင်းမှာ ဗောက်၊ သန်း ကင်းရှင်းတဲ့အပြင် ဦးရေပြား အေးမြပြီး ဆံပင်ပါ မည်းနက်ပျော့ပျောင်း သန်မာကာ ဦးခေါင်း ကြည်လင်ပြီး စိတ်ပါ လန်းဆန်းနေပါလိမ့်မယ်ဆိုတာ တင်ပြလိုက်ပါတယ်။

❏ နတ်မောက်ကောင်းမွန်မြင့်

## ဆီးချိုအတွက်

### ဥသျှစ်ရွက်

နတ်မောက်ကောင်းမွန်မြင့်

ဥသျှစ်ပင်သည် အညာဒေသနှင့် မြေလတ်ပိုင်းတွင် သဘာဝအလျောက် အလေ့ကျ ပေါများစွာ ပေါက်ရော... ပြီး အချို့နေအိမ်ဝိုင်းများတွင် တမင်ပြုစု စိုက်ပျိုးထား... သည်ကိုလည်း တွေ့နိုင်ပါသည်။

ထမင်းစား၍ မဝင်၊ ခံတွင်းပျက်နေပါက ဥသျှစ်ရွ... လေးများကို ငါးပိဖုတ်ဆီဆမ်းနှင့် အတို့အမြှုပ် လုပ်စားပါ... ထမင်းမြိန်စေပါသည်။

အထူးသဖြင့် ဥသျှစ်ရွက်သည် ဆီးချိုဝေဒနာရှင်မျာ... အတွက် ဆေးဖက်အသုံးဝင်လှပါသည်။ လက်တွေ့စမ်းသ... ကြည့်ပါ။

ဥသျှစ်ရွက် မနုမရင့်များ လက်တွင်းသုံးဆုပ်ခန့် ခူး... ပြီး ဖုန်၊ အမှိုက် ကင်းအောင် ရေစင်စွာဆေးပါ။ ထို့နော... ထန်းလျက် (၅)ကျပ်သား ထုခြေထည့်ပြီး ရေမတ်ခွ... သုံးခွက်နှင့် ကျိုချက်ပါ။ ရေတစ်ခွက်စာကျန်လျှင် အအေး... ပြီး စစ်ယူပါ။

ထိုရေကို တစ်နေ့တည်းကုန်အောင် သုံးကြိမ်... ခွဲသောက်ပေးပါ။ တစ်ကြိမ်တည်းနှင့် အကုန်သောက်... ရပါ။ သုံးကြိမ် ခွဲသောက်ပါ။

နောက်တစ်နေ့တွင် ဆီးချိုတိုင်းကြည့်ပါ။ သိသာ... ထင်ရှားစွာ ဆီးချိုကျဆင်း သက်သာနေသည်ကို တွေ့... ရပါမည်။ တဖြည်းဖြည်း သက်သာပျောက်ကင်းသော ဆေး... နည်းဖြစ်ပြီး လွယ်ကူစွာ လိုအပ်သလို ဆက်လက်ပြု... သောက်သုံးနိုင်ပါသည်။

❏ နတ်မောက်ကောင်းမွန်မြင့်



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ

သုတေသီ ဆရာငြိမ်း

## ကိုယ်ဖောကိုယ်ရောင် ဖြစ်နေလျှင်

လူတစ်ယောက်အဖို့ ကျန်းမာရေးကောင်းဖို့ ဆိုသည်မှာ သွေးလေမှန်ဖို့ အရေးကြီးပါသည်။ သွေးလေဖောက်ပြန်လျှင် ကိုယ်ဖော၊ ကိုယ်ရောင်ဝေဒနာ ခံစားရတတ်ပါ၏။

သို့ဆိုက ကိုယ်ဖော,ကိုယ်ရောင်ပျောက်စေရန် မည်သို့ပြုလုပ်ရပါမည်နည်း။ နည်းသိလျှင် မခက်ပါ။

ဇော်ဂျီဦးထုပ် ဆိုသည့် အပင်ကို ရဖို့လိုပါသည်။ ၎င်းအပင်သည် အမြင့်တစ်ပေကျော် နှစ်ပေထိ မြင့်တတ်ပါသည်။ ပင်စည်လုံးမှာ လက်နှစ်သစ်ခန့်ဖြစ်ပြီး အရွက်ပမာဏမှာ အလျားတစ်လက်မ၊ အနံ သုံးလေးလက်မရှိ၏။ အစိမ်းရောင်ဖြစ်ပြီး ဥနှဲရွက် ပုံစံမျိုးဖြစ်ကာ အပူပိုင်းဒေသရှိ တောင်ကုန်းများ၌ ပေါက်တတ်ပါသည်။

ဇော်ဂျီဦးထုပ်ပင် အမြစ်အားရေစင်အောင်ဆေး၍ ရေနှင့် မပျစ်မကျဲသွေးပါ။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့သုံးကြိမ်၊ ဖောနေရောင်နေသည့်အပေါ် အထက်မှအောက်သို့ ဆေးဖြင့်သပ်ချပေးပါ။

တစ်ရက်လိမ်းရုံနှင့်ပင် အဖောအရောင်တို့ သိသိသာသာ ကျဆင်းသွားပြီး နှစ်ရက်,သုံးရက် ဆက်လိမ်းပေးပါက လုံးဝပျောက်ကင်းသွားပါလိမ့်မည်။

သွေးကျ၍ ခြေဖမိုးရောင်ရမ်းနေသူတို့အဖို့ ဇော်ဂျီဦးထုပ်ပင်၏ အမြစ်မရပါက ရွက်ကျပင်ပေါက်အရွက်ကို မီးကင်ပေးပြီး ရောင်ရမ်းနေသည့် နေရာပေါ်တွင် ကပ်ပေးရပါမည်။ အဖောအရောင်တို့ ကျသွားပါလိမ့်မည်။

## ခေါင်းမူးတာများ လွယ်လွယ်လေး

သွေးတိုးကြောင့်ဖြစ်စေ၊ လေကြောင့်ဖြစ်စေ၊ အိပ်ရေးပျက်၍ဖြစ်စေ အုန်းနို့ကဲ့သို့ အဆီအဆိမ့်များ စားသောက်မိ၍ ခေါင်းထဲ၌ ရိပ်တိတ်တိတ်ဖြစ်ကာ မူးတတ်ကြပါသည်။

ထိုသို့ ခေါင်းမူးနေပါက မည်သို့ပြုလုပ်ရပါမည်နည်း။ နည်းသိလျှင် မခက်ပါ။

(၁) ပျားရည်စစ်စစ် ကြွေဇွန်းတစ်ဇွန်း၊ ရေနွေးပူပူ တစ်ဇွန်း၊ သံပရာညှစ်ပြီးသား ကြေးဇွန်းတစ်ဇွန်း။

၎င်းသုံးမျိုးကို သမအောင် ရောမွှေပြီး သောက်ပေးပါ။ ခေါင်းအလွန်မူး၍ မသက်မသာ ဖြစ်နေသူတို့အဖို့ တစ်နေ့လျှင် နှစ်ကြိမ်,သုံးကြိမ် သောက်ပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၂) နှမ်းဆီစစ်စစ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို သံပရာရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် ရောပြီး ငယ်ထိပ်တည့်တည့်အား ဆွတ်ပေး၊ လိမ်းပေးပါက ခေါင်းမူးဝေဒနာ ချက်ချင်းပျောက်ကင်းပါ၏။

သံပရာရည်ကို လက်စွဲထား၍ နေ့စဉ်သောက်ပေးပါက လွန်စွာကောင်း၏။

ရေနွေးကြမ်း ခပ်ကျကျထဲသို့ သံပရာရည် ညှစ်သောက်ပေးပါက ခေါင်းမူး၊ ခေါင်းကိုက်ရောဂါ ပျောက်ကင်းပါ၏။

*

## ထိခိုက်ရှနာဖြစ်ခဲ့လျှင်

လူတော်တော်များများမှာ ထိခိုက်ရှနာဝေဒနာ ကြုံရတတ်ပါသည်။

တောအရပ်ဒေသများ ကောက်ရိတ်သည့်အခါ တံစဉ်ထိပြီး ပြတ်ရှခြင်း၊ ပေါက်ပြားပေါက်မိခြင်း၊ ထင်းခွဲသည့်အခါ ဓားထိခြင်း၊ ပြတ်ရှခြင်း၊ သားလှီးဓားဖြစ်စေ၊ အခြားအသွားချွန်သည့် အရာဖြင့်ဖြစ်စေ ထိုးမိ ထိခိုက်မိခြင်း၊ သံပြားရှခြင်း၊ ရေထဲဆင်းသည့်အခါ ပုလင်းကွဲရှခြင်း၊ မှန်ကွဲများထိုးမိခြင်း စသည့် မတော်တဆ ထိခိုက်ရှနာတို့နှင့် ကြုံတွေ့ရတတ်ပါသည်။

အကယ်၍ ထိခိုက်ရှနာဝေဒနာ ခံစားရပါက သက်သာ ပျောက်ကင်းအောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

ကွမ်းစားထုံးကို လက်ဖြင့်ကော်၍ ထိခိုက်ပြတ်ရှသွားသည့် ဒဏ်ရာပေါ်တွင် လုံလုံခြုံခြုံ အုံပေးပါ။ ထို့နောက် ပတ်တီးစည်းထားပါ။ ထုံးအုံသည့်ကြားမှ တစ်ခါတစ်ရံ သွေးများစိမ့်ထွက်နေသေးလျှင် ထပ်မံစိမ့်မထွက်လာသည်အထိ ထုံးကို အကြိမ်ကြိမ်ထပ်မံအုံပေးပါ။ (ဒဏ်ရာရသည့်နေရာကို ရေမထိအောင် သတိထားပါ။)

ထုံးအုံသည်နှင့် ချက်ချင်းသက်သာပြီး ရက်အနည်းငယ်အတွင်းမှာပင် အသား နုတက်လာကာ ဒဏ်ရာများ ပျောက်ကင်းသွားပါလိမ့်မည်။ (အမာရွတ် ထင်ကျန်နေပါက ကြိတ်မှန်ရွက်ကို ခြေ၍ အုံပေးပါ။)

*



www.burmeseclassic.com

www.burmeseclassic.com

## နောက်ကြောတွေ တက်နေသလား

တစ်ခုခုကို အာရုံစူးစိုက်လွန်း၍ဖြစ်စေ၊ စာအဖတ်များ၊ တီဗွီ ဗွီဒီယိုအကြည့်များ၊ ရုပ်ရှင်အကြည့်များ၊ အညောင်းထိုင်တာပါ များလွန်းပါက နောက်ကြောတက်တတ်ပါသည်။ ထိုသို့နောက်ကြောတက်လျှင် တသမ်းသမ်း တဝေဝေ မအီမသာဖြင့် တစ်ကိုယ်လုံး တောင့်တင်းပြီး အနေရအထိုင်ရ အလွန်ဆိုးပါသည်။

နာရီဝက်ခန့် ပက်လက်လှန်အိပ်၍ မှိန်းနေမှ သက်သာသွားတတ်ပါသည်။

တစ်နေ့ နှစ်ကြိမ် အနည်းဆုံး လက်ဖက်ရည်အချို့ နှစ်ခွက်ထက်ပို၍ သောက်မိပါကလည်း နောက်ကြောပို၍တက်တတ်ပါသည်။ ဆေးထိုး၊ ဆေးစား၊ အနင်းအနှိပ်ခံသော်လည်း ခေတ္တသက်သာပြီးနောက် ပြန်ဖြစ်တတ်ပါသည်။

သို့ဆိုပါက နောက်ကြောတွေ တက်နေလျှင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

(၁) ရှိန်းခို

(၂) ထန်းလျက်

ရှိန်းခိုအား မန်ကျည်းစေ့ခန့် လုံး၍ ရေနှင့် ကျိုက်ချပါ။ ၎င်းနောက် ထန်းလျက်တစ်ခဲစားပြီး ရေသောက်ပေးပါ။

နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မပျက်မကွက် စားပါ။ မိမိ၏ရောဂါအခြေအနေကို သုံးသပ်၍ နေ့လယ်တစ်ကြိမ်စားပေးနိုင်ပါသည်။ ၁၅ ရက်ခန့် မပျက်မကွက်စားပေးပါက သိသိသာသာ ပျောက်ကင်းသွားပါလိမ့်မည်။ (အစာမကြေ ဖြစ်နေလျှင် ထန်းလျက်တစ်ခဲ စားပေးရပါမည်။)

*

## လေထိုးလေနာ ဖြစ်နေသလား

လေထိုးလျှင် အနေဆိုး၍ လေမသက်လျှင် အနေခက်သည့်အကြောင်း ကြားဖူးပါလိမ့်မည်။ ဓာတ်ကြီးလေးပါး၌ လေသည် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ လေဖြင့်သွေးသားတို့ လှုပ်ရှားနေရပါသည်။ ထိုလေသည်ပင် လူကိုအကျိုးပြုသကဲ့သို့ ဒုက္ခလည်း ပေးတတ်ပြန်ပါသည်။

သို့ဖြစ်၍ လေထိုးလေနာ ဖြစ်ပေါ်လာပါက သက်သာပျောက်ကင်းအောင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

ဆားကို မြေအိုးသေးသေးတွင် ထည့်ပြီး စလောင်းဖုံးကို ပက်လက်ဖုံး၍ နန်းကြိုးနှင့်တုပ်ပါ။ ၎င်းမြေအိုးကို မီးဖိုတွင် မှောက်၍ဖုတ်ပါ။ (ဆားထဲသို့ ပြာများ မဝင်စေရပါ။)

နေ့စဉ် ချက်ပြုတ်နေကျ မီးဖိုတွင်း၌ ထည့်ဖုတ်ထားပြီး တစ်ပတ်ခန့်ကြာမှ ဖော်၍ရသော ဆားတို့ကို ပြန်ထောင်းပါ။ ၎င်းဆားကို ပုလင်းထဲ ထည့်ထားပြီး ဆန်လွတ်နန္ဒင်းစစ်စစ်ဖြင့် ရောသောက်ပါ။

ဆားမန်ကျည်းစေ့ခန့်နှင့် နန္ဒင်းမန်ကျည်းစေ့ခန့်တို့ကို ရော၍ နံနက်အိပ်ရာထထချင်း ရေအဝနှင့် သောက်ပေးပါ။

ထိုသို့ ပုံမှန်တစ်လတိတိသောက်ပေးပါက လေထိုးလေနာရောဂါ အရှင်းပင် ပျောက်ပါသည်။

*

## သွားဖုံးရောင်လို့ သွားတွေကိုက်နေခဲ့လျှင်

လူ့ခန္ဓာကိုယ် အစိတ်အပိုင်း၌ သွား၊ သွားဖုံး၊ ပါးစပ်တို့မှာ အလွန်အရေးကြီးပါသည်။

ပါးစပ်အတွင်း၌ ရောဂါတစ်ခုခု ဖြစ်ပွားလျှင် မစားနိုင်၊ မသောက်နိုင်ဖြစ်ကာ အာဟာရ ချို့တဲ့ပြီး အခြားသော ရောဂါဝေဒနာများ ဝင်ရောက်လာနိုင်သည့်အတွက် သွားနှင့် ခံတွင်းပိုင်းဆိုင်ရာ သန့်ရှင်းဖို့ အထူးလိုအပ်ပါသည်။

အစာစားပြီးတိုင်းတွင် ပလုတ်ကျင်းသကဲ့သို့ ညအိပ်ရာဝင်တိုင်းမှာလည်း သွားတိုက်ပေးဖို့ လိုပါသည်။

အကယ်၍ သွားဖုံးများ ရောင်ရမ်းကာ သွားများကိုက်ခဲနေပါက သက်သာပျောက်ကင်းရလေအောင် မည်ကဲ့သို့ ပြုရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

မာလကာခေါက်ကို ထောင်းပြီး ပါးစပ်ထဲထည့်ကာ ငုံထားပေးပါ။ ကစီရည်များရလာလျှင် ထွေးထုတ်မပစ်ဘဲ ပလုတ်ကျင်းသကဲ့သို့ လှုပ်ရှားပေးပါ။

ထိုသို့ မကြာခဏ ပြုလုပ်ပေးပါက သွားဖုံးရောင်၊ သွားကိုက်သည့်အချိန်သည် မိနစ်ပိုင်းအတွင်းမှာပင် လျော့ကျသက်သာသွားပါလိမ့်မည်။

ကလေးငယ်များအဖို့ သကြားလုံးစသည့် အချိုများစားပြီး ပါးစပ်မဆေးဘဲထားလျှင် သွားရင်း၌ ပိုးများပွားပြီး သွားဖုံးကို ရောင်စေကာ သွားကျွတ်သည်အထိ ဖြစ်တတ်ပါသည်။ ကလေးငယ်များ နို့ဘူးစို့ရင်း ပါးစပ်တွင် နို့ဘူးတန်းလန်းနှင့် အိပ်စက်စေခြင်းမျိုးသည် ကလေးငယ်၏ သွားဖုံးကို ထိခိုက်စေတတ်ပါသည်။

❒ သုတေသီဆရာငြိမ်း

www.burmeseclassic.com

# ဆေးပင်တို့အစွမ်း (၂)

ဆန်းဝင်း(အောင်မြေ)



နောက် ထနောင်း၊ အရသာ ပူခါးစပ် ထနောင်းရွက်ကို သုံးခွက်တစ်ခွက်တင် ကျို သကြားခတ်ပြီး သောက်မယ် ဆိုရင် ဆီးနီ၊ ဆီးဝါ၊ ဆီးအောင့်၊ ဆီးမကောင်းတဲ့ ရောဂါတွေ ပျောက်ပါတယ်၊

နောက်တစ်ခုက နန်းလုံးကြိုင်၊ သူ့ရဲ့အမြစ်ကို သွေးပြီး လိမ်းမယ်ဆိုရင် အနာပေါင်း၊ အနာဆွေးတွေ၊ အနာမြုံတွေ ပျောက်ကင်းကြောင်း သိရပါတယ်၊

တစ်ခါ ဘူးပင်၊ အရသာ ပူခါးစပ်သဘော ရှိတယ်၊ ဘူးမြစ်တွေကို ရေနဲ့ပြုတ်၊ တစ်ပိဿာပြုတ်ရင် ထန်းလျက်နှစ်ပိဿာ၊ ဆားပုပ် ငါးကျပ်သားထည့်၊ စမုန်မျိုးငါးပါးထည့်၊ စိမ်ရေလုပ်ရမယ်၊ အဖုံးလုံအောင်ပိတ် ခုနစ်ရက်ထားပြီး နံနက်အကြမ်းပန်းကန် တစ်လုံး၊ ည အကြမ်းပန်းကန် တစ်လုံး သောက်ရင် ဆီး၊ ဝမ်း၊ လေ အားလုံးကောင်းပါတယ်ဗျာ”

“ကောင်းဗျာ၊ ဆက်ပါဦး ဆရာဆန်းရယ်”

“ပြီးတော့ ရှောက်ပင်၊ အရသာ ပူ သက် ပွင့်၊ ရှောက်သီးနဲ့ ထန်းလျက်နဲ့ နယ်စားမယ်ဆိုရင် အစာကြေမယ်၊ လေရမယ်၊ ဝမ်းမှန်မယ်၊ ရှောက်သီးကို အခွံနဲ့တကွ နုပ်နုပ်စဉ်း ထန်းလျက်၊ ဆားပုပ် ရောနယ်ပြီး စားမယ်ဆိုရင် လေချုပ်၊ ဝမ်းချုပ်၊ လေနာရောဂါတွေ ပျောက်မယ်၊ ရှောက်မြစ်ကို ပျစ်ပျစ်သွေးပြီး အနာကိုလိမ်းမံပေးမယ်ဆိုရင် အနာပျောက်မယ်”

“ကောင်းဗျာ၊ ရှောက်ပင်အသုံးချပုံများ”

“နောက် လင်းနေပင်၊ ပူသက်ပွင့်တဲ့ သဘောရှိတယ်၊ အညှော်မိရင် လင်းနေမြစ်ကို သွေးသောက်၊ အနာဝင်တာပျောက်မယ်၊ ကလေးငယ်တွေဆိုရင် လျှာကိုပွတ်ပေး အညှော်နိုင်တယ်ဗျာ၊

“ဆရာဆန်း၊ ကျွန်တော်တို့ဆေးပင်တွေအစွမ်း ဆက်ပါဦး ဆရာရယ်”

“စူလာနဖာပင်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်နိုင်မယ်ဆိုရင်တော့ အနာဟူသမျှ ပျောက်စေတယ်လို့ ဆေးကျမ်းက ပြဆိုထားတယ်”

“ဟုတ်ကဲ့”

“ဆယ့်နှစ်ရာသီပင်၊ အရသာပူခါးစပ် သဘောရှိတယ်၊ အသီးကိုထုထောင်းပြီး အဝတ်ပါးနဲ့ ထုပ်စည်း မကြာခဏရှူပေးမယ်ဆိုရင် ဖွတ်စအို့နာနဲ့ နှာခေါင်းရောဂါတွေ ပျောက်ကင်းတယ်၊

ဆင်တုံးမနွယ်၊ အရသာပူခါးစပ်၊ ဆင်တုံးမနွယ်ကို ခုတ်စဉ်းပြီး ညောင်စေးကျအောင်ကျို၊ အဲဒီအဆီကို ငရုတ်ကောင်းစေ့လောက်လုံး၊ တစ်နေ့ သုံးကြိမ်၊ တစ်ကြိမ် တစ်စေ့စီ စားရမယ်၊ အစာမကြေ၊ လေငန်း၊ မီးယပ်ထိမ်နဲ့ ဆီးရောဂါတွေ ပျောက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေ အပြင်းဖျား ကိုယ်တွေပူ လင်းနေမြစ်ဆားနဲ့သွေး ခွဲ့ပေး၊ ကောင်းသွားမယ်၊ လင်းနေနဲ့ ရှမ်းဆေးကြီးနဲ့ ပြုတ်ပြီး တိုက်မယ်ဆိုရင် အစာမကြေ၊ ဝမ်းဖောဝမ်းရောင်၊ ရက်ကျော်ရက်ကျန် အဖျားဟူသမျှ ပျောက်မယ်လို့ ဆေးကျမ်းက ဆိုတယ်"

"ကောင်းလိုက်တာ၊ အခုမှသိရတယ်၊ ဆရာ ဆက်ပါဦး"

"တောင်မရိုးလို့ခေါ်တဲ့ လက်ပံခါးပင်က အရသာ ပူခါးသဘောရှိတယ်၊ တောင်မရိုးခေါက်ကို အမှုန့်ပြုပြီး ပျားရည်နဲ့တေ နံနက်၊ ည ဆီးကင်းခန့် စားမယ်ဆိုရင် ဆီးရွှင်လေရ အစာကြေတဲ့အတွက် အမြဲစားသင့်သတဲ့ဗျ၊ ကျန်းမာ ဝဖြိုးလာမယ်လို့လဲ ဆိုထားတယ်၊ ၎င်းအခြောက်မှုန့်ကို အုန်းဆီနဲ့ ဖျော်လိမ်းမယ်ဆိုရင် ဝဲစိုဝဲခြောက် အသေအချာပျောက်တယ်၊ ပျားရည်နဲ့လုံးထားတဲ့ ဆီးကင်းခန့်ကို နံနက်၊ နေ့လယ်၊ ည စားမယ်ဆိုရင် လေးဖက်နာ ပျောက်တာကိုလဲ တွေ့ရတယ်"

"ကောင်းလှချေဗျာ၊ ဟုတ်ကဲ့ ဆက်ပါဦးဆရာ"

"ပြီးတော့ သနပ်ခါး ကတော့ အရသာ ပူစပ်ခါးသဘောရှိတယ်၊ သနပ်ခါးအရွက်ကို ဆန်ဆေးရည်နဲ့ကြိတ် သောက်ရင် အဖောရောဂါ၊ အနာဝင်ရောဂါ ပျောက်တယ်၊ သနပ်ခါးမြစ်နဲ့ နနွင်း သွေးလိမ်းရင် သွေးသားသန့်ရှင်းတယ်၊ အသားလှမယ်၊ သနပ်ခါးမြစ်နဲ့ ဆားနဲ့ သွေးလိမ်းမယ်ဆိုရင် အညောင်းအညာပျောက်မယ်၊ သနပ်ခါးမြစ်နဲ့ ကွမ်းရွက် ပျစ်ပျစ်သွေးပြီး တိုက်ရင် ကလေးချွဲကျပ်ပျောက်တယ်၊ သနပ်ခါးမြစ်အမှုန့် သုံးကျပ်သား၊ သကြား၊ ပျားရည် တစ်ဇွန်းစီရောလျက်ပေးမယ်ဆိုရင် အစာအိမ်အဆိပ်သင့်တာ ကာကွယ်တယ်၊ ပျောက်တယ်"

"အစွမ်းထက်တာပဲနော်၊ ဆက်ပါဦး ဆရာ"

"မိကျောင်းကွမ်းဖတ်၊ အရသာ ပူစပ်ခါးသဘောရှိတယ်၊ မိကျောင်းကွမ်းဖတ် အစေ့ကို ရေစိမ်ပြီး အနာမှာကပ်ပေးမယ်ဆိုရင် ပြည်ပေါက်မယ်၊ အသားနုတက် ပျောက်မယ်၊ ညှော်လဲ စုပ်တယ်၊ လယ်ကွင်းထဲမှာ ပေါတယ်"

"ပြီးတော့ ဘောစကိုင်း၊ အရသာ ပူခါးစပ်သဘောရှိတယ်၊ ဘောစကိုင်းရွက်နု ပြုတ်သုပ်၊ တို့စား အစာအိမ်အဆိပ်သင့်ပျောက်တယ်၊ ကိုယ်ဝန်ပျက်ခြင်းကို ကာကွယ်တယ်၊ အရွက်နုကို ကြိတ် အနာအုံပေး အသားနုအမြန်တက်တယ်၊ ပျောက်တင်းတယ်"

"တို့စားတာလောက်ပဲ သိတာပါဗျာ"

"အင်း၊ ပြီးတော့ လောက်သေပင်၊ အရသာက ပူခါးသဘောရှိတယ်၊ ဆေးရွက်ခြောက်ကို လက်ဖက်ခြောက်လို ရေနွေးခတ်သောက် ဆီးဝမ်းလေ မှန်တာ အသေအချာပဲ၊ သုံးခွက်တစ်ခွက်တင်ကျို သကြားခတ်သောက်မယ်ဆိုရင် အဆုတ်ရောဂါပျောက်တယ်"

"နောက် ကြောင်ပန်းပင်၊ အရသာ ပူခါးစပ်သဘောရှိတယ်၊ တစ်ကိုယ်လုံး ကိုက်ခဲတောင့်တင်းတာ ကြောင်ပန်းရွက်နဲ့ ဆားကြပ်ထုပ်ထိုးပေး ပျောက်တယ်၊ ဒဏ်ကြေတယ်၊ ကြောင်ပန်းရွက်ကိုပြုတ် ရေချိုး ကိုယ်ဖောကိုယ်ရောင်ပျောက်တယ်၊ ဆရာ့အမေ တစ်ကိုယ်လုံး အေးစက်ပြီး ချွေးသီးတွေ ထွက်နေတာကို ဆရာက ကြောင်ပန်းရွက် အမြန်ခူးခိုင်းတယ်၊ ငါလဲ တစ်ပင်လုံး နုတ်လာတယ်၊ ဒါနဲ့ ဆေးဆရာက အရွက်တွေ ခြွေခိုင်းပြီး တစ်ကိုယ်လုံး နေရာအနှံ့ ခပ်ကြမ်းကြမ်း ကြောင်ပန်းရွက်နဲ့ပွတ်တယ်၊ ငါးမိနစ် ဆယ်မိနစ်အတွင်း အမေ ကောင်းသွားတယ်၊ ဒါ ကြောင်ပန်းရွက်နဲ့ ငါ့ကိုယ်တွေ့ပဲ မောင်သောင်းရေ"

"ဟာ ကောင်းပဲဗျာ၊ ဒါ ကုထုံးပါ သိရတာ"

"ကြောင်ပန်းရွက်အရည်နဲ့ သက်ရင်းကြီးမြစ်အရည် သွေးထားတာ ရောက်စပ်ပြီး တစ်နေ့ နှစ်ကြိမ် သောက်ပေးမယ်ဆိုရင် အဖောရောဂါ ပျောက်တယ်၊ ကြောင်ပန်းရွက် သတ္တုရည်ကို တစ်နေ့ နှစ်ကြိမ် သောက်မယ်ဆိုရင် အကြောရောဂါ ပျောက်မယ်၊ သုံးခွက်တစ်ခွက်တင် ကျိုထားတဲ့ ကြောင်ပန်းရွက်အရည်ကို သောက်မယ်၊ တစ်နေ့ သုံးကြိမ် သောက်မယ်ဆိုရင် လေးလံထိုင်းမှိုင်း ညောင်းကျရောဂါတွေ ပျောက်တယ်၊ ကိုယ်ဝန်ရှိသူ မှန်မှန်သောက်ရင် မွေးလာတဲ့ ကလေး သူငယ်နာရောဂါ စင်ကြယ်တယ်၊ ကြောင်ပန်းရွက် ပြုတ်ရည်နဲ့ ကလေးရေချိုးပေးမယ်ဆိုရင် ရောဂါကင်းမယ်၊ အင့်တိတ်မယ်"

"တော်တော်စုံတယ် ဆရာ"

"ပြီးတော့ ခံတက်ပင်၊ အရသာ ပူခါးစပ် သဘောရှိတယ်၊ ခံတက်ရွက်ကို ဆားနဲ့ကြိတ် ဆီးစပ်မှာ အုံပေးမယ်ဆိုရင် ဆီးအောင့်၊ ဆီးခဲ၊ ဆီးချုပ်တာ ပျောက်တာ သေချာတယ်၊ ခံတက်ခေါက်ကို ဆားနဲ့သွေး ဆီးစပ်မှာ လိမ်းပေးမယ်ဆိုရင် ဆီးရွှင်မယ်၊ ဆီးပူပျောက်မယ်၊ ခံတက်ခေါက်အစွမ်းပေါ့"

"ကောင်းလိုက်တာ ဆရာ၊ ဗဟုသုတပါ မကဘူး ကုထုံးတွေပါ ပါလာတော့တာပဲ"

"ကဲ. . . မောင်သောင်း စာလဲရှည်ပြီ၊ နားကြဦးစို့၊ နောက်လအတွက် ဆေးပင်တွေ စိတ်ဝင်စားစရာတွေ ရေးကြသေးတာပေါ့"

"ဟုတ်ကဲ့ ဆရာဆန်း၊ ကောင်းပါပြီ"

❒ ဆန်းဝင်း(အောင်မြေ)

ကျမ်းကိုး

* ယောမင်းကြီးဦးဘိုးလှိုင်၏ ဓာတုသဂ်ဟကျမ်း၊

* ကစင်ရွာ ဆရာကြီးဦးမြအေး(B.A, B,ED) ၏ ဆေးပင်တို့အကြောင်း မှတ်စုများမှ ရှာဖွေတင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကင်ဆာပျောက် ကြက်သွေးပန်းဆေးပင်


# ဂန္ဓသရုမ္ဗူလီဆေးပင် နှင့် အကျိုး၊ အပြစ်များ

**ဗဒအုပ်နိုင်(သဘာဝသမားတော်)**

လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ကင်ဆာပျောက်ဆေးပင်ဟု လူသိများသော ဂ္ဂသရမ္ဗူလီဆေး နွယ်ပင်တစ်မျိုးကို လူအတော်များများ စိတ်ဝင်တစားဖြင့် မှိုဝဲသူမှိုဝဲ၊ စိုက်ပျိုးသူစိုက်ပျိုး အတော်လည်း ရေပန်းစားခဲ့သည်ဟု ပြောရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဆရာစောငုဝါ ပျဉ်းမနားက "ဂ္ဂသရမ္ဗူလီ ကင်ဆာပျောက်ဆေးပင်နှင့် ပတ်သက်၍" ဟူသော ခေါင်းစဉ်ဖြင့် ကိုယ်တွေ့အသည်းရောဂါနှင့် ကင်ဆာရောဂါ ပျောက်သူများအကြောင်းကို သုရဋ္ဌမဂ္ဂဇင်းတွင် အခန်းဆက် ရေးသားခဲ့လေသည်။

၎င်းဆောင်းပါးများကို စုစည်း၍ စာပေလောက စာပေတိုက်မှ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခဲ့လေသည်။ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ရောဂါဝေဒနာရှင် တော်တော်များများလည်း ဂ္ဂသရမ္ဗူလီအရွက်ကို ဆေးအဖြစ် မှိုဝဲခဲ့ကြလေသည်။ ပျောက်ကင်းသူများလည်း ရှိသလို မပျောက်ကင်းသူများလည်း ရှိ၏။ ကင်ဆာရောဂါဝေဒနာသည် တော်တော်များများလည်း မှိုဝဲကြပါသည်။ စာရေးသူ၏ အတွေ့အကြုံအရ ပျောက်ကင်းသူများလည်း ရှိသလို မပျောက်ကင်းသူများလည်း ရှိပါသည်။ တချို့ကလည်း ဂ္ဂသရမ္ဗူလီဆေးရွက်ကို ဘီပိုး၊ စီပိုး ကာကွယ်သည့်အနေဖြင့် လည်းကောင်း၊ ကင်ဆာရောဂါ ကာကွယ်သည့်အနေဖြင့် လည်းကောင်း မှိုဝဲကြသည်ကို တွေ့ရ၏။

သို့သော် ၂၀၁၃ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "ဂ္ဂသရမ္ဗူလီကို ရေရှည်စားသုံးပါက ကျောက်ကပ်ပျက်စီးမှုနှင့် ကင်ဆာဖြစ်ပွားနိုင်" ဟူသော ခေါင်းစဉ်ဖြင့် ဒေါက်တာခင်မောင်လွင်နှင့် အင်တာဗျူးဆောင်းပါး ပါရှိပြီးနောက် ဂ္ဂသရမ္ဗူလီ သုံးစွဲသူများကိုယ်ရှိန်တန့်သွားခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဂ္ဂသရမ္ဗူလီကို ရက်သတ္တ နှစ်ပတ်ထက် ပိုမို သုံးစွဲပါက



ကျောက်ကပ်ကို ပျက်စီးစေကြောင်းနှင့် ဆီးလမ်းကြောင်း ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်မည်ဟု ပါရှိသောကြောင့် ဖြစ်သည်။

ထိုအင်တာဗျူးဆောင်းပါး မြန်မာ့အလင်းသတင်းစာတွင်ပါရှိပြီးနောက် ဂ္ဂသရမ္ဗူလီဆေးပင်နှင့် ပတ်သက်၍ စာရေးသူထံသို့ မေးမြန်းစုံစမ်းသော တယ်လီဖုန်းများ ဝင်ရောက်လာသလို လူကိုယ်တိုင် မေးမြန်းစုံစမ်းသူများလည်း ယခုတိုင်ရှိနေဆဲပင် ဖြစ်၏။

စာရေးသူမှ သဘာဝဆေးပင်များနှင့် ပတ်သက်၍ စာအုပ်စာပေများ ရေးသားပြုစုရင်း တစ်ဖက်တလည်း သုတေသနပြုနေရင်းနှင့် အသည်းနှင့် မြစ်ပွားနာ အထူးကုဆေးခန်း ဖွင့်လှစ်၍



www.burmeseclassic.com

www.burmeseclassic.com

ဆေးကုသနေသူတစ်ဦးဖြစ်၍ မေးမြန်းကြခြင်းလည်း ဖြစ်နိုင်သည်။

သူတို့မေးမြန်းသော မေးခွန်းမှာ ဣဿရမူလီရွက်ကို နှစ်ပတ်ထက် ပိုမိုစားသုံးလျှင် ကျောက်ကပ်ပျက်စီးခြင်းနှင့် ဆီးလမ်းကြောင်းကင်ဆာ ဖြစ်ပွားနိုင်သလားဆိုသော မေးခွန်းပင် ဖြစ်သည်။

ထိုမေးခွန်းကို မဖြေဆိုမီ မြန်မာ့ဆေးကျမ်းများမှာ ဖော်ပြထားသည်ကို ဦးစွာတင်ပြလိုသည်။

မြန်မာ့ဆေးကျမ်းများ အလိုအရ ဣဿရမူလီသည် ခါး၏၊ ဖန်၏။ အဆိပ်အမျိုးမျိုးတို့ကို နိုင်၏။ ချောင်းဆိုးရောဂါ၊ နှလုံးရောဂါ၊ ကလေးများ အူတွင်း၌ ဖြစ်တတ်သောရောဂါ၊ အစာမကြေလေရောဂါနှင့် အဆစ်ကိုက်ခဲ ဖောရောင်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။ ဥတုသွေးကိုလည်း မှန်စေ၏။ သွေးလွန်နာ၊ သွေးဖောက်ပြန်စေသောအနာနှင့် မူးဝေသောဝေဒနာတို့ကို ချမ်းသာစေတတ်၏ဟု ပါရှိ၏။ ထို့ပြင် ကလေးသူငယ်နာဆေး အတော်များများ၌ ဣဿရမူလီကို အခြားဆေးမည်များနှင့် ရောစပ်၍ ကလေးသူငယ်နာပေါင်းချုပ်ဆေးအဖြစ် အသုံးပြုကြောင်းကို တွေ့ရှိရရာ ဣဿရမူလီသည် ရှေးအခါကစပြီး ယခုထက်တိုင် ကလေးမွေးကင်းစအရွယ် လသားလေးများမှ စတင်၍ တိုက်ကျွေးသောကြောင့် ဘေးထွက်ဆိုးကျိုးပြင်းထန်သော ဆေးတစ်ခုဖြစ်သည်ဟုတော့ မဆိုနိုင်ပေ။

သို့သော် မည်သည့်ရောဂါမှမရှိဘဲ အသည်းရောင်ရောဂါ ကာကွယ်ဆေး၊ ကင်ဆာရောဂါ ကာကွယ်ဆေးများအဖြစ် ကြိုတင်၍သောက်သုံးခြင်းတော့ မပြုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ဣဿရမူလီပင်သည် ပူ၊ ခါးသောအရသာရှိ၍ ရေရှည်စားသုံးလျှင် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းကိုတော့ ထိခိုက်နိုင်ပေသည်။

ကျောက်ကပ်ကို ထိခိုက်ပျက်စီးစေသည် ဆိုရာ၌ ဣဿရမူလီပင်သာ မဟုတ်၊ ပူသောသတ္တိရှိသည့် ငရုတ်သီး၊ ငရုတ်ကောင်း၊ ချင်း၊ ကြက်သွန်ဖြူ၊ ပူဒီနာ၊ စပါးလင်၊ ရဲယို၊ တောင်မရိုး စသောအပင်များသည်လည်း ရေရှည်စားသုံးပါက ကျောက်ကပ်ထိခိုက်ပျက်စီးနိုင်ပေသည်။

ကျောက်ကပ်ကို ပျက်စီးစေရာ၌ တညင်းသီးကိုမူ မည်သည့်အပင်မျှ လိုက်မမီပေ။ ငယ်စဉ်မှစ၍ ငရုတ်သီးကို စွဲစွဲလမ်းလမ်း စားသောက်သူ၊ တညင်းသီးကို မကြာခဏ စားသောက်သူများ ကျောက်ကပ်ပျက်စီးသွားသည်ကို စာရေးသူ တွေ့ခဲ့ရဖူးလေသည်။ ဣဿရမူလီ ဆေးရွက်စား၍ တစ်လ နှစ်လနှင့် ကျောက်ကပ်ပျက်စီးသွားသူများကိုတော့ စာရေးသူ၏ လူနာများထဲတွင် တစ်ဦးတစ်ယောက်မျှ မတွေ့ဖူးပါ။

အနောက်တိုင်း ဆေးဝါးများထဲတွင် Predisolone မှီဝဲ၍ ကျောက်ကပ်ပျက်စီးသူ၊ ကီမို ကင်ဆာဆေးသွင်း၍ ကျောက်ကပ်ပျက်စီးသူ၊ တီဘီဆေးသောက်၍ ကျောက်ကပ်ပျက်စီးသူ အများအပြားကို စာရေးသူ မကြာခဏ တွေ့နေရပါသည်။

အင်္ဂလိပ် သွေးတိုးကျဆေးများ၊ အကိုက်အခဲပျောက်ဆေး အချို့နှင့် Cipron, Azithromycin စသော ပဋိဇီဝဆေးအတော်များများသည်လည်း ရေရှည်သောက်သုံးပါက ကျောက်ကပ်ကို ထိခိုက်ပျက်စီးစေနိုင်သော်လည်း ရောဂါဖြစ်လာပါက ဆရာဝန်များအနေဖြင့် လူနာများကို အထက်ပါဆေးများ ပေးရညွှန်းရလေ့ ရှိပါသည်။ အင်္ဂလိပ်ဆေးဖြစ်စေ၊ မြန်မာဆေးဖြစ်စေ တန်ဆေးလွန်ဘေးဖြစ်၍ အချိန်အတွယ်၊ လူနာ၏ ခံနိုင်အား၊ ရောဂါဝေဒနာ၏ အတိမ်အနက်တို့ပေါ် မူတည်၍ ဉာဏ်နှင့်ပိုင်းခြား ကုသရသောအလုပ်သည် သမားကောင်းတို့၏ အလုပ်ပင် ဖြစ်ပါသည်။

စာရေးသူ၏ ဆေးကုသခန်း၌ ဣဿရမူလီ အသည်းဆေးကို အခြားအပူအအေး မျှတသော ဆေးမည်များနှင့် တွဲဖက်၍ လူနာများအား ဘေးအန္တရာယ်မဖြစ်အောင် ချိန်ဆကုသလျက် ကင်ဆာရောဂါ ဝေဒနာသည်များကိုလည်း ဣဿရမူလီဆေးရွက်နှင့်အတူ ၎င်း၏အပူကို ငြိမ်းသတ်ကာကွယ်ပေးနိုင်မည့် ရှားစောင်းလက်ပပ်နှင့် တွဲဖက်စားသုံးစေသောအခါ ကျောက်ကပ်တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ကင်ဆာရောဂါကို ပိုမိုထိရောက်စွာ ကုသနိုင်သည်ကို တွေ့ရှိရလေသည်။ ရှားစောင်းလက်ပပ်မှာ ကျောက်ကပ်ထိခိုက်ပျက်စီးသူများကို ပြန်လည်ကောင်းမွန်စေသည့်အပြင် ကင်ဆာဆဲလ်များ တိုးပွားမှုကိုလည်း ဟန့်တားနိုင်စွမ်းရှိကြောင်း ဂျပန်နိုင်ငံမှ သုတေသီတစ်စုတို့က ရှာဖွေတွေ့ရှိထားပြီး ဖြစ်လေသည်။

**ထို့ကြောင့် စာရေးသူထံ မေးမြန်းသမျှကို အချုပ်ဖြေဆိုရသော် ဣဿရမူလီပင်သည် ပူခါးအရသာရှိသော ဥဏှပါယော သတ္တိရှိသော ဆေးပင်မျိုးဖြစ်၍ ကျောက်ကပ်အားနည်းသူများ၊ ကျောက်ကပ်ရောင်ရောဂါရှိသူများ မစားသုံးသင့်ပါ။ အသည်းရောဂါနှင့် ကင်ဆာရောဂါဝေဒနာ ကြိုတင်ကာကွယ်သည့်အနေဖြင့်လည်း မသောက်သုံးသင့်ပါ။**

အသည်းကင်ဆာ၊ မုတ်ချိုအိတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာ ရောဂါဝေဒနာသည်များအတွက်မူ ရှားစောင်းလက်ပပ်နှင့်တွဲဖက်၍ လူနာ၏ခံနိုင်အားပေါ် မူတည်၍ သင့်တော်သော အချိန်အဆနှင့် မှီဝဲနိုင်ပါသည်။ စာရေးသူ၏ အတွေ့အကြုံအရလည်း ပျောက်ကင်းသူ ဆယ်ဂဏန်းမျှ မကတော့ပါ။

အသည်းရောင် အသားဝါဘီပိုး၊ စီပိုး ရောဂါဝေဒနာသည်များအတွက်မူ ဣဿရမူလီသည် အသည်းရောဂါများကို ပျောက်ကင်းစေနိုင်၍ အေးသော ဂုဏ်သတ္တိရှိသည့် အခြားဆေးမည်များနှင့် ရောစပ်အသုံးပြုနိုင်ပါသည်။

❒ ဗအုပ်ခိုင် (သဘာဝသမားတော်)





www.burmeseclassic.com

www.burmeseclassic.com



# အစားအစာ စားသောက်ခြင်း

သုနန္ဒာစိုး(ရွှေရင်အေး)

ကျွန်ုပ်တို့ အသက်ရှင်ကြီးထွားရန်အတွက် အစားအသောက် စားသောက်နေရသည်မှာ မှန်ပါသည်။ သို့သော် တစ်ခါတစ်ရံ၌ စားသောက်ကောင်းရန်အတွက် အစာမစားဘဲလည်း လေ့ကျင့်ပေးရသည့် အခါများလည်း ရှိပါသည်။ လူအချို့သာ ကျန်းမာရေးကို ထာဝစဉ် လိုက်စားကြ၏။ အချို့မှာ နေမကောင်းဖြစ်လာမှ ကျန်းမာရေး၏တန်ဖိုးကို နားလည်သိရှိကြသည်။ ကျန်းမာနေစဉ်တွင်ကား ကျန်းမာရေးကို ဂရုမစိုက်ကြပါ။

"သဘာဝကပေးသော ကျန်းမာရေးနည်း" တစ်ခု ရှိပါသည်။ လူတိုင်း လိုက်နာကျင့်သုံးနိုင်ကြသည်။ ဤကျန်းမာရေးနည်းက အဘယ်နည်းဟူမူ . . .

"ကျုပ်တော့ဗျာ၊ အစားပျက်လိုက်တာ လွန်ပါရော၊ ဘာမှ စားချင်စိတ် လုံးလုံးမရှိဘူး" ဟု ပြောသောသူများကို တွေ့ဖူးပါလိမ့်မည်။ ကလေးသူငယ်များသည် ကျန်းမာနေသောအခါ ဘာကိုကျွေးကျွေး စားသောက်ကြသော်လည်း နေမကောင်းဖြစ်သောအခါ ကျွေးသောအစာကို ငြင်းပယ်ကြပါသည်။ ထို့အတူ ခွေးကလေး၊ ကြောင်ကလေးများသည်လည်း နေမကောင်းသောအခါ ချောင်တစ်ချောင်တွင် ကုပ်ကာ ဝပ်ကာနေပြီး ကျွေးသောအစာကို စားလိမ့်မည်မဟုတ်ပါ။

ဤကား လူနှင့် တိရစ္ဆာန်တို့အား သဘာဝက ပေးသော သဘာဝကုသနည်းပင် ဖြစ်၏။

အချို့လူများသည် လွန်စွာ အစားကိုတပ်မက်ကြ၍ ထမင်းစားလျှင် နှစ်ပန်းကန် သုံးပန်းကန်ကုန်အောင် စားကြ၏။ ရုပ်ရှင်သွားကြည့်လျှင်ပင် စားစရာ တိုလီမိုလီယူ၍ သွားကြ၏။ စားနိုင်တိုင်း သောက်နိုင်တိုင်း ကျန်းမာရေးအတွက် ကောင်းပါသလော၊ သင့်ပါသလောဟု လေ့လာသည်ရှိသော် လူ့ခန္ဓာကိုယ်တွင်းရှိ အစာအိမ်သည် အမာခံအစိုင်အခဲတို့ဖြင့် တည်ဆောက်ထားသောအရာ မဟုတ်ပါပေ။ အလွန်နူးညံ့သော အစိတ်အပိုင်းများသာ ဖြစ်ပြီး အစာအိမ်အတွင်းသို့ ရောက်လာသော အစာမျိုးစုံတို့ကို ဓာတ်အပူဖြင့်သာ ခြေဖျက်ခြင်း ဖြစ်ပါသည်။

အစာမျိုးစုံတို့ကို မနားတမ်း ပါးစပ်မှ စားသောက်နေသောအခါ ၎င်းတို့ကလည်း စားသမျှ ကြေညက်စေရန် မနားတမ်း ခြေဖျက်နေရသည်။ ကြာသော် သူတို့လည်း ပန်းလာလေသည်။ ပန်းလာသည်ဆိုလျှင် အလုပ်လုပ်နိုင်ကြတော့မည် မဟုတ်တော့ပါချေ။ ၎င်းတို့ ထုတ်နေကျဓာတ်များ မထုတ်နိုင်သောအခါ အစာအိမ်အတွင်းမှ အစာများမှာ မကြေညက်တော့ဘဲ စုပြုံလာကြသည်။ ကြာလျှင် ပုပ်သိုးလာသည်။ ဤအစာအိမ်မှ အပုပ်အသိုးများတွင် ရှိနေသော သွေးတို့မှာ





www.burmeseclassic.com

www.burmeseclassic.com

အပုပ်အသိုးများ၊ အဆိပ်အတောက်များ ပါလာသောသွေးတို့ဖြစ်လာသည်

ဤသွေးများသည် သွေးပြန်ကြောများမှတစ်ဆင့် နှလုံးသို့ရောက်ရှိပြီး တစ်ဖန် နှလုံးမှတစ်ဆင့် သွေးလွှတ်ကြောတစ်လျှောက် ပါဝင်ပြီး လူ့ခန္ဓာကိုယ်တစ်လျှောက်လုံးသို့ မသန့်သောသွေးများ ပျံ့နှံ့သောအခါ လူသည် ထိုင်းမှိုင်းလေးလံလာ၏။ မလှုပ်ချင်၊ မသယ်ချင်၊ မကိုင်ချင် ဖြစ်လာသည်။ ထို့နောက် ရောဂါမျိုးစုံ ဖြစ်လာသည်။

ထို့ကြောင့် အရင်းခံအကြောင်းရင်းကား အစားကြီးခြင်း၊ အစားမက်ခြင်း၊ အဆမတန် စားလွန်းခြင်းကြောင့် ဖြစ်သည်။ တန်ဆေးလွန်ဘေး ဖြစ်ပါသည်။ အစားများများ စားလွန်းလျှင် ဗိုက်နာ၊ ဗိုက်အောင့်၊ အစာအိမ်ရောဂါ၊ အူသိမ်ရောဂါအပြင် အခြားရောဂါများ တစ်ခုပြီးတစ်ခု ဝင်လာလေသည်။ ခေါင်းမူးဝေ၍ မအီမလည်နှင့် နေမကောင်းဖြစ်လာတတ်၏။

ထို့ကြောင့် နေ့စဉ် စားသုံးသည့် အစားအစာများတွင် ထမင်းကို လိုအပ်သည်ထက် ပိုစားခြင်း၊ အဆီလွန်ကဲသော အစာများ၊ အချိုလွန်ကဲသော အစာများနှင့် ထမင်းစားနေစဉ် ထမင်းစားပြီး ရေနွေးကြမ်းများ သောက်ခြင်းတို့ဖြင့် ခန္ဓာကိုယ်ဝလာပြီး အလေးချိန်တိုးမည် ဖြစ်သည့်အတွက် ဂရုပြုသင့်ပါသည်။

ကျန်းမာသက်ရှည် နေနိုင်ရေးအတွက် မျှတသော အစားအစာများ လိုသလောက်သာစား၍ မိမိအသက်နှင့် အရပ်အမောင်းအလိုက် ရှိသင့်သောကိုယ်အလေးချိန်အတွင်း ရှိနေစေရန် အထူးဂရုပြုနေသင့်ပါသည်။ အသက်(၂၅)နှစ်အထက် အမျိုးသား အမျိုးသမီးများတွင် သတ်မှတ်ကိုယ်အလေးချိန်ဖြစ်ရန် အရေးကြီးပါသည်။

ထို့ကြောင့် အစာကို လျှော့စားခြင်းသည် ကျန်းမာရေးအတွက် ထာဝရအားဆေးတစ်ခွက် ဖြစ်၏။ ခန္ဓာကိုယ်တွင် အဆိပ်အတောက်များ ဖြစ်ပွားရေးကို ကာကွယ်နည်းမှာ အစာကို လျှော့စားခြင်းနှင့် ကြေကြေညက်ညက် ဝါးစားခြင်းပင်ဖြစ်သည်။ တစ်လတစ်ခါဖြစ်စေ၊ တစ်နှစ်ကို တစ်ပတ်ခန့်ဖြစ်စေ အဖတ်စားခြင်းမှ ရှောင်ရှားခြင်း လေ့ကျင့်နည်းကို ကျင့်သုံးပေးပါ။ အစားရှောင်ခြင်းသည် ကုသသောနည်းထက် ကျန်းမာရေးသည် ထူးထူးခြားခြား ကောင်းမွန်လာသည်ထိ အံ့ဩဖွယ်ရာ တွေ့ရှိရမည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မကြာခဏ ဥပုသ်စောင့်ထိန်း၍ ညနေစာ မစားသောက်ခြင်းသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်စေပါသည်။

အစာကို လျှော့စားခြင်းဖြင့် ရှေးဦးစွာ ထူးခြားချက်မှာ ဦးနှောက်ကြည်လင်လာခြင်း၊ ခန္ဓာကိုယ် ပေါ့ပါးခြင်းများ ဖြစ်လာမည်။ သွေးသန့်စင်သည်။ ရှင်းရှင်းလင်းလင်း စဉ်းစားတွေးခေါ် လာနိုင်သည်။ အမေရိကန်နိုင်ငံ ရက်အင်ဒီယန်းလူနီမျိုးတို့၏ အယူဝါဒ၌ လူတစ်ယောက်သည် အစာရေစာငတ်မွတ်ခြင်း သို့မဟုတ် ဆာလောင်ခြင်းကို တာရှည်စွာခံစားရလျှင် အသိဉာဏ်ကြွယ်ဝ ရင့်သန်မှုမှာ ၎င်း၏ဦးနှောက်၌ တိုးပွားစေသည်ဟု ပြောကြပါသည်။

အသက်(၈၄)နှစ်အထိ ကျန်းကျန်းမာမာ ရှိနေပြီး လုပ်ကြံသတ်ဖြတ်ခံရသော အိန္ဒိယ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီသည် မသေမီက နိုင်ငံရေးနှင့် အမျိုးသားစည်းရုံးရေးများကြောင့် မကြာခဏ အစာစားခြင်းမှ ရှောင်ရှားခြင်း၊ အစာငတ်မွတ်ခံခြင်းများ ပြုကျင့်သည်။ ဂန္ဒီသည် တစ်ကြိမ်၌ (၄၂)ရက်တိတိ အစာစားခြင်းမှ ရှောင်ရှားခဲ့သည်။ သို့သော် (၄၂)ရက် ပြည့်သောအခါ မူးဝေခြင်း၊ နာမကျန်းဖြစ်ခြင်းမှ ကင်းဝေးပြီး ယခင်ကထက်ပင် သွက်လက်လာသည်ဟုဆို၏။

ကုလားအုတ်များသည် သဲကန္တာရ၌ သွားလာသောအခါ ရေမသောက်ဘဲ အတန်ကြာနေနိုင်ခြင်းမှာ ၎င်းတွင် ရေအိတ်ကဲ့သို့ အဆီပြင်အိတ်ပါသောကြောင့် ထိုအိတ်မှ ရေကို သဘာဝခန္ဓာကိုယ်က သောက်ယူသုံးစွဲနေဖြင့် နေနိုင်သကဲ့သို့ လူတို့တွင်လည်း အာဟာရများ လှောင်ထားသည့် အိတ်များ ရှိနေသည်။

လူတွင် အစာငတ်သောအခါ ပထမ ခန္ဓာကိုယ်တွင် ပိုနေသောအရာ၊ ထို့နောက် လိုနေသောအရာများအထိ တဖြည်းဖြည်း စားသုံးပစ်ခြင်းဖြစ်၏။ အစာငတ်၍ သေသော အလောင်းကောင်များကို ဆေးပညာရှင်များက ခွဲစိတ်စမ်းသပ် စစ်ဆေးသည့်အခါ ရှေးဦးစွာ ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီများ၊ ရောဂါဖြစ်နေသော အစိတ်အပိုင်းများကို စားသုံးပစ်ပြီးမှ နောက်ဆုံး ခန္ဓာကိုယ်မှ အရေးကြီးသော အစိတ်အပိုင်းရှိ အာဟာရများကို စားသုံးပစ်ရသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ဆေးပညာရှင်တို့၏ ဖခင် ဟစ်ပိုကရေးတီးက အစာစားခြင်းမှ ရှောင်ရှားမှု ဆေးကုသနည်းကို သူ၏ ဆေးကျမ်း၌ ဖော်ပြခဲ့သည်။ တွေးခေါ်ပညာရှင်ကြီး ပိုက်သာဂိုရပ်စ်သည်လည်း သူ၏တပည့်များအား နေမကောင်းဖြစ်လျှင် အစာစားခြင်းမှ ရှောင်ရှားရန် ညွှန်ကြားခဲ့သည်။ အစာမစားခြင်းဖြင့် အူသိမ် အူမတွင်းရှိ ရောဂါပိုးမွှားများကို တိုက်ဖျက်ကာကွယ်နိုင်သည်။ အစာအိမ်ရောဂါ ဖြစ်မှုကို ကာကွယ်စေနိုင်သည်။

အစားအစာ လေ့ကျင့်ခန်းသည် ခုနစ်ရက်မှ ၁၄ ရက်အတွင်း အကြောအဆစ်ကိုက်ရောဂါ၊ စိတ်ရောဂါ၊ အရေပြားရောဂါအချို့၊ သွေးရောဂါအချို့၊ ကျောက်ကပ်ရောဂါအချို့ နှလုံးရောဂါ ကုသရာတွင် အစွမ်းထက်စွာ ပါဝင်ကူညီပျောက်ကင်းစေသည်ဟု ဆရာဝန်ကြီးများက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အမြဲထာဝရ သက်ရှည်ကျန်းမာ ပျော်ရွှင်လိုလျှင် အစားအစာ စားရာတွင် လိုက်နာဆောင်ရွက်သင့်သော အောက်ပါအချက်များကို လိုက်နာပါရန်။

(၁) အစား လောဘမကြီးပါနှင့်။ စားတိုင်း မကောင်းသည်ကို သတိထား၍ လျှော့စားခြင်းကို ပြုလုပ်ပါ။

(၂) မဆာလောင်ဘဲနှင့်၊ စားချင်စိတ်မရှိဘဲနှင့် ပြီးပြီးတာပဲဟု သဘောထား မစားပါနှင့်။ စားခြင်းသည် အကျိုးမဖြစ်ပါ။ စားသည့်အလုပ်တိုင်း ခံတွင်းတွေ့မှ စားပါ။

(၃) မဆာဘဲ မည်သည့်အစာကိုမျှ စားဖြစ်အောင် မတိုက်တွန်းပါနှင့်။

(၄) အစာမစားဘဲ နေခြင်းသည် အစာအိမ်ကို အနားပေးပြီး အစာချက်မှု အင်္ဂါအစိတ်အပိုင်းများကို သန်စွမ်းစေသဖြင့် ရံဖန်ရံခါဆိုသလို အစာမစားသော လေ့ကျင့်မှု (ဝါ) ရှစ်ပါးသီလ စောင့်ခြင်းများ ပြုလုပ်ပါ။

(၅) သန့်ရှင်းလတ်ဆတ်သော အစားအစာများကိုသာဦးစားပေးပါ။ အစိမ်းစားရသော အသီးအရွက်များကို သန့်ရှင်းစင်ကြယ်စွာ ဆေးပြီး များများစားပေးပါ။

(၆) အသားထက် အသီးအရွက်များကို ပို၍ဦးစားပေးပါ။

(၇) စိတ်ချမ်းသာမှု ရှိနေချိန်တွင်မှ စားပါ။ သို့မဟုတ် စားနေချိန်တွင် စိတ်ကို ကြည်လင်စွာထားပြီး စားပါ။ သို့မှသာ အာရုံကြောများ သန်စွမ်းပြီး အစာကြေချက်သည့် အရည်များကို ထုတ်လုပ်သဖြင့် စိတ်ကြည်လင်မှ စားသမျှ အကျိုးရှိနိုင်သည်ဖြစ်၍ ထမင်းစားချိန်တွင် စိတ်မတိုရ၊ စိတ်မဆိုးရ၊ စိတ်မညစ်ရပါ။

(၈) အသားငါးထက် အသီးအရွက်ကို ခံတွင်းတွေ့အောင် ဖွယ်ဖွယ်ရာရာ ချက်၍ စားပေးပါ။

(၉) ထမင်းစားပြီးပြီးချင်း ရေအဝမသောက်ပါနှင့်။ ထမင်းစားပြီး တစ်နာရီကျော်မှ ရေသောက်ပါ။

(၁၀) စားမည့် အစားအသောက်များတွင် အစာအုပ်စုများနှင့် ဗီတာမင်အုပ်စုများ စုံအောင် မျှတအောင် ပါဝင်အောင် စားပါ။

(၁၁) မိမိနှင့်မတည့်သည့် အစာများ၊ မတည့်သည့် တွဲဖက်မစားသင့်သည့် အစာများကို သတိထား ရှောင်ပါ။

ပြဆိုခဲ့ပြီးသော အချက်များအား ကျေညက်စွာလေ့လာ၍ နေ့စဉ်ကြိုးစားလုပ်ဆောင်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းဖြင့် အသက်ရှည် ကျန်းမာစွာ နေထိုင်လျက် လုပ်သင့်သော ဘဝပေးတာဝန်များအား ပျော်ရွှင်စွာ လုပ်သွားနိုင်ပါကြောင်း ရှာဖွေတင်ပြရကျိုး နပ်ပေပြီ။

□ သုန္ဒာစိုး(ရွှေရင်အေး)

စာကိုး

တိုင်းရင်းဆေး ၆၅၊ ချမ်းမြသာစည် မန္တလေး၏ 'သက်ရှည်ကျန်းမာ' စာအုပ်အား မှီငြမ်းပါ၏။

# သမားဖြူရက်မှာ ဘာဖြစ်မှာလဲ

## ဂန္ဓာရီ ဆြာအံ့

ဗေဒင်ဆရာ အတော်များများပင် လောကီဆိုင်ရာ အလုပ်တွေ လုပ်ကိုင်ကြတော့မည်ဆိုလျှင် "ဟောဒီ ဟောဒီ နေ့တွေကို မလုပ်ကြနဲ့၊ လုပ်ရင် ပျက်စီးမှာ ကျိန်းသေပဲ၊ အဲဒီအရက်တွေဟာ သမားဖြူရက်တွေ၊ ဒီတော့ သမားဖြူရက်ကို ရှောင်တာ အကောင်းဆုံး" ဟု ဆိုကြသည်။

သမားဖြူရက်တွေကား ဘယ်ရက်တွေ ဖြစ်သနည်း။

မည်သည့်လမဆို လဆန်း/ လဆုတ် (၁)ရက်သည် စနေ၊ တနင်္ဂနွေ ကျလျှင်လည်းကောင်း၊ လဆန်း/ လဆုတ် (၂)ရက်သည် တနင်္ဂနွေ ကျလျှင်လည်းကောင်း၊ လဆန်း/ လဆုတ် (၃)ရက်သည် တနင်္လာ၊ သောကြာနေ့ ကျလျှင်လည်းကောင်း၊ လဆန်း/လဆုတ် (၄)ရက်သည် ကြာသပတေးနေ့ ကျလျှင်လည်းကောင်း၊ လဆန်း/လဆုတ် (၅)ရက်သည် ဗုဒ္ဓဟူးနေ့ ကျလျှင်လည်းကောင်း၊ လဆန်း/ လဆုတ် (၆)ရက် တနင်္လာ၊ အင်္ဂါနေ့ ကျလျှင်လည်းကောင်း၊ လဆန်း/လဆုတ် (၇)ရက်သည် သောကြာနေ့ ကျလျှင်လည်းကောင်း ထိုရက်များကို သမားဖြူရက်များဟု ဝေဒသုတေသီတို့က သတ်မှတ်ပေးထားကြပါသည်။

သမားဖြူရက်မှာ မိမိတို့ လောကီအလုပ်တွေ လုပ်ကြပြီဆိုပါစို့။

ဘာတွေ ဖြစ်တတ်ပါသနည်း။

"သမားဖြူရက်မှာ အိမ်ဆောက်တာတို့၊ ကျောင်းဆောက်တာတို့၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းတာတို့၊ ကုန်အရောင်းအဝယ်ပြုတာတို့၊ ပညာသင်တာတို့ မပြုလုပ်ကောင်းဘူး၊ လုပ်ရင် ဘာဖြစ်တတ်သလဲဆိုတော့ အိမ်တို့၊ ကျောင်းတို့ မီးလောင်တတ်တယ်၊ အိမ်ထောင်ရေး ပြိုကွဲတတ်တယ်၊ မုဆိုးဖို၊ မုဆိုးမ ဖြစ်ရတတ်တယ်၊ ပညာရေးလဲ ဆုံးခန်းတိုင်အောင် မရောက်တတ်ဘူး"

သမားဖြူရက်နှင့် ပတ်သက်၍ ဟောချက်က အဆိုပါအတိုင်း။

သို့သော်ငြား ရှေးထုံးနှင့်ပတ်သက်၍ မိမိတို့ လောကီလူသားများအဖို့ အရာရာကို စဉ်းစားဆင်ခြင် ချင့်ချိန်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

□ ဂန္ဓာရီဆြာအံ့



www.burmeseclassic.com

www.burmeseclassic.com



# ဝေဘာ်မြင့် (ငှက်ဖျားနှ)

## ငှက်ဖျားဆို…မရှားပါ

စာရေးဆရာ၊ သတင်းစာဆရာ နှင့် ဂျာနယ်လစ်များသည် စင်စစ် အများပြည်သူတို့၏ နား၊ မျက်စိများပင် ဖြစ်ပါသည်။ တစ်နည်းဆိုသော် အများ ပြည်သူတို့အား အသိပညာ ဖြန့်ဖြူးရသူ များ ဖြစ်ပါသည်။

လူထုအား အသိပညာ ဖြန့်လို သူများသည် မိမိတို့ကိုယ်တိုင် များများ ရှာဖွေ၊ များများဖတ်၊ များများလေ့လာ ထားသင့်ပါသည်။ကြားသိရသောစကား တစ်ရပ်ကို အစဆွဲ၍ စာတစ်ပုဒ်ဖြစ် အောင် ရေးသားခြင်းမျိုးကို ရှောင်ရှား သင့်ပါသည်။

ဤရှေ့ဤမျှ နိဒါန်းသွယ်ရခြင်း မှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထုတ် နိုင်ငံကျော်မဂ္ဂဇင်းကြီးတစ်အုပ်မှ "ငှက် ဖျားဆို နား" ဆောင်းပါးဖတ်ရှုပြီး ပြန် ကြားလိုစိတ် ဖြစ်ပေါ်လာသောကြောင့် ဖြစ်ပါသည်။

ထိုဆောင်းပါးတွင် လက်ဖက် နှင့် ငရုတ်ကောင်း ထောင်း၍ ကျွေး သော ဆေးနည်းကို ဖော်ပြထားပါသည်။

စာရေးသူက သက်ဆိုင်သူများ နှင့် တွေ့ဆုံပြီး ရှင်းလင်းရေးသားခဲ့သော် လည်း ၎င်းတို့က လက်မခံခဲ့ပါ။ ထို့ ကြောင့် ယခုတစ်ကြိမ် ထပ်မံပြန်ကြား ရခြင်း ဖြစ်ပါသည်။

ဤသို့ ပြန်ကြားရာတွင်လည်း ပုဂ္ဂိုလ်ရေး၊ စီးပွားရေး ပုတ်ခတ်လို၍ မဟုတ်ဘဲ အများပြည်သူတို့ အယူအဆ မလွဲစေလိုသော ဆန္ဒသာရှိကြောင်း အသိပေးလိုပါသည်။

ငှက်ဖျားရောဂါ ဆိုသည်မှာ ပလပ်စမိုဒီးယား (PLASMODIA) မျိုး စိတ် လေးခုကြောင့် ဖြစ်ပွားရပါသည်။ ဖယ်ဆီပါရမ် (FALCIPARUM) မှာ ရောဂါပြင်းထန်၍ အသက်အန္တရာယ် အလွန်နီးပါသည်။

ငှက်ဖျားရောဂါသည် အခိ… အားဖြင့် အနော့ဖလိ(ANOPHELE… ခြင်များကိုက်ခြင်းကြောင့် ကူးစက်… သည်။

ဆက်လက်၍ ငှက်ဖျားရော… ကုသသောဆေးဝါးများအကြောင်း … ပြပါမည်။

ရောဂါကုသရာတွင် ယခင်… ကလိုရိုကွင်း (CHLOROQUINE… ဆေးကို သုံးစွဲခဲ့ပါသည်။ ထိုဆေး… ခါစက အလွန် အစွမ်းထက်ပါသည်… လူကြီးတစ်ယောက်အတွက် ပထမ… လေးလုံး၊ ဒုတိယနေ့ လေးလုံးနှင့် … ယနေ့ နှစ်လုံး သုံးစွဲရပါသည်။ ဖိုးဖိုး… (4:4:2) ဆေးဟု လူသိများပါသည်… ဆေးညွှန်းအပြည့် မသုံးဘဲ လေး… တစ်ကြိမ်တည်း (FOUR STAT) … လျှင်ပင် ငှက်ဖျားရောဂါ သက်သာ… နိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ငှက်ဖျားရောဂါသည့် အဓိကအားဖြင့် အနောဖလိ (ANOPHELE) ခြင်များ ကိုက်ခြင်းကြောင့် ကူးစက်ပါသည်။

ထို့ကြောင့် သုတေသီများက ဒုတိယကမ္ဘာစစ်ကာလက ဂျပန်လူမျိုးများ စစ်ရှုံးခဲ့ရခြင်းအကြောင်းတစ်ရပ်မှာ ကလိုရိုကွင်းဆေး မရှိခြင်းကြောင့် ဖြစ်သည်ဟု ပြောစမှတ်ပြုကြပါသည်။ မည်သို့ပင်ဖြစ်စေ ရောဂါပိုးများသည် သဘာဝဗေဒပညာရှင် ချားလ်ဒါဝင် (CHARLES DARWIN) ၏ ဘဝတည်မြဲမှုနိယာမ (STRUGGLE FOR EXISTANCE) ကို ကျင့်သုံးကြပါသည်။ ရောဂါပိုး မျိုးဆက်သစ်များသည် ကလိုရိုကွင်းဆေးကို ယဉ်ပါးလာကြပါသည်။ တစ်နည်းဆိုသော် ရောဂါပိုးများသည် ဆေးအာနိသင်ကို ခံနိုင်ရည်ရှိလာကြသဖြင့် ထိုဆေးနှင့် ရောဂါမပျောက်တော့ပါ။

ထို့ကြောင့် ပိုမိုအစွမ်းထက်သော ဖင်စီဒါ (FANSIDAR) ဆေးကို ဖော်ထုတ်ခဲ့ကြပါသည်။ ထိုဆေးကိုလည်း များမကြာမီ ယဉ်ပါးလာသဖြင့် မက်ဖလိုကွင်း (MEFLOQUINE) နှင့် ဟာလိုဖန်ထရင်း (HALOFANTRINE) အစရှိသော ဆေးဝါးများ တီထွင်ဖန်တီးလာကြပါသည်။ နောင်အခါတွင် အသစ်အသစ်သောဆေးဝါးများသည်ပင် ဆေးယဉ်ပါးမှုရှိလာနိုင်သဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးပေါင်းစနစ် အသုံးပြုရန် တိုက်တွန်းထားပါသည်။

မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါကုသရာတွင် ဆေးတစ်မျိုးတည်းနှင့် ကုသခြင်း (MONOTHERAPY) ကို အသုံးပြုခဲ့ရာမှ ၂၀၀၂ ခုနှစ်မှစ၍ ပိုမိုအစွမ်းထက်သော အာတီမီဆီနင် အခြေပြုသည့် ငှက်ဖျားရောဂါ ဆေးပေါင်းစနစ် (ARTEMINISINNI BASE COMBINATION THERAPY, A.C.T) ကို စတင်ကျင့်သုံးခဲ့ပါသည်။

ဤနေရာတွင် အထူးတင်ပြလိုသည်မှာ စာရေးသူသည် အနောက်တိုင်းဆေးဝါးများသာ ဖော်ပြပြီး တိုင်းရင်းဆေးကို ပစ်ပယ်သူတစ်ဦးမဟုတ်ပါ။ တရုတ်နိုင်ငံတွင် တိုင်းရင်းဆေးဆရာများအသုံးပြုလေ့ရှိသော ချင်ဟောက်စုခေါ် ဆေးဂန္ဓမာပင်တစ်မျိုးမှ အာတီမီသာ (ARTEMETHAR)နှင့် အာတီစူနိတ် (ARTESUNATE) ဆေးဝါးများ ထုတ်လုပ်ခဲ့ပါသည်။ ထိုဆေးဝါးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိအမှတ်ပြုလာပြီး ၎င်းဆေးများ အခြေခံသည့် ဆေးပေါင်းစနစ်ကို တီထွင်လာကြခြင်းပင် ဖြစ်ပါသည်။

မည်သည့်ဆေးမျိုးကို အသုံးပြုသည်ဖြစ်စေ ဆေးအာနိသင် စမ်းသပ်ချက် (DRUG EFFICACY TEST) များပြုလုပ်၍ သုံးစွဲသင့်၊ မသင့် အတည်ပြုရပါသည်။ နိုင်ငံရပ်ခြားတွင် စမ်းသပ်အတည်ပြုခဲ့သော ဆေးဝါးများပင်လျှင် မြန်မာနိုင်ငံ၌ ထပ်မံစမ်းသပ်ရပါသည်။ မြန်မာနိုင်ငံအတွင်းမှာပင်ဒေသအလိုက် စမ်းသပ်မှုများ ပြုလုပ်ကြပါသည်။

ဆေးအာနိသင် စမ်းသပ်ချက် ဆောင်ရွက်ပုံကို အကြမ်းဖျင်း တင်ပြပါမည်။ လွန်ခဲ့သော နှစ်ပတ်အတွင်း ငှက်ဖျားဆေး တစ်စုံတစ်ရာ သုံးစွဲထားခြင်း မရှိသော ငှက်ဖျားလူနာကို သွေးဖောက်၍ မှန်ဘီလူးဖြင့် စစ်ဆေးခြင်း (MICROSCOPY) ပြုလုပ်ရပါသည်။

တွေ့ရှိရသော ငှက်ဖျားပိုးပမာဏသည် သွေးတစ်မိုက်ခရိုလီတာတွင် အရေအတွက် (၁၀၀၀) အနည်းဆုံး ရှိရပါသည်။ စတင်စစ်ဆေးသောနေ့ကို နေ့ သုည (DAY-0) ဟု သတ်မှတ်ပြီး စမ်း သပ်လိုသော ဆေး သို့မဟုတ် ဆေးပေါင်းကို ဆေးညွှန်းအတိုင်း တိုက်ကျွေးရပါမည်။

ငှက်ဖျားရောဂါပိုးသည် အများအားဖြင့် ၄၈ နာရီလျှင် တစ်ကြိမ် မျိုးပွားသဖြင့် နောက်ထပ် ၄၈ နာရီပြည့်သောနေ့ ၂ (DAY-2) တွင် ထပ်မံစစ်ဆေးရပါသည်။ ထိုစစ်ဆေးချက်သည် ပထမစစ်ဆေးချက်နှင့် နှိုင်းယှဉ်လျှင် ပိုးအရေအတွက်မှာ ၇၅ ရာခိုင်နှုန်းအထက် လျော့နည်းကျဆင်းသွားရပေမည်။

တစ်နည်းဆိုသော် လက်ကျန်ပိုးအရေအတွက်သည် နေ့သုညနှင့်ယှဉ်လျှင် ၂၅ ရာခိုင်နှုန်းထက် နည်းရပေမည်။ ထိုသို့ သိသာစွာ လျော့နည်းသွားခြင်း (MARKED REDUCTION) မရှိလျှင် ဆေးအာနိသင်မကောင်းဟု ယူဆပြီးလျှင် အခြားဆေးတစ်မျိုးဖြင့် ပြောင်းလဲကုသရပါသည်။

ပိုးပမာဏမှာ သိသာထင်ရှားစွာ လျော့နည်းကျဆင်းသွားပါက လူနာကို ဆက်လက်စောင့်ကြည့်ရပါသည်။ လူနာတွင် ရောဂါလက္ခဏာများ မပေါ်တော့ဘဲ နေ့ ၇ (DAY-7) တွင် စစ်ဆေးသောအခါ ပိုးလုံးဝမတွေ့ရပါက ထိုဆေးဝါး သို့မဟုတ် ဆေးပေါင်းအာနိသင်ကောင်း၍ သုံးစွဲနိုင်ပါသည်။ သို့သော် တကယ်တမ်း ပိုးလုံးဝကင်းစင်မှု ရှိ မရှိ သိရှိရန် နေ့ ၂၈ (DAY-28) အထိ ဆက်လက်စမ်းသပ်ရပါမည်။ မက်ဖလိုကွင်း (MEFLOQUINE) ကဲ့သို့ ခန္ဓာကိုယ်ထဲတွင် ကြာကြာနေသော ဆေးဝါးများအတွက် နေ့ ၄၅ (DAT-45) အထိ စောင့်ကြည့်သင့်ပေသည်။

စမ်းသပ်ကာလအတွင်း မည်သည့်နေ့ရက်တွင်မဆို ရောဂါလက္ခဏာပေါ်ပြီး ပိုးကိုစမ်းသပ်တွေ့ရှိပါက ကုသမှုစနစ် ပြောင်းရပေမည်။ စမ်းသပ်ချက်မှာ လူနာတစ်ဦးတည်း ဆောင်ရွက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲ သင့်လျော်သော လူနာအရေအတွက်ဖြင့် ဆောင်ရွက်ရပါမည်။

လူနာအများစုတွင် နေ့ ၂ ၌ ရောဂါပိုးအရေအတွက် သိသာထင်ရှားစွာ လျော့နည်းသွားပြီး နေ့ ၇ တွင် ရောဂါလက္ခဏာမရှိဘဲ ပိုးမတွေ့လျှင် ထိုဆေးကို စိတ်ချစွာ အသုံးပြုနိုင်ပါသည်။ ဆောင်းပါးရှင် ဖော်ပြထားသော ဆေးမှာ မည်ရွေ့မည်မျှ စိတ်ချရသည်ကို ဖော်ပြပေးရန် လိုအပ်နေပါသည်။

ငှက်ဖျားရောဂါ တိုက်ဖျက်ရေး အစီအစဉ်ပါ လေ့လာမှုတစ်ရပ်မှာပြည်သူလူထု၏ ဆေးကုသမှုခံယူရန် အလေ့အထ (TREATMENT SEEKING BEHAVIOR) ဖြစ်ပါသည်။ ငှက်ဖျားရောဂါဟု သံသယဖြစ်လျှင် မည်သည့်ပုဂ္ဂိုလ်နှင့် မည်သည့်ဌာနများကို သွားကြပါလဲဆိုသည်ကို စူးစမ်းလေ့လာရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ကျန်းမာရေးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ဌာနများသို့ သွားရောက်သွေးစစ်ပြီး စနစ်တကျ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်ရပါသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင်ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းသည် ထိုက်သည့်အားလျော်စွာ အောင်မြင်မှုများ ရရှိခဲ့သော်လည်း အစွန်အဖျားဒေသများရှိ ဖွံ့ဖြိုးဆဲစီမံကိန်းများတွင် အဖြစ်များနေပါသည်။ ရောက်ရှိရာဒေသတွင် ကျေးလက်ကျန်းမာရေးဌာနဟူ၍လည်း လျှော့မတွက်သင့်ပါ။ ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ငှက်ဖျားသွေးစစ်ခြင်းနှင့် ကုသပုံသင်တန်းများ ပေးထားပါသည်။

၂၀၀၉ခုနှစ်တွင် ငှက်ဖျားရောဂါကုသသည့် ဆေးများကို ငှက်ဖျားလူနာ ၇၂၅၀၀၀ ခန့်အတွက်နှင့် ငှက်ဖျားသွေးအမြန်စစ်ကိရိယာ ၁၂၆၄၀၀၀ ကို ကျေးလက်ကျန်းမာရေး ဌာနခွဲအထိ ဖြန့်ဖြူးခဲ့ပါသည်။ ငှက်ဖျားလူနာခြောက်သိန်းကျော်ကို အခမဲ့ ဆေးကုသပေးခဲ့ပါသည်။ ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ထိရောက်သောဆေးဝါးများနှင့် စနစ်တကျ ကုသမှုခံယူရန် ပညာပေးဟောပြောမှုများလည်း ပြုလုပ်ရပါသည်။ ထိရောက်သောဆေးဝါး မဟုတ်ဘဲ ဆေးနည်းတိုသုံးနေလျှင် အန္တရာယ်ကို ဖိတ်ခေါ်ရာရောက်နေပါသည်။

ထိရောက်သော ဆေးဝါးသုံးစွဲရုံမျှလည်း မလုံလောက်ပါ။ အချိန်မီကုသဖို့က အရေးကြီးပါသည်။ လက်ရှိကျင့်သုံးနေသော နည်းဗျူဟာတစ်ရပ်မှာ စောစီးစွာရောဂါဖော်ထုတ်၍ ထိရောက်သော ကုသမှုပေးခြင်း (EARLY DIAGNOSIS AND PROMPT TREATMENT, EDPT) ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ငှက်ဖျားရောဂါဖြစ်လျှင် ၂၄ နာရီအတွင်း ဆေးကုသမှုခံယူရန် လိုအပ်ကြောင်း ကြေညာထားပါသည်။ သို့မှသာ ငှက်ဖျားရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ မခံစားရဘဲပျောက်ကင်းမည်ဖြစ်ပါသည်။

ဆောင်းပါးရှင် ဖော်ပြထားသော ဆေးနည်းမှာ မြန်မာတို့ စားသုံးနေကျ လက်ဖက်နှင့် ငရုတ်ကောင်းစေ့သာ ဖြစ်ပါသည်။ ဓာတ်သဘောအရ အပူကျခြင်း (ANTI PYRETIC ACTION) သာရှိနိုင်ပါသည်။ ယခုခေတ်တွင် ငှက်ဖျားရောဂါအတွက် ကေသီပန်သွေးပုပ်ချဆေးနှင့် အရက်ကို တွဲဖက်သောက်သုံးသူများ ရှိကြပါသည်။ ထိုက်သည့်အားလျော်စွာ အပူကျစေသော သတ္တိရှိပြီး ရောဂါမပျောက်ကင်းနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများ ခံစားရနိုင်ဖွယ်ရာ ရှိပါသည်။

ရောဂါအန္တရာယ်နှင့် ဘေးထွက်ဆိုးကျိုးများ၏ ပြင်းထန်မှုမှာ လူတစ်ဦးချင်းတွင် ကွဲခြားမှုရှိတတ်ပါသည်။ ရောဂါရှိသူ လူနာများတွင် ခံနိုင်ရည်ရှိသူ (IMMUNE PERSON) နှင့် ခံနိုင်ရည်မရှိသူ (NON IMMUNE PERSON) ဟူ၍ နှစ်မျိုးခွဲခြားထားနိုင်ပါသည်။ ငှက်ဖျားရောဂါ အဖြစ်များသော ဒေသတစ်ခုကို စံထားလျှင် ဒေသခံပြည်သူများမှာ ခံနိုင်ရည်ရှိသူများ ဖြစ်ကြပါသည်။ ငယ်စဉ်ကတည်းက ထိုဒေသရှိ ငှက်ဖျားပိုးများနှင့် ထိတွေ့မှုရှိပြီး ခံနိုင်ရည်သတ္တိ အနည်းနှင့်အများ ရှိကြပါသည်။ အချို့လူများတွင် ရောဂါပိုးရှိလျက်နှင့် ရောဂါလက္ခဏာများ မပေါ်ကြပါ။

ဒေသခံမဟုတ်သူ ဧည့်သည်လူစိမ်းများမှာ ခံနိုင်ရည်မရှိသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏ ငှက်ဖျားရောဂါ ခံနိုင်ရည်သတ္တိ အနည်းအကျဉ်း သို့မဟုတ် ခံနိုင်ရည်သတ္တိ လုံးဝမရှိသူများ ဖြစ်ပါသည်။ ထိုဒေသတွင် အနေကြာလာသောအခါမှ ခံနိုင်ရည်များ ရရှိလာမည် ဖြစ်ပါသည်။ အရေးကြီးသော အချက်မှာ ခံနိုင်ရည်သတ္တိ မရှိသူများတွင် ငှက်ဖျားရောဂါ ဖြစ်ပွားလျှင် အလွန်ပြင်းထန်နိုင်ပါသည်။

ဆောင်းပါး၌ ဖော်ပြထားသော ခံနိုင်ရည်သတ္တိ မရှိသေးသည့် လူငယ်အား သုံးလေးရက်ကြာမှ ရောဂါပြင်းထန်ပြီးနောက် လက်ဖက်နှင့် ငရုတ်ကောင်း ထောင်းကျွေးလျှင် ငှက်ဖျားတော့ နားမသွားနိုင်ပါ။ လူနာသာ နားသွားနိုင်ပါသည်။

❐ တော်မြင့်(ငှက်ဖျား)


စာကိုး


* ဒေါက်တာခင်မွန်မွန်၊ မြန်မာနိုင်ငံနှင့်ငှက်ဖျားရောဂါ အခြေအနေ (မြန်မာ့အလင်းသတင်းစာ၊ ၂. ၉. ၂၀၁၀)
* တော်မြင့်(ငှက်ဖျား)၊ ငှက်ဖျားဒေသသွားကြမည်ဆိုလျှင် (ဂန္ဓာရီမဂ္ဂဇင်း၊ ၂၀၁၀၊ ဖေဖော်ဝါရီလ)
* Bruchart - Essential Malariology.
* June Simms - Nations work toward aim of zero malaria death by 2015. (American Mosaic 2010/A)




www.burmeseclassic.com

www.burmeseclassic.com




# ပါးနှင့်သနပ်ခါး ဘယ်ဟာကိုနမ်းသည်ဟု ခေါ်သနည်း

## အေးငွေ (စီးကုန်း)

အခါတစ်ပါး ဆရာတော်သည် နောက်ပါကိုရင်လေး နှစ်ပါးနှင့်အတူ ဆွမ်းခံကြွရင်းမှ မင်းအိုချမ်းသာဘုရား အနီး ရေတွင်းတစ်တွင်းနားအရောက် တွင် ရေခပ်နေကြသော အမျိုးသမီးငယ် နှစ်ယောက် စကားပြောနေကြသံများကို ကြား၍ အနီးရှိ ခရီးသွားတို့ ရပ်နားရာ သစ်ပင်ကြီးအောက် ကွပ်ပျစ်ပေါ်သွား ထိုင်ရင်း အမျိုးသမီးငယ်နှစ်ယောက် ပြောနေကြသော စကားများကို နားစွင့် နေလိုက်မိ၏။

"အစ်မ၊ အစ်မ စာကျက်တာ တစ်နေ့ကို ဘယ်နှဂါထာလောက်များ ရသလဲ"

"သိပ်မရပါဘူး ညီမရယ်၊ လုပ်ရ ကိုင်ရတဲ့ အိမ်ဝတ္တရားတွေက များလွန်း တော့ တစ်နေ့မှဂါထာငါးဆယ်လောက် ပဲ ရပါတယ်"

"ညီမလဲ အစ်မလိုပါပဲရှင်၊ တစ် နေ့မှ ဂါထာလေးငါးဆယ်ပဲ ရတာပါ"

ဆရာတော်သည် ဤအသက် အရွယ်လေးတွေနှင့် အလုပ်အကိုင်တွေ များလှသည့်ကြားက ဂါထာလေးငါး ဆယ်ရသည်ဆို၍ တော်ပါပေ့ဟုချီးကျူး ရင်း ဤကလေးမနှစ်ယောက်သည် တကယ်ပင် စာကျက်နိုင်၍ ပြောနေကြ တာလား သို့မဟုတ် မိမိနှင့်အတူ ဆွမ်း

www.burmeseclassic.com

ခံပါလာကြသည့် ကိုရင်နှစ်ပါးကိုမြင်၍ ကြွားဝါပြောနေခြင်းလား၊ စူးစမ်းလိုသော ဆန္ဒ ဖြစ်ပေါ်လာသဖြင့် ကိုရင်လေးတစ်ပါး၏ အမည်ကိုခေါ်ကာ ရေအလှူခံခိုင်းလိုက်လေသည်။

ကိုရင်လေးလည်း ဆရာတော်၏ မိန့်ကြားချက်အရ သပိတ်ကိုပိုက်ကာ ရေခပ်နေကြသည့် အမျိုးသမီးငယ်နှစ်ယောက်ဆီသွားကာ ရေအလှူခံလေ၏။ ထိုအခါ အမျိုးသမီးငယ် နှစ်ဦးအနက် အကြီးဆုံးအမျိုးသမီးငယ်က. .

"ကိုရင် ဘယ်ကျောင်းတိုက်ကပါလဲ" ဟု မေးလျှောက်လိုက်သည်။

"ရွှေဂူကြီးကျောင်းတိုက်ကပါ"

"ကိုရင့်ဘွဲ့ကကော ဘယ်လိုခေါ်ပါသလဲ"

"ဘွဲ့ကတော့ ရန်ကင်းပါ"

ကိုရင်က သူ့ဘွဲ့ကို ရန်ကင်းဟုဖြေလိုက်သဖြင့် အမျိုးသမီးက ကိုရင်ဖြေသည့် ဘွဲ့အမည်မှာ ရိုးရိုးဖြေခြင်းမဟုတ်ဘဲ ဧာပေပညာစမ်းလို၍ စကားထာဝှက်ခြင်းသာဖြစ်နိုင်သည်ဟု တထစ်ချတွက်၍ . . .

"ရန်ကင်းဆိုတာ ကိုရင်တွေ မှည့်လေ့မှည့်ထရှိတဲ့ ဘွဲ့မျိုးမဟုတ်ပါ၊ ကိုရင့်ဘွဲ့ဆိုတာ ကိုရင်ကောသလတို့၊ ကိုရင်ကလျာဏတို့လို့သာ မှည့်တတ်ကြပါတယ်၊ အခုတော့ ကိုရင်က ဘွဲ့အမည်ရန်ကင်းဆိုတော့ ရန်ကင်းတယ်ဆိုတာဟာ ဘေးရန်မရှိတာကို ပြောတာဖြစ်ပါတယ်၊ အဲဒီ ရန်ကင်းတယ် ဘေးရန်မရှိဘူးဆိုရင် ပါဠိလို ခေမလို့ ခေါ်ပါတယ်၊ ဒါပေမဲ့ ကိုရင်ခေမလို့လဲ မမှည့်တတ်ကြပါဘူး၊ မှည့်ရိုးမှည့်စဉ်ကတော့ ခေမာပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကိုရင့်ဘွဲ့ဟာ ကိုရင်ခေမာပဲ ဖြစ်ရမယ် မဟုတ်လား" ဟု ရှင်းလင်းပြောကြား လျှောက်မေးလိုက်လေသည်။

ထိုအခါ ကိုရင်က. . .

"ဟုတ်ပါတယ်" ဟုဝန်ခံလိုက်လေသည်။ ထို့နောက် လှူဒါန်းသောရေကိုယူကာ ဆရာတော်ကိုကပ်ရာ ဆရာတော်က ထိုရေကို မသောက်သုံးဘဲ နှုတ်ကိုသာ ကျင်းတော်မူပြီး ကိုရင်လေးနောက်တစ်ပါးကို အလှူခံခိုင်းပြန်လေ၏။ ကိုရင်လည်း အမျိုးသမီးငယ်နှစ်ယောက်ရှိရာ ရေတွင်းသို့သွား၍ . . .

"ဒကာမလေးတို့ သောက်ရေအလှူခံပါတယ်" ဟုဆိုကာ ရေအလှူခံလေသည်။

ထိုအခါ အမျိုးသမီးငယ်နှစ်ဦးအနက် အကြီးဖြစ်သူက . . .

"ကိုရင် ဘယ်ကျောင်းတိုက်ကပါလဲ"ဟု ယခင်ကိုရင်နည်းတူ မေးပြန်၏။

"ရွှေဂူကြီးကျောင်းတိုက်ကပါ" ဟု ကိုရင်က ပြန်ဖြေလေသည်။

"ဘွဲ့အမည်ကကော ဘယ်လိုခေါ်ပါသလဲ"

"ဘွဲ့အမည်ကတော့ တိတ်လေးပါးနဲ့ပြည့်စုံတဲ့ ဘုရားဗျာဒိတ်ရပြည်ကြီးက ဘုန်းကြီးသော ဘုရင်ရဲ့ မိဖုရားနားမှာ ကြွလာကိန်းဝပ်တဲ့ သရီရဓာတ်တော်တည်ရာ ဖြစ်ပါတယ်"

ကိုရင့်စကားဆုံးသည်နှင့် ထိုအမျိုးသမီးက ချက်ချင်း . . .

"ဒါဆို ကိုရင့်ဘွဲ့က ကုဏ္ဍလပေါ့" ဟု ကောက်ကာင်ကာ ဖြေလိုက်လေ၏။

အမျိုးသမီး၏ အဖြေကြောင့် ကိုရင်ကုဏ္ဍလ အံ့အားသင့်သွားလေသည်။ မိမိက ခက်ခက်ခဲခဲ တွေးတော၍ စကားထာဝှက်ပါလျက် အမျိုးသမီးက အနက်ချက်ချင်းဆင်ကာ ဖြေလိုက်သည့်အတွက်အံ့အားသင့်သွားခြင်းလည်းဖြစ်ပေသည်။

အမှန်မှာမူ မိန်းမပျိုသည် ကိုရင်ကုဏ္ဍလ ပြောနေဆဲပင်လျှင် တွက်ဆလာခဲ့ခြင်းဖြစ်ရာ တိတ်လေးတန်ပြည့်စုံသော ဆိုကတည်းက 'အရိမဒ္ဒနာပေါက်ကံပြည်' လို့ တွက်လိုက်မိပြီးဖြစ်၍ ဘုန်းကြီးသောဘုရင်နှင့် မိဖုရားထံသို့ ဘုရား၏ သရီရဓာတ်တော် ကိန်းဝပ်သည်ဆိုရာ အနော်ရထာဘုရင်၏ မိဖုရား စောမွန်လှ နားပန်သော နားတောင်းဟု အတပ်သိလိုက်ပြီး နားတောင်းကို ပါဠိလို ကုဏ္ဍလဖြစ်ရာ ဒါဆိုကိုရင့်ဘွဲ့မှာ ကိုရင်ကုဏ္ဍလဖြစ်ရမည်ဟု တထစ်ချတွက်ဆ၍ ဖြေလိုက်ခြင်းဖြစ်ပေသည်။

ကိုရင်ကုဏ္ဍလသည် မိမိခံလိုက်ရသည့်အတွက် မကျေမချမ်းဖြစ်ကာ ပြန်လည်ပညာစမ်းရန် စိတ်ကူးဆုံးဖြတ်၍ . . .

"ဒကာမလေးကကော ဘယ်အရပ်ကလဲ၊ နာမည်ကကော ဘယ်လိုခေါ်သလဲ၊ မိဘများရဲ့ အလုပ်အကိုင်ကကော ဘာတွေလုပ်ကိုင်ကြပါသလဲ" ဟု ပြန်လည်မေးလိုက်လေ၏။

ထိုအခါ အမျိုးသမီးက . . .

"နေသောအရပ်က ရန်သူတကာတို့ မဖျက်ဆီးနိုင်တဲ့ ဘုရင်ချုပ်ကြီးရဲ့ အပါးတော်မြဲ၊ အမြတ်ဆုံးသော ဘဏ္ဍာကို ထိန်းသိမ်းရတဲ့ ဘဏ္ဍာစိုးကြီးရဲ့အမည်နဲ့ တူပါတယ်၊ လူအမည်ကတော့ ပထမအက္ခရာ 'ဘ'နောက်ကို အာ ဒီဃ ရောက်ပါတယ်၊ ဒုတိယအက္ခရာ 'ခ'နောက်ကို အလယ်သွင်းပြီး တတိယအက္ခရာ 'ဒ'နောက်မှာ ဤသရ ရောက်ပါတယ်"

အမျိုးသမီးငယ်၏ စကားဆုံးသည်နှင့် ကိုရင်ကုဏ္ဍလသည် မိမိ၏ စကားထာအား အမျိုးသမီးကချက်ချင်းဖြေသလို . . .

"ဒါဖြင့် မစံပယ်ပေါ့" ဟု မဆိုင်းမတွ ဖြေချလိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ပထမအက္ခရာ 'ဘ'နောက်က ဆိုသည်မှာ ဘကုန်းပြီးလျှင် 'မ'မှန်းသိ၍ အာဒီဃရောက်လျှင် 'မာ'ဖြစ်ရမည်။ ဒုတိယအက္ခရာ 'ခ'နောက်ဆိုတာက 'ဂ'မှန်းသိပြီး တတိယအက္ခရာ 'ဒ'နောက်ဆိုတာက 'ဒ'၏နောက်၌ 'ဓ'ဟုတွက်မိပြီး 'ဤ'သရကပ်လျှင် 'ဓီ'ဖြစ်လေသည်။

သုံးလုံးစလုံး ပေါင်းပါက 'မာဂဓီ' ဖြစ်၍ မာဂဓီပါဠိ၏ အဓိပ္ပာယ်မှာ 'စံပယ်ပန်း' ဟု အဓိပ္ပာယ်လာသဖြင့်





www.burmeseclassic.com

www.burmeseclassic.com

'မစံပယ်ပေါ့' ဟု ကောက်ကာငင်ကာ ဖြေလိုက်ခြင်းဖြစ်ပေသည်။

ထိုအခါ အမျိုးသမီးငယ်က. .

"ကိုရင်ဖြေတဲ့အထဲမှာ နေရပ်မပါသေးပါ၊ ကိုရင် စိတ်စော၍နေပါသည်၊ နေရပ်ကိုလဲ ထည့်ဖြေပါဦး" ဟု ဆိုလိုက်လေသည်။

ဒီတော့မှ ကိုရင်ကုဏ္ဍလလည်း နေရပ်မပါသေးသည်ကို သတိရကာ ရှေ့လောကြီး၍ ဖြေလိုက်မိသည်ကို ရှက်ရှက်ဖြင့် . . .

"ရန်တကာတို့ မဖျက်ဆီးနိုင်တဲ့ ဘုရင်ချုပ်ကြီးဆိုတာ မြတ်စွာဘုရားပါ၊ အမြတ်ဆုံးဘဏ္ဍာကို ထိန်းသိမ်းရတဲ့ ဘဏ္ဍာစိုးကတော့ ရှင်အာနန္ဒာပါ၊ ဒီတော့ ဒကာမလေး နေတဲ့အရပ်ဟာ အာနန္ဒာအရပ်မှာပါ".

"ဟုတ်ပါတယ် ကိုရင်၊ ဒါထက် အလုပ်အကိုင်လဲ ဖြေပါဦး"

ထိုအခါ ကိုရင်ကုဏ္ဍလမှာ ရုတ်တရက်မဖြေနိုင်ဘဲ တွေးတောနေရာ အမျိုးသမီးငယ်က . . .

"ကိုရင် အခုမဖြေနိုင်သေးလဲ နောက်ရက်တွေကျမှ ဖြေလဲ ရပါတယ်" ဟု ခနဲ့လိုက်သဖြင့် စိတ်ထဲ မခံချိမခံသာဖြစ်သွားကာ ချက်ချင်းပင် . . .

"ကိုယ်တစ်ခြမ်းက တူရိယာအသံနဲ့ တူတယ်ဆိုတာက သာယာချေင်းတဲ့အသံဖြင့် ကျမ်းဂန် ဓမ္မသတ်၊ ရာဇသတ် တတ်ကျွမ်းပြောဆိုသူ၊ တစ်ခြမ်းက ကြေးမုံပြင်နဲ့ တူတယ်ဆိုတာက ကြေးမုံဆိုတာက မှန်ကိုပြောတာ ဖြစ်တဲ့အတွက် မှန်တာ လူတကာရဲ့ရှေ့မှာ နေရတော့ အားလုံးခြုံလိုက်ရင် ဒကာမလေးရဲ့ အဖေဟာ ရှေ့နေဖြစ်ရမယ်၊ ဘယ့်နှယ် မဟုတ်လား" ဟု မေးလိုက်လေသည်။

မိန်းမပျိုကလည်း ဟုတ်တိုင်းမှန်သည်ကို "ဟုတ်ပါတယ် ကိုရင်" ဟု ဖြေလိုက်သည်။

ထို့နောက် မိန်းမပျိုသည် ကိုရင်၏သပိတ်ထဲသို့ ရေများထည့်လှူကာ ရေအိုးများပင့်၍ ပြန်မည်လုပ်ကြလေ၏။ ထိုအခါ ကိုရင်ကုဏ္ဍလက . . .

"နေပါဦး၊ မေးခွန်းတစ်ခုလောက် မေးပါရစေဦး" ဟု ဆို၍ . . .

"မိန်းမပျိုတစ်ယောက်ဟာ လှပအောင် မျက်နှာ ပါးတို့ပေါ်မှာ နံ့သာမှုန့်၊ အမွှေးမှုန့်၊ သော်မော်မှုန့်၊ သနပ်ခါးမှုန့် အစရှိသဖြင့် လိမ်းကျံထားတယ်၊ ယောက်ျားပျိုလေးတစ်ဦးဟာ အဲဒီမိန်းမပျိုကို ကာမရာဂစိတ်မရှိဘဲ အခြားကိုယ်လက်တို့ကိုလဲ မထိပါးဘဲ ပါးကို နမ်းတယ်ဆိုပါတော့၊ အဲဒီမိန်းမပျိုက မကျေနပ်လို့ တရားစွဲမယ်ဆိုရင် ပါးကို နမ်းတဲ့အမှုနဲ့ စွဲမလား၊ ပါးပေါ်မှာရှိတဲ့ သနပ်ခါး အမွှေးနံ့သာကို နမ်းတဲ့အမှုနဲ့ စွဲမလား၊ ဒကာမလေးက ရှေ့နေရဲ့သမီးမို့ မေးတာပါ" ဟု မေးလေသည်။

အမျိုးသမီးနှစ်ဦးတို့လည်း ရှက်စနိုးဖြင့် မည်သည့်စကားမျှ ပြန်မပြောကြတော့ဘဲ ရေအိုးများရွက်၍ ထွက်သွားကြလေတော့၏။

သို့သော် ကိုရင်ကုဏ္ဍလက သူ့မေးခွန်းကို ဖြေမသွားသည့်အတွက် သူ့အား အမျိုးသမီးငယ်တင်ခဲ့သော . . .

"ကိုရင် ခုမဖြေနိုင်လဲ နောက်ရက်တွေကျမှ ဖြေလဲရပါတယ်"ဟူသည့် စကားကို ပြန်လည်ချေပသောအားဖြင့်

"ဒကာမလေးတို့ ခုမဖြေနိုင်သေးလဲ နောက်ရက်တွေကျမှ ဖြေလဲ ရပါတယ်" ဟု အော်ပြောကာ ဆရာတော်ရှိရာသို့ ပြန်ခဲ့လေတော့သည်။

ထိုကိုရင်ကုဏ္ဍလက နောင်သော် မြန်မာမှုနယ်ပယ်၌ အလွန်တရာမှ ထင်ရှားကျော်ကြားခဲ့သော "ခုံတော်မောင်ကျဘမ်း" ပင်ဖြစ်ပါတော့၏။

❐ အေးရွှေ (စီးတုန်း)

ရည်ညွှန်း

ခုံတော်မောင်ကျဘမ်း စကားစစ်ထိုးခန်း။


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်၊ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို၍တိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။



**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

# ကောင်းလိုက်တဲ့
# ကိုကြီးကျော်ကြက်ပေါင်ကြော်

မင်းတိုင်ပင်(မြရောင်မြေ)



ဒီနေ့ည ရွာထဲက ကျော်မိုးသူရဲ့ နတ်ကွန်းတက်ပွဲ။ သူက ဒီနယ်တစ်ဝိုက်မှာ အတော့်ကိုနာမည်ကြီးတယ်။ ကျော်မိုးသူကတဲ့ နတ်ကနားပွဲတဲ့။ ရုပ်ကလည်းချော၊ အပြောကလည်းကောင်း၊ နတ်ကိုတော့ တော်တော်နိုင်နိုင် ကတဲ့သူမို့နယ်ကျော် နတ်ပွဲတွေကလည်း ဈေးကြီးကြီးပေး ငှားကြတယ်။ နတ်ရုပ်တွေကလည်းစုံ၊ ခမ်းခမ်းနားနား နတ်ကနားစီးဆိုင်းဘုတ်နဲ့ဆိုတော့ ဖိတ်ဖိတ်တောက်နေတယ်။

ဟော . . . အသံချဲ့စက်က ကျော်မိုးသူကိုယ်တိုင် ဖိတ်ကြားနေပြီ။

"မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင် လေလေး xxx"

သီချင်းသံက နတ်ပင့်သံ နတ်ဒိုးသံ။ ပတ်မကြီးက တထိထိနှင့်ဆိုတော့ ဦးထွန်းဆိုင်တို့ အိမ်နှင့်က သိပ်မဝေးကြားနေရပြီ။ သူ့ရဲ့စိတ်က မရိုးမရွ။ ဇာတိရုပ်က ပြနေ၏။ နေမရ ထိုင်မရကချင် ခုန်ချင် ဖြစ်လာပြီ။

"စောညွန့်ရေ၊ ဒီည နတ်ပွဲကွ အကြီးအကျယ်ပဲကွ"

"ရှင်က ရှင်နဲ့ နတ်ပွဲနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွာ၊ ငါလဲ နတ်ကိုးကွယ်တဲ့သူပဲ၊ မြန်မာလူမျိုး ဗုဒ္ဓဘာသာပဲကွာ"

"ရှင်ကတော့ ပြောလိုက်ရင် ကြီးကြီးကျယ်ကျယ်တော်"

"မင်းနဲ့ကွာ၊ အဲဒါ ကလေးတောင် သိတယ်၊ ကြီးရင်ကျယ်တာပေါ့"

"ဒီလူစားကတော့ ပြောလိုက်ရင် မစဉ်းစားဘူး"

"ခု ငါစဉ်းစားပြီးပြောတာ၊ ခုဟာက ကျော်မိုးသူက ကိုယ့်ရွာသားဆိုတော့ အားပေးသင့်တယ်လို့ ငါ...
တယ်၊ နောက်ပြီး မိဘမရှိတဲ့ က...
သူတတ်တဲ့ပညာနဲ့အာဇီဝကျကျလုပ်...
တာ၊ ကောင်းလေး သနားပါတယ်ဟ..."

"အဲဒီတော့ ရှင်က သွား...
တယ်ပေါ့"

"ဒါပေါ့ဟာ၊ ကိုယ့်အိမ်နီး...
ချင်း တစ်ရွာတည်းနေ တစ်လှေတည်း...
တစ်ခရီးတည်းသွား၊ တစ်အိုးတည်း..."

"အိုတော် လျှာရှည်လိုက်တာ...
ရှင့်သဘော . . . ရှင့်သဘော"

"လိမ္မာလိုက်တာ မိန်းမရေ...
နောက် မိန်းမတောင် မယူတော့ဘူး...
ဘာမသိ ညာမသိ ဆိုတော့ လိမ်...
ကောင်းတာပေါ့"

"ကိုထွန်းဆိုင်ကြီး၊ ရှင့်က ကွ...
ကို လိမ်မယ်ပေါ့"

"အဲ ဟုတ်ပါဘူး၊ မလိမ်ရဲပါဘူး...
ညာတာပါ"

"ဟိုရောက်ရင် ရှင့်သား မွေး...
သူ့ဦးလေးတွေနဲ့ ဘာဘာညာညာ...
မကြားချင်ဘူး"

"စိတ်ချပါဟယ်၊ ငါက က...
ကျနေတာပဲ၊ မင်းသားကလဲ ငါ့သား...
ကွာ၊ ငါနဲ့တူတဲ့ ဖအေတူသားတွေပဲ"

"ဟုတ်ပါတယ်၊ နားကို ငြီး...
တာပဲ"

"နားဝင်ချိုအောင် ဟစ်ပြလိုက်...
ရဦးမလား ဘုံမွှတာ ဘုံမွှတာတဲ့"

"ကဲ သေနာကြီးရယ် တော်...
တော့"

ဒီနေ့ည ဦးထွန်းဆိုင် စော...
ရေမိုးချိုး သန့်စင်ပြီး ရေနွေးကြမ်း ထိုင်...
သောက်၊ လက်တွေ ခြေတွေက အငြိမ်...
မနေ၊ စည်းချက်လိုက်ပြီး "ပူနော် ပူနော...
ပြောင် တိမ် တလိမ်လိမ်" ဟု ပါးစပ်...
ဆိုင်းတီး။ "ကဲ လာလေ့ ကဲ လာလေ့"
ထိထိမိမိနှင့် ထပြီး ကတော့မလို ခုန်...
တော့မလို။ ဝုန်းဆိုသောအသံနှင့်အတူ...

"အမယ်လေး . . . သေပါ...
ဖင်ညောင့်ရိုး ကျိုးပါပြီဗျို့၊ အား အား"

❑





www.burmeseclassic.com

www.burmeseclassic.com

ဟော မိုးချုပ်လာပြီ။ ရွာထဲက နတ်ကတော ဝါသနာရှင်တွေက မီးတိုင်၊ မီးအုပ်၊ မီးဒေါင်း၊ တုတ်မီးတွေနဲ့ အုပ်အုပ်. အုပ်အုပ်နဲ့ သွားလိုက်ကြတာ။ ရွာပြင်က လှည်းတွေနဲ့လား၊ စက်ဘီးတွေက တစ်မျိုး၊ ကာလသား၊ ကာလသမီးတွေကလည်း လာကြ။ ပွဲငတ်နေတော့ ဒီနတ်ကနားပွဲကို အလကားကြည့်ရလို့ လာလိုက်ကြတာ ဇာတ်ပွဲကြီးလို ခြံထဲပြည့်သွားသည်။

ဦးထွန်းဆိုင်က. . .

"စောညွန့်ရေ မိုးချုပ်ပြီဟ"

"မိုးချုပ်တော့ ဘာဖြစ်လဲ"

"အေး . . . မိုးချုပ်တော့ ငါ မနေနိုင်ဘူး"

"ရှင်ကလဲ အရင်းမရှိ အဖျားမရှိတော်"

"ငါ နတ်ပွဲသွားမလို့၊ နင် လိုက်ခဲ့ပါလား"

"ရှင်နော် အိုကြီး အိုမနဲ့၊ ဘာဘာညာညာ ဆိုရင်တွေ့မယ် သိလား၊ လိုက်ဘူး"

"အေးပါ ရှင်မရယ် သွားပြီဟေ့"

နတ်ကနားပွဲသို့ရောက်သော် -

"ဟာ နတ်ကနားပွဲကလဲ အပျံစားပါလားဟေ့၊ ဖိတ်ဖိတ်ကို တောက်နေတာပဲ၊ တို့ရွာက ဘုန်းကြီးပျံထက်တောင် စည်သေးတယ်၊ ဟေ ဟေး"

"ဟောဗျာ၊ ဦးထွန်းဆိုင်ကြီး လာတယ်ဟေ့၊ ကြွပါ ခင်ဗျာ ကြွပါ"

"ဟာ မောင်ကြည်အေး မင်းက ကျော်မိုးသူနာမည်နဲ့ တယ်အကျိုးဆောင်ကိုး"

"ဟုတ်တယ် ဘကြီးရေ နာမည်ပြောင်းထားတယ်ဗျ"

"ငါလဲ မင်းကို အားပေးချင်လွန်းလို့ စောညွန့်ကို မရမက ပြောလာတာ၊ အသက်အရွယ်နဲ့တော့ လိုက်ဖက်တော့ဘူးပေါ့ကွာ၊ အောက်သွားပြီ၊ လွန်သွားပြီ"

"ဟာ ဘကြီးကလဲ မအောက်သေးပါဘူး၊ ဒိတ်မလွန်သေးပါဘူးဗျ"

"ဩော် ဒါထက် ကြည်အေး၊ မင်းကိုကြီးကျော်က တယ်နာမည်ကြီးတယ်လို့ ငါကြားတယ်"

"ဘကြီးက မြှောက်နေပြန်ပြီ"

"ကိုကြီးကျော်က,ရင် ငါ့မမေ့နဲ့နော်"

"မမေ့ပါဘူးဗျာ၊ ဘကြီးတောင် ကိုကြီးကျော် ပင့်လို့ရသေးတယ်"

"ဟေ ဟုတ်ပါ့မလားကွာ၊ ငါ တောင်နင်း မြှောက်နင်းနဲ့ တော်ကြာ ထွန်းဆိုင် ကနားစီး ကနားစီးထွန်းဆိုင် ဆိုလို့ နာမည်ကြီးသွားရင် ကျန်တဲ့ နတ်ကတော်တွေ ငိုရတော့မှာကွ၊ တစ်ခါတလေတော့ ဝင်နွှဲပြလိုက်ချင်တယ်"

"ကဲ ဒီလိုလုပ်၊ ကိုကြီးကျော်ရောက်ရင် ဘကြီး ဝင်ဖျော်လိုက်၊ ဘယ်နှယ့်လဲ"

"မင်းက ဒီလောက် ငါ့ကို အထင်ကြီးတာ ချကွာ ချ၊ နေဦးကွ ငါ့သားနဲ့ သွားပြီး တိုင်ပင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဘကြီး"

"ဟေ့ လူလေး ငါ့သား၊ ဒီမှာ ငါ ထွန်းဆိုင် ဒီမှာကွ၊ အဖေ ဒီမှာ"

"ဟာ အဖေ၊ အမေ မသိခင် ဘာလာလုပ်ပြန်ပြီလဲ"

"မင်းအမေ သဘောတူညီချက်နဲ့ အောက်ပတ် ပေးလိုက်တယ်"

"အမေက ဘာပေးတယ်၊ ပြောပါဦး"

"ဟိုကွာ၊ ငါ့ကို သွားလို့ ပြောလိုက်တာ"

"အဖေ ကျွန်တော် မမူးပါဘူးဗျ၊ ဟိုမှာ ဘိုရဲတို့ ကိုချစ်သန်းတို့ အေးမောင်လေးတို့နဲ့ဗျ၊ အဖော်တွေ အဖော်တွေ"

"ဒီမှာလူလေး၊ ငါ ကိုကြီးကျော်ဝင်ကမလို့၊ ကြက်ပေါင်ကြော်နဲ့ အရက်သောက်ရအောင် စီမံချက် ရေးထားတယ်၊ အကောင်အထည်ဖော်ရမလား"

"အဖေ ကြည့်လဲလုပ်ပါဦး၊တော်ကြာ ကိုယ့်တောင်ရှည်နင်းပြီး လဲဦးမယ် . . . ဟား ဟား ဟား"

"စိတ်ချပါကွာ၊ မင်းကလဲ"

"ဘကြီး ထွန်းဆိုင်ရေ၊ ဟိုဘက်မှာ ညိုကြီးတို့ ဒီကောင့်ကို ကြည့်ပြီး ထိန်းပေးပါဆို"

"အေးပါကွာ၊ ငါ ကြည့်တားလိုက်မယ်"

"ရော့ ဘကြီး၊ မိုက်နဲ့ ကြေညာလိုက်"

"အဟမ်း အဟမ်း. . . ဟဲ ဟဲ ဟာလို ဟာလို တက်တူ ဝမ်းဖိုး ဖိုက်တူး"

"ဘကြီး ဘာတွေလဲဗျ"

"အင်္ဂလိပ်လို မိုက်စမ်းကြည့်တာပါကွာ၊ လူတွေက ဒါမှ အထင်ကြီးတာကွ"

"ရွှေပွဲလာ ပရိသတ် နတ်ကိုးကွယ်သူ အပေါင်းတို့ ခင်ဗျာ၊ အားလုံးကျန်းမာ ချမ်းသာပါစေလို့ ကျွန်တော် မောင်ထွန်းဆိုင်က မေတ္တာပို့လိုက်ပါတယ်၊ ယနေ့ညမှာ မိုးပေါ်မှာသိကြားလှူပြည်မှာ ထွန်းဆိုင်၊ ကျော်မိုးသူ နတ်ပွဲနတ်ထိန်း၊ နတ်ကနားစီး၊ နတ်ကတော်၊ နတ်ကွန်းတက်ပွဲမှာ အားပေးရအောင်လို့ ကပြ အသုံးတော်ခံမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ညီရင်းအစ်ကို မောင်ရင်းနှမ မိဘနဲ့သားသမီး၊ မိဘမေတ္တာ၊ ညီအစ်ကို မောင်နှမ ချစ်မေတ္တာ၊ လင်ချစ် မယားချစ်၊ သမီးရည်းစားချစ်နဲ့ ဟိုလေ အေးအေးဆေးဆေး ထိုင်ကြည့်ပါရန် အထူးမေတ္တာရပ်ခံရင်း ကျွန်တော် မောင်ထွန်းဆိုင်ကို အနားပေးတော်မူကြပါ"

ဝေး ဟေး ဝေး ဟေး လက်ခုပ်တီးသံ။ ရှီ ရှီ ရှဲ နှင့် လက်ခေါက်မှုတ်သံတွေ။ ဟား ဟား ဟား ဟားနဲ့ ရယ်သံတွေ ပွဲခင်းတစ်ခုလုံး ဝါးခနဲအသံက လွှမ်းသွားပါတော့၏။

"ဟာ . . ဦးထွန်းဆိုင်ကြီးတော့ လုပ်ချလိုက်ပြန်ပြီဗျို့"

"လူလေး . . . အဖေ့ ဩဝါဒ ပရိသတ်လက်ခံလား"

"အဖေ အမေကြားရင် အဖေ မလွယ်ဘူး၊ ကြည့်လုပ်ပါဦး"

"သူ မကြားပါဘူးကွ၊ ဒီအချိန်ဆို ခေါ်နေပြီ"





www.burmeseclassic.com

www.burmeseclassic.com

"အဖေက မိုက်ကြီးနဲ့ ပြောတာ မကြားဘဲ နေမလား"

"လော်စပီကာကို ဟိုဘက်ပြန် လှည့်လိုက်ပေါ့ကွာ၊ လွယ်ပါတယ်ကွာ"

"ဟာ အဖေက ပြောပြီးသွားပြီ လေ"

"အဲဒါလွယ်ပါတယ်ကွာ၊ နောက် တစ်ခါ သူ့ဘက် အဝမလှည့်ဘဲ ပြန် ပြောလိုက်ရုံပေါ့ကွ"

"ကဲ အဖေ၊ ဟိုမှာ ကြည်အေး ခေါ်နေတယ်"

"အေးပါကွာ၊ မင်းတို့ကို ငါ မမေ့ပါဘူး"

နတ်ပွဲမှာ နတ်ဝင်သည် မိန်းမ လျာများ တစ်ယောက်ပြီးတစ်ယောက် စတိတ်ရှိုးဆိုကြ၊ ကကြ၊ ပွဲကျနေ၏။ ဝါးခနဲ ရယ်သံတွေလည်း ကြားနေ၏။

နတ်ပွဲစပြီ။ စားတော်တိုက်၍ အိမ်တွင်း မင်းမဟာဂီရိနတ်၊ ရိုးရာများ ကပြီးနောက် ဆိုင်းသံက ပတ်လုံးသံ လှိုင်လှိုင်တီးပြီး ကြည့်ကောင်း ရှုကောင်း ကကြ၏။

"ကဲ၊ ခုပင့်မယ့် နတ်ကတော့ ပွဲတိုင်းကျော်တဲ့ အဖေကြီး ကိုကြီးကျော် တဲ့ဗျို့၊ ရှာစားတို့ ဟုတ်မှ ဟုတ်ပါလေစ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ဗျို့ ဘကြီး လာ လာ၊ ဒီမှာ မိတ်ကပ်လိမ်းရမယ်၊ အဝတ်အစားလဲ ရမယ်"

"ကြည်အေး၊ ဟုတ်ပါ့မလား ကွာ၊ ယားတယ်ကွ၊ ဟိုမကိုင်နဲ့ကွာ"

"ဘကြီးပဲ ကမယ်ဆို၊ လာပါ ဗျာ၊ ပွဲတုန်းက ဘကြီး ကကွက်တွေ ကျွန်တော် တွေ့ဖူးပါတယ်"

"ကဲ မင်းကတော့ ငါ့ကို ပွဲထုတ် နေပြန်ပြီ၊ လုပ်ကွာ"

ကြည်အေးက ဦးထွန်းဆိုင်ကို မိတ်ကပ်၊ နှုတ်ခမ်းမွှေး၊ တောင်ရှည် ထိုင်မသိမ်း ခေါင်းပေါင်းများဆင်၍ မှန် ထဲ ကြည့်ခိုင်း၏။

"ကဲ ဒီမှာကြည့်၊ ဦးထွန်းဆိုင် တူသေးလား"

"ဟာ ငါ ကိုကြီးကျော် ဖြစ် သွားပြီကွ၊ ဟေ့ကောင် ယားတယ်ကွ"

"ကဲ လာ၊ ဦးတိုက် နတ်သွင်း ပေးမယ်"

"ဟေ့ ဦးထွန်းဆိုင်ကြီးကွ၊ လုပ် ထားဗျို့၊ မင်းသားကြီး ကိုကြီးကျော်တဲ့ ကွ၊ ကိုကြီးကျော် လှမ်လှ ချောမချော၊ ဟာ တို့ဖေကြီးကျော် ဦးထွန်းဆိုင်ကွ ဟေး ဟေး . . . ဝါး ဝါး ရှီ ရှီ"

"ကဲ ရှာစား ဆရာရေ ကိုကြီး ကျော်တဲ့၊ ဖေကြီးပင့်ကြစို့ နတ်ဒိုး လှိုင် လှိုင်ပေး"

ကြည်အေးက ဦးထွန်းဆိုင် နတ် သွင်းနေတော့၏။ ရှာစားများက ဒိုးသံ လှိုင်လှိုင် ပတ်မက ထိထိနှင့် တီးပေး ၏။ ရွာသားများက ရယ်ကြသဖြင့် တချို့ မထိန်းနိုင် မသိမ်းနိုင် သေးထွက်သူ၊ အီး ထွက်သူတွေ ရှိကြ၏။

"ဟင် နံလိုက်တာ၊ ဘယ်သူက သေးပါသလဲ မသိဘူး"

"ဟာ ဒီနားမှာ ဒေါ်ပုလေးပဲ၊ နံလိုက်တာတော်၊ ဟောင်နေတာပဲ"

မခင်ထွေးနဲ့ ဒေါ်လှကြီးက ဟို ထပြေး ဒီထပြေး။ ဒီကြားထဲ ဒေါ်ခင် ကြည်က ရယ်ရင်းနှင့် သေးပါပြီး အီးပါ ထွက်၍ ဟား ဟားနဲ့ ရယ်ကြသေး၏။

ဦးထွန်းဆိုင်က နတ်သွင်းခံရ နတ်ပူးလေ ဇက်ကပါ တုန်တုန်ဖြင့် နတ် က မဝင်သေး။ နတ်ဆရာလည်း ချွေး တွေပြန်နေ၏။

"ကဲ ဘကြီး ကချင်သလိုသာ ကပေတော့ဗျာ"

"ဟေး မိုးပေါ်မှာ သိကြား၊ လူ့ ပြည်မှာ ထွန်းဆိုင်တဲ့ . . . ဟေး ဟေး"

ဝရုန်းဝုန်းနှင့် ခေါက်တုံ့ ခေါက် ပြန် ခုန်ပေါက်ပြီး ဆိုင်းချက်က တလွဲ၊ ကတာက တစ်မျိုး လုပ်ပြီး ခုန်နေ၏။ ပရိသတ်ကလည်း ဝါးခနဲ ရယ်ကြ၏။ လက်ခေါက်မှုတ်သံတွေက တရှီရှီနှင့်။ ဟိုယိုင် ဒီယိုင်နှင့် . . .

"ဟဲ့ ငါဟဲ့ ကိုကြီးကျော်၊ ငါ့ သားတော်ကြီး ဘယ်မှာလဲ"

"စီးကရက် ဖွာတော်ပါ[illegible] ဆောင်ပါ ဖေကြီး"

"အေး၊ ငါ မ,မယ်ဟဲ့ ကြား[illegible] ဖေကြီးက ထန်းရည်နဲ့ ကြက်ကြော်[illegible] သိပ်ကြိုက်တာ"

"ကြက်ကြော်နဲ့ အရက်ပါ[illegible] ကြီး၊ ထန်းရည်တော့ မရှိပါ၊ သည်း[illegible]"

"အေး၊ ငါ့သားကို ဖေကြီး [illegible] ရောက်မယ်နော်၊ မင်း နတ်ပွဲတွေ [illegible] ကြီး ကရမယ်၊ ငါပျော်တယ်ဟေ့ [illegible] တယ်"

"ဟုတ်ကဲ့ပါ ဖေကြီး၊ ပျော်[illegible] ပျော်ပါ"

"ကဲ၊ ငါ့ကို ချော့ကြစမ်း"

"(ထူးလည်း ထူးတယ်၊ မူးလည်း မူးတယ် တို့ ကိုကြီးကျော်)၂ ရွာတိုင်း[illegible] လေ သူမပါရင် မပြီးသနော်၊ မြို့တိုင်း[illegible] လေ xxx"

"ဟေး ခဏလေး ခဏလေး"

"(ထူးလည်း ထူးတယ်၊ မူးလည်း မူးတယ် တို့ ကိုထွန်းဆိုင်)၂"

"ဒီလိုလုပ်ပါ၊ ကနေတဲ့သူ[illegible] ထွန်းဆိုင်လေ၊ ဆိုင်းဆရာတို့ [illegible] ဆရာတို့ မမေ့နဲ့ ပြန်တီး ပြန်တီး[illegible] ဟေး ဖေကြီးတဲ့ကွ"

"(ထူးလည်း ထူးတယ်၊ မူးလည်း မူးတယ် တို့ ကိုထွန်းဆိုင်)၂ ရွာတိုင်း[illegible] လေ သူမပါရင် မပြီးသနော်xxx"

"ဟုတ်ပြီကွ ကြိုက်တယ်[illegible]"

ပုလင်းကို ကိုင်ပြီး ယိုင်တိ[illegible] တိုင်နှင့် ကြက်ပေါင်ကြော်ကိုကိုက်[illegible] အရက်မော့လိုက်နှင့် ပလုတ်ပလောင်[illegible] ဝေသာလီပြည် ဘီလူးကျနေသလို[illegible]

"ဟေ့ ညီဘွား၊ ဆရာလေး [illegible] ခေါ်တယ်ဟေ့"

သူ့သားကို လှမ်းပြီးခေါ် [illegible] ပုလင်းနှင့် ကြက်ပေါင်ကိုစွန့်ပြီး [illegible] ကတော့သည်။

"ညီဘွား ငါ့ကို မမေ့နဲ့ မင်း[illegible] ငါစောင့်ရှောက်မယ် ဟေး"

"ဒါမှ တို့ကိုကြီးကွ၊ လှ[illegible] တယ်၊ ကိုကြီးကျော်တဲ့ကွ ဟေး [illegible]"





www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ မောင်ထွန်းဆိုင်၊ လုပ်ထား လုပ်ထား၊ ပေး ပေး ပေး ဝေး ဝေး"

"ဟာ ဟိုသေနာကောင်၊ ငါ့အရှက်ခွဲတယ်၊ တွေ့ကြသေးတာပေါ့ ထွန်းဆိုင်ရယ်၊ စောညွန့်တဲ့ဟေ့"

ဒေါ်စောညွန့်က နတ်ကနားထဲ ဝင်ပြီး လက်ကိုဆွဲကာ အပြင်ထုတ်သွားတော့ ကန့်လန့်ကန့်လန့်နှင့် ပါသွားတော့၏။

"ဟာ အမယ်ကြီး၊ မအိုဇာ မအိုဇာ ငါ ကိုကြီးကျော်လေ၊ နင် မမှတ်မိတော့ဘူးလား"

"ရှင်က ကလေးတွေနဲ့ အပြိုင်ရူးချင်တယ်၊ ကဲဟာ ကဲဟာ"

"ငါ ကိုကြီးကျော်ကို နှိပ်စက်နေပြီ မအိုဇာရယ် မလုပ်နဲ့လေ"

ပရိသတ်များ ဝါး ဝါး ဝါး နှင့် တဟားဟား ရယ်ကြ၊ ပွဲခင်းတစ်ခုလုံး အုန်းခနဲ ဝါးခနဲ အော်ကြ၏။

"ကိုထွန်းဆိုင်၊ ရှင် သတိရပြီလား၊ သတိရလား"

"ဟာ နတ်က ဒီမှာထွက်လို့ မရဘူး၊ သူ့နတ်ကနားထဲမှာ ထွက်ရတယ်၊ ငါ့ပြန်ပို့"

"ကဲ ဒါဆို မြန်မြန်လာခဲ့၊ သိပ်မကြာစေနဲ့နော်၊ ရှင် သတိထား"

"အေးပါ မအိုဇာရယ်၊ လာပါ့မယ်ကွာ"

ဦးထွန်းဆိုင် ကိုကြီးကျော် အဝတ်အစားတွေ အတင်းချွတ်ချပြီး တုန်တုန်နှင့် ပရိသတ်ရှေ့ ကောင်းလိုက်တဲ့ ကြက်ပေါင်ကြော်၊ ကောင်းလိုက်တဲ့ ကြက်ပေါင်ကြော် ဟုဆိုကာ ပြန်ပြေးတော့၏။ ဝါးခနဲ ရယ်လိုက်ကြလေတော့သည်။

❒ မင်းတိုင်ပင် (မြရောင်မြေ)

## ပြောရက်ပလေတယ်

လောကကြီးကို နေရာတကာမှာ ဟာသအဖြစ်နှင့် ကြည့်ဖို့ ဆိုသည်မှာ မလွယ်သော ကိစ္စဟုထင်ပါသည်။ စားဝတ်နေရေး အခက်အခဲမျိုးစုံနှင့် ရှုပ်ထွေး ပွေလီလှသော လောကကြီးကို ပျော်စရာ ရွှင်စရာအဖြစ် ထားဖို့ဆိုတာသာ၍မလွယ်ပါ။

ထို့အတူ သေရေး၊ ရှင်ရေးတမျှ ဒုက္ခခံစားနေရသော အချိန်မျိုးမှာ ထိုခံစားနေရသော ဝေဒနာကို ရယ်စရာအဖြစ်သဘောထားဖို့ ဆိုသည်မှာ ပို၍ပို၍ မလွယ်ဟု ထင်ပါသည်။

ကျွန်တော် ထိုကဲ့သို့ စကားဦးသန်းနေရခြင်းမှာ အဖြစ်အပျက်ကလေးတစ်ခုကို တင်ပြချင်၍ ဖြစ်ပါသည်။

ကျွန်တော် ပြောပါမည်။

၁၉၈၉ ခုနှစ်လောက်က ဖြစ်ပါသည်။

ကျွန်တော်တို့ အလုပ်ဌာနတွင် တပ်မတော်မှ အရပ်ဘက်သို့ ပြောင်းလာသော ဗိုလ်မှူးတစ်ယောက် ရှိသည်။ အသက်က ငါးဆယ်ကျော်လောက် ရှိသည်။ စကားပြောလျှင် အင်မတန် အရယ်အရွှန်း ပြောတတ်သည်။ လူချစ်လူခင်ပေါသည်။ မည်သူ့ကိုမဆို တလေးတစားဆက်ဆံတတ်သည်။ ထို့ကြောင့်လည်း တစ်ဌာနလုံးက ဗိုလ်မှူးကို လေးစား ချစ်ခင်ကြသည်။

တစ်ခုသော နေ့တစ်နေ့၏ ည ၈ နာရီခန့်တွင် ဖြစ်သည်။ ကျွန်တော် တာဝန်ထမ်းဆောင်ရာ ကျန်းမာရေးဌာနသို့ ဗိုလ်မှူး၏ဇနီးက ဖုန်းလှမ်းဆက်သည်။

"ဟလို. . . ဘယ်သူလဲ"

"ကျွန်တော် မင်းဇော်ပါ"

"ဪ ကိုမင်းဇော်၊ ဒေါက်တာ မရှိဘူးလား"

"ဒေါက်တာ နယ်ကို ခဏပြန်သွားပါတယ်၊ တစ်ရက် နှစ်ရက်လောက် ကြာမယ်လို့ မှာသွားပါတယ်၊ ဘာကိစ္စရှိလို့ပါလဲ"

"ဒါဆိုလဲ ကိုမင်းဇော်ပဲ လာခဲ့ပါလားကွယ်၊ မင်းဗိုလ်မှူး ဘာဖြစ်မှန်းမသိဘူး၊ မြန်မြန်လာနော်၊ လာမှ အေးအေးဆေးဆေး ပြောတော့မယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် ခုချက်ချင်း လာခဲ့ပါ့မယ်"

ကျွန်တော်တို့ဌာနမှာ ဒေါက်တာ မရှိရင် ကျန်းမာရေးမှူးသည်လည်း ဒေါက်တာပဲဖြစ်သောကြောင့်(STAND BY) ကားနှင့် ကျွန်တော် ဗိုလ်မှူးအိမ်သို့ အမြန်ဆုံးချီတက်ခဲ့သည်။

ဟိုရောက်တော့ ဗိုလ်မှူးကို ခုတင်ပေါ်မှာ မရှူနိုင် မတယ်နိုင် ဖြစ်နေသည်ကို တွေ့ရသည်။ အနားရောက်တော့ သူ့ထံမှ ယမကာနံ့လည်း သင်းနေသည်။ အခြေအနေ အနည်းငယ်မေးပြီး တီးခေါက်ကြည့်တော့ ကျွန်တော် သဘောပေါက်ပြီ။

ဧည့်ခံပွဲတစ်ခုမှာ အစားကောင်းတွေစား၊ အရက်ကောင်းတွေသောက်ပြီး အိမ်ရောက်တော့ ဗိုလ်မှူးခမျာ ခေါ်မလည်နှင့် ဗိုက်ထဲကနာ၊ ရင်ထဲက မကောင်း၊ ခေါင်းကလည်း မထောင်နိုင်၊ အန်လို့ကလည်းမရ တော်တော်အနေရအထိုင်ရ ခက်နေပုံရသည်။

ကျန်းမာရေးမှူး သင်တန်းကျောင်းက ပို့ချလိုက်သော ပညာများကို အသုံးချကာ ဆေးတစ်လုံးကို ထိုးပေးလိုက်ပြီး သိပ်မကြာလိုက် တဝေါ့ဝေါ့နှင့် ထိုးအန်လိုက်သည်။

ကျွန်တော်က . . .

"အန်လိုက်ဗိုလ်မှူး အန်လိုက်၊ ဒါမှ ပေါ့သွားမှာ"

→→



www.burmeseclassic.com

www.burmeseclassic.com

# ပြောရက်ပလေတယ်

မောင်မြင့်မား
(ဗိုလ်ကလေး)



ဗိုလ်မှူး အန်နေပုံကြည့်ရတာ အားရပါးရ အန်ချင်ပုံမရ။ လှိုက်လှိုက် လှဲလှဲမရှိ။ အရက်မူးလွန်ပြီး အန်သည့်ကိစ္စကို ကျွန်တော်ကိုယ်တိုင်လည်း ခံစားဖူးသည်။ ကြုံဖူးတဲ့လူတိုင်းလည်း ထိုဝေဒနာကို သိကြမည် ထင်ပါသည်။

ဝေါ့ခနဲ၊ ဝေါ့ခနဲ ထိုးအန်လိုက်တိုင်း ဗိုက်ထဲက ဘယ်လိုကြီးမှန်းမသိ၊ အူထဲကလည်း လိပ်လိပ်တက်လာသလို ခံစားရသည်။ ပါးစပ်ထဲသို့ ရောက်လာသော အန်ဖတ်များကလည်း စားစဉ်တုန်းက အစာများလို အရသာရှိသော ခံစားမှုမျိုး မဟုတ်။

ထိုကဲ့သို့ မချိမဆံ့ ခံစားပြီး အန်နေသော အချိန်တွင် တစ်စုံတစ်ခုကို သွားသတိရသည်။

ထိုတစ်စုံတစ်ခုက ဘာလဲဆိုတော့ . . .

"ငါ အရက်သောက်မိတာမှားပြီ" ဆိုသော အသိဖြစ်သည်။

ထိုကဲ့သို့ ဝေဒနာများ ဗိုလ်မှူး ခံစားနေရ၍ ဝေါ့ခနဲ အန်နေချိန်မှာ များများအန်ချလိုက်မှ ဗိုက်ထဲက ပေါ့ပြီး ရှင်းသွားမည်ဟု ကျွန်တော်၏ စိတ်ကူးနှင့် များများအန်ချလိုက်ရန် ကျွန်တော်က တိုက်တွန်းနေခြင်း ဖြစ်သည်။

ထိုအခါ ကျွန်တော့်ကိုရီဝေသော မျက်လုံးဖြင့် ဗိုလ်မှူးကကြည့်ပြီး သူပြောလိုက်သော စကားကြောင့် ကျွန်တော်မှာ အားရပါးရ ရယ်ချင်သော်လည်း မရယ်ရဲဘဲ ပြုံးရုံသာပြုံးလိုက်ရပါသည်။

"ကိုမင်းဇော်ရယ် ပြောမှ ပြောရက်ပလေတယ်၊ ဒါလောက် အရသာရှိတဲ့ အစာတွေကို ဘာလို့အန်ခိုင်းနေရတာလဲ၊ နှမြောစရာကြီးဗျာ"တဲ့။

❒ မောင်မြင့်မား(ဗိုလ်ကလေး)



www.burmeseclassic.com

www.burmeseclassic.com

# သေဒါမှ ကျွမ်းရောက် စာရေးဆရာတစ်ယောက်

မောင်လူသစ်




ဒီမိန်းမကို ကျုပ် ကြည့်မရတာကြာပြီ။ အိမ်ထောင်သက် နှစ်ပေါင်းသုံးဆယ်ကျော် ပေါင်းသင်းလာပြီးလို့ ဒီအသက် ဒီအရွယ်တွေရောက်မှ ဘာဖြစ်လို့ ဒီမိန်းမကို ကျုပ်ကြည့်မရဖြစ်နေရတာလဲ။ တခြား အီစီကလီလေးတွေရှိနေလို့ ဒီသွားကျိုးမကို ကြည့်မရဖြစ်နေတာလားလို့ ခင်ဗျားက မေးချင်မေးမယ်။ ခင်ဗျား ထင်သလို ဘယ်အီစီကလီလေးမှာလည်း ကျုပ်မှာမရှိဘူး။ ကျုပ်လို ခြုံးတစ်ပြားမရှိတဲ့ အသက်ခြောက်ဆယ်ကျော် ကတုံးပြောင်ပြောင် စာရေးဆရာ ငမွဲပြာကို ဘယ်အီစီကလီလေးမှလည်း ကြိုက်မှာမဟုတ်ဘူး။ အဲဒါတော့ ခင်ဗျားယုံ။

ဒီမိန်းမ သွားကျိုးမကို ကျုပ်ကြည့်မရဖြစ်နေတာက ကျုပ်ဘက်မှာ လုံလောက်တဲ့အကြောင်းရှိတယ်။ သြော်မေ့လို့ သွားကျိုးမခေါ်လို့ ကျုပ်မိန်းမက အဘွားကြီးဖြစ်နေလို့၊ ခေါင်းဖြူ စွယ်ကျိုးဖြစ်နေလို့ ခေါ်တယ်မထင်နဲ့ဦးနော်။ ကျုပ်က ငယ်ငယ်လေးတည်းက သူ့ကို သွားကျိုးမ သွားကျိုးမလို့ ခေါ်နေတာ။ ကျုပ်စိတ်ထဲ သူ့ကို ချစ်လာတဲ့အခါဖြစ်ဖြစ်၊ အမြင်ကတ်လာတဲ့အခါဖြစ်ဖြစ် သွားကျိုးမလို့ အမြဲခေါ်တတ်တယ်။

ကျုပ်မိန်းမက ခင်ဗျားမြင်ဖူးတဲ့ အတိုင်း ဖြူဖြူဝဝ၊ ခုံ့ခုံ့ထည်ထည်၊ ခေတ်ပညာတတ်ဘွဲ့ရ၊ မြို့နယ်ဦးစီးအရာရှိ။ ကျုပ် အခုနေတဲ့ လိုင်းခန်းက သူတို့ဌာနဆိုင်ရာက သူ့အတွက်ပေးထားတဲ့ ဝန်ထမ်းလိုင်းခန်း။ အဲဒီ လိုင်းခန်းကလည်း ကျုပ်တို့အိမ်ထောင်ရေး ပြဿနာရဲ့ အရင်းအမြစ်ထဲမှာ တစ်ခုအပါအဝင်ဆိုပါတော့ဗျာ။

ပြောရရင် သမိုင်းက အရှည်ကြီးဗျာ။ ဒီတော့ ခင်ဗျား သဘောပေါက်အောင် အကျဉ်းလောက်ပဲ ပြောပြမယ်။ ကျုပ်က ငယ်ငယ်ကတော့ သူဌေးသားဆိုပါတော့ဗျာ။ ကျုပ်အဖေက သူကြီး။ ကျုပ်အဖေ ကွယ်လွန်တော့ ကျုပ်က ခပ်ငယ်ငယ်ရယ်။

ကျုပ်အမေက ယောကျ်ားမရှိတော့တာကြောင့် ခေတ်ဆိုးခေတ်ပျက်မှာ တောကြောင်တွေရန် ကြောက်ပြီး ရှိသမျှပစ္စည်းတွေနဲ့အတူ ကျုပ်ကို လက်ဆွဲပြီး ရန်ကုန်တက်လာခဲ့တာ။ ရန်ကုန်မှာ ကျုပ်အမေရဲ့ အစ်ကိုကြီး ဘကြီးကိုဗိုက်ကြီး ဆိုတာရှိတယ်။ ဘကြီးကိုဗိုက်ကြီးကလည်း သူ့ခေတ် သူ့အခါမှာ မင်္ဂလာတောင်ညွန့် တစ်ဝိုက်မှာ အထိုက်အလျောက် ပွဲပြီးမီးသေတယ်။ ဩဇာတိက္ကမ အထိုက်အလျောက်ရှိတယ်။ အဲဒီဘကြီးကိုဗိုက်ကြီးရဲ့ အရိပ်အောက်မှာ ကျုပ်တို့သားအမိ လုံခြုံစွာနေရင်းနဲ့ ကျုပ် ရန်ကုန်ဝါး ဝခဲ့ရတယ်၊ လူရည်လည်ခဲ့ရတယ်။ လူရည်လည်လွန်းလို့ ဆယ်တန်း မအောင်ခင်မှာတောင် သမဝါယမဆိုင်မှာ ခပ်တည်တည်နဲ့ အရောင်းစာရေး ဖြစ်ခဲ့ဖူးတယ်။ အဲဒီ သမဝါယမဆိုင် အရောင်းစာရေးလုပ်ရင်းနဲ့ အခု ကျုပ်မိန်းမ ဖြစ်နေတဲ့ သွားကျိုးမနဲ့ တွေ့ကြတာပဲ။

ကျုပ်တို့ငယ်ငယ်က သမဝါယမခေတ်ဆိုတော့ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ဆပ်ပြာ၊ သကြားက အစ စားသောက်ကုန်မှန်သမျှ သမဝါယမဆိုင်မှာပဲ ထုတ်ရတယ်။ အိမ်ထောင်စုတိုင်း ဆီစာအုပ်

www.burmeseclassic.com

ခေါ်တဲ့ သမဝါယမကုန်ဝယ်စာအုပ်ရှိရတယ်။ အဲဒီ စာအုပ်နဲ့ တန်းစီပြီး ကိုယ့်အတွက် ခွဲတမ်းရတဲ့ ပစ္စည်းတွေကို သမဝါယမဆိုင်မှာ ဝယ်ကြရတယ်။ သွားကျိုးမက ဆိုင်မှာ ပစ္စည်းလာထုတ်ရင်းနဲ့ ကျုပ်နဲ့ ရင်းနှီးသွားတာ။ သူက ကျုပ်ထက် ငယ်တော့ ချစ်စနိုးနဲ့ သွားကျိုးမလို့ခေါ်ရင်း တစ်သက်လုံး ကျုပ် နှုတ်ကျိုးသွားတာ။

သွားကျိုးမလည်း ကျုပ်လိုပဲ အဖေဆုံးသွားလို့ အမေမုဆိုးမနဲ့ နေရတယ်။ သူတို့သားအမိက ဆင်းရဲတယ်။ သူ့အမေ ကျုပ်ယောက္ခမလောင်းက ကုန်စိမ်းလေး ဘာလေးရောင်းပြီး သူ့ကို ကျောင်းထားပေးရတယ်။ သွားကျိုးမနဲ့ ကျုပ် စတွေ့ကြတော့ သူက ကိုးတန်းကျောင်းသူပဲ ရှိသေးတယ်။ ကျုပ်က ရတဲ့လစာကို အမေ့ပြန်အပ်စရာ မလိုတာရယ်၊ သမဆိုင်အရောင်းစာရေးဘဝမှာ ဟိုက ဒီက အပိုဝင်ငွေရှိတာရယ်ကြောင့် ငွေရေး ကြေးရေးအဆင်ပြေတယ်။ တောက်တောက်ပြောင်ပြောင်လေး ဝတ်နိုင် စားနိုင်တယ်။

ကျုပ်ငယ်ငယ်ကဆိုရင် ကျုပ်ကို ကြိုက်တဲ့ မိန်းကလေးတွေ တော်တော်များများရှိခဲ့ဖူးတယ်။ ဒါပေမယ့် ကျုပ်က သူတို့ကို မကြိုက်ဘူး။ လူ့စိတ်ဆိုတာ ဆန်းကြယ်တယ်။ မည်းမည်းပိန်ပိန် ခြောက်ခြောက်နဲ့ သွားကျိုးမကိုပဲ ကျုပ်က သနားပြီး ကြိုက်မိတယ်။ သူနဲ့ ကျုပ် သမီးရည်းစားဖြစ်ကြတော့ တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်ခဲ့ကြတယ်။ တစ်ယောက်အကြောင်း တစ်ယောက်သိလာပြီး တစ်ယောက် အခက်အခဲ တစ်ယောက်ကူညီဖြေရှင်းတဲ့အနေနဲ့ရော ကိုယ့်ချစ်သူကို ကောင်းစား ကြီးပွားစေချင်တဲ့ စေတနာနဲ့ပါ ကိုးတန်းကျောင်းသူဘဝကစပြီး ဘွဲ့ရတဲ့အထိ သူ့ရဲ့ကျောင်းစရိတ်၊ အသုံးစရိတ်၊ ဖိနပ်ကစပြီး လိုလေသေးမရှိအောင် ကျုပ်ထောက်ပံ့ကူညီခဲ့တယ်။ သမီးရည်းစား သက်တမ်း ခုနစ်နှစ်ကျော်ကြာပြီး သူဘွဲ့ရ အလုပ်ထဲဝင်လို့အခြေတကျဖြစ်မှ ကျုပ်တို့ လက်ထပ်ခဲ့ကြတယ်။ အဲသလို တည်ဆောက်လာခဲ့ကြတဲ့ အိမ်ထောင်ရေး၊ သူ့ကို ကျုပ်နှမလေးလို၊ သမီးလေးလို၊ ချစ်သူ ဇနီးမယားလို သဘောထားပြီး ငယ်စဉ်ကတည်းက အရိပ်တကြည့်ကြည့်နဲ့ ပြုစုပျိုးထောင်လာခဲ့ရတာ။ ကျုပ်ရင်ထဲက မေတ္တာတရား ထုထည်ဟာ အလွန်ကြီးမားတယ်။

ကျုပ် အလုပ်လား၊ ကျုပ်က စာရေးဆရာ ဖြစ်ချင်တဲ့ကောင် ဆိုတော့ အိမ်ထောင်ကျပြီး ကျုပ်မိန်းမအလုပ်နဲ့အကိုင်နဲ့ ဖြစ်လာချိန်မှာ သမဝါယမဆိုင်က ထွက်ပြီး စာရေးဆရာတွေနဲ့ နီးစပ်တဲ့ စာပြင်ဆရာဘဝ၊ အယ်ဒီတာဘဝကို ရောက်သွားတယ်။ ဖတ်ရင်း၊ မှတ်ရင်း၊ ရေးရင်း၊ လေ့လာရင်း၊ သောက်ရင်းစားရင်း၊ ငြင်းကြ ခုံကြရင်းနဲ့ စာပေအသိုင်းအဝိုင်းမှာ ကျုပ်ပျော်မွေ့ခဲ့တယ်။ စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ ကျုပ်ရင်းနှီးခဲ့ရတယ်။ အဲဒီအထဲမှာမှ ကျုပ်က စာရေးဆရာကြီး မောင်သာရရဲ့ အန္တေဝါသိက တပည့်အဖြစ်နဲ့ နှစ်ပေါင်းများစွာနေခဲ့ရတယ်။ ကျုပ်ဆရာ မောင်သာရကို အားကျပြီး ကျုပ်လည်း ခုချိန်ထိ ကတုံးနဲ့ပဲနေတယ်။ နေနေကျဆိုတော့ နည်းနည်းမှ ဆံပင်ရှည်လို့မရဘူး။ ယားလာတယ်။ သုံးလေးရက်တစ်ခါ အမြဲရိတ်ရတယ်။ ပြောင်နေ ရှင်းနေမှ ကျုပ်က နေတတ်တယ်။

အဲသလို စာပေလောကမှာ ပျော်မွေ့နေတော့ ကျုပ်မှာ ပုံမှန်ဝင်ငွေဆိုတာ မရှိဘူးပေါ့ဗျာ။ စီးပွားရေးတွေ၊ ငွေရေး ကြေးရေးတွေ၊ ရာထူး အာဏာတွေလည်း ကျုပ်က စိတ်ဝင်စားတဲ့ကောင်မဟုတ်ဘူး။ အထင်လည်း မကြီးဘူး။ ကျုပ်က စာပေအနုပညာကိုပဲ စိတ်ဝင်စားတယ်။ စာရေးဆရာ၊ ကဗျာဆရာတွေကို ကျုပ်အထင်ကြီးတယ်။ အဲဒါ ကျုပ်အပြစ်လားဗျာ။ ကျုပ်လွတ်လပ်ခွင့် မဟုတ်ဘူးလား။

ဒီလိုနဲ့ ကျုပ်မိန်းမဟာ သူ့ရဲ့ ဝန်ထမ်းဘဝမှာ တဖြည်းဖြည်း လုပ်သက်ရင့်လာပြီး ရာထူးလည်း တက်လာခဲ့တယ်။ ကျုပ်တို့မှာက သမီးလေး တစ်ယောက်ပဲရှိတော့ မိသားစုစားအိုးလည်းသေးတယ်။ ကျုပ်မိန်းမဝင်ငွေနဲ့ နေစရာလည်း မပူရတော့ စားဝတ်နေရေး ပြဿနာ သိပ်မရှိဘူး။ မနက် သူရုံးသွားရင် ကျုပ်က အိမ်မှာထမင်းချက်၊ အဝတ်လျှော်၊ စာဖတ်၊ စာရေး၊ ပြီးရင် မြို့ထဲသွား၊ ညနေကျရင် ပြန်လာ၊ အိပ်၊ ဒါ ကျုပ် ကျင်လည်ရာဘဝပဲ။ ကျုပ်ပျော်တယ်။

ကျုပ်သမီးဘွဲ့ယူတဲ့နေ့ကတော့ ကျုပ် အပျော်ဆုံးနေ့ပဲ။ အဲ ဒါပေမယ့် မပျော်နိုင်တာ ကျုပ်မိန်းမနဲ့ ကျုပ်သမီးအံ့ရောဗျာ။ ဘယ်လိုဖြစ်လို့ မပျော်ကြသလဲဆိုတော့ မိသားစုစုံစုံညီညီ ဘွဲ့သွားယူမယ့်နေ့မှာ ကျုပ်က ကတုံးကြီးနဲ့ဖြစ်နေလို့ ရှက်တော်မူကြတယ်ဆိုပဲ။ ကျုပ်စိတ်ညစ်ရတယ်။ ပုဆိုးအသစ်၊ အကျႌအသစ်တွေဝတ်၊ ဖိနပ်အသစ်ကိုစီး၊ တိုက်ပုံကြီးဝတ်ပြီး လူယောင်ဆောင်နေရတာ ပင်ပန်းလိုက်တာဗျာ။

ကျုပ်က အဲသလို အရေခွံခြုံပြီး လူယောင်ဆောင်နေရတာကို မုန်းတယ်။ ဘွဲ့ယူပြီး ပြန်လာတာနဲ့ အငှားကားပေါ်မှာတင် အဲဒီကျက်သရေမရှိတဲ့ တိုက်ပုံကြီးကို ကျုပ် ချွတ်ပစ်လိုက်တယ်၊ အပေါ်အကျႌ ကျုပ်ချွတ်ပစ်လိုက်တယ်၊ စွပ်ကျယ်နဲ့ပဲ ကျုပ်နေတယ်။ ကျုပ်မိန်းမဆိုတာ တစ်လမ်းလုံး ကျုပ်ကို တဗျစ်တောက်တောက်နဲ့ လူလို မဝတ်တတ်တဲ့ကောင်၊ သူတောင်းစားလို နေချင်တဲ့ကောင်၊ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ မြည်တွန်တောက်တီးလာတယ်။ သူတို့က အပေါ်ယံ အရေခွံတွေကို သိပ်အထင်ကြီးတတ်ကြတာကိုးဗျ။

ကျုပ်သမီးလည်း ဘွဲ့ရပြီး သိပ်မကြာခင် လင်ပါရရော။ ရတဲ့ကောင်က ပုံမလာဘူး။ ဘွဲ့ရ ပညာတတ်ဖြစ်တဲ့ ကျုပ်သမီးဟာ (၆)တန်းတောင်မအောင်


www.burmeseclassic.com

www.burmeseclassic.com

တဲ့အကောင်ကို ယူတော်မူတယ်။ သတ်ပစ်ချင်လောက်အောင် ကျုပ် စိတ်နာပေမယ့် ဘာတတ်နိုင်မလဲဗျာ။ ကျုပ်မင်္ဂလာဆောင်ပေးပါတယ်။ ကျုပ်စိတ်ထဲ နှမြောလိုက်တာဗျာ။ ဆီဦးထောပတ်ကို အုန်းမှုတ်ခွက်နဲ့ အခပ်ခံရသလို၊ တတ္တိပါကော်ဇောပေါ်ကို ခုံဖိနပ်စုတ်နဲ့ အနင်းခံရသလို ကျုပ်ခံစားရတယ်။

စာရေးဆရာ တစ်ယောက်နဲ့ ဘွဲ့ရပညာတတ် အရာရှိမတို့ရဲ့ သမီး၊ ဘွဲ့ရပညာတတ် သမီးတစ်ယောက်ကို ဒီလို ဘာမှမဟုတ်တဲ့ ဂျပလွတ်ကောင်နဲ့ ဘယ်ညားစေချင်ပါ့မလဲဗျာ။ ကိုယ့်သားသမီးကို ဆင်စီးမြင်းရံ ကောင်းစားစေချင်တာပေါ့ ဟုတ်ဖူးလား။ ကျုပ်စိတ်နာပေမယ့် ရင်ထဲမှာပဲ မျိုသိပ်ထားရတယ်။

ဒါပေမယ့် ကျုပ်သမက်က လူလည်ဗျ။ ကျုပ်တို့မှာ သမီးလေး တစ်ယောက်ပဲရှိတော့ အိမ်ခွဲဖို့ကလည်းမဖြစ်နိုင်တာကြောင့် ကျုပ်တို့အိမ်ကို ဒီကောင်ရောက်လာတယ်ဆိုပါတော့ဗျာ။ ကျုပ်မိန်းမကိုလည်း အမေ၊ အမေနဲ့ တည့်အောင်ပေါင်းတတ်တယ်။ ပိုက်ဆံလည်းရအောင်ရှာတတ်တယ်။ မိန်းမရှိုး သွားတျိုး၊ ယောက္ခမရိုသေ အသက်ရှည်ဆိုတဲ့ စကားအတိုင်း ဒီကောင် လိုက်နာကျင့်သုံးတော့ ကျုပ်မိန်းမရယ်၊ ကျုပ်သမီးရယ်၊ ကျုပ်သမက်ရယ်ဟာ အိမ်ပေါ်မှာ တစ်ပါတီဖြစ်လာတယ်။

သူတို့သုံးယောက်မှာက ကိုယ်စီဝင်ငွေ၊ ကိုယ်စီ အလုပ်အကိုင် ရှိကြတယ်။ ပုံမှန်ဝင်ငွေမရှိတာနဲ့ အလုပ်မရှိတာက ကျုပ်ဆိုတော့ ကျုပ်က ဖြည်းဖြည်း ဘေးရောက်ပြီး တစ်သီးပုဂ္ဂလ ဖြစ်လာတယ်။ သူတို့ ကျုပ်ကို အရေးမလုပ်ကြတော့ဘူး။ ဂရုမစိုက်ကြတော့ဘူး။ သန်းခေါင်စာရင်းထဲမှာသာ ကျုပ်က အိမ်ထောင်ဦးစီးဆိုပေမယ့် အမြင်မှာ ကျုပ်က အိမ်ထောင်ဦးစီး မဟုတ်တော့ဘူး။ ပြောရေးဆိုခွင့်လည်း မရှိဘူး။ ဘာကောင်မှလည်း မဟုတ်တော့ဘူးပေါ့ဗျာ။

ခင်ဗျား စဉ်းစားကြည့်လေ။ သူတို့ သုံးယောက်က မိုးလင်းတာနဲ့ အလုပ်ကိုယ်စီနဲ့ အပြင်ထွက်သွားကြပြီး တစ်နေကုန် ကျုပ်က အိမ်ထဲမှာ တစ်ယောက်တည်း နေနေရတယ်။ ကြာတော့ ပျင်းလာတာပေါ့ဗျာ။ အမြဲတမ်းလည်း စာရေး၊ စာဖတ်မလုပ်နိုင်တော့ ကျုပ် အဖော်ငတ်လာတယ်။ ဒီတော့ ကျုပ်လည်း ထမင်းစားပြီးတာနဲ့ အခန်းတံခါးပိတ်ပြီး မြို့ထဲ ထွက်တော့တာပဲ။ ကျုပ်နဲ့ စိတ်တူကိုယ်တူ ဝါသနာတူတွေကလည်း စာပေ အသိုင်းအဝိုင်းမှာပဲ ရှိတာကိုးဗျ။ ကျုပ်နဲ့ ခင်တဲ့ စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ တွေ့ပြီး စာအကြောင်း ပေအကြောင်း ပြောရတာကိုပဲ ကျုပ်က သဘောကျတယ်။ ကျုပ်နဲ့ ခင်တဲ့ မိတ်ဆွေရောင်းရင်းတွေဆီ သွားတယ်ဗျာ။ လေထန်ကုန်းနဲ့ လေအန်ကုန်းက ရဲဘော်တို့ဆီ ကျုပ် သွားတယ်။ သောက်တယ်။ မူးတယ်။ မိုးကြီးချုပ်မှ ကျုပ် ပြန်လာတယ်။

အဲသလိုနေတာကို ကျုပ်မိန်းမက လုံးဝ သဘောမကျဘူး။ စာရေးဆရာ၊ ကဗျာဆရာတွေကိုလည်း သူက လုံးဝ အထင်မကြီးဘူး။ အလကားငကြောင်တွေ၊ အရူးတွေလို့ သဘောထားတယ်။ ဒီတော့ သူနဲ့ ကျုပ်ဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်လာတယ်။ သူက ကျုပ်ကို အိမ်ထဲမှာပဲနေ၊ ပေးတာယူ၊ ကျွေးတာစား၊ အိမ်စောင့်၊ ထမင်းချက်ဘဝနဲ့ ထားချင်တယ်။ ကျုပ်ရဲ့ စိတ်ကိုရော ရုပ်ကိုပါ အကျဉ်းချထားချင်တယ်။ ကျုပ် လူဗျ။ စာရေးဆရာဗျ။ ခံစားတတ်တယ်။ လွတ်လပ်မှုကို မြတ်နိုးတယ်။ အနှောင်အဖွဲ့ကို ကျုပ်မုန်းတယ်။

ကျုပ်မိန်းမက ကျုပ်ကို မလေးစားတော့ဘူး။ သူက မလေးစားတော့ သူ့သမီးကလည်း မလေးစားတော့ဘူး။ သူ့သမက်လည်း မလေးစားတော့ဘူး။ နေ့တိုင်း ကျုပ်မိန်းမက ကျုပ်ကိုပြဿနာရှာတယ်။ ဆူပူ ကြိမ်းမောင်းတယ်။

ကြည့်လေ . . .

"အလကားကောင်၊ သူတောင်းစား၊ စာရူးပေရူးကောင်၊ နင်က အိမ်လဲမလုံဘူး ဆိုက်ကားသမား လင်လုပ်နေရင်တောင် အိမ်စားစရိတ် ရဦးမယ်၊ ဘာမှ အသုံးမကျတဲ့ အလကားကောင်" ဆိုပြီး ရင့်သီးစော်ကားတဲ့ စကားတွေနဲ့ကျုပ်ကို အမြဲစော်ကား ပြောဆိုနေတယ်။ ဒါပေမယ့် ကျုပ် သည်းခံပါတယ်ဗျာ။

ဒါပေမယ့် တစ်နေ့တော့ ကျုပ် ပေါက်ကွဲတယ်။ ဒါပေမယ့် သူတို့ အပေါ်တော့ မဟုတ်ဘူး။ သူတို့အပေါ် ကျုပ် မပေါက်ကွဲရဲဘူး။ ကိုယ့်ကိုယ်ကိုယ် ပေါက်ကွဲတာ၊ အရက်ဖြတ်ချင်ယောင်ဆောင်ပြီး ကျုပ် ကြောင်ချင်ယောင် ဆောင်တော့တာပဲ။ ရူးသလို ကြောင်သလိုနဲ့ တောင်အော် မြောက်အော်၊ ဟိုဟာကိုင်ပေါက်၊ ဒီဟာကိုင်ပေါက် လုပ်တော့ သူတို့လန့်သွားပြီး ကျုပ်ကို ဝိုင်းဝန်းချုပ်နှောင်ပြီး ဆေးရုံပို့လိုက်ကြတယ်။ သူတို့ ဗျာများနေတာကိုကြည့်ပြီး ကျုပ်ရင်ထဲ ပျော်လိုက်တာဗျာ။ တကယ်ပါ။ ဆေးရုံက ဆရာဝန်တွေကလည်း အရက်ဖြတ်လိုက်လို့ ကျုပ်တကယ့်ကို ကြောင်သွားပြီ ထင်ကြတာ။ ဟား ဟား ဟား ရယ်ရတယ်ဗျာ။

ကျုပ်လိုကောင်က ကြောင်သွားပါ့မလားဗျာ။ စဉ်းစားကြည့်ပါဦး၊ စာအုပ်တွေ ထောင်သောင်းမက ဖတ်ထားတဲ့ ဦးနှောက်ဗျ။ စာရေးဆရာဗျ။ သတင်းထောက်ဗျ။ ကဗျာဆရာဗျ။ နှယ်နှယ်ရရ ဦးနှောက်မှတ်လို့။

တမင် ရူးချင်ယောင်ဆောင်တာ ခေတ်မကောင်းလို့၊ ကျုပ် ဆေးရုံထဲမှာ ပေါ်ကနေ အော်ဟစ် ခုန်ပေါက်ပြီး အော်က်ကို လှိမ့်ချလိုက်တယ်။ ဘာရမလဲ။ ကိုယ့်ကိုယ်ကိုယ် ရှာအောင်တော့ ဘယ်လုပ်ပါ့မလဲဗျာ။ ကြောင်တုလေးတော့ ကျအောင် လှိမ့်ခုရတာပေါ့။

ဘာပြောကောင်းမလဲ ဆရာဝန် ဆရာမတွေရော၊ ကျုပ်မိန်းမ သွားကိုမရော၊ ကျုပ်သမီး လင်တစ္ဆေမရော၊ ကျုပ်သမက် ဘုတ္တာလီကောင်ရော မျက်နှာ





www.burmeseclassic.com

www.burmeseclassic.com

ငယ်လေးတွေနဲ့ ကျုပ်ကိုအတင်း ခုတင်ပေါ် ဆွဲတင်ကြပြီး ခြေထောက်နှစ်ဖက် လက်နှစ်ဖက်ကို ခုတင်တိုင်နဲ့ တွဲပြီး ကြိုးချည်လိုက်ကြတယ်။ ဆရာမ တစ်ယောက်က အိပ်ဆေး ထိုးပေးလိုက်တယ်။ သွားပြီဗျို့။ ကျုပ်တော့ ကိုယ့်ရှူးကိုယ်ပတ်၊ ကိုယ့်အတတ်ကိုယ်စူး၊ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားနိုင်ဖြစ်ပြီဗျာ။ ဟား ဟား ဟား. . . ။

ကျုပ် အိပ်ရာကနိုးလာတော့ ခြေနှစ်ဖက် လက်နှစ်ဖက်ကို ကားကားလေးလုပ်ပြီး ကြိုးနဲ့ လေးဖက်လေးတန် တုပ်ထားတော့ လူကပက်လက်ကလေး၊ ဘာမှလည်း လုပ်လို့မရဘူး။ ဆေးရှိန်နဲ့ လူက ရီဝေနေတယ်။ အဲဒီမှာ ကျုပ်မိန်းမက အကြောင်းကြားလိုက်တယ် ထင်ပါရဲ့။

ကျုပ်ရဲ့မိတ်ဆွေ စာရေးဆရာတွေဖြစ်တဲ့ မျက်နှာဖောသွပ်သွပ် ဗိုက်ပူပူနဲ့ ဘုန်းခေါင်ရယ်၊ ထိပ်ပြောင်ပြောင်နဲ့ အင်မတန် ဉာဏ်နီ ဉာဏ်နက်များတဲ့ ရွှေအိမ်ဦးဆိုတဲ့ ငနဲရယ်၊ နယ်ထိန်း ဆားပုလင်းလို ပုံစံမျိုးနဲ့ အောင်ထိုက်ဆိုတဲ့ ငနဲရယ်၊ ဆေးခြောက်မူးနေတဲ့ လူရွှင်တော်မျက်နှာမျိုးနဲ့ ဖျာပုံရဲခိုင် ဆိုတဲ့ ငနဲရယ်၊ မခုတ်တတ်တဲ့ကြောင်ပုံစံမျိုးနဲ့ မောင်မောင်မြင့်ဆိုတဲ့ ပုဂ္ဂိုလ်ရယ်၊ ပုပုကွကွ တောဇီးကွက်လို မျက်နှာမျိုးနဲ့ ကာလုဆိုတဲ့ ကာတွန်းကောင်ရယ်၊ လူပုံချောချော ဥပမိရုပ်ကောင်းကောင်းနဲ့ စိတ်သစ်ဆိုတဲ့ ကဗျာဆရာ ကောင်လေးရယ်၊ နောက် အများကြီးပဲဗျာ။

ကျုပ် ခုတင်ဘေးမှာ ဝိုင်းပြီး ကြည့်နေကြတယ်။ စိတ်သစ်ဆိုတဲ့ ကဗျာဆရာကလွဲရင် ကျန်တဲ့ကောင်တွေဟာ ငါသေရင် ငါမိန်းမကို ယူမယ့်ကောင်တွေ ဖြစ်လေမလားဆိုပြီး ကျုပ် သူတို့ မျက်နှာကို အကဲခတ်နေတာ သူတို့ သိကြဟန်မတူဘူး။ အားလုံးထဲမှာ ကျုပ်မယုံကြည်ဆုံးကတော့ ကာလုဆိုတဲ့ တောဇီးကွက်မျက်နှာနဲ့ ကာတွန်းကောင်ပဲ။ ဟိုတစ်လောက အဲဒီကောင် ကာလု ပဲခူးမှာ ဒုလ္လဘရဟန်း ဝတ်မယ်ဆိုပြီး သူ့ရဲ့အီစီကလီလေးနဲ့ (၇)ရက်လောက် သွားနေပြီး ပြန်လာတော့ ကတုံးရိတ်ပြီး ပြန်လာတာ ကျုပ်မသိဘူး မှတ်လို့။

အလကား ပြောတာပါဗျာ။ ကျုပ်က ပါးပါးလှစ်လှစ်လေးပါ။ ဘယ့်နှယ်ဗျာ လူ့ဘဝကို နှစ်ပေါင်းခြောက်ဆယ်ကျော် ဖြတ်သန်းခဲ့ပြီးပြီ။ ခေတ်ဆိုး ခေတ်ပျက်၊ စနစ်ဆိုး စနစ်ပျက်၊ လူဆိုးလူပျက် အများကြီးကို တွေ့ကြုံခဲ့ပြီးပြီ။

ကျုပ်ဘေးမှာရှိနေကြတဲ့ စာရေးဆရာ၊ ကဗျာဆရာတွေဟာသစ္စာတရားကို ဘုရားလို ကိုးကွယ်ပြီး ကျောက်တောင်လို ယုံကြည်ချက် ခိုင်မာတဲ့ သံမဏိရဲဘော်တွေဗျ။ ကျုပ်ရဲ့ သေဖော်သေဖက် ရဲဘော်တွေဆိုတာ ကျုပ်သိတယ်။ တကယ့် လူအစစ်တွေ၊ ဘာအရေခွံမှ ခြုံမထားတဲ့လူသား စစ်စစ်တွေ။ မျက်နှာပြောင်တိုက်ပြီး သူမဟုတ်ခဲ့သလိုနဲ့ အရေခွံလဲပြီး ပြုံးဖြဲဖြဲနဲ့ ပြောင်လိမ်ပြောင်စားလုပ်နေတဲ့ကောင်တွေ မဟုတ်ဘူး။ ကျုပ် ရဲဘော်တွေကို ကျုပ် ယုံကြည်တယ်။

ကျုပ်ဆေးရုံကဆင်းလာပြီး သိပ်မကြာခင် ထုံးစံအတိုင်း ကျုပ်မိန်းမက ကျုပ်ကို ပြဿနာရှာတော့တာပဲ။

"ဟေ့ ကတုံး၊ ချီးဘူးကောင်၊ သူတောင်းစား၊ နင့်ကို လင်လုပ်နေရတာ ငါနာတယ်၊ ခွေးအမြီးပြတ်ကို ယူထားတာကမှ အိမ်လုံဦးမယ်၊ တစ်ရက် တစ်ရက် မြို့ထဲသွား၊ အရေမရ အဖတ်မရ စာရေးဆရာတွေနဲ့ပေါင်းပြီး လေပေါ၊ မူးရူးနေတဲ့ကောင်၊ အလကားကောင်၊ သွား ဆင်းသွား၊ ငါ့ရာထူး ငါ့ပါဝါနဲ့ ရထားတဲ့ ဒီတိုက်ခန်းပေါ်ကနေ ဆင်းသွား၊ အလကားကောင်"

ပြောရက်လိုက်တဲ့ သွားကျိုးမဗျာ။ စဉ်းစားကြည့်စမ်းပါဦး။ သူ ဒီဘဝရောက်အောင်၊ ဘွဲ့ရ ပညာတတ်ဖြစ်အောင် ကျုပ်က ကျောင်းထားပေးခဲ့ရတာ။ ပြုစုပျိုးထောင်ပေးခဲ့ရတာ၊ ... ချိန်တုန်းက သူပဲ ကျုပ်ကို သူ့ရင်ခွင်... ထည့်ပြီး ဒီကတုံးလေးကို ပွတ်ပြီး သိ... ချစ်တာပဲ ကိုကိုရယ်ဆိုပြီး ချော့သိ... တာ မဟုတ်ဘူးလား။ အခုမှ ဘယ်... ဖြစ်သွားရတာပါလိမ့်။

ဘာမှမဟုတ်တဲ့ ရာထူး... လေးကို မာန်တက်နေတာလား။ ဘာ... မြဲတဲ့အရာလည်း မဟုတ်ပါဘူး။ ကျ... မိန်းမကို သနားတယ်ဗျာ။ သူပြောသ... ကျုပ်ကို လင်လုပ်ရတာ နာတယ်၊ အ... မရ အဖတ်မရ စာရေးဆရာတွေ... ပေါင်းပြီး လေပေါနေတဲ့ကောင်ဆိုတာ... စဉ်းစားကြည့်ပါဗျာ။

စာရေးဆရာ ဘာရာထူး အ... အာဏာမှ မရှိပေမယ့် လိပ်ပြာလုံတယ်ဗျ... သမိုင်းကြောင်း သန့်ရှင်းတယ်။ စာ... ဆရာတွေကပဲ လောက အမှောင်တို... ကို အလင်းထွန်းညှိပေးခဲ့ကြတာ။ ကျ... မိန်းမ အထင်ကြီးနေတဲ့ ငွေရှင် ကြေး... အာဏာရှင်တွေ ကိုယ့်လိပ်ပြာ ကို... လုံကြသလား၊ သမိုင်း ကောင်းခဲ့ကြ... သလား၊ လောကကို အလင်းထွန်းညှိ... ကြသလား၊ အားလုံးကို ပြည်သူလူထု... ကမှတ်ချက်ကျောက်တင်ကြလိမ့်မယ်...

ကျုပ်တို့ စာရေးဆရာ ကဗျာ... ဆရာတွေဟာ ဘယ်တုန်းကမှ ပြည်သူ... ကို သစ္စာမဖောက်ခဲ့ကြဘူး၊ လောက... အလင်း ထွန်းညှိပေးခဲ့ကြတယ်ဆို... ရာဇဝင်က သက်သေခံလိမ့်မယ်၊ ကျ... တို့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချု... အောင်ဆန်း ပြောခဲ့သလို . . .

"နောင်ရာဇဝင်ပြန်ရေးတဲ့အခါ... မှာ ကျုပ် သစ္စာဖောက် မဖြစ်နိုင်ဘူး... ဆိုတာ ယုံကြည်တယ်" ဆိုသလိုပဲ... ဗျာ။

❒ မောင်ရွှေ...





www.burmeseclassic.com

www.burmeseclassic.com



# အားနာခြင်းနှင့် ဆိုသည်များရယ်

ကိုရွှေတောသား

မိန်းမသားတွေ စုဝေးပိုင်းဖွဲ့ပြီး ဟိုအကြောင်း ဒီအကြောင်းတွေ ပြောဆိုကြသည်ကို အတင်းဟု ဆိုကြ၏။

အဲ. . . ယောကျ်ားတွေ စုဝေးပိုင်းဖွဲ့ပြီး ပေါက်တတ်ကရ ပြောကြ ဆိုကြတာတွေကျတော့ မည်သို့ ခေါ်ပါမည်နည်း။ ဤ၌ ဘယ်ပညာရှိလဲတော့ မသိ၊ ယောကျ်ားသားတွေ စုဝေးပြောဆိုကြသည်ကို သတင်းဟု ခေါ်ပါသတဲ့။ အတင်းပဲဖြစ်ဖြစ်၊ သတင်းပဲဖြစ်ဖြစ် စုဝေးပိုင်းဖွဲ့ ပြောဆိုကြသည်ကတော့ ပျော်ရောကောင်းလှပါဘိသည်။

တမာတောရွာမှ ချက်စူ တစ်ယောက် ရွာမှ ကျောင်းဆရာလေး ကိုကြည်သာ၏ကောင်းမှုဖြင့် ရန်ကုန်ရွှေမြို့တော်သို့ ရောက်ခွင့်ကြုံခဲ့သည်။ ဆရာလေးကိုကြည်သာက ရန်ကုန်မြို့သား စစ်စစ်။ ပြီးတော့ ဘွဲ့ရ ခေတ်ပညာတတ်။

သို့ရာတွင် ဆရာလေးက လူတစ်မျိုး။ ရန်ကုန်ရွှေမြို့တော်မှာ မပျော်ပိုက်။ သူနှစ်ခြိုက် ပျော်ပိုက်သည်က ကျေးလက်တောရွာဆိုပဲ။ ဒီအတွက် မိဘဆွေမျိုးတွေ အတန်တန်တားသည့်ကြားမှပင် ဘွဲ့ရပြီးသကာလ ကျောင်းဆရာအလုပ်ကို တန်းလျှောက်သည်။ မည်သည့်နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သည်ဟု ဆိုခြင်းအတွက်ကြောင့် ချက်ချင်း အလုပ်တန်းရသည်။ သို့ဖြင့် မြို့ပြရန်ကုန်နှင့် အတော်လေးအလှမ်းကွာလှသော ချက်စူတို့၏ တမာတောရွာကလေးသို့ မူလတန်းကျောင်းဆရာအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်ချေ၏။

မြို့ကြီးသား ဖြစ်သော်လည်း မြို့ကြီးသား မဆန်။ ကျေးလက်စရိုက်နှင့် အညီ နေတတ်၊ ထိုင်တတ်၊ စားသောက်တတ်သည်မို့ မကြာခင်မှာပင် အသွင်တူ၍ အိမ်သူသဖွယ် ဖြစ်သွားကြတော့ 'တမာတောနှင့် ဆရာလေး' 'ဆရာလေးနှင့် တမာတော' သည် ခွဲမရအောင် ထပ်တူဖြစ်သွားခဲ့ကြသည်။

ဆရာလေးအား ကလေးသူငယ်စာသင်သားတွေသာမက ချက်စူတို့လို ကာလသားပေါက်တွေကလည်း ချစ်ခင်ကြသည်။ ရွာဦးဘုန်းတော်ကြီး အပါအဝင် ရွာသူ ရွာသား သက်ကြီးပိုင်းတွေကလည်း ခင်ခင်မင်မင် တလေးတစား ရှိကြသည်။

www.burmeseclassic.com

ဆရာလေးအဖို့ တမာတောရွာ၌ ချက်စူတို့အိမ်သည် စားအိမ်သောက်အိမ်ဖြစ်သည်။ ချက်စူ၏အဘနှင့် အမေကလည်း ဆရာလေးအား ချက်စူကို အပ်ထားကြသည်။

ဆရာလေးက စာပေလေ့လာဖတ်ရှုမှု များ၍ထင့် ဗဟုသုတ ကြွယ်ဝသလို စကားပြောကလည်း ကောင်းလှသည်။ ရွာထိပ်ရိပ်သာ၌ စကားဝိုင်းမဖွဲ့လိုက်နှင့် ဖွဲ့လိုက်သည်နှင့် ကာလသားကြီးကြီး ရွယ်ရွယ် ငယ်ငယ် လတ်လတ် အပေါင်းသည် ဆရာလေး၏ အာဝဇ္ဇန်းကြားတွင် ငုတ်တုတ်မေ့သွားနိုင်လောက်သည်။

ထူးဆန်းအံ့ဩဖွယ်ရာတွေ ပြောရမလား။ ပါးစပ်အဟောင်းသားနှင့် ငေးသွားရလောက်သည်။

ရယ်စရာ ဟာသတွေ ပြောရမည်လား။ တဝါးဝါး တဟားဟားနှင့် ပတ်တုတ်၍ မရနိုင်လောက်အောင် ညှို့ယူဖမ်းစားသွားမည်။

ဝမ်းနည်းကြေကွဲစရာတွေ ပြောပြရမည်လား။ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ကာ အားလုံး၏ မျက်ဝန်းအိမ်၌ မျက်ရည်ဥတွေ တွဲခိုသွားမည်။

ဒီရွှေ ဒီမျှအထိ ဆရာလေး၏ စွမ်းအင်သတ္တိက ထူးခြားလှပါဘိ။

ခါတိုင်းနှစ် ကျောင်းပိတ်တုန်းက ဆရာလေးသည် သူ့မွေးရပ်ဇာတိ ရန်ကုန်သို့ မပြန်ခဲ့။ တမာတောမှာပင် ပျော်မောနေခဲ့သည်။ ဒီတစ်နှစ်ကျတော့ မိဘညီအစ်ကို သားချင်းတွေက စာတစ်တန်ပေတစ်တန်ဖြင့် ပြန်လာခဲ့ဖို့ မှာလေသည်မို့ နွေရာသီ ကျောင်းပိတ်သည့်အခိုက် ရန်ကုန်သို့ပြန်ခဲ့ရာ ဆရာလေး၏ တာဝန်ယူ ခေါ်ဆောင်မှုကြောင့် တမာတောရွာသားလေး ချက်စူလည်း တစ်ခါဖူးမျှ မရောက်ဖူးလေသော ရန်ကုန်ရွှေမြို့တော်ကြီးသို့ ရောက်ခဲ့ရပါ၏။

ဘုန်းတန်ခိုး အလွန်ကြီးမားသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးအပြင် ဆူးလေစေတီ၊ ကျိုက်ခေါက်စေတီ၊ ဗိုလ်တထောင်စေတီ၊ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ သယ်န်းကျွန်းစေတီ၊ ရွှေနားပန်ဘုရား၊ ရွှေဘုန်းပွင့်စေတီ၊ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ်စေတီ မင်းမဟ္မကုန်း၊ တိရစ္ဆာန်ဥယျာဉ် စသဖြင့်နေရာစုံအဖုံဖုံသို့ ရောက်ရှိခဲ့သည်မှာ ဝမ်းမြောက်ကြည်နူးဖွယ် ကောင်းလှပါဘိတော့။

ဒီ့အတွက် ချက်စူအဖို့ ဆရာလေးကို လွန်စွာမှ ကျေးဇူးတင်နေမိသည်။

"မလိုပါဘူး ချက်စူရယ်၊ မင်းနဲ့ငါဟာ သူစိမ်းတွေမှ မဟုတ်ကြတာဘဲ၊ မင်းတို့ရွာမှာဆို ငါ ဘယ်လိုနေခဲ့ရသလဲ၊ အဲသလိုမျိုး သဘောထားစမ်းပါကွာ"

ဆရာလေး သဘောကောင်းသကဲ့သို့ပင် ဆရာလေး၏ အိမ်သူအိမ်သားတွေကလည်း သဘောသကာရကောင်းကြသည်။ မွန်မွန်ရည်ရည် ပျူပျူငှာငှာ ရှိလှသည်။ ဒီ့အတွက် ချက်စူအဖို့ အနေကျုံ့ခြင်း မဖြစ်တော့ဘဲ နေသာထိုင်သာ ရှိတော့သည်။

ဒီကနေ့လည်း ဆရာလေးက သူ၏ကျောင်းနေဖက် သူငယ်ချင်းအချို့နှင့် မိတ်ဆုံစားသောက်ကြရင်း စကားဝိုင်းဖွဲ့ကြရန်အတွက် စားသောက်ဆိုင်တစ်ဆိုင်၌ ချိန်းဆိုထားသည်။

"ဟေ့ကောင် ချက်စူ၊ မင်းမလိုက်လို့ မရဘူး၊ လိုက်ကို လိုက်ခဲ့ရမယ်၊ အားလုံးဟာ ငါနဲ့အလွန်မတန် ခင်မင်ကြတဲ့ သူငယ်ချင်းတွေကွ၊ စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ ဆိုကြမှာ၊ ဒီတော့ မင်းအတွက် လေ့လာစရာ ဗဟုသုတ တိုးတာပေါ့ကွာ"

ဒီလိုမျိုး မဖြစ်မနေခေါ်တော့လည်း ချက်စူအဖို့ ဘယ်ငြင်းသာမှာတဲ့နည်း။ ဆရာလေးနောက်လိုက်လျက် စားသောက်ဆိုင်သို့ ရောက်သွားရပါလေတော့၏။

ဒီမှာတင် ဆရာလေး၏ကျော…
နေဖက်သူငယ်ချင်းများကို တွေ့ဆုံ…
၏။ အားလုံးသည် ပွင့်ပွင့်လင်းလင်း…
ဟောဟောဒိုင်းဒိုင်း။ ပြီးတော့ ဖော်…
ရွှင်ရွှင်သမားတွေ။

ကျောင်းတုန်းက ဘယ်လော…
တောင် ခင်မင် ရင်းနှီးခဲ့ကြလေသ…
မသိ။ ယခုလို အလုပ်တွေ အကိုင်…
နှင့် လုပ်ငန်းခွင်ရှိရာ အသီးသီး…
ရောက်သွားကြပြီဆိုသော်လည်း ယ…
စဉ်တုန်းဆီက စိတ်ထားတွေသည် ကွ…
ပျောက်မသွား။

ယခု ဆုံစည်းမိကြသည်…
ခြောက်ယောက်။ အားလုံး ပြော…
ဆိုမနာတွေ။

ကုန်ကျသမျှ ဝိုင်းပြီး အချိ…
ထည့်ဝင်မည်ဆိုပြီး မှာလိုက်သည့် …
ဖွယ်ရာတွေမှာလည်း မနည်း။ ချက်…
အတွက်တော့ မကြားဖူး၊ မစားဖူးသ…
ထူးထူးဆန်းဆန်း စားသောက်ဖွယ်…
တွေပင်။

ငါးကြင်းမြီးကြွပ်ကြော်တဲ့၊ …
တုပ် ချိုချဉ်ကြော်တဲ့၊ ကြက်တောင်…
အစာသွတ်တဲ့၊ ငါးမန်းတောင် ဟင်း…
တဲ့၊ ဆလပ် . . . တဲ့။

စားဖွယ်တွေ စုံသလို သော…
စရာကျတော့လည်း အာရှင်အောင်…
ဆိုကာ ပုလင်းဘီယာတွေကို မှာကြ…
သည်။ ဆရာလေး၏ ကောင်းမှု…
ချက်စူတောင်မှ ဘီယာဆိုတာကြီး…
သောက်ခွင့်ရလိုက်သေးသည်။

ဘယ်လိုကြီးမှန်း မသိ၊ ကြဲ…
လိုလို ဘာလိုလို။ ပြီးတော့ ခါးသ…
သက်ကြီး။ တမာတောရွာက ကိုစံခ…
ထန်းရည်လောက်တော့ ခံတွင်းမတွေ…
သည်က အမှန်ပင်။

"ချက်စူ စားကွာ၊ ဘာမှ အား…
မနာနဲ့၊ ဒါ ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း…
တွေ၊ သူက ကုမ္ပဏီဒါရိုက်ဂ်ာ ကိုအေး…
လတ်တဲ့၊ ဒီဘက်က ကိုမြင့်ဦးမြင့်၊ သူ…
ဗီဒီယိုဇာတ်ညွှန်းရေးဆရာ၊ ဒါက …
တိုက်နဲ့ ကြေးနန်းဌာန ကိုထွေး…

www.burmeseclassic.com

အထက်တန်းရှေ့နေကြီး ကိုတင်ယု၊ သူက ဆေးရုံကြီးက ဆရာဝန် ဒေါက်တာအောင်သန်း၊ ဒီဘက်က ရွှေပန်းတော မဂ္ဂဇင်းအယ်ဒီတာ မောင်ငြိမ်းသူတဲ့ကွ၊ သူငယ်ချင်းတို့ရေ ဟောဒါ ငါ စာသွားသင်တဲ့ တမာတောရွာက ချက်စူတဲ့၊ သူတို့တစ်အိမ်သားလုံးက ငါ့ရဲ့မိသားစုပဲ"

အားလုံးကို ဆရာလေးက မိတ်ဆက်ပေးသည်။

သူတို့အားလုံးကလည်း တကယ့်ကို နှစ်နှစ်ကာကာအပြုံးများဖြင့် အသိအမှတ် ပြုကြသည့်အတွက် ချက်စူ ပျော်သွားရပါသည်။

"ကိုင်း. . . ညီလေးချက်စူ စိတ်ကြိုက်သာစားကွာ၊ အစ်ကိုတို့ကို ဘာမှ အားနာစရာမရှိဘူး"

"ဟုတ်ကဲ့ခင်ဗျ"

ချက်စူအဖို့ ဆရာလေးသူငယ်ချင်းများ၏ ဖော်ရွေမှုကြောင့် အနေရ အထိုင်ရ မကျပ်တော့။ စားရဲသောက်ရဲ ရှိလာသည်။

"ဟေ့ကောင်ကြီး မြင့်ဦးမြင့်၊ မင်း မျက်နှာ ကြည့်ရတာ မရွှင်သလိုဘဲ၊ မင်း နှမ ရှင်ထွေးကြည် လင်နောက်လိုက်သွားလို့လား"

"အိ. . . သေပဟ"

ဆရာလေး၏ တုတ်ထိုး အိုးပေါက် အမေးကြောင့် ဇာတ်ညွှန်းရေး ဆရာ ကိုမြင့်ဦးမြင့်ခမျာ ဇက်ကလေး ပုရှုံ့ဝင်သွားတော့သည်။

"အေးကွာ၊ အဲဒါကြောင့်ပဲ ငါ့မှာ ခုတစ်လော အကြီးအကျယ် မျက်နှာပူနေရတာ၊ ငါ့ညီမကလဲ မိုက်ပါတယ်ကွာ၊ ငါ လက်တိုလက်တောင်းခိုင်းနေတဲ့ ငါ့ တပည့်မှုံကြီးနဲ့မှ လိုက်ပြေးရတယ်လို့၊ အဲဒီအတွက် လာလာမေးကြသူတွေကို ဖြေဖြေပေးနေရတာအစ်ကိုတစ်ယောက်အတွက် ဘယ်ကလောက်မျက်နှာပူစရာကောင်းလိုက်လေသလဲ"

"အပေး ပေး. . . ဒါဆိုရင် ဟိုစကားပုံလို ဖြစ်နေပြီ"

"ဘယ်စကားပုံလဲ ကိုထွေးရ"

"နှမလင်နေ မောင်ဖင်ကျိန်းဆိုတာလေကွာ"

"ဟား ဟား. . . ဟား ဟား"

တစ်ဝိုင်းလုံး ဟားတိုက်ရယ်မောမိကြ၍ ရှင်ကြည်လတ်ဆတ်သွားကြသလိုပင်။

"မင်းမျက်နှာပူရတာ ဘာဟုတ်သေးလို့ပဲကွာ၊ ငါမျက်နှာပူရတာမှ ပိုဆိုးတာ"

"လုပ်စမ်းပါဦး ကုမ္ပဏီဒါရိုက်တာကြီးရယ်"

ကိုကေလတ်၏ ဟလာသော စကားအပေါ် ဝယ် တစ်ဝိုင်းလုံး စိတ်ဝင်စားသွားကြသည်။

"မင်းတို့ ငါတို့ မြန်မာမှုထုံးတမ်း ဓလေ့မှာ မသိကျွမ်းသေးတဲ့တစ်စုံတစ်ဦးနဲ့ မိတ်ဆက်ပေးကြတဲ့အခါမျိုးမှာ ဘယ်လိုစကားမျိုးတွေ ပြောတတ်ကြသလဲ"

"ဟ. . . ခုလိုမျိုး တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောကြတာပေါ့ကွ"

"အေး၊ အဲဒီဝေါဟာရ စကားလုံးကြောင့်ပဲ ငါ့မှာ မျက်နှာပူစရာ ဖြစ်လာရတာပေါ့"

"ဆိုစမ်းပါဦးကွာ၊ မင်းမျက်နှာပူရတဲ့ကိစ္စ"

"အေး၊ တမြန်နေ့ကပေါ့ကွာ၊ ငါ့မိတ်ဆွေတစ်ယောက်ရဲ့အမေ ရုတ်တရက် ရောဂါဖောက်ပြီး ကွယ်လွန်သွားလို့ အသုဘသတင်းမေး သွားခဲ့မိတယ်၊ ဟိုရောက်တော့ အလောင်းဘေးမှာ မိတ်ဆွေရဲ့ မိသားစုတွေက သေတဲ့သူကို တတပြီး အော်ဟစ်ငိုကြွေးနေကြတယ်၊ ငါ့ကိုမြင်တော့ ငိုတာ ခဏရပ်သွားတယ်။

အဲဒီမှာ မိတ်ဆွေက သူစိမ်းဧည့်သည်ဖြစ်တဲ့ ငါ့ကို ကြေကွဲပူဆွေးနေတဲ့ သူ့မိသားစုနဲ့ မိတ်ဆက်ပေးတယ်၊ အဲဒီမှာ မြန်မာမှု ဓလေ့ထုံးစံအတိုင်း ပါးစပ်ကနေ လွှတ်ခနဲဆိုသလို . . .

'ခုလိုမျိုး တွေ့ရတာ သိပ်ကို ဝမ်းသာလိုက်တာဗျာ' လို့ ပြောလိုက်မိတယ်

မင်းတို့ စဉ်းစားကြည့်ကြ [illegible] သူတစ်ပါး ပူဆွေး ကြေကွဲနေကြတဲ့ အခိုက်မှာ ငါက 'ဝမ်းသာလိုက်တာ' လို့ ပြောမိတော့ တောက် ငါ့ပါးစပ်ကို ငါ ပိတ်ရိုက်ချင်လိုက်တာကွာ၊ တစ်ဖက်လူတွေကလဲ မျက်နှာတွေ မည်းတက်သွားကြတယ်၊ ငါလဲ မျက်နှာပူတာနဲ့ ချက်ချင်းဆိုသလို ထလစ်လာခဲ့တာပဲဟေ့"

"ဟား ဟား ဟား. . . ဟုတ်ပေ့ကွာ၊ ဟုတ်ပေ့၊ မျက်နှာပူမယ်ဆို ပူလဲ ပူလောက်ပါပေဗျာ"

"ဟာ ကေလတ်ရာ မင်းမျက်နှာပူသလိုမျိုး ငါလဲ ပူခဲ့ရတယ်ကွ"

စာတိုက်နှင့်ကြေးနန်းဌာနမှ ရုံးအုပ်ကြီးဖြစ်သူ ကိုထွေးက သူ့မျက်နှာပူရခြင်း ကိစ္စကို အားကျမခံ စကားစလာသည်။

"ဘယ်လို မျက်နှာပူရတာတုံးကွ၊ လုပ်စမ်းပါဦး"

"ငါပူရတာ ကေလတ်ပူပုံမျိုးနဲ့တော့ မတူဘူး၊ ငါ့လုပ်ငန်းကိုလဲ မင်းတို့ သိကြတာပဲ၊ ကြေးနန်းဘက်မှာ တာဝန်ယူထားရတာ၊

အဲဒီမှာကွာ ငါတို့လမ်းထဲရှိတဲ့ အိမ်တွေကို ကြေးနန်းစာပါလာရင် စာပို့လုလင်လေး သန့်ဇော်သစ်တို့ ငုံ့ညွှာတဲ့အနေနဲ့ ငါကပဲ သူ့ကိုယ်စား [illegible] လေ့ရှိတယ်"

"တော်စမ်းပါ [illegible] ငုံ့ညွှာတဲ့အနေနဲ့ [illegible] ဖက်ရည်ဖိုးရဖို့ [illegible]"

"အ[illegible] ကွာ၊ ငါက [illegible] ခြေမ[illegible] ကြေကျ[illegible]

[illegible] ဒေါ်[illegible] ရဲ့ [illegible] [illegible] နှုတ်ဆင်းတဲ့အခါ [illegible]

[illegible] ရောက်တဲ့အခါ ဒေါ်[illegible] ရောက်သွားတယ်၊ [illegible] ဒေါ်[illegible]ချစ်တာ အလုပ်မ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နေတယ်၊ သူ့သားကြီးက ဟူမွှလင်းဘက်မှာ အလုပ်သွားလုပ်ရင်း မအေအိုကြီးကို လုပ်ကျွေးနေတာကွ၊

အေး၊ ငါလဲ 'ကြေးနန်းစာအဘွားရေ' လို့ ပြောပြီး စားပွဲပေါ်တင်လိုက်တဲ့အခါ 'လာပြီ လာပြီ၊ ရှုံးအုပ်ကြီးရေ' လို့ ပြောပြောဆိုဆိုနဲ့ လက်ဖက်ရည်ဖိုး ပိုက်ဆံကို ယူလာပေးတယ်၊ ထုံးစံအတိုင်း သူ့စေတနာနဲ့သူ ပေးလာတာမို့ ငါလဲ အိတ်ထဲထည့်လိုက်တာပေါ့"

ခုထိ မျက်နှာပူသည့်ကိစ္စ မပါသေး။ သို့တိုင် အားလုံးသည် ကိုထွေး ပြောဆိုနေသည့် အကြောင်းရပ်အပေါ်၌ စိတ်ဝင်စားနေမိကြသည်။

"အဲဒီမှာ မျက်နှာပူစရာ ဖြစ်လာတော့တာပဲဟေ့၊ အဘွားကြီးက မျက်စိကမှုန်မှုန် မျက်မှန်ကလဲ အလွယ်တကူရှာမတွေ့ဆိုတော့ 'ရှုံးအုပ်ကြီးပဲ ကြေးနန်းစာကို ဖတ်ပြပါတဲ့'၊ အဲဒီမှာ ငါက ဖတ်ပြလိုက်တယ်"

"ဒေါ်ဖွားချစ် . . .
ကိုခင်မောင်ချစ် ဆုံးပြီ။
အမြန်လာ တဲ့"

"ငါဖတ်ပြတာလဲ ဆုံးသွားရော အဘွား ကြီးခမျာ 'အမယ်လေး သားလိမ္မာကြီး ဆုံးပြီးတော့' ဆိုပြီး မျက်ဖြူလန်ပြီး ပစ်လဲကျသွားလို့ ပတ်ဝန်းကျင်ကို အော်ခေါ်ရတော့တယ်၊

မင်းတို့ စဉ်းစားသာ ကြည့်ကြကွာ၊ လက်ဖက်ရည်ဖိုးယူပြီး အမင်္ဂလာသတင်းကို ဖတ်ပြလိုက်ရတဲ့ ငါ့ရဲ့အဖြစ် ဘယ့်ကလောက် မျက်နှာပူစရာ ကောင်းလိုက်သလဲလို့"

"ဟား. . . ဟား. . . ဟား"

စားသောက် ဝိုင်းဖွဲ့ကြသော စကားဝိုင်းကလေးက စိုပြည်သည်ထက် စိုပြည်သွားလေတော့သည်။

"ကိုင်း . . . လိုတာတွေ မှာကြဦးကွာ၊ ပြီးတော့မှ စကားဆက်ကြတာပေါ့"

"ချက်စူရေ စားကွာ"

"ဟုတ်၊ ဟုတ်ကဲ့ အစ်ကိုတို့"

စားလိုက်ကြ၊ သောက်လိုက်ကြ၊ စကားတွေဝိုင်းဖွဲ့လိုက်ကြနှင့် တကယ့်ကို ပျော်စရာကောင်းလှပြီး ဗဟုသုတများစွာရလိုက်သည်ဟု ချက်စူ ထင်ပါသည်။

"မင်းတို့ မျက်နှာပူစရာကောင်းတဲ့အကြောင်း ပြောကြဆိုကြတာနဲ့ ပတ်သက်လို့ ငါတို့ရွှေနေတွေလဲ မျက်နှာပူစရာအကြောင်းတွေ ရှိကြတာပဲ"

"ဟ၊ လျှာအင်မတန်ရှည်တဲ့ ငိုစားရယ်စားကောင်၊ မင်းက ဘာများ မျက်နှာပူစရာ ကြုံရလို့လဲ"

အထက်တန်းရွှေနေကြီး ကိုတင်ယု၏ စကားကို အားလုံးက အစထောင်ပေးလိုက်ကြသည်။ ရွှေနေကြီးကား လွန်စွာမှ ဘီယာကြိုက်သောသူဖြစ်ချေ၏။ အခြားသူတွေ တစ်ပုလင်းမကုန်မီမှာ သူက သုံးပုလင်းတိတိ ကုန်အောင် တွယ်ခဲ့ပြီး နောက်တစ်လုံးကိုပင် ငှဲ့နေပေပြီ။

"မျက်နှာမပူဘဲ ဘယ်နေလိမ့်မတုံးကွာ၊ တို့များ ရွှေနေဆိုတာ အမှုသည်ဆီက ရွှေနေခနဲ့ ရပ်တည်နေကြရတာ မဟုတ်လား၊ တစ်လောက အမှုတစ်ခုကို လက်ခံပြီး ရွှေနေလိုက်တယ်၊ အမှုသည်က သူ့အမှုပြီးမှ ရွှေနေခကို တစ်လုံးတစ်ခဲတည်း ပေးပါရစေတဲ့၊ အဲ အမှုကပြီးသွားပါရဲ့၊ ရွှေနေခကို တောင်းဖို့ရာ မျက်နှာပူတာနဲ့ ရွှေနေခ လုံးဝ မရလိုက်ဘူး"

"ဟင်. . . ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ၊ အမှုကရှုံးသွားပြီး ငါ့အမှုသည် ထောင်တန်းကျသွားတယ်၊ ဒီတော့ ဘယ်လိုလုပ် ရွှေနေခ တောင်းရဲမှာလဲ၊ မျက်နှာပူစရာကြီး မဟုတ်လား"

ဟုတ်တော့လည်း ဟုတ်သည်။ ရွှေနေ ကိုတင်ယုအတွက်တော့ မျက်နှာပူစရာပါပေ။

"အေး . . . မင်းပြောတာလဲ ဟုတ်ပါရဲ့၊ ဒါပေမဲ့ကွာ ငါတို့ ဆရာဝန်တွေအဖြစ်ကမှ မျက်နှာပူစရာပါ"

"ဟ၊ ဘာလို့ မျက်နှာပူရမှာလဲ၊ မင်းတို့အလုပ်က တုသိုလ်လဲရ ဝမ်းလဲဝနေတဲ့ဥစ္စာ"

"အဲဒါလဲ တစ်ကြောင်းပေါ့ကွာ၊ မျက်နှာပူတာလဲ ပူရတာပဲပေါ့၊ တစ်လောကဆို ငါ့ဆေးခန်းမှာ ပိုက်ဆံအတော်ချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဆေးလာကုတယ်၊ ကံဆိုးချင်တော့ ဆေးကုရင်းနဲ့ပဲ ရှော့ခ်ဖြစ်ပြီး ဆုံးသွားတယ်"

"ဒါတော့ ဘယ်တတ်နိုင်မှာလဲကွာ၊ သတ္တဝါတစ်ခု ကံတစ်ခုပဲဥစ္စာ"

"အဲဒါတော့ အဲဒါပေါ့ကွာ၊ ကိုယ်က တာဝန်ယူပြီး ကုသပေးရတဲ့ လူနာတစ်ယောက် မမျှော်လင့်ဘဲ ဖိတ်စဉ်သွားတော့ ဘယ်ကောင်းမှာလဲကွ"

"အေး၊ အဲဒါနဲ့ မျက်နှာပူတာ ဘာဆိုင်လို့လဲ"

"ဟ၊ မဆိုင်ဘဲနဲ့ နေမလားကွ၊ အဲဒီပုဂ္ဂိုလ်ကြီးသေတော့ သူ့မိသားစုအသိုင်းအဝိုင်းက ငွေကြေးချမ်းသာပြီး မျက်နှာကြီးမျိုးရိုးလားမသိဘူး၊ သတင်းစာထဲမှာ အထူးကျေးဇူးတင်ရှိခြင်းဆိုပြီး ကြော်ငြာထည့်တယ်ကွ၊

ထည့်တာမှ . . .

'ရောဂါဝေဒနာ ခံစားနေရစဉ်က အထူးကြပ်မတ်ကုသပေးခဲ့သော ဒေါက်တာ အောင်သန်းနှင့်တကွ သူနာပြုဆရာ၊ ဆရာမတို့အား အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း'တဲ့ကွာ၊ ကိုင်း ကိုယ်ကုသပေးလိုက်လို့ ရောဂါဝေဒနာ မပျောက်တဲ့အပြင် ကိစ္စချောသွားရတာကို 'အထူးကျေးဇူးတင်ရှိခြင်း' ဆိုတော့ ဘယ်လိုမှ မျက်နှာထားမရအောင် ပူတာပဲ မဟုတ်ဘူးလား"

"အဟားဟား. . . ဒါလဲ ဟုတ်သဟ၊ ပူမယ်ဆိုလဲ ပူစရာပေပဲ"

ထိုအချိန်၌ အမြည်းကို အမြည်းလို မစားဘဲ ဗိုက်ပေါက်ထွက်မတတ် လက်သွက် ပါးစပ်သွက်လွန်းလှသော မဂ္ဂဇင်းအယ်ဒီတာ မောင်ငြိမ်းပူက တစ်စခန်းထလာသည်။

လပြည့်ဝန်းမဂ္ဂဇင်း (နိုဝင်ဘာလ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ မျက်နှာပူတာကနည်းနည်း၊ ငါမျက်နှာပူတာက များများပါကွာ"

"အလဲ့၊ မင်းကလဲ မျက်နှာပူရသေးသကိုး၊ လုပ်စမ်းပါဦး၊ ဘယ်လိုမျိုး မျက်နှာပူရတာတဲ့လဲ"

"ဒီလိုကွ၊ ငါနေတဲ့ တိုက်ခန်းဘေးက အခန်းမှာ အပျိုကြီးတစ်ယောက်ရှိတယ်၊ နှာမည်က တင်တင်ကြီးတဲ့၊ နှာမည်နဲ့လိုက်အောင် တကယ့်ကို တစ်လုံးတစ်ခဲကြီး။

ဒါကြီးနဲ့များ ဖူးစာဖက်လိုက်ရရင် တစ်သက်လုံး စည်းစိမ်ပဲဆိုပြီး ငါက ကျိတ်ကြံနေတာကွ။

အဲ၊ အပျိုကြီးကလဲ ငါ့အပေါ် သဘောကျနေပုံ ရပါတယ်၊ လတိုင်း ငါ့ရွှေပန်းတောမဂ္ဂဇင်း ထွက်ပြီဆိုရင် လက်ဆောင်ပေးတဲ့အခါ ဝမ်းပန်းတသာ ယူရှာတယ်၊ ငါရေးတဲ့ ဝတ္ထုဆောင်းပါးတွေကိုလဲ အမြဲဖတ်တယ်"

"ဒါဆို အိုကေနေပြီပေါ့ကွာ၊ ဒါထက် ဘာကြောင့် မျက်နှာပူရတာတဲ့တုံး"

"ဘာကြောင့် မျက်နှာပူရသလဲဆို တစ်နေ့တော့ မဂ္ဂဇင်းလဲထွက်တာနဲ့ မဂ္ဂဇင်းစာအုပ်ကို လက်ဆောင်ပေးမယ်ဆိုပြီး အပျိုကြီးရဲ့အခန်းကို သွားလည်တယ်ကွ၊ အဲဒီမှာ အပျိုကြီးက ရေချိုးခန်းထဲ ရေချိုးနေတုန်း ဝုန်းဆိုတဲ့အသံကြားတာကြောင့် ငါလဲ စိတ်ပူပြီး ဝင်သွားတာ၊ ရေတိုင်ကီကြီးက သံချေးစားပြီး ပြုတ်ကျသွားတာကလား။

အဲ. . . အပျိုကြီးက ရေချိုးခန်းတံခါးကို စေ့ရုံစေ့ပြီး ဂျပန်စတိုင်လ်နဲ့ ရေချိုးနေတော့ ဟာ. . . ဘာပြောကောင်းမလဲကွာ၊ မျက်နှာပူလိုက်တာ၊ အောင်မယ် ငါ့မှာ တံတွေးတွေ တဂွပ်ဂွပ်နဲ့ မျိုလိုက်ရတာ ထမင်းတောင်မဆာတော့ဘူး၊ နည်းတာ မဟုတ်ဘူးကွာ၊ တကယ့်ကို ရေဆေးငါးကြီးအတိုင်းပဲ"

"အပေါပေါ မျက်နှာပူရတဲ့အကြောင်းကိစ္စတွေထဲမှာတော့အားလုံးကို အပြတ်အသတ်နဲ့တော့ဖြတ်သွားတာကတော့ မောင်ငြိမ်းသူပါပဲလား ဟရို၊ ဒီတော့ ဒီကောင်ကြီးကို ဝိုင်းပြီး ဂုဏ်ပြုကြရအောင်"

ဆရာလေး၏ စကားဆုံးသည်နှင့် ချက်စူမှလွဲ၍ ဆရာလေးအပါအဝင် သူ့သူငယ်ချင်း ခြောက်ယောက်တို့မှာ ဘီယာခွက်ကိုယ်စီကိုင်ရင်း "ချီးယားစ်" လုပ်ကြလေတော့သတည်း။

မြို့မေတ္တာခံယူမယ့်

❒ ကိုရွှေတောသား


# ချစ်သူရည်းစားရှိနေပြီးသော အပျို လူပျိုများသာ ဖတ်ပါ

- ကိုယ့်ချစ်သူနှင့်သာ အိမ်ထောင်ကျကိန်း ရှိသလား၊ အချစ်ရှုံးသမား ဖြစ်မယ့်လူလား။
- စေ့စပ်လက်ထပ်ကိစ္စ စီစဉ်မှု အဆင်ပြေနိုင်လား၊ ပျက်ပြားနိုင်လား။
- အချစ်ရေးကိစ္စနှင့်ပတ်သက်ပြီး အရှက်တကွဲ ကွဲရဲ့ပြစ်တင်ခံရခြင်းမျိုး ရှိနိုင်လား။
- လက်ရှိချစ်သူက မိမိအတွက် ရာသက်ပန်အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်သူလား။
- ဘယ်တော့လောက် အိမ်ထောင်ကျကိန်းရှိလဲ (သို့) ဘယ်တော့လောက် အိမ်ထောင်ပြုသင့်လဲ။

စသည်ဖြင့် သိချင်တာတွေ အမှန်အကန်သိရဖို့ . . .

## ဆရာကြီးဦးအောင်မြိုင်( ဥပဒေဘွဲ့ )

လက္ခဏာဗေဒင်ပညာသုတေသီ

အမှတ်-၇၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း ရန်ကုန်။

၀၁-၅၇၆၇၀၄၊ ၀၉-၅၀၆၂၇၄၃၊ ၀၉-၅၁၇၇၅၂၂




www.burmeseclassic.com

www.burmeseclassic.com



# ကိုဘန္ဒွဲ၏ မျက်ချေးတုံး

## တိုးခ

ကိုဘန္ဒွဲ၏ နမော်နမဲ့ ဖြစ်ရပ်များဟာ တစ်ခါ တစ်ခါမှာ ပြုံးရတာထက် ပိုပြီးရယ်စရာဖြစ်ပါတယ်။ သူ့မှာ နမော်နမဲ့ အပြုအမူတွေက မကြာခဏဆိုသလို ဖြစ်နေတာ။ တစ်ခါ တစ်ခါ သူ အမှားအယွင်းတွေ များလွန်းတာကို ပြန်တွေးပြီး "ငါ တော်တော် သတိလက်လွတ်တွေ များပါလား" လို့ သုံးသပ်ပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးလျော့နေလွန်းသလို ခံစားရတယ်။

အမှန်တော့လည်း အမြဲတမ်း မိသားစု စားဝတ်နေရေးကို ကြောင့်ကြပူပန်ပြီး ပြေးလွှားရှုန်းကန်နေရလေတော့ စိတ်ကလည်း ခပ်များများရယ်။ ဒီလူနဲ့ စကားပြောနေပေမယ့် စိတ်ကလည်း ဟိုလူဆီ ရောက်ချင်ရောက်နေတတ်သူကိုး။ ဒီတော့ ယောင်တောင်ပေါင်တောင် အမှားအယွင်းတွေ ဖြစ်တတ်တာလည်း ဆန်းတော့ သိပ်မဆန်းလှပါဘူး။

ဒါပေမယ့် အမှားအယွင်းတွေ များလွန်းတော့လည်း တယ်မကောင်းလှဘူး။ ရှက်ရတဲ့အခါ ရှက်ရ ဒုက္ခရောက်တဲ့အခါ ရောက်ရ၊ သူတစ်ပါး ကသိကအောက် ဖြစ်ရတဲ့အခါ ဖြစ်ရနဲ့ ဘယ်မှာကောင်းနိုင်ပါ့မလဲ။ သူ့ရဲ့ နမော်နမဲ့ဖြစ်ရပ်တွေနဲ့ ပတ်သက်ပြီး ကိုဘန္ဒွဲ့ကုသိုလ်ရတဲ့ ကိစ္စတစ်ခုတော့ရှိတယ်။ ကိုဘန္ဒွဲ့ အဖြစ်အပျက်တွေကို ဖတ်ရှုပြီး ပြုံးကြ ရယ်ကြတဲ့အခါ စာဖတ်သူတွေမှာ အဲဒီတဒင်္ဂ အခိုက်အတန့်လေးတော့ ဘဝအမောတွေကို မေ့လို့ စိတ်သောကလေးတွေ ပြေပျောက်ကြရတယ်။

လူတစ်ဦးတစ်ယောက် ပြုံးရတယ်၊ ရယ်ရတယ်ဆိုရင် ကုသိုလ်ဖြစ်တာပါပဲ။ ဒီတစ်လမှာလည်း စာရှုသူတွေ အခိုက်အတန့် အချိန်လေးမှာ ပြုံးကြ ရယ်ကြ သောကတွေ ပြေပျောက်ကြစေဖို့ ကိုဘန္ဒွဲ့ရဲ့ နမော်နမဲ့အဖြစ်လေးများကို ရေးသား တင်ဆက်လိုက်ပါတယ်။

▲

တစ်နေ့မှာ ကိုဘန္ဒွဲ့ဟာ မနက် ၆ နာရီကနေ နေ့လယ် ၂ နာရီ သူ့အလုပ်ချိန် ပြီးဆုံးသွားလို့ အလုပ်ဆင်းအိမ်ပြန်ပါတယ်။ မနက်ကတည်းက ထမင်းစားချိန်မှာ စားဖို့ယူလာတဲ့ ထမင်းချိုင့်အခွံလေးကို လက်ကဆွဲ၊ အလုပ်သွား အလုပ်ပြန် ကျောပိုးအိတ်ကိုလည်း လွယ်ပိုးလျက်ပေါ့။ လုပ်ငန်းခွင်အပြင် လမ်းမရောက်တဲ့အခါ နေ့လယ် လက်





www.burmeseclassic.com

www.burmeseclassic.com

…ရည်ချိန် ဖြစ်နေပါပြီ။ ဗိုက်ထဲက …ည်း ဆာသလိုလိုရှိလာတာမို့ ပလက် …ောင်းဘေးက လက်ဖက်ရည်ဆိုင် တစ် …ိုင်ထဲ ဝင်လိုက်ပါတယ်။

ကိုဘန္ဒဲ့ဟာ လက်ဖက်ရည် သိပ် …ကြိုက်တယ် မဟုတ်ပေမယ့် တစ်ခါ …တစ်ခါ အာသာဆန္ဒရှိရင် ဗိုက်ဆာရင် …ဘော့ ဝင်သောက်တတ်လေ့ ရှိပါတယ်။ …သောက်ရင်လည်း သူက ဝမ်းဆက်မှ။ …မ်းဆက်ဆိုတာက လက်ဖက်ရည်တစ် …ခွက် မုန့်တစ်ခုကို ဆိုလိုတာပါ။

ကိုဘန္ဒဲ့ လက်ဖက်ရည်သောက် …င် တစ်ယောက်တည်းပဲ၊ အဖော်မရှာ …ူး အဖော်မရှာ၊ မခေါ်တာလည်း …ပြောနဲ့လေ။ နှစ်ယောက်စာ လက်ဖက် …ည်နဲ့ မုန့်ဖိုး သူတတ်နိုင်တာမှ မဟုတ် …ဘဲ။ သူ့မှာ ငွေကြေးက ချင့်သုံးနေရ …တာပါ။ အဖော်ခေါ်ပြီး သောက်ကြရ …တာကလည်း သိပ်လွယ်တာမဟုတ်ဘူး။ …ဖော်လုပ်သူက အလိုက်ကန်းဆိုးမသိ၊ …ရှယ်မှာတာတို့၊ ဈေးကြီးပေ့ဆိုတဲ့ မုန့် …တို့ ကောက်ကိုင်တာတို့လုပ်ရင် ကိုဘ …န္ဒဲ့ သေပြီဆရာပဲ။

တစ်ခါ တစ်ခါတော့လည်း သူ့ …နောက်မှ ဆိုင်ထဲဝင်လာတဲ့ မခင့်တခင် …တ်ဆွေမျိုး မလွဲမရှောင်သာ တွေ့တဲ့ …ခါ ကိုဘန္ဒဲ့ လောကဝတ်အရ ဝတ် …ကျတမ်းကျေ လက်ဖက်ရည်သောက် …ခေါ်ပါတယ်။ ဟိုခမျာကလည်း ဝတ် …ကျတမ်းကျေမှန်းမသိ ဝင်ထိုင်ပြီး ဝမ်း …ဆက်လိုက်တဲ့အခါ ကိုဘန္ဒဲ့ အီစလံဝေ …သွားတတ်ပါတယ်။ ကိုယ့်ဟာကိုယ်တောင် …မ အနိုင်နိုင်၊ သိပ်သောက်ဖြစ်တာမှ …မဟုတ်ဘဲ။ ဒီတော့ အဖော်နဲ့ လက် …ဖက်ရည်သောက်တဲ့ အလုပ်ကို ခပ် …ရှောင်ရှောင်။

ကိုယ်က မခေါ်သလို သူများက …ခေါ်တိုက်တိုင်းလည်း ကိုဘန္ဒဲ့ လိုက် …သောက်ပါဘူး။ အင်မတန်ခင်မှ၊ လိုက် …ကိုက်လှဲ့လှဲ့မရှိမှ၊ တတ်နိုင်သူလို့ သတ် …တ်မှ လိုက်သောက်တာ၊ လူရိပ်လူကဲ …တတ်တတ်တဲ့လူပါ။ တတ်နိုင်သူဖြစ်တာ တောင်မှ အားမနာပါးမနာ ရှယ်မှာတာတို့၊ ဈေးကြီးမုန့်ကောက်ကိုင်တာတို့ ကိုဘန္ဒဲ့ မလုပ်ပါဘူး။ သူ့ကြောင့် တစ်ဖက်သား စီးပွားရေးထိခိုက်မှာမျိုးကို မဖြစ်စေချင်ဘူးလေ။

အဲဒီလို ကိုဘန္ဒဲ့ သူတစ်ကိုယ်တည်း လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်ပါတယ်။ လူမရှိတဲ့ ထောင့်ကျကျစားပွဲတစ်လုံးမှာ ဝင်ထိုင်တယ်။ ကျောပိုးအိတ်ကို ဘေးထိုင်ခုံမှာတင်၊ ထမင်းချိုင့်ကိုလည်း စားပွဲပေါ် ချထားလိုက်တယ်။ နေရာကျပြီဆိုမှ "ဝမ်းတီးပုံမှန်"လို့အော်ပြီး လက်ဖက်ရည် မှာတယ်။

ခဏအကြာမှာ လက်ဖက်ရည်ပန်းကန်ရောက်လာတယ်။ မုန့်ကတော့ စားပွဲပေါ်မှာ ရှိနေနှင့်ပြီးသားပါ။ မုန့်ပန်းကန်မှာ ကိတ်မုန့်တစ်ချပ်၊ ပေါင်မုန့်တစ်ခုနဲ့ မြန်မာမုန့်လုံးကြီးကြော်တစ်ခု ရှိနေပါတယ်။

ကိုဘန္ဒဲ့ဟာ လက်ဖက်ရည် မသောက်သေးဘဲ စားပွဲပေါ်မှာအဆင်သင့်ရှိနေတဲ့ ဂျာနယ်ဟောင်းတစ်စောင်ကို ကောက်ယူဖတ်ရှုပါတယ်။ ဟိုလှန်ဒီလှန်ပြီး ခဏအကြာမှာ လက်ဖက်ရည်ခွက်ကိုမပြီး စသောက်တယ်။ မုန့်ပန်းကန်ထဲက ဈေးချိုမယ်ထင်တဲ့ သူလည်းကြိုက်တဲ့ မြန်မာမုန့်လုံးကြီးကြော် အရွယ်ခပ်လတ်လတ်လေးကို ကောက်ကိုင်ပြီး လက်ဖက်ရည်နဲ့ စားတယ်။

စာစောင်လေးဖတ်လိုက်၊ လက်ဖက်ရည်လေးမော့လိုက်၊ မုန့်လုံးကြီးကြော်လေးကိုက်လိုက်နဲ့ပါ။ ဒီလိုတွေ လုပ်နေတဲ့ကြားကပဲ စိတ်က ပစ္စုပ္ပန်မတည်ဘဲ ဟိုရောက်ဒီရောက်ပါ။ ပြတ်တုန်းလပ်တုန်းနှစ်ဆယ့်သုံးဆိုတဲ့အတိုင်း အိတ်စရိတ် ဘဏ္ဍာရေးအခြေအနေ သိပ်မကောင်းတာကို တွေးနေမိတယ်။ ဘယ်ကများ ပိုက်ဆံဝင်လမ်းရှိမလဲ၊ ဘယ်ကများ အပိုဝင်ငွေရမယ့်အလုပ်ကလေး ပေါ်မလဲ၊ ဝင်ငွေရဖို့အလုပ်ဘာရှိမလဲ စသည်ဖြင့် လျှောက်စဉ်းစားနဲ့ပါ။

လက်ဖက်ရည်ခွက်၊ ဂျာနယ်ဟောင်းတစ်စောင်၊ မုန့်လုံးကြီးကြော်တစ်လုံးနဲ့ ဗိုက်ဖြည့် အချိန်ဖြုန်းပြီးတဲ့နောက် ထဖို့အချိန်သင့်ပြီမို့ လက်ဖက်ရည်ဖိုးပေးရှင်းဖို့ အိတ်ကပ်ထဲနှိုက်လိုက်တဲ့အခါ ပိုက်ဆံလေးငါးခြောက်ရာနဲ့ အတူ လက်မှတ်လေးတစ်ခုကို တွေ့လိုက်ရတဲ့ ကိုဘန္ဒဲ့ မျက်လုံးပြူးသွားတယ်။ ကိုဘန္ဒဲ့ကို မျက်လုံးပြူးသွားစေတာက ဘာလက်မှတ်လို့ ထင်ပါသလဲ။ အပေါင်လက်မှတ်ပါခင်ဗျာ။ ကိုဘန္ဒဲ့ စိတ်မှာ . . .

"ဟာ ဟုတ်သားပဲ၊ ဒီနေ့ အတိုးသတ်ရမယ့်နေ့ပဲ၊ မေ့နေလိုက်တာ၊ လက်မှတ်တွေ့လိုက်ပေလို့ပဲ၊ နို့မဟုတ်ရင် ရက်ကျော်သွားပြီ၊ တစ်လတိုး ထပ်ဖြစ်သွားမယ်၊ အမြန်သွားမှ၊ ဆိုင်ပိတ်သွားရင် ဒုက္ခ" လို့ ပူပန်သွားပြီးတာနဲ့ ကျောပိုးအိတ်ကို ခုံပေါ်ကယူပြီး ဖွင့်ကြည့်တယ်။

အတိုးသတ်ဖို့ ကုတ်ကတ်ပြီး စုထားခဲ့ရတဲ့ အတိုးဖိုးငွေက ကျောပိုးအိတ်ရဲ့အတွင်းအိတ်ကပ်ထဲမှာ ပုံစံမပျက်ရှိနေပါတယ်။ ကိုဘန္ဒဲ့ အပေါင်ဆိုင်ကို အတိုးသွားသတ်ဖို့ သွားရဦးမှာမို့ စားပွဲထိုးလေးကို ခေါ်လိုက်ပါတယ်။

"ပိုက်ဆံရှင်းမယ်ဟေ့"

စားပွဲထိုးလေးတစ်ယောက် ကိုဘန္ဒဲ့နား ရောက်လာပါတယ်။

"ဘယ်လောက်ကျလဲကွ"

စားပွဲထိုးလေးက မုန့်ပန်းကန်နဲ့ လက်ဖက်ရည်ပန်းကန်ကို တစ်ချက် ကြည့်လိုက်ပြီး . . .

"ငါးရာကျပါတယ် အန်ကယ်လ်"

"ဟ . . . များလှချေလားကွ ဘယ်ဟာက ဘယ်လောက်မို့လို့လဲ၊ လက်ဖက်ရည်က ရှယ်မဟုတ်ဘူးနော်"

"လက်ဖက်ရည်က သုံးရာ၊ မုန့်က နှစ်ရာပါ"

"ဟာကွာ၊ မင်းတို့ဆိုင်တလဲ ဆော်လှချေလား သူများဆိုင်တွေ မိုးမိုး နှစ်ရာပါကွာ၊ မုန့်ကလဲဈေးထဲမှာရောင်းတဲ့ ငါးဆယ်တန် မုန့်လုံးကြီးကြော်ထက်





www.burmeseclassic.com

www.burmeseclassic.com

ယောင်ယောင်လေးပဲ ကြီးတာပါ၊ တစ်ရာလောက်ပဲ ဖြစ်သင့်တာပေါ့၊ နှစ်ရာပေးရလောက်အောင် အရသာကလဲ ကောင်းလှတာ မဟုတ်ပါဘူး”

စားပွဲထိုးလေး မျက်နှာငယ်သွားရှာတယ်။ စားပွဲထိုးလေးက . . .

“ဆိုင်ရှင်သတ်မှတ်တဲ့အတိုင်း ကျွန်တော်တို့ယူရတာပဲ အန်ကယ်လ် လက်ဖက်ရည်ကတော့ ရိုးရိုးပေမယ့် ကျွန်တော်တို့ခွက်က သူများဆိုင်တွေထက် ပိုကြီးပါတယ်”

“ကြီး . . . ကြီးပါပြီးကွာ၊ အေးလေ သောက်ပြီး စားပြီးမှတော့ ပေးရတော့မှာပေါ့၊ ဘာတတ်နိုင်မှာလဲ”

ကိုဘန္ဓဲ နှမြောစွာနဲ့ ငွေငါးရာထုတ်ပေးလိုက်ပါတယ်။ ကိုဘန္ဓဲတွက်ထားတာက လက်ဖက်ရည် နှစ်ရာ၊ မုန့်တစ်ရာလောက်ပဲ တွက်ထားတာ။ နှစ်ရာ ပိုကုန်သွားရတော့ နှမြောသွားတယ်။ စားပွဲထိုးလေးက ပိုက်ဆံယူပြီး ကောင်တာကို သွားပေးနေချိန်မှာ ကိုဘန္ဓဲက ကျောပိုးအိတ်ကောက်လွယ်၊ မကျေမနပ်ထွေပြားတဲ့စိတ်နဲ့ စားပွဲပေါ် ချထားတဲ့ပစ္စည်းကို လက်ကဆွဲပြီး ဒေါသတွေ သောကတွေနဲ့ လက်ဖက်ရည်ဆိုင်က ထွက်ခွာခဲ့ပါတယ်။ သူ့လက်ထဲ ဘာဆွဲလာသလဲ ဆိုတာလည်း သတိမမူမိပါဘူး။ စိတ်ကလည်း ဟိုရောက်ဒီရောက်။

တော်တော်အမြတ်ကြီးစားတဲ့ လက်ဖက်ရည်ဆိုင်၊ နောက် ဒီဆိုင်ဆို ဆောရီးပဲ။ အပေါင်ဆိုင်များပိတ်ပြီလား၊ မပိတ်လောက်သေးပါဘူး။ သုတ်သုတ်သွားမှ၊ ပိတ်သွားရင် ငါမေ့တတ်တာနဲ့ အလကား တစ်လတိုး ထပ်ကုန်နေဦးမယ်။ အတိုးကို တစ်လချင်းသတ်သွားမှ အသက်ရှူချောင်တာ စသည်ဖြင့်တွေးရင်း ငေးရင်း လျှောက်လှမ်းနေပါတယ်။

ဆယ့်လေးငါးလှမ်းပဲ ကိုဘန္ဓဲ လျှောက်ရပါသေးတယ်။ နောက်က လူငယ်တစ်ယောက်ရဲ့ ခေါ်သံကို ကြားရတော့တာပါပဲ။

“အန်ကယ်လ် . . အန်ကယ်လ်”

ကိုဘန္ဓဲ လှည့်မကြည့်ပါဘူး။ သူ့လိုပဲ လူတွေသွားလာနေကြတာဆိုတော့ သူ့အတွေးနဲ့သူ သွားနေတယ်။ သူ့ကိုခေါ်တယ်မထင်ဘူးဆက်လျှောက်ပါတယ်။ ကိုဘန္ဓဲ မရပ်တော့။

“အန်ကယ်လ် အန်ကယ်လ်ကြီး ခဏ”

နောက်က ထပ်ခေါ်ပြန်ပါတယ်။ ဒီတစ်ခါတော့ သူ့ခေါ်တယ်ထင်လို့ ရပ်ပြီး လှည့်ကြည့်တဲ့အခါ စောစောက လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေး အပြေးအလွှားနဲ့ သူ့နားရောက်လာတယ်။ လက်ထဲမှာလည်း စတီးချိုင့်လေး ကိုင်လို့ပါ။ စားပွဲထိုးလေး လက်ထဲမှာ ကိုင်လာတဲ့ စတီးချိုင့်ကို ကိုဘန္ဓဲ သတိမပြုမိသေးပါဘူး။ စားပွဲထိုးလေးကို အထာမကြည့်တဲ့ မျက်နှာနဲ့ . . .

“ဘာလဲကွ၊ လက်ဖက်ရည်ဖိုး ရှင်းခဲ့ပြီးပြီလေကွာ”

“လက်ဖက်ရည်ဖိုး မဟုတ်ပါဘူး၊ ဟိုဟို အန်ကယ့်လ်လက်ထဲကဟာက ကျွန်တော်တို့ဆိုင်က . . .”

“ဟေ . . . ဟုတ်လား”

ဒီတော့မှ ကိုဘန္ဓဲ နမော်နမဲ့နဲ့ စားပွဲပေါ်က ကောက်ယူဆွဲကိုင်လာခဲ့တဲ့ သူ့လက်ထဲက ပစ္စည်းကို ကြည့်လိုက်မိတယ်။ သူ့လက်ထဲ ဆွဲကိုင်လာခဲ့တာက သူ့စတီးလ်ထမင်းချိုင့် မဟုတ်ဘူး။ လက်ဖက်ရည်ဆိုင်က သတ္တုရေနွေးကြမ်းအိုးပါ။ ဒီတော့မှ အံ့လည်းအံ့သြ ရှက်လည်းရှက်နဲ့။

“ဟာ ဟုတ်သားပဲ၊ ဆောရီးကွာ၊ အန်ကယ်လ် စိတ်များသွားလို့ ဘာဆွဲလာမိတယ်ဆိုတာ သတိမမူမိဘူး”

“ဒီမှာ အန်ကယ့်လ် ထမင်းချိုင့်ပါ၊ ထမင်းချိုင့် ကျန်ခဲ့တာတွေ့လို့ အန်ကယ်လ်ကို လိုက်ကြည့်တော့ ရေနွေးအိုးဆွဲပြီး ခပ်သုတ်သုတ်လျှောက်သွားတာ တွေ့လိုက်လို့ ပြေးလိုက်ပေးတာပါ”

“အေးကွာ၊ ကျေးဇူးပဲ၊ မင်းသာ လိုက်မပေးရင် ဘယ်ကျမှ သိမလဲမသိဘူး၊ ငါ့နှယ်နော် ဖြစ်ပုံများ”

ဒီလောက် သတိလက်လွ[illegible]
တဲ့ ကိုဘန္ဓဲဆိုတဲ့သူ။ ရှက်ပြီးရဲတ[illegible]
တဲ့ မျက်နှာကြီးနဲ့ ရေနွေးကြမ်း[illegible]
စားပွဲထိုးလေးကို ပြန်ပေး၊ သူ့[illegible]
ထမင်းချိုင့်ကို ပြန်ယူပြီး စော[illegible]
ခြေလှမ်းတွေထက်မြန်တဲ့ ခြေလှ[illegible]
နဲ့ သူ့အတိုးသွားသတ်ရမယ့် အ[illegible]
ဆိုင်ဆီ အချိန်မီ ချီတက်လျှောက်[illegible]
ပါတော့တယ်။ သူ့တို့အဖြစ်အပျက်[illegible]
သွားရင်းလာရင်း ကြုံကြိုက်သိရှိသွား[illegible]
တဲ့ လမ်းသွားလမ်းလာ လူတချို့က[illegible]
ပြုံးစိပြုံးစိ တခွီးခွီးပါ။

▲

ကိုဘန္ဓဲတစ်ယောက် တစ်[illegible]
ကိစ္စလေးတစ်ခုရှိတာနဲ့ လှိုင်ကနေ [illegible]
ကုန်မြို့ထဲ သွားပါတယ်။ သူ့စတို[illegible]
အတိုင်း ဂျင်းဘောင်းဘီရှည်၊ တီ[illegible]
ပါပဲ။

ကိုဘန္ဓဲဟာ ဘောင်းဘီရှည်[illegible]
ရတာကို သိပ်သဘောတွေ့ နှစ်ခြို[illegible]
တယ်။ သူ့မှာ အကောင်းစား[illegible]
မကောင်းစားရော ဘောင်းဘီရှည်[illegible]
တော်များများ ရှိတယ်။ အံ့ချီးကျ[illegible]
ကောင်းတာရော၊ သူနဲ့ ကြည့်မ[illegible]
တာရော အကုန်ဝတ်တာပါပဲ။ ဒီနေ့ [illegible]
ဝတ်တဲ့ ဂျင်းဘောင်းဘီက သူနဲ့ ခ[illegible]
ပါ။ ဇစ်က ကြေးဇစ်နဲ့။ ဝတ်စားပြီ[illegible]
ကိုယ်သူ မှန်ထဲမှာသေသေချာချာ[illegible]
ပြီးမှ အိမ်က ထွက်လာတာ၊ စတို[illegible]
က ခပ်များများရယ်။ လူကတော့ [illegible]
မဟုတ်ဘူး။

ရန်ကုန်မြို့ထဲ သွားရာမှာ [illegible]
အတိုင်း ဘတ်စ်ကားနဲ့ပါပဲ။ အထူး[illegible]
ဆိုပြီး သိပ်ထူးတာလည်း မဟုတ်[illegible]
ရိုးရိုးကားပဲ စီးတာများတယ်။ [illegible]
ဆယ်လည်း သက်သာတယ်။ အ[illegible]
မရှိလို့ပါ စပယ်ယာမျိုးနဲ့ တွေ့ရင်[illegible]
ရိုးရိုးကားစီးပြီး အထူးကားခ တ[illegible]
တော့ စိတ်ထဲမှာ မအီမလည် ဖြ[illegible]
ပါရော။ ခဏခဏ အဲ့ဒါမျိုးမရှိတာ[illegible]
နေရင် မလွယ်လှဘူးလေ။ ဒီ[illegible]
အတွက်နဲ့ ခဏခဏ ရန်တွေ[illegible]





www.burmeseclassic.com

www.burmeseclassic.com

ဒါသတွေများရနဲ့ကလည်း မကောင်း ဘူး။ ဒါပေမယ့် ကြုံနေရတာပါပဲ။

စီးရမယ့် ကားမှတ်တိုင်ရောက်တာလို့ ကိုဘန္တဲ့ ကားပေါ် တက်ပါတယ်။ နေရာထိုင်ခုံ မရဘူး။ လူကတော့ မကျပ်ဘူး။ ကားပေါ်မှာ လက်တန်းနှစ်တန်း တဲ့အနက် တက်ဆင်းပေါက်ဘက်မှာ တဲ့ လက်တန်းကိုကိုင်၊ အတက်မှာ ဆင်းပေါက်ဘက် မျက်နှာမူပြီး မတ်တတ်ပဲစီးတယ်။

အဲဒီလိုစီးရင်း ရပ်သမျှ မှတ်တိုင် တက်သမျှ၊ ဆင်းသမျှ လူတွေကို စိက ရောက်တော့တာပါပဲ။ မြင်ကွင်းတွေကတော့ စုံပဲ့။ လူစုံ အရွယ်စုံ အရောင်စုံပါပဲ။

ဒါတွေကိုကြည့်ရင်း စိတ်ထဲမှာ တာပွားတာလည်းပွား၊ အကုသိုလ် တာလည်း များနဲ့ပါ။ အထူးသဖြင့် က်ကြီးသော၊ ဂုဏ်ကြီးသော ဘာမှ မစိုက်။ ဟောက်ဟန်း ငေါက်ငမ်း ဆို ထိုးကြိတ်သိပ်ပြီး နေရာချ၊ က်ကားလိုက်လာပြီဆိုပြီး ဆင်းမယ့် ကို တွန်းမချရုံတစ်မည် ဆွဲချ၊ တက် သူကို ပျို့အိုမရွေး အတင်းမိရာ ကို ဖက်ကိုင်ဆွဲတင်လုပ်နေတဲ့ ယာနဲ့ အရှက်သိက္ခာမဲ့စွာ ဝတ်စား ကြတဲ့ မိန်းကလေးတွေကြည့်ပြီး ထဲမှာ ဒေါသတွေဖြစ်၊ အကုသိုလ် များနေပါတယ်။

ကားပေါ်တက်လာကြတဲ့ အဝတ် း ကိုးရိုးကားရား အပြင်အဆင် တ်ပြားနေကြတဲ့ ခေတ်ကာလ မိန်း လေးတွေကိုကြည့်ပြီး ကိုဘန္တဲ့ စိတ်ထဲ ဖြစ်ပေါ်နေတာတွေကတော့ . . .

"ဒီကောင်မလေးနှယ် ပေါ်ထား ထားလိုက်တာ ကိုရီးယားကိုကျော် အမေရိကန်မက ဆလံသရတော့"

"ဒီမိန်းကလေးနှယ် စကတ်လေး တိုလိုက်တာ၊ ပေါင်ရင်း ရောက် ပြီ မလုံတော့ ဖိုင်လေးနဲ့ ကွယ်ထား ရတယ်၊ အရှက်မရှိလိုက်တာ"

"ကြည့်စမ်း၊ ဘောင်းဘီတိုလေး ကလဲ တိုလွန်းလိုက်တာ၊ ခြေစွပ်တော့ စွပ်ထားပါရဲ့၊ ခြေစွပ်က မှန်နိုင်လွန်းကျ နေတာပဲ၊ ဝတ်မထားတာနဲ့ ဘာထူးလဲ၊ နှမချင်းမစာနာတဲ့လူတွေ လက်သရမ်း တာလဲ မပြောနဲ့၊ သူတို့ကိုကလဲ မြူဆွယ် သလို ဝတ်နေကြတာကိုး၊ ခုခေတ် မိန်း ကလေးတွေ ကိုယ့်ယဉ်ကျေးမှုကို ထိန်း သိမ်းရမှန်းမသိ၊ ဣန္ဒြေ သိက္ခာမရှိ တော် တော်လေးအရှက်နည်းပါးနေကြပါလား၊ ဣန္ဒြေသိက္ခာရှိရှိ ဖုံးဖိရမယ့်အရာတွေကို ဘယ်သူမြင်မြင် ဘာထင်ထင်ဆိုပြီး ပေါပေါလောလော ဖော်နေ ပြနေကြ လေတော့ အလိုလိုနေရင်း တန်ဖိုးမရှိ ဖြစ်လာကြတာတွေကို သတိမမူမိကြ တော့ဘူး"

"ငါ ကျောင်းသားဘဝတုန်းက ဆိုရင် မိန်းကလေးတွေ ခါးပေါ် ခြေ သလုံးပေါ် ဝတ်တာတောင် ဆရာမကြီး ခေါ်ပြီး ဆုံးမတာ ယောကျ်ားလေးလဲ မရဘူး၊ ပုဆိုးချက်ပြုတ်၊ ရင်ဘတ်ကြယ် သီး မတပ်ရင် ခေါ်ဆူတာ၊ အခု ဟော ဒီလို ဆုံးမပဲ့ပြင်တဲ့ ဆရာမျိုးတွေ မရှိ ကြတော့ဘူးလား၊ ခုလို ယဉ်ကျေးမှုပျက် ယွင်း၊ ဣန္ဒြေ သိက္ခာ မဲ့လာကြတာတွေ ကို စာရေးဆရာတွေ၊ ဆောင်းပါးရှင် တွေက ရေးနေ ရှုတ်ချနေပေမယ့် ကိုယ် နဲ့မဆိုင်သလို နေမြဲ ဝတ်မြဲ ဖော်မြဲ ပေါ် ဆဲ ရှိနေကြတာ၊ လုပ်နေကြတာဟာ အဓိက တရားခံ ဘယ်သူလဲ၊ ကိုရီးယား မင်းသမီးလေးတွေလား၊ အဝတ်အစား တင်မက အကျင့်ပါဖောက်ပြန်တဲ့ ဇာတ် လမ်းတွေ၊ မလုံ့မလဲ မော်ဒယ်လ်ရှိုးတွေ ခပ်များများပြနေတဲ့ ဟိုတီဗွီကြောင့်လား၊ ဒါတွေပဲ ဝတ်စားပြနေတဲ့ မော်ဒယ်လ် မလေးတွေကြောင့်လား၊ အဆုံးအမ အကွပ်အညှပ် ညံ့ဖျင်းလှတဲ့ မိဘအုပ် ထိန်းသူတွေကြောင့်လား၊ ယဉ်ကျေးမှု အတွေးအခေါ် နုံနဲ့လှတဲ့ ကာယကံရှင် ကောင်မလေးတွေ အပြစ်လား"

စသည်ဖြင့် တရားခံရှာခြင်း ပြု နေပါတယ်။

မော်ဒယ်လ်ဆန်တဲ့ ယောကျ်ား လေး နှစ်ယောက် သုံးယောက် တက် လာပြန်တော့လည်း ကိုဘန္တဲ့စိတ်ထဲမှာ အလိုမကျ အပြစ်တင်ပြန်တာပါပဲ။

"ဒီကောင်လေးတွေ ယောကျ်ား လေးတွေဖြစ်ပြီး မိတ်ကပ်တွေနဲ့အံမယ် ဟိုတစ်ကောင်က မျက်တောင်ကော့ ထားပြီး ကာခြယ်တွေတောင် ဆိုးထား ပါလား၊ အခြောက်လေးတွေလား မသိ ဘူး၊ တီဗွီက မော်ဒယ်လ်တွေ အားကျ ပြီး လိုက်လုပ်နေကြတာနဲ့ပဲ ကျားကျား လျားလျားတွေက ပါးပါးပြားပြားတွေ ဖြစ်လာနေကြပြီ၊ ယောကျ်ားလေး ရှား ပါးရတဲ့အထဲ ဒါမျိုးတွေ များလာတော့ တိုင်းပြည်အတွက် ရင်လေးစရာပဲ၊ ဟို ကောင်လေး လမ်းလျှောက်ပုံကိုက မိန်း ကလေးလို နွဲ့တဲ့နွဲ့တဲ့၊ ဒါတောင် တုန် စရာ တင်မရှိလို့၊ နို့မို့များဆို ဟင်း. . "

စသည်ဖြင့် မြင်သမျှ ဘဝင် မကျတိုင်း စိတ်နဲ့ လက်ညှိုးထိုး အပြစ် တင် အကုသိုလ်တွေ ဝင်နေတဲ့ ကိုဘန္တဲ့ ပါ။ မှတ်တိုင်တွေမှာ တက်လာသမျှ ခေတ်ကာလ လူငယ်တွေကိုကြည့်ပြီး စိတ်အလိုမကျဖြစ်နေတဲ့ ကိုဘန္တဲ့ လှည်း တန်းမှတ်တိုင် ရောက်တဲ့အခါ ကျောင်း သူအရွယ် မိန်းကလေး ငါးယောက် ခြောက်ယောက် အုပ်စု တက်လာတာ ကို တွေ့ရပြန်ပါတယ်။ အရောင်အသွေး အစုံ မလုံ့တလုံ ဝတ်စားပုံ အဖုံဖုံနဲ့ပါပဲ။ ဒါလေးတွေကို ကြည့်မြင်ပြီး ကိုဘန္တဲ့ ပြစ်တင်ရှုတ်ချ စိတ်ကကဲ့ရဲ့ပြန်တာပါပဲ။

ကိုဘန္တဲ့ကလည်း ကိုဘန္တဲ့ပါပဲ။ ဒါတွေကို အကုသိုလ် ဖြစ်တယ်၊ ဒေါ မနဿ ဖြစ်တယ်ဆိုရင်လည်း ဒါလေး တွေကို မကြည့်ဘဲ မျက်နှာလွှဲနေပေါ့။ ဒီလိုတော့လည်း မနေဘူး။ အလကား ကိုယ့်စိတ်ကိုယ် ဒုက္ခပေးပြီး တစ်လမ်း လုံး သူများပဲ လိုက်ကြည့် ကဲ့ရဲ့ရှုတ်ချ လုပ်နေတယ်။

ဒီလို ကိုဘန္တဲ့တို့လို လူကြီးတွေ ကိုများ ရဟန်းတွေ လေးတောင်ထက် ပိုမကြည့်ရဆိုတဲ့ ဝိနည်းလုပ်ထားသလို



www.burmeseclassic.com

www.burmeseclassic.com

တစ်တောင်ထက် ပိုမကြည့်ရ ဝိနည်းလုပ်ထားရမယ်ထင်တယ်။ (တစ်တောင်ဆိုတာ အတိုင်းအထွာ တစ်တောင်ကိုဆိုလိုပါတယ်)

လှည်းတန်းမှတ်တိုင်က တက်လာတဲ့ မိန်းကလေးအုပ်စုဟာ ကိုဘနွဲ့ ရပ်တဲ့နေရာကို ကျော်လျှောက်ပြီး ကိုဘနွဲ့နဲ့ မလှမ်းမကမ်းမှာပဲ ရပ်ပြီး စီးကြတယ်။ အဲဒီအုပ်စုထဲက ဂျင်းဘောင်းဘီရှည်၊ စပို့ရှပ်ဝတ်စားထားတဲ့ ယောကျ်ားလျာဆန်ဆန် မိန်းကလေးတစ်ယောက်က အုပ်စုခေါင်းဆောင် ဖြစ်ဟန်တူပါတယ်။ စကားတွေဖောင်အောင် ပြောနေကြရာမှာ သူ့အသံက အစွာဆုံး၊ အကျယ်ဆုံး ကိုဘနွဲ့နဲ့လည်း နီးတယ်။

ဒီမိန်းကလေးကို ကိုဘနွဲ့ သတိပြုမိတယ်။ ကြည့်ရတာ ဟောဟောဒိုင်းဒိုင်းနဲ့ မဟုတ်မခံ ခပ်စွာစွာ မိန်းကလေးဖြစ်ပုံရတယ်။

လက်ပံပင် ဆက်ရက်ကျသလို ကျယ်လောင်ကျယ်လောင် စကားတွေဖောင်ဖွဲ့နေကြတဲ့ မိန်းကလေးအုပ်စုထဲက ခေါင်းဆောင်မိန်းကလေးကလည်း စကားတွေပြောရင်း ကိုဘနွဲ့လိုပဲ ဟိုကြည့် ဒီကြည့်နဲ့ ကြည့်ရင်း ကိုဘနွဲ့ဆီ အကြည့်ရောက်လာပါတယ်။

ကားကလည်း ကျပ်လှတယ် မဟုတ်တော့ ကိုဘနွဲ့ကို ခြေဆုံးခေါင်းဖျား မြင်နိုင်ပါတယ်။ ကိုဘနွဲ့ကတော့ သူ့အတွေးနဲ့သူ ဒီမိန်းကလေး သူ့ကိုကြည့်သွားတာ ဂရုမထားမိဘူး။ မိန်းကလေးက ကိုဘနွဲ့ကိုကြည့်ပြီး ဘာတွေ့သွားတယ် မသိဘူး၊ သူငယ်ချင်းတွေအနားကပ်ပြီး တိုးတိုး တိုးတိုးနဲ့ ပြောပါတယ်။

ဒီတော့ ကျန်တဲ့ အဖော်မိန်းကလေးတွေကလည်း ကိုဘနွဲ့ကို လှမ်းကြည့်ကြတယ်။ ခြေဆုံးခေါင်းဆုံးကြည့်ကြတာ။ ဒီအချိန်မှာပဲ ကိုဘနွဲ့ကလည်း ဟိုကြည့်ဒီကြည့်လုပ်ရင်း မိန်းကလေးတွေကို ကြည့်မိတော့ သူ့ကိုလှမ်းကြည့်နေကြတာနဲ့ ဆုံသွားတယ်။

ဒါနဲ့ပဲ ကိုယ့်သမီးလောက်လေးတွေ ဒီဦးလေး ငမ်းတယ်ထင်သွားမှာစိုးတာနဲ့ မျက်နှာပြန်လွှဲပါတယ်။

သူတို့ထဲက တစ်ယောက်က ခေါင်းဆောင်မိန်းကလေးကို လေသံတိုးတိုးနဲ့ . . .

"ပြောလိုက်ပါလားဟ"

"အေး ငါလဲ ပြောချင်နေတာ ဘယ်လိုပြောရမှန်း မသိဘူးဖြစ်နေလို့၊ နေဦး ပြောရမယ့်စကားလုံး ငါစဉ်းစားဦးမယ်"

"နင်က ပြောတတ် ဆိုတတ်ပါတယ်ဟာ၊ စဉ်းစားပေါ့"

"အေး၊ စဉ်းစားလို့ရရင် ငါ ပြောမှာပါ၊ ဒါပေမဲ့ ကားပေါ်ကဆင်းမှ အဲဒီလူကြီးကို ငါပြောသွားမယ် စိတ်ချ"

ပြောဆိုကြပြီး ကိုဘနွဲ့ကို ကြည့်ကြပြန်ပါတယ်။ ကိုဘနွဲ့ အဲဒီဘက်လှည့်ကြည့်မိပြန်တော့ ခေါင်းဆောင်မိန်းကလေးနဲ့ မျက်နှာချင်း ဆုံမိပါတယ်။ မိန်းကလေးမျက်နှာက ပြုံးမလိုလိုမျက်နှာ၊ ကိုဘနွဲ့စိတ်မှာ ငါ့ကိုများသိလို့လားပဲလို့ အောက်မေ့ပြီး ဣန္ဒြေမပျက် ပြန်နေတယ်။ မိန်းကလေးကလည်း ပြန်လှည့်သွားပြီး အကြံရသွားဟန်နဲ့ ပြုံးနေပါတယ်။

ပြီးမှ အဖော်မိန်းကလေးတွေဘက် လှည့်ပြီး . . .

"ဒီလူကြီးကိုပြောဖို့ ငါစကားလုံးရပြီဟေ့၊ ငါတို့ ကားပေါ်ကဆင်းမှ ကပ်ပြီးပြောသွားမယ်၊ မြေနီကုန်းမှတ်တိုင်ရောက်ရင် နင်တို့ ရှေ့က အရင်ဆင်းကြ၊ ငါ နောက်ဆုံးမှလိုက်ဆင်းပြီး ပြောသွားမယ်"

ဒီလိုနဲ့ ကျွန်တော်တို့ ဇာတ်လိုက်ကြီး ကိုဘနွဲ့ကို အမြင်မတော် ဝတ်စားထားကြလို့ ကိုဘနွဲ့စိတ်ထဲမှာ ရှုတ်ချပြစ်တင် ကဲ့ရဲ့တာ ခံလိုက်ကြရတဲ့ မိန်းကလေးအုပ်စုဟာ သူတို့ချင်း စကားတပြောပြောလုပ်၊ ကိုဘနွဲ့ကို ကွက်ကြည့်ကွက်ကြည့် ပြုံးစိစိလုပ်ပြီး စီးလာကြတဲ့နောက် မြေနီကုန်းမှတ်တိုင်ရောက်

လာတဲ့အခါ ကားပေါ်က ဆင်း...
တယ်။ တိုင်ပင်ထားကြတဲ့ အတိုင်း...
ခေါင်းဆောင်မိန်းကလေးက နောက်...
က လိုက်ဆင်းပြီး ကိုဘနွဲ့အနား...
တဲ့အခါ ကိုဘနွဲ့ကို လက်တို့...
တယ်။ ကိုဘနွဲ့က လှည့်ကြည့်...
အနားကပ်ပြီး စကားသံတိုးတိုး...
စကားတစ်ခွန်းပြောပြီး ကားပေါ်...
သွက်သွက်ဆင်းသွားလေရဲ့။

အဲဒီမိန်းကလေး ပြောသွား...
စကားတစ်ခွန်းကြောင့် တစ်လ...
မပေါ့တပေါ် မဖော့တဖော်မိန်းက...
တွေကိုကြည့်ပြီး ရှုတ်ချပြစ်တင် ...
အကုသိုလ်တွေ များခဲ့တဲ့ ကိုဘနွဲ့...
ယောက် ရှက်လိုက်ရပုံများ စ...
မဖွဲ့တတ်အောင်ပါပဲ။

မိန်းကလေး ကိုဘနွဲ့ကို ...
သွားပုံလေးကလည်း အလက်...
ပြောင်ပြောင်မြောက်မြောက် ရှိ...
တယ်။ ပြောသွားတာက . . .

"အန်ကယ်လ် . . အန်က...
ဘဏ္ဍာထုပ် ဇစ်ပြုတ်နေတယ်" ...
စကားတစ်ခွန်းတည်းပါ။

ဟုတ်ပါ့ဗျာ။ ကိုဘနွဲ့ သူ့...
ဘီ သူပြန်ငုံ့ကြည့်လိုက်တော့ သူ့...
ဘီကြေးဇစ်က ချောင်ပြီး အပေါ်...
နေ အောက်ဆုံးအထိ လျှောကျ...
အတွင်းခံဘောင်းဘီက အတိုင်း...
ဘယ်လောက်အတိုင်းအတာထိ မြ...
ရလဲတော့ မသိဘူး၊ ကောင်းပါလေ...

ကားမှတ်တိုင်မှာ ရယ်မော...
ဆို ကျန်နေခဲ့တဲ့ ဒီမိန်းကလေးအုပ်...
ကိုဘနွဲ့ လှမ်းကြည့်ရပါတော့မလား...

ကားစီးလာတဲ့ တစ်လမ်း...
အမြင်မတော်တာတွေမြင်တာနဲ့ သူ...
မျက်ချေးကိုပဲ လက်ညှိုးတထိုးထိုး...
ပြီး ကဲ့ရဲ့ပြစ်တင်လာခဲ့တဲ့ ကိုဘနွဲ့ ...
မျက်ချေးကျမှ မြင်မကောင်း ရှုမကော...
အတုံးလိုက်ကြီးပါလား ဟရို့။

(သမီး ပန်းအိဖြူသို့ အမှတ်...
ဖြင့်)





www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



အရာရှိတစ်ဦးအား ကုမ္ပဏီက တိုက်ခန်းတစ်ခန်းတွင် နေထိုင်ရန် ခွင့်ပြုလိုက်လေသည်။


မနက်မိုးလင်းသည့်အခါ ထိုအရာရှိ ရုံးလာတောက်သဖြင့် လိုက်ခေါ်ခိုင်းရာ တိုက်ခန်းသစ်အဝတွင် အထုပ်အပိုးများ၊ သေတ္တာများချကာ ထိုင်ငိုက်နေသော အရာရှိအား တွေ့ကြုံရလေသည်။

"ဆရာ ဘာဖြစ်လို့လဲ ဆရာ"

"ဒီတိုက်ခန်းက သိပ်ဒုက္ခပေးတယ်ကွာ"

"ဘာတွေ ချို့ယွင်းချက်ရှိလို့လဲ ဆရာ"

"တခြား ချို့ယွင်းချက်တော့ မသိသေးဘူး၊ သောလောဆယ် အိမ်ထဲဝင်ဖို့ တံခါးက လုံးဝကို ဖွင့်လို့မရသေးဘူး"



ဂျူးလူမျိုး သူဌေးကြီး ကွယ်လွန်သွားသောအခါ သေခင် မှာထားခဲ့သည့်အတိုင်း သူပိုင်သည့် ငွေကြေးအားလုံးအား အခေါင်းထဲ ထည့်သွင်းပေးရလေသည်။ သူပိုင်ဆိုင်သော ငွေများကား များပြားလွန်း၍ အခေါင်းနှင့်မဆံ့ဖြစ်နေ၍ ဆွေမျိုးတစ်စုမှာ ကြံရာမရ ဖြစ်နေကြသည်။

ထိုအချိန်တွင် ရဟူဒီ တရားဟောဆရာတစ်ဦး ရောက်လာပြီး အကြောင်းရင်းကို မေးသည်။

သွားလေသူ သူဌေးကြီး၏ ဆန္ဒကို ပြောပြလိုက်သောအခါ ရဟူဒီတရားဟောဆရာက အပြစ်တင်ပြီး ပြောလိုက်သည်။

"ခင်ဗျားတို့ ဦးနှောက်မရှိတဲ့လူတွေပဲ၊ သက်သက် ဒုက္ခခံနေရသလား၊ သူနဲ့အတူ ချက်လက်မှတ်တွေ ထည့်ပေးလိုက်ရင် ပြီးနေတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




ဆေးခန်းတစ်ခုတွင် ဆရာဝန်နှင့် လူ
ခင်မင်ရင်းနှီးသော အသက်(၅၀)ကျော် လူကြီး
ဆရာဝန်အား . . .

"ဆရာ ကျွန်တော့် ဘယ်ဘက်မျက်လုံး
ကြည့်ရတာ မှုန်ဝါးဝါးဖြစ်နေတယ်" ဟု ပြော
သည်။ ထိုအခါ ဆရာဝန်က . . .

"အသက်အရွယ် ကြီးလာရင် ဖြစ်တ
တယ်လေ" ဟု ပြောလိုက်လေ၏။ ထိုအခါ လူ
က ဆရာဝန်အား ပြောလိုက်သည့် စကားကြော
ဆရာဝန်ခမျာ မျက်လုံးပြူးသွားလေတော့သည်

လူကြီး ပြောလိုက်သည့်စကားက . . .

"ဒါဆို ကျွန်တော့် ညာဘက်မျက်လုံး
ဘယ်ဘက်မျက်လုံးထက် အသက်မကြီးသေး
ဖြစ်လိမ့်မယ်၊ ကြည့်ရတာ အတော်ရှင်းတယ်"



မတွေ့ရတာ ကြာပြီဖြစ်သော သူငယ်ချင်း မိတ်ဆွေနှစ်ဦး ပြန်လည်ဆုံစည်းကြရာ စကားလက်ဆုံ ကျနေကြသည်။

"ဘဝမှာ ဘယ်သူမဆို အမှားတစ်ခုခုတော့ ကျူးလွန်ခဲ့ကြတာချည်းပဲကွ၊ ငါတို့ လုပ်ရမှာက အဲဒီအမှားကို မျိုသိပ် ထိမ်ချန်ထားမယ့်အစား တစ်ယောက်ယောက်ကို ဖွင့်ဟဝန်ခံလိုက်ဖို့ပဲ၊ တစ်ဖက်လူကလဲ ခွင့်လွှတ်နိုင်ရမယ်"

"ဟေ့ . . . ဟုတ်လား၊ ဒါဆိုရင် ငါ ဘာမှားမှား မင်းက ခွင့်လွှတ်ပေးမှာပေါ့လေ"

"ဒါပေါ့ကွ၊ မင်းက ဝန်ခံရဲမှတော့ ငါက ခွင့်လွှတ်ရမှာပေါ့လေ"

"ဒါ . . . ဒါဆို မင်းကို ငါ ဝန်ခံစရာရှိတယ်၊ ဒီလိုကွာ မင်းမသိအောင် မင်းမိန်းမနဲ့ငါ မှောက်မှားခဲ့ကြဖူးတယ်၊ နှစ်ခါတည်းပါကွာ၊ အဲဒါ ခုထိ ငါ လိပ်ပြာမလုံဘူး၊ အဲဒီအတွက် ငါ တောင်းပန်ဝန်ခံပါရစေ၊ ငါ့ကို ခွင့်လွှတ်ပါကွာ"

"ဟေ . . . ဘာပြောတယ်၊ ငါ့မိန်းမကို မင်းက ကြ
ခဲ့တယ် ဟုတ်လား၊ မင်းကို သတ်မယ်၊ လူပြည်မှာမထားဘူး

"ဟင် . . . မင်းပဲ ဘယ်လိုအမှားပဲလာလာ ခွင့်လွှတ်
နိုင်တယ်ဆို"

"ဟေ့ကောင်၊ အဲဒီခွင့်လွှတ်တဲ့အမှားထဲမှာ ငါ့မိန်း
မပါဘူး၊ ခြွင်းချက်ကွ မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

တစ်ခါတုန်းက ကျေးရွာနဲ့ မနီးမဝေး တောအုပ်ကြီး တစ်ခုအတွင်းမှာ ဆာဒူးယောဂီကြီးတစ်ဦးဟာ တစ်ကိုယ်တည်း ဇေကစာရီ ကျင့်သုံးနေပါတယ်။ သူ့ရဲ့ရှေ့မှာ စာတန်းတစ်ခုကို ချိတ်ဆွဲထားတာက . . .

"ခန္တီ သည်းခံခြင်းသည် အရာရာကို အောင်မြင်စေနိုင်သည်" လို့ ရေးသားထားပါတယ်။

ဒီစာတန်းကပ်ပြီးလို့ မကြာခင် ပထမတစ်ရက်မှာ ရွာကျောင်းသားတွေက ဆာဒူးကြီးကို ခဲလုံးတွေနဲ့ပစ်ပေါက်ပြီး အနှောင့်အယှက် ပေးကြပါတယ်။ ဆာဒူးကြီးက လုံးဝ တုန်မလှုပ်နဲ့ပေါ့။

ဒုတိယရက်ကျတော့ ခဲတွေနဲ့သာ မကတော့ဘူး။ အုတ်တွေနဲ့ပါ လာရိုက်ကြပြန်တယ်။ ဆာဒူးကြီး မသိမသာ ညည်းနည်းလှုပ်လာမိတယ်။

တတိယမြောက်နေ့မှာတော့ ဆာဒူးကြီးရှေ့ကစာတန်းကိုဖတ်ပြီး ဘယ်ရွာကျောင်းသားမှ အနားကို ကပ်မလာရဲတော့ပါဘူး။




ဆာဒူးကြီး အသစ်ရေးထားတဲ့ စာတန်းအသစ်က ဘာလဲဆိုတော့ . . .

"ဟေ့. . . ခံသင့်မှ ခံတော့မည်" ဟူသတည်း။

*




တောရွာငယ်လေးတစ်ခုနေ အဘိုးအိုတစ်ဦးထံ စာပို့သမား စာလာပို့၏။ စာအိတ်ပေါ်တွင် ပေးပို့သူ လိပ်စာမပါပေ။ အဘိုးအိုသည် စာအိတ်ကိုဖောက်ပြီးနောက် ရေးထားသော စာများကိုဖတ်ရာ မမြင်ရသဖြင့် စာပို့သမားကို ဖတ်ခိုင်း၏။

စာတွင်ပါသော လက်ရေးမှာ အလွန်ဆိုးရွားပြီး မပီသသည့် ပဲပင်ပေါက်မတတ်လိုက် လက်ရေးဖြစ်၍ စာပို့သမားသည် ခက်ခက်ခဲခဲနှင့် အတော်ကြိုးစားဖတ်ရ၏။


"လေး. . . လေးစားအပ်ပါသော . . . အ. . . အဖေခင်ဗျာ"

"ဟာ. . . ဟုတ်ပြီ၊ ဒါ ငါ့သားအကြီးကောင်ဆီက စာပေါ့၊ ဒီကောင်က ငယ်ငယ်ကတည်းက စကားထစ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဖွယ် ဟာသများ



မြို့ပေါ်ကို တစ်ခါမှ မရောက်ဖူးသေးတဲ့ ချက်ဖောင်း တစ်ယော အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်ပေါက်လာလို့ မြို့ပေါ်ကို တက်ခဲ့ရတ မြို့ပေါ်ရောက်ရင် သူလိုချင်လွန်းလှတဲ့ သံသေတ္တာတစ်လုံး ဝယ်ခဲ့ဖို တွေးလာခဲ့တယ်။ သူ မြို့ပေါ်သွားမယ်ဆိုတော့ အလိမ်အညာ ခံရမှာ သည်လည်ဝယ်ဝယ်ရှိတဲ့ လူတစ်ယောက်က သူ့ကို ဆုံးမဩဝါဒ ပေးလို တယ်။

"ဟေ့ကောင် ချက်ဖောင်း၊ မင်းပုံစံက ဒိုက်ပုံစံမှန်း သိသာတ မင်းကို အချဉ်ဖမ်းကြလိမ့်မယ်၊ ဒီတော့ ဘာပစ္စည်းပဲဝယ်ဝယ် ဝယ်တဲ့ တန်ဖိုးရဲ့ တစ်ဝက်လောက်ခွာပြီးဆစ်၊ ရမှယူ ဟုတ်ပြီလား".

ဒီစကားကို ချက်ဖောင်းက သေသေချာချာ မှတ်သားလာတ ကိစ္စပြီးလို့ သံသေတ္တာဝယ်ဖို့အတွက် သံဖြူဆိုင်ကို ဝင်လိုက်ပြီး ဈေး လိုက်တယ်။

"ဒီသံသေတ္တာ ဘယ်လိုရောင်းသလဲဗျ"

"သုံးထောင်ပါ"

"ဟာ. . . များတာပေါ့၊ ထောင့်ငါးရာပဲထား"

"အဲဒီဈေးက အရင်းတောင်မရှိဘူးဗျ၊ နှစ်ထောင့်ငါးရာတော့

ဈေးရဲ့သဘောသဘာဝကို နားမလည်သော ချက်ဖောင်းက ပြောတဲ့ဈေးရဲ့ ထက်ဝက်လျှော့ပြီး ပြောလိုက်တယ်။

"တစ်ထောင့်နှစ်ရာငါးဆယ်ရရင် ယူမယ်"

မတန်တဆ ဈေးတွေဆစ်နေတဲ့ ချက်ဖောင်းကိုကြည့်ပြီး ဆိုင်ရှင်က ဒေါသထွက်လာတယ်။ မရောင်းရတော့မယ့်အ အချဉ်ဖမ်းမရတဲ့ ချက်ဖောင်းကို အရွဲ့တိုက်ပြီးပြောလိုက်တယ်။

"ဟေ့လူ လိုချင်ရင် အလကားသာ ယူသွားတော့"

"ဟာ. . . တကယ်လား၊ ဒါဆို နှစ်လုံးပေးဗျာ" ဟူသတည်း။





ဈေးထဲတွင် အမျိုးသမီးတစ်ဦးသည် ကြက်သားဆိုင်သို့ ရောက်လာပြီး ကြက်သားဈေးကို မေးရာ ရောင်းသူက ဈေးနှုန်းကို ပြောပြသည်။

"ဟင်. . . ဈေးနှုန်းက အရင်အတိုင်းပါပဲလား၊ ဂျာနယ်တွေထဲမှာ ရေးထားတာအရ ကြက်သားဈေးတွေ ဆယ့်ငါးရာခိုင်နှုန်းတိတိ ကျသွားတယ်ဆို"

"ဩော်. . . ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့က ဂျာနယ်မဖတ်ဘူး"

❑ ဇော



www.burmeseclassic.com

www.burmeseclassic.com

# မင်းကွန်းတိပိဋက ဆရာတော်ဘုရား၏ လက်ခံရရှိသော

ဘုန်းမီးနေလ

တာဝန်အရသော်လည်းကောင်း အမြဲလိုလို ဒေသန္တရ ဗဟုသုတ ရှာမှီးရန် ခရီးထွက်နေကြရသူများအတွက် မင်းကွန်း ဆရာတော်ဘုရားမှ ချီးမြှင့်တော်မူသော ခရီးသွားရန်ရှင်း ဘေးကင်းကွာဂါထာတစ်ပုဒ် ဖြစ်ပါသည်။

စာရေးသူသည် ဦးလေးဖြစ်သူ တပ်မတော်မှ အငြိမ်း စား ဗိုလ်ကြီးတစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဗကပချေမှုန်း ရေး တိုက်ပွဲကြီးငယ်ပေါင်း တစ်ရာနီးပါးခန့်မျှ၌ ကိုယ်တိုင် ကိုယ်ကျ ပါဝင်ခဲ့သော ဦးလေးဖြစ်သူ ဗိုလ်ကြီးမှာ ယခုတိုင် ကျန်းမာစွာဖြင့် ရှိနေပါသေးသည်။

အန္တရာယ်များပြား ကြမ်းတမ်းလှသော ခက်ထန်လှ သော တိုက်ပွဲများ၌ ကျည်တစ်တောင့်မျှ မခခဲ့။ ပွန်းပဲ့ထိခိုက် ဒဏ်ရာအသေးအမွှားလေးမှအပ ကြီးကြီးမားမား ဒဏ်ရာ ဟူ၍ မရခဲ့ပါ။ အရေးပေါ်အခြေအနေနှင့် တစ်ခါမျှ မကြုံ ခဲ့ဖူးပါ။

၁၉၇၇ ခုနှစ်တွင် ဆင်နွှဲခဲ့သော မိုးမိတ်တိုက်ပွဲကြီး၌ လည်းကောင်း၊ နောင်လိုင်သန်းတိုက်ပွဲကြီးတွင် လည်းကောင်း၊ ပွိုင့် ၆၀၄၁ စခန်းသိမ်းတိုက်ပွဲကြီး၌ လည်းကောင်း ရေကုန် ရေခန်း အကြီးအကျယ် အပြင်းထန် အကြမ်းတမ်းဆုံးတိုက်ပွဲ ကြီးများ ဖြစ်ပွားခဲ့ရာ ဦးလေးဗိုလ်ကြီးမှာ သစ်လုံးပြိုကျ၍ ခေါင်းကွဲသောဒဏ်ရာမှအပ ရန်သူကျည် လုံးဝမသင့်ခဲ့ပါ။

ထို့ကြောင့် ဗျူဟာမှူးကြီးကပင် အံ့သြချီးကျူးရင်း အဆောင်ကောင်းရှိလေသလားဟု မေးခဲ့ကြောင်း၊ ဦးလေးက ပင် မည်သည့်အဆောင်မျှ မရှိပါ၊ သို့သော် အမြဲတစေ မပြတ် ရွတ်ဆိုနေသော ဂါထာတစ်ပုဒ်ရှိကြောင်း၊ ထိုဂါထာအစွမ်း ကြောင့်ပင် ယခုလို အထိခိုက်ကင်း၍ ဘေးကင်းရန်ကွာဖြစ်ရ သည်ထင်ကြောင်း ရှင်းပြခဲ့ရသည်။

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး၏ လက်သုံး ဂါထာတော် ဖြစ်တော်မူသော ဘေးကင်းရန်ကွာ ခရီးသွား ဂါထာကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) ဘဝ သောတံ ဟဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ၊
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

(၂) ယဒိသန္တိ ဂမော မဂ္ဂေါ၊
မောက္ခော အစ္စန္တိကံ သုခံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

(၃) သံဃော ဝေ တိဏ္ဏကန္တာရော၊
ပုညက္ခေတ္တော အနုတ္တရော၊
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

<u>အနက်</u>

ဗုဒ္ဓေါ - သုံးလောကထွတ်ထား မြတ်ဘုရားသည်၊ ဟဝေ - ဧကန်အမှန်ပင်၊ ဘဝသောတံ - ဘဝသုံးတန်ကို၊ တိဏ္ဏော - နိဗ္ဗာန်မဂ်လမ်းရောက်အောင် ကူးမြောက်ပြီးဖြစ်ရ ကား၊ လောကန္တဂူ - လောကအဆုံးသို့ ဆိုက်ရောက်ပြီးဖြစ် လေသည်။ ဝိဒူ - ခပ်သိမ်းသောတရားတို့ကို ကုန်စင်အောင် သိတော်မူခဲ့လေပြီ။

မဂ္ဂေါ - အရိယာမဂ်လေးပါးသည်၊ ယဒိသန္တိ - ဧကန် အမှန်ပင်၊ သန္တိဂမော - နိဗ္ဗာန်သို့ ရောက်စေနိုင်၏၊ မောက္ခော စ - အရိယာမဂ်ဖြင့် ရောက်အပ်သော တရားမြတ်သည်၊ အစ္စန္တိကံ သုခံ - ချမ်းသာစစ်စစ် ဖြစ်တော်မူပေ၏။

သံဃော - အရိယာ သံဃာတော်မြတ်သည်၊ ဝေ - ဧကန်ပွင်၊ တိဏ္ဏကန္တာရော - သံသရာကို ကူးမြောက်ပြီးဖြစ် တော်မူပေ၏၊ အနုတ္တရော ပုညေက္ခေတ္တာ - အတိုင်းမရှိ ကောင်းမှုမျိုးကို ကြဲချ၍ လယ်ယာမြေကောင်းလည်း ဖြစ်ပေ ၏၊

ဧတေန သစ္စဝဇ္ဇေန ဂမနံ မေ သမိဇ္ဈတု - ဤမှန်ကန် သော သစ္စာစကားကြောင့် ယခု ခရီးသွားနေသော ကာလနှင့် ကိစ္စသည် ပြီးမြောက်အောင်မြင်၍ ဘေးရန်မနှောင့် မကျ ရောက်ဘဲ ထမြောက်ပါစေသတည်း။

ဤသို့လျှင် အကျိုးထူး၍ စစ်မှန်သော ဂါထာတော် မြတ်တစ်ပုဒ်ကို ကိုယ်တွေ့နှင့် ကြုံကြိုက်နေရသော ခုနစ်ရက် သားသမီးများ အကျိုးအတွက် ရှာဖွေဖော်ထုတ်လိုက်ရပါ တော့သည်။

❒ ဘုန်းမီးနေလ



www.burmeseclassic.com

# အကြားအမြင် ဗိုးဗတာဆန်း

နှင့်

# သိုက်နန်းရှင်

အောင်ဘုန်းမြင့်(တချင်မြေ)

www.burmeseclassic.com



**သိုက်နန်းရှင် နုနုထွေး**

စနေအစ စနေအဆုံး အမည်ရှင် စနေသမီးနုနုထွေးသည် ပုလဲရောင်ဖြူနုလှပသူလေးဖြစ်သဖြင့် မြင်ရသူတိုင်းက ချစ်ကြ၏။ လူ့လောကကြီးသည် တစ်ခါတစ်ရံ အမျိုးမျိုးအဖုံဖုံ ဆန်းကြယ်လှ၏။ ဖြစ်ချင်၍ဖြစ်လာသည်လည်း ရှိ၏။ မဖြစ်ချင်ဘဲ ဖြစ်လာရသည်လည်း ရှိတတ်၏။ ဘဝကံ တက်လိုက်ငုပ်လိုက်နှင့် ဘဝသံသရာလည်နေရသော ပွေလီရှုပ်ထွေးလှသည့် လူ့ဘဝကို ဘဝဇာတ်ခုံဟူ၍ သမုတ်ကြသည်။

နုနုထွေးကို ရပ်နီးရှိ အကြောင်းသိထားသူများက သိုက်နန်းကလာသည့် သိုက်ဝင်စားသူဟု နားလည်ထားကြ၏။ နုနုထွေးကိုယ်တိုင်ကလည်း မိမိကိုယ်မိမိ သိုက်ဝင်စားသူ သိုက်နန်းရှင်အဖြစ် ယုံကြည်နေသူဖြစ်၏။ တစ်ခါတစ်ရံ အများကြားသိပြီးသားစကားကို ကွန့်ပြောလေးပြောတတ်သည်။

"ကျွန်မကို သိုက်က လာတယ်လို့ ပြောကြတယ်၊ ကျွန်မလဲ ယုံတယ်၊ တစ်ခါတလေ အသိပေးတာတောင် ကြုံတတ်သေးတယ်"

နုနုထွေးကြုံလျှင် ပြောနေကျစကား ဘာကိုရည်ရွယ်၍ပြောမှန်းမသိ အများက ကြိုက်လို့ပြောသည်ဟု ထင်ကြသည်။

နုနုထွေး၏ သိုက်နန်းရှင် မောင်နှမတွင် အကြီးဆုံးမှာ အစ်ကိုကြီးဖြစ်ပြီး အစ်မ ငါးယောက်ရှိသည်ဟူ၏။ အစ်ကိုကြီး၏ အုပ်ချုပ်မှုအောက်တွင် ညီညွတ်မှုရှိကြပြီး မိမိသည် အထွေးဆုံးဖြစ်သဖြင့် အချစ်ပိုခံရသည်ဟု ဆိုသည်။ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းနောင်သိုက်နန်းရှင် ရှမ်းနွယ်ဝင်များ ဖြစ်ကြသည်ဟူ၍ ဖြစ်လေသည်။

သိုက်နန်းရှင်တို့၏ ဘာသာဘာဝအတိုင်း နုနုထွေး၏ သိုက်သမိုင်း



www.burmeseclassic.com

www.burmeseclassic.com

သည်လည်း အခြားသိုက်နန်းရှင်တို့၏ အဖြစ်အပျက်များနှင့် တူညီသည့် အချက်များ ရှိလေ၏။

တူညီသည့်အချက်မှာ နုနုထွေး သည် သိုက်နန်းရှင် မောင်နှမထဲတွင် အထွေးဆုံးဖြစ်ပြီး အစ်ကိုကြီးနှင့် အစ်မ တို့၏ ခွင့်ပြုချက်အရ လူ့လောကသို့ အလည်လာရောက်သူဖြစ်သည်ဟူသော အချက်ဖြစ်ပြီး မတူသည်မှာ နေထိုင် မကောင်းဟု အကြောင်းပြကာ နေ့ ထက်ဝက် (သို့) တစ်ရက်ခန့် အိပ်ပျော် သွားတတ်ခြင်း ဖြစ်သည်။ မကြာခဏ ဖြစ်ခြင်းမဟုတ်၊ တစ်နှစ်လျှင် တစ်ကြိမ် သာ ဖြစ်တတ်သည်။

နုနုထွေး နေထိုင်မကောင်းဖြစ် တော့မည်ဆိုလျှင် အိမ်ထဲက အိမ်ပြင် မထွက်။ စကားအပြောအဆို နည်းလာ ပြီး ငေးနေ ငေါင်နေတတ်သည်။ တစ် ယောက်တည်း စကားပြောသလို၊ ရယ် မောသလို လုပ်နေတတ်သည်။ မိဘများ နားမလည်၊ စိတ်ဝေဒနာ အထင်ရှိ၍ သမားတော်ပင့် ကုသည်၊ အကြောင်း မထူး။ ပယောဂ အစွဲကိုင်သည်ထင်၍ အများအကြံပေးချက်အရ အရပ်ဆရာ နှင့် အခါခါ ခေါ်ပြကြည့်သည်။ ကြာ တော့ ငွေကုန်လူပန်း အချည်းနှီးသာ ဖြစ်၏။

နုနုထွေး၏ ကိုယ်ပိုင်ပတ်ဝန်း ကျင် အခြေအနေက မပြောင်းလဲ၊ အာ ကာသတွင် ပုံမှန်လည်ပတ်နေကြသော ဂြိုဟ်နက္ခတ်တာရာများလို လည်ပတ် လှုပ်ရှားနေ၏။ ဒီလိုနှင့် နုနုထွေးတစ် ယောက် အရွယ်ရောက်လာသည်။

အရွယ်ရောက်လာတော့ အရပ် ထွက်လာပြီး ရုပ်ရည်ပိုသန့်လာသည်။ သွက်လက်၍ဉာဏ်ပိုကောင်းလာသည်။ နှစ်စဉ် အတန်းတိုင်း ဂုဏ်ထူးနှင့် ဗိုလ် စွဲနိုင်သဖြင့် ပန်းကိုင် ဗန်းကိုင်ဘဝမိဘနှင့် ကျော်ကြားစန်းတက်လာသည်၊ နောက် ပိုင်း သီချင်းလိုက်ဆိုနိုင်သည့် အဆင့်က နေ ဗွီဒီယို သုံး,လေးကား ရိုက်နိုင်သည် ထိ အောင်မြင်လာတော့သည်။

ဒါပေသိ အချိန်တိုက်ဆိုင်လာ လျှင် ဘာလိုလိုညာလိုလိုနှင့် အိပ်ပျော် သွားတတ်သည့်အကျင့်က ရှိဆဲ၊ အဖြေ ရှာမရ၊ မိဘများခေါင်းခဲကြရသည်။ နုနု ထွေးရဲ့အခက်အခဲကို ဖယ်ရှားပေးနိုင် ရန် နည်းလမ်းပေါင်းစုံကြံဆကြရသည်။

**အကြားအမြင်ဘဆန်းနှင့်တွေ့ခြင်း**

နုနုထွေးတစ်ယောက် ငေးငေါင် အလိုမကျဖြစ်နေရာမှ အိပ်ပျော်သွား သည်။ ညအိပ်ရာဝင်ကတည်းက အိပ် ပျော်သွားသည်မှာ နောက်တစ်နေ့ ည နေစောင်းအထိ နိုးမလာသေး။

ဒီတော့ ဘွားအေကြီး တရား စခန်းဝင်ရင်းကကြားလာခဲ့သည့်အကြား အမြင် ဦးဘဆန်းဆိုတဲ့ပုဂ္ဂိုလ်ကို သတိ ဝင်လာကြသည်။

လူ့လောကကြီးတွင် ထူးဆန်း သောအဖြစ်အပျက် မြောက်မြားစွာရှိ လေ၏။ မယုံကြည်ချင်သော်လည်း ကိုယ်တွေ့ကြုံလာလျှင်ယုံကြည်ကြရ၏။ လက်ဖက်ရည်ခွက်ထဲက လက်ဖက် ခြောက်အဖတ်များကို အာရုံနှင့်ကြည့်ပြီး ရှေ့ဖြစ်နောက်ဖြစ် မြင်နိုင်၊ ဟောနိုင်သူ များ ရှိသလို စိတ်စွမ်းအားဖြင့်ဖြစ်လာ မည့် ဖြစ်ရပ်ဆန်းများကို ကြိုတင်ပြောပြ နိုင်သူများလည်း ရှိကြသည်။ ထိုသို့ ဖြစ်လာရသော အကြောင်းခြင်းရာများ သည် မတော်တဆတိုက်ဆိုင်၍ ဖြစ်လာ ရခြင်း မဟုတ်ဘဲ လျှို့ဝှက်ဆန်းကြယ် ဓာတ်သဘာဝများ၏ထိန်းချုပ်မှုကြောင့် ဖြစ်လာရခြင်း ဖြစ်သည်။

ဦးဘဆန်းသည် သိဒ္ဓိဆယ်ပါးမှ အလိုရှိသော သိဒ္ဓိတန်ခိုးကို ဘုရားဖက် ၍ တရားနှင့်ကျင့်ကြံလာခဲ့ရာမှ အကြား အမြင် အတော်အတန်နှင့် အာကာသ သိဒ္ဓိခေါ် ရုပ်ခန္ဓာထဲမှ နာမ်ခန္ဓာခွာ၍ အာကာသခရီးသွားလာခြင်းကို အတိုင်း အတာတစ်ခုထိ အောင်မြင်လာခဲ့သူဖြစ် သည်။

ထို့နောက် ဆင်းရဲ ချမ်းသာ လူမျိုးဘာသာမရွေး ဒုက္ခရောက်လာသူ များကို နှောင်ကြိုးမဲ့ လိုက်လံကူညီပေး နေသူ ဖြစ်သည်။ ဦးဘဆန်း၏ ပညာ လမ်းစဉ်တွင် နတ်၊ စုန်း၊ အောက်လမ်း မပါ၊ စိတ်ညှို့ အိပ်မွေ့ချပညာနည်းဖြင့် စိတ်ကို တရားနည်းဖြင့် ကျင့်ကြံပေါက် မြောက် အောင်မြင်လာသူ ဖြစ်သည်။ သို့ဖြစ်၍ အဆုံး၌ ဦးဘဆန်းကို အားကိုး ကြရသည်။

နုနုထွေး၏ မိဘနှစ်ပါးသည် ဦးဘဆန်း၏လိပ်စာကို စုံစမ်း၍ အဖြူ ရောင် ချယ်ရီ တက္ကစီကားလေးနှင့် အကြားအမြင် ဦးဘဆန်း နေထိုင်ရာ ရန်ကုန် ကျောက်မြောင်းသို့ ရောက်ရှိ လာကြသည်။ ကုလားဘုရားစင်များဖြင့် တည်ထားကိုးကွယ်မှုပြုသည့် အိမ်ဝဲယာ ညောင်ပင်နှစ်ပင်ကြားက ဖြတ်ဝင်လိုက် လျှင် ဦးဘဆန်း၏ ဟောင်းနေသော နှစ် ထပ်လုံးချင်းပျဉ်ထောင်အိမ်သို့ ရောက် ရှိ သွားကြ၏။ အိမ်ရှေ့မြေလွတ်များ တွင် ဆေးဂမုန်းပင်များ၊ အခြားထူးဆန်း သော ပရဆေးအမျိုးမျိုး အစီအရီပေါက် အားသန်နေကြသည်။

သိဒ္ဓိကျင့်စဉ်ပြီး၍ ခေတ္တအနား ယူနေသော ဦးဘဆန်းနှင့် ဆိုက်ဆိုက် မြိုက်မြိုက်တွေ့ရပြီးလျှင် လာရင်းကိစ္စ လိုရင်းကို ဆွေးနွေးကြသည်။ ဦးဘဆန်း သည် မိမိတတ်နိုင်သမျှ ကြိုးစားကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိ ပေးပြီး လူနာရှိရာသို့ မဆိုင်းမင့်လိုက်ပါ သွားသည်။

ချယ်ရီ တက္ကစီကားလေးသည် လေကိုခွင်း၍ နုနုထွေးတို့အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။

ခြေဆင်းပက်လက် အသက်မှန် မှန်ရှူပြီး အိပ်မောကျနေသော လူနာဆို သူ နုနုထွေးကို တွေ့ရသည့်အခါ ဦးဘ ဆန်း အဖြေရှာရခက်သွား၏။ နုနုထွေး ၏ လက်ချောင်းကလေးများကို ကိုင် ကြည့်သည့်အခါ နွေးနွေးထွေးထွေးရှိနေ ပြီး အသက်ဝင်နေ၏။ နဖူးကို လက်ဝါး နှင့်အုပ်ပြီး အာရုံခံကြည့်သည့်အခါ နုနု ထွေး၏ အငွေ့အသက်များ ကူးစက်လာ





www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ထူးခြားသော အာရုံခံစားမှုမျိုး ဖြစ် ပေါ်ခံစားရ၏။

ဦးဘဆန်းသည် ခုတင်ဘေးရှိ လူနာစောင့်အိပ်သောပက်လက်ကုလား ထိုင်တွင် ဝင်ထိုင်လိုက်ပြီး အာရုံစိုက်၍ အမြင်ဓာတ်ရအောင် စိတ်စွမ်းအား မြှင့်တင်လိုက်သည်။ ကြိုတင် ပြောထားသည့်အတိုင်း နုနုထွေး၏ မိသားစုများသည် ဝင်ရောက်နှောင့်ယှက်ခြင်းမပြုဘဲ စောင့်ကြည့်နေကြသည်။

**မိုင်းနောင်သိုက်နန်းရှင်များ**

ဦးဘဆန်း၏ နာမ်ခန္ဓာသည် ရုပ်ခန္ဓာထဲမှ တဖြည်းဖြည်းထွက်ခွာသွားပြီး အာကာသထဲ ရွေ့လျားရောက်ရှိသွား၏။ ရုပ်ခန္ဓာမှာ ပက်လက်ကုလားထိုင်တွင် အိပ်ပျော်၍ နုနုထွေးနှင့်အတူ ကျန်ရစ်ခဲ့သည်။

ဦးဘဆန်း၏ နာမ်ခန္ဓာသည် နုနုထွေး၏ အငွေ့အသက် ဦးဆောင်မှုဖြင့် အတားအဆီးမရှိ ကောင်းကင်ခရီး ဆက်နေတော့၏။

အာကာသခရီး အတန်ကြာ ပေါက်ရောက်သွားသည့်အခါ ပန်းချယ်ရီ ဝေဆာနေသော ရှမ်းတောင်တန်းကို စမြင်ရသည်။ မကြာမီ ရွာအဝင်ဝတွင် မိုင်းနောင်ရွာမှ ကြိုဆိုပါ၏ဟူသော စာတန်းကမ္ပည်းရေးထိုးထားသည့် မြို့တမျှ စည်ကားလှပသော ရှမ်းရွာကြီးတစ်ရွာပေါ်သို့ ရောက်ရှိလာ၏။

မိုင်းနောင်ရွာသည် ရှေးက ရှမ်းစော်ဘွားကြီးများ စိုးစံခဲ့သော အချက်အချာ ဗဟိုဌာနဖြစ်ခဲ့ပြီး မြို့အမည်ပေါက်ခဲ့သော ရွာကြီးဖြစ်သည် ဟူ၏။ ရွာအနီးအနားတွင် ရှေးဟောင်းထင်ရှားသော ဘုရားစေတီပုထိုးများ တည်ရှိပြီး ရှမ်းစော်ဘွားအဆက်ဆက် ထားရစ်ခဲ့သော နှောင်းလူများ မသိသေးသည့် သိုက်နန်းရှိရာအရပ် ဖြစ်သည်။

ဦးဘဆန်း၏ နာမ်ခန္ဓာသည် ပေါ့ပါးသောအလျဉ်ဖြင့် မိုင်းနောင်ရွာနှင့် မနီးမဝေးတွင်ရှိ မိုင်းနောင်သိုက်နန်း၏ လိုဏ်ဂူဝသို့ အခက်အခဲမရှိ ရောက်ရှိနိုင်ခဲ့၏။

သိုက်နန်းအတွင်းသို့ မဝင်ရောက်နိုင်စေရန် နတ်တို့တန်ခိုးဖြင့် အတားအဆီး အမျိုးမျိုး ကာဆီး ပြုလုပ်ထားသော်လည်း ဦးဘဆန်းသည် နှစ်ပေါင်းများစွာ တရားကျင့်ကြံ အားထုတ်လာခဲ့သူ ဖြစ်သောကြောင့် အတားအဆီးများကို အလွယ်တကူ ဖြတ်ကျော်ဝင်ရောက်နိုင်ခဲ့သည်။

ထို့ပြင် မိမိ၏နာမ်ခန္ဓာကိုအခြားပုဂ္ဂိုလ်များ မမြင်နိုင်အောင် ဘုရားဂုဏ်တော် ရွတ်ဆို၍ ဘုရားတန်ခိုးဖြင့် ကာကွယ်ထားပြီး လှုပ်ရှားနိုင်ခဲ့၏။ သိုက်နန်း လျှို့ဝှက်ချက်များကို လေ့လာနိုင်ခဲ့၏။

လျှို့ဝှက်သိုက်နန်းအတွင်းစည်းထဲတွင် ရွှေထည်၊ ငွေထည်များဖြင့် ပြုလုပ်ထားသော ရှေးဟောင်းရတနာပစ္စည်း အမျိုးမျိုး၊ စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲအစရှိသော ကျောက်မျက်ရတနာများနှင့် စီခြယ်ပြုလုပ်ထားသော လက်ဝတ်ရတနာများ အလွန်ရှေးကျသော လူ့အသုံးအဆောင် ပစ္စည်းအမျိုးမျိုးသည် တောင်ပုံရာပုံ ပြည့်သိပ်၍ရှိနေ၏။ ထီးသုံးနန်းသုံး အဖိုးတန်အသုံးအဆောင်များ၊ နတ်ဝတ်တန်ဆာများနှင့် မမြင်မတွေ့ဖူးသော ပစ္စည်းအမျိုးမျိုး တွေ့ရ၏။

သိုက်နန်း၏ ဗဟိုချက်ချာတွင် နတ်အသုံးအဆောင်ပစ္စည်း အစုံအလင်နှင့် နန်းရှင်မောင်နှမ ခုနစ်ဖော် ထိုင်နေကြသည်ကို မြင်ရ၏။ ဘုရားတန်ခိုးကြောင့် ဦးဘဆန်း၏ နာမ်ခန္ဓာကို သိုက်နန်းရှင်များ မမြင်ရပါ။ အနားကပ်ကြည့်လိုက်သည့်အခါ အငယ်ဆုံး သိုက်နန်းရှင်လေးမှာ ရန်ကုန်မြို့ မိဘအိမ်၌ အိပ်ပျော်ကျန်ရစ်ခဲ့သော နုနုထွေး ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရပါတော့သည်။

အငယ်ဆုံး သိုက်နန်းရှင်လေးက မိမိ၏အစ်ကို၊ အစ်မများကို လူ့ပြည်လူ့ရွာ၌ သက်တမ်းစေ့ နေထိုင်ခွင့်ပြုရန် တောင်းပန်ပြောဆိုနေ၏။

အစ်ကိုကြီးက . . .

“မိထွေးလေး . . . ငါတို့ကတိပြုထားတဲ့အတိုင်း လူ့ပြည်မှာ အနှစ် ၂၀ ထက် ပိုနေခွင့်မပြုနိုင်ဘူး၊ မိထွေးလေးရဲ့ လိပ်ပြာကိုယ်ပွားကို ဟိုဖန်ပေါင်းချောင်ထဲမှာ ချုပ်ထားတယ်၊ အစ်ကိုအစ်မတို့အချက်ပေးလိုက်တိုင်း မိထွေးလေး သိုက်နန်းကို ပြန်လာရလိမ့်မယ်”

ဟူ၍ အမြင့်တစ်နေရာတွင် ချုပ်နှောင်ထားသော နုနုထွေး၏လိပ်ပြာကိုယ်ပွားကို လက်ညှိုးထိုးပြပြီး အစည်းအဝေး အဆုံးသတ်လိုက်သည်။

သိုက်နန်းရှင်များ အလစ်တွင် ဦးဘဆန်း၏ နာမ်ခန္ဓာက နုနုထွေး၏ လိပ်ပြာကိုယ်ပွား ချုပ်နှောင်ထားသော ဖန်ပေါင်းချောင်ဘူးကို ဘုရားဂုဏ်တော် အကြိမ်ကြိမ်ရွတ်ဆိုပူဇော်၍ အရှိန်နှင့် တိုက်လိုက်ရာ ဖန်ပေါင်းချောင်အက်ကွဲသွားပြီး နုနုထွေး၏ လိပ်ပြာကိုယ်ပွား လွတ်မြောက်သွား၏။

ဦးဘဆန်း၏ နာမ်ခန္ဓာသည် သိုက်နန်းမှ အမြန်ဆုံးပြန်လာကာ ရုပ်ခန္ဓာနှင့် ပြန်လည်ပူးပေါင်းသွားသည်။ ရှေ့ဆင့်နောက်ဆင့် နုနုထွေး၏ နာမ်ခန္ဓာသည်လည်း ရုပ်ခန္ဓာနှင့် ပူးပေါင်းနိုင်ခဲ့ပြီး နိုးကြားလှုပ်ရှားလာ၏။

“ဒီနေ့ကစပြီး နုနုထွေး သိုက်နန်းရှင်ဘဝကနေ လွတ်မြောက်သွားပြီ”

ဟူ၍ ပြောလိုက်သော ဦးဘဆန်း၏ စကားသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို အသက်သွင်းပေးလိုက်ပါတော့သည်။


ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ. . .

❒ အောင်တုန်းမြင့် (တချုပ်မြေ)



www.burmeseclassic.com

www.burmeseclassic.com



# လူတိုင်းအတွက်

# ဝန်းပွင့်လာဘ်ပွင့်ယတြာ

အောင်ကြည်သန်း(ဖောင်တော်သီ)

ဒီနှစ် ရန်ကုန်မိုးက နောက်ကျသည်။ ရွာမယ့်ရွာတော့လည်း သဲကြီးမဲကြီး ရက်ဆက်ရွာနေသည်။ ဒီနေ့လည်း မိုးရွေ့ခါက တဝေါဝေါရွာလိုက် နားလိုက် လုပ်နေသည်။ မိုးနှင့်အတူ လေပြင်းတွေတိုက်သဖြင့် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဘုရားဝင်းထဲရှိ ဗာဒံပင်၊ ပိတောက်ပင်၊ ကရမက်ပင်၊ အင်ကြင်းပင်တို့မှ နွေလက်ကျန် ရော်ရွက်ဝါလေးတွေ မြေပြင်သို့ ဝဲပျံလွင့်ကျနေသည်။

သစ်ပင်ကြီးများထက်ဆီတွင် ဝေသာလီဗျိုင်း၊ ဗျိုင်းအောက်နှင့် တင်ကျီးငှက်တို့ မိုးခိုနေကြသည်။ ဗျိုင်းတွေက သစ်ခြောက်ငုတ်တိုပင်မှ သစ်ကိုင်းခြောက်လေးတွေကို နှုတ်သီးဖြင့် ကိုက်ဖြတ်ပြီး ချီသွားကာ သစ်ပင်ကြီးပေါ်တွင် အသိုက်လုပ်နေကြသည်။ ကစ် ကစ် ကအောက် ကအောက်ဟု အော်မြည်ကာ ပျော်မြူးနေကြသည်။

တင်ကျီးငှက်များက သစ်ပင်ကြီးတွင်နားရင်း မိုးစိုနေသော ကိုယ်ကို ခြောက်စေရန် တောင်ပံနှစ်ဖက်ကို မကြာခဏခတ်နေကြသည်။ အဖြူရောင် ငွေဗျိုင်းများနှင့် အမည်းရောင်တင်ကျီးငှက်တို့ သစ်ပင်ကြီးတစ်ပင်တွင် အတူတကွ တည့်တည့်ရှုရှု မိုးလာခိုနေကြသည်မှာ ကြည့်၍ပင်ကောင်းလှသည်။ လူသားတွေလည်း အဖြူ အမည်း မခွဲခြားဘဲ မေတ္တာတရားအတက်ကိုင်ထားပြီး ညီညီညွတ်ညွတ် နေထိုင်ကြလျှင် သာယာချမ်းမြေ့သည့် ကမ္ဘာကြီး ဖြစ်နေမည်ဟု တွေးမိလိုက်သည်။ မြပြာရောင်တိမ်လွှာအောက်တွင် ဘုရားဝင်းထဲရှိ သစ်ပင်များမြစိမ်းရောင်တဘက် လွှမ်းခြုံထားသကဲ့သို့ စိမ်းလန်းစိုပြည်သာယာလှပလို့နေကြသည်။

ညနေခင်း မိုးစဲသွားခိုက် မမြသီတာတစ်ယောက် ကျွန်တော့်ပေဒင်ဟောခန်းသို့ ရောက်ချလာသည်။ မမြသီတာက သစ်ရွက်စိမ်းရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။ အသားဖြူပြီး မျက်နှာဝိုင်း၊ သမင်မျက်လုံးလေးနှင့်ကိုယ်ခန္ဓာအမို့အမောက်တွေက အချိုးအဆစ် ပြေပြစ်လှပကြော့ရှင်းသည်။

"မင်္ဂလာပါ ဆရာ၊ နေကောင်းလား"

"မင်္ဂလာပါ သမီး၊ နေကောင်းပါတယ်၊ လာထိုင် ဆရာဘာလုပ်ပေးရမလဲ ပြော"

"သမီးဇာတာ ပြန်စစ်ဆေးပါဦး၊ အလုပ်တွေက သိပ်မကောင်းဘူး၊ အရောင်းအဝယ်တွေ ပါးနေတယ်ဆရာ၊ နောက်ပြီး သမီးလက်ထပ်ဖို့ကိစ္စမှာလဲ မတော်ရသေးတဲ့ယောက်မတွေက ပူညံပူညံနဲ့ သဘောမတူဖြစ်နေတယ်ဆရာ၊ အဲဒါကြောင့် ကုန်စုံဆိုင်မှာ အရောင်းအဝယ်တွေ ကောင်းလာအောင်ရယ်၊ လက်ထပ်ဖို့ အဆင်ပြေသွားအောင်ရယ် ယတြာလုပ်ပေးပါဦး၊ ဆရာ့ကိုပဲ အားကိုးနေရတာ" ဟု ရွှန်းလဲ့သည့် အကြည့်လေးနှင့် ပတ္တမြားရောင် မထူမပါး နှုတ်ခမ်းနှစ်လွှာက ဖွင့်ဟလာသည်။

"ဒီအတွက်တော့ ဘာမှမပူနဲ့ သမီး၊ ဆရာ့မှာ စီရင်ပြီးသား အင်းပြားလေးရှိတယ်၊ သမီးက အဲဒီ့အင်းပြားလေးကို လက်ဖက်ရည်အောက်ခံ ပန်းကန်ပြားပေါ်မှာ တင်ထားရမယ်၊ အင်းပေါ်မှာ ပန်းအိုးတစ်လုံး တင်ရမယ်၊ ပန်းအိုးမှာ ရေထည့်ရမယ်၊ သမီးက ဘာနေ့သမီးလဲ"

"ကြာသပတေး သမီးပါ ဆရာ"

"ကြာသပတေးဆိုတော့ မွေးနံပန်းဖြစ်တဲ့ မေမြို့ပန်း ၁၉ ပွင့်နဲ့ အညွန့်နံပန်းဖြစ်တဲ့ သီဟိုဠ် ၆ ခက်၊ ဒါမှမဟုတ် ၂၁ ရွက်ကို ပန်းအိုးထဲမှာထည့်ပြီး အိမ်ဘုရားမှာ ကပ်လှူရမယ်၊ မွေးနေ့နံနက် ၉ နာရီ ၄၅ မိနစ် အချိန်မှာ ကပ်လှူရမယ်၊ ပန်းတွေနွမ်းသွားရင် အသစ်လဲတင်၊ ရေကိုလဲ လဲလှယ်ပေးရမယ်၊ ဆရာပြောတာကို သဘောပေါက်လား၊ လုပ်တတ်မလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်၊ လုပ်တတ်ပါတယ် ဆရာ"

"အဲဒီယတြာလုပ်လိုက်ရင် အရောင်းအဝယ်တွေ ကောင်းလာမယ်၊ သမီးလက်ထပ်ဖို့ကိစ္စလဲ အဆင်ပြေသွားမယ်၊ လိုတဲ့ဆုသာ တောင်းပေတော့" ဟု အားပေးစကား ပြောလိုက်သည်။

မမြသီတာကို ဇာတာစစ်ပေးပြီးနောက် အင်းပြားလေးကို လက်ဖဝါးပေါ်တင်ကာ သေသေချာချာ အပ်ပေးလိုက်သည်။ မမြသီတာတစ်ယောက် ကျေးဇူးပဲဆရာဟု နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။ တစ်လခန့်ကြာသော် မမြသီတာ ကျွန်တော့်ဗေဒင်ဟောခန်းသို့ ပြန်ရောက်လာသည်။

"သမီး ဆရာ့ကို ကန်တော့ပါတယ်" ဟုပြောရင်း မုန့်ပုံးတစ်ပုံး ကမ်းပေးပြီး လက်အုပ်ချီကာ ရိုရိုသေသေ ထိုင်ကန်တော့သည်။

"သမီး လိုရာဆန္ဒနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ဝရပါစေ၊ ဆရာပြောတဲ့အတိုင်း သမီး ယတြာကို သေချာလုပ်ခဲ့တယ်၊ အခု အရောင်းအဝယ်တွေ ပြန်ကောင်းလာပြီ၊ လက်ထပ်ဖို့လဲ ညှိလို့ရသွားပြီ၊ အဲဒါ လာမယ့်ရှေ့လထဲမှာ လက်ထပ်ဖို့ မင်္ဂလာရက်၊ မင်္ဂလာ အချိန်အခါတွေ ရွေးပေးပါဦး ဆရာ"

"ရွေးပေးရမှာပေါ့ သမီးရာ" ဟုပြောပြီး မင်္ဂလာရက်၊ မင်္ဂလာအချိန်အခါနှင့် ဝတ်ဆင်ရန်အရောင်၊ မင်္ဂလာပန်းတို့ကို ပါ အပြည့်အစုံ ရွေးပေးလိုက်သည်။ မမြသီတာတစ်ယောက် ရွှန်းလဲ့လှပပြီး ပြုံးမန်းဝေနေသည့် မျက်နှာလေးနှင့် . . .

"ကျေးဇူး အထူးပဲ ဆရာ၊ သမီးကို ပြန်ခွင့်ပြုပါဦး" ဟု နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။ ကျွန်တော့်မှာ ဆောင်ရွက်ပေးခဲ့ရသည့် ကိစ္စများ အောင်မြင်သွား[...] အတွက် ဝမ်းသာပီတိဖြစ်ကာ ကြည်နူးနေမိပါတော့သည်[...]

စနေပွင့်၊ လာဘ်ပွင့် ယတြာကို လူတိုင်းအသုံးပြုနိုင်[...] ရန် အင်းစီရင်နည်းကို ခုနစ်ရက်သားသမီးတို့ နေ့အလိုက်[...] ကပ်လှူကြရမည့် ပန်းများကို ဖော်ပြလိုက်ပါသည်။

ယတြာပြုလုပ်ရန် အင်းမှာ လေးထောင့်အကွက် [...] ကွက်ရှိသည်။ ရွှေပြား၊ ငွေပြား၊ ခဲမဖြူပြား၊ ကြေးပြားတို့[...] စီရင်နိုင်ပါသည်။ အင်းဆံမှာ "ဝိတေနောနာ၊ ဝိနာဒိတိ [...] ယသာ၊ ဝိသာမတေ" ဖြစ်သည်။ အင်းသွားပုံမှာ [...] လက်ယာရစ် သွားပါသည်။ အင်း၏ကောင်းကျိုးမှာ စန်း[...] လာဘ်ပွင့်၊ ရာဇ၊ ဣတ္ထိ၊ ကုန်တိုက်၊ ဈေးခေါ်တို့အတွက်[...] အလွန်ပင် ကောင်းမွန်ပါသည်။ ဝေဿန္တရာမင်းကြီး၏ [...] တော်၊ သမီးတော် ကဏှာနှင့်ဇာလီကို သိကြားမင်းပေးသော[...] အင်းဖြစ်ကြောင်း ရှေးဆရာများက ဆိုထားကြပါသည်။

အင်းစီရင်ရာတွင် စန်းယှဉ်နက္ခတ်၊ နှစ်ဖက်မြင် အ[...] အဝင်နက္ခတ်၊ လာဘအဝင်နက္ခတ်၊ သို့မဟုတ် သိဒ္ဓိအ[...] နက္ခတ် ကြုံသောအချိန်များတွင် စီရင်ရပါသည်။

| | | |
|---|---|---|
| နော | နာ | ဒိ |
| တေ | ဝိ | တိ |
| မ | သာ | ယ |

ယတြာအင်းပုံစံ

ယတြာပန်းများကို မိမိတို့၏ အိမ်ဘုရားတွင် မွေးနေ့ နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် ကပ်လှူပူဇော်ကြရ[...] လိုရာဆုများကို တောင်းနိုင်ပါသည်။ တောင်းသည့်ဆုနှင့် ပြည့်ဝစေတတ်ပါသည်။

**နေ့သားသမီးအလိုက် ယတြာပန်းနှင့် ကပ်လှူရန် အချိန်ဇယား**

| နေ့သားသမီး | ယတြာပန်း | ကပ်လှူရန်အချိန် |
|---|---|---|
| တနင်္ဂနွေ | အုန်း ၆ ညွန့် + ကံ့ကော် ၁၅ ညွန့် | နံနက် ၉ နာရီ ၄၅ မိနစ် |
| တနင်္လာ | ကံ့ကော် ၁၅ ညွန့် + ဆီး ၈ ညွန့် | နံနက် ၉ နာရီ ၄၅ မိနစ် |
| အင်္ဂါ | ဆီး ၈ ညွန့် + ရွက်လှ ၁၇ ညွန့် | နံနက် ၉ နာရီ ၄၅ မိနစ် |
| ဗုဒ္ဓဟူး | ရွက်လှ ၁၇ ညွန့် + မေမြို့ပန်း ၁၉ ပွင့် | နံနက် ၉ နာရီ ၄၅ မိနစ် |
| ကြာသပတေး | မေမြို့ပန်း ၁၉ ပွင့် + သီဟိုဠ် ၆ ခက် (သို့) ၂၁ ရွက် | နံနက် ၉ နာရီ ၄၅ မိနစ် |
| သောကြာ | သီဟိုဠ် ၆ ခက် (သို့) ၂၁ ရွက် + ဒန်း ၁၀ ညွန့် | နံနက် ၉ နာရီ ၄၅ မိနစ် |
| စနေ | ဒန်း ၁၀ ညွန့် + အုန်း ၆ ညွန့် | နံနက် ၉ နာရီ ၄၅ မိနစ် |

❒ အောင်ကြည်ထန်း(ဗေဒ[...]



www.burmeseclassic.com

www.burmeseclassic.com






## Brain Trouble

### ဦးနှောက်နှင့်ပတ်သက်သည့် ဝေဒနာများ

ဦးနှောက်နှင့် ပတ်သက်သည့် ဝေဒနာများ ခံစားရသူ၏လက်တွင် အောက်ပါအမှတ် လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။

(၁) သောကြာဂြိုဟ်ခုံမှ အရေးအကြောင်း တစ်ခုသ... ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် အဆုံးသတ်နေခြင်း၊

(၂) အသည်းလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်း နှ... ဆက်စပ်နေခြင်း၊

(၃) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကြယ်သဏ္ဍာန်(သို့) ကြက်ခြေ ပါရှိခြင်း၊

(၄) တနင်္လာဂြိုဟ်ခုံတွင် ကြယ်သဏ္ဍာန်ရှိခြင်း၊

(၅) ဉာဏ်စွမ်းလမ်းကြောင်းအား ဖောက်နက်သည့် အဖျက်လမ်းကြောင်းတစ်ခု ဖြတ်နေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၆) ဉာဏ်စွမ်းလမ်းကြောင်း ဆိုးဝါးစွာ ကျိုးပြတ်နေခြင်း၊

(၇) ဉာဏ်စွမ်းလမ်းကြောင်းသည် ဆင်ခြေလျှော၍ ကားချဲ့သွားခြင်း၊

(၈) အသက်လမ်းကြောင်းသည် အစပိုင်းတွင် ခွသဏ္ဌာန်ဖြစ်နေခြင်း၊

(၉) ဉာဏ်စွမ်းလမ်းကြောင်းသည် ဖျော့တော့၍ ပြန့်ကားနေခြင်း၊

(၁၀) လှိုင်းတွန့်နေသည့် ဉာဏ်စွမ်းလမ်းကြောင်းသည် အသည်းလမ်းကြောင်းဘက်ဆီသို့ လှိုင်းထ၍ ယိမ်းနေခြင်း၊

(၁၁) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် အမည်းစက်များရှိနေခြင်း၊

(၁၂) အင်္ဂါလွင်ပြင်သည် ဉာဏ်စွမ်းလမ်းကြောင်းဘက်သို့ တိမ်းယိမ်းနေခြင်း၊

(၁၃) သောကြာဂြိုဟ်ခုံမှ ပယောဂလမ်းကြောင်း (Influence Line)တစ်ခုသည် ဉာဏ်စွမ်းလမ်းကြောင်းကို ဖြတ်သွားခြင်း၊

(၁၄) ပယောဂလမ်းကြောင်းတစ်ခု အဆုံးရှိ ဦးခေါင်းလမ်းကြောင်းပေါ်တွင် ကြယ်သဏ္ဌာန်တစ်ခု ရှိခြင်း။

## Breaks in the Lines
## အရေးအကြောင်းများ ကျိုးပျက်နေခြင်း

အရေးအကြောင်းတစ်ခုခုတွင် ကျိုးပျက်နေခြင်းသည် ထိုအရေးအကြောင်းနှင့် ပတ်သက်၍ ဆုံးရှုံးမှုကို ညွှန်ပြနေခြင်း ဖြစ်သည်။

ချို့တဲ့မှုတစ်ရပ်အနေဖြင့် အရေးပါသည့် ကျိုးပျက်မှုများကို ကျိုးပျက်မှုအတိုင်းအဆနှင့် ချိန်ဆရမည် ဖြစ်သည်။ ကျိုးပျက်မှုကြီးမားလေလေ အကျိုးသက်ရောက်မှု ပြင်းထန်လေလေ ဖြစ်သည်။ သို့သော် နက်ရှိုင်းအားကောင်းသည့် အရေးအကြောင်းပေါ်တွင် ကျိုးပျက်မှုအရှိန်သည်ထိရောက်မှု မရှိလှပါ။

အရေးအကြောင်းသည် တိမ်ပြီး သံကြိုးကွင်းဆက်မျိုးပေါ်တွင် ကျိုးပျက်ခြင်းမျိုးဖြစ်လျှင် ထိုကျိုးပျက်မှု အရှိန်ဒဏ်သည် ပြင်းထန်စေမည် ဖြစ်သည်။ ကျိုးပျက်မှုများ၏ အကျိုးဆက်ကြောင့် နာမကျန်းဖြစ်မှု သို့မဟုတ် မတော်တဆထိခိုက်မှုများဖြစ်ပါက ကျန်းမာရေးအတွက် ကြီးမားသည့် အဟန့်အတားကို ဖြစ်စေပါသည်။

ကြီးကျယ်သည့် ကျိုးပျက်မှုများသည် ကာယကံရှင်အား အကျိုးဆုတ်ယုတ် ပျက်ပြားစေပြီး ခန္ဓာကိုယ်အတွက် အားနည်းစေ၏။ ထိုသူအား ခံနိုင်ရည်အားမရှိဘဲ ဖြစ်စေမည် ဖြစ်သည်။

အကယ်၍ အရေးအကြောင်းသည် ကျိုးပျက်ပြီး အား... ကောင်းစွာဖြင့် ပြန်လည်ရှင်သန်နေပါက ကာယကံရှင်သည် အခက်အခဲကို ရဲရင့်စွာ ရင်ဆိုင်နိုင်လိမ့်မည် ဖြစ်သည်။

အကယ်၍ ကျိုးပျက်မှုတွင် ကွန်းတစ်ခု ခံနေပါ... ကံဆိုးမှုနှင့် ကြုံပြီးနောက် ဆက်လက်၍ နာလန်မထူနိုင်... ရှိနေဦးမည်ဖြစ်ကြောင်းကို ပြညွှန်းသည်။

အရေးအကြောင်းတစ်ခုတွင် ပေါ်ပေါက်စရာရှိသည့် ယိုယွင်းပျက်စီးမှု တစ်ခုကို လေးထောင့်ကွက်များနှင့် အထောက်အကူပြု အရေးကြောင်းများက ပြုပြင်ပေးနိုင်... သည်။



စာရေးဆရာ 'မောင်သော်က' (ဗိုလ်မှူးဘသော်-... သည် တိုက်ရေယာဉ် အမှတ်-၁၀၃နှင့် ပင်လယ်အတွင်း... သင်္ဘောပျက်၍ ၁၃ ရက်တိတိ မျောပါနေခဲ့ပြီး တစ်ယော... တည်း အသက်ရှင် ကျန်ရစ်ခဲ့ရခြင်းမှာ ဖော်ပြပါ ၎င်း... လက္ခဏာတွင်အရံအသက်လမ်းကြောင်းပါရှိခြင်းနှင့် အသက်... လမ်းကြောင်းဘေးတွင် လေးထောင့်ကွက် တစ်ခုက အ... အကွယ်ပြုပေးနေခြင်းတို့ကြောင့်ပင် ဖြစ်သည်။

## Breast, Wounds on
## ရင်ဘတ်ပေါ်တွင် ဒဏ်ရာအနာတရဖြစ်ခြင်း

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် လမ်းကြောင်းငယ် များ... ရှိခြင်း၊

(၂) စနေဂြိုဟ်ခုံအောက်တွင် ကြက်ခြေအ...်အသ... နေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## Bright's Disease
## ကျောက်ကပ်ရောဂါ

အင်္ဂါဂြိုဟ်ခုံအနီး ဦးခေါင်းလမ်းကြောင်းပေါ်တွင် ဖြူ၍ သေးငယ်သည့်အချိုင့်ကလေး (Dent) ရှိခြင်း။

## Brilliant Career
## ဂုဏ်သရေရှိသော အသက်မွေးမှုအလုပ်အကိုင်

(၁) အသက်လမ်းကြောင်း အောက်ခြေမှ တနင်္ဂနွေလမ်းကြောင်း ခေါ် အောင်မြင်ရေးလမ်းကြောင်း အစပြုခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းမှ အရေးအကြောင်းတစ်ခုသည် ကြာသပတေးဂြိုဟ်ခုံပေါ်မှ ကြယ်သင်္ကေတ အမှတ်တစ်ခုတွင် အဆုံးသတ်ခြင်း။

## Brilliant Intellect
## ဉာဏ်ရည်ထက်မြက်မှု

လက်မ၏ ပထမအဆစ်သည် ခါးသိမ်၍ အပေါ်ကားနေပါက ထိုသူသည် ဉာဏ်ရည်ထက်မြက်ပြီး ဖြတ်ထိုးဉာဏ်ကောင်းသည်။ ထက်မြက်၍ လေးနက်သူ ဖြစ်သည်။

## Bronchitis
## လည်ချောင်းနာ

(၁) လက်ဝါးစောင်းမှနေ၍ အင်္ဂါအဖိုဂြိုဟ်ခုံတိုင်အောင် အဖြတ်လမ်းကြောင်းတစ်ခု တည်ရှိနေခြင်း၊

(၂) အင်္ဂါအဖိုဂြိုဟ်ခုံပေါ်တွင် လမ်းကြောင်းများစွာ ရှိနေခြင်း၊

## Brute Animality
## တိရစ္ဆာန်ကစ်ကောင်လို ရက်စက်ကြမ်းကြုတ်မှု

(၁) တြိဂံနယ်မြေအလယ်တွင် ကြက်ခြေတစ်ခုရှိခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတိုခြင်း၊

(၃) အင်္ဂါဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၄) သောကြာဂြိုဟ်ခုံ အနေအထား မို့မောက်ခြင်း၊

(၅) လက်မ၏ပထမအဆစ်သည် တင်းပုတ်သဖွယ်ရှိခြင်း၊

(၆) လက်ချောင်းများတို၍ ချောမွတ်ခြင်း၊

(၇) လက်ချောင်းထိပ်များ ပုံသဏ္ဌာန်မမှန်ခြင်း၊

(၈) လက်များပေါ်တွင် အမွေးအမှင်များ အလွန်အမင်း ထူထဲနေခြင်း၊

(၉) အရေပြားကြမ်းတမ်း၍ နီမြန်းနေခြင်း၊

(၁၀) ထူထဲသော လက်သည်းများရှိခြင်း၊

(၁၁) လက်ဖဝါးပြင် ထူထဲကျောခြင်း။

## Bully
## နိုင်လိုမင်းထက် ပြုတတ်သူ

လက်သီးကို တင်းကျပ်စွာ ဆုပ်ထားလေ့ရှိသူသည် နိုင်လိုမင်းထက်ပြုတတ်သည့် စရိုက်ရှိသူ မိုက်ရူးရဲတစ်ယောက် ဖြစ်သည်။

## Burglar
## ဖောက်ထွင်းခိုးဝှက်တတ်သူ
## (ဖောက်ထွင်းဓားပြ)

(၁) တြိဂံလွင်ပြင်ပေါ်တွင် ကြက်ခြေခတ်သင်္ကေတ အမှတ်အသားတစ်ခုရှိခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြယ်သင်္ကေတတစ်ခု သို့မဟုတ် ဆန်ခါကွက်တစ်ခု ရှိခြင်း၊

(၃) အင်္ဂါအဖိုဂြိုဟ်ခုံပေါ်တွင် ကြယ်သင်္ကေတ သို့မဟုတ် ဆန်ခါကွက်ရှိခြင်း၊

(၄) အသက်လမ်းကြောင်း၊ ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းများတို့၍ နီမြန်းနေခြင်း၊

(၅) တနင်္လာဂြိုဟ်ခုံ ကြီးမားကျယ်ပြန့်ခြင်း၊

(၆) အင်္ဂါဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့ သာမန်အနေအထားမျိုး မဟုတ်ခြင်း၊

(၇) လက်မ၏ ပထမအဆစ် တင်းပုတ်ကဲ့သို့ဖြစ်ခြင်း၊

(၈) လက်ချောင်းများ ချောမွတ်၍ တိုနေခြင်း၊

(၉) လက်များတုတ်ခိုင်၍ ထူထဲသည့် အနေအထားမျိုး ရှိခြင်း။

## Business, Aptitude for
## စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် သင့်တော်သည့် အနေအထား

(၁) ကံလမ်းကြောင်း အားကောင်းခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်း ကောင်းပြီး စောက်နက်ခြင်း၊

(၃) တနင်္ဂနွေဂြိုဟ်ခုံ အထူးကောင်းမွန်ခြင်း၊

(၄) ကျန်းမာရေးလမ်းကြောင်း ကောင်းခြင်း၊

(၅) ဉာဏ်လမ်းကြောင်းမှ လမ်းကြောင်းခွဲတစ်ခု ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ ရောက်ရှိနေခြင်း၊

(၆) ဗုဒ္ဓဟူးဂြိုဟ်ခုံ ပြည့်ဖြိုးခြင်း၊

(၇) လက်သန်းလက်ချောင်း သာမန်ထက် ရှည်နေခြင်း၊

(၈) ဉာဏ်စွမ်းလမ်းကြောင်း ကောင်းခြင်း၊

(၉) လက်မ၏ ပထမအဆစ် အားကောင်းခြင်း၊


www.burmeseclassic.com

www.burmeseclassic.com

(၁၀) လက်မ၏ ဒုတိယအဆစ်သည် ပထမအဆစ်ထက် သိသိသာသာ ရှည်နေခြင်း၊
(၁၁) လက်ဖဝါးပြင်ထက် လက်ချောင်းများ ရှည်ခြင်း။

### Business Man, Successful
### အောင်မြင်သည့် စီးပွားရေးသမား

အောင်မြင်သည့် စီးပွားရေးသမား တစ်ဦး၏ အကောင်းဆုံးအနေအထားမှာ ထိုသူ၏လက်တွင် ကြာသပတေးဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံ နှစ်ခုလုံး အားကောင်း၍ ဂြိုဟ်ခုံအနေအထား မို့မောက်နေခြင်းဖြစ်သည်။

၎င်းနေရာတွင် ကြာသပတေးဂြိုဟ်ခုံ၏ ရည်မှန်းချက်ကို ဗုဒ္ဓဟူးဂြိုဟ်ခုံ အားကောင်းခြင်း၏ ထက်မြက်မှုက အထောက်အပံ့ကို ရစေခြင်း ဖြစ်သည်။

### Business Success
### စီးပွားရေးလုပ်ငန်းအောင်မြင်မှု

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် ခက်ရင်းခွသင်္ကေတ ရှိပြီးလျှင် ခွတစ်ခုသည် ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ ထိုးတက်နေခြင်း၊
(၂) အောင်မြင်ရေးလမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံဆီသို့ ထိုးတက်နေခြင်း၊
(၃) ကံလမ်းကြောင်းမှ လမ်းကြောင်းခွဲတစ်ခုသည် ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ တက်နေခြင်း၊
(၄) လက်ဖဝါးပြင် နှစ်ဖက်စလုံးတွင် ဗုဒ္ဓဟူးဂြိုဟ်ခုံ ကောင်းမွန်ပေါ်လွင်ခြင်း။

## C

### Caesar, Julius
### ဂျူးလီးယက်(စ်)ဆီဇာ

၎င်းသည်မှာ သမိုင်းဆရာဂျိုဇက်ဖိရပ်(စ်)(Josep hius) က ဂျူးလီယက်(စ်)ဆီဇာနှင့်ပတ်သက်၍ ဖော်ပြထားချက်ဖြစ်သည်။ ရောမစစ်သူကြီး ဂျူးလီယက်ဆီဇာသည် လက္ခဏာပညာတွင် ကျွမ်းကျင်ပုံမှာ တစ်နေ့တွင် ဟဲရော့်(Herod)၏ သားဟုဆိုသူ တစ်ယောက်သည် သူ့ရှေ့တော်သို့ ခစားဝင်ရာ ဂျူးလီယက်ဆီဇာသည် ထိုသူ၏ အယောင်ဆောင်မှုကို ချက်ချင်း ထောက်လှမ်းလိုက်နိုင်၏။

အကြောင်းမှာ အယောင်ဆောင်လာသူ၏လက်သည် မင်းမျိုးမင်းနွယ်နှင့် ပတ်သက်သည့် အမှတ်လက္ခဏာများ အားလုံးလိုလို မမြင်မတွေ့ရ၍ပင် ဖြစ်၏။

### Card Sharper
### ဖဲလိမ်ရိုက်တတ်သူ

(၁) တနင်္လာဂြိုဟ်ခုံအောက်ပိုင်း မို့မောက်ခြင်း။
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်ပေါ်လွင်ခြင်း။
(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေ သို့မဟုတ် ကြယ်သင်္ကေတန်ရှိခြင်း။
(၄) ရှည်၍ပါးလျားသည့် လက်ချောင်းများ ကွေးကောက်နေတတ်ခြင်း၊ သေးသွယ်ရှည်လျားသည့် လက်ချောင်းကလေးများရှိခြင်း။

### Career, Change of
### အသက်မွေးမှု အလုပ်အကိုင် အပြောင်းအလဲဖြစ်ခြင်း

(၁) အသက်လမ်းကြောင်း အဆုံးတွင် ဖြာထွက်နေခြင်း သို့မဟုတ် ခွသင်္ကေတန်ဖြစ်နေခြင်း၊
(၂) လက်ကောက်ဝတ်ပေါ်တွင် ကြက်ခြေအမှတ်အသားရှိနေခြင်း။

### Catarrh
### နှာစေး၊ ချောင်းဆိုးခြင်း

တနင်္လာဂြိုဟ်ခုံအပေါ်ပိုင်းသည် လွန်လွန်ကဲကဲ ပြည့်မောက်နေခြင်း။

### Caution, Extreme
### သတိတရားလွန်ကဲမှုကိုပြခြင်း

လက်နှစ်ဖက်ကို နောက်ပစ်၍ လက်သီးဆုပ်ထားလေ့ရှိသူသည် မိမိ၏အသက်အန္တရာယ်အတွက် အလွန်သတိကြီးစွာထားသူဖြစ်၏။

### Celibacy
### အပျိုကြီး၊ လူပျိုကြီး (အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း ဖြစ်ခြင်း)

(၁) လက်ခလယ်လက်ချောင်း၏ ပထမလက်ဆစ်ပေါ်တွင် ကြက်ခြေသင်္ကေတန်တစ်ခုရှိခြင်း၊
(၂) အိမ်ထောင်ပြုရေးလမ်းကြောင်းတစ်ခု၏ အဆုံးသည် အပေါ်သို့ ကော့တက်လျက်ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်အပျိုကြီး၏လက္ခဏာ

## Chains, Signs from
## သံကြိုးကွင်းဆက်၏ အကျိုးသက်ရောက်မှုများ

သံကြိုးကွင်းသင်္ကေတ အမှတ်အသား ဖြစ်ပေါ်မှု၏ နေရာအလိုက် အဓိပ္ပာယ်များမှာ . . .

(၁) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင်ရှိလျှင်- လည်ချောင်းတွင် တစ်ခုခုဖြစ်ခြင်း၊

(၂) နှလုံးလမ်းကြောင်းပေါ်တွင်ရှိလျှင်- ကိုယ်အင်္ဂါများ အားနည်းခြင်း၊

(၃) အသက်လမ်းကြောင်းပေါ်တွင်ရှိလျှင်- ကလေးဘဝက ချူချာခဲ့ခြင်း၊

(၄) လက်မ၏ ဒုတိယအဆစ်ပေါ်တွင် သံကြိုးကွင်းဆက်များရှိခြင်းက ဆင်ခြေ, ဆင်လက်များမှုကို ပြုတတ်သည့်သဘောရှိကြောင်း ပြ၏။

## Change of Lines
## လမ်းကြောင်းများ ပြောင်းလဲမှု

လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများသည် စိတ်ဆန္ဒ၊ စိတ်လှုပ်ရှားမှုများ၏ လွှမ်းမိုးမှုနှင့် အထူးသဖြင့် ရောဂါဝေဒနာပြင်းထန်မှုအောက်ကျရောက်မှသာပြောင်းလဲပေသည်။

## Cheirognomy and Cheiromancy
## ကိုင်ရိုနိုမီနှင့် ကိုင်ရိုမင်စီ

လက္ခဏာပညာကို လေ့လာရာတွင် အပိုင်းနှစ်ပိုင်းခွဲခြားထားသည်။ ပထမပိုင်းမှာ လက်၏ပုံပန်းသဏ္ဌာန်၊ လက်ချောင်းအတိုအရှည်တို့ကို ဟောပြောရသော'ကိုင်ရိုနိုမီပညာ' (Cheirognomy) နှင့် ဒုတိယပိုင်းမှာ လက်ဝါးပြင်ရှိ အရေးအကြောင်းနှင့် အမှတ်အသားများကို လေ့လာဟောပြောရသော 'ကိုင်ရိုမင်စီပညာ'(Cheiromancy) ဖြစ်သည်။

ကမ္ဘာပေါ်တွင် လက္ခဏာဖတ်ကြားခြင်း အတတ်ပညာ ပျံ့နှံ့လာမှု (The Spread of Palmistry)နှင့်ပတ်သက်၍ ရှေးအခါကာလများက လက္ခဏာဖတ်ကြားခြင်း အတတ်ပညာကို 'ကိုင်ရိုလော်ဂျီ'(Chirology) ဟူ၍ အမည်ပေးခဲ့ကြသည်။

ဋ္ဌင်းအတတ်ပညာသည် ပါရှားနှင့်အီဂျစ်မှ တရုတ်နှင့် ဂရိ(စ်)ဆီသို့ ပျံ့နှံ့ခဲ့သည်။

ဒဏ္ဍာရီပုံပြင်တစ်ခု၏ အဆိုအရ အီဂျစ်နိုင်ငံသို့ ခရီးလှည့်လည်သွားလာကြသည့် ခရီးသွားများထဲမှ ခရီးသည်တစ်ဦးဖြစ်သူ အရစ်(စ်)တိုတယ် (Arist -otle)384- 322 B.C သည် ဟမ်း(စ်)နတ်ဘုရား(God Hermes)အတွက် ရည်စူးထားသည့် သလွန်ပေါ်၌ လက္ခဏာနှင့် ပတ်သက်သော ကျမ်းစာတစ်စောင်ကို ရှာဖွေတွေ့ရှိခဲ့သည်။

ထိုကျမ်းသည် အာရာဗီ(Arabic) ဘာသာရပ်ဖြင့် ရေးသားဖော်ပြထားပြီး ရွှေစာလုံးများဖြင့် ရေးသားထားခြင်းဖြစ်သည်။ ကျမ်း၌ဖော်ပြချက်များသည် အရစ်(စ်)တိုတယ်အဖို့ အလွန် စိတ်ဝင်စားဖွယ်ဖြစ်စေခဲ့ရာ သူ၏ဘုရင်ကြီးဖြစ်သူ အလက်ဇန္ဒြား (Alexander the Great 356-323 B.C) ထံသို့ ဆက်သခဲ့သည်။

ဤပညာရပ်၏ အဖိုးတန်လှသော အကြောင်းအရာများနှင့် အကျိုးအာနိသင်များကို ပညာရှိပုဂ္ဂိုလ်များအားလုံး ကြည့်ရှုလေ့လာ ဆည်းပူးသင့်သည်ဟူ၍လည်း အကြံပေးတိုက်တွန်းခဲ့သည်။

အလက်ဇန္ဒြားဘုရင်ကြီးသည် ဤကျမ်း၏ အနှစ်သာရကို သိရှိနားလည်လာသည်နှင့် တစ်ပြိုင်တည်း မဆိုင်းမတွပင် လက်တင်ဘာသာသို့ ပြန်ဆိုစေခဲ့သည်။ ထို့ကြောင့်လည်း ဥရောပပညာရှင်များအနေဖြင့် ဋ္ဌင်းပညာရပ်ကို သိရှိကြားနာနိုင်ခွင့် ရရှိခဲ့သည့်အလျောက် အချိန်မဆိုင်းဘဲ အပြင်းအထန် လေ့လာသင်ယူ မှတ်သားခဲ့ကြလေသည်။


အေဒီ နှစ်တစ်ထောင်(၁၀၀၀)အတွင်းက လက္ခဏာဖတ်ကြားမှု အတတ်ပညာသည် အရေးတကြီး သင်ယူကြရမည့် ပညာရပ်တစ်ခုသဖွယ် ကမ္ဘာ့အနှံ့အပြား၌ ဖြစ်ပေါ်စေခဲ့သည်။

လက္ခဏာဖတ် အတတ်ပညာသည် ဒဿနိကပညာရှင်များအနေဖြင့် လူသားများ၏ စွမ်းအားများကို သိရှိနိုင်သော အကျိုးတရားများကို ရရှိစေနိုင်ခဲ့သည်။ ထိုနည်းတူ ခန္ဓာဗေဒ ပညာရှင်များအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ ရောဂါရှာဖွေမှု တစ်ရပ်ကဲ့သို့ အသုံးပြုလာနိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာဖတ်ကြားမှုနှင့် ပတ်သက်၍ အရစ်စ်တိုတယ် (Aristotle) ၏ ကိုယ်ပိုင်အရေးအသားနှင့် ရှာဖွေတွေ့ရှိချက်များသည် လက္ခဏာဖတ်ကြားခြင်း၏ လက်တွေ့ဆောင်ရွက်ချက်များအပေါ်၌ သြဇာသက်ရောက်မှုရှိခဲ့သည်။ သူ၏ စာအုပ်ဖြစ်သည့် ကိုင်ရိုမင်တာ(Chiromantia)သည် လက္ခဏာ ဖတ်ကြားမှု ကျမ်းများအနက် ထင်ရှားသော ကျမ်းတစ်စောင်ဖြစ်ခဲ့သည်။

၎င်းကျမ်းသည် အေဒီ(၃၅-၉၅)အတွင်း ရောမတရားဟောပုဂ္ဂိုလ်ကြီး ကွင်တီလီယန်(Quintilian)၏ ဆက်သွယ်မှုဆိုင်ရာတွင် အဓိကကျသော လက်များ၏ ဖြစ်စဉ်အနေအထားများ အကြောင်းနှင့် ခေတ်ဦးကာလ အသံတိတ်ဆက်သွယ်မှုဆိုင်ရာ ဘာသာရပ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။

ဂရိဆေးပညာရှင် ဟစ်ပိုကရေးတီး(Hippocrates) ဘီစီ(၄၆၀-၃၅၇)နှင့် ဂလန်း(Galen) အေဒီ (၁၃၀-၂၀၀) တို့သည် ခေတ်သစ်ဆေးဝါးဗေဒကို စတင်အုတ်မြစ်ချပေးခဲ့သူများ ဖြစ်သည်ဟူ၍ ဆိုနိုင်သည်။ ၎င်းတို့ နှစ်ဦးစလုံးသည် ဆေးခန်းများ၌ လက်ကို ရောဂါရှာဖွေရေး အထောက်အကူပြုပစ္စည်းအဖြစ် အသုံးပြုခဲ့ကြသည်။

ဂလန်းသည် လက်မအကြောင်းကို အထူးလေ့လာခဲ့ပြီး ဟစ်ပိုကရေးတီးသည် လက်သည်းများကို ရောဂါရှာဖွေရာတွင် အထောက်အကူအဖြစ် အသုံးပြုခဲ့သည်။

၁၀၂ - ၄၄ B.C အတွင်း ပေါ်ပေါက်ခဲ့သော ဂျူလိယက်ဆီဇာ (Julius Caesar) ဘုရင်ကြီးသည် လက္ခဏာဖတ် ပညာရပ်၏ အခြေခံသဘောတရားများကို ကောင်းစွာနားလည်သိရှိပြီး၊ ဘုရင်ကြီးသည် မိမိနှင့်ပတ်သက်သူများ၏ လက်ပုံစံများကိုကြည့်ကာ ၎င်းတို့၏ စိတ်နေစိတ်ထားများ ကိုယ်ရည်ကိုယ်သွေးများကို ကောင်းစွာ အဆုံးအဖြတ် ပေးနိုင်ခဲ့သည်။

အစောပိုင်း ခေတ်ကာလက လက္ခဏာနှင့်ပတ်သက်သည့် စာအုပ်တစ်အုပ်ကို ရိုက်နှိပ်ပြုစုခဲ့ကြသည်။ ၎င်းစာအုပ်ကို ၁၄၄၈ ခုနှစ်တွင် ဗီယင်နီး(စ်)လူမျိုး (Viennese) တစ်ဦးဖြစ်သူ ဂျိုဗင်ဟာဒ်လက်(Johann Hartlieb)က ရေးသားခဲ့ခြင်းဖြစ်သည်။ ၎င်းစာအုပ်သည် 'ဒိုင်းကန့်ကိုင်ယိုမင်တာ' Die Kunst Chiromantia ဟူသော အမည်ရပြီး ၁၄၇၅ ခုနှစ်အတွင်းတွင် အော့(စ်)ဘတ်၌ ပုံနှိပ်ခဲ့သည်။

## Chemistry, Success in
## ဓာတုဗေဒပညာရပ်တွင် အောင်မြင်ခြင်း

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ဒေါင်လိုက် မျဉ်းမတ်အရေးအကြောင်းများရှိနေခြင်း။

## Childbearing Difficulties
## ကလေးမွေးရာတွင် မလွယ်ကူခြင်း (ခက်ခဲခြင်း)

(၁) လက်ကောက်ဝတ်၏ ပထမအရစ်သည် အပေါ်သို့ ကွေးနေ၊ ခုံးနေသည့် အသွင်ရှိခြင်း၊

(၂) သောကြာဂြိုဟ်ခုံမှ လမ်းကြောင်းတစ်ကြောင်းသည် စနေဂြိုဟ်ခုံသို့ တက်နေခြင်း၊

(၃) အသက်လမ်းကြောင်းသည် လက်မ၏အောက်ခြေနှင့် အလွန်နီးကပ်နေခြင်း။

## Childlessnes ကလေး မရခြင်း

အသည်းလမ်းကြောင်း ခေါ် ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ကြယ်သင်္ကေတတစ်ခုရှိခြင်း။

## Children သားသမီး များခြင်း

လက်သန်းလက်ချောင်းအောက်ခြေတွင် အရေးအကြောင်းတိုလေးများ များစွာပါရှိခြင်း။

(ဆက်ရန်)

❒ ဆရာဦးစန့်ထွေး



www.burmeseclassic.com

www.burmeseclassic.com



# ဝေယံဦး
## ဆေးလောကမှ မဟာဘုတ်ပညာ

စာရေးသူ၏ ဆရာဖြစ်သော ဆရာပရမတ်(အေးချမ်းသူတို့စံပျော်ရာ)၏ မွေးချိန်ဟောနည်းစနစ် (လောကစံ ရှစ်ပါး) မြန်မာ့ရိုးရာ ဗေဒင်လက်ခွဲကျမ်းတွင် မြန်မာ့ရိုးရာ ဗေဒင်ပညာတွင် သုံးတန်ပေါ်နိစ် ပညာရပ်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ဤပညာရပ်ကိုလည်း ပယ်ထား၍ မဖြစ်ပေ၊ ကျွန်ုပ် လက်ခံပေးထားသော ပညာရပ်တစ်ခုပင်ဖြစ်သည်။

ယခုခေတ်အခါ၌ ပေါ်နိစ်ပညာရပ်သည် ဆန်းပညာရှင်ကြီးများ၏ အဓိကအားထားရသော လက်မလွှတ်နိုင်သည့် ပညာပင်ဖြစ်ပါသည်။ သုံးတန်ပေါ်နိစ် မပါလျှင် ဆန်းပညာဗေဒင်၌ ညေသည့်အရသာမျှ မရှိနိုင်တော့ပေ။

ဗေဒင်ပညာရှင် အမျိုးမျိုးနှင့် ပတ်သက်၍ တီထွင်ကြံဆ တိုးတက်မှု ရှိအောင် ပြုလုပ်ဆောင်ရွက်နေကြကုန်သော ဆရာကြီးများကိုလည်း လေးစားပါသည်။

ဗေဒင်ပညာဆိုလျှင် မည်သည့်ပညာမဆို ချစ်မြတ်နိုးပါသည်။

ဆရာ နှုတ်ခမ်းမသတ်၊ ပညာနှုတ်ခမ်းမသတ် မြန်မာ့ရိုးရာ ဗေဒင်ပညာနှင့် ပတ်သက်၍ သုံးသပ်ကြည့်ရလျှင် မြန်မာ့ရိုးရာဗေဒင်ပညာရပ်တွင် အဓိကအားဖြင့် . . .

(၁) မဟာဘုတ်ပညာ
(၂) အင်္ဂဝိဇ္ဇာပညာ
(၃) ဂြိုဟ်အိပ် သက်ရောက်ပညာ
(၄) သုံးတန်ပေါ်နိစ်ပညာ
(၅) ယတြာဇာတ်ရိုက် ဇာတ်ဆင်ပညာ

ဟူ၍ အဓိက ငါးမျိုးကို တွေ့ရပါသည်။

(၁)မှ(၄)အထိ ပညာရပ်တို့သည် အဟောပိုင်း ပညာရပ်များ ဖြစ်သည်။ ကောင်းကျိုးဆိုးကျိုး၊ ဖြစ်မှုပျက်မှု ဘဝရေစီးကြောင်းကို (၁)မှ(၄)အထိ ပညာရပ်များ အားလုံးဖြင့် ဝေဖန်သုံးသပ်လေ့လာပြီး တွေးခေါ်ကြံဆ ဆုံးဖြတ်နိုင်မှသာ အနီးစပ်ဆုံးသော မှန်ကန်မှုများကို ရရှိမည်ဖြစ်သည်။

ဤပညာရပ် လေးခုသည် လူသားတစ်ယောက်အတွက် ဘဝရေစီးကြောင်းကို ဆုံးဖြတ်ရာ၌ အဓိက အကြောင်းတရား လေးပါးပင် ဖြစ်ပေသည်။

ဗုဒ္ဓ၏နိယာမအတိုင်း အကြောင်းစုံမှ အကျိုးဖြစ်မည်။ အကြောင်းတရား တစ်ခု ယုတ်လျော့နေ၊ ပျက်စီးနေလျှင် ကျန်အကြောင်းတရားများနှင့် တကွ အကျိုးတရားပါ ပျက်စီးကုန်တော့မည်။

ယခု မြန်မာ့ရိုးရာ ဗေဒင်ပညာတွင် အဓိက အကြောင်းတရားသည် လေးပါးရှိနေ၏။ ၎င်းတို့အနက် တစ်ခုတည်းသော အကြောင်းတရားကို လက်ကိုင်ထား၍ ဆုံးဖြတ်ဝေဖန်ခြင်းဖြင့် အကျိုးတရား မဖြစ်နိုင်။

ထို့ကြောင့် မဟာဘုတ်ပညာရပ်တစ်ခုတည်းနှင့်လည်း လူ့ဘဝ ရေစီးကြောင်း ဖြစ်မှု၊ ပျက်မှု စသည်တို့ကို ဝေဖန်သုံးသပ်နိုင်ခြင်းမှာ မပြည့်စုံနိုင်၊



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ အင်္ဂလိပ်စာပညာရပ်တစ်ခုတည်းဖြင့်သော် လည်းကောင်း၊ ဂြိုဟ်အိပ်သက်ရောက်ပညာရပ် တစ်ခုတည်းဖြင့်သော် လည်းကောင်း၊ လူတစ်ဦး၏ ကံဇာတာကို ဝေဖန်သုံးသပ်ခြင်းသည် မည်သို့မျှ အမှန်တရား ပြည့်စုံမှုကို မရရှိနိုင်ပေ။

လေးပါးလေးစုံသော အကြောင်းတရားများဖြင့် ပေါင်းစပ်စုံညီ ဝေဖန်ညှိနှိုင်း တွေးခေါ် မြော်မြင်ကြံဆ ဆုံးဖြတ်နိုင်မှသာ လူသားတစ်ယောက်၏ ဘဝဖြစ်မှု ပျက်မှုတို့ကို မှန်ကန်စွာ ညွှန်ပြနိုင်မည်ဖြစ်သည့်အပြင် နှစ်၊ လ၊ ရက်၊ နေ့ တိကျစွာ ညွှန်ပြတွက်ထုတ်နိုင်မှာဖြစ်ပါသည်။

မိမိ၏ ဘဝရေစီးကြောင်းကိုလည်း ကိုယ်တိုင်ကိုယ်ကျ ပြည့်စုံစွာ သိရှိနိုင်ပေလိမ့်မည်။ ပညာရပ်တို့တွင် တဏှာ၊ မာန၊ လောဘ၊ ဒေါသ၊ အတ္တတရားများ မရှိပေ။ ထိုပညာရပ်များလိုက်စားသူ ဆရာများမှသာ ရှိနေတတ်ပေလိမ့်မည်။

ပညာကို မည်သူမျှမပိုင်၊ ပညာသည်လည်း မည်သူတစ်ဦး တစ်ယောက်၏ ပိုင်ဆိုင်စိုးမိုးခြင်းကိုလက်မခံ။ ပညာသည် လူသားတိုင်းနှင့် မတန်သည့်အတွက် ပုန်းရှောင်နေလေ့ရှိ၏။ သူ့အားလိုချင်တပ်မက်စွာ ရှာဖွေ တွေ့ရှိသူမှသာလျှင် လက်ခံ၍ အထောက်အပံ့ပြုလေ့ရှိသည်။

ရှာဖွေတွေ့ရှိသူ၏ ဆရာအစစ်သည် ပညာပင်ဖြစ်သည်။ ပညာအားရှာဖွေတွေ့ရှိနိုင်ရန်မှာ ပါရမီအထောက်အပံ့ ဇွဲ၊ လုံ့လ၊ ဝီရိယများ ကြီးစွာလိုအပ်ပေသည်။

ရှာဖွေတွေ့ရှိပြီးသူသည် သူနှင့်တကွ ပတ်ဝန်းကျင်အကြောင်း တိုက်ဆိုင် ဆုံစည်းရာ လူသားများအား တွေ့ရှိထားသည့် ပညာရပ်ဖြင့် ဟောပြောဆုံးမလမ်းညွှန်၏။ ထိုအခါ ပတ်ဝန်းကျင်တိုက်ဆိုင်ဆုံတွေ့၍ လူသားများက သူ့အား ဆရာဟု သတ်မှတ်ကြ၏။ သင်ယူတတ်မြောက်လိုသူ တချို့က သူ့ထံတွင် သင်ယူကြ၏။

ထိုအခါမှ သားတပည့်ဟူ၍ ဖြစ်လာပြီး သူသည်လည်း ပညာသင်ကြားပြသပေးသူ ဆရာဖြစ်လာရ၏။

ထို့ကြောင့် ရှာဖွေတွေ့ရှိသူကလည်း 'ငါ့ပညာကွ'ဟူ၍ မာန်၊ မာန၊ လောဘ၊ ဒေါသ၊ အတ္တတရား မထားသင့်။ ထိုဆရာထံမှ သင်ယူနာကြားပြီး သွားကုန်သော တပည့်တို့ကလည်း ဆရာကို မဖုန်းကွယ်သင့်၊ ကံကြီးထိုက်တတ်ကြပေသည်။ သူ့ပညာ၊ ငါ့ပညာ အငြိုင်အဆိုင် မာန်မာနမတက်သင့်ပေ။ မိမိတို့၏ ဆရာအပေါ်မှာ ကျေးဇူးမကန်းရန်၊ မစော်ကားရန်၊ မရိုင်းပျရန်သာ အရေးကြီးပါသည်။

စာရေးသူ ဝေယံဦး၏ အစ်ကိုလည်းဖြစ်၊ ဆရာလည်းဖြစ်သော မွေးချိန်ဟောနည်းစနစ် (လောကဓံရှစ်ပါး) မြန်မာ့ရိုးရာဗေဒင်လက်စွဲ ကျမ်းပြုစုသူ ဆရာပရမတ် (အေးချမ်းသူတို့စံပျော်ရာ)၏ 'ဟန်မရှိ ဉာဏ်ရှိကြမည်ဆိုလျှင်' ကို ရှေးဦးစွာဂါရဝပြုတင်ပြအပ်ပါသည်။

ဟိုရှေးရှေးတုန်းမှ ယခုခေတ်ယနေ့ အချိန်အထိ မြန်မာ့ရိုးရာ ဗေဒင်ပညာကို လေ့လာကြမည်ဆိုလျှင် မဟာဘုတ်ပညာကို ကွယ်လွန်သူ မဟာဘုတ်ပါရဂူဆရာကြီး ဦးကြာမြင့်က မဟာဘုတ်ပညာနှင့် ပတ်သက်၍ မဖော်ထုတ်နိုင်သေးသော အချိန်ထိ အောက်တန်းသုံးလုံးမကောင်း၊ အထက်တန်း လေးလုံးသည် ကောင်း၏ ဟူသော အလွန်ကျဉ်းမြောင်းသည့် အဟောမှလွဲ၍ ထူးထူးခြားခြား အကျယ်တဝင့်ဟောကွက်များ မရှိပါ။

ဆရာကြီး ဦးကြာမြင့်သည် ပုန်းအောင်းနေသော ပညာဘုတ်ပညာ၏ တကယ့်အဆီအနှစ်များကို တွေ့လိုက်သည့်အခါ မဟာဘုတ်ပညာသည် အလွန်ကျယ်ပြန့်သော အယူအဆများဖြင့် ပြည့်စုံလာပါသည်။ လူသားတို့၏ များယွင်းလုပ်ကိုင်မိနေသော ဉာဉ်စရိုက်အဆိုးများကို ဘဝခရီး ဖြောင့်မတ်အထောက်အကူပြုနိုင်စေရန်နှင့် တရား မမွှ အားထုတ်ရာ၌လည်း အထောက် အပံ့ ပြုနိုင်စေရန် မဟာဘုတ်ပညာဖြင့် ထောက်ပြနိုင်ခဲ့ပေသည်။

လူ ဆိုသည်မှာ မိမိ၏အမှား ဉာဉ်စရိုက်ကိုမပြင်၊ သူတစ်ပါး၏အမှား ကိုသာ မြင်တတ်သောသဘောသဘာဝ ရှိကြပေသည်။ လူတစ်ယောက်သည် မိမိ၏ဉာဉ်ဆိုး စရိုက်ဆိုးများ မှားတတ် သည်များကို သိနားလည်ပြီး သည်း ခွင့်လွှတ်နေထိုင်ကြမည်ဆိုလျှင် မည် အေးချမ်းသာယာပါမည်နည်း။

ထို့ကြောင့် မဟာဘုတ်ပညာ သည် ဗေဒင်ပညာရှင်တစ်ဦးသည် မိမိ အတွက်သော်လည်းကောင်း သိထား အပ်သည့်အပြင် မိမိထံသို့ ဇာတာလာ စစ်သူအားလည်း ညွှန်ပြဆုံးမခြင်းဖြင့် အကျိုးရှိစေနိုင်ပါသည်။

မိမိတို့၏ မူလ မဟာဘုတ် အကွက်ပေါ်မှာ မူတည်၍ ဉာဉ်စရိုက် များကို သိရှိပြီး ဆောင်ရန်၊ ရှောင်ရန် များကို စာဖတ်သူများ လေ့လာနိုင်ကြ ပါစေ။ မိမိတို့ မွေးဖွားသော မြန်မာ သက္ကရာဇ်ကို ၇ ဖြင့်စားလျှင် ရရှိသော အကြွင်းကို ဆိုလိုပါသည်။

## ၁ ကြွင်းဖွား အားလုံးနှင့် သက်ဆိုင်သည်။ (လူမှုရေး အဆိုး)

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | (၁) | ၂ |

လူအများစုနှင့် ပူးတွဲလုပ်ရသော လုပ်ငန်းများတွင် အဆင်မပြေ၊ လူမှုရေး နိုင်ငံရေး အသင်းအဖွဲ့များတွ အတိုင် မပေး။ မိမိအပေါ် ကျေးဇူးမသိတတ်သူ များနှင့် ကြုံတတ်သလို ကိုယ်ကိုယ်တိုင် ကလည်း မသိတတ်ကြ။ လူ့အလို ကန်းဆိုးမသိ၊ တစ်ကိုယ်တော် ပုံးတွဲ



www.burmeseclassic.com

www.burmeseclassic.com

နေတတ်ကြသည်။ လူဖြောင့်လျှင် စိတ်တိုလွယ်တတ်သည်။နေရာတကာခေါင်းဆောင်လုပ်လိုကြသည်။ ဩဇာရှိလာလျှင် လူမုန်းများတတ်ကြသည်။ဆရာတပည့် မွေးမရ၊ သားသမီး မွေးမရ၊ မိမိအား ပြန်လည်တော်လှန်ပုန်ကန်ကျေးဇူးမသိတတ်ကြ။ မိဘ၊ သားသမီး၊ အိမ်ထောင်၊ ဆွေမျိုးများကို အားကိုးမရ၊ အကျိုးမပြုပေ။ ဈေးဝယ်ရောင်း၊ ကုန်သည်လုပ်ငန်းများနှင့် အကျိုးမပေး (စိတ်တိုလွယ်သောကြောင့်) အစုစပ်လုပ်ငန်း၊ ရှယ်ရာလုပ်ငန်းများ ရေရှည်အကျိုးမပေး၊ အကျိုးမပြု။

ကိုယ့်ထူး ကိုယ်ချွန် လုပ်ကိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ သူတစ်ပါးကို အားကိုးယုံကြည်လွယ်လျှင် အလိမ်ခံရတတ်သည်။ ဒုက္ခဖြစ်လွယ်တတ်သည်။ ထို့ကြောင့် လူမှုပေါင်းသင်း ဆက်ဆံရေးမှာ သည်းခံခြင်း၊ သူတစ်ပါးအပေါ် အားကိုးမယူ၊ စိတ်ရှည်သည်းခံ၍ လူအောက်ကျို့နေတတ်ပါက လူမှု၊ စီးပွားရေးတွေမှာ အစစ အဆင်ပြေ၍ မကောင်းသော ဘေးဒုက္ခအဆိုးများမှ လွတ်ကင်းလိမ့်မည်။

ကျန်းမာရေးမှာ လေရောဂါ၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်၊ ဝမ်းကိုက်၊ ရင်ဝ၊ ရင်တွင်း၊ ဝမ်းတွင်းတို့၌ အထူးဖြစ်သောရောဂါများ၊ ခန္ဓာကိုယ်ခွဲစိတ်ခံရရေချိုးမှား၊ အဆုတ်ရောဂ စသည်များဖြစ်တတ်သည်။

## ၂ ကြွင်းဖွား အားလုံးနှင့် သက်ဆိုင်သည်။ (အတွေးအခေါ် တစ်ယူသန်အမှား)

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | (၂) | ၃ |

တစ်ဖက်သတ် တစ်ယူသန်ဆန်လွန်းခြင်း၊ အတွေးအခေါ် တစ်ဖက်စွန်းရောက်ခြင်း၊ မိမိ၏အယူအဆမှ လွဲ၍ လက်မခံတတ်ခြင်း၊ သူတစ်ပါး၏ အုပ်ချုပ်မှု၊ ဩဇာပေးမှုကို အလွန်ဆန့်ကျင်တတ်ခြင်း၊ အယူအဆ အစွဲအလမ်းကြီးမားခြင်း၊ လွတ်လပ်မှုကို လိုလားခြင်း၊ မိမိတွေးခေါ်တိုင်း တစ်ယူသန်တဇောက်ကန်းလုပ်တတ်ခြင်း၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လွန်လွန်ကဲကဲ ပြောဆိုလုပ်ကိုင်မိ၍ ပြန်လည်ပြုပြင်ရန် ခက်ခဲခြင်း၊ ဘာသာရေးပိုင်းတွင် လောကီ၊ လောကုတ်၊ နတ်၊ တန်ခိုးစသည်တို့ကို ယုံကြည်လွယ်ခြင်းရှိသလိုလုံးဝမယုံကြည်မှုလည်း ရှိတတ်သည်။ သို့သော် သမထ၊ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်က သူများထက်ထူးခြားအောင်မြင်တတ်သည်။

အရွယ်ရောက်ပြီးသူများသည် လူလွတ်များနှင့် ပူးပေါင်းမနေသင့်။ မိမိသဘောအလျောက် ဆုံးဖြတ်လိုက်ပါက အမှားများခြင်းကြောင့် စီးပွားရေး၊ ကြီးပွားရေး၊ အိမ်ထောင်ရေးများတွင် အမှားများ၍ မျက်စိကွယ်တတ်ပါသည်။ဆရာသမား၊ အုပ်ချုပ်သူ၊ နားလည်တတ်ကျွမ်းသူတို့နှင့် တိုင်ပင်ပူးပေါင်းလုပ်နိုင်မှ ကြီးပွားလွယ်ကြသည်။ အပေါင်းအသင်းများလွန်းကလည်း ပျက်စီးလွယ်တတ်ပါသည်။ နီးရာစကားများကိုလည်း ယုံလွယ်တတ်သေး၏။

သူတစ်ပါး၏ ဩဇာကိုလည်း မခံတတ်ခြင်းကြောင့် ယောကျ်ားဖြစ်က အတိုက်အခံပေါ်ပြီး အလုပ်ပျက်လွယ်သည်။ မိန်းမဖြစ်က လွန်စွာစိတ်ဆင်းရဲကြရသည်။ အနေနီးသူတို့နှင့် ရုတ်တရက် အိမ်ထောင်ကျတတ်သည်လည်း ဖြစ်တတ်ပါသည်။

ထို့ကြောင့် မိဘ၊ ဆရာသမား နားလည်တတ်ကျွမ်းသူတို့၏ ဆုံးမမှုအောက်တွင် တိုင်ပင်၍ လုပ်ကိုင်နေထိုင်ပြီး တစ်ယူသန်လွန်ကဲသောအတွေးအခေါ်တို့ကို ချိုးနှိမ် နေထိုင်ပါက မကောင်းသော ဘေးဒုက္ခမှ လွတ်ကင်းချမ်းသာနိုင်ပါသည်။

ကျန်းမာရေးမှာ ဦးနှောက်အာရုံကြော၊ အကြောညပ်ခြင်း၊ ဦးခေါင်းပိုင်း၏ဆိုင်ရာဖြစ်သော မျက်စိ၊ နား၊ အာရုံခံစားမှု၊ မှတ်ဉာဏ်အားနည်းမှု၊ သတိမေ့ဉာဏ်ထိုင်းရောဂါများဖြစ်တတ်ပါသည်။

## ၃ ကြွင်းဖွား အားလုံးနှင့် သက်ဆိုင်သည်။ (စကားအဆိုး)

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | (၃) | ၄ |

ခရီးသွားလာခြင်း၊ ဘေးဥပဒ်ဖြစ်တတ်ခြင်း၊ မွေးတခြား ကြီးတခြားဖြစ်တတ်ခြင်း၊ နှုတ်ထွက်စကား၊ ဘုဘောက် မချေမငံဖြစ်ခြင်း၊ သူတစ်ပါးနစ်နာစေ၍ ပြောဆိုတတ်ခြင်း၊ မွေးမွေးချင်း လူကြီးတစ်ဦးဦးနှင့် ကွေကွင်းရတတ်ခြင်း၊ အလုပ်အကိုင် အပြောင်းအလဲများတတ်ခြင်း၊ ခရီးသွားရင်း အိမ်ထောင်ကျတတ်ပါသည်။

ခရီးသွားက ရန်များတတ်ခြင်း၊ ကျန်းမာရေးညံ့တတ်ခြင်း၊ အိမ်ထောင်ရုတ်တရက်ကျတတ်သည်။ ဆွေမျိုးသွေးသားအုပ်စုဘက်ရော၊ မိမိဘက်ရော ဇနီးမယားဘက်ရော၊ နှစ်ဖက်စလုံး အဆင်မပြေဖြစ်တတ်ခြင်း၊ အိမ်ထောင်ရေးသုခနည်းပါးခြင်း၊ ခရီးရပ်ဝေးမြေခြား အသွားအလာများခြင်း။ မိမိအိမ်တွင် မသေဆုံးနိုင်၊ လမ်းခရီးဆေးရုံတို့မှာ သေဆုံးတတ်သည်။ စီးပွားဖြစ်လာလျှင်အပျော်အပါးများသောကြောင့် ပျက်စီးလွယ်သည်။

ထို့ကြောင့် စကားပြောရာတွင် သည်းခံခြင်း၊ သိမ်မွေ့ခြင်း၊ အတိုက်အခံပြောခြင်းမှ ရှောင်ရှားပြီး တစ်ဇွတ်ထိုးမပြောဘဲထိန်းသိမ်းနေနိုင်ပါကမကောင်းသော ဒုက္ခဘေးတို့မှာ ကင်းဝေးပေလိမ့်မည်။ ကျန်းမာရေးမှာ သွား၊ ခံတွင်းပျက်စီးလွယ်ခြင်း၊ အစားမှား၍ လေ



www.burmeseclassic.com

www.burmeseclassic.com

အောင့် ရင်အောင့်ဖြစ်တတ်သည်။ ခြေလက် ဥပဒ်သင့်တတ်သည်။ ခွဲစိတ်ခံရတတ်သည်။ ပိုလီယို၊ လေဖြတ်၊လျှာဝင်၊ ပါးစပ်ရွဲ့၊ ပန်းသေရောဂါများ ဖြစ်တတ်သည်။ ဆီးချုပ်၊ ဝမ်းချုပ်၊ အစားပျက်၊ အစားမှား ဖြစ်တတ်သည်။

**၄ ကြွင်းဖွား အားလုံးနှင့် သက်ဆိုင်သည်။(ဘဝင်မြင့်မာနအဆိုး)**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ④ | ၅ |

ပရိယာယ်မသုံးတတ်ခြင်း၊ လက်တွေ့ဆန်ခြင်း၊ ထင်ပေါ် ကျော်ကြားလောဘတက်၍ ဂုဏ်မက်လွန်းခြင်းကြောင့် ပျက်စီးမှုကြုံတတ်ခြင်း၊ ငါးပွက်ရာ ငါးစာချသကဲ့သို့ တစ်ကွက်ကောင်း၊ တစ်ချီရ အပွကြုံလုပ်ငန်းများကို ဟိုခုန်ဒီခုန် လုပ်တတ်ခြင်း၊ မခံချင်စိတ်၊ လောဘစိတ်အားကြီး၍ ဖြတ်လမ်းခရီး စီးပွားများကိုလုပ်သဖြင့် ပျက်စီးလွယ်ခြင်း ကြုံတတ်သည်။ မိမိကို သူတစ်ပါး အထင်သေးမည်ကို အလွန်စိုးကြောက်တတ်ကြသည်။ ဧည့်ဝတ်ကျေပွန်မှု နည်းပါးသည်။ ဘုမသိဘမသိ အိမ်ထောင်ကျတတ်သည်။ နမော်နမဲ့ အလွန်နိုင်သည်။

လက်တွေ့ဆန်သော်လည်း နည်းပရိယာယ်မသုံးတတ်။ သွယ်ဝိုက်ပြော၍မသိ၊ ပွင့်ပွင့်လင်းလင်း ပြောမှသိ။ မိမိကိုယ်ကိုယ် သူတစ်ပါးအထင်ကြီးအောင် ပြောဆိုနေထိုင် လုပ်ကိုင်တတ်ကြသည်။ အလှအပ ခေတ်ဆန်မှုကို မက်မောတတ်သည်။ အိမ်ထောင်ဖက်အပေါ် မယုယတတ်၊ မချော့တတ်ပေ။ ဥပဒေနှင့် ငြိသောလုပ်ငန်းများကို လောဘတကြီး လုပ်မိ၍ ဘေးသင့်တတ်ခြင်းတို့ ဖြစ်တတ်သည်။ ထို့ကြောင့် ဖြတ်လမ်းသဘောဖြစ်သည့် မှောင်ခို၊ အလောင်းအစား၊ မူးယစ်ဆေးရောင်း စသည့် ဥပဒေမဲ့ လုပ်ငန်းများကို ရှောင်ကြဉ်၍ စီးပွားရေးလုပ်ကိုင်ပြီး လောဘစိတ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းပါ။ လုပ်ငန်းမပြောင်းဘဲ လုပ်ငန်းတစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်မှ ကြီးပွားချမ်းသာပေလိမ့်မည်။

ကျန်းမာရေးမှာ အအေးမိခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုး၊ ဖျားနာ၊ အခိုးပိတ်၍ရောဂါများ၊ ကင်ဆာ၊ မြစ်ပွားနာ၊ လေငန်း၊ သွက်ချာပါဒ၊ သွေးတိုး၊ ခွဲစိတ်ဖြတ်တောက်၊ ဥပစ္ဆေဒကကံ ရုတ်တရက် ဘေးဥပဒ်၊ ထုံနာ၊ ကျဉ်နာ၊ သွေးပျက်နာ၊ ကိုယ်ရေပြားနာ စသည်တို့ ဖြစ်တတ်ကြလေသည်။

**၅ ကြွင်းဖွား အားလုံးနှင့် သက်ဆိုင်သည်။(အိမ်ထောင်အဆိုး)**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ⑤ | ၆ |

အိုးအိမ်လုပ်ငန်း၊ အိမ်ထောင်အပြောင်းအလဲ များတတ်သည်။ အိမ်ထောင်ဖက် အကျိုးကျေးဇူး မခံစားရ။ ပြင်ပ အပေါင်းအသင်းများနှင့် ပေါင်းသင်းဆက်ဆံရေးများ အောင်မြင် ကျော်ကြားလွယ်၏။ သို့သော် အိမ်တွင်းအုပ်စု၏ဒဏ်ကို ခံရ၏။ ဆွေမျိုးသွေးသားအုပ်စုနှင့် ပူးတွဲပေါင်းစပ် ရှယ်ယာလုပ်ကိုင်၍မရပါ။ အတွင်းလူ ဖျက်တတ်၏။ အိမ်ထောင်ရေး စိတ်ကုန်ခြင်း၊ စိတ်ချမ်းသာမှုမရခြင်း၊ ပြင်ပပုဂ္ဂိုလ်များ၏ အထင်ကြီးခံရသော်လည်း အိမ်တွင်းအတူနေပုဂ္ဂိုလ်များ၏ အထင်သေးမှု ကြုံတတ်သည်။ မိမိမွေးရာဇာတိတွင် အကျိုးပေးမှု နည်းပါး၏။ အိမ်ထောင်ဖက်၏ ဆွေမျိုးသားချင်းများနှင့် စိတ်သဘောချင်း တိုက်ဆိုင်မှုမရှိ၊ တသီးတသန့်နေတတ်၏။ မိမိအိမ်တွင် အနား ယူခြင်း၊ တည်တည်ငြိမ်ငြိမ် နေထိုင်... မရ။ မိသားစုအပေါ် ပုံစံချ၍မရ ... မညောင်း ဖြစ်တတ်သည်။

ထို့ကြောင့် တစ်ကိုယ်တော်... စိတ်ဖြင့် သီးသန့်မနေထိုင်ခြင်း၊ ... သားဆွေမျိုးအုပ်စု၏ဒဏ်ကို သည်းခံ... နေခြင်း၊ အိမ်ထောင်ရေးဒုက္ခ သည်း... ခြင်း၊ အိမ်တွင်း အတူနေအုပ်စုအပေါ် ... အတူမနေဘဲ ခွင့်လွှတ်ခြင်းဖြင့် နေထိုင်... လျှင် အဆိုးများ လျော့ပါး၍ အ... အဆင်ပြေလိမ့်မည်။

ထို့ကြောင့် မိမိအိမ်တွင်လုပ်ငန်း... လုပ်၍ မရတတ်ပါ။ အိမ်ထောင်ပြုလွယ်... ပျက်လွယ်တတ်သည်။ ပြင်ပအဖွဲ့စည်း... များနှင့် အကျိုးပေးသည်။ နိုင်ငံရပ်ခြား... တိုင်းတစ်ပါးတွင်အကျိုးပေးတတ်သည်။ မိသားစုမှဆန့်ကျင်ရုန်းထွက်လွယ်သည်။ အတူနေအိမ်ထောင်အုပ်စုနှင့် အတွေး... အခေါ် အယူအဆ မတိုက်ဆိုင်တတ်... ပေ။ ကျန်းမာရေးမှာ ဦးခေါင်းပိုင်း... ဦးနှောက်အာရုံကြောရောဂါ၊ ဆီးရောဂါ... သားအိမ်၊ ဒူလာ၊ မုတ်၊ ဒူးခေါင်းရောင်... ခြင်း၊ ခေါင်းကိုက်ခြင်း ဖြစ်တတ်သည်။

**၆ ကြွင်းဖွား အားလုံးနှင့် သက်ဆိုင်သည်။(ငွေ၊အကြွေးအဆိုး)**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ⑥ | ၀ |

ငွေကြေး ကပ်စေးနဲ့တတ်ကြ... သည်။ မိမိတို့ဝါသနာပါသော အပေ... အပါး အလောင်းကစားနှင့်ပတ်သတ်၍ အကုန်အကျခံ ဖြုန်းတတ်ကြသည်။

လူမှုရေး၊ အလှူဒါနပိုင်းတို့တွင် ... ပေးရကမ်းရ လှူရမည်ကို အလွန်နှမြော... တတ်ကြသည်။ဟန်ဆောင်မှုနှင့်အကြွား... အလွန်သန်ကြသည်။ သူတစ်ပါးပစ္စည်း... ကို မိမိပစ္စည်းကဲ့သို့ ကြွားဝါတတ်... သည်။ အိမ်ထောင်ရေး ကားကိုက်နှင့်...





www.burmeseclassic.com

www.burmeseclassic.com

အလွန်ရှုပ်ထွေးတတ်ကြသည်။ ဝါသနာ ထုံတတ်ကြသည်။ လင်ငယ်၊ မယားငယ်၊ တိတ်တိတ်ပုန်း၊ ကာမေသုမိစ္ဆာကံကို ကျူးလွန်မိတတ်ကြသည်။ စိတ်ကူးယဉ် တတ်ခြင်း၊ ပရိယာယ်ကြွယ်ဝ၍ ပါးနပ်ခြင်း၊ ပြောဆိုလွယ် ကတိပြုလွယ်တတ်ပြီး အာမခံရဲခြင်း၊ အပေါ်ယံ ရွှေမှုန်ကြဲ ဆက်ဆံလုပ်ကိုင်တတ်ခြင်း၊စိတ်အပြောင်း အလဲမြန်တတ်ခြင်း၊ ပေါင်းသင်းဆက်ဆံ ရေး ကောင်းမွန်သော်လည်း ကြွားဝါမှုကြောင့် မအောင်မြင်ခြင်း၊ အားနာမှုကြောင့် ဒုက္ခတွေ့တတ်ခြင်း၊ အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးလွယ်ခြင်း၊ ကတိပေးလွယ်၍ လူမယုံကြည်ခြင်း၊ ငွေကြေးကိစ္စ အလျော်အစားပြဿနာများ ရှုပ်ထွေးတတ်ပါသည်။

အထူးသဖြင့် ဟန်မဆောင် ကတိတည်၍ ပြတ်ပြတ်သားသား နေထိုင်ပါ။ အားမနာပါနှင့်၊ မကြွားပါနှင့်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများကို သန့်ရှင်းစွာ နေထိုင်ပါက အဆိုးများ လျော့ပါး ပျောက်ကွယ်ပါလိမ့်မည်။

ကျန်းမာရေးမှာ အကြောနှင့် ပတ်သက်သောရောဂါ၊ အစာအိမ်၊ လေထိုးလေအောင့်၊ ခြေကပ် လက်တက်၊ အကြောသေ၊ အဖျင်းထူရောဂါများ ဖြစ်တတ်သည်။ ငွေရှိလာကြလျှင် ငွေဒဏ် မခံနိုင်၊ ပျက်စီးလွယ်တတ်ကြသည်။

**၇ ကြွင်း၊ ၀ ကြွင်းဖွား**
**အားလုံးနှင့် သက်ဆိုင်သည်။**
**(စိတ်လှုပ်ရှားမှု အဆိုး)**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ⓪ | ၁ |

ရုတ်တရက်လျှင်မြန်စွာ ဆုံးဖြတ်တတ်ခြင်း၊ ဒေါသကြီးလွယ်ခြင်း၊မခံချင်စိတ်အားကြီးခြင်း၊ မျိုသိပ် ထိန်းသိမ်း မထားနိုင်ခြင်း၊ မိမိစိတ်ထင်ရာနောက်သို့ လျှင်မြင်စွာလုပ်ကိုင်ဆုံးဖြတ်ခြင်း၊ ပေါက်ကွဲလွယ်ကူခြင်း၊ ချစ်လျှင်တအား မုန်းလျှင်တအား အပြောင်းအလဲမြန်ခြင်း၊ သနားလွယ်သလောက် ရက်စက်ရန် ဝန်မလေးတတ်ပေ။ အိမ်ထောင်ရေး ပြိုကွဲပျက်စီးလွယ်ကူခြင်း၊ အိမ်တွင်းအုပ်စုအပေါ် တစ်ဖက်သတ် အနိုင်ယူတတ်ခြင်း၊ မခံချင်စိတ်၊ ဒေါသစိတ်၊ လောဘစိတ်တို့ကြောင့် စီးပွားရေး၊ လူမှုရေးတွင် ဘေးဥပဒ်သင့်လွယ်တတ်ခြင်း၊ အနိုင်မခံ အရှုံးမပေးဖြစ်ခြင်း၊ မတည်ငြိမ်သော အမှုအရာရှိခြင်း၊ လျှို့ဝှက်အချစ်ရေးကိစ္စကြုံတတ်ခြင်း၊ အနုပညာကို ခံစားလွယ်၍ အလှအပ နှစ်သက်ခြင်း၊ မိမိစိတ်တိုင်းကျ မဖြစ်လျှင် မိမိကိုယ်ကိုယ် ဘေးဒဏ်သင့်အောင် လုပ်တတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်အထိ ဖြစ်လွယ်တတ်ကြသည်။ အထူးသဖြင့် စိတ်ရှည်သည်းခံ၍ စိတ်လိုက်မာန်ပါ မလုပ်ဘဲ မိမိတို့၏စိတ်ကို ငြိမ်းအေးချမ်းသာမှုရှိအောင် နေနိုင်ပါက ဘေးဥပဒ်မှ လွတ်ကင်း သက်သာပေလိမ့်မည်။

ကျန်းမာရေးမှာ နှလုံးရောဂါ၊ သွေးအားနည်း၊ နှလုံးကျဉ်းကျယ်၊မူးမော်ရင်တုန်၊ အဆုတ်ရောဂါများ ဖြစ်တတ်သည်။

**မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှ ၁၄၀၄ နှစ်အထိ မဟာဘုတ်အကြွင်းဇယား**

| ၅ ကြွင်း | ၆ ကြွင်း | ၀ ကြွင်း | ၁ ကြွင်း | ၂ ကြွင်း | ၃ ကြွင်း | ၄ ကြွင်း |
|---|---|---|---|---|---|---|
| ၁၃၀၀ | ၁၃၀၁ | ၁၃၀၂ | ၁၃၀၃ | ၁၃၀၄ | ၁၃၀၅ | ၁၃၀၆ |
| ၁၃၀၇ | ၁၃၀၈ | ၁၃၀၉ | ၁၃၁၀ | ၁၃၁၁ | ၁၃၁၂ | ၁၃၁၃ |
| ၁၃၁၄ | ၁၃၁၅ | ၁၃၁၆ | ၁၃၁၇ | ၁၃၁၈ | ၁၃၁၉ | ၁၃၂၀ |
| ၁၃၂၁ | ၁၃၂၂ | ၁၃၂၃ | ၁၃၂၄ | ၁၃၂၅ | ၁၃၂၆ | ၁၃၂၇ |
| ၁၃၂၈ | ၁၃၂၉ | ၁၃၃၀ | ၁၃၃၁ | ၁၃၃၂ | ၁၃၃၃ | ၁၃၃၄ |
| ၁၃၃၅ | ၁၃၃၆ | ၁၃၃၇ | ၁၃၃၈ | ၁၃၃၉ | ၁၃၄၀ | ၁၃၄၁ |
| ၁၃၄၂ | ၁၃၄၃ | ၁၃၄၄ | ၁၃၄၅ | ၁၃၄၆ | ၁၃၄၇ | ၁၃၄၈ |
| ၁၃၄၉ | ၁၃၅၀ | ၁၃၅၁ | ၁၃၅၂ | ၁၃၅၃ | ၁၃၅၄ | ၁၃၅၅ |
| ၁၃၅၆ | ၁၃၅၇ | ၁၃၅၈ | ၁၃၅၉ | ၁၃၆၀ | ၁၃၆၁ | ၁၃၆၂ |
| ၁၃၆၃ | ၁၃၆၄ | ၁၃၆၅ | ၁၃၆၆ | ၁၃၆၇ | ၁၃၆၈ | ၁၃၆၉ |
| ၁၃၇၀ | ၁၃၇၁ | ၁၃၇၂ | ၁၃၇၃ | ၁၃၇၄ | ၁၃၇၅ | ၁၃၇၆ |
| ၁၃၇၇ | ၁၃၇၈ | ၁၃၇၉ | ၁၃၈၀ | ၁၃၈၁ | ၁၃၈၂ | ၁၃၈၃ |
| ၁၃၈၄ | ၁၃၈၅ | ၁၃၈၆ | ၁၃၈၇ | ၁၃၈၈ | ၁၃၈၉ | ၁၃၉၀ |
| ၁၃၉၁ | ၁၃၉၂ | ၁၃၉၃ | ၁၃၉၄ | ၁၃၉၅ | ၁၃၉၆ | ၁၃၉၇ |
| ၁၃၉၈ | ၁၃၉၉ | ၁၄၀၀ | ၁၄၀၁ | ၁၄၀၂ | ၁၄၀၃ | ၁၄၀၄ |

❒ ဝေယံဦး



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်မ နှင့် မြွေ ကာင်းများ

ဉာဏ်မယ်မယ်

တစ်နေ့တွင် ကျွန်မသည် တိုင်တွင်ချိတ်ထားသော လွယ်အိတ်ကိုဖြုတ်ကာ စားပွဲတွင်ထိုင်လိုက်ပြီး လွယ်အိတ်ကို ရင်မှာပိုက်ထားပြီး ကျက်ရမည့် စာအုပ်ကို စဉ်းစားနေသည်။ ထိုစဉ် တရိပ်ရိပ်နှင့် လွယ်အိတ်ထဲမှ အပေါ်ထောင်တက်လာသော အရာကို မြင်မြင်ချင်း-

"အမယ်လေး . . . မြွေကြီး" ဟု လွယ်အိတ်ကိုပစ်ချကာပြေးတော့သည်။

စားပွဲအောက်တွင် မပြေးဘဲ ရပ်တန့်နေသော မြွေကို အိမ်နီးချင်းများက 'မပြေး၍ မြွေဆိုး' တဲ့။ မြွေက ကျောပေးစကြီအကာ သံဆန်ခါကွက်ကြား ခေါင်းတင်၍ ကျွန်မတို့ဘက် ကြည့်နေပြီး ငြိမ်နေသော မြွေအထုပ်ကြီး၊ ကျောင်းစောင့်တွေက မြွေပွေးတဲ့၊ သေသေချာချာကြည့်တော့ မြွေက ခုနက ကျွန်မကျောပေးထိုင်နေသော နေရာတည့်တည့်မှာ။ ကျွန်မ ထိုင်ရာက ထပြီးမှ ရောက်လာ၍ မကိုက်တာလား၊ မြွေပွေး

ပြီး ထွက်လာလို့၊ မျက်နှာချင်းဆိုင်ထွက်လာပြီး မျက်နှာပေါက်ချလိုက်မှဖြင့် မတွေးရဲစရာ။ ထိုစဉ်ကငါးတန်းကျောင်းသူအရွယ်။

တစ်ခါကလည်း ကျောင်းဆောင်အောက်ထပ် စကြီလမ်း၌ ကျောင်းသူလေးယောက် လမ်းလျှောက်လိုက်၊ ထိုင်လိုက်ဖြင့် စာကျက်နေကြသည်။ ထိုစဉ် ရှီ ရှီ နှင့် အသံကြား၍ ရှာကြတော့

www.burmeseclassic.com

မို့ သူကိုမထိ၍ မကိုက်တာလားတော့ မသိ၊ သေဘေးနဲ့ သီသီလေး။

ကျွန်မတို့အိမ်၏ နောက်ကျောဘက် ဝင်းမြေမှာ လူမနေ၍ သစ်ပင်မျိုးစုံ တောထနေ၏။ ဒါကြောင့် ထင်းပုံမှ ထင်းများသယ်ယူလျှင် အောက်ဆုံးပိုင်း၌ စင်းစင်းကြီး တုတ်တုတ်တိုတို မြွေတစ်ကောင်၊ မှောက်ထားသည့် ရေအိုးဟောင်းကို လှန်လိုက်လျှင် အခွေလိုက် မြွေကြီး၊ လောကတွင် ကျွန်မ အကြောက်ဆုံး မြွေတွေ။

မြွေအပြင် နောက်ထပ်ကြောက်စရာအကောင်များလည်း ပေါမှပေါ။ သနပ်ခါးကျောက်ပျဉ် မ,လိုက်တော့ ဧရာမကင်းပုစွန်ကြီး၊ ကင်းမြီးကောက် အကြီးစားပုံသဏ္ဌာန် အရောင်မည်းလက်နေသော အကောင်ကြီး၊ ကင်းမလက်မည်း ဟုလည်း ခေါ်ကြ၏။

မျက်နှာသစ်ရာမှာလည်း ကင်းပုစွန်၊ ကိုယ်နှင့်တစ်ထွာအကွာမှာ ထိုင်နေရင်း ခြေထောက်နားမှ ဖြတ်ပြေးသွားတာမြင်၍ ကြည့်လိုက်တော့ ကင်းပုစွန်။

တခြားအိမ်သားများ ကင်းမြွေတွေ တွေ့တတ်ကြသော်လည်း အလုပ်အများဆုံး အိမ်ရှင်မ ကျွန်မက အတွေ့ရဆုံး။

ကင်းပုစွန်က လူကို ကိုက်ခဲပါတယ်ဆိုပေမယ့် ရပ်ကွက်ထဲမှာ ကင်းပုစွန် ကိုက်ခံရ၍ ဆေးရုံတင်ရသူ၊ ကင်းပုစွန် ကိုက်ခံရပြီး ယောင်နေတာ လေးရက်ရှိပြီ၊ မပျောက်သေးဘူးဟု ပြောသူတွေ ရှိနေတော့ လန့်နေရသည်။

အသည်းယားစရာ အဖြစ်ကတော့ တံခါးများပိတ်ပြီး အခန်းထဲမှ ထွက်မည်အလုပ် နှင်းဆီပန်းခြောက်လေး တွေ့ရ၍ ကောက်ပစ်ရန် ထိုင်ပြီး လက်လှမ်းလိုက်တော့ အမယ်လေး ကင်းမြီးကောက်ကြီး၊ ခွေကာ ဝိုင်းနေသော ကင်းပုစွန်။ အမှောင်ထဲမှာ ကင်းမှန်း သိလိုက်သည့် မျက်လုံးကို ကျေးဇူးတင်မဆုံး။ လက်မကြီးနဲ့ အားရပါးရ ညှပ်ထားလိုက်မှဖြင့်။

မီးပျက်ရက် တစ်ညမှာ အပြင်ထွက်ကြစဉ် ခင်ပွန်းသည်က ဒက်ခနဲ အရှိန်ပြင်းပြင်းနဲ့ ပေါက်လိုက်တဲ့အသံကြောင့် လက်နှိပ်မီးထိုးကြည့်တော့ ကင်းပုစွန်ကြီး။ ကျွန်မ လန့်အော်တော့ သူက . . .

"ဘာမှမဖြစ်ဘူး၊ ဘယ်လိုမှမနေဘူး၊ ကိုယ်က ဒီကင်းပြီးတယ်၊ အမြီးနဲ့ ထိုးလိုက်တာကတော့ အရှိန်ပြင်းတယ်" တဲ့။

ကျွန်မဆိုရင်ကော ဒီကင်း ပြီးပါ့မလား။ ဒီလို တွေ့ရဖန်များနေသော ဒီကင်း ထူးဆန်းသောသဘာဝကို ရှားရှားပါးပါး ကြုံတွေ့လိုက်ရသေးသည်။

သစ်ဆွေးပုံကြားက ထွက်လာတဲ့ ဧရာမ ကင်းပုစွန်ကြီးတစ်ကောင်၊ သူ့ကျောပေါ်မှာ လက်ညှိုးအရှည်တစ်ဝက်ခန့်ရှိ ကင်းပုစွန်လေးခြောက်ကောင်၊ ရှေ့သုံးကောင်၊ နောက်သုံးကောင်နှင့် တညီတည်းညီပြီးတင်ထားသလို ကြည့်ကောင်းနေလိုက်တာ။ အပေါ်ဘက်က ပလတ်စတစ်အကြည်စနှင့် တူသော အရေခွံပါးဖြင့် အုပ်ထားတာကို ထူးဆန်းစွာ မြင်လိုက်ရသည်။

ဥကပေါက်တာလား၊ အကောင်လိုက်မွေးတာလား မသိရပေမယ့် မြင်ကွင်းက အကောင်လေးတွေကို ကျောပေါ် ပလတ်စတစ်ထဲက ထုတ်ချပြီး မွေးလိုက်မှာလားဟုတောင် ထင်ရအောင် မြင်ကွင်းက ဆန်းလှသည်။

ထို့အတူ ဆူးပုပ်ကြီးညွန့်သုံးခက်ပေါ်မှာ ပြေလျော့လျော့ခွေနေသည့် သစ်ရွက်နှင့်တစ်ရောင်တည်း စိမ်းနုနု မြွေစိမ်းကလေးကိုလည်း အရွက်ခူးခါနီး ရုတ်တရက်မြင်လိုက်ရသည့် မြင်ကွင်းကလည်း အသည်းယားစရာ။ တခြားသူများကို ခေါ်ပြတော့ ရုတ်တရက် မမြင်ကြ။ ဒီမြွေစိမ်းများ ပတ်လိုက်ရင်တော့ လန့်တာနဲ့ သေရမည်ပင်။

ကင်းပုစွန်များအပြင် မီးခြစ်ဆံအရွယ်မှ လက်မနီးပါးအရွယ်အထိတုတ်သော ကြီးသော ကင်းခြေများတွေကလည်း လွန်းထိုးနေကြသေးပြန်တော့ ကင်းပတ်လည်ဝိုင်းနေသော ကျွန်မ ဘာကြောင့် နှလုံးရောဂါ မရပါလိမ့်။ အိမ်သားများထဲကတော့ တချို့ နှစ်ခါပြန် ကင်းပုစွန် ကိုက်ခံကြရသည်။ ဧည့်သည်များလည်း အဆစ်အနေနဲ့ အကိုက်ခံကြရသေးသည်။ ဒါပေမဲ့ မြွေမျိုးစုံ၊ ကင်းမျိုးစုံတို့ကြားမှာ ယခုအချိန်ထိ ဘာမှ အကိုက်မခံရဖူးပါချေ။

ဆရာတော် ဦးဉာဏိဿရ၏ ပရိတ်ကြီး ၁၁ သုတ်တရားအခွေတွင် "ရာဇတောဝါ" ကို အနက်ပြန်ဆိုတော့ မြွေ၊ ခွေး၊ ကင်းမြီးကောက်၊ မြွေစိမ်းစသည်တို့ကြောင့်ဖြစ်သော ဘေးဥပဒ်အန္တရာယ်တို့မှ ကင်းလွတ်စေသည့် ဆန္ဒပြုထားသော အဓိပ္ပာယ်ဖြစ်ကြောင်းကို သိရသည်။ ဤတွင်မှ ကျွန်မ ငယ်စဉ်ကတည်းက အမြဲရွတ်ဆိုခဲ့သော "ရာဇတောဝါ" ၏အစွမ်းကို သိလိုက်ရတော့သည်။

အနက်အဓိပ္ပာယ် ဘာရယ်ဟု မသိဘဲ ရွတ်ဆိုခဲ့သော ရာဇတောဝါ သာမညဂါထာပင် ဤမျှအစွမ်းထက်နေပါမူ မြတ်စွာဘုရား၏ ပရိတ်တော်များ၊ မည်မျှ အစွမ်းထက်မည်ကို အထူးဖော်ပြရန် မလိုတော့ပါ။

'ရာဇတောဝါ' ၏ အကြောင်း သိလို၍ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ "ပရိတ်ကြီး နိဿယ"စာအုပ်ကို ဖတ်ကြည့်မိသည်။ ပရိတ်ကြီး ၁၁ သုတ် မရွတ်ဆိုမီ နတ်ပင့်၊ ဘုရားရှိခိုးတို့နှင့်အတူ ရွတ်ဆိုရသာ စာပုဒ်ဖြစ်သည်။ အမျှဝေနှင့် တိုက်တွန်းချက် ခေါင်းစည်းအောက်တွင် ပါဝင်ပြီး အချို့ဘုန်းတော်ကြီး အရှင်သူမြတ်များက ဂါထာကြီး မဟုတ်သော သာမညဂါထာဟု အမည်တပ်ကြသည်။

## ရာဇတောဝါ သာမညဂါထာ

ရှေးပညာရှင်တို့ စီရင်ထားခဲ့သော သတ္တဝါအားလုံး ချမ်းသာကြစေရန် ဆန္ဒပြုထားတာဖြစ်ပြီး ပရိတ်ကြီး





www.burmeseclassic.com

www.burmeseclassic.com

(၁၁)သုတ် မရွတ်မီ ရွတ်ဆိုရသော ဂါထာတစ်ပုဒ်ဖြစ်သည်။

"ရာဇတောဝါ၊ စောရတောဝါ၊ မနုဿတောဝါ၊ အမနုဿတောဝါ၊ အဂ္ဂိတောဝါ၊ ဥဒကတောဝါ၊ ပိသာစတောဝါ၊ ခါဏုကတောဝါ၊ ကဏ္ဍကတောဝါ၊ နက္ခတ္တတောဝါ၊ ဇနပဒရောဂတောဝါ၊ အသဒ္ဓမ္မတောဝါ၊ အသန္ဒိဋ္ဌိတောဝါ၊ အသပ္ပုရိသတောဝါ၊ စဏ္ဍ၊ ဟတ္ထိ၊ အဿ၊ မိဂ၊ ဂေါဏ၊ ကုက္ကုရ အဟိဝိစ္ဆိက မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခ သာဒိဟိ နာနာဘယတော ဝါ နာနာရောဂါတောဝါ နာနာဥပဒ္ဒဝ တောဝါ အာရက္ခံ ဂဏှန္တု"

အနက်အဓိပ္ပာယ် အကျဉ်းချုပ်မှာ . . .

မင်းဆိုး မင်းညစ်ဘေး၊ ခိုးသူမားပြဘေး၊ လူရိုင်းဘေး၊ နတ်ဘီလူးဘေး၊ ဖျက်ဆီးသောမီး၊ ဖျက်ဆီးသောရေဘေး၊ မြေဘုတ်ဘီလူးဘေး၊ သစ်ငုတ်ခလုတ်ဘေး၊ ဆူးငြောင့်ဘေး၊ မကောင်းသော နက္ခတ်ဘေး၊ မသူတော်တို့၏အကျင့်တရားမှလည်းကောင်း၊မှားသောအယူတို့မှ လည်းကောင်း၊ သူယုတ်သူညစ်ဘေးမှလည်းကောင်း၊ ကြမ်းတမ်းသောဆင်၊ ကြမ်းတမ်းသောမြင်း၊ သားရဲသမင်၊ နွား၊ ခွေး၊ မြွေ၊ ကင်းမြီးကောက်၊ မြွေစိမ်း၊ သစ်၊ ဝံ၊ အောင်း၊ ဝက်၊ ကျွဲ၊ ဘီလူး၊ ရက္ခိုသ် အစရှိသော ဘေးတို့မှလည်းကောင်း၊ အထူးထူးသော ဘေးတို့မှ လည်းကောင်း၊ အထူးထူးသော အနာရောဂါဘေးတို့မှ လည်းကောင်း၊ အထူးထူးသော အန္တရာယ်တို့မှ လည်းကောင်း၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့သည် ကြည့်ရှု စောင့်ရှောက်တော်မူကြပါကုန်။

❒ ဉာဏ်မယ်မယ်စာကိုး

သပြေကန်ဆရာတော်၊ အရှင်ဝါသေဋ္ဌာဘိဝံသ၏ပရိတ်ကြီး နိဿယ။

# ရွှေငွေလာဘ် များစေသည့် ပထမံဘိုးဘိုးအောင် ဂါထာ

## နတ်မောက် ကောင်းမွန်မြင့်

ဂါထာမန္တန်ရွတ်ဆိုရန် ဝါသနာပါပြီး ပုတီးစိပ်ဖက်လည်းဖြစ်သော မိတ်ဆွေတစ်ဦးကို ယခုတင်ပြမည့် လူသိနည်းပါးလှသော ပထမံဘိုးဘိုးအောင်ဂါထာကို သိပါသလား၊ ရွတ်ပွားဖူးပါသလား မေးမြန်းကြည့်ရာ မသိဘူး၊ မကြားဖူးပါ ဆိုသဖြင့် အများသိစေရန် တင်ပြ ရေးသားအပ်ပါသည်။

ဤဂါထာသည် ရွှေ ငွေ စီးပွား ဥစ္စာ တိုးပွားစေပြီး မိမိရရန်ရှိသော ကြွေးဟောင်း၊ အမွေဟောင်းများကိုပင် အလွယ်အသာ ပြန်လည်ရရှိစေသည်မှာ အမှန်ပင် ဖြစ်ပါသည်။ လောကီပညာကို လိုက်စား ဝါသနာထုံရာတွင် ယုံကြည်မှုသည် အဓိက ပဓာနကျပြီး ထိုယုံကြည်မှုသည် ကိစ္စအများကို အောင်မြင်မှုရရှိစေပါသည်။

ယခုတင်ပြမည့် ဂါထာကို ယုံကြည်မှုအပြည့်ဖြင့် အဓိဋ္ဌာန်ပြု ရွတ်ပွားသူများမှာ အောင်မြင်မှုအလီလီ ရရှိဆွတ်ခူးခဲ့ပြီလည်း ဖြစ်ပါသည်။

ရွတ်ပွားမည်ဆိုလျှင် နည်းစနစ်မှန်ဖို့ လိုပါသည်။

* ပထမံဘိုးဘိုးအောင် ရုပ်တုရှေ့တွင် အကောင်းဆုံးဖြစ်ပါသည်။
* တစ်ကြိမ်ရွတ်လျှင် (၉) ခေါက် အနည်းဆုံး ရွတ်ရပါမည်။ များများ ရွတ်နိုင်လေ ကောင်းလေ ထူးလေ ဖြစ်ပါသည်။
* အနည်းဆုံး (၂၇)ရက် အဓိဋ္ဌာန်ပါ။ တတ်နိုင်လျှင် (၃၆) ရက်၊ (၄၅) ရက်၊ (၉၀) ရက် အဓိဋ္ဌာန်ပါ။
* တစ်နေ့ နှစ်ကြိမ် အဓိဋ္ဌာန်ဝင်ရပါမည်။ နံနက် တစ်ကြိမ်၊ ည တစ်ကြိမ် ဖြစ်ပါသည်။

ရွတ်ဆိုရမည့် ပထမံ ဘိုးဘိုးအောင်ဂါထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

* ဇေယျာသိန်၊ ဇယျဒါန်၊
  ဇယျူသဝံ၊
  ဇယျဓဇံ ဇယျပါပံ၊ ဇယန္တာန်၊
  ဇယျာတီနံ၊ ဇယျံအဟံ၊
  နမေ နမာမိ။
* ဝရုပုဒ္ဒေါ၊ ဝရမမွော၊
  ဝရ သံဃော၊
  ဝရသာယော၊ ဝရစေတော၊
  ဝရံဒေတု၊
  ဝရေဟိမေ၊ ဝရံ ဝရံ။
* ဝရစက္ကံ၊ ဝရပည်၊ ဝရဗုဒ္ဓံ၊
  ဝရဇယံ၊
  ဝရဗလံ၊ ဝရံဒေသံ၊ ဝရဇေ်န၊
  ဝရာမဟံ၊ ဝရဖလံ။

အထက်ပါ ပထမံဘိုးဘိုးအောင်ဂါထာကို (၂၇) ရက်လျှင်တစ်ကြိမ်၊ (၃) ကြိမ် အဓိဋ္ဌာန်ဝင်ပြီးပြီဆိုလျှင် ထူးခြားထင်ရှားသော အကျိုးထူး၊ လာဘ်လာဘ ရွှေ ငွေ ဥစ္စာတို့ တိုးပွားလာပါသည်။

(မှုးယစ်ဆေးဝါး အရက်သေစာ မသောက်စားရ။ သက်သတ်လွတ်စား၍ ရွတ်ပွားနိုင်လျှင် ပိုကောင်းပါသည်။)

❒ နတ်မောက်ကောင်းမွန်မြင့်



www.burmeseclassic.com

www.burmeseclassic.com



# စမတောင်မှ လူထူးကြီးပေးအပ်တဲ့ မေတ္တာဂုဏ်တော်ပုတီးစိပ်

**ရွှေဘုန်းကံ**

စာရေးသူသည် လူပျိုပေါက်အရွယ်ကပင် ထူးခြားဆန်းကြယ်သော ဂမ္ဘီရဆန်အဖြစ်များကို စိတ်ဝင်စားခဲ့မိပါသည်။ ယင်းနောက် ရံဖန်ံခါ အာရုံမနောဆန္ဒ ဖြစ်တည်ရာ၊ ဘုရား၊ စေတီများ၏ အရိပ်ကိုခိုတတ်သည်။ တော၊ တောင်စခန်းများသို့ သိပ်မသွားလာရသေးပါ။ စိတ်၏ စိမ်းလန်းလတ်ဆတ်မှု ငြိမ်းအေးမှုကို တစ်ကိုယ်ရေ မွေ့ဖက်ထားမိသည်။ တောစိမ်းစိမ်း၊ တောင်စိမ်းစိမ်း၊ ရန့်စိမ်းစိမ်းများ၏ အရသာကို ခရီးသွားလာလှည့်လည်ဖူးသူတိုင်း ခံစားဖူးကြပေမည်။ မြို့ပြ၏ မွန်းကျပ်မှု၊ လူမှုဒုက္ခဝဲဂယက်ထဲကနေ ခေတ္တ လွတ်မြောက်ရသည်။ ဂမ္ဘီရဆန်သော၊ လျို့ဝှက်ထွေပြားသော၊ အဖြစ်များ၊ အသိများတိုးပွားရလေသည်။ လူထူးလူဆန်းကြီးများဖြင့်လည်း ဆုံစည်းရလေသည်။

လောက၌ ဆိုရိုးစကားရှိသည်။

လူသည် ထူးလျှင်ထူး၊ မထူးလျှင်ရှူး ဟူသော စကား ဖြစ်ပါသည်။ မည်သည့်လောက အသိပညာရှင်၊ ဂမ္ဘီရအသိပညာရှင်များ ဆိုထုံးပြုခဲ့ကြသည်လည်းတော့မသိရှိပါ။အတော်အဓိပ္ပာယ်လေးနက်ကျယ်ဝန်းသော စကားပမာလည်းဖြစ်ပါသည်။ သာမန် လက်လွတ်စပယ် ဆိုခဲ့ခြင်းတော့ ဟုတ်ဟန်မတူပါ။ ဗုဒ္ဓကမူ "ပုထုဇ္ဇနော ဥမ္မတ္တကော" ဟုမိန့်ဆိုခဲ့ပါသည်။ အရူးတကာ အရူးများထဲတွင်တော့ ထူးသူများလည်း ရှိကြပေမည်။ ထူးသည် ဆိုကတည်းက ထူးနေလို့ပဲ ဖြစ်ပါသည်။

ထူးဟူသည်မှာ အထူးပြု ဝေါဟာရ တစ်ခုဖြစ်၍ ထူးမြတ်ခြင်း၊ထူးခြားခြင်း၊ ထူးဆန်းခြင်း အစရှိသော အရာများကို ကိုယ်စားပြုညွှန်းဆိုနေပါသည်။ စာရေးသူတို့ကဲ့သို့ သာမင်သောင်သြ ပုထုဇဉ်အနုညာတများဖြင့်တော့ မသက်ဆိုင်လှပါ။ ထူးမှလည်း ကူး၍ရပေမည်။ မထူးက မကူးပါ။ ကူးမြောက်ခြင်းမှာလည်း လောကီ၊ လောကုတ္တရာ အဖြာဖြာရှိလေသည်။ မိမိယုံကြည်ရာ နှစ်သက်ရာ စခန်း၊ လမ်းသို့ ကူးနိုင်ကြပေသည်။ ကူးပါမှလည်းတစ်ဖက်သို့ရောက်မည်မှာလည်း သေချာလှပေသည်။ ဤတွင်ဇကားကြုံ၍ တစ်ခါက အဘဘိုးမင်းခေါင် အရှင်မြတ် မိန့်ဟခဲ့ဖူးသော စကားတစ်ခွန်းကို ဖော်ညွှန်းလိုပါသည်။

"လောကမှာ ထူးအောင်လုပ်မှ ထူးတယ်ကွဲ့၊ ထူးလျှင်ခြားသွားလိမ့်မယ်၊ ထူးခြားမှလဲ အရူးအပေါ် ဘဝကနေ လွတ်ကြမှာ"

ယင်းကဲ့သို့ ဆုံးမခဲ့ဖူးပါသည်။ သို့သော်ထူးတိုင်းလည်း ခြားမည်မဟုတ်ပါ။ ထူးခြားခြင်းသည် အနက်အဓိပ္ပာယ် အလွန် ကျယ်ဝန်းလှပါသည်။ ဆိုရပါလျှင် လူတွေ နေ့စဉ်မွေးဖွားနေကြသည်။ နေ့စဉ်လည်း သေဆုံးနေကြသည်။ ဘာမျှ မထူးဆန်းလှပါ။ သာမန်မျက်စိ၊ သာမန်ဉာဏ်ဖြင့် ကြည့်ပါက သာမန်မျှသာ ဖြစ်ပါသည်။

သို့သော် စာရေးသူတို့ မြန်မာနိုင်ငံအရပ်ရပ်၌ ရှေးကနေ ယနေ့ပစ္စက္ခ အချိန်ထိ ထင်ရှားလှသည့် သာသနာပြုရဟန်း၊ ရှင်လူ ပုဂ္ဂိုလ်ကြီးများသည် လူ့လောကသို့ စတင်ရောက်ရှိချိန် မွေးဖွားစဉ်ကစ၍ အတိတ်ထူး၊ နိမိတ်ထူး၊ အိမ်မက်ထူးများဖြင့် မွေးသည်။ အသက်ရှင်သန်စဉ်တစ်လျှောက်လည်း ထူးခြားသော သီလ၊ သမာဓိ၊ ပညာ စွမ်းရည်များဖြင့် ထူးခြားသော နေမှု၊ ထိုင်မှု၊ ပြောမှုများ ရှိသည်။ ခန္ဓာစွန့်၊ ရုပ်စွန့်



www.burmeseclassic.com

www.burmeseclassic.com

ဘဝစွန့်ကြပါသော ကာလ၌လည်း ထူးခြားသည့် ဝိသေသပေါင်းများစွာ ကျန်ရစ်ခဲ့ကြ၏။ ဖြစ်ပေါ်ခဲ့ကြ၏။

စာပေများ၊ မျက်မှောက်များ၌ အတိအလင်းရှိသည်။ လာစဉ်ကလည်း ထူး၊ နေစဉ်မှာလည်းထူး၊ ပြန်သွားသော အခါ၌လည်း ထူးခြားလှပါသော ထူးမြတ်သည့် ပုဂ္ဂိုလ်ထူးကြီးများလည်း ဖြစ်ကြပါသည်။ လောက၌ မည်သည့်အရာမျှ အကြောင်းအကျိုးမဲ့ မဖြစ်ထွန်းပါ။ ကြည့်သောသူမှသာ မြင်နိုင်ပေမည်။ သာမန်အမြင်မဟုတ်ပါဘဲ နက်ရှိုင်းစွာ ထိုးထွင်းသိမြင်ခြင်းမျိုး ဖြစ်ပါသည်။ ဘဝဟူသည်မှာလည်း သာမန်ကြည့်လျှင် သာမန်သာဖြစ်၍ နက်ရှိုင်းစွာ ကြည့်ပါက ဘဝ၏အဆုံးပိုင်း အနက်ရှိုင်းဆုံးအထိ မြင်နိုင်ကြပေမည်။

စာရေးသူအား မွေးဖွားခဲ့စဉ်က အချင်းစလွယ်သိုင်းလျက် မျက်နှာဖုံးစွပ်ဖြင့် မွေးသည်ဟု မိဘများက ဆိုကြသည်။ စာရေးသူ၏ ဘဝတစ်လျှောက်၌လည်း ထူးခြားသည့် ဂမ္ဘီရဖြစ်စဉ်များ များပြားစွာ တွေ့ကြုံခဲ့၊ တွေ့ကြုံရဆဲပင် ဖြစ်ပါသည်။ ထို့အတူပင် စာရေးသူ၏ တစ်ဦးတည်းသောသား ပြည့်စုံဟိန်းကို မွေးဖွားခဲ့စဉ်ကလည်း ရှည်လျားသည့် အချင်းကြီး စလွယ်ပတ်သိုင်းလျက် ရိုးမတောကြီးထဲရှိ ရေနံမော်တစ်ခု၌ မွေးဖွားခဲ့သည်။ သိမိသူတို့ကမူ ထူးခြားမည့်ကလေးဟု ကင်ပွန်းတပ်ကြ၏။

စာရေးသူ ကိုယ်တိုင် ကြုံတွေ့ရခြင်းဖြစ်ပါသည်။ ဆန်ကောထဲ ကျေးရွာမလေ့အတိုင်း ထည့်သိပ်ရာ မွေးပြီး (၇) ရက်အကြာ၌ ဝမ်းလျားမှောက်လျက်နေလေသည်။ ထူးခြားလှသည့် ဂမ္ဘီရဆန်အဖြစ်ထူးဖြစ်ပါသည်။ မမွေးဖွားခင်ကလည်း ဇနီးသည် သန္တာငြိမ်းသည် ကောင်းကင်၌ တစ်ဖက်၌ နေနှစ်ဆူ လနှစ်ဆူခြံရံထွန်းလင်းလျက်၊ အလယ်တွင် ရွှေစေတီတစ်ဆူအား အိပ်မက်၌ ဖူးမြင်ရ၏။ မကြာခင် ပဋိသန္ဓေရလေသည်။

လွန်ခဲ့ပါသော(၆) နှစ်ဝန်းကျင်ခန့် ဆန်တစ်ပြည် (၂၅၀)ကျပ်အချိန်၌ အိပ်မက်မက်သည့်နေ့မှာပင် ထီပေါက်၍ ငွေ ခုနှစ်သောင်းခွဲ ချက်ချင်းရလေသည်။ ထူးခြားခြင်းအဖြစ်ကို ပြောပြခြင်းဖြစ်ပါသည်။

စာရေးသူသည် သိတတ်စမှစ၍ ဂမ္ဘီရဆန် အတိတ်နိမိတ်ထူးများ၊ အဖြစ်ထူး၊ အိပ်မက်ထူးများ၊ လူထူးကြီးများကို စိတ်ဝင်စားပါသည်။ မည်သည့် အတ္တ၊ ပရ၊ လောက၊ ဓမ္မ မဟူ အကြောင်းအကျိုး ဝင်ရိုးပေါ်မှာပဲတည်ရှိနေသည်ဟုယုံကြည်လက်ခံသည်။ သူ့အကြောင်းဖြင့်သူ၊ ကိုယ့်အကြောင်းဖြင့်လည်းကိုယ်ပင်ဖြစ်ပါသည်။ ညီမျှခြင်းဆွဲ၍မရနိုင်ပါ။

ယခု စာရေးသူပင်လျှင် ဥစ္စာဓန ကြွယ်ဝနိုင်သော ချမ်းသာမည့်နည်းများအား သိလျက် စီးပွားရေးလုပ်ငန်းများ မလုပ်ပါဘဲ စာရေးသားခြင်း လုပ်ငန်းကိုပင် ဒုက္ခဆင်းရဲခံလျက် နေ့မအိပ်၊ ညမအိပ် မြတ်နိုးစွာတွယ်ဖက်ထားမိ၏။

ဗုဒ္ဓ စကားအရ ပုထုဇ္ဇနေဥမ္မတ္တကောထဲ ပါဝင်နေသည်။ မကြေကွဲ၊ မလွမ်းတ၊ နောင်တ မရပါ။ သို့သော် စာရေးသူသည် မည်သည့်ဘဝဆက်၊ ပဋ္ဌာန်းဆက်၊ အကြောင်းအကျိုးဆက်မှန်းတော့ မသိပါ။ ခရီးသွားလာရာ၌လည်းကောင်း၊ စေတီဘုရားပုထိုးများ၌လည်းကောင်း၊ ထူးခြားသော လူထူးကြီးများဖြင့် ဆုံခဲ့ည်းတွေ့ကြုံရတတ်လေ့ရှိပါသည်။ တကူးတက လိုက်လံရှာဖွေခြင်းတော့ မဟုတ်ပါ။ ဝါသနာလည်း မပါပါ။ စာရေးသူသည် ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်သူဖြစ်ပါသည်။

အတ္တ၊ ပရ၊ လောကဓမ္မ ကိုယ့်အလုပ်ဟု ယုံကြည်သော အလုပ်ဟူသမျှ လုပ်ခြင်းကိုသာ ဆိုလိုပါသည်။

လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်က စာရေးသူ ခရီးအတော်အတန် လှည့်လည် သွားလာဖြစ်ပါသည်။ ဒေးစွန်ပါတောင်၊ သထုံ၊ စမတောင်သို့ ဖြစ်ပါသည်။ စမတောင်မှာ ပျဉ်းမနားနယ်၊ သာဝတ္ထိမြို့ကလေးနှင့် (၃)မိုင်ခန့်အ... ၌ တည်ရှိသော ပဲခူးရိုးမတွင်းရှိ ... ထူး တောင်မြတ်လည်း ဖြစ်သည်။ ... တောင်မှာ ဂန္ဓာရီလောက၌ ထင်ရှား... ဓမ္မဝိဇ္ဇာ ပါရမီလမ်းစဉ် တက်လှ... အဓိဋ္ဌာန်အောင်မြေထူးလည်း ဖြစ်... 

အဖေရှင်၊ အဖေလူ၊ အ... တို့၏ ဓာတ်ပန္နက်ဖြစ်ပြီး နေ့စဉ် ... သမားများ၊ အဓိဋ္ဌာန်သမား၊ ဘု... များ မပြတ်စည်ကားသည့် အောင်... ထူးလည်းဖြစ်ပါသည်။ ပျဉ်းမနား... ညီနယ်တစ်ကြော ထင်ရှားသည်... ကပ်ကျော် ဓာတ်ဘုရားကြီးရှိပြီး ... ပေါင်း ဓာတ်ဘုရား ၆ ဆူ တည်ရှိ... သည်။ ယင်းနယ်တစ်ဝိုက် တစ်... တစ်ဆူ ခရီးကွာလှမ်းလှပါသည်၊ ... ထင်ရှားသည့် ဝိဇ္ဇာဓရ ဓမ္မအောင်... များမှာ ရသေ့တောင်၊ ရက်က... တောင် အောင်မြေများ ဖြစ်ပါသည်...

စမတောင်ဟု ထင်ရှားလာ... ခြင်းမှာလည်း ဤအောင်မြေကုန်း... ဝိုက် သာသနာပြုစဉ် တောင်တစ်... ရှိ ကျောက်တုံး၊ သစ်ရွက်မြေ၌ ... အက္ခရာများ အလိုအလျောက် ... ထွန်းနေသည်ဟု သိရ၏။ မူလ ... တော် ဦးကဝိန္ဒမှစ၍ အဖေရှင်၊ အ... လူ၊ အဖေနွဲ့ စသည့် ဓမ္မဝိဇ္ဇာ ... သူမြတ်များ အစဉ်အဆက် သာသ... သတ္တဝါ ကယ်ခဲ့ကြလေသည်။

စာရေးသူမှာလည်း မိမိအဓိ... အရ ကပ်ကျော်စေတီကုန်းနှင့် ... ပေါင်းစုကုန်းသို့ ကူးနေရလေသ... နေ့လယ်ပိုင်း၌ ဓာတ်ပေါင်းစုကုန်း... ၌ မေတ္တာလုပ်ငန်းလုပ်ရသည်။ ... အဘဘိုးမင်းခေါင်၏ ဝိဇ္ဇာမဟိဒ္ဓိ ... နန်း၌ အပန်းဖြေသည်။

တစ်ရက် မိမိ၏ အလုပ်ပြီး... အနားယူရန် ဓာတ်နန်းရှိရာသို့လျှော... လာခဲ့၏။ ယင်းမှာပင် အမှတ်မထင် ... ထူးကြီးတစ်ဦးနှင့် သွားဆုံစည်း... ဖြစ်ပါသည်။ လူကြီးမှာ အသက် ... ဝန်းကျင် အရွယ်ရှိပြီး ဆံပင်...





www.burmeseclassic.com

www.burmeseclassic.com

ဆီဖြင့် မထိတွေ့သည်မှာ ကြာမြင့်နေသယောင် နီကျင်ဖွာလန်ကျဲနေ၏။အင်္ကျီအဖြူရောင် နွမ်းဖပ်ဖပ်နှင့် တောလုံချည်ကွက်ကြမ်းကြီး ဝတ်ဆင်ထားလေသည်။ ယောဂီရောင်၊ အဖြူရောင် မဟုတ်ပါ။ လူကြီးသည် ဝရန်တာအနီး၊ တရားထိုင် ပျဉ်ခုံလေးထက် ဒူးချိတ်လျက် ထိုင်နေခြင်းဖြစ်ပါသည်။ စာရေးသူအား တစ်ချက်လှမ်းကြည့်၏။

စာရေးသူကလည်း မည်သည့်ခရီးသွားသွား မလိုအပ်ပါဘဲနှင့် မည်သူတို့မျှ အသိအကျွမ်း မိတ်မဖွဲ့ဘဲ စကားနည်း၊ နှုတ်နည်းလျက် ကိုယ့်အလုပ်သာ ကိုယ်လုပ်တတ်သူ တစ်ဦးလည်းဖြစ်သည်။ ယင်းကြောင့် မသိကျိုးကျွန်ပြုလျက် ဝိဇ္ဇာဓာတ်နန်းကြီး အတွင်းရှိ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့အား အာရုံညွှတ်လျက် မေတ္တာဓာတ်၊ ဓနောဓာတ် ခံယူလိုက်သည်။ ပြုပြီးသမျှ ကုသိုလ်ကောင်းမှုအစုစုတို့အား ကုသိုလ်ဝေမျှသည်။ ဝိဇ္ဇာဓာတ်နန်း တံခါးကမူ သျှူဒါန်းသူရှိမှသာ ဖွင့်ပါသည်။

ယင်းအခိုက်. . .

"အိမ်း၊ သာဓု၊ သာဓု၊ ဂါရဝေါ ဒါတောစ ရိုသေထိုက်သူကို ရိုသေခြင်းဟာ မင်္ဂလာတရားနဲ့အညီ နေထိုင်ခြင်းပဲဖြစ်တယ်၊ မင်္ဂလာရှိရာကိုသာ မင်္ဂလာတွေက ရောက်လာတတ်တယ်၊ ဣဋ္ဌရှိရာ ဣဋ္ဌလာ၊ အနိဋ္ဌရှိရာ အနိဋ္ဌလာပဲ၊ အဲသလိုပဲ လောကမှာ အမှိုက်ရှိရာ အမှိုက်လာသလို ဓာတ်ရှိရာလဲ ဓာတ်ပဲ လာတယ်"

စာရေးသူ အနည်းငယ် သတိမြုမိလိုက်သည်။ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးမှန်း ခန္ဓာကိုယ်ပေါ်ရှိ ရှိန်းခနဲ ရှိန်းခနဲ ကြက်သီးမွေးညင်းလေးများ ညင်သာစွာ ထနေခြင်းက သိနေရ၏။ အသွင်သဏ္ဌာန်က စုတ်ချာဖျော့မှိန်လျက် အရှုးသဏ္ဌာန် ဖရိုဖရဲဝတ်ဆင်ထားပါသော်လည်း ခုန မတွေ့သည့် ထက်ကြား၌မူ စီးကရက်တစ်လိပ်က အငွေ့တလူလူ ပျံ့လွင့်နေလေသည်။

သို့သော် စောစောကစကားကမူ စာရေးသူအား ကြည့်ရှုလျက် ပြောဆိုခြင်း မဟုတ်ပါဘဲ ဓာတ်နန်း၏ဝရန်တာမှ တစ်ဖက်တောင်ကြောများသို့ ငေးကြည့်ရင်း သူ့ဘာသာသူ ရေရွတ်နေဟန် ပြောဆိုခြင်းဖြစ်ပါသည်။ စာရေးသူ ယင်းသို့သော ထူးခြားလှသော လူထူးကြီးများအား အကြာခဏ ဆုံစည်းဖူး၍ သတိရှိနေပါသည်။ ယင်းလူကြီးအား ဖျတ်ခနဲ စိတ်ဝင်စားသွားမိ၏။

ထိုအခါ. . .

"လူတစ်ယောက်က ခုမှမြင်ဖူးတွေ့ဖူးတဲ့ လူတစ်ယောက်ကို စိတ်ဝင်စားနေပြီ ဆိုကတည်းက စိတ်ချင်း၊ မနောချင်း၊ ကြိုးချင်း ဆက်သွယ်နေလို့ပဲမှတ်၊ အဲဒါကိုပဲ ဓာတ်ကြိုးလို့ ခေါ်ကြတာ၊ ဓာတ်ဆိုတာ လျှပ်စစ်စွမ်းအားလိုပဲ ဒီနေရာကနေ ခလုတ်ဖွင့်ရင် ကြိုးရှိသမျှ မိုင်ဘယ်လောက်ဝေးဝေး ဘယ်တော၊ ဘယ်တောင်ရောက်နေနေ မီးလင်းတယ်၊ အဲဒါ ဓာတ်ကြိုးပဲ၊ မြင်ဖူးတယ် မဟုတ်လားကွ"

"ဟုတ်. . . ဟုတ်ကဲ့၊ မြင်ဖူးပါတယ် အဘ"

စာရေးသူသည် ယင်းလူကြီးအားဝတ်ဖြည့်ကန်တော့လိုက်၏။လူကြီးက ခေါင်းတစ်ချက်ဆတ်ခနဲညိတ်လျက်

"မမြင်ဖူးရင်လဲ စင်ကူးကြည့်သိရမယ်၊ စင်ဆိုတာ ဟိုဟာတင်၊ ဒီဟာတင်တဲ့စင် မဟုတ်ဘူး၊ အထက်စင်၊ ရက်ကန်းစင်၊ မင်စင်ပဲ၊ အထက်စခန်း၊ ရက်ကန်း၊ အကွက်ဆန်း မထွင်နဲ့တဲ့၊ ကြိုးတွေကို နားလည်မှ ကြိုးကြိုးချင်း ဆက်သွယ်လို့ရသလို ကြိုးကိုသိမှလဲ အမျိုးကိုသိမယ်၊ ကြိုးကိုသိမှတော့ ကြိုးမငြိအောင်လဲ ရှောင်တိမ်းနိုင်မှာပေါ့၊ သိအောင်လုပ်၊ သိအောင်လုပ်ရမှာက သာသနာ့ကြိုး၊ စခန်းကြိုး၊ ပဋ္ဌာန်းကြိုး၊ မငြိအောင်နေရမှာက မယားကြိုး၊ သားကြိုး၊ ခနကြိုး၊ ဘဝကြိုးတွေပဲ၊ ကြိုးရှုပ်ရင် မိုးချုပ်ရမှာပဲ၊ အဲသလိုပဲ ကြိုးကုန်ရင်လဲ ပုဆိုးခြုံရတာတွေအများကြီး၊ သိရင်ရှောင်၊ ရှောင်ရင်အောင်တယ်၊ မှအောင်ရင် ကျမယ်၊ ကျရင်တော့ ဘယ်တွင်းပဲ ဖြစ်ဖြစ် ပြန်တက်ဖို့မလွယ်ဘူး၊ မတက်နိုင်ကြတော့ဘူး"

စကားတွေက ထူးခြားလာလေပြီ။ ဂမ္ဘီရ အရိပ်အငွေ့တွေ စွန်းထင်းလျက်ရှိသည်။ လူကြီးကမူ ခုံနံဘေးချထားသည့် လွယ်အိတ်ညိုကြီးထဲမှ ဟိုဟာ ဒီဟာ ရှာနေဟန် ပါးစပ်ကနေ ပြောချင်ရာ ပြောသွားခြင်း ဖြစ်ပါသည်။ သူ့ကိုလည်း ငဲ့မကြည့်ပါ။ ဂရုလည်း မစိုက်ပါ။ တစ်ခုရှိသည်မှာ စီးကရက်အား နှုတ်ခမ်းဖျားထက် ခဲထားပါသော်လည်း ခုနပြောသလို အဝတ်အစားများမှာ ဖရိုဖရဲဖြင့်စုတ်ချာလွန်းလှ၏။ ကြည့်ရသည်မှာ ရေကို ရက်ပေါင်းများစွာ မချိုး မသန့်စင်ရသော အသွင်သဏ္ဌာန်။

ဘယ်သူမြင်မြင် ဘာမျှ အထင်ကြီးစရာမရှိ။ သို့သော် ရေမချိုးရသကဲ့သို့ ခြေဖဝါးများ၌ ကြေးညှော်ဖုန်မှုန့်များပင် ပေကျံနေပါသော်လည်း မည်သည့်အနံ့အသက်မျှ မနံစော်ခြင်းကပင် ထူးဆန်းနေလေသည်။

"လောကကြီးမှာ ဘယ်အရာကိုမဆို ရုပ်ကိုမကြည့်နဲ့၊ အလုပ်ကိုပဲကြည့်၊ လူကိုမကြည့်နဲ့၊ မှုကိုပဲကြည့်၊ မှုမှန်မှ လူကလဲ မှန်တာ၊ ဓာတ်က မူလ၊ ဘူတပဲ၊ စကြဝဠာကြီးတစ်ခုလုံး ဓာတ်တွေနဲ့ ဖွဲ့စည်းထားတာ၊ ဒီနေရာတွေကလဲ ဓာတ်ပိုင်းဆိုင်ရာ စခန်းတွေပဲ၊ ဓာတ်လောက၊ လောကဓာတ်ရိုးလဲ ရှိတယ်၊ ဓာတ်ဆိုတာကလဲ ရှင်းမှ၊ ဓာတ်ရှင်းမှ ဓာတ်လင်းတယ်၊ ဓာတ်ရှုပ်ရင် ပတ်တုတ်မရ ဖြစ်တတ်တယ်၊ ဓာတ်ဖွင့်မှလဲ ဓာတ်ပွင့်မယ်၊ ဓာတ်ပွင့်မှတော့ ဓာတ်လင်းပြီပေါ့၊ ခု ဘာလာလုပ်တာလဲ"

"အဓိဋ္ဌာန်လာဝင်တာပါ အဘ"

"ဘယ်ပုတီးစိပ်နည်း [illegible]"

"ဝတ်တော် [illegible] အဘ"

"တောင်းတယ် [illegible] သာ ပိုင်ဆိုင်ခွင့်ရှိတဲ့ [illegible] ဝတ်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြီးရဲ့ အကြီးမားဆုံးနဝင်းသိဒ္ဓိပဲ၊ အတုမဲ့ မဟိဒ္ဓိဓာတ်ကြီးပဲကွဲ့၊ ဂုဏ်တော်ထင် မှလဲ ပုံတော်မြင်ရတတ်တယ်၊ ပုံတော် မြင်တယ်ဆိုတာ သက်မဲ့ရုပ်ပုံကားချပ် တွေ မဟုတ်ဘူး၊ သက်တော်ထင်ရှား သဗ္ဗညုဘုရားရှင်ကို ပကတိ သက်ရှိ ပမာ ဖူးရ မြင်ရတာ၊ ဂုဏ်တော်စွဲလာ ရင် အာရုံမှာ ပုံတော်မြဲလာပြီမှတ်၊ အဲဒါ ဆိုရင် ဗုဒ္ဓါနုဿတိ ပေါက်ပြီ ဆိုလို့ ရတယ်။

ပုံတော်ကိုရှုပြီး အာရုံပြုလို့လဲ ရတယ်၊ အခိကကတော့ ဂုဏ်တော်ကို ရွတ်ဖတ်ဖတ်၊ ပုတီးပဲ ပွားပွား၊ ဂုဏ် တော် တစ်ဂုဏ်တော်ဆီမှာ ဘုရားရှင်ရဲ့ ဘုန်းကျက်သရေ၊ တန်ခိုးတေဇော်တွေ ကို အာရုံညွတ်နူး ကြည်နူးသဒ္ဓါ ယုံ ကြည်သက်ဝင်စွာနဲ့ ပွားများဖို့ပဲ၊ ပွားရင် များလာတာပဲ မဟုတ်လားကွဲ၊

ဒါပေမယ့် . . . ဘယ်အရာမဆို အသာစံရဖို့ အနာခံရတယ်၊ ငါတို့လူမျိုး တွေက လူဖျင်း၊ လူညံ့တွေ များတယ်၊ အရင်းမစိုက် လေ့ထိုးလိုက်ချင်သူတွေ များတယ်၊ အမြတ်ကျ လိုချင်ကြတယ်၊ ဘုရားရှင်ဆီကလဲ တောင်းကြတာပဲ၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ထွက်ရပ်ပေါက်တွေ ဆီကလဲ တောင်းကြ၊ ရမ်းကြတာပဲ၊ တောင်းရင် ရမ်းရင် သူတောင်းစားပဲ။

သူတစ်ပါးဆီက ပေးတာ ကမ်း တာ မျှော်လင့်နေရင်လဲ သခင် မဟုတ် ဘူး၊ ကျွန်ပဲ၊ သစ်သီးစားချင်ရင် သစ်ပင် စိုက်ရမှာပဲ၊ မစိုက်ဘဲနဲ့ သီးလာတဲ့ သစ် ပင် မြင်ဖူးသလားကွဲ့"

"မမြင်ဖူးပါဘူး အဘ"

"အေး၊ ဝိဇ္ဇာသား ဝိဇ္ဇာသမီး ဆို တာ ပြိတ္တာသား၊ ပြိတ္တာသမီးတွေမဟုတ် ဘူး၊ ပြိတ္တာဆိုတာမျိုးက သူတစ်ပါး စွန့်ပစ်တဲ့ အညစ်အကြေးကိုတောင် နှစ် ပေါင်းရာထောင်ချီပြီး စောင့်ဆိုင်း စား ရတာ။

လောကီစခန်း၊ လောကီလမ်း တွေဆိုတာ နည်းမှန်မှ လမ်းမှန် စခန်း မှန်တယ်၊ လိုရာခရီးကိုစွပြီးမြောက်မယ်၊ ကိုယ့်ကိုယ်ကိုယ် အရင်မေး၊ ဆန်းစစ် ကြည့်၊ ကိုယ်က ဘာလိုချင်သလဲ၊ ခုတ် ရာတခြား ရှရာတလွဲဆိုရင် အချိန်ကုန် မယ်၊ လူပင်ပန်းမယ်၊ ပိုးသာကုန် မောင်ပုံ စောင်းမတတ်တဲ့ အဖြစ်မျိုး ဖြစ်မယ်၊ အဓိဋ္ဌာန်စခန်း၊ အဓိဋ္ဌာန်လမ်းတွေမှာ သူမသိ ကိုယ်မသိတော့ ရေသာများ ငါးမတွေ့တဲ့ဖြစ်ရပ်တွေ များတယ်။

ဘုရား ဘုရားနဲ့ တရားမတွေ့ သူတွေလိုပဲ၊ တွေ့ချင် ရှာရမှာပဲ၊ ဂုဏ် တော်နဲ့ မေတ္တာ တွဲဖက်ထားတဲ့ ကျင့်စဉ် တစ်ခု ပေးခဲ့မယ်၊ ကဲ လိုက်မှတ်ထား"

စာရေးသူ၏ မနောထဲမှ ထူး ခြားသော လူထူးကြီးဟု တိတ်တခိုး မှတ် ချက်ပြုထားသည့် ယင်းလူကြီးက ပုတီး စိပ်ကျင့်စဉ်တစ်ခုအား ခပ်တိုးတိုး ရွတ် ပြ၏။

စာရေးသူမှ စိတ်ဖြင့် ကမန်း ကတန်း လိုက်မှတ်ရလေသည်။

ဆောင်ရန် ရှောင်ရန်များ ဆုံးမ သွန်သင်သည်။ ဝိဇ္ဇာခရ ဂမ္ဘီရညာဏ် စဉ်စခန်းများ၊ စမများအကြောင်း ပြော ပြသည်။ စာရေးသူ၏ ခန္ဓာတစ်ခုလုံး ကြက်သီးမွေးညင်းများစိမ့်မြသီးထလျက် တဖျဉ်းဖျဉ်း နူးညံ့စွာ။

အကြောင်း ရှိပေမည်။

"ကဲ. . . အဘသွားမယ်၊ လူဆို တာ တွေ့သင့်တွေ့ထိုက်တဲ့အချိန်ကျရင် တွေ့ခွင့်ဆုံစည်းခွင့် ရှိစမြဲပဲ၊ အကြောင်း ဆုံရင် ပေါင်းဆုံကြရမှာပဲ၊ ရှောင်လွဲလို့ မရဘူးမှတ်၊ မလောနဲ့၊ လောရင် မောရုံ အပြင် ဘာမှမရှိဘူး၊ စကြဝဠာ ကမ္ဘာ အနန္တ နက္ခတ်၊ ဂြိုဟ်၊ တာရာကအစ ဘဝ အဖြာဖြာလဲ အချိန်အခါဆိုတဲ့ တရား ကြီးရဲ့ လည်ပတ်မှုထဲမှာ ရှိနေတယ်။

နောက်ဆုံး တစ်ခု မှာခဲ့မယ်၊ အတ္တ၊ ပရ၊ လောက၊ ဓမ္မ မည်သည့် အရာမဆို သိတိုင်းလဲ မပြောနဲ့၊ မိတိုင်း လဲ မလောနဲ့၊ ဟုတ်ပလား၊ ကဲ သွား မယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် သာမန်လူများဖြင့် မတူထူးခြားသော အဝတ်အစားစုတ်ချာချာ ဖရိုဖရဲ... လူကြီးသည် ဖျတ်ခနဲ လွယ်အိတ်... လွယ်လျက် ဓာတ်ပေါင်းစုကုန်းထ... နေ ဆင်းသွားခဲ့လေသည်။

စာရေးသူ ရုတ်တရက် မှင်တ... နေမိရာမှ တစ်စုံတစ်ခု သတိရသ... အလျင်အမြန်ထလိုက်၏။

သို့သော် ဓာတ်ပေါင်းစု... လမ်းလေးထက်၌ မည်သူတစ်ဦး... ယောက်မျှ ရှိမနေပါ။ လမ်းဘေး... များ ဆင်းသက်သွားလေသလား။

လူကြီး၏အမည်အား စာရေး... မမေးလိုက်မိသလို ထူးခြားဆန်းကြ... သောအဖြစ်တစ်ခုအား သတိရလိုက်... သတိပြုမိ၍ ဖြစ်လေသည်။

မည်သည့်အတွက်ကြောင့်... စောစောက လူကြီးသည် စာရေးသူ... စတင်ဆုံတွေ့ စကားပြောစဉ်က... က သူပြောချင်ရာတွေတောက်လျှော... ပြောဆိုသွားပါသော်လည်း သူ၏... ခမ်းဖျားထက်ရှိ စီးကရက်မှာ မီးခိုး... လူဖြင့် ရှိနေပါသော်လည်း ပြ... မသွားခဲ့ပါ။ အချိန်မှာ တစ်နာ... ကြာမြင့်လှပါသည်။

ဤမျှ အချိန် ကြာညောင်း... ပြောဆိုသွားခဲ့ပါသော်လည်း နှု... ထက်ရှိ စီးကရက်မှာ သောက်နေ... အငွေ့တလူလူကနေ တိုတောင်း... ခြင်း၊ မီးငြိမ်းသွားခြင်း၊ အသစ်ထ... ညှိခြင်းလည်း မရှိပါ။ စီးကရက်တ... ၏ လောင်ကျွမ်းပြာကျမှုမှာ သာ... လျှင်ဤမျှမကြာညောင်းနိုင်ပါ။ သူ... စီးကရက်သောက်ပါသည်။ အ... ဆုံးမှာ အနီးနား၌ မည်သည့်စီး... ဘူးမျှ မတွေ့မမြင်ရခြင်းလည်း... သည်။ သို့သော် မတွေ့ရတော့...

အလွန်တရာမှပင် ထူး... ထူးဆန်းသော လူထူးကြီးပင်... သည်။

အဓိကမှာ အမည် ... ဘယ်ဝါ ဟူ၍ စာရေးသူ လုံ... လိုက်ရခြင်းပင် ဖြစ်ပါ၏။





www.burmeseclassic.com

www.burmeseclassic.com

*သို့ရာတွင် အမှန်တကယ် ဆိုရ* ပါမူ စာရေးသူ ရောက်ရှိ အမိဋ္ဌာန်ဝင်နေရပါသော နေရာကာလည်း ဝိဇ္ဇာဓရ ဂမ္ဘီရနယ်ပယ်၌ ဓမ္မဝိဇ္ဇာပါရမီစခန်းဟု ထင်ရှားလှသော ပျဉ်းမနား စမတောင်ပင် မဟုတ်ပါလား။

ဝိဇ္ဇာမဟိဒ္ဓိရှင် သိဒ္ဓိရှင်လောကတွင် လည်းကောင်း၊ ဂန္ဓာရီလောကတွင် လည်းကောင်း ထင်ရှားသည့် တောင်ထူးတစ်ခုပင်ဖြစ်နေလေသည်။ တချို့သော ဂန္ဓာရီ၊ ရဟန်း၊ ရှင်၊ လူ ပုဂ္ဂိုလ်သူမြတ်များကမူ စမတောင်သည် ရံဖန် ဝိဇ္ဇာ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ပုဂ္ဂိုလ်ကြီးများ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် လာလေ့ရှိကြသည်ဟု ဆိုကြ၏။

စာရေးသူသည် ကမ္ဘောဇ ဇရပ်၌ တည်းခိုအိပ်စက်သည်ဖြစ်၍ စာရေးသူ သိချင်နေသော ယင်းလူကြီး၏ အမည်မှာ အောင်မင်းခေါင်ဖြစ်ကြောင်း ညရောက်သော် အိပ်မက်ထဲ၌ သိခွင့်ရလိုက်ပါသည်။

စာရေးသူအား ချီးမြှင့်ခဲ့ပါသော အမိဋ္ဌာန်ဝင်နည်း ပုတီးစိပ်အား အမှတ်တရအဖြစ် စာရေးသူ ရေးသားဖော်ပြလိုက်ရပါသည်။

*အိပ်မက်၌ အောင်မင်းခေါင်ဟု* တိုပြတ်စွာ မိန့်ဟသွားခဲ့ပါသော ယင်းလူထူးကြီးစကားအရ ယင်းအမိဋ္ဌာန်သည် တောတောင်ဂန္ဓာရီစခန်း ဂန္ဓာရီလမ်းများအတွက်သင့်လျော်ပြီး လောကီအကြံအစည်ဟူသမျှ လိုတရ ပြည့်စုံသည်ဟု မိန့်ကြားခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင်၏ ကိုးပါးသော ဂုဏ်တော်မြတ်ကြီးအား မေတ္တံ သမ္မာသမ္ဗောဓိ ဖြင့်တွဲဆက်လျက် ပုတီးစိပ်ထုံပွားသွားရခြင်းဖြစ်ပါသည်။ တစ်ရက်လျှင် ပုတီး (၉) ပတ်ခန့် ပွားထုံရမည်ဟု ဆိုပါသည်။ တစ်ခုရှိသည်မှာ လောကီဝိဇ္ဇာဓရ ဂမ္ဘီရနည်းပညာများ၊ ကျင့်စဉ်များသည် ဉာဏ်အရာများသာလျှင် ဖြစ်ကြပါသည်။ လူတစ်ဦးနှင့် တစ်ဦးလည်း ဘဝသံသရာမှ အရိပ်ပမာ လိုက်ပါလာခဲ့သော ပါရမီအထူးအပါး၊ ဆုတောင်း၊ သစ္စာ၊ အမိဋ္ဌာန်၊ ပန္နက်များလည်း တူညီထပ်တူကျလိမ့်မည် မဟုတ်ပါ။ လောကီအရာများ၊ သိဒ္ဓိစခန်း၊ မဟိဒ္ဓိစခန်း၊ လမ်းများသည် ပါရမီအလိုက် ပါးလျှင်ပေါက်ပါသည်။ ထို့အတူ များရင်လည်း မှောက်ပါသည်။ သတိသမ္ပဇဉ် ထုံမြဲရပါသော လမ်းများ ဖြစ်ကြပါသည်။

| စဉ် | မေတ္တာဂုဏ်တော် | ပုတီးပတ်ရေ |
|---|---|---|
| ၁ | အရဟံ မေတ္တံ သမ္မာသမ္ဗောဓိ | ပုတီး (၁)ပတ် |
| ၂ | သမ္မာသမ္ဗုဒ္ဓေါ မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၃ | ဝိဇ္ဇာစရဏ သမ္ပန္နော မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၄ | သုဂတော မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၅ | လောကဝိဒူ မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၆ | အနုတ္တရော ပုရိသ ဒမ္မသာရထိ မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၇ | သတ္ထာဒေဝ မနုဿာနံ မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၈ | ဗုဒ္ဓေါ မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| ၉ | ဘဂဝါ မေတ္တံ သမ္မာသမ္ဗောဓိ | ။ |
| | ဂုဏ်တော်ကိုးပါး | ပုတီး (၉)ပတ် |

*ယင်းမေတ္တာဂုဏ်တော် ပုတီးစိပ်* ဖြင့် အမိဋ္ဌာန်ဝင်လိုသူများသည် မည်သည့်နေ့သားမဆို မိမိတို့၏ မွေးနေ့ နံနက်ခင်း ၁၀ နာရီတိတိ အချိန်၌ အမိဋ္ဌာန်ဝင်နည်းများအတိုင်း ပရိကံပြု မေတ္တာခံယူ၊ မေတ္တာဆက်၍ အမိဋ္ဌာန်သီလဖြင့် စတင် ဝင်ရောက်နိုင်ကြပါသည်။ အမိဋ္ဌာန်မဝင်ခင် သဘော်သီးတစ်လုံးအား ရေစင်ကြယ်စွာဆေးကြောလျက် ကြွေပန်းကန်ဖြင့်ဘုရားရှင်အား ဆက်ကပ် လှူဒါန်းပါ။ အဖြူရောင်ကြက်လျှာ အောင်လံတစ်ခုအား ကြိုတင်ဝယ်ယူ ပြင်ဆင်ထားပြီးလျှင် ကြက်လျှာအလံပေါ်၌ မိမိဖြစ်လိုရာ အလိုဆန္ဒတစ်ခုအား ပီသစွာရေးပါ။ အဖြူရောင်ကြက်လျှာအလံအား ယင်းသဘော်သီးထိပ်၌ ခိုင်မြဲစွာထိုးစိုက်ပါ။ (အခက်အခဲဆန္ဒဟူသမျှ တစ်ခုသာ ရေးရပါမည်။)

ပြီးလျှင်ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးအား ခန္ဓာအပ်နှံ လှူဒါန်းပြီး သက်လွတ်အာဟာရ မှီဝဲသော အထက်ဝိဇ္ဇာမိုရ်ကြီးများ၊ မဇ္ဈိမဒေသ ဝိဇ္ဇာမိုရ်ကြီးများ၊ ဝိဇ္ဇာရှစ်သောင်းရသေ့အပေါင်းတို့အား ပင့်ဖိတ်မေတ္တာခံယူ၍ အမိဋ္ဌာန်စတင် ဝင်ရောက်နိုင်ပါပြီ။ အမိဋ္ဌာန်ဝင်ရောက်သူ၏ ကံကြွေး၊ ဝဋ်ကြွေးများမကြီးမားပါက ရက်ပိုင်းအတွင်း ထူးခြားမှုများ ကြုံတွေ့လာပါလိမ့်မည်။ အိပ်မက်ထူး၊ အာရုံထူးများလည်း ပါရမီအရ သီလအကျင့်အရ ရရှိလာပါမည်။

တစ်ခုရှိသည်မှာ မိမိ(ကာယကံရှင်)မှ အမိဋ္ဌာန်ဝင်လျက် အထက် ဝိဇ္ဇာမိုရ်ကြီးများ၊ ထွက်ရပ်ဝင် မေတ္တာဝါဒီဝိဇ္ဇာကြီးများအား အကြောင်းပြု မောင်းထုသော အလိုဆန္ဒ ကိစ္စအခက်အခဲသည် တရားမျှတ မှန်ကန်သော၊ တစ်ဖက်သား မထိခိုက် မနစ်နာစေပါသော ကိစ္စများသာ ဖြစ်ရပါလိမ့်မည် ဖြစ်ကြောင်း စာရေးသူမှ စကားဦးသန်းလိုက်ရပါသည်။

❑ ရွှေထုန်းထံ





www.burmeseclassic.com


www.burmeseclassic.com

# ပြည်ပနိုင်ငံရပ်ခြားသို့ အမြန်ဆုံးသွားရောက်ရစေဖို့

ဆရာကြီးဦးအောင်မြင့်



ညဘက်တွင် ဖူးမြင်ရသော ရွှေဘုန်းပွင့်စေတီတော်



ရွှေဘုန်းပွင့်စေတီတော် ရင်ပြင်မှ စက်တော်ရာတန်ဆောင်း

BURMESE CLASSIC .com

ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ၊
ဇေတာန သစ္စဝရေန၊
ဂမနံ မေ သမိဇ္ဈတု။

"ကိုရီးယားနိုင်ငံ သွားရောက်လုပ်ကိုင်ရဖို့ အရည်အချင်းစစ် စာမေးပွဲလဲ အောင်ထားတာ ကြာလှပြီ၊ အခုအချိန်ထိ အလုပ်သွားလုပ်ဖို့ မခေါ်သေးဘူး၊ အမြန်ဆုံး သွားလုပ်ချင်လှပြီ"

"နိုင်ငံခြားအလုပ်ကို အွန်လိုင်းက လျှောက်ထားတာ ရွေးချယ်ခံရပြီးပြီ၊ အလုပ်ခေါ်စာက ရောက်မလာသေးလို့ မသွားနိုင်သေးဘူး၊ အမြန်ဆုံး အလုပ်ခေါ်စာ ကျလာချင်ပါတယ်"

"နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ကိစ္စ ခက်ခဲကြန့်ကြာမှုတွေ တစ်ခုပြီးတစ်ခု ကြုံနေရတယ်၊ အမြန်ဆုံး အဆင်ပြေပြေနဲ့ သွားချင်ပါပြီ"

အဲလို အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရသူများအတွက် နည်းလမ်းကောင်းလေးတစ်ခု လမ်းညွှန်ပေးလိုက်ပါတယ်။

လုပ်ကြည့်ပါ။

ညနေ ၅ နာရီမှ ည ၉ နာရီအတွင်း ဘယ်အချိန်မဆို ရွှေဘုန်းပွင့်စေတီ (ပုဇွန်တောင်) ရင်ပြင်တော် သောကြာထောင့်က စက်တော်ရာ တန်ဆောင်းအတွင်း စက်တော်ရာ



www.burmeseclassic.com

www.burmeseclassic.com


စက်တော်ရာတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်ကြီးနှင့် စက်တော်ရာ

ရှေ့မှာ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် စသည်ဖြင့် အဆင်ပြေရာ လှူဖွယ်ဝတ္ထုများ လှူဒါန်းပူဇော်ပါ။

(၁၀၈)လုံး သီးသားပုတီးနဲ့ အောက်ပါဂါထာတော်ကို ပုတီး ခြောက်ပတ်စိပ်ပါ။

"ဘဝသောတံ ဟာဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ၊
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု"

တစ်ပိုဒ်လုံးဆုံးမှ ပုတီး တစ်လုံးသာ ချရမည်။

ပုတီးစိပ်ပြီးလျှင် အမျှအတမ်း ပေးဝေပါ။

ထို့နောက် ပြည်ပခရီးအတွက် မိမိအလိုရှိရာ ဆုကို တောင်းပြီး ပြန်နိုင်ပါသည်။ မိမိမွေးနေ့မှ စတင်၍ နေ့စဉ် မှန်မှန်လုပ်ပါ။

အမြန်ဆုံး ခြောက်ရက်မှ ခြောက်ပတ်ခန့်အတွင်း အဆင်ပြေအောင်မြင်မြဲ ဖြစ်ပါသည်။

လိုရာဆန္ဒ အမြန်ဆုံး ပြည့်ဝကြပါစေ။

❒ ဆရာကြီး ဦးအောင်မြိုင်

BURMESE CLASSIC .com


# အိမ်ထောင်ပြုရန် ရည်ရွယ်ချက်ရှိသူများ ကြိုတင်သိထားဖို့

- အိမ်ထောင်ရေးမှာ ရေရှည်သာယာပျော်ရွှင် ခိုင်မြဲစေနိုင်တဲ့ ကံကြမ္မာမျိုးရှိပါသလား။
- အိမ်ထောင်သည်ဘဝမှာ ကိုယ်ပိုင်တိုက်တာ၊ အိမ်၊ မြေ၊ ယာဉ်ကားတွေနဲ့ စီးပွားချမ်းသာ ပြည့်စုံနိုင်ပါသလား။
- အိမ်ထောင်ပြုပြီးရင် ကျန်းမာရေး ကောင်းမွန်နေမှာလား၊ ရောဂါ ချုချာသွားမှာလား။
- အိမ်ထောင်ပြုပြီးမှ မတော်တဆ ဘေးဥပဒ်နဲ့ ကျိုးကန်းဒုက္ခိတဖြစ်၊ ကွယ်လွန်ခြင်းမျိုး ကြုံတတ်သလား။
- အစွပ်အစွဲ၊ အမှုအခင်း၊ အချုပ်အနှောင် ထောင်တန်း၊ ခိုက်ရန်ပြဿနာတွေနဲ့ စိတ်ဆင်းရဲ ရတတ်လား။

## ဆရာကြီးဦးအောင်မြိုင်( ဥပဒေတွဲ )

လက္ခဏာဗေဒင်ပညာသုတေသီ

◎ ယုံကြည်အားကိုးစွာဖြင့် လာခဲ့ပါ ◎

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

# ငွေဝင်လာဘ်ရှင် နေ့စဉ်ဖြစ်စေဖို့

ဆရာကြီး ဦးအောင်မြိုင်

သီဝလိ စ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
သော ရဟော ပစ္စယာ ဒိန်၊
မဟာလာဘံ ကရောတုမေ။



ရှင်သီဝလိ ရဟန္တာရုပ်တုတော်

မိမိအိမ်မှာ၊ မိမိဆိုင်မှာ၊ မိမိလုပ်ငန်းမှာ နေ့စဉ်ငွေဝင်လာဘ်ရှင် ဖြစ်နေချင်သူများအတွက် ကျွန်ုပ်ကိုယ်တွေ့နည်းလမ်းကောင်းတစ်ခုကို မျှဝေပေးလိုက်ပါသည်။

ရဟန္တာရှင်သီဝလိ ရုပ်ပွားတော်တစ်ဆူကို ဘုရားစင်မှာဖြစ်စေ၊ မိမိလုပ်ငန်းခွင်၊ မိမိထိုင်သည့်နေရာအနီး အမြင့်တစ်နေရာမှာဖြစ်စေ တင်ထားပါ။ နေ့စဉ်မနက်စောစောတိုင်း ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းကိစ္စများပြီးသည်နှင့် သောက်ရေသန့်တစ်ခွက်ကို ရှင်သီဝလိရဟန္တာ ရုပ်တုတော်ရှေ့မှာ ခဏထားပါ။ ထို့နောက် အောက်ပါဂါထာတော်ကို ခုနစ်ခေါက် ရွတ်ပွားပူဇော်ရမည်။

"သီဝလိ စ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
သော ရဟော ပစ္စယာ ဒိန်၊
မဟာလာဘံ ကရောတုမေ"

ထို့နောက် သောက်တော်ရေခွက်ကို စွန့်ယူ၍ ထိုရေအနည်းငယ်ကို မိမိလည်း သောက်ပါ။ အိမ်ရှေ့မျက်နှာစာ၊ ဆိုင်ရှေ့မျက်နှာစာ၊ လုပ်ငန်းခွင်ရှေ့ မျက်နှာစာတို့မှာလည်း နည်းနည်းပက်ဖျန်းပါ။

မိမိအိမ်နှင့် ဆိုင်မှာ တစ်နေရာစီဖြစ်ခြင်း၊ အိမ်နှင့် လုပ်ငန်းခွင်မှာ တစ်နေရာစီဖြစ်ခြင်း ဆိုပါလျှင် မိမိဆိုင်သို့ လုပ်ငန်းခွင်သို့ ရောက်သည့်အချိန်မှာ စတင်ဆောင်ရွက်နိုင်သည်။ ရှင်သီဝလိ ရဟန္တာရုပ်တုကိုလည်း ဆိုင်မှာ၊ လုပ်ငန်းခွင်မှာ ထားရမည်ဖြစ်သည်။

ထိုသို့လုပ်ခြင်းကို နေ့လယ်ပိုင်းမှာ တစ်ကြိမ်၊ ညနေပိုင်း (သို့မဟုတ်) ညပိုင်းမှာတစ်ကြိမ် စသည်ဖြင့် တစ်နေ့ သုံးကြိမ်ခန့် မပျက်မကွက် ခုနစ်ရက် ဆက်လုပ်ပါ။

ဂုဏ်းဂါထာတော် ရွတ်ပွားခြင်း ခုနစ်ရက်ပြည့်ပြီး ရှစ်ရက်မြောက်နေ့တွင် ဂုဏ်းဂါထာတော်ကိုပင် (၁၀၈)လုံးပုတီးဖြင့် ရဟန္တာရှင်သီဝလိ ရုပ်ပွားတော်ရှေ့မှာပင် မနက်တစ်ကြိမ်၊ ညနေ (သို့မဟုတ်) ညတစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်။ တစ်ကြိမ်လျှင် ပုတီး သုံးပတ်စိပ်ခြင်းကို သုံးရက်ဆက်တိုက် လုပ်ပေးပါ။

သီဝလိ စ မဟာထေရော ----- ပုတီးတစ်လုံးချ
ဒေဝ မနုဿ ပူဇိတော ----- ပုတီးတစ်လုံးချ
သောရဟော ပစ္စယာဒိန် ----- ပုတီးတစ်လုံးချ
မဟာလာဘံ ကရောတုမေ ----- ပုတီးတစ်လုံးချ

စုစုပေါင်း (၁၀)ရက်လုပ်ရန် ဖြစ်သည်။ (၁၀) ရက်ပြည့်ပြီးလျှင် (၅)ရက်နားပါ။ ဘာမှမလုပ်ဘဲ စောင့်ကြည့်ပါ။ ငွေဝင် လာဘ်ရှင် နေ့စဉ်ဖြစ်လာခြင်း၊ ငွေဝင်ပိုကောင်းလာခြင်း ဖြစ်လာကြောင်း သိသိသာသာ ထူးထူးခြားခြား မဖြစ်သေးလျှင် နောက်တစ်ကြိမ် (၁၀)ရက် ထပ်လုပ်ကြည့်ပါ။

ဤသို့ဖြင့် (၁၀)ရက်လုပ် (၅)ရက်နား၊ သုံးကြိမ်လုပ်ပြီးလျှင်တော့ ထူးခြားအကျိုးပေးကောင်းရန် သေချာပါသည်။ စာဖတ်သူများ လက်တွေ့လုပ်ကြည့်ပါ။

❒ ဆရာကြီး ဦးအောင်မြိုင်

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန၏ ဆိုးအားသည် မသိမသာ ကျန်ရှိနေသေးရာ မူလဌာန၏ ကောင်းကျိုးပေးမှုစွမ်းအားကို အနည်းငယ်ဖျက်ဆီးလျက်ရှိ၏။ နာမည်ပျက်တတ်သလို အလုပ်အကိုင်အကြံအစည်များ အစမသတ်ဖြစ်တတ်၏။ စနေနံ သက်ရှိ သက်မဲ့တို့ အကျိုးမရှိသော်လည်း ကောင်းသော သတင်းစကားများ ကြားရခြင်း၊ နည်းပညာအသစ်အဆန်းများရခြင်း၊ သွားလာလှုပ်ရှားမှု အောင်မြင်စေတတ်ခြင်းကိုဖော်ပြ၏။ ယာဉ်ကားများ အသစ်လဲလှယ်ရသလို ဗုဒ္ဓဟူးနံ အဝင်ကောင်း၏။ စပါး၊ ဆန်လုပ်ငန်းနှင့်ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်၏။ ဝန်ထမ်းများ နာမည်ကျော်ကြားမည်။ ကျောင်းသားကျောင်းသူများ နာမည်ကောင်းရမည်။

**ယတြာ** - ပရိတ်တရားခွေ ဗီစီဒီ၊ ဒီဗွီဒီများ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - အနာပေါက်တတ်ခြင်းနှင့် နား၊ နှာခေါင်းတွင် ဥပဒ်ရှိ၏။

**ယတြာ** - ရွှက်လှပန်း လှူပါ။ ယပ်တောင်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့သည် ညံ့၏။

**မှတ်ချက်။** သုခ၊ ဒုက္ခသည် လူသားတိုင်းတွေ့ကြုံရကြောင်း သံဝေဂယူပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန်၏ ဆိုးအားလှုပ်ခတ်မှုကြောင့် ငွေကြေးကုန်ကျခြင်း၊ နာမည်ဖျက်ခံရခြင်း၊ မကောင်းသတင်း အလွှင့်ခံရခြင်း၊ မိမိတို့ ကုန်တံဆိပ်(လုပ်ငန်း) အတုများပေါ်ပေါက်ခြင်း စသောဘဝင်မကျစရာများ ပေါ်တတ်၏။ မိမိဆန္ဒ မရှိပါဘဲ ငယ်သူများကို လက်ထပ်ပေးရခြင်းများ ဖြစ်ပေါ်တတ်၏။ လယ်ယာ၊ မြေ၊ ယာဉ်၊ ရွှေ ဝင်ကိန်းရှိ၏။ လူဝင်လူထွက်ကြောင့် ပစ္စည်းပျောက်တတ်၏။ ကန်ထရိုက်လုပ်ငန်းများ ညံ့၏။ ဝန်ထမ်းများ လှုပ်ရှားမှုများမည်။ ကျောင်းသားများ ပုံမှန်ရှိ၏။

**ယတြာ** - ငွေ (နဝကမ္မ) လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ကောင်း၏။

(ဂ) **ကျန်းမာရေး** - သွေး၊ သလိပ်၊ သည်းခြေတို့တွင် ဥပဒ်ကပ်ငြိတတ်၏။

**ယတြာ** - နံ့တူသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** ဒေါသကို ထိန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန၏ ကောင်းအားကြောင့် ဆိုးအားများ လျော့လာသည်ဖြစ်ရာ အကြံအစည်မှန်သမျှ တိုးတက်လာမည် ဖြစ်၏။ အခြေပစ္စည်းအချို့ ထွက်လျက် လုပ်ငန်းတစ်ခု စတင်လုပ်ဆောင်ရကိန်း ရှိ၏။ ၎င်းလုပ်ငန်းမှာ အဝေးနေရာ (ပြည်တွင်း၊ ပြည်ပတို့တွင်) ဖြစ်နိုင်၏။ ကောင်းသတင်းများ ကြားရမည်။ ရွှေထွက်မည်။ လက်အောက်ငယ်သား မမြဲ။ သားသမီးများ အိုးခွဲ၊ အိမ်ခွဲရှိ၏။ သေရည်သေရက်ကြောင့် ဂုဏ်သတင်း မှေးမှိန်တတ်သလို ရောဂါရရှိတတ်၏။ ဝန်ထမ်းများ လက်အောက်ဝန်ထမ်းများအတွက် သောကရှိ၏။ ကျောင်းသူ ကျောင်းသားများ လူပေါင်းမှားတတ်၏။

ယတြာ - ကလေး၊ ဂေဟာ တစ်ခုခုတွင် အလှူငွေထည့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အမွေပြဿနာကြောင့် မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - အသက်ရှူမဝဖြစ်တတ်ပြီး အဆုတ်အင်အား မကောင်းခြင်း ဖြစ်တတ်၏။

ယတြာ - နံ့တူသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

***မှတ်ချက်။*** ငုပ်မိသဲတိုင် စိတ်ဓာတ်မွေးမြူပါ။

BURMESE CLASSIC .com

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလနှင့် ပဝတ္တိဌာနနှစ်ပါး စလုံးတွင် ဆိုးအားများနေသဖြင့် ဇာတာရှင်အဖို့ သတိတရား လက်ကိုင်ရှိရန် လိုအပ်၏။ အမှုဟောင်း၊ ပြဿနာဟောင်းများ ပေါ်ပေါက်တတ်၏။ ငွေကြေးကိစ္စများ၊ ငွေလိမ်ခံရမှုများ၊ ကြွေးမြီအတွက် တရားရင်ဆိုင်ရတတ်၏။ အချင်းချင်း စိတ်ဝမ်းကွဲတတ်၏။ လူသစ်၊ အိမ်သစ်များနှင့် ဘဝအသစ်အတွက် လက်တွဲရတတ်၏။ စက်ပစ္စည်းလဲလှယ်ရတတ်၏။ ဆန်စပါး ပုံမှန်ရှိ၏။ ပျော်ပွဲစားခရီး မသွားသင့်။ ရန်ရှိ၏။ ငွေအကုန်များမည်။ ဝန်ထမ်းများ လုပ်ငန်းအများအပြား ရှိမည်။ ကျောင်းသားများ ပျင်းရိမှုများမည်။

ယတြာ - ဘုရားရင်ပြင်တော်တွင် တံမြက်လှည်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - လေ၊ လေဖြတ်၊ ဖျဉ်းရောဂါ တပ်ငြိတတ်၏။

ယတြာ - အတက်အဆင်း လှေကားပြင်လိုက်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** အဒိန္နာဒါနကံကို အထူးထိန်းပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလနှင့်ပဝတ္တိ ဌာနနှစ်ပါး စလုံးတွင် ကောင်းအားများ ပြည့်နှက်နေသဖြင့် ထူးကောင်းသော လဖြစ်၏။ စိတ်ရွှင်လန်းခြင်း၊ ကြည်လင်ခြင်း၊ လုပ်သမျှ ကြံသမျှ ပြည့်စုံနိုင်မည်။ မြေပိုမြေလျှံ ဝင်မည်။ လူဝင်လူထွက် များမည်။ သို့သော် တစ်ပါးသူ၏ စွပ်စွဲမှုခံရတတ်၏။ အိမ်ထောင်ပျက်များ၏ ဒုက္ခပေးမှု၊ နာမည်ဖျက်မှု ရှိတတ်၏။ သူတစ်ပါးအတွက် အာမခံမပြုသင့်ပါ။ ခရီးဝေး (ပြည်တွင်း/ပြည်ပ) သွားရတတ်၏။ လာဘ်ရွှင်မည်။ လုပ်ငန်းများ တိုးချဲ့ရတတ်၏။ ဝန်ထမ်းများ နယ်ပြောင်းခံရတတ်၏။ ကျောင်းသားများ အလည်အပတ် မများသင့်ပါ။

ယတြာ - ကြံ၊ ကြံရည် ဘုရားကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ခြေ၊ လက်ကျိုးခြင်းနှင့် ကျောက်ကပ်တွင် ဥပဒ်ရှိ၏။

ယတြာ - နို့ဆွမ်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

***မှတ်ချက်။*** လျှို့ဝှက်စကားသည် လျှို့ဝှက်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - ယခုလတွင်လည်း ပဝတ္တိဌာန၏ ကောင်းအားကြောင့် မူလဌာန၏ ဆိုးကျိုးများ တဖြည်းဖြည်း လျော့ကျနေဆဲဖြစ်ရာ စကားပြော မမှားစေရန် သတိပြုပါ။ စကားအရောင်းအဝယ်သမားများ၏ ရန်ကြောင့် အိမ်တွင် လုပ်မှားကိုင်မှား ဖြစ်တတ်၏။ အဝေးရောက် မတည့်သူစုံတွဲ ရောက်လာ၍ ဒုက္ခပေးတတ်၏။ ကန်ထရိုက်လုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံကောင်းရတတ်၏။ အိုးအိမ်အသစ် ပြန်ဆောက်ရတတ်၏။ ပြည်ပရပ်ခြားခရီးစဉ်ရှိ၏။ ဝန်ထမ်းများ နယ်လှည့်ခရီး အသွားများမည်။ ကျောင်းသားများ လေ့လာရေးခရီး အသွားများမည်။

**ယတြာ** - ဘုရားကပ် ရေချမ်းခွက် နေ့စဉ်ဆေးကြောသော ကုသိုလ်ဒါနလုပ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မသင့်မတင့်ရှိတတ်၏။

(ဂ) **ကျန်းမာရေး** - ရေချိုးမှားခြင်းကြောင့် ဥပဒ်ရှိ၏။
**ယတြာ** - စံပယ်ပန်း ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** ကြိုက်ရာဂါထာတစ်ခုခု စိတ်တွင် အမြဲရွတ်နေပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလနှင့် ပဝတ္တိဌာန နှစ်ပါး စလုံးတွင် ကောင်းအားအပြည့်ရှိသဖြင့် ဘုန်းတံတောက်ပသောလ ဖြစ်၏။ စိတ်သက်သာရာ ရမည့်ကာလဖြစ်၏။ လုပ်ငန်းအကြံအစည်များ အရှိန်အဟုန်ပြန်ကောင်းလာမည်။ လာဘ်လာဘ ရွှင်မည်။ လူချစ်လူခင် များမည်။ အကြီးအကဲနေရာ ရွေးချယ်ခံရတတ်ပြီး အများအကျိုး ဆောင်ရွက်ရတတ်၏။ ထင်ပေါ်မည်။ ယာဉ်ရထား ဝင်မည်။ ထွက်သွားသောရွှေများ ပြန်ဝင်မည်။ ဥယျာဉ်ခြံမြေလုပ်ငန်း ကောင်းမည်။ ဝန်ထမ်းများ ချမ်းမြေ့သာယာမည်။ ကျောင်းသားများ ရွှင်ပျမည်။

**ယတြာ** - ထုံးသင်္ကန်း ကပ်လှူခြင်းနှင့် ထီးလှူခြင်း ကုသိုလ်ပြုပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ပူညံ ပူညံရှိမည်။

(ဂ) **ကျန်းမာရေး** - ဆေးမှား တ်၏။ ဗိုက်ခွဲကိန်းရှိ၏။
**ယတြာ** - အုန်းဆွမ်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့တို့ အကျိုးပြု၍ (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ ညံ့၏။

***မှတ်ချက်။*** နာယကဂုဏ်ကို လေးစားပါ။


**မေတ္တာဝန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။**

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

**တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃**

**နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ**

**[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။**

**ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ**

**လက်ခံဆောင်ရွက်ပါသည်။]**

***စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊***

***ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်***

**ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။**




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၁ ခုနှစ်၊ ရာသီခွင်နှင့် နိုဝင်ဘာလ ဟောကိန်းများ

## ဆရာဦးခန့်ကျော် (အဓိပတိဝေဒ်ကျော်ပြုပညာရှင်)



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း လုပ်ငန်းအဆင်မပြေမှုများ ဖြစ်တတ်မည်။ မမြင်ရသောပုဂ္ဂိုလ်များ၏ စောင့်ရှောက်ခြင်းကို ခံရသူများဖြစ်၍ လုပ်ငန်းကိစ္စအဝဝတို့ အဆင်ပြေပြီး အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် ဘာသာရေးအလုပ်များကို တွဲဖက်လုပ်ကိုင်သင့်သည်။ သင်သည် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်း လုပ်ကိုင်ရမှုနှင့် ကြုံရတတ်မည်။ ဖြစ်နိုင်လျှင် စနေသားသမီး တစ်ဦးဦးကို ဆရာတင်ခြင်း၊ သူတို့ထံမှ အကြံဉာဏ် တောင်းခံခြင်းများ ပြုသင့်သည်။ မကာရရာသီဖွားများအနေဖြင့် ကိုယ်တိုင်လှုပ်ရှားသွားလာ၍ လုပ်ကိုင်ရသောလုပ်ငန်းများဖြင့်သာ အကျိုးဖြစ်ထွန်းလိမ့်မည်။ ယခုလအတွင်းထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုလုပ်မည်ဆိုပါက ( ၀၊ ၂၊ ၆၊ ၅)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။ အချစ်ရေးတွင် မိမိချစ်သူနှင့် အနေဝေးရတတ်သည်။ အိမ်ထောင်ရှင်များ ဆွေမျိုးများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်း၊ အမွေအနှစ်ကိစ္စများ ဖြေရှင်းရခြင်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာတွင် ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်း၊ သွေးအဆိပ် ဖြစ်တတ်ခြင်းများအတွက် အထူးသတိထားပါ။



### AQUARIUS
### ကုံ့ရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် မိမိ၏ ဝီရိယကို အားကိုး၍ ကြိုးစားရမည့်အချိန်ဖြစ်သည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးဆောင်အမျိုးမျိုးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်းနေလိမ့်မည်။ သို့သော် ကုံ့ရာသီဖွားများ အနေဖြင့် မိမိ၏နှုတ်ကြောင့် တစ်ပါးသူ၏ အငြိုးအတေးပြုခြင်းကိုခံရတတ်သည်ဖြစ်၍ တည့်တည့်ပြောခြင်း၊ ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းများကို အထူးသတိထားပါ။ ယခုကာလအတွင်း မိသားစုအလှူအတန်းပေးခြင်းများ ပြုလုပ်ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနပြောင်းရွှေ့ရခြင်း (သို့) အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများ ရှိလိမ့်မည်။ ကုံ့ရာသီဖွားများထီထိုးခြင်း၊ အရေးကြီးကိစ္စများ ဆောင်ရွက်ခြင်းပြုမည်ဆိုပါက အင်္ဂါနေ့တွင် စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုးကို ရှောင်ပါ။ ထီထိုးမည်ဆိုပါကလည်း (၅၊ ၁၊ ၆၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးကံကောင်း၍ ပျော်ရွှင်ချမ်းမြေ့စရာများနှင့် တွေ့ကြုံရတတ်မည်။ မိသားစုဦးရေလည်း တိုးပွားလာမည်။ ချစ်သူမရှိသေးသောသူများ မိမိစိတ်ကြိုက် ချစ်သူတွေ့တတ်မည်။ ချစ်သူရှိပြီးသူများလည်း မိမိချစ်သူနှင့် လက်ထပ်ရခြင်း ရှိမည်။ ကျန်းမာရေးမှာ အသည်းရောင်ခြင်း၊ ဆီးနည်းခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်း၌ အဆင်မပြေမှုများ ဖြစ်တတ်မည်။ အချင်းချင်း သံသယစိတ်များ ဝင်နေတတ်မည်။ အတတ်နိုင်ဆုံး သည်းခံစိတ်မွေးရန်လိုမည်။ အိုးအိမ်ပြောင်းရွှေ့ရခြင်း (သို့) အလုပ်အကိုင် ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများလည်းရှိမည်။ မထင်မှတ်သောနေရာမှ ငွေများ အစုလိုက်အပြုံလိုက်ရရှိခြင်း၊ ထီပေါက်ခြင်း၊ အမွေအနှစ်ရ တတ်ခြင်းများရှိမည်။ ထို့ကြောင့် ထီထိုးမည်ဆိုပါက (၆၊ ၁၊ ၀၊ ၁) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ အချစ်ရေးနှင့်ပတ်သက်၍ ချစ်သူရှိပြီး သူများ မိမိရည်ရွယ်ချက်များ ပြည့်ဝရခြင်းရှိမည်။ ပညာသင်ကျောင်းသား ဖြစ်ပါက ပညာရေးမှာ ထူးထူးချွန်ချွန် အောင်မြင်မှုများ ရှိမည်။ မိမိသင်ကြားလိုသော ဘာသာရပ်ဆိုင်ရာ သင်တန်းများ[illegible]

www.burmeseclassic.com

တက်ရောက်ခွင့် ရရှိနိုင်မည်။ ပြည်ပရောက် ဆွေမျိုးများထံသို့ အလည်အပတ်ခရီးများ သွားရတတ်မည်။ ကျန်းမာရေးမှာ ခန္ဓာကိုယ်အောက်ပိုင်းတွင် နာကျင်ကိုက်ခဲခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ယခုကာလအတွင်း ဆွေမျိုး တစ်ဦးတစ်ယောက်အတွက်သော် လည်းကောင်း၊ မိတ်ဆွေ အပေါင်းအသင်းအတွက်သော် လည်းကောင်း တာဝန်ယူ၊ အာမခံပေးခြင်း ကိစ္စများကို လုံးဝရှောင်ပါ။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန်ခူးလမွေး)**

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်း အဓိကလုပ်ကိုင်သူများအနေဖြင့် စီးပွားဝင်ငွေကောင်းမည်။ ငွေပိုငွေလျှံများ စုဆောင်းနိုင်မည်။ သို့သော် အလောင်းအစားနှင့် အပျော်အပါးကိစ္စများကို အထူးရှောင်သင့်သည်။ သို့မဟုတ်ပါက ပြဿနာကြီးကြီး ကျယ်ကျယ် ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအပြောင်း အလဲ ဖြစ်တတ်ခြင်း၊ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများ ရှိမည်။ ထို့အပြင် ဘုရားဖူးခရီးထွက်ခြင်း၊ အပျော်ခရီးထွက်ခြင်းများ လည်း ရှိနိုင်မည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၈၊ ၄) ဂဏန်းများပါသောထီကို ထိုးပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ဝေခွဲရခက်သောကိစ္စများ ပေါ်ပေါက် နေမည်။ ဤကာလအတွင်း မိမိပိုင်ဆိုင်သည့်ပစ္စည်း(သို့) မိမိ တာဝန်ယူထားရသောပစ္စည်းမှ မေ့ကျန်၊ ကျပျောက်၊ အနှိုက်ခံ၊ အလုခံရမှုများအတွက် သတိထားပါ။ ကျန်းမာရေးနှင့်ပတ် သက်၍ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်း များနှင့် ရုတ်တရက် သွေးပေါင်ကျခြင်းများ ဖြစ်တတ်သည်။ မြင့်သောနေရာများသို့သွားခြင်း၊ တက်ခြင်း၊ အစွန်အဖျား နေရာသို့ သွားခြင်း၊ တက်ခြင်းများကို ရှောင်ပါ။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ကဆုန်လမွေး)**

ပြိဿရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ အစုစပ်လုပ်ငန်း၊ ရှယ်ယာထည့်ဝင်လုပ်ကိုင်ထား သော လုပ်ငန်းများအတွက် စိတ်ညစ်ရတတ်မည်။ ရှေ့နေ၊ ပွဲစား၊ ကျောင်းဆရာအလုပ် လုပ်ကိုင်သူများအနေဖြင့် ... ကောင်းလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမည်။ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအိမ်ထောင်ဖက်မှ ဖြစ်စေ အမွေအနှစ်များ ရရှိတတ်မည်။ ထီထိုးခြင်း၊ ကံစမ်း ခြင်းများလည်း ပြုနိုင်သလောက် ကောင်းမည်။ (၅၊ ၇၊ ၀၊ ၁) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။ ကျန်းမာရေးနှင့် ပတ် သက်၍ အဆုတ်ရောင်၊ အဆုတ်ပွ၊ အဆုတ်အားနည်းခြင်း ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက အစားအသောက်၊ အနေ အထိုင် သတိထားသင့်သည်။ မိမိအပေါ် မနာလိုသူ၊ အမုန်း ပွားသူများ ရှိနေတတ်၍ သူတစ်ပါး ကျွေးသည်၊ ပေးသည် များကို ယုံကြည်စွာ လက်ခံစားသောက်ခြင်းမျိုး မပြုသင့်ပါ။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေး ကံကောင်းမည်။ မိမိရည်ရွယ်ထားချက်များ အောင်မြင်လိမ့်မည်။ အချစ်ရေး ကိစ္စများတွင် လူပျိုကြီး၊ အပျိုကြီးများ ဖြစ်ပါက အမြန်ဆုံး စုံလိမ့်မည်။ ငယ်ရည်းစားနှင့် ပြန်လည်ဆုံတွေ့ရတတ်မည်။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

ယခုကာလအတွင်း မသွားမဖြစ်သွားရမည့် ခရီးများ ရှိလာလိမ့်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ သားငါး၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ပုလဲ၊ ဆား ရောင်းဝယ်ရေး လုပ်ငန်းများဖြင့် အထူးအကျိုးပေးနိုင်မည်။ ငွေကြေးကိစ္စနှင့် ပတ်သက်၍ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာများ ဖြစ်ရတတ် မည်။ အိမ်ထောင်ရှင်ဖြစ်ပါကလည်း လက်ရှိနေအိမ်မှ အခြား တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းမျိုး ဖြစ်ရတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၄၊ ၈၊ ၁၀၊ ၂၀၊ ၂၄၊ ၂၈) ရက်များသည် သင့်အတွက် ကံကောင်းစေသော ရက်များ ဖြစ်သည်။ ထီထိုးမည်ဆိုပါက အထက်ပါရက်နှင့် တိုက်ဆိုင်ပြီး (၇၊ ၀၊ ၆၊ ၈) ဂဏန်းများပါသောထီကို ထိုးပါ။ ကျန်းမာရေးမှာ အအေးမိခြင်း၊ နှာစေးခြင်း၊ အဆုတ်ရောင် ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာခရီးများ သွားရတတ်ခြင်း၊ သင်တန်းများ တက် ရောက်ရခြင်းရှိမည်။ တစ်နည်းနည်းဖြင့် ဝင်ငွေကောင်းတတ် မည်။ ငွေကြေးသော်လည်းကောင်း၊ အဖိုးတန်ပစ္စည်း တစ်ခုခု သော်လည်းကောင်း အလိမ်ခံရတတ်ခြင်း၊ အခိုးခံရတတ်ခြင်း၊ ကျပျောက်တတ်ခြင်းများအတွက် အထူးသတိထားပါ။ ငယ် ရွယ်သူများ အချစ်ရေးကိစ္စအတွက် လုံးပန်းနေရတတ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

### (ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
### (မြန်မာလို ဝါဆိုလမွေး)

မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အတိုက်အခံနှင့် အနှောင့်အယှက်များ ရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းဖြင့် ကျေနပ်မှုမရှိဘဲ လုပ်ငန်းသစ်များ ထပ်မံတိုးချဲ့လုပ်ကိုင်လိုစိတ်များ ပြင်းပြနေမည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းဖြင့်လည်း အဆင်ပြေအောင်မြင်နိုင်မည့်ကာလ ဖြစ်သည်။ အထူးသဖြင့် အင်္ဂါသားသမီး၊ ကြာသပတေးသားသမီးများနှင့်အတူ ပူးပေါင်းလုပ်ကိုင်ခြင်း၊ သူတို့ထံမှ အကြံဉာဏ်တောင်းခံခြင်းများကို ပြုလုပ်သင့်သည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၀၊ ၂၊ ၈၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၄၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၅) ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များတွင် အရေးကြီးသော ကိစ္စများကို လုပ်ကိုင်သင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီး၊ ကျောက်ကပ် ဒုက္ခပေးတတ်ခြင်းများ ရှိမည်။ အပူအအေးလွန်ကဲသော အစားအစာများကို ရှောင်ပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စအဆင်ပြေမည်။ စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်မင်္ဂလာ ပြုရတတ်ခြင်းများ ရှိမည်။



## LEO
## သိဟ်ရာသီ

### (ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
### (မြန်မာလို ဝါခေါင်လမွေး)

သိဟ်ရာသီဖွားများ အနေဖြင့် ဤကာလအတွင်း ဝန်ထမ်းများဖြစ်ပါက ကံကုသိုလ်အပြောင်းအလဲများ ရှိနိုင်မည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ နေရာထိုင်ခင်းအသစ် ပြောင်းလဲနေထိုင်ရခြင်းများ ရှိမည်။ ခရီးတို၊ ခရီးရှည်များလည်း ရှိမည်။ ထို့ပြင် အကြီးအကဲပုဂ္ဂိုလ်များထံမှလည်း အကူအညီကောင်းများ ရရှိနိုင်မည်။ သင့်အနေဖြင့် ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးပါ။ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၆၊ ၁)ဂဏန်းများ ပါပါစေ။ စီးပွားရေး လုပ်ငန်းနှင့်ပတ်သက်၍ မွေးမြူရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ သိုလှောင်ထား[illegible] သိုလှောင်ပစ္စည်း ပြန်လည်ထုတ်ဖော် ရောင်းချခြင်းလုပ်[illegible] များဖြင့် ဝင်ငွေအဆင်ပြေတတ်မည်။ အိမ်ထောင်ရေးသည် စီးပွားရေးနှင့် တိုက်ရိုက်ပတ်သက်နေသဖြင့် စီးပွားရေးအ[illegible] ပြေလျှင် အိမ်တွင်းရေးအေးချမ်းမှု ရှိမည်။ ဤကာလအတွင်း အရေးကြီးကိစ္စများ ဆောင်ရွက်လျှင်သော်လည်းကောင်း၊ [illegible] သွားလျှင်သော်လည်းကောင်း အနီရဲရဲ၊ အညိုရင့်ရင့်၊ ခ[illegible] ပုပ်ပုပ်အရောင် အဝတ်အစားများဝတ်ဆင်ခြင်းကို ရှောင်[illegible] ငယ်ရွယ်သူများ၏အချစ်ရေးမှာ စဉ်းစားနိုင်မှ တော်ရုံကျ[illegible] စိတ်အပြောင်းအလဲမြန်သော ချစ်သူကြောင့် စိတ်မောရတ[illegible] မည်။ ကျန်းမာရေးမှာ မတည့်စာ ရောစားမိတတ်ခြင်းများ[illegible] အထူးသတိထားပါ။



## VIRGO
## ကန်ရာသီ

### (ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
### (မြန်မာလို တော်သလင်းလမွေး)

စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ စပ်တူလုပ်ငန်း ရှယ်ယာထည့်ဝင်လုပ်ကိုင်ထားသော လုပ်ငန်းများမှ အဆင်မပြေ ဖြစ်ရတတ်မည်။ ငွေကြေးအရှုပ်အရှင်း ပြဿနာများ မကြာခဏပေါ်တတ်မည်။ သို့သော် မိမိ၏ကံကြောင့် တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားသွားနိုင်မည်။ ကန်ရာသီဖွားများအနေဖြင့် ဘာသာရေးနှင့် အကျိုးပေးတတ်မည်ဖြစ်၍ အချိန်ရလျှင်ရသလို ဘာသာရေးအလုပ်များကို လုပ်နိုင်သလောက် လုပ်ပေးပါ။ ဝန်ထမ်းဖြစ်ပါက မိမိ၏အကြံအစည်နှင့် စိတ်ကူးများ အကောင်အထည် ပေါ်လာလိမ့်မည်။ လာဘ်လာဘများလည်း ဝင်မည်။ သို့သော် တစ်ခါတစ်ရံ 'အများအကျိုးဆောင်၊ ကိုယ့်ပုဆိုးပေါင်' ရတတ်သည့် အဖြစ်မျိုးနှင့်လည်း တွေ့ကြုံရတတ်သည်။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၁၊ ၃၊ ၀၊ ၈) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။ ကျန်းမာရေးမှာ အကြောတင်၊ အကြောကပ်ခြင်း၊ အကြောထုံးခြင်း၊ အကြောရောင်ခြင်းများ ဖြစ်တတ်သည်။ မကြာခဏ ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်သည်။ ငွေအကုန်အကျလည်း တစ်နည်းနည်းနှင့် များနေရမည်။ ညနေဘက်၊ နေရောင်မရှိတော့သည့်အချိန်များတွင် ရေချိုးခြင်း၊ အအေးခံခြင်းမျိုးကို လုံးဝ ရှောင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် သဘောထားကွဲလွဲမှုများ ရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ နားလည်ကြင်[illegible] သဘောချင်းတူသော ချစ်သူနှင့် တွေ့မည်။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်မျက်ရောင်းဝယ်ရေး လုပ်ငန်း လုပ်ကိုင်သူများဖြစ်ပါက အမြတ်အစွန်း များများစားစား ရရှိတတ်မည်။ ယခုကာလအတွင်း ထူးခြားသော အကြံအစည်နှင့် စိတ်ကူးများ ပေါ်လာတတ်မည်။ လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်မည်ဆိုပါကလည်း အောင်မြင်မှုများ ရရှိနိုင်မည်။ သို့သော် လူယုံသတ်တတ်မည်ကို သတိထားပါ။ တစ်ခါတစ်ရံ မိမိ၏ တစ်ယူသန်မှု၊ အစွဲကြီးမှုများကြောင့် ပြဿနာပေါ် ပေါက်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်ထံမှ စိတ်ချမ်းသာမှုများ ရရှိမည်။ သားသမီးများနှင့် ပျော်ရွှင်ချမ်းမြေ့ရမည်။ ထီထိုးကံစမ်းမည် ဆိုပါက (၉၊ ၀၊ ၅၊ ၆)ဂဏန်းများပါသော ထီကိုထိုးပါ။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုး ရောနေမည်။ မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်မည်။ ကျန်းမာရေးမှာ ဆီးတွင်အနည်ပါခြင်း၊ ဆီးနီ၊ ဆီးဝါ၊ ဆီးကျဉ်ခြင်းများ ဖြစ်တတ်မည်။ အပူအစပ်များကို ရှောင်ပါ။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးအပေါ်မှာသာ အာရုံစိုက် ကြိုးစားသွားသင့်သည်။ အချိန်အခါမဟုတ် အပေါင်းအသင်းများနှင့် သွားလာပျော်ပါးခြင်းမျိုးကို ရှောင်ပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ဤကာလအတွင်း မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ တက်တက်ကြွကြွဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်မှုများ ရရှိနိုင်မည်။ စီးပွားဝင်ငွေများလည်း ကောင်းနိုင်မည်။ အလောင်းအစားနှင့် အပျော်အပါးကိစ္စများကိုတော့ ရှောင်ရန်လိုမည်။ သင့်အနေဖြင့် လိင်မတူသူကို စွဲဆောင်နိုင်သော ညှို့စွမ်းအားကြောင့် တစ်ဖက်လူ၏ စိတ်ဝင်စားခြင်းကို အထူးခံရတတ်မည်။ စီးပွားရေးလုပ်ငန်းကို ပြည်တွင်းသာမက ပြည်ပသို့လည်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်သင့်သည်။ အကူအညီပေးနိုင်သောသူများနှင့်လည်း တွေ့ဆုံရတတ်မည်။ အရေးကြီးကိစ္စများအတွက် သွားလာတွေ့ဆုံ ပြောကြားရသည့်အခါ အဖြူရောင်၊ ဆင်စွယ်ရောင်၊ အဝါနု၊ ရွှေအိုရောင် အဝတ်အစားလေးများကို ဝတ်ဆင်ပေးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အလုပ်ဒဏ်၊ ပင်ပန်းသည့်ဒဏ်၊ အအိပ်ပျက်သည့်ဒဏ်ကြောင့် နှလုံးအားနည်းခြင်း၊ အစာအိမ်ဝေဒနာဖြစ်ပေါ်ခံစားရခြင်းများရှိမည်။ အတတ်နိုင်ဆုံး လတ်ဆတ်ပူနွေးသော အစားအစာများကို စားသုံးသင့်သည်။ ဤကာလအတွင်း ထီထိုးကံစမ်းမည်ဆိုပါက(၇၊ ၀၊ ၂၊ ၆) ဂဏန်းများဖြင့် ကံစမ်းပါ။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ချစ်သူနှင့် အနေဝေးရခြင်းမှ ပြန်လည် အနေနီးရလိမ့်မည်။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများသည် ဤကာလအတွင်း စီးပွားရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု များနေမည်။ အမျိုးစုံအောင် လုပ်ကိုင်လိုသောဆန္ဒ ရှိခြင်းတို့ကြောင့် တစ်ခါတစ်ရံ လက်ရှိလုပ်ကိုင်နေသော လုပ်ရပ်အပေါ် အမှားအယွင်းများ ဖြစ်တတ်မည်။ အထူးသဖြင့် စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း၊ ဆေးနှင့်ဆေးဝါးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ဝင်ငွေကောင်းလိမ့်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ(၂၊ ၈၊ ၁၄၊ ၁၈၊ ၂၂၊ ၂၆၊ ၃၀)ရက်များသည် သင့်အတွက် ထူးထူးခြားခြား ကံကောင်းစေသောရက်များဖြစ်၍ မည်သည့်အရေးကြီးလုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အဆိုပါရက်များနှင့် တိုက်ဆိုင်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေမှုများ ပိုမိုရရှိနိုင်မည်။ ထီထိုးမည်ဆိုပါက (၇၊ ၄၊ ၀၊ ၆)ဂဏန်းများပါသော ထီကိုထိုးပါ။ အလုပ်အကိုင် ရှာဖွေနေသူဖြစ်ပါက သတင်းကောင်းကို တစ်ဆင့်စကား ကြားရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် အဆင်ပြေသော်လည်း သားသမီးများကြောင့် အမှုဖြစ်တတ်ခြင်း၊ ရုံးပြင်ကနားရောက်ရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက အစစအရာရာ အဆင်ပြေမည်။ လူချစ်လူခင် ပေါ်များမည်။ ကျန်းမာရေးတွင် အာရုံကြောဆိုင်ရာဝေဒနာများ အရိုးအဆစ်နာကျင်ခြင်းများ ဖြစ်ပေါ်ခံစားရမည်။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားရှေ့တန်း၊(၉)ရပ်ကွက်၊
ရွှေကျော်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၃၈၂၅၀၊ ၀၉-၄၂၀၀၅၉၈၅၅



www.burmeseclassic.com